[illegible]

၁၇၂၁၅

## ပင်စင်အငြိမ်းစားတရားနိဒါန်း

ခေါ်

# လူသားတို့၏ထွက်ရာလမ်း

ဦးထွန်းလှိုင် (ဝိနယပါရဂူ)

ပရိယတ္တိသာသနဟိတဓမ္မာစရိယဝဋံသကာ

သာသနဓဇသိရီပဝရဓမ္မာစရိယသိရောမဏိ

စေတိယင်္ဂဏဓမ္မာစရိယ ဂဏဝါစက

သာသနာ့ရောင်ခြည် အယ်ဒီတာချုပ်

ရေးသားပြုစုသည်

သာသနာ-၂၅၂၈ ကောဇာ-၁၃၄၆ ၁၉၈၄-နိုဝင်ဘာလ

ထွက်ရာ [က]

၁၇၂၁၅

ပထမအကြိမ်
အုပ်ရေ - ၅၀၀၀
ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာနအတွက်
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက် (၀၁၄၇၅) တွင် ဦးဇော်ဝင်းက
ပုံနှိပ်၍ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင်
(မှတ်ပုံတင်အမှတ် - ၀၂၅၂၇) က ထုတ်ဝေသည်။

၁၇၂၁၅

# နိဒါန်း မာတိကာအပိုင်း

## ဤအပိုင်း၌

★ ဤကျမ်းကိုရေးသားရခြင်း အကြောင်း၊

★ ဤကျမ်းအမည်မှည့်ပုံ အကြောင်း၊

★ ဤကျမ်းရေးသားပြုစုထားပုံအကြောင်း၊

★ ဤကျမ်း ဖြင့် ရရှိနိုင်မည့် အကျိုး တရား များအကြောင်း၊

★ ဤကျမ်း နှင့် ပတ်သက်၍ စောဒကတက်ဖွယ်ရှိပုံ အကြောင်းများကို ရေးသားပြီး ဤကျမ်းတစ်ခုလုံး၌ပါသည့် အကြောင်းအရာ မာတိကာများကို ဖော်ပြထားပါသည်။

## ပင်စင်အငြိမ်းစားတရားနိဒါန်းခေါ်

# လူသားတို့၏ထွက်ရာလမ်းကျမ်း

## နိဒါန်း

### (က) ဤကျမ်းကိုရေးသားရခြင်းအကြောင်း

ကျွန်တော်ထက် အသက်အရွယ်ကြီးမားသူ ဆရာကြီးများ၊ နောင်တော်ကြီးများသည် ပင်စင်အငြိမ်းစားယူသွားခဲ့ကြပြီ။

ကျွန်တော်အောက် အသက်အရွယ် ငယ်သေးသူ တပည့်ငယ်များ၊ ညီငယ်များသည်လည်း ပင်စင်အငြိမ်းစား ယူကြရလိမ့်ဦးမည်။

ကျွန်တော်ကိုယ်တိုင်အပါအဝင် ကျွန်တော်နှင့်သက်တူရွယ်တူဖြစ်သူ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းများ၊ မိတ်ဆွေများလည်း ပင်စင်အငြိမ်းစား ယူကြရတော့မည့်ဆဲဆဲဖြစ်ပေသည်။

ပင်စင်အငြိမ်းစားယူပြီးလျှင် ဘာတွေများ လုပ်ကြမည်နည်း....?၊ ဤမေးခွန်းကိုမေးသင့်လှ၏၊ ဖြေလည်းဖြေဆိုသင့်ကြပေသည်။ စာရှုသူများမည်သို့ ဖြေဆိုကြမည်ကို ကြိုတင်မသိပါ။ စာရေးသူကျွန်တော်၏ ဖြေဆိုချက်ကိုမူ ဝေဖန်စဉ်းစားနိုင်ကြရန် တင်ပြပါအံ့....သတိပြုကာ ကြည့်ရှုလေ့လာကြပါကုန်။

မြန်မာ့စာပေ သမိုင်းတွင် ထင်ပေါ်ကျော်စောသည့် ပင်းယခေတ်ပညာရှိ **စတုရင်္ဂဗလအမတ်ကြီး** က–

ပထမအရွယ်–ပညာရှာရမည်၊
ဒုတိယအရွယ်–ဥစ္စာရှာရမည်၊
တတိယအရွယ်–တရားရှာရမည်–

ဟူ၍ အမတ်ကြီးပြုစုသည့် လောကနီတိကျမ်း ဂါထာနံပါတ် (၁၆) ၌ လူ့ဘဝတသက်တာကို ပိုင်းခြားဝေဖန်၍ ညွှန်ကြားပြဆိုထားပါသည်။

## (၁) လူသားတို့၏ထွက်ရာလမ်း

နိုင်ငံတော်အစိုးရ သတ်မှတ်သည့် ဥပဒေအရဆိုလျှင် အသက်ခြောက်ဆယ် လုပ်သက်သုံးဆယ်ဆိုလျှင် ပင်စင်အငြိမ်းစား ယူရမည်ဖြစ်သည်။ ယူနိုင်ပြီဖြစ်သည်။ ဤတရားဥပဒေ သတ်မှတ်ချက်ကို မူထား၍ အသက်အရွယ်ကို ပိုင်းခြားမည်ဆိုပါလျှင်....အသက် သုံးဆယ်နှစ် အထိကို ပညာရှာရမည့် ပထမအရွယ်၊ သုံးဆယ့်တစ်နှစ်မှ ခြောက်ဆယ်အထိကို ဥစ္စာရှာရမည့် ဒုတိယအရွယ်၊ ခြောက်ဆယ်ကျော်မှ ကိုးဆယ်, တစ်ရာ အထိကို တရားရှာရမည့် တတိယအရွယ်ဟု အမှန်းအဆ ပိုင်းခြား သတ်မှတ်ရလျှင် မျှ-တ သင့်လျော်ခလောက်ပြီဖြစ်ပါသည်။ (ငြင်းမည်ဆိုကငြင်းနိုင်ကြပါသေးသည်။)

ယင်းသတ်မှတ်ချက်ကို မငြင်းမဆန် လက်ခံမည်ဆိုပါသော်....ပညာရှိစတုရင်္ဂဗလအမတ်ကြီး၏ ညွှန်ကြားချက်အရ ပင်စင်အငြိမ်းစားများသည် တရားကိုသာရှာရတော့မည်ဖြစ်ပေသည်။ လျှော့လျှော့ ပေါ့ပေါ့အားဖြင့် တကျာလောဘနယ်ပယ်သားဖြစ်နေသေး၍ မပြည့်ဝနိုင်သည့် ပညာများဥစ္စာများကိုဆက်လက်ရှာချင်သေးက ရှာပါ။ သို့သော်-တရားရှာခြင်းကိုမူကား အဓိကထား၍ (သို့မဟုတ်) တရားရှာခြင်းကိုသာအဓိက-ပဓာနထား၍ ကြိုးစားရှာသင့်ကြပြီဖြစ်ပေသည်။ တရားကိုမရှာပဲ မနေသင့်တော့ပါ။အကယ်၍တရားမရှာပဲ လောကီအာရုံကာမဂုဏ်အကြားမှာ ပျော်ပါးနေမည်ဆိုပါလျှင် မြစ်ရေလျှင်ကြောမျောနေသည့် ဆင်သေကိုမခွါရက်ပဲ မှီဝဲစားလေသည့်ကျီးမိုက်ပမာ ပင်လယ်ဗွေမှာ ဆင်သေနစ်ပျောက်၍ဒုက္ခရောက်သကဲ့သို့ ဖြစ်ရပေတော့မည်မှာ သေချာလှပေသည်။

မှန်ပါသည်၊ တတိယအရွယ်မှာ တရားရှာရမည်ဆိုသည်ကို လက်ခံပါပြီဆိုပါတော့၊ ဘယ်တရားကိုရှာမည်နည်း၊ ဘယ်လိုရှာရမည်နည်း။

ဤအရေးကို ကျွန်တော်သည် လေးလေး စားစား တွေးထား မိပါသည်၊ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မနေခဲ့ပါ။ ဆက်လက်တင်ပြပါမည်။

ကျွန်တော်သည် ငယ်ရွယ်စဉ်အခါမှစ၍ ဗုဒ္ဓစာပေများကို အထူး ဝါသနာ ပါရမီအရ ကျောင်းသားဘဝ, သာသနာ့ဝန်ထမ်း သာမဏေ, ရဟန်းဘဝများ၌ ဖတ်ရှုလေ့လာမှတ်သား နာယူခဲ့ပါသည်။

လူ့ဝတ်ကြောင်ဘဝရောက်၍ ပရိယေသန-ဝမ်းရေးအတွက် သာသနာရေးဦးစီးဌာနသို့ ဝင်ရောက် အမှုထမ်းဆောင်သောအခါ၌လည်း ဗုဒ္ဓစာပေဆိုင်ရာ ရေးသားခြင်း၊ တည်းဖြတ်ပြင်ဆင်ခြင်း၊ စိစစ်ဝေဖန်ခြင်း-စသည့်အလုပ်များကိုသာ လုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်။

ဤကျမ်းနိဂုံးအပိုင်းတွင် ဖော်ပြထားသည့်အတိုင်း အမှုထမ်းဆောင်ခဲ့သည့်နှစ်ပေါင်း နှစ်ဆယ့်ခြောက်နှစ်အတွင်း၌ သာသနာရေးဦးစီးဌာန-ပုံနှိပ်တိုက်မှ ရိုက်နှိပ်ထုတ်ဝေသည့် များစွာသော ကျမ်းစာများကို တည်းဖြတ်ပြင်ဆင်ခဲ့ပါသည်၊ စိစစ်ဝေဖန်ခဲ့ပါသည်။ နိဒါန်းပေါင်း သုံးဆယ့်သုံးစောင် ရေးသားခဲ့ပါသည်။

ဤမျှလောက် လေ့လာဆည်းပူးခဲ့သည့် ဗုဒ္ဓစာပေဗဟုသုတများကို အသုံးပြု၍ ပင်စင်အငြိမ်းစားယူသည့်တတိယအရွယ်၌ ကျင့်သုံးရန်အတွက် ကျင့်စဉ်တရားများကို မှတ်စုသား၍ ရေးသားခဲ့ခြင်း ဖြစ်ပါသည်။ ယင်းသို့ရေးသားထားသည့် မှတ်စုမှတ်ရာများကို စုပေါင်းအချောကိုင်ပြင်ဆင်၍ ဤနိဒါန်းအစတွင် ဖော်ပြခဲ့သည့် ကျွန်တော်အပါအဝင် တရားရှာရမည့် တတိယအရွယ်ရောက်နေသည့် ပင်စင်အငြိမ်းစားများ၊ ပင်စင်အငြိမ်းစားအရွယ်များနှင့် ပင်စင်အငြိမ်းစားများကဲ့သို့ပင် တရားကျင့်သုံးလိုသူများ ကျင့်သုံးပွားများရန်အတွက် ဤကျမ်းစာအုပ်ကို ရေးသား,ရိုက်နှိပ်,ထုတ်ဝေခြင်းဖြစ်ပါသည်။ ဤသည်မှာ ဤကျမ်းရေးသားရခြင်း၏ အဓိကအကြောင်းရင်းဖြစ်ပါသည်။

## (ခ) ဤကျမ်းအမည်မှည့်ပုံအကြောင်း

ဤကျမ်းရေးသားပြုစုရခြင်းအကြောင်းကို ဖော်ပြပြီးလျှင် ဤကျမ်းအမည် မှည့်ရပုံအကြောင်းကိုလည်း ရှင်းပြချင်ပါသည်။

ကျွန်တော်သည် ဤကျမ်းကို မူလက ပင်စင်အငြိမ်းစားများအတွက် ကျင့်သုံးရန်ရည်ရွယ်၍ ရေးခဲ့ခြင်းဖြစ်ပါသည်။ ကျွန်တော့မိတ်ဆွေ

အကြောင်းသိသူများကလည်း "ကျွန်တော်တို့ပင်စင်ယူပြီး ကျင့်သုံးပွားများရန်အတွက် ကျင့်စဉ်တရားစာရေးပေးပါ"ဟု တောင်းပန်ကြပါသည်။ အချို့ကလည်း "နိဒါန်းဆရာကြီး-နိဒါန်းတွေချည်းရေးမနေပါနဲ့၊ စာသားစာကိုယ်ကလေးများလည်း ရေးစမ်းပါအုံး"စသည်ဖြင့် လှောင်ပြောကလေး ခနဲ့တဲ့တဲ့ ပြောကြ ဆိုကြပါသည်။

လောက ရုပ်နာမ်မေတို့၏ သဘောတရားသည် အလွန်ဆန်းကျယ်လှပါပေသည်။ ပိလိန္ဒဝစ္ဆခေါ် ရဟန္တာပုဂ္ဂိုလ်ကြီးသည် ဘဝပေါင်းများစွာ မြင့်မြတ်သောဘဝချည်း ဖြစ်ခဲ့သောကြောင့် အခြားသူများကို "ဝသလ=လူယုတ်မာ"-ဟု ခေါ်လေ့ရှိခဲ့သည်။ ယင်းသို့ခေါ်သော ဝါသနာအကျင့်သည် ဖျောက်၍မရပဲ ယခုဘဝ ကိလေသာကုန်ခန်း ရဟန္တာဖြစ်သောအခါ၌ မူရင်းဝစီဒုစရိုက်—နှုတ်အကျင့်ဆိုး အကုသိုလ်တရားမရှိတော့သော်လည်း ယင်း၏အငွေ့အသက်ခေါ် ဝါသနာက ကျန်နေသောကြောင့် အခြားသူများကို "ဝသလ=လူယုတ်မာ" ဟု ခေါ်မိနေတတ်လေသည်။

ဤအတူပင်လျှင် ကျွန်တော်သည်လည်း ရေးနေကျနိဒါန်း စိတ်ကူးနေကျ နိဒါန်း သံသရာထဲမှာ တဝဲဝဲကျင်လည်ခဲ့ရသည့် ဝါသနာအကျင့်က မပျောက်နိုင်ပဲ ရေးသားထားသည့် ဤကျမ်းစာကို"ပင်စင် အငြိမ်းစား တရားနိဒါန်း" ဟူ၍ အမည်ပေးလိုက်ပါသည်။ "တခါလာမဲပြောပုဆိုး၊ နှစ်ခါလာတော့လဲ မဲပြာပုဆိုး၊ လဲခဲ့ပါ ဟိုဖာထဲက မဲပြာပုဆိုး" ဆိုသကဲ့သို့ဖြစ်နေပါ၍ နိဒါန်းမှမလွတ်ပဲဖြစ်နေပါသည်။

ယင်းသို့ အမည်ပေးပြီး ကျွန်တော့အနေနှင့်တော့ ကျေနပ်နှစ်သက်နေပါသည်။ ကိုယ်ပေးသည့် အမည်ကို ကိုယ်သဘောကျ နေပါသည်။ ရင်းနှီးသူများအား စာမူကိုဖတ်ရှု ဝေဖန်ရန် တောင်းပန်သောအခါ၊

"စာရေးသားထားပုံကို သဘောကျပါတယ်၊ ကောင်းပါတယ်၊ ဒါပေမယ့်...."

ဟု ပြောပြီး ရပ်သွားပါသည်။ ကျွန်တော်က မကြိုက်သည့်အချက်ကို ပွင့်ပွင့်လင်းလင်းပြောရန် တောင်းပန်သောအခါ....

"ခင်ဗျားစာကကောင်းတယ်ဗျ၊ ပင်စင်အငြိမ်းစားကွက်ကွက် ကလေးအတွက်သာမဟုတ်ဘူး၊ လူသားအားလုံးအတွက် အခက်အခဲ ဆင်းရဲအမျိုးမျိုးက လွတ်ကင်းစေနိုင်တဲ့ တရားတွေဗျ၊ ပြီးတော့လဲ စာအုပ်စာသားစာကိုယ်ကြီးကို နိဒါန်းလို့ အမည်မပေးသင့်ပါဘူး၊ ပြင်ပါဗျာ၊ ဒီနာမည်တော့မနိုပ်ပါဘူး"

ဟူ၍ ဝေဖန်အကြံပေးကြပါသည်။ ဤသို့သော အကြောင်းကြောင့် နိဒါန်းဝါသနာထုံနေသောကျွန်တော်သည် မူလမှည့်ထားသည့် အမည်ကိုလည်းမဖျက်၊ ခင်မင်ရင်းနှီးသော မိတ်ဆွေများ၏အကြံကိုလည်း မပယ်ရှားပဲ ဤကျမ်း၏အမည်ကို ပင်စင်အငြိမ်းစား တရားနိဒါန်းခေါ် လူသားတို့၏ထွက်ရာလမ်း"ဟု အုန်းနို့ခေါက်ဆွဲမကျေး၊ ကော်ဖီမတိုက်ပဲ အမည်ပေး ကင်ပွန်းတပ်လိုက်ပါတော့သည်။

## (၈) ဤကျမ်းရေးသားပြုစုထားပုံအကြောင်း

ကျမ်းစာအုပ် တစ်စောင်၏ နိဒါန်းသည် ယင်းကျမ်းစာအုပ် ပြုစုထားပုံ အကြောင်းအရာကို ဖော်ပြရေးသားရန်သင့်ပေသည်။ သို့မှသာလျှင် ဤကျမ်းကို လေ့လာဖတ်ရှုမည့် စာရှုပရိသတ်များ ကျမ်းစာအုပ်၏ နိဒါန်းကို ဖတ်ရုံမျှဖြင့်ပင် ကျမ်းစာ၏ အခြေအနေသဘောသဘာဝကို ကြိုတင်သိမြင် ခန့်မှန်းနိုင်ကြမည်ဖြစ်ပေသည်။

ယင်းသို့ မိမိလေ့လာမည့်ကျမ်းစာ၏အကြောင်းအရာကို ကြိုတင်သိရှိနားလည်ထားမှလည်း ယင်းကျမ်းစာအပေါ်၌ ပိုမိုစိတ်ဝင်စားကာ လေးလေးစားစား ဖတ်ရှုမှတ်သားနိုင်ကြလျက် ကျင့်ကြံကြိုးစား အကျိုးများကြမည်ဖြစ်ပေသည်။

ဤကျမ်းတစောင်လုံး၏ အဓိကရည်မှန်းချက်ပန်းတိုင်ထား၍ ရေးသားသည်မှာ ဖတ်ရှုလေ့လာသူများ အရိယသစ္စာ-အမှန်တရားကို ပိုင်းခြားသိမြင်ရေးပင်ဖြစ်ပါသည်။

အရိယသစ္စာ-အမှန်တရားကို သိမြင်ရန်ဦးတည်ချက်ထားကာ အပိုင်းကြီးတစ်ဆယ့်ငါးပိုင်းခွဲခြားပြီး ရေးရာတွင်-

၁။ **ပထမအပိုင်း၌** ပင်စင်အငြိမ်းစားများ၏ဘဝကို ဆင်းရဲငြီးငွေ့ဖွယ်ဖြစ်သလား၊ ချမ်းသာပျော်ရွှင်ဖွယ်ဖြစ်သလား၊ ဘဝအခြေအနေအစစ်အမှန်မည်သို့နည်း-ဟူသည်ကို လေ့လာဝေဖန် တင်ပြထားပါသည်။

၂။ **ဒုတိယအပိုင်း၌** ပင်စင်အငြိမ်းစားများ၏ ဘဝအခြေအနေအမှန်အရ အဓိကထား၍ လုပ်ကိုင်ဆောင်ရွက်သင့်သည့်အလုပ်အဖြစ် အရိယသစ္စာ အမှန်တရားသိမြင်ရေးကို ညွှန်ပြထားပါသည်။ ယင်းအဓိကလုပ်ရမည့်အလုပ်အတွက် လမ်းစဉ်ဆယ်ချက်ကို ချမှတ်ပြဆိုထားပါသည်။

၃။ **တတိယအပိုင်း၌**အရိယသစ္စာ-အမှန်တရားသိမြင်ရေးအတွက်ဖြစ်စေ၊ အခြားရည်မှန်းချက်တစ်ခုကိုဖြစ်စေ ပြုလုပ်ရာတွင် မရှိမဖြစ်သော ကျန်းမာရေးသဘောတရားကို စိစစ်ဝေဖန်ပြပြီး ကိုယ်ကျန်းမာရေးရနိုင်သည့်နည်းလမ်းကို ညွှန်ပြထားပါသည်။

၄။ **စတုတ္ထအပိုင်း၌** ကိုယ်ကျန်းမာရေးထက်အဓိကကျ၍အရေးပါလှသော စိတ်ကျန်းမာရေးအကြောင်းအရာနှင့် စိတ်မကျန်းမာ စိတ်ရောဂါဖြစ်ပုံများ၊ စိတ်ကျန်းမာရေးရရန်နည်းများကို ရေးသားဖော်ပြထားပါသည်။

၅။ **ပဥ္စမအပိုင်း၌** အရိယသစ္စာ-အမှန်တရားသိမြင်ရန်အားထုတ်သူပင်ဖြစ်စေ၊ မိမိလိုသားနှစ်သက်သည့်အလုပ်တစ်ခုခုကို ဆောင်ရွက်သူပင်ဖြစ်စေ အနှောင့်အယှက် ရန်သူရှိတတ်ပေရာ....ယင်းအနှောင့်အယှက်ရန်များကို ဝေဖန်ပိုင်းခြားပြီးလျှင် အပြင်ရန်များကို ကြိုတင်သိရန်နည်းနှင့် အပြင်ရန် ကင်းပျောက် ငြိမ်းစေရန် လုပ်ကိုင်ဆောင်ရွက်နည်းများကို ညွှန်ပြထားပါသည်။

၆။ **ဆဋ္ဌအပိုင်း၌** အပြင်ရန်ထက်အင်အားကောင်း၍ အစွမ်းထက်မြက်သည့် အတွင်းရန်ဓာတ်များအကြောင်းကို သိသာထင်ရှားအောင် ရေးသား၍ အတွင်းရန်ကင်းပျောက် ငြိမ်းအေးစေနိုင်သည့်နည်းကို အကျဉ်းချုပ်ညွှန်းဆိုထားပါသည်။

၇။ **သတ္တမအပိုင်း**၌ ပင်စင်အငြိမ်းစားများနှင့် တရားပွားများအားထုတ်လိုသူများ သတိထားရှောင်ကြဥ်ရမည့် တွေ့ကြုံရတတ်သော အခြားသူများ၏ အလိမ်အညာခံရတတ်ပုံများ၊ လိမ်ညာပုံများ၊ မိမိကိုယ်ကို မိမိကိုယ်တိုင်က လိမ်ညာမိတတ်ပုံများကို မှတ်သားဖွယ်ရေးသားဖော်ပြထားပါသည်။

၈။ **အဋ္ဌမအပိုင်း**၌ တရားပွားများအားထုတ်သူတိုင်း မသိမဖြစ်၊ မလုပ်မဖြစ်သော ဗုဒ္ဓဘာသာဝင်ခေါ် ဥပါသကာစစ်စစ်ဖြစ်ရန် အရေးကြီးပုံနှင့် ဗုဒ္ဓဘာသာဝင်များ၌ ရှိရမည့် အင်္ဂါအချက်အလက်များကို ရေးသားဖော်ပြထားပါသည်။

၉။ **နဝမအပိုင်း**၌ ဗုဒ္ဓဘာသာဝင်များ မလွှဲမရှောင်ကျင့်သုံးလိုက်နာရမည့် တာဝန်ဝတ္တရားများကို ဆယ်မျိုးခွဲခြားထားပြီး အသီးသီးအတွက် ကျယ်ကျယ်ပြန့်ပြန့် ရေးသားဖော်ပြထားပါသည်။

၁၀။ **ဒသမအပိုင်း**၌ ဗုဒ္ဓဘာသာဝင်များ နေ့စဉ်ကျင့်သုံးပြုလုပ်ရမည့် ဝတ်တက်ဝတ်ကပ်၊ ဝတ်ရွတ်မှုအစီအစဉ်များကို ရေးသားတင်ပြထားပါသည်။

၁၁။ **ဧကာဒသမအပိုင်း**၌ အရိယသစ္စာ-အမှန်တရားကို သိမြင်ရန်အတွက်ဖြစ်စေ၊ အခြားကောင်းကျိုးချမ်းသာ လိုရာအကျိုးတရားဖြစ်ပွားစေနိုင်ရန်အတွက်ဖြစ်စေ လက်ကိုင်ထားရမည့် **မှန်ကန်သောကြိုးစားမှုသမ္မပ္ပဓာန်** အကြောင်းကို သိသာထင်ရှားအောင် ရေးသားဖော်ပြထားပါသည်။

၁၂။ **ဒွါဒသမအပိုင်း**၌ အရိယသစ္စာ-အမှန်တရားကို သိလိုသူများကျင့်သုံးရမည့် သူမြတ်တို့၏ ကျင့်စဉ်ခေါ် ပါရမီဆယ်ပါးဖြည့်နည်းများကို အဓိပ္ပာယ်သဘောသဘာဝနှင့်တကွ သိသာရှင်းလင်းစွာ ရေးသားတင်ပြထားပါသည်။

၁၃။ **တေရသမအပိုင်း**၌ ဤ"ပင်စင်အငြိမ်းစားတရားနိဒါန်း-လူသားတို့၏ ထွက်ရာလမ်း "ကျမ်း၏ မူလဘူတ ပြဆိုလိုရင်းဖြစ်သော **ဗောဇ္ဈင်ခုနစ်ပါး** ပွားနည်းကို တစ်ပါးစီတစ်ပါးစီ၏ အဓိပ္ပာယ်ဖြစ်

ကြောင်း တရားများနှင့်တကွ ရေးသား၍ ဗောဇ္ဈင်ခုနစ်ပါး တပြိုင်နက် ဖြစ်ပွား၍ ထွက်ရာလမ်းရောက် သိဒ္ဓိပေါက်စေနိုင်သည့် **သတိသမ္ဗောဇ္ဈင် ဣန္ဒြိယဘာဝနာ** ခေါ် ဣန္ဒြေခြောက်ပါးစောင့်ရှု ပွားနည်းကို ကျယ်ကျယ် ပြန့်ပြန့် ရေးသားပြဆိုထားပါသည်။

၁၄။ စုဒ္ဒသမအပိုင်း၌ ရေးသားပြဆိုခဲ့ပြီး ဖြစ်သော အပိုင်းကြီး တစ်ဆယ့် သုံးပိုင်းတို့ဖြင့် လူသားတို့၏ ထွက်ရာလမ်းကျမ်း အလုံးစုံ ရေးသား ပြီးဆုံးပြီ ဖြစ်၍ ဤကျမ်း ပြီးဆုံး နိဂုံးအုပ်တော့မည် ဖြစ်သောကြောင့် စာရေးသူက စာရှုသူများအား လိုအပ်သော မှာကြားချက်များ လက်ဆောင်မွန်များ တောင်းပန်ချက်များ အားပါးတရ ရေးသားပြီး လိုလားတောင့်တချက် အာသီသပတ္ထနာလင်္ကာဖြင့် နိဂုံးကမ္ပတ် အပြီး သတ်ထားပါသည်။

၁၅။ ပန္နရသမအပိုင်း၌ ရေးသားပြီးခဲ့သော ကျမ်းရင်းစာသားများ၌ ရေးသားခွင့်မရ၍ "နောက်ဆက်တွဲမှာ ပြမည်"ဟု မှာထားခဲ့ရသည့် အချက်အလက် အကြောင်းအရာများကို ပြည့်စုံအောင် ပြန်လည်ရေး သား ဖော်ပြပြီးလျှင် ဤကျမ်းတစ်ကျမ်းလုံးရှိ အကျဉ်းချုပ် မှတ်သားဖွယ် အက္ခရာစဉ်အညွှန်းများကို ရေးသားဖော်ပြထားပါသည်။

ဤသို့ဗုဒ္ဓစာပေအထွေထွေမှ အဆီညှစ်ထုတ် အနှစ်ချုပ်၍ "ပင်စင် အငြိမ်းစားတရားနိဒါန်းခေါ် လူသားတို့၏ထွက်ရာလမ်း" ကျမ်းကို အပိုင်းကြီးတစ်ဆယ့်ငါးပိုင်းတို့ဖြင့် သိုင်းချုပ်ဖွဲ့စည်း အပြီးသတ်ရေးသား ထားပါသည်။

## (ဿ) ဤကျမ်းဖြင့်ရရှိနိုင်မည့် အကျိုးတရားများအကြောင်း

ဤကျမ်းရေးသားခြင်း၏ အဓိကပဓာနရည်ရွယ်ချက်မှာ အရိယသစ္စာ-အမှန်တရားကိုသိမြင်ရေးအတွက်သာလျှင် ဖြစ်ပါသည်။ သို့သော်ဤကျမ်း၌ဖော်ပြထားသော နည်းလမ်းများကို ထိုက်သင့်သလို ဉာဏ်ယှဉ်သုံးစွဲကျင့်သုံးခြင်းဖြင့်အခြားလိုအပ်သော လောကီ လောကုတ္တရာ ကောင်းကျိုးတ

ရားများစွာကို အပြီးအပိုင်ရစေနိုင်မည်မှာ အမှန်ပင်ဖြစ်ပါသည်။ လိုရင်းမျှကိုထုတ်၍ အကျဉ်းချုပ်ဖော်ပြရမည်ဆိုလျှင် ထွက်ရာလမ်းဟူသောအမည်နှင့်လျော်ညီစွာ-

(က) ကျန်းမာရေး အခက်အခဲဆင်းရဲမှုများ၊
(ခ) ပညာရေးအခက်အခဲဆင်းရဲမှုများ၊
(ဂ) စားဝတ်နေမှု စီးပွားရေးအခက်အခဲ ဆင်းရဲမှုများ၊
(ဃ) ပေါင်းသင်း ဆက်ဆံရေး အခက်အခဲ ဆင်းရဲမှုများ၊
(င) နောင်တမလွန်ဘဝရေး အခက်အခဲ ဆင်းရဲမှုများ၊
(စ) သံသရာဝဋ် အခက်အခဲ ဆင်းရဲမှုများ-

စသည့် အခက်အခဲဆင်းရဲမှုအမျိုးမျိုးတို့မှ လွတ်ကင်းထွက်မြောက်နိုင်ခြင်းဟူသောအကျိုးတရားများစွာကိုအမှန်ပင်ရရှိခံစားကြရမည်ဖြစ်ပါသည်။ ယင်းသို့ ဤကျမ်း၏စွမ်းအင်ရှိနိုင်ပုံကို စာရှုသူများသိသာစေရန် ဥပမာသာဓကဖြင့်ရှင်းပြပါအံ့....။

**ဓာတုသမမဟာဝိသယဆေး**

ရှေးအစဉ်အလာ ဆေးပညာတတ်သိလိမ္မာသည့် မြန်မာသမားတော်ကြီးများမှာ "အာယုဝဍ္ဎနဆေး" ဟု လွယ်လွယ်အမည်ပေးထားသည့် "ဓာတုသ၂-မဟာဝိသယ"ဆေးကြီးတစ်မျိုး ရှိတတ်ကြပါသည်။ ဓာတ်လေးပါးညီညွတ်စေ၍ အကျိုးကြီးမားသည့်ဆေးဟူ၍ အဓိပ္ပာယ်ရှိပါသည်။ ယင်းဆေး၌အစွမ်းသတ္တိထက်မြက်စူးရှသည့် ဆေးဖက်များ, ဓာတ်များ, ပါဝင်ရောယှက် ညီမျှအောင်ထည့်ဍက်၍ စနစ်တကျဖော်စပ်ထားပါသည်။

လူသားတို့၏ခန္ဓာကိုယ်၌ ဆီး, ဝမ်း, လေ, အခိုး မှန်ကန်ညီမျှစေ၍ လိုသောဓာတ်ကို ပြည့်ဝစေပါသည်။ ပိုသောဓာတ်ကို ယုတ်လျော့စေပါသည်။ ပါစက-ဝမ်းမီးကို တောက်ပစေနိုင်ပါသည်။ ဤသို့သောအစွမ်းရှိသောကြောင့် စားသုံးရသူများမှာ ဖြစ်ပေါ်ဆဲရောဂါဝေဒနာပျောက်ကင်း၍ မဖြစ်သေးသည့်ရောဂါဝေဒနာများလည်း မဖြစ်ပေါ်နိုင်ပဲ ကင်းဝေးကျန်းမာကြပါသည်။

မျက်စိ, နား, နှာ, လျှာ, ကိုယ်-ဟူသော ရုပ်ဣန္ဒြေတရားများလည်း အားရှိကြည်လင်ကြပါသည်။ ယင်းတို့မှတဆင့် ဆက်နွယ်ဖြစ်ပေါ်သည့် စိတ်ဣန္ဒြေတရားလည်း ကြည်လင်အားရှိ သမာဓိဖြစ်နိုင်ပါသည်။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာသည်-ဟု ဆိုရပါသည်။ ထိုပုဂ္ဂိုလ်များသည်ကား လိုရာကိစ္စပြီးစီးအောင် ဆောင်ရွက်နိုင်ကြ၍ အသက်ရှည်စွာ နေကြရနိုင်မည်သာ ဖြစ်ပါသည်။

ဤသို့ အာယုဝဍ္ဎနအမည်ရှိ ''ဓာတုသမ-မဟာဝိသယ''ဆေးကြီးက အကျိုးတရားကြီးမား များပြားစွာရရှိနိုင်အောင် စွမ်းဆောင်နိုင်ပါသည်။

ဤအတူပင်လျှင် ဤ''ပင်စင်အငြိမ်းစားတရားနိဒါန်းခေါ် လူသားတို့၏ထွက်ရာလမ်း''ကျမ်းလာ ကျင့်စဉ်တရားကြီးများက ကျင့်သုံးသူများအား အကျိုးတရားကြီးခြောက်ပါးကို ရရှိစေနိုင်မည်ဖြစ်ပါသည်။

ဓာတုသမ-မဟာဝိသယဆေးကြီးမှာ ဖော်စပ်နည်းမသိသူ၊ မစားသုံးသူများအတွက် အကျိုးခံစားချက်မရှိနိုင်သကဲ့သို့ပင်လျှင် ဤလူသားတို့၏ထွက်ရာလမ်းကို မသိသူ၊သိလျက်မကျင့်သုံးသူများအတွက် အကျိုးခံစားချက်မရှိနိုင်ကြောင်း ဖော်ပြလိုပါသည်။

ဤဓာတုသမ-မဟာဝိသယဆေးကြီးကို ဥပမာပြသကဲ့သို့ပင် သံသေပြဒါးသေ ဓာတ်လုံးများအကြောင်း စသည်တို့ကိုလည်း ဥပမာသာဓကအဖြစ် ထုတ်ပြနိုင်ပါသေးသည်။ သို့သော် ဤဆေးဥပမာမျှပြလျှင် သိနိုင်ကြပြီဟုယူဆပါသည်။ ဤသဘောကိုပင် ဤကျမ်း စာမျက်နှာ (၅၄၄)၌လည်း စကြာယာဉ်ကြီးအကြောင်းဥပမာပြ၍ ရေးသားဖော်ပြထားပါသည်။

ဤသို့ပြဆိုလျှင် ဤ''ပင်စင်အငြိမ်းစားတရားနိဒါန်းခေါ် လူသားတို့၏ထွက်ရာလမ်း''ကျမ်းက အကျိုးတရားခြောက်ပါးကို ခံစားရရှိအောင် စွမ်းဆောင်နိုင်ကြောင်း သိသာထင်ရှားလောက်ပြီဟု ထင်မြင်ပါသည်။

## (င) ဤကျမ်းနှင့်ပတ်သက်၍စောဒကတက်ဖွယ်ရှိပုံအကြောင်း

ဤသို့လျှင် ကျွန်တော်သည် "ပင်စင်အငြိမ်းစား တရားနိဒါန်းခေါ် လူသားတို့၏ ထွက်ရာလမ်း"ကျမ်းကို ကြိုးကြိုးစားစား ရေးသားပြုစုခဲ့ပါသည်။ ဤကျမ်းနှင့်ပတ်သက်၍ မကျေမလည် မရှင်းလင်း၍ မေးမြန်း စောဒကတက်ဖွယ် အချက်အလက် များစွာရှိနိုင်ပါသည်။ ယင်းသို့ရှိနိုင်သည့် စောဒကတက်ဖွယ်အများတွင် ဤနိဒါန်းမှ ကြိုတင်အသိပေးဖြေရှင်း သင့်သည့် စောဒက တစ်ချက်မှာ....ပင်စင်အငြိမ်းစား တရားနိဒါန်းခေါ် လူသားတို့၏ထွက်ရာလမ်းကျမ်းကို ရေးသည်ကတော့ ဟုတ်ပါပြီ၊ ကျမ်းဆရာကိုယ်တိုင်က ဘယ်အခြေအနေရောက်နေပါသလဲ"ဟူသောမေးခွန်းပင် ဖြစ်ပါသည်။ ဤမေးခွန်းကို ကျွန်တော်ကြားနာ မှတ်သားဖူးသည့် နိဗ္ဗာနပစ္စ ါဒီမဟာထေရ်၏အဖြေကို အမှီပြု၍ ဖြေဆိုလိုပါသည်။

### နိဗ္ဗာနပစ္စ ါဒီမဟာထေရ်

ရှေးက နိကာယ်ပိဋကတ်နှံ့စပ်တတ်သိသော ဆရာတော်ကြီးတစ်ပါး ရှိခဲ့ဖူးပါသည်။ ဆရာတော်သည် ဗုဒ္ဓဝါဒရေးရာ၌ အလွန်နက်နဲ ခက်ခဲသည့် နိဗ္ဗာန်တရားတော်အကြောင်းကို များစွာဟောပြောတော် မူလေ့ရှိသည်။ ရေးသားတော်မူလေ့ရှိသည်။ "နိဗ္ဗာနပစ္စ ါဒီမဟာထေရ်"ဟူ၍ ထင်ပေါ်ကျော်ကြားတော်မူသည်။

တချိန်သောအခါ၌ ဒကာတစ်ယောက်ရောက်လာဦးချပြီး လျှောက်ထားသည်မှာ "ဆရာတော်ဘုရား မိန့်ကြားရေးသားသည့် နိဗ္ဗာန်တရားတော်အကြောင်းများကို တပည့်တော် အလွန်သဘောကျ နှစ်သက်ပါသည်။ ဒီလိုမိန့်ကြားရေးသားနိုင်အောင် အရှင်ဘုရားသည် နိဗ္ဗာန်သို့ဘယ်နှစ်ခေါက်ရောက်ဖူးပါသလဲဘုရား"ဟုမေးလျှောက်လေသည်။ဆရာတော်ကလည်း ချက်ချင်းမဆိုင်းပဲလျှင်.... "နိဗ္ဗာန်ရောက်ပြီးခါမှတော့ တစ်ခေါက် ပြန်မလာနိုင်တော့ပါဘူးကွယ်၊ မရောက်သေးမီအတွင်းမှာ ဒကာတို့ ဘုန်းကြီးသိသလိုသိကြပြီး နိဗ္ဗာန်အတူသွားရအောင် အဖော်ညှိ အသိ

ပေးဟောပြောရေးသားဒါပါပဲကွယ်”ဟူ၍ဖြေဆိုသောကြောင့် ထိုဒကာ သဘောကျပြီး ဦးချပြန်သွားလေသည်ဟူ၏။

ကျွန်တော်သည်လည်း ဤနည်းကိုမှီး၍ စာဒကဆရာတို့၏ အမေး ကို....“စာရေးသူ ဘယ်အခြေအနေ ရောက်နေသည်ကို မဖြေလိုပါ၊ ကိုယ်တိုင်ကျင့်သုံးရန် လေ့လာမှတ်သားထားသမျှကို စာရေးသူနှင့်စာရှု သူတို့ အတူကျင့်ကြံပွားများကြပြီး အတူတူပင်လျှင် ထွက်ရပ်လမ်းသို့ လှမ်းနိုင်ကြစေရန် ရည်သန်ရေးသားပြုစုပါသည်” ဟူ၍ ဖြေဆိုလိုပါ သတည်း။

စာရှုသူများ လိုရာတရား ပွားများပြီးမြောက် ထွက်ရပ်လမ်းရောက် သိဒ္ဓိပေါက်ကြပါစေ။

–ရိုသေလေးစား မေတ္တာထားလျက်....



(ထွန်းလှိုင်)
ဤကျမ်းရေးသားပြုစုသူ

၁၃၄၆-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၇-ရက်၊
(၁၄-၁၁-၈၄)

# ပင်စင်အငြိမ်းစားတရားနိဒါန်းခေါ်
# လူသားတို့၏ထွက်ရာလမ်း

## မာတိကာ


| ကြောင်းအရာ | စာမျက်နှာ |
|---|---|
| နိဒါန်း | (က) |
| ဤကျမ်းရေးသားရခြင်းအကြောင်း | (က) |
| ဤကျမ်းအမည်မှည့်ပုံအကြောင်း | (ဂ) |
| ဤကျမ်းရေးသားပြုစုထားပုံအကြောင်း | (င) |
| ဤကျမ်းဖြင့်ရရှိနိုင်မည့်အကျိုးတရားများအကြောင်း | (ဈ) |
| ဓာတုသမ မဟာဝိသယဆေး(ဥပမာ) | (ဈ) |
| ဤကျမ်းနှင့်ပတ်သက်၍ စောဒကတက်ဖွယ်ရှိပုံအကြောင်း | (ဋ) |
| နိဗ္ဗာနဝါဒီမဟာထေရ်(ဥပမာ) | (ဋ) |
| ၁။ ပထမအပိုင်း | ၁ |
| သဗ္ဗမင်္ဂလာပဏ္ဏာမဂါထာ .... | ၃ |
| သဗ္ဗမင်္ဂလာပဏ္ဏာမလင်္ကာ .... | ၄ |
| **ပင်စင်အငြိမ်းစားဘဝကိုစိစစ်လေ့လာခြင်း** .... | ၅ |
| နေထိုင်ရေးခက်ခဲသူသုံးယောက်ဧကောဝါဒလင်္ကာ.... | ၅ |
| ၁။ လူထွက်ရဟန်း .... | ၆ |
| ၂။ နန်းကျဘုရင် ... | ၈ |
| ၃။ ပင်စင်အငြိမ်းစား .... | ၉ |
| ဧကောဝါဒလင်္ကာစိစစ်ချက် .... | ၁၀ |
| မဟာဓမ္မသင်္ကြံ .... | ၁၁ |
| ပုဂံမင်းတရား .... | ၁၂ |
| ဆရာဂျေအဦးမောင်ကြီး .... | ၁၃ |

## လူသားတို့၏ထွက်ရာလမ်း


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ပျော်ရွှင်မြူးတူးလူခြောက်ဦး ကေစ္စဝါဒလက်ာ | .... | ၁၄ |
| ၁။ အိမ်ထောင်ဦးည | — | ၁၅ |
| ၂။ ထိပေါက်စ | .... | ၁၆ |
| ၃။ ထောင်မှလွတ်ကင်းစလူ | .... | ၁၇ |
| ၄။ ပစင်းလူထွက် | .... | ၁၉ |
| ပျော်ပုံတော်ဘွဲ့လေးဆစ် | .... | ၂၀ |
| ၅။ နန်းတက်ဘုရင် | .... | ၂၀ |
| ဥဒါန်းစကား | .... | ၂၁ |
| ၆။ ပင်စင်အငြိမ်းစား | .... | ၂၃ |
| ပင်စင်အငြိမ်းစားနှင့်အမှန်တရားသမာနဝါဒလက်ာ | .... | ၂၆–၃၂ |
| လူသားတို့၏ ထွက်ရာလမ်း | .... | ၃၁ |
| ၂။ ဒုတိယအပိုင်း | .... | ၃၃ |
| သိမြင်ထိုက်သည့်အမှန်တရား | .... | ၃၅ |
| အမှန်တရားစိစစ်ချက်လက်ာ | .... | ၃၅ |
| ၁။ သမုတိသစ္စာ | .... | ၃၆ |
| ၂။ ပရမတ္ထသစ္စာ | .... | ၃၇ |
| သစ္စာနှစ်ပါးထူးခြားပုံ | .... | ၃၉ |
| သဘာဝသစ္စာနှင့်အရိယသစ္စာ | .... | ၄၁ |
| သဘာဝသစ္စာ | .... | ၄၂ |
| အရိယသစ္စာ | .... | ၄၂ |
| အရိယသစ္စာလေ့လာချက် | .... | ၄၅ |
| (က) အရိယသစ္စာဖွဲ့စည်းထားပုံ | .... | ၄၅ |
| ၁။ သင်္ခတတရား | .... | ၄၅ |
| ၂။ အသင်္ခတတရား | .... | ၄၇ |
| လှည်းဥပမာ | — | ၅၀ |
| လူဆိုးဖော်ကောင်ဥပမာ | .... | ၅၁ |

အကြောင်းအရာ စာမျက်နှာ

(ခ) အရိယသစ္စာသိမြင်ပုံ .... ၅၂
လူကြီးသိနှင့်ကလေးသိ .... ၅၄
(ဂ) အရိယသစ္စာသိမြင်ရန်အရေးကြီးပုံ .... ၅၅
၁။ မီးလောင်ခံရသူ(ဥပမာ) .... ၅၆
၂။ လှံထိုးခံရသူ(ဥပမာ) .... ၅၆
၃။ ချောက်တွင်းကြီး (ဥပမာ) .... ၅၇
အရိယသစ္စာသိမြင်ခြင်းအကျိုးကြီးပုံ .... ၅၈
**အရိယသစ္စာသံပေါက်လင်္ကာ** .... ၆၀
အရိယသစ္စာသိမြင်ရန်ကျင့်စဉ် .... ၆၁
**ဉာဏ်စမ်းပဟေဠိသံပေါက်** .... ၆၂
ခံတော်မောင်ကျာဘမ်း .... ၆၂
အရှင်မဟာမဟိန္ဒအကြောင်း .... ၆၄
**အရိယသစ္စာသိမြင်ရန်ထွက်ရာလမ်းစဉ်လင်္ကာ** .... ၆၆
တရားအမှန်သိမြင်ရန်ကျင့်စဉ်ဆယ်ပါး (အကျဉ်း) .... ၆၇

**၃။ တတိယအပိုင်း** .... ၆၉

**၁။ ကိုယ်ကျန်းမာခြင်း** .... ၇၁-၇၂
ကျန်းမာခြင်းအဓိပ္ပာယ် .... ၇၁
**ကိုယ်ကျန်းမာမှုငါးမျိုးနှင့်လင်္ကာ** .... ၇၄
**ကိုယ်ကျန်းမာရေးနည်းပြလင်္ကာ**
(နှင့်ကျန်းမာနည်းငါးမျိုး) .... ၇၅
၁။ လျော်စွာပြုကျင့် .... ၇၅

**ဆောင်ရန်လင်္ကာ** .... ၇၆

၂။ လျော်သင့်သိစေ .... ၇၆
၃။ ကျေလွယ်စားသောက် .... ၇၇
၄။ စောင့်ရှောက်သီလ .... ၇၇

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အာဇီဝဋ္ဌမကသီလ | .... | ၇၈ |
| (က) ကာယဒုစရိုက် | .... | ၇၉ |
| (ခ) ဝစီဒုစရိုက် | .... | ၇၉ |
| (ဂ) မိစ္ဆာအာဇီဝ | .... | ၈၀ |
| အာဇီဝဋ္ဌမကသီလရှင်းချက် | .... | ၈၁ |
| (၁) ပါဏာတိပါတ | .... | ၈၁ |
| (၂) အာဒိန္နာဒါန | .... | ၈၄ |
| (၃) ကာမေသုမိစ္ဆာစာရ | .... | ၈၆ |
| (၄) သုရာမေရယမဇ္ဇပမာဒဋ္ဌာန | .... | ၈၉ |
| (၅) ပိသုဏာဝါစာ | .... | ၉၆ |
| (၆) ဖရုသဝါစာ | .... | ၉၇ |
| (၇) သမ္ဖပ္ပလာပ | .... | ၉၉ |
| (၈) မိစ္ဆာဇီဝ | .... | ၁၀၁ |
| မိစ္ဆာကုန်အရောင်းအဝယ်ငါးမျိုးလင်္ကာ | .... | ၁၀၂ |
| ၅။ ကောင်းလှမိတ်ဆွေ | .... | ၁၀၄ |
| မောင်သက်ရှည် (အာယုဝဍ္ဎန) ဝတ္ထု | .... | ၁၀၅ |
| ကလျာဏမိတ္တမိတ်ဆွေကောင်းအင်္ဂါငါးပါး | .... | ၁၀၆ |
| ကလျာဏမိတ္တမိတ်ဆွေကောင်းသတ်မှတ်ချက်လင်္ကာ | .... | ၁၀၆ |
| ၄။ စတုတ္ထအပိုင်း | .... | ၁၀၉ |
| ၂။ စိတ်ကျန်းမာခြင်း | .... | ၁၁၁ |
| စိတ်ကျန်းမာရေးလင်္ကာ | .... | ၁၁၁ |
| အရှင်တိဿ (ဝတ္ထု) | .... | ၁၁၁ |
| စိတ်မကျန်းမာ စိတ်ရောဂါရှစ်မျိုး | .... | ၁၁၂ |
| (၁) သည်းခံကင်းကွာ | .... | ၁၁၄ |
| သည်းမခံခြင်း၏မကောင်းကျိုးခြောက်မျိုးလင်္ကာ | | ၁၁၆ |
| တရုတ်ပြေးမင်း (ဝတ္ထု) | .... | ၁၁၆ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| (၂) ကြံတွေးကြောက်မှု | .... | ၁၁၇ |
| ကြောက်သေသည့်ဒမြ | .... | ၁၁၈ |
| ကြောက်သေသည့်တောကြက် | .... | ၁၁၈ |
| (၃) စုံပြုံကျိုးနဲ့ | .... | ၁၂၀ |
| (၄) လွန်လွဲတွေးသိ | .... | ၁၂၃ |
| ဆင်ဝန်ကတော်ကြောင့်ကြပုံ | .... | ၁၂၃ |
| ရှိတတ်သူဆရာတော် | .... | ၁၂၄ |
| ဆင်မိဖုရားကလေးဖြစ်ပုံ | .... | ၁၂၅ |
| (၅) သတိမေ့လျော့ | .... | ၁၂၇ |
| (က) နှစ်မြောမေ့လျော့ခြင်း | .... | ၁၂၇ |
| (ခ) တွေးရှုမရမေ့လျော့ခြင်း | .... | ၁၂၇ |
| အာဠဝကမေ့ပုံ | .... | ၁၂၈ |
| (ဂ) အမှတ်မရမေ့လျော့ခြင်း | .... | ၁၂၈ |
| သမ္မန်သမားမေ့ပုံ | .... | ၁၂၉ |
| (ဃ) ပေါ့ဆမေ့လျော့ခြင်း | .... | ၁၃၀ |
| မေ့လျော့ပေါ့ဆပမာဒလက္ခဏာ | .... | ၁၃၁ |
| (၆) ပေါ့ဆထင်တွေး | .... | ၁၃၂ |
| ပေါ့ဆသည့်ခေါင်းဆောင် | .... | ၁၃၂ |
| (၇) မှိုင်ငေးတွေဝေ | .... | ၁၃၆ |
| (၈) ပျင်းရိချေ | .... | ၁၃၇ |
| လူပျင်းဆင်ခြေခြောက်မျိုး (ဆောင်ပုဒ်) | .... | ၁၃၈ |
| လူပျင်းကြွက်ဖြူ (ဝတ္ထု) | .... | ၁၃၉ |
| ရောဂါပျောက်ရန်နည်းပြလက္ခဏာ | .... | ၁၄၁ |
| ရောဂါပျောက်ရန်နည်းရှစ်မျိုးအကျယ်(၁)မှ(၈)အထိ | .... | ၁၄၁-၃ |
| ၅။ ပဥ္စမအပိုင်း | .... | ၁၄၅ |
| ၁။ ရန်ခေတ်ကိုပယ်ခွာခြင်း | .... | ၁၄၇ |
| ရန်ခေတ်၂-မျိုးကိုခွဲပြခြင်း | .... | ၁၄၇ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| (က)အပြင်ရန်ခေတ်များကိုသိရန်နည်း | .... | ၁၄၉ |
| အပြင်ရန်သူဟုသိရန်အချက်ပြလက္ခဏာ | .... | ၁၄၉ |
| အပြင်ရန်အချက်ပြစကားပြေအဖွင့် (၁)မှ(၁၆)အထိ | .... | ၁၅၀-၃ |
| မိတ်ဆွေလက္ခဏာ (၁၆) မျိုး | .... | ၁၅၃ |
| ရန်သူခိုအောင်းရာနယ်မြေ (ဆောင်ပုဒ်) | .... | ၁၅၄ |
| (၁) အလုပ်ချင်းနီးစပ်ရာဌာန | .... | ၁၅၅ |
| (၂) သွေးသားချင်းနီးစပ်ရာဌာန | .... | ၁၅၆ |
| (၃) အနေချင်းနီးစပ်ရာဌာန | .... | ၁၅၇ |
| ရန်သူဖြစ်ခြင်းအကြောင်းရင်း | .... | ၁၆၀ |
| ရန်ငြိုးကဗျာလေးချိုး | .... | ၁၆၁ |
| ရန်ခေတ်ကိုပယ်ရှင်းနည်း | .... | ၁၆၂ |
| ရန်ခေတ်ပယ်ခွာနည်းပြလက်ဘ | .... | ၁၆၄ |
| ရန်ခေတ်ပယ်ခွာနည်းရှစ်မျိုးအဖွင့် | .... | |
| (၁) မှ (၈) အထိ | .... | ၁၆၅-၁၈၇ |
| ၁။ ဒေါသမထားခြင်း | .... | ၁၆၅ |
| ၂။ သည်းခံတရားထားခြင်း | .... | ၁၆၆ |
| ၃။ သဘောဖြင့်ညှိနှိုင်းဖြေခြင်း | .... | ၁၆၈ |
| ၄။ ကျေးဇူးအထူးကိုတွေးခြင်း | .... | ၁၆၉ |
| အရှင်ပုဏ္ဏ၏သည်းခံမှု | .... | ၁၇၀ |
| ၅။ ယှဉ်ပြိုင်မှုမပြုလုပ်ခြင်း | .... | ၁၇၁ |
| ၆။ ဗြဟ္မစိုရ်အဆင့်ဆင့်ပွားခြင်း | .... | ၁၇၂ |
| (က) မေတ္တာပွားပုံ | .... | ၁၇၃ |
| (ခ) ကရုဏာပွားပုံ | .... | ၁၇၄ |
| (ဂ) မုဒိတာပွားပုံ | .... | ၁၇၅ |
| (ဃ) ဥပေက္ခာပွားပုံ | .... | ၁၇၅ |
| ၇။ ဝိပဿနာတင်ဆင်ခြင်၍ဖြေ | .... | ၁၇၆ |
| (က) မတည်မြဲမှု-အနိစ္စ | .... | ၁၇၇ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|


ဆိမ်းဥပမာ(၇-မျိုး) .... ၁၇၉
(ခ) ဆင်းရဲမှု-ဒုက္ခ .... ၁၈၄
(ဂ) မစိုးပိုင်မှု-အနတ္တ .... ၁၈၅
၈။ ကိုယ်ကျိုးကိုကြည့်ခြင်း .... ၁၈၇
ခွေးရူး (ဥပမာ) .... ၁၈၈

၆။ ဆင္ဒအပိုင်း .... ၁၉၃

၃။ ရန်ဓာတ်ကိုပယ်ခွာခြင်း။ .... ၁၉၃
(ခ) အတွင်းရန်ဓာတ်များအကြောင်း .... ၁၉၃
အတွင်းရန်တဆယ့်လေးမျိုးသံပေါက်လက်ာ.... ၁၉၃
၁။ လောဘ .... ၁၉၅
ရွှေကုန်သည်ဝတ္ထု .... ၁၉၈
၂။ ဒေါသ .... ၂၀၀
ဒေဝဒတ် (ဝတ္ထု) .... ၂၀၁
လျှပ်စစ်ဥပမာ .... ၂၀၅
၃။ မောဟ .... ၂၀၅
အဓိကမောဟဝတ္ထု .... ၂၀၇
၄။ ဒိဋ္ဌိ .... ၂၀၈
သိဋ္ဌည်းဆရာကြီး(ဝတ္ထု) .... ၂၁၀
၅။ မာန .... ၂၁၂
သိဋ္ဌည်းနှင့်အိုးကြီး .... ၂၁၄
၆။ ဥဒ္ဒစ္စ .... ၂၁၆
အရှင်အာနန္ဒာဝတ္ထု .... ၂၁၇
၇။ ဝိစိကိစ္ဆာ .... ၂၁၈
သုနက္ခတ်(ဝတ္ထု) .... ၂၂၀
၈။ ထိန .... ၂၂၁
၉။ မိဒ္ဓ .... ၂၂၂

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ရဟန်းပျင်းကလေးဝတ္ထု | .... | ၂၂၃ |
| ၁၀။ ဣဿာ | .... | ၂၂၄ |
| လောသကတိဿာအလောင်း | .... | ၂၂၆ |
| ၁၁။ မစ္ဆရိယ | .... | ၂၂၇ |
| မစ္ဆရိယငါးမျိုး | .... | ၂၃၀ |
| ၁၂။ ကုက္ကုစ္စ | .... | ၂၃၀ |
| နောင်တ-ရမှုဝတ္ထု | .... | ၂၃၂ |
| ၁၃။ အဟိရိက | .... | ၂၃၂ |
| ကောကာလိကဝတ္ထု | .... | ၂၃၃ |
| ၁၄။ အနောတ္တပ္ပ | .... | ၂၃၅ |
| အကုသိုလ်ဇာတ်လိုက် | .... | ၂၃၅ |
| အတွင်းရန်ကင်းစေသည့်နည်း | .... | ၂၃၇ |
| ၇။ သတ္တမအပိုင်း | .... | ၂၃၉ |
| ၄။ လှည့်ပတ်လိမ်ညာမှုမရှိခြင်း | .... | ၂၄၁ |
| သတိထားသင့်သည့်လိမ်ညာမှု ငါးမျိုးလင်္ကာ | .... | ၂၄၁ |
| (၁) ငွေကြေးကိုလိမ်ညာခြင်း | .... | ၂၄၃ |
| (၂) အတတ်ပညာကိုလိမ်ညာခြင်း | .... | ၂၄၅ |
| သဋ္ဌိဝပညာရှင် | .... | ၂၄၇ |
| (၃) အလုပ်ကိစ္စကိုလိမ်ညာခြင်း | .... | ၂၅၀ |
| ဝိဇ္ဇာညိုဝတ္ထု | .... | ၂၅၁ |
| ၄။ အချိန်ကာလကိုလိမ်ညာခြင်း | .... | ၂၅၅ |
| ကျောင်းဒကာကြီးဦးကြောင်နီဝတ္ထု | .... | ၂၅၆ |
| အချိန်ကိုမလိမ်မိရန်သတိပေးလင်္ကာ | .... | ၂၅၇ |
| အချိန်လိမ်ညာပုံငါးမျိုး | .... | ၂၅၉ |
| (က) ဆင်ခြေပေး၍လိမ်ညာခြင်း | .... | ၂၅၉ |
| (ခ) အိပ်၍လိမ်ညာခြင်း | .... | ၂၆၁ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| (ဂ) စိတ်ကူး၍လိမ်ညာခြင်း | .... | ၂၆၂ |
| စိတ်ကူးယဉ်ကိုယ်တော်ကလေး(ဝတ္ထု) | .... | ၂၆၂ |
| (ဃ) မဆိုင်ရာလုပ်၍လိမ်ညာခြင်း | .... | ၂၆၄ |
| (င) မလျော်ရာလုပ်၍လိမ်ညာခြင်း | .... | ၂၆၅ |
| ၅။ တရားဓမ္မကိုလိမ်ညာခြင်း | .... | ၂၆၆ |
| ဦးဆင်မဲဝတ္ထု | .... | ၂၆၉ |
| အဇာတသတ်မင်းဝတ္ထု | ... | ၂၇၀ |
| ဝိဇ္ဇာယောင်ပိတ်ဖြူဆရာ | .... | ၂၇၁ |
| ၆. မှန်လှေလာနည်းလေးမျိုး | .... | ၂၇၃ |
| လူညာတို့လက်နက်ခြောက်မျိုးလင်္ကာ(အဖွင့်) | ... | ၂၇၄ |
| မေတ္တာရပ်ခံချက် | .... | ၂၇၆ |
| ၈။ အဋ္ဌမအပိုင်း | .... | ၂၇၉ |
| ၄။ ဥပါသကာအဖြစ်ကိုခံယူခြင်း။ | .... | ၂၈၁ |
| ဗုဒ္ဓဘာသာဝင်တို့၏အင်္ဂါရှစ်ပါးလင်္ကာ | .... | ၂၈၁-၂၈၂ |
| ဥပါသကာအဓိပ္ပာယ် | .... | ၂၈၁ |
| ဥပါသကာအင်္ဂါရှစ်ပါး | .... | ၂၈၂ |
| (က) သရဏဂုံတည်ခြင်း | ... | ၂၈၃ |
| အကျိုးစီးပွားဖြစ်စေပုံ | .... | ၂၈၃ |
| အကျိုးစီးပွားနစ်စေပုံ | .... | ၂၈၄ |
| ဘုရားရတနာ | .... | ၂၈၅ |
| တရားရတနာ | .... | ၂၈၆ |
| သံဃာရတနာ | .... | ၂၈၇ |
| ကိုးကွယ်ရာအနက်အဓိပ္ပာယ် | .... | ၂၈၈ |
| သရဏဂုံအကျိုး | .... | ၂၉၁ |
| သရဏဂုံဆောက်တည်ပုံ (အမျိုးမျိုးအနက်။) | | ၂၉၂ |
| သရဏဂုံအတွက် အရေးကြီးသောအချက် | .... | ၂၉၄-၂၉၅ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| | သရဏဂုံစင်ကြယ်ခြင်းနှင့် | |
| | ညစ်နွမ်းခြင်း,ပျက်ခြင်း | ....၂၉၆-၂၉၇ |
| (ခ) | ငါးပါးသီလတည်မြဲခြင်း | .... ၂၉၈ |
| | လူသားတို့တရားချိန်ခွင် | .... ၂၉၉ |
| | ငါးပါးသီလထေရ် | .... ၃၀၁ |
| (ဂ) | မွားယွင်းသော ကုန်သွယ်မှုရှောင်ကြဉ်ခြင်း | .... ၃၀၁ |
| (ဃ) | အတုအယောင်မင်္ဂလာကိုပယ်ခြင်း | .... ၃၀၂ |
| (င) | ကံတရားကိုယုံကြည်ခြင်း | .... ၃၀၅ |
| | ကံသည်သာမိမိဟာ-(ကမ္မဿကတာအဖွင့်) | .... ၃၀၅ |
| | ကမ္မဿကတာဆင်ခြင်ပုံ (သုတ္တန်နည်း) | .... ၃၀၇ |
| | ရေတွင်းတူးသူ (ဥပမာ) တိုက်တည်သူ (ဥပမာ) | ၃၀၈ |
| | အဘိဓမ္မာနည်းကမ္မဿကတာဉာဏ် | .... ၃၀၉ |
| | ကမ္ဘာလှည့်ခရီးသည် (ဥပမာ) | .... ၃၁၂ |
| (စ) | သာသနာပကို မယုံကြည်ခြင်း | .... ၃၁၃ |
| (ဆ) | သာသနာပ၌မြတ်သောအလှူမပြုခြင်း | .... ၃၁၄ |
| (ဇ) | သာသနာတော်ကိုအကျိုးပြုခြင်း | .... ၃၁၄ |
| | ၉။ နဝမအပိုင်း | .... ၃၁၇ |
| | ၅။ ဝတ္တရားကိုကျေပွန်ခြင်းအကျိုးလက္ခဏာ | .... ၃၁၉ |
| | သီလနှစ်မျိုး | .... ၃၂၀ |
| | လူသားများနှင့်ဝတ္တရားများ | .... ၃၂၁ |
| (၁) | သားသမီးဝတ္တရားငါးပါး | — ၃၂၃ |
| | သားသမီးဝတ်ငါးပါးဆောင်ပုဒ် | .... ၃၂၅ |
| (၂) | မိဘဝတ္တရားငါးပါး | .... ၃၂၅ |
| | မိဘဝတ်ငါးပါးဆောင်ပုဒ် | .... ၃၂၉ |
| | သားသမီးနှင့်မိဘသတိထားကြ | .... ၃၃၀ |
| (၃) | တပည့်ဝတ္တရားငါးပါး | .... ၃၃၃ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| တပည့်ဝတ်ငါးပါးဆောင်ပုဒ် | .... | ၃၃၃ |
| (၄) ဆရာ့ဝတ္တရားငါးပါး | .... | ၃၃၃ |
| ဆရာဝတ်ငါးပါးဆောင်ပုဒ် | .... | ၃၃၄ |
| ဆရာနှင့်တပည့်သတိရှိကြ | .... | ၃၃၄ |
| (၅) လင်ယောကျ်ားဝတ္တရားငါးပါး | .... | ၃၃၅ |
| လင့်ဝတ်ငါးပါးဆောင်ပုဒ် | .... | ၃၃၇ |
| (၆) မယားဝတ္တရားငါးပါး | .... | ၃၃၇ |
| မယားဝတ်ငါးပါးဆောင်ပုဒ် | .... | ၃၃၈ |
| လင်နှင့်မယားသတိထား | .... | ၃၃၉ |
| (၇) ဒါယကာဝတ္တရားငါးပါး | .... | ၃၄၀ |
| ဒါယကာဝတ်ငါးပါးဆောင်ပုဒ် | .... | ၃၄၁ |
| (၈) ဆရာဘုန်းကြီးဝတ္တရားခြောက်ပါး | .... | ၃၄၁ |
| ဆရာဘုန်းကြီးဝတ်ခြောက်ပါးဆောင်ပုဒ် | .... | ၃၄၃ |
| ဆရာဒကာသတိပြုပါ | .... | ၃၄၃ |
| ငကန်းနှင့် ငဆွံ့(ဥပမာ) | .... | ၃၄၃ |
| (၉) မိတ်ဆွေဝတ္တရားငါးပါး (အသွား) | .... | ၃၄၄ |
| မိတ်ဆွေဝတ်ငါးပါးဆောင်ပုဒ် | .... | ၃၄၆ |
| (၁၀) မိတ်ဆွေဝတ္တရားငါးပါး(အပြန်) | .... | ၃၄၆ |
| မိတ်ဆွေဝတ်ငါးပါးဆောင်ပုဒ် | .... | ၃၄၈ |
| ဝတ္တရားများနိဂုံး | .... | ၃၄၉ |
| ၁၀။ ဒသမအပိုင်း | .... | ၃၅၁ |
| (၆) ဝတ်ရွတ်မှုကိုမှန်ကန်စွာပြုလုပ်ရခြင်း | .... | ၃၅၃ |
| ဝတ်ရွတ်စဉ်ဆယ်ပါးလင်္ကာ(နှင့်စကားပြေ) | .... | ၃၅၃-၅ |
| (၁) ရတနာသုံးပါးကို ယုံကြည်မှုသဒ္ဓါတရားဖြစ်ခြင်း | | ၃၅၆ |
| (၂) ဝတ်ပြုရန်စေတနာထက်မြက်ခြင်း | .... | ၃၅၇ |
| (၃) ဣန္ဒြေခြောက်ပါးငြိမ်သက်စေရခြင်း | .... | ၃၅၈ |
| (၄) သရဏဂုံဆောက်တည်ရခြင်း | .... | ၃၆၀ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| (၅) သီလဆောက်တည်ရခြင်း | .... | ၃၆၀ |
| (၆) ရတနာသုံးပါးကိုရှိခိုးပူဇော်ခြင်း | .... | ၃၆၁ |
| (၇) နှစ်သက်မြတ်နိုးသောဆုကိုတောင်းရခြင်း | .... | ၃၆၃ |
| ဆုတောင်းပြည့်အင်္ဂါခြောက်ပါးလင်္ကာ | .... | ၃၆၃ |
| ဆုတောင်းပြည့်လင်္ကာရှင်းချက် | ၃၆၃-မှ | ၃၆၈ |
| (၈) နှစ်သက်သောသုတ္တန်ကိုရွတ်ဆိုခြင်း | .... | ၃၆၈ |
| (၉) မေတ္တာခံယူ၊မေတ္တာပို့ဝေရခြင်း | .... | ၃၆၉ |
| (က) မေတ္တာခံယူနည်း။ | .... | ၃၇၁ |
| (ခ) မေတ္တာပို့ဝေနည်း၊ | ... | ၃၇၆ |
| (၁၀) အမျှဝေခြင်း၊အမျှယူခြင်း | .... | ၃၇၈ |
| ၁၃။ ကောဒသမအပိုင်း | .... | ၃၈၁ |
| (၇) သမ္မပ္ပဓာန်တရားစွဲမြဲပွားများရခြင်း | .... | ၃၈၂-၃ |
| သမ္မပ္ပဓာန်လေးပါးလင်္ကာ | .... | ၃၈၃ |
| ဝီရိယအင်္ဂါလေးပါး | .... | ၃၈၄ |
| သမ္ပတ္တိလေးပါးနှင့်ဝီရိယ | .... | ၃၈၅ |
| (က) ဂတိသမ္ပတ္တိ | .... | ၃၈၆ |
| မဟောသဓာပညာရှိဝတ္ထု(အကျဉ်း) | .... | ၃၈၆ |
| (ခ) ဥပဓိသမ္ပတ္တိ | .... | ၃၈၇ |
| ဘီမသေနဇာတ် (အကျဉ်း) | .... | ၃၈၇ |
| (ဂ) ကာလသမ္ပတ္တိ၊ | .... | ၃၈၉ |
| ဒီဃာဝုဇာတ် (အကျဉ်း) | .... | ၃၈၉ |
| (ဃ) ပယောဂသမ္ပတ္တိ | .... | ၃၉၁ |
| စန္ဒကုတ်မင်းဝတ္ထု (အကျဉ်း) | .... | ၃၉၂ |
| ခင်ကြီးပေါက်ပုံပြင် | .... | ၃၉၃ |
| သမ္မပ္ပဓာန်လေးပါးကိုပွားများရန် | .... | ၃၉၅ |
| ၁။ ဖြစ်ပြီးအကုသိုလ်ကိုပယ်ရန် | .... | ၃၉၅ |
| ၂။ မဖြစ်သေးသည့်အကုသိုလ်မဖြစ်စေရန် | .... | ၃၉၇ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၃။ မဖြစ်သေးသည့်ကုသိုလ်ကိုဖြစ်စေရန် | .... | ၃၉၈ |
| ၄။ ဖြစ်ပြီးကုသိုလ်ကိုပွားစေရန် | .... | ၃၉၉ |
| ဝိပဿနာဉာဏ်အဆင့်ဆင့် | .... | ၄၀၁ |
| လောကုတ္တရာကုသိုလ်အဆင့်ဆင့် | .... | ၄၀၃ |
| သမ္မပ္ပဓာန်အမြင့်ဆုံးကိစ္စသုဉ်း | .... | ၄၀၄ |
| ၁၂။ ဒွါဒသမအပိုင်း | .... | ၄၀၇ |
| ၉။ ပါရမီဆယ်ပါးကိုဖြည့်ကျင့်ခြင်း | .... | ၄၀၉ |
| ပါရမီဆယ်ပါးလင်္ကာ | .... | ၄၀၉ |
| ပါရမီအပြားသုံးဆယ်ဖြစ်ပုံ | .... | ၄၁၀ |
| ဗောဓိငါးမျိုး | .... | ၄၁၂ |
| ၁။ ဒါနပါရမီ | .... | ၄၁၃ |
| အလှူပိုတ်(ဒါနဝိနိဗန္ဓ)တရား(လေးပါး) | .... | ၄၁၅-၈ |
| ၂။ သီလပါရမီ | ... | ၄၁၉ |
| ၃။ နေက္ခမ္မပါရမီ | .... | ၄၂၁ |
| ၄။ ပညာပါရမီ | .... | ၄၂၂ |
| ၅။ ဝီရိယပါရမီ | .... | ၄၂၄ |
| ၆။ ခန္တိပါရမီ | .... | ၄၂၅ |
| ၇။ သစ္စာပါရမီ | .... | ၄၂၇ |
| သစ္စာလေးမျိုး(အကျယ်) | .... | ၄၂၈-၃၀ |
| ၈။ အဓိဋ္ဌာနပါရမီ | .... | ၄၃၀ |
| အဓိဋ္ဌာန်သုံးမျိုး(အကျယ်) | ... | ၄၃၂-၃၃ |
| ၉။ မေတ္တာပါရမီ | .... | ၄၃၅ |
| ၁၀။ ဥပေက္ခာပါရမီ | .... | ၄၄၀ |
| ပါရမီဆယ်ပါးနိဂုံး | .... | ၄၄၂ |
| မဟာကပိဇာတ်ကျဉ်း | | ၄၄၃ |
| ပါရမီဆယ်ပါးဖြည့်ကျင့်နည်း လေးမျိုး | .... | ၄၄၈ |
| ပါရမီအကျိုးတရား | .... | ၄၅၀ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ၁၃။ တေရသမအပိုင်း | .... | ၄၅၅ |
| ၁၀။ ဗောဇ္ဈင်တရားကိုပွားများဖြည့်ကျင့်ရခြင်း | .... | ၄၅၇ |
| ဗောဇ္ဈင်ခုနစ်ပါးလင်္ကာ | .... | ၄၅၇ |
| ဗောဇ္ဈင်အဓိပ္ပာယ်၊ သမ္ဗောဇ္ဈင်အဓိပ္ပာယ် | ... | ၄၅၇-က |
| ဗောဇ္ဈင်တရားအကျိုးများ | .... | ၄၅၉ |
| (က) ရောဂါပျောက်ခြင်း | .... | ၄၅၉ |
| (ခ) မာရ်စစ်သည်ကိုနှိမ်နင်းနိုင်ခြင်း | .... | ၄၆၀ |
| မာရ်စစ်သည်ဆယ်မျိုး | .... | ၄၆၁ |
| (ဂ) သံသရာဒုက္ခများကိုချုပ်ငြိမ်းစေနိုင်ခြင်း | .... | ၄၆၂ |
| (ဃ) မဂ်တရားဖိုလ်တရားကိုရစေနိုင်ခြင်း | .... | ၄၆၄ |
| (င) နိဗ္ဗာန်တရားကိုရစေနိုင်ခြင်း | .... | ၄၆၅ |
| ဗောဇ္ဈင်အကျိုးငါးပါးလင်္ကာ | .... | ၄၆၆ |
| ဗောဇ္ဈင်ခုနစ်ပါးသဘောတရား (အကျယ်) | .... | ၄၆၇ |
| (၁) သတိသမ္ဗောဇ္ဈင် | .... | ၄၆၇ |
| သတိဖြစ်ကြောင်းတရား ၄-ပါး | .... | ၄၆၉ |
| သတိဖြစ်ကြောင်းလင်္ကာ | .... | ၄၇၀ |
| (၂) ဓမ္မဝိစယသမ္ဗောဇ္ဈင် | .... | ၄၇၁ |
| ပညာဖြစ်ကြောင်းတရား ၇-ပါး | .... | ၄၇၃ |
| ပညာဖြစ်ကြောင်းလင်္ကာ | .... | ၄၈၂ |
| (၃) ဝီရိယသမ္ဗောဇ္ဈင် | .... | ၄၈၂ |
| ဝီရိယဖြစ်ကြောင်းတရား ၁၁-ပါး | .... | ၄၈၄ |
| ဝီရိယဖြစ်ကြောင်းလင်္ကာ | .... | ၄၈၉ |
| (၄) ပီတိသမ္ဗောဇ္ဈင် | .... | ၄၈၉ |
| ပီတိဖြစ်ကြောင်းတရား ၁၁-ပါး | .... | ၄၉၀ |
| ပီတိဖြစ်ကြောင်းလင်္ကာ | .... | ၄၉၅ |
| (၅) ပဿဒ္ဓိသမ္ဗောဇ္ဈင် | .... | ၄၉၅ |
| ပဿဒ္ဓိဖြစ်ကြောင်းတရား ၇-ပါး | .... | ၄၉၆ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| **ပဿဒ္ဓိဖြစ်ကြောင်းလင်္ကာ** | .... | ၄၉၉ |
| (၆) သမာဓိသမ္ဗောဇ္ဈင် | .... | ၄၉၉ |
| သမာဓိဖြစ်ကြောင်းတရား ၁၁-ပါး | .... | ၅၀၀ |
| **သမာဓိဖြစ်ကြောင်းလင်္ကာ** | .... | ၅၀၄ |
| (၇) ဥပေက္ခာသမ္ဗောဇ္ဈင် | .... | ၅၀၄ |
| ဥပေက္ခာဖြစ်ကြောင်းတရား ၅-ပါး | .... | ၅၀၇ |
| **ဥပေက္ခာဖြစ်ကြောင်းလင်္ကာ** | .... | ၅၀၉ |
| ဗောဇ္ဈင်ခုနစ်ပါးပွားနည်း | .... | ၅၁၀ |
| ကုဏ္ဍလိယသုတ်မြန်မာပြန်အကျဉ်း | .... | ၅၁၁ |
| ဗောဇ္ဈင်ခုနစ်ပါးဖြစ်ပေါ်လာရခြင်း | .... | ၅၂၉ |
| သတိသမ္ဗောဇ္ဈင် | .... | ၅၂၉ |
| ဓမ္မဝိစယသမ္ဗောဇ္ဈင် | .... | ၅၃၀ |
| ဝီရိယသမ္ဗောဇ္ဈင် | .... | ၅၃၀ |
| ပီတိသမ္ဗောဇ္ဈင် | .... | ၅၃၀ |
| ပဿဒ္ဓိသမ္ဗောဇ္ဈင် | .... | ၅၃၁ |
| သမာဓိသမ္ဗောဇ္ဈင် | .... | ၅၃၁ |
| ဥပေက္ခာသမ္ဗောဇ္ဈင် | .... | ၅၃၁ |
| ဝိဇ္ဇာဝိမုတ္တိ | .... | ၅၃၂ |
| ၁၄။ စုဒ္ဒသမအပိုင်း | .... | ၅၃၅ |
| ကမ္ဘတ်ဖုံး၍ရှိဂိုးအုပ်ခြင်း | .... | ၅၃၅ |
| (က) ဖြေရှင်းချက်ကလေးတစ်လှာ | .... | ၅၃၈ |
| အရှင်မဟာသံဃရက္ခိတထေရ်ဝတ္ထု | .... | ၅၃၉ |
| (ခ) မှာကြားချက်ကလေးတစ်စောင် | .... | ၅၄၁ |
| နိဒါန်းသုံးဆယ့်သုံးစောင် | .... | ၅၄၂ |
| ကြောယာဉ်ဥပမာ | .... | ၅၄၄ |
| (ဂ) လက်ဆောင်မွန်ကလေးတစ်ကြောင်း | .... | ၅၄၆ |
| မြေနိုင်ဂါထာ | .... | ၅၄၆ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| စုတိစိတ်ကျဂါထာ | .... | ၅၄၇ |
| စုတိစိတ်ကျဂါထာကိုအခြေခံထားခြင်း | .... | ၅၅၁ |
| (ဃ) **တောင်းပန်လွှာကဗျာကလေးတစ်ပုဒ်** | .... | ၅၅၂ |
| **အာသီသပတ္ထနာနိဂုံးလင်္ကာ** | .... | ၅၅၄ |
| **၁၅။ ပန္နရသမအပိုင်း** | .... | ၅၅၅ |
| **ခွေးရူးကိုက်ရောဂါပျောက်ဆေး** | .... | ၅၅၇ |
| ဘုရားဂုဏ်တော်ကိုးပါး | .... | ၅၅၈ |
| တရားဂုဏ်တော်ခြောက်ပါး | .... | ၅၅၉ |
| သံဃာဂုဏ်တော်ကိုးပါး | .... | ၅၅၉ |
| သီလဆောက်တည်နည်းအကျဉ်း | .... | ၅၆၀ |
| အတိုချုပ်သီလဆောက်တည်နည်း | .... | ၅၆၁ |
| အကျယ်သီလဆောက်တည်နည်း | .... | ၅၆၁ |
| နမောတဿကန့်ချာပါဠိနိဿယ | .... | ၅၆၂ |
| သဗ္ဗမင်္ဂလာဘုရားရှိခိုးဂါထာပါဠိအနက် | .... | ၅၆၃ |
| သဗ္ဗမင်္ဂလာကပ်လှူပူဇော်နည်း | ... | ၅၆၄ |
| သမ္ဗုဒ္ဓေဘုရားရှိခိုးဂါထာပါဠိအနက် | .... | ၅၆၅ |
| သမ္ဗုဒ္ဓေကပ်လှူပူဇော်နည်းဂါထာပါဠိအနက် | .... | ၅၆၆ |
| သီဟိုဠ်သမ္ဗုဒ္ဓေဂါထာပါဠိအနက် | .... | ၅၆၇ |
| မဟာသရဏဂုံဂါထာပါဠိအနက် | .... | ၅၆၈ |
| သိဒ္ဓိခြေအောင်ဘုရားရှိခိုးဂါထာပါဠိအနက် | .... | ၅၆၉ |
| မေတ္တာခံယူပုံ မေတ္တာပို့ပုံပါဠိအနက် | .... | ၅၇၀-၃ |
| အမျှဝေ အမျှခံယူခြင်း | — | ၅၇၅ |
| ဤကျမ်းပြုရသည့်ကုသိုလ်ကိုအမျှဝေခြင်း | .... | ၅၇၆ |


**မာတိကာပြီးပါပြီ**

# ၁။ ပဥ္စမအပိုင်း

## ဤအပိုင်း၌

☆ ပင်စင်အငြိမ်းစားဘဝသည်
ပျော်ရွှင်တက်ကြွ အားရစရာ
ဖြစ်သလော — ?

☆ ပင်စင်အငြိမ်းစား ဘဝသည်
ငြီးငယ်နွမ်းပျော့ အားလျော့စရာ
ဖြစ်သလော — ?

☆ ပင်စင်အငြိမ်းစားဘဝနှင့် လူသားတို့၏ ဘဝကို နှိုင်းယှဉ်ပြကာ လုပ်သင့်သည့် အလုပ်ကို ကောင်းစွာ ညွှန်ပြထားပါသည်။

# အဋ္ဌမင်္ဂလာ ပဏာမဂါထာ

(က) ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိမာဘာတိ စန္ဒိမာ။
သန္နဒ္ဓော ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗမဟောရတ္တိံ၊
ဗုဒ္ဓေါ တပတိ တေဇသာ။

(ခ) တာဒိသံ တေဇသမ္ပန္နံ၊
တိလောကဿ သိရောမဏိံ။
ဝဋံသကဉ္စ သမ္ဗုဒ္ဓံ၊
နမာမိ သိရသာမဟံ။
နမက္ကာရာနုဘာဝေန၊
သိဒ္ဓိံ သုခံ လဘာမှဟံ။

# သမ္ဗမင်္ဂလာ ပဏာမလင်္ကာ

- ရောင်ခြည်တထောင်၊ အလင်းဆောင်သည့်၊
  အမှောင်ပယ်ခွင်း၊ ရှင်နေပင်းကား
  နေ့ခင်းခါမှ၊ ထွန်းတောက်ပ၏။ ။
- အေးမြသာယာ၊ လင်းရောင်ဖြာသည့်၊
  လျှံဝါပဝင်း၊ ရှင်လမင်းကား၊
  ညတွင်းကာလ၊ ထွန်းတောက်ပ၏။ ။
- ပြည်မသနင်း၊ ရှင်မင်းဥက္ကဌ်၊
  ဘုရင်မြတ်ကား၊ ချပ်ဝတ်တန်ဆာ၊
  ဆင်ယင်ပါမှ၊ ထွန်းတောက်ပ၏။ ။
- ပါပညစ်ခွာတတ်၊ မချဉ်းကပ်ပဲ၊
  ကင်းပြတ်ဝေးကွာ၊ ရဟန္တာရှင်၊
  ထေရ်သခင်ကား၊ ဈာန်ဝင်စားမှ၊
  ထွန်းတောက်ပ၏။ ။
- နေ လ ဘုရင်၊ ရှင်ရဟန္တာ၊
  ဤလေးဖြာထက်၊ လွှမ်းသာကဲမိုး၊
  ဂုဏ်ပေါက်ဖိုးသည့်၊ တန်ခိုးကြီးမား၊
  မြတ်ဘုရားကား၊ မခြားနေ့ည
  ထွန်းတောက်ပ၏။ ။
- လောကသုံးပါး၊ နတ်လူများတို့၊
  ညွတ်တွားဦးခိုက်၊ ပူဇော်တိုက်သည့်၊
  မကိုဋ်ဖူးကျောက်၊ ဦးဆောက်ပန်းသွင်၊
  ဘုရားရှင်ကို၊ ကြည်လင်ညွတ်ကျိုး၊
  ကျွန်ုပ်ရှိခိုး၏၊ ကောင်းကျိုးသိဒ္ဓိ၊
  ကိတ္တိသုခါ၊ မင်္ဂလာသည်၊
  မှန်စွာလျင်ဆော၊ ဖြစ်စေသော။ ။

# ပင်စင်အငြိမ်းစားတရားနိဒါန်း-ခေါ်

# လူသားတို့၏ထွက်ရပ်လမ်း

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ပင်စင်အငြိမ်းစားဘဝကိုစိစစ်လေ့လာခြင်း

### နေထိုင်ရေးခက်ခဲသူသုံးယောက်

### ကောဝါဒလင်္ကာ

လူထွက်ရဟန်း၊
နန်းကျဘုရင်၊
ပင်စင်အငြိမ်းစား၊
ယောကျ်ားလူထူး၊
ညီသုံးဦးကား၊
စပ်ကူးမတ်ကူး၊
မလွယ်ဘူးတည်း။

ဤလင်္ကာ တိုကလေးကို ဆရာကြီး ဦးစာကျော် ရွတ်ဆိုပြသော ကြောင့် ကျွန်တော် မှတ်သားထားမိပါသည်။

ဆရာကြီး ဦးစာကျော် ရွတ်ပြသည်မှာ ရှေးလက်ဟောင်း ဘုန်းကြီး လူထွက်ကြီး ဖြစ်သည်က တကြောင်း, အညာ ရွှေဘိုသား ဖြစ်သည်က တကြောင်းတို့ကြောင့် လင်္ကာကို ကမ္ဘဝါသံပါပါ အသံသြသြကြီးဖြင့် ဆွဲဆွဲငင်ငင် ရွတ်ဆိုသောကြောင့် တခါတည်းဖြင့် ကျွန်တော်မှတ်သား

သွားမိပါသည်။ စဲသွားပါသည်။ ကောင်းလို့လား၊ မကောင်းလို့လားတော့ မဝေခွဲနိုင်ပါ။ လင်္ကာကလေးကို အလွတ်ရသွားပြီး ခဏခဏ ဆိုမိသည်။ အဓိပ္ပာယ်ကို တွေးမိသည်။ အကွက်ဆိုက် အကြောင်းဆုံတိုင်းလည်း အခြားသူများကို ပြောမိသည်။ ဟခါတခါ၌ ဆရာကြီးဦးစာကျော်၏ ဟန်ပန်အတိုင်း ရွတ်ဆိုပြမိပါသည်။

လင်္ကာကိုရွတ်ဆိုပြီးတိုင်းလည်း လင်္ကာ၏အဓိပ္ပာယ်ကို စဉ်းစားကြည့်မိပါသည်။

၁။ လူထွက်ရဟန်းဖြစ်သူ၊
၂။ နန်းကျရှင်ဘုရင်ဖြစ်သူ၊
၃။ ပင်စင်အငြိမ်းစားဖြစ်သူ-

ဟူသော ထူးခြားသည့် ဤလူထူး လူဆန်းများသည် ဘဝအဖြစ်အပျက် အပြောင်းအလဲ အကူးအစပ် ဖြစ်သောကြောင့် နေရေးထိုင်ရေး မလွယ်ကူ။ ခက်ခဲကြောင်းကို ပြဆိုသည့် လင်္ကာတိုကလေးဖြစ်သည်။

**၁။ လူထွက်ရဟန်း။** ။လူထွက်ရဟန်းဆိုသည်မှာ ရှေးကအခေါ်ဖြစ်၏။ ယခုခေတ်မှာတော့ တော်တော်အသုံးနည်းသည်။

ဘုန်းကြီးလူထွက်ဟု အသုံးများကြသည်။ တကယ်အမှန်ကိုတွေးလျှင် လူထွက်ရဟန်း ဆိုသည်မှာ သိမ်ထဲဝင်၍ ရဟန်းအဖြစ် ခံယူပြီးမှ လူ့ဘောင်သို့ ပြန်လည်ထွက်ခွာလာသူဟု အဓိပ္ပာယ်ရှိသည်ဖြစ်၍ ဘုန်းကြီးလူထွက်ဟူသည်မှာ ကျောင်းထိုင်ဘုန်းကြီး ဖြစ်ပြီးခါမှ လူ့ဘောင်သို့ ပြန်လည်ထွက်ခွာလာသူဟု အဓိပ္ပါယ်ရသည်။

သို့ဖြစ်ရာ စကားအဓိပ္ပါယ် အရောကျယ်သော ရှေးလူကြီးများအသုံး ရဟန်းလူထွက်က စကားအရ အဓိပ္ပာယ်ကျဉ်းသည်။ ယခုခေတ်သုံး ဘုန်းကြီးလူထွက်ထက် မှန်ကန်နိုင်စရာရှိပေသည်။ဆိုလိုသည်မှာ ဘုန်းကြီးလူထွက်တိုင်းကို ရဟန်းလူထွက်ဟု ခေါ်နိုင်သော်လည်း ရဟန်းလူထွက်တိုင်းကို ဘုန်းကြီးလူထွက်ဟု မခေါ်နိုင်ပေ။ ကျောင်းထိုင်ဘုန်းကြီး မဖြစ်ပဲ လူထွက်လာသော ရဟန်းလူထွက်များ ရှိနေသောကြောင့်ဖြစ်သည်။

ယင်း ရဟန်းလူထွက်များသည် အတိတ်ကာလ ရဟန်းဘဝတုန်းက နေရထိုင်ရ နှီးနှောပြောဆိုရသည်မှာလည်း လူဝတ်ကြောင်များနှင့်မတူ သော ရဟန်းများ သာမဏေများနှင့်အတူ နေထိုင် ပြောဆိုရသည်။ လေ့လာသင်ယူရသည်မှာလည်း လူမှုကိစ္စ အတတ်ပညာများနှင့် မစပ် ဆိုင်သည့် သံသရာဝဋ်မှထွက်မြောက်ကြောင်း တရားစာပေများဖြစ်သည်။

ရဟန်းဘဝမှာ မပျော်မွေ့၍ လူ့ဘောင် လူ့လောကသို့ ရောက်လာ သောအခါ၌ ကလေးသူငယ် ကလေးများကို စာသင်ရာ၌ ကကြီး ခကွေးက စရသကဲ့သို့ လူ့လောက ကကြီး ခကွေးမှ စကြရသည်။ အရာရာမှာ စိမ်း နေသည်။

စားဝတ်နေထိုင်ရေးမှာလည်း မြတ်စွာဘုရား၏ သာသနာ့ဝတ္တရားကို ထမ်းဆောင်နေသောကြောင့် မြတ်စွာဘုရားပေးသနားသည့် စားရေး ဝတ်ရေး နေစရာများကို ရခဲ့ပေရာ မိမိကိုယ်တိုင် ရှာဖွေ လုပ်ကိုင်ရန် မလိုပဲ ပြည့်စုံခဲ့သည်။ လူ့ဘဝသို့ ရောက်လာသောအခါ၌မူ စားဝတ် နေရေးအတွက် ကိုယ့်အားကိုယ်ကိုး၍ လုပ်ကိုင်ရှာဖွေ ရပေတော့မည်။ လုပ်ခဲ့သည့် အလေ့အထ အကျင့် မရသေးသောကြောင့် စိမ်းနေပြန် သည်။

စကားပြောဆိုရာ၌ ကြည့်လိုက်ပါ။ ရဟန်းဘဝတုန်းက အသုံး အနှုန်းများနှင့်မတူတော့။ အဖေ အမေ ဦးလေး အဒေါ်ခေါ်ရသည် မှာ ဒကာကြီး ဒကာမကြီးဟူသော အခေါ်အဝေါ်များနှင့် ကွဲလွဲလှပေ သည်။ မနည်းသတိထား ပြောဆိုနေရသည်။

သွားလာ နေထိုင်ပုံမှာလည်း တော်တော်ကို သတိထားရသည်။ ရဟန်းဘဝတုန်းက သင်္ကန်းတင်သည့် ဗယ်ဘက်လက် မလှုပ်မရှားငြိမ် သက်ခဲ့သည်မှာ တော်ရုံဖြင့်မပျောက်နိုင် သတိထား၍ လှုပ်ရှားပေးရ သည်။

ရှေးက ပုံအဖြစ်ပြောကြသည်မှာ—

လူထွက်ခါစ ရဟန်းလူထွက်တယောက် ဆီရောင်းတော့....

"ဆီဗျို့၊ ဆီများကပွိုကြွအုံးမလား" လို့ ယောင်အော်မိတယ်။
"ဟဲ့-ဟဲ့- ဆီသယ်ကြီးက ဘုန်းကြီးလူထွက်ကြီးနဲ့ တူတယ်၊
ဆီကပွိုကြွအုံးမလားလို့ အော်တယ်"
လို့ မိန်းမတွေက ရယ်မောပြောသံကြားတော့—
"ယောင်လို့ပါ ဒကာမကြီးတို့" လို့
ပြန်ပြောမိကာ မိမိမှားမှန်းသိတော့ အတင်းပြေးသတဲ့၊—စသည်ဖြင့် ရယ်စရာမောစရာအဖြစ် ပြောဆိုဟတ်ကြပေသည်။

ဤသို့သောအကြောင်းများကြောင့် ရဟန်းဘဝမှ လူ့ဘဝသို့ပြောင်းလာသည့် ရဟန်းလူထွက်များကို "စပ်ကူးမတ်ကူး မလွယ်ဘူး" ဟူ၍ လက်ာတိုကလေးက ဆိုခြင်းဖြစ်ပေသည်။

၂။ နန်းကျဘုရင်။ ။ယခုခေတ်မှာတော့ နန်းကျသည့် ရှင်ဘုရင်က ရှားပါးပစ္စည်းတခု ဖြစ်နေသည်။ ဇာတ်ပွဲထဲလောက်သာရှိသည်။ ပုံစံထုတ်ပြ ရေးရန် မလွယ်ကူပါ။ ရှေး စာလာပေလာ များဖြင့်သာ ရေးသားရပေမည်။

ရှေးက ရှင်ဘုရင်များသည် ဘုန်းတန်ခိုး အလွန်ကြီးကြသည်။ လို-တ-ရ၊ ပြည့်ဝကြသည်။ လူတို့၏ အသက်,စည်းစိမ်ဥစ္စာများကို ပိုင်ဆိုင်သည်ဟုပင် မှတ်တမ်းတင် ပြောစမှတ် ရှိခဲ့ပေသည်။

ရှင်ဘုရင်များသည်လည်း သူတို့အသုံးအနှုန်း ဝေါဟာရ သီးသန့်ရှိသည်။ ရေသောက်သည်ကို ရေကြည်တော်သောက်သည်ဟု ပြောရသည်။ ထမင်းစားသည်ကို ပွဲတော်တည်သည်ဟု ပြောရသည်။ လမ်းသွားသည်ကို စကြာတော်ဖြန့်သည်၊ ကြွချီတော်မူသည်ဟု ပြောရသည်။ ကိုယ်တိုင်လည်း ရေကိုခပ်မသောက်ပေ။ ကျေးတော်မျိုး ကျွန်တော်မျိုးများက ဆက်သကြရသည်။ ထမင်းစားရန်လည်း ကျေးတော်မျိုး ကျွန်တော်မျိုးတို့က တည်ခင်းဆက်သ ရသည်။ သွားလိုရာသို့လည်း ကျေးကျွန်တို့က ဝေါတော်, စကြာယာဉ်တော်များဖြင့် ထမ်းပိုး သယ်ဆောင်ကြရသည်။

အဲဒီလောက် ဘုန်းတော်ကံတော် ကြီးမားကြသည့် ရှင်ဘုရင်များသည် မိမိထက် ဘုန်း, လက်ရုံး, တန်ခိုး, အာဏာကြီးသူ တက်လာ၍ နန်းကျသောအခါ မပြောတတ်၊ မဆိုတတ်၊ မသောက်တတ်၊ မစားတတ်၊ မသွားတတ်၊ မလာတတ်၊ မနေတတ် ဖြစ်သွားသည်။ ရေကြည်တော်ဆက်သသူ၊ ပွဲတော်အုပ်တည်ခင်းဆက်သ—သူများလည်း မရှိတော့ပြီ။ အစစအရာရာ အခက်အခဲ ရှိလာကြတော့သည်။ ဤသို့ နန်းကျဘုရင်များ နေထိုင်ရေး၌ အခက်အခဲ ကြုံတွေ့ကြရလေသည်။

၃။ ပင်စင်အငြိမ်းစား။ ။အမှုထမ်း အရာထမ်း အလုပ်သမား အခစားဘဝဟူသည်မှာ ကောင်းသည်, ဆိုးသည် ပြောဖွယ်မရှိ။ မိမိအား ပေးအပ်၍ မိမိက လုပ်ပါမည်ဟု ဝန်ခံထားသော အလုပ်တာဝန်ကို ထမ်းဆောင်ရသည်။ နည်းသည်, များသည် ပြောရန်မလို။ မိမိရာထူး အလုပ်တာဝန်အတွက် သတ်မှတ်ထားသည့် လုပ်အားခကို ခံယူရသည်။ ပိုလျှင်စု၍ လိုလျှင်ရှာရှိသာရှိ၏။ မှန်မှန်လုပ်၊ မှန်မှန်ယူ၊ မှန်မှန်သုံးနေရသည်။ အေးဆေးသည်ဖြစ်စေ၊ ပူပင်သည်ဖြစ်စေ ဤအခစားဘဝ အခြေအနေ၌ အကျင့်ရ နေသားကျနေပြီဖြစ်သည်။ ရက်ပေါင်းများစွာ၊ လပေါင်းများစွာ၊ နှစ်ပေါင်းများစွာ ကျင်လည်ခဲ့ရသည် ဖြစ်သောကြောင့် ယဉ်ပါးနေပြီဖြစ်သည်။

ယင်းသို့ ကျင့်သားရ နေသားကျပြီး ယဉ်ပါးနေသောအခြေအနေမှ အပြောင်းအလဲဖြစ်ကာ ပင်စင်အငြိမ်းစားဘဝသို့ ရောက်လာသည်ဆိုလျှင် အူကြောင်ကြောင် ယောင်ချာချာ ဖြစ်နေတတ်ပေသည်။ လုပ်ကိုင်နေကျ အလုပ်ကလည်း စွန့်ခွာခဲ့ရပြီ။ လုပ်ဖော်ကိုင်ဖက် ရင်းနှီးသူများနှင့်လည်း ဝေးခဲ့ပြီ။ ရနေကျ အခကြေးငွေများကိုလည်း မရတော့။ သုံးစွဲနေကျအတိုင်းလည်း သုံးစွဲနိုင်ချင်မှ သုံးစွဲနိုင်ပေမည်။ အခြေအနေအဟောင်းမှ အခြေအနေအသစ်သို့ ပြောင်းလာခါစ ပင်စင်အငြိမ်းစားအတွက် မလွယ်ကူတော့။ အခက်အခဲနှင့် ကြုံရပေတော့မည်။

ဤသို့သော အဖြစ်အပျက်များကို ရှုမြင် သုံးသပ်၍ ရေးသားထားသည့်—

"လူထွက်ရပာန်း၊
နန်းကျာဘုရင်၊
ပင်စင်အငြိမ်းစား၊
ယောကျ်ားလူထူး၊
ဤသုံးဦးကား၊
စပ်ကူးမတ်ကူး၊
မလွယ်ဘူးတည်း"—

ဟူသော လင်္ကာတိုကလေးကို ဆရာကြီးဦးစာကျော် ရွတ်ပြခြင်းဖြစ်ပေလိမ့်မည်။

**ဧကောဝါဒလင်္ကာတိုကိုစိစစ်ချက်။**

ဤတွင် အကြောင်းအရာတခုကိုသိရလျှင် "ဟုတ်မှဟုတ်ရဲ့လေလား" ဟူသော လူ့သဘာဝအတိုင်း သံသယခေါ် မယုံကြည်မှုကလေး ကျွန်တော်၏စိတ်ထဲမှာ ပြေးဝင်လာပါသည်။ ထို့ကြောင့် ဆင်ခြေတက်လိုက်ပါသည်—

"ယောကျ်ားလူထူး ဤသုံးဦးဆိုတော့ မိန်းမ ပင်စင်အငြိမ်းစားရော မရှိနိုင်ဘူးလားဆရာ"

"ရှိပါပေါ့-ရှိမှာပေါ့၊ဒါကတော့ ဥက္ကဋ္ဌနည်း၊ ယေဘုယျနည်းလို့ ဆိုကြပါစို့"

ကျွန်တော်တို့ ပါဠိစာပေလောကမှာ **ဥက္ကဋ္ဌနည်း**-ခေါ် အမြတ်ဆုံး, အကြီးဆုံးကိုသာပြောလျှင် အညံ့စား, အသေးစားများကိုလည်း ယူရသော နည်းရှိသည်။ ဥပမာ ပြရလျှင်—မြတ်စွာဘုရားဂုဏ်တော်ကိုးပါးတဲမှ "အနုတ္တရောပုရိသဒမ္မသာရထိ" ဂုဏ်တော်ဆိုကြပါစို့....ပုရိသဒမ္မသာရထိ-အရ ယောကျ်ားကို ဆုံးမခြင်းဟုသာ ဆိုသော်လည်း ဝိဋ္ဌမာနတို့, ခေမာမိဖုရားတို့ စသည့် မိန်းမတွေကိုလည်း ဆုံးမသေးသည်ဖြစ်သောကြောင့် မိန်းမများကိုလည်း ထည့်သွင်းယူရသည်။အမြတ်စားယောကျ်ားများကို ဆိုသဖြင့် အညံ့စား မိန်းမများကိုလည်း ယူရသောကြောင့် "ဥက္ကဋ္ဌနည်း"ဟု စာပေမှာဆိုသည်။

**ယေဘုယျနည်း** ဆိုသည်မှာ အများကိုသာဆိုသော်လည်း အနည်းကိုလည်း သိရ ယူရသော နည်းဖြစ်သည်။ ပုံစံပြရလျှင် "သရက်တော" ကို ဆိုကြပါစို့.... သရက်တောဆိုသည်မှာ သရက်ပင်တွေများသောကြောင့် သာ သရက်တောခေါ်သည်။ အခြားမာလကာပင်, ပိန္နဲပင် များလည်း ရှိနိုင်သည်။ မာလကာ, ပိန္နဲများရှိနိုင်ကြောင်း သိရမည်။ ဤနည်းမျိုးကို "ယေဘုယျနည်း" ခေါ် များရာဆိုနည်းဟု မြန်မာပြန်သင့်သည်။

ဤ ဥက္ကဋ္ဌနည်း ယေဘုယျနည်း နှစ်မျိုးဖြင့် လက်ာတိုကလေး၌ "ယောကျာ်းလူထူး" ဟု ဆိုခြင်း**ဖြစ်သည်**။ မိန်းမများကိုလည်း ထည့်သွင်း ယူဆနိုင်ပါသည်ဟု **ဆရာကြီး ဦးစာ**ကျော် ဖြေဆိုသည်ကို ကျွန်တော် နားလည် မိပါသည်။

ဆရာကြီး ဦးစာကျော် ရွတ်ဆိုပြသည့် လက်ာတိုကလေးနှင့် ပတ်သက်၍ ကျွန်တော်မကျေနပ်သည့် အချက်အလက်ကလေးများကြောင့် ခိုးလိုးခုလုဖြစ်နေသေးသည်။ ပထမဆုံး မကျေနပ်သည့်အချက်မှာ မင်းတိုင်ပင်အမတ်ကြီး မဟာဓမ္မသင်္ကြံ အကြောင်းကြောင့်ဖြစ်သည်။

ရှင်းလင်းပြဆိုပါအံ့—

**မဟာဓမ္မသင်္ကြံ**။　　။မြန်မာသက္ကရာဇ် ၁၁၄၄-၁၁၈၁-ခု နှစ်ခန့်က **ထီးနန်းစံသည့်** ဘိုးတော်ဘုရားလက်ထက် အခါက မြန်မာ့သမိုင်း၌ ထင်ရှားသည့် မဟာဓမ္မသင်္ကြံဘွဲ့ရ မင်းတိုင်ပင်အမတ်ကြီးတဦး ရှိခဲ့ဖူးသည်။

ယင်းအမတ်ကြီးသည်ကား အသက် သုံးဆယ့်ငါး (၃၅) နှစ်တွင် "**ဉာဏာဘိဝံသဓမ္မသေနာပတိရာဇာဓိရာဇဂုရု**" ဘွဲ့တံဆိပ်ကို ခံယူရရှိကာ သာသနာပိုင်ဖြစ်ခဲ့သည်။ **မောင်းထောင်သာသနာပိုင်** ဟုထင်ပေါ်ကျော်ကြားသည်။ အမျိုးဘာသာ သာသနာ၌ ကျေးဇူးများသည့် ကျမ်းဂန်ပေါင်း လေးဆယ်(၄၀) ကျော်ကို ရေးသား ပြုစုတော်မူခဲ့သည်။

သက်တော်ငါးဆယ့်ကိုး(၅၉)နှစ်တွင် သာသနာ့ဘောင်မှာ မပျော်မွေ့သောကြောင့် လူ့ဘောင်သို့ ပြောင်းလာခဲ့သည်။ လူ့ဘဝရောက်

သောအခါ ဘိုးတော်မင်းတရား၏ လောက ဓမ္မ နှစ်ဌာနလုံး၌ အကြံ ပေး အတိုင်ပင်ခံ အမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ အသက် ခုနစ်ဆယ့်ကိုး(၇၉) နှစ်တိုင်အောင် နှစ်ပေါင်း နှစ်ဆယ် (၂၀)ခန့်နေ ပြီးမှ အနိစ္စရောက်သည်။

ဆရာကြီးသည် ဘုန်းကြီးလူထွက် စစ်စစ်ဖြစ်သည်။ မည်သို့မျှ ဆင်းရဲ ဒုက္ခ အခက်အခဲမတွေ့ရပဲ လူ့ဘဝမှာတသက်တာနေထိုင်သွားသည်။

ဒုတိယအချက်အဖြစ် ကျွန်တော့်စိတ်ကူးထဲ ဝင်ရောက် လာသည်မှာ ရွှေဘိုမင်းဆက်တွင် အပါအဝင်ဖြစ်သည့် ပုဂံမင်းအကြောင်း ဖြစ်သည်။

**ပုဂံမင်းတရား။** ။ပုဂံမင်းသည် မြန်မာသက္ကရာဇ် (၁၂၀၀-၁၂၁၄) ခုနှစ်အချိန်ခန့်က ထီးနန်းစိုးစံတော်မူသည်။

ယခုရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီး၏ တောင်ဘက်ရှိ အိမ်တော်ရာ ဘုရားမှာ ပုဂံမင်း ရန်ကုန်မြို့သို့လာစဉ်က စံနေတော်မူသည့် အိမ်နေရာကို စေတီတည်ထားပြီး ဝတ္ထုကံမြေအဖြစ် လှူခဲ့သောကြောင့် **အိမ်တော် ရာစေတီ -အိမ်တော်ရာဘုရား** ဟု ခေါ်တွင်ခြင်း ဖြစ်ပါသည်။

နောင်သောအခါ ညီတော် **မင်းတုန်းမင်းသားနှင့်** ကနောင်မင်း**သား** တို့က ပုန်ကန်ထကြွပြီး ထီးနန်းလုကြသောကြောင့် အသာတကြည် ထီးနန်းစည်းစိမ်ကို ပြောင်းလဲပေးလိုက်သည်။ ညီတော် မင်းတုန်းမင်းက လည်း နန်းကျဘုရင်ပုဂံမင်းကို လွှတ်တော်အနီး၌ အိမ်ဖြူတော်ဆောက်၍ ထားသည်။ အသုံးအဆောင် ပစ္စည်းဥစ္စာများကို လိုလေသေးမရှိအောင် စီစဉ်ပေးသည်။ မင်းတုန်းမင်းကိုယ်တိုင် လွှတ်တော်တက် ညီလာခံဝင် သောအခါတကြိမ် ညီလာခံစဲ လွှတ်တော်မှ ဆင်းသောအခါ တကြိမ် နောင်တော်ပုဂံမင်း နန်းကျဘုရင်အား ရှိခိုးဦးချသည်။

နန်းကျဘုရင် ပုဂံမင်းက ရင်းနှီးသည့်ကျေးတော်ကျွန်တော်များအား ဝမ်းမြောက် ပျော်ရွှင်စွာ အားရစွာဖြင့် "ဟဲ့....မင်းတို့သိကြရဲ့လား၊ ငါကနန်းကျပြီးမှ ရှင်ဘုရင်အစစ် ဖြစ်သကွ"ဟု ပြောကြားကြောင်း ပြောရိုးဆိုစဉ်ရှိခဲ့ပေသည်။

ဤပုဂ်မင်း၏ ဘဝဖြစ်စဉ်ကို လေ့လာသောအခါ နန်းကျဘုရင်ဖြစ်သော်လည်း ညှိုးနွမ်းအားငယ်ခြင်းမရှိ နှင်လန်းချမ်းသာစွာဖြင့် ဘဝတသက်တာ နေထိုင်သွားရသည်ကို တွေ့ရှိရပေသည်။ တတိယအချက်အဖြစ် ပင်စင်အငြိမ်းစား ဆာဂျေအေဦးမောင်ကြီးကို သတိရမိသည်။

**ဆာဂျေအေဦးမောင်ကြီး**။ ။မြန်မာသက္ကရာဇ် ၁၂၃၃-၁၃၁၆ ခုနှစ်ခန့်က ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်ကြီးမှာ ဆာဂျေအေ ဦးမောင်ကြီးဖြစ်သည်။

ဤပုဂ္ဂိုလ်ကြီးသည် မြန်မာလူမျိုးထဲမှ ပေါ်ထွန်းလာသည့် တဦးတည်းသော ဘုရင်ခံဖြစ်သည်။ တရားဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ သစ်တောရေးဝန်ကြီးများလည်းဖြစ်ခဲ့သေးသည်။

မြန်မာသက္ကရာဇ် ၁၃၁၂-ခုနှစ်ခန့်အခါက ထိုင်းနိုင်ငံ လန်ပန်းမြို့ ညောင်ဝိုင်းကျောင်း **ဆရာတော်အရှင်ဝါယာမ** ရန်ကုန်မြို့သို့ ကြွတော်မူလာသည်။ ဆရာတော်မှာ ထိုင်းနိုင်ငံမှာ သာသနာပြုနေတော်မူသော်လည်း မူရင်းဇာတိမှာ ရွှေဘိုခရိုင် တန့်ဆည်မြို့နယ် စည်းကြီးရွာ ဇာတိဖြစ်သည်။ ဆရာတော်သည် ထိုင်းနိုင်ငံမှရောက်လာပြီး ထိုင်းနိုင်ငံရှိ မြန်မာအမျိုးသားများနှင့် အဆက်အသွယ်ရှိသည့် ဆာဂျေအေမောင်ကြီးထံသို့ ကြွတော်မူသည်။

ထိုအခါက ပင်စင်အငြိမ်းစားဖြစ်သည့် ဆာဂျေအေ ဦးမောင်ကြီးသည် သားသမီး ဆွေမျိုး မိတ်သင်္ဂဟ အခြံအရံများနှင့် သိုက်သိုက်ဝန်းဝန်း စည်းစိမ်ဥစ္စာ ပြည့်စုံ ချမ်းသာစွာရှိသည်။ သို့သော် လူသူများစွာနှင့် တွေ့ဆုံမှုကို ရှောင်ရှားကာ နေကွမ်းမပါရမ်ဖြည့်လျက် ဂမ္ဘီရနန်းတရား ပွားများနေကြောင်း ဆရာတော် ဦးဝါယမက မိန့်ကြားတော်မူသောကြောင့် အေးချမ်းစွာတရားပွားများနေသည့် ပင်စင်အငြိမ်းစားကြီးအကြောင်းကို လေ့လာမှတ်သားခွင့်ရခဲ့ပေသည်။

ကျွန်တော်သည် ဖော်ပြခဲ့သည့် အခက်အခဲမရှိ အေးချမ်းသာယာစွာ နေထိုင်ကြသည့် လူထွက်ရဟန်း၊ နန်းကျဘုရင်၊ ပင်စင်အငြိမ်းစားဖြစ်

ကြသည့် ပုဂ္ဂိုလ်ကြီးများအကြောင်းကို တင်ပြ၍ ဆရာကြီး ဦးစာကျော် အား စောဒကတက်သောအခါ....

"အေး....အေး.... ဒီလို လင်္ကာနဲ့ မကိုက်ညီဒါလဲ နဲနဲပါးပါး တော့ ရှိပေမပေါ့။ ဒီလင်္ကာက ကေဝဠါဒလင်္ကာဆိုကြပါစို့—၊ ဒီလင်္ကာနဲ့ ဆန့်ကျင်ဘက် အဓိပ္ပါယ်ပြတဲ့ ကေစ္စဝဠါဒလင်္ကာလဲ ရှိသေးတယ်။ ရွတ်ဆိုပြရဦးမယ်"

ဟုပြောပြီး ပျော်ရွှင်နေသည့်ပုဂ္ဂိုလ် ခြောက်ဦးကိုပြဆိုသော ကေစ္စဝဠါဒလင်္ကာကို ဆက်လက်ရွတ်ပြပါသည်။

## ပျော်ရွှင်မြူးထူးလူခြောက်ဦး

### 'ကေစ္စဝဠါဒလင်္ကာ

**အိမ်ထောင်ဦးည၊**
**ထီပေါက်စနှင့်၊**
**ထောင်မှလွတ်ကင်း၊**
**ပဇင်းလူထွက်၊**
**နန်းတက်ဘုရင်၊**
**ပင်စင်အငြိမ်းစား၊**
**ယောကျ်ားလူထူး၊**
**ဤခြောက်ဦးကား၊**
**အရှူးအမူး၊**
**လွန်ပျော်မြူး၏။**

ထိုးစံအတိုင်းပင်လျှင် ဆရာကြီး ဦးစာကျော်သည် လင်္ကာကို ဆွဲဆွဲ ငင်ငင် အသံသြကြီးနှင့် ရွတ်ဆိုပြပါသည်။ ကျွန်တော်သည် ဆရာကြီး ရွတ်ပြသည့်ဂင်္ကာမှာ ပထမရွတ်ပြသည့် လင်္ကာနှင့် ဆန့်ကျင်ဘက် အဓိပ္ပာယ်ကိုပြသောကြောင့်လည်းကောင်း၊ ဆရာကြီးက ရွတ်ဆိုမှုကောင်း

သောကြောင့်လည်းကောင်း.... တချိုတည်းရွှတ်ပြရုံမျှဖြင့် အလွှတ်ရသွားတော့သည်။ နောင်အခါ၌လည်း ဆရာကြီးရွှတ်ဆိုပုံအတိုင်းလိုက်၍ ရွှတ်မိသည်။ အခြားသူများကို ကြုံကြိုက်တိုင်း ရွှတ်ပြမိသည်။ လင်္ကာ၏ အဓိပ္ပာယ်ကိုလည်း ဆင်ခြင်သုံးသပ်မိပါသည်။

ပျော်ရွှင်မှုးထူးနေသူ ခြောက်ယောက် အကြောင်းကိုလည်း တယောက်စီ တယောက်စီ၏ သဘောအဓိပ္ပာယ် အကျယ်ချဲ့၍ တွေးမိသည်။

ယင်းလင်္ကာ၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ-

၁။ အိမ်ထောင်ဦးည လူသား၊

၂။ ထိပေါက်ခါစ လူသား၊

၃။ ထောင်မှထွက်လာခါစ လူသား၊

၄။ ရဟန်းဘဝမှ ထွက်လာခါစ လူသား၊

၅။ ဘိသိက်ခံ ထီးနန်းတက်ပြီးခါစ ရှင်ဘုရင်၊

၆။ ပင်စင်အငြိမ်းစားဖြစ်ခါစ လူသား—

ဤလူခြောက်ယောက်တို့သည် အရှုံးအမူး အလွန်ပျော်မှုးသူများ ဖြစ်သည်ဟု-ဆိုလိုပေသည်။

၁။ **အိမ်ထောင်ဦးည။** ။အိမ်ထောင်ကျပြီး အိမ်ထောင်ဦးညမှာ ပျော်သည်ဟူသော သဘောကိုမူ အကျယ်ချဲ့ပြောရန် လိုမည်မထင်ပါ။ လူသားတိုင်းလိုလို ရာခိုင်နှုန်း တော်တော်များများ နားလည်သဘောပေါက်ပြီး ဖြစ်ကြပါလိမ့်မည်။

အာကာလွှာပုံ ပြူပါလို့၊ မေရုကိုစုတ်တံချိ၊ သမုဒ်ကိုမင်ရေဖျော်လို့၊ ချစ်ပုံတွေ စာစီကုံးရလျှင် ဆုံးဆမမြင်-

ဟူသော ရှေးကသီချင်းမှာ အိမ်ထောင်ဦးည မောင်မယ်တို့ သီဆိုရန် ရည်ရွယ်ရေးသည်ဟု တွေးမိသည်။

မောင်နှင့်မယ် နှစ်ယောက်ထဲ ဝေရက်တောင်ထိပ် သွားချင်
တယ်၊ ရေမရှိတဲ့ သဲကန္တာရထဲ သွားချင်တယ်၊ နေမမြင်တဲ့ ရေ
ခဲပြင်ဖြစ်သည့် မြောက်ဝင်ရိုးစွန်း သွားချင်တယ်—

စသော ခေတ်သီချင်းများသည်လည်း အိမ်ထောင်ဦးညဖွဲ့များပင် ဖြစ်ဟန်ရှိပေသည်။

ကမ္ဘာလုံးခင်စိန်ရီ အငြိမ့်ထဲမှ လူရွှင်တော်နောက်တိုးက—
"ရွှေဗျိုင်းရေ ငါတော့ခင်စိန်ရီကလေးနဲ့ ရပြီးယင်တော့ လူသူမရောက်ပဲ နေရောင်, လရောင်, အလင်းရောင်မရှိတဲ့နေရာကို သွားနေချင်တယ်" လို့ ပြောရာ....

"ဘယ်နေရာလဲကွ" လို့ ရွှေဗျိုင်းက ပြန်မေးတော့—

"ဝါးလုံးခေါင်းထဲကိုကွ" လို့ ပြန်ဖြေသည်ကို ကြားရဖူးပေသည်။ အိမ်ထောင်ဦးညကား ဤမျှပျော်ကြသည်ကို မှန်းမိရန် ဖော်ပြရေးသားခြင်း ဖြစ်ပါသည်။

၂။ **ထီပေါက်စ။** ။ထီပေါက်စသူများ မည်မျှဝမ်းသာပျော်ရွှင်ကြမည်ကို ထီပေါက်ဖူးသူများသာ သိနိုင်သော ကိစ္စဖြစ်သည်။ ထီမပေါက်ဖူးသူများမှာ သိရန်မလွယ်ချေ။ အနည်းငယ် မှန်းဆသိနိုင်သည့် နည်းတခုတော့ရှိသည်။

တခါတရံ သွားယင်းလာယင်း ဆယ်ပြားစေ့ကလေး မတ်စေ့ကလေးစသည့် ပိုက်ဆံကလေးများ ကောက်ရတတ်သည်။ ယင်းသို့ ကောက်ရသည့်အခါ ပိုက်ဆံ၏တန်ဖိုး မိမိ၏အခြေအနေအရ ဝမ်းသာမှု ရဘာ်ပေသည်။ ပိုက်ဆံအကြွေရှားပါးသည့် တခေတ်တချိန်တုန်းကဆိုလျှင် ကျပ်တန်, ငါးကျပ်တန်, တဆယ်တန်များရှိလျက် ဘတ်(စ်) ကားခပေးရန် ဆယ်ပြားအတွက် အခက်ကြုံနေစဉ် ဆယ်ပြားစေ့ကလေး တစေ့ ကောက်ရပါမူ ဝမ်းသာခြင်း ဖြစ်ရလှပေသည်။

ဤသည်မှာ ပိုက်ဆံအနည်းငယ်မျှ ကောက်ရသည့်အတွက် ဝမ်းသာပျော်ရွှင်ရခြင်း ဖြစ်သည်။ ရာဆု,ထောင်ဆု,သောင်းဆု, သိန်းဆုများ

ပေါက်ရပါမူ မည်မျှဝမ်းသာလိုက်လေမည်နည်း။ နှိုင်းစာကြည့်ရန်ဖြစ်သည်။

တခါက ကလေးငယ်ကလေး ခြောက်ယောက်ခန့် ရှုံရုပ်များ ပြုလုပ်ကစားနေသည်ကို တွေ့ရ၏။ လူရုပ်, နွားရုပ်, ဆင်ရုပ်စသည့် အရုပ်ကလေးများ လုပ်ကစားနေကြသည်။ ထိုစဉ် လူရွယ်တယောက်လာပြီး....

"ဟေ့ ကောင်လေးတွေ၊ မင်းတို့ထီထိုးတယ် မဟုတ်လား" ဟု မေးသည်။

"ဟုတ်တယ်ဗျ ထိုးထားတယ်"

"ဘယ်လိုအတိတ်လဲကွ"

"သုံးနံပါတ် ဘောလုံးဝယ်ရန်တဲ့ဗျ"

"ဟာ-ဒါဖြင့် မင်းတို့ထီပေါက်တယ်ကွ၊ ငါးရာဆု"-

ဟု ပြောလိုက်သောအခါ ကလေးများသည် "ကော်ပီဟေ့"ဟု အော်ပြီး ထခုန်ကြသည်။ လုပ်ထားသည့် ရှုံရုပ်ကလေးများကို လွှင့်ပစ်ကြသည်။ တချို့က ကျွမ်းထိုးသည်။ တချို့က အော်ဟစ်မြူးခုန်ပြီး ကယောင်ကတန်း ဟိုပြေး သည်ပြေး, ပြေးကြသည်။

ဤသည်မှာ ငါးရာဆု အစုစပ်ပေါက်သည့် ကလေးများ ဖြစ်ပုံမျှသာ။ ဆုကြီးတွေကို တဦးတည်းပေါက်သူများ မည်သို့နေမည်နည်း။ ဘယ်လိုသုံးမည်၊ ဘာတွေဝယ်မည်၊ ဘယ်လောက်ပေးမည်၊ ဘယ်လောက်လှူမည်၊ ဘယ်လိုကြီးပွားအောင်လုပ်မည် စသည်ဖြင့် ဝမ်းသာမြူးကြွ စိတ်ကူးကြပေလိမ့်မည်။ ဤသည်မှာ ထီပေါက်ပြီးစသူများ ပျော်ရွှင်ပုံကို ရေးပြခြင်း ဖြစ်ပါသည်။ မကြာမီ ကိုယ်တွေ့ပျော်ရပုံကိုလည်း ရေးပြနိုင်လိမ့်မည်ဖြစ်ပါသည်။

၃။ **ထောင်မှလွတ်ကင်း**။ ။ထောင်မှ လွတ်ကင်းဟူသည် ထောင်ကျနေရာမှ လွတ်ကင်းလာသူကို ဆိုလိုခြင်းဖြစ်ပေ၏။ ဤနေရာ၌ စာရေးသူ၏တူတော်သူ မောင်ကျော်တင်၏ ထောင်မှလွတ်လာ၍ ပျော်မြူးပုံကို ရေးပြသက်သေထုတ်လိုပါသည်။

ထွက်ရာ ၂

မောင်ကျော်တင်သည် ပြစ်မှုတခုကြောင့် ထောင်ကျပြီး၊ ထောင်မှ လွတ်လာသူဖြစ်သည်။ သူအိမ်ပြန် ရောက်သည့်နေ့မှာပင် အဆင်သင့် တိုက်တိုက် ဆိုင်ဆိုင် မောင်ကျော်တင်တို့အိမ်သို့ ကျွန်တော်ရောက်သွား သည်။အိမ်ဝမှ ဖြူရော်ရော်ဖောသွတ်သွတ် လူရွယ်တယောက် သွက်လက် ပြုံးရွှင်စွာဝင်လာသည်။

"အဖေတို့အမေတို့ရေ-ကျွန်တော်ပြန်လာပြီ"

လူငယ်သည် ဝမ်းသာအားရ ပျော်ရွှင်စွာ အော်ဟစ်ဝင်လာသည်။ ကျွန်တော့မိတ်ဆွေ မိသားစုသည် "ကျော်တင်ပြန်လာပြီ၊ အကိုကြီး ပြန်လာပြီ" စသည်ဖြင့် ပျော်ရွှင်ရယ်မောပြီး ပြန်လည်ဟစ်အော် နှုတ်ဆက် ဆီးကြိုကြသည်။ ကျုန်းမာကြောင်း, ချမ်းသာကြောင်းနှင့် ယခုလိုကြိုတင် မသိရပဲ ပြန်လာ၍ အံ့သြကြောင်း ပြောကြသည်။ ဆူဆူညံညံပြောဆို ရယ်မောကြသည်။ ပျော်မဆုံးဖြစ်နေသောကျော်တင်က—

"ထမင်းစားမယ်ဗျာ ဘာဟင်းရှိလဲ"

ဟု မေးသောအခါ အိမ်သားများက ဝမ်းသာအားရစွာဖြင့်—

"ထမင်းလဲရှိတယ်၊ ဟင်းလဲရှိတယ်၊ တို့စားနေကျဟင်းပဲ၊ သိပ်မကောင်းဘူး၊ ဆိုင်သွားဝယ်လိုက်မယ်"

ဟု ပြန်ပြောကြရာ မောင်ကျော်တင်က လက်ကာပြီးလျှင်—

"နေပါစေ၊ နေပါစေ၊ မဝယ်နဲ့၊ ရှိတဲ့ဟင်းဆို တော်ပြီ။ ကျွန်တော့အတွက်တော့ ထောင်ထမင်းစားလာရပြီးမှ တခြား ဘာဟင်းမဆို စားနိုင်ပြီ။ အပြင်က ဘယ်လောက် မကောင်းတဲ့ ထမင်းဟင်းဖြစ်ဖြစ် ထောင်ဟင်းထက်တော့ ကောင်းတာပဲ။ ထောင်ထမင်းထက်တော့သာတာပဲ"—

ဟုပြောကာ လက်ဆေးပြီး ထည့်ပေးတဲ့ ထမင်းဟင်းများကို ပလုတ် ပလောင်း အားရပါးရစားလိုက် ထောင်ထမင်း ထောင်ဟင်းအကြောင်း ထောင်ထဲ အတွေ့အကြုံများကို ပြောလိုက်ဖြင့် ပျော်ပါး အားရ နေပါ သည်။ ကျွန်တော်ပြန်ခါနီး၌—

"သတိတရားရပါပြီဦးလေးရယ်....နောင် ဒီလိုအဖြစ်မျိုးမကြုံအောင် နေပါတော့မယ်"

ဟုပြောပြီး တပြုံးပြုံးတဟားဟား အားရပျော်ရွှင်နေပါလေသည်။

**၄။ ပစင်းလူထွက်။** ။ပစင်းလူထွက်ကို ရှေးခေတ် အခေါ်နှင့် ဆိုလျှင် ပဉ္စင်းလူထွက်ဟု ရေးရပေမည်။ဦးပစင်း=ဦးပဉ္စင်း လူထွက်ဆိုသည်မှာ ရဟန်းလူထွက်ကို ဆိုလိုပေသည်။

ရဟန်းဘဝတုန်းက ဝိနည်းသိက္ခာပုဒ်များကို စောင့်ထိန်းရသည်။ ဣန္ဒြေသိက္ခာပြည့်စုံစွာ နေခဲ့ရသည်။ လူထွက်ခဲ့၍ လူ့ဘဝရောက်သောအခါ ဟိုတခါတုန်းက ချုပ်ထိန်းခဲ့ရသမျှ ဖွင့်ချလိုက်ရ၍ ပေါ့ပါးလွတ်လပ် ပျော်ရွှင်သွားခြင်းဖြစ်ပေသည်။ ပဉ္စင်းလူထွက်မည်မျှပျော်သည်ကို ရှင်းရှင်းဘွင်းဘွင်းပြောဆိုတတ်သော ကျွန်တော့ဇာတ်လိုက် ဆရာကြီး **ဦးစာကျော်၏** ကိုယ်တွေ့ ပျော်ပုံကလေးတကွက်ကို ထုတ်ဖော်ရေးပြလိုက်ချင်ပါသည်။

"ရဟန်းဘဝက လူဝတ်လဲတဲ့ နေ့ကဆိုယင်—ဘော့လုံးပွဲကောင်းကောင်းကလဲရှိတယ်၊ ဘော့လုံးပွဲကလဲ ကြိုက်တတ်တော့ အဆင်သင့်သွားဒါပေါ့။ ပုဆိုးမဝတ်တတ် ဝတ်တတ် ခါးပုံစမထုတ်ပဲ သင်းပိုင်ဝတ်နည်းဝတ်လို့၊ ကတုံးပြောင်ပြောင်ကို လူမမြင်အောင် ဦးထုပ်ဆောင်းလို့၊ မိုးတွင်းဆိုတော့ မိုးရွာယင်မစိုအောင် ထီးကိုလဲ လက်ထဲမှာကိုင်လို့ ပေါ့လေ။ ဘော့လုံးကွင်းထဲကို ဘယ်သူ့ကိုမှမကြည့်ဘူး၊ ခပ်တည်တည်ဝင်သွားတယ်။ ဟိုတုန်းကဆို သိတဲ့လူများရှိလေမလားလို့ ဟိုကြည့်ရ ဒီကြည့်ရနဲ့ ကြောက်ကြောက်လန့်လန့် ဝင်ခဲ့ရတယ်။ အခုတော့ ခပ်တည်တည်ပဲ၊ ဘာကိုမှ လန့်ဖို့ ထိတ်ဖို့မရှိဘူး။ ဝမ်းထဲမှာ ကလိကလိနဲ့ မှူးနေ့ဘယ်။ ကြပ်နေတဲ့လူတွေကြားထဲ တိုးထိုင်တယ်။

ရေဆာလို့ရှိယင် ရေခဲခြစ်ဝယ်စုပ်တယ်။ အကပ်ခံနေစရာမလိုဘူး။ ဘော့လုံးကစားတော့လဲ လွတ်လွတ်လပ်လပ် အော်ဟစ် အားပေးတယ်၊ စိတ်ကလဲရွှင်နေတယ်၊ လူကလဲကြွနေတယ်။

ဘောလုံးပွဲပြီးလို့ ပြန်ထွက်လာတော့လဲ ပွဲစကထဲက အောင့်ထားခဲ့ရတဲ့ဆီးကို အခြားသူတွေလိုပဲ ဘောလုံးကွင်း အုတ်နံရံကို မတ်တတ်ရပ်ယင်း "အာပေါခေတ်အခြေလွန်၍ ရှေးပြန်ကတွတ်က ရေတံခွန်လွတ်" ရတာဟာ တမျိုးကို ထူးထူးကဲကဲ အရသာရှိတယ်။ ဟိုဘဝတုန်းကတော့ "မနာမဖျားပဲ ရပ်လျက် ကျင်ကြီး ကျင်ငယ်မစွန့်ရ" ဆိုတဲ့ သိက္ခာပုဒ်တော်ကို စောင့်ထိန်းလာခဲ့ရဒါကိုး"

စသည်ဖြင့် ဆရာကြီးဦးစာကျော်က ကိုယ်တွေ့ရဟန်းလူထွက်ဘဝ ပျော်ရပုံများကို ပြောပြဖူးပါသည်။ ဆက်လက်၍လည်း ပျော်ပုံတော်ဖွဲ့ လေးဆစ်ကို ရွတ်ပြပါသည်။

## ပျော်ပုံတော်ဖွဲ့လေးဆစ်

"ပျော်တယ်ကွဲ့ မော်မယ်။ ။လက်ခြေစုံ အကုန်မြှောက်လို့၊ ခုန်ပေါက်ကာမြူးရွှင်ကြွ၊ ကလိုက်ချင်တယ်။ ။အိုးစည်တေးဒိုးပတ်သံကို၊ မိုးရပ်ထံဝတီဖျားက၊ သိကြွားမင်းနားပေါက်ဝယ်၊ ကြားလောက်ဖွယ်ဟာစ်ကြွေး။ ။ပစပ်ဆိုင်းဗေတိုးဗောင်ကို၊ မြေကျိုးထောင် ပဲ့တင်ဟည်းစေဖို့၊ (အလိုဗျာ) တီးလိုက်မယ်လေး။"

"ကျွန်တော်ကပျော်တော့ ငယ်ငယ်ကရခဲ့တဲ့ ဒီလေးဆစ်ကလေးကို သတိရတယ်။ သတိရရုံရဒါပါပဲ၊ တကယ်တော့ မကမိ၊ မဆိုမိ၊ မတီးမိပါဘူး"ဟု ဆရာကြီး ဦးစာကျော်က ရဟန်းလူထွက်စဉ်က သူပျော်ရပုံကို ပြောပြပါသည်။

**၅။ နန်းတက်ဘုရင်။** ။နန်းတက်တဲ့ရှင်ဘုရင် ဝမ်းသာရပုံ ပျော်ရပုံကိုတော့ ယခုခေတ်မှာ အတွေ့ရှအကြုံရနည်းလို့ ရေးပြရန်မလွယ်ပါ။ သို့သော် ရှေးဇာတ်တော် နိပါတ်တော်နှင့် ရာဇဝင်သမိုင်းများအဆိုကိုတော့ ဖော်ပြနိုင်ပါသည်။

**မဟာဇနကမင်းကြီး** ထီးနန်းတက်ခါစက ဆိုပါစို့။- မဟာဇနကမင်းသားကလေး ငယ်စဉ်ကာလကပင် မိမိခမည်းတော် အရိဋ္ဌဇနကမင်း

ကြီး၏ အရိုက်အရာ မိထိလာပြည်ကြီးကို သိမ်းမြန်းစိုးအုပ် မင်းလုပ်ရန် ကြိုးစားခဲ့သည်။ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း ပင်လယ်ရပ်ခြားသို့ သွားလာကူးသန်း လမ်းစရှာခဲ့သည်။ ပင်လယ်ထဲမှာ လှိုင်းဒဏ် ရေဒဏ် လေဒဏ် မိုးဒဏ်ကြောင့် သင်္ဘောကြီးနစ်မြုပ်ခါနီးတောင်မှ မိမိလိုချင်တောင့်တသည့် ထီးနန်းရှိရာ မိထိလာပြည်ကြီးဆီသို့ ရည်မှန်းခုန်ချပြီး ကမ်းမမြင်လမ်းမမြင် ရေပြင်ကျယ်ထဲမှာ အားခဲ၍ကူးခပ်ခဲ့သည်။

ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ—လုံ့လဝင်ရှင် အောင်မြင်မှုရစမြဲ—ဟူသည်နှင့်အညီ နောက်ဆုံးတွင် မဟာဇနကမင်းသားလေးသည် ဇွဲလုံ့လ၏အကျိုးကြောင့် မိမိအလိုရှိသော ထီးနန်းစည်းစိမ်ကို လက်ဆုပ်လက်ကိုင် အပိုင်ရရှိခဲ့ပေသည်။ ရရှိသောအခါ ရရှိသည့်နေ့မှာပင် မိမိ၏အောင်မြင်မှုကို ပြန်လည်သုံးသပ်ပြီး အားရကျေနပ် ပျော်ရွှင်မှုရရှိကာ အောင့်အည်းမထားနိုင်ပဲ ဥဒါန်းဂါထာ ခြောက်ပုဒ်ကို သီဆိုကျူးရင့်ခဲ့ပေသည်။

**ဥဒါန်းစကား။** ။ဥဒါန်းဟူသည်မှာ ဥဒါန-ဟူသော ပါဠိစကားလုံးကို မြန်မာမှုဖြင့် ဥဒါန်းဟုပြောင်းလွဲ၍မြန်မာစကားလုံး ဖြစ်သွားအောင် မွေးစားထားခြင်း ဖြစ်သည်။ ပါဠိစာပေလောက၌ ဝမ်းသာနှစ်သက် အားရမှုဖြစ်သောအခါ၌ ဝမ်းထဲမှာသိုသိပ်မထားနိုင်ပဲ ပါးစပ်မှ အသံထွက် ပြောဆိုမိသောစကားမျိုးကို "ဥဒါန" ဟုခေါ်သည်။ ယင်း "ဥဒါန" ဟူသောပါဠိစကားလုံးနှင့် အဆင့်အတန်း အဓိပ္ပာယ်အနက်တူ စကားလုံးမျိုး မြန်မာဘာသာစကားလုံး မရှိသောကြောင့် ရှေးမြန်မာပညာရှိကြီးများက "ဥဒါန" ပါဠိ စကားလုံးကိုပင် "ဥဒါန်း" ဟု ပြောင်းလွဲ သုံးစွဲခဲ့ကြလေသည်။

အိုးထဲမှာဆီထည့်၍ မီးပူပေါ်တင်ထားသောအခါ မီးပူရှိန်ကြောင့် ဆီများ အပေါ်သို့ တက်ကြွလာပြီး အိုးနှုတ်ခမ်းမှ လျှံဖိတ်ကျသကဲ့သို့... ဝမ်းမြောက်နှစ်သက်မှု အားကြီးသောကြောင့် ဝမ်းထဲမှာပင် သိုသိပ်မထားနိုင်ပဲ ပါးစပ်မှ အသံဖြစ်ပေါ်လာအောင် အားကြီး လျှံထွက်လာ

သော စကားလုံးမျိုးကို ဥဒါန်းစကားဖြစ်သည်ဟု စာပေ ကျမ်းဂန်များ၌ ဖွင့်ဆိုသည်။

မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် ကဆုန်လပြည့်နေ့တွင် သဗ္ဗညုတဉာဏ်ရှင်ဘုရားသခင်အဖြစ်သို့ ရောက်သောအခါ၌ (ပီတိသောမနဿ) နှစ်သက်ဝမ်းမြောက်မှု အားကြီးလှသောကြောင့် ကျူးရင့်တော်မူသော "အနေ-ကဇာတိသံသာရံ" စသော စကားတော်တို့သည် ဥဒါန်း စကားတော်များဖြစ်သည်။ ဤအတူပင်လျှင် မဟာဇနကမင်းကြီးသည် မိမိရည်မှန်းချက် ထား၍ ကြိုးစားဆောင်ရွက်ခဲ့သော မိဘအမွေအနှစ် မိထိလာပြည်မင်းအဖြစ်ကိုရရှိသောအခါ "အာသီသေထေဝ ပုရိသော=ယောကျ်ားမှန်က တောင့်တလိုလား ရည်မှန်းချက်ထားရမည်"စသော ဥဒါန်းစကားများကို ကျူးရင့်မြွက်ဆိုခဲ့ပေသည်။

ယင်း ဥဒါန်းစကားသည် မှတ်သားဖွယ် ကောင်းလှ သောကြောင့် သဘောပြနည်းဖြင့် မြန်မာပြန်ဆိုဖော်ပြပါမည်။

## မဟာဇနကမင်းကြီး၏ ဥဒါန်း

၁။ အချင်းတို့...ယောကျ်ားမှန်က တောင့်တလိုလား ရည်မှန်းချက်ထားရမည်သာတည်း။ ပျင်းရိမှိုင်မေ့ ငြီးငွေ့၍မနေရာ။ ပျင်းရိမှိုင်မေ့ ငြီးငွေ့မနေ ရည်မှန်းချက်ထားပေသော ငါသည်ပင်လျှင် လိုချင်သမျှ ပြည့်စုံခဲ့ရလေပြီ။

၂။ အချင်းတို့...ယောကျ်ားမှန်က တောင့်တလိုလား ရည်မှန်းချက်ထားရမည်သာတည်း။ ပျင်းရိမှိုင်မေ့ ငြီးငွေ့၍မနေရာ။ ပျင်းရိမှိုင်မေ့ ငြီးငွေ့မနေ ရည်မှန်းချက်ထားပေသော ငါသည်ပင်လျှင် သမုဒ်ပင်လယ် ရေပြင်ကျယ်အနက်မှ ကုန်းထက်သို့ရောက်ခဲ့ရလေပြီ။

၃။ အချင်းတို့...ယောကျ်ားမှန်က ဇွဲလုံ့လထား ကြိုးစားရမည်သာတည်း။ ပျင်းရိမှိုင်မေ့ ငြီးငွေ့၍မနေရာ။ ပျင်းရိမှိုင်မေ့ ငြီးငွေ့မနေ ကြိုးစားပေသော ငါသည်ပင်လျှင် လိုချင်သမျှ ပြည့်စုံခဲ့ရလေပြီ။

၄။ အချင်းတို့....ယောက်ျားမှန်က ဇွဲလုံ့လထား ကြိုးစားရမည်သာ တည်း။ ပျင်းရိမှုင်မေ့ ငြီးငွေ့၍မနေရာ။ ပျင်းရိမှုင်မေ့ ငြီး ငွေ့မနေ ကြိုးစားပေသော ငါသည်ပင်လျှင် သမုဒ်ပင်လယ် ရေ ပြင်ကျယ်အနက်မှ ကုန်းထက်သို့ရောက်ခဲ့ရလေပြီ။

၅။ ကျိုးကြောင်းသိမြင် ပညာရှင်ယောက်ျားသည် များပြားဒုက္ခ တွေ့ကြုံရလည်း သုခချမ်းသာ ရရာအခွင့် မျှော်လင့်ချက်ထား ကြိုးစားရာ၏။ ချမ်းသာဆင်းရဲ တွေ့မြဲမှန်စွာ မမှတာကို ကောင်း စွာမသိ အားလျှော့မိက ဘဝပျက်သုဉ်း ဆုံးရှုံးရတတ်ပေသည်။

၆။ ယောက်ျားမိန်းမ ဤတွေ့ကြုံရမည့် လောကထုံးစံ လောကဓံ ကား မကြံသော်လည်း ဖြစ်တတ်လှ၍ ကြံသော်လည်း ပျက် တတ်ကြချေသည်။ ကြံစည်ရုံမျှ မနေကြပဲ လုံ့လစိုက်ထုတ် ပြု လုပ်မှသာ လိုရာကိုရနိုင်ကြပေသည်။-

ဟူသောစကားခြောက်မျိုးကိုမဟာဇနကမင်းကြီးကျူးရင့်မြွက်ဆိုခဲ့သည်။ ဤသို့ ဥဒါန်းစကား ပြောဆိုလောက်အောင် ဝမ်းသာနှစ်သက်မှု ဖြစ်ခြင်းသည် နန်းတက်ဘုရင် မဟာဇနက မင်းကြီး၏ ပျော်ရွှင်မှု အတိုင်းအတာကို ဇာတ်ပါဠိတော် ဒုတိယတွဲ စာမျက်နှာ ၁၆၀-၌ ဖော် ပြ မှတ်တမ်းတင်ထားခြင်းပင် ဖြစ်ပေသည်။ ဤမဟာဇနကမင်းကြီး နည်းတူပင် အခြားနန်းတက် ဘုရင်များလည်း အရှူးအမူး ပျော်မြူး ကြလိမ့်မည်ဟု ခန့်မှန်းရပေသည်။

**၁။ ပင်စင်အငြိမ်းစား။**　။အရှူးအမူး ပျော်ရွှင်ရသူ ခြောက်ယောက် တွင် ပင်စင်အငြိမ်းစားကို ၆-နံပါတ်အဖြစ် ထည့်သွင်း၍ **လက်ာ၌ရေးစပ်ထားသည်။**

အမှုထမ်းအရာထမ်း တဦးသည် မိမိဝါသနာပါသည်ဖြစ်စေ၊ ဝါ သနာမပါသည်ဖြစ်စေ မိမိ၏စားဝတ်နေရေးအတွက် ပုတ်ပြတ်စား, နေ့ စား, လစားအဖြစ် တာဝန်, အလုပ်တခုခုကို ထမ်းဆောင်, လုပ်ကိုင် ရသည်။ မိမိကြိုက်သည်မကြိုက်သည်ကို အသာထား၍ ပေးထားသည့် အလုပ်, တာဝန်ကို ပိုင်းခြားသတ်မှတ်ထားသည့် အချိန်ကာလ၊ ပိုင်း

ခြားသတ်မှတ်ထားသည့် အလုပ်ပမာဏ အတိုင်းအတာ ပြီးစီးအောင် လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီ ဖြစ်သည်။ တွေ့ရကြုံရသမျှ လောကဓံတရား အခက်အခဲများကို ကျော်လွှားအနိုင်ရခဲ့ပြီ ဖြစ်သည်။ ကျန်းမာရေး ပညာရေး လူမှုရေး အိမ်ထောင်ရေး နိုင်ငံရေး စသည်များကို ယှဉ်တွဲ ဆောင်ရွက်နေခဲ့ယင်း မိမိတာဝန်၊ အလုပ်ဝတ္တရားကို လုပ်ဆောင်အောင် မြင်ခဲ့ပြီဖြစ်သည်။

တနည်းပြောရလျှင်....မိမိတသက်တာအတွက် သတ်မှတ်ပေးသည့် ကျ ရာနိုင်ငံတော်တာဝန်ကို အောင်အောင်မြင်မြင် ထမ်းဆောင်ခဲ့ပြီ ဖြစ်ပေ ရာ အလွန်ပင်လျှင် ဂုဏ်ယူပျော်ပါး ပီတိ-တဖွားဖွား ဖြစ်ပေါ်လျက်....

**"ငါသည်ယခု အောင်မြင်မှုရခဲ့လေပြီတကား"** ဟု လက်ရုံးဆန့်တန်း ၍ ဥဒါန်းကျူးရင့် ရမည့်အခါဖြစ်သည်။

ပင်စင်အငြိမ်းစားသည် နည်းခြင်း များခြင်းကို အသာထား၍ မိမိ ထမ်းဆောင်ပြီးမြောက် အောင်မြင်မှုအတွက် ဂရေဂျုတီ-ခေါ် လုပ် သက်ဆုငွေနှင့် တသက်လုံး အလုပ်မလုပ်ပဲဖြင့် လစဉ် ပင်စင်ထောက်ပံ့ ငွေများကို ရရှိခဲ့ပြီဖြစ်သည်။ မိမိကြိုးကြိုးစားစား ထမ်းဆောင်လုပ် ကိုင် လာခဲ့ရသည့် ဝန်ထုပ်ဝန်ပိုး တာဝန်ဝတ္တရားကြီးကို မိမိအလှည့် ကုန်ဆုံးသည်အထိ ချောချောမောမောဖြင့်ချထား၍ အနားယူခွင့်ရခဲ့လေ ပြီဖြစ်ရာ မည်မျှဝမ်းသာအားရ ဖြစ်လေမည်နည်း။ ပေါ့ပေါ့ပါးပါး စိတ်အားကိုယ်အား အနားယူခွင့် ရသွားပြီဖြစ်သည်။

ယင်းသို့ ပေါ့ပေါ့ ပါးပါး အနားယူခွင့် ရသွားပြီ ဖြစ်သောကြောင့် မိမိဝါသနာပါ လေ့လာလုပ်ကိုင်ချင်ပါလျက် မလေ့လာမလုပ်ကိုင်ရသေး သည့် အလုပ်ကလေးများကိုလည်း လုပ်ကိုင်နိုင်ခွင့် ရှိသွားပြီ ဖြစ်သည်။ မိမိအတွက် လုပ်သင့်လုပ်ထိုက်ပါလျက် မလုပ်ရသေးသည့် ပုဂ္ဂိုလ်ရေး ကိုယ်ပိုင် ကိစ္စကလေးများကိုလည်း အားရပါးရ လုပ်ခွင့်ရပြီဖြစ်သည်။ ယင်းသို့ ဝါသနာပါသည့်အလုပ်နှင့် လုပ်သင့်လုပ်ထိုက်သည့် အလုပ် များကို လုပ်နိုင်ခွင့်ရရှိခြင်းသည်လည်း လူ့လောက လူ့ဘဝ၌ အလွန် အရသာရှိ၍ အလွန် ပျော်ရွှင်ဖွယ် ကောင်းသည့် အခွင့်အရေးကြီးကို

ရရှိခြင်းဖြစ်ပေသည်။ အလွန်ပျော်ရွှင်ဖွယ်ကောင်းသည့် ဘဝသစ်တခုကို အစပြုလိုက်ခြင်းပင် ဖြစ်ပေသည်။ ပင်စင်အငြိမ်းစားအဖြစ် အောင်ပွဲကြီးရခဲ့ရာမှ ဆက်လက်၍ အောင်ပွဲအသစ်များရရန် ဦးတည်လိုက်ခြင်းပင် ဖြစ်ပေသည်။

ထို့ကြောင့် အရှူးအမူးပျော်မြူးသူ ခြောက်ဦး စာရင်းပြု လင်္ကာထဲ၌ ပင်စင်အငြိမ်းစားကို ထည့်ထားခြင်းဖြစ်ပေသည်။

**ဧကစ္စလင်္ကာစိစစ်ချက်။** ။ဤဧကစ္စလင်္ကာ၌ "မကြိုက် မနှစ်သက်ပဲ ငြားရသည့် အိမ်ထောင်ဦးည၊ ထိပေါက်သည့် ကြားရ၍ ရှူးသွားသူ၊ ထောင်ကလွတ်ပြီး အခြားအမှုနှင့် ထပ်အဖမ်းခံရသူ၊ ရဟန်းလူထွက်ပြီး အဆက်အသွယ် လုပ်ထားသည့် အမျိုးသမီးက လက်မခံသောရဟန်းလူထွက်၊ နန်းတက်သည့်ညမှာပင် အဆိပ်မိသေဆုံးရသည့်ဘုရင်၊ ရသည့်လုပ်သက်ဆုငွေနှင့် ပင်စင်လစာများနည်းပါး၍ မလောက်မင စိတ်ညစ်ရသူပင်စင်စားများ ရှိတတ်ပေသေးရာ ဤအကြောင်းများကိုတင်ပြ၍ ဆရာကြီး ဦးစာကျော်အား....

"ဆရာ့လင်္ကာကလဲ မပြည့်စုံသေးပါဘူးလားဗျ"ဟု ဆင်ခြေတက်လိုက်ပါသည်။

"ဟုတ်ကဲ့- မပြည့်စုံသေးပါဘူး၊ ဒီလင်္ကာဟာလဲ မပြည့်စုံသေးလို့ **ဧကစ္စဝါဒလင်္ကာ** လို့ကျွန်တော် ပြောခဲ့တယ်လေ။ ပထမရွတ်ပြတဲ့ လင်္ကာဟာလဲမပြည့်စုံသေးလို့ပဲ **ဧကဝါဒလင်္ကာ** လို့ ကျွန်တော်ပြောခဲ့တယ်။ တကဲ့ပြည့်စုံတဲ့**သမာနဝါဒလင်္ကာလဲ ရှိ**သေးတယ်၊ ခင်ဗျား အဲဒီသမာနဝါဒလင်္ကာကိုလဲမှတ်ချင် မှတ်ထားပါ"

ဟု ဆရာဦးစာကျော်က ကျွန်တော်၏ဆင်ခြေတက်ချက်ကို ဖြေဆိုကာ သမာနဝါဒလင်္ကာကို ဆက်လက်ရွတ်ဆိုပြပါသည်။

## ပင်စင်အငြိမ်းစားနှင့်အမှန်တရား

### သမာနဝါဒလင်္ကာ

ပင်စင်အငြိမ်းစား၊ အိုယောကျ်ား၊
သင်အားယခု၊ လမ်းညွှန်ပြုအံ့၊
လူ့ဘဝတာ၊ တသက်လျာကား၊
မကြာခဏ၊ မြန်လွန်းလှ၏၊
တက်ကြွပျော်ဖွယ်၊ အားငယ်ညှိုးမှု၊
ကိစ္စစုကို၊ မပြုရှောင်ရှား၊
စွန့်ပယ်ထား၍၊ တရားအမှန်၊
သိမြင်ရန်သာ၊ ကြိုးစားကာဖြင့်၊
ထွက်ရာလမ်းစဉ်၊လိုက်စေချင်သည်၊
ပင်စင်အငြိမ်းစား၊ အိုယောကျ်ား။

ဆရာကြီး ဦးစာကျော်သည် ဤသမာနဝါဒလင်္ကာ ကိုလည်း ဧကေဝါဒလင်္ကာ, ကေစ္စေဝါဒလင်္ကာများကဲ့သို့ပင် သူ၏အသံသြသြကြီးဖြင့် လေးလေးပင်ပင် ဆွဲဆွဲငင်ငင် ရွတ်ဆိုပြပါသည်။

ဤ၌ ကျွန်တော်က စာရှုသူများကို ရှင်းပြစရာတခု ရှိနေပါသည်။ ဆရာကြီး ဦးစာကျော် ရွတ်ဆိုပြသည့် လင်္ကာသုံးပုဒ်တွင် ဧကေဝါဒ, ကေစ္စေဝါဒ, သမာနဝါဒ-ဟူသော အမည်သုံးမျိုး ပါရှိနေပါသည်။ ယင်းအမည်များသည် ပါဠိစာပေကျမ်းဂန်တို့မှလာသည့် အမည် ဝေါဟာရများဖြစ်ပါသည်။ မှန်ပါသည်၊ ပါဠိစာပေလောက၌ ဝါဒအယူအဆ အမျိုးမျိုးရှိပါသည်။ ယင်းတို့မှာ....

၁။ အပရေဝါဒ = အခြားသောဆရာတို့အယူအဆ။

၂။ ဧကေဝါဒ=တပါးသောဆရာ၏အယူအဆ။

၃။ ကေစ္စေဝါဒ=တမျိုးသောဆရာ၏အယူအဆ။

၄။ ကေစိဝါဒ=အချို့သောဆရာတို့၏အယူအဆ။

၅။ သမာနဝါဒ=အများလက်ခံသည့်ညီညွတ်သောဝါဒ—များဖြစ်ပါသည်။

၁-သည် ဆရာတူပုဂ္ဂိုလ်မျိုးဖြစ်၍၊ ၂-၃-သည် အရည်အသွေးတူ ပုဂ္ဂိုလ်ဖြစ်သည်။ ၄-ကား ပညာအရည်အသွေးယုတ်နိမ့်သူဟူ၍ အသိ အမှတ်ပြုထားပါသည်။ ၅-ကား အများသဘောကျဝါဒ ဖြစ်ပါသည်။

ယင်း ဝါဒငါးမျိုးကို ရှေးဆရာမြတ်တို့က နောင်လာ နောက်သား များ မှတ်သားလွယ်ကူစေရန်—

**အပရေမူ၊ ၊ ဆရာတူ၊ တူမူဧကော၊ ဧကစွေ၊**
**ယုတ်လေ ဧကစိထိုး၊-**

ဟူ၍ နိယံသံပေါက် ရေးသား စပ်ဆိုတော်မူခဲ့ကြပါသည်။

ဤသို့ ပါဠိစာပေလောက၌ ဝါဒ-အမျိုးမျိုးကို ခွဲခြားပြဆိုထား သကဲ့သို့ပင် ဆရာကြီးဦးစာကျော် ရွတ်ပြသည့် လင်္ကာသုံးပုဒ်မှာလည်း ဧကောဝါဒ, ဧကစ္စေဝါဒ, သမာနဝါဒ ဟူ၍ ဝါဒသုံးမျိုး ပါဝင်နေ ပါသည်။ နောက်ဆုံးပြဆိုသည့် သမာနဝါဒ-လင်္ကာမှာ တရားမျှတ နည်း လမ်းကျ၍ အများက ကောင်းသည်, မှန်သည်-ဟု လက်ခံနိုင်မည့်ဝါဒ လင်္ကာဖြစ်ပါသည်။

ရှင်းပြပါအံ့....

ပထမ ဧကောဝါဒ-လင်္ကာသည် ပင်စင်အငြိမ်းစားများ၏ ဘဝကို အခက်အခဲရှိကြောင်း ဝမ်းနည်းဖွယ်ကောင်းကြောင်း ရှုမြင်သုံးသပ်သည့် လင်္ကာဖြစ်ပါသည်။

ဒုတိယ ဧကစ္စေဝါဒ-လင်္ကာသည် ပင်စင်အငြိမ်းစားများ၏ ဘဝကို တက်ကြွ ပျော်ရွှင်ဖွယ်ကောင်းကြောင်း ရှုမြင်သုံးသပ်သည့် လင်္ကာဖြစ်ပါ သည်။

တရားသဘောအရ ဝေဖန်ကြည့်ပါမူ ပင်စင်အငြိမ်းစားတိုင်း၏ဘဝ ကို၊ ဝမ်းနည်းကြေကွဲ အခက်အခဲဘဝတွေချည်းသာ ဖြစ်သည်—ဟု ဆို ပြန်လျှင်လည်း အငြင်းပွားစရာ ဝမ်းသာရွှင်ပျ သာယာလှသည့်ပင်စင် အငြိမ်းစားဘဝများကလည်း ရှိနိုင်ပေသေးသည်။

ပင်စင်အငြိမ်းစားဘဝတိုင်းကို ဝမ်းသာရွှင်ပျ သာယာလှသည့်ဘဝ များဟု ဆိုပြန်လျှင်လည်း အငြင်းပွားစရာ ဝမ်းနည်းကြေကွဲ အခက်အခဲ ရှိနေသည့် ပင်စင်အငြိမ်းစားဘဝများကလည်း ရှိနေပြန်ပေသည်။

ယင်းသို့ တထစ်ချပြော၍ မရနိုင်သောကြောင့် ပထမလင်္ကာကို ဧကေဝါဒ=တပါးသောဆရာ၏ အယူအဆဖြစ်သည်။ ဒုတိယလင်္ကာကို ဧကစ္စဝါဒ=တမျိုးသောဆရာတို့ အယူအဆ—ဟူ၍ ခွဲခြားသတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ဒီလိုဆိုလျှင် ဖတ်ရှုလေ့လာသူတို့ လိုက်နာကျင့်သုံးစရာ အများလက်ခံနိုင်လောက်သည့် ညီညွတ်မျှတသည့် သမာနဝါဒ—လင်္ကာကိုလည်း ပြပါအုံးဆရာ-

ဟုမေးဖွယ်ရှိသောကြောင့် ဆရာကြီးဦးစာကျော်က တတိယသမာနဝါဒ-လင်္ကာကို ရွတ်ဆိုပြခြင်း ဖြစ်ပေသည်။

ယင်း သမာနဝါဒ-လင်္ကာ၏ အဓိပ္ပါယ်မှာ .... "ပင်စင်အငြိမ်းစားသဘိတ်သားပါ၊ လူ့ဘဝတသက်တာနေရသည်မှာ တခဏကလေးသာ ဖြစ်ပါသည်၊မကြာပါဘူး၊အလွန်တိုတောင်း၍ လျင်မြန်လှပါသည်၊ ပျော်ရွှင်တက်ကြွစရာ-ဟု ရှုမှတ်ပြီး ပျော်ရွှင်တက်ကြွနေလို့လဲ ကိုယ့်အတွက် အကျိုးရှိမည်မဟုတ်ပါ။ အားငယ်ညှိုးနွမ်းစရာ-ဟု ရှုမြင်သုံးသပ်ပြီး အားငယ်ညှိုးနွမ်းနေလို့လဲ ကိုယ့်အတွက် အကျိုးရှိမည်မဟုတ်ပါ။ ထို့ကြောင့် အကျိုးမရှိမည့် ညှိုးမှု, ပျော်မှု နှစ်မျိုးလုံးကို ပြုလုပ် အချိန်ကုန်မခံပဲ **ကိုယ့်အကျိုးရှိစေနိုင်မည့် အမှန်တရားကိုသိမြင်ရန်နှင့် ကိုယ့်ထွက်ရာလမ်းအတွက်သာ ကြိုးစားလုပ်ကိုင်ပါလေ**" ဟု ဆိုလိုပေသည်။

**လူ့ဘဝ တခဏ**။ ။မှန်ပါသည် ကျွန်တော်တို့သည် ကျွန်တော်တို့၏ နေထိုင်လာခဲ့ရသည့် ဘဝတသက်တာကို ပြန်လည်သုံးသပ်ကြည့်လိုက်ပါလျှင် ဘယ်လောက်မျှ ကြာသည်မဟုတ်ပါ။ ယခုအသက်ငါးဆယ်ကျော်အရွယ်က နောက်ပြန်ပြီးကြည့်လိုက်ပါလျှင် လေးဆယ်အရွယ်၊ သုံးဆယ်အရွယ်၊ နှစ်ဆယ်အရွယ်၊ တစ်ဆယ်နှစ်အရွယ်များသည် မနေ့က တနေ့က တရက်နှစ်ရက်လောက်ဟု ထင်ရလောက်အောင် လျင်မြန်စွာ ရောက်ရှိကုန်လွန်ခဲ့သည် မဟုတ်ပါလား။

ဤနည်းအတိုင်းပင်လျှင် ကျွန်တော်တို့အသက် ခုနစ်ဆယ်၊ ရှစ်ဆယ်၊ ကိုးဆယ်အရွယ် ရောက်သောအခါ၌ နောက်ပြန်ကြည့်လိုက်လျှင် နှစ်

ပေါင်းမည်မျှပင် များပြားစေကာမူ မနေ့တနေ့က တရက်နှစ်ရက်ခန့်မျှ ဟုသာ ထင်ရပေလိမ့်မည်။

ဤသည်မှာ ကျွန်တော်၏ ကိုယ်တိုင်သုံးသပ်ချက်အရ လူ့ဘဝ တိုတောင်းလျင်မြန်ပုံ ဖြစ်ပါသည်။ စာထဲပေထဲမှာတွေ့ရသည့် လူ့ဘဝ တိုတောင်းပုံကလေးကိုလည်း စာရှုသူများ သိရှိစေရန် တင်ပြလိုပါ သေးသည်။

**လင်ချစ်နတ်သမီး။** ။တာဝတိံသာ နတ်ပြည်မှာ နတ်သားတယောက် ရှိသည်။ သူ့မှာ မယားပေါင်းတထောင်ရှိသည်။ တနေ့တော့ ဥယျာဉ်ထဲသွား၍ မိမိမယားနတ်သမီးကလေးတွေနှင့် ပန်းခူး ပန်းသီကုံးကစားသည်။ နတ်သမီးတထောင်ထဲမှ နတ်သားကိုအလွန်ချစ်ခင် သူ နတ်သမီးကလေးတယောက်သည် ပန်းသီကုံးနေစဉ် ဗျုံးကနဲသေ၍ လူ့ပြည်သွားပြီး သဌေးသမီးဖြစ်သည်။ သဌေးသမီးသည် နောက်ဘဝ ကိုပြန်သိနိုင်သော **ဇာတိဿရဉာဏ်**ကို ရသည်။ သူ နတ်ဘဝတုန်းက အဘူနေခဲ့ရသည့် နတ်သားကိုပစ်၍ ပန်းသီကုံးနေစဉ် သေခဲ့ရပုံကိုမှတ်မိ သည်။ သူ၏ချစ်သူနတ်သားနှင့် ပြန်တွေ့ဆုံရန်အတွက် လူမှန်းသိကတည်း ကပင် ကုသိုလ်ကောင်းမှုပြု၍ ဆုတောင်းသည်။

အရွယ်ရောက်၍ လူ့ဘဝအိမ်ထောင်ကျပြီး ကလေးလေးယောက် မျက်နှာမြင်ပြီး ရောဂါတခုဖြင့်သေသည်။ သေပြီးလျှင် သူဆုတောင်း သည့်အတိုင်း နတ်ဘဝလင်ယောကျ်ား နတ်သားထံ ပြန်၍နတ်သမီးဖြစ် သည်။ သူ နတ်သမီးဖြစ်သောအခါ၌ သူ၏လင်နတ်သားနှင့် အပေါင်း အသင်း နတ်သမီးများမှာ ဥယျာဉ်ထဲ ပန်းခူးကြ ပန်းသီကုံးကြတုန်းပင် ဖြစ်သည်။ ထိုအခါ သူ၏လင် နတ်သားကမေးသည်....

"မင်းခုတင်က ဘယ်သွားနေသလဲ၊ မမြင်ရပါဘူး"

"ကျမ ရှင်မသိလို့ပါ၊ဒီဘဝကသေပြီး လူ့ပြည်မှာ သဌေးသမီး သွားဖြစ်တယ်၊ အရွယ်ရောက် အိမ်ထောင်ကျပြီး ကလေး လေး ယောက်မွေးပြီးမှ လူ့ဘဝကသေတယ်၊ ရှင့်ကိုသတိရ၍ ရှင်နှင့်ပြန်

တွေ့ဆုံရန် ဆုတောင်းကာ ကုသိုလ်ကောင်းမှုပြုလို့ အခု ရှင့်ဆီ ပြန်ရောက် နတ်သမီးဖြစ်တာပါပဲ''လို့ ပြန်ဖြေတယ်။

''ဟုတ်ယ် တယ်မြန်ပါလား၊ ဒီလောက်တိုတောင်းလျင်မြန်တဲ့ လူ့ဘဝ အခါကလေးမှာ လူတွေဟာ မမေ့မလျော့ ကုသိုလ်မှုပြုကြရဲ့လား''လို့ ထပ်မေးတယ်။

''ဘယ်မှာကုသိုလ်မှုပြုဖို့ သတိရမှာလဲ၊ ဒီဘဝတခဏကလေးကို သူတို့က မေ့ပြီးပျော်လိုက်ကြတာ၊ မနာ မအို မသေပဲ အသက်အသခံ့ရှည်နေရမလို ထင်နေကြတယ်''လို့ ပြန်ဖြေတဲ့အခါမှာ....

''ဒီမျှတိုတောင်းလျင်မြန်တဲ့ တခဏ အသက်တာမှာဖြစ်ရတဲ့ လူတွေသည် ဤသို့ မေ့လျော့အိပ်စက်နေကြမည်ဆိုလျှင် ဘယ်လိုလုပ်၍ ဘယ်အခါကျမှ ဝဋ္ဋဆင်းရဲက လွတ်ကြတော့မှာလဲ'' ဟူ၍ ထိတ်လန့်သံဝေဂရလေသည်။

ဤသို့ ဖြစ်ရသည်မှာ လူတို့၏ အတိုင်းအတာ အနှစ်တရာသည် တာဝတိံသာနတ်တို့၏ အတိုင်းအတာဖြင့် တရက်မျှသာရှိသောကြောင့် ဖြစ်သည်။ ဤအဖြစ်အပျက် ဝတ္ထုကို **ဓမ္မပဒအဋ္ဌကထာကျမ်း** ပဌမတွဲ စာမျက်နှာ(၂၂၉)မှ သဘောပြနည်း မြန်မာပြန်၍ ရေးသားတင်ပြပါသည်။ စာပေ၌ရှိသော ဤဝတ္ထုအရလည်း လူ့ဘဝတခဏကလေးသာ ဖြစ်သည်ကို သိနိုင်ပါသည်။

ဤမျှ တိုတောင်း လျင်မြန်လှသော လူ့ဘဝ ခဏတာကလေး၌ ပျော်ရွှင်တက်ကြွဖွယ်အာရုံတွေကို လိုက်စားနေခြင်းဖြင့် လည်းကောင်း၊ ညှိုးငယ်စိတ်ပျက်ဖွယ် အားလျော့ဖွယ်အာရုံတွေကို ဂရုပြုနေခြင်းဖြင့် လည်းကောင်း ဘဝတသက်တာ ကုန်ဆုံးပျက်သုဉ်းသွားစေရန် မသင့်တော်ပေ။ တန်ဖိုးရှိလှသောလူ့ဘဝကို ရတုန်းရခိုက်မှာ အချည်းနှီး အလကားကိစ္စတွေကို အနှောင့်အယှက်မကပ်နိုင် မသိနိုင်အောင် မောင်းထုတ်၍ မိမိအတွက် အရေးကြီး တန်ဖိုးရှိ၍ လိုအပ်လှသော အမှန်တရားသိမြင်ရန်အတွက်သာ ကြိုးစားပြုလုပ်သင့်ချေသည်။

ယခုအခါ၌ ဘဝတသက်တာအတွက် မိမိလုပ်ဆောင်ရန် တာဝန်ဝတ္တရားများကို သာသနာတော်အတွက် နိုင်ငံတော်အတွက်နှင့် မိမိ၏စားဝတ်နေထိုင်ရေးအတွက် ကြိုးကြိုးစားစား သတိကြီးကြီးထား၍ လုပ်ဆောင်အောင်မြင်ခဲ့ပြီ ဖြစ်သောကြောင့် မိမိဝါသနာပါရာ အလုပ်နှင့် မိမိအတွက် လိုအပ်ရာအလုပ်များကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အခွင့်အရေးကြီးဖြစ်သည့် ဝဏ္ဏသာယ ဘဝပဒေသာ အချိန်အခါကို ခံယူရရှိခဲ့လေပြီ။ မိမိအတွက် အလွန်လိုအပ်သော တရားအမှန်ကို ရရှိသိမြင်အောင် လုပ်ဆောင်ရန် အခွင့်အလမ်းသာခဲ့လေပြီဖြစ်သည်။တရားအမှန်သိမြင်ရေးအတွက် ဆောင်ရွက်လုပ်ကိုင် အောင်မြင်ခဲ့ပါလျှင် အခြားကိစ္စအမျိုးမျိုးကိုလည်း ဆောင်ရွက်အောင်မြင်နိုင်မည် ဖြစ်ပါသည်။

ပွင့်လင်းသာယာစွာ ဖြစ်ပေါ်လာသည့် အခွင့်အရေးကို လက်မလွှတ်စေပဲ လက်ဆုပ်လက်ကိုင် အပိုင်ရအောင် မိမိရရ ကြိုးကြိုးစားစား အားသွန်ခွန်စိုက် လုပ်ဆောင်အရယူရန်သာ လိုပေတော့သည်။

**လူသားတို့၏ထွက်ရာလမ်း**

ဤတွင် လေးလေးနက်နက် ဆက်လက်၍ ကျွန်တော်တွေးမိပါသည်။ အမှန်တရား သိမြင်ရေးဟူသော ထွက်ရာလမ်းသည် ပင်စင်အငြိမ်းစားများနှင့်သာ ကန့်သတ်၍ သက်ဆိုင်သည်မဟုတ်ပါ။ ပင်စင်အငြိမ်းစားများကဲ့သို့ပင်လျှင် လူသားတိုင်းမှာ ဘဝသံသရာ၌ ရှင်လန်းအားရတက်ကြွမြူးပျော်ဖွယ်တွေ အသင်္ချေအနန္တ တွေ့ကြုံရ, ဆုံကြရ, ကုံကြရပါသည်။ အားငယ်ညှိုးနွမ်း ပင်ပန်းဆင်းရဲမှုတွေ အသင်္ချေအနန္တနှင့် ကြုံကြရ, ဆုံကြရပါသည်။

ယင်း အကောင်း, အဆိုးနှစ်ပါး လောကဓံတရားများ၏ နောက်ဆွယ်မှာ ဝဲလည်လိုက်နေရန် မသင့်ပါ။ အမှန်တရားသိမြင်၍ ထွက်ရာလမ်းစဉ်လိုက်ရန်မှာ လူသားတိုင်း လူသားတိုင်းမှာ လိုအပ်လှပါသည်။

ဤအကြောင်းကို ဆရာကြီး ဦးစာကျော်အား တင်ပြဆွေးနွေးသောအခါ-

"အေး....ဟုတ်သကွဲ့၊ အမှန်တရား သိမြင်ခြင်းဆိုတဲ့ ထွက်ရာလမ်းစဉ်ဟာ ပင်စင်အငြိမ်းစားများသာမက လူသားတိုင်းမှာ လိုအပ်သကွ၊ လူသားတိုင်းဟာ အမှန်တရားသိမြင် ထွက်ရာလမ်းစဉ်ကို လိုက်သင့်သဟေ့"

ဟူ၍ ပြောဆိုပြီးလျှင် "ပင်စင်အငြိမ်းစားနှင့် အမှန်တရား" လင်္ကာကို ပြင်ဆင်၍ ရွတ်ဆိုပြပါသည်။

## လူသားတို့အတွက် ထွက်ရာလမ်းစဉ်

## သမာနုဝါဒလင်္ကာ

အိုဘဲ့လူသား၊ စွဲမှတ်ထားလော့၊
သင်အားယခု၊ လမ်းညွှန်ပြုအံ့၊
လူ့ဘဝတာ၊ တသက်လျှာကား၊
မကြာခဏ၊ မြန်လွန်းလှ၏၊
တက်ကြွပျော်ဖွယ်၊ အားငယ်ညိုးမှု၊
ကိစ္စစုကို၊ မပြုရှောင်ရှား၊
စွန့်ပယ်ထား၍၊ တရားအမှန်၊
သိမြင်ရန်သာ၊ ကြိုးစားကာဖြင့်၊
ထွက်ရာလမ်းကို၊ လိုက်စေလိုသည်၊
အိုဘဲ့လူသား၊ စွဲမှတ်ထား။

ဤလင်္ကာကိုရွတ်ဆိုပြပြီးလျှင် ကျွန်တော်တို့၏ ဆရာကြီးဦးစာကျော်သည် ဝါတော်ခြောက်ဆယ် ရရှိပြီးသော မဟာထေရ်ကြီးပမာ ဣန္ဒြေကြီးမားစွာဖြင့် မလှုပ်မရှား ငြိမ်သက်နေသည်ကို တွေ့မြင်ရပါသည်။

# ၂။ ဒုတိယအပိုင်း

## ဤအပိုင်း၌

☆ ပင်စင်အငြိမ်းစားများ နှင့်လူသားများ သိမြင်သင့်သည့် အရိယသစ္စာခေါ်တရား အမှန်ကို သဘောတရား၊ အကြောင်း၊ အကျိုး အမျိုးမျိုးနှင့်တကွ စိစစ်ဝေဖန် ပြဆိုထားသည်။

☆ တရားအမှန် အရိယသစ္စာကို သိမြင်ရန် အတွက် လိုက်နာကျင့်သုံးဖွယ် ထွက်ရာလမ်း ကျင့်စဉ်ဆယ်ပါးကို အကျဉ်းချုပ် ဖော်ပြထားသည်။

# သိမြင်ထိုက်သည့်အမှန်တရား

## အမှန်တရား စိစစ်ချက်လင်္ကာ

အမှန်တရား၊ သစ္စာများကား၊
နှစ်ပါးတိတိ၊ ကျမ်းလာရှိ၏၊
သမုတိ, ပရမတ်၊ ဤနှစ်ရပ်တည့်၊
ပရမတ်မှ၊ ခွဲပေကမူ၊
သဘာဝတဖြာ၊ အရိယာတတန်၊
မွှားခဲ့ပြန်ရာ၊ နောက်ဆုံးပါသည့်၊
အရိယာသခင်၊ ထေရ်အရှင်တို့၊
ကြည်လင်သိအပ်၊ သစ္စာမြတ်ကို၊
စွဲမှတ်ထင်ထင်၊ သိစေချင်သည်၊
စိတ်တွင်မှတ်ထား၊ အိုလူသား။

"ဆရာကြီးခင်ဗျား ... ဆရာကြီး၏ သမ္မာနဝါဒလင်္ကာက
တရားအမှန်ကိုသာ သိရန်ကြိုးစားပါလို့ ညွှန်ကြားပါသည်။
တရားအမှန်က ဘယ်လိုပါလဲ"—

ဟူ၍ ကျွန်တော်တို့ကမေးသောကြောင့် ဆရာကြီးဦးစာကျော်က အထက်ပါ တရားအမှန် စိစစ်ချက်လင်္ကာကို ရွတ်ဆိုပြပါသည်။ ရွတ်ဆိုရာ၌ ထုံးစံအတိုင်းပင် အသံသြသြကြီးဖြင့် လေးလေးပင်ပင် ဆွဲဆွဲငင်ငင် ရွတ်ဆိုပြပါသည်။ လင်္ကာအဓိပ္ပါယ်မှာ—

အမှန်တရားသစ္စာတို့မှာ နှစ်ပါးရှိသည်၊ နှစ်ပါးမှာ-သမုတိသစ္စာနှင့် ပရမတ္ထသစ္စာတို့ဖြစ်သည်။ ပရမတ္ထသစ္စာမှ...သဘာဝသစ္စာ, အရိယသစ္စာဟူ၍ နှစ်ပါးပြားသည်။ ယင်းတွင် နောက်ဆုံးဖြစ်သည့် အရိယာသူတော်မြတ်တို့ ပိုင်းခြားသိမြင်အပ်သော အရိယသစ္စာ အမှန်တရားကို ပင်စင်အငြိမ်းစားများနှင့် လူသားများ သိစေချင်သည်....ဟု ဆိုလိုပါသည်။

ဤတွင် လင်္ကာ၏အဓိပ္ပာယ်မှာ ကျဉ်းလွန်း၍ မသိသာသေးလေသော ကြောင့် သိသာစေရန် အနည်းငယ်ရှင်းလင်း၍ အကျယ်ရေးပြပါမည်။

သစ္စဓမ္မ-ဟူသော ပါဠိစကားလုံးကို အမှန်တရား-ဟု မြန်မာဘာသာ စစ်စစ်ဖြင့် ပြန်ဆိုထားခြင်းဖြစ်ပါသည်။ ယင်း သစ္စဓမ္မခေါ် အမှန်တရား သည် ဗုဒ္ဓစာပေကျမ်းဂန်တို့၌—

၁။ သမုတိသစ္စာ၊

၂။ ပရမတ္ထသစ္စာ—

ဟူ၍ နှစ်မျိုးပြဆိုပါသည်။ (ပဉ္စပကရဏအဋ္ဌကထာ၊ နှာ-၁၃၉၊စသည်)

**သမုတိသစ္စာ။** ။သမုတိသစ္စာ ကို မြန်မာစစ်စစ်ဖြင့် မြန်မာလူမျိုးများ နားလည်အောင် ပြန်ဆိုရမည်ဆိုလျှင် "စကားလုံး အမှန်တရား" ဟု ပြန်ဆိုသင့်ပါသည်။ ရှင်းပါအံ့—

အချိန်ကာလ၊ အရပ်ဒေသ၊ အမျိုးကုလ-အားလျော်စွာ အရာဝတ္ထု၊ အမှုအမူတခုခု အကြောင်းတခုခုကို အစွဲပြု၍ "ဤအရာကို ဤသို့ ခေါ်ကြစို့" ဟု ပညတ်သတ်မှတ်၍ ဆက်လက် ခံယူ သုံးစွဲ ပြောဆိုသည့် စကားလုံးသည် ထိုအချိန်ကာလ၊ အရပ်ဒေသ၊ အမျိုးကုလ-တို့ အတွက် နားလည်စေခြင်းအားဖြင့် မှန်ကန်သည်ကို "စကားလုံးအမှန်တရား" ဟု မြန်မာသိုခေါ်နိုင်သော သမုတိသစ္စာဖြစ်သည်။ ပုံစံထုတ်ပြပါမည်....

ယခုလောလောဆယ် မြန်မာစကားကိုသုံးစွဲနေသည့် အချိန်၌ မြန်မာ ပြည်တွင် မြန်မာလူမျိုး တဦးတယောက်က မြန်မာလူမျိုးတဦးတယောက် အား ပူလောင်သောသဘော၊ တောက်ပဝင်းလက်သော အဆင်းရှိသော လောင်ကျွမ်းစေတတ်သည့် အရာကို အလိုရှိသောကြောင့် "မီးပေးပါ" ဟု တောင်းလျှင်၊ ပြောလျှင်၊ ထိုအပြောခံရသည့် မြန်မာလူမျိုးက ကြားသိရသောအခါ မီးကိုတောင်းကြောင်း နားလည်သည်။ ရေကို တောင်းသည်ဟု နားမလည်နိုင်ချေ။ ဤသို့ နားလည်ခြင်းသည် "မီး" ဟူသော အရာဝတ္ထုကိုပြဆိုသည့် နာမ် ဝေါဟာရစကားလုံး၏ မှန်ကန် ခြင်း သမုတိသစ္စာဖြစ်သည်။ ဤနည်းအတူပင်လျှင် "ပေးပါ" ဟူသော

အပြုအမူသဘောကိုလည်း "တောင်းသူအား ရွေးရှုလှမ်းကမ်း ညွတ်ကိုင်းခြင်းသဘောဖြစ်သည်" ဟု နားလည်၍ တခြားလှင့်မပစ်လိုက်ပဲ ပေးလိုက်ပေလိမ့်မည်။ ဤသည်မှာ ပေးပါဟူသော အပြုအမူကို ပြဆိုသည့် ကြိယာဝေါဟာရ စကားလုံး၏မှန်ကန်ခြင်း သမုတိသစ္စာ ဖြစ်ပေသည်။

ဤသို့ အရာဝတ္ထုပြစကားလုံး နာမ်ဝေါဟာရနှင့် အပြုအမူပြစကားလုံး ကြိယာဝေါဟာရတို့၏ မှန်ကန်ခြင်းသည် သမုတိသစ္စာဖြစ်သည်။ စကားလုံးမှန်ကန်ခြင်းဖြစ်သည်။

ယင်းသို့ သမုတိသစ္စာခေါ် စကားလုံးမှန်ကန်ခြင်းသည် အချိန်ကာလ၊ အရပ်ဒေသ၊ အမျိုးကုလ-စသည်ဖြင့် အမျိုးမျိုးများလှ၏။ ယင်းသမုတိသစ္စာသည် မှန်ကန်ခြင်း၌ အကြောင်းရင်းရှိ၏။ အကြောင်းရင်းမှာ လူတို့သတ်မှတ် ပညတ်သုံးစွဲခြင်းပင် ဖြစ်ပေသည်။ လူအများက ဤအရာကို "မီး" ဟု သတ်မှတ်ပညတ်၍ အသုံးပြုခြင်း၊ ဤအပြုအမူကို "ပေးခြင်း" ဟု သတ်မှတ်ပညတ် ၍ သုံးစွဲခြင်းတို့ပင်ဖြစ်သည်ဟု ဆိုလိုပေသည်။ ဤမျှဆိုလျှင် သမုတိသစ္စာခေါ် စကားလုံး အမှန်တရား အကြောင်း ရိပ်မိလောက်ပြီဟု ထင်မြင်ပါသည်။

**၂။ ပရမတ္ထသစ္စာ။** ။ပရမတ္ထသစ္စာ—ဟူသည် ပါဠိဘာသာစကားလုံး ဖြစ်ပါသည်။ တကယ့်အမှန်မှာ ပရမတ္ထသစ္စ—ဟု "စ္စ"ရဿသံတိုဖြင့်ခေါ်မှ ပါဠိသံမှန်ကန်ပါမည်။ ပရမတ္ထသစ္စာ-ဟူသည်မှာ မြန်မာတို့၏လေယူလေသိမ်းအတိုင်း "စ္စာ"ဟု ဒီဃခေါ်အသံရှည်ဖြင့် ခေါ်ဆိုခြင်းဖြစ်ပါသည်။ မြန်မာမှုပြုထားသော ယင်းပရမတ္ထသစ္စာဟူသောပါဠိစကားလုံးကို "လွန်မြတ်သည့် သဘော အမှန်တရား" ဟု ပြန်ဆိုရပါသည်။ ဉာဏ်ထောက်မီသမျှ ရှင်းပြပါအံ့—

ပရမတ္ထသစ္စာ-ဟူသောပါဠိစကားလုံးမှာ မူရင်းတလုံးတည်း မဟုတ်ပါ။ "ပရမ"တပုဒ်၊ "အတ္ထ" တပုဒ်၊ "သစ္စ" တပုဒ်အားဖြင့် သုံးပုဒ်စုပေါင်းထားသော ပုဒ်စုတစုဖြစ်ပါသည်။ သုံးပုဒ်ပေါင်းမှ ပရမတ္ထသစ္စ ဟု တပုဒ်ဖြစ်နေ ပါသည်။ ပရမ ဟူသော ပါဠိဘာသာ စကားလုံးသည်

"လွန်မြတ်" ဟု မြန်မာအဓိပ္ပာယ်အနက်ရှိပါသည်။ မြန်မာစကား၌ "အမြတ်" ဟူသော စကားလုံးကို ကြီးကဲခြင်းနှင့်တွဲ၍ "ကြီးမြတ်" ဟု ပြောသည်။မြင့်မောက်ခြင်းနှင့်တွဲ၍"မြင့်မြတ်"ဟုပြောသည်။လွန်ကဲခြင်း နှင့်တွဲ၍"လွန်မြတ်"ဟု ပြောသည်။ ဤနေရာ၌ အမှန်တကယ်သဘော အားဖြင့် ထင်ရှားရှိသောတရားဟူသမျှသည် ပရမတ္ထအမည်ရသည့်တရား လေးမျိုးထဲသို့သာ သက်ဝင်သည်။ ပရမတ္ထအမည်ရသည့် တရားလေးမျိုး မှတပါး လွတ်ထွက်မသွားနိုင်သောကြောင့် ပရမတ္ထတရားများကသာ အလွန်ကဲဆုံးဖြစ်၍ မြတ်သည်။ ထိုကြောင့် "ပရမ"ဟူသော ပါဠိဘာသာ စကားလုံးကို "လွန်မြတ်" ဟု မြန်မာပြန်ဆိုရပေသည်။

**အတ္ထ**—ဟူသောပါဠိစကားလုံးကို "သဘောတရား" ဟု မြန်မာပြန် သင့်သည်။ အတ္ထ-ဟူသောပါဠိသဒ္ဒါသည် အကျိုးတရား၊ သဒ္ဒါကပြ ဆိုသည့်အနက်၊ ဝတ္ထုအထည်ကိုယ် ထင်ရှားရှိသော သဘောတရား၊ အနက်-စသည်ဖြင့် အနက်ကိုးမျိုးကိုဟောနိုင်သည်။ ဤနေအရာ၌မူ ဝတ္ထု အထည်ကိုယ် ထင်ရှားရှိသော သဘောတရား-ဟူသောအနက်ကို ယူသင့် သည်။

**သစ္စ**-ဟူသောပါဠိစကားလုံးကို မှန်ကန်ခြင်းဟု မြန်မာပြန်ဆိုသင့် သည်။ဤ၌ သစ္စ-မှာ ပါဠိသံအမှန်၊ သစ္စာ-မှာ မြန်မာသံအမှန်ဖြစ်သည်။

ထိုကြောင့် ပရမ+အတ္ထ+သစ္စာ=သုံးပုဒ်ပေါင်းလိုက်၍ ပရမတ္ထသစ္စာ- ဟု တပုဒ်တည်းဖြစ်လာသောအခါ "လွန်မြတ်သော သဘောတရား, အမှန်တရား"ဟု ပြန်ဆိုရမည်ဖြစ်သော်လည်း တရားနှစ်ပုဒ်ပါရှိနေရာ တပုဒ်ကိုဖျောက်ပြီး "လွန်မြတ်သော သဘောအမှန်တရား"ဟု ပြန်ဆို ရပေသည်။ ယင်းပရမတ္ထသစ္စာသည် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ဟု လေးမျိုးရှိပေသည်။

ပရမတ္ထသစ္စာကို နားလည်စေရန်အတွက် မြန်မာဘာသာဖြင့် ရေး သားထားသည့် လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ **ပရမတ္ထသံခိပ် ဋီကာ**၊ အရှင်ဇကာဘိဝံသ၏ **အခြေပြုသင်္ဂြိုဟ်**၊ **သင်္ဂြိုဟ်ဘာသာဋီကာ**၊ **ကိုယ်ကျင့်အဘိဓမ္မာကျမ်း** စသည်တို့ကို လေ့လာသင့်ပါသည်။

**သစ္စာနှစ်ပါးထူးခြားပုံ။** ။သမုတိသစ္စာနှင့် ပရမတ္ထသစ္စာတို့သည် အလွန်ကွဲလွဲထူးခြားသည်။

သမုတိသစ္စာမှာ **ဆပ်ပြာပူဖောင်း၊ အိပ်မက်၊ မျက်လှည့်** များကဲ့သို့ အပေါ်ယံ အသံမျှသာရှိသည်။ အောက်အတွင်းဘက် အနှစ်အသား မရှိချေ။

ဆပ်ပြာမြှုပ်ကို ပြွန်တံဖြင့်တို့၍ မှုတ်သောအခါ ပုလဲလုံး၊ ရွှေလုံးကဲ့သို့ လှပသော **ပူဖောင်း** ဖြစ်လာသည်။ လက်ဖြင့်ကိုင်လိုက်သောအခါ ပေါက်ကွဲသွားပြီး ဘာမျှမရှိတော့ပေ။

**အိပ်မက်သည်** အိပ်ပျော်နေစဉ်၌ တကယ်ပင်ရှိနေသကဲ့သို့ ထင်ရလောက်အောင် စိတ်ဓာတ်ကိုဆွဲဆောင်နိုင်သည်။ အိပ်ရာမှနိုးလာသောအခါ ဘာတခုမျှ မရှိ၊ မမြင်၊ မကြားမတွေ့ရတော့ပေ။

**မျက်လှည့်** ပြရာ၌လည်း မျက်လှည့်ဆရာ ဖန်ဆင်းပြသကဲ့သို့ ကြည့်ရှုနေသူများ တကယ်ထင်ရလောက်အောင် စိတ်ဓာတ်ကို လှည့်စားပြသ ပြောဆိုနိုင်ပေသည်။ မျက်လှည့်ပွဲသိမ်းသောအခါ၌ ဘာမျှတကယ် မဟုတ်ပဲ ပျောက်ကွယ်သွားတတ်ပေသည်။

ဤဥပမာများအတူပင်လျှင် သမုတိသစ္စာသည်လည်း ဝေါဟာရ အမျိုးမျိုး အရာဝတ္ထု အပြုအမူအမျိုးမျိုး ရှိသည်ဟုထင်ရသော်လည်း တကယ်တန်း အနှစ်အသား အစစ်တရားကို စိစစ်ရှာဖွေသောအခါ အမှန်တကယ် မတွေ့နိုင်၊ မသိနိုင်ပဲ ပျောက်ကွယ်သွားတတ်ပေသည်။

ပရမတ္ထသစ္စာမှာမူကား ယင်းသို့မဟုတ်ချေ။ အလွန်စေ့စပ်သေချာ၍ မှန်ကန်သော **ရတနာတိုက်အညွှန်းသိုက်စာ** ကဲ့သို့ လည်းကောင်း၊ အလွန်တတ်သိကျွမ်းကျင်လှသော ဆေးဆရာကြီး၏ **ဆေးညွှန်း** ကဲ့သို့လည်းကောင်း ညွှန်းဆိုသည့်အတိုင်း တိကျမှန်ကန်လှလေသည်။

ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားစသော ရတနာများကို သေချာကျနစွာ မြှုပ်နှံထားပြီး မရွေ့မပြောင်းနိုင်သည့် မည်သည့်အရာဝတ္ထု၏ တောင်ဘက်၊ အနောက်ဘက်၊ မြောက်ဘက်၊ အရှေ့ဘက်၊ မည်မျှအကွာနေရာတွင် မည်မျှအနက်၌ မည်သည့်ပစ္စည်းများ ဖုံးအုပ်လျက် မြေဖို့ကာ မည်

သည့်အမှတ်အသားဖြင့် စိုက်ထူထားသည့်နေရာ၌ မြုပ်ထားသည် -ဟု မှတ်သားထားသော သိုက်စာအရ ရှာဖွေတူးဖော်လျှင် အမှန်မုချ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား-စသော ရတနာများကို တွေ့မြင်ရရှိ အကျိုးခံစားရသကဲ့သို့လည်းကောင်း။—

ကုသ၍ရမည့် ရောဂါဝေဒနာ စွဲကပ်နှိပ်စက်နေသူအား ဇီဝကသမားတော်ကြီး ကဲ့သို့ ဆေးပညာအရာ တတ်ကျွမ်းလိမ္မာလှသော သမားတော်ကြီးသည် ''မိမိ၏ဆေး ဘယ်မျှ အတိုင်းအတာကို မည်သည့် အချိန်တွင် မည်သည့်ဆေးဘက်ဖြင့် ရော၍သောက်ပါ ရှုပါ လိမ်းပါ'' ဟု ညွှန်ကြားကုသလိုက်သောအခါ ထိုရောဂါဝေဒနာရှင်သည် ဆရာကြီး ညွှန်ကြားသည့် အတိုင်းပင်လျှင် စားခြင်း ရှူခြင်း လိမ်းခြင်းတို့ကိုပြုလုပ်သောအခါ အမှန်မုချ ထိုစွဲကပ်နေသော ရောဂါပျောက်ကင်း၍ ချမ်းသာ သကဲ့သို့လည်းကောင်း စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်-ဟူသော ပရမတ္ထသစ္စာတရားတို့သည် သူတို့၏သဘော၊ သူတို့၏လက္ခဏာဖြင့် ညီညွတ်မှန်ကန်စွာ ထင်ထင်ရှားရှား တည်ရှိနေကြလေသည်။ ယင်းသို့ တည်ရှိနေခြင်းသည်ပင်လျှင် မှန်ကန်သော ပရမတ္ထသစ္စာဖြစ်သည်။ ဤသို့ သမုတိသစ္စာ တရားနှင့် ပရမတ္ထသစ္စာတရားတို့ ထူးခြားပေသည်။

သမုတိသစ္စာသည် မှတ်သားမှု-သညာတရား အကြောင်းရင်းပြု၍ ဖြစ်ပေါ်လာသည်။ ပရမတ္ထသစ္စာသည် ပိုင်းခြားသိမှု-ပညာတရားအကြောင်းရင်းပြု၍ ဖြစ်ပေါ်လာသည်။ ရှင်းပြပါအံ့—

အဦးအစပုဂ္ဂိုလ်များက မိုးကောင်းကင် အရှေ့စွန်းမှ နေ့အခါထွက်ပေါ်လာသည့် အလင်းရောင်အပူဓာတ်ပေးနိုင်သောထွန်းလင်းတောက်ပသည့် လုံးလုံးဝိုင်းဝိုင်း အရာဝတ္ထုကြီးကို ''နေ'' ဟု အသိအမှတ်ပြု မှတ်သား၍ ''နေ'' ဟု ခေါ်ဝေါ်ပြောဆိုခဲ့သည်။ အခြား လူများ၊ နောက်လာနောက်သား လူအများကလည်း ဆက်လက်၍ ''နေ'' ဟု ပင်အမှတ်ပြု၍ ခေါ်ဝေါ်ပြောဆိုသည်။ ဤသို့ဖြင့် ''နေ'' ဟူသော ဝေါဟာရတခု၊ စကားလုံးတခု ဖြစ်နေတော့သည်၊ ဤသို့ သမုတိသစ္စာသည် မှတ်သားမှု—သညာတရား အကြောင်းရင်းဖြစ်ကြောင်း သိရပေသည်။

**မြတ်ဗုဒ္ဓ** ရှင်တော်ဘုရားက **သဗ္ဗညုတဉာဏ်တော်ဖြင့်** ကွန့်မြူး ကျက်စား သုံးသပ်ဆင်ခြင်တော်မူပြီး တ၁၀တိ သ၁နတ်ပြည်၌ **စိတ် စေတသိက် ရုပ် နိဗ္ဗာန်** တရားတို့၏အကြောင်းအရာ အဘိဓမ္မာဒေသနာတော်ကို ဟောကြားတော်မူသည်။ ယင်းသို့သဗ္ဗညုတဉာဏ်တော် အရင်းခံ၍ ပရမတ္ထသစ္စာများ ပေါ်ထွန်းသိမြင်ခွင့်ရလာသောကြောင့် ပရမတ္ထသစ္စာသည် ပိုင်းခြားသိမှု-ပညာတရား အကြောင်းရင်းခံဖြစ်ကြောင်း သိရပေသည်။

ဤသို့ အကြောင်းရင်းကို လေ့လာသိရှိရသောကြောင့် သမုတိသစ္စာ အရာဖြစ်သော ရွတ်ဆိုကျက်မှတ်ရမည့် စာပေကျမ်းဂန် သင်ယူလေ့လာမှုများ၌ ထူးချွန်လိုလျှင် **မှတ်သားမှု-သညာ** ကောင်းအောင် ထက်မြက်အောင် ပွားများလေ့ကျင့်ရန်လိုအပ်ကြောင်းသိနိုင်သည်။

ပရမတ္ထသစ္စာအရာဖြစ်သော တွေးတောဆင်ခြင်ထိုးထွင်းသိမြင်ရမည့် သုတေသနပိုင်းဆိုင်ရာ အတတ်ပညာများ, ဝိပဿနာရှုမှတ်မှုဆိုင်ရာ ကမ္မဋ္ဌာန်းတရားအလုပ်များ၌ ထူးချွန်လိုလျှင် **ပိုင်းခြားသိမှု-ပညာ** ကောင်းအောင် ထက်မြက်အောင် ပွားများလေ့ကျင့်ရန် လိုအပ်ကြောင်း **သိနိုင်** သည်။

ဤသို့ကျမ်းဂန်တို့၌ ပြဆိုသည့် သမုတိသစ္စာနှင့် ပရမတ္ထသစ္စာဟူသော သစ္စာနှစ်မျိုးကို လည်းကောင်း၊ သစ္စာနှစ်မျိုး အထူးကိုလည်းကောင်း **သိနိုင်ပေသည်**။ ဤတွင် ပရမတ္ထသစ္စာသည် နှစ်မျိုးထပ်မံ၍ ကွဲပြားပြန်သည်။ ရှင်းပါဦးမည်....။

**သဘာဝသစ္စာနှင့်အရိယသစ္စာ**

ပရမတ္ထသစ္စာသည် ရှုမြင်သုံးသပ်သော ပုဂ္ဂိုလ်မြတ်**ကြီး**များ၏ သိမှတ်ပုံအခြင်းအရာသို့လိုက်၍ **အရိယသစ္စာ** ဟု ပေါ်ထွက်လာပြန်သည်။ ယင်းသို့ ပေါ်ထွက်လာသောကြောင့် မူလဖြစ်သော ပရမတ္ထသစ္စာကို မူလသဘာဝအတိုင်းဖြစ်သောကြောင့် **သဘာဝသစ္စာ** ဟု အမည်ပေးရပြန်လေသည်။ ထို့ကြောင့်.... ပရမတ္ထသစ္စာထဲမှ-

၁။ သဘာဝသစ္စာ၊

၂။ အရိယသစ္စာ၊

ဟူ၍ နှစ်မျိုးဖြစ်ပေါ်လာပြန်ပေသည်။ ရှင်းပြပါအံ့-

**၁။ သဘာဝသစ္စာ။** ။စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်-ဟူသော လောကကြီး တခုလုံးကို အနှစ်ထုတ်၍ရရှိသည့် ပရမတ္ထတရားလေးပါးတို့သည် မိမိသဘာဝလက္ခဏာအားဖြင့် မဖောက်မပြန် မပြောင်းမလဲ မှန်ကန်ကြပေသည်။

စိတ်သည် အာရုံကိုသိမှုလက္ခဏာရှိ၏။ စေတသိက်သည် စိတ်ကို မှီတွယ်မှုလက္ခဏာရှိ၏။ ရုပ်သည် ပျက်စီးခြင်းလက္ခဏာရှိ၏။ နိဗ္ဗာန်သည် ပျက်စီးချုပ်ပျောက်ခြင်းကင်း၍ ငြိမ်သက်ခြင်းလက္ခဏာရှိပေသည်။ ယင်းသို့ မိမိတို့၏ သဘောလက္ခဏာကို ဘယ်အခါ ဘယ်အရပ်များမှာမှ စွန့်လွှတ် ပြောင်းလဲမှုမရှိပဲ မှန်ကန်သောကြောင့် ယင်း ပရမတ္ထတရားလေးပါးကို မှန်ကန်သည့်သစ္စာအဖြစ် သတ်မှတ်ရသည်။ မူရင်း မိမိ၏ ပင်ကိုသဘောအရ မှန်ကန်သောကြောင့် သဘာဝသစ္စာဟုလည်း ဆိုရပေသည်။

**၂။ အရိယသစ္စာ။** ။လောက၌ ရိုးရိုးသာမန်ပုထုဇဉ်လူသားများထဲမှ ထူးချွန်စွာ ပေါ်ထွက်လာသည့် လူတန်းစား တမျိုးရှိသေးသည်။ ယင်းထူးချွန်စွာ ပေါ်ထွက်လာသော လူတန်းစား တမျိုးသည် သာမန် ပုထုဇဉ်လူတန်းစားများထက် မြင့်မြတ်သောအသိအမြင်ရှိသည်။ မြင့်မြတ်သော အပြုအမူ၊ အပြောအဆို၊ အကျင့်အကြံများ ရှိကြပေသည်။

ယင်းသို့ မြင့်မြတ်သော အသိအမြင်၊ အပြုအမူ၊ အပြောအဆို၊ အကျင့်အကြံ ရှိသောကြောင့် ထိုပုဂ္ဂိုလ်ကြီးများကို မြင့်မြတ်ခြင်းအနက်ကိုပြဆိုသည့် "အရိယ"ဟူသော ပါဠိစကားလုံးဖြင့် အထူးပြု၍ "အရိယ ပုဂ္ဂိုလ်ကြီးများ" ဟု ခေါ်ဆိုသည်။ ယင်းအရိယာ ပုဂ္ဂိုလ်ကြီးများ ရှုမြင်သုံးသပ် ဆုံးဖြတ်သည့် အမှန်တရား - သစ္စာတရားကိုလည်း အရိယသစ္စာဟု ခေါ်ရပြန်ပေသည်။

အရိယာပုဂ္ဂိုလ်ကြီးများသည် ပရမတ္ထသစ္စာကို မည်သို့ရှုမြင်သုံးသပ်သနည်း။ ရှင်းပြပါအံ့—

ပရမတ္ထတရား လေးပါးတွင် စိတ်ပရမတ္ထတရားသည် ရှစ်ဆယ့်ကိုးမျိုးရှိ၏။ ယင်းတွင် လောကီစိတ် ရှစ်ဆယ့်တစ်မျိုးပါ၏။ ယင်းလောကီစိတ် ရှစ်ဆယ့်တစ်မျိုးတွင်—

ကိုယ်ချမ်းသာမှု သုခစိတ်....(၁)
ကိုယ်ဆင်းရဲမှု ဒုက္ခစိတ်....(၁)
စိတ်ချမ်းသာမှု သောမနဿစိတ်....(၃၀)
စိတ်ဆင်းရဲမှု ဒေါမနဿစိတ်....(၂)
ချမ်းသာဆင်းရဲမဟုတ်သော လျစ်လျူရှုမှုဥပေက္ခာစိတ်....(၄၇)

ဟူ၍ စိတ်ငါးမျိုး ပေါင်းစပ်ပါဝင်နေသည်။ ယင်းသို့ပင် ပါဝင်နေသော်လည်း စိတ်ဆင်းရဲ၊ ကိုယ်စိတ်ချမ်းသာနှင့် လျစ်လျူစိတ်များကို ဆင်းရဲမှုဒုက္ခတရား ဟူ၍သာ ရှုမြင်သုံးသပ် ဆုံးဖြတ်တော်မူကြသည်။ ယင်းစိတ်များနှင့် ယှဉ်ဖက် လောဘမှတပါးသော စေတသိက်များ, ရုပ်တရားများကိုလည်း ဆင်းရဲမှုဒုက္ခတရားများသာဟု ရှုမြင်တော်မူကြသည်။ **ဒုက္ခသစ္စာ-ဆင်းရဲအမှန်** တရားဖြစ်သည်။

လောဘတရားကိုမူ ဆင်းရဲမှုဒုက္ခဖြစ်ကြောင်း တရားအဖြစ် ရှုမြင်သုံးသပ်တော် မူကြသည်။ ဒုက္ခသမုဒယသစ္စာ - **ဆင်းရဲဖြစ်ကြောင်း** အမှန်တရားဖြစ်သည်။ **သမုဒယသစ္စာ** ဟုလည်း အတိုချုပ်ခေါ်နိုင်သေးသည်။

နိဗ္ဗာန်တရားကိုမူ ဆင်းရဲခြင်းလုံးဝကင်းစင်သောကြောင့် ဒုက္ခနိရောဓသစ္စာ - **ဆင်းရဲချုပ်ရာ** အမှန်တရားဟု သုံးသပ်ဆုံးဖြတ်သည်။ **နိရောဓသစ္စာ**-ဟုလည်း အတိုချုပ် ခေါ်နိုင်သေးသည်။ ဆင်းရဲချုပ်ငြိမ်းရာ အမှန်တရားဟုပင် အဓိပ္ပာယ်ရသည်။

နိဗ္ဗာန်ရောက်ကြောင်း အမှန်ဖြစ်သော လောကုတ္တရာစိတ်နှင့် ယှဉ်ဖက် မဂ္ဂင်တရား ရှစ်ပါးကိုမူ ဒုက္ခနိရောဓ ဂါမိနီပဋိပဒါသစ္စာ-ဟု ခေါ်သည်။ (ဒုက္ခနိရောဓ=ဆင်းရဲမှုချုပ်ငြိမ်းရာ နိဗ္ဗာန်သို့+ဂါမိနီ=ရောက်ကြောင်းဖြစ်သော+ပဋိပဒါ သစ္စာ=အကျင့်အမှန်တရား) ဆင်းရဲမှုချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်းအကျင့် အမှန်တရား—ဟူ၍ မြန်မာပြန်ရမည်

ဖြစ်သည်။ ယင်းအမည်သည် ရှည်လွန်းလှသောကြောင့် **မဂ္ဂသစ္စာ**-ဟု အတိုချုပ်ခေါ်နိုင်ကြသေးသည်။ နိဗ္ဗာန်လမ်းစဉ် အမှန်တရားဖြစ်သည်။

ဤမဂ္ဂသစ္စာ၌ပါသည့် မဂ္ဂင်ရှစ်ပါးဟူသည်မှာ—

၁။ သမ္မာဒိဋ္ဌိ—မှန်ကန်သော အမြင် အသိဉာဏ်၊

၂။ သမ္မာသင်္ကပ္ပ—မှန်ကန်သော အကြံအစည်၊

၃။ သမ္မာဝါစာ—မှန်ကန်သော ပြောဆိုမှု၊

၄။ သမ္မာကမ္မန္တ—မှန်ကန်သော လုပ်ကိုင်မှု၊

၅။ သမ္မာအာဇီဝ—မှန်ကန်သော အသက်မွေးမှု၊

၆။ သမ္မာဝါယာမ—မှန်ကန်သော ကြိုးစားမှု၊

၇။ သမ္မာသတိ—မှန်ကန်သော အောက်မေ့မှု၊

၈။ သမ္မာသမာဓိ—မှန်ကန်သော တည်ကြည်မှု—

တို့ဖြစ်သည်။ ယင်းတို့နှင့်ယှဉ်ဖက် လောကုတ္တရာစိတ်နှင့်ယှဉ်ဖက် စေတသိက်များကိုသည်း မကင်းရာ မကင်းကြောင်းအဖြစ် မဂ္ဂသစ္စာသို့ပင် သွင်းယူသင့်သည်။

ဤသို့လျှင် ပေါင်းလိုက်သောအခါ—

၁။ ဒုက္ခသစ္စာ—ဆင်းရဲမှုအမှန်တရား၊

၂။ သမုဒယသစ္စာ—ဆင်းရဲဖြစ်ကြောင်း အမှန်တရား၊

၃။ နိရောဓသစ္စာ—ဆင်းရဲချုပ်ငြိမ်းရာ အမှန်တရား၊

၄။ မဂ္ဂသစ္စာ—ဆင်းရဲချုပ်ရာ နိဗ္ဗာန်လမ်းစဉ် အမှန်တရား—

ဟူ၍ အရိယသစ္စာတရား လေးမျိုးရှိပေသည်။

သမာနဝါဒလင်္ကာအရမှာ — ပင်စင်အငြိမ်းစားများသည် ယင်း နောက်ဆုံးမှာ ရှိသည့် အရိယသစ္စာကို သိမြင်ရန် ကြိုးစားပါရန်-

"**တရားအမှန်၊ သိမြင်ရန်သာ၊ ကြိုးစားပါဟု၊ ကောင်းရာလမ်းစဉ်၊**
**ညွှန်ပြချင်သည်၊ ပင်စင်အငြိမ်းစား- အိုယောကျ်ား**"....

ဟူ၍လည်းကောင်း၊

"**တရားအမှန်၊ သိမြင်ရန်သာ၊ ကြိုးစားပါဟု၊**
**ထွက်ရာလမ်းကို၊ ညွှန်ပြလိုသည်၊ အိုဘဲ့ယောကျ်ား သတိထား**"

ဟူ၍လည်းကောင်း—တိုက်တွန်းနှိုးဆော်ထားခြင်းဖြစ်သည်။

## အရိယသစ္စာ လေ့လာချက်

"တရားအမှန်ဖြစ်သည့် အရိယသစ္စာကို သိမြင်ရန်သာ ကြိုးစားပါ"- ဟု တိုက်တွန်းညွှန်းဆိုသည်က လွယ်ပါ၏။ ယင်းတရားအမှန် အရိယ— သစ္စာ ဟူသည် မည်သို့မည်ပုံ ဖြစ်သည်။ မည်သို့သိမြင်သင့်သည်၊ သိမြင် လျှင် မည်သို့ အကျိုးတရားများခံစားရမည်၊ သိမြင်အောင် မည်သို့ကြိုးစား ရမည်စသည်ကို စာရှုသူတို့အား ရှင်းလင်းရေးပြရန်ကား မလွယ်ကူလှပါ။

သို့သော် တတ်သမျှ မှတ်သမျှ ဗုဒ္ဓစာပေ ကျမ်းဂန်များမှ ရှာဖွေ လေ့လာ၍ လည်းကောင်း၊ ကျွန်တော်၏ အားကိုးရာဖြစ်သော ဆရာကြီး ဦးစာကျော် အစရှိသော ပုဂ္ဂိုလ်ကြီးများကို မေး၍ လည်းကောင်း အရိယသစ္စာ လေ့လာချက်ဖြစ်သည့်—

(က) အရိယသစ္စာ ဖွဲ့စည်းထားပုံ၊
(ခ) အရိယသစ္စာ သိမြင်ပုံ၊
(ဂ) အရိယသစ္စာကို သိမြင်ရန်အရေးကြီးပုံ၊
(ဃ) အရိယသစ္စာ သိမြင်ခြင်း အကျိုးကြီးပုံ၊
(င) အရိယသစ္စာ သိမြင်ရန်ကျင့်စဉ်—

များကို ရှင်းလင်းရေးသားပါမည်။

**(က) အရိယသစ္စာ ဖွဲ့စည်းထားပုံ။** ။တရားကိုယ် သဘော အာ ဖြင့် ထင်ရှားရှိသည့် ပရမတ္ထ တရား များကို ခွဲဝေပိုင်းခြားလိုက်လျှင်....

၁။ သင်္ခတ တရား၊
၂။ အသင်္ခတ တရား၊

ဟူ၍ နှစ်မျိုးသာ ရှိပါသည်။ အခြားတမျိုး မရှိနိုင်ပါ။ ရှင်းလင်း ရေး ပြပါမည်၊ သေသေချာချာ သတိထားဖတ်ရှုလေ့လာပါ။

၁။ **သင်္ခတ တရား။** ။သင်္ခတ-ဟူသည်မှာ ပါဠိစကားလုံး ဖြစ်ပါ သည်။ သံ-ပုဒ်နှင့် ကတ-ပုဒ် ပေါင်းစပ်ထား သည့် စကားလုံးဖြစ်ပါသည်။ သံ-ပုဒ်က လွန်လွန်ကဲကဲ အမြဲမပြတ်ဟု မြန်မာလို အဓိပ္ပာယ်ရပါသည်။ ကောင်းကောင်းဟူ၍လည်း ပြန်ရိုးရှိပါ

သည်။ ယင်း ကောင်းကောင်းဟူသည့်မှာ လွန်လွန်ကဲကဲ အမြဲမပြတ် ခြင်း ကိုပင် ဆိုလိုသောကြောင့် လွန်လွန်ကဲကဲ အမြဲမပြတ်ဟူသည်နှင့် အဓိပ္ပာယ် တူပါသည်။

ကတ-ပုဒ်မှာ ပြုလုပ်ခံရသည့်တရား-ဟု အဓိပ္ပာယ်ရှိပါသည်။ သံနှင့် ကတတွဲလိုက်၍ သံကတ-ဟု တပုဒ်တည်းဖြစ်လာသောအခါ- လွန်လွန် ကဲကဲ အမြဲမပြတ် ပြုလုပ်ခံရသောဘရားဟု အဓိပ္ပာယ်ရပါသည်။ ယင်း သံကတ—မှ ပါဠိသဒ္ဒါသဘောအရ "သင်္ခတ" ဟု ဖြစ်လာပါသည်။ ယင်းသို့ သင်္ခတ-တရားများ၏ လွန်လွန်ကဲကဲ အမြဲမပြတ် ပြုလုပ်ခြင်း ခံရသည့် သဘောမှာ ဖြစ်လာလိုက် ပျက်သွားလိုက်ဖြင့် အမြဲမရှိခြင်း ကိုပင် ပြဆိုနေပေသည်။ ဖြစ်မှုပျက်မှုဖြင့် နှိပ်စက် ညှဉ်းဆဲခြင်းခံနေ ရသည့် သဘောပင်ဖြစ်သည်။ ဤသဘောအရ ဖြစ်လိုက် ပျက်လိုက်ဖြင့် မမြဲသော သဘောတရားများကို စူးစမ်းကြည့်သောအခါ-

၁။ စိတ်သဘောတရား၊
၂။ စေတသိက်သဘောတရား၊
၃။ ရုပ်သဘောတရား—

ဟူသော သဘောတရားသုံးမျိုးကို တွေ့ရှိရပေသည်။

၁။ အသက်ရှိသော ပုဂ္ဂိုလ်သတ္တဝါတိုင်းမှာ အဖြူ အနီ, အချို အချဉ်, အကောင်း အဆိုး-စသည်ကိုသိတတ်သော သဘောတရားတခုရှိ သည်။ စာရှုသူကိုယ်တိုင်ပင် ယခုစာများကို ဖတ်ရှု၍ အကြောင်းအရာ များကို သိရှိနေပေမည်။ ယင်း အသိသဘောတရားကလေးကို **စိတ်** ဟု ခေါ်ပေသည်။ (စိတ်သည် အကျဉ်း ရှစ်ဆယ့်ကိုးမျိုးရှိသည်။)

၂။ ယင်းစိတ်သည်လည်း တမျိုးတည်း တသမတ်တည်း မဟုတ်ပေ။ လိုချင်သောစိတ်၊ စွန့်လွှတ်ပေးချင်သောစိတ် စသည်ဖြင့် အမျိုးမျိုးနှင့်ပြန် သည်။ ယင်းသို့ စိတ်အမျိုးမျိုးဖြစ်စေရန် လိုချင်မှုသဘော၊ စွန့်လွှတ် ပေးလှူချင်မှု စသော သဘောများက ပြုပြင်ချယ်လှယ်နေသည်ကို လေ့ လာတွေ့ရှိရသည်။ ယင်း လိုချင်မှု၊ စွန့်လွှတ်ပေးလှူချင်မှု စသော သဘော

များသည် စိတ်နှင့်ခွဲမရအောင် ယှဉ်တွဲနေကြသည်။ ယင်းသို့ စိတ်နှင့်ခွဲမရအောင် ယှဉ်တွဲနေသည့် ဘောတရားများကို **စေတသိက်** ဟု ခေါ်ပေသည်။ (စေတသိက်သည် ငါးဆယ့်နှစ်မျိုးရှိသည်။)

၃။ စိတ်နှင့်စေတသိက်တို့၏ မှီခိုနေရာ မျက်စိ, နှာခေါင်း-စသည်တို့၏ အပေါင်းအစု ဤကိုယ်ကောင်ကြီးသည် လည်းကောင်း၊ စိတ်နှင့်စေတသိက်တို့၏ အာရုံဖြစ်သော အဆင်း,အသံ-စသော ဝတ္ထုအထည်ဒြပ်သဘောတရားများသည်လည်းကောင်း ရှိကြပေသေးသည်။ ယင်းတို့သည် **ရုပ်တရား** များ ဖြစ်ပေသည်။ (ရုပ်သည် နှစ်ဆယ့်ရှစ်မျိုးရှိသည်။)

ဤသို့ စိစစ်လေ့လာသောအခါ စိတ် စေတသိက် ရုပ်ဟူသော သဘောတရားများရှိသည်ကို သိရှိနိုင်ပေသည်။ တဖန် ဆက်လက်၍ ယင်း စိတ် စေတသိက် ရုပ်တရားများကို စိစစ်ကြည့်သောအခါ အမြဲမပြတ် ဖြစ်ပေါ်လာလိုက်၊ ပျက်စီးသွားလိုက်ဖြင့် ဖောက်ပြန်ပြောင်းလဲနေသည်ကို တွေ့သိရပေသည်။ ယင်းသို့ ဖောက်ပြန် ပြောင်းလဲနေခြင်းပင်လျှင် **သင်္ခတသဘော** ဖြစ်ကြောင်း တွေ့သိရပေသည်။

ထို့ကြောင့် မပြတ်ဖြစ်ပျက်၍ ဖောက်ပြန်ပြောင်းလဲနေသော စိတ် စေတသိက် ရုပ်တရားတို့ကို **သင်္ခတတရား** ဟု သတ်မှတ်ရပေသည်။

၂။ **အသင်္ခတတရား။** ။မပြတ်ဖြစ်ပျက်၍ ဖောက်ပြန် ပြောင်းလဲနေသောတရားကို သင်္ခတတရားဟုခေါ်လျှင် ဘယ်အခါမှဖြစ်ပျက်မှုမရှိပဲ ဖောက်ပြန်ပြောင်းလဲမှု ကင်းသော တရားသဘောကို မြန်မာဘာသာ၌ မ-ဟူသော တားမြစ်ခြင်းအဓိပ္ပာယ်ကို ပြဆိုသည့် ပါဠိဘာသာမှ အ-ဟူသောစကားလုံးနှင့်တွဲ၍(အ+သင်္ခတ)= **အသင်္ခတတရား** ဟု ခေါ်ရပေသည်။

ယင်း အသင်္ခတတရားသည် လွန်လွန်ကဲကဲအမြဲမပြတ် ပြုလုပ်ခံရခြင်း မရှိချေ။ ထို့ကြောင့် ဖြစ်မှုပျက်မှုကင်းသည်။ ဖြစ်မှု ပျက်မှုဖြင့် အနှိပ်စက် အညှဉ်းဆဲမခံရတော့။ သေသေချာချာ သဘောတရားများကို လေ့လာ စိစစ်ကြည့်လျှင် မျက်မြင်လောက၌ရောဂါဖြစ်လာလျှင် ရောဂါပျောက်

ကင်းမှုရှိသည်၊ အပူရှိလျှင် အအေးရှိသည်၊ အနိမ့်ရှိလျှင် အမြင့်ရှိသည်-စ သည်ဖြင့် ဆန့်ကျင်ဘက်တရားများ ရှိတတ်ပေသည်။ ဤအတူ ပင်လျှင် သဘာဝ လောကမှာလည်း သင်္ခတတရားများရှိလျှင် ယင်းသင်္ခတ တရားများမရှိသော ဆန့်ကျင်ဘက် **အသင်္ခတတရား** လည်း ရှိရမည်သာ ဖြစ်ပေသည်။ ယင်းဖြစ်ပျက်ဖောက်ပြန်ပြောင်းလဲမှုရှိသော သင်္ခတတရား တို့၏ ဆန့်ကျင်ဘက်ဖြစ်သော၊ တနည်း သင်္ခတတရား မဟုတ်သော အ သင်္ခတတရားဟူသည်မှာ ဖြစ်ပျက်ဖောက်ပြန်မှုကင်း၍ ငြိမ်သက်မှု **သန္တိ လက္ခဏာ**ရှိသည့် နိဗ္ဗာန်တရားပင်ဖြစ်ချေသည်။

ဤမျှရေးသားဖော်ပြလျှင် ၁။ သင်္ခတရားနှင့် ၂။ အသင်္ခတတရား များအကြောင်းကို သိသာလောက်ပြီထင်ပါသည်။

ယင်းသို့ သင်္ခတနှင့် အသင်္ခတ တရားနှစ်မျိုးရှိရာတွင် သင်္ခတတရား အားလုံးသည် ဖြစ်ပျက်မှုနှင့် အမြဲမပြတ် ယှဉ်စပ်နေသောကြောင့် **ဆင်းရဲ ဒုက္ခ**တရားများသာ ဖြစ်သော်လည်း-ယင်း ဆင်းရဲဒုက္ခ တရားထဲမှ—

(၁) ဆင်းရဲဒုက္ခကို ဖြစ်စေတတ်သည့်တရား၊

(၂) ဆင်းရဲဒုက္ခမှ လွတ်မြောက်စေတတ်သည့်တရား—

ဟူ၍ တရားနှစ်မျိုးကို အရိယာသူမြတ်တို့ ခွဲခြားတွေ့မြင်ရသည်။

**အိမ်ထောင်ဆိုးများ**

**၁**။ ဆင်းရဲဒုက္ခဆိုသည်မှာ ယင်းဒုက္ခတရားကို တနည်းမဟုတ် တနည်း အားဖြင့် အကောင်းထင်၍ ခင်မင်တွယ်တာမှုရှိနေ၍သာ မပြတ်မစဲနိုင်ပဲ တဝဲလည်လည် ဖြစ်ပေါ်နေခြင်းဖြစ်သည်။ မျက်မြင်လောက၌ **လင်ဆိုး မယားနှင့် မယားဆိုးလင်များဖြစ်ကြသည့် အိမ်ထောင်ဆိုးများရှိသည်။** ယင်းလင်ဆိုးမယားများနှင့် မယားဆိုးလင်များသည်မိမိတို့၏လင်ဆိုးများ မယားဆိုးများ ဆိုးသည်ဟုဆိုရသော်လည်း မဆိုးပဲ အကောင်းထင်နေ သည့် အကွက်ကလေးများကို ခင်မင်တွယ်တာမှုကြောင့်သာ အိမ်ထောင် ရေးပြိုပျက်မသွားပဲ ဆက်လက်တည်နေနိုင်ခြင်းဖြစ်သည်။ အကောင်းမြင်

သည့် အကွက် မရှိတော့ဘူးဟု မြင်တွေ့လာလျှင် တနည်း မဟုတ် တနည်းဖြင့် ခင်မင်တွယ်တာမှု ကင်းပြတ်၍ လင်ဆိုးမယား ရှိသော သို့မဟုတ် မယားဆိုးလင်ရှိသော အိမ်ထောင်ကြီး ပြိုကွဲပျက်စီးသွားရမည်သာဖြစ်ချေသည်။

ဤအတူပင်လျှင် ဖြစ်မှု ပျက်မှုဖြင့် မပြတ်နှိပ်စက်နေသော သင်္ခတတရားများကို ခင်မင်တွယ်တာမှု တဏှာတရားကြောင့်သာ ဆင်းရဲမှု ဒုက္ခ အစု သင်္ခတ တရားများ ရုပ်နာမ်ခန္ဓာများ ဖြစ်ပေါ်နေနိုင်ခြင်းဖြစ်သည်။ ယင်း တဏှာ ဟူသည်မှာ စေတသိက် သင်္ခတ တရားထဲမှ လိုချင်မက်မောမှု-လောဘစေတသိက်ပင် ဖြစ်သည်။ **လိုချင်မက်မောမှု**-လောဘတရားသည်လည်း ဖြစ်မှု ပျက်မှုဖြင့် နှိပ်စက်ခံနေရသည့် ဒုက္ခတရားဖြစ်ပါ၏။ ယင်းသို့ ဖြစ်သော်လည်း ဒုက္ခတရားဟု မသုံးသပ်ပဲ သူ၏ ထူးကဲသော ဂုဏ်ဖြစ်သော ဆင်းရဲဒုက္ခဖြစ်စေနိုင်သည့် အချက်ကိုသာ ရှုမြင်၍ သမုဒယသစ္စာဟုသာ အရိယာရှင်များ သုံးသပ်ရှုမြင်တော်မူကြပေသည်။ လောဘနှင့်အတူ ယှဉ်ဖက်စိတ်နှင့် အခြားစေတသိက်များ ရှိပေသေးသည်။ ယင်းတို့ကိုမူကား မကင်းရာ မကင်းကြောင်း ဖြစ်သောကြောင့်သူတို့ ယှဉ်ဖက် လောဘနှင့်အသားတူ သမုဒယသစ္စာ အဖြစ်သာ မှတ်ယူရပေသည်။ ဤသည်မှာ ဆင်းရဲဒုက္ခကို ဖြစ်စေတတ်သည့် တရားဖြစ်သည်။ ယင်းကို ပါဠိလို **သမုဒယသစ္စာ** ဟု ခေါ်သည်။

၂။ ဆင်းရဲဒုက္ခမှ လွတ်စေတတ်သည့် တရားမျိုးလည်း ရှိသေးသည်။ ဆင်းရဲဒုက္ခတရားများကို ခံစားနေရသည့် အချို့သောပုဂ္ဂိုလ်ထူးများသည် မိမိတို့တွေ့ရှိခံစားနေရသည့် ဆင်းရဲဒုက္ခတရားများကို သတိထား၍ အသိတရားဖြင့် ရှုကြည့်သုံးသပ်ကြသောအခါ မှန်ကန်သော အလင်းတရားများကို ရရှိဘတ်ကြပေသည်။ မှန်ကန်သော အလင်းတရား ဟူသည်မှာ-မှန်ကန်စွာ ရှုမြင်မှုသမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါးတရားများ ဖြစ်သည်။ ယင်းရှစ်မျိုးမှာ စေတသိက် ငါးဆယ့်နှစ်ပါးထဲမှ ပညာစသော တရားရှစ်ပါးပင်ဖြစ်သည်။

**ထွက်ရာ** ၄

သိသာရုံအကျဉ်းမျှ ထုတ်ပြရပါမူ....

၁။ **သမ္မာဒိဋ္ဌိ**-မှန်ကန်သောအမြင်-ပညာစေတသိက်၊
၂။ **သမ္မာသင်္ကပ္ပ**-မှန်ကန်သောအကြံ - ဝိတက်စေတသိက်၊
၃။ **သမ္မာဝါစာ**-မှန်ကန်သော ပြောမှု - သမ္မာဝါစာစေတသိက်၊
၄။ **သမ္မာကမ္မန္တ**-မှန်ကန်သော ပြုလုပ်မှု-သမ္မာကမ္မန္တစေတသိက်၊
၅။ **သမ္မာအာဇီဝ**-မှန်ကန်သော အသက်မွေးမှု-သမ္မာအာဇီဝ စေတသိက်၊
၆။ **သမ္မာဝါယာမ**-မှန်ကန်သော ကြိုးစားမှု-ဝီရိယစေတသိက်၊
၇။ **သမ္မာသတိ**-မှန်ကန်သော အောက်မေ့မှု-သတိစေတသိက်၊
၈။ **သမ္မာသမာဓိ**-မှန်ကန်သော တည်ကြည်မှု-ဧကဂ္ဂတာ စေတသိက်

ဟူသော တရားရှစ်မျိုး ဖြစ်သည်။ စေတသိက်ရှစ်မျိုးကို အရကောက်ရသည်။

ယင်းတို့မှာလည်း လောကုတ္တရာ စိတ်မှာယှဉ်သော စေတသိက်များသာ အစစ်အမှန် မဂ္ဂင်တရားဖြစ်သည်။ လောကီစိတ်များမှာ ယှဉ်သည့် စေတသိက်တရားများကိုမူ အတုအဖြစ်သာရနိုင်သည်။ **မဂ္ဂင်**ဟူသည်မှာ မဂ္ဂင်္ဂ-ဟူသောပါဠိကို မြန်မာမှုဖြင့် "မဂ္ဂင်"ဟု ခေါ်ခြင်းဖြစ်သည်။ မဂ္ဂတရားခေါ် မဂ်တရား၏ အစိတ်အပိုင်းများဟု အဓိပ္ပာယ်ရသည်။ မဂ္ဂင်ခေါ် မဂ်တရား၏ အစိတ်အပိုင်း ရှစ်မျိုးကို ပေါင်းစပ်လိုက်မှ မဂ္ဂခေါ် မဂ်တရားဖြစ်သည်။

**လှည်းဥပမာ**။ ။ဥပမာ ...လှည်း၏ အစိတ်အပိုင်းများဖြစ်သော ဘီး၊ ဝင်ရိုး၊ ထမ်းပိုး-စသည်ကို ပေါင်းစပ်လိုက်မှ လှည်းဖြစ်သကဲ့သို့ သိပါလေ။

မဂ္ဂ ဟူသည်မှာ "လမ်း"ဟု မြန်မာလို အဓိပ္ပာယ်ရှိသည်။ ဖြင်ပျက်ဆင်းရဲမှုမရှိရာ အသင်္ခတ-တရားဖြစ်သည့် နိဗ္ဗာန်သို့သွားရာ "လမ်း" ဟု အဓိပ္ပာယ်ရှိပေသည်။ ဤသို့ဖြင့် လောကုတ္တရာ စိတ်နှင့်ယှဉ်သည့် မဂ္ဂင်တရားရှစ်ပါးဟူသော စေတသိက် ရှစ်မျိုးသည် အသင်္ခတနိဗ္ဗာန်သို့

သွားရာလမ်း ဖြစ်သောကြောင့် **မဂ္ဂသစ္စာတရား**ဟု အရိယာ အရှင်မြတ်တို့ သတ်မှတ်တော်မူကြသည်။ ယင်းရှစ်ပါးတို့သည် ဆင်းရဲဒုက္ခမှ လွတ်မြောက်စေသည့်တရားများ ဖြစ်ပေသည်။

ယင်းတရားရှစ်ပါးတို့သည် စေတသိက်တရားများဖြစ်ကြသည်။ ယင်းတို့သည် ဖြစ်မှုပျက်မှုရှိကြသေးသည်။ ဆင်းရဲဒုက္ခတရားများပင်ဖြစ်သည်။ သို့သော်လည်း အခြားဆင်းရဲဒုက္ခတရားများထက် ထူးကဲစွာ ဆင်းရဲဒုက္ခမှ လွတ်မြောက်ရေးကို ပြုလုပ်နိုင်စွမ်း ရှိသောကြောင့် အရိယာသူမြတ်များက ဒုက္ခတရားဟု မရှုမြင်နိုင်ပဲ ထူးကဲအားကောင်းသည့် ဒုက္ခမှလွတ်မြောက်မှု ဖြစ်သည်ကိုသာ ကြည့်ရှုကာ "မဂ္ဂသစ္စာ" ဟု သတ်မှတ်ခြင်း ဖြစ်သည်။

**လူဆိုးဖော်ကောင်။** ။ဥပမာ-လောက၌ လူတစုသည် တိုင်ပင်၍ ဖြစ်မှုတခုကို ကျူးလွန်သည် ဆိုပါစို့၊ အတူတူတိုင်ပင်၍ ကျူးလွန်သည့်အတွက် အားလုံး အပြစ်ရှိသူများပင် ဖြစ်စေကာမူ ထိုအပြစ်ရှိသူများထဲမှ သဘိသံဝေဂရ၍ အမြင်မှန်ရှိသူတယောက်သည် မိမိအပြစ်ကိုလည်း ဝန်ခံ၍ အခြားလွန်ကျူးသူ များကိုလည်း အပြစ်ရှိကြောင်း ဖော်ထုတ်နိုင်ခဲ့လျှင် ထိုသူသည် တရားခံ အပြစ်ရှိသူ မဟုတ်တော့ပဲ **အစိုးရသက်သေ** ဖြစ်ကာ အပြစ်မှကင်းလွတ်မှုရရှိပေသည်။

ဤအတူပင်လျှင် - မဂ္ဂင်ရှစ်ပါး တရားများသည်လည်း ဖြစ်မှုပျက်မှုဖြင့် အနှိပ်စက်ခံရသော တရားများပင် ဖြစ်သော်လည်း ဆင်းရဲဒုက္ခမှ လွတ်မြောက်မှုကို ပေးတတ်သောကြောင့် **ဒုက္ခတရား** ဟု မသတ်မှတ်ပဲ ဒုက္ခလွတ်မြောက်ရာနိဗ္ဗာန်သို့ သွားရာလမ်းဟူ၍ အဓိပ္ပါယ်ရှိသည့်**မဂ္ဂသစ္စာ** ဟုသာ သတ်မှတ်တော်မူကြသည်။ ယင်း မဂ္ဂင်တရားများနှင့် ယှဉ်ဖက်ဖြစ်သော စိတ်နှင့် စေတသိက်တရားများကိုလည်း မကင်းသာမကင်းကြောင်း ဖြစ်သောကြောင့် မဂ္ဂသစ္စာတရားအဖြစ်သို့သာ သွင်းယူသင့်ပေသည်။

ဖော်ပြခဲ့သည့်

၁။ ဆင်းရဲဒုက္ခကို ဖြစ်စေတတ်သည့်တရား (သမုဒယ)၊

၂။ ဆင်းရဲဒုက္ခမှ လွတ်မြောက်စေတတ်သည့်တရား (မဂ္ဂ)—

နှစ်မျိုးမှ ကြွင်းကျန်သည့် သင်္ခတ တရားအားလုံးသည် တသမတ်တည်း ပင်လျှင် ဖြစ်မှုပျက်မှုဖြင့် အညှဉ်းဆဲဒဏ်ကို ခံကြရသောတရားများ ဖြစ်သောကြောင့် ဆင်းရဲမှု ဒုက္ခတရားများသာ ဖြစ်သည်ဟု အရိယာရှင်များ သတ်မှတ်တော်မူကြသည်။ **ဒုက္ခသစ္စာ** ဖြစ်သည်။

၁။ သင်္ခတတရားတို့မှ အခြားတပါးဖြစ်သော အသင်္ခတတရားသာ ရှိပေ တော့သည်။ ယင်း ၂—နံပါတ် ဖြစ်ပျက်မှုကင်းသည့် အသင်္ခတ တရား ဟူသည်မှာ နိဗ္ဗာန်တရားပင် ဖြစ်သည်။ ဆင်းရဲဒုက္ခ ချုပ်ငြိမ်းရာဟု အဓိပ္ပာယ်ရသည့် နိရောဓ-တရားပင်ဖြစ်သည်။ ယင်းကို အရိယာရှင်တို့က "**နိရောဓသစ္စာ**" ဟု သတ်မှတ်တော်မူကြပေသည်။

ဤသို့လျှင်....သင်္ခတနှင့် အသင်္ခတတရားတို့မှ—

၁။ ဒုက္ခသစ္စာ—ဆင်းရဲအမှန်တရား၊
၂။ သမုဒယသစ္စာ- ဆင်းရဲဖြစ်ကြောင်း အမှန်တရား၊
၃။ နိရောဓသစ္စာ-ဆင်းရဲချုပ်ရာ အမှန်တရား၊
၄။ မဂ္ဂသစ္စာ-ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းလမ်းစဉ် အမှန် တရား—

ဟူသော အရိယာသစ္စာတရား လေးပါးဖြစ်ပေါ်ခဲ့ပေသည်။ ဤမျှ ဖော်ပြလျှင် (က) အရိယ သစ္စာ ဖွဲ့စည်းထားပုံကို ရိပ်မိလောက်ပြီဟု ယုံကြည်ပါသည်။

**(ခ) အရိယသစ္စာကိုသိမြင်ပုံ။** ။ အရိယာသစ္စာတရားသည် သဘာဝ အားဖြင့် မကွဲမပြား တမျိုးတည်း **တစား**တည်းသာ ဖြစ်သော်လည်း သိမြင်ပုံမှာမူ သိမြင်သူပုဂ္ဂိုလ်သို့ လိုက်၍ အရိယာသိ၊ ပုထုဇဉ်သိ-ဟူ၍ နှစ်မျိုးရှိပေသည်။

**အရိယာ**ပုဂ္ဂိုလ်သူမြတ်တို့သည် ကမ္ဘာ့ဓာတ်သဘာဝနာတရားတို့ကို ပွား များရှုမှတ်၍ အာ ကောင်းလှသော သီလ, သမာဓိ, ပညာတို့၏အစွမ်း ဖြင့် အရိယာသစ္စာတရား လေးပါးကို ထိုးထွင်းသိမြင်တော်မူကြသည်။ **သစ္စာလေးပါးတို့တွင်—**

ဆင်းရဲအမှန်တရား-ဒုက္ခသစ္စာကို ဝေဖန်ပိုင်းခြား၍ သိမြင်တော်မူကြသည်။ **ပရိညာကိစ္စဖြင့်သိသည်။**

ဆင်းရဲဖြစ်ကြောင်း အမှန်တရား-သမုဒယသစ္စာကို ပယ်ရှားသောအားဖြင့် သိမြင်တော်မူကြသည်။ **ပဟာနကိစ္စဖြင့်သိသည်။**

နိရောဓသစ္စာကို ကိုယ်တိုင်မျက်မှောက်ပြုသောအားဖြင့် သိမြင်တော်မူကြသည်။ **သစ္ဆိကရဏကိစ္စဖြင့်သိသည်။**

မဂ္ဂသစ္စာကို ပွားများသောအားဖြင့် သိမြင်တော်မူကြသည်။ **ဘာဝနာကိစ္စ** ဖြင့်သိသည်။

ဤသို့ အရိယာပုဂ္ဂိုလ်မြတ်ကြီးတို့သည် သစ္စာလေးပါးကို သိမြင်တော်မူကြရာ၌ **သိ-ပယ်-ဆိုက်-ပွား** လေးပါးသောကိစ္စဖြင့် သိမြင်တော်မူကြသည်။ ဤသစ္စာတရား လေးပါးကို ဘယ်အခါမှ မေ့လျော့တော်မမူကြချေ။ တဆင့်ထက်တဆင့် နက်ရှိုင်းစွာထိုးထွင်းသိမှုများသာ ကွာခြားပေတော့သည်။ နက်ရှိုင်းစွာဟူသည်မှာ ကိလေသာတရားကို ပယ်ရှားနိုင်သည့် အစွမ်းသတ္တိ အရှိန်အဟုန်ကြီးမားမှုကို ဆိုလိုပေသည်။

ပုထုဇဉ်သိဟူသည်မှာ အရိယာမဖြစ်သေးသည့် သာမန်လူတန်းစားမျိုးကို ပုထုဇဉ်ဟူ၍ ခေါ်ဆိုပေသည်။ ယင်းပုထုဇဉ်တို့သည် အရိယသစ္စာတရားကို အရိယာပုဂ္ဂိုလ်မြတ်ကြီးများ၏ ဟောပြောချက်အတိုင်း အဆင့်ဆင့်မှတ်သားနာယူ၍ တဆင့်ခံသိမြင်ကြခြင်းမျိုးကို ပုထုဇဉ်သိဟု ဆိုလိုပေသည်။ ယင်း ပုထုဇဉ်သိသည် နက်ရှိုင်းမှုမရှိ၊ အပေါ်ယံ သိမျှသာ ဖြစ်သည်။ သိ-ပယ်-ဆိုက်-ပွား ကိစ္စလေးပါးဖြင့် သိသည်မဟုတ်ချေ။ မေ့လျော့သွားနိုင်သေးသည်။ နောင်တချိန်၌ အရိယာသိဖြင့် သိနိုင်အောင် ကျေးဇူးပြုတတ်ပေသည်။

ဤသို့ အရိယသစ္စာကိုသိမြင်ရာ၌ အရိယာသိ၊ ပုထုဇဉ်သိ-ဟူ၍ နှစ်မျိုးရှိပေသည်။ ယင်းနှစ်မျိုးကို ထင်ရှားစေရန် ကိုယ်တိုင်တွေ့ရှိထားသည့် အကြောင်းအရာ ဖြစ်ခဲ့ပုံကလေးကို တင်ပြလိုပါသည်။

**လူကြီးသိနှင့်ကလေးသိ။** ။အိုးအိမ်တည်ထောင်၍ မကြာလှသေးသော အိမ်ထောင်စုတခုနှင့် ကျွန်တော်ရင်းနှီးဖူးပါသည်။ သူတို့အိမ်ထောင်မှာ မိဘနှင့်သမီးငယ်ကလေးတယောက်အားဖြင့် မိသားစုသုံးယောက်သာရှိပါသည်။ သမီးငယ်မှာ နှစ်နှစ်ကျော်မျှသာ ရှိသေး၍ ချောချောလှလှ သမီးဦးကလေး ဖြစ်သောကြောင့် အထူး ချစ်ကြပါသည်။

တနေ့သော် ညနေ့သည်ရောက်လာ၍ လက်ဖက်ရည်ကြမ်းဖြင့် ညနေ့ခံရာ သမီးငယ်က လက်ဖက်ရည်ပူပူထည့်ထားသောအိုးကို ကိုင်မည် ပြုသောကြောင့် "ဟဲ့ဟဲ့ ပူပူ-မကိုင်နဲ့" ဟု တားမြစ်ပြီး ကလေးငယ်မမီနိုင် ထင်ရသည့် စားပွဲငယ်ပေါ်သို့ ရွှေ့ပြောင်းတင်ထားပါသည်။

ဤသည်ကို ကောင်းစွာနားမလည် မယုံကြည်သော သမီးငယ်သည် လူကြီးများအလစ်၌ စားပွဲငယ်ပေါ်မှ လက်ဖက်ရည်ကြမ်းအိုးကို မမီ့တမီ လှမ်းဆွဲယူလိုက်ရာ ကိုယ်ပေါ်သို့ မှောက်ကျလာပြီး လက်ဖက်ရည်ကြမ်း အပူများ လောင်ပါလေတော့သည်။ ဆေးရုံတင်၍ နှစ်လခန့် ကုသပြီးမှ ပျောက်သည်။

ဤအဖြစ်အပျက်၌ လက်ဖက်ရည်ကြမ်းအပူက ပူလောင်တတ်သည် ကို လူကြီးမိဘများက ကောင်းစွာသိသည်။ ထိုကြောင့် ရေနွေးပူ မလောင်ရအောင်သတိထားသည်။ သတိထား၍ ရေနွေးအိုးကို ကိုင်တွယ် သည်။ သမီးငယ်ကိုလည်း "ပူပူ မကိုင်နဲ့" ဟု သတိပေးသည်။ သမီးငယ် ကား လက်ဖက်ရည်ကြမ်းအပူက ပူလောင်တတ်သည်ကို ကောင်းကောင်း မသိ။ လူကြီးများပြော၍သာ "ပူပူ" ဟု နားလည်သည်။ သို့သော်— မယုံကြည်။ ထိုကြောင့် လက်ဖက်ရည်ပူရှိသောအိုးကို အရမ်းဆွဲယူကိုင် တွယ်သည်။ ထိုကြောင့်အပူလောင်ခံရသည်။

အရိယသစ္စာတရားကို အရိယာသိ သိခြင်းသည် လက်ဖက်ရည်ကြမ်း အပူကို လူကြီးသိ သိသည်နှင့်တူပေသည်၊ သဘောသဘာဝနှင့်တကွ သိခြင်းဖြစ်သည်။ လက်ဖက်ရည်ကြမ်းပူအကြောင်းကို သိသောလူကြီး များသည် မိမိကိုယ်ကို အပူအလောင်ကျွမ်းမခံရပဲ လက်ဖက်ရည်ကြမ်း

အရသာ အကျိုးတရားများကိုလည်း ခံစားရသည်။ မိမိတို့ကလေးငယ် ကိုလည်း အပူလောင်မခံရအောင် အသိဉာဏ်ပေးသည်။ မိုက်မိ၍ အပူ လောင်ခံရသည့်ကိုလည်း ပျောက်ကင်းအောင်ကုသပေးနိုင်ပေသည်။

သမီးငယ်သည်ကား မိဘပြောသည့်ကိုမယုံကြည်ချေ၊သဘောမပေါက် ချေ။ လက်ဖက်ရည်ကြမ်းအပူအိုးကို မရှိမသေ ပေါ့ပေါ့ဆဆ ဆွဲယူ ကိုင်တွယ် မိသောကြောင့် အပူလောင်ခံရပေသည်။ အရိယသစ္စာကို ပုထုဇဉ်သိ သိခြင်းသည် သမီးငယ်သိသည်နှင့် တူပေသည်။

ဤသို့အရိယသစ္စာကို အရိယာသိ ပုထုဇဉ်သိ သိပုံနှစ်မျိုးကွဲပြားပေ သည်။

ဤတွင်ပုထုဇဉ်သိသည် အရိယာသိနှင့် နှိုင်းယှဉ်ကြည့်သောကြောင့် သာ နိမ့်သည်ဟုထင်ရသော်လည်း လုံးဝ အရိယသစ္စာကို မသိသော မျက်ကန်းပုထုဇဉ်ခေါ် အန္ဓပုထုဇဉ် ထက်ကား အဆပေါင်းများစွာ သာလွန်ပေသည်။ဘဝသံသရာ တလျှောက်လုံး၌ အရိယသစ္စာကို ပုထုဇဉ် သိဖြင့် သိရန်ကိုပင် အလွန်ရနိုင်ခဲလှပေသည်။ ထို့ကြောင့် "သဒ္ဓမ္မဿ- ဝနံ အတိ ဒုလ္လဘံ—သူတော်ကောင်းတရား ကြားနာသိမြင်ရန် အလွန် ခဲယဉ်းသည်"ဟု မြတ်စွာဘုရား ဟောတော်မူခြင်းဖြစ်ပေသည်။ ယင်း ပုထုဇဉ်သိကလေးကိုပင် ထပ်ကာ ထပ်ကာ ပွားများပါလျှင် မကြာမီ အရိယာသိ သိရန်အတွက် ကျေးဇူးပြုလိမ့်မည် ဖြစ်လေသည်။

**(ဂ) အရိယသစ္စာသိမြင်ရန်အရေးကြီးပုံ။** ။အရိယသစ္စာတရားသိမြင် ရန်အရေးကြီးပုံကို မြတ်စွာ ဘုရားရှင်က ဥပမာ, သာဓကပေါင်းများစွာဖြင့် ပြဆို၍ ဟောတော်မူပါ သည်။ ယင်း ဥပမာ, သာဓကပေါင်းများစွာထဲမှ ထုတ်နုတ်၍ သိရန် လွယ်ကူသော—

၁။ မီးလောင်ခံရသူ ဥပမာ၊
၂။ လှံ့ထိုးအသတ်ခံရသူ ဥပမာ၊
၃။ ပဋိဘာန ချောက်တွင်းကြီး ဥပမာ—

ဟူသော ဥပမာသုံးမျိုးမျှကို အကျဉ်းချုပ်ရေးပြလိုပါသည်။

**၁။ မီးလောင်ခံရသူ။** ။ဤလောက၌ လူတယောက်အား ဦးခေါင်းမှ ဆံပင်ကိုဖြစ်စေ၊ ဝတ်ဆင်ထားသောအင်္ကျီ၊ ပုဆိုးကိုဖြစ်စေ မီးလောင်ခဲ့သော် ထိုသူသည် သတိကြီးစွာထား၍ စိတ်ကိုနိုင်အောင်ထိန်းသိမ်း၍ မီးလောင်နေသည့် ခေါင်းမှမီးကို မငြိမ်းသတ်ပဲ၊မီးလောင်နေသည့် အင်္ကျီနှင့်ပုဆိုးကို မငြိမ်းသတ်ပဲ အရိယသစ္စာတရား လေးပါးကိုသာ တတ်သိနားလည်အောင် သင်ယူလေ့လာ ပွားများသင့်ကြောင်း သံယုတ်ပါဠိတော် တတိယတွဲ၊ စာမျက်နှာ ၃၇၅-၌ ဟောတော်မူပါသည်။ ယင်းပါဠိတော် မြန်မာပြန်စာမျက်နှာ (၄၉၁)၌ လေ့လာကြည့်ရှုနိုင်ပါသည်။

**၂။ လှံထိုးခံရသူ။** ။ အသက်တရာရှည်၍ ကျန်းမာစွာနေရမည့် သူတယောက်အား "ဒီမှာ-ကိုယ့်လူ မင်းမသေမီ

အနှစ်တရာအတွင်းတွင် နံနက်မှာ လှံချက်တရာ ရင်ဝကိုထိုးမည်။ နေ့လယ်မှာ လှံချက်တရာ ရင်ဝကိုထိုးမည်။ ညနေမှာ လှံချက်တရာ ရင်ဝကိုထိုးမည်။ ဒီလို နေ့တိုင်းနေ့တိုင်း အနှစ်တရာ အထိုးခံရလို့ အနှစ်တရာပြည့်သည့်နေ့မှာ အရိယသစ္စာတရားကို သိစေရပါမည်"—

ဟု ပြောလာခဲ့သော် မိမိအကျိုးစီးပွားကို သိမြင်ပါမူ အရိယသစ္စာကို သိမြင်ရန်အတွက် လှံချက်သုံးရာ နေ့စဉ် အနှစ်တရာတိတိ အထိုးခံလိုက်ပါ။ လက်ခံလိုက်ပါ။ အကြောင်းမှာ—သံသရာဝဋ်ဆင်းရဲသည် အစရှာမတွေ့အောင် ရှည်လွန်းလှပေသည်။ လှံထိုးခံသေတဲ့ဘဝပေါင်း၊ ပုဆိန်ဖြင့် အပေါက်ခံသေရတဲ့ ဘဝပေါင်း၊ဓားခုတ်ခံသေရသည့် ဘဝပေါင်း၊ မရေတွက်နိုင်၊ မတိုင်းတာနိုင်အောင် များပြားလှပြီဖြစ်သည်။

ယခုအခါအရိယသစ္စာလေးပါးကို သိမြင်စေရန် ကိုယ်ဆင်းရဲစိတ်ဆင်းရဲခံပြီး နာယူလေ့လာရန် ဟောနေသည်မဟုတ်၊ ကိုယ်ချမ်းသာစိတ်ချမ်းသာစွာ နာလေ့လာ သိမြင်နိုင်အောင် ဟောကြားနေခြင်း ဖြစ်သောကြောင့် အရိယသစ္စာတရားကို သိမြင်နိုင်အောင် ကြိုးစားလေ့လာကြပါ-ဟူ၍ မြတ်စွာဘုရားရှင်က သံယုတ်ပါဠိတော် တတိယတွဲ၊ စာမျက်နှာ

၁၀၅-၌ ဟောကြားတော်မူသည်။ ယင်း မြန်မာပြန် စာမျက်နှာ (၃၉၂)၌ ဖတ်ရှုလေ့လာနိုင်ပေသည်။

၃။ **ချောက်တွင်းကြီး** ။ ။ မြတ်စွာဘုရားသည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးတော်မူစဉ် ရဟန်းများစွာနှင့် အတူ ပဋိဘာနကူဋ ချောက်တွင်းကြီးရှိရာသို့ ကြွသွားတော်မူသည်။ အလွန်နက်ရှိုင်း ကျယ်ဝန်းလှစွာသော ချောက်တွင်းကြီးကို မြင်ရသော အခါ ရဟန်းတော်တပါးက—

"ဤ ချောက်တွင်းကြီးကား နက်ရှိုင်း ကျယ်ဝန်းလွန်းလှပေသည်။ ကြောက်ရွံ့ဖွယ် ကောင်းလှပေသည်" ဟု လျှောက်သည်။

"ရဟန်း....ဤ ချောက်တွင်းကြီးထက် လွန်က နက်ရှိုင်း ကျယ်ဝန်း၍ ပို၍ ကြောက်ဖွယ်ကောင်းသော ချောက်တွင်းကြီးရှိပေသေးသည်"-

ဟု မိန့်တော်မူပြီး အရိယသစ္စာကို မသိမမြင်ခြင်းကြောင့် ဝဋ္ဋဒုက္ခ နက်ရှိုင်း ကျယ်ဝန်းပုံကို ဟောကြားတော်မူသည်။

မှန်ပေသည်၊ အရိယသစ္စာတရားကို မသိမမြင် သူတို့သည် ဝဋ္ဋဆင်းရဲဒုက္ခ၌ မွေ့လျော်ပျော်ပါးကြလျက် ပဋိသန္ဓေ အဖန်ဖန်နေရမှု တရားများကို မွေ့လျော် ပြုလုပ်ကြသည်။ အဖန်ဖန်အိုရမှု တရားများကို မွေ့လျော် ပြုလုပ်ကြသည်။ အဖန်ဖန်နာရမှု တရားများကို မွေ့လျော် ပြုလုပ်ကြသည်။ အဖန်ဖန်သေရမှု တရားများကို ပြုလုပ်အားထုတ်ကြသည်။ ထို့ကြောင့် အဖန်ဖန် ပဋိသန္ဓေနေခြင်း, အိုခြင်း, နာခြင်း, သေခြင်း, စိုးရိမ် ပူဆွေး ငိုကြွေးရခြင်း ဆင်းရဲဘေးများကို အဆက်မပြတ် ခံစားကြရသည်။ ဝဋ္ဋဒုက္ခနယ်ကြီးသည် အတော မသတ် နက်ရှိုင်း ကျယ်ဝန်းရလေသည်။ ဝဋ္ဋဒုက္ခနယ်ပယ် ချောက်တွင်းကြီးကား အရိယသစ္စာတရားကို မသိမမြင်မချင်း ကျယ်လိမ့်မည်သာ ဖြစ်ပေသည်ဟု မြတ်စွာဘုရား ဟောတော်မူလိုရင်းဖြစ်ပေသည်။

ထို့ကြောင့် အလွန်နက်ရှိုင်း ကျယ်ဝန်းသည့် ချောက်တွင်းကြီးထဲမှ တက်နိုင်ရန်အတွက် အရိယသစ္စာကို သိမြင်ရန် အရေးကြီးလှပေသည်။

ဤအကြောင်းကို သံယုတ်ပါဠိတော် တတိယတွဲ၊ စာမျက်နှာ ၃၉၁-မှစ၍ ဟောတော်မူသည်။ ယင်းမြန်မာပြန် စာမျက်နှာ(၃၉၇) မှစ၍ လေ့လာဖတ်ရှုသင့်ပေသည်။

ဤသို့လျှင် အရိယသစ္စာတရားလေးပါးကို သိမြင်ရန် အရေးကြီးပုံကို မီးလောင်ခံရသူဥပမာ လှံထိုးသတ်ခံရသူဥပမာ ချောက်တွင်းနက်ကြီးဥပမာတို့ဖြင့် လေ့လာစဉ်းစားလျှင် ကောင်းစွာသိမြင်နိုင်ပေသည်။

**(ဿ) အရိယသစ္စာ သိမြင်ခြင်း အကျိုးကြီးပုံ။** ။သစ္စာလေးပါးကို အရိယာသိ — သိရာ၌ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာများ ဖြစ်သွားနိုင်သည့် အကျိုးကို ရရှိပေသည်။

ယင်း ပုဂ္ဂိုလ်တို့ကို အရိယာပုဂ္ဂိုလ်များဟု ခေါ်သည်။ မြင့်မြတ်သောပုဂ္ဂိုလ်ဟု အဓိပ္ပာယ်ရှိသည်။ အရိယာပုဂ္ဂိုလ်တို့တွင် အငယ်ဆုံးဖြစ်သော သောတာပန် ပုဂ္ဂိုလ်သည်ပင်လျှင် အကျိုးကြီးမားလှလေပြီ။ အပါယ်လေးပါးခေါ်သည့် ငရဲသားဘဝ၊ ခွေးဝက်စသော တိရစ္ဆာန်ဘဝ၊ ပြိတ္တာဘဝ၊ အသူရကာယ်ဘဝများ မဖြစ်နိုင်တော့ပေ။ မြင့်မြတ်ချမ်းသာသော လူနှင့်နတ်ပြဟ္မာများသာ ဖြစ်ရတော့သည်။ အပါယ်ကျစေမည့် အကုသိုလ်တရားများကို အပြတ်ပယ်ဖြတ်နိုင်သည်။ အမြင်မှားမှု **ဒိဋ္ဌိ** နှင့် ယုံမှားမှု **ဝိစိကိစ္ဆာ** ကင်းဝေးလေပြီ။

လူနတ်ဖြစ်သော်လည်း ချမ်းသာစည်းစိမ်နှင့် ပြည့်စုံသည့် အမျိုးမြတ်သော လူများ နတ်များသာ ဖြစ်ရတော့သည်။ ဆင်းရဲမွဲတေသူများ၊ ကိုယ်အင်္ဂါမစုံသူများ၊ စိတ်ပေါကြောင်သူများ၊ ရူးနှမ်းသူများ မဖြစ်တော့ချေ။ ဤသို့စသည်ဖြင့် အကောင်းတရားများနှင့်သာ ပြည့်စုံသူများ

ဖြစ်၍ အလွန်ဆုံး ခုနစ်ဘဝသာ ပဋိသန္ဓေ နေကြရတော့မည်။ အထက် အရိယာပုဂ္ဂိုလ်များဖြစ်ပြီး နိဗ္ဗာန်ဝင်စံရတော့မည် ဖြစ်သည်။

ဤသည်မှာ သောတာပန်မျှသာ ရှိသေးသည်။ သောတာပန်ထက် မြင့်မြတ်သော သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်များ အတွက် မည်မျှအဆင့်အတန်းမြင့်မည် အကျိုးကြီးမားမည်ကို တွေးသာကြည့် ကြစေလိုသည်။ အရိယာပုဂ္ဂိုလ်များကား အကျိုးတရားကြီးမားလှပေ သည်။ ယင်းသို့ အရိယာပုဂ္ဂိုလ် ဖြစ်နိုင်သည်မှာ အရိယသစ္စာကို အရိ- ယာသိ-သိခြင်းကြောင့် ခံစားရသော အကျိုးတရားများသာ ဖြစ်ပေ သည်။

**ပုထုဇဉ်သိ** အရိယသစ္စာကို သိရာ၌လည်း အရိယာပုဂ္ဂိုလ်များ နီးပါး လောက်ပင် အကျိုးတရားကို ရရှိနိုင်ပေသည်။ အရိယာပုဂ္ဂိုလ်များ သိမြင် သည့်အတိုင်း သိ-ပယ်-ဆိုက်-ပွား-ကိစ္စလေးပါးဖြင့် **အရိယာသိ** သိနိုင် ရန်အတွက် လမ်းစသို့ရောက်ခြင်းပင် ဖြစ်သည်။ ယင်းသို့ အရိယသစ္စာကို ပုထုဇဉ်သိဖြင့် သိသောပုဂ္ဂိုလ်မျိုးကို သာသနာတော်၌ **ကလျာဏပုထုဇဉ်** ဟု ခေါ်ပေသည်။ ကောင်းမြတ်သောပုထုဇဉ်ဟု အဓိပ္ပာယ်ရသည်။

အရိယသစ္စာကို ပုထုဇဉ်သိမျှပင်မသိသော ပုထုဇဉ်မျိုးကိုမူ **အန္ဓပုထုဇဉ်** ဟု သာသနာတော်ဝင် ကျမ်းဂန်များက ခေါ်ဆိုသည်။ အကန်းပုထုဇဉ် ဟု အဓိပ္ပာယ်ရပေသည်။

ကလျာဏ ပုထုဇဉ်ဖြစ်သည် ဆိုလျှင်ပင် မိမိသိမြင်ထားသည့် သစ္စာ လေးပါးတရားကို အထပ်ထပ် အခါခါ ပွားများပါလျှင် အပါယ်လေး ပါးရောက်စေသည့် အကုသိုလ်တရားများ မဖြစ်ပေါ်တော့ပဲ ကောင်း မြတ်သည့် ကုသိုလ်တရားများ ဖြစ်ပွားကာ ကောင်းရာသုဂတိ လူ့ဘုံ နတ်ဘုံသို့သာ ရောက်ရန် သေချာပြီ ဖြစ်သည်။ ဂတိမြဲသွားလေပြီ။ သောတာပန်အစစ်ကြီး မဖြစ်သေးသော်လည်း **စူဠသောတာပန်** ခေါ် သောပန်အငယ်စား ဖြစ်သွားပေပြီ။

(**ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ**၊ ဒုတိယတွဲ၊ စာမျက်နှာ ၂၄၀။ **ဝိသုဒ္ဓိမဂ္ဂဋီကာ**၊ ဒုတိယတွဲ၊ စာမျက်နှာ-၃၇၅)

အရိယသစ္စာ တရားလေးပါး အကျဉ်းချုပ်ကောက်ယူပုံနှင့် အရိယသစ္စာကိုသိလျှင် စူဠသောတာပန် ဖြစ်နိုင်ပုံကို ရေးသား ထားသည့် သံပေါက်ကဗျာကို ကျွန်တော်ငယ်စဉ်က ဆရာဘုန်းတော်ကြီး သင်ပေးသောကြောင့် ရရှိခဲ့ဖူးသည်။ ယင်းသံပေါက်လင်္ကာကို စာရှုသူတို့အား လက်ဆောင်အဖြစ်ရေးပြပါအံ့။

**အရိယသစ္စာသံပေါက်လင်္ကာ**

**၁။ ခန္ဓာနာမ်ရုပ်၊ အကောင်ပုပ်၊ ဒုက္ခသစ္စာသာ။**
**၂။ ခန္ဓာငါးခု၊ ခင်တွယ်မှု၊ သမုဒယသာ။**
**၃။ ဒုက္ခသမုဒယံ၊ ချုပ်ရာမှန်၊ နိဗ္ဗာန်နိရောဓာ။**
**၄။ နိဗ္ဗာန်လမ်းဝင်၊ ရှစ်မဂ္ဂင်၊ ခေါ်တွင်မဂ္ဂသာ။**
**၅။ ဤနည်းကိုပ၊ သဘောကျ၊ စူဠသောတာသာ။—**

ဟူ၍ ဖြစ်ပါသည်။ အသက်ကြီးလာ၍ ပြန်လည် စဉ်းစားသောအခါ အဓိပ္ပာယ် အလွန်ပြည့်ဝ၍စာပေနှင့် ညီသည်ကို တွေ့ရပါသည်။ ရေးသူကို လေ့လာရှာဖွေသောအခါ စစ်ကိုင်းမြို့မှ နာမည်ကျော်ဓမ္မကထိက **မြဝတီဆရာတော်** ရေးသားစီရင်သည့် **တရားစာညွှန့်ပေါင်းကျမ်း** ၌ပါရှိသည်ကို တွေ့ရပေသည်။

ဤသို့လျှင် အရိယသစ္စာလေးပါးကို သိခြင်းသည် အလွန်အကျိုးတရားကြီးမားလှပေသည်။ ပညာရှိ သူတော်ကောင်းများ၏ ပြောဟော သင်ကြားမှုကို ရရှိ၍ဖြစ်စေ ရေးသားထားသည့် စာပေကို လေ့လာ ဖတ်ရှု ရ၍ဖြစ်စေ အရိယသစ္စာတရားကို ပုထုဇဉ်သိဖြင့်သိရပါလျှင် ကလျာဏ ပုထုဇဉ်ဘဝကို ရရှိသွားနိုင်ပေသည်။ **စူဠသောတာပန်** ဖြစ်သွားပေပြီ။ ဤချီးစွေမှ အကူအညီပစ္စည်း, အကြောင်းအထောက်အပံ့များကို ရရှိခဲ့ပါလျှင်မကြာမီ **မဟာသောတာပန်ကြီး** ဖြစ်သွားနိုင်ပေသည်။ အထက်**အရိယာပုဂ္ဂိုလ်ကြီးများအဖြစ်သို့** အဆင့်ဆင့် တက်လှမ်းနိုင်ကြပြီး အသင်္ခတဓာတ်နိဗ္ဗာန်မြတ်ကို ရရှိကြပေလိမ့်မည်။

ယခုမျက်မှောက်ဘဝမှာလည်း သစ္စာလေးပါးတို့ကို သိခြင်းအားဖြင့် ကြုံတွေ့လာသော ချမ်းသာမှု, ဆင်းရဲမှုများကို အောင့်အည်း သည်းခံ

နိုင်ပေသည်။ ကြုံတွေ့လာသော အကုသိုလ်တရားတို့ကိုလည်း မပြုမလုပ်ပဲ ရှောင်ကြဉ်နိုင်ပေသည်။ ယင်းသို့ရှောင်ကြဉ်ခြင်းဖြင့် အကုသိုလ်တရား၏ မကောင်းသော အကျိုးဆက်များမှကင်းဝေး၍ ချမ်းချမ်း သာသာ နေထိုင်နိုင်ကြမည်ဖြစ်ပေသည်။ နောက်ဆုံးတွင် ပုထုဇဉ်သိမှ တဆင့်ထက်တဆင့် ရင့်ကျက်လာကာ အရိယာသိအဖြစ်သို့ရောက်ရှိပြီး အသခ်တဓာတ်မြတ်နိဗ္ဗာန်သို့ ဝင်စံရမည် ဖြစ်ပေသည်။

(င) **အရိယသစ္စာသိရန်ကျင့်စဉ်။** ။ဤမျှ ရေးသား ဖော်ပြခဲ့သည့် စကားရပ်များ ဖြင့် အရိယသစ္စာဆိုင်ရာ လေ့လာချက် သဘောတရားများ စုံလင်သလောက်ရှိသွားပြီဖြစ်ပါသည်။ သို့သော် အရိယသစ္စာကိုသိမြင်စေနိုင်သည့် ကျင့်စဉ်နည်းကိုမူကား မဖော်ပြရသေးပါ။ အမှန်တရားဖြစ်သော အရိယသစ္စာကို သိမြင်အောင် ကြိုးစားပါဟု တိုက်တွန်းပြီး အမှန်တရား-အရိယသစ္စာကို သိမြင်ရန် ကျင့်စဉ်နည်းကိုမပြဆိုလျှင် တရားမျှတ သင့်လျော်ရာကျမည် မထင်ပါ။ ထို့ကြောင့် ကျွန်တော်သည် ကျွန်တော်၏ဆရာကြီးဦးစာကျော်ကို ဆည်းကပ်ရပြန်ပါသည်။

"ဆရာ.... ဆရာက အမှန်တရားပြလက်ာမှာ....

'အရိယာသခင်၊ ထေရ်အရှင်တို့၊
ကြည်လင်သိအပ်၊ သစ္စာမြတ်ကို၊
စွဲမှတ်ထင်ထင်၊ သိစေချင်သည်၊
ပင်စင်အငြိမ်းစား၊ သူတော်များ'-

ဟု တိုက်တွန်းထားပါသည်။ အရိယသစ္စာတရားကို သိမြင်နိုင်တဲ့ ကျင့်စဉ်ကိုလဲအမိန့်ရှိပါခင်ဗျား"ဟု တောင်းပန်သောအခါ ဆရာဦးစာကျော်က-

"ဟုတ်တယ်....ဟုတ်တယ်၊ အရိယသစ္စာတရားကိုသိရန် ကျင့်စဉ်ကိုလဲ ပြောသင့်ပါတယ်၊ ပြောရန်လဲ အဆင်သင့်ပါပဲ။ သို့သော် ခင်ဗျားတို့ကို ဉာဏ်စမ်း ကြည့်ချင်ပါသေးတယ်။ ဉာဏ်စမ်းသံပေါက်ကလေး ကိုးပုဒ်ကို ဖတ်ကြည့်ပြီးတော့ အဖြေပေးကြပါ။ **နောက်မှ အရိယသစ္စာသိမြင်ရန် ကျင့်စဉ်ကိုပြောပါမယ်**

ဟုပြော၍ ဆရာကြီးသည် သူ၏ဉာဏ်စမ်းသံပေါက် ကဗျာကို ရွတ်ပြပါသည်။

### ဉာဏ်စမ်းပဟေဠိသံပေါက်

၁။ တနင်းလာသား၊ နောင်ညီများ၊ နှစ်ပါးရှိကြသည်။
၂။ နောင်ကြီးသွားသော်၊ ညီလေးခေါ်၊ အဖော်လိုက်ရသည်။
၃။ ညီလေးသွားခိုက်၊ နောင်ကြီးမိုက်၊ မလိုက်ချန်ဘတ်သည်။
၄။ နောင်ကြီးမကောင်း၊ မာတိုတောင်း၊ ပျော့ပျောင်းဖြစ်တတ်သည်။
၅။ ညီလေးခများ၊ အမြဲသာ၊ ပျောင်းကာပျော့ရသည်။
၆။ နိဗ္ဗာန်အောင်မြို့၊ ဖောင်ကူတို့၊ ဆောင်ပို့နိုင်ကြသည်။
၇။ ရေမြေကောင်းကင်၊ အနှံ့ပင်၊ ရှာလျှင်တွေ့နိုင်သည်။
၈။ နောင်ညီနှစ်ပါး၊ နာမည်များ၊ ပြောကြားစေချင်သည်။
၉။ ပြောကြားနိုင်က၊ ဤလောက၊ အာဂအာဇာနည်—

ဟူ၍ ဆရာကြီးက ဉာဏ်စမ်းသံပေါက်ကိုးပုဒ်ကို ရွတ်ပြပါသည်။

ဤတွင် ကျွန်တော်သည် အတွေးနယ်ချဲ့လိုက်မိပါသည်။ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားလိုက်မိသည်။

၁။ ခုံတော်မောင်ကျဘမ်းအကြောင်း၊
၂။ အရှင်မဟာမဟိန္ဒထေရ်အကြောင်း—

တို့ကို ဆက်စပ်တွေးလိုက်မိပါသည်။ အကျဉ်းမျှ ရှင်းပြပါရစေ။....

**၁။ ခုံတော်မောင်ကျဘမ်း။** ။ပုဂံခေတ် ကောင်းစားစဉ်အခါက ထင်ရှားကျော်ကြားသည့် ခုံတော်မောင်ကျဘမ်းခေါ် ပုဂ္ဂိုလ်ဘယောက် ရှိဖူးကြောင်း မှတ်သားရဖူးသည်။

ခုံတော်မောင်ကျဘမ်းသည် ဥပဒေဓမ္မသတ် ဖြတ်ထုံးများ၌ ကျွမ်းကျင်လိမ္မာသည်။ စကားအရာ အင်္ဂါလေးတန်နှင့်အညီ လူအများတို့နာကြားချင်ဖွယ် ချယ်လှယ်ဆင်သ ပြောပြဘတ်သည်။ ဇဝန၊ တိက္ခ၊ ဂမ္ဘီရ၊ ဟာသ-ဉာဏ်ပါ၍ ချောမောပြေပြစ်အောင် ပြောတတ်သည်။

တနေ့သောအခါ မောင်ကျဘမ်း လူအများနှင့် စကားပြောနေစဉ် အနီးအပါးမှဖြတ်သန်း၍ အခြားအမှတ်မဲ့နေသူများအတွက် မထူးဆန်းသော်လည်း မောင်ကျဘမ်းအတွက် ထူးဆန်းအံ့ဩဖွယ် ကောင်းသည့် သတ္တဝါတကောင် သွားလာသွပ်ရှားသည်ကို တွေ့မြင်လိုက်ရာ မောင်ကျဘမ်းသည် လျင်မြန်စွာ သံပေါက်ကဗျာတပုဒ် ရေးသားလိုက်သည်။ ကဗျာမှာ—

**၁။ ရေမှာမနေ၊ ကုန်းမှာနေ၊ ခြေလေးချောင်းနှင့် သတ္တဝါ။**

**၂။ ခြေဖြင့်မသွား၊ လက်ဖြင့်သွား၊ အများမှတ်ကြပါ။**

**၃။ လက်ရာမထင်၊ ခြေရာထင်၊ နံတွင် တနင်းလာ။—**

ဟူ၍ဖြစ်သည်။ ယင်း သံပေါက်ကဗျာကို ဖတ်ရသောအခါ လူများစွာပင် ကြံစည်ကြသည်၊ တွေးတောကြသည်။

> သတ္တဝါတကောင်သည် ရေထဲမှာမနေ၊ ကုန်းပေါ်မှာနေသည်။ ခြေလေးချောင်းရှိသည်။ သွားတော့ လက်ဖြင့်သွားသည်၊ ခြေဖြင့်မသွား။ ထင်တော့ ခြေရာထင်သည်၊ လက်ရာမထင်သည့် တနင်းလာနံ သတ္တဝါဖြစ်သည်—

ဟူသောသတ္တဝါ ဘာကောင်ဖြစ်မည်နည်း။ တွေး၍ မရသောအခါမှ မောင်ကျဘမ်းကို တောင်းပန် မေးမြန်းသောအခါကျမှ မောင်ကျဘမ်းက ပြောသည်မှာ **ခွေးခါးကျိုး-ဖြစ်သည်ဟူ၏။**

မှန်သည် ခါးကျိုးနေသောခွေးသည် ခြေလေးချောင်းရှိသည့် ကုန်းနေသတ္တဝါဖြစ်သည်။ လက်ဖြင့်သာသွားသည်၊ ခြေဖြင့်မသွားနိုင်။ နောက်ကဒရွတ်ဆွဲလိုက်နေသည့် ခြေရာသာထင်သည်၊ ရှေ့ကသွားနေသည့် လက်ရာမထင်ချေ။ ခွေးခါးကျိုး-ဟူသော နာမည်ပါ အက္ခရာသုံးလုံးစလုံးပင် တနင်လာနံချည်းဖြစ်သည်။ ဤသည်မှာ မောင်ကျဘမ်း၏ ဉာဏ်ကွန့်မြူးချက် ဖြစ်သည်။

ယခုလည်း ဆရာကြီးဦးစာကျော်သည် ဉာဏ်ကွန့်မြူးလိုက်ခြင်းပင် ဖြစ်လေသလော။ သူပြောသည့် တနင်လာသား ညီနောင်အကြောင်း သိရလျှင် အကျိုးထူးမည်လော။ ဆရာကြီးဦးစာကျော်ကတော့ နိဗ္ဗာန်ဆောင်ပို့နိုင်သည်ဟု ညွှန်းထားပြန်ပေသည်။

**၂။ အရှင်မဟာမဟိန္ဒအကြောင်း** ။အရှင် မဟာမဟိန္ဒသည် တတိယ သင်္ဂါယနာတင် ဒါယကာ သာသနာပြု အသောကမင်းကြီး ၏ သားတော်ဖြစ်သည်၊ အသောကမင်းကြီး သည် သာသနာတော်အတွက် ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင်၊ ကျောင်းပေါင်း ရှစ်သောင်း လေးထောင်၊ စေတီပေါင်းရှစ်သောင်းလေးထောင် တည်ဆောက်လှူဒါန်းခဲ့ သည်။ တတိယသင်္ဂါယနာတင်ပွဲကိုလည်း ဒါယကာခံ၍ ကျင်းပခဲ့သည်။

ဤမျှကုသိုလ်ကောင်းမှုပြုလုပ်သော်လည်း သာသနာ့အမွေကို မခံယူ ထိုက်သေး။ မိမိ၏သားကို သာသနာ့ဝန်ထမ်းဖြစ်အောင် ရဟန်းသာမဏေ ပြုပေးမှသာ သာသနာ့ အမွေခံဖြစ်နိုင်သည်ဟု မိမိ၏ဆရာတော် **အရှင် မဟာမောဂ္ဂလိပုတ္တတိဿမထေရ်** ၏ မိန့်ကြားတော် မူချက်အရ မိမိ၏ သားတော် မဟိန္ဒကို ရဟန်းပြုပေးခြင်းဖြစ်သည်။

သင်္ဂါယနာပွဲပြီးဆုံးသောအခါ သာသနာပြုရန်ကိုးဌာနသို့ရဟန်းတော် များ စေလွှတ်သည့်အခါ အရှင်မဟာမဟိန္ဒသည် သီရိလင်္ကာခေါ် **သီဟိုဠ်** ကျွန်းသို့ကြွရန် တာဝန်ကျသည်။ သီဟိုဠ်ကျွန်းသို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူ၍ မိဿကတောင် ထိပ်သို့ရောက်ကာ စောင့်ဆိုင်းနေစဉ်မှာပင် သီဟိုဠ်ဘုရင် ဒေဝါနံပိယတိဿ မင်း ရောက်လာသည်။ တွေ့သောအခါ အရှင်မြတ်က မင်းတရားကြီးနှင့်တွေ့ဖက်၍ သာသနာပြုရမည်ဖြစ်ရာ မင်း တရားကြီးမှာ ပညာဉာဏ် ရှိ,မရှိ စမ်းကြည့်ချင်သည်၊ ထို့ကြောင့် ပုစ္ဆာ တခုထုတ်၍ မေးတော်မူသည်။

"ဒါယကာမင်းကြီး ဤအပင်ဘာပင်လဲ"

"သရက်ပင်ဖြစ်ပါသည်ဘုရား"

"ဒီသရက်ပင်မှတပါး အခြားသရက်ပင်မရှိဘူးလား"

"ရှိပါသည်ဘုရား"

"ဒီသရက်ပင်နှင့် အခြားသရက်ပင်များမှတပါး အခြား သစ် ပင် မရှိဘူးလား"

"အခြားသစ်ပင် များစွာရှိပါသည်ဘုရား"

"အခြားသရက်ပင်နှင့် အခြားသစ်ပင်များမှတပါး အခြားသစ်ပင်မရှိဘူးလား"

"ရှိပါသည်ဘုရား-ဒီသရက်ပင်ဖြစ်ပါသည်"

ဒေဝါနံပိယတိဿ မင်းကြီးက မှန်ကန်စွာ ဖြေနိုင်သောကြောင့် "ဤမင်းနှင့် တွဲဖက်၍ သာသနာပြုနိုင်သည်"ဟု အရှင်မြတ် ဆုံးဖြတ်သ်မြင်တော် မူခဲ့ပေသည်။

ဤအရှင်မဟာမဟိန္ဒထုံးကိုလိုက်၍ ဆရာကြီးဦးစာကျော်ကဉာဏ်စမ်းပုစ္ဆာမေးခြင်းဖြစ်နိုင်ဖွယ်လည်း ရှိပေသည်။

ဉာဏ်စမ်းသံပေါက်၏အဓိပ္ပါယ်မှာ —

တနင်းလာသား ညီအစ်ကိုနှစ်ယောက်ရှိသည်။ အစ်ကိုသွားလျှင် ညီလေးက အဖော်လိုက်ရသည်၊ညီသွားတော့ အစ်ကိုမလိုက်ပဲ ချန်နေတတ်သည်။အစ်ကိုက တင်းမာသည်၊ တခါတလေတော့ ပျော့လည်းပျော့ပျောင်းတတ်သည်၊ ညီကမူ အမြဲတမ်းပျော့ပျောင်းသည်။ ညီအစ်ကိုသည် နိဗ္ဗာန်ရောက်အောင် ပို့ဆောင်နိုင်သည်၊ သူတို့ကို မြေ-ရေ-အာကာသ-တို့မှာရှာလျှင် တွေ့နိုင်သည်။ သူတို့ညီနောင်၏အမည်ကို ဖော်ပြပါ၊ ပြောနိုင်လျှင် လူတော် အာဇာနည်ဖြစ်သည်—

ဟု ဆိုထားပါသည်။ ကျွန်တော်က လွယ်လွယ်ပင် မေးလိုက်ပါသည်။

"တွေးမရဘူးဆရာကြီး၊ ဘာကိုဆိုလိုပါသလဲ"

ခင်ဗျားက တယ်စိတ်အား ပျော့ဒါကိုး၊ ယောကျ်ားဆိုဒါ အားမလျှော့ရဘူး၊ မဖြစ်မနေ၊ မရမနေ-ကြံစည်ရတယ်။ ခြင်္သေ့များသည် စားစရာသားကောင်းကို အကောင်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ဝီရိယစိုက် ဖမ်းယူသလို ယောကျ်ားများဟာ ကိစ္စကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ဝီရိယစိုက် လုပ်ကိုင်ကြံစည်ရတယ်-

ဟုပြောပြီး ဆရာကြီးသည် ~ိ ၂ာ တရားသိရန် ကျင့်စဉ်လက်ာကို အက်ရွတ်ဆိုလိုက်သောကြေ . ျွန်တော်သည် ဉာဏ်စမ်းပုစ္ဆာ၏

အဖြေကို ဆက်မမေးတော့ပဲ ဆရာကြီးရွတ်ပြသည့် အမှန်တရားဖြစ်သော အရိယသစ္စာ သိမြင်ရန် ကျင့်စဉ်လင်္ကာကိုသာ အမိအရ လိုက်၍မှတ်သားရပါသည်။

မှန်ပါသည်၊ ဆရာကြီးဦးစာကျော် ပြောသည်မှာ မှန်လှပါသည်။ ဉာဏ်စမ်းပုစ္ဆာဟူသည် ဖြေစေချင်၍ မေးခြင်းဖြစ်ပါသည်။ မဖြေပဲ "ဘာလဲ" လို့ လွယ်လွယ်မေးရန်မသင့်ပါ။ စာရှုသူတို့လည်း စမ်းသပ်ဖြေကြည့်စေချင်ပါသည်။ စာရှုသူတို့အဖြေနှင့် ဆရာကြီးဦးစာကျော်၏အဖြေ ကိုက်ညီသည်- မကိုက်ညီသည်ကို ဆရာကြီးဦးစာကျော်ထံမှ အဖြေရသောအခါ ဤစာအုပ်တနေရာမှာ ရေးသားဖော်ပြပါမည်။ စာရှုသူများ ဂရုပြု ရှာဖွေ လေ့လာကြည့်စေချင်ပါသည်။ အကယ်၍ မတွေ့လျှင် စာရေးသူထံ မေးပါရန်ဖိတ်ကြားပါသည်။

**အရိယသစ္စာကို သိမြင်ရန်ထွက်ရာလမ်းစဉ်**
**လင်္ကာ**

**အမှန်ဝမ္မ၊ အရိယသစ္စာ၊**
**ထွက်ရာလမ်းကို၊ ပြညွှန်းဆိုသော်၊**
**ကိုယ်စိတ်ကျန်းမာ၊ ကင်းကွာရန်ခတ်၊**
**လှည့်ပတ်ကင်းထ၊ ဥပါသကာဖြစ်ငြား၊**
**ဝတ္တရားစွဲပြု၊ ဝတ်ရွတ်မှုမှန်၊**
**သမ္ပဓာန်စွဲမှီ၊ ပါရမီမြဲယှဉ်၊**
**ဗောဇ္ဈင်ပွားများ၊ ဤဆယ်ပါးသည်၊**
**တရားအမှန်သိကြောင်းတည်း။**

ဆရာကြီးဦးစာကျော်သည် အထက်ပါတရားအမှန်ဖြစ်သည့် အရိယသစ္စာသိရန်နည်း ထွက်ရာလမ်းပြလင်္ကာကို ခါတိုင်းရွတ်ဆိုပြမြဲလင်္ကာများကို ရွတ်ဆိုခဲ့သည်ထက် အသံကျယ်ကျယ် အဆွဲအငင် ကောင်းကောင်းဖြင့် ရွတ်ဆိုပြပါသည်။

ဆရာကြီးဦးစာကျော်မှာ ရှေးခေတ်က နာမည်ကျော် စာရေးဆရာကြီး မဟာဆွေ၏ ဝတ္ထုများထဲမှ ရွှေဘိုသား ဇာတ်လိုက်ကြီးများ အတိုင်း

အသားညိုညို၊ အရပ်ငါးပေရှစ်လက်မ၊ ရှေ့သွားကြီးကြီး၊ အသံဩဩ ဖြစ်ပါသည်။

ယင်းသို့ လက္ခဏာကို အသံနေ အသံထားဖြင့် ရွတ်ဆိုပြသောအခါ ကျွန်တော်သည် ဆရာကြီးဦးစာကျော်ကို ရိုသေလေးစားစွာဖြင့် မှတ်သားရေးယူထားခဲ့ပါသည်။ မှန်ပါသည်၊ ဆရာကြီးဦးစာကျော်သည် ငယ်စဉ်အခါက ပါဠိစာမေးပွဲကြီးများကို ထိပ်တန်းမှအောင်မြင်ခဲ့၍ ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ ပါဠိကခေါင်းဆောင်နှင့် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ခဲ့ပြီး ကြီးလာသောအခါတွင် သာသနာ့မဏ္ဍိုင်စာပုံနှိပ်တိုက်ကြီး၌ စာပြင်မှူးချုပ်တာဝန်ကို ထမ်းဆောင်ခဲ့ပြီး နောင် သာသနာ့အလင်းရောင်မဂ္ဂဇင်း ထုတ်ဝေသောအခါ အယ်ဒီတာချုပ် အဖြစ် တာဝန်ယူ ထုတ်ဝေခဲ့ပါသည်။ ဤသို့သော အကြောင်းများကြောင့် ကျွန်တော်သည် ဆရာကြီး ဦးစာကျော်အား လေးစားယင်းရှိခဲ့သည့် အလျောက် ဆရာကြီးရွတ်ပြသော တရားအမှန် သိမြင်ရန် ထွက်ရာလမ်း ကျင့်စဉ်လက်ာကို သေသေချာချာ ရေးသား မှတ်ယူထားပါသည်။ ယင်းလက်ာကို စကားပြေဖြင့်ဖော်ပြပါအံ့—

**တရားအမှန်သိမြင်ရန်ကျင့်စဉ်ဆယ်ပါး**

၁။ ကိုယ်ကျန်းမာခြင်း၊
၂။ စိတ်ကျန်းမာခြင်း၊
၃။ ရန်ဓာတ်များကို ဖယ်ခွါခြင်း၊
၄။ လှည့်ပတ်လိမ်ညာမှုမရှိခြင်း၊
၅။ ဥပါသကာအဖြစ်ကိုခံယူခြင်း၊
၆။ ဝတ္တရားကို စွဲမြဲစွာပြုလုပ်ခြင်း၊
၇။ ဝတ်ရွတ်မှုမှန်ကန်ခြင်း၊
၈။ သမ္ဗုဒ္ဓခေါ်တရားရှိခြင်း၊
၉။ ပါရမီဆယ်ပါးကိုဖြည့်ခြင်း၊
၁၀။ ဗောဇ္ဈင်တရားကိုပွားခြင်း—

ဟူ၍ အမှန်တရား -အရိယသစ္စာကို သိမြင်ရန် ထွက်ရာလမ်း ကျင့်စဉ် ဆယ်ပါးဖြစ်ပါသည်။

ယင်းကျင့်စဉ်ဆယ်ပါးကို အားလုံးအပြည့်အစုံကျင့်ရမည် ပြည့်ဝရမည်ဟူ၍ မဆိုလိုသော်လည်း အထိုက်အလျောက် ပြည့်စုံမှသာ အမှန်တရား အရိယသစ္စာကို သိမြင်နိုင်ကြမည်ဖြစ်ပါသည်။ သို့သော် ယင်းကျင့်စဉ်ဆယ်ပါးကိုကျင့်သုံး၍ ပြည့်စုံမည်ဆိုပါမူ အမှန်မုချပင် အမှန်တရား အရိယသစ္စာကို သိမြင်နိုင်မည်မှာ ဧကန်ဖြစ်ပါသည်။

အဓိကအကျဆုံးဖြစ်သော အရိယသစ္စာ-အမှန်တရားကို သိမြင်နိုင်သည့်ကျင့်စဉ်များသည် သာမန်မျှသာဖြစ်သော အခြား စား၊ ဝတ်၊ နေမှုနှင့် အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ၊ ပဋိဘာန-ခေါ် စည်းစိမ်ဥစ္စာပြည့်စုံခြင်း၊ အသက်ရှည်ကြာ ရောဂါကင်းခြင်း၊ အဆင်း၊ အသံ လှပ ကောင်းမွန်ခြင်း၊ ချမ်းသာသုခရှိခြင်း၊ ကိုယ်အား၊ ဉာဏ်အားကောင်းခြင်းဟူသော အကျိုးတရားများကို ရစေနိုင်မည်မှာ အမှန်မုချဖြစ်ပေတော့သည်။ ထို့ကြောင့် အရိယသစ္စာ-အမှန်တရား သိမြင်ရေးကိုသာ ပဓာနထားပြဆိုပါမည်။

ဤကျင့်စဉ်တရားဆယ်ပါးသည် အမှန်တကယ် အရိယသစ္စာခေါ် အမှန်တရားကို သိမြင်ရေးကို ဖြစ်စေနိုင်သည် — မဖြစ်စေနိုင်သည်ကို ရှေးနောက်နှိုင်းဆတတ်၍ ဗုဒ္ဓစာပေပညာ ဗဟုသုတရှိသူများ သိနိုင်ကြပါလိမ့်မည်။ စာရှုသူများ အကဲခက်လေ့လာသိရှိနိုင်ကြစေရန် ယင်းကျင့်စဉ်ဆယ်ပါးကို တစ်ခုစီတစ်ခုစီ ရှင်းလင်းရေးသားပေပြပါအံ့။

# ၃။ တတိယအပိုင်း

## ဤအပိုင်း၌

☆ ကျန်းမာခြင်းနှင့် ကိုယ်ကျန်းမာခြင်း အဓိပ္ပာယ်၊

☆ ကိုယ်ကျန်းမာခြင်းကို ရယူနည်း၊

☆ ကိုယ်ကျန်းမာခြင်းရရန် နည်းငါးမျိုး၊

☆ သီလဖြင့် ကိုယ်ကျန်းမာရေးရစေနိုင်ပုံများကို ထင်ရှားသိသာစေရန် ရှင်းလင်းရေးပြထားပါသည်။

# ၁။ ကိုယ်ကျန်းမာခြင်း

## ကျန်းမာခြင်း၏အဓိပ္ပာယ်

ကျန်းမာ—ဟူသည့် မြန်မာစကား၏ အဓိပ္ပာယ်မှာ—
ကျန်းသည်, မာသည်-ဟူသော စကားနှစ်လုံးကို ပေါင်းစပ်ခေါ်ဆိုထားသည့် စကားလုံးဖြစ်သည်။ ကျန်းသည် ဟူသည်မှာ နည့်ခြင်း၏ ဆန့်ကျင်ဘက် ကျန်းခံ့ခြင်းဖြစ်၏။ နသည်,ညံ့သည်-ဆိုသည်မှာ အထိမခံ, အခိုက်မခံခြင်းကြောင့် နရှိညံ့ဖျင်းခြင်း ဟူ၍ အဓိပ္ပာယ်ရှိသည်။ နရှိညံ့ခြင်းမှာပါသည့် ညံ့ခြင်းဟူသည်မှာလည်း ဖျင်းသည်ဟုလည်း တွဲလျက်ပါပြန်သည်၊ ညံ့ဖျင်းဟုပြောရိုးရှိသည်။ ညံ့ဖျင်းသည့် ပစ္စည်းကိုမည်သူမျှ မလိုလားအပ်ချေ။ ထို့ကြောင့် ကျန်းမာ၌ပါရှိသည့် **"ကျန်း" ဟူသောစကားလုံးသည်** နည့်ခြင်း, ညံ့ဖျင်းခြင်းတို့၏ ဆန့်ကျင်ဘက်ဖြစ်သည်။ **နည့်ခြင်း, ညံ့ဖျင်းခြင်းမဟုတ်** ကျန်းခံ့ခြင်း အဓိပ္ပာယ်ရှိသည်။

မာ-ဟူသည် သန်မာခြင်း, တောင့်တင်းခြင်း-ဟု အဓိပ္ပာယ်ရှိသည်။ ပျော့ညံ့ခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သည်။ ပျော့ညံ့ခြင်းဟူသည်မှာလည်း ပျော့၍ ညံ့ဖျင်းသည့်အနက်ကို ဆောင်သည်။ ညံ့ဖျင်းသည့် ပစ္စည်းကို မည်သူမျှ မလိုလားအပ်ချေ။ ထို့ကြောင့် ကျန်းမာ၌ပါသည့် **"မာ" ဟူသောစကားလုံးသည်** တောင့်တင်း သန်မာခြင်းဖြစ်သည်။ ပျော့ညံ့ခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သည်၊ ပျော့ညံ့ခြင်း မဟုတ်ဟု အဓိပ္ပာယ်ရှိသည်။

ထို့ကြောင့် ကျန်းမာခြင်းဟူသည် ကျန်းခြင်း, မာခြင်းဖြစ်သည်။ နည့်ခြင်း, ပျော့ညံ့ခြင်း မဟုတ်ဟု ဆိုလိုသည်။ ယင်းကျန်းမာခြင်းသည်—

၁။ ကိုယ်ကျန်းမာခြင်း၊
၂။ စိတ်ကျန်းမာခြင်း—

ဟူ၍ နှစ်မျိုးရှိသည်။ ယင်းနှစ်မျိုးကို တစ်ခုစီခွဲခြားပြမှသာ ရှင်းရှင်းလင်းလင်း ကျန်းမာခြင်းအကြောင်းကို သိနိုင်မည်ဖြစ်သည်။ကိုယ်နှင့်စိတ်

နှစ်ပါးစုံ၌ ကျန်းမာခြင်းအကြောင်း သီးသန့်ခွဲခြားရှိနေသည်။ အကယ်၍ ကျန်းမာခြင်း အကြောင်းကို ပိုင်ပိုင်နိုင်နိုင် ရေးလိုပါသည်ဆိုလျှင် ကိုယ်နှင့်စိတ်တို့၏ ကျန်းမာခြင်းနှစ်မျိုးကို ခွဲခြား၍ရေးမှသာ ပြည့်စုံမည်ဖြစ်သည်။ ကျန်းမာခြင်းအကြောင်းကို လေ့လာလိုပါသည်ဆိုလျှင်လည်း ကိုယ်နှင့်စိတ်တို့၏ ကျန်းမာခြင်းနှစ်မျိုးကို ခွဲခြားလေ့လာမှသာ ပြည့်စုံနိုင်မည်ဖြစ်သည်။ ထိုကြောင့် ကိုယ်စိတ်ကျန်းမာ-ဟူသော လင်္ကာပိုဒ်အရ ကိုယ်ကျန်းမာခြင်း, စိတ်ကျန်းမာခြင်း - နှစ်မျိုး ခွဲခြားရေးပြပါမည်။

၁။ **ကိုယ်ကျန်းမာခြင်း**။ ။ကိုယ်ကျန်းမာခြင်း ဟူသည်မှာ ဆံပင်ဖျားမှ ခြေထောက်ဖျားအထိ၊ ခြေထောက်ဖျားမှ ဆံပင်ဖျားအထိ ရုပ်ကိုယ်ကောင်ကြီး၏ အနာမရှိခြင်း, ရောဂါမရှိခြင်း, အလုပ်လုပ်နိုင်ခြင်းကို ဆိုလိုပေသည်။

ဓား, လှံ-စသည်ဖြင့် ထိခိုက်မိခြင်းကြောင့် လည်းကောင်း၊ သွေးသားအလျောက် ပေါ်ပေါက်လာသောကြောင့် လည်းကောင်း ရုပ်ကိုယ်ကောင်ကြီး၌ အနာအဆာများရှိလျှင်လည်း ကျန်းမာသည်ဟု မဆိုနိုင်ပေ။ အနာအဆာမရှိမှသာ ကျန်းမာသည်ဟု ဆိုရပေသည်။

ထိခိုက်မိသော အနာအဆာများကြောင့် လည်းကောင်း၊ သဘာဝ ဥတုရာသီကြောင့် လည်းကောင်း ရုပ်ကိုယ်ကောင်ကြီး၌ အဖျားရောဂါ ထိုးအောင့်ရောဂါ စသည် ရှိပြန်လျှင်လည်း ကျန်းမာသည်ဟု မဆိုနိုင်ချေ။ မရှိမှသာ ကျန်းမာသည်ဟု ဆိုရပေသည်။

ရုပ်ခန္ဓာကိုယ်ကြီးသည် သင့်လျော်မျှတရုံသောဒဏ်များကို မခံနိုင်ပဲ လုပ်လိုသောအလုပ်ကို မပြုလုပ်နိုင်ပြန်လျှင်လည်း ကျန်းမာသည်ဟု မဆိုနိုင်ချေ။ သင့်လျော်မျှတရုံသောဒဏ်ကို ခံနိုင်ပြီး လုပ်လိုသည့်အလုပ်ကို လုပ်နိုင်မှသာ ကျန်းမာသည်ဟု ဆိုရပေသည်။ မှန်သည်-၍ ရုပ်ကိုယ်ကောင်ကြီးသည် သင့်လျော်ရုံမျှဖြစ်သော—

အအိပ်ပျက်ဒဏ်၊
အပူအအေးဥတုဒဏ်၊
ဆာလောင်မှုဒဏ်၊
ပင်ပန်းမှုဒဏ်၊—

များကိုမခံနိုင်ပဲ လုပ်လိုသောအလုပ်ကို မလုပ်နိုင်ဖြစ်တတ်သည်။

အိပ်ချိန်မအိပ်ရလျှင်သော် လည်းကောင်း၊ အိပ်ရာမှထချိန် မဟုတ်ပဲ ထရလျှင်သော်လည်းကောင်း၊ အိပ်နေကျအတိုင်းအတာ ပြည့်မီအောင် မအိပ်ရလျှင်သော် လည်းကောင်း ရုပ်ကိုယ်ကောင်သည် တသမ်းသမ်း တဝေဝေ ဖြစ်နေတတ်သည်။ ထိုင်းမှိုင်းလေးလံ နေတတ်သည်။ လုပ်လိုသည့်အလုပ်ကို မလုပ်နိုင်မကိုင်နိုင် ဖြစ်နေတတ်သည်။ ယင်းသို့ အအိပ်ပျက်ဒဏ် မခံနိုင်လျှင်လည်း ကျန်းမာသည်ဟု မဆိုနိုင်ချေ၊ အအိပ်ပျက်ဒဏ် သင့်လျော်မျှတရုံမျှကိုတော့ ခံနိုင်၍ လုပ်လိုသောအလုပ်ကို လုပ်နိုင်မှသာ ကျန်းမာသည်ဟု ဆိုရပေသည်။

အပူအအေးဟူသော ဥတုဒဏ်ကိုလည်း သင့်လျော် မျှ-တ-ရုံ ကိုတော့ ခံနိုင်ရမည်ဖြစ်သည်။ ပူလျှင်လည်း နည်းနည်းမှ မခံနိုင်၊ အေးလျှင်လည်း နည်းနည်းမှမခံနိုင်ပဲ လုပ်လိုသောအလုပ်ကို မလုပ်နိုင်ဖြစ်နေပြန်လျှင်လည်း ရုပ်ကိုယ်ကောင် ကျန်းမာသည်ဟု မဆိုထိုက်။ သင့်လျော်ရုံ အပူအအေး ဥတုဒဏ်ကို ခံနိုင်ကာ လုပ်လိုသောအလုပ်ကို လုပ်နိုင်မှသာလျှင် ကျန်းမာသည်ဟု ဆိုသင့်၏။

စားသောက်နေကျ အချိန်ကျ၍ မစားမသောက်ရလျှင်သော် လည်းကောင်း၊ စားသောက်နေကျ အတိုင်းအတာနှင့် အစားအသောက်များကို မစားရလျှင်သော်လည်းကောင်း အဆာမခံနိုင်ပဲ လုပ်ကိုင်လိုသည့်အလုပ်ကို မလုပ်နိုင်မကိုင်နိုင် ဖြစ်နေပြန်လျှင်လည်း ရုပ်ကိုယ်ကောင် ကျန်းမာသည်ဟု မဆိုထိုက်ပေ။ သင့်လျော်မျှတရုံ အဆာဒဏ်ကို ခံနိုင်မှသာ ရုပ်ကိုယ်ကောင် ကျန်းမာခြင်း ဖြစ်ပေသည်။

နည်းနည်းကလေး လမ်းသွားရလျှင်သော်လည်းကောင်း၊ ထိုင်ရ ရပ်ရလျှင်သော်လည်းကောင်း မခံနိုင်ပဲ လုပ်လိုသည့်အလုပ်ကို မလုပ်ကိုင်နိုင်

ဖြစ်ကာ သင့်လျော်မျှတရုံအပင်ပန်းဒဏ်ကို မခံနိုင်သောသူမှာ ကိုယ်ကျန်းမာခြင်း မရှိချေ။ သင့်လျော် မျှ-တ-ရုံ သွားနိုင်, ထိုင်နိုင်, ရပ်နိုင်ခြင်း ဟူသော အပင်ပန်းဒဏ်လောက်ကိုတော့ ခံနိုင်ပြီး လုပ်လိုသည့် အလုပ်ကို လုပ်နိုင်မှသာ ကိုယ်ကျန်းမာမှုရှိသည်ဟု ဆိုထိုက်ပေသည်။

စာရေးဆရာကြီး ရွှေဥဒေါင်း ရေးသားသကဲ့သို့ အိပ်ရာမှထလိုက်လျှင် မိုးကိုဒူးနှင့်တိုက်ချင်လောက်အောင် ကြွရွနေမှ ကျန်းမာသည်ဟု မဆိုလိုပါ။ လူသားများအတွက် အနာရောဂါကင်း၍ သင့်လျော် မျှ-တ-သည့် အအိပ်ပျက်ဒဏ် ဥတုဒဏ် ဆာလောင်မှုဒဏ် ပင်ပန်းမှုဒဏ်ကလေးများကိုတော့ ခံနိုင်မှသာ ကိုယ်ကျန်းမာသည်ဟု သတ်မှတ်လိုပါသည်။ သို့မှသာ သစ္စာတရားခေါ် အမှန်တရား သိမြင်ရေးအတွက် ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက် လုပ်ကိုင်နိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် ကိုယ်ကျန်းမာမှု သတ်မှတ်ချက်ကလေးများကို အရဆောင်နိုင်ကြစေရန်အတွက် ခန္ဓာကိုယ်ရုပ်ကောင်ကြီး၌-

(၁) အနာအဆာမရှိခြင်း၊
(၂) ရောဂါဝေဒနာမရှိခြင်း၊
(၃) မျှတရုံဒဏ်ခံနိုင်ကာ အလုပ် လုပ်နိုင်ခြင်း-

ဟူသော အချက်များကို ပါဝင်အောင် ခြုံငုံ၍ ဆောင်ပုဒ်လင်္ကာကလေး တခုကို ဆရာကြီးဦးစာကျော်က ရေးထားပါသည်။ အပျင်းပြေရွတ်ဆိုရန် ကျက်မှတ်ထားသင့်ပါသည်။

**ကိုယ်ကျန်းမာမှုပြလင်္ကာ**

**အနာရောဂါ၊ ကင်းစင်ကွာလျက်၊**
**အိပ်ရာပျက်ဒဏ်၊ ဥတုဒဏ်နှင့်၊**
**ဆာဒဏ် ပန်းဒဏ်၊ လျော်စွာခံမှု၊**
**ကိုယ်ကာယ၊ မှတ်ကြကျန်းမာသည်။**

ဆရာကြီးဦးစာကျော်သည် အထက်ပါကိုယ်ကျန်းမာခြင်းကိုသတ်မှတ်ပြဆိုသည့် လင်္ကာကလေးကို ရွတ်ပြပြီးနောက် ယင်းကိုယ်ကျန်းမာရေး

ကို ရရှိစေရန် မြတ်စွာဘုရား ဟောတော်မူသည့် အင်္ဂုတ္တိုရ်ပါဠိတော် **ဒုတိယတွဲ** စာမျက်နှာ(၁၂၈)လာ **ကျန်းမာခြင်း, အသက်ရှည်ခြင်း-နည်းပြတရားတော်၏** အချုပ်မြန်မာပြန် လင်္ကာကို ဆက်လက်ရွတ်ပြပါသည်။

**ကိုယ်ကျန်းမာရေး နည်းပြလင်္ကာ**

လျော်စွာပြုကျင့်၊
လျော်သင့်သိစေ၊
**ကြေလွယ်စားသောက်၊**
**စောင့်ရှောက်သီလ၊**
**ကောင်းလှမိတ်ဆွေ၊**
**ဤငါးထွေ၊**
**သက်ရှေကျန်းမာကြောင်း။**

ဆရာကြီးဦးစာကျော် ရွတ်ဆိုပြသည့် ဤလင်္ကာတိုကလေးသည် မြတ်စွာဘုရား ဟောကြားတော်မူသည်ကို အကျဉ်းချုပ် စပ်ဆိုထားခြင်းဖြစ်ပေရာ လိုက်နာကျင့်သုံးဖွယ် အဓိပ္ပာယ်ပြည့်ဝလှပါပေသည်။ ယင်းလင်္ကာအရ-

(၁) မိမိနှင့် သင့်လျော်လျောက်ပတ်သည်ကို ကျင့်သုံးခြင်း၊
(၂) မိမိနှင့် သင့်လျော်လျောက်ပတ်သည်ကို သိခြင်း၊
(၃) ကြေကျက်လွယ်သော အာဟာရအစာအသောက်ကို မှီဝဲခြင်း၊
(၄) သီလတရားကို စောင့်ရှောက်ကျင့်သုံးခြင်း၊
(၅) မိတ်ကောင်း ဆွေကောင်းရှိခြင်း-

ဟူသော အချက်အလက် ငါးမျိုးနှင့် ပြည့်စုံလျှင် အမှန်မုချပင် ကိုယ်ကျန်းမာရေးကို ရရှိနိုင်မည်ဖြစ်ပေသည်။ ထို့ကြောင့် ယင်းကျန်းမာရေးနည်းပြ လင်္ကာကလေး၏ အဓိပ္ပာယ်ကို တပိုဒ်စီရှင်းပြပါအံ့။

(၁) လျော်စွာပြုကျင့်။ ။ဟူသည်မှာ မိမိနှင့်သင့်လျော်သည့်အရာကို သင့်လျော်စွာ ပြုကျင့်ရမည်၊မှီဝဲလုပ်ဆောင်ရမည်ဟု ဆိုလိုသည်။

သင့်လျော်သည့်အရာဟူသည်မှာလည်း....

၁။ သင့်လျော်သည့် အာရုံ၊
၂။ သင့်လျော်သည့် နေရာ၊
၃။ သင့်လျော်သည့် ဆေးဝါး၊
၄။ သင့်လျော်သည့် အစားအသောက်၊
၅။ သင့်လျော်သည့် ဣရိယာပုထ်၊
၆။ သင့်လျော်သည့် ဥတု, အပူအအေး၊
၇။ သင့်လျော်သည့် အချိန်အခါ ရတု၊
၈။ သင့်လျော်သည့် အတိုင်းအတာ၊-

စသည်တို့ကို သင့်လျော်သည့် အတိုင်းအတာအထိသာ မှီဝဲပြုလုပ်ရမည် ဖြစ်သည်။

မသင့်လျော်သည်များကို မမှီဝဲရ၊ သင့်လျော်သည့်အတိုင်းအတာထက် ပိုလွန်၍ မမှီဝဲ မပြုလုပ်ရဟုလည်း ပြဆိုပေသည်။

**ဆောင်ရန်လင်္ကာ**

**အာရုံနေရာ၊ ဆေးအစာနှင့်၊**
**ဣရိယာ ဥတု၊ ရတုတိုင်းတာ၊**
**ဤရှစ်ဖြာ၊ လျော်စွာသိနိုင်စေ။**

(၂) **လျော်သင့်သိစေ။** ။မိမိအနေအထားနှင့် သင့်လျော်မည့်အရာကို သိရှိနားလည်ရမည်။ အစားအစာမှာဆိုလျှင် မည်သည့်အစာကို မိမိစားသင့်သည်ကို သိရမည်။ မည်မျှ အတိုင်းအတာ အထိ စားသုံးသင့်သည်ကို သိရမည်။ ရာသီဥတုဆိုလျှင် အပူအအေး နှစ်ပါးတွင် မိမိသည် မည်သည့် ဥတုကို မှီဝဲသင့်သည်၊ မည်မျှအတိုင်း အတာအထိ အပူကိုခံရမည်၊ အအေးကိုခံရမည် ဆိုသည်ကို မှီဝဲသင့်သည် ကို သိနားလည်ရမည် ဖြစ်သည်။

အရပ်ဒေသမှာလည်း မည်သည့်အရပ်ဒေသမှာ မိမိနေထိုင်သင့်သည်ကို လည်းကောင်း၊ မည်မျှကြာကြာ နေသင့်သည်ကို လည်းကောင်း သိရှိ

နားလည်ရမည်ဖြစ်ပါသည်။ ဤသို့စသည်ဖြင့် အစားအစာ၊ ဥတုရာသီ၊ အရပ်ဒေသ-စသည်တို့၌ မိမိနှင့်သင့်မည်ကိုလည်းကောင်း၊ မည်မျှအထိ သင့်လျော်မည်ကို လည်းကောင်း သိရှိ နားလည်ရမည်ကို ရည်ရွယ်၍ လျော်သင့်သိစေ ဟု လင်္ကာစပ်ဆိုပြခဲ့ပါသည်။

ယင်းသို့ လျော်သင့်သိစေဟု ဆိုလိုက်ခြင်းဖြင့် ဗျတိရေကနည်း ခေါ် ပြောင်းပြန်နည်းအားဖြင့် မသင့်မလျော်သည်များကိုလည်း မသင့်မလျော် သည့် အတိုင်းအတာနှင့်တကွ သိတတ်ရမည်ဟု ပြဆိုပေသည်။

(၃) **ကြေလွယ်စားသောက်**။ ။မိမိနှင့် သင့်လျော်သည့် အစားအစာ များပင်ဖြစ်သော်လည်း မိမိ၏ဝမ်းမီးက ကြေညက်အောင် ချက်နိုင်လောက်သည့် အစားအစာများကိုသာရွေး ချယ်၍ စားသုံးရမည်ဟု ထပ်ဆင့်ညွှန်ပြခြင်း ဖြစ်သည်။

ယင်းသို့ မိမိ၏ဝမ်းမီးက ကြေစေနိုင်သည့် အစာကိုလည်း ကြေနိုင် လောက်သည့် အတိုင်းအတာအထိသာ စားရမည်ကို ထပ်မံညွှန်ပြပေသည်။ ဥပမာ ပြရလျှင်—ဆန်ပြုတ်ခေါ် လူနာများအတွက် အစားသည် ပင်လျှင် သင့်လျော်ရုံ ကြေနိုင်သမျှသာ စားသုံးရမည်ဖြစ်ပေသည်။

ထို့အတူပင်လျှင် ဝမ်းမီးကိုတောက်စေတတ်ပါသည်၊ အစာကြေစေပါ သည်ဆိုသော ဆေးဝါး အစာများသည်ပင်လျှင် ခန္ဓာကိုယ်နှင့် မျှတသင့် လျော်ရုံမျှကိုသာ စားသုံးမှီဝဲရမည်ကို ညွှန်ပြပေသည်။

ယင်းသို့ဝမ်းမီးက ကြေကျက်အောင် ချက်နိုင်သည့် အစာ ဆေးဝါး များကို ရွေးချယ်၍ စားသုံးမှီဝဲခြင်းဖြင့် သာလျှင် အသက်ရှည်ခြင်း, ကျန်းမာခြင်း-အကျိုးကျေးဇူးကို ဖြစ်စေလိမ့်မည်။ အသက်ရှည်၍ ကျန်း မာမှသာလျှင် အရိယသစ္စာခေါ် တရားအမှန်ကို သိမြင်ရေး အတွက် ကျင့်သုံးပွားများနိုင်ကြမည် ဖြစ်ပေသည်။

(၄) **စောင့်ရှောက်သီလ**။ ။သီလကိုစောင့်ရှောက်ရမည်ဟုဆိုရာ၌ သီလ သည် ငါးပါးသီလ, အာဇီဝဋ္ဌမကသီလ, ရှစ်ပါးသီလ, ကိုးပါးသီလ, ဆယ်ပါးသီလ, ရဟန်းသီလ-စသည်ဖြင့် **အမျိုးပေါင်းများစွာရှိသည်။**

**သီလ**-ဟူသည် စောင့်ရှောက်ထိန်းသိမ်းရမည့်အကျင့်တရားဟု-အနက် အဓိပ္ပာယ်ရှိသည်။ မှန်ပေသည်၊ သီလသည် ခြံစည်းရိုးအကာအရံ သဘောရှိသည်။ လုံခြုံအောင် ပိတ်ဆို့ ထိန်းသိမ်းသင့်သည့် တရားတမျိုးဖြစ်သည်။ စည်းရိုးဝင်းခြံ မလုံခြုံပါလျှင် သူခိုးများ လူဆိုးများဝင်လာ၍ ပစ္စည်းဥစ္စာကို ခိုးယူလုယက်မည်ကို စိုးရိမ်ရသည်။ အန္တရာယ်ဘေးရန်ပြုမည်ကိုလည်း စိုးရိမ်ရသည်။ နွားဆိုး ကျွဲဆိုးများကလည်း စိုက်ပျိုး ထားသောသစ်ပင်ပန်းပင်များကို စားသုံးဖျက်ဆီးမည်ကို စိုးရိမ်ရသည်။

ထို့အတူပင်လျှင် သီလဆောက်တည်ခြင်း အကာအရံပြုလုပ်မထား မလုံခြုံလျှင် ဒုစရိုက်ဆိုးများ တရားဆိုးများ ဝင်ရောက်လာကာ ကောင်းကျိုးတရားကို ဖျက်ဆီးပစ်ခြင်းကို ခံရတတ်ပေသည်။ ကောင်းကျိုးတရားများ ပျက်စီးလျှင် မကျန်းမာခြင်း, အသက်တိုခြင်း-စသော မကောင်းကျိုးများ ဝင်ရောက်လာတတ်ပေသည်။ မကောင်းကျိုးများ ငင်ရောက်လာလျှင် ကောင်းကျိုးတရားကြီးတဆူဖြစ်သည့် အရိယသစ္စာ အမှန်တရားသိမြင်ရေးနှင့် ဝေးရပေလိမ့်မည်။

ထို့ကြောင့် ဖော်ပြခဲ့သည့် သီလများကို မိမိစွမ်းအားရှိသမျှ စောင့်ရှောက် ထိန်းသိမ်းရပေမည်။ ဤနေရာ၌ ကျန်းမာရေးအတွက် စောင့်ထိန်းခြင်း ဖြစ်ပေရာ အနီးကပ်ဆုံး ကျန်းမာရေးနှင့် သက်ဆိုင်သည့် **အာဇီဝဋ္ဌမကသီလ** ကို စောင့်ထိန်းသင့်ပေသည်။ ထင်ရှားစေအံ့—

**အာဇီဝဋ္ဌမကသီလ။** ။အာဇီဝဋ္ဌမကသီလ-ဟူသည်မှာအာဇီဝ-အသက်မွေးမှု၊အဋ္ဌမက ရှစ်ခုမြောက်ဖြစ်သော သီလဟူ၍ အဓိပ္ပာယ်ရှိသည်။ အသက်မွေးမှု အာဇီဝ ရှစ်ခုမြောက်ဟု ဆိုခြင်းဖြင့် ရှစ်ပါးသီလ တမျိုးဖြစ်ကြောင်း သိသာသည်။ ဥပုသ်နေ့၌ လူများစောင့်ထိန်းသော ဥပုသ်ရှစ်ပါးသီလလည်းရှိသေးသည်။ ယင်း ဥပုသ် ရှစ်ပါးသီလကို နောက်၌ရေးပြမည်။ ဤအာဇီဝဋ္ဌမကသီလမှာ ငါးပါးသီလထက် ပို၍ကျယ်ပြန့်သည့် ရှစ်ပါးသီလဖြစ်သည်။

ယင်း အာဇီဝဋ္ဌမကသီလကို သီလက္ခန် အဋ္ဌကထာ (နှာ-၂၀၁)၌လည်းကောင်း၊ သံယုတ်အဋ္ဌကထာ ဒုတိယတွဲ (နှာ-၄၇) ဝိသုဒ္ဓိမဂ်

မဟာဋီကာ ပထမတွဲ (နှာ-၃၃) စသည်တို့၌လည်းကောင်း ပြဆိုသည်။ ယင်း အာဇီဝဋ္ဌမကသီလမှာ—

(က) ကာယဒုစရိုက် သုံးပါး—၃။

(ခ) ဝစီဒုစရိုက် လေးပါး—၄။

(ဂ) မိစ္ဆာအာဇီဝ တပါး — ၁။

ဟူသော ဒုစရိုက်ခေါ် အကျင့်ဆိုးရှစ်ခုမှ ရှောင်ကြဉ်မှု သုစရိုက် ရှစ်ပါး ဖြစ်သည်။

ဒုစရိုက်ရှစ်ပါးမှ ရှောင်ကြဉ်မှု သုစရိုက်ရှစ်ပါးကို သိသာအောင် တစ်ခုစီ နံပါတ်ထိုး၍ ရှင်းပြပါအံ့။

**(က) ကာယဒုစရိုက်** ဟူသည်မှာ ကာယ-ကိုယ်အမူအရာဖြင့်+ဒုစရိတ-ဒုစရိုက်=မကောင်းသောအကျင့်-ဟု အဓိပ္ပာယ်ရှိသည်။ ယင်း ကာယဒုစရိုက်သည်—

(၁) ပါဏာတိပါတ-သတ္တဝါအသက်သတ်မှု၊

(၂) အဒိန္နာဒါန-မပေးသည့်ပစ္စည်းကိုယူမှု—

(၃) ကာမေသုမိစ္ဆာစာရ-ကာမမှု၌ မှားယွင်းကျင့်မှု—

ဟူ၍ ကာယဒုစရိုက်သုံးပါးရှိသည်။ ယင်း ကာယဒုစရိုက်သုံးပါးကို ရှောင်ကြဉ်လျှင် ကာယသုစရိုက်ဖြစ်သည်။

**ကာယသုစရိုက်** ဟူသည်မှာ ကာယ-ကိုယ်အမူအရာဖြင့် + သုစရိတ—သုစရိုက်=ကောင်းသောအကျင့်-ဟု အဓိပ္ပာယ်ရှိသည်။

(ခ) **ဝစီဒုစရိုက်** ဟူသည်မှာ ဝစီ - နှုတ်အမူအရာဖြင့်+ဒုစရိတ-ဒုစရိုက်=မကောင်းသောအကျင့်-ဟု အဓိပ္ပာယ်ရှိသည်။ ယင်းဝစီဒုစရိုက်သည်—

(၁) မုသာဝါဒ-မမှန်မကန်ပြောဆိုမှု၊

(၂) ပိသုဏာဝါစာ ကုန်းတိုက်ပြောဆိုမှု၊

(၃) ဖရုသဝါစာ-ကြမ်းတမ်းစွာပြောဆိုမှု၊

(၄) သမ္ဖပ္ပလာပ-အချင်းအတင်းပြောဆိုမှု—

ဟူ၍ ဝစီဒုစရိုက် လေးပါးရှိသည်။ ယင်း ဝစီဒုစရိုက် လေးပါးကို ရှောင်ကြဉ်လျှင် ဝစီသုစရိုက်ဖြစ်သည်။

**ဝစီသုစရိုက်**ဟူသည်မှာ ဝစီ-နှုတ်အမူအရာဖြင့်+သုစရိတ—သုစရိုက်= ကောင်းသောအကျင့်-ဟု အဓိပ္ပာယ်ရှိသည်။

(၈) **မိစ္ဆာအာဇီဝ**-ဟူသည်မှာ မိစ္ဆာ -မှားယွင်းသော+အာဇီဝ— အသက်မွေးခြင်းဟု အဓိပ္ပာယ်ရှိသည်။ **အသက်မွေးခြင်း**—ဟူသည်မှာ စား,ဝတ်,နေရေးအတွက် မှီခို,ပြုလုပ်ခြင်းပင်ဖြစ်သည်။

ယင်းမိစ္ဆာအာဇီဝသည် ဖော်ပြခဲ့သည့် ကာယဒုစရိုက် ဝစီဒုစရိုက်တို့ဖြင့် စား, ဝတ်, နေရေးအတွက် ပြုလုပ်နေထိုင်ခြင်းကိုပင် ခေါ်ပေသည်။ ထို့ပြင် မှားယွင်းသောကုန်သွယ်မှုငါးမျိုးနှင့် ရဟန်းတော်များအတွက် ဘုရားရှင်ခွင့်မပြုသော နည်းမျိုးဖြင့် ပစ္စည်းလေးပါးရယူခြင်းတို့ဖြစ်သည်။ ယင်းမိစ္ဆာအာဇီဝတို့ကို ရှောင်ကြဉ်၍ စား,ဝတ်,နေ့ရေးအတွက် ပြုလုပ် လျှင် သမ္မာအာဇီဝဖြစ်သည်။

**သမ္မာအာဇီဝ**-ဟူသည်မှာ သမ္မာ-ကောင်းမွန်မှန်ကန်သော အာဇီဝ- အသက်မွေးခြင်းဟု အဓိပ္ပာယ်ရှိသည်။

ဖော်ပြခဲ့သည့်—

ကာယဒုစရိုက်သုံးပါးမှ ရှောင်ကြဉ်ခြင်း-ကာယသုစရိုက်သုံးပါး၊
ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ခြင်း-ဝစီသုစရိုက် လေးပါး၊
မိစ္ဆာအာဇီဝမှ ရှောင်ကြဉ်ခြင်း-သမ္မာအာဇီဝ တစ်ပါး—

ဟူ၍ ရှစ်ပါးရှိရာတွင် သမ္မာအာဇီဝသည် ရှစ်ခုမြောက် "အဋ္ဌမ"ဖြစ် သောကြောင့် ယင်းသီလကို "**အာဇီဝဋ္ဌမကသီလ**"ဟု ခေါ်ဆိုပေသည်။

အာဇီဝဋ္ဌမကသီလ—အရ သိသာစေရန် နံပါတ်စဉ်ပြရလျှင်

၁။ ပါဏာတိပါတာ ဝေရမဏီ-**သတ္တဝါ** အသက်သတ်မှုမှ ရှောင် ခြင်း၊
၂။ အဒိန္နာဒါနာ ဝေရမဏီ-မပေးသည့်ပစ္စည်းကိုယူမှုမှ ရှောင်ခြင်း၊
၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ - ကာမမှု၌ မှားယွင်းကျင့်မှုမှ ရှောင်ခြင်း၊
၄။ မုသာဝါဒါ ဝေရမဏီ-မမှန်မကန်ပြောဆိုမှုမှ ရှောင်ခြင်း၊

၅။ ပိသုဏာဝါစာ ဝေရမဏီ-ကုန်းတိုက်ပြောဆိုမှုမှ ရှောင်ခြင်း၊
၆။ ဖရုသဝါစာ ဝေရမဏီ-ကြမ်းတမ်းစွာပြောဆိုမှုမှ ရှောင်ခြင်း၊
၇။ သမ္ဖပ္ပလာပါ ဝေရမဏီ-အဖျင်းစကားပြောဆိုမှုမှ ရှောင်ခြင်း၊
၈။ မိစ္ဆာဇီဝါ ဝေရမဏီ-မှားသောအသက်မွေးမှုမှ ရှောင်ခြင်း-ဟူ၍ သိက္ခာပုဒ်ရှစ်ပါးဖြစ်ပေါ်လာပေသည်။

## အာဇီဝဋ္ဌမကသီလရှင်းလင်းချက်

အာဇီဝဋ္ဌမကသီလ-တွင် ပါဝင်သော သီလရှစ်မျိုးတို့မှာ သာမန်အားဖြင့် ပေါ့ပေါ့လွယ်လွယ်မျှ—ဟု ထင်ရသော်လည်း လေးလေးနက်နက် ဆင်ခြင်ကြည့်ကြပါလျှင် နက်ရှိုင်းကျယ်ပြန့်၍ သီလအားလုံးနှင့် နီးနွှောစပ်ဟပ်မိသည်ကို တွေ့မြင်ကြရမည်ဖြစ်ပေသည်။

ဤမျှလောက် လေးနက်ကျယ်ပြန့်၍ သီလအားလုံးနှင့် ဆက်စပ်နီးနွှောရနိုင်သည့် အာဇီဝဋ္ဌမကသီလသည် ယခု မျက်မှောက်ဘဝမှာ ကျန်းမာရေး, ကြီးပွားရေး, ချမ်းသာရေးများကိုသာ အထောက်အကူပေး ကျေးဇူးပြုနိုင်ရုံသာမက အရိယသစ္စာခေါ် အမှန်တရား သိမြင်ရေးအတွက်မှာသည်း မရှိမဖြစ် အလွန်လိုအပ်သော သီလကြီးဖြစ်ပေသည်။ သေချာစွာ လေ့လာစိစစ်ကြည့်မည်ဆိုလျှင် အရိယမဂ္ဂင်တရားရှစ်ပါးတို့တွင် အာဇီဝဋ္ဌမကသီလသည် သီလမဂ္ဂင်ကြီးအဖြစ် အခိုင်အမာချုပ်ဘည်နေပေသည်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝမဂ္ဂင်သုံးပါးဖြစ်သည်။

ယင်းသို့ဖြစ်သောကြောင့် အမှန်ဘရား-အရိယသစ္စာကို သိမြင်လိုသူများအတွက် ကိုယ်ကျန်းမာရေး အသက်ရှည်ရေးများကို ကျေးဇူးပြုနိုင်သော သီလ-အရ အာဇီဝဋ္ဌမကသီလကို ယူသင့်ကြောင်း သတ်မှတ်ရခြင်းဖြစ်ပေသည်။ ထို့ကြောင့်ပင် အာဇီဝဋ္ဌမကသီလ-ရှစ်ပါးမှ တစ်ပါးစီ၏အဓိပ္ပာယ်ကို ရှင်းလင်းရေးပြမည်။

### (၁) ပါဏာတိပါတာ

ပါဏာဘိပါဘာ-ဟူသော ပါဠိဝေါဟာရသည် ပါဏ-ပုဒ်နှင့် အတိပါတ-ပုဒ် တွဲစပ်ထားသည်။ ပါဏ-သတ္တဝါအသက်ကို+အတိပါတ—

လျင်စွာကျစေခြင်းဟု အနက်ရှိသည်။ သတ္တဝါ၏အသက်ကို သေချိန်မရောက်သေးမီ သေအောင်ပြုလုပ်ခြင်းဟု အဓိပ္ပာယ်ရှိသည်။ သတ္တဝါ၏အသက်ကို သတ်ခြင်းဟုဆိုလိုပေသည်။

ယင်းသို့ သတ္တဝါ၏အသက်ကို သတ်ခြင်းဟုဆိုခြင်းဖြင့် သတ္တဝါဆိုလျှင် မည်သည့်သတ္တဝါကိုမျှ မသတ်သင့်ကြောင်း ပြဆိုသည်။ အနိမ့်ဆုံးအားဖြင့် မိမိပိုင်သည့် မိမိအသက်ကိုပင် မသတ်သင့်ကြောင်း ပြဆိုသည်။ ထိုကြောင့်ပင် ဗုဒ္ဓ၏ဝိနည်းတော်အရ ရဟန်းများသည် သူတပါးကိုလည်း မသတ်ဖြတ်ရချေ။ မိမိကိုယ်ကိုလည်း မိမိမသတ်ရချေ။ အပြစ်ရှိကြောင်း ပညတ်ထားပေသည်။

အခြားလူသတ္တဝါကိုသတ်လျှင် ပါရာဇိကအာပတ် သင့်ကြောင်းလည်း ပညတ်ထားသည်။ (ဝိ ၁၊ နှာ ၉၀။) မိမိကိုယ်ကိုသတ်လျှင် ဒုက္ကဋ်အာပတ်သင့်ကြောင်း ပညတ်တော်မူသည်။ (ဝိ ၁၊ နှာ ၁၀၄။) တိရစ္ဆာန်ကို သတ်လျှင် ပါစိတ် အာပတ်သင့်ကြောင်း ပညတ်တော်မူသည်။ (ဝိ ၂၊ နှာ ၁၆၄။)

သတ္တဝါကိုသတ်ဖြတ်မှုဟူသည်မှာ အမြင့်ဆုံးအပြစ်ကို ပြဆိုခြင်းဖြစ်သည်။ အနိမ့်ဆုံးအဆင့်အားဖြင့်မူ ညှဉ်းဆဲနှိပ်စက်ခြင်းကိုလည်း မပြုသင့်ပါချေ။ ပြုလုပ်လျှင် အပြစ်ရှိမည်သာဖြစ်ပါသည်။ ထို့ကြောင့် ဗုဒ္ဓမြွက်စွာသည်—

မိမိကိုယ်နှင့်နှိုင်းစာလျက် သတ္တဝါများကိုမသတ်ဖြတ်ရာ၊
ညှဉ်းဆဲနှိပ်စက်ခြင်းကိုလည်း မပြုရာ—

ဟူ၍ ဆုံးမတော်မူသည်။ (ဓမ္မပဒ-ဂါထာနံပါတ် ၁၂၉။)

မိမိကိုယ်ကိုညှဉ်းဆဲကာ မိမိ၏ အင်္ဂါဇာတ် (ရှေ့ပန်း)ကို ဖြတ်သောရဟန်းအား အပြစ်ဖြစ်၍ အာပတ်သင့်ကြောင်း သိက္ခာပုဒ်ပညတ်ချက်ရှိသည်။ (ဝိ ၄၊ နှာ ၂၇၀။)

မိမိကိုယ်ကိုဆု၍ ငိုကြွေးသည့်ရဟန်းမိန်းမအား အာပတ်သင့်ကြောင်း သိက္ခာပုဒ်ပညတ်ချက်ရှိသည်။ (ဝိ ၂၊ နှာ ၃၆၅)

ဤ ဘုရားဟော သာဓက အထောက်အထားများကိုထောက်ဆ၍ ပါဏာတိပါတ-အရ သတ္တဝါကိုသတ်ဖြတ်ခြင်းဟုဆိုရာ၌ မိမိကိုယ်နှင့်တကွ မည်သည့်သတ္တဝါကိုမျှ မသတ်ဖြတ်သင့်ချေ။ ညှဉ်းဆဲနှိပ်စက်ခြင်းကိုလည်း မပြုသင့်ချေ။

မှန်ပါသည်၊ ပါဏာတိပါတကို မရှောင်ကြဉ်လျှင် နောင်တမလွန်ဘဝမှာလည်း အပါယ်လေးပါးဖြစ်သည့် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဘုံများသို့ ရောက်ရမည်။ အပါယ်မှလွတ်လာ၍ လူ့ဘဝ ရောက်ပြန်လျှင်လည်း အနာရောဂါများခြင်း, သူတပါးက သတ်ပုတ်ညှဉ်းဆဲခံရခြင်း, အသက်တိုခြင်း-စသော မကောင်းကျိုးများကို ခံစားရမည်ဖြစ်သည်။

ပါဏာတိပါတခေါ် သတ္တဝါကို သတ်ဖြတ် ညှဉ်းဆဲ နှိပ်စက်မှုကို မပြုလုပ်ပဲ စောင့်ထိန်းလျှင် နောက်ဘဝမှာလည်း လူ့ဘဝ, နတ်ဘဝ, ကောင်းမြတ်သည့်ဘဝသို့ ရောက်ရမည်ဖြစ်သည်။ လူ, နတ်-ဖြစ်သောအခါ၌လည်း ရောဂါကင်းခြင်း, သူတပါးက ညှဉ်းဆဲနှိပ်စက်မှု မပြုနိုင်ခြင်း, အသက်ရှည်ခြင်း, အဆင်းလှခြင်း-စသော အကျိုးတရားများကို ရနိုင်ပေသည်။

မျက်မှောက်ဖြစ်သော ယခုဘဝမှာလည်း လူ-ဟူသည့် သူတပါးအသက်ကို သတ်ဖြတ် ညှဉ်းဆဲလျှင် တရားဥပဒေအရ သေစား သေရမည့်ဒဏ်ကို ခံရမည်။ ကာယကံရှင်ဘက်မှ လက်တုန့်ပြန်၍ သတ်ဖြတ်ညှဉ်းဆဲဒဏ်ကို ခံရနိုင်ပေသည်။

ဤသို့သော အကြောင်းများကြောင့် ပါဏာတိပါတ ဒုစရိုက်မှုကို မပြုလုပ်ပဲ သတ္တဝါကို သတ်ဖြတ် ညှဉ်းဆဲခြင်းကို ရှောင်ကြဉ်သင့်ပေသည်။ ရှောင်ကြဉ်ပါလျှင် ကိုယ်ကျန်းမာခြင်း, အသက်ရှည်ခြင်းအကျိုးကိုရ၍ အရိယသစ္စာခေါ် အမှန်တရားသိမြင်ရန် ကျင့်ကြံနိုင်ကြပေမည်။

ပါဏာတိပါတခေါ် သတ္တဝါအသက် သတ်ဖြတ် ညှဉ်းဆဲမှုမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို စောင့်ထိန်းလိုလျှင်—

**"ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ"**
ဟု ပါဠိဘာသာဖြင့် ဆောက်တည်ရသည်။ ယင်း၏အနက်မှာ—

ပါဏာတိပါတာ-သတ္တဝါအသက် သတ်ဖြတ်ညှဉ်းဆဲခြင်းမှ၊ဝေရမဏီ သိက္ခာပဒံ—ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို၊ သမာဒိယာမိ—ဆောက်တည်ပါ၏၊ ဟူ၍ဖြစ်သည်။

မြန်မာဘာသာသက်သက်ဖြင့်—"သတ္တဝါအသက်ကို သတ်ဖြတ် ညှဉ်းဆဲမှုမှ ရှောင်ကြဉ်ပါ၏" ဟူ၍လည်း ရွတ်ဆို၍ ဆောက်တည်နိုင်သည်။

မည်သို့မျှမရွတ်ဆိုပဲ စိတ်ထဲမှာပင် အဓိဋ္ဌာန်ပြု၍လည်း ဆောက်တည်နိုင်သည်။ ဘုရားစေတီ ရုပ်ပွားတော်များရှေ့မှာဖြစ်စေ၊ သီလသမာဓိ ရှိသူများရှေ့မှာဖြစ်စေ၊ မိမိ တကိုယ်တည်းဖြစ်စေ ဆောက်တည်နိုင်သည်။ ရဟန်းသံဃာရှေ့မှာမူ သီလကိုဆောက်တည်ရန် တောင်းရပါသေးသည်။ တောင်းပုံ ဆောက်တည်ပုံကို နောက်ဆက်တွဲမှာပြမည်။

## (၂) အဒိန္နာဒါန

အဒိန္နာဒါန-ဟူသော ပါဠိဝေါဟာရမှာ အဒိန္န-တပုဒ်နှင့် အာဒါန-တပုဒ်အားဖြင့် နှစ်ပုဒ်ပေါင်းစပ်ထားပေသည်။ အဒိန္န-မပေးသည်ကို+အာဒါန—ယူခြင်းဟူ၍ အနက်မြန်မာ ပြန်ဆိုရပေသည်။

ယင်းသို့ပြန်ဆိုခြင်းဖြင့်—ခိုးယူခြင်း, ဝှက်ယူခြင်း, လိမ်ညာလှည့်ပတ်၍ယူခြင်း, ခြိမ်းခြောက်ယူခြင်း, အနိုင်ကျင့်ယူခြင်း, အမြတ်ကြီးစားယူခြင်း, အတိုးကြီးစားယူခြင်း, အကြွပ်ကိုင်ယူခြင်း—စသော ပိုင်ရှင်က ကြည်ကြည်ဖြူဖြူ ပေးကမ်းလိုသည့် စိတ်စေတနာဖြင့် ပေးခြင်းမဟုတ်ပဲ မတရားယူခြင်း ဟူသမျှကို သိမ်းကျုံးမိပေသည်။ အဒိန္နာဒါန-ဟူသော ဝေါဟာရ၏ မပေးသည်ကိုယူခြင်း—ဟူသော သဘောတရားကို နားလည်ထားလျှင် ခိုးခြင်းနှစ်ဆယ့်ငါးမျိုးဖြင့် ခိုးယူရာ၌ အပြစ်ဖြစ်နိုင်ပုံသဘောကို နားလည်နိုင်ပေမည်။

အဒိန္နာဒါန-သည် အပါယ်လေးပါးသို့ ကျရောက်စေနိုင်သည်။ ဖြစ်ရာဘဝတိုင်း၌ ပစ္စည်းဥစ္စာ ဆင်းရဲနွမ်းပါးစေနိုင်သည်။ ငတ်မွတ်တတ်

သည်။ အလိုရှိသောအရာကို မရတတ်။ စီးပွားဥစ္စာ ရှာဖွေပါသော်လည်း မရပဲ အပျက်အစီး အဆုံးအရှုံးနှင့် ကြုံရတတ်သည်။ ရေ, မီး, သူခိုး, သားဆိုးသမီးဆိုး, မင်းဆိုး-စသူတို့၏ ဖျက်ဆီးလုယက်မှုကို ခံရတတ်သည်။

အဒိန္နာဒါန ဒုစရိုက်ကို ရှောင်ကြဉ် ထိန်းသိမ်း စောင့်စည်းလျှင် နတ်ရွာ လူ့ရွာတို့၌ ချမ်းသာကြွယ်ဝသော နတ်များ လူများ ဖြစ်ရတတ်သည်။ လုပ်ဆောင်သမျှ စီးပွားဥစ္စာများ အောင်မြင် ရရှိနိုင်သည်။ ရန်သူမျိုးငါးပါးကြောင့် မပျက်စီးနိုင်ခြင်း-စသော အကျိုးများကို ခံစားရသည်။

မျက်မှောက် ယခုဘဝမှာလည်း မပေးသည့်ပစ္စည်းကိုယူလျှင် တရားဥပဒေအရ အပြစ်ဒဏ်ခံရ၍ စိတ်မချမ်းသာ ကျန်းမာရေးထိခိုက်ပြီး အသက်တိုစေနိုင်သည်။ လူအများ၏ ကဲ့ရဲ့ရှုတ်ချခြင်းခံရပြီး မျက်နှာမလှဆင်းရဲရကာ ကျန်းမာရေးထိခိုက်နိုင်သည်။ မတရားအယူခံရသူ ပစ္စည်းရှင်၏ သတ်ဖြတ် ရိုက်နှက် ညှဉ်းဆဲခြင်းကိုလည်း ခံရ၍ ကျန်းမာခြင်း ချွတ်ယွင်းနိုင်သည်။ အသက်ကိုတိုစေနိုင်သည်။

အဒိန္နာဒါန-မှ ရှောင်ကြဉ် ထိန်းသိမ်း စောင့်စည်းပါလျှင် ဥပဒေအရ ခံရမည့်အပြစ်ဒဏ်ဟူ၍ မရှိနိုင်ပေ။ ပစ္စည်းရှင်တို့ထံမှ ဒဏ်ပြန်လာသည့် ဆင်းရဲမှုမျိုးလည်း မရှိနိုင်ချေ။ ပွဲလယ်ပွဲပြင် ရှင်ရှင်လန်းလန်း ချမ်းချမ်းသာသာ ပျော်ရွှင်စွာနေရသောကြောင့် ကျန်းမာရေးကောင်းစွာရလျက် အသက်ရှည်ကြမည်ဖြစ်သည်။

မိမိအလိုရှိသော အရိယသစ္စာခေါ် တရားအမှန်သိမြင်ရန် အတွက် ထက်မြက်စူးရှသော သီလ, သမာဓိ, ပညာအားကို ဖြစ်ပွားရရှိစေနိုင်ပေသည်။

ထို့ကြောင့် အရိယသစ္စာဉာဏ်ကို ရရှိရန် ကြိုးစားပွားများရေးကို ကျန်းမာစွာ ပြုလုပ်နိုင်မည်ဖြစ်ပေသည်။

အဒိန္နာဒါနခေါ် မပေးသည့်ယူမှုကို ရှောင်ကြဉ်ရန် ဆောက်တည်လိုပါလျှင်-

**''အဝိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ''**

ဟူ၍ ပါဠိဘာသာဖြင့် ရွတ်ဆိုဆောက်တည်ရသည်။ ယင်း၏အနက် မြန်မာပြန်မှာ — အဒိန္နာဒါနာ-မပေးသောပစ္စည်းကို ယူခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ-ရှောင်ကြဉ်ကြောင်းသိက္ခာပုဒ်ကို၊ သမာဒိယာမိ-ဆောက်တည်ပါ၏၊ ဟူ၍ဖြစ်သည်။

မြန်မာဘာသာဖြင့် ''ပိုင်ရှင်ကမပေးသောပစ္စည်းကိုယူခြင်းမှ ရှောင်ကြဉ်ပါ၏''ဟူ၍လည်း ဆောက်တည်နိုင်သည်။ စိတ်ထဲမှာပင် အဓိဋ္ဌာန်ပြု၍လည်းဆောက်တည်နိုင်သည်။

စေတီဘုရား ရုပ်ပွားဆင်းတုတော်ရှေ့မှာလည်းဆောက်တည်နိုင်သည်။ သီလသမာဓိရှိသူများ ရှေ့မှာလည်း ဆောက်တည်နိုင်သည်။ မိမိတကိုယ်တည်းလည်း ဆောက်တည်နိုင်သည်။ ရဟန်းသံဃာတော်များရှေ့မှာမူ သီလသရဏဂုံများကို ဆောက်တည်လိုကြောင်း တောင်းပြီးမှ ဆောက်တည်ရသည်။ တောင်းပုံ ဆောက်တည်ပုံများကို နောက်ဆက်တွဲမှာ ရေးပြပါမည်။

နောက်၌ဆက်လက်ဖော်ပြမည့် သိက္ခာပုဒ်များမှာလည်း ဤနည်းအတိုင်း ဆောက်တည်ရပါမည်။ အကျဉ်းမျှသာရေးပါတော့မည်။ ဤနည်းကိုမှီး၍ အကျယ်သိကြပါလေ။

## (၃) ကာမေသုမိစ္ဆာစာရ။

ကာမေသုမိစ္ဆာစာရ-ဟူသော ပါဠိဝေါဟာရသည် ကာမေသု-ကာမတရားအရာတို့၌+မိစ္ဆာစာရ-မှားယွင်းပြုကျင့်မှု-ဟူ၍ အနက်မြန်မာပြန်ဆိုရသည်။ ယင်းသည် မိန်းမနှင့်ယောကျ်ား နှစ်ဦးသား နှီးနှောဆက်ဆံခြင်း ဟူ၍ ပြောဆိုရသည့် မေထုန်မှုပင်ဖြစ်ပေသည်။

မေထုန်မှုအရာ၌ ယောကျ်ားများအတွက် အုပ်ထိန်းမှုရှိသူနှင့်ကာမပိုင်လင်ရှိသူ မိန်းမများကို မေထုန်မှုမှီဝဲပြုကျင့်လျှင် မမှန်ကန်ချေ။ မှားယွင်းသောပြုကျင့်မှု မိစ္ဆာစာရဖြစ်သည်။

မိန်းမများအတွက် မိမိမှာကာမပိုင်လင်ရှိလျက် အခြားယောကျ်ား နှင့်သဘောတူ၍ မေထုန်မှုပြုကျင့်လျှင် မမှန်ကန်ချေ။ မှားယွင်းသော ပြုကျင့်မှု မိစ္ဆာစာရဖြစ်သည်။

**အုပ်ထိန်းသူ** ဟူသည်မှာ မိဘ, အစ်ကို, အစ်မ, ဆွေမျိုး-စသည့်အုပ်ချုပ် စောင့်ရှောက် ထိန်းသိမ်းသူများကို ဆိုလိုသည်။ (အုပ်ထိန်းသူရှစ်မျိုး ရှိသည်။)

**ကာမပိုင်လင်** ဟူသည်မှာ ငွေကြေးပိုက်ဆံပေး၍ဖြစ်စေ၊ နှစ်ဦးသဘော တူ၍ဖြစ်စေ၊ တရားဝင်လက်ထပ်ထိမ်းမြားထား၍ဖြစ်စေ၊ မေထုန်မှီဝဲခွင့် ရှိနေသူ လင်ယောကျ်ားကို ဆိုလိုသည်။ (ကာမပိုင်လင် ဆယ့်နှစ်မျိုး ရှိသည်။)

ယောကျ်ားများအတွက်မှာ အုပ်ထိန်းသူရှိသည့်မိန်းမနှင့် ကာမပိုင်လင် ရှိသူမိန်းမများကို မကျူးလွန်ရန် စောင့်ထိန်းရမည်ဖြစ်သည်။ ယင်းသို့ စောင့်ထိန်းရာတွင် လောက၌ အုပ်ထိန်းသူမရှိသည့်မိန်းမဟူ၍ မရှိနိုင်ပေ။ လေလွင့်နေသော မိန်းမ, အရှုးမ - များသည် ပင်လျှင် တရား ဥပဒေ၏ စောင့်ရှောက် အုပ်ထိန်းမှုကို ခံနေရသည်။ ထို့ကြောင့် မိမိပိုင်မယားမှ တပါး မည်သည့်မိန်းမမျိုးကိုမျှ ကျူးလွန်ခြင်းမပြုပဲ ရှောင်ကြဉ်သင့် ပေသည်။

မိန်းမများအတွက်မှာ မိမိမှာ လင်ယောကျ်ား ရှိနေပါလျက် အခြား မည်သည့် ယောကျ်ားနှင့်မျှ မေထုန်မှုကို မပြုကျင့်သင့်ချေ။ အုပ်ထိန်းသူ များသည်ကား မိန်းမကို စောင့်ရှောက် ထိန်းသိမ်းရုံမျှသာ ဖြစ်သည်။ ကာမမှုကိုမူ မပိုင်သောကြောင့် မိန်းမများဘက်မှကြည့်လျှင် အုပ်ထိန်း သူရှိသော်လည်း မိစ္ဆာစာရ မဖြစ်နိုင်ဟု ကျမ်းဂန်တို့၌ဆိုပေသည်။ သို့ သော် မိမိအား စောင့်ရှောက်အုပ်ထိန်းသူများ၏ စိတ်မချမ်းသာမှု၊ ဂုဏ် သိက္ခာထိခိုက်မှုများ ဖြစ်စေ၍ မိတ္တဒုဗ္ဘိ—ခေါ် ကျေးဇူးရှင်အား ကျေး ဇူးကန်းခြင်း အကုသိုလ်ကြီး ဖြစ်သောကြောင့် မိမိအုပ်ထိန်းသူများ၏ သဘောတူခွင့်ပြုချက်မရှိပဲ ယောကျ်ားများနှင့် မေထုန်မှုကို မပြုလုပ်သင့် ပေ။ စောင့်ထိန်းသင့်ကြသည်။ မိမိကာမပိုင်လင်မှ တပါး အခြား

ယောကျ်ားများနှင့် မေထုန်မှုမပြုကြရန် သတိထား ရှောင်ရှားသင့်ကြပေသည်။

ဤသို့ ရေးသား ပြဆိုချက်များအရ ယောကျ်ားဖြစ်စေ, မိန်းမဖြစ်စေ မိမိက ကာမပိုင်ဆိုင်သော မိန်းမ-မယား၊ မိမိကို ကာမပိုင်ဆိုင်သော ယောကျ်ား-လင်တို့မှတပါး အခြားတပါးသော မိန်းမ၊ အခြားတပါးသော ယောကျ်ားများနှင့် မေထုန်မှီဝဲခြင်းမပြုကျင့်ပဲ ရှောင်ကြဉ်သင့်ကြသည်။

ကာမေသု မိစ္ဆာစာရ—ဒုစရိုက်ကို ကျူးလွန်လျှင် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဟူသော အပါယ်လေးပါး ကျရောက်ရတတ်သည်။ အပါယ်မှလွတ်၍ လူ့ဘဝ, နတ်ဘဝ-ရောက်သော်လည်း မိန်းမသာဖြစ်ရတတ်သည်။ မိန်းမအင်္ဂါ ယောကျ်ားအင်္ဂါ နှစ်မျိုးစုံပါသော ဥဘတောဗျည်းခေါ် **နှစ်ဘက်**ရ ဖြစ်ရတတ်သည်။ ယောကျ်ားအင်္ဂါ မိန်းမအင်္ဂါ တမျိုးမှမပါသော နပုံးပဏ္ဍုက်လည်း ဖြစ်တတ်သည်။ ဖြစ်ရာဘဝမှာ သင်းကွပ်ခြင်းခံရတတ်သည်။ လူမုန်းများခြင်း ရန်သူများခြင်း-စသော မကောင်းကျိုးများကို ခံစားရတတ်သည်။

လက်ငင်းဘဝမှာ ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်သည့်သူမှာ မခံမရပ်နိုင်သူများ၏ ရန်ပြုသတ်ဖြတ် ညှဉ်းဆဲမှုကိုခံရ၍ ထိခိုက်နာကျင်ခြင်း၊ ခြေ, လက်, အင်္ဂါချို့တဲ့ခြင်း၊ အသက်သေဆုံးခြင်း - စသော မကောင်းကျိုးများကို ခံစားရတတ်သည်။ အကျူးလွန် ခံရသူ၏ဘက်မှ သွေးသားတော်စပ်သူများ မိတ်ဆွေများ၊ ကျူးလွန်သူမိမိဘက်မှ သွေးသားဆွေမျိုးများ မိတ်ဆွေများ၏ မကောင်းသတင်း ပြောဆိုခြင်းများကို ခံရ၍ မျက်နှာမလှ ဖြစ်ရတတ်ပေသည်။

ဤသို့သော အကြောင်းများကြောင့် စိတ်မချမ်းသာခြင်း, ကိုယ်မကျန်းမာခြင်း, အသက်တိုခြင်း-စသော မကောင်းကျိုးများကို ခံစားရတတ်ပေသည်။

ကာမေသု မိစ္ဆာစာရ မှ ရှောင်ကြဉ်လျှင် ကာမေသု မိစ္ဆာစာရာ ဝေရမဏီ-သုစရိုက်ဖြစ်၍ လူ့ဘဝ, နတ်ဘဝများကို ရနိုင်သည်။ ဖော်ပြ

ခဲ့သည့် ကာမေသု မိစ္ဆာစာရ-ကံကို ကျူးလွန်ခြင်းကြောင့် ဖြစ်သော အပြစ်ဒဏ်များမှ လွတ်ကင်း၍ ကိုယ်ကျန်းမာခြင်း, စိတ်ချမ်းသာခြင်း, အသက်ရှည်ခြင်း-အစရှိသော ကောင်းကျိုးတရားများကို ရနိုင်ပေသည်။ အရိယသစ္စာခေါ် အမှန်တရားကို သိမြင်ရေးအတွက် ကျင့်သုံးနိုင်ပေမည်။ ထို့ကြောင့် ကာမေသု မိစ္ဆာစာရ—ဒုစရိုက်ကို ရှောင်ကြဉ်၍ ကာမေသု မိစ္ဆာစာရာ ဝေရမဏီ-သုစရိုက်ကို ကျင့်သုံးထိုက်လှပေသည်။ ဆောက်တည် ကျင့်သုံးလိုပါလျှင်—

"**ကာမေသု မိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ**"

ဟု ပါဠိဘာသာဖြင့်လည်း ဆောက်တည် ကျင့်သုံးနိုင်ပေသည်။ ယင်း၏ အနက် မြန်မာပြန်မှာ—ကာမေသုမိစ္ဆာစာရာ—ကာမမှုတို့၌ မှားယွင်းပြု ကျင့်ခြင်းမှ၊ ဝေရမဏိသိက္ခာပဒံ—ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို၊ သမာဒိယာမိ—ဆောက်တည်ပါ၏—ဟူ၍ ဖြစ်သည်။

မြန်မာဘာသာဖြင့်လည်း "ကာမမှုတို့၌ မှားယွင်း ပြုကျင့်ခြင်းမှ ရှောင်ကြဉ်ပါ၏" ဟူ၍ ဆောက်တည်ရပေသည်။ နှုတ်မှမဆိုပဲ စိတ်ထဲမှာပင် အဓိဋ္ဌာန်ပြု ဆောက်တည်လျှင်လည်း ဖြစ်နိုင်ပေသည်။

ဤ ကာမေသုမိစ္ဆာစာရ၌ အကျုံးဝင်သော မကောင်းမှု—ဒုစရိုက် တမျိုး ရှိပေသေးသည်။ ယင်း မကောင်းမှုကား ယစ်မျိုးသုံးစွဲမှုပင်ဖြစ်သည်။ ယင်း ယစ်မျိုးသုံးစွဲမှုသည်လည်း ကာမတရားကို မှားယွင်းစွာ ကျင့်သုံးမှု၌ ပါဝင်သည်။ ပါဝင်ကြောင်း ဗုဒ္ဓစာပေ၌ ထင်ရှားသော ဋီကာကြီးများမှာ ဆုံးဖြတ် ရေးသားထားပေသည်။ ထို့ကြောင့် ယင်း ကာမေသု မိစ္ဆာစာရ-တပါးဖြစ်သည့် ယစ်မျိုးသုံးစွဲမှုကိုလည်း ကျန်းမာစွာ အသက်ရှည်ကြာ နေလိုသူ, အရိယသစ္စာ-အမှန်တရား သိမြင်လိုသူများ ကျင့်သုံးသင့်ပေသည်။ ကျင့်သုံးနိုင်ရန် ဆက်လက်ဖော်ပြပါအံ့—။

**သုရာမေရယမဇ္ဇပမာဒဋ္ဌာန**။ ။သုရာမေရယ-ပုဒ်၌ သုရာကို သေရည် ဟူ၍ ရှေးက ပြန်ဆိုခဲ့ကြသည်။ တဆေးခေါ် ချိုးထည့်၍ ခံယူသော ထန်းရည်ခါး မနိုရည်ခါးနှင့် အရက်ချက်လုပ်မည့် စိမ်ရည်များပင် ဖြစ်သည်။ ယင်းတို့ကိုသောက်လျှင် မူးယစ်မေ့လျော့စေတတ်သည်။

**မေရယ** ကို သေရက်ဟူ၍ ရှေးကပြန်ဆိုကြသည်။ ယခုခေတ်၌ အရက်ဟူ၍ခေါ်ကြသည်။ ယင်းအရက်သည် သေရည်ခေါ် စိန်ရည်အဆင့်မှ တဆင့် တက်၍ ပေါင်းခံချက်လုပ်ထားသည့် ချေးရည်ဖြစ်သည်။

ယင်းသေရည်နှင့်အရက်များသည် သောက်သုံးလျှင် မူးယစ်မေ့လျော့စေတတ်သည်။ ထို့ကြောင့် "သုရာမေရယ"ဟု အမည်ကို ဖော်ထုတ်ပြသည်။ လောက၌သေရည်နှင့် အရက်မျှသာမကပဲ အခြား မူးယစ်စေတတ်သည့် ပစ္စည်း အရာဝတ္ထုများ များစွာရှိနိုင်ပေသေးသည်။ ယင်းတို့ကိုပါ သိမ်းကျုံးယူနိုင်ရန်အတွက် သုရာမေရယ ပုဒ်နောက်မှ ဆက်လက်၍ "မဇ္ဇပမာဒဋ္ဌာန"ပုဒ်ကို ထည့်သွင်းဟောကြားတော်မူသည်။ ယင်းတို့မှာ ဘိန်း, ဆေးခြောက်, ကိုကင်း, မာဖီးယား, နံပါတ်ဖိုးခေါ် ဘိန်းဖြူ-စသည်တို့ ဖြစ်ပေသည်။ ယစ်မျိုး မှန်သမျှ မကျန်ရအောင် ယူရမည်ဖြစ်သည်။

**မဇ္ဇ**-ဟူသည် ယစ်ခြင်းဖြစ်သည်။ ယင်း ယစ်ခြင်းဟူသည် ရီဝေဝေနောက်ကျိကျိဖြစ်လာရာမှ ပကတိစိတ်ကို တမျိုးတမည်ဖြစ်စေသည်။ပကတိ ကိုယ်အနေအထားကို တမျိုးတမည်ဖြစ်စေသည်။

**ပမာဒ**-ဟူသည် မေ့လျော့ခြင်းဖြစ်သည်။ ယစ်လာ၍ရီဝေဝေနောက်ကျိကျိမှ စိတ်နေကိုယ်နေ တမျိုးတမည် ဖောက်ပြန်လာရာ ထိန်းမနိုင်သိမ်းမရနိုင်ပဲ အကြီးအကျယ် မေ့လျော့လာခြင်းဖြစ်သည်။

ယင်းသို့ ယစ်ခြင်းမေ့လျော့ခြင်းများ ဖြစ်လာလျှင် မပြောသင့်သည်ကိုလည်းပြောမိတတ်သည်။မလုပ်သင့်သည်ကိုလည်း လုပ်မိလာတတ်သည်။ မလုပ်ရဲသည့် ကိုယ်မှုအကျင့်ဆိုး-ကာယဒုစရိုက်ဟူ၍ မရှိတော့ပြီ။ မပြောရဲသည့်နှုတ်မှုအကျင့်ဆိုး- ဝစီဒုစရိုက်ဟူ၍လည်း မရှိတော့ပြီ။ မတွေး မကြံရဲသည့်မနောဒုစရိုက်ဟူ၍လည်း မရှိတော့ပြီ ဖြစ်သည်။ ထို့ကြောင့် သေရည်အရက်စသော ယစ်ခြင်း, မေ့လျော့ခြင်းများကို ဖြစ်စေ တတ်သည့် ယစ်မျိုး များကို ဒုစရိုက်အဖြစ် ဗုဒ္ဓစာပေ ဗုဒ္ဓယဉ်ကျေးမှု လောက၌ သတ်မှတ်ထားပေသည်။

ဗုဒ္ဓယဉ်ကျေးမှုနှင့် ဗုဒ္ဓစာပေ အမွေအနှစ်ကို လက်ခံကျင့်သုံးတော်မူကြသော ရှေးမြန်မာပညာရှင်ကြီးများ အဆက်ဆက်ကလည်း ယစ်မျိုးများကို ဒုစရိုက်အဖြစ် သတ်မှတ်တော်မူကြသည်။ "**ဒုစရိုက်အားလုံး သူရာဖုံး**"ဟူ၍လည်း ဆိုရိုးပြုခဲ့ကြပေသည်။

ဒုစရိုက်အားလုံး သူရာဖုံး—ဟူသည်မှာ သုရာမေရယ သိက္ခာပုဒ်ကို ကျူးလွန်သူသည် ဒုစရိုက်အားလုံးကိုပင် ကျူးလွန်သောကြောင့် ဒုစရိုက်အကုန်လုံးကို ဖုံးအုပ်သည်ဟု ဆိုလိုရင်းဖြစ်ပေသည်။

ယစ်မျိုးသုံးစွဲမှုသည် မှားသောအကျင့်-မိစ္ဆာစာရဖြစ်သည်။ ဒုစရိုက်များကို ဖြစ်စေနိုင်သောကြောင့် ဒုစရိုက်ပင်ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓဝါဒ ပညာရှင်ကြီးများက သုရာမေရယ-ယစ်မျိုးသုံးစွဲမှုကိုမှားယွင်းသော ပြုကျင့်မှု- မိစ္ဆာစာရ၊ မကောင်းသော အကျင့်—ဒုစရိုက်အဖြစ် ဆုံးဖြတ်သတ်မှတ်ကြပေသည်။ တင်ပြပါအံ့—

၍ သုရာမေရယမဇ္ဇပမာဒဋ္ဌာန - ကို မူလဋီကာ (နှာ-၁၀၉) ၌ **သဘာဂဝတ္ထု** ခေါ် သဘောတူရာ ပေါင်းခြင်းအားဖြင့် လည်းကောင်း။ **ဥပကာရက** ခေါ် ကျေးဇူးပြုသောအားဖြင့်လည်းကောင်း။ မိစ္ဆာစာရ-ဒုစရိုက်ဖြစ်ကြောင်း ပြဆိုတော်မူသည်။

**သဘာဂဝတ္ထု** ခေါ် သဘောတူရာပေါင်းပုံမှာ - ကာမေသုမိစ္ဆာစာရသည် (ကာမ) မေထုန်မှု၌ မှားယွင်းသောပြုကျင့်မှု ဖြစ်သကဲ့သို့ မူးယစ်မေ့လျော့ကြောင်း စိမ်ရည်အရက် မှီဝဲခြင်းသည်လည်း ကာမတရား၌ မှားယွင်းသောပြုကျင့်မှု—မိစ္ဆာစာရဖြစ်သည်ဟု ဆိုလိုသည်။ အထိအတွေ့ ကာမနှင့် အရသာကာမဟူ၍ ကာမချင်းတူပေသည်။

**ဥပကာရကဝတ္ထု** ခေါ် ကျေးဇူးပြုပုံမှာ မူးယစ်ကြောင်း စိမ်ရည်အရက်စသည်ကို သုံးစွဲလျှင် ပါဏာတိပါတ - သတ္တဝါသတ်ဖြတ်ညှဉ်းဆဲခြင်းစသည့် ဒုစရိုက်အားလုံးကို ပြုလုပ်ကျူးလွန်မိစေနိုင်အောင် ကျေးဇူးပြုနိုင်သည်။ ထို့ကြောင့် ဒုစရိုက်ဖြစ်သည်ဟု ဆိုလိုသည်။

သဘာဂတ္တ, ဥပကာရကတ္တ—နှစ်ပါးပေါင်းလျှင် မိစ္ဆာစာရ-ဒုစရိုက် ဖြစ်သည်။ ထို့ကြောင့် ဤ မူးယစ်ကြောင်း စိမ်ရည်အရက်စသည်ကို မှီဝဲသုံးဆောင်ခြင်းကို ကာမေသုမိစ္ဆာစာရ-ဒုစရိုက်၌ သွင်းယူရမည်ဖြစ်သည်။ ယင်းကိုရှောင်လျှင် ကာမေသုမိစ္ဆာစာရာ ဝေရမဏီ—သုစရိုက် ဖြစ်သည်။

"မူးယစ်ကြောင်း ယစ်မျိုး ပစ္စည်းဝတ္ထုများကို မှီဝဲအပ်သော်၊ ထုံအပ်သော်၊ အကြိမ်များစွာသုံးစွဲသော်၊ အလေ့အလာ ပြုသော် ငရဲ၌ဖြစ်စေ၏။ တိရစ္ဆာန်ဘဝဖြစ်စေ၏။ ပြိတ္တာဘဝ ဖြစ်စေ၏။ အနည်းဆုံး လူရူး လူပေါဘဝ ဖြစ်စေနိုင်၏"—

ဟူ၍ အင်္ဂုတ္တိုရ်ပါဠိတော် တတိယတွဲ (နှာ-၇၈) ၌ ဟောတော်မူ၏။ ယင်း အင်္ဂုတ္တိုရ်ပါဠိတော် အတိတ္တိသုတ်(အံ ၁-နှာ-၂၆၃)မှာပင်—

၁။ မေထုန်မှီဝဲမှု၊

၂။ အိပ်မှု၊

၃။ သုရာပါနခေါ် သေရည်အရက်သုံးစွဲမှု—

ဟူသော သုံးမျိုးသော သဘောတရားတို့သည် ပြုကျင့်၍မရောင့်ရဲ အားမရနိုင်ကြောင်း ဟောတော်မူသည်။ ထို့ကြောင့် မူးယစ်မေ့လျော့ကြောင်း သေအရက်စသည်တို့သည် သုံးစွဲမိလျှင် ရပ်တန့်ရန်ခက်သည့် မကောင်းမှုများဖြစ်သည်။ မကောင်းကျိုးကို များစွာပေးနိုင်သည်။

မြန်မာရာဇဝင်၌ သေရည်သေရက်ကို များစွာမှီဝဲသော တပင်ရွှေထီးမင်းသည် ရန်သူ၏သတ်ဖြတ်မှုကို ခံရသည်။

ဓမ္မဓဇ ဇာတ်တော်၌ အရှင်သာရိပုတ္တရာအလောင်း ရှင်ဘုရင်သည် အရက်မူးပြီး မိမိသားငယ်ကိုသတ်၍ အချက်ခိုင်း စားမိသည်အထိ မှောက်မှားခဲ့ပေသည်။ (ဇာ ဌ ၂၊ နှာ—၁၇၇။)

မျက်မှောက်ခေတ်မှာလည်း ကမ္ဘာတဝန်းလုံးမှာပင် မူးယစ်ကြောင်း ဝတ္ထုပစ္စည်းများကြောင့် အကြီးအကျယ် နစ်နာဆုံးရှုံးမှု ဖြစ်နေရပေသည်။ အင်တိုက်အားတိုက် တားဆီးကာကွယ် နေရပေသည်။

**နဂါးကျစ်တွင်း**

ယစ်မျိုးသုံးစွဲခြင်း ဆိုးဝါးပုံကို သိသာထင်ရှားစေရန် နဂါးကျစ်တွင်းဖြင့် ဥပမာပြု ရေးသားလိုပါသည်။

အထက်မြန်မာပြည် ရွှေဘိုတောင်လက် ဟံလင်းနယ်ဘက်၌ နဂါးကျစ်တွင်းခေါ် ရွှံ့တွင်းကြီးများရှိသည်။ နဂါးကျစ်တွင်းသည် ရခိုင်ပြည်နယ်နှင့် မင်းဘူးနယ်ရှိ **နဂါးပွက်အိုင်နှင့်** မတူပါ။ နဂါးကျစ်တွင်းသည် နဂါးပွက်အိုင်ကဲ့သို့ ရွှံ့များပွက်ထခြင်းမရှိပဲ ငြိမ်သက်နေသည့် ရွှံ့တွင်းကြီးများဖြစ်သည်။ အောက်သို့ အလွန်နက်ရှိုင်းသည်မှာမူ တူညီပေသည်။ ဘေးမဖြစ်သည့်ပုံဟန် မြေပြင်ကဲ့သို့ ငြိမ်သက်နေတတ်သည်။

လူများ ကျွဲနွားတိရစ္ဆာန်များ မတော်တဆကျသွားလျှင် ပြန်တတ်ရန် ခက်ခဲလှပေသည်။ ယက်ကန်လှုပ်ရှားလေ နစ်မြုပ်လေဖြစ်ကာ ရွှံ့များပါးစပ်တွင်းမှ ဝမ်းထဲဝင်ကာ ရွှံ့တွင်းထဲနစ်မြုပ် အသက်ဆုံးရှုံးရတတ်ပေသည်။ အချိန်မီကယ်ဆယ်သူတွေ့လျှင်သာ အသက်ချမ်းသာတတ်လေသည်။ ထို့ကြောင့် အနီးအနားမှာ ဆူးခက်များ သစ်ကိုင်းများကာရံ၍ အဘားအဆီးပြုလုပ်ထားရပေသည်။

ဤအဘူပင် ယစ်မျိုးများသည် စတင်သုံးစွဲခါစ၌ စားကောင်းအိပ်ပျော် နေကောင်းသလိုလို ဖြစ်သော်လည်း တဖြည်းဖြည်းစွဲလန်းမှုကိုဖြစ်စေကာ မသုံးစွဲရလျှင် မနေနိုင်ဖြစ်ပြီး အသားအရေဖျော့တော့ ပိန်ကျလာတတ်သည်။ အားနည်းတတ်သည်။ သွားလာလှုပ်ရှားမှု နှေးကွေးလာတတ်သည်။ချောင်းဆိုးခြင်း, မောဟိုက်ခြင်း,မစားနိုင်ဖြစ်ခြင်းတို့ဖြင့် နှိပ်စက်ခံသာရတတ်သည်။ အသဲ, နှလုံး, ကျောက်ကပ်, အူများ-ပျက်စီးတတ်သည်။

ယစ်မျိုးမသုံးစွဲရလျှင် မနေနိုင်ဖြစ်လာသည်။ သုံးစွဲပြန်လျှင်လည်း ပို၍ စွဲလာတတ်သည်။ ဤသို့ဖြင့် ယစ်မျိုးသုံးစွဲမှု နဂါးကျစ်တွင်းထဲမှ မထွက်နိုင်, မဘက်နိုင်တော့ပဲ အသက်ဆုံးရှုံးခံရလေတော့သည်။ အချိန်မီ ကူသကယ်ဆယ်မည့်သူရှိမှသာ အသက်ချမ်းသာ ခွင့် ရတတ်ပေသည်။ မှိုဝဲသုံးစွဲမှုမလွန်မကျွံမီမှာ ကူသပျောက်ကင်းသော်လည်း ကျန်းမာရေး

ချို့တဲ့ချိနဲ့နေတတ်ပေသည်။ မှိုဝဲသုံးစွဲမှု လွန်ကဲသော် ကိုယ်အား စိတ်အား ဉာဏ်အားပျက်၍ ကုသမရ အသက်ဆုံးရှုံးရလေတော့သည်။

သေဆုံးသွားပြန်ပါသော်လည်း ကောင်းရာဘဝမရပဲ အပါယ်ငရဲကျရလေသည်။ အပါယ်ငရဲမှ လွတ်ကင်း၍ လူ့ဘဝရပါလျှင်လည်း လူရူး လူနှမ်း လူပေါသာ ဖြစ်ရတတ်သည်။ ဤသို့သောအဖြစ်အနေများ ဖြစ်တတ်သောကြောင့် ယစ်မျိုးသုံးစားမှုကို ရှောင်ရှားကြရမည်။ ရှောင်ရှားလျှင် သမ္မာစာရ-သုစရိုက်ဖြစ်၍ လူ့ပြည်နတ်ရပ် ကောင်းမြတ်သော ဘဝကိုရခြင်း-စသော ကောင်းကျိုးတရားများကို ခံစားရရှိနိုင်ပေသည်။

သုရာမေရယ သိက္ခာပုဒ်ကို စောင့်ထိန်းလိုလျှင်-

**"သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ"**

ဟု ဆောက်တည်ရသည်။ ယင်းပါဠိ၏ အနက်မြန်မာပြန်မှာ- "သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ—သေရည်အရက်(စသော)ယစ်ခြင်း, မေ့လျော့ခြင်းဖြစ်စေသည့် အကြောင်းများမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို၊ သမာဒိယာမိ—ဆောက်တည်ပါ၏၊ ဟူ၍ အနက်ပြန်ရမည်ဖြစ်သည်။

ယစ်မျိုးသုံးစွဲမှုမှရှောင်ကြဉ်ခြင်း သိက္ခာပုဒ်ကိုဆောက်တည်ပါ၏-ဟူ၍လည်း မြန်မာဘာသာဖြင့် ဆောက်တည်နိုင်သည်။ စိတ်ထဲမှလည်း အဓိဋ္ဌာန်၍ဆောက်တည်နိုင်ပေသည်။ ကာမေသုမိစ္ဆာစာရထဲမှာ ပါပြီးဖြစ်သောကြောင့် သီးသန့်မဆောက်တည်ပဲ ကာမေသုမိစ္ဆာစာရ ဆောက်တည်ရာမှာ သွင်းထား၍ ဤသုရာမေရယ-ယစ်မျိုးသုံးစွဲမှုကို ရှောင်ကြဉ်ရမည်။ မရှောင်ကြဉ်ပဲမနေရပေ။

(၄) **မုသာဝါဒ**။ ။မုသာဝါဒ-ဟူသော ပါဠိ ဝေါဟာရမှာ မုသာ-လွဲမှားစွာ+ဝါဒ-ပြောဆိုခြင်းဟု အနက်ပြန်ရသည်။ လွဲမှားစွာဆိုသည်မှာ-မြင်သည်ကို မမြင်၊ မမြင်ပဲမြင်သည်။ ကြားသည်ကိုမကြား၊ မကြားပဲကြားသည့်။ သိသည်ကိုမသိ၊ မသိပဲသိသည်-စသည်ဖြင့် မဟုတ်သည်ကို အဟုတ် ထင်အောင်၊ အဟုတ်ကို မဟုတ် ထင်အောင် ပြောဆိုခြင်းဖြစ်သည်။

ပြောဆိုခြင်း-ဟူသည်မှာလည်း အများအားဖြင့် ပါးစပ်မှ ပြောလေ့ရှိသောကြောင့်သာ ပြောဆိုခြင်းဟုဆိုသည်။ ကိုယ်ဖြင့်သိစေရန် ပြုလုပ်ခြင်းသည်လည်း မုသာဝါဒပင်ဖြစ်သည်။ ထိုကြောင့် ကိုယ်ဖြင့်စာရေး၍ မဟုတ်သည်ကို အဟုတ်ထင်အောင်၊ ဟုတ်သည်ကို မဟုတ်ထင်အောင် ပြုရာ၌ မုသာဝါဒဖြစ်သည်။

ယင်းသို့မဟုတ်မမှန် ပြောဆိုပြုလုပ်ရာ၌ အခြားသူက ယုံကြည်မှသာ မုသာဝါဒဖြစ်သည်။ မုသာဝါဒကို အများအားဖြင့် ဝစီကံဖြင့်သာ ကျူးလွန်လေ့ရှိသောကြောင့် ဝစီကံဒုစရိုက်ဟု ပြဆိုသည်။ မုသာဝါဒသည် အကုသိုလ်ဖြစ်သည်။ အပြစ်ရှိသည်။ ပြုလုပ်လျှင် အပါယ်ငရဲ၌ ဖြစ်စေတတ်သည်။ အပါယ်ငရဲမှလွတ်လျှင်လည်းစကားမပြီခြင်း, သွားမညီခြင်း, ပါးစပ်ပုပ်ခြင်း, ကိုယ်ရုပ်အဆင်းမလှခြင်း, ဩဇာအာဏာမရှိခြင်း, နှုတ်သံမချို ကြမ်းတမ်းခြင်း-စသည့် မကောင်းကျိုးများရရှိတတ်သည်။

ယခုမျက်မှောက်ဘဝမှာပင် မဟုတ်မမှန် အပြောခံရသူတို့၏ ရန်ပြု ခံရခြင်း, မင်းပြစ်မင်းဒဏ် ခံရခြင်း-စသည်ကြောင့် ကိုယ်မကျန်းမာခြင်းနှင့် အသက်ဘေးများ ဖြစ်ပေါ်စေနိုင်သည်။

ထိုကြောင့် ကျန်းမာချမ်းသာစွာ အရိယသစ္စာခေါ် အမှန်တရားကို သိမြင်ရန်တရားကို ပွားများလိုသူတို့သည် မုသာဝါဒကိုရှောင်ကြဉ် ရမည် ဖြစ်သည်။

ဆောက်တည်လိုလျှင်—

**"မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ"**

ဟု ပါဠိဘာသာဖြင့်လည်း ဆောက်တည်နိုင်သည်။ ယင်း၏အနက်ပြန်မှာ-

မုသာဝါဒါ-မဟုတ်မမှန် ပြောဆိုခြင်းမှ၊ ဝေရမဏိသိက္ခာပဒံ-ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို၊ သမာဒိယာမိ-ဆောက်တည် ပါ၏၊ ဟု ဖြစ်သည်။

"မဟုတ်မမှန်ပြောဆိုခြင်းကို ရှောင်ကြဉ်ပါ၏" ဟုလည်း မြန်မာဘာသာဖြင့် ဆိုနိုင်သည်။ စိတ်ထဲမှလည်း အဓိဋ္ဌာန်ပြု ဆောက်တည်နိုင်သည်။

ဆောက်တည်၍ မုသာဝါဒကိုရှောင်ကြဉ်လျှင် ကောင်းမှုသုစရိုက်ဖြစ်၍ မရှောင်ကြဉ်၍ ဖြစ်ရမည့်အပြစ်များမှလွတ်ကင်းပြီး သုဂတိဘဝရခြင်း စသောအကျိုးတရားများကို ရရှိနိုင်ပေသည်။

## (၅) ပိသုဏဝါစာ

ပိသုဏဝါစာ-ဟူသောပါဠိစကားလုံး၏မူလပုဒ်ရင်းမှာ ပိယ+သုည+ကရဏ+ဝါစာ-ဟု ဖြစ်သည်။ ပိယ-ချစ်ခြင်းကို+သုည-ဆိတ်သုဉ်းစေရန်+ကရဏ-ပြုတတ်သည့်+ဝါစာ-စကား—ဟု အနက်ပြန်ရသည်။ ယင်း ပိယ သုည ကရဏ ဝါစာ—ပုဒ်ထဲမှ ယ-ည-ကတို့ကို ဖျောက်ချေ၍ "ပိသုဏဝါစာ"ဟု ပုဒ်တခုဖြစ်လာသည်။ ထို့ကြောင့် ပိသုဏဝါစာကို ချစ်ခြင်းကိုဆိတ်သုဉ်းစေရန် ပြုလုပ်တတ်သည့်စကား-ဟူ၍ အနက်ပြန်ရသည်။

လူနှစ်ဦးချစ်ခင်နေသည်ကို အချစ်ပျက်သွားစေရန် ပြောဆိုသည့်စကားကို ပိသုဏဝါစာ-ဟုခေါ်သည်။ ယင်းအချစ်ပျက်၍ မုန်းတီးစေသည့်စကားမျိုးကို ရှေ့တွင်ပြောဆိုခြင်းနည်းပါး၍ နောက်ကွယ်မှသာ တိုးတိုးတိတ်တိတ်ပြောလေ့ရှိကြသည်။ နောက်ကွယ်မှာပြောခြင်းသည် လူ၏နောက်ကျောကုန်းဘက်မှာ ပြောသည့်စကားဖြစ်သောကြောင့် **ကုန်းစကား**ဟု မြန်မာတို့ကခေါ်ကြသည်။ "ဂုန်းစကား"ဟုအသံထွက်သည်။

ယင်းကုန်းစကားပြော၍ လူနှစ်ဦးကိုတိုက်ပေးခြင်းကိုလည်း **ကုန်းတိုက်**သည်ဟု မြန်မာအခေါ်ဖြစ်လာသည်။ "ဂုန်းတိုက်သည်" ဟုအသံ ထွက်သည်။ ကုန်းစကားပြော၍ ကုန်းတိုက်လျှင် အများအားဖြင့် ချစ်ခင်သူချင်း မုန်းရတတ်ပေသည်။ အလွန်အပြစ်ကြီးသည်။ မကောင်းမှုအကုသိုလ်ဖြစ်သည်။

ပိသုဏဝါစာခေါ် ကုန်းစကားပြော၍ ကုန်းတိုက်လျှင် အပါယ်ငရဲကျနိုင်သည်။ အပါယ်မှလွတ်၍ လူဖြစ်လာလျှင်လည်း အနည်းဆုံးအပြစ်အားဖြင့် ချစ်ခင်သူတို့နှင့် တကွဲတပြား ဖြစ်ရတတ်သည်။

ကုန်းစကားပြောသည့် မျက်မှောက်ဘဝမှာလည်း လူအများ၏ကဲ့ရဲ့ရှုတ်ချ မျက်နှာမလှဖြစ်တတ်သည်။ အပြောခံရသူတို့၏ ရန်ပြု၍ သတ်ပုတ်

ရိုက်နှက် ညှဉ်းဆဲခြင်းကိုခံရပြီး ကျန်းမာရေး ထိခိုက်ခံရတတ်သည်။ အသက်တိုတတ်သည်။ အေးဆေးစွာမနေရပဲ ပူပင်သောကဖြစ်လျက် အမှန်တရား-အရိယသစ္စာကို သိမြင်ရေးနှင့် ဝေးကွာရမည်ဖြစ်သည်။

ထို့ကြောင့် ကျန်းမာချမ်းသာ အေးဆေးစွာနေလိုသော အရိယသစ္စာကို သိမြင်လိုသူတို့သည် ပိသုဏဝါစာခေါ် ချစ်ခြင်းကို ဆိတ်သုဉ်းမှုကိုပြုတတ်သည့် ကုန်းစကားကိုရှောင်ကြဉ်ရမည်။

ဆောက်တည်လိုလျှင်—

**"ပိသုဏဝါစာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ"**

ဟု ပါဠိဘာသာဖြင့် ရွတ်ဆိုဆောက်တည်နိုင်သည်။ယင်း၏အနက်ပြန်မှာ-

ပိသုဏဝါစာ-ကုန်းစကားပြောဆိုခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ ရှောင်ကြဉ်ကြောင်းသိက္ခာပုဒ်ကို၊ သမာဒိယာမိ-ဆောက်တည်ပါ၏—ဖြစ်သည်။

"ကုန်းစကားပြောခြင်းကို ရှောင်ကြဉ်ပါ၏"—ဟူ၍ မြန်မာဘာသာဖြင့် ဆောက်တည်နိုင်သည်။စိတ်ထဲမှလည်း အဓိဋ္ဌာန်ပြု၍ ဆောက်တည်နိုင်သည်။

ဆောက်တည်၍ရှောင်ကြဉ်လျှင် သုစရိုက်—ကောင်းမှုဖြစ်၍ ကောင်းကျိုးတရားများကို ရရှိနိုင်ပေသည်။

## (၆) ဖရုသဝါစာ။

ဖရုသဝါစာဟူသော ပါဠိစကားလုံးသည် ကြမ်းတမ်းသောစကားဟု အနက်ရှိသည်။ပညာရှိသူတော်ကောင်း ယဉ်ကျေးသိမ်မွေ့သူများ နားမှာ မကြားချင်လောက်အောင် ကြမ်းတမ်းသည့်အဓိပ္ပာယ်ရှိသည့် စကားများဖြစ်သည်။ ဆဲရေးတိုင်းထွာခြင်းများသည်လည်း ကြမ်းတမ်းသည့်စကားများပင်ဖြစ်သည်။

ထို့အတူပင်လျှင် ကြားရသူ နားမခံသာအောင် ကျိန်ဆဲ ခြင်းနှင့် သူ့အချက်နှင့်သူ နားလည်၍ နာကျင်စေသည့် ထေ့လုံး ငေါ့လုံး စောင်းလုံး ချိတ်လုံး စကားများသည်လည်း ဖရုသဝါစာ-ပင်ဖြစ်သည်။ ဘုရားရှင်လက်ထက်တော်အခါက စိတ္တသူကြွယ်က ဆွမ်းကျွေးနေ့ ဆွမ်းဆွမ်းဟင်း ခဲဖွယ် ဘောဇဉ် ချက်ပြုတ်စီစဉ်သည်ကို မကျေနပ်သော

အရှင်သုဓမ္မက သွား၍ ဒကာကြီးချက်ပြုတ်စီစဉ်ထားသည်မှာ ကောင်းသို့သော် နှမ်းပျစ်မုန့် လိုသည်ဟုပြောသည်မှာ ဖရုသဝါစာပင်ဖြစ်သည်။

နှမ်းပျစ်မုန့်ဆို၍ အခြားသူများမှာ မည်သို့မျှ မထိခိုက်နိုင်သော်လည်း စိတ္တသူကြွယ်အတွက်မှာမူ သူ၏အဘိုးဖြစ်သူက နှမ်းပျစ်ရောင်းစားရသူဖြစ်ဖူးသောကြောင့် "မင်းတို့က နှမ်းပျစ်ရောင်းစားရတဲ့အမျိုး၊ ဘဝင်မမြင့်နဲ့" ဟု ပြောရာကျသဖြင့် နားမခံသာအောင် ကြမ်းတမ်းသည့် ဖရုသဝါစာပင်ဖြစ်သည်။ အနာပေါ်တုတ်ကျသကဲ့သို့ဖြစ်သည်။

ဖရုသဝါစာခေါ် ကြမ်းတမ်းသည့်စကားပြောလျှင် အပါယ်လေးပါးသို့ ရောက်စေသည်။ အပါယ်မှလွတ်၍ လူဖြစ်ပါလျှင်လည်း အနည်းဆုံးအပေါ့ဆုံးအားဖြင့် 'ကြားမတော် ကျော်မကောင်း' သတင်းဆိုးဖြစ် ခံရတတ်သည်။

ဖရုသဝါစာကို ပြောဆိုသည့် မျက်မှောက်ဘဝမှာလည်း အပြောခံရသူ၏ မနှစ်လိုခြင်း, မုန်းတီးခြင်းကို ခံရတတ်သည်။ ရန်များတတ်သည်။ မခံနိုင်သူက ကိုယ်ထိလက်ရောက် ရိုက်နှက်ညှဉ်းဆဲ သတ်ဖြတ်ခြင်းကို ခံရ၍ ထိခိုက်ကျင်နာ ကျန်းမာရေးထိခိုက်နိုင်သည်၊ အသက်တိုစေနိုင်သည်။ အေးဆေးချမ်းသာစွာမနေရပဲ အမြဲပူပင်နေရတတ်သည်။ အရိယသစ္စာခေါ် အမှန်တရားသိမြင်ရန် တရားကိုမပွားများနိုင်ပဲ ရှိရတတ်ပေသည်။ ထို့ကြောင့် ကျန်းမာချမ်းသာ အသက်ရှည်စွာနေ၍ သူတော်ကောင်းတရားပွားများကာ အရိယသစ္စာကိုသိမြင်လိုသူများသည် ဖရုသဝါစာခေါ် ကြမ်းတမ်းသည့်စကားကို မပြောကြားပဲ ရှောင်ကြဉ်ရာသည်။ ဆောက်တည်လိုလျှင်—

"ဖရုသဝါစာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ"

ဟု ပါဠိဘာသာဖြင့်လည်း ဆောက်တည်နိုင်သည်။ ယင်း၏အနက်ပြန်မှာ-

ဖရုသဝါစာ - ကြမ်းတမ်းသောစကားကို ပြောခြင်းမှ၊ ဝေရမဏီသိက္ခာပဒံ- ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို၊ သမာဒိယာမိ- ဆောက်တည်ပါ၏-ဖြစ်သည်။

ကြမ်းသောစကားကိုပြောခြင်းမှ ရှောင်ကြဉ်ပါ၏-ဟူ၍လည်း မြန်မာဘာသာဖြင့် ဆောက်တည်နိုင်သည်။ စိတ်ထဲမှလည်း အဓိဋ္ဌာန် ပြု၍ ဆောက်တည်နိုင်ပေသည်။

ဆောက်တည်၍ ဖရုသဝါစာမှရှောင်ကြဉ်လျှင် သုဂတိကောင်းမှုဖြစ်၍ မရှောင်ကြဉ်သည့် အပြစ်များမှ လွတ်ကင်း၍ ကောင်းမြတ်သော အကျိုးတရားများကို ရနိုင်ပေသည်။

(၇) သမ္ဖပ္ပလာပ။

သမ္ဖပ္ပလာပ-ဟူသော ပါဠိဘာသာစကားလုံး၏ မူရင်းအပြည့်အစုံမှာ သံ + ဖလ + ပလာပ-စကားလုံးသုံးခုဖြစ်သည်။ သံ-အစီးအပွားကို + ဖလ-ဖျက်ဆီးတတ်သော + ပလာပ-အဖျင်းစကား ဟု အနက်ပြန်ရသည်။

ဖလ-မှ လ-ကိုချေဖျောက်၍ သ-ပေါ်မှာရှိသည့် နိဂ္ဂဟိတ်ခေါ် သေးသေးတင်ကို မ-အက္ခရာပြုလုပ်ပြီး သမ္ဖပ္ပလာပ-ဟု ပုဒ်တခုဖြစ်လာသည်။ အကျိုးစီးပွားကို ဖျက်ဆီးတတ်သော အဖျင်းစကားများဟု အဓိပ္ပာယ်ရှိသည်။

အဖျင်းဟူသည်မှာ—အဆံမပါသည့် စပါးခွံချည်းသက်သက်ရှိသော စပါးစေ့ကို အဖျင်း စပါးဖျင်းဟု ခေါ်သည်။ ယင်းစပါးဖျင်းကဲ့သို့ပင် ကြားရသူတို့၌ မည်သည့်အကျိုးတရားကိုမျှ မရစေပဲ တောင်စဉ်ရေမရ ကန္တတ်ကင်းလျှောက် တွေ့ရာ မြင်ရာ ပြောဆိုသောစကားမျိုးကိုလည်း သမ္ဖပ္ပလာပ-အဖျင်းစကားဟု ခေါ်သည်။

အဋ္ဌကထာကျမ်းများမှာမူ ရာမမင်းသား သီတာဒေဝီကို ဆောင်ပိုစသော လောကီကျမ်းများမှလာသော ဇာတ်လမ်းများကို သမ္ဖပ္ပလာပအဖြစ် ပုံစံထုတ်ပြတော်မူကြသည်။ ယင်းဝတ္ထုများသည် မင်းသားနှင့် မင်းသမီးတို့ ချစ်ပုံနှဲပုံ ပြောပုံဆိုပုံများကို ဖတ်ချင်ဖွယ်ရာ တော-တောင်-ရေ-မြေ-ဥတု-ရာသီ-သာယာပုံစသည်များနှင့် ယှဉ်တွဲ၍ ရေးသားထားပေသည်။ ဖတ်ရှု၍ကားလေးလေးနက်နက်မစဉ်းစားပဲ ပေါ့ဆစွာဖတ်သူများအတွက် လက်မှမချချင်အောင် စွဲမက်စေသည့် စာများဖြစ်သည်။ ကိလေသာဓာတ်ကြိုက်စာများဖြစ်ကြပေသည်။

ယင်းစာများကို အရကျက်၍ စာဟောဆရာ-ကွက်စိပ် ဆရာများက နားထောင်ချင်ဖွယ် အသောအလှမ်း အဆိုအငိုများရော၍ အသံနေ အသံထားအမျိုးမျိုးဖြင့် ပြောဆိုကြသည်။ ယင်းသဘောအတိုင်းပင် လူသားအချို့က အဟုတ်ယောင်ယောင် သရုပ်ဆောင်၍ နှီးနှောပြောဆို ကြသည်။ ဤသည်တို့ကို သမ္ဖပ္ပလာပ-အချင်းစကားများဟု ဗုဒ္ဓစာပေ နယ်ပယ်၌ သတ်မှတ်ထားသည်။ သူတော်ကောင်းတရား ပွားများရေး အတွက် မည်သည့်အကျိုးကိုမျှ မရစေနိုင်သောကြောင့် သတ်မှတ်ကြောင်း သိရသည်။

ဤနည်းဖြင့်သတ်မှတ်သည် ဆိုပါလျှင် ယခုခေတ်သုံးကာတွန်းများ, ဝတ္ထုများ, ဇာတ်လမ်းသရုပ်ဖော် ရုပ်ရှင်ရုပ်သေများ, အကျိုးမဲ့အချိန် ဖြုန်းသည့် အကြောင်း အရာများကို ပြောဆို ရေးသား ပြုလုပ် ပြသချက် များကိုလည်း သမ္ဖပ္ပလာပ-အဖြစ် သတ်မှတ်ရန်သင့်ပေသည်။ စွဲစွဲမြဲမြဲ အထိန်းအကွပ်မရှိ ကြည့်ရှုခြင်းများပြုလျှင် ကျန်းမာရေးထိခိုက်ခြင်း, အကျိုးပျက်ခြင်း,သူတော်ကောင်းတရားအတွက်အနှောင့်အယှက်ဖြစ်ခြင်း များကားအမှန်ပင်ဖြစ်စေနိုင်ပေသည်။ **"မကြည့်တတ်လျှင်တဏှာ၊ ကြည့်တတ်လျှင် ဘာဝနာ"** ဟူ၍ အဆိုရှိသော်လည်း ဘာဝနာဖြစ်ခွင့်ကား နည်းပါးလှပေသည်။ မတော်မလျော်တွေကို ပြောရာထဲမှ အကျိုးရှိသည့် အနက်အဓိပ္ပာယ်ကိုသိရန် ဘာဝနာဖြစ်ရန်ဆိုသည်မှာ များစွာအခွင့်ရဖို့ နည်းပါးလှပေသည်။ သံများကိုဆီဆုံထဲထည့်၍ ဆီကြိတ်လျှင် ဆီရရန် ခက်ခဲသကဲ့သို့ ခက်ခဲလှပေသည်။

ယင်းသို့ အကောင်းနည်းပါး အဖောင်းကများသောကြောင့် သမ္ဖပ္ပလာပ-ပြောဆိုခြင်းမှာ အပြစ်ကြီးမားခြင်းဖြစ်သည်။ သေလျှင်အပါယ် ငရဲမှ လွဲခဲလှပေသည်။ အပါယ်မှလွတ်၍ လူ့ဘဝရပြန်ပါလျှင်လည်း အပေါ့ဆုံး အနည်းဆုံးအားဖြင့် မိမိပြောစကားကို အခြားသူများက မယုံကြည်ခြင်း,သြဇာအာဏာမရှိခြင်း-စသော အပြစ်များကို ရရှိခံစားရ တတ်ပေသည်။ယင်းသမ္ဖပ္ပလာပခေါ် အကျိုးမဲ့စကားနှင့်အကြောင်းအရာ များကို နားထောင်ခြင်း ကြည့်ရှုခြင်းမပြုပဲ ရှောင်ကြဉ်သင့်ကြပေသည်။ သူတော်ကောင်းတရားပွားရန်အတွက်အနှောင့်အယှက်ဖြစ်တတ်ပေသည်။

ယင်းသမ္ပပ္ပလာပ—သိက္ခာပုဒ်ကို စောင့်ထိန်းလိုလျှင်-

"သမ္ပပ္ပလာပါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ"

ဟု ပါဠိဘာသာဖြင့် ဆောက်တည်နိုင်သည်။ ယင်း၏အနက်ပြန်မှာ— သမ္ပပ္ပလာပါ—အကျိုးမဲ့ အဖျင်းစကား ပြောဆိုခြင်းမှ၊ ဝေရမဏီသိက္ခာ-ပဒံ-ရှောင်ကြဉ်ကြောင်းသိက္ခာပုဒ်ကို၊ သမာဒိယာမိ-ဆောက်တည်ပါ၏-ဟူ၍ဖြစ်သည်။

"အကျိုးမဲ့ အဖျင်းစကားပြောခြင်းကို ရှောင်ကြဉ်ပါ၏"ဟု မြန်မာဘာသာဖြင့်လည်း ဆောက်တည်နိုင်သည်။ စိတ်ထဲမှလည်း အဓိဋ္ဌာန်ပြု ဆောက်တည်နိုင်သည်။

ယင်းသို့ဆောက်တည်၍ သမ္ပပ္ပလာပ—မှ ရှောင်ကြဉ်လျှင် သုစရိုက်— ကောင်းမှုတရားဖြစ်သည်။ အပါယ်လေးပါးမှလွတ်၍ လူ့ပြည်နတ်ပြည် မှာဖြစ်ရသည်။ အသက်ရှည်ခြင်းစသော အကျိုးများကို ရနိုင်မည်ဖြစ် သည်။

## (ဂ)မိစ္ဆာဇီဝ

မိစ္ဆာဇီဝ-ဟူသောပါဠိဝေါဟာရကို မိစ္ဆာ+အာဇီဝ-ဟူ၍ နှစ်ပုဒ်ခွဲ ရသည်။

မိစ္ဆာ-ပုဒ်ကို မှားယွင်းခြင်း-မှားယွင်းသောဟု အနက်မြန်မာပြန်ရ သည်။အာဇီဝ-ဟူသောပုဒ်ကို အသက်မွေးမှု-ဟူ၍ ပြန်ဆိုရသည်။

အသက်မွေးမှုဟူသည်မှာ အသက်ကိုတည်တံ့နေနိုင်စေရန် မွေးမြူမှုပင် ဖြစ်သည်။ အသက်ဟူသည်မှာလည်း အသက်ရှင်လျက် တည်နေခြင်း ဘဝပင်ဖြစ်သည်။ယင်းဘဝ တည်တံ့နေစေရန် စားဝတ်နေမှု ပြည့်စုံစေရေး ကိုပင် အသက်မွေးမှုဟု ဆိုပေသည်။ မိဘကိုမွေးမြူသည်၊ သားသမီးကို မွေးမြူသည်—ဆိုရာ၌ မိဘများ,သားသမီးများ အသက်တည်တံ့နေစေ ရန် ဘဝတည်တံ့နေစေရန် စားဝတ်နေမှု ပြည့်စုံစေသည်ဟူ၍ အဓိပ္ပာယ် ဖော်ရသကဲ့သို့ပင်ဖြစ်သည်။

**မိစ္ဆာအာဇီဝ**-ဟူ၍နှစ်ပုဒ်တွဲလိုက်သောအခါ မှားယွင်း**သောအသက်** မွေးမှုဟု အနက်ပြန်ဆိုရသည်။ မမှန်ကန်သောနည်းဖြင့် ဘဝတည်တံ့ရေး အတွက် စားဝတ်နေမှု ပြည့်စုံစေခြင်းဟူ၍ အဓိပ္ပာယ်ရရှိပေသည်။

**မိစ္ဆာအာဇီဝ**—မှားယွင်းသောအသက်မွေးမှုဟူသည်မှာမိမိဘဝတည်တံ့ စေရန် စားဝတ်နေရေးပြည့်စုံစေရာ၌ ဖော်ပြခဲ့သည့်ကာယဒုစရိုက်သုံးပါး, ဝစီဒုစရိုက်လေးပါးကို ကျင့်သုံးရှာဖွေမှုပင်ဖြစ်သည်။ ယင်းသို့ ဒုစရိုက် ခေါ် မကောင်းသောအလုပ်များကို ပြုလုပ်ရှာဖွေခြင်းသည်မမှန်ကန်ချေ။ မှားယွင်းပေသည်။ ထို့ကြောင့် မိစ္ဆာဇီဝဟုခေါ်ရသည်။

## မိစ္ဆာကုန်အရောင်းအဝယ်ငါးမျိုး
## ဆောင်ပုဒ်လင်္ကာ

**လူနှင့်လက်နက်၊ တချက်အသား၊ အဆိပ်များပါ၊မူးယစ်စာ၊**
**မိစ္ဆာရောင်းဝယ်မှု။**—

လင်္ကာအရ မိစ္ဆာဇီဝသည် နောက်တမျိုးရှိသေးသည်။ ယင်းတမျိုးမှာ မှားယွင်းသောရောင်းဝယ်ခြင်း ကုန်သွယ်ခြင်း မိစ္ဆာဝဏိဇ္ဇာ-ပင်ဖြစ်သည်။ မှာယွင်းသောရောင်းဝယ်မှုဟူသည်မှာ—

(က) **လူသတ္တဝါရောင်းမှု ဝယ်မှုပြုခြင်း (သတ္တဝဏိဇ္ဇာ)**၊
(ခ) **လက်နက်ရောင်းမှု** ဝယ်မှုပြုခြင်း(သတ္ထဝဏိဇ္ဇာ)၊
(ဂ) **အသားကုန်ကူးခြင်း(မံသဝဏိဇ္ဇာ)**၊
(ဃ) **အဆိပ်ကုန်ကူးခြင်း(ဝိသဝဏိဇ္ဇာ)**၊
(င) **ယစ်မျိုးကုန်ကူးခြင်း(မဇ္ဇဝဏိဇ္ဇာ)**-

ဟူ၍ ငါးမျိုးရှိပေသည်။ ယင်းငါးမျိုးသည် မိမိနှင့်သူတပါး ရောင်းသူ ဝယ်သူများကိုကောင်းကျိုးမပြုနိုင်။မကောင်းကျိုးကိုသာ ရစေနိုင်သည်။

ထို့ကြောင့် မှားယွင်းသောကုန်သွယ်ခြင်း—ရောင်းဝယ်ခြင်းသာဖြစ် သည်ဟု ဗုဒ္ဓရှင်တော်မြတ်ဘုရား သတ်မှတ်ဟောကြားတော်မူသည်။

ဖော်ပြခဲ့သည့်ဒုစရိုက်မိစ္ဆာဇီဝ၊ ဝဏိဇ္ဇမိစ္ဆာဇီဝဟူသော မိစ္ဆာဇီဝနှစ် မျိုးလုံးကိုပင် မပြုလုပ်ပဲ ရှောင်ကြဉ်ရမည်ဖြစ်သည်။ ရှောင်ကြဉ်မှ သမ္မာ

အာဇီဝ—ဖြစ်ပေမည်။ မိစ္ဆာဇီဝ—မှု ပြုလုပ်ကျူးလွန်လျှင် အပါယ်လေးပါးကျရောက်နိုင်သည်။ ဖြစ်လေရာ ဘဝ အဆက်ဆက်မှာလည်း ပါဏာတိပါတ—စသော ဒုစရိုက်များ၏အပြစ် မကောင်းကျိုးများအတိုင်းပင် ခံစားရတတ်သည်။ သေသေချာချာစဉ်းစားတွေးတောလျှင် ကျန်းမာရေး အသက်ရှည်ရေး ကိုလည်း ထိခိုက် ဆုံးရှုံးစေနိုင်ကြောင်း သိနိုင်ကြပေသည်။

မှန်၏၊ မိစ္ဆာဇီဝကို ကျူးလွန်သည့် မျက်မှောက်ဘဝမှာလည်း ကျန်းမာရေး ထိခိုက်ခြင်း၊ စီးပွားရေး ပေါင်းသင်းဆက်ဆံရေး ထိခိုက်ခြင်း၊ မကောင်းသတင်းကျော်စောခြင်း၊ အစိုးရဥပဒေနှင့် မလွတ်ကင်းမှုကြောင့် အရေးယူခံရ၍ ထောင်ဒဏ် ငွေဒဏ် ကြိမ်ဒဏ်များခံရတတ်ခြင်း၊ ဒုစရိုက်ကျူးလွန်သူအချင်းချင်း ရန်ပြုခံရ၍ ထိခိုက်နာကျင်ခြင်း၊ အသက်ဆုံးရှုံးခြင်း - စသော မကောင်းကျိုးများကို ခံစားရတတ်ပေသည်။

မိစ္ဆာဇီဝမှ ရှောင်ကြဉ်၍ သမ္မာအာဇီဝဖြစ်လျှင် နတ်ဘဝ လူ့ဘဝရောက်ခြင်း-စသော ကောင်းကျိုးများကိုရနိုင်သည်။ ကျန်းမာရေး၊ စီးပွားရေး၊ ပေါင်းသင်းဆက်ဆံရေး-စသည်ကောင်း၍ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာ အရိယသစ္စာခေါ် အမှန်တရား သိမြင်နိုင်ရေးအတွက် ပွားများအားထုတ်နိုင်ပေသည်။

ဤမိစ္ဆာဇီဝအရာ၌ လူဝတ်ကြောင်များနှင့် စပ်ဆိုင်သည့် မိစ္ဆာဇီဝ နှစ်မျိုးကိုသာ ဖော်ပြပါသည်။ ရဟန်းတော်များနှင့် စပ်ဆိုင်သော ကုလဒူသန၊ အနေသန—စသော မိစ္ဆာဇီဝကိုမူ ချန်လှပ်၍ထားလိုက်ပါသည်။

မိစ္ဆာဇီဝမှ ရှောင်ကြဉ်လိုလျှင်—

**"မိစ္ဆာဇီဝါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ"**

ဟူ၍ ပါဠိဘာသာဖြင့်လည်း ဆောက်တည်နိုင်သည်။ အနက်ပြန်ပုံမှာ— မိစ္ဆာဇီဝါ-မှားယွင်းသော အသက်မွေးမှုမှ၊ ဝေရမဏိသိက္ခာပဒံ-ရှောင်ကြဉ်ကြောင်းသိက္ခာပုဒ်ကို၊ သမာဒိယာမိ - ဆောက်တည်ပါ၏-ဟူ၍ဖြစ်သည်။

"မှားယွင်းသော အသက်မွေးမှုမှ ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို ဆောက်တည်ပါ၏" ဟူ၍လည်း မြန်မာဘာသာ သက်သက်ဖြင့် ဆောက်တည်နိုင်သည်။ စိတ်ထဲမှလည်း အဓိဋ္ဌာန်ပြု၍ ဆောက်တည်နိုင်ပေသည်။

ဤသို့လျှင်-အင်္ဂုတ္တိုရ်ပါဠိတော်လာ ကျန်းမာ၍ အသက်ရှည်စေနိုင်သည့် စတုတ္ထအချက်ဖြစ်သော သီလရှိရမည် ဟူသောအင်္ဂါအရ လိုအပ်သောသီလအဖြစ် **အာဇီဝဋ္ဌမက** သီလကိုယူ၍ အာဇီဝဋ္ဌမကသီလရှစ်ပါးကို အကျယ်ရေးသား၍ ကျန်းမာရေးကို ကျေးဇူးပြုပုံ ဖော်ပြလိုက်ပါသည်။ အခြားသော ငါးပါးသီလ, ရှစ်ပါးသီလ, ကိုးပါးသီလ, ဆယ်ပါးသီလ, ပါတိမောက္ခသီလ-စသည့် သီလများသည်လည်း ကျန်းမာရေးကို ကျေးဇူးပြုမည်သာ ဖြစ်ပါသည်။ ဤအရာ၌မူ အနီးကပ်ဆုံး အလွယ်ဆုံး ကျေးဇူးပြုသည့် သီလ-ဟု ယူဆကာ အာဇီဝဋ္ဌမကသီလကို ရှင်းလင်းဖော်ပြပါသည်။

သီလ၏တန်ဖိုးကိုသိ၍ သီလကိုကျင့်သုံးလိုသော သူတော်စင်ပညာရှိ စာရှုသူတို့သည် ကြွင်းကျန်သော သီလများကိုလည်း လေ့လာဆည်းပူး၍ ကျင့်ကြံကြရန် တိုက်တွန်းအပ်ပါသည်။

**သတိပြုရန်**

အာဇီဝဋ္ဌမကသီလကို မစောင့်ထိန်းလိုလျှင် ငါးပါးသီလကို စောင့်ထိန်းနိုင်ပါသည်။ မုသာဝါဒထဲမှာ ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ-တို့ကို သွင်းယူ၍ ရှောင်ကြဉ်ရမည်။ အမိပ္ပာယ်မှာ ပြဆိုခဲ့သည့်အတိုင်း သိသာပါသည်။ မိစ္ဆာဇီဝ-ကိုမူ ဗုဒ္ဓဘာသာဝင်တို့ ကျင့်ဝတ်ဖြစ်၍ စောင့်ထိန်းကြရပေမည်။

(၅) **ကောင်းလှမိတ်ဆွေ**။ ။ကျန်းမာရေး နည်းပြလက်ာတွင် (၄) နံပါတ်ဖြစ်သည့် **စောင့်ရှောက်သီလ** ၏ အကျယ်ကို ပြဆိုပြီးပါပြီ။ ကျန်သေးသည့် (၅) နံပါတ်ဖြစ်သော **ကောင်းလှမိတ်ဆွေ**ဟူသော အင်္ဂါရပ်ကို အကျယ်သိသာအောင် ဖော်ပြပါအံ့။—

ကောင်းလှမိတ်ဆွေ - ဟူသည်မှာ "မိတ်ဆွေကောင်း ရှိရမည်"ဟု ဆိုလိုပေသည်။ မိတ်ဆွေကောင်းရှိခြင်းသည် လောကီရေး, လောကုတ္တရာရေး, ကျန်းမာရေး, စီးပွားရေး-စသည့် အရေးကိစ္စများ၌ များစွာ အထောက်အကူ ရရှိနိုင်ပေသည်။ ဤကလျာဏ မိတ္တခေါ် မိတ်ဆွေကောင်းနှင့် ပတ်သက်၍ အရှင်အာနန္ဒာက မြတ်စွာဘုရားရှင်အား-

"အရှင်ဘုရား-မိတ်ဆွေကောင်း ရှိခြင်းသည် တရားကျင့်သုံးရာ၌ ထက်ဝက်ကိစ္စ ပြီးစေပါသည်ဘုရား"

ဟူ၍ လျှောက်ထားသောအခါ မြတ်စွာဘုရားရှင်က၊—

"မဟုတ်ဘူး အာနန္ဒာ၊ မဟုတ်ဘူး အာနန္ဒာ။ မိတ်ဆွေကောင်း ရှိခြင်းသည် တရားကျင့်သုံးရာ၌ အားလုံးကိုပင် ကိစ္စပြီးစေသည်"

ဟူ၍ မိန့်ကြားတော်မူခဲ့ပေသည်။ ဤမိန့်ကြားတော်မူချက်အရ မိတ်ဆွေကောင်း ရှိခြင်းသည် အမှုကိစ္စအားလုံးမှာပင် ပြီးစီးအောင်မြင်စေနိုင်ပေသည်။ ဤ ကျန်းမာရေး ပြည့်စုံစေမှုအတွက် မိတ်ဆွေကောင်းကြောင့် အကျိုးရပုံကို အာယုဝဍ္ဎန သတို့သားခေါ်—မောင်သက်ရှည် အကြောင်းကို တင်ပြလိုပေသည်။

**မောင်သက်ရှည် (အာယုဝဍ္ဎန)**

အာယုဝဍ္ဎန သတို့သားခေါ်—မောင်သက်ရှည်သည် မွေးပြီး ခုနစ်ရက်အတွင်း သေရမည့်သူဖြစ်သည်။ သူ့အလျင် မွေးသမျှကလေးများသည် ခုနစ်ရက်အတွင်း သေခဲ့ကြသည်။ သူလည်း ခုနစ်ရက်အတွင်း သေလိမ့်မည်ဟု ဆုံးဖြတ်ကြသည်။

သို့သော် မြတ်စွာဘုရားရှင် ကြွလာပြီး ပရိတ်တရားများ ရွတ်ဖတ်ဟောကြား၍ အရံအတား ပြုလုပ်ပေးသောကြောင့် ခုနစ်ရက်ရှိသော်လည်း မသေပဲ အသက်ရှည်ကြာနေခဲ့ရသည်။ ထို့ကြောင့် **မောင်သက်ရှည်** အမည်ကို ရရှိခဲ့သည်။ (ဓမ္မ-ဋ္ဌ-၁၊ နှာ-၄၂၃။)

ဤဇာတ်ကြောင်း၌ ကလေး၏ယ်သည် ဘုရားဟူ၍ လည်းကောင်း, တရားဟူ၍လည်းကောင်း, သံဃာဟူ၍ လည်းကောင်း မသိပါသော်

လည်း မိဘများ၏ ကုသိုလ်စေတနာ မြတ်စွာဘုရားတည်းဟူသော မိတ်ကလျာ၏ကျေးဇူးကြောင့် အသက်ရှည်ကြာ ကျန်းမာစွာနေခဲ့ရပါသည်။

ဤနေရာတွင် မောင်သက်ရှည် ခုနစ်ရက်အတွင်းမသေပဲ ကျန်းမာ၍ အသက်ရှည်စွာနေရသည်မှာ ဘုရားတည်းဟူသော မိတ်ဆွေကောင်းကို မှီခဲရသောကြောင့် ဖြစ်ပေသည်။ ဗုဒ္ဓရှင်တော်ဘုရားကဲ့သို့သော မိတ်ဆွေကောင်းကို ရရှိရန်မှာ ခတ်ခဲလှစွာ၏။ ဗုဒ္ဓရှင်တော်မြတ်နှင့် ထပ်တူညီမျှတူညီသည့်မိတ်ဆွေကို မဆိုထားဘိ ကလျာဏမိတ္တအင်္ဂါရှစ်ချက်နှင့် ပြည့်စုံသော မိတ်ဆွေကိုပင် ရရှိရန်မလွယ်ကူပါချေ။ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ အလိုတော်ကျ ဖွင့်ဆိုရေးသားကြသည့် အဋ္ဌကထာသာ ကလျာဏမိတ္တ အင်္ဂါရှစ်ပါးမှာ—

**ကလျာဏမိတ္တ-မိတ်ဆွေကောင်းအင်္ဂါ**

**သဒ္ဓါ သီလ၊ သုတ စာဂါ၊**
**ဝီရိယာ သတိ၊ သမာဓိ ပညာ၊**
**ပြည့်စုံပါ၊ ကလျာမိတ်ဆွေမှတ် —**

ဟူ၍ ရှစ်ပါးဖြစ်သည်။ ယင်းအင်္ဂါရှစ်ပါးကို စရိယာပိဋကအဋ္ဌကထာ (နှာ-၂၇၀)မှာ ပြဆိုသည်ကို ဆရာကြီးဦးစာကျော်က လင်္ကာရေးစီခြင်း ဖြစ်ပေသည်။ ယင်းအင်္ဂါရှစ်ပါးနှင့်ပြည့်စုံသည့်မိတ်ဆွေရရန်မှာ ယခုခေတ်အခါ ရှားပါးမည်ဖြစ်သောကြောင့် လျှော့လျှော့ပေါ့ပေါ့ဖြင့် ဆရာကြီး ဦးစာကျော်က အင်္ဂါသုံးချက်ရှိ မိတ်ဆွေကောင်းကို သတ်မှတ်ဖော်ပြပါသည်။

**ကလျာဏမိတ္တ-မိတ်ဆွေကောင်း—သတ်မှတ်ချက်**

**လင်္ကာ**

**ပညာများဖြင့်၊ ကျင့်ဖို့စင်လျက်၊**
**ချစ်ခင်မေတ္တာ၊ ပြည့်စုံစွာသည့်၊**
**ကလျာမိတ်ဆွေ၊ တွေ့ကြုံပေက၊**
**ရိုသေညွတ်ခ၊ ဆည်းကပ်ကြလျှင်၊**
**ကိစ္စပြီးစီး၊ အကျိုးကြီး၏—**

ဟူ၍ ဆရာကြီးဦးစာကျော်က မိတ်ဆွေကောင်းအင်္ဂါလင်္ကာကိုရေးစပ်ရွတ်ဆိုပြပါသည်။ အဓိပ္ပာယ်အကျယ် ရေးဖွယ်မလိုပဲ ရှင်းလင်းသိသာလှပါသည်။ ဤမျှသောပြဆိုချက်များဖြင့်—

လျော်စွာပြုကျင့်၊
လျော်သင့်သိစေ၊
ကြေလွယ်စားသောက်၊
စောင့်ရှောက်သီလ၊
ကောင်းလှမိတ်ဆွေ၊
ဤငါးတွေ၊
သက်ရှေ ကျန်းမာကြောင်း—

ဟူသော ကိုယ်ကျန်းမာရေး နည်းပေးလင်္ကာ၏ အဓိပ္ပာယ်များ ထင်ရှားသိသာနိုင်လောက်ပြီဟု ယုံကြည်ပါသည်။

# ၄။ စာတွဲအပိုင်း

ဤအပိုင်း၌

- ★ စိတ်မကျန်းမာခြင်း စိတ်ရောဂါ အဓိပ္ပာယ်၊
- ★ စိတ်မကျန်းမာပုံနှင့် စိတ်ရောဂါ အမျိုးမျိုး၊
- ★ စိတ်ကျန်းမာခြင်း အဓိပ္ပာယ်နှင့်- စိတ်ကျန်းမာရေး လိုအပ်ပုံ၊
- ★ စိတ်မကျန်းမာမှု စိတ်ရောဂါနှင့် ကိုယ်မကျန်းမာမှု ကိုယ်ရောဂါပျောက်ရန် နည်းများတို့ကို ပြည့်ပြည့်စုံစုံ ရေးသားဖော်ပြထားပါသည်။

# ၂။ စိတ်ကျန်းမာခြင်း

## စိတ်ကျန်းမာရေး လင်္ကာ

(စိတ်ရောဂါရှစ်မျိုး)

သည်းခံကင်းကွာ၊
ကြံကာကြောက်မှု၊
စွဲပြုကျိုးနဲ၊
လွန်လွဲတွေးသိ၊
သတိမေ့လျော့၊
ပေါ့ဆထင်တွေး၊
မှိုင်ငေးတွေဝေ၊
ပျင်းရိချေ၊
ရှစ်ထွေစိတ်ရောဂါ။ ။

အမှန်တရားခေါ် သစ္စာတရားကို သိမြင်လိုသူတယောက်အတွက် ကိုယ်ကျန်းမာရေး, စိတ်ကျန်းမာရေး နှစ်မျိုးလုံးပင် လိုအပ်သည်မှာ အမှန်ပင်ဖြစ်ပါသည်။ သို့သော် - ကျန်းမာရေး နှစ်မျိုးရှိသည့် အနက်တွင် အဘယ်ကျန်းမာရေးကို ပို၍လိုအပ်ပါသနည်း-ဟု မေးပါမူ စိတ်ကျန်းမာရေးကို လိုအပ်ပါသည်-ဟု ဖြေဆိုရပေလိမ့်မည်။ ယင်းသို့ဖြေမှသာ မှန်ကန်စွာ ဖြေဆိုခြင်း ဖြစ်ပေမည်။

ကိုယ်ကျန်းမာရေး မပြည့်စုံပဲ စိတ်ကျန်းမာမှု တခုတည်းဖြင့် အမှန်တရား သိမြင်သွားသူတွေ အများကြီးရှိပေသည်။

**အရှင်တိဿ**

လူဆိုးများထံ ထွက်မပြေးပါဟု ဝန်ခံ၍ ပိပိပေါင်ကို ကျောက်ခဲဖြင့် ထုချိုးကာ ဒုက္ခဝေဒနာကို ခံစားနေရသည့် အတွင်းမှာပင် ကျန်းမာသောစိတ်ဖြင့် တရားရှုမှတ်ပြီး အမှန်တရားကို သိမြင်သွားသည့် တိဿ-

အမည်ရှိ ပုဂ္ဂိုလ်လည်း ရှိခဲ့ဖူးပေသည်။ ယင်း အရှင်တိဿမထေရ်၏ အကြောင်း သုတ်မဟာဝါအဋ္ဌကထာ (နှာ-၃၃၉) ၌ ဖော်ပြထား ပါသည်။

ခန္ဓာကိုယ်တပိုင်းကို ကျားသတ္တဝါက ကိုက်ခဲ စားသောက်နေသည့် ရောဂါဒေဝဒနာကို ခံစားနေစဉ် အဘင်းမှာပင် ကျန်းမာသည့် စိတ်ဖြင့် တရားရှုမှတ်ပြီး အမှန်တရားကို သိမြင်သွားသည့်ပုဂ္ဂိုလ်လည်း ရှိခဲ့ဖူးပေ သည်။ ကျားစားခံရသော အရှင်မြတ်သည် ခြေမျက်စိအထိ စားပြီးလျှင် သောတာပန်ဖြစ်သည်။ ဒူးအထိစားပြီးသောအခါ သကဒါဂါမ် ဖြစ် သည်။ ခါးအထိ စားပြီးသောအခါ အနာဂါမ်ဖြစ်သည်။ နှလုံးသား စားလုနီးနီး၌ ရဟန္တာဖြစ်သွားလေသည်။ ဤသို့ ကိုယ်ကျန်းမာမှုမရှိပဲ စိတ်ကျန်းမာမှုဖြင့် အမှန်တရားကို ထိပ်ဆုံးရောက်အောင် သိသွားနိုင်ပုံကို သုတ်မဟာဝါအဋ္ဌကထာ စာမျက်နှာ (၃၄၀) ၌ မှတ်တမ်းတင်ထား ပေသည်။

ဤအကြောင်းများကို ထောက်ဆကြည့်ပါလျှင် ကိုယ်ကျန်းမာရေး မရပဲ စိတ်ကျန်းမာရေးကို ရရှိထားပါလျှင် အမှန်တရားကို သိရှိနိုင် ကြောင်းမှာ ထင်ရှားလှချေသည်။ ယင်းသို့ ကိုယ်ကျန်းမာရေးထက် စိတ်ကျန်းမာရေးက ပို၍လိုအပ်သောကြောင့် လည်းကောင်း၊ ကိုယ်ကျန်း မာရေးအကြောင်းကိုမူ ဖော်ပြခဲ့သည့် အကြောင်းများအရ သိပြီးဖြစ် သောကြောင့် လည်းကောင်း ကျန်နေသေးသည့် စိတ်ကျန်းမာရေး အကြောင်း အမိန့်ရှိပါရန် တောင်းပန်သောအခါ ဆရာကြီးဦးစာကျော် က အထက်ဖော်ပြပါ စိတ်ကျန်းမာရေး လက်ခဏာကို မိန့်ဆိုပါသည်။

## စိတ်မကျန်းမာ စိတ်ရောဂါရှစ်မျိုး

ဤလက္ခဏာ၏သိုရင်းကို စကားပြေဖြင့် ထင်ရှားအောင် ရေးပြရပါမူ-

(၁) သည်းခံမှုမရှိခြင်း၊
(၂) ကြံတွေး၍ ကြောက်တတ်ခြင်း၊
(၃) အကျိုးနည်းသည့်အလုပ်ကို စွဲ၍လုပ်ခြင်း၊

(၄) အလွန် အလွဲ တွေးခြင်း, သိခြင်း၊
(၅) သတိမေ့လျော့တတ်ခြင်း၊
(၆) ပေါ့ပေါ့ဆဆ ထင်မြင်တွေးတောတတ်ခြင်း၊
(၇) မှိုင်ငေးတွေဝေ နေတတ်ခြင်း၊
(၈) ပျင်းရိငြီးငွေ့တတ်ခြင်း-

ဟူ၍ ရှစ်မျိုးသော အကြောင်းအချက်များသည် စိတ်ရောဂါရှိခြင်း, စိတ်မကျန်းမာခြင်းများ ဖြစ်သည်ဟု ဆိုလိုပါသည်။

ကိုယ်ရောဂါ ဖြစ်နေသူမှာ ဘာမျှလုပ်ကိုင်လုပ်ရှားမှုများကို မလုပ်နိုင်သည့်နည်းတူပင် စိတ်ရောဂါ ရှစ်မျိုးထဲမှ တမျိုးမျိုးဖြစ်စေ, နှစ်မျိုးသုံးမျိုး စသည်ဖြစ်စေ စွဲကပ်နေပါမူ ကိုယ်နှင့်ဆိုင်သည့်အလုပ် စိတ်နှင့်ဆိုင်သည့်အလုပ်များကို ဘာတခုမျှ ပြီးမြောက်အောင် လုပ်ကိုင်ဆောင်ရွက်နိုင်မည် မဟုတ်ပါ။

ကိုယ်ရောဂါရှိ၍ ကိုယ်မကျန်းမာသူမှာ စိတ်ကျန်းမာလျှင် ကိုယ်နှင့်ဆိုင်သည့် အလုပ်ကို ပြီးမြောက်အောင် မလုပ်နိုင်သော်လည်း စိတ်နှင့်ဆိုင်သည့် အလုပ်ကိုမူ ပြီးမြောက်အောင် လုပ်နိုင်ပေသည်။ စိတ်မကျန်းမာ စိတ်ရောဂါရှိသူမှာမူ ကိုယ်ကျန်းမာနေစေကာမူ ကိုယ်အလုပ်, စိတ်အလုပ် နှစ်ခုလုံးကို ပြီးစီးအောင် လုပ်နိုင်မည်မဟုတ်ချေ။ ထင်ရှားသည့်သာဓကကို ထုတ်ပြရလျှင် **စိတ်မနှံ့ရူးသွပ်နေသူသည်** ကိုယ်ကျန်းမာသော်လည်း ကိုယ်နှင့်ဆိုင်သည့် အလုပ်ဆို၍ ထမင်းအိုးတလုံးမျှ ကောင်းစွာချက်နိုင်မည် မဟုတ်ချေ။ ထမင်းအိုး တလုံးကျက်အောင် ချက်ရန်မဆိုထားဘိ ချက်ပြီးသား ထမင်းဟင်းကိုပင် မိမိဝမ်းပြည့်အောင် စားနိုင်မည်မဟုတ်ချေ။

စိတ်နှင့်ဆိုင်သည့် အလုပ်ဆို၍လည်း ဘုရားရှိခိုး တပုဒ်ဆုံးအောင် ရှိခိုးနိုင်မည်မဟုတ်။ ပုတီးတပတ်မျှ စိပ်နိုင်မည်လည်းမဟုတ်ချေ။ ထို့ကြောင့် ကိုယ်ကျန်းမာမှုထက် စိတ်ကျန်းမာမှုက ပို၍ အလိုရှိအပ်ကြောင်း ရေးသားပြဆိုခဲ့ခြင်း ဖြစ်ပေသည်။ ထို့ကြောင့် ကောင်းမြတ်သည့်

**ကိုယ်နှင့်ဆိုင်သောအလုပ်, စိတ်နှင့်ဆိုင်သော** အလုပ်များကို မလုပ်ကိုင်**နိုင်ပါက၊ သို့မဟုတ် လုပ်ပါလျက်** မပြီးစီးမအောင်မြင်ပါက မိမိကိုယ်၌ **စိတ်ရောဂါရှိမရှိ စစ်ဆေးကြည့်သင့်သည်**။

ယင်းသို့ စိတ်ကျန်းမာရေးသည် အရေးကြီးလှသောကြောင့် စိတ်မကျန်းမာမှုကို ဖြစ်စေတတ်သည့် စိတ်ရောဂါ ရှစ်မျိုးကို တခုစီ တခုစီ ခွဲခြား၍ အဓိပ္ပာယ် ရေးသားပြဆိုပါမည်။ (စိတ်ရောဂါဟုဆိုထိုက်သည့် အခြားတရားများကိုမူ အတွင်းရန်သူအဖြစ် ပယ်ခွါရန်ခေါင်း အခန်း၌ဖော်ပြပါမည်။)

(၁) **သည်းခံကင်းကွာ**။ ။သည်းခံကင်းကွာ-ဟူသည်မှာ သည်းခံမှုမရှိခြင်း, သည်းခံခြင်းနှင့် ကင်းကွာခြင်းကို ဆိုလိုသည်။ စိတ်တိုတတ်ခြင်း, စိတ်ကိုရှည်ရှည် မထားခြင်း, ဒေါသဖြစ်လွယ်ခြင်း, ဒေါသကြီးခြင်းများသည် သည်းမခံခြင်းပင်ဖြစ်သည်။ ယင်း**အားလုံးသည် သည်းမခံခြင်း** အကြောင်းရင်းကြောင့်သာ ဖြစ်ကြသည်။ **ယင်းအားလုံးကိုပင် သည်းမခံခြင်း** ဟုဆိုနိုင်ပေသည်။

**သည်း**မခံနိုင်ခြင်းကို အရင်းအမြစ်မှ လေ့လာမည်ဆိုလျှင် **သည်း**ညှဦးမခံနိုင်**ခြင်း** ဟူသောစကားလုံးများမှ ပေါက်ပွားလာသည်ဟု ယူဆရပေသည် **သည်းညှဦး** ဟူသည်မှာလည်း "အသည်းကိုညှဦးဆဲနှိပ်စက်မှု" မခံနိုင်ခြင်းပင်ဖြစ်သည်။

**အသည်းဟူသည်**မှာလည်း စိတ်၏တည်ရာ အသည်းနှလုံးကိုတင်စား၍ ဆိုခြင်းဖြင့် တည်တတ်သည့်စိတ်ကို ပြောလိုခြင်းဖြစ်သည်။လောကမျက်မြင်မှာလည်း စိတ်သတ္တိကောင်းသည်ကို "အသည်းကောင်းသည်"ဟု ဆိုရိုးရှိသည်။ "အသည်းမာသည်၊အသဲမာ:မ" စသည်လည်းကြသဘောပင်ဖြစ်သည်။ ထို့အတူပင်လျှင် စိတ်ကို အညှဦးဆဲအနှိပ်စက် အထိခိုက် ခံနိုင်သည်ကို "သည်းညှဦးဆဲခံသည်"ဟုဆိုသည်။စိတ်ကို အညှဦးဆဲ အနှိပ်စက် မခံနိုင်သည်ကို သည်းညှဦးမခံနိုင်ဟု ဆိုသည်။ယင်းသည်းညှဦးမခံနိုင် ဟူသော စကားလုံးမှ "သည်းညည်းမခံနိုင်၊သည်းမခံနိုင်"ဟု မြန်မာစကားလုံး ဖြစ်ပေါ်လာခဲ့သည်။ "သဲညည်းမခံနိုင်" ဟု လည်း ပြောလေ့ရှိကြသည်။

ဖြစ်ပေါ်ကြုံတွေ့လာသည့် အခြေအနေသဘောတရားကို ငြိမ်သက်စွာ အောင့်အည်း နေနိုင်ခြင်းပင်ဖြစ်သည်၊ ခွင့်လွှတ်နိုင်ခြင်းပင် ဖြစ်သည်။ ဗုဒ္ဓစာပေလောက၌ ပါဠိဘာသာဖြင့် "**ခန္တီ**" ဟူသောစကားလုံးကို သည်းခံခြင်းဟု မြန်မာပြန်ဆိုခြင်းဖြစ်သည်။ မြန်မာတို့ကမူ မြန်မာ့လျှာနှင့်အာ သို့လိုက်၍ **ခန္တီ** ဟု ရွတ်ဖတ်ပြောဆိုလေ့ရှိကြပေသည်။ ယင်း သည်းခံမှု ခန္တီဟူသည် မူရင်းတရားကိုယ် အားဖြင့် မပြစ်မှား မကြမ်းတမ်းမှု-အဒေါသ ကြီးမှူးသည့် နာမ်တရားဖြစ်သည်။

ယင်း ခန္တီ–ခေါ် သည်းခံမှုကို စိတ်၌မမွေးနိုင်၊မထားနိုင်ခြင်းကိုပင် ဤ စိတ်ရောဂါရှစ်မျိုးပြလက်ာ၌ "သည်းခံကင်းကွာ" ဟု စပ်ဆိုခြင်း ဖြစ်သည်။

သည်းခံမှုမရှိပါလျှင် မည်သည့်အလုပ်ကိုမျှပြီးစီးအောင်မလုပ်နိုင်ပေ။ ကောင်းသည့်အလုပ်ဖြစ်စေ, ဆိုးသည့်အလုပ်ဖြစ်စေ သည်းခံမှုမရှိပဲ ပြီးစီးအောင်လုပ်ရန် ခက်လှသည်။ တပိုင်းတစဖြင့် ရပ်စဲ သွားတတ်သည်။ သည်းခံမှု မရှိခြင်းသည် **ရှုံးသွပ်ခြင်းတမျိုး** ပင်ဖြစ်သည်။ ယဉ်ကျေးစေရန် "စိတ်ရောဂါ" ဟူ၍သာ ပြောဆိုသုံးစွဲရပေသည်။

အလုပ်တာဝန်ပေးအပ်ရာ, ခေါင်းဆောင်တင်မြှောက်ရာ, မိတ်ဆွေ အဖြစ် ပေါင်းသင်းရာ-စသည့် အရေးကြီးသောကိစ္စများ၌ သည်းခံမှုရှိ,မရှိကို စိစစ်ကြည့်ရန် လိုအပ်လှပေသည်။

ယခု အမှန်တရား-အရိယသစ္စာကို ရှာဖွေဆည်းပူး လိုသူအတွက်လည်း မိမိသန္တာန်၌ သည်းခံခြင်းတရား ရှိ,မရှိ စိစစ်ကြည့်ပါ။ မရှိလျှင် ရှိအောင် လေ့ကျင့်ပါ။ သည်းခံမှုအားမကောင်းလျှင်အားကောင်းအောင် လေ့ကျင့်ရန်သင့်ပါသည်။

သည်းခံခြင်းမရှိသူများမှာ ဖြစ်တတ်သည့် မကောင်းကျိုး ငါးမျိုးရှိကြောင်းကို မြတ်စွာဘုရား ဟောတော်မူသည်။ (အံ ၂၊ နှာ-၂၂၂။) ယင်းငါးမျိုးကို သုတ်နှစ်မျိုးဖြင့် ဟောတော်မူသည်ဖြစ်ရာ တူရာကို ပေါင်းလိုက်သောအခါ ခြောက်မျိုး ရရှိပါသည်။ ယင်းခြောက်မျိုးကို ဆရာကြီး ဦးစာဒကျော်က အောက်ပါအတိုင်း ဆောင်ပုဒ်လင်္ကာရေးသား ထားပါသည်။

## သည်းမခံခြင်း၏ မကောင်းကျိုးခြောက်မျိုး

### လင်္ကာ

**ခန္တီမသုံး၊ ဒေါသဖုံးသော်၊**
**လူမုန်းပေါ ငြား၊ ရန်သူများ၏၊**
**စိတ်အားညှိုးပူ၊ အပြစ်ထူလျက်၊**
**သေမူတွေဝေ၊ ပါယ်ကျလေသည်၊**
**ခြောက်ထွေဖြစ်ရိုး၊ မကောင်းကျိုး။ ။**

ယင်းလင်္ကာအရ ရှင်းလင်းအောင် စကားပြေဖြင့် ရေးပြရလျှင်— "ခန္တီခေါ် သည်းခံခြင်းမရှိပဲ ဒေါသကြီးသူမှာ—

၁။ လူမုန်းများခြင်း၊
၂။ ရန်သူများခြင်း၊
၃။ စိတ်ညှိုးနွမ်းပူပင်ခြင်း၊
၄။ အပြစ်အနာများခြင်း၊
၅။ သေသောအခါ တွေဝေစွာသေရခြင်း၊
၆။ သေပြီးနောက် ငရဲ,တိရစ္ဆာန်,ပြိတ္တာ,အသူရကာယ်-
ဟူသော အပါယ်လေးပါးသို့ ကျရောက်ရသည်"

ဟူ၍ ပြဆိုလိုပါသည်။ ယင်း သည်းမခံခြင်းနှင့်စပ်၍ ပုံစံပြပါအံ့။

**တရုတ်ပြေးမင်း**

ပုဂံခေတ် (၆၁၇-၆၄၈) က နရသီဟပတေ့ခေါ် တရုတ်ပြေး မင်းသည် အလွန်ဒေါသကြီးသည်။ သည်းခံမှုမရှိ။ နှာချေခြင်း ချောင်း ဆိုးခြင်းများကိုပင် မရှိမသေပြုသည်ဟု ယူဆကာ သတ်ဖြတ်၍အပြစ် ပေးသည်။ပြည်သူအများမလိုလားမုန်းသောကြောင့်တရုတ်တို့နှင့်စစ်တိုက် သောအခါအကူအညီမရ၊ စစ်ရှုံးသည်။ ပုသိမ်အထိပြေးရသည်။ ပြေးရစဉ် မှာပင် အဆိပ်ခပ်၍အသတ်ခံရသည်။ ရာဇဝင်အစဉ်အဆက် "တရုတ် ပြေးမင်း"ဟု ရှုတ်ချ၍ မော်ကွန်းတင်ခံရသည်။

အမှန်တရားသိမြင်ရေးအတွက် သည်းခံခြင်းရှိရန် အရေးကြီးလှပါသည်။ သည်းခံမှုမရှိက အမှန်တရားသိမြင်ရေးနှင့် ဝေးလှပါသည်။ အမှန်တရားသိမြင်သူ အရိယာပုဂ္ဂိုလ်ကြီးများသည် သည်းခံခြင်း ခန္တီပါရမီကို အထွတ်အထိပ်ရောက်အောင် ဆည်းပူးခဲ့သူများ ဖြစ်ကြပါသည်။ သည်းမခံမှုကို စွန့်ပယ်ထားသူများ ဖြစ်ကြပါသည်။

သည်းမခံခြင်းဟူသည်မှာ အဘိဓမ္မာသဘောအားဖြင့် **ဒေါသကြီးကဲသည့် အကုသိုလ်တရား** များ ဖြစ်ကြသည်။ သည်းခံခြင်း ဟူသည်မှာ ယင်းဒေါသ၏ ဆန့်ကျင်ဘက် **အဒေါသတရားကြီးကဲသည့် ကုသိုလ်တရား** များ ဖြစ်ပါသည်။ ယင်းအဒေါသကို အချို့နေရာ၌ **မေတ္တာ** ဟူ၍လည်း အသိအမှတ်ပြုရပါသည်။

သည်းခံခြင်းအကျိုးနှင့် သည်းမခံခြင်းအပြစ်များကို ဗုဒ္ဓတရားတော်လာ သဘောတရားများနှင့် လောကမျက်မြင် အကြောင်းအရာများဖြင့် ဖွင့်ဆိုရေးပြမည်ဆိုလျှင် ကျမ်းစာအုပ်ကြီးတခု ဖြစ်လာဖွယ်ရှိပါသည်။ ဤနေရာ၌မူ စာရှုသူတို့အား သည်းခံခြင်းတရား-ခန္တီပါရမီကို ဖြည့်ကျင့်ပါ။ သည်းမခံခြင်း-စိတ်ရောဂါကို ပျောက်အောင်ကု၍ စိတ်ကျန်းမာမှုကို ရယူပါ။ သို့မှသာ အမှန်တရား-အရိယသစ္စာကို သိနိုင်ပါလိမ့်မည်ဟု ညွှန်းလိုပါသည်။

(၂) **ကြံကာကြောက်မှု။** ။"**ကြံကြောက် လှည်းအောက်မဝင်နှင့်**" ဟူ၍ ရှေးမြန်မာစကားပုံရှိသည်။ ကြံ တွေ့ ကြောက်တတ်ပါမူ လှည်းပြိုကျ ပိမိမှာ ကြောက်ရသောကြောင့် လှည်းအောက်ကိုပင် မဝင်နှင့်ဟု ဆိုလိုသည်။

ယခုခေတ်မီပုဂ္ဂိုလ်တယောက်ကမူ "**ကြံကြောက်ကော်ဖီမသောက်နှင့်**" ဟု စကားပုံပြုလုပ်ပြောဆိုလေ့ရှိသည်။ သူဆိုလိုသည့်အဓိပ္ပာယ်ကို ကော်ဖီဖျော်ရာ၌ သကြားပါသည်။ သကြားသည် ကြံပင်ကိုကြိတ်၍ ချက်ထားသည် ဖြစ်သောကြောင့် ကြံကြောက်တတ်ပါလျှင် ကော်ဖီကိုပင် မသောက်ပါနဲ့-ဟု ရှင်းပြတတ်ပေသည်။

ကြံတွေး၍ တကယ်မဖြစ်ပေါ်သေးပဲ ဖြစ်ပေါ်လာတော့မည့် ပုံကဲ့သို့ ကြောက်ရွံ့ခြင်းသည် ဘာအလုပ်တခုကိုမျှ လုပ်မရအောင် တားဆီးပိတ်ပင်တတ်ပေသည်။ ယင်း ကြံတွေးကြောက်တတ်မှု အတိုင်းအတာ ကြီးမားပြင်းထန်မှုအလျောက် အကျိုးမဲ့ကို ဖြစ်စေတတ်နိုင်သည်။ အကျိုးတရားကိုလည်း မရရှိအောင် တားမြစ်တတ်ပေသည်။ ကြံတွေးကြောက်တတ်မှုရှိလျှင် အသင့်အတင့်ဆိုလျှင် သွေးအသွားအလာကို ဖောက်ပြန်စေသည်။ လွန်ကဲလျှင် သွေးပျက်ပြီး ရူးသွပ်သွားစေနိုင်သည်။ ယခုခေတ်ဖြစ်ပေါ်နေသည့် ခေတ်မီရောဂါတခုဖြစ်သော သွေးတိုးရောဂါ သည် ကြံတွေးကြောက်မှု အရင်းခံဖြစ်သည်ကို စာတွေ့၊ ငါတွေ့၊ ရှာတွေ့တို့ဖြင့် တိတိကျကျ ဆုံးဖြတ်သိရှိနိုင်ပြီ ဖြစ်သည်။

## ကြောက်သေသည့်ဒမြ

ဒုတိယကမ္ဘာစစ်အတွင်း အင်္ဂလိပ်ပြေး၍ ဂျပန်နှင့် ဘီအိုင်အေတပ်များ တက်လာသောအခါ "လွတ်လပ်ရေးရပြီ၊ လုပ်ချင်ရာလုပ်နိုင်သည်" ဟု ထင်မြင်ရာ ပြောဆို၍ ဒမြတိုက်ကြသည့် လူငါးယောက်အား ဘီအိုင်အေစစ်တပ်က လုံ့စွပ်ဖြင့်ထိုးသတ်သည့်အခါ ငါးယောက်မြောက်လူသည် လုံ့စွပ်ဖြင့် ထိုးမသတ်လိုက်ရပဲ ဂုတ်ကျိုးကျ သေဆုံးသွားခဲ့သည်။ ဤသည်မှာ "ငါ့ကိုတော့ သတ်တော့မှာပဲ"ဟူသော ကြံတွေးကြောက်မှုက သတ်ခြင်းဖြစ်ကြောင်း သိသာထင်ရှားလှပေသည်။

## ကြောက်သေသည့် တောကြက်

အချို့ တောရွာမုဆိုးများသည် တောကြက်ငယ်များကို အလှမွေးရန် ညွတ်ကွင်းဖြင့် ထောင်ဖမ်းယူကြသည်။ များစွာသော တောကြက်များသည် လူ့လက်ထဲရောက်လျှင်ပင် နာရီပိုင်းမျှအတွင်း အမောက်နှင့် မျက်နှာများညိုမဲ၍ သေသွားတတ်ကြသည်။ တကောင်တလေမျှသာလျှင် မသေပဲ အလှမွေးထားနိုင်ပေသည်။ ဤသို့ သေသွားသည့် များစွာသော တောကြက်များသည် အလှမွေးထားရန် ဖမ်းယူသည်ကို မသိ "သေရတော့မှာပဲ"ဟု အကြောက်လွန်၍ သေခြင်းဖြစ်သည်။

မကြောက်၍ မသေသည့်တောကြက်များမှာ ယုယုယယ ကျွေးမွေးပြုစု အလုမွေးထားခြင်းကိုခံရပြီး အသက်ရှည်ရှည် နေနိုင်ကြပေသည်။

ဖော်ပြခဲ့သည့် ဒမြန်နှင့်တောကြက်များ အကြောင်းကို လေ့လာလျှင် တွေးကြံကြောက်ခြင်းသည် အသက်သေဆုံးမှုကိုပင် ဖြစ်စေနိုင်သည့် စိတ်ရောဂါဆိုးကြီးများဖြစ်ကြောင်း တွေ့ရှိရပေသည်။

ယင်း တွေးကြံကြောက်ခြင်း စိတ်ရောဂါစွဲကပ်၍ စိတ်ကျန်းမာမှု မရရှိလျှင် ပညာရေး, ကြီးပွားရေး, စီးပွားရေး-စသည့်ကိစ္စများကို လုပ်ဖြစ်မည်မဟုတ်ချေ။ ပညာတတ်နေသူ, ကြီးပွား ချမ်းသာနေသူ များသည် အပျက်တရား, အနှောင့်အယှက်တရား-များကို မကြည့်ပဲ ပညာဆည်းပူးခြင်း, ဥစ္စာရှာဖွေ စုဆောင်းခြင်းတို့ကြောင့်သာ ပညာရှိများ, ပစ္စည်းရှင်သူဌေးကြီးများ ဖြစ်လာကြခြင်း ဖြစ်သည်။ ပညာသင်ရာ၌ဖြစ်စေ, ပစ္စည်းရှာရာ၌ဖြစ်စေ တွေးကြံကြည့်လျှင် အပျက်ဘက်မှလည်း အထိုက်အလျောက် ကြောက်ဖွယ်များ ရှိနိုင်မည်သာ ဖြစ်သည်။

နာမည်ကျော်စာဏက္ကနီတိ ကျမ်း၌မူ....

> "**အပျက်ဘက်ကို တွေးကြောက်၍ မလုပ်ပဲနေခြင်းသည် လူညံ့၏ သဘောဖြစ်သည်။ ဘယ်သူသည် အစာမကြေဖြစ်မှာကို ကြောက်ပြီး ထမင်းမစားပဲ နေပါသနည်း**"

ဟူ၍ သတိပေး ရေးသားထားသည်ကို ဖတ်ရှုနိုင်ပေသည်။

ကြောက်မှုဟူသည်မှာ ဒေါသကြီးကဲသည့် အကုသိုလ်တရားပင်ဖြစ်သည်။ ဤဒေါသကား ဖော်ပြခဲ့သည့် သည်းမခံမှု-ဒေါသမျိုးမဟုတ်ပေ။ သည်းမခံမှု-ဒေါသမှာ ကြမ်းတမ်းသည့်ဒေါသ ဖြစ်သည်။ ကြောက်မှု ဒေါသမှာ ညှိုးနွမ်းသောဒေါသ ဖြစ်သည်။ စာပေများထဲ၌ "ဆုတ်နစ်သော ဒေါသ"ဟု ရေးသားသုံးစွဲသည်။ ဒေါသတရားကအသွင်တမျိုး ပြောင်းသွားခြင်း ဖြစ်သည်ဟု ဆိုရန်သင့်ပေသည်။

**နူနာဥပမာ**

ဥပမာဖြင့်ရှင်းပြပါအံ့ — လောကမျက်မြင် အားဖြင့် လူ၏ခန္ဓာကိုယ်ကို စွဲကပ်၍ ဒုက္ခပေးတတ်သည့် နူနာခေါ် အရေဖျားရောဂါရှိသည်။ ယင်းအရေဖျားရောဂါသည် အစိုမျိုး,အခြောက်မျိုးဟု နှစ်မျိုးရှိသည်။ အစိုမျိုးမှာ အနီကွက်များပေါ်ကာ အရည်တရွှဲရွှဲထွက်၍ လူကိုယ် ပွယောင်း၍ အဖုအပိန့်များ ထွက်တတ်သည်။ အခြောက်မျိုးမှာ အရေမထွက်ပဲ အသားများချောက်သွေ့ကာ အက်ကွဲ၍ အဖြူကွက်များပေါ်လျက် ခန္ဓာကိုယ်ပိန်ကပ်နေတတ်သည်။ မည်သို့ပင်ဖြစ်စေ အနူရောဂါချည်းသာဖြစ်သည်။ ဤသို့ နူနာခေါ် အရေဖျားရောဂါသည် **အစိုမျိုးနူနာ အခြောက်မျိုးနူနာ** ဟူ၍ နှစ်မျိုးရှိသကဲ့သို့ ဒေါသသည်လည်း တက်ကြွကြမ်းတမ်းသည့်ဒေါသ၊ညှိုးငွေ့ဆုတ်နစ်သည့်ဒေါသ-ဟူ၍ နှစ်မျိုးဖြစ်နိုင်ပေသည်။

ယင်း ညှိုးငွေ့ဆုတ်နစ်သည့် ဒေါသဖြစ်သည့် ကြံတွေး ကြောက်ခြင်းသည်လည်း စိတ်ရောဂါပင် ဖြစ်သည်။ ယင်းရောဂါစွဲကပ်နေပါမူ စိတ်ကျန်းမာသည်ဟု မဆိုနိုင်။ စိတ်မကျန်းမာဟုသာပြောရမည်ဖြစ်ပေသည်။ ကိုယ်မကျန်းမာသူသည် လုပ်စရာအလုပ်ကိုမလုပ်နိုင်သလိုပင် စိတ်မကျန်းမာသူသည်လည်း လုပ်စရာအလုပ်ကို မလုပ်နိုင်ဖြစ်သောကြောင့် ယင်း ကြံတွေးကြောက်မှုဟူသော စိတ်ရောဂါကိုသိမြင်ကြပြီးပျောက်ကင်းအောင် ကုသသင့်ပေသည်။

(၃) စွဲပြုကျိုးနဲ။ ။အကျိုးမရှိသည့်အလုပ်၊ အကျိုး နဲနဲပါးပါးကိုသာ ရစေသည့်အလုပ်များကို စွဲစွဲလန်းလန်း ပြုလုပ်နေခြင်းကို "**စွဲပြုကျိုးနဲ**" ဟူ၍ တတိယမြောက် စိတ်ရောဂါအဖြစ် ညွှန်းပြထားပေသည်။ စွဲပြုကျိုးနည်းကိုပင် ကာရန်ငဲ့၍ စွဲပြုကျိုးနဲ—ဟု ဆိုထားပေသည်။

အကျိုးနဲဟူသည်မှာ ကောင်းကျိုးနဲနဲသာဖြစ်၍ မကောင်းကျိုးများပြားသည့် အလုပ်မျိုးဖြစ်သည်။ ကောင်းကျိုးလုံးဝမရှိသော အလုပ်များကိုလည်း အကျိုးနည်းသည့် အလုပ်ဟူ၍သာ သတ်မှတ်ထားပေသည်။

မျက်မြင်လောကဌ် မကောင်းကျိုး တခုခုဖြစ်ပေါ်လာလျှင် "အမယ်လေး ကိုယ်ကျိုးနဲပါပြီ" ဟု ပြောတတ်ကြပေသည်။ စာစကားဖြင့် ရေးရမည်ဆိုလျှင် စွဲပြုကျိုးနည်းဟူ၍ ရေးရမည်ဖြစ်သည်။ အဓိပ္ပာယ်တူသောကြောင့်လည်းကောင်း၊ လွန်လွဲတွေးသိနှင့် ကာရန်ယူ၍ စကားပြောနည်းအတိုင်း စွဲပြုကျိုးနဲဟု ရေးခြင်းဖြစ်သည်။

အကျိုးနဲသည့်အလုပ်ဟူသည်မှာ မူးယစ်စာ မှိဝဲသုံးစွဲမှု၊ ဖဲရိုက် ကြက်တိုက်စသည့် အလောင်းအစားပြုလုပ်မှု၊ သုံးပုံဖဲ, ကင်းဖဲ, ကျားရွှေ့, စစ်တုရင်ကစား, ကာတွန်းစာဖတ်, ဝတ္ထုစာဖတ်-စသော လူညံ့လူပျင်းတို့ အပျင်းဖြေအလုပ်များ၊ ရုပ်ရှင်ကြည့်, ဘောလုံးပွဲကြည့်, အငြိမ့်ပွဲဇာတ်ပွဲကြည့်-စသည့် အချိန်ကုန်လူနွမ်းအလုပ်များ စသည်ပင်ဖြစ်သည်။ ယင်းတို့အားလုံးကို စွဲစွဲလန်းလန်း ပြုလုပ်ခြင်းသည် စွဲပြုကျိုးနဲအရသို့အတွင်းဝင်သည်။ အမှန်မှာ ယင်းအလုပ်များ အားလုံးသည်လည်း စ၍လုပ်မိလျှင် အဆက်မပြတ် လုပ်ချင်စေတတ်သည့် အလုပ်များဖြစ်သည်။ "စွဲပြု" ဟူသောစကားအရ စွဲစွဲမြဲမြဲ အဆက်မပြတ် အကြိမ်များများပြုလုပ်ခြင်းကိုသာ စိတ်ရောဂါဟု ဆိုလိုပေသည်။

စကားဝိုင်းဖွဲ့ပြောခြင်း, အပေါင်းအသင်းများနှင့် ဟေးလားဝါးလား ပြောဆိုနေရခြင်း, အိမ်လည်နေခြင်း, ကွမ်းစားခြင်း, အိပ်စက်နေခြင်း, ဆေးလိပ်သောက်ရှူကာ မျက်လုံးကလယ်ကလယ်နှင့် နေရခြင်း-စသည်တို့သည်လည်း လုပ်စရှိလျှင်အမျှင်မပြတ်နိုင်သည့် စွဲပြုကျိုးနဲအလုပ်များသာ ဖြစ်ပေသည်။

ဤတွင် အပျင်းဖြေဟူသည်မှာ အချိန်ရှိ၍ ပျင်းအားသောသူတို့ အပျင်းရောဂါ စွဲကပ်နေသောကြောင့် အပျင်းကိုဖြေရခြင်း ဖြစ်သည်။ ယင်း အပျင်းကိုဖော်ပြထားသည့် အကျိုးမဲ့အကျိုးနည်းအလုပ်များဖြင့် ဖြေလျှင် အပျင်းရောဂါ ပို၍တိုးရန်သာ ရှိပေသည်။ ခေတ္တ သက်သာသလိုရှိသော်လည်း မုချ ရောဂါတိုးမည်၊ ဆိုးမည်ဖြစ်၏။

ယင်းအကျိုးနဲ အကျိုးယုတ်စေသည့် အလုပ်များကို မဖြတ်နိုင်ပဲ စွဲမြဲလုပ်လိုခြင်းသည်လည်း စိတ်ရောဂါသာဖြစ်သည်။ အရိယသစ္စာခေါ်

တရားအမှန်ကို သိမြင်လိုသူများ ပယ်ရှားရမည့် စွဲလန်းမှုများသာ ဖြစ်သည်။ ယင်းတို့သည် အမှန်တရား သိမြင်ရေးအတွက်သာ မဟုတ်ချေ။ ပညာရေး, စီးပွားရေး, ကိုယ်ကျန်းမာရေး များကိုလည်း ဖျက်ဆီးနိုင်စွမ်းသည့် စိတ်ရောဂါဆိုးကြီးများပင် ဖြစ်သည်။ မကောင်းသည့်အလုပ်များဖြစ်လျက် စွဲလန်းစေတတ်သည်မှာ "ပါပသ္မိံ ရမတေ မနော" ဘုရားဟောအရ လူသာမန်တို့စိတ်သည် မကောင်းမှု၌ ပျော်မွေ့တတ်သည့် သဘောတရားပင်ဖြစ်သည်။ အမှန်တရားသိလိုသူနှင့် ကြီးပွားတိုးတက်လိုသူများ သတိထားရှောင်သင့်သည်။

အကျိုးမဲ့သည့်အလုပ်နှင့် အကျိုးမဲ့တရားကို စွဲလန်းရာ၌မူ ဥပါဒါန်ဟုခေါ်သည်။ ယင်း ဥပါဒါန်ဟူသော ပြင်းစွာစွဲလန်းမှုမှာ အဘိဓမ္မာသဘောအရ **တပ်မက်မှုလောဘနှင့် အမြင်မှားမှုဒိဋ္ဌိ** တရားနှစ်ပါးပင်ဖြစ်သည်။ ရှင်းပြပါအုံး...အကျိုးမဲ့ကို ဖြစ်စေသည့် မူးယစ်စာကို စွဲလန်းခြင်းသည် အရသာကို တပ်မက်မှု လောဘကြောင့် ဖြစ်သည်။ အကျိုးမဲ့ဖြစ်မည်ကို အကျိုးရှိသလို အမြင်မှားမှု-ဒိဋ္ဌိဖြစ်သည်။

ပညာနည်းသည့် ပုထုဇဉ်ခေါ် သာမန်လူစားမျိုးသည် အကျိုးမဲ့အလုပ်ကို များစွာစွဲလန်းတတ်ကြသည်။ များစွာအကျိုးမဲ့ ဖြစ်ကြရသည်။ မကောင်းကျိုးများစွာ ရကြသည်။ ထိုကြောင့် ယင်း အကျိုးမဲ့အလုပ်ကို စွဲလန်းပြုလုပ်မှုကို စိတ်ရောဂါအဖြစ် သတ်မှတ်သည်။ ယင်းစိတ်ရောဂါ စွဲကပ်နေလျှင် စိတ်ကျန်းမာမှုမရှိပေ။

ထို့ကြောင့် အရိယသစ္စာခေါ် အမှန်တရားကို သိလိုသူသည် ရှေးဦးစွာအချိန်ကုန်၍ အကျိုးမဲ့စေသည့် မူးယစ်စာသုံးစွဲမှု၊ ပွဲလမ်းသဘင်ကြည့်မှု၊ ဖဲချ, ကျားချ-စသော ကစားမှုစသည့် အကျိုးနည်း စွဲလန်းပြုလုပ်မှု စိတ်ရောဂါကို ပျောက်ကင်းအောင် ကုသရမည်ဖြစ်သည်။ နောက်မှတဆင့်တက်၍ မမြဲမှု-အနိစ္စကို မြဲမှု-နိစ္စ ထင်မှတ်စွဲလန်းမှု၊ ဆင်းရဲမှု-ဒုက္ခကို ချမ်းသာမှု-သုခ ထင်မှတ်စွဲလန်းမှု၊ အနှစ်မဲ့-အနတ္တကို အနှစ်-အတ္တ ထင်မှတ်စွဲလန်းမှုဟူသော စွဲလန်းပြုလုပ်နေမှု စိတ်ရောဂါများကိုလည်း ပျောက်ကင်းအောင် ကုသရမည်ဖြစ်သည်။

(၄) **လွှန်လွဲတွေးသိ။**　။လွန်လွဲတွေးသိဟူသည့် လင်္ကာပိုဒ်ကို ဆရာကြီး ဦးစာကျော် ရေးသားစပ်ဆိုထားသည်မှာ အသင်္ကာဂုဏ်မြောက်အောင် တွေးတောကြံစည်၍ စပ်ထားခြင်းဖြစ်ပါသည်။ လွန်—လွဲ—တွေး—သိ—ဟူသော စာလေးလုံးဖြင့် အနက်အဓိပ္ပာယ်လေးမျိုး ပါဝင်သိရှိနိုင်အောင် ဖွဲ့စီထားသည်ကို တွေ့ရပါသည်။ ယင်း လွန် လွဲ တွေး သိ ကို—

(က) အလွန်ပိုမိုလွန်ကဲစွာ တွေးတတ်ခြင်း၊
(ခ) အလွန်ပိုမိုလွန်ကဲစွာ သိမြင်ခံစားတတ်ခြင်း၊
(ဂ) အလွဲမမှန်မကန် တွေးတတ်ခြင်း၊
(ဃ) အလွဲမမှန်မကန် သိမြင်တတ်ခြင်း-

ဟူ၍ ခွဲခြားဝေဖန်ရမည် ဖြစ်ပါသည်။ ရှင်းပါဦးမည်-

(က) မူလအရှိ ဝမ်းသာဖွယ် အနည်းငယ်မျှကို အများဟု လွန်လွန်ကဲကဲ တွေးဆကြံစည်ခြင်း ဖြစ်တတ်ခြင်းလည်း ရှိတတ်ပါသည်။ လွန်ကဲနည်းပါးစွာ တွေးဆကြံစည်ခြင်းလည်း ရှိတတ်ပြန်သည်။ ယင်းသို့ အရှိထက်လွန်ကဲများပြား နည်းပါးကာ တွေးဆကြံစည်တတ်ခြင်းသည်လည်း မမှန်ကန်ပါ။ စိတ်ရောဂါ စိတ်ဝေဒနာ ဖြစ်ပါသည်။ အမှန်အတိုင်း မတွေးဆတတ်မှုဖြစ်သည်။
ပုံစံကလေးတခု တင်ပြရမည်ဆိုလျှင်....

**ဆင်ဝန်ကတော်ကြောင်ကြပုံ**

မြန်မာ့ရိုးရာစကားပုံများတွင် “**ဆင်ဝန်ကတော် ကြောင်ကြဖို့မဟုတ်ပါဘူး**”ဟူသော စကားပုံကလေးတခု ရှိပါသည်။ မလိုအပ်ရာ၌ ကြောင့်ကြတတ်သူများကို တွေ့မြင်သည့်အခါ သုံးစွဲသည့်စကားပုံဖြစ်သည်။ ဖော်ပြပါရစေ—

မြန်မာ့ရှင်ဘုရင်များလက်ထက်က ဆင်တပ်ဖွဲ့ထားသည်။ ဆင်နှင့် ဆင်ထိန်း ဆင်စစ်သည်တော်များကို အုပ်ချုပ်ရန် ဆင်ဝန်ကြီးလည်း ခန့်အပ်ထားသည်။ ဆင်ဝန်ကြီးသည် လက်အောက်အမှုထမ်း အရာထမ်းများကို

အုပ်ချုပ်စီမံ ခန့်ခွဲရ၊ လွှတ်တော်တက် အခစားဝင်ရ-စသည်ဖြင့် အလုပ်များလှသည်။ ထိုအခါ ဆင်ဝန်ကတော်က အကူအညီပေးသည်။ သန့်မာသည့် လူငယ်လူရွယ် အမှုထမ်းများကို ရွေးချယ်ခေါ်ယူ၍ အိမ်တော် ဆင်ကျုံးတော်များမှ သွားလမ်းလာလမ်းတလျှောက်ရှိ သစ်ငုတ်များ တုံးများ တိုင်များ ဝါးငုတ်များကို တူးဖော်ရှင်းလင်းစေသည်။ ထိုအခါ ဆင်ဝန်မင်းက....

"အလို ဝန်ကတော်ကြီး ဘာကြောင့် သစ်ငုတ် ဝါးငုတ်တွေ တူးဖော်ရှင်းလင်းနေရပါသလဲ"လို့ မေးတော့....

"ဩော်ဝန်မင်းကလဲ ဆင်ပြောင်ကြီးတွေက တခါတရံ မုန်ယိုပြီး ဆင်သိုကြီးတွေ လွှက်လာတတ်ကြတယ်။ ဒီသစ်ငုတ် ဝါးငုတ်တွေနဲ့ တိုက်မိပြီး ဒုက္ခရောက်မှာစိုးလို့ပါ"ဟု ဖြေလျှင်....

"ဒါကတော့ ဆင်ဝန်ကတော် အကြောင့်ကြမဟုတ်ပါဘူး" ဟု ဝန်ကြီးကပြန်ပြောလေသည်။

ဤသည်မှာ လွန်ကဲစွာ ကြံတတ် တွေးတတ်ခြင်း၏ အပြစ်တခုဖြစ်ပါသည်။ စိတ်ရောဂါတခုဖြစ်သည်။ စိတ်မကျန်းမာခြင်းပင် ဖြစ်သည်။

(ခ) မူလရှိရင်းထက် လွန်ကဲသိရှိခံစားတတ်ခြင်းသည်လည်း စိတ်ရောဂါ စိတ်မကျန်းမာမှုပင်ဖြစ်သည်။ ထို့အတူပင် မူလရှိရင်းထက် လွန်ကဲ၍ သေးသိမ်စွာ သိရှိခံစားတတ်ခြင်းသည်လည်း စိတ်ရောဂါပင်ဖြစ်သည်။ ပုံစံထုတ် ရှင်းပြပါဦးမည်။

## ရှုံ့တတ်သူဆရာတော်

တခါက ရွာငယ်တရွာ၌ ကိုးကွယ်သည့် ဆရာတော်သည် အလွန်ရှုံ့တတ်၍ အစားအသောက် အဝတ်အထည်အားလုံး သန့်ရှင်းမှုကြိုက်သည်။ ဒကာ ဒကာမများကလည်း သန့်ရှင်းစေရန် အမြဲဂရုစိုက်ကြရသည်။ တခါသော်—ဆရာတော်ဆွမ်းဘုဉ်းပေးနေစဉ် ဝေးဝေးမှ ခွေးကိုရိုက်၍ ခွေးအော်သံကြားရသောအခါ ဆရာတော်သည် ဆွမ်းစား

ရာ၌ထ၍ စားပြီးသမျှ အန်ထုတ်ပါလေတော့သည်။ ဒကာများက "ဘာ ကြောင့်ပါလဲ"ဟု မေးလျှောက်သောအခါ "ဒီလောက်ခွေးအော်အောင် ရိုက်မှတော့၊ ဒီခွေး ချေးထွက်ရော့ပေါ့ကွာ"ဟု ပြန်ဖြေလေသည်။

ဤသည်မှာ လွန်လွန်ကဲကဲ ခံစားသိရှိတတ်ခြင်း၏ အပြစ်ဖြစ်သည်။ လောက၌ ဤမျှလွန်ကဲစွာ သိရှိခံစားတတ်ပြန်လျှင်လည်း မသင့်လျော်ချေ။ စိတ်ရောဂါပင်ဖြစ်သည်။

(ဂ) လွဲမှားစွာ တွေးဆ ကြံစည်တတ်ခြင်းသည်လည်း စိတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှု စိတ်ရောဂါတခုဖြစ်သည်။ အချို့သည် လွယ်လွယ်တည့်တည့် ပြောသည်ကိုပင် ခဲခဲယဉ်းယဉ်း သွယ်ဝိုက် တွေးဆ ကြံစည်ကာ စိတ်ဆိုးခြင်း, ဝမ်းသာခြင်း, ဝမ်းနည်းခြင်းများ ဖြစ်တတ်ချေသည်။ ယင်းသို့ လွဲမှားစွာ တွေးဆ ကြံစည်တတ်မှုကိုလည်း စိတ်ရောဂါတခုဟု သတ်မှတ်ရမည် ဖြစ်သည်။

(ဃ) လွဲမှားစွာ ကြံစည် တွေးဆတတ်ခြင်းသာ မဟုတ်၊ လွဲမှားစွာ သိမြင်တတ် ခံစားတတ်ခြင်းသည်လည်း စိတ်ရောဂါပင်ဖြစ်သည်။ ယင်း လွဲမှားစွာ သိမြင် ခံစားတတ်မှုသည် လွဲမှားစွာ တွေးဆ ကြံစည်တတ်ခြင်းနှင့် တဆက်တည်း ဖြစ်ပေါ်တတ်သည်။ လွဲမှားစွာ တွေးဆ ကြံစည်မှုဖြစ်တော့ပဲ–တွေးကြံမနေတော့ပဲ ဘွားကနဲ လွဲမှားစွာ သိမြင် ခံစားမှုချည်း သက်သက်လည်း ဖြစ်ပေါ်တတ်သည်။

သို့သော် အများအားဖြင့် လွဲမှားစွာ တွေးဆမှုနှင့် လွဲမှားစွာ သိမြင်မှုတို့သည် တွဲဖက်နေတတ်ပေသည်။ ဖြစ်တတ်သည့် သဘောတရားများကို ထောက်ဆ၍သာ နှစ်မျိုးခွဲခြား ရေးသားခြင်း ဖြစ်သည်။ ထင်ရှားစေရန် ပုံစံတခုမျှ ထုတ်ပြပါမည်။

**ဆင်မိဖုရားကားလားဖြစ်ပုံ**

အလောင်းတော် ဆဒ္ဒန်ဆင်မင်းမှာ မဟာသုဘဒ္ဒါနှင့် စူဠသုဘဒ္ဒါဟူ၍ ကြင်ယာတော်များရှိသည်။ တနေ့သောအခါ ပင်လုံးကျွတ်ပွင့်နေသည့် အင်ကြင်းပန်းပင်ကြီးကို တွေ့မြင်သောအခါ ကြင်ယာတော်များ

နှင့်အကွ မိမိ၏အခြေအရံများ အပေါ်သို့ အင်ကြင်းပန်းမိုး ရွာစေရန် အင်ကြင်းပင်လှုပ်အောင် ဆင်မင်းက ဦးခေါင်းဖြင့် အင်ကြင်းပင်ကိုတိုက်သည်။ အကြောင်းအားလျော်စွာ စူဠသုဘဒ္ဒါအပေါ်သို့ သစ်ရွက်နှင့် သစ်ကိုင်းခြောက်များ ခါ၍ကျကောင်များ ကျသည်။

စူဠသုဘဒ္ဒါသည် "မဟော်တဆကျသည်" ဟု မှန်ကန်စွာ မတွေးဆပဲ "သည်ဆင်ကြီးဟာ ငါ့ကိုတမင်သက်သက် လုပ်သည်"ဟု လွဲမှားစွာ တွေးဆလိုက်သည်။ လွဲမှားစွာပင် သိမြင် ခံစားမှုဖြစ်ပြီး ရန်ငြိုးဖွဲ့လိုက်သည်။

ဤ ဆဒ္ဒန်ဆင်ကြီးကိုသတ်ပြီး သူ၏အစွယ်များကို နားကပ် ပြုလုပ်၍ ပန်ဆင်နိုင်ရပါစေ—

ဟု ပစ္စေကဗုဒ္ဓါအရှင်မြတ်ထံ ကောင်းမှုပြု၍ဆုတောင်းခဲ့သည်။ (ဇာ ၃-၅၊ နှာ-၃၇။)

ယင်းသို့ လွဲမှားသည့် အတွေးအကြံနှင့် လွဲမှားသည့် သိမြင်ခံစားမှု တချက် ဖြစ်ပေါ်လာခဲ့ခြင်းသည် ဘဝပေါင်းများစွာ ကမ္ဘာပေါင်းများစွာ မကောင်းကျိုးအဆက်ဆက်ကို ဖြစ်ပေါ်စေခဲ့ပြီးနောက် ဆဒ္ဒန်ဆင်မင်း ဘုရားဖြစ်၍ စူဠသုဘဒ္ဒါလည်း ဘိက္ခုနီမဖြစ်လာသည့် နောက်ဆုံး ဇာတ်သိမ်းဘဝကျခါမှ မှားမှန်းသိ၍ ဝန်ချတောင်းပန် ကျေအေးခဲ့ရလေသည်။

ဤဖြစ်ရပ်များကို ထောက်ဆ၍ လွဲမှားစွာ တွေးဆ ကြံစည်မှုကို စိတ်ရောဂါဆိုးကြီး တခုဖြစ်သည်ဟု သိမြင်ရန်သင့်သည်။ လွဲမှားစွာ သိမြင်ခံစားမှုကိုလည်း စိတ်ရောဂါဆိုးကြီး တခုဖြစ်သည်ဟု သိရှိထားသင့်သည်။ သိပြီးလျှင်လည်း ယင်းလွဲမှားစွာ တွေးဆမှု သိမြင်ခံစားမှု စိတ်ရောဂါမစွဲကပ်စေရန်၊ စွဲကပ်လျှင်လည်း မြန်မြန် ပျောက်ကင်းအောင် ကုသ နိုင် သင့်လှပေသည်၊

ဤဖော်ပြခဲ့သည့် စကားရပ်၌ **လွှန်လွဲတွေးသိ**-ဟူသည်မှာ ဗုဒ္ဓအဘိဓမ္မာသဘောအားဖြင့် မှားယွင်းစွာသိမြင်မှု— "**မိစ္ဆာဒိဋ္ဌိ**"၊ မှားယွင်းသောအတွေးအကြံ-"**မိစ္ဆာသင်္ကပ္ပ**"၊ အမှန်ကိုမသိမှု-"**မောဟ**" တရားများ **ဦးစီးသော** အကုသိုလ်တရားများသာ ဖြစ်သည်။

(၅) သတိမေ့လျော့။ ။အများပြောဆိုသုံးစွဲနေသည့် သတိမေ့လျော့မှုမှာ သာမန်အားဖြင့် တမျိုးတစားတည်း အတူတူပင်ဖြစ်သည်ဟု ထင်ရသော်လည်း စစ်ဆေး လေ့လာကြည့်သောအခါ မဘူကြပဲ လေးမျိုးမျှ ကွဲလွဲတည်ရှိနေသည်ကို တွေ့ရသည်။ ယင်းတို့မှာ—

(က) နှစ်မြော မေ့လျော့ခြင်း၊
(ခ) တွေး၍မရ မေ့လျော့ခြင်း၊
(ဂ) အမှတ်မရ မေ့လျော့ခြင်း၊
(ဃ) ပေါ့ဆ မေ့လျော့ခြင်း၊—

ဟူ၍ လေးမျိုးဖြစ်သည်။ သိသာအောင် ရှင်းပြပါအံ့-

(က) နှစ်မြောမေ့လျော့ခြင်း။ ။လူတဦးတယောက် အမြင့်ပေါ်မှ အောက်သို့လိမ့်ကျပြီး စကားမပြောနိုင် ကိုယ်လက်များမလှုပ်ရှားနိုင်ပဲ နှစ်မြောနေသည်ကို သတိမေ့နေသည်။ ဟု ပြောဆိုလေ့ရှိသည်။ ယင်းမေ့မှုမျိုးမှာ အကုသိုလ်တရား မဟုတ်ချေ၊ စိတ်ရောဂါဟုကား ဆိုသင့်ပေ၏။ စိတ်၏မှီရာရုပ်ဝတ္ထု ထိခိုက် ဖောက်ပြန်မှုကြောင့် အသိစိတ်များ အားနည်းသွားခြင်းဖြစ်သည်။ မသေရုံ ဘဝင်စိတ်မျှဖြစ်နေခြင်းဖြစ်သည်။ စိတ်ရောဂါ-ဟု ဆိုရမည်ပင်ဖြစ်ပေသည်။ စိတ်မကျန်းမာခြင်းဖြစ်သည်။

(ခ) တွေး၍မရမေ့လျော့ခြင်း။ ။ကျက်မှတ်ထားသည့်စာ၊ တချိန်က သိဖူးသည့် အမည်-စသည်ကို ပြန်တွေး၍မရပဲဖြစ်တတ်သည်ကိုလည်း ''တွေးမရဘူး၊ သတိမေ့နေသည်''ဟု သုံးစွဲကြသည်။ ယင်းတွေး၍မရ မေ့ခြင်းမှာလည်း လူသားတော်တော်များများ၌ ဖြစ်တတ်ကြသည်။ အချိန်ကာလ ကြာမြင့် ဖုံးလွှမ်းသောကြောင့်လည်းကောင်း၊ အလုပ်ကိစ္စများပြား အာရုံများပြား ဖုံးလွှမ်းသောကြောင့်လည်းကောင်း ဖြစ်တတ်ချေသည်။ စာထဲပေထဲမှ သိရှိထားသည့် ပုံစံတခုတင်ပြပါအံ့....

**အာဠဝကမေးပုံ**

တချိန်က မြတ်စွာဘုရားကို ပြိုင်ဆိုင်တိုက်ခိုက်သူ အာဠဝကဘီလူးသည် မိဘများသင်ကြားပေးထားသည့် အကျိုးကြီးမားလှသည့် အမေးအဖြေဂါထာများကို သိရှိထားသည်။ ကဿပမြတ်စွာဘုရား ဟောကြားသည့် ဂါထာဖြစ်သည်။

ပညာကို ဘယ်လိုရနိုင်သနည်း၊ ပစ္စည်းကို ဘယ်လိုရနိုင်သနည်း-စသော အမေးဂါထာပုဒ်ကို မှတ်မိသေးသည်။ မှတ်သားနာယူခြင်းကြောင့် ပညာကိုရနိုင်သည်၊ လုံ့လဝီရိယရှိခြင်းကြောင့် ပစ္စည်းကိုရနိုင်သည်-စသော အဖြေဂါထာပုဒ်ကိုမူ အချိန်ကြာမြင့်သောကြောင့်လည်းကောင်း၊ အလုပ်ကိစ္စများသောကြောင့် လည်းကောင်း တွေးရှာမရပဲ သတိမေ့နေသည်-ဟု သုတ္တနိပါတပါဠိ စာမျက်နှာ-(ခု ၁၊ ၃၀၇)၌ ပြဆိုသည်။

ယင်းအာဠဝက၏ ဂါထာမေ့ခြင်းသည် ပြန်တွေးရှာမရပဲ သတိမေ့လျော့နေခြင်းဖြစ်သည်။ ယင်းမေ့လျော့ခြင်းမျိုးကား သတ္တဝါတော်တော်များများမှာ ဖြစ်တတ်ကြသည်။ အကုသိုလ်ဟုဆိုရန် မသင့်ပေ အကုသိုလ်သာဖြစ်မည်ဆိုပါက ယင်းမေ့လျော့မှုကြောင့် အပါယ်ငရဲမှ တက်နိုင်ကြတော့မည်မဟုတ်ချေ။

လှပသောပန်းချီကားချပ်များ ကြာလျှင်သဘာဝအတိုင်း မှေးမှိန်ပျောက်လွင့်သကဲ့သို့ သဘာဝတရားတခုသာ ဖြစ်မည်ထင်ပါသည်။

သို့သော် ယင်း ပြန်တွေးမရ မေ့လျော့ခြင်းမျိုးသည်လည်း လောကရေးရာ၌ အကျိုးမဲ့ဖြစ်တတ်သည်။ စိတ်ရောဂါ **စိတ်အညစ်အကြေးတမျိုး** ဟူ၍ကား သတ်မှတ်သင့်သည်။ ယင်းပြန်တွေးမရ**အောင်** သတိမေ့တတ်လျှင် စိတ်မကျန်းမာသူဟုသာ ဆိုသင့်သည်။ ယင်း ရောဂါကင်းဝေးအောင် နည်းလမ်းမှာ တွေးရနေချိန်တွင် အထပ်ထပ်စွဲသွားအောင် ရွတ်ဆို တွေးတောရန်ပင်ဖြစ်သည်။

(ဂ) အမှတ်မရမေ့လျော့ခြင်း။ ။မြန်မာစကားပုံများထဲတွင် "လယ်ထွန်သွား နွားမေ့" ဟူသော စကားပုံတခု သုံးစွဲလေ့ရှိသည်။ယင်းစကားပုံ၏အဓိပ္ပာယ်မှာ လယ်ထွန်ရန်

လယ်တောသို့ သွားသောအခါ လယ်ထွန်ရာ၌ ထွန်ကိုဆွဲမည့်နွားကို မေ့နေခဲ့သည်-ဟု ဆိုလိုသည်။ ထိုအတူပင် လုပ်ရန်အင်္ဂါကျသည့်အရာများကို မေ့လျော့ရာ၌ ဤစကားပုံကို ပုံခိုင်း၍ သုံးစွဲလေ့ရှိကြသည်။

ဤစကားပုံ၌ နွားကိုယူရန် အမှတ်မရခြင်းကိုပင် မေ့သည်ဟု ဆိုခြင်းဖြစ်သည်။ အမှတ်မရခြင်းဟူသည်မှာလည်း မှတ်သားမှု-သညာ အားနည်း၍ အမှတ်မရခြင်းကို ဆိုလိုသည်။ ယင်းသို့ မှတ်သားမှု-သညာအားနည်း အမှတ်မရသောကြောင့် အောက်မေ့မှု-သတိ မေ့လျော့သည်ကိုပင် "အမှတ်မရ-မေ့လျော့သည်"ဟု ပြောခြင်းဖြစ်သည်။

မှန်လှ၏၊ ဗုဒ္ဓအဘိဓမ္မာစာပေတို့၌"ခိုင်မြဲသည့် မှတ်သားမှု-သညာသည် အောက်မေ့မှု-သတိတရားဖြစ်ပေါ်စေရန် အနီးကပ်ဆုံးသောအကြောင်းဖြစ်သည်"ဟု ဖော်ပြ ရေးသားထားပေသည်။ (အဘိ-ဋ္ဌ ၁၊ နှာ-၁၆၅)

ဤနည်းအတိုင်းပင်လျှင် အစစအရာရာ၌ အမှတ်သညာနည်းသူများသည် လုပ်သင့်သည်ကိုမလုပ်မိ၊ ယူသင့်သည်ကိုမယူမိပဲ မေ့လျော့တတ်ပေသည်။ ယင်းသို့ ဖြစ်တတ်သည်မှာ စိတ်ကို အင်အားကြီးမားသည့်အာရုံနှင့် အတွေးအကြံများက လွှမ်းမိုးသွားသောကြောင့် ဖြစ်သည်။ ကြုံကြိုက်တုန်းမှာ ပုံပြင်လေးတခု ရေးလိုက်ချင်ပါသည်။

**သမွန်သမားမေ့ပုံ**

သမ္ဗန်သမားတယောက် ရန်ကုန်ကြည့်မြင်တိုင်ဆိပ်ကမ်းမှ မိမိရွာပြန်သွားတော့ "ဈေးထဲမှာ တခုခုတော့ မေ့ကျန်နေခဲ့ပြီ၊ ဘာများမေ့ကျန်သလဲမသိဘူး"လို့ တွေးသည်။ဘယ်လိုမှ အမှတ်မရ၊ မေ့လျော့နေသည်။ တခါကလဲ ဈေးထဲမှာ ဈေးဝယ်ဆွဲခြင်းမေ့ကျန်ခဲ့လို့ အိမ်ရောက်တော့ မိန်းမက အဆူခံရဖူးသည်။ ယခုလည်း မေ့တော့မေ့သည် တွေး၍အမှတ်မရဖြစ်ကာ သမ္ဗန်ခတ်လာခဲ့ရာ အိမ်သမ္ဗန်ဆိပ်သို့ ပြန်ရောက်တော့မှ သမီးငယ်က "အမေ-အမေကော"လို့ မေးလိုက်မှသာ သတိရပြီး "ဟာ-နင့်အမေ ဈေးထဲမေ့ကျန်နေခဲ့ပြီ" ဟု ပြောကြောင်း မှတ်သားမိဖူးပေသည်။

ယင်းအမှတ်မရ မေ့လျော့ခြင်းမှာ လူတော်တော်များများမှာ ကြုံတွေ့ရတတ်သည်။ အကုသိုလ်တရားဟူ၍ ဆုံးဖြတ်ရန် မလွယ်ကူပေ။ လုပ်ရမည့်ကိစ္စကို အမှတ်မရအောင် ဖုံးလွှမ်းသည့် အင်အားကြီးအာရုံနှင့် အတွေးအကြံများက မကောင်းလျှင်အကုသိုလ်၊ ကောင်းလျှင် ကုသိုလ်ဟု ဆိုသင့်ပေသည်။ သို့သော် စိတ်ရောဂါတခုဟူ၍ကား သတ်မှတ်ရမည်ဖြစ်သည်။ ယင်းအမှတ်မရ မေ့လျော့မှုကြောင့် အကျိုးမဲ့များစွာ ဖြစ်တတ်ပေသည်။ အမှတ်မရ မေ့တတ်သူသည်လည်း စိတ်မကျန်းမာသူသာ ဖြစ်ပေသည်။

ယင်းသို့ အမှတ်မရပဲ မမေ့မလျော့စေရန် မှတ်သားမှု "သညာ"ကို မြဲခိုင်အောင် ပွားသင့်သည်။ "သညာသည် ပြန်မှတ်မိစေရန် အလုပ်ကိစ္စရှိသည်" ဟု ဗုဒ္ဓအဘိဓမ္မာကျမ်းများ၌ ဆိုပေသည်။ (အဘိ-ဋ္ဌ ၁၊ နှာ-၁၅၃) "အောက်မေ့မှု-သတိသည် ခိုင်မြဲသည့် မှတ်သားမှု-သညာ ဟုလည်း ဆိုပေသည်။

**(သ) ပေါ့ဆမေ့လျော့ခြင်း။** ။မြန်မာ အမျိုးသား လူကြီးမိဘများသည် မူးယစ်စာများကို သုံးစွဲနေသူ၊ အလောင်း အစား အပျော်အပါးများဖြင့် အချိန်ဖြုန်း နေသူများကို "ပေါ့ပေါ့ဆဆ မေ့မေ့လျော့လျော့ နေသူများ" ဟု သတ်မှတ်ပြောဆိုလေ့ရှိကြပါသည်။ ယင်းသို့ ပေါ့ပေါ့ဆဆ မေ့မေ့လျော့လျော့ မနေရန်လည်း ဆုံးမလေ့ရှိကြပါသည်။

ပေါ့ဆ မေ့လျော့ခြင်းဟူသည်မှာ ဗုဒ္ဓတရားတော်များ၌ "ပမာဒ" တရားပင်ဖြစ်သည်။ ယင်း ပမာဒ-တရားဟူသည်မှာလည်း—

> ဒုစရိုက် တရားများကို ပြုလုပ်ခြင်း၊ ကာမဂုဏ်တရားများကို လိုက်စားပျော်ရွှင်ခြင်းနှင့် ကုသိုလ်တရားကို မပြုလုပ်မပွားများပဲ နေခြင်းပင် "ပမာဒတရား" ဖြစ်ကြောင်း အဘိဓမ္မာဝိဘင်းပါဠိတော်၌ ဝေဖန်ဟောကြားတော်မူထားပေသည်။
>
> (အဘိ ၂၊ နှာ-၃၆၃။)

ယင်းပမာဒ-ခေါ် ပေါ့ဆ မေ့လျော့ခြင်းသဘောကို အမြဲကျက်မှတ်ထား၍ ရှောင်ရှားနိုင်စေရန် ဆရာကြီးဦးစာကျော်က ဆောင်ပုဒ်လင်္ကာ ရေးထားပါသည်။—

### မေ့လျော့ပေါ့ဆပမာဒလင်္ကာ

ကိုယ်နှုတ်စိတ်၌၊ ဒုစရိုက်ကို၊
နှစ်ခြိုက်မှောက်မှား၊ ပြုလိုက်စား၍၊
ငါးပါးအာရုံ၊ ကာမဂုဏ်ကို၊
ခုံမင်မွေ့လျော်၊ ရှင်မှူးပျော်လျက်၊
သူတော်ကောင်းများ၊ မြတ်တရားကို၊
မပွားမလေ့၊ မပျော်မွေ့ပဲ၊
မေ့လျော့ပေါ့ဆ၊ နေထိုင်က၊
ပမာဒ-ဟုခေါ်သတည်း။ ။

ယင်းလင်္ကာသည် မြတ်စွာဘုရားကိုယ်တော်တိုင် ဖွင့်ပြချက်အတိုင်း ပမာဒ-၏ အနက်သဘောအဓိပ္ပာယ်ကို ရေးစပ်ထားပါသည်။

ယင်းလင်္ကာ၌ပါသည့်''ဒုစရိုက်''ဟူသည်မှာ မကောင်းသောအကျင့်ဟု အဓိပ္ပာယ်ရပါသည်။ အသက်သတ်မှု, ခိုးမှု, ကာမ၌မှားယွင်းကျင့်မှု, မူးယစ်စွာသုံးစွဲမှု, မဟုတ်မမှန်ပြောမှု, ကုန်းတိုက်မှု, ဆဲရေးခြင်းစသော ကြမ်းတမ်းသောစကားပြောမှု, အကျိုးမဲ့စကားပြောမှု, အမှားကြံစည်မှု-စသည့် မကောင်းသောအကျင့်များကို ပါဠိဘာသာမှာ ''ဒုစရိုက်''ဟု ခေါ်ပါသည်။ (ဤကျမ်း နှာ-၇၀-မှစ၍ ၁၀၄-အထိ ပြန်ရှုပါ။)

ကာမဂုဏ်ဟူသည်မှာလည်း ကာမဂုဏ-ဟူသောပါဠိကို မြန်မာပြန်ထားခြင်းဖြစ်သည်။ တပ်မက်ဖွယ်အနှောင်အဖွဲ့-ဟု အဓိပ္ပာယ်ရှိသည်။ ယင်းသည်—

တပ်မက်ဖွယ် ရုပ်ပုံ၊
တပ်မက်ဖွယ် အသံ၊
တပ်မက်ဖွယ် အနံ့၊

တပ်မက်ဖွယ် အရသာ၊
တပ်မက်ဖွယ် အတွေ့အထိ—

ဟူ၍-ငါးမျိုးရှိသည်။ ယင်းငါးမျိုးတို့သည် သတ္တဝါတွေကို စွဲမက်နှစ်သက် စေ၍ ဆွဲငင်နှောင်ဖွဲ့တတ်ကြသည်။

ဖော်ပြခဲ့သည့် ဒုစရိုက်များကို ကျူးလွန်ပြုလုပ်ခြင်းဖြင့်လည်းကောင်း၊ ကာမဂုဏ်တရားများကို စွဲမက်ခံစား၍ ပျော်ပါး နေခြင်းဖြင့် လည်းကောင်း အချိန်ဖြုန်းနေခြင်းများနှင့် ကုသိုလ်ကောင်းမှုကို မပြုလုပ်ပဲ အချိန်ဖြုန်းနေခြင်းများကို''ပမာဒ''ဟု ဆိုလိုပေသည်။ပေါ့ဆ မေ့လျော့ခြင်းဟု အဓိပ္ပာယ်ရှိသည်။ ယင်း ပေါ့ဆ မေ့လျော့ခြင်းသည် စိတ်ရောဂါဖြစ်သည်။ အဘိဓမ္မာနည်းအရ အကုသိုလ်စိတ်များသာ ဖြစ်သည်။ အမှန်တရား-အရိယသစ္စာကို သိမြင်ရေး၌ အနှောင့် အယှက်ဖြစ်သည်။ ယင်းပေါ့ဆ မေ့လျော့မှု မဖြစ်စေရန် သတိတရား ကြီးကြီးထား၍ ကုသိုလ်တရားပွားရမည်ဖြစ်သည်။ သတိသည် အပ္ပမာဒ-တရားဖြစ်ပေသည်။

ဖော်ပြခဲ့သည့် မေ့ခြင်းလေးမျိုးတို့တွင်(က) နှစ်မြောမေ့လျော့ခြင်းသည် အကုသိုလ်မဟုတ်ချေ။ (ခ) တွေး၍မရ မေ့ခြင်းနှင့် (ဂ) အမှတ်မရ မေ့ခြင်းနှစ်မျိုးတို့မှာလည်း အကုသိုလ်ဟု တထစ်ချ သတ်မှတ်၍မရ။ ဖုံးလွှမ်းသည့်ကိစ္စနှင့် စိတ်အာရုံများအလျောက်သာလျှင် ကုသိုလ်လည်းဖြစ်နိုင်သည်။ အကုသိုလ်လည်းဖြစ်နိုင်သည်။ (ဃ) ပေါ့ဆ မေ့လျော့ခြင်းမှာ အကုသိုလ်သာဖြစ်သည်။

ယင်းမေ့လျော့ခြင်း လေးမျိုးလုံးသည် စိတ်၏အညစ်အကြေး စိတ်ရောဂါများသာဖြစ်သည်။ စိတ်မကျန်းမာမှုများသာဖြစ်သည်။ ဆိုင်ရာဆိုင်ရာ၌ ပြဆိုခဲ့သည့်နည်းများကို အသုံးပြု၍ ပျောက်ကင်းအောင်ကုသသင့်ကြပေသည်။

(၆) ပေါ့ဆဆင်တွေး။ ။ပေါ့ပေါ့ဆဆ ထင်မြင်တတ် တွေးခေါ်တတ်ခြင်းကို''ပေါ့ဆ ထင်တွေး''ဟု လက်ာစပ်ဆိုထားခြင်းဖြစ်သည်။ အရာရာ၌ လေးစားခြင်းမရှိပဲ လေးနက်စွာ သဘောမထားပဲ ပေါ့ပေါ့ဆဆ သဘောထားခြင်း, တွေးတော ယူဆခြင်းဟု ဆိုလိုပေသည်။

ယင်း ပေါဆထင်တွေးမှုသည် ကြီးပွားချမ်းသာခြင်းနှင့် တရားအမှန်ကို သိမြင်ခြင်းကို တားဆီးတတ်သည့် စိတ်ရောဂါတမျိုးဖြစ်သည်။ ယင်းသည် မိမိအတွက်သာ ကြီးပွားချမ်းသာခြင်းနှင့် အမှန်တရား သိမြင်ရေးကို အန္တရာယ်ပြုသည် မဟုတ်ချေ။ မိမိနှင့်နီးစပ်သူများ၊ မိမိနှင့် ဆက်သွယ်နေသူများကိုလည်း အန္တရာယ် ပေးတတ်သည်။ မိမိနေထိုင်ရာ အရပ်ဒေသနှင့် တိုင်းပြည် လူမျိုးများကိုလည်း အန္တရာယ် ပြုနိုင်သည်သာ ဖြစ်၏။ ယင်း ပေါဆ ထင်တွေးတတ်သူ အတွက်ကြောင့် တပြုံလုံးဒုက္ခရောက်ခဲ့ရသည်ကို **အပဏ္ဏကဇာတ်** ဖြင့် သက်သေထုတ် တင်ပြသင့်သည်။

**ပေါဆသည့်ခေါင်းဆောင်**

ရှေးက လှည်းကုန်သည်အုပ်စုနှစ်စု ကုန်ကူးသန်းရောင်းဝယ်မှု ပြုလုပ်သည်။ တစုကိုဦးဆောင်သူမှာ လေးနက်စွာ တွေးတော တတ်သည့် ပညာရှိဖြစ်သည်။ ကျန်တစုကိုမူ ပေါ့ပေါ့ဆဆ တွေးတော တတ်သည့် ပညာမဲ့လူမိုက်က ဦးဆောင်သည်။

ခရီးထွက်ရန်ရက်ရွေးသောအခါ **လူမိုက်ခေါင်းဆောင်ကမူ** လက်ဦး အောင် ထွက်ရန်ရွေးသည်။ သူ၏အတွေးက လက်ဦးသောကြောင့် ပါ လာသည့် ကုန်ပစ္စည်းများကို ဦးဦးဖျားဖျား ရောင်းရ၍ တွင်ကျယ်မည်။ ကိုယ်သတ်မှတ်ချင်သလို သတ်မှတ်ဈေးဖြင့် ရောင်းရမည်။ လှည်းဆွဲနွား များလည်း အခြားနွားများ မစားရသေးသည့်အတွက် မျက်များကို ပေါ ပေါများများ စားရမည်-စသည်ဖြင့်တွက်၍ စောစောခရီးထွက်သည်။

**ပညာရှိခေါင်းဆောင်ကမူ** နောက်ကျ ခရီးထွက်ရန်ရက်ရွေးသည်။ သူ၏ အတွေးကမူ နောက်ကျမှခရီးထွက်လျှင် ရှေ့က သွားသူများ လမ်းထွင်၍ သွားပြီးဖြစ်၍လမ်းကောင်းကောင်းသွားရမည်။ ရေမရှိသည့်နေရာ၌ ရှေ့လူ များက ရေတွင်းများ တူးသွားမည်ဖြစ်၍ တူးထားပြီးကို အသင့် သုံးရ မည်။ ပစ္စည်းတခုကို ဈေးနှုန်းသတ်မှတ်ရန်ခက်သည်။ ရှေ့လူများသတ် မှတ်သည့် ဈေးအပေါ်မှာ မူတည်၍ လိုတိုးပိုလျှော့ ရောင်းရသည်က လွယ်ကူ၍ အမြတ်များများ ရနိုင်သည်-စသည်ဖြင့် တွေး၍ နောက်ကျပြီး ခရီးထွက်ခဲ့သည်။

ခရီးထွက်၍ သဲကန္တာရ ရေမဲ့ကန္တာရ များသို့ ရောက်သောအခါ ရေမရှိပဲ ရေရှိဟန်ဆောင်ကာ ရေစိုအဝတ်များဝတ်၍ ကြာပန်းများကို ယူဆောင်လာသည့် လူသားစားဘီလူးများနှင့်တွေ့သည်။ "မဝေးလှသည့် ခရီးအတွင်းမှာပင် မိုးသည်းစွာရွာ၍ ရေများပေါများကြောင်း" လိမ်၍ ပြောသည်။

ခေါင်းဆောင်လူမိုက်ကမူ ပေါ့ပေါ့ဆဆတွေး၍ ယုံကြည်သောကြောင့် ဝန်ပေါ့စွာ ခရီးသွားနိုင်ရန်အတွက် လှည်းများ၌ပါလာသည့် ရေများကို သွန်ပစ်သည်။ ခရီးဆက်၍သွားသောအခါ ရေဟူ၍လုံးဝမရှိပဲ အားလုံး ကုန်သည်တွေ နွားတွေ ရေငတ်၍သေကြသည်။ ဘီလူးများက အားလုံးစားသောက်ပစ်သည်။ ကုန်ပစ္စည်းများနှင့် အသေကောင် အရိုးများသာ ကျန်နေလေသည်။

ပညာရှိလှည်းအုပ်သို့ ဘီလူးများလာ၍ ရှေးနည်းအတိုင်း လိမ်သောအခါ ပညာရှိက လာပြောသူများ၏ "မျက်စိနီခြင်း, ရဲရင့်ခြင်း, အရိပ်မထွက်ခြင်း" ဟူသော ဘီလူးအသွင်လက္ခဏာ များကိုမြင်၍ လူမဟုတ်ကြောင်းသိသည်။ နောက်လိုက်ငယ်သားအချို့က ဘီလူးများစကားကို ယုံကြည်၍ ပါလာသည့်ရေများကို သွန်မည်ပြုသောအခါ—ရေသစ်မမြင်ရသေးပဲ ရေဟောင်းကို မသွန်ကြနှင့် မိုးသားတိမ်ရိပ်ကို သုံးယူဇနာက မြင်သည်။ မိုးသက်လေကို တစ်ယူဇနာက ကြိုတင်၍သိနိုင်သည်။ မိုးရွာ၍ လျှပ်စီးလက်သည်ကို ငါးယူဇနာက မြင်နိုင်သည်။ မိုးချုန်းသံကို သုံးယူဇနာအကွာက ကြားရသည် ဟု မိုးရွာသည့် အမှတ်အသား ရှိသည်။ ယခုဘာမျှမတွေ့ရဟု လေးလေးနက်နက်တွေးဆကာ ရေများကိုမသွန်ရန် တားမြစ်၍ ခရီးဆက်ခဲ့သည်။

ခရီးဝေးဝေးသွားမိသောအခါ ရေဟူ၍ဘာမျှမတွေ့ရပဲ ရှေးဦးသွားသူများ၏ အရိုးများ, ပစ္စည်းများကိုသာ တွေ့ကြရသောကြောင့် ဘီလူးများ ရေရှိသည်ဟုလိမ်၍ လူသားစားကြောင်း သိကြရသည်။ ပညာရှိခေါင်းဆောင်ကိုလည်း ပေါ့ပေါ့ဆဆမတွေး လေးလေးနက်နက်တွေးသောကြောင့် မိမိတို့ ချမ်းသာရာရကြောင်း ချီးကျူး၍ ပူဇော်ကြလေ

သည်။ တွေ့ရှိသည့် ပစ္စည်းများထဲမှ အဖိုးတန်ပစ္စည်းများကိုယူ၍ မိမိတို့ ပါသည့် အဖိုးမတန်သော ပစ္စည်းများကို စွန့်ပစ်ကာ ခရီးထွက်သွားကာ တသက်တာ ချမ်းသာသွားကြလေသည်။ (ဇာ ၄-၁၊ နှာ-၁၁၁။)

ဤဇာတ်တော်လာဖြစ်စဉ်ကို လေ့လာကြည့်လျှင် လေးလေးနက်နက် တွေးဆသိမြင်တတ်သူသည် မိမိကိုယ်ကိုလည်း ချမ်းသာ, ကျန်းမာ, အသက် ရှည်ခြင်းအကျိုးကိုရ၍ မိမိနှင့်နီးစပ်သူများကိုလည်း ချမ်းသာ, ကျန်းမာ, အသက်ရှည်ခြင်းအကျိုးကို ရရှိစေနိုင်သည်ကို တွေ့ရပေသည်။ ပေါ့ပေါ့ ဆဆ တွေးခေါ် မြော်မြင်တတ်သူသည်ကား မိမိကိုယ်ကိုလည်း ဆင်းရဲခြင်း, မကျန်းမာခြင်း, အသက်တိုခြင်းဖြစ်ရုံသာမကမိမိနှင့်နီးစပ်သူများကိုလည်း ဆင်းရဲခြင်း, မကျန်းမာခြင်း, အသက်တိုခြင်းများကို ဖြစ်စေတတ်ကြောင်း သိမြင်နိုင်ပေသည်။

ဤဇာတ်တော်ကို အထောက် အထားပြု၍ လေးလေး နက်နက် တွေးခေါ် မြော်မြင်မှုမရှိပဲ ပေါ့ပေါ့ဆဆ တွေးဆထင်မြင်မှုကို မပြုမိစေရန် အထူးသတိပြု ရှောင်ကြဉ်ရမည်ဖြစ်သည်။ ယင်း ပေါ့ပေါ့ဆဆ တွေးဆ ထင်မြင်တတ်သူမျိုးကို ပေါင်းသင်းခြင်း, အကြီးအမှူး ခေါင်းဆောင် တင်ခြင်းများကိုလည်း မပြုမိစေရန်သတိထားရပါမည်။ မင်္ဂလသုတ်၌ပါ သည့် အသေဝနာ စ ဗာလာနံ=လူမိုက်ကို မပေါင်းသင်းရ၊ ပဏ္ဍိတာနဉ္စ သေဝနာ=ပညာရှိကိုပေါင်းသင်းရမည်ဟူသည့် အဆိုအရ ပေါ့ပေါ့ဆဆ တွေးဆသိမြင်တတ်သူကို မပေါင်းပဲ၊ လေးလေးနက်နက် တွေးခေါ် မြော်မြင်တတ်သူကို ပေါင်းရမည်ဖြစ်သည်။

ပေါ့ပေါ့ဆဆ တွေးဆထင်သိမြင်မှုကို ပညာဗဟုသုတနည်းပါးသူများ ပြုတတ်သည်။ လေးလေးနက်နက် တွေးခေါ်မြော်မြင်မှုကို ပညာဗဟုသုတ ရှိသူများ ပြုတတ်သည်။ ထို့ကြောင့် ပေါ့ပေါ့ဆဆ တွေးထင်သိမြင်မှု မဖြစ်စေရန် ပညာဗဟုသုတကို များများဆည်းပူးလေ့လာရန် သင့်ပေသည်။ သို့မှသာ ပေါ့ဆတွေးထင်သိမြင်ခြင်း စိတ်ရောဂါကင်း၍ စိတ်ကျန်းမာ ခြင်းကို ရရှိမည်ဖြစ်သည်။ ပေါ့ဆ၍ လေးနက်သည့်သဘောမရှိပဲ စိတ် ကျန်းမာမှုမရှိသူသည် အရိယသစ္စာအမှန်တရားကိုသိရန် မလွယ်ကူပါချေ။

(၇) မှိုင်ေးတွေဝေ။ ။ ။မှိုင်ေးတွေဝေခြင်းသည် အမှန်တရားကို ဖုံးလွှမ်းတတ်သည့်မောဟစေတသိက်ကြဲခြင်း အရိပ်လက္ခဏာဖြစ်သည်။ အမှန်တရားကိုဖုံးလွှမ်းမှုမောဟသည် အမှန်တရား-အရိယသစ္စာကိုသိမြင်ရေးနှင့် ဆန့်ကျင်ဘက်ဖြစ်သည်မှာ ရေးပြရန်ပင် မလိုအောင် သိသာလှပေသည်။

ယင်း မှိုင်ေးတွေဝေမှု မောဟသည် စိတ်ကို ကောင်းရာ ကောင်းကြောင်း ဘာတခုမျှပြုလုပ်မရအောင် ဖိစီးနေသည့် စိတ်ရောဂါကြီးဖြစ်သည်။ လောကီအကျိုးတရား, လောကုတ္တရာအကျိုးတရားများကို မရရှိအောင် တားဆီးပိတ်ပင်တတ်ရုံမက လောကီအကျိုးမဲ့ လောကုတ္တရာအကျိုးမဲ့ အပြစ်အနာများကို ဖြစ်ပေါ်စေသည့်''အဝိဇ္ဇာ''ဟုအမည်ဆိုးပေးထားသည့် တရားဆိုးကြီးဖြစ်သည်။

ပုဂ္ဂိုလ်သတ္တဝါတိုင်းမှာ ကောင်းကျိုးမရပဲ မကောင်းကျိုးများ ရရှိခံစားနေရသည်မှာ ယင်းမှိုင်ေးတွေဝေမှု စိတ်ရောဂါဆိုးကြီးက အရင်းခံ၍ ဖြစ်ပွားရသည့် အကျိုးဆက်များသာဖြစ်သည်။ မှိုင်ေး တွေဝေနေသူသည် ယင်းမှိုင်ေးတွေဝေနေစဉ်အတွင်း၌ ကောင်းသည်ဆိုးသည် ဝေဖန်သိမြင်နိုင်စွမ်း မရှိချေ။ ယင်းသို့ အကောင်းအဆိုး ဝေဖန်မသိမြင်သောကြောင့်ပင်လျှင် ကောင်းကျိုးကိုမယူနိုင်, မကောင်းကျိုးကိုမရှောင်နိုင် ဖြစ်တတ်သေရာ ကောင်းကျိုးမရခြင်း, မကောင်းကျိုးရခြင်း ဖြစ်ရသည်မှာ သဘာဝကျလှပါပေသည်။

မှိုင်ေးတွေဝေမှု-မောဟ၏ အမည်ဆိုးဖြစ်သည့် အဝိဇ္ဇာဟူသည်ကို အဘိဓမ္မာတတ်, သဒ္ဒါတတ်ပညာရှင်များက ''ဝိန္ဒိယံ န ဝိန္ဒတီတိ အ-ဝိဇ္ဇာ-ရထိုက်သည်ကို မရစေတတ်သောကြောင့် အဝိဇ္ဇာ'' ခေါ်သည်။ အဝိန္ဒိယံ ဝိန္ဒတီတိ အဝိဇ္ဇာ—မရထိုက်သည်ကို ရစေတတ် သောကြောင့် အဝိဇ္ဇာ''ခေါ်သည်ဟု ရှင်းပြတော်မူကြပေသည်။

အဝိဇ္ဇာခေါ် မှိုင်ေးတွေဝေမှုသည် ပညာရေး စီးပွားရေး ကျန်းမာရေးစသည့် လောကီအကျိုးတရားများကိုသာ ပျက်စီး ဆုံးရှုံးစေသည် မဟုတ်ပဲ ဈာန်တရား,မဂ်တရား,ဖိုလ်တရား,နိဗ္ဗာန်တရားကို သိမြင်ရရှိရေး

လောကုတ္တရာအကျိုးတရားများကိုလည်း ပျက်စီးဆုံးရှုံးစေနိုင်သည့် စိတ်ရောဂါဆိုးကြီးဖြစ်သည်။

ထို့ကြောင့် မှိုင်ငေးတွေဝေမှု စိတ်ရောဂါဆိုးကြီးကိုကြီးပွားတိုးတက်လိုသူများနှင့် အရိယသစ္စာ-အမှန်တရားကို သိမြင်လိုသူများ ပယ်ရှားသင့်ပေသည်။

(ဂ) **ပျင်းရိချေ။** ။ပျင်းရိ-ဟူသည်မှာ ပျင်းတွဲရိနွမ်းခြင်းဟူသော အနက်အဓိပ္ပာယ်ကို ပြဆိုပါသည်။ ပျင်းတွဲသည့်အရာသည် ငြိကပ်တတ်သည့်သဘောနှင့် မသွက်လက်သည့် သဘောကိုဆောင်တတ်ပါသည်။ ရိနွမ်းသည့်အရာသည် အထိအခိုက်မခံ လိုရာကိုပြုလုပ်မရခြင်းသဘောကို ဆောင်ပါသည်။

ထို့အတူပင် ပျင်းရိတတ်သည့် သဘောရှိသူသည် ထိုင်လျှင် ထိုင်သည့်အတိုင်းရှိကာ အိပ်လျှင်လည်း အိပ်သည့်အတိုင်း ရှိနေပြီး အခြားဣရိယာပုဒ်သို့ မပြောင်းလိုပဲ ပျင်းတွဲခြင်းသဘောလည်း ရှိတတ်သည်။ ကောင်းရာကောင်းကြောင်း အလုပ်ကို မပြုလုပ်နိုင်ပဲ၊ ပြုလုပ်မရပဲ ရိနွမ်းခြင်းသဘောလည်း ရှိပါသည်။ ယင်းသို့ဖြစ်သောကြောင့် ပျင်းရိခြင်းကို စိတ်ရောဂါတခုဟု သတ်မှတ်ရပါသည်။

ပျင်းရိခြင်းကို ပါဠိဘာသာ၌ **အလသ**-ဟုလည်းကောင်း၊ **ကုသီတ**-ဟုလည်းကောင်း ပြန်ဆိုရပါသည်။ **အလသ**-ဟူသည်မှာ အလ္လီယတိဗန္ဓီယတီတိ အလသော - ဟု ဝိဂ္ဂြိုဟ်ပြုရ၍ ငြိကပ်ဖွဲ့နှောင် တတ်သောကြောင့် "အလသ" ဟု ခေါ်သည်ဟု အဓိပ္ပာယ်ပြန်ရပါသည်။ ကုသီတ - ဟူသည်မှာလည်း ရွံစရာနောက်တွန့်တတ်သူဟု အဓိပ္ပာယ်ပြန်ရပါသည်။ အလသ-ငြိကပ်ဖွဲ့နှောင်တတ်သူ၊ ကုသီတ- ရွံစရာ နောက်တွန့်တတ်သူဟူသော ပါဠိဘာသာ စကားနှစ်ခွန်းလုံးသည် မြန်မာဘာသာ ပျင်းရိသူ—ဟူသော စကားနှင့် ကိုက်ညီလှပေသည်။

ယင်း ပျင်းရိခြင်းဟူသော စိတ်ရောဂါ စွဲကပ်နေသူသည် တနေရာမှာ ငြိကပ်နေကာ အနှောင်အဖွဲ့ ခံနေရတတ်ချေသည်။ ရှေ့သို့တိုးတက်နိုင်မှုမရှိပဲ နောက်တွန့်နေသူသာ ဖြစ်တတ်ချေသည်။ ထို့ကြောင့်ပင်

ပျင်းရိသူများကို ကြည့်လိုက်ပါလျှင် ပညာရေးမှာလည်း အောက်ကျနောက်ကျ ဖြစ်နေတတ်ကြပေသည်။ လုပ်ကိုင်သွားလာ လှုပ်ရှားမှုများမှာလည်း အောက်ကျနောက်ကျ ဖြစ်နေတတ်ကြပေသည်။

· ထိုနည်းအတူပင်လျှင် ပျင်းရိခြင်းစိတ်ရောဂါစွဲကပ်နေသူသည် အမှန်တရား-အရိယသစ္စာသိမြင်ရေးကိစ္စမှာသည်း အောက်ကျနောက်ကျဖြစ်ကာ အနှောင့်အယှက်ဖြစ်နိုင်ပေသည်။ ထို့ကြောင့် အမှန်တရားကိုသိမြင်လိုသူများသည် ပျင်းရိခြင်းစိတ်ရောဂါကို ပျောက်ကင်းအောင် ကုသရန်လိုပေသည်။

ပျင်းရိသူများသည် မိမိ၏ပျင်းရိမှုကို အထောက်အကူပြုသည့်ဘက်မှ အမျိုးမျိုး ဆင်ခြေပေးတတ်ကြပေသည်။ ဆင်ခြေပေးခြင်းသည် ပျင်းရိမှုတည်မြဲစေရန်အတွက် အဓိကဒေါက်ကြီးများဖြစ်သည်။ ပျင်းရိသူများလက်စွဲပြုသည့် ဆင်ခြေခေါ် အကြောင်းခြောက်မျိုးရှိသည်။ ယင်းတို့မှာ—

(၁) စောသေးသည်၊
(၂) နောက်ကျသည်၊
(၃) ပူသေးသည်၊
(၄) အေးသေးသည်၊
(၅) ဆာသေးသည်၊
(၆) ဗိုက်ပြည့်ဝသေးသည်—

ဟူသော ခြောက်မျိုးဖြစ်သည်။ ယင်းခြောက်ပါးသည် သုတ်ပါထိက ပါဠိတော် **သိင်္ဂါလောဝါဒသုတ်**(နှာ-၁၄၉) လာကို သိလွယ်ရန် မြန်မာပြန်ဆိုထားခြင်းဖြစ်သည်။ အကျဉ်းဆောင်လွယ်စေရန်အတွက် ဆရာကြီးဦးစာကျော်က လင်္ကာရေးစပ်ထားပါသည်။

**လူပျင်းဆင်ခြေခြောက်မျိုး**

**စော နှောင်း အေး ပူ၊ ဆာ ဝ-ဟူ၊ ပျင်းသူ**
**ဆင်ခြေ ခြောက်မျိုးတည်း။**

ဤသည်လျှင် ဆောင်ပုဒ်လင်္ကာဖြစ်ပါသည်။ **နှောင်း**ဟူသည်မှာ နောက်ကျသည်ကို ဆိုလိုပါသည်။ (ဤဆင်ခြေများ အတွင်းရန်သူဖြစ်သည်။)

ဤပျင်းရိသူများ၏ ဆင်ခြေများပုံနှင့်ပတ်သက်၍ ကြားဖူးတွေ့ဖူးသည့် ပျင်းရိသူတယောက်၏ ဆင်ခြေပေးပုံကို အနည်းငယ်မျှ ဖော်ပြလိုပါသည်။

## လူပျင်းကြွက်ဖြူ

အညာအရပ် ရွာကြီးတရွာ၌ ကိုကြွက်ဖြူအမည်ရှိ လူတဦးရှိသည်။ သူသည် ငယ်စဉ်အခါမှစ၍ အပျင်းမ‌‌ေတ်ရင့်သန်သူဖြစ်၏။ အရွယ်ရောက်၍ ကျောင်းထားစဉ်ကလည်း အပျင်းထူသောကြောင့် စာပေကိုတတ်အောင် ကောင်းစွာမသင်ယူခဲ့ချေ။ အိမ်ထောင်ကျသောအခါ၌လည်း မည်သည့် အလုပ်ကိုမျှ ဟုတ်ဟုတ်ညားညား လုပ်ကိုင်ခြင်းမရှိပေ။ ဟိုလူခိုင်း သည်လူခိုင်း အလုပ်ကလေးများကိုသာလုပ်၍ ဟိုလူပေး သည်လူပေး ဖြစ်သော ပေးစာ ကမ်းစာများကိုသာ စားသောက်နေထိုင်သည်။ ပျင်းရိသည့်ဘဝမှာ အလုပ်လုပ်ရန်သာ ပျင်းသည်မဟုတ်။ ရေနွေးကြမ်း သောက်သည်ကိုပင် အိပ်ရာမှမထပဲ ဝမ်းလျားမှောက်၍ သောက်သည်ဟု အဆိုရှိသည်။ အခြားသူတဦးဦးပျင်း၍ ရေနွေးကြမ်းကို ဝမ်းလျား မှောက်သောက်သည်ကို တွေ့လျှင်“ကြွက်ဖြူသောက်” ဟုပင် ပြောစမှတ်ရှိသည်။

ပျင်း၍ဆင်းရဲသည့်သူဖြစ်သောကြောင့် မိဘ, ယောက္ခမ လက်ကျန် အိမ်ကလေးကိုပင် မမိုးနိုင် မကာနိုင် မပြင်နိုင်ရှိသည်။ ထမင်းကိုလည်း နပ်မှန်အောင် ဝဝလင်လင် မစားရပေ။

ကိုကြွက်ဖြူတို့ရွာတွင် ကျကျတက်ချမ်းသာသူ သဌေးကြီးဦးစံရွှန်း ဆိုသူလည်းရှိသည်။ လူနိုင် တန်းနိုင် စားနိုင် သောက်နိုင်ဖြစ်သည်။ တခါတရံ အိမ်နီးချင်းများက “ကြွက်ဖြူရယ် နင့်မှာလဲ ဆင်းရဲရန် ကော၊ သဌေးကြီး ဦးစံရွှန်းနဲ့များ နဲနဲမျှလိုက်ပါတော့”ဟု ပြောလိုက်သည့်အခါ....“ဘာမျှနေဖို့လိုသလဲဗျ၊ ကျွန်တော်လဲ ထမင်းနှစ်ထပ်စား တာပဲ၊ဦးစံရွှန်းလဲ ထမင်းနှစ်ထပ်ပဲစားနိုင်တာပဲ၊ဘယ်လောက်ထူးလို့လဲ” ဟု ပြန်ဖြေတတ်ပေသည်။

ဤတွင် ကိုကြွက်ဖြူသည် ထမင်းနှစ်ထပ်စားရပုံချင်း တူသည်ကိုသာ ထုတ်ဖော်ပြော၍ သူနှင့်သဌေးဦးစံရွှန်းတူသည်ဟု ဆင်ခြေပေးသည်။ အမှန်စင်စစ် သူနှင့်သဌေးဦးစံရွှန်းသည် နေရပုံချင်း၊ ဝတ်ရစားရပုံချင်း၊ လူဒါန်းပေးကမ်းနိုင်ပုံချင်း၊ သား သမီး မြေး မြစ်များ ပညာတတ် အောင် သင်ပေးနိုင်ပုံချင်းစသည် မတူညီပဲ ကွာခြားသည့်အချက်အလက် များစွာရှိသည်။ လူပျင်းတို့၏ ထုံးစံအတိုင်း တူညီသည့်အချက်ကလေး မျှကို ထုတ်ဖော်၍ ဆင်ခြေပေးခြင်းဖြစ်သည်။

ဤနည်းအတူတူပင်လျှင် လူပျင်းများစွာတို့သည် တနေ့သေမည်ဟူ သော ဆင်ခြေဖြင့် ပညာရှာခြင်း, ပစ္စည်းရှာခြင်း, ကျန်းမာမှုဆေးဝါး ရှာခြင်း-စသည်ကို မပြုလုပ်ပဲနေတတ်ကြပေသည်။ သေမည်ပင်မှန်သော် လည်း မသေမီနေထိုင်ရပုံချင်း သေပြီးနောက် ခံစားရပုံချင်း-စသည် ကွာခြားမည်ကိုကား ထည့်သွင်း စဉ်းစားပြောဆိုခြင်း မပြုတတ်ကြချေ။

ဤသို့သောအကြောင်းများကြောင့် ပျင်းရိခြင်းသည် ဆိုးဝါးသည့် စိတ်ရောဂါကြီးတခုဖြစ်သည်။ ပျင်းရိခြင်းကို ဆင်ခြေပေး၍ မွေ့မနေပဲ ဝီရိယဓာတ်ဆေးသောက်၍ ပျောက်အောင် ကုသသင့်ကြပေသည်။ ပျင်းရိခြင်းသည် အဘိဓမ္မာသဘောအားဖြင့် လေးဖင်ပျင်းတွဲသည့်အခြင်း အရာဖြင့် ဖြစ်ပေါ်သော အကုသိုလ်တရားအစုသာဖြစ်သည်။ ယင်း ပျင်းရိခြင်းကို ဝီရိယခေါ် တက်တက်ကြွကြွ လုံ့လပြုသည့် ကုသိုလ် စိတ်ဓာတ်ကပင် နိုင်နင်း ပယ်ဖျောက်နိုင်ပေသည်။ သို့မှသာ အရိယ သစ္စာ-အမှန်တရားကို သိမြင်နိုင်ကြမည်ဖြစ်သည်။

ဤသို့လျှင် အရိယသစ္စာခေါ် အမှန်တရားသိမြင်ရေးအတွက် နံပါတ် (၁)အဖြစ်ဖြင့် **ကိုယ်စိတ်ကျန်းမာ** ဟူသော အချက်အရ စိတ်ကျန်းမာ မှုအတွက် အရေးကြီးသည့် စိတ်ကျန်းမာရေးကို နှောင့်ယှက်ဖျက်ဆီး တတ်သည့် စိတ်ရောဂါရှစ်မျိုးကို စွမ်းအားရှိသမျှ ထုတ်ဖော်ရေးသား ခဲ့ပြီဖြစ်ပါသည်။ ယင်းစိတ်ရောဂါ ကုသနည်းများကိုလည်း အမြွက် မျှ ရေးသားခဲ့ပါသည်။ ဤရှစ်မျိုးအပြင် အခြားစိတ်ရောဂါများ

ကျန်ရှိကောင်း ကျန်ရှိပေလိမ့်မည်။ သို့သော် ဤရှစ်ပါးကိုပြဆိုလျှင် အသင့်အတင့် ပြည့်စုံပြီဟု ထင်ပါသည်။

ကိုယ်ကျန်းမာရေး အကြောင်းများကိုလည်း ဖော်ပြခဲ့ပြီ ဖြစ်ပါသည်။ ကိုယ်ကျန်းမာရေး ရနိုင်သည့် နည်းလမ်းများကိုလည်း အထိုက်အလျောက် ဖော်ပြခဲ့ပြီ ဖြစ်ပါသည်။

ယင်း ကိုယ်စိတ်ကျန်းမာမှု ရစေရန် ကိုယ်စိတ်ကျန်းမာမှုကို ဖျက်ဆီးတတ်သည့် ကိုယ်စိတ်ရောဂါကို ပျောက်ကင်းအောင် ကုသရန်နည်းကို သိရန်လိုအပ်နေပါသည်။ ယင်း လိုအပ်ချက်ကို ဆရာကြီးဦးစာကျော်အား ပြောပြသောအခါ ဆရာကြီးဦးစာကျော်က ဝမ်းသာအားရဖြင့်ပင်လျှင် ရောဂါပျောက်စေနိုင်သည့် နည်းပြလင်္ကာကို စပ်ဆိုရွတ်ပြပါသည်။

### ရောဂါပျောက်ရန် နည်းပြလင်္ကာ

ရောဂါပျောက်ချင်၊
သိမြင်ရောဂါ၊
ကြောင်းခြာထင်ရှား၊
ဆေးဝါးမှီဝဲ၊
ရှောင်လွှဲမတော်၊
သင့်လျော်ယှဉ်ပေါင်း၊
မိတ်ကောင်းရှိစေ၊
ကြိုးစားပေ၊
ရှင်ထွေရောဂါ ပျောက်ကြောင်းတည်း။ ။

ယင်းလင်္ကာအရ မြန်မာစကားပြေဖြင့် ရောဂါပျောက်ကင်းစေနိုင်သည့် အကြောင်းရှစ်မျိုးကို ရှင်းပြရပါမူ....

၁။ ရောဂါပျောက်ချင်။ ။စွဲကပ်နေသည့် ရောဂါ ပျောက်ကင်းရန် လိုလားရမည်။ ပျောက်ချင်ရမည်။ မပျောက်ချင်လျှင် ပျောက်ကင်းရန်မလွယ်ကူချေ။ ပျောက်ရန်လည်း လိုက်နာလုပ်ဆောင်မည်မဟုတ်။

၂။ **သိမြင်ရော ဂါ။** ။မိမိ၌ စွဲကပ်သည့် ရောဂါ မည်သည့်ရောဂါဖြစ်သည်ကို သိမြင်ရမည်ဖြစ်သည်။ မသိမမြင်ရပဲ ရောဂါပျောက်ကင်းတတ်သော်လည်း သိမြင်သည်က ပို၍ပျောက်ကင်းရန်အတွက် အထောက်အကူဖြစ်နိုင်သည်။ အနည်းဆုံးရောဂါရှိနေသည်ကိုတော့ သိရန်လိုပေသည်။

၃။ **ကြောင်းခြာထင်ရှား။** ။ရောဂါ၏ ဖြစ်ပေါ်ပုံ အကြောင်းရင်းကို ထင်ရှားစွာ သိမြင်ရမည်။ သိမြင်မှသာ ပျောက်ကင်းရန်လည်းအကျိုးပြု၍ နောက်ထပ်မဖြစ်ရန်လည်း တားဆီးနိုင်ပေမည်။

၄။ **ဆေးဝါးမှီဝဲ။** ။ရောဂါပျောက်ကင်းစေနိုင်သည့် ဆေးဝါးများကို မှီဝဲသုံးဆောင်ရမည်။ ဆေးမမှီဝဲပဲပျောက်ရန်မလွယ်ကူချေ။ ဆေးမှီဝဲလျှင်ရောဂါမြန်မြန်ပျောက်နိုင်သည်။

၅။ **ရှောင်လွှဲမတော်။** ။ရောဂါနှင့်မသင့်တော်သည့် အစားအစာ,ရာသီဥတု,နေရာအရပ်, အာရုံ စသည်ကိုလည်း ရှောင်လွှဲပယ်ခွါရမည်။ မရှောင်လွှဲလျှင်ရောဂါမပျောက်ပဲ အသက်ပင်သေဆုံးသွားနိုင်သည်။ မသေသော်လည်း ရောဂါတာရှည်၍ ဒုက္ခဆင်းရဲ ဖြစ်နေတတ်ချေသည်။

၆။ **သင့်လျော်ယှဉ်ပေါင်း။** ။ရောဂါ ပျောက်ကင်းရန် အတွက် သင့်လျော်သည့်အစားအစာ, ရာသီဥတု, နေရာအရပ်,အာရုံ-စသည်ကို ယှဉ်ပေါင်းမှီဝဲ သုံးဆောင်ရမည်။ သို့မှရောဂါမြန်မြန်ပျောက်မည်။ လုံးဝအမြစ်ပြတ်ပျောက်နိုင်သည်။

၇။ **မိတ်ကောင်းရှိစေ။** ။ပညာရှိ သူတော်ကောင်း မိတ်ဆွေ များကို ဆည်းကပ်မှီဝဲ ပေါင်းသင်း ရမည်။ ဆေးပညာရှင်၊ ဗေဒင်ပညာရှင်၊ ပညာဗဟုသုတကြွယ်ဝသူ၊ စိတ်ကောင်းရှိသူများနှင့် သူနာပြုအစောင့်ကောင်း ရှိရမည်။ (၎င်း ကျမ်းနှာ-၁၀၄-ပြန်ကြည့်ပါ။)

၈။ ကြိုးစားပေ။ ။ရောဂါ ပျောက်ကင်းရန်အတွက် လုံ့လဇွဲ အမြဲထား၍ ကြိုးစားရမည်။ အသက်သာခို ကြောင့်ကြမဲ့ ပေါ့ပေါ့ဆဆ မနေရ၊-ဟူ၍ ရှစ်မျိုးရှိသည်။ ယင်း ရှစ်မျိုးနှင့်ပြည့်စုံလျှင် ကိုယ်ရောဂါ, စိတ်ရောဂါ ရောဂါဟူသမျှ ပျောက်ကင်း၍ ကိုယ်စိတ် ကျန်းမာခြင်းကို ရရှိနိုင်မည်ဖြစ်ပေသည်။ ယင်းသို့ရမှလည်း မိမိတို့လိုရာ အကျိုးစီးပွားကို အောင်မြင်စွာရရှိနိုင်ပြီး ဘဝသံသရာအတွက် အဓိကလို အပ်သော အရိယသစ္စာ-အမှန်တရားကိုသိမြင်ရန် ကျင့်သုံးနိုင်ပေမည်။

# ၅။ ပဉ္စမအပိုင်း

## ဤအပိုင်း၌

- ★ ရန်ဝေတ်နှစ်မျိုးကို ခွဲခြားပြသည်။
- ★ အပြင်ရန် လက္ခဏာများနှင့် မိတ်ဆွေ လက္ခဏာများကို စိစစ်ဖော်ပြသည်။
- ★ အပြင်ရန် ဖြစ်ပေါ်ရာဌာနများ။
- ★ အပြင်ရန် ကင်းဝေးစေရန် နည်းများ–စသည်ကို မှတ်သားဖွယ်ရာ ရေးသား ဖော်ပြထားသည်။

# ၃။ ရန်ခေတ်ကိုပယ်ခွါခြင်း

## ရန်ခေတ်နှစ်မျိုးခွဲပြခြင်း

ရှေးမြန်မာလူကြီးသူမများက လူငယ်များအား "ဘေးကင်းပါစေ ရန်ရှင်းပါစေ"ဟု ဆုပေးလေ့ရှိကြသည်။ ဘေးကင်းခြင်းဟူသည်အနာ ရောဂါကင်းခြင်းကို ဆိုလိုသည်။ အနာရောဂါ ကင်းရှင်းပါမှလည်း ကျန်းမာသည်ဟုဆိုနိုင်ပေသည်။ ယင်းသို့ ဘေးကင်းခြင်း၊ ကိုယ်စိတ်ကျန်းမာခြင်းကိုရရှိပြီးလျှင် ရန်ရှင်းခြင်းကိုရရှိရန် လိုအပ်သောကြောင့် ရှေးလူကြီး သူမများက "ဘေးကင်းပါစေ၊ရန်ရှင်းပါစေ"ဟု နှစ်ချက်ဆင့်၍ဆုပေးခြင်းပြုကြသည်ဟုတွေးဆမိပေသည်။

မှန်ပါသည်—အနာရောဂါကင်းဝေး၍ ကျန်းမာခြင်းရှိနေသူပင် ဖြစ်စေကာမူ ရန်မရှင်းပဲ ရန်ရှိနေပါက ချမ်းသာမှုကို ရရှိနိုင်မည် မဟုတ်ပေချေ။ ရန်မရှင်းသောကြောင့် ချမ်းသာခြင်းကင်းနေပါလျှင်လည်း လိုရာလောကီလောကုတ္တရာ အကျိုးတရားများကို ရှာဖွေရန် ခက်ခဲနေဖွယ်ရှိပါသည်။လွယ်လွယ်ကူကူ အေးအေးဆေးဆေး ရှာဖွေနိုင်မည်မဟုတ်ပါ။ ထို့ကြောင့်ပင်လျှင် ရှေးသူတော်ကောင်းကြီးများက မေတ္တာပို့သည့်အခါ ရန်ရှင်းမှုကို ပဓာနထား၍ ရှေးဦးစွာ မေတ္တာပို့ကြပေသည်။

အနည်းငယ်မျှချဲ့ပြပါရစေ။ဗုဒ္ဓစာပေကျမ်းဂန်တို့၌ မေတ္တာပို့ရာတွင်-

သဗ္ဗေသတ္တာ = သတ္တဝါအားလုံး၊
အဝေရာ = ရန်မရှိကုန်သည်၊
အဗျာပဇ္ဈာ = စိတ်ချမ်းသာကုန်သည်၊
အနီဃာ =ကိုယ်ချမ်းသာကုန်သည်၊
ဟောန္တု = ဖြစ်ကြပါစေ—

ဟူ၍ ရန်မရှိစေရန် ဦးတည်၍ မေတ္တာပို့သရန်နည်းကို ညွှန်ကြားရေးသားတော်မူကြပေသည်။ ဤသည်မှာ ရန်မရှိမှ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာမည်ကို ညွှန်းဆိုလိုရင်းဖြစ်သည်ဟု သိရှိရန်ဖြစ်ပေသည်။

ဤသို့ဖော်ပြခဲ့သည့်“ဘေးကင်းပါစေ၊ ရန်ရှင်းပါစေ”ဟူသော ရှေးလူကြီးသူမများ၏ ဆုပေးစကားနှင့် ဗုဒ္ဓစာပေလာ “အဝေရာ-ရန်မရှိကုန်သည်”စသည့် မေတ္တာပို့ ပုံများကိုထောက်ရှု၍ ဆရာကြီး ဦးစာကျော်က “ကိုယ်စိတ်ကျန်းမာ၊ကင်းကွာရန်ခါတ်”ဟူ၍လင်္ကာရေးစပ်ကာ ကျန်းမာရေးရပြီးလျှင် ရန်ခါတ်ကို ပယ်ခွာသင့်ကြောင်း အရိယသစ္စာ-အမှန်တရားကို သိလိုသူများအား ညွှန်ကြားခြင်းဖြစ်ပါသည်။

ကင်းကွာရန်ခါတ်-ဟူသောလင်္ကာပိုဒ်၌ ပယ်ခွာရမည့် ရန်ခါတ်သည် ရန်သူဖြစ်သော ခါတ်သဘောဟု သာမန်ဆိုသော်လည်း သေချာစွာ စစ်ဆေးကြည့်သောအခါ-

(က) အပြင်ရန်ခါတ်များ၊
(ခ) အတွင်းရန်ခါတ်များ—

ဟူ၍ နှစ်မျိုးရှိကြောင်းသိရပါသည်။ ဤနေရာ၌အပြင်ရန်သူများ,အတွင်းရန်သူများ-ဟု ရန်သူဖြစ်သောပုဂ္ဂိုလ်ကိုယ်များကို ပယ်ခွာရန်မညွှန်ပြပဲ အပြင်ရန်သဘောတရားနှင့် အတွင်းရန် သဘောတရားများကိုသာ ပယ်ခွာရန်ညွှန်ပြလိုသောကြောင့်“ကင်းကွာရန်ခါတ်”ဟု စပ်ဆိုညွှန်ပြသည်ကို အထူးသတိပြုထားသင့်ပါသည်။

ရှင်းပြပါဦးမည်—

သဘာဝမမှနယ်ပယ်၌ ရန်သူဖြစ်သည့် ပုဂ္ဂိုလ်, သတ္တဝါများကို ပယ်ခွာပစ်လိုက်နိုင်ရန်မှာ အလွန်ခက်လှပါသည်။ ရန်သူဖြစ်သည့် ပုဂ္ဂိုလ်, သတ္တဝါများကိုကြည့်၍ ပယ်ခွာနေချင်မှုများကြောင့် ရန်မကင်းနိုင်ပဲ ရန်ချင်းပြိုင်နေကြရပါသည်။ ရန်သူဖြစ်စေတတ်သည့် ခါတ်သဘောများကို ပယ်ခွာကြမှသာလျှင် ရန်ကွင်း၍ ရန်ရှင်းကြရမည်ဖြစ်ပါသည်။ ဤအယူအဆသဘောတရားများကား အလွန်ပင်နက်နဲ၍ ခက်ခဲနေပါသည်။ ဤသဘောတရားကို အမှန်တရား—အရိယသစ္စာကို သိမြင်လိုသူများ ပိုင်ပိုင်နိုင်နိုင် သိသွားသင့်ပါသည်။ ပိုင်ပိုင်နိုင်နိုင် သိတတ်ပြီး လိုက်နာကျင့်သုံးပါမှလည်း ရန်ခါတ်များကင်းရှင်း၍ အရိယသစ္စာ-အမှန်တရားကို သိမြင်နိုင်ကြမည်ဖြစ်ပေသောကြောင့်—

(က) အပြင်ရန်ခုတ်မျိုးကိုသိရန်နည်း၊
(ခ) အတွင်းရန်ခုတ်မျိုးကိုသိရန်နည်း—
တို့ကိုလေ့လာတင်ပြပါဦးမည်။

## (က) အပြင်ရန်ခုတ်မျိုးကိုသိရန်နည်း

### အပြင်ရန်သူဟုသိရန်အချက်ပြလင်္ကာ

တွေ့ကမရွှင်၊ ကြားလျှင်မချို၊
မျက်စိလွှဲကြည့်၊ ဆန့်ကျင်ပြုမူ၊
ရန်သူပေါင်းနေ၊ မိတ်ဆွေပယ်ကွင်း၊
ချီးမွမ်းခြင်းမြစ်၊ အပြစ်ဆိုပင့်၊
ဝှက်သင့်မဆို၊ ဝှက်သို့ထုတ်ဖော်၊
လုပ်သော်နှိမ်ကာ၊ ပညာမချီး၊
ပျက်စီးနှစ်ခြိုက်၊ မကြိုက်တိုးပွား၊
ကောင်းစားမမေ့နေ၊ မစောင့်ချေမှု၊
ဆယ့်ခြောက်ခု၊ ရန်ဟုသိကြောင်းတည်း။

လောကဌ် မိမိ၏ကောင်းကျိုးချမ်းသာကို မလိုလားပဲ ပျက်စီးအောင် ပြုလုပ်ပြောဆို ကြံစည်နေသူသည် မိမိ၏ ရန်သူဖြစ်သည်မှာ များစွာ ထင်ရှားလှပါသည်။ ယင်းရန်သူဟူသည်ကို ဘယ်လိုအကြောင်း ဘယ်လို အထောက်အထား အချက်အလက်များဖြင့် သိနိုင်ရန်အတွက်မှာ ခက်လှပါသည်။ သိနိုင်သည့်အကြောင်းအရာ တစ်ဆယ့်ခြောက်ချက်ကို မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း (ဒီ-၁၊နှာ-၂၂၇-မှ) ထုတ်ဖော်၍ ဆရာကြီး ဦးစာကျော်က အထက်ဖော်ပြပါလင်္ကာကို ဇပ်ဆိုရွတ်ပြပါသည်။

ရန်သူဟူသည်မှာ အပြင်ရန်သူဖြစ်ပါသည်။ အပြင်ရန်သူဟူသည်မှာလည်း မြင်တွေ့ရခြင်းများသည့် လူသားအပြင်ရန်သူများကို ဆိုလိုပါသည်။ လူသားတို့သည်ကား စိတ်နေသဘောထား ဆန်းပြားလှပါပေသည်။ ဟန်နှင့်အသံတို့က တမျိုးတခြားဖြစ်၍ အကြံကတမျိုးတခြားဖြစ်တတ်လှပါသည်။

ဆိုလိုသည်မှာ အပြင်မှာတွေ့မြင်ရသည့် လက်, ခြေ, ကိုယ်ဟန်များက ဤလိုဖြစ်နေပါသော်လည်း အတွင်းစိတ်အကြံက ဟိုလိုဖြစ်နေတတ်ကြသည်။ အပြင်ပြောဆိုသည့်အသံက ဤလိုဖြစ်နေသော်လည်း အတွင်းစိတ်အကြံက ဟိုလိုဖြစ်နေတတ်သည်။ ဟန်, အသံနှင့် ဇကြံမတူညီပဲ ကွဲလွဲနေတတ်ခြင်းပင် ဖြစ်ပါသည်။

ယင်းသို့ လူတို့၏ သဘောထားကို သိရှိရန် ခက်ခဲလှသောကြောင့် အကဲခပ်၍ သိရှိနိုင်ကြစေရန် ရန်သူ၏အမှတ်အသားပြု အချက်တစ်ဆယ့်ခြောက်(၁၆)ချက်လက်ာကို တပိုဒ်စီ ရှင်းလင်းတင်ပြပါအံ့။

## အပြင်ရန်အချက်ဖြစ်ကားပြေ

(၁) တွေ့ကမရှင်။ ။အသင်နှင့် နှစ်ဦးသားတွေ့ဆုံရသောအခါ ရှင်ရှင် ပြုံးပြုံးမရှိပဲ ခပ်တည်တည်နေခြင်းကို မြင်တွေ့ရလျှင် ထိုသူသည် အသင့်ကို မလိုမုန်းထားဖြစ်နေကြောင်း သိနိုင်သည်။

သို့သော်-ဤသို့တကြိမ်တခါဖြစ်ရုံမျှဖြင့်လည်း ရန်သူဟုဆုံးဖြတ်ချက်မချသင့်သေးပါ။ အကြိမ်ကြိမ် ဖြစ်နေလျှင်သော်လည်းကောင်း၊ အခြားသော အချက်အလက်များ ထပ်မံတွေ့ရလျှင်သော်လည်းကောင်း ဖြစ်မှသာ ရန်သူဖြစ်နေပြီဟု သတ်မှတ်သင့်ပေသည်။ နောက်ဆက်လက်ပြဆိုမည့် ရန်သူ့အချက်ပြ အမှတ်အသားများကို တွေ့ရသောအခါ၌လည်း ဤနည်းအတိုင်းပင် အကြိမ်ကြိမ်ထပ်မံဖြစ်ခြင်း, အခြားအချက်များတွေ့ရခြင်းများ ရှိမှသာ ရန်သူဖြစ်ကြောင်း ဆုံးဖြတ်သင့်ပေသည်။

(၂) ကြားလျှင်မချိ။ ။အသင်၏အသံ အသင်၏ နာမည်များကိုကြားသောအခါ ရှင်ရှင်ပြုံးပြုံးမရှိပဲ မလိုလားမနှစ်သက်သည့်ဟန် မချိတင်ကဲဖြစ်နေခြင်း ရှိတတ်လျှင်လည်း ရန်သူ၏လက္ခဏာ အရိပ်အငွေ့ဖြစ်သည်။

(၃) မျက်စိလွှဲကြဉ်။ ။အသင့်အား မလိုလားမနှစ်သက်သူ ဖြစ်နေပါမူ အသင်နှင့်တွေ့ဆုံ၍ တဦးနှင့်တဦး ကြည့်ကြသောအခါ မျက်စိချင်းပြိုင်ဆိုင်၍မကြည့်ပဲ ရှောင်ကြဉ်လွှဲဖယ်

၍ သွားတတ်သည်။ မျက်နှာလွှဲသွားတတ်သည်။ ယင်းသည်လည်း ရန်သူ၏လက္ခဏာဖြစ်သည်။

(၄) **ဆန့်ကျင်ပြုမူ။** ။အသင့်အား မလိုမုန်းတီးနေသူသည် အသင်နှင့် ဆန့်ကျင်သည့် အပြုအမူများကို လုပ်တတ်သည်။ ဆန့်ကျင်သည့်စကားများကို ပြောဆိုတတ်သည်။ ယင်းသို့ ပြုမူပြောဆိုခြင်းတို့ဖြင့် အသင့်အားဆန့်ကျင်သည့် စိတ်ထားရှိသည့် မိမိ၏ရန်သူဖြစ်ကြောင်း သိရှိနိုင်သည်။

(၅) ရန်သူပေါင်းနေ။ ။အသင်အား "ချစ်ပါသည်၊ ခင်ပါသည်" ဟု ပြောနေသည်ဖြစ်စေ၊ မပြောသည်ဖြစ်စေ အသင်နှင့် မသင့်မတင့်ဖြစ်နေသည့်ရန်သူနှင့် ပေါင်းသင်းဆက်ဆံ ရောရောဝင်ဝင်နေပါလျှင် အသင့်အား မလိုမုန်းထား ရန်စိတ်ပွားနေသူဟု သိရမည်ဖြစ်သည်။

(၆) **မိတ်ဆွေပယ်ကွင်း။** ။အသင်၏ရန်သူသည် အသင်နှင့် ခင်မင်ရင်းနှီးသူ မိတ်ဆွေများကို မလိုလားပဲ မခေါ်နိုင် မပြောနိုင်ဖြစ်နေတတ်သည်။ ယင်း အသင်၏ မိတ်ဆွေကို ဆန့်ကျင်ဘက်ပြုလုပ် ရှောင်ကွင်းနေသူများသည် အသင့်အားလည်း မလိုမုန်းထား ဖြစ်နေတတ်ပေသည်။ ဤလူမျိုးကို အထူးသတိထားသင့်သည်။

(၇) ချီးမွမ်းခြင်းမြစ်။ ။အသင့်အား တဦးတယောက်က ချီးမွမ်းစကားများ,ကောင်းကြောင်းများကို ပြောဆိုနေသောအခါ မပြောရန်တားမြစ်တတ်ခြင်းနှင့်၊ မပြောဖြစ်အောင် အခြားသို့ လှီးလွှဲပြောဆိုခြင်းကို ပြုလျှင် ဤလိုလူမျိုးသည် အသင်၏ ရန်သူဖြစ်နေတတ်သည်၊ သတိထားရမည်။

(၈) အပြစ်ဆိုပင့်။ ။အသင့်အား မလိုမုန်းတီးသူသည် အခြားတဦးတယောက်က အသင်၏ အပြစ်အနာ မကောင်းကြောင်းစကားကို ပြောဆိုလျှင် ပိုမိုပြောဆိုစေရန် မြှောက်ပင့်

ပေးတတ်သည့် အလေ့အထရှိတတ်ပေသည်။ဆက်လက်ပြောရန် အားပေးတတ်သည်။ သင်၏အပြစ်ကိုရှာတတ်သည်။

(၉) **ဝှက်သင့်မဆို။** ။အသင့်အား မုန်းတီးနေသူသည် သူ၏လျှို့ဝှက်ချက်များကို အသင့်အား ယုံယုံကြည်ကြည်ဖြင့် မပြောဆိုပဲ နေတတ်သည်။ သူ၏လျှို့ဝှက်ချက်ကိုသာမကပဲ အခြားသိသင့်သည့် လျှို့ဝှက်ကိစ္စ အကြောင်းအရာများကိုလည်း မပြောဆိုပဲ ဖုံးအုပ်ထားတတ်သည်။

(၁၀) **ဝှက်သိုထုတ်ဖော်။** ။အသင်က အခြားသူများမသိစေချင်၍ ဝှက်သိုထားသည့် အသင်၏ လျှို့ဝှက်ချက်များကို အခြားသူများသိရှိသွားစေရန် မောင်းထု၍ကြေငြာတတ်သည်။ အသင်၏လျှို့ဝှက်ချက် ဟူသည်မှာလည်း အသင်က အခြားသူများ မသိစေချင်သည့် အကြောင်းအရာများပင် ဖြစ်သည်။

(၁၁) **လုပ်သော်နှိမ်ကာ။** ။အသင်က အလုပ်တခုကို လုပ်သော် အသင့်အား မလိုလားပဲမုန်းထားသူက နှိမ်ကာပြောဆိုလေ့ရှိသည်။ အကောင်းမပြောပဲ အပြစ်ကိုသာ ပြောတတ်သည်။ နှိမ်ဟတတ်သည်ဟု ဆိုလိုသည်။ ဤသို့ အသင်၏လုပ်ဆောင်ချက်ကို နှိမ့်ချပြောဆိုလေ့ရှိသူသည် အသင်၏ ရန်သူဖြစ်တတ်သည်။

(၁၂) **ပညာမချီး။** ။အသင် တတ်မြောက်ကျွမ်းကျင်သည့် အသိပညာ, အတတ်ပညာများကို မချီးမွမ်းပဲ ကဲ့ရဲ့ပြစ်တင်တတ်သည်။ ကြံဖန်၍ စစ်စစ်ပေါက်ပေါက် အပြစ်ပြောဆိုတတ်သည်။ ဤသို့ ပညာမချီးတတ်သည့် လူမျိုးသည်လည်း အသင်၏ရန်သူဖြစ်သည်။

(၁၃) **ပျက်စီးနှစ်ခြိုက်။** ။အသင်၏ ရန်သူသည် အသင် ပျက်စီးဆုတ်ယုတ်မှုဖြစ်လျှင် နှစ်ခြိုက်သဘောကျတတ်သည်။ အားရဝမ်းသာ ဖြစ်တတ်သည်။ ပါးစပ်ကလည်း အားရသဘောကျပုံ ပြောဆိုတတ်သည်။ မျက်နှာနှင့် ကိုယ်အမူအရာ များကလည်း အားရသဘောကျပုံပြတတ်သည်။

(၁၄) **မကြိုက်တိုးပွား။**　။အသင် ကြီးပွားတိုးတက်ခြင်း ဖြစ်လျှင် သဘောမကျ၊ မကြိုက်, မနှစ်သက်ခြင်း ဖြစ်တတ်သည်။ ပါးစပ်ကလည်း မလိုလားဟန် ပြောတတ်သည်။ မျက်နှာဟန်အနေအထား သုန်မှုန်ခြင်း ဖြစ်တတ်သည်။ လှိုက်လှိုက်လှဲလှဲ ဝမ်းသာမှုအမူအရာ မပြတတ်ချေ။ ဤလိုလူမျိုးသည် သင်၏ရန်သူဖြစ်တတ်သည်။

(၁၅) **ကောင်းစားမေ့နေ။**　။အသင့်အား ဘယ်လိုပင် ချစ်ဟန် ခင်ဟန် ဆောင်နေစေကာမူ အသင့်အား စိတ်ထဲမှကြိတ်၍ မလိုမုန်းထားဖြစ်နေသူသည် သူကောင်းကောင်း စားရ၊ ကောင်းကောင်းမြင်ရ ကောင်းကောင်းတွေ့ရသောအခါတို့၌ အသင့်အား မေ့လျော့နေတတ်သည်။ ဤအခါမျိုး၌ အသင် ရှိနေခြင်းကို မလိုမလားဖြစ်တတ်သည်။

(၁၆) **မစောင့်ချေမှု။**　။အသင်၏ ရန်သူဖြစ်သောသူသည် အသင် အကျိုးမဲ့ဖြစ်မည်ကို လည်းကောင်း၊ ဘေးရန်ဖြစ်မည်ကိုလည်းကောင်း သိမြင်ပါလျက် ဖေးမ ကူညီစောင့်ရှောက်မှု မပြုလုပ်ပဲနေတတ်သည်။

ဤအချက်အလက် တစ်ဆယ့်ခြောက်ပါးတို့တွင် တပါးပါးကိုသော် လည်းကောင်း၊ အချို့အဝက်ကိုသော် လည်းကောင်း၊ အားလုံးကို သော်လည်းကောင်း ပြုလုပ်ဖြစ်ပေါ်နေကြောင်း သိမြင်ရလျှင် ထိုသူသည် အသင့်အား မလိုမုန်းထားနေသူဖြစ်ကြောင်း အကဲခပ်သိမြင်သင့်ပေသည်။

**မိတ်ဆွေလက္ခဏာ ၁၆-မျိုး**

အသင့်အား ခင်မင်ချစ်မြတ်နိုးသူ မိတ်ဆွေစစ်ဖြစ်ပါမူကား ဤအချက်များကို မတွေ့ရပဲ ဤအချက်များနှင့် ပြန်လှန်ဆန့်ကျင်သော အပြုအမူ အပြောအဆိုများဖြင့် ဆုံးဖြတ်ရမည်ဖြစ်သည်။ ဥပမာ ပုံစံပြရလျှင်-

(၁) တွေ့ကမရှင်-ဟူသည့် ရန်သူဟုသိရသည့် အကြောင်းကို ဆန့်ကျင်သောအားဖြင့် (၁) တွေ့ကရှင်ကြည်ဟု ပြန်လိုက်လျှင် မိတ်ဆွေဖြစ်ကြောင်း သိနိုင်ပေသည်။

ဤသို့ဖြင့် ရန်သူဖြစ်ကြောင်းသိရန် လက္ခဏာ ၁၆-မျိုးရှိသကဲ့သို့ မိတ်ဆွေဖြစ်ကြောင်းသိရန် လက္ခဏာ ၁၆-မျိုးရှိနိုင်ပေသည်။

## ရန်သူခိုးအောင်းရာ နယ်မြေ

ရန်သူဖြစ်သလား မိတ်ဆွေဖြစ်သလား ဟူသည်ကို ခွဲခြားသိနိုင်သည့် နည်းကို ဘုရားဟောပါဠိတော်မှာရှိသည့်အတိုင်း ဖော်ပြခဲ့ပြီဖြစ်သည်။ ယင်း ဖော်ပြခဲ့သည့်နည်းအတိုင်း စစ်ဆေးကြည့်ရှုရမည်မှာ နေရာတိုင်းမှာ နေကြသည့်သူများကို စစ်ဆေးကြည့်ရှုရမည် မဟုတ်ချေ။ စာရှုသူမမြင်နိုင်ရာ မသိနိုင်ရာ ဝေးဝေးလံလံမှာ နေသူများကို စစ်ဆေးကြည့်ရှုနိုင်မည်လည်း မဟုတ်ပေ။ စစ်ဆေးကြည့်ရှုရန်လည်း မလိုအပ်ချေ။

စာရှုသူသိမြင်နိုင်ရန် လက်လှမ်းမီရာဌာနတို့၌ နေသူများကိုပင်လျှင် မြင်မြင်သမျှ တွေ့တွေ့သမျှ လူတွေကို စိစစ်မှတ်ကျောက် တင်နေရန် မလိုအပ်ချေ။ အစဉ်အလာ အတွေ့အကြုံများအရ ရန်သူပေါ်ထွက်တတ်သည့် နယ်မြေများမှ လူများကိုသာ ရန်သူများဖြစ်မည်လား မိတ်ဆွေများဖြစ်မည်လားဟု စိစစ်ရန်လိုပေသည်။ ယင်းရန်သူ ခိုအောင်းနေရာ နယ်မြေကို ဆရာကြီးဦးစာကျော်က-

**အလုပ် သွေးသား၊ အနေအားဖြင့်၊ အပါးနီးစပ်၊ ထိုအရပ်မှ၊ ရန်ဓာတ်အစု၊ ပေါ်လာမှု၊ သတိပြုကြလေ-**

ဟူ၍ လင်္ကာရေးစီထားပေသည်။ ယင်းလင်္ကာအရ အဓိပ္ပာယ်မှာ-

၁။ အလုပ်ချင်းနီးစပ်ရာ ဌာန၊

၂။ သွေးသားချင်းနီးစပ်ရာ ဌာန၊

၃။ အနေချင်းနီးစပ်ရာ ဌာန-

ဟူသော နီးစပ်ရာဌာနသုံးမျိုးမှာ နေထိုင်သူများထဲမှသာ ရန်သူဖြစ်ပေါ်တတ်သည်ဟု ဆိုလိုပေသည်။ ဖြစ်ပေါ်မည်ဆိုကလည်း ဖြစ်ငေါ်

နိုင်စရာပင်ရှိသည်။ ယင်း နီးစပ်သူ ပုဂ္ဂိုလ်သုံးမျိုးတို့သည် စာရှုသူနှင့် အတိတ်ကလည်း ထိတွေ့ဆက်စပ်နေခဲ့ရသူများ ဖြစ်သည်။ လောလော ဆယ်ဆယ် ပစ္စုပ္ပန်မှာလည်း ထိတွေ့ ဆက်စပ်နေသူများ ဖြစ်သည်။ အမြဲ ထိတွေ့ ဆက်စပ်နေရသူများသည် တချက်မဟုတ် တချက်တော့ဖြင့် အမှားအယွင်း တွေ့ရတော့မည်ဖြစ်သည်။ သဘောမကျ မကြိုက်မနှစ် သက်မှု ဖြစ်ရတော့မည်ဖြစ်သည်။

မမှားမယွင်းပဲ သဘောကျ ကြိုက်နှစ်သက်သည့် အချက်ပေါင်း ကိုးဆယ့်ကိုးရှိသော်လည်း ကျေးဇူးတင်ရမှန်း မသိမှု၍ သဘောမကျ မကြိုက်မနှစ်သက်သည့် အမှားအယွင်း တချက်ကို သည်းမခံနိုင်ကြပဲ မုန်းတီးလူးဖြင့် အကျယ်ချဲ့၍ အပြစ်မြင်တတ်ကြသည်မှာ ပုထုဇဉ်အညံ့ စားတို့၏ သဘာဝကြီးတခု ဖြစ်သည်။

ယင်းပုထုဇဉ်အညံ့စားတို့၏သဘောသည် အလွန်ဆန်းကျယ်နက်နဲလှ၍ သိရန်ခက်ခဲလှပါသည်။ ညမှောင်မိုက်ထဲတွင် အသား မဲသူတယောက် အဝတ်နက်ကိုခြုံသွားနေသည်ကို တွေ့မြင်ရန်ခက်ခဲသကဲ့သို့ပင် ခက်ခဲလှပါ သည်။

ဖော်ပြခဲ့သည့် နီးစပ်ရာဌာနသုံးမျိုး ထဲမှာရှိသည့် အညံ့စားပုထုဇဉ် များကသာ ရန်သူဖြစ်လာနိုင်သည်။ အမြတ်စားပုထုဇဉ်များကမူ ရန်သူ မဖြစ်နိုင်ပါ။ ထို့ကြောင့် သိရန်ခက်ခဲလှသော ရန်သူဖြစ်နိုင်သည့် ပုထုဇဉ်အညံ့စားများ အကြောင်းကို ရိပ်မိ သိရှိနိုင်ရန် နီးစပ်ရာဌာန သုံးမျိုးထဲ ခိုအောင်းတတ်ပုံကို တမျိုးစီခွဲ၍ပြဆိုပါအံ့....။

၁။ အလုပ်ချင်းနီးစပ်ရာဌာန။ ။လခစား အလုပ်, စီးပွားရှာ အလုပ်, ပညာရှာအလုပ်,အားကစားအလုပ်-စ သည်ဖြင့် သင်နှင့်အလုပ်ချင်းနီးစပ်သူများသည် သင်၏အရည်အသွေး သင်၏ ပတ်ဝန်းကျင် အဆက်အသွယ်နှင့် သင်၏အခြေ အနေများ ကို လေ့လာသိမြင်နေသူများ ဖြစ်တတ်ပါသည်။

ထိုသူများထဲတွင်-သင့်အထက်မှနေသူများသည် သင်ကသူတို့ကို မိလာမှာကိုလည်း စိုးရိမ်လိမ့်မည်။ သင်က သူတို့အပေါ်ကျော်ဘက် သွားမည်ကိုလည်း စိုးရိမ်လိမ့်မည်။

သင်နှင့်တန်းတူများကလည်း သင်က သူတို့ထက် ကျော်တက်သွားမည်ကို စိုးရိမ်နိုင်သည်။ သင်က သူတို့အောက်သို့လည်း ရောက်သွားစေချင်ကြမည်ဖြစ်သည်။

သင်၏ အောက်ကျနေသူများကလည်း သင့်ကို သူတို့နှင့်တန်းတူဖြစ်သွားစေချင်သည်။ သူတို့အောက်သို့လည်း ကျရောက်သွားစေချင်လိမ့်မည်။

အားလုံးကို ခြုံ၍ကြည့်လိုက်သော် - ထိုသူ အားလုံး၏ စိုးရိမ်ချက်၊ လိုလားချက်တို့သည် သင်၏အတွက် မကောင်းကျိုးများသာ ဖြစ်သည်။ ယင်းသို့ သင်၏မကောင်း ကျိုးကို ဖြစ်စေလိုသူ ပြုလုပ်လိုသူအားလုံး ပင်လျှင်သင်၏ရန်သူများဖြစ်ကြသည်။ သူတို့အားလုံး သင်နှင့်အလုပ်ချင်း နီးစပ်ရာဌာန၌ ရှိနေတတ်ကြသည်။ ပုထုဇဉ်အညံ့စားများသာဖြစ်တတ်ကြ၍ အမြတ်စားပုထုဇဉ်များကမူ မဖြစ်ကြသည်ကိုလည်း သတိပြုထားပါလေ။

၂။ **သွေးသားချင်းနီးစပ်ရာဌာန။** ။သင်နှင့်ဖြစ်စေ၊ သင့်ဇနီးသားသမီးများနှင့်ဖြစ်စေ-တမျိုးမျိုးမှ သင်နှင့်သွေးသားချင်းနီးစပ်သူများသည်လည်း သင်၏မိဘမျိုးရိုး သင်၏အရည်အသွေး, ပတ်ဝန်းကျင်အဆက်အသွယ်များကို အတွင်းကျကျသိထားသူများ ဖြစ်ကြသည်။

ထိုသူများအထဲတွင် သင့်ထက်စီးပွားရေး ပညာရေး စသည့် အခြေအနေ သာလွန်ကောင်းမွန်နေသူများက သင့်ကို သူတို့နှင့်တန်းတူမည်ကို သာလွန်မည်ကို စိုးရိမ်ပေလိမ့်မည်။ သူတို့အောက်မှာ အမြဲရှိနေစေချင်ပေလိမ့်မည်။

သင်နှင့် တန်းတူသူများကလည်း သင်ကသူတို့ထက် သာလွန်သွားမည်ကို စိုးရိမ်ကြပေလိမ့်မည်။ သူတို့အောက်သို့ ရောက်သွားစေချင်ပေလိမ့်မည်။

သင့်အောက်နိမ့်နေသူများကလည်း သင့်ကို သူတို့နှင့်တန်းတူ ဖြစ်စေချင်ကြလိမ့်မည်။ သူတို့အောက် ရောက်သွားစေချင်ကြပေလိမ့်မည်။ သူတို့က သင်နှင့်တန်းတူဖြစ်လာချင်ကြပေလိမ့်မည်။ သူတို့က သင့်ကိုကျော်တက်သွားချင်ကြပေလိမ့်မည်။

ယင်း သင်၏ အသက်၊ တန်းတူ၊ အောက်ကျရာ၌ ရှိနေသူတို့၏ စိုးရိမ်ချက်၊ လိုလားချက်အားလုံးသည် သင့်အတွက် မကောင်းကျိုးများသာဖြစ်သည်။ ယင်းသို့ သင့်အတွက်မကောင်းကျိုးကို လိုလားသူ၊ ပြုလုပ်လိုသူများသည် သင်၏ရန်သူများသာ ဖြစ်သည်။

ထိုရန်သူများမှာ မြင့်မြတ်သော ပုထုဇဉ်လူသားများမဟုတ်ကြပဲ ယုတ်ညံ့သော ပုထုဇဉ်လူသားများသာ ဖြစ်သည်ကိုလည်း သတိပြုပါလေ။ ထိုသူများသည် သင်နှင့်သွေးသားချင်း နီးစပ်ရာဌာနများမှာ ခိုအောင်းနေတတ်ကြပေသည်။ မြင့်မြတ်သော ကလျာဏပုထုဇဉ်လူသားများကားရန်မပြုတတ်ကြပါပေ၊ မိုဝဲဆည်းကပ် ပေါင်းသင်းအပ်ကြပါသည်။

**၃။ အနေချင်းနီးစပ်ရာဌာန။**　　။သင်နေထိုင်ရာနှင့် နီးစပ်ရာ၌ နေထိုင်သူများသည်လည်း သင်၏ အရည်အသွေး၊ အကျင့်သိက္ခာ၊ အဆက်အသွယ်များကို သိရှိထားသူများဖြစ်ကြသည်။

ထိုသူများအထဲတွင် အစစ အခြေအနေ သင့်ထက်သာသူများသည် သင်က သူတို့နှင့် တန်းတူလာမည်၊ သာလွန်သွားမည်ကို စိုးရိမ်ဖွယ်ရှိသည်။ သင့်ကို သူတို့အောက်မှာသာ ရှိစေချင်လိမ့်မည်။

သင်နှင့်တန်းတူသူများကလည်း သင်က သူတို့ထက်သာသွားမည်ကို စိုးရိမ်မည်။ သူတို့အောက်သို့ ရောက်စေချင်မည်။

သင့်ထက် နိမ့်နေသူများကလည်း သင့်ကိုသူတို့နှင့် တန်းတူနေရာ၊ သူတို့အောက်ကျသည့် နေရာများမှာသာ ထားလိုကြပေလိမ့်မည်။

ဤစိုးရိမ်ချက်၊ လိုလား ချက်အားလုံးသည် သင့်မကောင်းကျိုး ဖြစ်စေလိုခြင်းပင်ဖြစ်သည်။ သင်၏ ဘေးရန်သာလျှင် ဖြစ်သည်။ သင့်အတွက် မကောင်းကျိုး ဘေးအန္တရာယ်များကို လိုလားသူသည် သင်၏ရန်သူ

များသာ ဖြစ်ကြသည်။ သူတို့သည် သင်နှင့် နေရာချင်းနီးစပ်ရာ ဌာန များမှသာ ရှိကြပေသည်။ လောက၌ လူတို့၏ခန္ဓာကိုယ်ထဲရှိ သွေးသား များနှင့် အနီးအပါးမှာရှိသည့် ပိုးမွှားများကြောင့်သာ ဘေးရောဂါ များ ဖြစ်တတ်ကြပေသည်။

ဤသို့သော အကြောင်းများကြောင့် သင်၏ရန်သူများ ခိုအောင်းနေ နိုင်မည့် ဌာနများမှာ—

၁။ အလုပ်ချင်းနီးစပ်ရာဌာန၊

၂။ သွေးသားချင်းနီးစပ်ရာဌာန၊

၃။ အနေချင်းနီးစပ်ရာဌာန—

ဟူ၍ သုံးမျိုး ခွဲခြား သတ်မှတ်ပြခြင်း ဖြစ်သည်။

ယင်း နီးစပ်ရာဌာနသုံးမျိုး၌ ရှိသည့်သူများထဲမှသာလျှင် ရန်သူပေါ် ထွက်လာနိုင်သည်။ ဝေးရာအရပ်ဒေသ၌ ရှိနေသူများထဲမှ မိုးပေါ်ကျ ရန်သူဖြစ်လာနိုင်မည်မဟုတ်ချေ။ မိုးပေါ်ကျရန်သူ ဟူသည်မှာအလွန်တရာ ရှားပါးလှပေသည်။ တစ်ရာတယောက်၊ တစ်ထောင်တယောက် ပေါ် ထွက်ရန်ခက်လှသည်။ နီးစပ်ရာဌာန သုံးမျိုးထဲမှသာ ရန်သူပေါ်ထွက်လာ တတ်သည်။ ယင်း နီးစပ်ရာမှ ပေါ်လာသည့်ရန်သူကိုမှ ပို၍ကြောက်ရန် သင့်သည်။ အဝေးမှလှမ်း၍ တိုက်ချင်းပစ်ဒိုးပျံဖြင့် ပစ်မည်ထက် အနီးမှ ကပ်၍ အရှိုက် လက်သီးဖြင့်ထိုးမည်ကို ပိုကြောက်ရသည်။

**ဒေဝဒတ်** သည် မြတ်စွာဘုရားနှင့် ညီအစ်ကိုတဝမ်းထဲသာကွဲသည်။ မြတ်စွာဘုရားမယ်တော်ရင်း **မဟာမာယာ** နှင့် ဒေဝဒတ်ခမည်းတော်ရင်း **သုပ္ပဗုဒ္ဓ** မင်းသည် မောင်နှမအရင်းဖြစ်သည်။ မြတ်စွာဘုရား၏ မိထွေး တော် **ဂေါတမီ** နှင့် သုပ္ပဗုဒ္ဓမင်းသည် မောင်နှမအရင်း ဖြစ်သည်။ သို့သော်-မြတ်စွာဘုရားရှင်အား အနှောင့်အယှက် အပေးဆုံးရန်သူမှာ ဒေဝဒတ်ပင်ဖြစ်သည်။

အရပ်ထဲရွာထဲ၌ ခိုးသည်, ဓမြတိုက်သည်ဆိုလျှင် အိမ်တွင်းမှ သို့ မဟုတ် အိမ်နီးချင်းထဲမှ **လက်ထောက်ချသူ** အတွင်းရန်သူများရှိတတ်ကြ ပေသည်။

ဤအကြောင်းများကို ထောက်ဆ၍ ရန်သူခိုအောင်းရာနယ်မြေအဖြစ် နီးစပ်ရာသုံးဌာနကို သတ်မှတ်ပြခြင်းဖြစ်သည်။ သင်၏အနီးကပ် နေသူများကသာလျှင် သင်နှင့်သူ-ဘယ်သူက အရပ်မြင့်သည် နိမ့်သည်၊ ဘယ်သူက ဝသည် ပိန်သည်-စသည်ဖြင့် နှိုင်းစာ တိုင်းတာတတ်သည့် ထုံးစံဓလေ့ရှိတတ်သည်။ သင်နှင့်ဝေးဝေးရှိ မမြင်ရာ မကြားရာများမှ လူများက နှိုင်းစာတိုင်းတာတတ်သည့် ထုံးစံမရှိချေ။ ယင်းသို့ တိုင်းတာ နှိုင်းစာတတ်ရာမှစ၍သာလျှင် "သာမူဆဲချ၊ နိမ့်ကပိနင်း၊ နှိပ်စက်ညှင်းဆဲခြင်း" ရန်ခေတ်များ အစပျိုး ဖြစ်ပေါ်လာတတ်ပေသည်။ မနာလိုမှုဣဿာနှင့် ဝန်တိုမှု **မစ္ဆရိယ** တရားများ အရင်းခံသည့် တပ်မက်မှု လောဘ၊ ပြစ်မှားမှု **ဒေါသ**၊ တွေဝေမှု **မောဟ** အကုသိုလ်မီးကြီး တညီးညီး တောက်လောင်ကြရပေသည်။

ထို့ကြောင့် နီးစပ်ရာသုံးဌာနရှိ လူများကို ဤလူရန်သူဖြစ်သလား၊ ဤလူ မိတ်ဆွေဖြစ်သလား-ဆိုသည်ကို ဖော်ပြခဲ့သည့် ရန်သူ မိတ်ဆွေ ခွဲခြားသိနိုင်သော လက္ခဏာ ၁၆-မျိုးဖြင့် စိစစ်ကြည့်ရန် လိုအပ်ပေသည်။

ယင်းသို့ စိစစ်ကြည့်ရသည်မှာ ရန်သူဖြစ်လျှင် သတ်ဖြတ်ဖို့ခွင်း နှိမ်နင်းပစ်ရန်မဟုတ်ပေ။ ရန်သူမှန်းသိလျှင် ဆက်လက်ရန်ပြု၍ ရန်စရှည်လျားပြီး အကုသိုလ်တရား မပွားစေရန်အတွက် ရန်ခေတ် ငြိမ်းချမ်းရေးယူရန် ဖြစ်သည်။ မိမိထံမှောက်သို့ ဘေးအန္တရာယ်များ မရောက်မီ ရှောင်ရှားနိုင်ရေးအတွက် ဖြစ်သည်။

**အထူးသတိထား။**　။ဤတွင် ရန်သူခိုအောင်းရာဌာန သုံးမျိုးကို ပြဆိုသောကြောင့် ယင်းဌာနများရှိ လူတိုင်းကို ရန်သူဖြစ်လေမည်လားဟူ၍ **မသင့်ကာသည့်** မျက်စိဖြင့် ကြည့်ရမည်ဟု မညွှန်ကြားလိုပါ။ ရန်လက္ခဏာပေါ်လာလျှင်ကား "ဤအရာကတော့ ရန်သက္ခဏာပဲ၊ သို့သော်-ဆက်လက်စောင့်ကြည့်ကာ နောက်ဆက်လက်၍ ရန်လက္ခဏာများ ထပ်ကာထပ်ကာ တွေ့လျှင်တော့ ရန်သူဖြစ်ကြောင်း ဆုံးဖြတ်၍ ရန်ငြိမ်းချမ်းမှုကို ယူရန်နှင့် ဖြစ်ပေါ်လာမည့် မကောင်းကျိုးများကို ရှောင်ရှားရန်ကိုသာ" ညွှန်ကြားလိုပါသည်။

လောကဥ္စ ပုထုဇဉ်အညံ့စားများ ရှိတတ်သည်။ သူတို့သည် အပြစ်မဟုတ်သည်ကိုလည်း အပြစ်ဟုသတ်မှတ်ကာ ရန်ငြိုးဖွဲ့တတ်ကြပေသည်။ အနည်းငယ်မျှသော အပြစ်ကလေးကိုလည်း အပြစ်ကြီးအဖြစ် ပုံကြီးချဲ့ကာ ရန်ငြိုးဖွဲ့တတ်ကြပေသည်။ သဘောကို စိစစ်ကြည့်လျှင် ရွှေအစစ်သည် မည်မျှပင်ကြာကြာ အရောင်မမှိန်ပဲ ကြည်လင်တောက်ပ၍သာနှင့်ထိထိ အရောင်မမှိန်ကြည်လင်တောက်ပမြဲ ကြည်လင်တောက်ပနေမည်ဖြစ်သော်လည်း-ရွှေအတုရွှေအယောင်ဆောင် ခပ်ပြာတို့သည် ခဏတဖြုတ်ကာလအတွင်း အရောင်မှိန်လာတတ်သည်။ ရေနဲ့ထိထိ၊ လေနဲ့ထိထိ အညစ်အကြေး တင်လာတတ်သည်။ ပုထုဇဉ်အညံ့စားများသည်လည်း ရွှေတု ရွှေအယောင်ဆောင် ခပ်ပြာတို့ကဲ့သို့ပင် စိတ်ဆိုးဝင်တတ်၊ ရန်ငြိုးဖွဲ့တတ်ကြသည်။ ထို့ကြောင့် သင်နှင့်နီးစပ်ရာဌာန သုံးမျိုးထဲမှာ ရှိတတ်သည့် ပုထုဇဉ်အညံ့စား ရန်သူများကို သတိထား ကြည့်သင့်ပေသည်။

## ရန်သူဖြစ်ရခြင်းအကြောင်းရင်း

ဖော်ပြခဲ့သည့် ရန်သူ-မိတ်ဆွေ ခွဲခြားသိနိုင်သည့် အကြောင်းများနှင့် ရန်သူခိုအောင်းရာ နယ်မြေများအရ ရန်သူကိုသိရပြီးလျှင် ယင်းသို့ ရန်သူဖြစ်ရခြင်း၏ အကြောင်းရင်းကိုလည်း သိရန်လိုအပ်ပေသည်။ ရောဂါဖြစ်ခြင်း အကြောင်းရင်းကိုသိမှ ရောဂါမဖြစ်နိုင်အောင် ကာကွယ် တားဆီးနိုင်သည်မဟုတ်ပါလော....။ ထို့အတူပင် ရန်သူဖြစ်ခြင်းအကြောင်းရင်းကို သိရမှသာ ရန်ကင်းအောင် နေထိုင်နိုင်ကြမည် ဖြစ်ပေသည်။ သို့မှလည်း ရန်ဓာတ်ကိုပယ်ခွါ၍ လိုရာအမှန်သစ္စာတရားကို သိမြင်နိုင်မည်ဖြစ်ပေသည်။

ကမ္ဘာလောကဥ္စ လူသားတိုင်း ပုဂ္ဂိုလ်သတ္တဝါတိုင်းမှာ ရှိရှိသမျှသောရန်တို့မှာ အကြောင်းရင်းကိုးမျိုး အရင်းခံ၍သာ ဖြစ်လာကြသည်။ ယင်း အကြောင်းကိုးမျိုးကို အလွယ်ကျက်မှတ် ဆောင်ထားနိုင်ကြရန်အတွက် ဆရာကြီး ဦးစာကျော်က လေးချိုးကဗျာကလေး ရေးထားပါသည်။

## ရန်ငြိုးကဗျာလေးချိုး

လုပ်ပြီတဲ့ လုပ်မည်။ ။ငါ့ချစ်သူ ငါ့အကျိုး၊ ညှိုးယုတ်အောင် ဒီလူရှုပ်က ပြုလုပ်နေသည်။ ။ ငါ့ရန်သူ အကျိုးများကိုတော့၊ တိုးပွားဖို့အမှန်ရည်၊ ကြံစည်ဆဲ လူမျိုး။ ။ လုပ်ပြီးပြီ၊ လုပ်မည် များရယ်ကြောင့်၊ ထားကြရန်ငြိုး။

ယင်းကဗျာအရ ရန်ငြိုးထား၍ ရန်သူဖြစ်ကြရသည်မှာ-

၁။ ငါ့ချစ်သူ အကျိုးယုတ်အောင် ဤသူ ပြုလုပ်ခဲ့ပြီ၊
၂။ ငါ့ချစ်သူ အကျိုးယုတ်အောင် ဤသူပြုလုပ်လိမ့်မည်၊
၃။ ငါ့ချစ်သူ အကျိုးယုတ်အောင် ဤသူ ပြုလုပ်နေဆဲ ဖြစ်သည်၊
၄။ ငါ၏အကျိုးယုတ်အောင် ဤသူပြုလုပ်ခဲ့ပြီ၊
၅။ ငါ၏အကျိုးယုတ်အောင် ဤသူပြုလုပ်လိမ့်မည်၊
၆။ ငါ၏အကျိုးယုတ်အောင် ဤသူပြုလုပ်နေဆဲ ဖြစ်သည်၊
၇။ ငါမုန်းသူ အကျိုးရှိအောင် ဤသူပြုလုပ်ခဲ့ပြီ၊
၈။ ငါမုန်းသူ အကျိုးရှိအောင် ဤသူပြုလုပ်လိမ့်မည်၊
၉။ ငါမုန်းသူ အကျိုးရှိအောင် ဤသူပြုလုပ်နေဆဲ ဖြစ်သည်-

ဟူ၍ ကိုးမျိုးသော အကြောင်းတို့ကြောင့် ရန်သူများ ဖြစ်ပေါ်တတ်ကြပေသည်။ ဤရန်သူဖြစ်ခြင်း အကြောင်းကိုး(၉)ပါးမှာ အဘိဓမ္မာဝိဘင်းပါဠိတော် စာမျက်နှာ (၄၀၅) လာ အတိုင်း ဖြစ်သည်။

ထို့ပြင် မိုးရွာလျှင် ရွာရန်ကော၊ နေပူလျှင်ပူရန်ကော- စသည်ဖြင့် သဘာဝတရားကို အလိုမကျပဲ ဒေါသပွခြင်းမျိုးကိုလည်း ကျမ်းဂန်တို့၌ ပြဆိုသေးသည်။ယင်းဒေါသပွခြင်း၌ကား စိတ်ဆိုးခြင်းအကြောင်းဖြစ်သော်လည်း ရန်သူဖြစ်ခြင်းအကြောင်းကား မဟုတ်ပါချေ။ သဘာဝဓမ္မကို ရန်သူဟု မဆိုသင့်ပါ။

နောက်ဆက်၍ ရှင်းဖွယ်ရှိသေးသည်။ မိမိ၌ရှိနေသည့် ပစ္စည်းဂုဏ်သိန်မျိုး အခြားသူရရှိမည်စိုး၍ ရန်လုပ်ခြင်းနှင့် အခြားသူများ မိမိထက်ပစ္စည်းဂုဏ်သိန် သာလွန်ရှိမည်ကိုမလို၍ ရန်လုပ်ခြင်းများလည်း ရှိတတ်ပေသည်။ “ဤသည်တို့သည်လည်း ရန်သူဖြစ်ခြင်းအကြောင်း မဟုတ်ပါ

လော”ဟု စောဒကတက်ဖွယ်ရှိသည်။ ဤကိစ္စ၌ ဝန်တိုမှုနှင့် မနာလိုမှုဖြစ်သည်။ ပစ္စည်းဂုဏ်သိန် ရရှိမည့်၊ သို့မဟုတ် ရရှိနေသည့် သူက မိမိမချစ်ခင်ပဲ မုန်းသူဖြစ်သောကြောင့်သာ ယင်းသို့ဝန်တိုမှု, မနာလိုမှုမျိုးဖြစ်ပေသည်။ မိမိချစ်ခင်သူသာ ပစ္စည်းဂုဏ်သိန်များကို ရရှိမည်ဆိုလျှင် မနာလိုမှု ဝန်တိုမှုများ ဖြစ်မည်မဟုတ်ချေ။ ယင်းတို့ကို မိမိမုန်းသူအကျိုးဖြစ်ခြင်းဟူသော ရန်ငြိုးထားခြင်း (နံပါတ် ၇-၈-၉-တို့) ၌သာ ထည့်သွင်းသင့်ပေသည်။ သီးသန့်တခုဟု မယူဆသင့်ပေ။

## ရန်ခေတ်ကိုပယ်ရှင်းနည်း

ဤတွင် စာရှုသူအားမေးလိုပါသည်။

ရန်သူဖြစ်သည်ကို သိနိုင်သည့် နည်းကိုလည်း တတ်သိပြီ။ ရန်သူဖြစ်စေသည့် အကြောင်းများကိုလည်း တတ်သိပြီ။ ကဲ ...ရန်သူကို သိရပြီ ဆိုပါတော့၊ ဘယ်နည်းဖြင့် ရန်သူကို ပယ်ရှင်းမည်နည်း။ ကျူပင်ခုတ် ကျူငုတ်မျှမကျန်အောင် အပြတ်ရှင်းမည်လော။

ရန်သူကိုအပြတ်ရှင်း၍ ရန်ကင်းလိမ့်မည်ထင်လျှင် စာရှုသူမှားလေပြီ။ ယင်းရန်သူမရှိလျှင် သူ၏သား, မြေး, ဆွေမျိုး, မိတ်ဆွေများ ရှိသေးသည်။ သူတို့က သင့်ကိုအသာကြည့်နေမည်မဟုတ်။ ရန်သူနှင့်ဧပ်ဆိုင်သည့် အရာဝတ္ထု သက်ရှိ, သက်မဲ့ အားလုံး မရှိဘူးဆိုကြပါစို့၊ ရန်သူကိုရန်မူထားသည့် သင့်ကိုယ်တွင်း ကိန်းအောင်းကျန်ရှိသည့် ကြမ်းတမ်း ပြစ်မှားမှု ဒေါသအကုသိုလ်ကံတရားဟူသော ရန်ခေတ်ကြီးက အမြဲရှိနေပေသည်။ တနေ့ရန်သူဖြစ်ပေါ်လာအောင် ဖန်တီးပေးလိုက်ပေလိမ့်မည်။

ထို့ကြောင့် ရန်သူကိုအပြတ်ရှင်း၍ ရန်မကင်းနိုင်ပါ။ အမှန်တကယ် ရန်ကင်း၍ အေးချမ်းခြင်းကိုအလိုရှိပါလျှင် “ရန်လိုလျှင် ရန်ပိုတတ်သည်၊ ရန်မလိုမှ ရန်ပြိုသည်”ဟူသော ဘုရားအစရှိသော ရှေးသူတော်ကောင်းတို့ တရားလမ်းကြောင်းအတိုင်း လိုက်မှသာ ရန်ကင်းနိုင်ပါလိမ့်မည်။

ရန်အောင်နည်း များစွာရှိသည့်တွင် မိမိအောင်နိုင်ထားသည့်ရန်သူက တဖန်ပြန်၍ မိမိကို မအောင်မြင်နိုင်မှသာ ကောင်းမြတ်သော အောင်နိုင်

ခြင်းဖြစ်သည်။ မိမိအောင်နိုင်ထားသည့် ရန်သူက မိမိအား တဖန်ပြန်၍ အောင်နိုင်ဦးမည်ဆိုလျှင် ယင်းအောင်နိုင်ခြင်းသည် ကောင်းသောအောင်နိုင်ခြင်းမဟုတ်ချေ-ဟူ၍ ဗုဒ္ဓဘုရားတော်တို့ ညွှန်ကြားချက်ရှိပေသည်။ (ဇာတ်ပါဠိတော် ပ-တွဲ၊ နှာ-၁၆။)

လောကီ ပညာရပ်များတွင် **သံခေတ်** **ကြေးခေတ်** များ၌ အညစ်အကြေးကို ဖြစ်စေနိုင်သည့် ခေတ်များ ကင်းစင်အောင် ပြုလုပ်ပါမှ သံချေးသံညှိမတက်နိုင်ခြင်းဖြစ်၍ **စင်ကြယ်သောသံခေတ်**ဖြစ်နိုင်ပေသည်။ သံဘွယ်လည်းမလိုက်တော့ချေ။ ကြေးမှာရှိသည့် ကြေးချေးကြေးညှိ ဖြစ်စေသည့် ခေတ်များ ကင်းစင်အောင် ပြုလုပ်နိုင်မှသာလျှင် ကြေးချေး ကြေးညှိမတက်ပဲ **စင်ကြယ်သောကြေးခေတ်** ဖြစ်နိုင်ပေသည်။

ဤအတူပင် လူတို့၏သန္တာန်မှာလည်း ရန်များမဖြစ်ပေါ်စေလိုလျှင် ရန်ကိုဖြစ်ပေါ်စေသည့် ရန်ခေတ်များကို ပယ်ရှား သုတ်သင် ရှင်းလင်းပါမှ ရန်ကင်းနိုင်ပေသည်။

ရန်ကိုဖြစ်စေသည့် ရန်ခေတ်များ ကင်းစင်နေသူအား ရန်ပြုသူများ ဖြစ်ပေါ်လာလျှင် ယင်း ရန်သူများ သည် အမှိုက်လောင်စာမရှိရာ၌ ကျရောက်သည့်မီးပွား ကဲ့သို့ အလိုလိုငြိမ်း အေး ပျောက်ကွယ်သွားရမည်သာ ဖြစ်ချေသည်။ ထို့ကြောင့် ရန်သူတယောက် ပေါ်ပေါက်လာလျှင် ယင်း ရန်သူပြိုပျက်သွားစေလိုလျှင် ပြန်၍ရန်ပြုခြင်း မလုပ်ပဲ သည်းခံ၍နေကာ—

ရန်လိုလျှင် ရန်ပိုတတ်သည်၊
ရန်မလိုမှ ရန်ပြိုသည်—

ဟူသော ဘုရားအစရှိသော ရှေးရှေးသောသူတော်ကောင်းကြီးများ၏ လမ်းစဉ် (ဓမ္မပဒပါဠိတော်၊ ဂါထာ နံပါတ်-၅) အတိုင်း လိုက်နာကျင့်သုံး သင့်လှပေသည်။

ဤတွင်- ပေါ်ပေါက်လာသော ရန်သူကို ရန်မမူပဲနေပါ-ဟု ညွှန်ကြား ခြင်းသည် ''အငိုလွယ်လျက် အရှိက်ခက်၊ အဆိုလွယ်လျက် အရိုက်ခက်'' ဟူသောရှေးမြန်မာစကားပုံကဲ့သို့ အပြောမှာလွယ်ပါ၏၊ တကယ်လုပ်ကြည့်

သောအခါ အလွန်ခက်ခဲလှပေသည်။ မိမိအား စီးပွားရေး ကျန်းမာရေး စသည် ထိခိုက်အောင်လုပ်သည့် ရန်သူကို မဆိုထားနှင့် သာမန်ရယ်မောလို၍ အပြောင်အပျက် ပြောဆိုခံရလျှင်ပင် မခံမရပ်နိုင်ပဲ ပြန်လည်ချေပလိုတတ်သည့် သဘော လူအညံ့စားပုထုဇဉ်တို့မှာ ရှိတတ်ပေသည်။

သို့ဖြစ်သောကြောင့် ရန်ဓာတ်ပယ်ဖျောက်နည်းကို စာပေကျမ်းဂန်မှ လာရှိသည်ကို လောကအတွေ့အကြုံများနှင့်ညှိ၍ မှတ်သားလိုက်နာဖွယ် တင်ပြပါအံ့။

## ရန်ဓာတ်ပယ်ခွာနည်းပြလင်္ကာ

ရန်သူကင်းဝေး၊ ငြိမ်းချမ်းရေးဖြင့်၊
စိတ်အေးချမ်းသာ၊ နေလိုပါမူ၊
ကြုံလာတွေ့ငြား၊ ရန်သူများကို၊
ပယ်ရှားဒေါသ၊ သည်းခံကြ၍၊
မရဏာခင်း၊ သေခြင်းနှင့်ဖျောက်၊
ငွေထောက်ကျေးဇူး၊ အထူးဆင်ခြင်၊
မယှဉ်ပြိုင်လို၊ ဗြဟ္မစိုရ်တရား၊
ဆင့်ဆင့်ပွား၍၊ တရားဝိပဿီ၊
ရှုမှတ်၍ဖြေ၊ မပြေချေသော်၊
ရစေကိုယ်ကျိုး၊ မြော်ကိုး၍ခွာ၊
ရန်ဓာတ်ကွာသည်၊ မှူလွှာမကြွင်းမကျန်တည်း။

သရာကြီး ဦးစာကျော်သည် ဤရန်ဓာတ်ပယ်ခွာနည်း လင်္ကာကို ရွတ်ပြရာ၌ အခြားလင်္ကာများကို ရွတ်ဆိုပြသည်ထက် အသံရော, ဟန်ရော, မာန်ရော-ပါကာ သာယာနာပျော်ဖွယ်ရှိသည်ဟု ထင်ရပါသည်။ ယင်းလင်္ကာ၏ အဓိပ္ပာယ်မှာ—

"ရန်သူအပေါ်၌—

၁။ ဒေါသမထား ပယ်ရှားခြင်း၊

၂။ သည်းခံတရားထားခြင်း၊

၃။ သေခြင်းတရားနှင့် ရှု၍ဖြေခြင်း၊
၄။ ရန်သူ၏ကျေးဇူးကို ရှာကြံဆင်ခြင်ခြင်း၊
၅။ ယှဉ်ပြိုင်မှုကို မပြုလုပ်ခြင်း၊
၆။ ဗြဟ္မစိုရ်တရားလေးပါး ပွားခြင်း၊
၇။ ဝိပဿနာတင် ဆင်ခြင်ခြင်း၊
၈။ ကိုယ့်အတွက် အကျိုးတရားကိုကြည့်ခြင်း-

ဟူသော အကျဉ်းအချက်ရှစ်ပါးဖြင့် ဗြဟ္မစိုရ်လေးပါးကို ခွဲ၍ အကျယ်ဘစ်ဆယ့်တစ်ပါးဖြင့်ဖြေလျှင် ရန်ခေတ်ဟူ၍ မှုန်မှုန်မကျန်အောင် ကင်းပျောက်သွားလိမ့်မည်”

ဟု ဆိုလိုပေသည်။ ထင်ရှားစေရန် ယင်းတရားများဖြင့် ရန်ခေတ်ပယ်ပုံကို တခုစီ ရှင်းလင်းရေးပြပါအံ့။

**၁။ ဒေါသမထားခြင်း။** ။ဒေါသ-ဟူသည်မှာ စိတ်ကြမ်းတမ်းခြင်း, ဆိုးသွမ်းခြင်းဖြစ်သည်။ ယင်း ဒေါသဖြစ်သောအခါ ရန်သူကိုထိခိုက်နစ်နာမှု ဖြစ်စေရန် ပြုလုပ်ပြောဆိုချင်လာသည်။ ကာယကံမှု လက်ခြေတို့ဖြင့်လည်း နစ်နာစေရန်ပြုလုပ်လိုသည်။ ဝစီကံမှု-ပါးစပ်မှလည်း ထိခိုက်နစ်နာစေရန် ပြောဆိုချင်လာသည်။ စိတ်မှာလည်း ကြမ်းတမ်းဆိုးသွမ်းလာသည်။ ဖျက်ဆီးချေမှုန်းလိုသည့် စိတ်ဆိုးဖြစ်လာသည်။ ထို့ကြောင့် ပါဠိဘာသာဖြင့်“ဒေါသ”ဟု စိတ်အမည်ပေးထားခြင်းဖြစ်သည်။ ကြမ်းတမ်းဖျက်ဆီးတတ်သည်ဟု အနက်အဓိပ္ပာယ်ရှိသည်။

ယင်း ဒေါသစိတ်ဖြစ်ပေါ်လာလျှင် အကြောင်းအကျိုး အကောင်းအဆိုးကို ခွဲခြားမသိနိုင်။ တရားသဘောကိုလည်း မသိတတ်။ မှောင်မိုက်ထဲမှာ အလင်းရောင်ကင်းမဲ့စွာ ဝင်လိုက်ရသကဲ့သို့ မသိနိုင် မမြင်နိုင် ဖြစ်ရတော့သည်။ ယင်းသို့ဖြစ်လျှင် ဒေါသစိတ်က ဒေါသဖြစ်သူ ဒေါသအရှင်ကိုပြန်၍ ဖိစီးနှိပ်စက်လေပြီဖြစ်သည်။ တဘက်သား ရန်သူမှာမူ ဘာမျှမထိခိုက်သေးချေ။

လူတဦးတယောက်အား မိးနှင့်ပေါက်ရန် မီးကိုလက်ဖြင့်ကိုင်သူသည် မိမိပစ်ပေါက်မည့်သူကို မီးဖြင့်မထိစေရသေးမီ မိမိလက်မှာဦးစွာမီးလောင်ခံရသကဲ့သို့ ရန်သူကိုဒေါသဖြစ်ရာ၌လည်း မျက်စိမျက်နှာနီခြင်း၊ စကားပြောသံမမှန်ခြင်း၊ ကိုယ်လက်ခြေများ တုန်လှုပ်ဖောက်ပြန်ခြင်း-စသော ကိုယ်ဟန်အသံများ မမှန်မကန်ခြင်း-စသည့် ရုပ်တရားဆိုင်ရာများဖောက်ပြန်တတ်သည်။ စိတ်ဆိုးခြင်း, စိတ်မကြည်လင်ခြင်း, စိတ်ပူပန်ခြင်း-စသည့် နာမ်တရားပိုင်းဆိုင်ရာ ဖောက်ပြန်တတ်သည်။

ယင်းသို့ ရုပ်တရားနာမ်တရားများ ဖောက်ပြန်ပြီး မိမိရန်သူအား ကြမ်းတမ်းစွာ ပြောမှု၊ ကြမ်းတမ်းစွာ ပြုလုပ်မှုများ ဖြစ်ပွားပြန်ကလည်း ထိုရန်သူ ထိခိုက်နာကြင်မှု ဖြစ်သွားလျှင် တရားဥပဒေအရ အရေးယူခြင်းခံရပေမည်။ တရားမဝင်သောနည်းဖြင့်လည်း တုန့်ပြန်မှု ခံရပေမည်။ နောင်ဘဝအဆက်ဆက်လည်း ယင်းဒေါသအရင်းခံသည့် အကုသိုလ်ကံ၏အကျိုးကို ခံစားရဖွယ် ရှိပေသည်။ ဤသို့စသည်ဖြင့် ဒေါသ၏အပြစ်များကို တွေးတောဆင်ခြင်၍ ရန်သူ၏အပေါ်၌ ဒေါသမဖြစ်ပွားအောင် စောင့်ထိန်းသင့်ပေသည်။

ဒေါသမဖြစ်ပွားမှသာလျှင် ဒေါသအရင်းခံ၍ ဖြစ်ပေါ်တတ်သည့် ရန်တရားများ ချုပ်ငြိမ်းပပျောက်သွားမည်ဖြစ်ပေသည်။ ရန်တရားများ ချုပ်ငြိမ်း ကင်းစင်မှသာလျှင် အမှန်-သစ္စာတရားကို သိမြင်နိုင်ရန် လွတ်လွတ်လပ်လပ် ကြိုးစားအားထုတ်နိုင်ကြပေလိမ့်မည်။

ထို့ကြောင့် ရန်ခုတ်ဖြစ်စေသည့်ဒေါသကို မဖြစ်ပွားစေရန် စောင့်ထိန်းကြပါလေ။

၂။ **သည်းခံတရားထားခြင်း။** ။ပါဠိဘာသာဖြင့် ခန္တီခေါ် တရားကို သည်းခံခြင်းဟု မြန်မာပြန် ဆိုရသည်။

**ယင်း** သည်းခံခြင်းမှာ မိမိကြုံတွေ့လာသည့် ကောင်း,မကောင်း၊ ကြိုက်, မကြိုက် တရားသဘောရှိသည့်သတ္တဝါများ အာရုံတရားများကြောင့် တပ်မက်မှု-**လောဘ**၊ ပြစ်မှားမှု-**ဒေါသ**၊ တွေဝေမှု-**မောဟ**မဖြစ်စေရန် မိမိစိတ်ကိုအောင့်အည်းထားနိုင်ခြင်းဖြစ်သည်။ခွင့်လွှတ်နိုင်ခြင်းဖြစ်သည်။

သည်းခံခြင်းတရားရှိလျှင် မိမိအတွက်လည်း အပြစ်တစုံတခုကိုမျှ မလွန်ကျူးမိစေပဲ အကျိုးရှိသည်။ မိမိရန်သူအတွက်လည်း မကောင်းကျိုးတစုံတရာမဖြစ်ပေါ်စေပဲ အကျိုးရှိသည်။ ဤသို့ နှစ်ဦးသားလုံး၏အကျိုးတရားကို ဆောင်ရွက်ပေသည်။ တို့ကြောင့် မိမိအားရန်ပြုလာသူအား တစုံတခု မကောင်းမှုမပြုလုပ်မိစေရန် သတိထား၍ သည်းခံသင့်ပေသည်။ သည်းခံခြင်း တရားလောက် အကျိုးကို ဖြစ်စေနိုင်သည့်တရား မရှိကြောင်းကို ဘုရား စသောသူတော်ကောင်းများ ဟောကြားတော်မူကြသည်။

ယင်းသို့ ဟောတော်မူသည့် အတိုင်းပင်လျှင် လူသုံးပါးတို့၏ ခေါင်းဆောင် ဆရာကြီးတဆူဖြစ်တော်မူသော မြတ်စွာဘုရားသည် မိမိအားတိုက်ခိုက်လာသော မာရ်နတ်သား၊ ဒေဝဒတ်၊ အာဠဝကဘီလူး၊ နာဠာဂီရိဆင်-စသည့်ရန်သူတို့အား ရန်တုန့်မမူပဲ ကြည်ကြည်ဖြူဖြူ သည်းခံတော်မူခဲ့ပေသည်။ ခွင့်လွှတ်တော်မူပေသည်။

နှစ်ဦးပါဝ ခန္တိဝါဒီရသေ့ဖြစ်စဉ်တုန်းကလည်း ကလာဗုမင်းက နှိပ်စက်ညှဉ်းဆဲ၍ လက်, ခြေ, နှာခေါင်း, နားရွက်များကို ဖြတ်တောက်သော်လည်း ရန်တုန့်မမူပဲ ကြည်ကြည်ဖြူဖြူ ခွင့်လွှတ် သည်းခံတော်မူခဲ့ပေသည်။

ယင်းသို့ ဘုရားအစရှိသော သူတော်ကောင်းတို့ ကျင့်သုံးသည့် သည်းခံခြင်းတရားကို စွဲမြဲစွာလက်ကိုင်ထား၍ အကျိုးတရားကြီးမားလှစွာသော သည်းခံခြင်းတရားကို မိမိအား ရန်ပြုလာသူ၏အပေါ်၌ထား၍ ရန်တုန့်မမူပဲ သည်းခံသင့်ပေသည်။

သည်းခံခြင်းဟူသည်မှာ ရန်သူ၏ပြုမူချက်များကို ရန်တုန့်မမူပဲ ကြည်ကြည်ဖြူဖြူ ခွင့်လွှတ်နိုင်ခြင်း, အောင့်အည်း စောင့်စည်းနိုင်ခြင်း-ဖြစ်ပေသည်။ ခွင့်လွှတ်နိုင်ခြင်းဖြစ်သည်။

ရန်သူကိုရန်မမူပဲ အောင့်အည်းကာ ကြည်ကြည်ဖြူဖြူ ခွင့်လွှတ်နိုင်မှသာ ရန်ခေတ်များငြိမ်းအေးမည်ဖြစ်သည်။ ထို့ကြောင့် ရန်ခေတ်ငြိမ်းအေးစေရန်အတွက် သည်းခံခြင်းတရားကိုလက်ကိုင်ထားသင့်လှပေသည်။

၃။ သေဘေးဖြင့်ညှိနှိုင်းဖြေခြင်း။ ။"ဇီဝိန်တင်းလင်း၊ သက်ရှင်ခြင်းကား၊ သေခြင်း နောက်ဆုံးပါတကား" ဟူသော လယ်တီဆရာတော်ဘုရား ရေးသားတော်မူသည့် သံဝေဂလင်္ကာသည် မြတ်စွာဘုရား ဟောကြားတော်မူသည့် တရားဒေသနာတော်နှင့် ကိုက်ညီလှပေသည်။

ယင်း သံဝေဂလင်္ကာကို ရွတ်သံကြားလိုက်ရလျှင် အသက်ရှင်နေသူဟူသမျှ သေကြရမည်ဖြစ်ကြောင်းကို ထင်းကနဲ သဘောပေါက်နားလည်စေနိုင်ပေသည်။

မြတ်ဗုဒ္ဓရှင်တော်ဘုရား လက်ထက်တော်အခါက ကောသမ္ဗီပြည်၌ သီတင်းသုံးတော်မူကြသည့် ရဟန်းတော်များ ငြင်းခုံခိုက်ရန်ဖြစ်ပွားကြသောအခါ မြတ်စွာဘုရားကိုယ်တော်တိုင်ပင် ဖျန်ဖြေ၍မရပဲ ပုလလေယျတောသို့ ထွက်ခွာသွားတော်မူရသည်။ ယင်းရဟန်းတော်တို့၏အငြင်းပွားမှုပွဲကြီးကို အကြောင်းပြု၍—

"ငါတို့သည် အမှန်မုချ သေဆုံးကြရလိမ့်မည်ဟု မသိကြကုန်သောသူတို့သည် ငြင်းခုန်ဒေါသ ရန်ဖြစ်ကြကုန်သည်။
ငါတို့သည် အမှန်မုချ သေဆုံးကြရလိမ့်မည်ဟု သိမြင်ကုန်သောသူတို့သည် ငြင်းခုံမပွား ရန်မများပဲ တရားဓာတ်ကိန်းအေးငြိမ်းကြရလေသည်"(ဓမ္မပဒဂါထာ-၆)—

ဟူ၍ ဟောတော်မူသည်။

ထို့ကြောင့် "ငါ့ကိုရန်ပြုသူသည်လည်းကောင်း၊ ငါကိုယ်တိုင်သည်လည်းကောင်း တနေ့ကျလျှင် ကေန်မုချ သေကြရမည်သာဖြစ်သည်။ တဦးနှင့်တဦးရန်ပြု၍ အချိန်ဖြုန်းရန် မသင့်တော်ပေ"ဟု သေဘေးနှင့်ညှိနှိုင်းပြီး ရန်ဓာတ်ဒေါသကို ပယ်ခွာကြရပေမည်။ ယင်းသို့ ရန်ဓာတ်ဒေါသတရားကို ပယ်ခွာနိုင်မှသာ ရန်စသိမ်း၍ ငြိမ်းချမ်းမှုကို ရနိုင်မည်ဖြစ်သည်။

ရန်ဓာတ်သိမ်း၍ အေးငြိမ်းမှုရမှသာလျှင် တရားအမှန်-သစ္စာဉာဏ်ကိုသိမြင်ရန်အတွက် ပွားများအားထုတ်နိုင်မည် ဖြစ်သည်။ ထို့ကြောင့်

မိမိနှင့် မိမိရန်သူ နှစ်ဦးလုံးကို သဘောနှင့်ညှိ၍ ရန်ခေတ်ကို ငြိမ်းအေးစေရမည်။

၄။ ကျေးဇူးအထူးကိုတွေးခြင်း။　　။လူသားအချင်းချင်း ဆက်ဆံပေါင်းသင်းရာ၌မကောင်းသည့် အကြောင်းအရာ ရှိသကဲ့သို့ပင် ကောင်းမြတ်သည့်အကြောင်းများလည်း ရှိနိုင်ပေသည်။ ယင်းသို့ရှိရာတွင် မကောင်းသည့်အချက်ကို "ပုထုဇဉ်သဘာဝ ဖြစ်တတ်ကြသည်၊ မတော်တဆဖြစ်သည်"ဟု ခွင့်လွှတ်လျှင်လည်း ရန်ငြိုးပြေနိုင်သည်။

မိမိအပေါ်၌ ကောင်းသည့်အကြောင်း ပြုဖူးသည်ကို ရှာကြံမတွေ့ရလျှင်လည်း မိမိနှင့်ခင်မင်ရင်းနှီးသူများ၌ ပြုဖူးသည့် ကောင်းမြတ်သည့်အချက်များကိုကြည့်၍ "တော်ပေသည်၊ ကောင်းပေသည်၊ ငါချစ်ခင်သူများကို ကောင်းမြတ်သည့်အလုပ်ကို လုပ်ပေသည်"ဟု တွေးကြံလျှင်လည်း ရန်ငြိုးပြေစေနိုင်သည်။

ထို့ပြင် မိမိကြည်ညိုကိုးကွယ်သည့် သာသနာတော်ကို ကောင်းမှုပြုဖူးခြင်း၊ မိမိနိုင်ငံ၏ ကောင်းမြတ်စေမှုကို ပြုဖူးခြင်း၊ မိမိလူမျိုး၏ ကောင်းမြတ်မှုကို ပြုဖူးခြင်း၊ လူသားတို့၏ ကောင်းမြတ်မှုကို ပြုဖူးခြင်း၊ သတ္တဝါတို့၏ ကောင်းမြတ်မှုကို ပြုဖူးခြင်း-စသော မိမိရန်သူ၏ ပြုဖူးသော ကောင်းမြတ်သည့် အလုပ်များကို တွေးကြံလျက်"ဒီလိုလူကောင်း တယောက်ကို ခွင့်လွှတ်ပါတော့မည်"ဟု ဆုံးဖြတ် ခွင့်လွှတ်လျှင်လည်း ရန်ငြိုးပြေနိုင်ပေသည်။

မိမိအား မိမိရန်သူက ပြုလုပ်သည့် မကောင်းသည့်အချက်ထက်ကြီးလေးသော မကောင်းသည့်အချက်များကို တွေးလျက်"သူလုပ်တာကလေးက တော်သေးသည်၊ သည်ထက်ကြီးသည့် မကောင်းသည့်အချက်ကို မလုပ်လိုက်ခြင်းကိုပင် ကျေးဇူးတင်ရပေသည်"ဟု တွေးကြံ၍ ကျေးဇူးတင်လျှင်လည်း ရန်ငြိုးပြေနိုင်သည်။

ဤရန်ငြိုးပြေနည်း၌ ထင်ရှားသိသာစေရန် အရှင်ပုဏ္ဏ၏ ရန်ငြိုးပြေသည်းခံနည်းကို အကျဉ်းမျှဖော်ပြပါအံ့။—

## အရှင်ပုဏ္ဏ၏ သည်းခံမှု

မြတ်စွာဘုရား။ ။ချစ်သား ပုဏ္ဏ....သုနာပရန္တတိုင်းသားတို့သည် ကြမ်းတမ်းကုန်၏၊ သူတို့က သင့်ကို "ဆဲရေးကြလျှင်" သင် မည်သို့သဘောထားမည်နည်း။

အရှင်ပုဏ္ဏ။ ။အရှင်ဘုရား သုနာပရန္တတိုင်းသားတို့က ဆဲရေးကြလျှင် သူတို့သည်ဆဲရေးရုံမျှသာပြုကြသည်၊ "မရိုက်နှက်သေးသောကြောင့် ကျေးဇူးတင်သည်" ဟု သဘောထားပါမည်ဘုရား။

မြတ်စွာဘုရား။ ။သူတို့ကလက်ဖြင့် ရိုက်နှက်လျှင်ကော သင်မည်သို့သဘောထားမည်နည်း။

အရှင်ပုဏ္ဏ။ ။ရိုက်နှက်ရုံသာ ပြုလုပ်ကြသည် "ခဲဖြင့်မပေါက်၊ တုတ်ဖြင့်မရိုက်၊ ဓားဖြင့်ခုတ်၍ မသတ်ဖြတ်ကြသေးသောကြောင့် ကျေးဇူးတင်ရပေသည်" ဟု သဘောထားပါမည်ဘုရား။

မြတ်စွာဘုရား။ ။သူတို့က ဓားဖြင့်ခုတ်၍ သတ်ဖြတ်လျှင်ကော ဘယ်လိုသဘောထားမည်နည်း။

အရှင်ပုဏ္ဏ။ ။ဓားဖြင့်ခုတ်၍ သတ်ဖြတ်လျှင်တော့ "အရိယာသူတော်ကောင်းတို့သည် ဤခန္ဓာကိုယ်ကို ရွံမုန်းတော်မူကြသည် ယခု သူတို့သည် ငါ့ကို ဤခန္ဓာကိုယ်နှင့် ကင်းငြိမ်းအောင် ပြုလုပ်ပေးကြသည်" ဟု ကျေးဇူးတင်ပါမည်ဘုရား—

ဟူ၍ အရှင်ပုဏ္ဏကေရက လျှောက်ထားသောအခါ မြတ်စွာဘုရားရှင်က "သာဓု" ခေါ်တော်မူသည်။ (မ ၃၊ နှာ-၃၁၂)

ဤ အရှင်ပုဏ္ဏ၏ နည်းကိုယူလျက် မိမိရန်သူက မိမိအပေါ် မကောင်းမှုပြုလုပ်သည်ကို ကျေးဇူးတရားတွေးကြံ၍ ခွင့်လွှတ် သည်းခံလျှင်လည်း ရန်ငြိုးဒေါသ ပျောက်ကင်းသွားနိုင်ပေသည်။

၅။ **ယှဉ်ပြိုင်မှုကို မပြုလုပ်ခြင်း။**　　။ရန်သူပေါ်ထွက်ရာဌာနကို ဖော်ပြခဲ့ရာ၌ "သူကမြင့်သည်၊ ငါကနိမ့်သည်၊ ငါကဝသည်၊ သူကပိန်သည်-စသည်ဖြင့် နှိုင်းယှဉ်မှုပြုရာမှ ရန်ဖြစ်ပေါ်တတ်သည်" ဟု ရေးသားခဲ့သည်ကို စာရှုသူ မှတ်မိလိမ့်မည်ဟု ထင်ပါသည်။မမှတ်မိလျှင်(ဤကျမ်း၊ နှာ-၁၅၉)နေရာကို ပြန်ကြည့်လိုက်စေချင်ပါသည်။ ရန်ဟူသည်မှာ အချင်းချင်းယှဉ်ရာ နှိုင်းရာ ပြိုင်ရာမှစ၍များစွာပင် ပေါ်ထွက်တတ်လှပါသည်။

ရန်သူဟူ၍ ပေါ်ပေါက်လာလျှင် ယင်း နှိုင်းယှဉ် ပြိုင်ဆိုင်မှုမှ စတင်သည်ကို တွေ့ကြရမည်ဖြစ်ပါသည်။ ရန်သူဖြစ်သူက မိမိအား ရန်ပြုခြင်းမှာ နှိုင်းယှဉ်ပြိုင်ဆိုင်မှုမှ ပေါ်ထွက်လာတတ်သလိုပင် မိမိကလည်း ရန်သူကို တဖန်ပြန်လှန်၍ နှိုင်းယှဉ်ပြိုင်ဆိုင်မှု ပြုလာသည်ကို တွေ့ရပေလိမ့်မည်။ ယင်းသို့ သူသာကိုယ်သာ နှိုင်းယှဉ်ပြိုင်ဆိုင်ရာမှ ရှုံးနိမ့်သောအခါ "တရားသောနည်းဖြင့် ရလျှင်ရ၊ မရလျှင် မတရားသောနည်းဖြင့် အနိုင်ရအောင်ယူမည်၊ အရှုံးတော့ မခံ" ဟူ၍ အကုသိုလ်စိတ်များ ဖြစ်ပွားဦးဆောင်၍ ရန်ပွဲ, တိုက်ပွဲ, ခိုက်ပွဲ-အကြီးအကျယ် ဖြစ်တတ်ကြချေသည်။ ဤဘဝရှုံးလျှင် နောက်ဘဝမှာ အနိုင်ရအောင် ယူမည်ဟု ကြံစည်ဆုတောင်းခြင်း ဆုပန်ခြင်းများပင် ပြုလုပ်ကာ ကမ္ဘာရန် ဖြစ်သွားတတ်ကြချေသည်။

ပြိုင်ဆိုင်ကျီစား စကားအနိုင်ပြောခြင်း, လှောင်ပြောင်ပြောဆိုခြင်း, ကစားကလူ ကျီစယ်ခြင်း-တို့မှ စတင်ကာ အနိုင်မခံ အရှုံးမပေးစိတ်များ ဝင်လာပြီး ရန် ဖြစ်ပွားခြင်း, ရန်ငြိုးထားခြင်းများ အကြီးအကျယ် ဖြစ်လာတတ်ပေသည်။

ဘုရားဝတ်ပြုသည့် အဖွဲ့အသင်းများ၊ ကျောင်းပြိုင် ဘုန်းကြီးကိုးကွယ်မှုပြုခြင်း, ကုသိုလ်ကောင်းမှုပြုလုပ်သည့် အဖွဲ့အစည်း အသင်းအပင်းများ ပြုလုပ်ဆောင်ရွက်ခြင်း—စသည်တို့၌ သူသာကိုယ်နိုင် ပြိုင်ဆိုင်ခြင်းများနှင့် ဥက္ကဋ္ဌ အတွင်းရေးမှူး စသည့် နေရာယှဉ်ပြိုင်လုခြင်းတို့မှ စတင်ကာ ငြင်းပွဲ, ရန်ပွဲများ အကြီးအကျယ်ဖြစ်ပွားကာ အကုသိုလ်ကြီးများ ဖြစ်ကြကာ အပါယ်ငရဲစာ ဖြစ်သွားတတ်ကြချေသည်။

ဒီမိုကရေစီခေါ် အများသဘောကျ ဖြစ်ရန်အတွက် ယှဉ်ပြိုင်မဲပေး အရွေးခံကြရာမှ အနိုင်အရှုံးပေါ်၌ မကျေနပ်ပဲ ရန်ပွဲကြီးများ ဖြစ်ရသည်ကို အထူးသတိပြု မှတ်သားသင့်ကြပေသည်။

ဤသည်တို့မှာ ယှဉ်ပြိုင်မှုကြောင့်သာ ဖြစ်ပေါ်လာသည့် ရန်ခေတ်များဖြစ်သည်။ ယင်း ယှဉ်ပြိုင်လိုမှုကို ပယ်ရှားနိုင်မှသာလျှင် ရန်ခေတ်ကင်းဝေး ငြိမ်းအေးမှု ရကြလိမ့်မည်ဖြစ်သည်။ သူနိုင် ကိုယ်နိုင် ပြိုင်ဆိုင်တိုက်ခိုက်နေကြလျှင်မူကား မည်သူမျှ အနိုင်မရပဲ အရှုံးကြီးကိုသာ ရကြမည်ဖြစ်သည်။ အခြား ပါးနပ်လိမ္မာသည့် ကြားလူများသာ အမြတ်ရကြပေလိမ့်မည်။

ထို့ကြောင့် ရန်ခေတ်ငြိမ်းအေးစေလိုလျှင် ရန်သူအား ဖက်ပြိုင်တိုက်ခိုက်ခြင်းမပြုပဲ "ရန်သူကသာလျှင် အနိုင်ယူပါစေ၊ ငါကမူ ပြန်လှန်၍ ယှဉ်ပြိုင်တိုက်ခိုက်ခြင်းမပြုပဲ အရှုံးခံ၍ကိုယ်အကျိုးရှိရာ အကျိုးရှိကြောင်းများကိုသာ လုပ်ကိုင်နေပါတော့မည်"ဟု သဘောထားကာ ပြိုင်ဆိုင်မှုကိုမပြုပဲ ရှောင်ကြဉ်သင့်ပေသည်။ ယင်းသို့ ပြိုင်ဆိုင်မှုကို မပြုလုပ်ပဲ ရှောင်ရှားလျှင်လည်း ရန်ခေတ် ငြိမ်းအေးသွားတတ်ပေသည်။

၆။ **ဗြဟ္မစိုရ်အဆင့်ဆင့်ပွား။** ။ဗြဟ္မစရိယ—ဟူသည့် ပါဠိစကားလုံးသည် "မြင့်မြတ်သူတို့၏ အကျင့်တရား" ဟူ၍ မြန်မာလို အနက်အဓိပ္ပာယ်ရှိသည်။ လူဖြစ်စေ၊ နတ်ဖြစ်စေ၊ ဗြဟ္မာဖြစ်စေ မြင့်မြတ်သောသဘောရှိသူတို့သည် အမြဲမပြတ် သတ္တဝါတွေအပေါ်၌ ရှုမှတ်ပွားများသည့်တရားဟု ဆိုလိုသည်။

ယင်း မြင့်မြတ်သူတို့**၏** အကျင့်တရားဟု အနက်အဓိပ္ပာယ်ရှိသည့် "ဗြဟ္မစရိယ" ဟူသော ပါဠိစကားလုံးကို ရှေးမြန်မာပညာရှင်များက "ဗြဟ္မစိုရ်တရား"ဟု ပါဠိပျက် မြန်မာစကားလုံးပြုလုပ်၍ မြန်မာပြန်ဆိုခဲ့ကြသည်။ ဗြဟ္မစိုရ်တရားသည် လေးမျိုးရှိသည်။ လေးမျိုးမှာ—

(က) မေတ္တာ-ချစ်ခင်ခြင်း၊
(ခ) ကရုဏာ-**သနားခြင်း**၊

(ဂ) မုဒိတာ-ဝမ်းမြောက်ခြင်း၊
(ဃ) ဥပေက္ခာ-လျစ်လျူရှုခြင်း—
ဟူ၍ လေးမျိုးဖြစ်သည်။

ရန်သူတဦးဦး ဖြစ်ပေါ်လာလျှင် ယင်း ဗြဟ္မစိုရ်တရားလေပါးဖြင့် ရှုမှတ်ပွားများလျှင်လည်း ရန်သူ့အပေါ်၌ ဖြစ်ပေါ်နေသည့် ရန်ခတ်-ဒေါသတရား ကင်းပျောက် သွားနိုင်ပေသည်။ ရှေ့ဝတ်ရွတ်မှုမှန်အခန်းမှာလည်း ရေးဦးမည်ဖြစ်ပေရာ ဤ၌ပွားများပုံအကျဉ်းချုပ်မျှရေးပါအံ့—

(က) မေတ္တာပွားပုံ။ ။မေတ္တာကို ရှေးမြန်မာပညာရှင်များက "ချစ်ခြင်း၊ ချစ်ခင်ခြင်း" ဟူ၍ မြန်မာပြန်ဆိုခဲ့ကြသည်။ ယင်း မေတ္တာခတ်ဝင်၍ ချစ်ခင်သူတဦးရှိပြီဆိုလျှင် ထိုသူထံမှ ဘာမျှမရသည်ဖြစ်စေ၊ ရသည်ဖြစ်စေ မရမှု ရမှုကို ဂရုမထားပဲ မိမိကချစ်ခင်နေသူအား စီးပွားချမ်းသာဖြစ်စေချင်၍ နေတတ်လေသည်။ မေတ္တာအမှန်တကယ်ရှိလာလျှင် ယင်း စီးပွားချမ်းသာဖြစ်စေချင်သည့် သဘာဝကလေးဖြစ်တတ်သည်။ ထို့ကြောင့် မေတ္တာ၏အမှတ်အသားမှာ စီးပွားချမ်းသာဖြစ်စေလိုခြင်းပင် ဖြစ်သည်။

စီးပွားချမ်းသာကိုလိုလားသည့် စိတ်ခတ်အရင်းခံ၍ စီးပွားချမ်းသာဖြစ်စေရန်အတွက်-

အဝေရာ ဟောန္တု = ရန်မရှိကြပါစေနှင့်၊
အဗျာပဇ္ဈာ ဟောန္တု = စိတ်ဆင်းရဲ မဖြစ်ကြပါစေနှင့်၊
အနီဃာ ဟောန္တု = ကိုယ်ဆင်းရဲ မဖြစ်ကြပါစေနှင့်
သုခီ အတ္တာနံ ပရိဟရန္တု = မိမိကိုယ်ကို ချမ်းသာအောင် ထားနိုင်ကြပါစေ—

ဟူ၍ ရွတ်ဆို မေတ္တာပို့သည့် အစဉ်အလာရှိသည်။ မေတ္တာပို့ခြင်းပင်ဖြစ်သည်၊ အခြား စီးပွားချမ်းသာရှိစေရန် ရည်ညွှန်းသည့် ပါဠိ-မြန်မာ လိုရာဝေါဟာရများဖြင့်လည်း မေတ္တာပို့နိုင်သည်။

ယင်း မေတ္တာပို့ခြင်းသည် တဦးတယောက်ကို သတ်မှတ်ပိုင်းခြားသည့် **ဩဓိသမေတ္တာပို့နည်းနှင့်** မည်သူကိုမျှမသတ်မှတ် မပိုင်းခြားပဲ မေတ္တာပို့

သည့်အနောဓိဿမေတ္တာပို့ဟူ၍ နှစ်မျိုးရှိသည်။ အနောဓိဿမေတ္တာပို့နည်းကိုနောက်လာမည့် မေတ္တာခံပို့အပိုင်းရောက်မှဖော်ပြပါမည်။ ဤဌာမှ မိမိ၏ရန်သူကိုသာသတ်မှတ်ပိုင်းခြား၍ မေတ္တာပို့ရန်လိုအပ်ပါသည်။

မေတ္တာပို့ရာ၌ ပါးစပ်မှသာ "ရန်မရှိပါစေနှင့်" စသည်ဆိုရန်မဟုတ်ချေ။ ကိုယ်ဖြင့်လည်း "ရန်မရှိစေရန်" လုပ်ရမည်။ ပါးစပ်မှလည်း ရန်မရှိစေရန် ဆိုရမည်။ စိတ်မှလည်း ရန်မရှိစေရန် လိုလားရမည်ဖြစ်သည်။ အချုပ်အားဖြင့် စီးပွားချမ်းသာရှိစေရန်အတွက်-

ကာယကံမှု-ကိုယ်ဖြင့်လုပ်ခြင်း၊
ဝစီကံမှု-နှုတ်ဖြင့်ပြောခြင်း၊
မနောကံမှု-စိတ်ဖြင့်ကြံခြင်း—

များ ဖြစ်စေရမည်ဟု ဆိုလိုပေသည်

ယင်းသို့ မေတ္တာမှုပြုလျှင်လည်း မိမိ၏ရန်သူသည် စိတ်ကောင်းဝင်လာ၍ ရန်ပြေသွားနိုင်သည်။ မိမိ၏စိတ်ထဲမှာရှိသည့် ရန်ဓာတ်-ဒေါသသည်လည်း ပြေပျောက်သွားနိုင်ပေသည်။ အကယ်၍ မပြေပျောက်သေးလျှင် ကရုဏာပြဟ္မစိုရ်ကို တဆင့်တက်ပွားရမည်။

**(ခ) ကရုဏာပွားပုံ။** ။ ကရုဏာဟူသည် ဆင်းရဲဒုက္ခ ရောက်နေသူအပေါ်၌ ဆင်းရဲဒုက္ခကို ပယ်ဖျောက်ပေးလိုခြင်းပင်ဖြစ်သည်။ မိမိ၏ရန်သူကိုလည်း မိမိအား ရန်ငြိုးထား ရန်ပြုနေခြင်းဖြင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်နေမည်ကို မှန်းဆသိမြင်ရမည်။ နောင်အခါ၌လည်း ယင်းရန်ငြိုးထားမှု ရန်ပြုမှုတို့ကြောင့် မကောင်းကျိုးများရ၍ ဆင်းရဲဒုက္ခရောက်မည်ကိုလည်း မှန်းဆကြည့်ရမည်။

မိမိရန်သူအား အထက်ပါအတိုင်း သနားစရာ သတ္တဝါကလေးတယောက်အဖြစ် သိမြင်လာလျှင်"သူသည် ဤဆင်းရဲစုမှ လွတ်ပါစေ" ဟု ဆုတောင်းရမည်။ ယင်းဆင်းရဲစုမှလွတ်ရန် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု -ပြုလုပ်ရမည်။ ဤသို့ပြုခြင်း သည်ပင် ကရုဏာပွားခြင်း ဖြစ်သည်။

ယင်းကရုဏာပွားခြင်းသည်လည်း မိမိလိုအပ်သူကို သတ်မှတ်ပိုင်းခြား ပွားခြင်း - ဩဓိသကရုဏာ၊ မရည်မှတ်ပဲ သတ္တဝါတိုင်းအားပွားခြင်း အနောဓိသကရုဏာဟု နှစ်မျိုးရှိသည်။ ဤ၌မူ မိမိရန်သူကိုသာသတ်မှတ်၍ ဩဓိသကရုဏာ ပွားရမည်။ ပွားလျှင်မိမိ၌ဖြစ်ပေါ်သည့်ရန်ခေါင်း-ဒေါသ နှင့် ရန်သူ၌ဖြစ်ပေါ်နေသည့် ရန်ခေါင်း-ဒေါသ ငြိမ်းလိမ့်မည်။

ကရုဏာပွား၍မှ ရန်မပြေပျောက်သေးလျှင် မုဒိတာပြဟ္မစိုရ် ဆက်လက်ပွားရမည်။

(ဂ) **မုဒိတာပွားပုံ**။ ။မုဒိတာဟူသည်မှာ ချမ်းသာသုခရှိနေသူအပေါ်၌ ယင်းချမ်းသာမှု တည်မြဲနေစေလိုခြင်း၊ ယင်းချမ်းသာမှုကိုသိ၍ ဝမ်းသာခြင်းပင်ဖြစ်သည်။

ယင်းမုဒိတာသည်လည်း သတ်မှတ်ပိုင်းခြားသည့် ဩဓိသနှင့် မသတ်မှတ် မပိုင်းခြားသည့် အနောဓိသ-ဟူ၍ ပို့ပုံနှစ်မျိုးရှိသည်။ ဤ၌မူ မိမိ၏ ရန်သူကိုသာရည်မှတ်၍ ဩဓိသမုဒိတာပွားသင့်သည်။

မိမိရန်သူသည် ချမ်းသာသုခ ရရှိနေပုံ စည်းစိမ်ဥစ္စာ ပြည့်စုံပုံများကိုလည်းကောင်း၊ မိမိအပေါ်၌ ဆန့်ကျင်ဘက်ပြုလုပ်ရသောကြောင့် နှစ်သက်အားရ ဖြစ်နေပုံကိုလည်းကောင်း အာရုံပြု၍ "တော်ပါပေသည်၊ ကောင်းပါပေသည်၊ နှစ်သက်အားရမှုဖြစ်ပါစေ" ဟူ၍ သူနှစ်သက်အားရ ဖြစ်သည်ကို မိမိကကျေကျေနပ်နပ် လက်ခံနိုင်ခြင်းသည်ပင် မိမိရန်သူအပေါ်၌ မုဒိတာပွားခြင်းဖြစ်သည်။

ယင်းသို့ မိမိကမုဒိတာပွား၍ရန်တုန့်မှုမပြုလျှင်လည်း ရန်သူအပေါ်၌ ဖြစ်ပေါ်နေသည့် ရန်ခေါင်း-ဒေါသ ငြိမ်းအေးသွားနိုင်သည်။ ရန်သူ ကိုယ်တိုင်ကလည်း သတိတရားရ၍ ရန်ဆက်မပြုပဲ ငြိမ်းအေးသွားနိုင်သည်။ သို့မှမအေးငြိမ်းလျှင် ဥပေက္ခာပြဟ္မစိုရ် ဆက်ပွားရမည်။

(ဃ) **ဥပေက္ခာပွားပုံ**။ ။ဥပေက္ခာ ဟူသောပါဠိစကားလုံးကို "ဥပ-ဣက္ခ" ဟု နှစ်ပုဒ်ခွဲရသည်။ ဥပ-သင့်လျော်စွာ၊ ဣက္ခ—ရှုမြင်မှု-ဟု အနက်ပြန်ရသည်။ သတ္တဝါ တဦးတယောက်

အပေါ်မှာ ချမ်းသာဖြစ်စေလိုသည့် မေတ္တာခေါ် အဒေါသနှင့် ဆင်းရဲဖြစ်စေလိုသည့် ဒေါသတို့၏ အကြားမှာချ၍ ဘယ်ဘက်ကိုမျှမလိုက်ပဲ "သူ၏ကံနှင့် သူဖြစ်ပါစေ" ဟု သင့်တင့်အောင် ရှုမြင်သုံးသပ်မှုပင်ဖြစ်သည်။ ဟိုဘက် သည်ဘက်မလိုက်ပဲ ကြားချတွေးခေါ်ခြင်းဟု ဆိုလိုပေသည်။

မှန်ပေသည်—မိမိ၏ရန်သူအပေါ်၌ မေတ္တာထား၍ မရနိုင်သောအခါ ဒေါသထားရန်လည်း မသင့်လျော်ချေ၊ အကုသိုလ်ဖြစ်တော့မည်။ ထို့ကြောင့် အသင့်လျော်ဆုံးအလုပ်မှာ "သူ့ကံနှင့်သူသာ ဖြစ်ပါစေတော့-ကမ္မဿကာ" ဟူ၍ စိတ်ထားပွားများရန်သာ သင့်တော်ပေတော့သည်။ ယင်းသို့ စိတ်ထားလိုက်နိုင်လျှင်လည်း ရန်သူအပေါ်၌ ဒေါသတရားပြေပျောက်သွားနိုင်သည်၊ ခေတ်သဘာဝအလျောက် ရန်သူကလည်း မိမိအပေါ်၌ ရန်ခေတ်—ဒေါသ ပပျောက်သွားနိုင်ပေသည်။

ရှေးပညာရှင်ကြီးများကမူ အခြားတနည်းဖြင့်—

"လူဘယောက်အား တစ်၊ နှစ်၊ သုံး နေရာများ ထားမရလျှင် လေးနေရာပို့"—

ဟူ၍ မိန့်ဆိုတော်မူကြသည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ ပွားမရလျှင် ဥပေက္ခာပွားဟူ၍ ဆိုလိုပေသည်။

ထို့ကြောင့် ဆရာကြီးဦးစာကျော်၏ ရန်ခေတ်ပယ်ရှားနည်း လင်္ကာ၌ "ဗြဟ္မစိုရ်တရား၊ ဆင့်ဆင့်ပွားလော့" ဟူ၍ စပ်ဆိုခဲ့ခြင်းဖြစ်ပေသည်။

**၆။ ဝိပဿနာတင် ဆင်ခြင်၍ဖြေ။** ။ဝိပဿနာဟူသည်မှာ အထူးရှုမြင်သုံးသပ်မှု ဖြစ်သည်။ အခြားအခြားသော ဗြဟ္မစိုရ်တရား လေးပါးအပါအဝင် သမထတရားများမှာ ဘုရားမပွင့်ပေါ်မီ ခေတ်အခါများကပင် ရှိကြသော်လည်း ဝိပဿနာတရားမှာမူ ဘုရားရှင်ပွင့်တော်မူခါမှ ဖြစ်ပေါ်လာသည့် တရားထူးတရားဆန်းဖြစ်သည်။

ယင်း ဝိပဿနာတရားမှာ—

(က) မတည်မြဲမှု-အနိစ္စ၊

(ခ) ဆင်းရဲမှု-ဒုက္ခ၊

(ဂ) မစိုးပိုင်မှု-အနတ္တ—

ဟူသော တရားသုံးမျိုးပင် ဖြစ်သည်။

ဝိပဿနာ တရားသည် ဤ အပြင်ရန်ခေတ် ကင်းပျောက်ရန်အတွက် အထက်မြက်ဆုံး လက်နက်ဖြစ်သည်။ အတွင်းရန်သူကို တိုက်ဖျက်ရန် အတွက်လည်း အထက်မြက်ဆုံး လက်နက်ဖြစ်သည်။ ထို့ပြင် အမှန်-သစ္စာတရားကို သိမြင်ရေးအတွက်လည်း ဝိပဿနာတရားကိုသာ အားထားပွားများရမည် ဖြစ်ပေသည်။

ယင်းသို့သော အကြောင်းများကြောင့် ယခု အပြင်ရန်ခေတ်များကို ပယ်ဖျောက်ရန်အတွက် ဖော်ပြစဉ်အခါကမှစ၍ အနိစ္စ, ဒုက္ခ, အနတ္တ—ဟူသော ဝိပဿနာတရား အကြောင်းကို အသင့်အတင့် သဘောကျအောင် နှလုံးသွင်း လေ့လာထားရန် သင့်ပေသည်။ ကျေးဇူးများလှပေသည်။

(က) မတည်မြဲမှု—အနိစ္စ။ ။ကမ္ဘာလောကတခုလုံး၌ ပညတ်နှင့်ပရမတ် ဟူ၍ တရားနှစ်မျိုးသာရှိသည်ကို ဖော်ပြခဲ့ပြီးဖြစ်သည်။ ယင်းနှစ်ပါးတွင် အမှန်တကယ်ရှိသော ပရမတ်တရားသားကိုသာ ဝိပဿနာ ရှုရမည်ဖြစ်သည်။ ပရမတ်တရားသည်လည်း ဖြစ်, ပျက် ပြောင်းလဲ၍ ပြုပြင်စီရင်မှုရှိသည့် **သင်္ခတ** တရားနှင့် ဖြစ်, ပျက် ပြောင်းလဲခြင်း ပြုပြင်စီရင်ရခြင်းမရှိသည့် အသင်္ခတ-တရားဟူ၍ နှစ်မျိုး ရှိပြန်ပေရာ သင်္ခတ-တရားမျိုးကိုသာ ဝိပဿနာတရား ရှုမှတ်ရမည်ဖြစ်သည်။ [သင်္ခတနှင့် အသင်္ခတကို ဤကျမ်းနှာ (၄၅ - ၄၈) ပြန်ကြည့်ပါ။]

သင်္ခတ—တရားစုထဲမှာပင်လျှင် လောကုတ္တရာခေါ် လောကမှ ထွက်မြောက်ကြောင်းဖြစ်သည့် မဂ်တရား, ဖိုလ်တရားများကို ဝိပဿနာတင် ဆင်ခြင်ရန်မသင့်ပေ။ ယင်းတရားတို့သည် အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘော ရှိသည့် သင်္ခတ တရားများပင် ဖြစ်သော်လည်း အသင်္ခတ-

တရား နိဗ္ဗာန်ရောက်ရေးအတွက် မရှိမဖြစ် အရေးပါအရာရောက်သော တရားဖြစ်၍ အပြစ်အဖြစ် ဝိပဿနာဘင်၍ ရှုမှတ်ဆင်ခြင်ရန် မသင့်ကြချေ။ ကျန် လောကီသခ်တ-တရားမျှားကိုသာ ဝိပဿနာတင် ဆင်ခြင်သုံးသပ်ရမည်ဖြစ်သည်။ သခ်တ-ခေါ် ဖြစ်, ပျက် ပြောင်းလဲ့တတ်၍ ပြုပြင်စီရင်ရခြင်း သဘောရှိသည့် တရားတို့သည် စက္ကန့်ပိုင်းအချိန်ကလေး လောက်မျှပင် တည်တံ့ခိုင်မြဲသည့်တရားမျိုး မဟုတ်ကြလေ။ ဖြစ်လိုက်ပျက်လိုက်ဖြင့် ပြောင်းလဲလျက်သာ ရှိကြပေသည်။ ယင်း ပြောင်းလဲနေမှုသည်ပင် တစ်ခုဖြစ်ပြီး အလျင်အမြန်ပျက်၍ အခြားတစ်ခုအဖြစ် ပြောင်းလဲသွားရိုး သဘောရှိသည်။ တစ်ခုမှ အခြားတစ်ခု ဖြစ်သွားသည်ကိုပင် ပြောင်းလဲ့ သည်ဟု လောက၌ ခေါ်ကြသည်။

ယင်းသို့ ပြောင်းလဲ့ရာ၌ တစ်ခုမှ အခြားတစ်ခု ဖြစ်သွားသည်ဟု ဆိုရာတွင် တစ်ခုဟူသော သဘောတရားကလေး ပျက်စီးသွားပြီးမှသာ အခြားတစ်ခုဟူသော သဘောတရား ဖြစ်သွားသည်ကိုပင် ဆိုလိုပေသည်။

တစ်ခုဟူသော သဘောတရားကလေး ပျက်မသွားပဲ အခြားတစ်ခုဟူသော သဘောတရား မဖြစ်နိုင်ချေ။ ယင်းသို့ တစ်ခုမပျက်ပဲ အခြားတစ်ခုမဖြစ်လျှင် ပြောင်းလဲ့မှုဟူ၍လည်း ရှိနိုင်တော့မည် မဟုတ်ပေ။

သို့သော် လက်တွေ့မျက်မြင်အားဖြင့် ပြောင်းလဲ့မှုတွေ တဆင့်ပြီး တဆင့် တသီကြီး တတန်းကြီး ရှိနေသည်။ ယင်းသို့ ပြောင်းလဲ့မှုတွေ ရှိနေသည်မှာ တစ်ခုမှ အခြားတစ်ခုဖြစ်သွားကြောင်း သိနိုင်သည်။ ဉာဏ်ဖြင့် တွေး၍သိနိုင်သည်။ တစ်ခုမှ အခြားတစ်ခုဖြစ်မှုသည် တစ်ခုဟူသော သဘောတရားပျက်သွားပြီးမှ အခြားတစ်ခုဟူသော သဘောတရား ဖြစ်ရသည်ကို သိနိုင်သည်။

ယင်းသို့ ပြောင်းလဲ့သွားပြီးနောက် ပြောင်းလဲ့သည့်အတိုင်း တည်တံ့မနေပါ။ တစ်ခုမှဖြစ်သွားသည့် အခြားတစ်ခုသည်လည်း ပျက်သွားကာ နောက်ထပ် အခြားတစ်ခုဖြစ်၍ ပြောင်းလဲ့သွားရပြန်သည်။

ဤသို့ဖြင့် အဆင့်ဆင့် တစ်ခုပျက်ပြီး အခြားတစ်ခုဖြစ်၊ အခြားတစ်ခုလည်းပျက်၍ နောက်တစ်ခု ဖြစ်ခြင်းဖြင့် ဖြစ် ပျက်, ဖြစ် ပျက် အစဉ်အဘန်းကြီး ပေါ်ပေါက်နေလေသည်။ ပြောင်းလဲနေပေသည်။ ယင်းသို့ ဖြစ်, ပျက် ပြောင်းလဲနေသောကြောင့် အမြဲမရှိမှု အနိစ္စဟုဆိုရပေသည်။ ဤသည်မှာ သခ်ဘခေါ် ပြုပြင်စီရင်ရမှုရှိသည့် ရုပ်နှင့်နာမ်တရားတိုင်း၏ နိယာမသဘောတရားကြီး ဖြစ်ချေသည်။ သခ်တ-တရားဖြစ်သည့် ရုပ်နာမ်တိုင်းမှာ ဖြစ်ပျက်ပြောင်းလဲမှုရှိကြသည်။ယင်းသည်ပင် အဘည်မမြဲမှု -အနိစ္စဖြစ်ပေသည်။

**ဆီမီးဥပမာ**

ရုပ်တရားနာမ်တရားတို့၏ ဖြစ်ပျက်ပုံကိုဗုဒ္ဓစာပေတို့၌ **ဒီပဇာလ-ဆီမီးလျှံ၊နဒီသောတ-ရေအလျဉ်**တို့ကို ဥပမာပြု၍ ဖွင့်ဆိုရေးသားကြသည်။ (အဘိဓမ္မတ္ထသင်္ဂဟ၊ ရုပ်ပိုင်း၊စာပိုဒ်-၅၅။) ဤ၌ ဆီမီးဥပမာတစ်ခုမျှကို သိသာရုံ ရေးသားဖော်ပြလိုပါသည်။

**ဆီမီးခွက်**ဟူသည်မှာ လက်ဖက်ရည်ကြမ်းထည့်၍ သောက်သည့်လက်ဖက်ရည်ကြမ်းသောက် ပန်းကန်မျှရှိသော ခတ်ပက်ပက် ရွှံ့မြေခွက်လုပ်၍ မီးဖုတ်ထားသည့်ခွက်ငယ်ဖြစ်သည်။ယင်း၌ဆီထည့်ပြီး ကျောက်တံလုံးမျှ ပမာဏရှိသည့် ဝါဂွမ်းလိပ်ငယ် ငါးလက်မခန့်အရှည်ရှိသော မီးစာထည့်ကာ အစဘစ်လက်မမျှ ဆီပေါ်မှာ ဖော်လျက်ဆီမီးခွက်နှုတ်ခမ်းကို မှီ၍ထားသည်။

ယင်းမီးစာအစ၏ထိပ်မှ မီးတောက်ဖြင့် ရှို့လိုက်သောအခါ မီးစွဲလောင်ကာ မီးတောက်ငယ် တလက်မခွဲသာသာ အရင်းသေး အလယ်ကြီး အဖျားရှူး တောက်လောင်၍ မီးရောင်အလင်းကို ဖြစ်စေသည်။ အလင်းရောင်မှာ ပေငါးဆယ်မျှအတွင်း လူသူကဲ့ကွဲပြားပြား မြင်တွေ့နိုင်သည်။

ငါးပေမျှအဘွင်း လူငယ်လူရွယ်များ စာဖတ်၍ရနိုင်သည့် အင်အားရှိရှိလင်းလင်းထွန်းပသည်။မီးတောက်တခုအဖြစ်ကိုမှမျက်စိအားကောင်းလျှင် ကောင်းသလို ညဥ့်အခါ၌ တမိုင်ခန့်မှမြင်တွေ့နိုင်သည်။ လျှပ်စစ်မီး၊

ဖရောင်းတိုင်၊ ရေနံဆီမှန်အိမ်၊ မီးခွက်များ မပေါ်မီ ရှေးအခါက ယင်းဆီမီးခွက်ကိုပင် မြန်မာပြည်အရပ်ရပ်၌ သုံးစွဲလေ့ရှိကြသည်။ ဆီမီးတန်ဆောင်ဟု စာပေ၌သုံးစွဲသည်။

အိမ်များမှာလည်း ညဥ့်အခါ အလင်းရောင်ရစေရန် ထွန်းညှိလေ့ရှိသည်။ သီဘင်းကျွတ်ပွဲ၊ တန်ဆောင်တိုင်ပွဲတို့မှာလည်း ဘုရားကျောင်းကန်များမှာ ညှိထွန်းပူဇော်လေ့ရှိကြပေသည်။

ဤမျှဖော်ပြလျှင် သာမန်အားဖြင့် ဆီမီး၏သဘောကိုသိနိုင်လောက်ပြီ ဖြစ်သည်။ ယင်းဆီမီးကို သေသေချာချာသဘောပေါပါဖြင့် လေ့လာကြည့်ကြပါစို့။

ဆီမီးကိုသေသေချာချာလေ့လာကြည့်မည်ဆိုလျှင်—

(က) ဆီမီးခွက်၊
(ခ) ဆီ၊
(ဂ) မီးစာ၊
(ဃ) မီးတောက် (မီးလျှံ)၊
(င) မီးရောင်၊
(စ) မီးရှိန်-

ဟူသော အပိုင်းခြောက်မျိုးကို တွေ့နိုင် သ[illegible]ပေသည်။

ယင်း ခြောက်မျိုးတို့တွင် လေ့လာလွယ်ကူစေရန် အတွက် (ဃ) မီးတောက်ကို ဦးစွာ လေ့လာဖော်ပြပါမည်။ ကျန် က-ခ-ဂ-င-စ- တို့ကို တဖြည်းဖြည်းချင်းမှ အဆက်အစပ်နှင့် လေ့လာတင်ပြပါမည်။

**(ဃ) မီးတောက်။** ။မီးတောက်သည် (ဂ) မီးစာမှာ မီးလောင်သည့် အပိုင်းမှထွက်ပေါ်လာသည့်အရာဖြစ်သည်။ မီးစာနှင့်နီးကပ်ရာမှာ သေး၍ အလယ်ပိုင်းမှာကြီးပြီး အဖျားမှာ ရှူးရှူး သွားသည်။ သာမန်ကြည့်လျှင် မီးစွဲနေသည့် မီးစာမှ မီးတောက် ထွက်လာပြီး အဖျားအထိ တက်သွားသည်ဟု ထင်ရသည်။ သေသေ ချာချာ စူးစိုက်

ကြည့်သော် မီးတောက် အမှုန်ကလေးများသည် တစ်ခုပြီးတစ်ခု တဖွဲဖွဲ ဖြစ်လိုက် ပျက်လိုက်ဖြင့် ဆက်ကာ ဆက်ကာ ဆင့်ကဲ ဆင့်ကဲ တဖြုန်းဖြုန်း တဖျောက်ဖျောက် တလက်လက် ဇာဖျပ်ဖျပ် ဖြစ်လိုက်ပျက်လိုက် ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ တည်တံ့ခိုင်မြဲနေသည့် မီးတောက်ဟူ၍ အပ်ဖျားတထောက်စာကလေးမျှမရှိ တစ်ကြောန့်အချိန်၏ ဆယ်ပုံတစ်ပုံမျှ မရှိသည်ကို တွေ့ရမည်ဖြစ်သည်၊ မီးတောက်ဆုံးလျှင် ပျောက်သွားသည်ကို မြင်တွေ့ရသည်၊ သို့သော် တကယ်ပျောက်သွားသည်မဟုတ်။ မီးရောင် မီးရှိန် အဖြစ် ပြောင်းလဲခြင်းဖြစ်သည်။

(င) မီးရောင်။ ။မီးရောင်သည်မီးတောက်ဖြစ်သည်နှင့်တပြိုင်တည်းပေါ် ပေါက်လာကာ ပတ်ဝန်းကျင် ပေငါးဆယ်မျှ အတွင်း အလင်းရောင်ဖြစ်လာသည်။ယင်းအလင်းရောင်ကိုပင်မီးရောင်ဟုဆိုရသည်။ မီးတောက်မှ ဖြစ်ပေါ်လာသည့် ဝင်းလက်သည့် ရုပ်ရုံဖြစ်သည်။ မီးတောက် ပျောက်လျှင် မီးရောင်လည်းပျောက်သွားသည်။

မီးရောင်သည် မိမိအလင်းခေတ် ပျံ့နှံ့ရာနယ်ပယ်၌ တသမတ်တည်း ငြိမ်သက် တည်တံ့စွာ လင်းနေသည်ဟုထင်ရသည်။ အမှန်မှာယင်းမီးရောင်သည်လည်း တည်တံ့ခိုင်မြဲသည့်တရားမဟုတ်ချေ။ မီးတောက်ပုံစံ အတိုင်းပင်လျှင် မိမိစဖြစ်ရာမီးတောက်မှပြောင်းလဲလာကာ မိမိပျောက်ဆုံးရမည့် နယ်ပယ်ပေငါးဆယ်ခန့်အထိအရှိန်အဟုန်ပြင်းစွာဖြင့် အဆင့်ဆင့် အဆက်ဆက် ပျက်လိုက် ဖြစ်လိုက်ဖြင့် အစဉ်အတန်း ပေါ်ပေါက်သွားခြင်းဖြစ်သည်။ ယင်းအစဉ်အတန်းထဲမှာ ပါဝင်သည့်မီးရောင်ဟူ၍ အပ်ဖျားတထောက်စာမျှ တည်တံ့ခိုင်မြဲနေသည်မဟုတ်ချေ။တစ်စက္ကန့်အချိန်၏ဆယ်ပုံတစ်ပုံခန့် အချိန်လောက်မျှ တည်တံ့နေသည်မဟုတ်ချေ။တစ်ခုပျက် တစ်ခုဖြစ်ဖြင့် ပျက်,ဖြစ်အစဉ်အတန်းကြီးသာလျှင် ဖြစ်သည်ကိုတွေ့ရမည်ဖြစ်သည်။ ယင်း ပျက်,ဖြစ်အစဉ်ကို စူးစိုက်၍ကြည့်လျှင် သာမန်မျက်စိဖြင့်ပင် တွေ့မြင်နိုင်သည်။ အားကောင်းသော မှန်ဘီလူးများ၊ အားကောင်းသော သမာဓိမျက်စိဉာဏ်မြင်အားဖြင့်ကြည့်လျှင် ထင်ထင်ရှားရှား တဖွားဖွား ပျက်,ဖြစ်နေသည်ကို တွေ့နိုင်ပေလိမ့်မည်။ မီးရောင်

နယ်ပယ် ပေငါးဆယ်မျှကိုကျော်၍ မီးရောင်ကွယ်လျှင် မီးရောင်ချုပ်ပျက် ပျောက်ဆုံးသွားလေပြီလော....။

မမြင်နိုင်တော့၍သာ ချုပ်ပျောက်သွားသည်ဟု ထင်ရသော်လည်း အမှန်တကယ် ချုပ်ပျောက်သွားမည်ကား မဟုတ်ချေ။ သူ၏သဘောတရားသည် ဤသဘောတစ်ခုမှ အခြားသဘောတစ်ခု ဖြစ်သွားခြင်းသာ ဖြစ်ပေမည်။ အခြားသဘောတစ်ခုမှလည်း နောက်သဘောတစ်ခု ဖြစ်သွားခြင်းသာ ဖြစ်ပေမည်။ ဤသို့ အဆင့်ဆင့်ဆက်ဆက် ပျက်လိုက်ဖြစ်လိုက် ပြောင်းလဲသွားခြင်းသာ ဖြစ်ပေမည်။

ယင်းတို့ကို ဖမ်းယူနိုင်သော သဘောတရား ဝတ္ထုခေတ်များဖြင့် ဖမ်းယူလျှင် ထင်ထင်ရှားရှား ပြန်လည်တွေ့မြင်ရမည်သာ ဖြစ်သည်။

အသံများ ရုပ်ပုံများ ဝေးလံစွာသော အရပ်မှာ ရှိနေသည်ကို အခြား ဝေးလံစွာသောအရပ်မှ အသံဖမ်းစက် ရုပ်ဖမ်းစက်များဖြင့် ဖမ်းယူ၍ ယခုခေတ်မှာ ကြားနိုင် မြင်နိုင်နေကြပေသည်။

ရှေးခေတ်ကလည်း ဒိဗ္ဗသောတ အဘိညာဉ်အစွမ်း၊ ဒိဗ္ဗစက္ခု- အဘိညာဉ် အစွမ်းတို့ဖြင့် ကြားနိုင် မြင်နိုင်ကြောင်း ဗုဒ္ဓစာပေတို့၌ အထင်အရှား ရေးသားထားပေသည်။

ဒိဗ္ဗသောတ အဘိညာဉ်ဟူသည် ဝေးဝေး၊ နီးနီး၊ တိုးတိုး၊ ကျယ် ကျယ်၊ ဖုံးကွယ်၊ မဖုံးကွယ်-အသံဟူသမျှကို နတ်၏နားကဲ့သို့ ကြားနိုင်သောဉာဏ် အထူးဖြစ်သည်။ ယခုခေတ်၌ အချို့က တတိယနားဟူ၍ သုံးနေကြသည်။

ဒိဗ္ဗစက္ခုအဘိညာဉ်ဟူသည်ဝေးဝေး၊နီးနီး၊သေးသေး၊ကြီးကြီး၊ ဖုံး ကွယ်၊ မဖုံးကွယ်--အဆင်းရူပါရုံဟူသမျှကိုနတ်၏မျက်စိကဲ့သို့မြင်နိုင်သော ဉာဏ်အထူးဖြစ်သည်။ ယခုခေတ်၌ အချို့က တတိယမျက်လုံးဟု သုံး နေကြသည်။

ဤသို့ပင်ဖြစ်သော်လည်း "ရိုးရိုးမျက်စိဖြင့် မမြင်နိုင်အောင် မီးရောင်သည် အခြားဓာတ်သဘောအဖြစ်သို့ အဆင့်ဆင့်ပြောင်းလွဲ သွားလေသည်" ဟူ၍သာ ဆိုရလေတော့သည်။

(စ) မီးရှိန်။ ။မီးရှိန်သည် မီးတောက်မှ မီးရောင်နှင့်တပြိုင်တည်း ပေါ်ထွက်လာသည့် ဓာတ်သဘောဖြစ်သည်။ မီးရောင်မှတဆင့် ကူးပြောင်းလာသလော၊ မီးတောက်ကပင်လျှင် တိုက်ရိုက်ဖြစ်ပေါ်သည့် ဓာတ်သဘောလော—ဟူသည်ကို ခွဲခြားသိရန် ခက်လှပေသည်။

ယင်းမီးရှိန်သည် မီးတောက်၏ အနီးအပါးအရပ်၌ ထင်ရှား၍ မီးတောက်နှင့် ဝေးကွာရာအရပ်၌မူ မထင်ရှားလှချေ။ သို့သော် မျက်စိရောဂါရှိသူများ မီးရောင်ကို မြင်တွေ့ရ၌ စူးရှကိုက်ခဲသည့် ဝေဒနာကို ခံစားရသည်ကိုထောက်ဆ၍ မီးရောင်ရှိလျှင် မီးရှိန်ရှိသည်ကို သိနိုင်သည်။ မီးရောင်မှာ မျက်စိဖြင့် မြင်နိုင်သည့် ရူပါရုံဖြစ်၍ မီးရှိန်မှာ ကိုယ်ဖြင့်တွေ့ရသည့် ဖောဋ္ဌဗ္ဗာရုံဖြစ်သည်။ ရုပ်ဓာတ်တိုင်းမှာပင် မည်မျှသေးငယ်သည်ဖြစ်စေ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇ—ဟူသော ရုပ်ရှစ်မျိုးပါဝင်သည်ချည်း ဖြစ်ပေသည်။

မီးရှိန်သည် မီးတောက်နှင့်နီးရာမှ ဝေးရာသို့ရောက်သည်အထိ မီးရောင်ကဲ့သို့ပင် ထင်ရှားရာမှ တဖြည်းဖြည်း မထင်မရှားဖြစ်ကာ ပျောက်ကွယ်သွားတတ်ပေသည်။ တကယ်ပင် ပျောက်ကွယ် သွားသည်ကား ဟုတ်မည်မထင်ပေ။ ရုပ်ဓာတ်တို့၏ သဘောတရားအတိုင်း အဆင့်ဆင့်ပြောင်းလွဲသွားကာ သိရှိနိုင်သည့်သဘောမှ မသိရှိနိုင်သည့်သဘောသို့ ဆိုက်ရောက် ပြောင်းလွဲသွားခြင်းသာ ဖြစ်ပေလိမ့်မည်။

ဤသို့ ဖော်ပြခဲ့သည့်အတိုင်း မီးရောင်နှင့် မီးရှိန်တဝမှ ကွယ်ပျောက်ပြောင်းလွဲသွားရာ၌ မီးတောက်ကလည်း တဖြည်းဖြည်း အားနည်းချုပ်ပျောက်သွားရသည်ကို သတိထားကြည့်က သိနိုင်သည်။

မီးတောက်ကုန်ခန်း ချုပ်ငြိမ်းသည့်နည်းတူ (ဂ) မီးစာနှင့် (ခ) ဆီတို့သည်လည်း ကုန်ခန်းချုပ်ငြိမ်းသည်ကို ထင်ရှားသိသာလှပေသည်။

ဤသို့ ဆီမီးခေါ် သဘောတရားတစ်ခုမှာ—

(ခ) ဆီ၊

(ဂ) မီးစာ၊

(ဃ) မီးတောက်၊

(င) မီးရောင်၊

(စ) မီးရှိန်—

တို့သည် တဖြည်းဖြည်း ကုန်ခန်းချုပ်ငြိမ်း မသိမမြင်နိုင်သည့်အဆင့် အပိုင်းအခြားသို့ ရောက်သွားသည်ကို လေ့လာတွေ့ရှိရပေသည်။ နောက်ဆုံးမှာ (က) ဆီမီးခွက်သာ ကျန်ရှိပေတော့သည်။

ယင်းဆီမီးခွက်သည်လည်း တနေ့နေ့ တချိန်ချိန် ပျက်စီးကြေပြုန်း၍ မသိမမြင်နိုင်သည့် သဘောသို့ ရောက်ရမည်မှာ သေချာလှပေသည်။

ဤသို့ ဆီမီးသည် သဘောတရားတစ်ခုအဖြစ်မှာ အပ်ဖျားတထောက်စာမျှ တည်တံ့၍မနေ။ တစ်စက္ကန့်အချိန်၏ ဆယ်ပုံတစ်ပုံမျှပင် တည်တံ့၍ မနေ။ အဆင့်ဆင့်အဆက်ဆက် ဖြစ်,ပျက်၊ ပျက်,ဖြစ် ပြောင်းလဲနေသောကြောင့် ဗုဒ္ဓစာပေ ကျမ်းဂန်တို့၌ ရုပ်နှင့် နာမ်ဟူသော သင်္ခတတရားများကို **ဒီပဇာလ**-မီးရောင်ကဲ့သို့၊ **နဒီသောတ**-မြစ်ရေအလျဉ်ကဲ့သို့ ဥပမာ ပုံစံပြု၍ ရုပ်တရား၊ နာမ်တရားများ **မတည်မြဲမှု—အနိစ္စ** ဖြစ်ကြောင်း ရေးသား ဟောကြားထားခြင်း ဖြစ်ပေသည်။

(ခ) **ဆင်းရဲမှုဒုက္ခ**။ ။ယင်းသို့ မတည်မမြဲပဲ ဖြစ်လိုက် ပျက်လိုက်၊ ပျက်လိုက် ဖြစ်လိုက် အစဉ်အတန်းသဘောသည်လည်း သာယာဖွယ်၊ နှစ်သက်ဖွယ် ချမ်းသာမှုမဟုတ်ချေ။ ဆင်းရဲမှုသာဖြစ်သည်။

လောကမျက်မြင်အားဖြင့် အလုပ်ခွင်မှ အလုပ်ပင်ပန်းစွာ လုပ်ကိုင်၍ အိမ်သို့ပြန်ရောက်ပြီး ထိုင်၍မျှမနေရပဲ ရေခပ်၊ ထင်းခွဲ၊ ဆန်ဆေး၊ ထမင်းချက်၊ ဟင်းလျာသွားဝယ်၊ ဟင်းချက်—စသည်ဖြင့် အလုပ်ကိုသာ မရပ်မနား အလုပ်တစ်ခုပြီးတစ်ခု ဆက်ကာဆက်ကာ လုပ်ကိုင်နေရသူကို ချမ်းသာသည်ဟု မဆိုနိုင်။ ဆင်းရဲသည်ဟုသာ ဆိုရသကဲ့သို့ ဖြစ်လိုက်ပျက်လိုက်၊ ပျက်လိုက်ဖြစ်လိုက်ဖြင့် အမြဲပြောင်း တရစပ် နှိပ်စက်ခံနေရခြင်းကိုလည်း ချမ်းသာမှုဟု မဆိုနိုင်၊ ဆင်းရဲမှုဟုသာ ဆိုသင့်ပေတော့သည်။

ထို့ပြင် ယင်းအတည်မမြဲပဲ ပြောင်းလဲ ဖောက်ပြန်နေသည့် အနိစ္စသဘောတရားကို မသိမမြင်ပဲ အမြဲတည်မှု—နိစ္စဟု အထင်မှားကာ တွယ်တာတပ်မက် နှစ်သက်နေသူ တယောက်အတွက် ယင်း အနိစ္စတရားကြီးက သူ့သဘာဝအတိုင်း အတည်မမြဲ ပြောင်းလဲဖောက်ပြန်သွားခြင်း ဖြစ်ပြန်သောအခါ အေးမြသည့် ရေထဲမှာနေသည့်ငါးကို နေပူလေပူ မြေပူမှာတင်လိုက်သကဲ့သို့ တဖျပ်ဖျပ်ခုန် တုန်လှုပ်ချောက်ချားဖောက်ပြားပူပင် မရွှင်မလန်း မချမ်းမသာ များစွာဆင်းရဲကြရပြန်လေသည်။

ဤသို့လျှင် သင်္ခတရုပ်နာမ်တရားတို့သည် မိမိပင်ကို သဘောအားဖြင့်ပင် အမြဲမရှိမှုဖြင့် ဆင်းရဲမှုသဘောတရား ဖြစ်သည့်အပြင် မိမိအား တပ်မက်နှစ်သက် စွဲလန်းနေသူတို့အားလည်း ဆင်းရဲပူပင်မှုကို ဖြစ်စေနိုင်သောကြောင့် ဆင်းရဲမှု-ဒုက္ခတရားသာလျှင်ဖြစ်ကြောင်း သိနိုင်ပေသည်။

(ဂ) **မစိုးပိုင်မှု-အနတ္တ။** ။သင်္ခတခေါ် ပြုပြင်ပြောင်းလဲမှုရှိသည့် ရုပ်နာမ်တရားတို့ကို မဖြစ်ရန် မပျက်ရန် မည်သို့မျှ တားဆီးမရနိုင်ပေ၊ မည်သည့်နည်းဖြင့်မျှ တည်မြဲနေစေရန် မပြုလုပ်နိုင်ပေ။ တည်တံ့ချမ်းသာစေရန် လုပ်၍မရပေ။

ယင်းသို့ မပြုလုပ်နိုင်ခြင်းသည် မစိုးပိုင်သောကြောင့်သာ ဖြစ်သည်။ စိုးပိုင်သည့်အရှင်သခင်သည် မိမိ၏ကျေးကျွန်များကို "သင်တို့ အရှေ့ကိုသွား" ဆိုလျှင် ကျေးကျွန်များ အရှေ့ကိုသွားကြရသည်။ "မင်းတို့

တောင်အရပ်သို့မသွားနဲ့'' ဟု တားဆီးလျှင် ကျေးကျွန်များ တောင်အရပ်သို့မသွားပဲ နားထောင်ကြရသည်။ ဤသည်မှာ အရှင်သခင်က ကျေးကျွန်များကို စိုးပိုင်ခြင်းဖြစ်သည်။

ဤနည်းအတိုင်း ဖြစ်,ပျက်မှုဖြင့် အတည်မမြဲ ပြောင်းလဲ နေသည့် သင်္ခတရုပ်နာမ်များကို ''မဖြစ်နဲ့၊ မပျက်နဲ့၊ တည်ကြ၊ မြဲကြ၊ မပြောင်းလဲနဲ့'' ဟူ၍ အမိန့်ပေးခိုင်းစေ၍ မရနိုင်ချေ။ သူ့သဘာဝအတိုင်း ဖြစ်ကြမည်၊ ပျက်ကြမည်၊ မတည်ကြ၊ မမြဲကြ၊ ပြောင်းလဲကြမည်သာဖြစ်သည်၊ ဖြစ်,ပျက် ပြောင်းလဲ မတည်မမြဲ ညှဉ်းဆဲနှိပ်စက်၍ ဆင်းရဲ မည်သာဖြစ်သည်။ ယင်းသို့ပြုပြင်မရ၊ အမိန့်ပေးမရ၊ ခိုင်းစေ၍ မရခြင်းသည်ပင် မစိုးပိုင်မှု-အနတ္တသဘောဖြစ်သည်။

ဤသည်လျှင် သင်္ခတလောကရှိ ရုပ်နာမ်တရားတို့၏—

(က) မတည်မြဲမှု-အနိစ္စ၊
(ခ) ဆင်းရဲမှု-ဒုက္ခ၊
(ဂ) မစိုးပိုင်မှု အနတ္တ—

သဘောတရား ဖြစ်ပေတော့သည်။

ဤသဘောတရားကို ဝိပဿနာဟုခေါ်ပေသည်။မြန်မာလို (ဝိ-အထူး၊ ပဿနာ-ရှုမြင်မှု=) အထူးရှုမြင်မှုဟူ၍ ပြန်ဆိုရပေသည်။

ယင်းဝိပဿနာနည်းအရ ရှုကြည့်ပါလျှင် ''မိမိသည်လည်းကောင်း၊ မိမိ၏ ရန်သူသည်လည်းကောင်း မတည်မြဲမှု-အနိစ္စ၊ ဆင်းရဲမှု-ဒုက္ခ၊ မစိုးပိုင်မှု-အနတ္တသဘောတရားများရှိသည့် သင်္ခတရုပ်ကောင် နာမ်ကောင်များချည်းဖြစ်ပေရာ မည်သူကမည်သူ့အားမျှ မုန်းတီး ရန်လိုနေရန်မသင့်၊ ချစ်ခင် တပ်မက်စွဲလမ်းနေရန်မသင့်''ဟု သုံးသပ်ဆင်ခြင်ပါလျှင် ရန်ခေတ် ပြေပျောက်သွားနိုင်ပေသည်။ အပြင်ရန်သာမက ဖော်ပြလတ္တံ့ဖြစ်သော အတွင်းရန်များလည်း ပြေပျောက်သွားနိုင်ပေသည်။

ဤသို့ ဝိပဿနာတင် ဆင်ခြင်သုံးသပ်၍ အပြင် ရန်ခေတ်ကို ဖြေရသည်။

**၈။ ကိုယ်ကျိုးကိုကြည့်ခြင်း။**　။ရန်ခေါ်တ် ပယ်ခွါနည်းများကိုပြန်လည်သုံးသပ် မည်ဆိုပါလျှင် (၁)ဒေါသမထား ပယ်ရှားခြင်းမှစ၍ (၇)ဝိပဿနာတင် ဆင်ခြင်ခြင်း အထိ နည်းပေါင်းခုနစ်မျိုး ရှိခဲ့ပြီ ဖြစ်ပါသည်။ ဗြဟ္မစိုရ်တရားလေးပါးကို ခွဲမည်ဆိုက ဆယ်မျိုးရှိပြီဖြစ်ပါသည်။

ယင်းခုနစ်မျိုးသည် အလွန်ထက်မြက်သည့် ဗုဒ္ဓမြတ်ဘုရားဟောကြားသော တရားတော်များနှင့် ညီညွတ်သောနည်းများ ဖြစ်ပါသည်။ ဗုဒ္ဓရှင်တော်မြတ်၏ နည်းဟူ၍ပင် ဆိုသင့်ပါသည်။

နောက်ဆုံး ခုနစ်နံပါတ် ဝိပဿနာတင် ဆင်ခြင်နည်းဆိုလျှင် အပြင်ရန်ကိုမဆိုထားနှင့် တသံသရာလုံးမှာ ညှဉ်းဆဲနှိပ်စက်နေသည့် အတွင်းရန်ကိုပင် ဖြိုခွင်းနိုင်သည့် လက်နက်ကောင်းကြီးတစ်ခု ဖြစ်ပါသည်။

ယင်းသို့ အစွမ်းထက်မြက်သည့် လက်နက်ကောင်းကြီးများဖြင့် ပစ်ခွင်းဖြိုဖျက်မည်ဆိုပါလျှင် စာရှုသူတို့သန္တာန်၌ ကပ်ရောက်တည်ရှိနေသည့် ရန်ခေါ်တ်များ ပြိုကွဲပျက်စီးသွားလိမ့်မည်ဟု ယုံကြည်ပါသည်။ သို့စဉ်ပါလျက် ရန်ခေါ်တ်ကျန်ကပ်နေသေးသည် ဟု ဆိုပါလျှင် ယင်းရန်ခေါ်တ်သည် အလွန်တရာလုထည်ကြီးမား၍စွမ်းအားကောင်းသည့် ရန်ခေါ်တ်ကြီးတစ်ခု ဖြစ်နိုင်စရာရှိပါသည်။

ယင်းသို့ဖြစ်လျှင် ယင်းရန်ခေါ်တ်ကို ပယ်ရှားရန် စာရှုသူမကြိုးစားပါလေနှင့်တော့။ ရန်ခေါ်တ်ကို မပယ်ရှားပဲ စာရှုသူ၏ကိုယ်ကျိုးတရားတခုကိုသာကြည့်ရှုဆင်ခြင်၍ ရန်သူကို နှလုံးသွင်းစဉ်းစားဆင်ခြင်ခြင်း မပြုပဲသာ နေလိုက်ပါလေ။ နှလုံးမသွင်း မဆင်ခြင်မစဉ်းစားပဲ နေပုံနေနည်းကို သိသာအောင်ရေးပြပါအံ့။

ဖော်ပြခဲ့သည့် ရန်ခေါ်တ်ဖြေနည်း ၇-မျိုးဖြင့် ဖြေဖျောက်၍မရနိုင်လောက်အောင် ရန်ငြိုးကြီးမား ခိုင်မြဲသည့် ရန်သူရှိနေပါလျှင်—

သင်၏ကိုယ်ကို "ငါကတော့ အကျင့်သီလ၊ ပညာအရည်အသွေး စသည်ဖြင့် အရာရာ၌ ငါ၏ရန်သူထက် သာလွန်မြင့်မြတ်သူဖြစ်သည်" ဟု စိတ်ထဲမှာ သတ်မှတ်လိုက်ပါ။

ရန်သူကိုလည်း "ဤသူကား အကျင့်သီလ၊ ပညာအရည်အသွေး စသည်ဖြင့် ငါ့အောက်ယုတ်နိမ့်သူဖြစ်သည်" ဟု သတ်မှတ်လိုက်ပါ။

ထို့နောက် ဤမျှယုတ်နိမ့်သော ရန်သူသည် ငါကဲ့သို့သော မြင့်မြတ်သူ၏ ဂုဏ်ကျေးဇူးကို မသိမမြင်ပဲ ငါ့ကိုထိခိုက် ပုတ်ခတ် စော်ကားသည်ကား ခွေးရူးကဲ့သို့ ဖြစ်သည်ဟူ၍ ရန်သူကို ခွေးရူးနှင့်နှိုင်းယှဉ်ပုံပြုလိုက်ပါ။

## ခွေးရူး

လောက၌ ရှိးရိုးခွေးများထဲမှ အချို့ခွေးသည် စိတ်ဖောက်ပြန်၍ ရူးသွပ်သွားတတ်သည့် ခွေးရူးခေါ် ခွေးမျိုးဖြစ်တတ်သည်။ ခွေးရူးသည် ခွေးအချင်းချင်းကို ဟောင်သည်၊ အူသည်၊ လိုက်ကိုက်သည်။ မိုက်မဲသောခွေးများက ပြန်၍ဟောင်သည်၊ အူသည်၊ ပြန်ကိုက်သည်၊ လိုက်ကိုက်သည်။

ခွေးရူးသည် အရူးရင့်၍ မျက်စိပြာလာသောအခါ နွား၊ ကျွဲ၊ လူ- စသည်ကို ဘာမျှမရွေးပဲ မဲမဲမြင်ရာလိုက်ကိုက်သည်။ ခွေးရူး၏သွားရည် စသော အညစ်အကြေးနှင့် ထိလျှင်သော်လည်းကောင်း၊ ခွေးရူးအကိုက် ခံရလျှင်သော်လည်းကောင်း ခွေးရူးပိုး ခွေးရူးဆိပ်များ ကူးစက်ပြီး ပြင်းထန်သော အနာရောဂါရတတ်သည်။ ခွေးရူးပြန်ရောဂါ ဖြစ်တတ်သည်။ ခွေးရူးပြန်လျှင် ခွေးရူးကဲ့သို့ ဟောင်ခြင်း၊ အူခြင်း၊ ကိုက်ခြင်းများ ပြုလုပ်တတ်သည်။ ရေနှင့်မီးကို ကြောက်ရွံ့သည်။ ပကတိစိတ်ကောင်း ပျောက်၍ မေ့တတ်၊ တက်တတ်သည်။ ခွေးရူးကဲ့သို့ပင် မစားနိုင်၊ မသောက် နိုင်ဖြစ်ပြီး မကြာမီ အသက်သေဆုံး ရတတ်သည်။

ဆေးကောင်း ဆရာကောင်းများနှင့် တွေ့ကြုံ၍ ရောဂါမလွန်မှသာ ပျောက်ကင်းချမ်းသာ နိုင်ပေသည်။ ဤသည်မှာ ခွေးရူး၏သဘော

ဖြစ်ပေသည်။ (ခွေးရူးကိုက်ခံရလျှင် ဒုက္ခရောက်၍ သေပျောက်တတ်သောကြောင့် ခွေးရူးကိုက်ရောဂါပျောက် ဆေးနည်းကို နောက်ဆက်တွဲမှာ ဖော်ပြထားပါသည်။ ရှုပါလေ။)

လိမ္မာပါးနပ် တတ်သိသော ကျန်းမာချမ်းသာ အသက်ရှည်စွာနေလိုသော လူသားတယောက်သည် ခွေးရူးကဟောင်၍ တုန့်ပြန်ကာ ခွေးရူးကဲ့သို့ဟောင်မည်လော၊ ခွေးရူးကအူ၍ တုန့်ပြန်ကာ ခွေးရူးကဲ့သို့အူမည်လော၊ ခွေးရူးကကိုက်၍ တုန့်ပြန်ကာ ခွေးရူးကဲ့သို့ ခွေးရူးကို ကိုက်မည်လော။

အကယ်၍ ခွေးရူးကို ဖက်ပြိုင်တုန့်ပြန်ကာ ဟောင်ခြင်း, အူခြင်း, ကိုက်ခြင်း—ပြုလုပ်ပါလျှင် ထိုပညာရှိလူသားပင် အသက်ဘေးက နစ်နာမည်ဖြစ်ပေသည်။ အသက်ပင် ဆုံးရှုံးရမည်ဖြစ်ပေသည်။

ဤနည်းအတူပင်လျှင် ပညာရှိသူတော်ကောင်းများသည်လည်း မိမိရန်သူကို ခွေးရူးကဲ့သို့ သဘောထားကာ မိမိ၏ ကျန်းမာ ချမ်းသာ အသက်ရှည်စွာနေလျက် အမှန်-သစ္စာတရား သိမြင်ရေးကို ကြိုးစားပွားများနိုင်ရန်အတွက် လူမိုက်လူယုတ်မာ ရန်သူနှင့် ဖက်ပြိုင်ရန်မူမှု မပြုပဲ ရှောင်ရှားသင့်ပေသည်။

ဤသို့ မိမိ၏ကိုယ်ကျိုးတခုကိုသာ ကြည့်ရှု၍ ရန်သူကိုထည့်သွင်း စဉ်းစားခြင်းမပြုပဲ ပယ်ရှားပစ်လိုက်လျှင်လည်း ရန်ခေတ်ကင်းပျောက်သွားမည်ဖြစ်ပေသည်။

ဖော်ပြခဲ့သည့်အတိုင်း နည်းရှစ်ပါးစုံလင်စွာဖြင့် ရန်ခေတ်ကို ဖြေဖျောက်၍ ရန်ခေတ်ပြေပျောက်သွားလျှင် မိမိက ရှုံးသည်မဟုတ်ချေ၊ ပို၍ကာပင် အနိုင်ရခြင်းဖြစ်ပေသည်။

ကျွန်ုပ်တို့၏ ကိုးကွယ်အားထားရာဖြစ်သော မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် မာရ်နတ်၊ အာဠဝက၊ စိဉ္စမာန၊ နာဠာဂိရိ၊ ဒေဝဒတ်-စသော ရန်ပြုလာသူတို့အား ရန်တုန့်မမူပဲ ဒေါသမထားခြင်း, ခန္တီသည်းခံခြင်း,

မေတ္တာပွားခြင်း-စသည်ဖြင့် အနိုင်ရခဲ့ပေသည်။ စာရှုသူသည်လည်း ဤနည်းများကိုသုံးလျက် အပြင်ရန်ဘေးကို အေးငြိမ်းအောင် ဆောင်ရွက်က အနိုင်ယူပါလေ။ မိမိ၏ထွက်ရာလမ်းကို ကြိုးပမ်းက အရိယသစ္စာ-အမှန်တရားကို သိမြင်နိုင်ပါစေ။

ဤသို့ အပြင်ရန်ခွတ်များ ကင်းငြင်မှုလည်း တရားအမှန် - အရိယသစ္စာကို သိမြင်နိုင်ကြမည်။ ထွက်ရာလမ်းပေါက်ကြမည် ဖြစ်ပေသည်။

# ၆။ ဆဋ္ဌမအပိုင်း

ဤအပိုင်း၌

★ အတွင်းရန်များအကြောင်း၊

★ အတွင်းရန်များ၏မကောင်းကျိုး၊

★ အတွင်းရန်များပယ်ဖျောက်နည်း

များကို သိသာထင်ရှားအောင် ရေးသား
ဖော်ပြထားပါသည်။

# ၃။ ရန်ခါတ်ကိုပယ်ခွာခြင်း

## (ခ) အတွင်းရန်ခါတ်များအကြောင်း

### အတွင်းရန်တစ်ဆယ့်လေးမျိုး
### သံပေါက်လင်္ကာ

လော ဒေါ မော ဒိ၊ မာ ဥဒ် ဝိ၊ ထိ မိ ဣသ် မစ် ကုက်။
အဟိ အနော၊ ဆယ့်လေးဟော၊ အတ္တောရန်သူယုတ်။

အတွင်းရန်ခါတ်များ ဆိုသည်မှာ အပြင်အပ အခြားနေရာမှ အခြားသူများက ပြုလုပ်သည့်ရန်ခါတ်များ မဟုတ်ပဲ မိမိ၏အတွင်းအကျဆုံး ခန္ဓာကိုယ်ထဲမှ ထွက်ပေါ်၍ ဘေးရန်အန္တရာယ်ပြုလုပ်တတ်သည့် သဘောတရား ရန်ခါတ်များဖြစ်သည်။

ယင်း အတွင်းရန်သူမှာ အခြားမဟုတ် မကောင်းမှု-အကုသိုလ်များဖြစ်သည်။ မကောင်းမှု—အကုသိုလ်တရားများသည် ဖြစ်ပွားစဉ်မှာလည်း မိမိမှိုဘွယ်ဖြစ်ပေါ်ရာ သန္တာန်အစဉ်ကို ပင်ပန်းဆင်းရဲအောင် နှိပ်စက်တတ်သည်။ အခြားသူများကိုလည်း ထိခိုက်နစ်နာအောင် ပြစ်မှားကျူးလွန်မှုကိုဖြစ်စေတတ်သည်။ ပစ္စုပ္ပန်ဘဝ နောင်ဘဝအဆက်ဆက်မကောင်းကျိုးများ ဖြစ်ပေါ်စေရန် ဖန်တီးတတ်ချေသည်။ ထို့ကြောင့် မိမိအတွင်းသန္တာန်မှပင် ဖြစ်ပေါ်လာလျက် မိမိအား မကောင်းကျိုးဘေးရန် အနှောင့်အယှက်ကို အလုပ်တတ်ဆုံး ရန်သူဟူ၍ သတ်မှတ်သင့်ပေသည်။

မကောင်းမှု-အကုသိုလ် တရားများကြောင့်သာ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဟူသော ဆင်းရဲအတိဖြစ်သည့် အပါယ်ဘုံဘဝများ၌ ဖြစ်ကြရသည်။ ကောင်းမြတ်သည့် သုဂတိဘုံဘဝ၌ လူများ, နတ်များဖြစ်ရသော်လည်း ဆင်းရဲမွဲတေ အသေအလှင့် မတင့်တယ်သူ လူမွဲ နတ်မွဲ, လူဆင်းရဲ နတ်ဆင်းရဲ—များ ဖြစ်ကြရသည်။ အခြားဆန့်ကျင်ဘက်တို့၏ နှိပ်စက်ညှဉ်းဆဲဒဏ်ကိုခံရကာ ပင်ပန်းညှိုးငယ် နွမ်း

နယ် ဆင်းရဲကြရလေသည်။ အစစအရာရာ မိမိထက်သာလွန်သူ လူများ နတ်များ ပေါ်ပေါက်လာကာ မျက်နှာမလှ ဆင်းရဲကြရပြန်သည်။

ပဋိသန္ဓေနေရခြင်း, အိုခြင်း, နာခြင်း, သေခြင်း—စသော သံသရာ ဝဋ်ဆင်းရဲတို့က မလွတ်ကင်းနိုင်ပဲ တဝဲလည်လည် သံသရာရေလျှင်တွင် ကျင်လည်နေရသည်မှာလည်း ယင်းမကောင်းမှု-အကုသိုလ်အတွင်းရန်သူ များကြောင့်သာ ဖြစ်သည်။

ဤသို့သော ဆင်းရဲဒုက္ခ အကျိုးမဲ့ဟူသမျှ၏ ပင်မလက်သည်ဖြစ် သော ဆိုးရွားလှသည့် အတွင်းရန်ခဝတ် မကောင်းမှု—အကုသိုလ်တရား များကို အမှန်-သစ္စာတရားကို သိမြင်လိုသူများ သိထားကြရန် သင့်လှ ပေသည်။ သိထားကြမှသာလျှင် မိမိ၏ အတွင်းစိတ်သန္တာန်၌ မကောင်း မှု-အကုသိုလ်တရားများ ဖြစ်ပေါ်လာပါက "သင်တို့သည် ငါ၏ဘေး အန္တရာယ် အနှောင့်အယှက် ရန်သူများဖြစ်သည်။ မလာကြနှင့်၊ မကပ် ကြနှင့်" ဟု မောင်းနှင်ထုတ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် အတွင်းရန် ခဝတ် အကုသိုလ်တရားများကို သိမြင်ကြစေရန်-ဆရာကြီးဦးစာကျော် က အထက်ပါ သံပေါက်လင်္ကာကို ရေးသားရွတ်ဆိုပြပါသည်။

အတွင်းရန်ခဝတ် ၁၄-မျိုးကို ဆရာကြီးဦးစာကျော်က ရိုးရိုးလင်္ကာ မရေးပဲ သံပေါက်လင်္ကာဖြင့် ရေးသားရွတ်ဆိုပြသည်။ ယင်းသံပေါက် လင်္ကာမှာ အဘိဓမ္မာသဘော ပါဠိအမည်ရှည်များကို အတိုချုံးပြီး အစ အက္ခရာမျှကိုသာယူ၍ သံပေါက်လင်္ကာ စပ်ဆိုထားသည်။ ဤ၌ **ဥဒ်** ကို **အုတ်**၊ **မိဒ်** ကို **မိတ်**၊ **ဣသ်** ကို **ဣတ်**၊ **ကုက်** ကို **ကုတ်**-ဟူ၍ အသံထွက် ဖတ်ရသည်။ ထို့ကြောင့် အသိရ ခက်လွန်းနေပေရာ တလုံးစီ၏ အမည် အပြည့်အစုံကိုလည်းကောင်း၊ အဓိပ္ပာယ်ကိုလည်းကောင်း ရေးပြရန်လို အပ်နေပေသည်။ စာရှုသူများသိမြင်နိုင်ရန် ရှင်းလင်းရေးပြပါအံ့-

ဤအတွင်းရန်ခဝတ် ၁၄-ပါးသည် သတ္တဝါတို့အား များစွာ ဒုက္ခ ပေးသည့် တရားများဖြစ်သောကြောင့် သေချာစွာ လေ့လာ ဖတ်ရှုကြပါ လေ။ အတွင်းရန်ခဝတ် တစ်ဆယ့်လေးမျိုးမှာ—

၁။ လော-လောဘ၊
၂။ ဒေါ-ဒေါသ၊
၃။ မော-မောဟ၊
၄။ ဒိ -ဒိဋ္ဌိ၊
၅။ မာ -မာန၊
၆။ ဥဒ်-ဥဒ္ဓစ္စ၊
၇။ ဝိ -ဝိစိကိစ္ဆာ၊
၈။ ထိ -ထိန၊
၉။ မိဒ်-မိဒ္ဓ၊
၁၀။ ဣဿ်-ဣဿာ၊
၁၁။ မစ်-မစ္ဆရိယ၊
၁၂။ ကုက်-ကုက္ကုစ္စ၊
၁၃။ အဟိ-အဟိရိက၊
၁၄။ အနော-အနောတ္တပ္ပ—

ဟူ၍ တစ်ဆယ့်လေးမျိုးဖြစ်သည်။ ယင်း တစ်ဆယ့်လေးမျိုးကို သံပေါက်လက်ာ အရကျက်ပြီးမှ အမည်အပြည့်အစုံကိုအရကျက်ပါ။ ပြီးမှ အဓိပ္ပာယ်ကို ဆက်လက်ဖတ်ရှုမှတ်သားပါ။ ယင်းအတွင်းရန် တစ်ဆယ့်လေးမျိုးတို့၏ သဘော အဓိပ္ပာယ်ကို သိသာရုံဖော်ပြပါအံ့—

## အတွင်းရန် ၁၄-မျိုးအကျယ်ရှင်းပြခြင်း

၁။ **လောဘ**။ ။လောဘကို-လိုချင်မှု၊ တပ်မက်မှု၊ လိုလားမှု၊ တွယ်တာမှု၊ စွဲလမ်းမှု၊ ငြိကပ်မှု-စသည်ဖြင့် မြန်မာပြန်ဆိုလေ့ရှိသည်။ ယင်း လောဘ၏ ပင်ကိုသဘောလက္ခဏာမှာ "**အာရမ္မဏဂ္ဂဟဏ**=ခေါ် အာရုံကိုဆွဲယူမှု" ဖြစ်သည်။ အာရုံဟူသည်မှာ မျက်စိ၏အာရုံ၊ **နား**၏ အာရုံ၊ နှာခေါင်း၏အာရုံ၊ လျှာ၏အာရုံ၊ ကိုယ်၏အာရုံ၊ စိတ်၏အာရုံ-ဟူသော အာရုံခြောက်ပါးဖြစ်သည်။ ယင်း အာရုံခြောက်ပါးမှတခုခုကို တွေ့ထိကြုံဆုံ သောအခါ သာမန်မျှဖြင့် လွှတ်မသွားစေပဲ စိတ်ထဲမှာစွဲလမ်း

နေစေသည့် တရားသဘောဖြစ်သည်။ ဤသည်ပင်လျှင် အာရုံကိုဆွဲယူမှု ဖြစ်သည်။

ရှေးဗုဒ္ဓအဘိဓမ္မာကျမ်းကြီးများ၌ လောဘကို **"မျောက်နှဲစေး"** ဖြင့် ဥပမာပေးကြသည်။ မျောက်နှဲစေးဟူသည်မှာ ညောင်ပင်အစေး၊ အင်ပင် အစေး-စသည်ကို ပေါင်းစပ်၍ ပြုပြင်ထားသော ခွာ၍ မလွယ်အောင် စေးကပ်သည့် အစေးတမျိုးဖြစ်သည်။ ယင်းအစေးဖြင့် တောမုဆိုးများ သည် မျောက်များ ငှက်များကိုထောင်၍ ဖမ်းယူသတ်ဖြတ်လေ့ရှိကြသည်။ မျောက်သတ္တဝါများ ယင်းအစေးဖြင့်ထိမိလျှင် ငြိကပ်ဖွဲ့မိစေသောကြောင့် ငမျောက်နှဲစေးဟုခေါ်သည်။

ယခုခေတ် အတွေ့များသော ဥပမာဖြင့် ပြရလျှင် **ပင့်ကူအိမ်ခေါ် ကင်းချည်အိမ်ကို** ပြရမည်ဖြစ်သည်။ ပင့်ကူကောင်-ကင်းကောင်များသည် အိမ်နံရံစသည်၌ သူတို့ကိုယ်မှထွက်သည့် အစေးတမျိုးကို ချည်မျှင်များ ကဲ့သို့ သွယ်တန်းထားတတ်ကြသည်။ ခြင်၊ ယင်၊ ပိုးမွှားများ ဝင်တိုးမိ၊ ထိမိ သောအခါ ငြိကပ်လုံးထွေးနေပြီး ပင့်ကူကောင်-ကင်းကောင် များက စားသောက်တတ်ကြပေသည်။

ဖော်ပြခဲ့သည့် မျောက်နှဲစေး ပင့်ကူအိမ်-ကင်းအိမ်များကဲ့သို့ လောဘ သည်လည်း တွေ့ထိ ကြုံဆုံလာသောထိုထိုအာရုံကို ဆွဲငင်ဖမ်းယူတတ်သည့် သဘောလက္ခဏာရှိပေသည်။

လောဘသည် လိုချင်နှစ်သက်ဖွယ် ဝတ္ထုအာရုံ သဘောတရားများ ကိုသာ ဆွဲငင် လိုချင်သည့်သဘောရှိသည်။ နိဗ္ဗာန်ကဲ့သို့သော အသခ်တ အာရုံကိုမူ မီးဖုတ်ထား၍ ရဲရဲတောက်နေသည့်သံခဲကို ယင်မနားနိုင်သကဲ့သို့ လောဘက တွယ်တာ လိုချင်ခြင်း မဖြစ်နိုင်ချေ။ ယင်ကောင်သည် ထန်းလျက်ခဲ အမဲသားတုံးများကိုသာ မက်မက်မောမော ကပ်ငြိ နား နေခြင်း ပြုတတ်သကဲ့သို့ လောဘသည်လည်း လောကီကာမဂုဏ် ဝတ္ထု အာရုံစုများကိုသာ စွဲလမ်းလိုချင်တတ်ကြပေသည်။

ထို့ကြောင့် နိဗ္ဗာန်နှင့် နိဗ္ဗာန်ရောက်ကြောင်း လောကုတ္တရာတရားများကို လိုချင်မှုကို လောဘဟုမဆိုသင့်။ လှူဒါန်းရန် ပစ္စည်းဝတ္ထုများကို လိုချင်မှုကိုလည်း လောဘဟုမဆိုသင့်ပေ။ သာမန် လိုချင်ကာမျှဖြစ်သည့် ဆန္ဒဟူ၍သာ ဆိုသင့်ပေသည်။ **ဆန္ဒမှာ** လိုချင်ရုံမျှသာဖြစ်သည်။ လောဘမှာမူ လိုချင်ရုံမျှမဟုတ်၊ စွဲစွဲလမ်းလမ်း မက်မက်မောမော လိုချင်မှုဖြစ်သည်။

**ဆန္ဒနှင့်လောဘထူးဖုံ**

ဤအရာ၌ မဆိုးဘယောက်၏ မြေးတံကိုလိုချင်မှု၊ သားကောင်ကိုလိုချင်မှုတို့နှင့် နှိုင်းယှဉ်၍ ဆန္ဒ၏လိုချင်မှုနှင့် လောဘ၏လိုချင်မှုတို့ကို ခွဲခြားသင့်ပေသည်။ မြေးတံကိုလိုချင်ရာ၌ ပစ်ရုံမျှဖြစ်သည်။ သားကောင်ကိုလိုချင်ရာ၌ စားရေး, ဝတ်ရေးအတွက်ဖြစ်သည်။ မရမနေသဘောရှိသည်။ ဆန္ဒလိုချင်မှုနှင့် မြေးတံလိုချင်မှု၊ သားကောင်လိုချင်မှုနှင့် လောဘလိုချင်မှုတို့ တူညီကြပေသည်။

လောဘ-သည် သာဝဇ္ဇ—အပြစ်ရှိခြင်း၊ ဒုက္ခဝိပါက—မကောင်းသော ဆင်းရဲအကျိုး ပေးခြင်းသဘောရှိသည့် အကုသိုလ်တရားဖြစ်သည့် အားလျော်စွာ သူဖြစ်လာလျှင်ပင် ပူပင်ဆင်းရဲမှုလည်း ဖြစ်လာတတ်သည်။ အင်အားပြင်းထန်လျှင် ပြင်းထန်သလောက် အတိုင်းအတာဖြင့် ချက်ချင်းလက်ငင်းပင် ဆင်းရဲခြင်း, စိတ်ဖောက်ပြန်ခြင်း ဖြစ်စေနိုင်သည်။ သူ့အသက်သတ်ခြင်းစသော မကောင်းမှုများကို ကျူးလွန်စေတတ်သည်။ နောင်အခါ၌လည်း ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်-အပါယ်လေးဘုံရောက်၍ ဆင်းရဲပူပန်ကြရသည်။ ဘဝအဆက်ဆက်လည်း အနာရောဂါများခြင်း၊ အညှဉ်းဆဲ အသတ်အပုတ် ခံရခြင်း၊ စား, ဝတ်, နေရေး-ချို့တဲ့ ညှိုးငယ်ခြင်း-စသော မကောင်းကျိုးအဆက်ဆက်ကိုလည်း ခံစားရတတ်ပေသည်။ ထို့ကြောင့် မြတ်ဗုဒ္ဓဘုရားရှင်က-

> လောဘသည် အကျိုးမဲ့ကိုဖြစ်စေတတ်သည်။ လောဘသည်
> စိတ်ကိုဖျက်ဆီးတတ်သည်။ မိမိကိုယ်တွင်း၌ စိတ်ထဲမှဖြစ်ပေါ်

လာသော ထိုလောဘဟူသောဘေးဆိုးကို လောဘဖြစ်ပေါ်နေသောသူသည် မသိတတ်ချေ။

လောဘဖြစ်ကာ လိုချင်မက်မောနေသူသည် အကျိုးစီးပွားကိုမသိတတ်၊ ကောင်းမြတ်သည့် တရားသဘောကို မမြင်တတ်၊ ယင်းလောဘ ဖြစ်ပေါ်နေခိုက် အမိုက်မှောင်လွှမ်း ဒုက္ခကန်းကဲ့သို့ ဖြစ်နေ၏။ ထိုလောဘဟူသော လိုချင်မက်မောမှုက ထိုလိုချင်မက်မောနေသူကို ဖိစီးနှိပ်စက်လေတော့သည်-

ဟူ၍ ဣတိဝုတ်ပါဠိတော်၌ ဟောတော်မူသည်။ (ခု ၁၊ နှာ-၂၅၂။)

လောဘဟူသော အတွင်းရန်သူက ညှဉ်းဆဲနှိပ်စက်ပုံကို ထင်ရှားသိသာစေရန် လူသိတော်တော်များသည့် ဇာတ်အဋ္ဌကထာ ပထမတွဲလာ သေရိဝ ဇာတ်ခေါ် ရွှေကုန်သည်ဝတ္ထုကို အကျဉ်းမျှသာ ဖော်ပြပါအံ့။

## ရွှေကုန်သည်ဝတ္ထု

ရှေးအခါက ရွှေကုန်သည်နှစ်ယောက်ရှိဖူးသည်။ တဦးက လောဘကြီးသူဖြစ်၍ တဦးက လောဘနည်းသူဖြစ်သည်။ သဗ္ဗေးဘဝမှ ဆင်းရဲသွားသောအိမ်သို့ လောဘကြီးသူကသွား၍ရောင်းသောအခါ ပိုက်ဆံမရှိ၍ ခွက်ဟောင်းတခုနှင့်လဲပါရန် တောင်းပန်သည်။ ခွက်ကိုကြည့်သောအခါ ရွှေခွက်ဖြစ်ကြောင်းသိ၍ လောဘကြီးသူပီပီ အလကားရလိုသောကြောင့် "နှစ်ပြားမျှပင်မတန်"ဟု ပြောကာ မလဲပဲ ဟန်လုပ်ထွက်သွားသည်။

လောဘနည်းသူ ရွှေကုန်သည် ရောက်သောအခါ၌မူ "ဤခွက်သည် ရွှေခွက်ဖြစ်သည်၊ တစ်သိန်းတန်သည်"ဟု မှန်ကန်စွာပြော၍ သူဆင်းရဲများသဘောတူညီချက်ဖြင့် ပါသမျှရွှေအားလုံး၊ ပါသမျှငွေအားလုံး ပေးခဲ့၍ ရွှေခွက်ကိုယူသွားသည်။

လောဘကြီးသူရွှေကုန်သည်က ယင်းအိမ်သို့တခေါက်ပြန်လာ၍ ခွက်ကို မေးသောအခါ ရွှေကုန်သည်တဦးက လဲ၍ယူသွားပြီဟု သိရသောကြောင့်

"ငါတော့အရှုံးကြီးရှုံးပြီ"ဟုဝမ်းနည်းစွာဖြင့်"ငါရထိုက်သည့်တစ်သိန်းတန်ရွှေခွက်ကို ပြန်ရစေရမည်"ဟု ဆုံးဖြတ်ကာ ခွက်ယူသွားသူကုန်သည်ကို အမီလိုက်သည်။ လောဘနည်းသူ ရွှေခွက်ရသည့်ကုန်သည် မြစ်တဘက်ကူးသွား၍ မမီလိုက်သောအခါ စိတ်နှလုံးပူပန်မှု ပြင်းထန်လှသောကြောင့် သွေးစိမ်းပွက်ပွက်အံပြီး ရွှေခွက်ရသွားသူ လောဘနည်းသောရှိကုန်သည်အပေါ် ရန်ငြိုးထားကာ သေပွဲဝင်ရရှာလေသည်။ (ဇာတ်အဋ္ဌကထာ၊ ပထမတွဲ၊ နှာ-၁၂၆-၁၂၉)

ထိုအခါက လောဘကြီးသူမှာ ဒေဝဒတ်အလောင်း ဖြစ်သည်။ လောဘနည်းသူမှာ ဂေါတမ-ဘုရားအလောင်း ဖြစ်သည်။ ထိုအခါမှ လောဘအရင်းခံ၍ဖြစ်ပေါ်ခဲ့သော ဒေါသရန်ငြိုး၏ အစွမ်းဖြင့် ဘဝပေါင်းများစွာ ဒေဝဒတ်အလောင်းသည် ဘုရားအလောင်းအား ဆန့်ကျင်ဘက် ရန်ပြုခဲ့လေသည်။ ဘဝပေါင်းများစွာ အပါယ်ငရဲကျခဲ့ရသည်။ ယခုနောက်ဆုံးဘဝမှာပင် ဘုရားရှင်အား ရန်ပြုနေသေးရာ မြေမျို၍ အဝီစိငရဲ ကျရလေသည်။ လောဘနည်းသူ ရှိကုန်သည်သည်ကား လောက၌ သမ္မာသမ္ဗုဒ္ဓ-သဗ္ဗညုတ ဘုရားစင်စစ် ဖြစ်တော်မူကာ ယခုအခါ ပရိနိဗ္ဗာန်ဝင်စံတော်မူခဲ့လေပြီ။

ဤဇာတ်လမ်းအရ လောဘသည် ကြီးမားသော နှိပ်စက်ညှဉ်းဆဲတတ်သည့် ရန်သူကြီးဖြစ်ကြောင်း သိသာထင်ရှားလှပေသည်။ ယင်းကြီးမားလှသည့် အန္တရာယ်ဆိုး ရန်သူဆိုးလောဘကို ပယ်ရှားနိုင်အောင် ကြိုးစားအားထုတ်ကြရာ၏။ ယင်းလောဘအတွင်းရန်ကို ပယ်ရှားနိုင်မှသာ အမှန်-သစ္စာတရားကို သိမြင်နိုင်ကြမည် ဖြစ်သည်။

သို့စင်တမျှ အန္တရာယ်ကြီးမားလှသည့် အတွင်းရန်သူလောဘသည် ဗုဒ္ဓစာပေနယ်ပယ်၌ နာမည်အမျိုးမျိုးကို ခံယူရရှိထားပေသည်။

အတွေ့အကြုံများသည့် အချို့နာမည်များကို ဖော်ပြရလျှင်—

(က) တဏှာ-လိုချင်တပ်မက်မှု၊
(ခ) ရာဂ-လိုချင်စွဲလမ်းမှု၊

(ဂ) နန္ဒိ-လိုချင်နှစ်သက်မှု၊
(ဃ) ပေမ-ချစ်ခင်လိုလားမှု၊
(င) အဘိဇ္ဈာ-မတရားလိုချင်မှု—
စသည်ဖြင့် များစွာပင်ရှိပေသည်။

၂။ **ဒေါသ။** ။ဒေါသကို — ဖျက်ဆီးတတ်သောတရား၊ ဖျက်ဆီးမှု၊ ပြစ်မှားတတ်သောတရား၊ ပြစ်မှားမှု-စသည်ဖြင့် မြန်မာပြန်ဆိုကြသည်။ သူ၏အပြုအမူအရဆိုလျှင် စိတ်ဆိုးမှု၊ စိတ်တိုမှု၊ စိတ်ကောက်မှု၊ ကြမ်းတမ်းမှု၊ ရန်ငြိုးဖွဲ့မှု၊ ရန်ပြုမှု-စသည်ဖြင့် ပြန်ဆိုလျှင်လည်း ဒေါသတရားပင်ဖြစ်ကြောင်း သိသာပေသည်။

ဒေါသ၏ ပင်ကိုသဘောမှာ **စဏ္ဍိက္ကလက္ခဏာ** ခေါ် ကြမ်းတမ်းမှုသဘောပင်ဖြစ်သည်။ မှန်သည်၊ ဒေါသဖြစ်လာလျှင် စိတ်သည် မူလအခြေအနေထက် ကြမ်းတမ်းလာသည်။ ထို့နောက် တဆင့်ပြီးတဆင့် နှုတ်အမူအရာ အပြောအဆို ကြမ်းတမ်းလာသည်။ ထို့နောက် သွားပုံလာပုံ လုပ်ပုံကိုင်ပုံ ကြမ်းတမ်းလာသည်။ ဤသို့ဖြင့် ဒေါသသည် စဏ္ဍိက္ကလက္ခဏာခေါ် ကြမ်းတမ်းမှု သဘောလက္ခဏာရှိသည်မှာ ထင်ရှားလှပေသည်။

ဒေါသ၏ ကြမ်းတမ်းမှုသဘောကို **မြွေဟောက်, မြွေငန်း** တို့ဖြင့် ဥပမာပြု ရေးသားဖော်ပြလေ့ရှိကြသည်။ မြွေဟောက် မြွေငန်းများကို တုတ် လုံ-စသည်ဖြင့်တို့လိုက်လျှင် ရှူးရှူးမှုတ်လျက် ပါးပျဉ်းနှက်ကာ ခေါင်းထောင်လာတတ်သည်။ ထို့အတူပင် ဒေါသသည်လည်း မိမိမကြိုက်မနှစ်သက်သည့် အပြောအဆို အပြုအမူများနှင့် ထိတွေ့လိုက်လျှင် ရှူးရှူးရှဲရှဲဖြစ်ကာ ထောင်းလားမောင်းလား ဖြစ်လာတတ်သည်။ ပထမဦးစွာ မိမိစိတ်ကို ထိန်းမနိုင် သိမ်းမရ ဖြစ်စေသည်။ ထို့နောက် မိမိနှုတ်ပါးစပ်ကို ထိန်းမနိုင်သိမ်းမရ ဖြစ်စေလျက် ကြမ်းတမ်းစွာပြောဆိုခြင်း ဆဲရေးတိုင်းထွာမှုများ ဖြစ်စေသည်။ ထို့နောက် မိမိကိုယ်ကို ထိန်းမနိုင်သိမ်းမရ ဖြစ်စေလျက် နိုးစပ်ရာ ဝတ္ထု အာရုံ လူသူသတ္တဝါများကို ဖျက်ဆီးစေတတ်ပေသည်။

ဤသို့ဖြင့် ဒေါသသည်လည်း သာဝဇ္ဇ-အပြစ်ရှိခြင်း၊ ဒုက္ခဝိပါက-ဆင်းရဲသည့် မကောင်းကျိုးပေးခြင်း လက္ခဏာရှိသည့် အကုသိုလ်တရားဖြစ်သည့်အတိုင်း ဒေါသဖြစ်ပေါ်လာလျှင် သူတပါးအသက် သတ်ဖြတ်မှု, သူတပါးကို ညှဉ်းဆဲမှု ပါဏာတိပါတ-စသော မကောင်းမှု-ဒုစရိုက်များကို ကျူးလွန်ကာ မျက်မှောက်ဘဝ၌ ထောင်ဒဏ်, ငွေဒဏ်,သေဒဏ်-ခံရတတ်သည်။ နောင်ဘဝအဆက်ဆက်၌ အပါယ်ငရဲကျခြင်း, ရောဂါဝေဒနာဖြစ်ခြင်း, သူတပါးနှိပ်စက် ညှဉ်းဆဲသတ်ဖြတ်မှု ခံရခြင်း-စသောမကောင်းကျိုးများကို ဖြစ်ပေါ်တတ်ချေသည်။

ယင်းသို့ မကောင်းကျိုးများကို ဖြစ်စေတတ်သောကြောင့် မြတ်ဗုဒ္ဓရှင်တော်ဘုရားက—

ဒေါသသည် အကျိုးမဲ့ကို ဖြစ်စေတတ်သည်၊ ဒေါသသည် စိတ်ကိုဖျက်ဆီးတတ်သည်။ မိမိကိုယ်တွင်း စိတ်ထဲမှ ဖြစ်လာသော ထိုဒေါသဟူသော ဘေးဆိုးကို ဒေါသဖြစ်ပေါ်နေသောသူသည် မသိတတ်ချေ။

ဒေါသဖြစ်ကာ စိတ်ဆိုးကြမ်းတမ်းနေသူသည် အကျိုးစီးပွားကို မသိမြင်တတ်၊ ကောင်းမြတ်သည့် တရားသဘောကို မသိမမြင်တတ်၊ ယင်းဒေါသဖြစ်နေခိုက်၌ အမိုက်မှောင်လွှမ်းအကန်းကဲ့သို့ ဖြစ်နေ၏။ ထိုဒေါသဟူသော ကြမ်းတမ်းစိတ်ဆိုးမှုက ကြမ်းတမ်းစိတ်ဆိုးသူကို ဖိစီးနှိပ်စက်လေတော့သည်-

ဟူ၍ ဣတိဝုတ်ပါဠိတော်၌ ဟောကြားတော်မူသည်။ (ခု ၁၊ နှာ-၂၅၂)

**ဒေဝဒတ်။** ။ကြမ်းတမ်းစိတ်ဆိုးမှု-ဒေါသဟူသော အတွင်းရန်သူကညှဉ်းဆဲနှိပ်စက်သည့် ဝတ္ထုသက်သေကို အထူးတင်ပြဖွယ်မလိုပါ။ ပြဆိုပြီးဖြစ်သည့် ရှဲကုန်သည် ဝတ္ထုဇာတ်လမ်းမှာပင်ပါဝင်ထင်ရှားနေပါသည်။

မှန်လှ၏၊ လောဘကြီးသော ရှဲကုန်သည်သည် တစ်သိန်းတန်ရွှေခွက်ကို မိမိမရသောကြောင့် ဘုရားလောင်း ရှဲကုန်သည်အား အလွန်အမင်း

ဒေါသဖြစ်ကာ သတ်ဖြတ်လုယက်၍ယူရန် ဆုံးဖြတ်၍ အမိလိုက်သည်။ မမိလိုက်သောအခါ ပြင်းထန်လှသော ဒေါသမီးအရှိန်ကြောင့် သွေးများပင် ရင်ထဲမှ အန်ထွက်လာတော့သည်။ ယင်းလောဘ လေမှုတ်ပေးလိုက်သည့် ဒေါသမီး၏ တညီးညီးတောက်လောင်မှုကြောင့် ကမ္ဗဇဇီဝိတရုပ်ဖြစ်သည့် အသက်ဓာတ်မှာ တင်းခံမနေနိုင်ပဲ ကျွမ်းပြာကျ၍ သေဆုံးသွားရလေတော့သည်။

ဒေဝဒတ်အလောင်းသည် ဤဘဝမှာသာ မဟုတ်သေးချေ။ ဘုရားအလောင်းတော် ပါရမီဆယ်ပါး ဖြည့်ကျင့်စဉ် တွေ့ဆုံရသည့် ဘဝတိုင်းမှာပင် ယင်းဒေါသရန်ငြိုး အဆက်ပါလာကာ အမြဲတမ်းဆန့်ကျင်ဘက်ရန်အမှုကိုသာ ပြုလုပ်ခြင်းကြောင့် ဒုက္ခဆင်းရဲ အကျိုးနည်းမှုများကို အတောမသတ် အထပ်ထပ်အခါခါ တွေ့ကြုံရရှာပြန်လေသည်။

မြတ်စွာဘုရားနှင့် နောက်ဆုံး တွေ့ရသည့် ဘဝကို လေ့လာကြည့်စမ်းပါ။

မြတ်စွာဘုရားနှင့် ဒေဝဒတ်သည် ညီအစ်ကိုတဝမ်းကွဲမျှ တော်စပ်ကြသည်။ မြတ်စွာဘုရား မယ်တော်မှာ မဟာမာယာဖြစ်သည်။ ဒေဝဒတ်ခမည်းတော်မှာ သုပ္ပဗုဒ္ဓမင်းဖြစ်သည်။ မယ်တော်မာယာနှင့် သုပ္ပဗုဒ္ဓမင်းတို့သည် မောင်နှမအရင်းဖြစ်သည်။ ထိုကြောင့် မြတ်စွာဘုရားနှင့် ဒေဝဒတ်သည် ညီအစ်ကိုတဝမ်းကွဲတော်စပ်သည်။ မြတ်စွာဘုရားက အကြီး၊ အစ်ကိုဖြစ်သည်။ ဒေဝဒတ်ကအငယ်၊ ညီဖြစ်သည်။

ထို့ပြင် မြတ်စွာဘုရားသည် အလောင်းတော် သိဒ္ဓတ္ထအနေဖြင့်ဒေဝဒတ်၏ အစ်မတော် ယသော်ဓရာဒေဝီကို ယူထားသည်။ ထို့ကြောင့် ဒေဝဒတ်နှင့်မြတ်စွာဘုရားသည် ယောက်ဖလည်း တော်စပ်ကြသေးသည်။

ထို့ပြင်တဖန်၊ ဒေဝဒတ်သည် မြတ်စွာဘုရား၏ သာသနာတော်၌ တပည့်သာဝက—ရဟန်းအဖြစ် ခံယူသည်။ မြတ်စွာဘုရားထံမှ နည်းခံယူ၍ လောကီဈာန်အဘိညာဉ်ကို ရရှိသူဖြစ်သည်။ ထို့ကြောင့် မြတ်စွာဘုရား

နှင့် ဒေဝဒတ်သည် ဆရာတပည့်ဖြစ်သည်။ မြတ်စွာဘုရားက ဆရာ၊ ဒေဝဒတ်က တပည့်။

ထိုမျှလောက် ဘဝချင်းစပ်၊ ဆွေမျိုးချင်းဟပ်၊ ကျေးဇူးချင်းထပ်နေပါလျက် မြတ်စွာဘုရားအပေါ်၌ အကောင်းမထင်၊ အဆိုးသာမြင်၍ ဆင်နှင့် တိုက်သတ်သည်။ လေးသမားများကိုလွှတ်၍ လေးဖြင့်ပစ်သတ်စေသည်။ ကျောက်တုံးကြီးဖြင့် လှိမ့်ချ၍သတ်သည်။ သံဃာကိုဏ်းခွဲ၍ စင်ပြိုင်သာသနာတည်ထောင်သည်။ ဘယ်လိုမကောင်းကြံလို့မှ မရသောအခါ စိတ်ပူ နှလုံးသွေးပူဖြစ်ကာ သွေးအန်လာသည်။ နောက်ဆုံး အားမာန်လျှော့၍ ကန်တော့ပါတော့မည်ဟု လာသောအခါ မြတ်စွာဘုရားနှင့် မတွေ့ရသေးမီ ကျောင်းတော်အဝင် ရေကန်နားတွင်မြေမျို၍ သေဆုံးကာ အဝီစိငရဲကျရရှာလေသည်။

ဤမျှလောက် ပြင်းထန်သောဒေါသရန်ကား ကြောက်ဖွယ်ကောင်းလှပေသည်။ စွမ်းအားရှိသမျှ ပယ်ရှားရန်ကြိုးစားသင့်လှ၏။

သို့ငြားမှ ကြောက်ဖွယ်ကောင်းသော ဒေါသ၏ ဗုဒ္ဓစာပေလာပါဠိအမည်ကွဲများမှာ—

(က) ကောဓ—အမျက်ထွက်မှု၊ ဖျက်ဆီးမှု။

(ခ) အာဃာတ—လွန်စွာစိတ်ကို ညှဉ်းဆဲတတ်သောတရား၊ လွန်စွာစိတ်ကို ညှဉ်းဆဲမှု။

(ဂ) ပဋိဃ- စိတ်ကို အဖန်ဖန်ညှဉ်းဆဲတတ်သောတရား၊ညှဉ်းဆဲမှု၊

(ဃ) ဘယ-ကြောက်ရွံ့မှု၊

(င) ဗျာပါဒ-ပျက်စီးစေလိုမှု—

စသည်တို့ဖြစ်သည်။

ဒေါသအစစ် မဟုတ်သော်လည်း ဒေါသနှင့်ခွဲမရအောင် ယှဉ်တွဲနေသောကြောင့် ဒေါသကဲ့သို့ပင် အလားတူသည့်တရားများလည်း ရှိသေးသည်။ ယင်းတို့မှာ—

(က) ဒေါမနဿ-ဝမ်းနည်းမှု၊ စိတ်မချမ်းသာမှု၊

(ခ) သောက- စိုးရိမ်ပူပန်မှု၊

(ဂ) ဒုမ္မန-စိတ်ဆင်းရဲမှု-

စသည်တို့ဖြစ်သည်။

## ဒေါသ၏ကိုယ်ခွဲများ

ဖော်ပြခဲ့သည့် ကြမ်းတမ်းပြစ်မှားမှု-ဒေါသတရားသည် ရိုးရိုး ပကတိ ဒေါသဖြစ်သည်။ ယင်းပကတိဒေါသသည် တက်ကြွ ကြမ်းတမ်းသော သဘောမှ ဖောက်ပြန်သောအခါ ဆန့်ကျင်ဘက်ဖြစ်ကာ မတက်ကြွပဲ ဆုတ်နစ်သည့်သဘောကို ဆောင်တတ်ပြန်ပေသည်။ယင်းကိုပကတိဒေါသ အဖြစ်မှ ဖောက်ပြန်သော **ဝိကတိဒေါသ** ဟူ၍ **သတ်မှတ်ရ** ပေသည်။ တက်ကြွကြမ်းတမ်း ဒေါသမှ ဆုတ်နစ်ညှိုးနွမ်းဒေါသ ဖြစ်သွားသည်ဟု ဆိုလိုပေသည်။

## ကြောက်ခြင်းနှင့်အားနာခြင်း

ယင်းဆုတ်နစ်ဒေါသကြောင့် ပေါ်လာသည့် လက္ခဏာ အသွင်အပြင် များမှာ ကြောက်ရွံ့ခြင်းနှင့် အားနာခြင်းတို့ပင်ဖြစ်သည်။

ကြောက်ရွံ့ခြင်းမှာ ဆုတ်နစ်သည့်ဒေါသကြောင့် စိတ်အားငယ် ညှိုး နွမ်း၍ ပျော့ညံ့လာခြင်းဖြစ်သည်။ မပြောရဲ၊ မဆိုရဲ၊ မလုပ်ရဲဖြစ်လာ ခြင်းဖြစ်သည်။

အားနာခြင်းဟူသည်မှာလည်း အမှန်အတိုင်းမပြောရဲ၊ မဆိုရဲ၊မလုပ်ရဲ ပဲ ကြောက်ရွံ့ခြင်း ဆုတ်နစ်ခြင်းပင်ဖြစ်သည်။

ယင်းကြောက်ရွံ့ခြင်းနှင့် အားနာခြင်းတို့သည် ကြမ်းတမ်း ပြစ်မှားမှု- ဒေါသကြောင့် ဖြစ်သည်ဟုဆိုရာ၌တက်ကြွကြမ်းတမ်း ပြစ်မှာသည့်အခါ၌ လည်း တုန်လှုပ်ခြင်း မျက်ရည်ကျ ငိုကြွေးတတ်ကြခြင်းနှင့်ကြောက်ရွံ့အား ငယ်သောအခါ၌လည်း တုန်လှုပ်ခြင်း မျက်ရည်ကျ ငိုကြွေးတတ်ကြခြင်း

ကိုထောက်ဆ၍ ဒေါသဓာတ် အရင်းခံချည်းသာ ဖြစ်သည်ကို သိနိုင်ပေသည်။ တက်ကြွဒေါသနှင့် ဆုတ်နစ်ဒေါသ မျှသာ ကွဲပြားပေသည်။ ဒေါသချည် သာဖြစ်ကြသည်။

လျှပ်စစ်ဓာတ်ဥပမာ

လောကမျက်မြင်အားဖြင့်ပုံစံပြရလျှင် လျှပ်စစ်ဓာတ်ကိုပြချင်ပါသည်။ လျှပ်စစ်ဓာတ်ဟူသည်မှာ သံလိုက်အချင်းချင်း ပွတ်ရာမှ ထွက်လာသည့် ဓာတ်တမျိုးတည်းပင်ဖြစ်သော်လည်း ဖြတ်သန်းလာရသည့် ကွိုင်ကြိုးသဘောသို့ လိုက်၍ ရေကိုပွက်ပွက်ဆူကာ အခိုး အငွေ့ဖြစ် ပျံလွင့် သွားစေရန်လည်း ပြုလုပ်နိုင်စွမ်းရှိပေသည်။ ရေကို အေးမြငြိမ်သက်ကာ အတုံးအခဲဖြစ် တည်တံ့စေရန်လည်း ပြုလုပ်နိုင်စွမ်း ရှိပေသည်။ ယင်းဆန့်ကျင်ဘက်နှစ်မျိုးလုံးသည်ပင် လျှပ်စစ်ဓာတ် တခုတည်းက ပြုလုပ်ခြင်း ဖြစ်ပေသည်။

ဤအတူပင် ကြမ်းတမ်းပြစ်မှားမှု ဒေါသတရား တစ်ခုတည်းကပင် တက်ကြွ၍ အခြားသူများကို သတ်ဖြတ်ညှဉ်းဆဲမှုကို ပြုလုပ်စေရန်လည်း စွမ်းနိုင်ပေသည်။ ဆုတ်နစ်၍အခြားသူများကို ကြောက်ရွံ့ထိတ်လန့်မှုကို ဖြစ်စေရန်လည်း စွမ်းနိုင်ပေသည်။ (ဤကျမ်းနှာ ၁၂၀-၌ နူနာဥပမာဖြင့် ရှင်းပြခဲ့ပါသည်။)

ကြောက်ရွံ့ခြင်း အားနာခြင်းကို ဖြစ်စေသည့် ဆုတ်နစ်ဒေါသသည်လည်း ကြမ်းတမ်း ပြစ်မှား ဖျက်ဆီးခြင်းကိုဖြစ်စေသည့် တက်ကြွဒေါသအတူပင်လျှင် အကုသိုလ်တရား အတွင်းရန်သူပင်ဖြစ်ပေသည်။ မည်သို့မျှ မထူးခြားချေ။ မကောင်းကျိုးကို ဖြစ်စေနိုင်ပေသည်။ အမှန်တရား-အရိယ သစ္စာသိမြင်လိုသူ ထွက်ရာလမ်းကို ဆိုက်ရောက်လိုသူများ ပယ်ရှားရမည်သာဖြစ်ပေသည်။

၃။ **မောဟ။** ။မောဟကို မသိမှု၊ တွေဝေမှု၊ မိန်းမောမှု၊ မိုက်မဲမှု-စသည်ဖြင့် မြန်မာပြန်လေ့ရှိသည်။ မောဟ၏မသိမှုမှာ မသင်ကြား မလေ့လာရ၍ မသိမှု၊ မရောက်ဖူး မတွေ့ဖူးသော

ကြောင့် ရှာအမည်၊ မြို့အမည်စသည်ကို မသိမှုမျိုးမဟုတ်ချေ။ အမှား နှင့် အမှန်တရားကို ခွဲခြားမသိမှု၊ ကုသိုလ်တရားနှင့် အကုသိုလ်တရား ခွဲခြားမသိမှု၊ သစ္စာလေးပါးမသိမှု၊ သူတော်ကောင်း တရားမသိမှု၊ ပဋိစ္စသမုပ္ပါဒ်နှင့် အနိစ္စ-စသည့်လက္ခဏာယာဉ်ကို မသိမှု-စသည်သာ မောဟအစစ်ဖြစ်သည်။

ယင်း မောဟသည် **အညာဏလက္ခဏာ**ခေါ် မသိမှုသဘောတရား ဖြစ်သည်။ သူ၏အလုပ်မှာ **သဘာဝစ္ဆာဒနရသ**-ခေါ် အမှန်သဘော တရားကို ဖုံးကွယ်သည့်အလုပ်ကိစ္စဖြစ်သည်။

မောဟကို သိသာထင်ရှားစေရန် အမိုက်မှောင်နှင့် ဥပမာပေး၍ ရှေးဆရာကြီးများ ဖော်ပြလေ့ရှိကြသည်။ ထင်ရှားစေအံ့-

နေရောင်၊ လရောင်၊ ကြယ်ရောင်၊ မီးရောင်-စသည့် မည်သည့် အလင်းရောင်မျှမရှိသော အမိုက်မှောင်တွင်းမှာ သွားလာလှုပ်ရှားနေ ထိုင်ရပါမူ မည်သည့်အရာကိုမျှ မြင်နိုင်မည်မဟုတ်ပေ။ မှန်း၍စမ်း၍ သာလျှင် သွားလာသွပ်ရှားမှု ပြုလုပ်ရပေလိမ့်မည်။ ကျင်းကိုလည်း ကောင်း၊ ချိုင့်ကိုလည်းကောင်း၊ ဆူးငြောင့်ခလုတ်-စသည်ကို လည်း ကောင်း၊ မြွေ, ကျား, ခွေး စသည်ကို လည်းကောင်း၊ လမ်းဟုတ်သည်၊ မဟုတ်သည်ကို လည်းကောင်း မြင်စွမ်းနိုင်မည် မဟုတ်ချေ။ ထိခိုက် လိမ့်ကျ ရှနာမှုများ ဖြစ်ပွား၍ ဆင်းရဲဒုက္ခရကြပေလိမ့်မည်။ အသက် ပင်သေဆုံးလောက်သော ဝေဒနာကို ခံစားရပေလိမ့်မည်။ အသက်ပင် သော်လည်း သေဆုံးသွားနိုင်ကြပေလိမ့်မည်။

ဤအတူပင်လျှင် မသိမှု မောဟဖုံးလွှမ်းမှုကို ခံကြရသူတို့မှာ အမှား နှင့်အမှန်တရား၊ ကုသိုလ်နှင့်အကုသိုလ်တရားများကို ခွဲခြားကွဲပြားစွာ မသိနိုင်ကြပဲ မသင့်မလျော် မတော်မတရားများကို ပြုလုပ်လွန်ကျူးမိ ကြကာ ဆင်းရဲအချိုးမျိုးကို ခံစားနေကြရပေသည်။ သံသရာဝဋ်ထဲမှ မလွတ်ပဲရှိနေကြရပေသည်။ ထို့ကြောင့် မြတ်ဗုဒ္ဓဘုရားရှင်က—

မောဟသည် အကျိုးမဲ့ကို ဖြစ်စေတတ်သည်၊ မောဟသည် စိတ်ကိုဖျက်ဆီးတတ်သည်။ မိမိကိုယ်တွင်းစိတ်ထဲမှ ဖြစ်ပေါ်လာသော ထို မောဟဟူသော ဘေးဆိုးကို မောဟဖြစ်ပေါ်နေသူသည် မသိတတ်ချေ။

မောဟဖြစ်ကာ မသိမမြင်သူသည် အကျိုးစီးပွားကို မသိတတ်၊ ကောင်းမြတ်သည့် တရားသဘောကို မမြင်တတ်။ ယင်း မောဟဖြစ်ပေါ်နေခိုက်၌ အမိုက်မှောင်လွှမ်း အကန်းကဲ့သို့ဖြစ်နေ၏။ ထို မောဟ-ဟူသော မသိမှုက ထို မသိမမြင်သူကို ဖိစီးနှိပ်စက်လေတော့သည်—

ဟူ၍ ဣတိဝုတ်ပါဠိတော်၌ ဟောကြားတော်မူသည်။ (ခု ၁၊ နှာ- ၂၅၂။)

ဖော်ပြခဲ့သည့် လောဘနှင့် ဒေါသတရားတို့ ဖြစ်ခွင့်ရသည်မှာ ဤ မောဟ-ဟူသော မသိမှုကြောင့်သာ ဖြစ်သည်။ ထိုကြောင့် အကုသိုလ် ရန်သူတရားများတွင် မသိမှုမောဟသည်သာ အဓိကအကျဆုံး ဖြစ်ပေသည်။ ရှင်းပြပါအံ့—

**အဓိကမောဟဝတ္ထု**

လောဘနှင့် ဒေါသတို့၏ အပြစ်ကြီးပုံကို ရှဲကုန်သည်ဝတ္ထုနှင့် ဒေဝဒတ်ဝတ္ထုတို့ဖြင့် ရေးသားဖော်ပြခဲ့သည်။ မောဟ၏အပြစ်ကြီးပုံကို ဝတ္ထုသက်သေထုတ်၍ ဖော်ပြပါဆိုလျှင် ယင်းရှဲကုန်သည်ဝတ္ထုနှင့် ဒေဝဒတ်ဝတ္ထုများကိုပင် ဖော်ပြရမည်ဖြစ်ပေသည်။

မှန်၏၊ ရှဲကုန်သည်နှင့် ဒေဝဒတ်တို့သည် မိမိတို့စိတ်သန္တာန်၌ လောဘနှင့်ဒေါသ ဖုံးလွှမ်းနေသည်ကိုလည်းကောင်း၊ လောဘနှင့် ဒေါသတို့၏ မကောင်းကျိုးကို လည်းကောင်း မသိမှုမောဟက ဖုံးလွှမ်းနေသောကြောင့်သာ ဤမျှကြီးလေးသော ပြစ်မှုများကို ကျူးလွန်မိခြင်း ဖြစ်ပေသည်။ အပြစ်၏မကောင်းကျိုးကို ခံစားရခြင်းဖြစ်ပေသည်။ အကယ်၍သာ လောဘနှင့်ဒေါသကိုလည်းကောင်း၊ ယင်းတို့၏ အပြစ်ကိုလည်းကောင်း သိမြင်ကြပါမူ ကျူးလွန်ကြမည် မဟုတ်ချေ။ ထို့ကြောင့်

မသိမှုမောဟသည် လောဘနှင့်ဒေါသတို့ထက် အဓိကကျ၍ ကြီးမားလှသည့် ရန်သူကြီးဖြစ်ကြောင်း သိမြင်သင့်ပေသည်။

မောဟ၏ ကိုယ်ကွဲများအဖြစ် စာပေကျမ်းဂန်တို့၌သုံးစွဲသည့် မောဟ၏ အခြားအမည်များမှာ—

(က) အဝိဇ္ဇာ-မသိတတ်မှု၊ တွေဝေမှု၊
(ခ) ပမာဒ-မေ့လျော့မှု၊ ပေါ့ဆမှု၊ မေ့မောမှု၊
(ဂ) အညာဏ-မသိမှု—

စသည်တို့ဖြစ်သည်။ ဤ၌ (ခ) ပမာဒသည် မောဟဦးစီးသည့် အကုသိုလ်တရားဖြစ်သည်။ (ဤကျမ်း နှာ-၁၃၀-ပြန်ရှု။)

၄။ ဒိဋ္ဌိ။ ။ဒိဋ္ဌိ- ဟူသောပါဠိဝေါဟာရသည် မိစ္ဆာဒိဋ္ဌိ(=မှားသောအမြင်)ဟူသောပုဒ်ရင်းမှ ရှေ့"မိစ္ဆာ"ပုဒ်ကျေပြီး နောက်ပုဒ် "ဒိဋ္ဌိ"တစ်ပုဒ်တည်း ကျန်နေသည့်ပုဒ်ဖြစ်သည်။ ထို့ကြောင့် ယင်းဒိဋ္ဌိပုဒ်ကိုမြန်မာပြန်လျှင် ကျေပျောက်နေသော "မိစ္ဆာ"ပုဒ်၏အနက်ကိုပါထည့်သွင်း၍"မှားသောအမြင်"ဟုပြန်ဆိုမှအဓိပ္ပာယ်ပြည့်စုံမည်ဖြစ်သည်။

မြန်မာဥပမာဖြင့်ဖော်ပြရလျှင် ဝါးကိုစိတ်ဖြာ၍ ရက်လုပ်ထားသည့်တောင်းကို အမှန်အတိုင်းခေါ်လျှင် "ဝါးဘောင်း"ဟူ၍သာ ခေါ်ရမည်ဖြစ်သည်။ သို့သော် သစ်သား လုပ်သောတောင်း ဟူ၍ မရှိသလောက်ရှားသောကြောင့် ရှင်းလင်းဖွယ်မလိုတော့ပဲ ရှေ့ပုဒ်"ဝါး" ကိုချေဖျောက်၍ "တောင်း"ဟုခေါ်လျှင်လည်း အပြည့်အစုံအားဖြင့် ဝါးဘောင်းကိုဆိုလိုကြောင်း နားလည်သည့်ပုံစံကဲ့သို့ ဖြစ်ပေသည်။ယင်း ဒိဋ္ဌိကို မှားသောအမြင်၊ မှားသောအယူအဆ၊ မှားသောဝါဒ-စသည်ဖြင့် မြန်မာပြန်ဆိုလေ့ရှိကြပေသည်။

ဒိဋ္ဌိ၏ပင်ကိုသဘောလက္ခဏာမှာ **အဘိနိဝေသလက္ခဏာ**ခေါ် မှားယွင်းစွာ သက်ဝင် စွဲယူခြင်းသဘောဖြစ်သည်။ မှန်ပေသည်၊ မှားသောအမြင် ဒိဋ္ဌိသည် အမှန်ကိုအမှားအားဖြင့် ရှုမြင်သုံးသပ်စွဲယူတတ်သ**ည်**။ မှန်ကန်ပြင့်မြတ်သော အရိယဉာဏ်အမြင်၌ ရုပ်တရား,နာမ်တရားများကို မမြဲမှု-

အနိစ္စ၊ ဆင်းရဲမှု-ဒုက္ခ၊ မစိုးပိုင်မှု-အနတ္တ ဟူ၍ ရှုမြင်သုံးသပ် ဆုံးဖြတ်သည်။ သို့သော် ဒိဋ္ဌိခေါ် မှားသောအမြင်ကမူ "မြဲမှု-နိစ္စ၊ ချမ်းသာမှု-သုခ၊ စိုးပိုင်မှု-အတ္တ" ဟူ၍ ရှုမြင်သုံးသပ် ဆုံးဖြတ်တတ်ချေသည်။

ယင်းသို့ လွဲမှားစွာမြင်တတ်မှုကြောင့်ပင် ဒိဋ္ဌိ၏သဘောကို ပေါ်လွင်ထင်ရှားစေရန် ဗုဒ္ဓအဘိဓမ္မာပညာရှင်ကြီးများက ဒိဋ္ဌိကို **မျက်လှည့်ဆရာ**ဖြင့် ဥပမာပေး ပြဆိုကြသည်။ မှန်ပေသည်၊ မျက်လှည့်ဆရာများသည် ရှိခဲကိုသည်း ရွှေခဲကဲ့သို့ ပွဲကြည့်ပရိသတ်များ ထင်မြင်စေရန် ပြုလုပ်ပြတတ်ကြသည်။ စက္ကူစကိုမီးရှို့ပြီး ခွက်တခုဖြင့်ဖုံးထားကာ ပြန်ဖွင့်လိုက်သောအခါ ငွေစက္ကူ တစ်ဆယ်တန်၊ တစ်ရာတန်-စသည်ဖြစ်အောင် ပြုလုပ်၍ ပြတတ်ကြပေသည်။ ဤသို့ မျက်လှည့်ဆရာက မဟုတ်မမှန်သည်ကို အဟုတ်အမှန်သို့ထင်မြင်အောင် ပြုလုပ်ပြသသည့်ဥပမာကဲ့သို့ပင် ဒိဋ္ဌိသည်လည်း သတ္တဝါတို့အား မမြဲမှု-အနိစ္စ၊ ဆင်းရဲမှု-ဒုက္ခ၊ မစိုးပိုင်မှု-အနတ္တ အစစ်အမှန်ဖြစ်သော ရုပ်တရား နာမ်တရားများကို တည်မြဲမှု-နိစ္စ၊ ချမ်းသာမှု-သုခ၊ စိုးပိုင်မှု-အတ္တကဲ့သို့ ထင်မြင်အောင်လှည့်စားတတ်လေသည်။

ယင်းသို့ဒိဋ္ဌိ၏လှည့်စားမှုကြောင့် သတ္တဝါတို့မှာ အထင်မှားအမြင်မှားဖြစ်ကြကာ တံလျှပ်ကိုရေထင်သည့် ရွှေသမင်ကဲ့သို့ ရုပ်တရားနာမ်တရားများကို "ငါ၊ ငါ့ကိုယ်၊ ငါ့ပစ္စည်း" ဟု စွဲမှတ် ထင်မြင်ကြလေသည်။ မကောင်းမှု-အကုသိုလ်တရားများ ဖြစ်ပွားကြလေသည်။ ဒုစရိုက်မှုကို ပြုကျင့်ကြလေသည်။ ဒုစရိုက်မှုပြုခြင်းကြောင့် မကောင်းကျိုးအမျိုးမျိုးတို့ကို ခံစားကြရလေသည်။ သံသရာဝဋ်ထဲမှ မလွတ်ပဲနေကြရသည်။

ယင်းသို့ ဘေးအန္တရာယ် ကြီးမားလှသောကြောင့် ဒိဋ္ဌိကို ဗုဒ္ဓရှင်တော်မြတ်ဘုရားက-

"အမြင်မှားမှုဒိဋ္ဌိကဲ့သို့ မကောင်းမှု-အကုသိုလ်တရား ဖြစ်ပွားစေတတ်၍ ကောင်းမှု-ကုသိုလ်တရား ဆုတ်ယုတ်စေသည့်တရားမျိုး မရှိနိုင်ချေ။ (အမြင်မှားမှု-ဒိဋ္ဌိသည်သာလျှင် မကောင်းမှု-အကုသိုလ်တရား အဖြစ်ပွားစေတတ်ဆုံး၊ ကောင်းမှု-ကုသိုလ်တရားအဆုတ်ယုတ်စေတတ်ဆုံး တရားဆိုးဖြစ်သည်။)

အမြင်မှားမှု-ဒိဋ္ဌိရှိသူမှန်လျှင် အပါယ်ငရဲကျရမည် အမှန်ဖြစ်သည်။ ဥပမာပြရလျှင် ကျောက်ခဲမှန်လျှင် ကြီးသည်ဖြစ်စေ သေးသည်ဖြစ်စေ ရေထဲချက နစ်မြုပ်ရမြဲဖြစ်သကဲ့သို့တည်း။

အမြင်မှားမှု-မိစ္ဆာဒိဋ္ဌိ အခံရှိနေသူတို့ပြုလုပ်သမျှ ကိုယ်အမှု၊ နှုတ်အမှု၊ စိတ်အမှု-ဟူသမျှသည် ကောင်းကျိုး မပေးနိုင်၊ မကောင်းကျိုးကိုသာပေးနိုင်သည်။ ဥပမာပြရလျှင် တမာစေ့မှ တခါင် ပေါက်သာသောအခါ တမာမြစ်ကစုပ်ယူသမျှ ရေဩဇာခါတ် မြေဩဇာဓာတ်သည် ခါးသောအရသာဓာတ်များသာ ဖြစ်သွားကြရလေသည်။ ချိုသည့်အရသာ ဖြစ်သွားရိုးမရှိပေ။ အကြောင်းရင်းမှာ မျိုးစေ့ဖြစ်သော တမာစေ့ကိုကပင် အခါးမျိုးဖြစ်သောကြောင့်တည်း။”

ဟူ၍ အင်္ဂုတ္တိုရ်ပါဠိတော်၌ ဟောကြားတော်မူသည်။ (အံ ၁၊ ၃၂၊ ၃၃)

ဤမျှလောက်မကောင်းကျိုးကိုပေးတတ်သော အမြင်မှားမှုဒိဋ္ဌိသည် အလွန်အစွမ်းထက်၍ စွဲမိလျှင် ချွတ်ရရန်ခက်ခဲလှသည်။ ဘုရားရှင်နှင့်တွေ့၍ ဟောသော်မှလည်း ကျွတ်လွတ်ရန်ခက်ခဲလှသည်။ ဘုရားရှင်လက်ထက်တော်အခါက ထင်ရှားသော သိဥ္စည်း ဆရာကြီးကို လေ့လာကြည့်ပါ။

## သိဥ္စည်းဆရာကြီး

သိဥ္စည်းဆရာကြီးသည် ဗုဒ္ဓပွင့်ထွန်းစဉ်အချိန်အခါက ဂိုဏ်းဆရာကြီးတစ်ဦးဖြစ်သည်။ အမရာဝိက္ခေပ-ခေါ် ဘယ်တရားမျိုး၊ ဘယ်ဝါဒမျိုးကိုမှ လက်ခံယုံကြည်ခြင်းမရှိသည့် အယူဝါဒကိုလက်ကိုင်ထား ဟောပြောနေသူ ဖြစ်သည်။ တပည့်ပေါင်းများစွာ ခြံရံဝိုင်းပတ်နေသည်။ ထင်ပေါ်ကျော်ကြားသည်။

လက်ယာတော်ရံ အရှင်သာရိပုတ္တရာအလောင်းတော်နှင့် လက်ဝဲတော်ရံ အရှင်မောဂ္ဂလာန်အလောင်းတော်တို့သည်ပင် ရဟန်းမပြုမီက ထိုဆရာကြီး၏ တပည့်ဖြစ်ကြသည်။ မြတ်စွာဘုရားတရားတော်ကို နှစ်သက်သဘော

ကျပြီး အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့က ရဟန်းပြုခါနီး၌ သိဉ္စည်းဆရာကြီးကို—

"ဆရာ....လောကမှာ ဘုရား, တရား, သံဃာ—ပွင့်ထွန်းလာပါပြီ။ သင်တို့သည် အနှစ်မဲ့-ဒိဋ္ဌိတရားကို စွဲယူမနေပါနှင့်၊ ကျွန်ုပ်တို့နှင့်အတူ ဘုရားရှင်ထံသွား၍ တရားကျင့်သုံးကြပါစို့"

ဟူ၍ခေါ်သည်။ ထိုအခါ သိဉ္စည်းဆရာကြီးက—

"သင်တို့သာသွားကြ၊ ငါတော့မလိုက်လိုပါ။ တည်အိုးကြီးကဲ့သို့ ဂိုဏ်းဆရာကြီး ဖြစ်နေရာမှ လိုက်အိုးငယ်လေးကဲ့သို့ တပည့်မလုပ်လိုပါ"

ဟု ပြောဆိုငြင်းပယ်သည်။ ထိုအခါ တပည့်များက—

"ဆရာ....ဘုရားပွင့်နေပြီ ဖြစ်သောကြောင့် လူတွေသည် ဘုရားထံသို့သာ သွားရောက်လှူဒါန်းနေကြသည်။ သင်တို့ မမှန်ကန်သော အယူအဆရှိသူ ဒိဋ္ဌိဆရာများထံ လာကြတော့မည် မဟုတ်။ စား ဝတ် နေထိုင်ရေး ခက်လိမ့်မည်"

ဟု ပြောဆိုသောအခါ သိဉ္စည်းဆရာကြီးက—

"လောကမှာ လူလိမ္မာကနည်းသည်၊ လူမိုက်ကသာ များသည်။ လူလိမ္မာများ ရဟန်းဂေါတမထံ သွားလိမ့်မည်။ လူမိုက်များ ငါ့ထံလာလိမ့်မည်။ လူမိုက်များရှိနေသမျှ ငါတို့ မိစ္ဆာဒိဋ္ဌိဝါဒရှင်များ အနေချောင်နိုင်ပါသည်။ သင်တို့သာ သွားကြ၊ ငါတော့မလိုက်လို"

ဟူ၍ ခါးခါးသီးသီး ငြင်းပယ်၍ နေခဲ့သည်။ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန် အလောင်းတော်များ မြတ်စွာဘုရားထံ သွားသောအခါ အခြားတပည့်များလည်း အတူလိုက်ပါသွားကြသည်။ သိဉ္စည်းဆရာကြီး တဦးတည်းသာ ကျန်နေခဲ့သည်။ ထိုအခါ သိဉ္စည်းဆရာကြီးမှာ ဝမ်းနည်းကျေကွဲဖြစ်ပြီး သွေးအန်ရောဂါ စွဲကပ်သွားရှာလေသည်။ (ဓမ္မ ဋ္ဌ ၁၊ ၅၇—၆၀)

ဤသို့လျှင် သိဥ္စည်းဆရာကြီးသည် အမြင်မှားမှု-ဒိဋ္ဌိ၏ဆွဲဆောင်ချက်ကြောင့် ဆင်းရဲဒုက္ခများခံရလေသည်။ ဘုရားစစ်၊ တရားစစ်၊ သံဃာစစ်နှင့် တွေ့ကြုံလို့မှ တရားအမှန်ကို မနာကြားရ၊ မသိမြင်ရပဲ ဆင်းရဲတာရှည်၍ သံသရာဝဋ္ဋမှာ မျောပါရပြန်လေသည်။ ဤမျှလောက် ဒိဋ္ဌိတရားသည် ဆင်းရဲဒုက္ခကိုပေးနိုင်သည့် အတွင်းရန်သူကြီး ဖြစ်ချေသည်။

ယင်းအတွင်းရန်သူ ဒိဋ္ဌိ၏အခြားအမည်များမှာ—

(က) မိစ္ဆာဒိဋ္ဌိ—မှားယွင်းသောအမြင်၊ မှားယွင်းသော အယူအဆ၊

(ခ) ပရာမာသ—မှားယွင်းစွာသုံးသပ်မှု၊

(ဂ) အဘိနိဝေသ—မှားယွင်းသည်ကိုစွဲမြဲသက်ဝင် ယုံကြည်မှု-စသည်တို့ဖြစ်သည်။

**၅။ မာန။** ။မာနကို ပါဠိပျက်အားဖြင့်''မာန်'' ဟူ၍သာ မြန်မာပြန်ဆိုလေ့ရှိကြသည်။ ပါဠိစကားအတိုင်း''မာန''ဟူ၍သုံးလျှင်လည်း ဗုဒ္ဓတရားတော်ထွန်းကားသည့် မြန်မာပြည်၌ လူတိုင်းလိုလိုပင် နားလည်နေကြပြီဖြစ်ပေသည်။

မာန-ကိုအဓိပ္ပာယ်တူခေါ် အဓိပ္ပာယ်နက်ပြန်ဆိုလျှင်မူ-ထောင်လွှားမှု၊ ဘဝင်မြင့်မှု၊ အောက်ခြေလွှတ်မှု၊မြင့်မောက်မှု-စသည်ဖြင့် ပြန်ဆိုသင့်ပေသည်။

ယင်းမာန၏ ပင်ကိုသဘောတရားမှာ ဥန္နတိလက္ခဏာခေါ် မြင့်မောက်ခြင်းသဘောရှိခြင်းဖြစ်သည်။ မှန်ပေသည်၊ မာနရှိသူသည် အခြားသူများနှင့်မိမိကိုယ်ကိုနှိုင်းယှဉ်လိုက်လျှင် မိမိကသာ မြင့်သည်၊ သာသည်၊ လွန်ကဲသည်-ဟု စွဲမှတ်ထင်မြင်လေ့ရှိကြသည်။

မာနရှိသူသည် မိမိထက် အမှန်တကယ် နိမ့်ကျသူများကို တွေ့လျှင်''ငါ့ကိုဘယ်လိုမိမှာလဲ၊ ဒင်းတို့ထက် ဆယ်ဆသာကယ်' စသည်ဖြင့် ထောင်လွှားတတ်သည်။

မာနရှိသူသည် မိမိနှင့်တန်းတူရည်တူဖြစ်သူများကို တွေ့လျှင် "ဒီကောင်နှင့်ငါနဲ့ ဘာထူးလို့လဲ၊ဒီကောင်ကိုဘာဂရုစိုက်ရမှာလဲ" စသည်ဖြင့် ထောင်လွှားတတ်သည်။

မာနရှိသူသည် ကိုယ့်ထက်သာသူကိုတွေ့လျှင်လည်း "ဒီကောင် လောက်မြင့်နေလို့ ဘာဂရုစိုက်ရမှာလဲ၊ကိုယ်လုပ်မှကိုယ်ကြေဒါပဲ၊ ဒီလိုကောင်မျိုး တနေ့တော့ စောစောကဖလေးတွေ့ရအုံးမှာပေါ့" စသည်ဖြင့် ထောင်လွှားတတ်ပေသည်။

ယင်းသို့ မာနသည်ထောင်လွှားတတ်သည့် သဘောလက္ခဏာရှိသော ကြောင့် ယင်းမာန၏သဘောစကို သိလွယ်စေရန် ရှေးပညာရှိကြီးများသည် "တံခွန်" နှင့်ဥပမာပေး၍ ပြဆိုတတ်ကြသည်။ မှန်ပါသည်၊ ဘုရား ကျောင်းကန်များအနီး၌ စိုက်ထူထားသည့် တံခွန်တိုင်များရှိတတ်ကြ သည်။ တံခွန်တိုင်သည် အမြဲတန်း အချိန်မရွေး ရာသီမရွေး မားမားစွင့်စွင့် မြင့်ထောင်နေသည်ကိုသာ တွေ့မြင်ရတတ်သည်။ တွေ့မြင်ရသူတို့၏ အတွေ့ အမြင်မှာ တံခွန်ဆိုလျှင် မြင့်နေသည် ထောင်နေသည်ကိုသာ တွေ့ကြ မြင်ကြထင်ကြပေသည်။ ဤတံခွန်အတူပင်လျှင် မာနရှိသူကိုလည်း တွေ့ရ၊ မြင်ရ၊ သိရသူ များက ထောင်နေသည်၊ မြင့်နေသည် ဟူ၍သာ တွေးတတ်ကြ၊ မြင်တတ်ကြ၊ ထင်တတ်ကြသည်။ ထို့ကြောင့် မာနကို ထောင်လွှားမှု၊ မာနကြီးသူကို ထောင်လွှားသူ-စသည်ဖြင့် မြန်မာ အဓိပ္ပာယ်ဖော်ပြလေ့ရှိပေသည်။

မာနသည်ထောင်လွှားမှုရှိသောကြောင့်ပင် ရှိသေထိုက်သူကို မရိုသေ၊ ရှိခိုးထိုက်သူကို မရှိခိုး၊ ပူဇော်ထိုက်သူကို မပူဇော်ပဲ မကောင်းမှု-ဒုစရိုက် ပွားများကြကာ မျက်မှောက်,တမလွန် နှစ်တန်လုံးမှာပင် အကျိုးမဲ့ ဆင်းရဲဒုက္ခ တွေ့ကြုံတတ်ကြရလေသည်။

မာနကိုပယ်ရှားနိုင်ကြမှသာလျှင် မျက်မှောက်တမလွန် နှစ်တန်သော ကာလတို့၌ ချမ်းသာသုခ ရနိုင်ကြပေမည်။ အနာဂါမ်-အရိယာ ဖြစ်နိုင် ကြပေမည်ဖြစ်ကြောင်း မြတ်ဗုဒ္ဓဘုရားရှင်က—

"ထောင်လွှားမှုမာနဆောင်၍ ထောင်လွှားနေကြမှုကြောင့် သတ္တဝါအများ အပါယ်လေးပါးသို့ လားရောက်ကြရသည်၊ ယင်းမာနကို ကောင်းစွာသိမြင်လျက် ပယ်ရှားနိုင်ကြပါမူ ဤကာမဘုံသို့ နောက်ထပ် တဖန် ပြန်မလာတော့ပဲ ဗြဟ္မာဘုံသို့ ရောက်ကြရပေလိမ့်မည်။"

ဟူ၍ ဣတိဝုတ်ပါဠိတော်၌ ဟောကြားတော်မူသည်။ (ခု ၁၊ ၁၉၇။)

**သိဥ္စည်းနှင့်အိုးကြီး**

မာနဟူသောထောင်လွှားမှုအကုသိုလ်၏ အပြစ်ကြီးလေးပုံကို ဖော်ပြခဲ့သည့် သိဥ္စည်း ဆရာကြီး၏ ဇာတ်လမ်းမှာထင်ရှားစွာ လေ့လာတွေ့ရှိနိုင်သည်။

သိဥ္စည်းဆရာကြီးသည် မိမိကတပည့်များအပေါ်၌ ကြီးစိုးကာ ဆရာကြီး တဆူ ပြုမူနေထိုင်ခဲ့ပြီးဖြစ်သောကြောင့် တပည့်ခံ၍ မြတ်စွာဘုရားထံ မလိုက်လိုကြောင်းကို "တည်အိုးကြီးဖြစ်ပြီးမှ လိုက်အိုးကလေး မဖြစ်လိုကြောင်း" ဥပမာပေး၍ ငြင်းဆန်ခဲ့သည်။ ဤသည်မှာ မိမိကိုယ်ကို မနှိမ်ချပဲ အမြဲထောင်လွှား မြင့်မောက်နေမှု-မာန၏ အစွမ်းဖြစ်သည်။

ဤမာနကြောင့်ပင် တပည့်အခြွေအရံများနှင့်ကွဲ၍ တဦးတည်း အထီးကျန် ဘဝရောက်ရကာ မချမ်းမသာ စိတ်ပူလှစွာဖြင့် သွေးအန်သည့်ရောဂါ နှိပ်စက်ခြင်းခံရရှာလေသည်။ တွေ့ကြုံရန်ခဲယဉ်း၍ အလွန်တန်ဖိုးကြီးမား မြင့်မြတ်လှစွာသော ဘုရားစစ်, တရားစစ်, သံဃာစစ်များနှင့်လွဲရကာ အပါယ်လေးပါးအစာ ဖြစ်ရပေလိမ့်ဦးမည်။ သံသရာရေလျင်ကြောမှာ မျောရပေလိမ့်မည်။

ဤအဖြစ်အပျက်၌ ဒိဋ္ဌိဖြင့် လွဲမှားသော အသိအမြင်ရှိသောကြောင့် သာမဟုတ် မာနဖြင့် ထောင်လွှားမှု ရှိနေကြောင်းကိုလည်း လေ့လာ

တွေ့ရှိရသည်၊ ဗုဒ္ဓ၏ အဘိဓမ္မာကျမ်းကြီးများ၌မူ ဒိဋ္ဌိနှင့် မာနသည် ခြသေ့နှစ်ကောင် ဂူတစ်ခုတည်း အတူမအောင်းနိုင်သကဲ့သို့ အတူတွဲမဖြစ်နိုင်ကြောင်း ဖွင့်ဆိုတော်မူကြသည်။

စိတ်တစ်ခုထဲ တခဏထဲမှာ အတူတွဲမဖြစ်နိုင်သည်မှာ မှန်ပါသည်၊သို့သော် ခြသေ့နှစ်ကောင်သည် အချိန်ကာလမတူပဲ တလှည့်စီ ကိုယ့်အချိန်ပိုင်းနှင့်ကိုယ် ခွဲခြား၍ ဂူတစ်ခုတည်းမှာ နေနိုင်ခွင့် ရှိသကဲ့သို့ စိတ္တက္ခဏ အသီးသီးခွဲခြား၍ မာနနှင့်ဒိဋ္ဌိတို့သည် တသတ်စီတသတ်စီကား ဖြစ်ပေါ်ခွင့်ရှိကြပေသည်။ ဤသို့သောနည်းဖြင့် သိဥ္စည်းဆရာကြီးသန္တာန် တစ်ခုထဲ၌ အမြင်မှားမှု-ဒိဋ္ဌိစွဲလည်း ရှိနိုင်၍ ထောင်လွှားမှု မာနတရားလည်း ရှိနိုင်ပေသည်။

**မာနခွေးမြီး ကျိုးမပြီး**-ဟူ၍ ရှေးမြန်မာပညာရှိကြီးများက ပြောဆိုဆုံးမလေ့ရှိခဲ့သည်၊ခွေးတို့၏အမြီးသည် ထောင်၍ကောက်နေသည်၊မိမိခန္ဓာကိုယ်ကို ခြင်မှက်ကိုက်ခဲသည်ကိုပင် ပုတ်ခတ်၍ မခြောက်နိုင်ရုံမျှမက မစင်ခြောက်များပေကျံနေသည့် မိမိ၏ ဘင်ဝနှင့် မကင့်တယ်သည့် အင်္ဂါဇာတ်ကိုမျှ ဖုံးလွှမ်းမထားနိုင်ချေ။ နွားများ ကျွဲများ၏ အမြီးသည်ကား ထောင်ခြင်း ကောက်ခြင်းမရှိသော်လည်း မိမိခန္ဓာကိုယ်ကို ကိုက်ခဲသည့် ခြင်, မှက်-တို့ကိုလည်း ပုတ်ခတ်ခြောက်နိုင်သည်။ဘင်ဝနှင့် အင်္ဂါဇာတ်ကိုလည်း ဖုံးလွှမ်းထားနိုင်သည်။

ဤ ခွေးမြီးအတူပင်လျှင် ထောင်လွှားမှု - မာနသည်လည်း ရိုသေထိုက်သည့်သူကို မရိုသေ၊ လေးစားထိုက်သူကို မလေးစား၊ ဆည်းကပ်ထိုက်သူကို မဆည်းကပ်နိုင်ပဲ "ငါမှငါ" ဟု ထောင်လွှားနေတတ်သည်။ မပြောသင့်သည်ကို ပြောမိတတ်သည်။ မလုပ်သင့်သည်ကို လုပ်မိတတ်သည်။ ထို့ကြောင့် မာနသည် ရသင့်သည့် ပညာ, ဥစ္စာ, တရား-စသည်ကို မရစေနိုင်ရုံမျှမကပဲ အကျိုးမဲ့ ဆင်းရဲဒုက္ခများကို ရစေတတ်ချေသည်။

**မာန၏** ဗုဒ္ဓစာပေ၌အသုံးပြုသော အခြားအမည်များမှာ—
(က) မညနာ-မိမိကိုယ်ကို အထင်ကြီးမှု၊
(ခ) ဝိဓာ-ကိုယ့်ကိုယ်ကို အသာထားတတ်မှု၊
(ဂ) ဥန္နတိ-ဥန္နမ-မြင့်မောက်မှု—
စသည် ဖြစ်ပေသည်။

၆။ **ဥဒ္ဓစ္စ**။ ။ဥဒ္ဓစ္စကို ပျံ့လွင့်မှု၊ မငြိမ်သက်မှု-ဟူ၍ မြန်မာပြန်ဆိုလေ့ရှိကြသည်။ "ပျံ့လွင့်" ဟူသည်မှာ ပတည်တံ့ပဲ ပျံ့လွှား လွင့်လေနေသည်ဟု ဆိုလိုသည်။ ထို့ကြောင့် မငြိမ်သက်မှုဟူ၍လည်း အနက်အဓိပ္ပာယ် ရပေသည်။

ဥဒ္ဓစ္စ၏ ပင်ကိုသဘောမှာ အဝူပသမလက္ခဏာ ခေါ် မငြိမ်သက်မှုလက္ခဏာသဘောဖြစ်သည်။ မှန်၏ ဥဒ္ဓစ္စဖြစ်ပွားသူသည် တည်တံ့ငြိမ်သက်မှုမရှိပဲ ဟိုရောက်သည်ရောက်ဖြင့် စိတ်သည် ပျံ့လွင့်နေတတ်ပေသည်။ ထို့ကြောင့် ဥဒ္ဓစ္စ၏သဘောကို သိမြင်ထင်ရှားစေရန် ပြာပုံကို တုတ်ဖြင့် ရိုက်ခတ်ထားခြင်းနှင့် တူသည်ဟု ဥပမာပေး၍ ရှေး အဘိဓမ္မာ ပညာရှင်ကြီးများက ဖော်ပြလေ့ရှိပေသည်။

ပြာသည် ထင်းသစ်သားအဖြင်မှအဆီအနှစ်များကို မီးလောင်ကျွမ်းထားသဖြင့် ပေါ့ပါးသည့် ဓာတ်မျိုးဖြစ်ရာ တုတ်ဖြင့်ရိုက်ခတ်လိုက်ပါလျှင် တထောင်းထောင်းထ၍ မငြိမ်မသက်ပဲ ပျံ့လွင့်သွားတတ်သည့်သဘာဝရှိဘတ်သကဲ့သို့ ဥဒ္ဓစ္စဖြစ်ပွားလျှင်လည်း တည်တံ့ငြိမ်သက်ခြင်းမရှိပဲ ပျံ့လွင့်နေတတ်ပေသည်။

လက်တုံနေသူဘဦးသည် မြင်းစီးပြေးယင်း ပစ်မှတ်ကခုကို ထိမှန်အောင် သေနတ်ဖြင့် မပစ်နိုင်သကဲ့သို့ ပျံ့လွင့်မှု-ဥဒ္ဓစ္စ လွှမ်းမိုးနေခိုက်၌ ကောင်းမြတ်သော တရားသဘောကို နှလုံးသွင်းပွားများမှု မပြုလုပ်နိုင်ချေ။ အမှန်တရားသိမြင်နိုင်ရန် သမထ, ဝိပဿနာတရား အားထုတ်ပွားများရန် မဆိုထားနှင့် ဩကာသ တစ်ပုဒ်ဆုံးအောင် ဘုရားရှိခိုးရန်ပင်

ခက်လှပေသည်။ အမှန်-သစ္စာတရား သိမြင်ရန်အတွက် ဥဒ္ဒစ္စသည် အနှောင့်အယှက်ကြီးတစ်ခု ဖြစ်သည်။

ဥဒ္ဒစ္စသည် အမှန်တရား သိမြင်ရေးအတွက်မျှသာ အနှောင့်အယှက် ပေးနိုင်သည်။ အပါယ်လေးပါး မကောင်းသောဘဝများသို့ ကျရောက်စေ ရန်ကား ကိုယ်တိုင်က မစွမ်းနိုင်။ အခြား လောဘ, ဒေါသ-စသော အကုသိုလ်တရားများနှင့် ပေါင်းဖက်၍ အားပေးကူညီမှုမျှလောက်ကို သာ ပြုတတ်သည်။

ကောင်းမြတ်သော-အကုသိုလ်တရားပွားများရာ၌ ဥဒ္ဒစ္စက အနှောင့် အယှက်ပေးခြင်းကို အရှင်အာနန္ဒာ၏ ကြုံတွေ့ရပုံကလေးကို တင်ပြချင် သည်။

**အရှင်အာနန္ဒာဝတ္ထု**

အရှင်အာနန္ဒာသည် မြတ်စွာဘုရား တရားတော်အားလုံးကို တတ်သိ ၍ နှုတ်ငုံဆောင်ထားနိုင်သည့် သောတာပန် ပုဂ္ဂိုလ်ကြီး ဖြစ်သည်။ အကြားအမြင်အများဆုံး ဗဟုသုတအရာ၊ သတိအကောင်းဆုံး သတိ မန္တအရာ၊ တရားတော်ကိုအသိတတ်ဆုံး ဂတိမန္တအရာ၊ လုံ့လဝီရိယအရှိ ဆုံး ဓိတိမန္တအရာ၊ မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးမှု ဥပဋ္ဌာကအရာတို့ ၌ အသာဆုံး, အမြတ်ဆုံး ဧတဒဂ်ဘွဲ့ငါးမျိုးရ ပုဂ္ဂိုလ်ကြီးဖြစ်သည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် တရားတော်များကို သင်္ဂါယနာတင်ပွဲ၌ ဝင်ရောက်နိုင်ရေးအတွက် ရဟန္တာအဆင့်အတန်းသို့ ရောက်ရန် တရားကို ပွားများအားထုတ်သောအခါ ကြိုးစားမှုလွန်ကဲ သောကြောင့် ပျံ့လွင့်မှု-ဥဒ္ဒစ္စတရား ဝင်ရောက်နှောင့်ယှက် ခံရသည်။ တညလုံးပွားများသော်လည်း တရားထူးကိုမရနိုင်ဖြစ်နေရာ ကြိုးစားစိတ် ကိုလျှော့ကာ အိပ်ရန် လှဲလိုက်သောအခါမှ ခြေနှစ်ချောင်းကလည်း မြောက်နေဆဲ, ဦးခေါင်းကလည်း ခေါင်းအုံးပေါ်မကျမီ တရားထူးသိ မြင် ရဟန္တာရှင်ဖြစ်သွားလေသည်။ သွား၊ ရပ်၊ ထိုင်၊ လျောင်း-ဟူ

သော ဣရိယာပုထ်လေးပါးမှအလွတ် ရဟန္တာဖြစ်သူဟူ၍ သာသနာ၌ အရှင်အာနန္ဒာ တစ်ပါးသာရှိကြောင်း မှတ်တမ်းတင်ထား ရပေသည်။ (ဝိ ၄-၁၊ နှာ-၁၀။ ဒီ ၄-၁၊ နှာ-၁၁။)

ဤသို့လျှင် ပျံ့လွင့်မှု-ဥဒ္ဓစ္စသည် အမှန်တရားသိမြင်ရေး၌ အနှောင့် အယှက်ပေးတတ်သည့် အတွင်းရန်သူ ဖြစ်ကြောင်း မှတ်သားသင့်ပေ သည်။

ဥဒ္ဓစ္စ၏ ပါဠိဘာသာအခြားအမည်မှာ-ဥဒ္ဓဋ္ဌ-ပျံ့လွင့်မှုဖြစ်သည်။

၇။ **ဝိစိကိစ္ဆာ**။ ။ဝိစိကိစ္ဆာကို ယုံမှားမှုဟူ၍ ရှေးမြန်မာပညာရှင်များ မြန်မာပြန်ဆိုခဲ့ကြသည်။ ယုံမှားမှု-ဟူသည်မှာ ယုံ ခြင်းလည်းမဟုတ်၊ မယုံခြင်းလည်းမဟုတ်ပဲ မယုံတယုံ ဖြစ်ခြင်းပင်ဖြစ် သည်။ မှန်၍စိတ်ချယုံမှု-ဟူသော စကားမှ (ယုံ) တလုံး၊ မှား၍ မယုံမှုဟူသော စကားမှ (မှား)တလုံးကို ပေါင်းစပ်၍ "ယုံမှားမှု" ဟူ၍ ဝေါဟာရသစ်တလုံး ပြုလုပ်ပြန်ဆိုခြင်း ဖြစ်လိမ့်မည်ဟု ထင်မြင် ရပေသည်။

ဝိစိကိစ္ဆာ၏ အတိအကျ မြန်မာအဓိပ္ပာယ်မှာ အစစ်အမှန်ဟု စိတ် ချမယုံနိုင်ပဲ မယုံဘယုံဖြစ်ခြင်းပင်တည်း။

ဝိစိကိစ္ဆာ၏ ပင်ကိုသဘောမှာ **သံသယလက္ခဏာ**ခေါ် ယုံမှားမှု သဘောလက္ခဏာပင် ဖြစ်သည်။ ယင်းသို့ ယုံမှားမှုဖြစ်ခြင်းကိုပင် "သို့ လားသို့လားဖြစ်မှု" ဟူ၍ တမျိုးအဓိပ္ပာယ် ဖွင့်ဆိုချက်ရှိပေသေးသည်။ ယင်း သို့လားသို့လား ဖြစ်မှုဟူသည်မှာ "ဤသို့ဟုတ်မှန်လေသလား၊ ဤသို့ မဟုတ်မမှန်ဘူး လေလား" ဟူ၍ ဖြစ်မှုကိုပင် အကျဉ်းချုပ် ပြော ဆိုခြင်းဖြစ်ပေ ည်။ အမှန်မဆုံးဖြတ်နိုင်မှုကိုပင် ပြဆိုပေသည်။

ယင်း ဝိစိကိစ္ဆာ၏သဘောကို ထင်ရှားစေရန် **လမ်းနှစ်ခွဆုံရာသို့ ရောက်**နေသည့် ခရီးလမ်းမကျွမ်းသူနှင့်တူကြောင်း ဥပမာပေးဖော်ပြကြ သည်။ **လမ်းနှစ်ခွဆုံရာသို့** ရောက်နေသူသည် မိမိမကျွမ်းကျင် မသိ

တတ်သော အရပ်ဒေသ ဖြစ်ပါလျှင် ဝဲဘက်လမ်းသွားမှ လိုရာသို့ရောက်မည်လော၊ ယာဘက်လမ်းသွားမှ လိုရာသို့ရောက်မည်လော - ဟူသည်ကို မဆုံးဖြတ်နိုင်ပဲ ဖြစ်နေတတ်သကဲ့သို့ ယုံမှားမှုဖြစ်ခြင်းမျိုးဖြစ်ကြောင်းဖြင့် ဝိစိကိစ္ဆာ၏သဘောကို ဖော်ပြခြင်းဖြစ်သည်။

လမ်းနှစ်ခွဆုံရာသို့ရောက်နေသူ ဥပမာဖြင့်ပြဆိုရာ၌ ဥပမာအဖြစ်ထုတ်ဆောင်သောလမ်းမှန်ကို ယုံမှားမှုမျိုးမှာတကယ်အစစ် မကောင်းမှု-အကုသိုလ်တရား ဝိစိကိစ္ဆာမဟုတ်ချေ။ ဝိစိကိစ္ဆာအတု-ဟုသာ သိရမည်။ ဤအတုပင်လျှင် လောကရေးရာတို့၌ ယုံမှားမှုဟူသမျှသည် ဝိစိကိစ္ဆာအတုများသာ ဖြစ်ကြသည်။ အမှန်တကယ် မကောင်းမှု-အကုသိုလ်တရား ဝိစိကိစ္ဆာမှာ-

(၁) ဘုရား၊
(၂) တရား၊
(၃) သံဃာ၊
(၄) အကျင့်သိက္ခာ၊
(၅) အတိတ်ဘဝ၊
(၆) အနာဂတ်ဘဝ၊
(၇) ကံနှင့်ကံ၏အကျိုး၊
(၈) အကြောင်းအကျိုးစပ်မှု- ပဋိစ္စသမုပ္ပာဒ်

ဟူသော ရှစ်ဌာနတို့၌ အမှန်ဟုမဆုံးဖြတ်နိုင်မှု၊ ယုံမှားဖြစ်မှုသာလျှင်ဖြစ်သည်။

အကြောင်းမှာ ဤရှစ်ဌာနတို့၌ ယုံမှားနေမှုသည်သာလျှင် ကုသိုလ်တရား မပွားများနိုင်ပဲ အကုသိုလ်တရား ပွားများနိုင်သောကြောင့် ဖြစ်ပေသည်။ စာရှုသူ သေသေချာချာ စဉ်းစားပါ၊ စိစစ်ဝေဖန်ပါ။ ဤရှစ်ဌာန၌ ယုံမှားမှု ဖြစ်နေသူသည် ကုသိုလ်တရား ဖြစ်နိုင်ပါမည်လော၊ အကုသိုလ်တရားကို မလုပ်ပဲနေနိုင်ပါမည်လော၊ သံသရာဝဋ်က မည်သို့ထွက်မြောက်နိုင်ပါမည်နည်း။

ဤ ဝေဖန်ကြည့်ရန် တိုက်တွန်းမှု၌ စာရှုသူကမူ မည်သို့ဆုံးဖြတ်၍ ဖြေဆိုမည်မသိရချေ။ မြတ်ဗုဒ္ဓရှင်တော်ဘုရားကမူ—

ယုံမှားမှုဝိစိကိစ္ဆာကို မကောင်းမှု-အကုသိုလ်တရား ဖြစ်သည် ဟူ၍လည်းကောင်း၊ ယုံမှားမှုဝိစိကိစ္ဆာသည် ကုသိုလ်တရား၊ ဈာန်တရား၊ မဂ်ဘာသာ၊ ဖိုလ်ဘာသာများကို မဖြစ်ပေါ်နိုင်စေရန် ပိတ်ပင်တားဆီးတတ်သည့်"နီဝရဏတရား"ဖြစ်သည်—

ဟူ၍လည်းကောင်း အဘိဓမ္မာဒေသနာ ဓမ္မသင်္ဂဏီပါဠိတော် (နှာ-၂၃၃)၌ ဆုံးဖြတ်ဟောကြားထားပါသည်။ ယင်းသို့ ဝိစိကိစ္ဆာက ပိတ်ပင်တားဆီးတတ်ပုံကို သုနက္ခတ်ရဟန်းဝတ္ထုဖြင့် ထင်ရှားပါသည်။

## သုနက္ခတ်ဝတ္ထု

သုနက္ခတ္တ-ခေါ် သုနက္ခတ်ရဟန်းသည် အရှင်အာနန္ဒာ မြတ်စွာဘုရား၏ ဥပဋ္ဌာက မဖြစ်သေးမီ ဥပဋ္ဌာကခေါ် အလုပ်အကျွေးပြုသည့် ရဟန်းဖြစ်သည်၊ သုနက္ခတ်ရဟန်းသည် မြတ်စွာဘုရားအား ပြုစုလုပ်ကျွေးနေရပါသော်လည်း "ဘုရားအစစ်အမှန် ဟုတ်မှဟုတ်ပါလေရဲ့လား"ဟု ယုံမှားနေသည်။ ဝိစိကိစ္ဆာဖြစ်နေသည်။

ထို့ကြောင့် ဘုရားအစစ်ဖြစ်ကြောင်း သိသာနိုင်ရန်အတွက် တန်ခိုးပြာဋိဟာကိုပြရန် မြတ်စွာဘုရားအား အကြိမ်ကြိမ်လျှောက်ထားသည်။ မြတ်စွာဘုရားကလည်း တန်ခိုးပြာဋိဟာကို သုနက္ခတ်ရဟန်းသိသာရုံမျှသာ ပြတော်မူသည်။ ရေမီးအစုံ-စသည်လွှတ်၍ ပြတော်မမူချေ။ ဤသို့ မသိမသာပြသည်ကိုပင် မရိပ်မိသောသုနက္ခတ်သည် "တန်ခိုးပြာဋိဟာမပြလျှင် အရှင်ဘုရားကို မလုပ်ကျွေးနိုင်တော့ပါ"ဟု အကြပ်ကိုင်၍ လျှောက်ထားသည်။ မြတ်စွာဘုရားရှင်ကလည်း "သင့်ကို တန်ခိုးပြာဋိဟာ ပြပါမည်၊ ငါ့ထံရဟန်းပြုပါ၊ ငါ့ကိုလုပ်ကျွေးပါ-ဟု တာဝန်ခံခဲ့သည်မဟုတ်"ဟု မိန့်တော်မူသည်။ ထိုအခါ သုနက္ခတ်သည် မိမိသယ်ဆောင်လာသော မြတ်စွာဘုရား၏ သပိတ်, ပရိက္ခရာများကိုမသယ်ဆောင်တော့ပဲ မြေကြီးပေါ်ပစ်ချထားခဲ့ပြီးအခြားအရပ်သို့ထွက်ခွာသွား

လေသည်။ မကြာမီ လူထွက်ပြီးသေဆုံး၍ အပါယ်ငရဲကျလေသည်။ (ပါထိကဝဂ္ဂပါဠိတော် စာမျက်နှာ-၃။)

ဤသုနက္ခတ်ရဟန်း၏ လုပ်ပုံ၊ဖြစ်ပုံကိုကြည့်ပါ။အရှင်ကောဏ္ဍည-အစ ရှိသော ပုဂ္ဂိုလ်မြတ်များသည် မြတ်စွာဘုရား၌ ယုံမှားမှုဝိစိကိစ္ဆာမဖြစ်သောကြောင့် ဓမ္မစကြာတရားကို တခါမျှနာကြားလိုက်ရရုံမျှဖြင့် တရားသိမြင်ကျွတ်တမ်းဝင်တော်မူခဲ့ကြပေသည်။ သို့သော် သုနက္ခတ်ရဟန်းမှာမူ မြတ်စွာဘုရားနှင့် အတူနေသူ အလုပ်အကျွေးဥပဋ္ဌာက-ရဟန်းဖြစ်ပါလျက် မြတ်စွာဘုရား၌ ယုံမှားမှု-ဝိစိကိစ္ဆာဖြစ်နေသောကြောင့် တရားထူး တရားမြတ်ကိုမရနိုင်ပဲ ကြီးလေးသော အကုသိုလ်တရားပွားများကာ အကျိုးမဲ့ ဖြစ်ခဲ့ရရှာပေသည်။

ဗုဒ္ဓဘာသာဝင် သူတော်စင်ဖြစ်ကြသည့် စာရှုသူတို့သည်လည်း ဝိစိကိစ္ဆာခေါ် ဘုရားစသည့်တရားရှစ်ပါး၌ ယုံမှားမှုမဖြစ်စေပဲ အမှန်တရားကိုသိမြင်နိုင်ကြစေရန် ကြိုးစားသင့်လှပေသည်။

ဝိစိကိစ္ဆာ၏ ဗုဒ္ဓစာပေလာ အခြားအမည်များမှာ—

(က) သံသယ-ယုံမှားမှု၊ မယုံသင်္ကာဖြစ်မှု၊

(ခ) ကင်္ခါ-ယုံမှားမှု၊

(ဂ) သင်္ကာ-ယုံမှားမှု၊

(ဃ) ဒွေဠှက-စိတ်နှစ်ခွဖြစ်မှု၊

(င) ဝိမတိ-ယုံမှားမှု၊

(စ) စေတောခိလ စိတ်၏ဆူးငြောင့်—

စသည်တို့ဖြစ်ပေသည်။

ဂ။ ထိန။　။ထိနကို ထိုင်းမှု-ဟူ၍ မြန်မာပြန်ဆိုလေ့ရှိသည်။ ကိုယ့်စိတ်ကိုဖြစ်စေ၊ အခြားသူများကဖြစ်စေ နှိုးဆော် တိုက်တွန်းရလောက်အောင် အားလျော့ဆုတ်နစ်နေသောအခါမျိုး၌ဖြစ်သည့် လောဘ, ဒေါသ, မောဟ-အရင်းခံသည့် စိတ်သန္တာန်သည် မသွက်လက်ပဲ ထိုင်းနေတတ်သည်။ ယင်းသို့ စိတ်ထိုင်းမှုသည် ထိန၏အစွမ်းဖြစ်သည်။

ထိန၏ ပင်ကိုသဘောမှာ အနုဿာဟနလက္ခဏာ ခေါ်သော အား မထုတ်မှုပင်ဖြစ်သည်။ မကြိုးစားမှုဖြစ်သည်။ ပျင်းခြင်းဖြစ်သည်။ အား မထုတ်၊ မကြိုးစားပဲ ပျင်းနေမှုကိုပင် ထိုင်းသည်ဟုခေါ်ရသည်။ ပစ္စည်း ဝတ္ထုတစ်ခုခုသည် အရည်ပျော်လောက်အောင်မသွက်ပဲ မာကြောသွား လောက်အောင် မခဲပဲဖြစ်နေသည်ကို ''ထိုင်းသည်''ဟု ပြောရသကဲ့သို့ စိတ်ဘရားတစ်ခုသည်လည်း ဝီရိယ-ဟု ခေါ်ရလောက်အောင် မသွက်ပဲ၊ ဘဝင်စိတ်ဟု ခေါ်ရလောက်အောင် လေးခဲမနေပဲ ပျဉ်းတွဲတွဲဖြစ်နေ သည်ကို ထိုင်းနေမှု''ထိန''ဟု ဆိုရပေသည်။

ယင်းထိနသည် တက်ကြွကြိုးစားမှု-ဝီရိယ၏ဆန့်ကျင်ဘက်ဖြစ်သည်။

၉။ မိဒ္ဓ။ ။မိဒ္ဓကို မှိုင်းမှု-ဟူ၍ မြန်မာပြန်ရသည်။ စိတ်ကထိုင်း၍ သွက်လက်မှုမရှိသောအခါ စိတ်နှင့်အတူ ယှဉ်တွဲဖြစ်ပေါ် တည်နေကြသည့် စေတသိက်များလည်းထိုင်း၍ သွက်လက်မှုမရှိပဲ ဖြစ် နေကြသည်။ ယင်းသို့ စေတသိက်တရားများထိုင်း၍ သွက်လက်မှုမရှိ ခြင်းကို ''မှိုင်းသည်''ဟု ဆိုရသည်။ ယင်းမှိုင်းမှုသည်ပင် မိဒ္ဓတရား ဖြစ်သည်။

တောက်ပသောအရာဝတ္ထုတစ်ခုခု မတောက်ပပဲ မှုန်မွဲမွဲဖြစ်သွားသည် ကို မှိုင်းသည်-ဟု ပြောရိုးရှိသည်။ ထို့အတူပင် သွက်လက်တောက်ပ နေသည့် စေဘသိက်ဘရားများ မသွက်လက် မတောက်ပနိုင်ပဲ မှုန်မွဲမွဲ ဖြစ်သွားသည်ကိုလည်း ''မှိုင်းသည်''ဟု ဆိုရသည်။ ယင်းမှိုင်းမှုသည် ''မိဒ္ဓ''တရားဖြစ်သည်။

ယင်း မိဒ္ဓ၏ ပင်ကိုသဘောမှာ အကမ္မညတာလက္ခဏာ ခေါ်သော အမှု၌ မခံ့မှုသဘောဖြစ်သည်။ အမှု၌မခံ့မှုဟူသည်မှာ အမှုကိစ္စတစ်ခုခုကို ပြုလုပ်နိုင်စွမ်းမရှိမှုပင်ဖြစ်သည်။ မှုန်လှ၍၊ မှိုင်းတိုင်းတိုင်းဖြစ်နေသူသည် မည်သည့် အလုပ်ကိစ္စကိုမျှ လုပ်ဆောင်နိုင်စွမ်းမရှိချေ။ ယင်းသို့ လုပ် ဆောင်နိုင်စွမ်း မရှိခြင်းသည်ပင် အမှု၌မခံ့မှုသဘော ဖြစ်တော့သည်။

လောက၌ အဝတ်အထည်တစ်ခုခုသည် ဝတ်ရုံသုံးစွဲ၍ မရနိုင်လောက်အောင် ဟောင်းနွမ်းဆွေးမြေ့နေသည်ကို "ရိ" သည်ဟုခေါ်ဝေါ်လေ့ရှိသည်။ ထို့အတူပင် အလုပ်ကိစ္စ တစ်ခုခုကို မလုပ်နိုင်အောင် မှိုင်းတိုင်းတိုင်းဖြစ်ကာ အမှု၌မခံ့ခြင်း မိဒ္ဓသဘောကိုလည်း "ရိ" သည်ဟု ဆိုနိုင်ပေသည်။

အဘိဓမ္မာသဘာဝ၌ စိတ်နှင့် စေတသိက်တို့ အမြဲယှဉ်တွဲနေပေရာ စိတ်ထိုင်းမှု-ထိနရဲ့ "ပျင်း" မှု သဘောနှင့် စေတသိက် မှိုင်းမှုမိဒ္ဓ၏ "ရိ" မှုသဘောနှစ်ရပ် ပေါင်းစပ်လိုက်သောအခါ "ပျင်းရိမှု" ဟူသော အဘိဓမ္မာဆိုင်ရာ မြန်မာဝေါဟာရတစ်ခု ဖြစ်လာတော့သည်။ ထိုအကြောင်းကိုအမှီပြု၍ ထိုင်းမှိုင်းမှု-ထိနမိဒ္ဓ အားကြီးကာ အလုပ်ကိစ္စကို မဆောင်ရွက်နိုင်ပဲ ဖြစ်နေသူကို "ပျင်းရိသူ" ဟု ခေါ်ဝေါ်သတ်မှတ် ပညတ်ကြလေသည်။ (ပျင်းရိပုံအကြောင်း နှာ-၁၃၉-ပြန်ရှု။)

ယင်းသို့ ထိနမိဒ္ဓ အားကြီး ဖိစီးခံရကာ ထိုင်းမှိုင်းပျင်းရိသူသည် မည်သည့်ကောင်းရာကောင်းကြောင်းအလုပ်ကိုမျှ မလုပ်နိုင်ချေ။ ကုသိုလ်ကောင်းမှု မပြုနိုင်ချေ။ ယင်းသို့မလုပ်နိုင်၊ မပြုနိုင်ပြန်လျှင် ကောင်းကျိုး ချမ်းသာတရားကိုသည်း ရရှိနိုင်တော့မည်မဟုတ်ပေ။ ဤသဘောကို ထင်ရှားစေရန် "ကုသိတဘိက္ခု" ခေါ် ရဟန်းပျင်းကလေး ဝတ္ထုကို တင်ပြသင့်ပေသည်။

## ရဟန်းပျင်းကလေးဝတ္ထု

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်အခါက ပျင်းရိသူ ရဟန်းငယ်ဘပါးရှိသည်။ ထိုရဟန်းပျင်းကလေးသည် မည်သည့်ပရိယတ် ပဋိပတ်အလုပ်ကိုမျှ မလုပ်ဆောင်ပဲ အချိန်ကို အလကားဖြုန်းနေသည်။

တနေ့သော် ထိုရဟန်းကလေးနှင့် အတူ ရဟန်းပြုခဲ့ကြသော ရဟန်းတော်များသည် ကမ္မဋ္ဌာန်းတရားပွားများ၍ တရားထူးရကြပြီး မြတ်စွာဘုရားထံလာရောက်ဖူးမြော်ကာ မိမိတို့ရရှိသည့် တရားထူးကို လျှောက်

ထားကြသည်။ မြတ်စွာဘုရားရှင်ကလည်း အားရနှစ်သက်စွာဖြင့် ချီးမွမ်းစကား မိန့်ကြားတော်မူသည်ကို အနီးရှိ ထိုရဟန်းပျင်းကလေးကြားသိရ၍ အားကျကာ တညလုံး မအိပ်မနေ ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်သည်။

ထို ရဟန်းငယ်သည် မူလကပင် ပျင်းရိမှု ဓာတ်ခံရှိသူ ဖြစ်သောကြောင့် ထိနမိဒ္ဓ—ထိုင်းမှိုင်းမှု ဝင်ရောက်နှိပ်စက်ကာ အိပ်ငိုက်ပြီး လဲကျ၍ ပေါင်ကျိုးသွားလေတော့သည်။ ဤဖြစ်ရပ်ကို မြတ်စွာဘုရားရှင်ကြားသိရသောအခါ-

"ပျိုမျစ်နုထွား အင်အားနှင့် ပြည့်စုံပါသော်လည်း ထကြွလုံ့လပြုချိန်၌ ထကြွလုံ့လမပြုပဲ မကောင်းသော စိတ်အကြံတွေများ၍ ပျင်းရိထိုင်းမှိုင်း နေသူသည် ပညာဖြင့်သာ သိမြင်နိုင်သော မြတ်သော အရိယမဂ်တရားကို မသိမြင်နိုင်ချေ"

ဟူ၍ ဓမ္မပဒပါဠိတော်၌ ဟောကြားတော်မူသည်။ (ဓမ္မပဒဂါထာ—၂၈၀။)

ဤသို့သော အကြောင်းတရားများကို ယောက်ထား၍ အတွင်းရန်သူကြီးဖြစ်သော ထိုင်းမှိုင်းမှု—ထိနနှင့်မိဒ္ဓကို မိမိတို့ကိုယ်ခန္ဓာတွင်း မကပ်ငြိရအောင် ဖြတ်ခွင်းပယ်ရှားကြရာ၏။

၁၀။ **ဇလသာ**။ ။ဇလသာကို မနာလိုမှု၊ မရှုစိမ့်မှု၊ ညှုစူမှု—ဟူ၍ မြန်မာပြန်ဆိုလေ့ ရှိကြသည်။ မနာလိုမှု၌ပါသည့် "နာ"ဟူသော စကားလုံးသည် နားထောင်မှု၊ ကြားမှု-ဟူသောအနက်ရှိသည်။ "မနာလိုမှု"ဟူ၍ စကားတလုံး ဖြစ်လာသောအခါ နားမထောင်လိုမှု၊ မကြားလိုမှုဟု အနက်အဓိပ္ပာယ်ရှိသည်။ ဤအရာ၌ နားထောင်မှု၊ ကြားမှုဟူသော နားနှင့်ဆိုင်ရာ အနက်ကိုဆိုသဖြင့် မြင်မှု၊ ရှုမှု-ဟူသော မျက်စိဆိုင်ရာအနက်နှင့် သိမှု—ဟူသော စိတ်ပိုင်းဆိုင်ရာအနက်များကိုလည်း ဥပလက္ခဏာနည်းဖြင့် သိမ်းယူရပေသည်။

ဥပလက္ခဏနည်းဟူသည်မှာ ပါဠိကျမ်းဂန်တို့၌ အသုံးပြုသည့်နည်း ဖြစ်သည်။ အဓိပ္ပာယ်မှာ (ဥပ=နီးရာတစ်ခုကို၊ လက္ခဏ=မှတ်သား၍) နီးစပ်ရာ တစ်ခုခုကို မှတ်သားပြသည့်နည်းဟု ဆိုလိုသည်။ ယင်းသို့ နီးရာတစ်ခုကို ပြသော်လည်း အခြားယူသင့်သမျှတို့ကိုလည်း ယူရသည့်နည်း ဖြစ်သည်။

ဤနည်းအရ "နာ"ဟူ၍ နားနှင့်ဆိုင်ရာကိုသာ မှတ်သားပြသော်လည်း ယူသင့်သည့် "မြင်-ရှူ-သိ"ဟူသော မျက်စိဆိုင်ရာ၊ စိတ်ဆိုင်ရာ များကိုလည်း ယူရမည်ဖြစ်သည်။ယင်းသို့ယူမှ မနာလိုမှု၊မမြင်လိုမှု၊မရှုစိမ့်မှု၊ မသိလိုမှု-ဟူသော ဣဿာ၏သဘောများ ကုန်စင်နိုင်မည်ဖြစ်သည်။

မှန်ပါသည်၊ ဤ ဣဿာတရား၏ ပင်ကိုသဘောမှာ **ပရသမ္ပတ္တိအနဘိရတိလက္ခဏာ**ခေါ် သူတပါးပြည့်စုံသည်ကို မနှစ်သက်နိုင်ခြင်း သဘောလက္ခဏာ ဖြစ်ပေရာ သူတပါးပြည့်စုံသည် ဟူသောအသံကို နား မထောင်လိုမှု၊ မကြားလိုမှု။ သူတပါးပြည့်စုံနေသည်ကို မမြင်လိုမှု၊ မရှုစိမ့်မှု၊ မကြည့်လိုမှု၊ မသိလိုမှုများအားလုံးသည် သူတပါးပြည့်စုံသည်ကို မမွေလျော်နိုင်သည့် သဘောလက္ခဏာ အတွင်းဝင်များပင် ဖြစ်ကြလေသည်။

ယင်း ဣဿာ၏ လက္ခဏာတွင်ပါသည့် (ပရသမ္ပတ္တိ=) သူတပါး ပြည့်စုံမှုဟူသည်မှာ ကောင်းမြတ်သည့်သဘောဂုဏ်နှင့် ပြည့်စုံမှု၊ ရရှိမှုကို ပင် ဆိုလိုသည်။

ကောင်းမြတ်သည့် သဘောဂုဏ် ဟူသည်မှာလည်း ရုပ်အဆင်းလှပခြင်း၊ အသံကောင်းခြင်း၊ ဉာဏ်ကောင်းခြင်း၊ အလုပ်ကောင်းခြင်း၊ ပစ္စည်းရှိခြင်း—စသော ကောင်းမြတ်သည့် သဘောများ၊ ဂုဏ်များကို ဆိုလိုပေသည်။

ဤနေရာ၌ စဉ်းစားကြည့်လျှင်-ကောင်းမြတ်သည့်ဂုဏ်နှင့် သူတပါး ပြည့်စုံသည်ကို သည်းမခံနိုင်ပဲ မနာလိုမှု-ဣဿာဖြစ်မည်ဆိုလျှင်—

(က) လူတိုင်းလူတိုင်းသည် ကိုယ့်ကုသိုလ်ကံ၊ ကိုယ့်ကြိုးစားမှု၊ ကိုယ့်အသိဉာဏ်အစွမ်းဖြင့် ကောင်းမြတ်သော သဘောဂုဏ်များကို ရရှိနေကြမည်သာ ဖြစ်ပေရာ မနာလိုမှု-ဣဿာတရား အားကြီး ဖြစ်ပွားနေသူသည် ယင်းဣဿာအကုသိုလ်တရား ဖိစီးပြီး ဆင်းရဲဒုက္ခ များဖွယ်ရာ ရှိချေသည်။

(ခ) ထို့ပြင် မိမိက မနာလိုမှု-ဣဿာဖြစ်နေရုံမျှဖြင့် ပြည့်စုံမှု ရှိသူမှာ ပြည့်စုံမြဲ ပြည့်စုံနေမည်သာဖြစ်သည်၊ မထိခိုက်နိုင်ချေ။

(ဂ) တဖန် ယင်းသို့ မနာလိုမှု - ဣဿာ ဖြစ်နေခြင်းကြောင့် မိမိမှာလည်း ယင်း ကောင်းမြတ်သည့် ကျေးဇူးဂုဏ်များကို ရရှိနိုင်မည်မဟုတ်ချေ။ ရှိပြီးသား ကောင်းမြတ်သည့် သဘောဂုဏ်များထဲကပင် လျော့ပါး သွားဖွယ်ရာဖြစ်နိုင်သည်။

ဤသို့သော အကြောင်းများကြောင့် မနာလိုမှု-ဣဿာတရားသည် အလွန်ပင် ရွံရှာ စက်ဆုတ်ဖွယ် ကောင်းလှပေသည်။

**လောသကတိဿအလောင်း**

ကဿပမြတ်စွာဘုရား လက်ထက်တော်အခါက တောရွာကြီးတစ်ခု၌ သဌေးက ကျောင်းဆောက်ကိုးကွယ်ထားသော ရဟန်းတပါးရှိဖူးသည်။ သီလရှိ၏၊ ကမ္မဋ္ဌာန်းစီးဖြန်း၏။

တနေ့သော်—ရဟန္တာပုဂ္ဂိုလ်တပါး ကျောင်းသို့ ရောက်လာသည်။ အစာအရာရာ ကြည်ညိုဖွယ်ရှိ၏။ ကျောင်းဒကာသဌေးသည် ထိုရဟန္တာကို ကြည်ညိုသောကြောင့် အိမ်သို့ဆွမ်းစားကြွရန် ပင့်သည်။ မိမိဆရာကျောင်းထိုင်ဘုန်းကြီးကိုလည်းပင့်သည်။ ထိုအခါ ကျောင်းထိုင်ဘုန်းကြီးသည် ကျောင်းဒကာက မိမိနှင့်မတိုင်ပင်ပဲ အာဂန္တုဘုန်းကြီးကိုပင့်သောကြောင့် သဘောမကျချေ။

နံနက်အရုဏ်တက်ပြီးသောအခါ ဆွမ်းစားသွားခါနီး၌ ဆွမ်းစားသွားမည့်အကြောင်းသိရန် ခေါင်းလောင်းကို လက်သည်းဖြင့် ခြစ်၍ ထိုးသည်။ အာဂန္တုဘုန်းကြီး ကျောင်းတံခါးကိုလည်း လက်သည်းဖြင့် ခြစ်၍ နိုးသည်။ ပြီးမှ "ဒီကိုယ်တော်နိုးမရဘူး" ဟု စိတ်ထဲမှဆိုးဖြတ်ကာ တပါးတည်းကြွသည်။ ဒကာက အာဂန္တုဘုန်းကြီးမပါလာ၍ လျှောက်ထား မေးမြန်းသောအခါ "ခင်ဗျားဘုန်းကြီးက သိပ်အိပ်တာပဲ၊ ခေါင်းလောင်းထိုးလို့မနိုး၊ တံခါးခေါက်နိုးလို့ မနိုးဘူး" ဟု ပြောသည်။

"ခရီးပန်းလာလို့ မနိုးတာနေမှာပါ၊ အပြန်ဆွမ်းသပိတ်ကို ဆောင်ယူသွားပါ" ဟု လျှောက်၍ ဆွမ်းသပိတ်ပေးလှူလိုက်သည်။

ကျောင်းထိုင်ဘုန်းကြီးသည် "ဒီဆွမ်းတွေ ဆွမ်းဟင်းတွေယူသွားလို့ စားရလျှင် အာဂန္တုဘုန်းကြီး သဘောကျပြီး ကျောင်းကထွက်မသွားပဲ ကပ်နေလိမ့်မည်"ဟု စိုးရိမ်မိသည်။ လမ်းသွန်ပစ်လျှင် ကျီးတသောသောဖြစ်၍ လူသိမည်။ ရေထဲသွန်ခဲ့လျှင် ရေပေါ် ထောပတ်ဆီတွေ ဝေ့နေပြီး လူသိမည်ဖြစ်သောကြောင့် တောမီးလောင်နေသည့် မီးပုံထဲ ပစ်ထားခဲ့သည်။

ရဟန္တာဖြစ်သော အာဂန္တုဘုန်းကြီးလည်း တန်ခိုးဖြင့် ဤအကြောင်းများအားလုံးကို သိသောကြောင့် တန်ခိုးဖြင့်ပင် ကျောင်းမိုးကို ဖောက်၍ ကောင်းကင်မှ ပျံတက်ကြွသွားသည်။ ထိုအကြောင်းသိသော ကျောင်းထိုင်ဘုန်းကြီးသည် "ငါမှားပြီ"ဟု ထိတ်လန့်ကာ စိတ်မချမ်းမသာဖြစ်ပြီး သေ၍ ငရဲကျလေသည်။ ငရဲမှလွတ်၍ အခြားဘဝပေါင်းများစွာ ဆင်းရဲမွဲတေ ငတ်မွတ်သည့်ဒဏ်ကိုခံရသည်။

ဘီလူးဘဝငါးရာဖြစ်ခဲ့ရာ ဘယ်ဘဝမှာမှ ဝမ်းဝအောင် မစားရရှာ။ တစ်ဘဝမှာသာ သားဖွားသည့်မိန်းမ၏ ကိုယ်ဝန်အညစ်အကြေးဖြစ်သည့် အချင်းနှင့်သွေးများကို ဝမ်းဝအောင် စားသောက်ခဲ့ရသည်။

ခွေးဘဝငါးရာဖြစ်ရာ၌လည်း တစ်ဘဝမျှ ဝအောင်မစားခဲ့ရ ရှာ။ တစ်ဘဝတစ်ကြိမ်မျှသာ လူတစ်ယောက်၏ အန်ဖတ်ကို ဝအောင် စားခဲ့ရလေသည်။ နောက်ဆုံးဘဝ၌—

မြတ်စွာဘုရား လက်ထက် ရောက်သောအခါ ဆင်းရဲ တော်မွတ်သည့် တံငါသည်၏သားဖြစ်ရသည်။ သူ့ရှိမှ မီးခဏခဏလောင်သောကြောင့် အိမ်မှနှင်ထုတ်လိုက်သည်။ ကျကျန်စွန့်ပစ်ထားသော ထမင်းလုံး ဟင်း တုံးကလေးများကိုသာ ရှာဖွေစားသောက်ရသည်။ အရှင်သာရိပုတ္တရာ က သနား၍ သင်္ကန်းဝတ်ပေးသည်။ မကြာမီ ရဟန္တာဖြစ်၍ ဆင်းရဲ တော်မွတ်စွာဖြင့်ပင် ပရိနိဗ္ဗာန်စံရလေသည်။ (ဇာတ်အဋ္ဌကထာ ပထမတွဲ၊ နှာ-၂၅၆။)

ဤဝတ္ထု၌ ကျောင်းထိုင်ဘုန်းကြီးသည် အာဂန္တုရဟန္တာအပေါ်၌ မိမိထက်သာလွန်၍ ဒကာကကြည်ညိုလှူဒါန်းသည်ကို မနာလိုမရှုစိမ့်မှု-ဣဿာဖြစ်သည်ဟုလည်း ဆိုနိုင်သည်။ (အဘိ ၂၊ နှာ-၃၇၂။)

မိမိအားကြည်ညိုလှူဒါန်းနေသည့် ဒကာ၏ကြည်ညိုမှုများ လှူဒါန်းမှု များ အာဂန္တုရဟန်း ရမည်ကိုလည်းကောင်း၊ မိမိဒကာက အာဂန္တု ရဟန်း၏ဒကာ ဖြစ်သွားမည်ကိုလည်းကောင်း ဝန်တိုမှု-မစ္ဆရိယဖြစ်သည် ဟုလည်း ဆိုနိုင်ပေသည်။ (အဘိ ၂၊ နှာ—၃၇၂။)

ဣဿာဖြစ်စေ၊ မစ္ဆရိယဖြစ်စေ မည်သည့်တရားပင်ဖြစ်စေကာမူ ဤ တရားနှစ်ပါးလုံးသည် သာဝဇ္ဇ—အပြစ်ရှိခြင်း၊ ဒုက္ခဝိပါက—ဆင်းရဲ ကျိုးပေးခြင်းသဘောရှိသည့် မကောင်းမှု-အကုသိုလ်တရားဖြစ်ကြောင်း ကိုကား ထင်ရှားစွာသိသာလှပေသည်။ (အဘိ ၁၊ နှာ-၂၂၆။)

၁၁။ မစ္ဆရိယ။ ။မစ္ဆရိယကို "ဝန်တိုမှု" ဟု မြန်မာပြန်ရသည်။ ယင်း ဝန်တိုမှု ဟူသည်မှာ မူရင်း သဝန်တိုမှု မှ ပြောင်း လွဲသွားခြင်း ဖြစ်သည်။ ယင်း သဝန်တိုမှုမှာပါသည့် "သဝန်" မှာ "သ-ဝဏ္ဏ" ဟူသော ပါဠိဝေါဟာရမှ မြန်မာမှုဖြင့် "သဝဏ်=သဝန်" ဟု

ပြုပြင်ပြန်ဆိုထားခြင်းဖြစ်သည်။ "သရူပ" မှ သရုပ်ဟု ပြန်ဆို သကဲ့သို့ တည်း။ "သဘာဝ"မှ သဘောဝ်-သဘောဟု ပြန်ဆိုသကဲ့သို့တည်း၊

ယင်း သဝဏ္ဏ-သဝဏ်-သဝန် ဟူသည်မှာ ဓမ္မတာ အလေ့-သဘော ဟူ၍ အနက်ရရှိသည်။ ထို့ကြောင့်သဝန်တိုဟူသည်မှာ သဘောတိုသည် ဟု အဓိပ္ပာယ်ရှိသည်၊ စိတ်ထားသဘောထားတိုသည်ဟု ဆိုလိုပေသည်။ ထိုအတူပင် **သဝင်ကြောင်** ဟူသောမြန်မာစကားလည်း ရှိသေးသည်။ သဘောမဖြူပဲ "ကြောင်သည်" ဟူ၍ပင် အဓိပ္ပာယ်ရှိသည်။ စိတ်ထား သဘောထားမဖြူစင်ပဲ စိတ်ထားသဘောထား ကြောင်ကြောင် ကျား ကျား ရှိသည်ဟုဆိုလိုပေသည်။ (လေပါတီ မမြရင်၏ ဦးသဝန်ကြောင် အမည်ရှိ သီချင်းတစ်ပုဒ် ရှိပေသည်။)

ထိုကြောင့် "သဝန်တိုမှု" ဟူသည်မှာလည်း စိတ်ထားရှည်မှုမရှိ၊ သဘောထားရှည်မှုမရှိပဲ စိတ်ထားတိုမှု၊ သဘောထားတိုမှုကို ပြဆိုပေ သည်။ အမြင်တိုတတ်ခြင်းပင် ဖြစ်သည်။ လောက၌ တစ်ခုခုသွားတောင်း ၍ မပေးသောသူကို တောင်းသူက "သိပ်တိုတဲ့လူ"ဟု ပြောလေ့ရှိသည်။ ယင်းသို့ တောင်းသည့်ပစ္စည်း တစ်ခုခု မပေးနိုင်သူကို "တိုသူ" ဟုဆိုခြင်း မှာ "အမြင်တိုမှု၊ သဘောထားတိုမှု၊ သဝန်တိုမှု-ရှိသူ"ဟု ဆိုလိုပေသည်။

ထိုကြောင့် မစ္ဆရိယ ကို ဝန်တိုမှု-ဟူ၍ ရှေးမြန်မာ ပညာရှင်ကြီးများ က မြန်မာလူမျိုး ဗုဒ္ဓအဘိဓမ္မာလေ့လာသူတို့ သိလွယ်အောင် မြန်မာ ဘာသာပြန်ဆိုခဲ့ခြင်းဖြစ်သည်။

မှန်လှ၏၊ ယင်းသို့ပြန်ဆိုခြင်းသည် မစ္ဆရိယ၏ ပင်ကိုသဘောသည် **အတ္တသမ္ပတ္တိပရိဂူဟနလက္ခဏာ—ခေါ်** ကိုယ့်ပြည့်စုံမှုကို လျှို့ဝှက်-ဖုံးကွယ် ခြင်းသဘောလက္ခဏာရှိသည်ဟူသော အဘိဓမ္မာကျမ်းလာနှင့် ကိုက်ညီလှ ပေသည်။ မိမိ၏ပြည့်စုံမှုကို လျှို့ဝှက်-ဖုံးကွယ်ခြင်းမှာ အခြားသူများ အား မမျှတ-မပေးကမ်းချင်၍ ဖြစ်ပေသည်။ ဤသည်မှာ မစ္ဆရိယ၏ သဘောလက္ခဏာပင် ဖြစ်သည်။

ယင်းဝန်တိုမှု-မစ္ဆရိယကို—

(က) ကုလမစ္ဆရိယ-ဒကာ မိတ်ဆွေရှိမှု၌ ဝန်တိုခြင်း၊
(ခ) အာဝါသမစ္ဆရိယ-နေထိုင်ရာ၌ ဝန်တိုခြင်း၊
(ဂ) လာဘမစ္ဆရိယ-ပစ္စည်းရမှု၌ဝန်တိုခြင်း၊
(ဃ) ဝဏ္ဏမစ္ဆရိယ-လှပမှု, ဂုဏ်ရရှိမှု၌ ဝန်တိုခြင်း၊
(င) ဓမ္မမစ္ဆရိယ-တရား,အသိပညာ၌ ဝန်တိုခြင်း—

ဟူ၍ ကျမ်းဂန်တို့၌ ငါးမျိုးပြဆိုသည်။ (အံ ၃၊ နှာ-၂၅၁။) ဝန်တိုမှုအားလုံးပင် လက်ရှိပစ္စုပ္ပန်ဘဝ၌လည်း ကိုယ်ဆင်းရဲ စိတ်ဆင်းရဲမှုကိုဖြစ်စေတတ်သည်။ မကောင်းမှု အကုသိုလ်များကိုလည်း ကျူးလွန်စေတတ်သည်။ နောင်တမလွန်ဘဝ၌လည်း အပါယ်ငရဲကျစေကာ သံသရာမှာဆေးရန်ဆင်းရဲအမျိုးမျိုးကို တွေ့ကြုံစေတတ်ပေသည်။

မစ္ဆရိယ၏ မကောင်းကျိုးပေးပုံ အတွင်းရန်ဖြစ်ပုံများကို ဖော်ပြပြီးဖြစ်သည့် လောသကတိဿဝတ္ထုဖြင့် သိသာလှပြီဖြစ်ပေသည်၊ ပြန်ရှုပါ။

၁၂။ **ကုက္ကုစ္စ**။ ။ကုက္ကုစ္စကို နောင်တ-တဖန် ပူပန်မှု၊ နောင်တ-ရမှု ဟူ၍ မြန်မာပြန်ဆိုလေ့ရှိကြသည်။ မကောင်းမှုကို ပြုလုပ်ပြီးမှသော်လည်းကောင်း၊ ကောင်းမှုကို မပြုလုပ်ပဲ နေခဲ့ပြီးမှသော်လည်းကောင်း နောင်အခါမှတဖန် ပြန်လည်တွေးတောပြီး ပူပန်မှုမျိုးဖြစ်သည်။ ယခုခေတ်မှာမူ တိုတိုပင်ဖြစ်သည့် "နောင်တ-ရမှု" ဟူ၍သာ ပြောဆိုသုံးစွဲကြပေသည်။

ယင်းသို့ ကုက္ကုစ္စကို နောင်တ-တဖန် ပူပန်မှု၊ နောင်တ-ရမှုဟူ၍ မြန်မာပြန်ဆိုခြင်းသည် ကုက္ကုစ္စ၏ **ပစ္ဆာနုတာပလက္ခဏာ** ခေါ် နောက်မှ ပူပန်ခြင်း သဘောလက္ခဏာနှင့် ကိုက်ညီလှပေသည်။

ကုက္ကုစ္စဖြစ်၍ နောင်တ-ရနေရုံမျှဖြင့် လုပ်မိသည့် အကုသိုလ်တရားလည်း ပပျောက်၍မသွားနိုင်ချေ။ မလုပ်လိုက်မိသည့်ကုသိုလ်တရားလည်း ဖြစ်လာမည်မဟုတ်ချေ။ စိတ်ပင်ပန်းညှိုးငယ်ခြင်း၊ စိတ္တဇရုပ်များ **အား**

နည်းကာ ကျန်ဥတုဇရုပ်, အာဟာရဇရုပ်, ကမ္မဇရုပ်များပါ အားနည်းပြီး ရောဂါရခြင်း, အသက်တိုခြင်းများပင် ဖြစ်လာနိုင်သည်။

တွေး၍ပူပန်ခြင်း စိတ်မချမ်းသာခြင်း ဟူသည်မှာလည်း ပါဠိအဘိဓမ္မာကျမ်းကြီးများ အဆိုအရ ဒေါမနဿဝေဒနာ ခံစားရခြင်း ဖြစ်သည်။ ယင်း ဒေါမနဿဝေဒနာ ဟူသည်မှာလည်း ဒေါသတရားနှင့် အမြဲယှဉ်တွဲနေသည်။ ဒေါသသည် အပါယ်ချတတ်သော အကုသိုလ်တရားဆိုးဖြစ်ကြောင်း စာရှုသူတို့ သိခဲ့ကြပြီဖြစ်သည်။ ထို့ကြောင့် ယင်း ကုက္ကုစ္စတရားဆိုးကို အတွင်းရန်သူဟု မှတ်သား၍ ပယ်ရှားသင့်ကြပေသည်။

ကုက္ကုစ္စနှင့်ပတ်သက်၍ "ပြုလုပ်ပြီးသည့်ကုသိုလ်၌ လည်းကောင်း၊ မပြုလုပ်မိသည့် အကုသိုလ်၌လည်းကောင်း နောင်အခါမှ ပြန်လည်တွေးတော ပူပန်မှုသည်လည်း ကုက္ကုစ္စဖြစ်သည်" ဟူသော အယူဝါဒလည်း ရှိသေးသည်။ ယင်း အယူဝါဒကို အဘိဓမ္မာ ပညာရှင်ကြီးများက အကြောင်းနှစ်ချက်ပြဆို၍ မသင့်ကြောင်း ဖော်ပြကြသည်။ အကြောင်းနှစ်ချက်ဟူသည်မှာ—

(၁) ပြုခဲ့သည့်ကုသိုလ်နှင့် မပြုလိုက်မိသော အကုသိုလ်တို့မှာ အကုသိုလ်တရားမဟုတ်၊ ကုသိုလ်ကိုလုပ်ခြင်းနှင့် အကုသိုလ်မလုပ်ခြင်းဟူသော ကုသိုလ်တရားများ ဖြစ်ကြသည်။ကုသိုလ်ကိုတွေး၍ ပူပန် နောင်တ-ဖြစ်မှု မရှိနိုင်။ ပညာရှိတို့ မကဲ့ရဲ့။

(၂) ပါဠိတော်ကျမ်းကြီးတစောင်ဖြစ်သော မဟာနိဒ္ဒေသကျမ်း၌လည်း ပြုပြီးအကုသိုလ်၊ မပြုမိသည့် ကုသိုလ်ကြောင့်သာ ကုက္ကုစ္စဖြစ်ကြောင်း ဟောကြားသည်—

ဟူသော အကြောင်းနှစ်ချက်ပင် ဖြစ်ပေသည်။ ဤအကြောင်းနှစ်ရပ်ကို အကိုးအကားပြု၍ ဗုဒ္ဓအဘိဓမ္မာ ဆရာကြီးများက - ပြုပြီးကုသိုလ်နှင့် မပြုမိသည့် အကုသိုလ်ကြောင့် ကုက္ကုစ္စဖြစ်သည်ဟူသော ဝါဒကို ပယ်တော်မူကြသည်။

"မပြုမိသည့်ကုသိုလ်နှင့် ပြုပြီးအကုသိုလ်ကြောင့် ကုက္ကုစ္စဖြစ်သည်" ဟူသော ဝါဒကိုသာ လက်ခံတော်မူကြပေသည်။

**နှောင်တရမှုဝတ္ထု**

ဖော်ပြခဲ့သည့် **လောသကတိဿ** ရဟန်းဝတ္ထု၌ ဣဿာ, မစ္ဆရိယ-လွှမ်းမိုး၍ အာဂန္တုရဟန္တာကြီးကို ပြစ်မှားမိသော ကျောင်းထိုင်ဘုန်းကြီးသည် ပြစ်မှားပြီးရုံမျှသာ မဟုတ်ပေ။ ပြစ်မှားပြီးနောက် ရဟန္တာပုဂ္ဂိုလ်က မိုးပေါ်ပျံတက်ကြွသွားသည်ကို မြင်ရ, သိရသောအခါ "ဟယ် .. တန်ခိုးကြီးတဲ့ ရဟန္တာပုဂ္ဂိုလ်ကြီးပါလား၊ ငါတော့ ဤရဟန္တာပုဂ္ဂိုလ်ကြီးကို ပြစ်မှားမိပြီ" ဟုတွေးကာ စိတ်မချမ်းမသာဖြစ်၍ "နှောင်တ ရမှု-ကုက္ကုစ္စ"တရား ဖြစ်ခဲ့လေသည်။

ထို့ကြောင့် လောသကတိဿ အပါယ်ငရဲကျပြီး မကောင်းကျိုးအဆက်ဆက် ခံစားရသည်မှာ ဣဿာ-မစ္ဆရိယကြောင့်မျှသာ မဟုတ်ပဲ ကုက္ကုစ္စကြောင့်လည်း ဖြစ်နိုင်ပေသည်။ ပရမတ္ထ သဘောတရားတို့မည်သည် ကုသိုလ် အကုသိုလ် အဗျာကတ-အလိုက် တပါးနှင့်တပါး ကျေးဇူးပြုတတ်ကြပေသည်။

ဤမျှဖော်ပြလျှင် နှောင်တ ရမှု—ကုက္ကုစ္စသည် အတွင်းရန်သူ ဖြစ်ကြောင်း သိသာထင်ရှားပြီဟု ယူဆပါသည်။

(၁၃) **အဟိရိက**။ ။အဟိရိက—ကို မရှက်မှု-ဟူ၍ မြန်မာပြန်ဆိုရသည်။ ယင်းအဟိရိက-မရှက်ပုံမှာ အခြားသူများကမြင်၍ သိ၍ "ဤသူ ဤလို မကောင်းမှု လုပ်ပါသလား"ဟု ကဲ့ရဲ့မည်ကို လည်းကောင်း၊ "ငါလိုလူက ဤလိုမကောင်းမှုလုပ်သည်မှာ မလျော်ပါလား"ဟူ၍ လည်းကောင်း စိတ်မသိုးမသန့် ရှုံ့တိုးရွန်းတန့်ဖြစ်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် အဘိဓမ္မာစာပေ ကျမ်းဂန်တို့၌ အဟိရိက၏ ပင်ကိုသဘောကို **အလဇ္ဇာလက္ခဏာ** ခေါ် မရှက်မှုသဘော လက္ခဏာရှိသည်ဟု ရေးသားဖော်ပြကြသည်။

တနည်းအားဖြင့် **အဇ္ဈတ္တသန္တာနလက္ခဏာ** ခေါ် မရှုံ့ရှာခြင်း သဘောလက္ခဏာ ဟူ၍လည်း ပြဆိုကြသည်။ ဤလက္ခဏာအရမှု အဟိရိက-ကို မရှုံ့ရှာခြင်းဟူ၍လည်း အနက်ပြန်သင့်ပေသေးသည်။ (အဘိ-ဋ္ဌ ၁၊ နှာ—၂၉၁။)

မြန်မာ့ဓလေ့ထုံးစံအားဖြင့် မရှက်ခြင်းနှင့် မရှုံ့ရှာခြင်းတို့ကို တွဲ၍ ''မရှက်မရှုံ့''ဟူ၍ သုံး စွဲလေ့ရှိကြသည်။

ယင်း အဟိရိက၏ သဘောကို ပေါ်လွင်စေရန် ဥပမာကိုမူ''**ဝက်က မစင်စားခြင်း**''နှင့် နှိုင်းယှဉ်ဖော်ပြသည်။ မွေးထားသော ဝက်သတ္တဝါသည် လူများ ရှင်များ၏ရှေ့မှာပင် မရှက်နိုင်ပဲ၊ ရှုံ့ရှာခြင်းမရှိပဲ နှစ်နှစ်ခြိုက်ခြိုက် မစင်ကို စားသုံးတတ်လေသည်။ ဤအတူပင် အဟိရိက—သည်လည်း မကောင်းမှု—အကုသိုလ်တရားကို အခြားသူများကိုလည်းကောင်း၊ ကိုယ့်ဂုဏ်သိက္ခာကို လည်းကောင်း မငဲ့မကွက် မရှက်နိုင်ပဲ မကောင်းမှုအကုသိုလ်ကြီးပါလားဟု ရှုံ့ရှာခြင်းမရှိပဲ နှစ်နှစ်ခြိုက်ခြိုက် ပြုလုပ် ကျူးလွန်တတ်ပေသည်။

ဤ ဝက်မစင်စားပုံကို ထောက်လျှင် အဟိရိက-မှာ မရှက်မှုနှင့် မရှုံ့ရှာမှု သဘောလက္ခဏာနှစ်မျိုး ပြဆိုသည်မှာ သင့်လျော်လှပေသည်။

**ကောကာလိကဝတ္ထု**

မြတ်စွာဘုရား လက်ထက်တော် အခါက **ကောကာလိက** ခေါ် ရဟန်းဆိုးတပါးရှိခဲ့ဖူးသည်။ ထိုရဟန်းကို စူဠကောကာလိကဟု ခေါ်သည်။ အကြောင်းမှာ-ဒေဝဒတ်၏ဘက်သား သံဃာဂိုဏ်းခွဲရာတွင် ပါဝင် ခေါင်းဆောင်ခဲ့သည့် မဟာကောကာလိက - ရဟန်း ရှိနေသောကြောင့် ဖြစ်သည်။ မဟာကောကာလိက-မှာ ကောကာလိက-အကြီးဟု အဓိပ္ပာယ်ရှိ၍ စူဠကောကာလိက - မှာ ကောကာလိက - အငယ်ဟု အဓိပ္ပာယ်ရှိသည်။

ယင်း စူဠကောကာလိက-သည်လည်း အရှက်အကြောက်နည်းသည့် ရဟန်းဆိုးတပါးပင်ဖြစ်သည်။ ဥပုသ်နေ့ သီတင်းနေ့များတွင် ပညာရှိ

စာတတ်–ပေတတ် ရဟန်းတော်များ တရားဟောသောအခါ “ဒီကိုယ်တော်တွေချည်းပဲ ထပ်ပြန်တလဲလဲ ဟောနေကြတယ်၊ သံဃာက တို့လို တော်သည့်-တတ်သည့် ရဟန်းများရှိလျက်နဲ့ တရားဟောရန် အလှည့်မပေးဘူး” ဟူ၍ မကျေမနပ်ပြောလေ့ရှိသည်။

ပြောပါများသောအခါ သံဃာက ကောကာလိက-အား တရားဟောရန် အလှည့်ပေးလိုက်သည်။ ကောကာလိက-သည် ဝမ်းသာအားရဖြစ်ကာ တရားဟောရန် သင်္ကန်းအရောင် ကောင်းကောင်း ရွေး၍ဝတ်သည်။ ခါးဝတ်သင်းပိုင်က အရောင်တမျိုး၊ ကိုယ်ရုံကောစိက အရောင်တမျိုး၊ ခြုံထည်သင်္ကန်းကြီးက အရောင်တမျိုး ဝတ်ဆင်သည်။ ယပ်တောင်လှလှ ဆန်းဆန်းကိုလည်း ကိုင်လိုက်သည်။ တရားဟောရန် တရားပလ္လင်ပေါ်သို့ ရောက်သောအခါ တရားဟူ၍ ဟောစရာ အစရှာမတွေ့ပဲဖြစ်နေသည်။ မူလကပင် ပညာဗဟုသုတနည်းပါးသူ ဖြစ်သောကြောင့် တရားတပုဒ်, တဂါထာမျှ မရွတ်ဆိုနိုင်ပဲ ချွေးသီး ချွေးပေါက်များကျလာပြီး တုန်တုန်ခိုက်ခိုက် ဖြစ်နေကာ တရားပလ္လင်နောက်မှ ခုန်ချဆင်းပြေးခဲ့ရလေသည်။ (ဇာတ် အဋ္ဌကထာ-၂၊ နှာ-၆၀။)

ယင်း ကောကာလိက-သည်ပင်လျှင် သင်္ကန်းစသော ပစ္စည်းရရှိရေးနှင့်စပ်၍ အဂ္ဂသာဝကကြီးများ ဖြစ်တော်မူကြသော အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့အား မကျေမနပ်ဖြစ်ကာ မြတ်စွာဘုရားထံသွား၍ အဂ္ဂသာဝကနှစ်ပါး မကောင်းသည့် အကြောင်းများကိုလျှောက်ထားသည်။ အလဇ္ဇီ, ဒုဿီလခေါ် အရှက်နဲသူ, သီလပျက်သူများဖြစ်ကြောင်း စွပ်စွဲ လျှောက်ထားသည်။ စောဒကတက်သည်။

မြတ်စွာဘုရားရှင် ကိုယ်တော်တိုင်ကပင် အဂ္ဂသာဝကဖြစ်သည့် အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့အား မကောင်းမပြောရန် မစွပ်စွဲရန် တားမြစ်တော်မူသည်။ ကောကာလိက၏ ရှေးရှေးဘဝတုန်းက သူငယ်ချင်းဖြစ်ဖူးသည့် “တုရု” အမည်ရှိ ဗြဟ္မာကြီးကလည်း လာ၍တားမြစ်သည်။ မည်သူမျှ မည်သို့မျှတားမရပဲ စွပ်စွဲမြဲစွပ်စွဲလေရာ မကြာ

မိပင် ပဲနောက်စေ့ခန့်၊ ကွမ်းသီးလုံးခန့်၊ ရှောက်သီးလုံးခန့်၊ ဥသျှစ်သီးလုံးခန့် အနာကြီးများ တစ်ခုပြီးတစ်ခု တကိုယ်လုံး၌ ပေါ်ပေါက်လာပြီး သေဆုံး၍ ပဒုမငရဲ ကျရရှာလေသည်။ (သံ ၁၊ နှာ-၄၅၂။)

(၁၄) **အနောတ္တပ္ပ**။　။အနောတ္တပ္ပ—ကို မလန့်မှု၊ မကြောက်မှု-ဟူ၍ အနက်မြန်မာ ပြန်လေ့ရှိကြသည်။ မလန့်, မကြောက်မှု-ဟူသည်မှာ ယင်း မကောင်းမှု၏ ပစ္စုပ္ပန်, အနာဂတ်-ကာလနှစ်ပါး၌ မကောင်းကျိုးပေးမည်ကို မကြောက်ခြင်း မလန့်ခြင်းပင် ဖြစ်သည်။ မရှက်ခြင်းဟူ၍လည်း ဆိုသင့်ပေသည်။ အဟိရိက—၏ မရှက်ပုံနှင့် အနောတ္တပ္ပ-၏ မရှက်ပုံတို့မှာ တမျိုးစီ တခြားစီဖြစ်သည်။ မရှက်ရွံ့ခြင်းနှင့် မရှက်ကြောက်ခြင်းတို့ဖြစ်သည်။

အနောတ္တပ္ပ-၏ ပင်ကိုသဘောမှာ အနုတ္တာသလက္ခဏာခေါ် မလန့်, မကြောက်မှု သဘောလက္ခဏာဖြစ်သည်။

အနောတ္တပ္ပ၏ မလန့်မကြောက်မှု သဘောလက္ခဏာရှိပုံကို ပေါ်လွင်စေရန် အဘိဓမ္မာဆရာကြီးများက ပိုးဖလံကောင်များ မီးထဲတိုးဝင်ပုံနှင့် ဥပမာပေး ပြဆိုတော်မူကြသည်။ မိုးဦးကျအခါ, မိုးကုန်ခါနီးအခါတို့တွင် ပိုးကောင်ငယ်များသည် ညအချိန်၌ မီးထွန်းညှိထားရာ, မီးဖိုထားရာ-များသို့ ဝိုင်းအုံလာလျက် ပူလောင်သေရမည်ကို မကြောက်, မလန့်ပဲ အဘင်းတိုးဝင်ကြသောကြောင့် ပူလောင်သေကြေ ကြရလေသည်။ ဤအတူပင်လျှင် သတ္တဝါတို့သည်လည်း မကောင်းမှု အကုသိုလ်တရားကို မကြောက်မလန့်ပဲ ပြုလုပ်ကျူးလွန်ကြသောကြောင့် အပါယ်ငရဲ ဆင်းရဲ အမျိုးမျိုးကို ခံစားကြရလေသည်။

**အကုသိုလ်ဇာတ်လိုက်**

မှန်ပေသည် သတ္တဝါများ မကောင်းမှု-အကုသိုလ် ပြုလုပ်ကြရာ၌ ဖော်ပြခဲ့ပြီးဖြစ်သည့် (၃) မောဟ, (၆) ဥဒ္ဒစ္စ, (၁၃) အဟိရိက, ယခုဖော်ပြဆဲဖြစ်သော (၁၄) အနောတ္တပ္ပ-တို့သည် ခေါင်း

ဆောင် ဦးစီးအဖြစ်ဖြင့်လည်းကောင်း၊ အဖွဲ့ဝင်အဖြစ်ဖြင့် လည်းကောင်း အကုသိုလ်တရားတိုင်းတွင် ပါဝင်ကြသည့် အကုသိုလ်ဇာတ်လိုက်ကြီးများ ဖြစ်ကြသည်။

မောဟ-သည် အကုသိုလ်၏သဘောကို မသိစေရန် ဖုံးလွှမ်း၏။ ဥဒ္ဓစ္စ-သည် အကုသိုလ်လုပ်ရာ၌ စိတ်ကိုမတည်ငြိမ်ပဲ ပျံ့လွင့်စေ၏။ အဟိရိက—သည် အကုသိုလ်ကို မရှက်, မရွံ့ပဲ ပြုလုပ်စေ၏။ အနောတ္တပ္ပ-သည် အကုသိုလ်ကို မကြောက်,မလန့်ပဲ ပြုစေ၏။

ဤသို့လျှင် မောဟ၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ - ဟူသော အကုသိုလ် ဇာတ်လိုက်ကြီးတို့သည် သတ္တဝါများအား အကုသိုလ်ပြုရာ၌ ခေါင်းဆောင်အဖြစ်ဖြင့်လည်းကောင်း၊ အဖွဲ့ဝင်အဖြစ်ဖြင့်လည်းကောင်း ပါဝင်ကြလေသည်။

ထို့ကြောင့် ဤအနောတ္တပ္ပ-သည်လည်း သတ္တဝါများအား ဆင်းရဲစေရန် ညှဉ်းဆဲသည့် အတွင်းရန်သူကြီး ဖြစ်ကြောင်း မှတ်သားသင့်ပေသည်။

ဖော်ပြခဲ့သည့် ကောကာလိက-ဝတ္ထု၌ ကောကာလိက-သည် အရှက်မရှိသောကြောင့် ပညာမရှိပဲ တရားပွဲသို့ တက်၍ တရားဟောသည်။ အဟိရိက-ခေါ် အရှက်မဲ့သူဖြစ်သည်။ အကြောက်မရှိသောကြောင့် အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်ဟူသော အဂ္ဂသာဝက-ကြီးများကို "အလဇ္ဇီ, ဒုဿီလ" ဟု စွပ်စွဲသည်။ ဘုရားနှင့်ပြဟ္မာ တားမြစ်သည်ကိုပင် နားမထောင်ချေ။ ဤသည်မှာ အတွင်းရန်သူဆိုးများ ဖြစ်သည့် အရှက်မရှိမှု အဟိရိကနှင့် အကြောက်မရှိမှု-အနောတ္တပ္ပတို့၏ မကောင်းကျိုးပေးပုံ သက်သေဝတ္ထုပင် ဖြစ်ပေသည်။

ထို့ကြောင့် အတွင်းရန်သူအနောတ္တပ္ပနှင့် အဟိရိက-တရားဆိုးများကို စွမ်းနိုင်သမျှ မောင်းနှင် ပယ်ထုတ်ကြကုန်ရာသည်။

ဤမျှဖော်ပြလျှင်—

လော, ဒေါ, မော, ဒိ,၊ မာ,ဥဒ်, ဝိ၊ ထိ, မိဒ်, ကြည်, မစ်, ကုက်။

အဟိ, အနော၊ ဆယ့်လေးဟော၊ အနွှောရန်သူယုတ်—

ဟူသော အတွင်းရန်သူကြီး တစ်ဆယ့်လေးပါးအကြောင်း သိသာ ထင်ရှားလောက်ပြီဟူ၍ ယုံကြည်ပါသည်။ မိမိ၏ လောကီအကျိုးစီးပွား လောကုတ္တရာအကျိုးစီးပွားများကို အောင်မြင်စွာ ရရှိနိုင်ရေးအတွက် အတွင်းရန်များကို အမိကထား၍ ပယ်ရှားကြရမည်ဖြစ်ကြောင်း သိရှိကြစေချင်ပါသည်။

## အတွင်းရန်ကင်းစေသည့်နည်း

လောဘ, ဒေါသ, မောဟ-အစရှိသည့် အတွင်းရန် ဘေးဆိုးတို့သည် အလွန်ကြီးသည့် ရန်သူကြီးများဖြစ်ကြသည်။ ဤကျမ်း၌ အမိက-ပင်မကြီးအဖြစ်ဖြင့် အားသွန်ကြိုးစား၍ ရေးသားနေသည့် အမှန်တရား သိမြင်ရေးသည်ပင်လျှင် အမှန်စင်စစ် အတွင်းရန်သူဖြစ်သည့် လောဘ, ဒေါသ, မောဟ-အစရှိသည့် ကိလေသာ-အကုသိုလ်တရားများ ကင်းစင်ရေးပင်ဖြစ်ပေသည်။

ထို့ကြောင့် စာရှုသူများအား အတွင်းရန်သူ အကုသိုလ်တရား (၁၄)ပါးတို့၏ ဘေးအန္တရာယ် အန္နောင့်အယှက်မှ ကင်းလွတ်ရေးအတွက် နည်းလမ်းအထူးရေးသား ဖော်ပြရန်မလိုပါ။ ဤကျမ်း၏ ရည်မှန်းကြိုးပမ်းချက်ဖြစ်သည့် **အရိယသစ္စာ-အမှန်တရား သိမြင်ရေး လမ်းစဉ်ဆယ်ပါးသာ** ဖြစ်ပါကြောင်း ရေးသားဖော်ပြရပါသတည်း။

# ၇။ သတ္တမအပိုင်း

ဤအပိုင်း၌

★ ပစ္စည်းဥစ္စာကို လိမ်ညာခြင်း၊

★ အတတ်ပညာကို လိမ်ညာခြင်း၊

★ အလုပ်ကိစ္စကို လိမ်ညာခြင်း၊

★ အချိန်အခါကို လိမ်ညာခြင်း၊

★ တရားဓမ္မ လိမ်ညာခြင်း–

ဟူသော လိမ်ညာခြင်း ငါးမျိုးနှင့် အလိမ်အညာမခံရအောင် ကာကွယ်နည်းများကို ဖော်ပြထားပါသည်။

# ၄-လှည့်ပတ်လိမ်ညာမှုမရှိခြင်း

## သတိထားသင့်သည့်လိမ်ညာမှုငါးမျိုး

### လင်္ကာ

အဇ္ဈောဇဋ္ဌာ ဗဟိဇဋ္ဌာ၊ ဇလပ္ပာဖြင့်၊
လွန်စွာရှုပ်ပွေ၊ ဤလူ့မြေ၌၊
ကြေးငွေဥစ္စာ၊ တတ်ပညာနှင့်၊
လုပ်ရာကိစ္စ၊ ကာလအချိန်၊
မွေ့သိမ်တရား၊ ဤငါးပါးကို၊
လှည့်ဖြားလိမ်ညာ၊ ပြုတတ်စွာသည်၊
သေချာမှတ်သား၊ သတိထား။

ဆရာကြီး ဦးစာကျော်သည် ပုံးရှင်စွာ အသံကြီးကြီးဖြင့် အထက်ပါ လင်္ကာကို ရွတ်ဆိုပြီးနောက် "အဟီး"ဟု အသံထွက်ရယ်မောကာ ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်ပါသည်။

မှန်လှပါသည်၊ သတိထားသင့်ပါသည်။ အမှန်တရား-အရိယသစ္စာကို သိမြင်လိုသူ ထွက်ရာလမ်းကို ရှာသူတစ်ဦးအတွက် အလိမ်အညာ အလှည့်အပတ်မခံရရန်မှာ အလွန်အရေးကြီးပါသည်။

ဆရာကြီးဦးစာကျော်၏ လင်္ကာအတိုင်းပင် သိသာလှပြီဖြစ်သော်လည်း ပို၍သင်ရှားစေရန် လိမ်ညာလှည့်ပတ်မှုငါးမျိုးကို စကားပြေဖြင့် ရေးရမည်ဆိုလျှင်—

(၁) ငွေကြေးပစ္စည်းဥစ္စာကို လိမ်ညာခြင်း၊
(၂) အတတ်ပညာကို လိမ်ညာခြင်း၊
(၃) အလုပ်ကိစ္စကို လိမ်ညာခြင်း၊
(၄) အချိန်ကာလကို လိမ်ညာခြင်း၊
(၅) တရားဓမ္မကို လိမ်ညာခြင်း—

ဟူ၍ လိမ်ညာလှည့်ပတ်မှု ငါးမျိုးရှိပေသည်။

ယင်းငါးမျိုးကို လိမ်ညာခံရရာ၌ အခြားသူများကလာ၍ လိမ်ညာခြင်း မျိုးနှင့် မိမိကိုယ်ကို မိမိကိုယ်တိုင်က လိမ်ညာခြင်းမျိုးဟူ၍ နှစ်မျိုး ရှိနိုင်ပေသည်။

အခြားသူများက လိမ်ညာသွား၍ ဆုံးရှုံးရခြင်း၊ အကျိုးမခံစားရခြင်းနှင့် မိမိကိုယ်ကို မိမိလိမ်ညာအသုံးပြုမှုကြောင့် ဆုံးရှုံးရခြင်း၊ အကျိုး မခံစားရခြင်းတို့မှာ အတူတူပင်ဖြစ်ပေသည်။ ထို့ကြောင့်လှည့်ပတ် လိမ်ညာမှု မခံရစေရန် သတိထားရမည်မှာ အခြားသူတပါးတို့က လာ၍ မိမိအား လိမ်ညာမှု ခံရခြင်းနှင့် အတူတူပင် မိမိကိုယ်ကို မိမိလိမ်ညာမှု ခံရခြင်းကိုလည်း သတိထားရမည်ဖြစ်ပေသည်။

**ခန္ဓာကိုယ်ထဲမှရောဂါ**

လောက၌ ရောဂါဟူသည် ဘေးပတ်ဝန်းကျင်မှသာ ကူးစက်ဖြစ်ပေါ်သည်မဟုတ်ပေ။ မိမိခန္ဓာကိုယ်အတွင်းမှလည်း ဖြစ်ပေါ်တတ်သည့် သဘောရှိပေသည်။ ဘေးပတ်ဝန်းကျင်မှ ကူးစက်ဖြစ်ပေါ်သည့်ရောဂါကသာ ဆင်းရဲဒုက္ခကို ပေးတတ်သည်မဟုတ်၊ မိမိခန္ဓာကိုယ်ထဲမှ ဖြစ်ပေါ်သည့်ရောဂါကလည်း ဆင်းရဲဒုက္ခကို ပေးတတ်သည်။ ထိုကြောင့် ဘေးပတ်ဝန်းကျင်မှ ကူးစက်မည့်ရောဂါကို သတိထားကာကွယ်သင့်သကဲ့သို့ပင် မိမိခန္ဓာကိုယ်အတွင်းမှ ဖြစ်ပေါ်မည့် ရောဂါကိုလည်း ကာကွယ်တားဆီးရမည် ဖြစ်ပေသည်။

ထို့ကြောင့် အရိယသစ္စာ-အမှန်တရား သိလိုသူ ပညာရှင်သူတော်ကောင်းများသည် ဖော်ပြခဲ့သည့် လိမ်ညာခြင်းငါးမျိုးကို အခြားသူများက လာ၍ မိမိအား အလိမ်အညာ အလှည့်အပတ် မခံရအောင် သတိထား ကာကွယ်ရမည့် နည်းတူပင်လျှင် မိမိကိုယ်ကိုမိမိက အလိမ်အညာ အလှည့်အပတ်မခံရအောင် သတိထားရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ ဤကျမ်း၌ လှည့်ပတ်လိမ်ညာခြင်းကင်းရေးအတွက် ရေးသား ပြဆိုရာတွင် အခြားသူများက လာ၍ လှည့်ပတ် လိမ်ညာမှုများ

မခံရအောင် သတိပေးစကား ရေးသားသည့်နည်းတူစွာပင် မိမိကိုယ်ကို မိမိက လှည့်ပတ်လိမ်ညာမှု မပြုမိစေရန်လည်း သတိပေးရေးသားမည် ဖြစ်ပါသည်။ သို့မှသာ စာရှုသူများ လှည့်ပတ်လိမ်ညာမှုကို ဘယ်နည်းဖြင့်မျှ မခံကြရပဲ အရိယသစ္စာ-အမှန်တရား သိမြင်ရေး၌ အနှောင့် အယှက်ကင်းဝေးကြမည်ဖြစ်သည်။

**အထူးသတိပြုပါ**

အလိမ်အညာမခံရအောင် နည်းပေးရေးသားရာ၌ ကျွန်တော်အလေ့အလာများခဲ့သည့် ပင်စင်အငြိမ်းစားများအတွက်ကိုသာ ဖော်ပြထားသော်လည်း အခြားအခြားသော လူသားများအတွက်လည်း သိထားရန်လိုအပ်ပါသည်။အမှန်တရား-အရိယသစ္စာသိမြင် ထွက်ရာလမ်းစဉ်သို့လိုက်လိုသူများ အထူးသိထားသင့်ပါကြောင်း ကြိုတင် မှာကြားလိုပါသည်။

(၁) ငွေကြေးဥစ္စာလိမ်ညာခြင်း။ ။ငွေကြေးဥစ္စာသည် လောဘသမား လူအများတို့၏ သည်းခြေကြိုက်ဓာတ်စာဖြစ်သည်။ မုဆိုးသည် သားကောင်ကို ခြေရာခံလိုက်သကဲ့သို့ လိုက်ရှာနေကြသည်။

လွယ်လွယ်ဖြင့် ရမည်ဆိုလျှင် လွယ်လွယ်ဖြင့်ရအောင် ရှာကြသည်။ လိမ်၍ညာ၍ ယူကြသည်။ ခိုး၍ ဝှက်၍ ယူကြသည်။ လု၍ တိုက်၍ ယူကြသည်။

ခက်ခက်ခဲခဲဖြင့် ရမည်ဆိုလျှင် ခက်ခက် ခဲခဲဖြင့် ရအောင်ယူကြသည်။ တောထဲတောင်ထဲ အသက်စွန့်သွားလာ၍ ယူကြသည်။ အသက်စွန့်စားကာ တက်၍ဆင်း၍ ယူကြသည်၊ ပင်လယ် သမုဒ္ဒရာ ရေပြင်ကျယ်မှာ သွားလာကူးခပ်၍ ယူကြသည်။ မြေအောက် အဝီစိထိ ရောက်အောင် တွင်းတူးဆင်းသက်၍ ယူကြသည်။ ရေအောက် ဇလဝါ ဝဲဩဃရောက်အောင် ငုပ်သျှိုး၍ ယူကြသည်။ ရှာကြဖွေကြသည်။

မတွေ့လျှင်တွေ့အောင် မရလျှင်ရအောင် ရှာဖွေ၍ယူကြသည်။ ပြန်ဘော့သည်း အားရကာင်းဘိမ်သည်မရှိပဲ ရပြီးယင်း ရချင်ယင်း၊ တော်သည်

တန်သည်မရှိ၊ ရလေလိုလေ ဖြစ်ကြသည်။ မီးပုံထဲမီးလောင်စာ ထည့်ရသကဲ့သို့ ထည့်ပေးလေ မီးတောက်ကြီးလာလေ၊ မီးစာများများလိုနေသကဲ့သို့ဖြစ်နေကြသည်။ ရှာဖွေနေကြသည်။

ဤမျှလောက် ငန်းငန်းတ ငွေကြေးဥစ္စာ ရှာဖွေနေကြသော တော်အခါ၌ ပင်စင်အငြိမ်းစားသည် စုငွေများ၊ ဆုငွေများ၊ ပင်စင်ရောင်းရသည့် ငွေများရလျက် ငွေကြေး လှိုင်နေသည်၊ ပေါနေသည်၊ များနေသည်ကို ငွေကြေးကိုလိုက်ချောင်းနေသည့် ငွေကြေးမုဆိုးကြီးများ မြေရာခံမိသည်၊ အနံ့ရကြသည်။ နည်းအမျိုးမျိုးဖြင့် ထောင်၍ ဖမ်းကြလိမ့်မည်။ ကြပ်ကြပ်သတိထား ရှောင်နိုင် တိမ်းနိုင်ရန် လိုအပ်လှပေသည်။

ငွေကြေးဥစ္စာအတွက် သူများကလိမ်သွားခြင်း ခံရလျှင် မိမိတသက်တာ နှစ်ပေါင်းအစိတ်သုံးဆယ်မျှ လုပ်ကိုင်စုဆောင်း ထားရသည် ဖြစ်ရာ ငွေကြေးမုဆိုးလက်သို့ ဝကွက်၍အပ်လိုက်ရလျှင် များစွာ ထိခိုက် နစ်နာတော်လှပေသည်။ တရားအမှန်သိမြင်ရေးကိုလည်း အနှောင့်အယှက် ပြုနိုင်ပေသည်။ ထို့ကြောင့် ပင်စင်အငြိမ်းစားသည် ငွေကြေးဥစ္စာကို သူများတကာ အလိမ်အညာမခံရအောင် သတိထားရှောင်နိုင်ရမည်။

## မိမိကိုယ်ကိုမိမိလိမ်ခြင်း

မိမိကိုယ်ကို မိမိမလိမ်မညာမိစေရန်လည်း လိုပေသည်၊ မရစဖူး ထူးထူးခြားခြား များများကလေးရလာသော ငွေကြေး ဥစ္စာကလေးများကို ပိုင်လာသောအခါ ရသမျှကလေးကို တရားနည်းလမ်းကျကျ မျှမျှ တတမသုံးစွဲပဲ ဗုန်းဗောလအော မတန်ရေတန်ရေ စားလိုက်မည်၊ ဝတ်လိုက်မည်၊ သုံးလိုက်မည်၊ ဝယ်လိုက်မည်ဟု အောက်ခြေမလွတ်စေရန်လည်း လိုအပ်ပေသည်။ ငွေကြေးဥစ္စာနှင့် ပတ်သက်၍ မိမိကိုယ်ကို မိမိမလိမ်မညာကြစေလိုပါ။

ငါ့မှာ တသက်လုံး စွဲစွဲမြဲမြဲ ကြိုးစားလုပ်ကိုင်ခဲ့၍ ရလာသည့် ငွေကြေးဥစ္စာများကို မျှတစွာသုံးစွဲမှီဝဲ၍ အရိယသစ္စာ-အမှန်တရားသိမြင်ရေးအတွက်သာ အသုံးပြုမည်ဟု တရားနည်းလမ်းကျကျ စဉ်းစား

တွေးဆ၍ မှန်ကန်စွာအသုံးပြုတတ်ရန် လိုအပ်ပေသည်။ မိဘ, ဆရာ, သာသနာနှင့် တိုင်းပြည်, လူမျိုးအတွက်သာလျှင် အကျိုးရှိစွာသုံးစွဲသင့်ပေသည်။

ဤငွေကြေးဥစ္စာကို အခြားသူများက လိမ်ညာယူခံရခြင်း, မိမိကိုယ်ကို မိမိကလိမ်ညာသုံးစွဲခြင်းများနှင့်စပ်ဆိုင်၍ စာရှုသူလည်းသိသင့်သလောက် သိပြီးဖြစ်နိုင်ပါသည်။ တွေ့သင့်သလောက် တွေ့ကြုံဖူးလည်းရှိနိုင်ပါသည်။ ဤခေတ်ဤအခါမျိုး၌ ဤလို ငွေကြေးဥစ္စာ လိမ်ညာမှုမျိုး များစွာရှိတတ်ပါသည်။ ဤအကြောင်းကို ဤမျှဖြင့်သာ သတိပေးပြီး ရပ်နားကြပါစို့။

**(၂) အတတ်ပညာကိုလိမ်ညာခြင်း။** ။ပင်စင်အငြိမ်းစား ဖြစ်စေ၊ ပင်စင်အငြိမ်းစားမဟုတ်သူဖြစ်စေ လူတစ်ယောက်သည် အနည်းဆုံး မိမိလုပ်ကိုင်ခဲ့သည့် အလုပ်ဆိုင်ရာ ပညာဘစ်ခုကိုတော့ ကျွမ်းကျင်တတ်မြောက်ပြီး ဖြစ်နိုင်သည်။ ဝါသနာအလျောက် ဘဝအတွေ့အကြုံအလျောက် အကြောင်းအားလျော်စွာ တတ်သိကျွမ်းကျင်သည့် အခြားပညာများလည်း ရှိနိုင်ပါသည်။ ယင်းပညာရပ်များကို ပါးနပ်လိမ္မာ၍ ကိုယ်ကျိုးကိုသာ ကြည့်ရှုတတ်သူအချို့တို့က ကိုယ့်အကျိုးအတွက် လိမ်ညာ၍ ဖဲ့ယူတတ် နှိုက်ယူခြင်းခံရတတ်ပေသည်။ ယင်းသို့ အတတ်ပညာ, အသိပညာများကို ပညာရှင်ကိုယ်တိုင် အကျိုးမခံစားရပဲ လူပါးလူနပ်များက ခံစားသွားခြင်းမျိုးနှင့် ပညာရှင်ကိုယ်တိုင်က တပဲသားမျှအကျိုးခံစားရ၍ လူပါးလူနပ်များက တပိဿာလောက် အကျိုးခံစားသွားခြင်းမျိုးကို "အတတ်ပညာကိုအလိမ်အညာခံရခြင်း" ဟု ဆိုလိုပေသည်။

အတတ်ပညာ အသိပညာများသည် ပေးလှူ၍ မကုန်နိုင်ခန်းနိုင်သည့် ရတနာအိုးကြီးများဖြစ်သည်။ "ပညာရွှေအိုး လူခိုး" ဆိုရိုးအတိုင်း ခိုးယူ၍၊ လုယူ၍၊ တိုက်ခိုက်ယူ၍ မရနိုင်သော ရတနာအစုများဖြစ်ကြသည်။ သို့သော် ပညာရှင်ကို အမျိုးမျိုးပြော၍၊ အမျိုးမျိုးနားသွင်း

၍၊ အမျိုးမျိုးလှည့်ပတ်၍ အသိပညာ, အတတ်ပညာများကို အသုံးပြု စေ၍ ရလာသည့်အကျိုးတရားများကို မမျှမတ ခွဲဝေအယူခံရခြင်းမျိုး မှာမူ ရှိနိုင်ပေသည်။ ဖြစ်လည်းဖြစ်နိုင်ပေသည်။ ယင်းသို့ဖြစ်လျှင် အခိုး ခံရသည်နှင့် မထူးခြားချေ။ အလုခံရသည်နှင့်မကွဲပြားပေ။ အတိုက်ခံရ သည်နှင့် အတူတူပင်ဖြစ်သည်။ ပညာရှင်များအတွက် အလွန်ရင်နာဖွယ် အသည်းနာဖွယ်ရာဖြစ်ပေသည်။ ဤအချက်ကို ပင်စင်အငြိမ်းစားများနှင့် အတတ်ပညာရှင်, အသိပညာရှင်ကြီးများ အထူးသတိထား မှတ်သား ကြရန် သင့်လှပါသည်။

ယင်းသို့ အတတ်ပညာရှင်, အသိပညာရှင်ကြီးများ အလိမ်အညာ ခံရသည်မှာ ရှေးခေတ် ဆရာကြီး ဦးစာကျော်တို့ ငယ်ရွယ်စဉ်အခါက တောင်သူလယ်သမားကြီးများကို လိမ်ညာ၍ ခေါင်းပုံအဖြတ်ခံရသည်နှင့် တူပေသည်။ ရှင်းပြပါအံ့—

**တောင်သူလယ်သမားကြီးများနှင့်ငွေရှင်ကြီးများ**

လယ်ယာလုပ်ကိုင်စားသူ တောင်သူလယ်သမားကြီးများသည် ရိုး သားဖြောင့်မတ်စွာ နေထိုင်-လုပ်ကိုင်-စားသောက်-ဝတ်ဆင်ကြသူများ ဖြစ်သည်။ ကျွဲနွားများနှင့် တွဲဖက်ရုန်းကန်၍ အအေးအပူ ရာသီဥတု မရွေးပဲ ရေထဲရွှံ့ထဲမှာ ဆင်းရဲ ပင်ပန်းကြီးစွာ ရုန်းကန်လုပ်ကိုင်ကြရ သည်။

ဥတုရာသီ မိုးလေဝသကောင်းမွန်၍ စပါးများ ပဲများ အရမှန် ပါမှ ချောင်ချောင်လည်လည် မျှမျှတတ စားသောက် ဝတ်ဆင်နိုင်ကြ သည်။ လှူဒါန်းပေးကမ်းနိုင်ကြသည်။

ရာသီဥတုဖောက်ပြန်၍ စပါးများ ပဲများ မရလျှင်သော် လည်း ကောင်း၊ ဘေးရန်အန္တရာယ်အယှက် ကြုံတွေ့လျှင်သော်လည်းကောင်း၊ အရေးပေါ် လူမှုရေး ဘာသာရေး၊ ကျန်းမာရေးကိစ္စ ကြုံတွေ့ကြရလျှင် သော်လည်းကောင်း ငွေကုန်ကြေးကျများကြသောအခါ ငွေကြေးလို လာသည်။

ထိုအခါ **ကြွက်ကိုကြောင်ချောင်းသကဲ့သို့** အခါအခွင့်ကိုစောင့်ကြည့်နေသော ငွေရှင်ကြီးများသည် စေတနာသဒ္ဓါ ကြီးမားလှစွာဖြင့် "ယူပါ၊ ယူပါ၊ လိုသလောက်ရပါတယ်"ဟု ပြောဆိုကာ စာချုပ်စာတမ်းခိုင်လုံစွာဖြင့် လိုသလောက် ငွေကြေးထုတ်ပေးသည်။ စပါး, ပဲ သိမ်းပြီးသောအခါ ဈေးနှိမ်၍ လယ်မှထွက်သည့်စပါးများ ပဲများကို သိမ်းယူလိုက်သည်။ ရပြီဆိုမှ အဆမတန် အမြတ်ကြီးစား၍ ဈေးကောင်းဖြင့်ရောင်းချသည်။ ရသည့်ငွေများကို အရင်းတည်လျက် ထပ်မံ၍လယ်သမားကြီးများထံမှ စပါးများ ပဲများကို ခေါင်းပုံဖြတ်ဝယ်ယူခြင်း, အမြတ်ကြီးဖြင့်ပြန်ရောင်းခြင်းများပြုလုပ်ကာ ခေါင်းပုံဖြတ် အမြတ်ကြီးစား သံသရာစက်ကြီးကို တဟီးဟီးလည်ပတ်အောင် ပြုလုပ်ကြလေသည်။ တောင်သူလယ်သမားကြီးများမှာလည်း ဆင်းရဲသားစက်သံသရာမှာ တချာချာလည်ကြရလေသည်။ **ပဲတခွဲဖိုးဖြင့် လယ်တပွဲအသိမ်းခံရ**သည်ကိုပင် ဆရာကြီး ဦးစာကျော် တွေ့ဖူးပေသည်။

၎င်းလယ်သမားကြီးများ အလှည့်အလိမ်ခံရသည့်နည်းတူပင် အသိပညာရှင် အတတ်ပညာရှင်ကြီးများမှာလည်း—

သနားငဲ့ညာတတ်ခြင်း၊
ရိုးသားမှန်ကန်ဖြောင့်မတ်ခြင်း၊
သည်းခံခွင့်လွှတ်တတ်ခြင်း၊
ရှက်ကြောက်အားနာတတ်ခြင်း—

စသော သူတော်ကောင်းတို့၏ ကျင့်စဉ်ကို လေးစားလိုက်နာသည်ကို အခွင့်ကောင်းယူပြီး လောဘသမားများ၏ လှည့်ပတ်လိမ်ညာခြင်း ခံရတတ်ပေသည်။ ယင်းသို့ခံရလျှင်လည်း အရိယသစ္စာ-အမှန်တရား သိမြင်ရေးကို အနှောင့်အယှက်ဖြစ်နိုင်ပေသည်။ ၎င်းသို့အခြားသူများ၏ အတတ်ပညာ, အသိပညာလိမ်ညာမခံရစေရန် သတိထားရမည်။

**မိမိကိုယ်ကိုလိမ်ညာခြင်း**

မိမိကိုယ်ကို မိမိလိမ်ညာခြင်းနှင့် နှိုင်းစာလျှင် လောဘသမားတို့၏ အလိမ်အညာခံရခြင်းက အလွန်အကျွံ ထိခိုက်နစ်နာမှု မရှိလှချေ။ **အနည်း**

အကျဉ်းမျှ ဆင်းရဲဒုက္ခ ရောက်ရှိမျှသာဖြစ်သည်။ အမှန်တရား-အရိယ သစ္စာသိမြင်ရေးအတွက် အနှောင့်အယှက်ပေးရုံမျှသာ ဖြစ်သည်။

အတတ်ပညာရှင်,အသိပညာရှင်ကြီးများကိုယ်တိုင်က သတိမထားမိပဲ အသိပညာ, အတတ်ပညာနှင့် ပတ်သက်၍ မိမိကိုယ်ကို မိမိလိမ်ညာလှည့် ပတ်မိပါမှုကား အတောမသတ်အောင် ထိခိုက်နစ်နာမှု ခံရတတ်ပေ သည်။ **ပညာရှိ သတိဖြစ်ခဲ** ဟူသော မြန်မာစကားပုံအရ ပညာရှင်များ သည် သတိမေ့လျော့တတ်ကြသည် မဟုတ်ပါလား။

## သဒ္ဓိဝပညာရှင်

တက္ကသိုလ်ပြည်မှ ပညာသင်ကြား တတ်မြောက်၍ ပြန်လာခဲ့သည့် တက္ကသိုလ်ကျောင်းထွက် အတတ်ပညာရှင်တဦးသည် မိမိတတ်မြောက် ကျွမ်းကျင်သည့် သဉ္ဇီဝခေါ်—သေသူကိုပြန်ရှင်အောင် ပြုလုပ်နိုင်သော မန္တန်ဖြင့် ကျားသေကောင်ကို မန်းမှုတ်လိုက်မိသောကြောင့် ကျားသေ ကောင်က အသက်ပြန်ရှင်ပြီး ကိုက်သတ်၍ အတတ်ပညာရှင်ကြီး အသက် ဆုံးရှုံးခဲ့ရဖူးပေသည်။ (ဇာတ် အဋ္ဌကထာ-၁၊ နှာ-၅၁၇။)

ဤဖြစ်ရပ်၌ သေသူကို အသက်ပြန်ရှင်အောင် မန်းမှုတ်ရာတွင် ကျား သေကောင်ကို မန်းမှုတ်လိုက်၍ ပြန်ရှင်လာလျှင် မိမိကို ပြန်ကိုက်နိုင်သည်ကို သတိမထားမိသဖြင့် ၎င်းပညာရှင်အတွက် ထိခိုက်နစ်နာမှုကြီး ဖြစ်ရ သည်မှာ အသက်ကိုပင် ဆုံးရှုံးခဲ့ရသည်အထိ ဖြစ်တော့သည်။

လောက၌ သာမန်လူတန်းစားများ မှားယွင်းလျှင် သာမန်မျှသာ ထိခိုက်နစ်နာမှု ရှိတတ်သော်လည်း ထင်ရှားကျော်ကြား၍ ကြီးမားသည့် ညဏ်ကြီးရှင်များ မှားယွင်းကြပါလျှင် ထင်ရှားကျော်ကြားကာ သမိုင်း တွင်လောက်အောင် ကြီးမားသည့် ထိခိုက်နစ်နာမှုများ ကြုံတွေ့ရတတ် ပေသည်။ ထို့ကြောင့် အသိပညာရှင်ကြီးများ, အတတ်ပညာရှင်ကြီး များသည် မမှားမယွင်းစေရန် လိမ်ညာမှုမခံရစေရန် သတိထားသင့်ကြ လှပေသည်။

ပင်စင်အငြိမ်းစားများသည် မိမိတို့လုပ်ငန်းခွင်၌ နှစ်ပေါင်းများစွာ သတ်မှတ်သည့် လုပ်သက်ပြည့်မီသည်အထိ တတ်ကျွမ်းသည့် ပညာဖြင့် အမှုထမ်းဆောင်ခဲ့ပေရာ မူလက တတ်ကျွမ်းခဲ့သည့် ပညာသည် မည်မျှအထိ ပိုမိုတတ်ကျွမ်း လာလေမည်နည်း။ မည်မျှအထိ ထက်မြက်စူးရှလာလေမည်နည်း။ စိစစ်ကြည့်ပါ။ အတိုင်းမသိ စူးရှထက်မြက်နေရမည်မှာ အမှန်ပင်ဖြစ်ချေသည်။

ထိုပြင် အသိပညာရှင်, အတတ်ပညာရှင်ကြီးများသည် ပင်ကိုသဘောကိုကပင် စူးရှထက်မြက်သည့် ဉာဏ်ပညာအသိတရားရှိသူများဖြစ်ကြလျက် အသက်တမ်းခြောက်ဆယ်ခန့်အထိ လောကဓမ္မ အတွေ့အကြုံများ ရရှိခဲ့သည် ဖြစ်၍ ယင်းအတွေ့အကြုံ ပညာဗဟုသုတ များသည်လည်း ကြီးမား များပြားပြီး စူးရှထက်မြက်ကာ အလွန်တန်ဖိုးရှိရမည်မှာသေချာလှပေသည်။ မှဆိုးစိုင်သင် ဟူသော မြန်မာစကားပုံရှိသည်။ အလုပ်ဟူသည်မှာ လုပ်ယင်း ကိုင်ယင်း တတ်သိ နားလည် ကျွမ်းကျင်တတ်သည့် သဘောကို ပြဆိုနိုင်သည့် စကားပုံပင်ဖြစ်သည်။

သို့ဖြစ်ရာ အသိပညာရှင် အတတ်ပညာရှင်ကြီး များသည် မိမိတို့ နှစ်ပေါင်းများစွာ လေ့လာတတ်သိထားသည့် ပညာရပ်များကို လှည့်ပတ်လိမ်ညာခြင်းမရှိပဲ မှန်ကန်စွာပြန်လည်အသုံးချတတ်ရန် လိုအပ်ပေသည်။

ဤအရာ၌ လှည့်ပတ်လိမ်ညာမှုမရှိပါ၊ မှန်ကန်ပါသည်ဟု မည်သို့သိရမည်နည်း။ မိမိအတွက် တဘဝသက်တာမျှ တဝမ်းဝရုံ ကလေးမျှအတွက် အသုံးချလျှင်သော်လည်းကောင်း၊ အခြားမရေမရာ သာမန်လူစားများအတွက် တဘဝတာ တသက်လျာမျှအတွက် အသုံးချလျှင်သော်လည်းကောင်း မှန်ကန်ပါသည်ဟု မဆိုထိုက်ချေ။ ယင်း ကိစ္စကို မှန်ကန်ပါသည်ဟု ထင်မှတ်ခဲ့ချေသော် မှားလေပြီ၊ ကိုယ့်ကိုယ်ကို လှည့်ပတ်ခံရလေပြီ။

(က) တစ်နံပါတ်—မိမိ၏ အရိယာသစ္စာ-အမှန်တရား သိမြင်ရေးအတွက် အသုံးပြုနိုင်မှ မှန်ကန်ပေသည်။

(ခ) နှစ်နံပါတ်—မိမိတိုင်းပြည်၊ မိမိသာသနာ၊ မိမိလူမျိုး အတွက် အသုံးပြုနိုင်မှ မှန်ကန်ပေမည်။
(ဂ) သုံးနံပါတ်—မနုဿလူသားနှင့် သတ္တဝါအများအတွက် အသုံးပြုနိုင်မှ မှန်ကန်ပေမည်။

ဤတင်ပြချက် မှန်-မမှန် ပြန်လှန်စိစစ်ကြည့်ပါလေ။ သေသေ ချာချာ အပြန်ပြန်အလှန်လှန် အဖန်ဖန်အထပ်ထပ် စိစစ်လေလေ မှန်လေလေ ဖြစ်ကြောင်း တွေ့ရပါလိမ့်မည်။

ဤသုံးမျိုးမှတပါး အခြားသူများအကျိုး၊ အခြားမိမိ၏တဝမ်းဝရုံနှင့် မိမိ၏ အပျော်အပါး အာဂတံပါကတံ နေရာများအတွက် လွဲလွဲမှားမှား မိမိ၏အသိပညာ, အတတ်ပညာများကို အသုံးပြုမိလျှင်မူကား အသိပညာရှင်, အတတ်ပညာရှင်ကြီးတို့မှာ မိမိ၏ကိုယ်ကို မိမိပြန်လည်၍ လိမ်ညာ လှည့်ပတ်ခြင်းပင်ဖြစ်သည်။

ဤသို့ပြဆိုခဲ့သော အကြောင်းများကြောင့် ပင်စင် အငြိမ်းစားနှင့် အသိပညာရှင်, အတတ်ပညာရှင်ကြီးများသည် မိမိ၏ အသိပညာနှင့် အတတ်ပညာများကို အခြားသူများက သော်လည်းကောင်း၊ မိမိကိုယ်ကို မိမိကသော်လည်းကောင်း၊ လှည့်ပတ်လိမ်ညာခြင်း မခံကြရစေရန် သတိထားကြပါလေ။

၃။ အလုပ်ကိစ္စကိုလိမ်ညာခြင်း။ ။ပင်စင်အငြိမ်းစားနှင့် အသိပညာရှင်, အတတ်ပညာရှင်များသည် မိမိ၏တသက်တာ အသက်မွေးမှုအတွက် စောက်ချ၍ စွဲစွဲမြဲမြဲလုပ်ကိုင်လာခဲ့သောအလုပ်မှ သတ်မှတ်ထားသော အချိန်အခါသို့ ကျရောက်ပြီ ဖြစ်သောကြောင့် အနားယူ၍ ပင်စင်အငြိမ်းစားဘဝသို့ ရောက်ခဲ့လေပြီ။ လုပ်နေကျအလုပ်မရှိသောအခါ ဟာတာတာဖြစ်နေပြီ။

ဤသည်ကို ဒေါက်ထောက်ကြည့်နေသော ကျွမ်းကျင်သူ တယောက်သည် ပင်စင်အငြိမ်းစားများဘဝ အလုပ်မှရပ်နားခါစ ဟာတာတာဖြစ်နေသည်ကိုသိသည်။ ထို့ကြောင့် မိမိပြီးစေချင်သည့် အလုပ်ကိုလုပ်ရန်

ဆွယ်တရားလာ၍ ဟောတတ် ပြောတတ်သည်။ လုပ်နေကျ အလုပ်ဖြစ်သောကြောင့် ပင်စင်အငြိမ်းစား သဘောကျအောင် ပြောနိုင်သည်။ မည်မျှအမြတ်ထွက်နိုင်မည်၊ မည်မျှအကျိုးကျေးဇူးရှိမည်ကို ရွှန်းရွှန်းဝေအောင် ပြောပေလိမ့်မည်။ ငွေကြေးကိစ္စ၊ ကုသိုလ်ရေးကိစ္စ၊ သိဒ္ဓိကိစ္စ-စသည်ဖြစ်ပေလိမ့်မည်။

အလုပ်မှ အနားယူထားသောကြောင့် ဟာတာတာဖြစ်နေသော ပင်စင်အငြိမ်းစားသည် ငွေကြေးလို၍သော်လည်းကောင်း၊ အလုပ်ဆာနေချိန် ဖြစ်သောကြောင့်လည်းကောင်း သဘောတူဝန်ခံ၍ လုပ်မိသောအခါ မိမိ၏လုပ်အားခကို အပြည့်အဝမရပဲလည်း ရှိတတ်သည်။ လုံးဝမရပဲလည်း ရှိတတ်ပေသည်။ ဤသို့ဖြင့် အလုပ်ကိစ္စနှင့်ပတ်သက်၍ အခြားသူများ၏ အလိမ်အညာကို ခံရတတ်ပေသည်။ ပုံစံကလေးတခု တင်ပြပါရစေ။

**ဝိဇ္ဇာညို**

သူ၏ ဦးညိုဟူသော နာမည်မှာ သူ၏မိဘများကပေးသော ကျီးညိုနာမည်မှ အဖျားဆွတ်ခေါ်သည့် နာမည်ဖြစ်သည်။ မိတ်ဆွေအပေါင်းအသင်းများကမူ သိသူနည်း၏။ အင်္ဂရိတ်ထိုး၍ ဝိဇ္ဇာလမ်းကိုလိုက်သောကြောင့် ဝိဇ္ဇာညိုဟု နာမည်ရှေ့က ဝိဇ္ဇာဟူသောဝိသေသနထည့်ထားခြင်းဖြစ်သည်။ သူသည် အင်္ဂရိတ်ထိုးသည်ဆိုသော်လည်း လခစားအလုပ်ကတဘက် လုပ်ရသောကြောင့် ဖြစ်ဖြစ်မြောက်မြောက် မထိုးနိုင်ချေ။

ထိုခေတ်ကဥပဒေအရ အသက်ငါးဆယ့်ငါးနှစ်ပြည့်၍ ပင်စင်အငြိမ်းစားယူသောအခါ အခြားအင်္ဂရိတ်ဆရာတယောက်နှင့်တွဲ၍ ငွေဖြစ်သည့်လမ်းကို လုပ်ကြသည်။ ခွတ်ဖိုး မီးသွေးဖိုး များစွာကုန်၏၊ လူလည်းများစွာပင်ပန်း၏။ နောက်ဆုံး ခွတ်သား နှစ်ကျပ်သားခန့် ရသောအခါ ငွေတစ်ထောင်ခန့် ကုန်နေပြီဖြစ်၏။

ပင်စင်ယူ၍ ရထားသည့်ငွေကလေး တော်တော်လျော့သွားပြီဖြစ်၏။ မီးသွေးဆယ့်နှစ်အိတ်ခန့်ကုန်အောင် မီးပူခံထိုးရသည်။ အပူဒဏ်ကြောင့်

လူအင်အားလည်း ချိန့်ပိန်ချုံးလာသည်။ နောက် ကျန်သည့်ငွေကလေး ဖြင့် အခေါက်ရွှေဝယ်၍ ထုံးထားသည့် ဓာတ်သားနှင့် စပ်သောအခါ ဓာတ်သားကရွှေမဖြစ်ပဲ ရွှေကဓာတ်သား ဖြစ်သွားသောကြောင့် ငွေကုန် လူပန်း စိတ်မချမ်းမသာဖြစ်ရကာ ရောဂါဖိစီးပြီး ဆေးရုံကြီးသို့ရောက်ရ ရှာလေသည်။

ယင်းသို့ ငွေရရေးအတွက် ပြုလုပ်ရာ၌ ဝိဇ္ဇာညိုသည် သူတစ်ဦးတည်း သဘောအရဆိုလျှင် လုပ်ဖြစ်မည်မဟုတ်ချေ။ သူနှင့်တွဲဖက် လုပ်သူက ဝိဇ္ဇာညိုသဘောကျအောင်မည်မျှအကျိုးခံစားရမည်၊ မည်မျှလွယ်ကူသည် စသည်ဖြင့် အပြောကောင်းအနှုးကောင်းသောကြောင့်သာ ဝိဇ္ဇာညို လုပ် မိခြင်းဖြစ်ပေသည်။ အခြားအကြောင်းများမှာလည်း ပင်စင်ယူပြီးခါစ အလုပ်ဆာနေခြင်း၊ ဝင်ငွေဆာနေခြင်းတို့ကြောင့်လည်း ယင်း မရေရာ သည့် အလုပ်ကို လုပ်မိခြင်းဖြစ်နိုင်ပေသည်။

သူ၏တွဲဖက်ဖြစ်သူသည် သူကိုယ်တိုင် လုပ်ကိုင်အောင်မြင်ဖူးသည့် အလုပ်မဟုတ်ပါပဲလျက် သေချာပေါက်သဘောမျိုးပြောဆို၍ ဝိဇ္ဇာညိုကို ဆွယ်သည်မှာလည်း "သူတပါးအတွက် ဝေကက ဒဏ်ခံ" ဆိုသော မြန်မာစကားပုံကဲ့သို့ ဖြစ်နေပေသည်။ ဤကဲ့သို့ ဖြစ်ရသည်မှာ အမှန် တကယ် သတ္တုချကြည့်လိုက်လျှင် လိမ်ခြင်း ညာခြင်းပင် ဖြစ်ကြောင်း သိသာထင်ရှားလှပေသည်။

ဤကဲ့သို့သော အလုပ်ကိုလိမ်ညာမှုမျိုးမှာ ပင်စင်အငြိမ်းစား မှာသာ မဟုတ် အခြားသူများ၌လည်း များစွာပင်ရှိတတ်ကြပေသည်။ ဤကိစ္စ၌ ဝိဇ္ဇာညိုသည် "မလိမ္မာ တခါမိုက်စမြဲ" ဟူသော မြန်မာ စကားပုံအရ မသိ မလိမ္မာသောကြောင့် တခါမျှမိုက်မိလိုက်ရှာလေပြီ။ သို့သော် ယင်းတခါ မိုက်မိခြင်းသည် အဆိပ်ကို စမ်းသပ်သောက်ကြည့်မိသူပမာ လိမ်မာသော အခါ၌ အကျိုးခံစားခွင့်မရှိအောင် နစ်နာမှုဖြစ်ခဲ့ရလေတော့သည်။

**မိမိကိုယ်ကိုမိမိလိမ်ခြင်း**

အထက်တွင်ရေးသားဖော်ပြခဲ့သည့်အတိုင်း အခြားသူများက အလုပ် နှင့်ပတ်သက်၍ လိမ်ညာမှုရှိတတ်သည်မှာ မှန်ပါ၏။ သို့သော် မိမိကိုယ်ကို

မိမိ လိမ်ညာခြင်းလောက်ကား မများပါချေ။ အလုပ်လုပ်ရာ၌ အခြားသူများက လိမ်ညာသည်ကို ခံရခြင်းထက် မိမိကိုယ်ကိုမိမိ လိမ်ညာခံရပြီး လုပ်ဆောင်နေကြရသည်က အဆပေါင်းများစွာ ပိုမိုများပြားလှပေသည်။ မိမိအတွက် တသက်တာ၌ လုပ်သမျှအလုပ်တွေကို စိစစ်ကြည့်မည်ဆိုပါလျှင်....

(က) မကောင်းကျိုးဖြစ်စေသည့်အလုပ်၊

(ခ) ကောင်းကျိုးမရစေသည့်အလုပ်၊

(ဂ) သာမန်ကောင်းကျိုးရစေသည့်အလုပ်၊

(ဃ) စစ်မှန်ထူးမြတ်သော ကောင်းကျိုးရစေသည့်အလုပ်—

ဟူ၍ အလုပ်လေးမျိုးရှိသည်တွင် (ဃ) အမျိုးအစား အလုပ်ကို လုပ်ကိုင်နိုင်သူကား အလွန်နည်းပါးသည်ကို တွေ့ရပေလိမ့်မည်။

ယင်းအလုပ်လေးမျိုးကို စာရှုသူများ နားရှင်းသွားစေရန် ရှင်းလင်းဖော်ပြပါဦးမည်။

(က) မကောင်းကျိုးရစေသော အလုပ်မျိုးမှာ ခိုးဆိုး လုယက် သတ်ဖြတ်စားသောက်ခြင်းစသည့် အလုပ်မျိုးဖြစ်သည်။

(ခ) အကျိုးမရစေသည့် အလုပ်ဟူသည်မှာ ဟေးလားဝါးလား အပျော်အပါး အလုပ်မျိုးကို ဆိုလိုသည်။ ယင်းအလုပ်မျိုး များမှာ သာသနာတော်နည်းအရဆိုလျှင် မကောင်းကျိုးရသည့် အလုပ်များပင် ဖြစ်သော်လည်း လောကရေးအရ အပြစ်မကြီးလှသောကြောင့် လည်းကောင်း၊ မကောင်းကျိုးရသည်မှာ မထင်ရှားလှသောကြောင့် လည်းကောင်း သူသူငါငါ အများအပြား လုပ်နေကြသောကြောင့် လည်းကောင်း အကျိုးမရစေသည့် အလုပ်မျိုးဟူ၍သာ သတ်မှတ်လိုက်ခြင်းဖြစ်ပေသည်။

(ဂ) သာမန်အကျိုးရစေသည့် အလုပ်ဟူသည်မှာ လူတော်တော်များများ အပေါ်ယံကြောမျှ ဟန်ဆောင်ကာ သာမန်စိတ်ထား ရည်

ရွှယ်ချက်ဖြင့် ပြုလုပ်နေသည့် လှူမှု—ပေးမှု၊ သီလစောင့်မှု၊ ကမ္မဋ္ဌာန်း ထိုင်မှု-စသည်ဖြစ်သည်။ (တကယ်အစစ်အမှန် စေတနာသဒ္ဓါ ထက် သန်စွာလှူမှု—ပေးမှု၊ သီလစောင့်မှု၊ ကမ္မဋ္ဌာန်းထိုင်မှု စသည်ကိုမဆိုလိုပါ။)

(ဃ) စစ်မှန်ထူးမြတ်သော ကောင်းကျိုးရစေသည့် အလုပ်ဟူသည် မှာ အမှန်တကယ် လေးလေးနက်နက် အမှန်တရား—အရိယသစ္စာကို သိ မြင်ရန် ရည်ရွယ်ချက် စိတ်ထားဖြင့် လှူမှု-ပေးမှု၊ သီလစောင့်မှု၊ ကမ္မဋ္ဌာန်း ထိုင်မှု-စသည်ဖြစ်သည်။

မိမိတသက်တာ လုပ်ကိုင်သမျှ အလုပ်တွေကို စိစစ်သုံးသပ်ကြည့်လိုက် လျှင် (က)နှင့်(ခ) အလုပ်တွေက များသည်ကို တွေ့ရပေလိမ့်မည်။ (ဂ)အလုပ်ကိုမူ နည်းနည်းပါးပါး တခါတရံလုပ်ကိုင်မိသည်ကို တွေ့ရ ပေလိမ့်မည် ဖြစ်သော်လည်း (ဃ)အလုပ်ကိုမူ အလွန့်အလွန်ပင် လုပ်မိ မှုမရှိကြောင်းကို တွေ့ရပေလိမ့်မည်။ ထို့ကြောင့်မြတ်စွာဘုရားရှင်က—

> "လူတို့သည် မကောင်းသောအလုပ်၊ မိမိအကျိုးမရှိသော အလုပ်များကို ပြုလုပ်လွယ်တတ်ကြသည်။ မိမိအကျိုးစီးပွားရှိ မည့်အလုပ်၊ မိမိချမ်းသာရမည့် အလုပ်များကိုမူ အလွန်လုပ် နိုင်ခဲကြပေသည်"—

ဟူ၍ ဓမ္မပဒပါဠိတော်၌ ဟောကြားတော်မူပေသည်။ (ခု ၁၊ နှာ-၃၀၊ ဂါထာနံပါတ်—၁၆၃။)

ယင်းသို့ မကောင်းကျိုးရစေသည့်အလုပ်၊ အကျိုးမရသည့် အလုပ် များကို များများလုပ်ကိုင်ခဲ့လျက်၊ သာမန် ကောင်းကျိုးရသော အလုပ် များကို အနည်းငယ်မျှသာ လုပ်နိုင်ခြင်းနှင့် စစ်မှန်ထူးမြတ်သော ကောင်း ကျိုးရစေနိုင်သည့်အလုပ်ကို မလုပ်ခြင်းမှာ မိမိကိုယ်ကို မိမိလိမ်ညာနေခြင်း ပင် ဖြစ်ပေသည်။

ယင်းသို့ မိမိကိုယ်ကို မိမိလိမ်ညာခြင်းသည် များစွာနစ်နာလှ၏။ သူ တပါးက မိမိကိုလာ၍ လိမ်ညာခံရခြင်းထက် များစွာနစ်နာဆုံးရှုံးမှု ဖြစ်နိုင်လေသည်။

ထို့ကြောင့် စာရှုသူသည် မိမိကို အလုပ်ကိစ္စအတွက် အခြားသူများ ကလာ၍ အလိမ်မခံရအောင်လည်း သတိထားနိုင်ပါစေ၊ မိမိကိုယ်ကို မိမိမလိမ်ညာမိစေရန်လည်း သတိထားပါလေ။

မကောင်းကျိုးပေးမည့် အကုသိုလ်အလုပ်နှင့် အကျိုးမရနိုင်သည့် အပျော်အပါး ဟေးလားဝါးလားအလုပ်များကို ရှောင်ရှားကြပါလေ။ ပင်စင်အငြိမ်းစား အရွယ်မှာ ဤအလုပ်မျိုးကိုလုပ်ရန် မသင့်တော်ပါ။ ထွက်ရာလမ်းစဉ်သို့ ရောက်လိုသူများ အထူး ရှောင်ကြဉ်သင့်ပေသည်။

သာမန် ကောင်းကျိုးရစေမည့် လှူမှု-ပေးမှု၊ သီလစောင့်ထိန်းမှု၊ ကမ္မဋ္ဌာန်းဘာဝနာ ပွားမှုအလုပ်များကိုပြုလုပ်မည်ရှိသောအခါတို့၌ "လုပ်ရမည်ဖြစ်သည့်အလုပ်ချင်း အတူတူဖြစ်လျှင် စစ်မှန်ထူးကဲသော ကောင်းကျိုးကိုသာ ယူမည်" ဟု စိတ်ထားပြီး အရိယာသစ္စာခေါ် အမှန်တရား သိမြင်ရေးအတွက် ဖြစ်စေရန် ရည်ရွယ်ဦးတည် လုပ်ကိုင်ကြစေလိုပေသည်။

သို့မှသာ အလုပ်ကိစ္စ၌ မိမိကိုယ် မိမိမလိမ်ညာခြင်းလည်း ဖြစ်နိုင်သည်။ (ဃ) အရ စစ်မှန်ထူးမြတ်သည့် အကျိုးရစေသော အလုပ်ဖြစ်၍ အမှန်တရား-အရိယာသစ္စာကို သိမြင်နိုင်ကြမည် ဖြစ်ပေသည်။ ထွက်ရာလမ်း ပေါက်ဝသို့ ရောက်နိုင်ကြမည် ဖြစ်ပေသည်။

(၄) **အချိန်ကာလကိုလိမ်ညာခြင်း။** ။အချိန်ကာလမှာ စွမ်းရည်သတ္တိ ခြောက်မျိုးရှိပေသည်။ အချိန်ကာလ၏ ယင်း စွမ်းရည်သတ္တိကို သိမှသာလျှင် အချိန်ကာလကို တန်ဖိုးထား၍ အသုံးချတတ်ပေမည်။ သို့ဖြစ်သောကြောင့် အချိန်ကာလ၏ စွမ်းရည်သတ္တိကို သိရှိရန် ဖော်ပြပါအံ့။ အချိန်ကာလ၏ စွမ်းရည်သတ္တိ ခြောက်မျိုးမှာ—

(က) မိမိအချိန်ကို မိမိသာပိုင်သည်၊ အခြားသူများက အတင်းလုရက်ခိုး တိုက်ယူ၍ မရနိုင်၊

(ခ) အခြားသူများပိုင်အချိန်ကို ငှားရမ်း ဝယ်ယူ၍ မရနိုင်၊

(ဂ) လွန်ပြီးသည့်အချိန်ကို ပြန်လည်ဆွဲယူ၍ မရနိုင်၊

(ဃ) မရောက်သေးသည့် အချိန်ကိုလည်း ဆောလျင်စွာ ရောက်လာရန် ဆွဲယူ၍မရနိုင်၊

(င) အချိန်သည် အချိန်ပိုင်ရှင်၏ အသုံးပြုတတ်မှု အရည်အသွေးကို လိုက်၍ တန်ဖိုးရှိသည်။

(စ) အကောင်အထည် ဝတ္ထုဒြပ်မရှိ—

ဟူ၍ ခြောက်မျိုးရှိပေသည်။

ယင်းသို့ စွမ်းရည်သတ္တိ ခြောက်မျိုးရှိသည့် မိမိပိုင် အချိန်ကာလကို အခြားသူများက လာရောက် လိမ်ညာ လှည့်ဖြားမှုကြောင့် မိမိအကျိုးအတွက် အသုံးမပြုလိုက်မိပဲ အခြားသူများအတွက် အသုံးပြုမိမည်ကို သတိထားရန်သင့်လှပေသည်။ သို့မဟုတ်-အကျိုးမပြီး အချည်းနှီးဖြစ်သွားမည်ကိုလည်း သတိထားသင့်ပေသည်။ သူတပါးအတွက် အသုံးပြုမိရာဘွင် မိမိကိုယ်တိုင် ကျေကျေနပ်နပ်ဖြင့် အသုံးပြုသည်ဆိုပါလျှင် ယင်းအချိန်ကုန်ဆုံးသွားမှုသည် တန်ဖိုး ရှိပါသေးသည်။ မြင့်မြတ်ပါသေးသည်။ မကျေမနပ်ဖြင့် သုံးလိုက်ရပါမူ ယင်းအချိန်ကုန်ဆုံးသွားမှုသည် များစွာ ဝမ်းနည်းဖွယ် ကောင်းလှပေသည်။ အကျိုးမပြီး အချည်းနှီးဖြစ်သွားသည့် အချိန်ကုန်ဆုံးမှုလောက်မျှ မမြင့်မြတ်လှချေ။ အရိယသစ္စာ-အမှန်တရားသိမြင်ရေးကို အနှောင့်အယှက်ပေးနိုင်သည်။

ယင်းအချိန်ကို လိမ်ညာခံရမှုကို သရုပ်ပေါ်စေရန် အောက်မြန်မာပြည်ရှိ ရွာကြီးတစ်ရွာမှ ကျောင်းဒါယကာကြီးတစ်ယောက်ဖြစ်ပုံကို ဖော်ပြလိုပေသည်။

## ကျောင်းဒါယကာကြီးဦးကြောင်နီဝတ္ထု

ကျောင်းဒါယကာကြီး ဦးကြောင်နီသည် ဆရာတော်တပါးအား ကျောင်းဆောက်ကိုးကွယ်ထားသည်။ နေ့စဉ် ဆွမ်းဝတ်ထား၍ ကိုယ်တိုင်သွားပို့သည်။ အခြားအလှူဒါနများလည်း ပြုလုပ်သည်။ သီလသီတင်းစောင့်သုံးသည်။ တတ်အားသမျှ ကမ္မဋ္ဌာန်းဘာဝနာ ပွားများသည်။

တနေ့သောအခါ လူသူကင်းမဲ့သည့် ဆိတ်ငြိမ်ရာနေရာ၌ တင်ပျဉ်ခွေထိုင်ကာ မျက်စိမှိတ်၍ တရားပွားများနေစဉ် 'ရော့ယူထား၊ ဒါကိုထိုး'' ဟုပြောကာ လက်ထဲသို့ ဓာတ်လုံးတစ်လုံး လာထည့်၍ မျက်စိဖွင့်ကြည့်လိုက်ရာ ဝါးတပြန်လောက်အကွာ၌ လူတယောက်ကို တွေ့ရသည်။ ''ဘယ်လိုထိုးရမှာလဲ''ဟု လှမ်း၍မေးလိုက်စဉ် ထိုလူသည်ကွယ်ပျောက်သွားသည်။

လက်ထဲမှာလည်း ထိုလူပေးသွားသည့်ဓာတ်လုံး ကျန်ခဲ့သည်။ ဦးကြောင်နီသည် ထိုအချိန်မှစ၍ 'ငါ့ကို ဝိဇ္ဇာမ ပြီ''ဟု ယူဆကာ ဓာတ်လုံးကိုပင် ဖားဖိုဖြင့် သဲသဲမဲမဲထိုးလေတော့သည်။ လူ့ ရှင်-တွေ့လျှင်လည်း အဂ္ဂိရတ်အကြောင်း ပြောဆိုဆွေးနွေးသည်။ ဓာတ်ပစ္စည်းရှာသည်၊ ဝယ်သည်။ ဆေးပင် ဆေးမြစ်ရှာသည်။ လုံဝယ်သည်၊ မီးသွေးဝယ်သည်၊ ဓာတ်လုံးထိုးခြင်းဖြင့် အချိန်ကုန်သည်။ လှူရန်ပေးရန်သတိမရ။ သီလသီတင်း စောင့်ထိန်းရန်၊ ကမ္မဋ္ဌာန်း ဘာဝနာပွားမှန်မေ့နေသည်။ ဤသို့ဖြင့် ဓာတ်လုံးမှာ ဘာမျှအကျိုးမခံစားရပဲ ဓာတ်လုံးထိုးယင်း တဘာဝဇာတ်သိမ်း သွားရလေသည်၊ ဤသည်ကိုစွဲ၍ ထိုရပ်ရွာ၌ ဇဝေဇဝါ အမှုန်းလောက်ဖြင့် မရေရာစခန်းရောက်နိုင်ရန် မသေချာ လမ်းလျှောက်နေသူများကိုတွေ့လျှင် ''ဦးကြောင်နီ ဝိဇ္ဇာမ-လို ဓာတ်လုံးရသလို ဖြစ်နေပြီပေါ့''ဟူ၍ ပြောဆိုလေ့ရှိကြောင်း ဆဋ္ဌသင်္ဂါယနာတင် ဆရာတော်ဘုရားက မိန့်ကြားဖူးပေသည်။

ဤအဖြစ်အပျက်၌ အခြားပုဂ္ဂိုလ်တစ်ဦး တစ်ယောက်က ဦးကြောင်နီအားလာ၍ အချိန်ကို လိမ်ညာသည်မှာ သေချာသည်။ ဦးကြောင်နီ အချိန်ကုန်ဆုံး၍ မိမိအတွက် အကျိုးပျက်ရသည်မှာလည်း သေချာသည်။ သို့သော်—ထိုသူက ဘာအကြောင်းကြောင့် ဦးကြောင်နီ၏အချိန်ကို လာ၍လိမ်ရသနည်း? ဆိုသည့်အကြောင်းကိုကား စဉ်းစား၍မရချေ။ ဦးကြောင်နီသည်ကား အကျိုးမသိ၊ အကြောင်းမသိ။ ဘာဓာတ်ဖြစ်သည်၊ ဘယ်လိုထိုးရမည်၊ ဘယ်လိုအကျိုးရမည်-စသည်ကို မသိပဲ မသိ

သောလူဘစ်ယောက် ပေးသည်ကို ယုံကြည်လျက် မိမိ၏အချိန်ကို အကုန် အဆုံးခံကာ ဝိဇ္ဇာဖြစ်လိုစိတ်ဖြင့် မက်မော၍ အဂ္ဂိရတ်ထိုးသောကြောင့် အချိန်လိမ်ညာမှုခံရခြင်း ဖြစ်သည်ကို ကောက်ချက်ချ၍ရရှိပေသည်။

အရိယသစ္စာ—အနှုန်တရားကို သိမြင်လိုသူများသည် မိမိအတွက် အရေးကြီး အပိုးဘန်လှသည့် အချိန်များကို မည်သို့အသုံးချမည်ကို မပိုင်းဖြတ်ရသေးမီ ဤအကွက်ကိုသိမြင်သည့် အချိန်ကိုလိမ်ညာယူနေကျ အချိန်မုဆိုးသည် သာသနာရေး, ဘာသာရေး ကုသိုလ်ရေး, တိုင်းရေး, ပြည်ရေး—များကို၊ အယောင်ပြကာ မိမိကိုယ်ကျိုးအတွက် လာ၍ လိမ်ညာ လှည့်ပတ်မည်ကို သတိထား ရှောင်တိမ်းသင့်ပေသည်။

**မိမိကိုယ်ပိုင်အချိန် မိမိလိမ်ညာခြင်း**

အချိန်ကာလကို လိမ်ညာရာ၌ အခြားသူများကလာ၍ လိမ်ညာခံရ သည်မှာ ရှိပင်ရှိတော် သော်လည်း မိမိကိုယ်ကို မိမိလိမ်ညာခြင်းလောက် မများလှချေ။ အချိန်သည် ခိုးယူ တိုက်ခိုက်ယူ၍ မရနိုင်သောပစ္စည်း ဖြစ် သောကြောင့် မိမိက သတောမတူပဲ အခြားသူများက အတင်းလာ၍ မယူနိုင်။ မိမိက တစ်ခုခုကို မက်မော၍ အလိမ်ခံမှသာလျှင် ကုန်ဆုံးနိုင် ပေသည်။

သို့သော်-မိမိပိုင်ပစ္စည်းဖြစ်သောကြောင့် မိမိကိုယ်ကို မိမိလိမ်ညာရန် မှာ အလွန်လွယ်ကူလှပေသည်၊ ထိုကြောင့် မိမိကိုယ်ကို မိမိလိမ်ညာ၍ မိမိပိုင် အဖိုးတန်အချိန်များ အချည်းနှီး အကျိုးမဲ့ ကုန်ဆုံးပျက်စီးသွားရ သည်က များခြင်းဖြစ်ပေသည်၊ ယင်းသို့ကုန်ဆုံးပျက်စီးအောင် အချိန်ကို လိမ်ညာရာ၌ မှတ်သားသွယ်ကူ သတိမူမိစေရန် ဆရာကြီး ဦးစာကျော်က လင်္ကာတစ်ပုဒ်ရေးထားသည်ကို ဖော်ပြပါအံ့။

**အချိန်မလိမ်မိရန်သတိပေး**

**လင်္ကာ**

အလုပ်လုပ်ခါး၊ ဆင်ခြေပေး၍၊
ပင်ပန်းကပ်ခို၊ မလိုအပ်ပဲ၊

စဉ်အမြဲလျှင်၊　လွန်ကဲအိပ်နေ၊
ထွေရာစိတ်ကူး၊　နှေလေရှူးသို့၊
လွန်ကျူးကဲပို၊　မလိုအပ်ရာ၊
မနေလျော်တာကို၊　လွန်စွာပြုလုပ်၊
အချိန်ပုပ်က၊　တိမ်မြုပ်ပါမွှား၊
အလကားလူ၊　ဖြစ်မည်ဟူ၍၊
စွဲယူမှတ်သား၊　သတိထား-

ဟူ၍ ဆရာကြီးဦးစာကျော်က အချိန်ကို လိမ်ညာတတ်ပုံနှင့် အချိန်ကို လိမ်ညာသူတို့ ခံစားရမည့်အပြစ်ကို လင်္ကာရေးသားထားပါသည်။ ယင်းလင်္ကာ၌ပါဝင်သည့် အချိန်ကို လိမ်ညာမိတတ်ပုံကို ထုတ်ဖော် ရေးပြပါမည်။

မိမိကိုယ်မိမိ အချိန်ကိုလိမ်ညာပုံငါးမျိုး

(က) ဆင်ခြေပေး၍ လိမ်ညာခြင်း၊
(ခ) အိပ်၍ လိမ်ညာခြင်း၊
(ဂ) စိတ်ကူး၍လိမ်ညာခြင်း၊
(ဃ) မဆိုင်သည့်အလုပ်ကိုလုပ်၍လိမ်ညာခြင်း၊
(င) မသင့်လျော်သည့် အလုပ်ကိုလုပ်၍ လိမ်ညာခြင်း—

ဟူ၍ အချိန်ကို လိမ်ညာ ဖြုန်းတီးတတ်ကြသည်။ ရှင်းပြပါအံ့-

(က)ဆင်ခြေပေး၍လိမ်ညာခြင်း ဟူသည်မှာ လုပ်စရာ အလုပ်တစ်ခုခု ရှိလျှင် မလုပ်သေးပဲ ဆင်ခြေဆင်လက်ပေး၍ အကြောင်းအမျိုးမျိုးပြကာ မလုပ်ဖြစ်အောင် ဖင့်နွှေး ကပ်ခို၍နေခြင်းဖြစ်သည်။ ဆင်ခြေပေးပုံမှာ-

(၁) ရာသီဥတုကိုလည်းကောင်း၊
(၂) အချိန်အခါကိုလည်းကောင်း၊
(၃) ကျန်းမာရေးကိုလည်းကောင်း၊
(၄) စီးပွားရေးကိုလည်းကောင်း၊

(၅) အလုပ်ကိစ္စကိုလည်းကောင်း၊
(၆) တိုင်းရေးပြည်ရေးကိုလည်းကောင်း—
အရေးအရာဘစ်ခုခုကို ကြံစည်ထောက်ပြကာ လုပ်ရမည့်အလုပ်ကိုမလုပ်ပဲ ဖင့်နွှေးကပ်ခိုခြင်းဖြစ်သည်။ ထင်ရှားစေအံ့—

(၁) ပူလျှင် ပူပါသေးသည်၊ မလုပ်သေးပါဘူး၊ အေးမှပဲလုပ်တော့မည်။ အေးလျှင်လည်း အေးပါသေးသည်၊ ပူမှပဲ လုပ်ပါတော့မည်-စသည်ဖြင့် ဥတုရာသီ ကို ထောက်ပြ ဆင်ခြေပေးကာ လုပ်ရမည့် အချိန်ကို ရွှေ့ထား ဆိုင်းထားတတ်ကြသည်။

(၂) စောလျှင် စောပါသေးသည်၊ နံနံနောက်ကျမှ လုပ်ပါတော့မည်။ နောက်ကျလျှင် နောက်ကျသွားပြီ၊ စောစောကျမှပဲ လုပ်ပါတော့မည်-စသည်ဖြင့် အချိန် ကို ထောက်ပြ ဆင်ခြေပေးကာ လုပ်ရမည့် အချိန်ကို ရွှေ့ဆိုင်းထားတတ်ကြသည်။ စားပြီးခါစမို့၊ မစားရသေးလို့-စသည်ဖြင့်လည်း အချိန်ကို ဆင်ခြေပေး၍ လိမ်ညာတတ်ကြသည်။

(၃) နေမကောင်းပြီးခါစဖြစ်၍၊ နေမကောင်း ဖြစ်ဆဲဖြစ်၍၊ နေမကောင်း ဖြစ်မှာစို ၍- စသည်ဖြင့် ကျန်းမာရေး ကို ထောက်ပြ ဆင်ခြေပေးကာ လုပ်ရမည့် အလုပ်ကိုမလုပ်ပဲ အချိန်ကို ရွှေ့ဆိုင်းထားတတ်ကြသည်။

(၄) စား, ဝတ်, နေရေး မပြည့်စုံ၍၊ စား, ဝတ်, နေရေး မကောင်းလို့-စသည်ဖြင့် စီးပွားရေး မပြည့်စုံသည်ကို ထောက်ပြ ဆင်ခြေပေးကာ လုပ်ရမည့်အလုပ်ကိုမလုပ်ပဲ အချိန်ကိုရွှေ့ဆိုင်းထားတတ်ကြသည်။

(၅) ဘာကိစ္စကလေး မလုပ်ရသေးလို့၊ ဘာကိစ္စကလေး လုပ်နေဆဲဖြစ်လို့၊ ဘာကိစ္စကလေး လုပ်ရဦးမှာမို့ - စသည်ဖြင့် အလုပ်ကိစ္စ ကို ထောက်ပြ ဆင်ခြေပေးကာ လုပ်ရမည့်အလုပ်ကို လုပ်ပဲ အချိန်ကို ရွှေ့ဆိုင်းထားတတ်ကြသည်၊

(၆) ဘယ်နေရာက ဆူပူနေသည်၊ အုပ်ချုပ်ရေးကဘယ်လို၊ ဘယ်ပုဂ္ဂိုလ်ကြီးက ဘယ်လိုပြောသည်-စသည်ဖြင့် တိုင်းရေးပြည်ရေး ထောက်ပြဆင်ခြေပေးကာ လုပ်ရမည့်အလုပ်ကိုမလုပ်ပဲ အချိန်ရွှေ့ဆိုင်း ထားတတ်ကြသည်။ (ဤဆင်ခြေပေးခြင်း ခြောက်မျိုးနှင့်တူသည့် ဖော်ပြခဲ့ပြီးဖြစ်သော လူပျင်းတို့ဆင်ခြေ ခြောက်မျိုး၊ နှာ ၁၃၈-ပြန်ရှု။)

ဤသို့စသည်ဖြင့် အကြောင်းတစ်ခုခုကို ထောက်ပြ၍ ဆင်ခြေပေးကာ လုပ်သင့်လုပ်ထိုက်သည့် အလုပ်ကိုမလုပ်ပဲ အချိန်နာရီ နေ့ရက်ရွှေ့ဆိုင်းပြီး လိမ်ညာတတ်ကြသည်။

(ခ) **အိပ်၍လိမ်ညာခြင်း** ဟူသည်မှာ ညမှာလည်း စောစောအိပ်ရာဝင်၍ အိပ်သည်။ နံနက်မှာလည်း နေမြင့်မှထသည်။ နေ့ခင်းအားလပ်ချိန်မှာလည်း အိပ်သည်။ အကွက်ရလျှင် ရသလိုအိပ်သည်။ အိပ်ခွင့်မရလျှင် ငိုက်မျဉ်းသည်။ ငိုက်မျဉ်းခွင့်မရလျှင် ထိုင်းထိုင်းမှိုင်းမှိုင်းဖြင့် လုပ်သင့်သည့်အလုပ်ကို ပြီးစီးအောင် မလုပ်ပဲနေသည်။ တဝါးဝါးသမ်းဝေသည်။ ဤသို့ဖြင့် ဘယ်ဘော့မျှ မဝနိုင်သည့် အိပ်ငက်မှုဖြင့် အကျိုးမဲ့ အချည်းနှီး အချိန်ကုန်ဆုံးစေတတ်ခြင်းပင်ဖြစ်သည်။

အိပ်စက်မှုဟူသည်မှာ ခန္ဓာကိုယ်ကောင်ကြီးအား သွားလာလှုပ်ရှားလုပ်ကိုင်မှုများဖြင့် ပင်ပန်းနွမ်းနယ်မှု ဖြစ်ခြင်းကြောင့် လျောင်းစက်၍ အနားပေးခြင်းဖြစ်သည်။ လိုအပ်ရုံ မျှတရုံ ကျန်းမာရုံသာ အိပ်စက်အနားယူသင့်ပေသည်။ ပညာရေး, စီးပွားရေး, ကုသိုလ်ရေး-စသည့် အရေးပါသောကိစ္စ လုပ်ငန်းကို လွန်လွန်ကဲကဲ ထိခိုက်အောင် အိပ်စက်မှုကို ပြုလုပ်ရန်မသင့်လျော်ချေ။

**မျက်စိအကျင့်၊ ဝမ်းအချင့်** ဟူသော မြန်မာစကားပုံရှိသည်။ မျက်စိသည် မှန်မှန် သင့်တော်ရုံအချိန်ထား၍ အိပ်စက်လျှင် အကျင့်ပါ၍ မျှ-တ-မှု ရှိသည်။ မိမိလိုသလို အိပ်စက်ချိန် သတ်မှတ်ပေး၍ရသည်။ ဝမ်းဗိုက်သည် သင့်လျော် မျှ-တ-ရုံ မှီဝဲစားသောက်၍ အတိုင်းအတာအချင်အတွယ်ထားက ရနိုင်သည်-ဟု ဆိုလိုပေသည်။

ဘဝတသက်တာ၌အရေးပါသော အလုပ်ကိစ္စများကို မပြုလုပ်နိုင်ပဲ အိပ်စက်နေခြင်းဖြင့် အချိန်ကိုမဖြုန်းသင့်ချေ။ အိပ်စက်မှုကို မျှ-တ ရုံ ပြုလုပ်၍ ဇာဂရိယာနုယောဂ-ခေါ် နိုးကြားထကြွစွာဖြင့် မိမိအတွက် လိုအပ်သော အလုပ်ကိစ္စများကို ကြိုးစားဆောင်ရွက်သင့်ကြပေသည်။ တသက်တာအတွက် ရရှိထားသည့် အချိန်၏ သုံးပုံတစ်ပုံကို အိပ်စက်ခြင်းဖြင့် ကုန်ဆုံးစေတတ်သည်ကို အထူးသတိထားသင့်ပေသည်။

(ဂ) စိတ်ကူး၍လိမ်ညာခြင်းဟူသည်မှာ စိတ်ကူးယဉ်နေရုံ သက်သက်ဖြင့် အလုပ်မလုပ်ပဲနေခြင်းကို ဆိုလိုသည်။ အထူးသဖြင့် လူပျင်းလူညံ့များသည် မကောင်းသည့်အာရုံများကို တွေးတောကြံစည်လျက်ကောင်းရာ ကောင်းကြောင်းကို မကြံစည်ပဲ အချည်းနှီး အချိန်ကိုဖြုန်းပစ်တတ်ကြသည်။ စိတ်ကူးနေခြင်းဖြင့် အလုပ်မလုပ်နိုင်ပဲ မိမိပိုင်အချိန်ကို မိမိလိမ်ညာတတ်ကြသည်။

ယင်းသို့ အလုပ်မပါပဲ စိတ်ကူးနေခြင်းမျိုးကို ရှေးမြန်မာ ပညာရှင်ကြီးများက **"လေထဲ၌တိုက်တည်ခြင်း"** ဟူသောစကားပုံပြုလုပ်သုံးစွဲကြပေသည်။ယင်းသို့ စိတ်ကူးသည်မှာ နွေဦးမှာ လေရူးတိုက်သကဲ့သို့ ဟိုဘက်က တိုက်လိုက်၊ ဒီဘက်ကတိုက်လိုက်ဖြင့် မတည်မငြိမ်ပဲ ဖြစ်နေသည့်အတန်၊ တစ်ခုပြီးတစ်ခု ဆက်ကာဆက်ကာ ဟိုရောက်ဒီရောက် ဖြစ်တတ်လှပေသည်။ ဤအကြောင်းကိုထင်ရှားစေရန် မြတ်စွာဘုရားသက်ထက်တော်အခါက ရဟန်းပျိုကလေးတစ်ပါးဖြစ်ပုံကို ရေးပြချင်ပါသည်။

**စိတ်ကူးယဉ်ကိုယ်တော်ကလေး**

မြတ်စွာဘုရားရှင် ထင်ရှားရှိတော်မူစဉ်အခါ အရှင်သံဃရက္ခိတအမည်ရှိ ဆရာတော်ကြီး တစ်ပါးရှိသည်။ ရဟန္တာပုဂ္ဂိုလ်ကြီးတစ်ပါးဖြစ်သည်။ ဆရာတော်ကြီးမှာ တူတော်သည့် အမည်တူ အရှင်သံဃရက္ခိတ -ခေါ် ရဟန်းငယ်ကလေးတစ်ပါးလည်းရှိသည်။ရဟန်းငယ်သည် ပိတ်ဖျင် ခုနစ်တောင်တစ်စနှင့် ရှစ်တောင်တစ်စ အလှူခံရရှိသည်။ ရှစ်တောင်ပိတ်ဖျင်စ

ကို မိမိဦးရီးဆရာတော်အားလှူ၍ ဦးချပြီး အနီး၌ ဦးရီး မအိုက်စေရန် ယပ်ခတ်ပေးနေသည်။

ဦးရီးဆရာတော်က "ဒီပိတ်ဖျင်ကို မလိုချင်ပါ၊ ကိုယ်တော်ကလေးပဲ ယူပါ" ဟု ပြန်စွန့်သည်။ ကိုယ်တော်ကလေးသည် ပိတ်ဖျင်ကိုရ၍ စိတ်ကူးယဉ်မိသည်။

"ငါလူထွက်မည်၊ ဒီပိတ်ဖျင်ကိုရောင်း၍ ရသည့် ပိုက်ဆံဖြင့် ဆိတ်မကလေးတစ်ကောင်ဝယ်မည်။ ဆိတ်မကလေးက သားသမီးကလေးတွေမွေး၍ ဆိတ်တွေများလာတော့ ရောင်းချလိုက်လျှင် ပိုက်ဆံတွေ အများကြီးဖြစ်မည်။ အဲဒီတော့မှ မိန်းမယူမည်။ မကြာမီ သားကလေးတစ်ယောက် မွေးလိမ့်မည်။

အဲဒီတော့မှ မယားနှင့်သားကို လှည်းယဉ်ကလေးပေါ် တင်ခေါ်ပြီး ငါ့ဦးရီးဆရာတော်ကို လာ၍ကန်တော့မည်။ လမ်းမှာ နွားကလဲမြန်မြန်ပြေး၍ လမ်းက ကျင်းချိုင့်ခွက်ထဲ လှည်းဘီးကျသွားလို့ လှည်းက ဆောင့်လိုက်လျှင် ဇနီးသယ်ပွေ့ချီထားတဲ့ ကလေးငယ် လှည်းအောက် လွတ်ကျသွားလျှင် တော့လား.... ဒီဘမြင်းမကိုတော့ နွားရိုက်ကြိမ်ဖြင့် ခုလိုက်မှာပဲ"

ဟူ၍ စိတ်ကူးယဉ်ရာမှ ခတ်နေသည့် ယပ်တောင်ဖြင့် ဆရာတော်ကြီး၏ဦးခေါင်းကို ယောင်၍ရိုက်လိုက်မိလေသည်။

ထိုအခါ ရဟန္တာဖြစ်သည့် ဆရာတော်ကြီးက တူရဟန်းငယ်၏စိတ်ကူးယဉ်ပုံကို ပရစိတ္တဝိဇာနနဉာဏ်ခေါ် အခြားသူ၏စိတ်ကို သိနိုင်သောဉာဏ်ဖြင့် သိသောကြောင့် "ဟဲ့ဟဲ့-ကိုယ်တော်ကလေးရဲ့... မင့်မိန်းမကို ရိုက်ပါ၊ ငါ့ခေါင်းကိုမရိုက်လိုက်ပါနဲ့" ဟူ၍ မိန့်ကြားတားမြစ်တော်မူလေသည်။

ဤအကြောင်းစုံကို သိမြင်တော်မူသောအခါ မြတ်စွာဘုရားရှင်က-

**"စိတ်ကို စောင့်ထိန်းရမည်။ စိတ်ကို စောင့်ထိန်းနိုင်လျှင် မာရ်မင်း၏ အနှောင်အဖွဲ့မှ လွတ်လိမ့်မည်"-**

ဟူ၍ တရားတော်ကို ဟောကြားလေသည်။ (ဓမ္မပဒပါဠိ၊ ဂါထာ-၃၇။ အဋ္ဌကထာ - ပ၊ နှာ-၁၉၁။)

ဤသို့ဖြင့် လွတ်ထားသောစိတ်ရိုင်းသည် အကျိုးမဲ့ဖြစ်စေရန် အချိန်ကာလကိုလှည့်စား လိမ်ညာဘတ်လေသည်။ အရိယသစ္စာခေါ် အမှန်တရားကို သိမြင်လိုသော ပင်စင်အငြိမ်းစားနှင့် လူသားတိုင်းသည် စိတ်ကူးဖြင့် မိမိကိုယ်ကို လိမ်ညာခြင်းမပြုရန် သတိထား ထိန်းသိမ်းသင့်ပေသည်။

(ဃ) မဆိုင်သည့်အလုပ်ကိုလုပ်၍ လိမ်ညာခြင်း ဟူသည်မှာ မိမိ၏ အရိယသစ္စာခေါ် အမှန်တရားသိမြင်ရေးနှင့် မသက်ဆိုင်သည့် အလုပ်များကို ပြုလုပ်၍ အချိန်ကိုလိမ်ညာ လှည့်ပတ်ခြင်းကို ဆိုလိုပေသည်။

မိမိပိုင် အချိန်ကာလကို မိမိကိုယ်တိုင် လိမ်ညာရာ၌ မိမိသိလိုသော အရိယသစ္စာ - အမှန်တရားကို သိမြင်ရေး၌ အတားအဆီး ဖြစ်စေမည့် အပျော်အပါးသက်သက်ဖြစ်သည့် ဖဲရိုက်မှု, ကျားထိုးကစားမှု, ပျော်ပွဲရှင်ပွဲကြည့်မှု-များသည် ကြီးမားသည့် လိမ်ညာမှုများဖြစ်သည်။

ဝတ္ထု, ကာတွန်းစာအုပ်များ ဖတ်ရှုမှု၊ ရုပ်ရှင်ကြည့်ရှုမှု၊ ရုပ်မြင်သံကြား ကြည့်ရှုမှု—စသည်များသည်လည်း အချိန်ကို ကုန်ဆုံးစေသည့် အလုပ်များပင် ဖြစ်သည်။ "မကြည့်တတ်လျှင်တဏှာ၊ ကြည့်တတ်လျှင် ဘာဝနာ" ဟု ဆိုသော်လည်း ဘာဝနာဖြစ်ရန်မှာ ခက်ခဲလှသည်၊ တဏှာဖြစ်ရန်သာ လွယ်ကူပေသည်။ ထို့ကြောင့် ရှောင်နိုင်လျှင် အကောင်းဆုံးဖြစ်သည်။ ရှောင်မရ၍ ကြည့်ရလျှင်လည်း အရိယသစ္စာ-အမှန်တရားသိမြင်ရေးကို အဓိကထား ဦးစားပေး၍ စိတ်ထားကောင်းကောင်းဖြင့် ကြည့်ရှုသင့်ပေသည်။

အမှန်တရားသိမြင်ရေးနှင့် မစပ်ဆိုင်သည့် အလုပ်များမှာ ဤဖော်ပြခဲ့သမျှသာ မဟုတ်ပါ။ အကျိုးမဲ့ တောင်စဉ်ရေမရ စကားများများ ပြောဆိုခြင်း နားထောင်ခြင်းများလည်း အဓိကအပိုင်းမှ ပါဝင်ပါသည်။

အပေါင်းအသင်းများနှင့် ရောကော သောကော နေထိုင်ခြင်းများလည်း တစ်ခန်းတစ်ဖွဲ့အဖြစ် အချိန်ကို အချည်းနှီးကုန်ဆုံးစေတတ်ပေသည်။ (အကျိုးမဲ့အလုပ်များအကြောင်းကို ဤကျမ်း နှာ-၉၉၊ မှစ၍ သမ္ပပ္ပလာပ-အဖွင့်ပြန်ကြည့်ပါ။)

ယင်း စကားများများ ပြောဆိုလိုခြင်း၊ အပေါင်းအသင်းမက်ခြင်းတို့ကြောင့် အချိန်ကုန်ဆုံးရသည်မှာ မိမိကိုယ်ကို မိမိလိမ်ညာမှုတစ်မျိုးပင် ဖြစ်သည်။ ထို့ကြောင့် အရိယသစ္စာ—အမှန်တရား သိမြင်လိုသူသည် ယင်း အချိန်လိမ်ညာမှုများကို မပြုမိအောင် ရှောင်သင့်ပေသည်။

(င) မလျော်သည့်အလုပ်ကိုလုပ်၍ လိမ်ညာခြင်း-ဟူသည်မှာ မသင့်မလျော်သည့် မကောင်းမှု အကုသိုလ်တရားများကို ပြုလုပ်၍ မိမိပိုင်မြင့်မြတ်သည့် အချိန်ကာလများကို ကုန်ဆုံးစေခြင်းဖြစ်သည်။

မှန်၏၊ သတ်မှု, ခိုးမှု, မိန်းမလိုက်မှု, မဟုတ်မမှန် ပြောဆိုမှု, မူးယစ်စာကိုသုံးစွဲမှု-စသည့် မကောင်းမှုများသည် ပြုလုပ်ရန် ဆွဲဆောင်တတ်သည့် သဘောတရားများဖြစ်သည်။ ပါပသ္မိံ ရမတိ မနော—စိတ်ဟူသည် မကောင်းမှု၌ ပျော်မွေ့တတ်ပေသည်။ ထို့ကြောင့် မြတ်စွာဘုရားရှင်က—

"စိတ်သည် မကောင်းမှု၌ မွေ့လျော်တတ်သည်၊ ကောင်းမှုပြုရာ၌ လေးကန်တတ်သည်။ ထို့ကြောင့် စိတ်ကို မကောင်းမှုမှ တားမြစ်၍ ကုသိုလ်ကောင်းမှု၌ ဆောင်ထားရာသည်"—

ဟူ၍ ဓမ္မပဒပါဠိတော်၌ ဟောကြားတော်မူသည်။ (ဓမ္မပဒ၊ ဂါထာ-၁၁၆။)

ထို့ကြောင့် မိမိပိုင်သည့် အဖိုးတန်အချိန်ကာလကို မိမိ၏ကိုယ်ကို လိမ်ညာလှည့်ပတ်၍ မလျော်သည့်အလုပ် ပြုလုပ်နေခြင်းဖြင့် ကုန်ဆုံးမသွားစေရန် စောင့်ရှောက် ထိန်းသိမ်းထားကြရန် လိုပေသည်။

ဤမျှ ရေးသားဖော်ခဲ့သည့် စကားရပ်များဖြင့် မိမိပိုင်အချိန်ကို အခြားသူများက လိမ်ညာတတ်ပုံနှင့် မိမိကိုယ်ကို မိမိလိမ်ညာတတ်ပုံ

များကို ဖော်ပြ သတိပေးစကား ပြည့်စုံလုံလောက်ပါပြီ။ အရိယာသစ္စာ- အမှန်တရားသိမြင်၍ ထွက်ရာလမ်း ဝင်လိုသူများ အထူးသတိထားကြပါလေ။

(၅) **တရားဓမ္မကိုလိမ်ညာခြင်း။** ။တရားဓမ္မကိုကျင့်သုံးရာ၌ တကယ်စစ်မှန်သောတရားကို တွေ့ကြုံ ကျင့်သုံးနိုင်ရန် လိုအပ်လှပေသည်။ လိမ်လည်လှည့်ဖျားတတ်သူများသည် ပင်စင်အငြိမ်းစားများနှင့် ပင်စင်အငြိမ်းစား အရွယ်များ၏ အခြေအနေကို အကဲခတ်သိရှိပြီး ဖြစ်ကြသည်။

ပင်စင်အငြိမ်းစားများနှင့် ယင်းတို့အရွယ်များသည် ဘဝအတွေ့အကြုံ အရ လောကီ ကိစ္စများဖြင့်သာ အချိန်များစွာ ကုန်လွန်ခဲ့ရသည်။ သေသကမှ လွတ်မြောက်ရေးကိုလည်း ပြုလုပ်ဆောင်ရွက်ရန် မိမိအတွက် လိုအပ်နေကြောင်း သိမြင်နေကြသည်။ထို့ကြောင့် လောကလွတ်မြောက်ရေး တရားများကို ပွားများအားထုတ်ရန် နည်းကောင်း လမ်းကောင်း ရှာဖွေနေကြသည်၊ လေ့လာနေကြသည်။ ဤအချက်ကို အတတ်သိနေကြသော တရားကိုအယောင်ပြလျက် ပစ္စည်းရမှု၊ ထင်ပေါ်ကျော်ကြားမှု၊ နောက်လိုက်များမှု၊ ဂုဏ်သိန်ရှိမှုများကို အဓိကထားကာ တပည့်သားကောင် ထောင်၍ဖမ်းဆီးနေကြသူ ဆရာလိမ် ဆရာညာ ဆရာမှုဆိုးကြီးများသည် နည်းအမျိုးမျိုးဖြင့် ပင်စင်အငြိမ်းစားများနှင့် ပင်စင်အငြိမ်းစားအရွယ်ရှိ လွတ်မြောက်ရေး တရားနည်းလမ်း ရှာနေကြသူများထံ ချဉ်းကပ်လာတတ်ကြသည်၊ အောင်သွယ်ပွဲစား ဒလံများမှတဆင့်လည်း ဆက်သွယ်ချဉ်းကပ်တတ်ကြသည်။

တလျှောက်လုံးက ရုံးကိစ္စ အလုပ်ကိစ္စများဖြင့် အချိန်ကုန်လွန်ခဲ့၍ တရားရေးဆိုင်ရာ ပညာဗဟုသုတ နည်းပါးသေးသူ ပင်စင်စားများနှင့် ပင်စင်စားအရွယ်လူသားတို့သည် ထိုဆရာကြီးများ၏ ကျွမ်းကျင်လိမ္မာစွာ ပြောဟောတတ်မှုကို တကယ်ယုံကြည်လျက် ထိုဆရာကြီးများ၏တရားကို ပွားများအားထုတ်ကာ **သားကောင်တပည့်လေးများ** ဖြစ်သွားတတ်ကြရရှာလေသည်။

လောက၌ ပိုက်ထဲ ဝင်ပြီးမှ လွတ်သည့်သားကောင် ရှားလှ၏။ ညွှတ်ကွင်းမိပြီးမှ ရုန်းထွက်နိုင်သောငှက်လည်း ရှားသည်။ ငါးများချိတ်မျှိမိပြီးမှ လွတ်ထွက်နိုင်သော ငါးလည်း ရှားပေသည်။ မိပြီးလျှင် ကျွမ်းကျင်လိမ္မာလှစွာသောမုဆိုးတံငါတို့၏အစာသာ ဖြစ်ကြရလေသည်။ ဤပုံများအတူပင်လျှင် မုဆိုးဆရာကြီးများ၏ အလိမ်အညာခံရပြီးသော တပည့်သားကောင်များသည်လည်း ဆရာကြီးများ၏တပည့်ဘဝမှ ရုန်းမထွက်နိုင်ကြရှာတော့ချေ။

တရားသဘောတစ်ခုကို စွဲလမ်းမိလျှင် ပြန်၍ချေချွတ်ရန် မလွယ်ပါပေ။ အစွဲဟူသည် ဒိဋ္ဌိသဘောပင်ဖြစ်သည်။ မှားယွင်းသည့် မိစ္ဆာဒိဋ္ဌိဖြစ်သည်။ ဒိဋ္ဌိဟူသည်မှာလည်း ဒိဋ္ဌုပါဒါန်ခေါ် အယူအဆ ဥပါဒါန်တရားဖြစ်သည်။ ဥပါဒါန်ကို စွဲလန်း၍ယူခြင်းဟု မြန်မာပြန်ရသည်။ ဥပါဒါန်၏သဘောကို "ဖားကိုမြွေကိုက်ခဲထားသကဲ့သို့ မလွတ်တမ်းဖမ်းထားသည်" ဟု ကျမ်းဂန်တို့၌ ပြဆိုသည်။

လောက၌ ညစ်ထေးပေရေနေသည့် အဝတ်စနှင့် အရောင်ရှိပြီးသား အဝတ်များကို အပြာ, အဝါ, အနီ စသော အရောင်များဆိုး၍ စွဲနေစေရန်မလွယ်ချေ၊ ဖြစ်လည်းမဖြစ်နိုင်ပေ။ ဖြူဖွေးစင်ကြယ်သည့်အဝတ်စကို အပြာ, အဝါ, အနီ-စသော အရောင်များဆိုးလျှင် စွဲလည်းစွဲလွယ်သည်၊ အရောင်းလည်းကျွတ်ခဲသည်။ ထို့အတူပင် မည်သည့်တရားပြဆရာနှင့်မျှ မတွေ့ဖူးသေးသည့် ပုဂ္ဂိုလ်များမှာ တရားပြဆရာ တစ်ဦးဦး နှင့်တွေ့ကြုံ၍ တရားဟောပြောသည်ကို နာကြားရလျှင် အဟုတ်အမှန် တရားတော်ကြီးဟု ထင်မြင်ကာ ယုံကြည် စွဲလမ်းသွားတတ်ကြလေသည်။

ဤသဘောတရားကိုသိရှိနားလည်ထားကြသည့် ကိုယ်ကျိုးရှာတရားပြဆရာတို့သည် တရားရှာလိုသော အစိမ်းသက်သက် ပုဂ္ဂိုလ်များကို တွေ့ရလျှင် မှားသည်မှန်သည်ကို အသားထား၍ မိမိတို့၏ တရားအရောင်ကို ဆိုးလိုက်တတ်ကြပေသည်။ အဆိုးခံလိုက်ရလျှင် တခါတည်းဖြင့်ပင် စွဲသွားတော့သည် အစိမ်းသက်သက် တရားဘက်က ပညာဗဟုသုတ

နည်းသေးသူတို့သည် မှားသည်-မှန်သည် မဝေဖန်စွမ်းနိုင်ကြချေ။ မိမိတို့၏ ဆရာသမားကြီးများမိန့်ဟောသမျှ သဘောကျခံယူတတ်ကြပေသည်။ ဟောသမျှသဘောကျ၍ ပြုသမျှနုကြရရှာလေတော့သည်။

ယင်းသဘောကြောင့်ပင်လျှင် ကမ္မဋ္ဌာန်းဆရာကြီးများ အချင်းချင်း ဘုမှန်-ငါမှန် ငြင်းခုံတိုက်ခိုက်ကြသောအခါ၌ တပည့်များသည် ဆရာကြီးများ၏ နောက်မှနေလျက် ခါးဆွဲလုံဆွဲဖြင့် အသက်နှင့်လဲ၍ တိုက်ခိုက်ကြရလေသည်။ မိမိတို့ဆရာသခင် ကျေးဇူးရှင်ကြီးများ အချင်းချင်း ဓမ္မ-အဓမ္မ ဝိဝါဒ-ကွဲ၍ ရန်ပွဲဆင်ကြရာ၌ ဝိနိစ္ဆယရုံးတော်အဆင့်ဆင့်သို့ ငွေထုပ်ပိုက်၍ နောက်မှလိုက်ကြရရှာလေသည်။ ဆရာကြီးများက နည်းနည်းမျှမတားကြ။

ပညာဗဟုသုတ ကြွယ်ဝ၍ ပါးနပ်လိမ္မာကြပါလျှင်—

"တရားပြဆရာအချင်းချင်း၊ ကမ္မဋ္ဌာန်းဆရာ အချင်းချင်း ငြင်းခုံကြဖွယ်မလို။ သူတော်ကောင်းတရား လက်ကိုင် ထားရမည့် ပုဂ္ဂိုလ်အမျိုးအစားများ ဖြစ်ကြသည်။ သည်းခံခြင်း, မေတ္တာပွားခြင်းဖြင့်တဦးနှင့်တဦး ခွင့်လွှတ်အလျှော့ပေး၍ အေးချမ်းစွာ နေသင့်သည့် ပုဂ္ဂိုလ်အမျိုးအစားများ ဖြစ်ကြသည်။ သို့ပါလျက် အနိုင်မခံ - အရှုံးမပေးပဲ တိုက်ပွဲဆင်နေကြသည်မှာ သူတော်ကောင်းသဘောမရှိကြ၍ ဖြစ်သည်။ ဘုရားစကား နားမထောင်ကြ၍ဖြစ်သည်။ ဤလိုပုဂ္ဂိုလ်စားများ၏ တပည့်အဖြစ်ဖြင့် ငါတို့ ပါဝင်တိုက်ခိုက်နေကြရသည်မှာ သူများခါးနုတ်ရာ လက်ဝင်လျှိုရသကဲ့သို့ ဖြစ်သည်"—

ဟု စဉ်းစားနိုင်ကြရမည်ဖြစ်သည်။ သူတပါးအတွက် ဝေက်ထောင်ကျခံခြင်းကို ရှောင်ကွင်းနိုင်ကြရမည်ဖြစ်ပေသည်။

ဤသည်မှာ "ငါ့ဆရာ၊ ငါ့ဆရာ၏တရား" ဟူသော အစွဲဥပါဒါန်တရားကြောင့် ဖြစ်တတ်သည့် သဘောတရားကြီးပေတည်း။

သို့ဖြစ်သောကြောင့် အရိယသစ္စာ - အမှန်တရားကိုရှာရာတွင် တရားအလိမ်အညာမခံရစေရန် သတိပြုကြရမည် ဖြစ်သည်။ ကျွန်တော်၏ဆရာကြီး ဦးစာကျော်၏မိတ်ဆွေဖြစ်သူတဦး၏ တရားအညာခံရပုံကလေးကို ဆရာကြီးဦးစာကျော်ပြောပြချက်အတိုင်း အကျဉ်းမျှဝင်ပြပါရစေ။

ဦးဆင်မဲဝတ္ထု။

ဆရာကြီး ဦးစာကျော်၏ မိတ်ဆွေရင်းဖြစ်သူ ဦးဆင်မဲမှာ မိဘရိုးရာလယ်ယာလုပ်ကိုင်စားသူ တောင်သူလယ်သမား လူရိုးကြီးတစ်ဦးဖြစ်သည်။ ရိုးသားဖြောင့်မတ်သူ ဖြစ်သည့်အလျောက် ရတနာသုံးပါးဆည်းကပ်သည်။ ရဟန်းသံဃာကို ရိုသေသည်၊ လူကြီးသူမများကို လေးစားသည်။ ဒါနပြုသည်၊ သီလဆောက်တည်သည်။

ထို့ကြောင့် ရပ်ရွာသို့ လာရောက်တရားဓမ္မဟောပြသည့်အခါ ရိုသေလေးစားစွာ သွားရောက်နာယူသည်။ တရားဟော၍ တပည့်မွေးစားနေကျ တရားပြဆရာတစ်ယောက်နှင့် တွေ့သောအခါ တရားပြဆရာက ဖြူစင်သည့် ဦးဆင်မဲ၏ စိတ်ဓာတ်ကို သူ၏စူးရှထက်မြက်သည့် မှားယွင်းသည့် အယူအဆ တရားသဘောများဖြင့် ကျွမ်းကျင်လိမ္မာစွာ အရောင်ဆိုးလိုက်သည်။ ယင်းတရားပြဆရာ၏ အယူအဆမှာ—

> ဘုရားအစစ်ကို ရှာပါသော် ရုပ်ပွား, စေတီ-တွေက ကန့်လန့်ကွယ်သည်။
> တရားအစစ်ကို ရှာပါသော် ဒါန, သီလ-တွေက ကန့်လန့်ကွယ်သည်။
> သံဃာအစစ်ကို ရှာပါသော် ဘုန်းကြီးတွေက ကန့်လန့်ကွယ်သည်—

ဟူသော အယူအမှားကြီးဖြစ်သည်။ ဤသည့် အမှားအယူအဆကို ဦးဆင်မဲက မှားသည်ဟု ဝေဖန်သိမြင်နိုင်စွမ်း မရှိပါလေ။ သူ့ဆရာဟောသမျှ သဘောကျ လက်ခံကျင့်သုံးသည်။ ဘုရားကိုရှိမခိုးတော့၊ ပေးလှူ

ခြင်း-ဒါန မပြုလုပ်တော့၊ သီလဆောက်တည်ခြင်း မပြုတော့၊ ဘုန်းကြီးကို မကိုးကွယ်ဘော့။

ဘုရားပန်း လှူသည်ကို ကြွက်သိုက်လုပ်ပေးသည်ဟု ပြောသည်။ ဘုရားမီးလှူသည်ကို ကြွက်သမ်းပြသည်ဟု ဆိုသည်။ ဘုရားဆွမ်းတော်ကပ်သည်ကို ကျီးစာကျွေးသည်ဟု သဘောထားသည်။ သို့ဖြစ်၍ ဘာမျှမလုပ်ပဲနေသည်။

ပွားများအားထုတ်သည့် ကမ္မဋ္ဌာန်းတရားမှာ "ဧကော ဥဒပါဒိ" ဟု ဓမ္မစကြာတရားတော်မှာ ဆိုသောကြောင့် မိမိ၏မျက်စိသူငယ်အိမ်ကို မိမိမျက်စိဖြင့် မြင်အောင်ကြည့်ရသည်ဟု ဆိုပေသည်။ ဤအတိုင်း ပွားများကျင့်သုံးသည်။ ဤ၌မှာ [illegible]

ဆရာဘုန်းကြီးများက အမှန်ဟောသော်လည်း မနာယူချေ။ လူကြီးသူမများက တားမြစ်သော်လည်း နားမထောင်ချေ။ သံဃာကသပိတ်မှောက် တားမြစ်သော်လည်း မကြောက်။ လူများက ဝိုင်းငယ်သော်လည်း မတုန်လှုပ်။ အလိမ်အညာခံထားရသည့် သူ၏တရားတု တရားယောင်ကို မစွန့်လွှတ်နိုင်ပဲ တစ်ဘဝ ဇာတ်သိမ်းသွားရလေတော့သည်။ ယခုဘဝအတွက်ကား ဇာတ်သိမ်းသွားလေပြီ၊ နောင်တမလွန် ဘဝအတွက်မှာကား မည်သို့ရှိလေမည်မသိပေ။

ဤသို့လျှင် တောမုဆိုး ကဲ့သို့ စဉ်းလဲကောက်ကျစ်သည့် လိမ်ညာသောတရားပြဆရာနှင့်တွေ့၍ တရားဓမ္မ အလိမ်အညာခံရသည်မှာ အလွန်ကြောက်မက်ဖွယ် ကောင်းလှပေသည်။ ထို့ကြောင့်ပင်လျှင် ရှေးမြန်မာပညာရှိကြီးများက "ကုန်ရှုံးတော့ တခေါက်၊ လင်ကုန်ရှုံးတော့ တသက်လုံးမှောက်၊ ဆရာရှုံးတော့ တသံသရာလုံးမှောက်" ဟူ၍ ပြောစမှတ်ပြုခဲ့ကြပေသည်။

အဇာတသတ်မင်း။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်များ၏ ကျေးဇူးရှင် ပထမသင်္ဂါယနာတင်ဒါယကာကြီးဖြစ်သည့် အဇာတသတ်မင်းသည် မိမိအား ယုံကြည်စေရန်

လောကီဘန်ခိုးပြသူ ဒေဝဒတ်ရဟန်းအား ကြည်ညိုမိ၍ တရားကိုလိုက်နာကာ စကားကိုလည်း နားထောင်မိသောကြောင့် မွေးဘခင် ဗိမ္ဗိသာရမင်းကို သတ်မိလေသည်။

ဘုရားစစ်နှင့်တွေ့၍ တရားစစ်ကို ကြားနာရပါသော်လည်း ကျွတ်တမ်းမဝင်နိုင်ပဲ ငရဲကျရလေသည်။ တရားဓမ္မ အလိမ်ခံရခြင်း၏ ဆိုးကျိုးကို ရင်ဝယ်ပိုက်မိလိုက်ရလေသည်။

သို့ဖြစ်သောကြောင့် အရိယသစ္စာ - အမှန်တရားကို သိမြင်လိုသူတို့သည် မိမိအားဆရာလုပ်၍ တရားပြမည့်သူကို လေ့လာသုံးသပ် ဒဲကဲခတ်ကြည့်ရန် လိုအပ်ပေသည်။ ထိုဆရာသည် သူ့တရားကို သူကိုယ်တိုင် မည်မျှ အားရကျေနပ်စွာဖြင့် ပွားများအားထုတ်သနည်း။ မည်မျှ ပေါက်မြောက် အောင်မြင်ခဲ့ပြီနည်း။

ထိုဆရာဟောသည့် တရားကလည်း ဘယ်လိုတရားမျိုးနည်း။ ဘုရားဟောနှင့် ကိုက်ညီပါ၏လော။ မိမိကိုယ်တိုင် စိစစ်ကြည့်သင့်၏။ မိမိစိတ်ချယုံကြည်သော ပညာရှင်များနှင့် ရိုသေစွာ မေးမြန်းဆွေးနွေးသင့်ပေသည်။ ဤခေတ်ဤအခါ၌ အချို့သူတို့သည် မိမိတရားကို မိမိကိုယ်တိုင် မကျင့်သုံးပဲ အခြားသူများကိုသာ ပရိယာယ်မာယာ အမျိုးမျိုးသုံးစွဲ၍ တရားပြဆရာ လုပ်စားနေတတ်ကြပေသည်။

ဤကိစ္စမျိုး၌ သတိထား စိစစ်နိုင်ရန် **ဆရာလေး နှင့် ဝိဇ္ဇာယောင်ပိတ်ဖြူဆရာအကြောင်းကို** တင်ပြလိုပါသည်။

**ဝိဇ္ဇာယောင်ပိတ်ဖြူဆရာ။**

**စာရေးသူနှင့်** အလွန်ခင်မင်ရင်းနှီးသော **ဆရာလေး** ငယ်စဉ်ကာလကျောင်းဆရာလုပ် နေထိုင်တုန်းကဖြစ်သည်။ ထမင်းလခပေးစားသည့်အိမ်သို့ ပိတ်ဖြူဝတ် လူတစ်ယောက်ရောက်လာသည်။ အိမ်ရှင်သည်ထိုသူ့ကို ကောင်းမွန်စွာထား၍ ရိုသေစွာပြုစုကျွေးမွေးသည်။ အိမ်နီးချင်းများနှင့် ရပ်ဝေးမှ လူတော်တော်များများလာ၍ ထို ပိတ်ဖြူဆရာကို ဆည်းကပ်ကြသည်။

ဆရာလေးကတော့ ဆည်းကပ်ခြင်း ရောနှောစကားပြောခြင်း မပြုပဲ မိမိကိစ္စ ထမင်းစားပြီး ပြန်သည်။ တနေ့သော် ပိတ်ဖြူဆရာက ဆရာလေးကို "လာပါအုံးဗျ၊ ဆရာလေးရဲ့" ဟု ခေါ်ကာ အိတ်ထဲမှ ခတ်လုံးသုံးလုံးကိုထုတ်ပြ၍ ဆရာလေးနှင့် အောက်ပါအတိုင်း စကားဆွေးနွေးပြောဆိုကြသည်။

ပိတ်ဖြူဆရာက "ဒါကပြဒါးလုံး၊ ဒါကသံလုံး၊ ဒါကသွင်လုံးဗျ၊ ဆရာလေး ဘာလုံးကိုလိုချင်သလဲ"ဟု မေးသည်။

ဆရာလေးက "ကျွန်တော် ဘာလုံးကိုမှ မလိုချင်ပါဘူးဗျာ" ဟု ဖြေသည်။

"ဘာကြောင့်လဲဗျ" ဟု ပိတ်ဖြူဆရာက ထပ်၍မေးသောအခါ ဆရာလေးက—

"ဒါကတော့ အကြောင်းကို သိပ်များများပြောဖို့ မလိုပါဘူးဗျာ။ ခင်ဗျားကြည့်ရတာ အဝတ်အစားကလဲ မပြောင်ဘူး၊ လူရုပ်ကလဲ မွဲခြောက်ခြောက်၊ သူ့ချားအိမ်လာပြီး ကပ်စားနေရတော့ ခတ်လုံးတွေ မစွမ်းဘူးဆိုတာ သိလို့ပါပဲ"—

ဟူ၍ ပြန်ဖြေလိုက်သည်။ ဝိဇ္ဇာယောင် ပိတ်ဖြူဆရာလည်း မျက်နှာမဲ့သွားပြီး မကြာမီ ပြောင်းရွှေ့သွားလေတော့သည်။

ဤဖြစ်ရပ်၌ ဝိဇ္ဇာယောင် ပိတ်ဖြူဆရာ၏ လှည့်ပတ်သည့်ထောင်ချောက်ကို ဆရာလေးရှောင်ကွင်းရာ၌ ဝိဇ္ဇာယောင် - ပိတ်ဖြူဆရာ၏ အကြောင်းအရာအားလုံးစုံကိုခြုံ၍ စိစစ်ဝေဖန်သည်ကိုနည်းယူ၍ အမှန်တရားကိုသိမြင်ရန် လိုလားသူသည်လည်း တရားပြဆရာကို လေ့လာဝေဖန်ကြည့်ပြီးမှ ယင်း၏တရားကိုလည်း စိစစ်ဝေဖန်၍ လက်ခံကျင့်သုံးရန် သင့်လှပေသည်။

ဤနေရာ၌ မလိမ်လည်နိုင်ပဲ အမှန်သိရန် လေ့လာနည်း အကျဉ်းကို ဘုရားဟောတော်မူသည့် (သံ ၁၊ နှာ-၇၈) အတိုင်း တင်ပြလိုပါသည်။

အမှန်လေ့လာနည်းလေးမျိုး

(က) အကျင့်သီလ ကောင်း-မကောင်းကို အတူနေ ပေါင်းကြည့်မှ သိနိုင်သည်။ ယင်းပေါင်းရာ၌လည်း ကြာမှ၊ ဂရုစိုက်မှ၊ ပါးနပ်မှုရှိမှ သိနိုင်သည်။

(ခ) စင်ကြယ်မှု ရှိ-မရှိကို အတူ စကားအထပ်ထပ်ပြောကြည့်မှ သိနိုင်သည်။ ယင်း၌လည်း ကြာမှ၊ ဂရုစိုက်မှ၊ ပါးနပ်မှုရှိမှ သိနိုင်သည်။

(ဂ) အစွမ်း ရှိ-မရှိကို ဘေးရောက်မှ သိနိုင်သည်။ ယင်း၌လည်း၊ ကြာမှ၊ ဂရုစိုက်မှ ပါးနပ်မှုရှိမှ သိနိုင်သည်။

(ဃ) ပညာ ရှိ မရှိကို ဆွေးနွေးကြည့်မှ သိနိုင်သည်။ ယင်း၌လည်း ကြာမှ ဂရုစိုက်မှ၊ ပါးနပ်မှုရှိမှ သိနိုင်သည်။

ဤနည်းဖြင့် တရားပြ ဆရာတစ်ဦးတွေ့လျှင် ဘယ်မျှသီလရှိသည်၊ ဘယ်မျှသမာဓိရှိသည်၊ ဘယ်မျှပညာရှိသည်-စသည်ကို လေ့လာ ကြည့်ရှုသင့်ပေသည်။ အမျိုးမျိုး စမ်းသပ်ကြည့်သင့်ပေသည်။

ယင်းသို့ စိစစ်ကျင့်သုံးပါလျှင် တရားဓမ္မအရာ၌ လိမ်ညာမှုမခံရနိုင်ကြောင်း ဖော်ပြလိုပါသည်။

ဤမျှအတိုင်းအတာ ပြဆိုခဲ့သောစကားအစဉ်ဖြင့်—

(၁) ငွေကြေး ပစ္စည်းဥစ္စာကို လိမ်ညာခြင်း၊

(၂) အတတ်ပညာကို လိမ်ညာခြင်း၊

(၃) အလုပ်ကိစ္စကို လိမ်ညာခြင်း၊

(၄) အချိန်လာလကို လိမ်ညာခြင်း၊

(၅) တရားဓမ္မကို လိမ်ညာခြင်း—

ဟူသော လှည့်ပတ်လိမ်ညာမှုငါးမျိုးကို သိသင့်သမျှ ရေးသားဖော်ပြခဲ့ပြီးဖြစ်ပေသည်။

ဤလိမ်ညာမှု ငါးမျိုးမှတပါးသော အခြားလိမ်ညာမှု မျိုးများ ရှိနိုင်သေးသော်လည်း ဤငါးမျိုးကို သိပြီးဖြစ်လျှင် နည်းမှီ၍ သိမြင်

ရှောင်ကြဉ်နိုင်လောက်ပြီဟု ထင်မြင်မိပေသည်။ ယင်းသို့ ဖော်ပြခဲ့သော လိမ်ညာမှုများကိုပြုလုပ်ရာ၌ လိမ်ညာသူတို့အသုံးပြုသော လက်နက်များ ရှိပေသည်။ ယင်းတို့ကို သိထားကြရန်ဖော်ပြပါမည်။

### လိမ်ညာလှည့်ပတ်ရာ၌အသုံးပြုသည့်လက်နက်များ

ဤလောက၌၊ သတိစိုက်လော့၊
အကြိုက်ပြောကြား၊ ထောက်ထားဖွယ်ဆောင်၊
သနားအောင်ဆင်၊ ခင်မင်ဖွယ်သုံး၊
ခြောက်လုံးကိုစွက်၊ စွဲမက်ဖွယ်ပြ၊
ဤလောက၊ ညာကြ လိမ်ကြသည်။

"လိမ်ညာလှည့်ပတ်တတ်ပုံ အကြောင်းအရာများကိုတော့ သိကြပါပြီ။ ယင်းသို့ လိမ်ညာလှည့်ပတ်ရာ၌ မည်သည့်လက်နက်များကို အသုံးပြုပါသသဲ။ယင်းလက်နက်များကိုလည်း သိထားသင့်သည်"ဟုပြောဆိုပြီး ဆရာကြီးဦးစာကျော်က အထက်ပါလင်္ကာကို ရွက်ဆိုပြသည်။ ဤလင်္ကာမှာ တော်တော်ပင် အဓိပ္ပာယ်ရှင်းပြီး ဖြစ်သော်လည်း ပို၍သိသာစေရန် အကျဉ်းမျှ စကားပြေဖြင့် ရေးပြပါဦးမည်။

### လူညာတို့လက်နက်ခြောက်မျိုး

(၁) အကြိုက်ကိုပြောဆိုခြင်း၊
(၂) ထောက်ထားငဲ့ကွက်ဖွယ်ကိုပြောခြင်း၊
(၃) သနားညှာတာဖွယ်ကိုပြောခြင်း၊
(၄) ခင်မင်ဖွယ်ပြောခြင်း၊
(၅) ခြိမ်းခြောက်စကားပြောခြင်း၊
(၆) မက်လုံးကိုပြောဆိုခြင်း-

ဟူ၍ ခြောက်မျိုးသောလက်နက်များကို အသုံးပြုပြီး လိမ်တတ် ညာတတ်ကြပေသည်။

(၁) **အကြိုက်ကိုပြောဆိုခြင်း** ဟူသည်မှာ တဘက်သားသဘောကျနှစ်သက်ခံစသည့်စကားများကိုသာ ဟုတ်သည်-မဟုတ်သည်ကိုအပထား၍ ပြောခြင်းဖြစ်သည်။

(၂) **ထောက်ထားငဲ့ကွက်ဖွယ်ကိုပြောခြင်း** ဟူသည်မှာ မိမိက ဘယ်၍ ဘယ်မျှ ကျေးဇူးပြုခဲ့သည်၊ အကျိုးဆောင်ခဲ့သည်၊ မည်သို့ သွေးသားတော်စပ်သည်-စသောစကားများကို ပြောဆိုခြင်းဖြစ်သည်။

(၃) **သနားညှာတာဖွယ်ကိုပြောခြင်း** ဟူသည်မှာ မိမိမှာ ဘယ်လိုဒုက္ခရောက်ပါသည်၊ ဘယ်လိုအခက်အခဲ ရှိပါသည်-စသည်ကို ပြောဆိုခြင်းဖြစ်သည်။

(၄) **ခင်မင်ဖွယ်ပြောခြင်း** ဟူသည်မှာ ကျန်းမာပါရဲ့လား၊ ကျန်းမာစေရန်ဆုတောင်းပါတယ်၊ ဘယ်လိုသတိရပါတယ်၊ ဘယ်လိုကောင်းစားစေချင်ပါတယ်-စသည်ဖြင့် ချစ်ဖွယ်ခင်ဖွယ်စကားများ ပြောခြင်းဖြစ်သည်။

(၅) **ခြိမ်းခြောက်စကားပြောခြင်း** ဟူသည်မှာ ခင်ဗျားဘယ်လိုဘေးရန်တွေ့နိုင်သည်၊ ဘယ်လိုအကျိုးဆုတ်ယုတ်ပျက်စီးနိုင်သည်-စသည်ဖြင့် ကြောက်ရွံ့ထိပ်လန့်ဖွယ်စကား ပြောခြင်းဖြစ်သည်။

(၆) **မက်လုံးကိုပြောဆိုခြင်း** ဟူသည်မှာ သင်ဘာလိုချင်သနည်း၊ သင်လိုချင်သည့် အရာကို ရနိုင်မည်၊ ဆောင်ရွက် ပေးမည်-စသည်ဖြင့် မက်လုံးကို ဖော်ပြပြောဆိုခြင်းမျိုး ဖြစ်သည်။

ဤဖော်ပြခဲ့သည် လက်နက်ခြောက်မျိုးကို အလျဉ်းသင့်သလိုအသုံးပြုလျက် အလိမ်ဆရာ အညာဆရာတို့သည် သူတို့လိုချင်သည်ကို ရအောင်, ဖြစ်ချင်သည်ကို ဖြစ်အောင် လိမ်တတ် ညာတတ်ကြပေသည်။

လောက၌ သားကောင်လိုက်သည့် မုဆိုးသည် ညွတ်ကွင်းကို သားကောင်များမမြင်စေရန် ဖုံးအုပ်လျက် သားကောင်များ ကြိုက်တတ်သည့် အစာကိုသာ သားကောင်များမြင်စေရန် ဖော်ပြထားကာ ထောင်သည်။ ညွှတ်ကွင်းကိုမမြင်ပဲ အစာကိုသာမြင်၍ မက်မောပြီး စားသောက်သည့်

သားကောင်မှာ ညွတ်ကွင်းမိလျက် မုဆိုး၏ ဖမ်းဆီး သတ်ဖြတ်ခြင်းကို ခံရလေသည်။

ခွေးတွေပေါ်၍ ခွေးသတ်လိုသော ခွေးသတ်သမားသည် အဆိပ်တုံးကို ခွေးအနီးချထားရုံမျှဖြင့် ခွေးက မစားပေ၊ ခွေးမသေချေ။ ခွေးကြိုက်သည့် အဆင်း အနံ့ အရသာရှိသည့် အမဲသားတုံးထဲ အဆိပ်ကို ထည့်သွင်းပြီး ချထားမှ အမဲသားကိုမက်မောပြီး ခွေးကစား၍ ခွေးသေလေသည်။

ငါးမျှားသမားသည် ရေထဲ၌ ငါးမျှားချိတ်သက်သက်ကိုသာ ချထားသည်မဟုတ်ပေ၊ ငါးကြိုက်တတ်သည့် တီကောင်ထဲ ငါးမျှားချိတ်သွင်းပြီး ရေထဲချထားမှ ငါးက တီကိုမက်ကာ လာဟပ်မှသာ ပါးစပ်ကို ငါးမျှားချိတ် စူးဝင် ချိတ်မိသည်။ လိုရာသို့ဆွဲယူ၍ သတ်ဖြတ် စားသောက်ခြင်း ခံရသည်။

ဤ နည်းများအတိုင်းပင် ငွေကြေး ပစ္စည်းဥစ္စာစသည်ကို လိမ်ညာလိုသောသူသည် ဖော်ပြခဲ့သည့် လက်နက်ခြောက်မျိုးကို အသုံးပြုလျက် ထောင်ဖမ်းကာ လိုရာကို ရအောင်ယူလေသည်။ ဖြစ်ချင်သည်ကို ဖြစ်အောင် လုပ်လေသည်။

ပင်စင်အငြိမ်းစားနှင့် ထွက်ရာလမ်း - အရိယသစ္စာကို လိုလားသော သူတော်ကောင်းများက လူလိမ်လူညာတို့၏ လက်နက်နှင့် နည်းပရိယာယ်များကို ကြိုတင်သိရှိထားကြကာ ရှောင်တိမ်းနိုင်ကြရန် လိုအပ်ပေသည်။

မေတ္တာရပ်ခံချက်။ ။ဤကျမ်း၌ အမှန်တရားသိမြင်၍ ထွက်ရာလမ်းဝင်လိုသူများအတွက် လိုက်နာကျင့်သုံးနိုင်စေရန် ရည်ရွယ်ကာ တရားသဘောများကို ဖော်ပြရေးသားပါသည်၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထိခိုက်နစ်နာစေရန် မရည်ရွယ်ပါ။ အထူးသဖြင့် ၃။ ပယ်ခွာရန်ခေတ် အပိုင်းနှင့် ၄။ လှည့်ပတ်ကင်းထ အပိုင်းတို့၌ လောကသဘာဝ ထင်ရှားစေရန် ဖော်ပြခဲ့သည့် စာမျက်နှာ-၁၃၉-မှ လူပျင်းကြွက်ဖြူ ပုံပြင်ဝတ္ထု၊ စာမျက်နှာ ၂၅၁-မှ ဝိဇ္ဇာညိုပုံဝတ္ထု၊ စာမျက်နှာ

၂၅၆-မှ ကျောင်းဒကာ ဦးကြောင်နီပုံဝတ္ထု၊ စာမျက်နှာ ၁၆၉-မှ ဦးဆင်မဲပုံဝတ္ထု၊ စာမျက်နှာ ၁၇၁-မှ ပိတ်ဖြူဆရာ ဝိဇ္ဇာယောင် ပုံဝတ္ထုများမှ နာမည်တို့မှာ စိတ်ကူးညာဏ်ဖြင့် ရေးသားသည့် နာမည်များ ဖြစ်ပါသည်။ လောကဉ် ဖြစ်တတ်သည့် သဘောတရားများသာ အမှန် ဖြစ်၍ အမည်ပညတ်များမှာ အမှန်မရှိနိုင်ဟု မှတ်ယူကြစေလိုပါသည်။ အကယ်၍တိုက်ဆိုင်သူများ အမှန်တကယ် ရှိနေပါလျှင်လည်း ဆန်းကျယ် သော လောကသဘာဝအတိုင်း မတော်တဆ တိုက်ဆိုင်ခြင်းဖြစ်သည်ဟု ယူဆရန်မေတ္တာရပ်ခံပါသည်။

ဤမျှလောက် ပြဆို သတိပေးရေးသားပါလျှင်“**လှည့်ပတ်ကင်းထ**” ဟူသော လင်္ကာပိုဒ်အရ လှည့်ပတ်လိမ်ညာမှုမခံရပဲ ထွက်ရာလမ်းပေါက် ဟူသော အရိယသစ္စာ-အမှန်တရား သိမြင်ရေးပန်းတိုင်ကို လှမ်းကိုင်နိုင် ကြမည်ဟူ၍ ယုံကြည်ပါသည်။

# ၈။ အဋ္ဌမအပိုင်း

## ဤအပိုင်း၌

☆ ဥပါသကာခေါ် ဗုဒ္ဓဘာသာဝင်ဖြစ်ရန်နည်း။

☆ ဗုဒ္ဓမြတ်ဘုရားကို ယုံကြည်မှု။

☆ ဗုဒ္ဓတရားတော်များကို ယုံကြည်မှု။

☆ ဗုဒ္ဓတပည့် သံဃာတော်ကို ယုံကြည်မှု။

☆ ဥပါသကာ ဗုဒ္ဓဘာသာဝင်တို့ ရှောင်ရမည့်တရား။

☆ ဥပါသကာဗုဒ္ဓဘာသာဝင်တို့ဆောင်ရမည့် တရားစသည်ကို ထင်ရှားအောင်ရေးသား ဖော်ပြထားပါသည်။

# ၄။ ဥပါသကာအဖြစ်ကိုခံယူခြင်း

## ဗုဒ္ဓဘာသာတို့၏ အင်္ဂါရှစ်ပါး လင်္ကာ

ဗုဒ္ဓဘာသာ၊ ဥပါသကာစစ်၊
ဖြစ်ရန်အင်္ဂါ၊ အကြောင်းမှာကား၊
သုံးဖြာသရဏဂုံတည်၊ ပဥ္စသီမြဲစွာ၊
မိစ္ဆာကုန်ကြဉ်၊ မင်္ဂလာတုပယ်ရှား၊
ယုံကြားကမ္မ၊ သာသနာပကို
ကြည်ညိုမချဉ်း၊ လှူမြတ်ကင်းကွာ၊
သာသနာအကျိုးပြု၊ ဤရှစ်ခုသည်။
ဥပါသကာ ကျင့်ထုံးတည်း။

### ဥပါသကာ၏အဓိပ္ပာယ်

ဆရာကြီးဦးစာကျော်က ဤလင်္ကာကိုရွတ်ပြပြီး ပြုံးပြုံးကြီး လုပ်ကာ "အဋ္ဌကထာ ဆိုလိုရင်းအဓိပ္ပာယ်ကို ခြုံမိငုံမိအောင်ရေးရတော့ လင်္ကာက သိပ်မချောဘူး၊ ဒါပေမယ့် ရအောင်တော့ကျက်မှတ်ထား၊ သို့မှ အကျိုး များမည်"ဟု ပြောပါသည်။ ယင်းလင်္ကာ၏ အဓိပ္ပာယ်ကို ရှင်းလင်း ဖော်ပြပါအံ့—

**ဗုဒ္ဓဘာသာဝင်။** ။ဥပါသကာ - ဟူသော ပါဠိ ဘာသာ စကား၏ အဓိပ္ပာယ်မှာ ဥပ-အနီး၌၊ အသက-နေတတ်သူ= ဘုရား, တရား, သံဃာ-ရတနာသုံးပါးနှင့်မဝေးပဲ အနီး၌ နေတတ်သူ ဟူ၍ သဒ္ဒတ္ထအဓိပ္ပာယ်ရှိသည်။ ထို့ကြောင့် ဥပါသကာဟူသည်-ဘုရား, တရား, သံဃာ-ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်သူဟူ၍ အဓိပ္ပာ-ယတ္ထ အားဖြင့် ပြောဆိုရမည်ဖြစ်သည်။ ယင်းသို့ သဒ္ဒတ္ထ, အဓိပ္ပာယတ္ထ အားဖြင့်ဖွင့်ပြရသည့် ဥပါသကာပုဒ်သည် လူအများ ပြောဆို သုံးစွဲနေ

သည့် ဝေါဟာရတ္ထအားဖြင့် ပြန်ဆိုပါဆိုလျှင် "ဗုဒ္ဓဘာသာဝင်" ဟူ၍ ပြောဆိုသင့်ပေသည်။

ယင်း ဥပါသကာခေါ် ဗုဒ္ဓဘာသာဝင် ဖြစ်ရန်မှာ မိဘရိုးရာအရ ဖြစ်လာသော သာမန်ဗုဒ္ဓဘာသာမျိုးမှာ လွယ်ကူပါသည်။ မိဘက ဗုဒ္ဓဘာသာဆိုလျှင် ဗုဒ္ဓဘာသာပင် ဖြစ်နိုင်ပါသည်။ အထူးဗုဒ္ဓဘာသာခေါ် ထိုက်သည့် ဗုဒ္ဓဘာသာစစ်စစ်ဖြစ်ရန်မှာ ကျင့်ဝတ်အင်္ဂါ၊ သီလသိက္ခာများကို သိဘတ်လျက် အထူးကျင့်သုံးဆောက်တည်ရန် လိုအပ်ပေသည်။

ထို့ကြောင့် အရိယသစ္စာခေါ် အမှန်တရားကိုသိမြင်ရန် ကျင့်သုံးလိုသော ပင်စင်အငြိမ်းစားများ နှင့် ပင်စင်အငြိမ်းစားအရွယ်များ, ပင်စင်အငြိမ်းစားများကဲ့သို့ပင် ဗုဒ္ဓဘာသာအစစ်ဖြစ်ရန်လိုအပ်သူများ အတွက် ဥပါသကာ ဗုဒ္ဓဘာသာ စစ်စစ်ဖြစ်နိုင်ကြစေရန် (သီလက္ခန်အဋ္ဌကထာ စာမျက်နှာ ၁၀၅-စသော)ကျမ်းကြီးကျမ်းခိုင်များမှာ လာသည့်အတိုင်း ရေးသားဖော်ပြပါအံ့။

**ဗုဒ္ဓဘာသာ ဥပါသကာ အင်္ဂါရှစ်ပါး**

(က) သရဏဂုံသုံးပါးတည်မြဲခြင်း၊
(ခ) ငါးပါးပဥ္စသီ တည်မြဲခြင်း၊
(ဂ) မှားယွင်းသည့် မိစ္ဆာကုန်သွယ်မှု မရှိခြင်း၊
(ဃ) အတုအယောင်မင်္ဂလာကို ပယ်ခြင်း၊
(င) ကံတရားကို ယုံကြည်ခြင်း၊
(စ) သာသနာပ ပုဂ္ဂိုလ်နှင့်တရားကို ယုံကြည်မှုသဒ္ဓါ မရှိခြင်း၊
(ဆ) သာသနာပ၌ မြတ်သောအလှူမပြုခြင်း။
(ဇ) သာသနာတော်ကို အကျိုးပြုခြင်း—

ဟူ၍ ဥပါသကာခေါ် ဗုဒ္ဓဘာသာဝင်တို့၌ ရှိရမည့် အကြောင်းအင်္ဂါ ရှစ်မျိုးရှိပေသည်။ ယင်း အကြောင်းအင်္ဂါများသည် ဗုဒ္ဓဘာသာဝင်ဖြစ်၍ အရိယသစ္စာခေါ် အမှန်တရားကို သိမြင်လိုသူတို့အတွက် သိရှိထားရန် လိုအပ်လှပေသည်။ မသိလို့မဖြစ်ချေ။ ထို့ကြောင့် ယင်းအင်္ဂါရှစ်မျိုးကို တစ်မျိုးစီ ရှင်းလင်းရေးသား ပြဆိုပါမည်။

(က) **သရဏဂုံသုံးပါးတည်ခြင်း။** ။သရဏဂုံဟူသောစကား၌ "သရဏ-ဂမန" ဟူသော ပါဠိစကားလုံးကို မြန်မာမှုဖြင့် သရဏဂုံ-ဟူ၍ ရှေးမြန်မာပညာရှင်ကြီးများ အနက်ပြန်ဆိုခဲ့ခြင်းဖြစ်သည်။ ဤအရာ၌ အနက်ပြန်ဆိုသည်ဟူ၍ ဆိုမည့်အစား "ဝေါဟာရပြုလုပ်ခဲ့သည်" ဟု ဆိုပါက ပို၍သင့်လျော်မည် ထင်ပေသည်။

ဤ၌ သရဏနှင့် ဂမန- နှစ်ပုဒ်ရှိသည်တွင် သရဏ ပုဒ်နှင့် ဂမန-ပုဒ်တို့၏ အသီးသီးသော အနက်အဓိပ္ပာယ်ကို သိထားရန် လိုအပ်ပေသည်။

**သရဏ**-ပုဒ်သည် ဘေးရန်အန္တရာယ်ကို သတ်ဖြတ်, ပယ်ရှားတတ်သော တရားဟု အဓိပ္ပာယ်ရှိသည်။ ဘုရား, တရား, သံဃာ-ဟူသော သဘောတရား အရာဝတ္ထုသုံးပါးသည် ဆည်းကပ်ကိုးကွယ်သူတို့အား အကျိုးစီးပွားကိုဖြစ်စေခြင်း၊ အကျိုးမဲ့ကို နှစ်စေခြင်းတို့ဖြင့် ကောင်းကျိုးချမ်းသာကို ရစေသည်။ မကောင်းကျိုးဆင်းရဲကို ပယ်ရှားသည်။ ထို့ကြောင့် "**သရဏ**" ဟု ပါဠိဘာသာဖြင့်ခေါ်ဆိုရသည်။ **အနည်းငယ်ချဲ့ပြပါအံ့—**

**အကျိုးစီးပွားကိုဖြစ်စေပုံ။**

အကျိုးစီးပွားကိုဖြစ်စေသည် ဟူသည်မှာ—

(၁) ဒါနပြုရန် ညွှန်ပြသည်၊

(၂) သီလကျင့်သုံးဆောက်တည်ရန် ညွှန်ပြသည်၊

(၃) သမထ, ဝိပဿနာ-ဘာဝနာနှစ်ပါး ပွားများရန် ညွှန်ပြသည်။

ဤသို့ အကျိုးစီးပွား ရစေသည့်တရားများကို ဖြစ်စေသည်။ ထို့ကြောင့် ကောင်းကျိုးချမ်းသာများကို အဆင့်ဆင့် အမျိုးမျိုး ရရှိကြရသည်။

(၁) **ဒါနပြုရန်** ဟောကြားတော်မူရာတွင် ခွေး, ဝက်-စသည့် တိရစ္ဆာန်များကို လှူခြင်း၊လှူဝတ်ကြောင် အကျင့်ပျက်များကို လှူခြင်း၊ အကျင့်ကောင်းများကို လှူခြင်း၊ ရဟန်းသံဃာ ပုဂ္ဂလိက-လှူခြင်း၊

အရိယာပုဂ္ဂိုလ် လှူခြင်း၊ သံဃိကလှူခြင်း-စသည်ဖြင့် ပေးလှူရာ၌ အကျိုး ရပုံကွာခြားသည့် အလှူအမျိုးမျိုးများကို ခွဲခြမ်းစိတ်ဖြာ၍ ဟောကြား တော်မူသည်။

(၂) **သီလဆောက်တည်ရာ၌** ငါးပါးသီလ၊ ရှစ်ပါးသီလ-စသည်ဖြင့် လည်းကောင်း၊ ရှေ့နောက် လောဘ, ဒေါသ-ခြံရံသည့် သီလ၊ မခြံရံ သည့်သီလ-စသည်ဖြင့် အကျိုးကြီးမားပုံခြင်း ကွာခြားသည့် သီလ အမျိုးမျိုးများကို ခွဲခြမ်းစိတ်ဖြာ၍ ဟောကြားတော်မူသည်။

(၃) **သမထတရားကိုပွားများရာ၌** ရှုမှတ်ရမည့်ကသိုဏ်းတရား, အသုဘ တရား, အနုဿတိတရား-စသည်ကို ရှုမှတ်ပုံ, နိမိတ်ထင်ပုံ, ဈာန်ရပုံများ နှင့်တကွ ဈာန်တရားတို့၏ အကျိုးကြီးမားပုံများကို ခွဲခြမ်းစိတ်ဖြာ၍ ဟောကြားတော်မူသည်။

**ဝိပဿနာတရားကို** ရှုမှတ်ရာတွင် ရှုမှတ်ရမည့် ခန္ဓာ, အာယတန, ဓာတ်-စသော တရားများကို ရှုမှတ်ရမည့်လက္ခဏာယာဉ်များ၊ နိမိတ်, အာရုံ, ဉာဏ်-အဆင့်ဆင့် ဖြစ်ပေါ်လာပုံ၊ မဂ်တရား, ဖိုလ်တရားဖြစ်ပေါ် လာပုံအထိ အဆင့်ဆင့်ခွဲခြမ်းစိတ်ဖြာ၍ ဟောကြားတော်မူသည်။

လိုက်နာကျင့်သုံးသောသူတို့မှာ စိတ်ချမ်းသာမှု၊ ကိုယ်ချမ်းသာမှု၊ လူ နတ် ဗြဟ္မာ သုဂတိဘဝဟူသော ဘဝချမ်းသာ၊ ဈာန်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာများကို ရရှိစေနိုင်ပေသည်။ ဤသို့အကျိုး စီးပွားကိုဖြစ်စေသည်။

**အကျိုးစီးပွားမဲ့ကိုနှစ်စေပုံ**

ပါဏာတိပါတ-ခေါ် သူတပါးအသက်ကို သတ်ဖြတ် ညှဉ်းဆဲခြင်း စသော ဒုစရိုက်မှုများကို ရှောင်ကြဉ်ရန် ဟောကြားတော်မူသည်။ လောဘ, ဒေါသ, မောဟ—စသော အကုသိုလ်ကိလေသာတရားများကို မဖြစ်ပွားစေရအောင် ပယ်သတ်နည်းများကို ဟောကြားတော်မူသည်။ ဟောကြားရာတွင် **တဒင်္ဂပဟာန်ခေါ်** ခဏတားနိုင်သည့် ဒါန, သီလ- စသော ကာမာဝစရ ကုသိုလ်တရားမျိုးကိုလည်း ဟောကြားတော်မူ

သည်။ **ဝိဘဇ္ဇမ္ဘနုပဟာန်**ခေါ် အခိုက်အတန့်ပယ်ခွာနိုင်သည့် ရူပကုသိုလ် အရူပကုသိုလ်တရားများကိုလည်း ဟောကြားတော်မူသည်။ **သမုစ္ဆေဒ-ပဟာန်**ခေါ် အပြတ်ပယ်သတ်နိုင်သော ဝိပဿနာမဂ်တရားများကိုလည်း ဟောကြားတော်မူသည်။ **ပဋိပဿဒ္ဓိပဟာန်**ခေါ် အငွေ့အသက်မျှမကျန် အောင် အဖန်ဖန်ပယ်သတ်နိုင်သော ဖိုလ်တရားများကိုလည်း ဟော ကြားတော်မူသည်။

ယင်းဟောကြားချက်များကို လိုက်နာကျင့်သုံးခြင်းဖြင့် ဒုစရိုက် တရားများမှ ကင်းစင်သည်။ ကိလေသာအကုသိုလ်တရားများမှ ကင်း စင်သည်။ ကင်းစင်ခြင်းကြောင့် စိတ်ဆင်းရဲမှုများမှ လွတ်မြောက်သည်။ ကိုယ်ဆင်းရဲမှုများမှ လွတ်မြောက်သည်။ အပါယ်ငရဲ ဒုဂ္ဂတိဘဝဆင်းရဲ များမှ လွတ်မြောက်သည်။ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်သည်။ ဤသို့အကျိုးမဲ့များကိုနှစ်စေလေသည်။

ထို့ကြောင့် ဆည်းကပ်ကိုးကွယ်ရာ- "သရဏ"ဟူသော အမည်ကို ဘုရား, တရား, သံဃာ-ဟူသော ရတနာမြတ်သုံးပါးတို့က ရရှိထား ခြင်းဖြစ်သည်။ ဘုရား, တရား, သံဃာ-ရတနာ မြတ်သုံးပါးတို့က "သရဏ" ဟူသော အမည်ကို အသီးသီးရရှိနိုင်ပုံကို ရှင်းလင်းဖော်ပြ ပါအံ့။

## ဘုရားရတနာ

ကျွန်ုပ်တို့ အားထားကိုးကွယ်နေကြသည့် ဘုရားရတနာဟူသည်မှာ-ပါရမီဆယ်ပါး, **စွန့်ခြင်းကြီးငါးပါး** ဘုရားဖြစ်ကြောင်းတရားများကို ကမ္ဘာပေါင်းလေးအသင်္ချေနှင့်တသိန်းကြာအောင်ဘဝပေါင်းမရေမတွက် နိုင်ပဲ ဘဝများစွာဖြည့်ကျင့်ခဲ့ပြီး နောက်ဆုံးဘဝ၌ ခြောက်နှစ်တိုင်တိုင် အလွန်ကျင့်နိုင်ရန် ခဲယဉ်းလှစွာသော ဒုက္ကရစာကျင့်ကို ကျင့်သုံးပြီးမှ စူးရှထက်မြက်လှစွာသော **သီလ, သမာဓိ, ပညာ** အဟုန်ဖြင့် မဟာဝဇိရ **ဝိပဿနာ**ပေါင်း **သုံးကုဋေ**ခြောက်သန်းတို့၏စွမ်းအားကို အသုံးပြုရှုမှတ် သောကြောင့် **အရဟတ္တမဂ်ဉာဏ်**, **အရဟတ္တဖိုလ်ဉာဏ်**များကို တရား

အားလုံးကို မကြွင်းမကျန် သိမြင်ရန်စွမ်းနိုင်သည့် သဗ္ဗညုတဉာဏ်တော်ကြီးနှင့်အတူ ရရှိတော်မူသော''ဘုရား''ဟူ၍ ခေါ်ဝေါ်ပညတ် သမုတ်အပ်သည့် အရဟံအဂုဏ်ရှိသော ဂုဏ်တော်ကိုးပါးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်ပါသည်။

ယင်း ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးဖြစ်သော ဘုရားရှင်သည် မိမိကိုယ်တော်တိုင် ကျင့်သုံး လေ့လာ ပွားများသိမြင်တော်မူသည့်အတိုင်း ပင်လျှင် သတ္တဝါတို့အား အကျိုးစီးပွားကို ဖြစ်စေသည့် တရား၊ အကျိုးမဲ့ကို နှစ်စေသည့်တရားများကို ဟောပြောပြသ ညွှန်ကြားဆုံးမတော်မူသောကြောင့်''သရဏ''အမည်ကို ရရှိတော်မူခြင်းဖြစ်သည်။

**တရားရတနာ**

ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တော်မူသော မြတ်ဗုဒ္ဓ ဘုရားရှင် နည်းပေးညွှန်ပြ ဟောကြားသည့် တရားမွေတို့သည်လည်း ကျင့်သုံး ပွားများသူတို့အား အကျိုးစီးပွားကို ဖြစ်စေသည့်တရား၊ အကျိုးမဲ့ကို နှစ်စေသည့် တရားဖြစ်သောကြောင့်''သရဏ''အမည်ကို ရရှိကြပေသည်။

ယင်း သရဏအမည် ရနိုင်သည့် တရားတော်သည်—

သောတာပတ္တိမဂ်၊
သကဒါဂါမိမဂ်၊
အနာဂါမိမဂ်၊
အရဟတ္တမဂ်-

ဟူသော မဂ်လေးပါးတရားတော်မြတ်လည်း''သရဏ''အမည်ရနိုင်သည်။ ယင်း မဂ်လေးပါး၏ အကျိုးတရားဖြစ်သော—

သောတာပတ္တိဖိုလ်၊
သကဒါဂါမိဖိုလ်၊
အနာဂါမိဖိုလ်၊
အရဟတ္တဖိုလ်—

ဟူသော ဖိုလ်လေးပါးတရားတော်မြတ်သည်လည်း''သရဏ''အမည်ကို— ရရှိနိုင်သည်။ ယင်း မဂ်လေးပါး, ဖိုလ်လေးပါးတို့၏ အားပြု အာရုံ

ပြုရာဖြစ်သော "နိဗ္ဗာန်" တရားသည်လည်း "သရဏ" အမည်ကို ရရှိပေသည်။

မဂ်တရားလေးပါး, ဖိုလ်တရားလေးပါး, နိဗ္ဗာန်တရားဟူသော လောကမှ လွတ်မြောက်နေသည့် "လောကုတ္တရာ"တရား ကိုးပါးတို့ကို ရရှိနိုင်ရန်ဟောကြားသည့် သီလ, သမာဓိ,ပညာ-တရားသုံးပါး၌ အကျုံးဝင်သော ပိဋကသုံးသွယ်, နိကာယ်ငါးပါး—ဟူသော ပရိယတ္တိတရားတော် အစုသည်လည်း "သရဏ" အမည်ကို ရပေသည်။

ယင်း မဂ်, ဖိုလ်, နိဗ္ဗာန်, ပရိယတ်-ဟူသော တရားတော်များသည် လိုက်နာကျင့်သုံးသူနှင့် ဆိုက်ရောက်ရရှိသူတို့အား မကောင်းကျိုးနှစ်၍ ကောင်းကျိုးဖြစ်စေသည်။ ထို့ကြောင့် **သရဏ** အမည်ရရှိသည့် မမွေ ရတနာသည် - မဂ်လေးပါး, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ်-ဟူ၍ ဆယ်ပါးရှိပေသည်။

**သံဃရတနာ**

မဂ်လေးပါးကို ရရှိပြီးဖြစ်သည့် မဂ်၌တည်သောပုဂ္ဂိုလ် လေးယောက်၊ ဖိုလ်လေးပါး၌တည်သောပုဂ္ဂိုလ် လေးယောက်အားဖြင့် အရိယာသံဃာတော် ရှစ်ယောက်ရှိသည်။ အရိယာသံဃာဟူသည် ကိလေသာအညစ်အကြေးမရှိပဲ ဖြူစင်မြင့်မြတ်သော သံဃာဟူ၍ အနက်ပြန်ရသည့် ပုဂ္ဂိုလ်များ ဖြစ်သည်။ ပရမတ္ထသံဃာတော်များ ဖြစ်သည်။

ပုထုဇဉ်ပင်ဖြစ်သော်လည်း အရိယာသံဃာဖြစ်ရန်အတွက် ကျင့်သုံးဆဲဖြစ်သော သိမ်အတွင်း၌ ကမ္မဝါစာဖြင့် ရွှတ်ဖတ်သမုတ်ထားသည့် သံဃာဟူသော **သမုတိသံဃာ** လည်း ရှိပေသေးသည်။

ဤသို့ **သမုတိသံဃာ** နှင့် **ပရမတ္ထသံဃာ** ဟူသော သံဃာရတနာ နှစ်မျိုးတို့သည်—

(က) စေတနာ, သဒ္ဓါ ထက်သန်စွာဖြင့် လှူဒါန်းပူဇော်ခြင်း၊ ရှိခိုးပူဇော်ခြင်းများ ပြုလုပ်လျှင် များစွာသော ကြီးမား မြင့်မြတ်သည့် အကျိုးတရားများကို ရစေနိုင်သည်။

(ခ) မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ တရားဒေသနာတော်များကို ကိုယ်တိုင်လည်းကျင့်သုံးသည်၊ အခြားတပည့်သား ရှင်လူများကိုလည်း နည်းပေးထုတ်ဖော် ဟောကြားတော်မူကြသည်။

(ဂ) မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ အဆုံးအမ - တရားဒေသနာ သာသနာတော် မကွယ်မပျောက်စေရန်လည်း စောင့်ရှောက် ထိန်းသိမ်းတော်မူကြသည်။

ဤသို့သောအကြောင်းများဖြင့် သံဃရတနာတော်သည် အကျိုးစီးပွားကို ဖြစ်စေသည်။ အကျိုးမဲ့ကိုနှစ်စေသည်။ ထို့ကြောင့် သံဃရတနာသည်လည်း "သရဏ" ဟူသောအမည်ကို ရရှိပေသည်။

ဤသို့လျှင် လောကဥ္စ-ဘုရား, တရား, သံဃာဟူသော "သရဏ" တရားသုံးပါး ဖြစ်ပေါ် တည်ရှိနေပေသည်။

**ကိုးကွယ်ရာ (သရဏ) အနက်အဓိပ္ပာယ်**

သရဏ-ဟူသော ပါဠိဝေါဟာရကို "ကိုးကွယ်ရာ" ဟူ၍ မြန်မာဘာသာ ပြန်ဆိုခဲ့ကြသည်။ ယင်း ကိုးကွယ်ရာဟူသော စကားလုံး၌ ပါဝင်သည့် "**ကိုး**" ဟူသောစကားလုံးမှာ အားကိုးသည် - ဟူသော စကားလုံး၌ပါသည့် ကိုးကဲ့သို့ပင် အားကိုး - အားထားခြင်း အနက်ရှိသည်။

"**ကွယ်**" ဟူသော စကားလုံးမှာ အကွယ်အကာပြုသည်-ဟူသော စကားလုံး၌ပါသည့် ကွယ်-ဟူသောစကားလုံးကဲ့သို့ပင် အကွယ်အကာပြုခြင်း, ဖုံးကွယ်ထားခြင်း, ပုံးကွယ်ရာဖြစ်ခြင်း-ဟူသော အနက်အဓိပ္ပာယ်ရှိပေသည်။

ကျွန်ုပ်တို့သည် ရန်သူများ၏ လက်နက်များဖြင့် ထိုး, ခုတ်, ပစ်ခတ်, တိုက်ခိုက်ခြင်းကို ခံရသည့်အခါ၌ ဒိုင်းများ, ကာများ ဖြင့် လည်းကောင်း၊ ကတုတ်, ခံတပ် များ၌ လည်းကောင်း၊ ဥမင်, ဂူလိုဏ် များ

စသည်၌ လည်းကောင်း လက်နက်များ မိမိကိုယ်ကို မထိမခိုက်စေရန်၊ မထိမမှန်စေရန် အားကိုးအားထား အကာအကွယ်ယူကြရသည်။ ယင်းသို့ အားကိုးအားထား အကာအကွယ်ယူရသည့် ဒိုင်း, ကာ, ကတုတ်, ခံတပ်, ဂူ လိုဏ်များကို ကိုကွယ်ရာနေရာအရပ်ဟု သတ်မှတ်သကဲ့သို့ စိတ်ဆင်းရဲမှု၊ ကိုယ်ဆင်းရဲမှု၊ အပါယ်ဘဝဆင်းရဲမှု၊ သံသရာဆင်းရဲမှု ဘေးရန်အန္တရာယ်များ မထိမရောက် ကင်းပျောက်ငြိမ်းအေးစေရန် အားကိုးအားထား အကာအကွယ်ယူရာဖြစ်သော ဘုရား,တရား,သံဃာ-ရတနာသုံးပါးဟူသော သရဏ-တရားသုံးပါးကိုလည်း ကိုးကွယ်ရာ ဟူ၍ အနက်မြန်မာ ပြန်ဆိုခဲ့ခြင်း ဖြစ်ပေသည်။

**သရဏဂုံ**

သရဏဂုံ-ဟူသော ဝေါဟာရ၌ ပါဝင်သည့် “ဂုံ” ဟူသောစကားလုံးမှာ ဂမန-ဟူသော ပါဠိစကားလုံးကို မြန်မာမှုပြု၍ “ဂုံ” ဟုခေါ်ဝေါ်မွေးစားလိုက်ခြင်း ဖြစ်သည်။ ကောဏာဂမနမှ ကောဏာဂုံ ဖြစ်သကဲ့သို့တည်း။ အာရမ္မဏ-မှ အာရုံ-ဖြစ်သကဲ့သို့ဘည်း။

ယင်းသို့ “ဂုံ”ဟု ဖြစ်လာသော ဂမန-ဟူသောပါဠိဝေါဟာရသည် (ဂမု-ဓာတ်+အန (=ယု) ပစ္စည်း=ဂမန-ဖြစ်ရာ) သွားရောက်ခြင်း, ဆိုက်ရောက်ခြင်း အနက်ရှိပေသည်။ ယင်း ဂမန-ပုဒ်၏ ကိုးကွယ်ရာသို့ သွားရောက်ခြင်း ဆိုက်ရောက်ခြင်း ဟူသည်ကို ပိုမိုထင်ရှားစေရန် “ချဉ်းကပ်ခြင်း၊ ဆည်းကပ်ခြင်း” ဟူ၍ တဆင့်ပြောင်းလဲ ပြန်ဆိုရပြန်သည်။ ထို့ကြောင့် သရဏ ဂမန-မှ သရဏဂုံ-ဟု ပြန်ခြင်းသည် “ကိုးကွယ်ရာအဖြစ် ဆည်းကပ်ခြင်း” ဟု ဆိုလိုပေသည်။ ထို့ကြောင့်ပင် သရဏဂုံတည်ခြင်းဟုဆိုလျှင် “ဘုရား, တရား, သံဃာ-ရတနာသုံးပါးကို ကိုးကွယ်ရာဟူ၍ ဆည်းကပ် တည်နေခြင်းဖြစ်သည်” ဟု သိမှတ်သင့်ပေသည်။

ဤသည်မှာ သရဏဂုံသုံးပါး တည်ခြင်းဟူသော ဥပါသကာခေါ် ဗုဒ္ဓဘာသာဝင် အင်္ဂါရပ်ကို ရှင်းလင်းပြချက်ဖြစ်သည်။

**သရဏဂုံအကျိုး**

သရဏဂုံ သုံးပါးကို မညှိုးမပျက်မအောင် စောင့်ထိန်း နိုင်ပါလျှင် လောက, သံသရာ အကျိုးတရားများစွာကို ရရှိနိုင်ပေသည်။

အပါယ်လေးပါးသို့ မလားမရောက်ရခြင်း၊
နတ်ပြည်နတ်ဘဝသို့ ရောက်ရခြင်း—

ဟူသော အကျိုးတရား နှစ်မျိုးကို ရရှိနိုင်သောကြောင့် သဂါထာဝဂ္ဂ သံယုတ်ပါဠိတော် (သံ ၁၊ နှာ-၂၅၀) ၌ မြတ်စွာဘုရား ဟောကြား တော်မူသည်။

နတ်ပြည်၌နတ်ဖြစ်သောအခါတွင်လည်း အခြားသောနတ်များထက်-

(၁) အသက်ရှည်ခြင်း၊

(၂) အဆင်းလှခြင်း၊

(၃) ချမ်းသာကြီးခြင်း၊

(၄) အခြွေအရံများခြင်း၊

(၅) တန်ခိုးကြီးခြင်း၊

(၆) ကောင်းသော အဆင်းအာရုံ (ရူပါရုံ)ကို ရခြင်း၊

(၇) ကောင်းသော အသံအာရုံ (သဒ္ဒါရုံ)ကို ရခြင်း၊

(၈) ကောင်းသော အနံ့အာရုံ (ဂန္ဓာရုံ)ကို ရခြင်း၊

(၉) ကောင်းသောအရသာအာရုံ(ရသာရုံ)ကို ရခြင်း၊

(၁၀) ကောင်းသော အတွေ့အာရုံ (ဖောဋ္ဌဗ္ဗာရုံ)ကို ရခြင်း—

ဟူသော ဆယ်ပါးသော အကျိုးဖြင့် ပိုကဲလွှမ်းမိုးနိုင်ပေသည်။ လူ့ဘဝ ၌လည်း မြင့်မြတ်သော အမျိုး၌ဖြစ်ရ၍ အသက်ပါအကျိုးတရား ဆယ်ပါးကို ရရှိနိုင်ပေသည်။ (ဒီ ဋ္ဌ-၁၊ နှာ-၂၀၉။)

အဆုံးစွန်သော ဘဝ၌လည်း ဒုက္ခခပ်သိမ်းတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန် ချမ်းသာကို ရရှိနိုင်ပေသည်။ ဤအကြောင်းကို—

"ဤ သရဏဂုံသုံးပါးတည်းဟူသော တရားမြတ်ကို အစွဲပြု၍ ဆင်းရဲချုပ်ရာ နိဗ္ဗာန်ချမ်းသာကို ရနိုင်သည်"

ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူပေသည်။ (ဓမ္မပဒ၊ ဂါထာ-၁၉၂။)

ဤသို့ အကျိုးတရား ကြီးမား များပြားလှသည့် သရဏဂုံကို စွဲစွဲမြဲမြဲ ဆည်းကပ်ကိုးကွယ်သင့်လှပေသည်။

**ကိုးရင်သာမဏေသရဏဂုံ**

ကိုရင်သာမဏေများမှာ သရဏဂုံကို စည်းကမ်းတကျ ဆောက်တည်ခြင်းသည် ကိုရင်သာမဏေဖြစ်ရန် အဓိက အရေးကြီးသည့် အချက် ဖြစ်သည်။ ကိုရင်သာမဏေတို့၌-

(က) ခေါင်းရိတ်ခြင်း၊

(ခ) သင်္ကန်းဝတ်ခြင်း၊

(ဂ) သရဏဂုံတည်ခြင်း—

အင်္ဂါသုံးပါးစုံညီမှ ကိုရင်သာမဏေဖြစ်သည်။ ထိုတွင် ခေါင်းရိတ်ခြင်းနှင့် သင်္ကန်းဝတ်ခြင်းမှာ မခက်လှပေ၊ အလွယ်နှင့်ပြီးနိုင်သည်။

သရဏဂုံတည်ခြင်းမှာမူ-

(က) သရဏဂုံဆောက်တည်သည့်ပါဠိ ကိုးဝါကျကို ပြံပြံ သသ ဌာန်,ကရိုဏ်း-ကျကျ ရွတ်ဆိုနိုင်ရမည်။

(ခ) အစဉ်အတိုင်း ရွတ်ဆိုနိုင်ရမည်ဖြစ်သည်။ အစဉ်ပြောင်းလွဲ၍ မရွတ်ဆိုရ။

(ဂ) အဓိပ္ပာယ်အနက်တူသော်လည်း ဒုတိယမ္ပိ၊ တတိယမ္ပိ— ဟူသော အကြိမ်ပြ ပါဠိများမပါပဲ သရဏဂုံဆောက်တည်ပုံ ပါဠိချည်း သက်သက် မရွတ်ဆိုရ။

(ဃ) ပါဠိဘာသာဖြင့်သာ ရွတ်ဆိုရသည်။ အဓိပ္ပာယ် အနက်တူသော်လည်း အခြားဘာသာဖြင့် မရွတ်ဆိုရ။

ဤ အချက်အလက် ပြည့်စုံစွာ သရဏဂုံကို ရှတ်ဆို ဆောက်တည်မှသာ ကိုရင်သာမဏေဖြစ်နိုင်ပေသည်။ မပြည့်စုံလျှင် ကိုရင်သာမဏေ မဖြစ်ပေ။ (ဝိနည်းမဟာဝဂ်အဋ္ဌကထာ နှာ-၂၅၀။)

ရှေးကဘုန်းတော်ကြီးများသည် ကိုရင်လောင်းကို တစ်လခန့်မျှကြိုတင်ပြီး သရဏဂုံရွတ်ဖတ်နည်းကို မနေမနားသင်ကြားပေးတော်မူကြသည်။ ကိုရင်သာမဏေ ဖြစ်နိုင်စေရန်အတွက် အထူးဂရုစိုက်တော်မူ ကြသည်။ ရခဲလှစွာသော ရှင်သာမဏေအဖြစ်ကိုရမှ ငွေကုန်ခံ၍ လူပန်းခံ၍ပြုလုပ်သည့် ရှင်ပြုပွဲကြီး အဓိပ္ပာယ်ရှိရှိဖြင့် အောင်မြင်နိုင်မည် ဖြစ်ပေသည်။

ဤ ကိုရင်သာမဏေတို့၏ သရဏဂုံဆောက်တည်ပုံသည် ဥပါသကာများနှင့် မဆိုင်သော်လည်း ဖော်ပြတော့မည့် ဥပါသကာများအတွက် သရဏဂုံဆောက်တည်ရာ၌ နှိုင်းယှဉ် သိမြင်နိုင်ကြစေရန် ဗဟုသုတအဖြစ် ဖော်ပြခြင်းဖြစ်ပါသည်။

သရဏဂုံဆောက်တည်ပုံ

သရဏဂုံဆောက်တည်နည်းကို အဋ္ဌကထာ ကျမ်းကြီးများ၌ လေးမျိုးခွဲခြား ပြဆိုတော်မူကြသည်။ ယင်းလေးမျိုးမှာ-

(က) အတ္တသံနိယျာတန-ရတနာ သုံးပါးအား မိမိကိုယ်ကို အပ်နှင်းခြင်း၊

(ခ) တပ္ပရာယန-ရတနာသုံးပါးကို မှီခိုခြင်း၊

(ဂ) သိဿဘာဝူပဂမန-ရတနာသုံးပါး၏ တပည့်အဖြစ် ခံယူခြင်း၊

(ဃ) ပဏိပါတ—ရတနာသုံးပါးကို တုပ်ဝပ် ညွတ်ခြင်း-

ဟူ၍ လေးမျိုးဖြစ်သည်။ ယင်းလေးမျိုးကို အဋ္ဌကထာ, ဋီကာများမှာသာသည့်အတိုင်း အကျယ်ရေးရပါလျှင် သရဏဂုံပြကျမ်းကြီး တဆူဖြစ်သွားဖွယ်ရာရှိသည်။

ဤစာအုပ်၌မူ ရှေးရိုးစဉ်လာ သုံးစွဲလာခဲ့သော အတ္တသံနိယျာတန-ခေါ် မိမိကိုယ်ကို ရတနာသုံးပါးအား အပ်နှင်းသည့် သရဏဂုံအမျိုး

အစားဖြစ်သည့် ယခုခေတ်၌ ထင်ရှားနေသော သရဏဂုံဆောက်တည်နည်းကိုသာ လိုအပ်သလို လိုက်နာကျင့်သုံး နားလည်စေရန် ဖော်ပြပါအံ့။

ဤနည်းသည် တွင်ကျယ်နေသည့်ပြင် လွယ်လည်းလွယ်ကူပေသည်။ ယင်း သရဏဂုံဆောက်တည်နည်းမှာ-

(က) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ - ဘုရားကို ကိုးကွယ် ဆည်းကပ်ပါ၏။
(ခ) ဓမ္မံ သရဏံ ဂစ္ဆာမိ-တရားကို ကိုးကွယ် ဆည်းကပ်ပါ၏။
(ဂ) သံဃံ သရဏံ ဂစ္ဆာမိ-သံဃာကို ကိုးကွယ် ဆည်းကပ်ပါ၏။

ဒုတိယမ္ပိ—နှစ်ကြိမ်မြောက်လည်း-(က-ခ-ဂ- ပြန်ဆိုပါ။)
တတိယမ္ပိ—သုံးကြိမ်မြောက်လည်း-(က-ခ-ဂ-ပြန်ဆိုပါ။)

ဤသို့ ကိုးဝါကျကို ပြီပြီသသ မှန်ကန်အောင် ရွတ်ဆို၍ သရဏဂုံ ကျင့်သုံး ဆောက်တည်ရပါသည်။ မဆောက်တည်မီလည်း—

> "ဤ ဘုရား, တရား, သံဃာ—ရတနာသုံးပါးတို့သည် လောကဝ်၌ အမြတ်ဆုံးဖြစ်သည်။ လောကီချမ်းသာ လောကုတ္တရာ ချမ်းသာ—ဟူသော ချမ်းသာအမျိုးမျိုးကို ပေး စွမ်း နိုင် လျက် မကောင်းကျိုးနစ်၊ ကောင်းကျိုးဖြစ်စေသောကြောင့် ကိုးကွယ် ဆည်းကပ်ထိုက်သည်"

စသည်ဖြင့် ဆင်ခြင် စဉ်းစားသင့်ပေသည်။ ယင်းသို့ ဆင်ခြင်ပြီးမှ သီလ, သမာဓိ, ပညာဂုဏ်နှင့် ပြည့်စုံသည့် ရဟန်းသံဃာများထံ၌ သရဏဂုံ ပါဠိကို ရွတ်ဆို ဆောက်ဘည်ရသည်။ ရဟန်းသံဃာများက ရှေ့မှရွတ်ဆို ပို့ချပေးလျှင်လည်း လိုက်၍ဆိုရသည်။

ရဟန်းသံဃာ မရှိသည့်အခါ (မရနိုင်လျှင်) သီလ, သမာဓိ, ပညာ ရှိသူ လူဝတ်ကြောင်များထံတွင် ဆောက်တည်နိုင်သည်။ စေတီ, ပုထိုး, ရုပ်ပွားတော်, ဓာတ်တော်—မွေတော်များရှေ့မှာလည်း ဆောက်တည်နိုင်သည်။ မိမိစိတ်ထဲမှာ ရတနာသုံးပါးကို မှန်းထား၍လည်း ဆောက်တည်နိုင်ပေသည်။

**သရဏဂုံ၌သတိပြုရန်**

ကိုရင် သာမဏေဖြစ်ရန် မဟုတ်ပဲ လူဝတ်ကြောင်ဖြင့် ဥပါသကာဖြစ်ရန်မှာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်လိုသော စိတ်ဓာတ်အရင်းခံထားပြီး ဖြစ်လျှင်မူကား သရဏဂုံပါဠိကို ပြီသအောင် မရွတ်ဆိုနိုင်သော်လည်း သရဏဂုံ ရရှိနိုင်ပေသည်။ ပါဠိဘာသာဖြင့်မဟုတ်ပဲ မိမိတို့နားလည်သည့် ဘာသာဖြင့်လည်း ခံယူရရှိနိုင်ပေသည်။

ဗောဓိမင်းသားကို ကိုယ်ဝန်တည်နေစဉ်အခါမှာ မိခင်က ဝမ်းတွင်းရှိသားငယ်အတွက် ဘုရားရှင်ထံတွင် "ဝမ်းတွင်းရှိ သူငယ်အတွက် သရဏဂုံဆောက်တည်ပါသည်ဘုရား" ဟု လျှောက်ထား၍ သရဏဂုံယူခဲ့သည်။

ဗောဓိမင်းသား ဖွားမြင်ပြီး ထိုင်နိုင်ရုံ ကလေးငယ်အဖြစ်မှာလည်း အထိန်းတော်က "ဤကလေးအတွက် သရဏဂုံယူပါသည်ဘုရား" ဟု မြတ်စွာဘုရားအား လျှောက်ထား၍ သရဏဂုံယူခဲ့သည်။

မြတ်စွာဘုရားရှင်ကလည်း ဤသို့မသိသေးသည့် သူငယ်အတွက် မိခင်နှင့်အထိန်းတော်များက သရဏဂုံယူလို့ မရနိုင်ဟု မြစ်ပယ်တော်မမူခဲ့ချေ။ ဤအကြောင်းကို **မဇ္ဈိမပဏ္ဏာသ** ပါဠိတော် (နှာ-၃၀၀)၌ ဟောကြားထားပေသည်။

သရဏဂုံဟူသည် စိတ်ဓာတ်မပါပဲ ယူ၍မရနိုင်။ သို့သော်—သိတတ်လာ၍ မိခင်နှင့် အထိန်းတော်များက ပြောပြ၍ သိရှိနားလည်သောအခါ အကျိုးရှိကြောင်းကို ယင်းအဋ္ဌကထာ၌ ဖော်ပြထားပေသည်။ (မဋ္ဌ—၃၊ နှာ-၂၂၆။)

ဤသို့ပြဆိုသော အချက်များကိုထောက်လျှင် ကလေးငယ်များအတွက် လူကြီးမိဘများက သရဏဂုံဆောက်တည်လျှင်လည်း သရဏဂုံအရင့်စားကြီး မဖြစ်သေးသော်လည်း သရဏဂုံ အနုစားကလေးမျှတော့ ဖြစ်နိုင်သည်ကို သိရပေသည်။ သရဏဂုံအကျိုးကိုလည်း ထိုက်သင့်သမျှ ခံစားရရှိနိုင်ပေသည်။

အာဠဝကနှင့် ကလေးငယ်သည် ဘုရားအမှူးရှိသော သံဃာတော် မြတ်တို့ ရွတ်ဆိုဟောကြားသော ပရိတ်တရားတော် တန်ခိုးကြောင့် ဘေးကင်းခြင်း, ကျန်းမာခြင်း, အသက်ရှည်ခြင်း - အကျိုးများကို ရရှိ ခဲ့သည်။ (ဓမ္မပဒ ဋ္ဌ-၁၊ နှာ-၄၂၄—နှင့် ဤကျမ်း နှာ-၁၀၅၊ ပြန် ကြည့်ပါ။) ထိုကြောင့် သရဏဂုံယူရန် မသိနားမလည်သော်လည်း သရ- ဏဂုံ၏အကျိုးကို ခံစားရရှိနိုင်ကြောင်း သိရှိရပေသည်။

ရတနာသုံးပါးကို ယုံကြည်အားကိုး၍ ဆရာသမား လူကြီးမိဘများ သင်ကြားပေး၍ လိုက်နာရွတ်ဆိုရာ၌ အဓိပ္ပာယ်အနက်ကို သိသည်ဖြစ် စေ၊ မသိသည်ဖြစ်စေ၊ မပြိုသသည်ဖြစ်စေ၊ သရဏဂုံဖြစ်နိုင်ကြောင်း, သရဏဂုံအကျိုးကို ရနိုင်ကြောင်းကိုလည်း ဤအထောက်အထားများ အရ သိနိုင်ကြပေသည်။

**သရဏဂုံအတွက် အရေးကြီးသော အချက်**

သရဏဂုံဆောက်တည်ရာ၌ အရေးကြီးသည့် သိမှတ်ဖွယ်ရာအချက် လေးမျိုးရှိသည်။ ယင်းတို့မှာ—

(က) ဉာတိ-အမျိုးတော်စပ်၍ သရဏဂုံယူခြင်း၊
(ခ) ဘယ-ကြောက်၍ သရဏဂုံယူခြင်း၊
(ဂ) အာစရိယ-လောကီအကျိုးပြု ဆရာအဖြစ်သရဏဂုံယူခြင်း၊
(ဃ) ဒက္ခိဏေယျ-မြင့်မြတ်သော အလှူခံထိုက်သူအဖြစ် သရဏ ဂုံယူခြင်း-ဟူ၍ လေးမျိုးရှိသည်။ သိသာရုံမျှခွဲပြပါအံ့။

ယင်းလေးမျိုးတွင် အမျိုးတော်၍ယူခြင်းဟူသော (က) အမျိုးအ စားမှာ ဘုရားက ငါတို့အမျိုးအနွယ်၊ တရားက ငါတို့အမျိုးက ဟော သည့်တရား၊ သံဃာက ငါတို့နှင့် ဘယ်လိုအမျိုးဆက်စပ်သည်ဟု သရဏ ဂုံဆောက်တည်လျှင် သရဏဂုံမဖြစ်နိုင်ချေ။

(ခ) သရဏဂုံမဆောက်တည်လျှင် ထောင်ဒဏ်, ငွေဒဏ်, ကြိမ်ဒဏ်- ဒဏ်ထိမည်၊ ဘေးအန္တရာယ်ဖြစ်မည်ဟု ယူဆပြီး ကြောက်ရွံ့၍ သရဏဂုံ ယူလျှင် သရဏဂုံ မဖြစ်ချေ။

(ဂ) ဘုရားက ငါတို့ကို ဘယ်လိုပိုက်ဆံရအောင် ညွှန်ပြသည်၊ ဘယ်လိုသဌေးဖြစ်အောင် နည်းပေးသည်၊ ဘုရားဟောတရားထဲက ဘယ်လိုလောကီအကျိုးကို ညွှန်ပြသည်၊ ဘုန်းကြီးရဟန်းသံဃာက ဘယ်လိုဗေဒင်ဟောသည်၊ ဘယ်လိုဆေးကုပေးသည်-စသည်ဖြင့် လောကီအကျိုးကလေးမျှ ရရုံဖြင့် သရဏဂုံဆောက်တည်၍ သရဏဂုံမဖြစ်နိုင်ပေ။

(ဃ) ဘုရား, တရား, သံဃာ-ရတနာသုံးပါးသည်ကား လောက၌အမြတ်ဆုံးဖြစ်သည်။ ဤရတနာသုံးပါးထက် မြင့်မြတ်သော အခြားဘုရား, တရား, သံဃာ- မရှိနိုင်ချေ။ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရေးအတွက် ရတနာသုံးပါးမှလွဲ၍ အခြားတရားမရှိနိုင်။ အကယ်၍ ကောင်းကျိုးတရားလိုလားသဖြင့် အလှူဒါန ပြုမည်ဆိုလျှင် ဤရတနာသုံးပါးအား ပြုမှသာ အကျိုးအကြီးဆုံး ဖြစ်နိုင်သည်။ ဤထက် အကျိုးကြီးမားနိုင်သည့် အရာမရှိဟု ယူဆခြင်းသည် ဒက္ခိဏေယျ ဖြစ်ပေသည်။ ဤသို့ ဒက္ခိဏေယျခေါ် မြင့်မြတ်သော အလှူခံထိုက်သူအဖြစ် သရဏဂုံဆောက်တည်မှသာ သရဏဂုံဖြစ်နိုင်ပေသည်။

ဤအချက် လေးပါးကိုထောက်၍ လောက၌ မလွဲမရှောင်သာ၍ ကြောက်၍ နတ်ကိုးကွယ်ခြင်း၊ အခြားဘာသာများကိုရောခြင်း-စသည်တို့ကြောင့်လည်း သရဏဂုံမပျက်နိုင်ကြောင်း သိသာပေသည်။ (ဒီ ဋ္ဌ-၁၊ နှာ- ၂၀၇။)

သရဏဂုံစင်ကြယ်ခြင်း ညစ်နွမ်းခြင်း

သရဏဂုံဆောက်တည်ရာ၌ သရဏဂုံစင်ကြယ်စေသည့် အကြောင်းသုံးပါးရှိသည်။ ယင်းတို့မှာ—

(က) သဒ္ဓါ - ရတနာသုံးပါးကို ယုံကြည်ခြင်း၊
(ခ) ပညာ -ရတနာသုံးပါးဂုဏ်ကို တတ်သိနားလည်ခြင်း၊
(ဂ) သမ္မာဒိဋ္ဌိ-အယူအဆမှန်ကန်ခြင်း—

တို့ဖြစ်သည်။ ယင်းသုံးမျိုးရှိမှသာ သရဏဂုံစင်ကြယ်သည်။ အကျိုးကြီးမားသည်။

(က) အသဒ္ဒါ - ရတနာသုံးပါးကို မယုံကြည်ခြင်း၊
(ခ) ဝိစိကိစ္ဆာ - ရတနာသုံးပါး၌ သံသယဖြစ်နေခြင်း၊
(ဂ) မိစ္ဆာဒိဋ္ဌိ - အယူအဆ မှားယွင်းခြင်း—

ဟူသော အကြောင်းသုံးမျိုးရှိလျှင် သရဏဂုံညစ်နွမ်းသည်။ အကျိုးမကြီးချေ။ သရဏဂုံဆောက်တည်ရာ၌ ဤအချက်များကိုလည်း သိသင့်ပေသည်။ (ဋီကာဝုတ်-၄၊ နှာ-၂၁၆။)

**သရဏဂုံပျက်ခြင်း။**

ယင်းသို့ ဗုဒ္ဓဘာသာဝင်များအတွက် အရေးကြီးလှသော သရဏဂုံသည်—

(က) ဤဘဝ အသက်သေဆုံးသွားလျှင်လည်း ပျက်သည်။
(ခ) အခြားဘာသာကိုယူ၍ အခြားဘာသာဆရာ၏ တပည့်အဖြစ်ခံယူလျှင်လည်း ပျက်ပေသည်။

ဤနှစ်မျိုးတို့တွင် (က) သေ၍ သရဏဂုံပျက်သည်မှာ အပြစ်မရှိပေ။ (ခ) အရ ပျက်လျှင် အပြစ်ရှိသည်။ အပါယ်ငရဲ ဆင်းရဲဒုက္ခ ရနိုင်သည်။ (ဒီ ၄-၁၊ နှာ-၂၀၉။)

**တိုက်တွန်းချက်**

ဤသို့ပြဆိုခဲ့သော စကားများဖြင့် ဥပါသကာခေါ် ဗုဒ္ဓဘာသာဝင်ဖြစ်နိုင်ရေးအတွက် အရေးကြီးလှသော သရဏဂုံနှင့်စပ်ဆိုင်သည့် မှတ်သားဖွယ်များကို ဖော်ပြခဲ့ရာ အတော်အသင့် ပြည့်စုံလုံလောက်ပြီဟု ထင်မြင်ပါသည်။ ပင်စင်အငြိမ်းစားဘဝနှင့် ပင်စင်အငြိမ်းစားအရွယ်ရောက်ပြီး ဗုဒ္ဓဘာသာ အမည်ခံယူထားသည့်တိုင်အောင် ဤမျှ အရေးကြီးသော သရဏဂုံအကြောင်းကို မသိနားမလည်သေးဟုဆိုလျှင် အလွန်ဝမ်းနည်းဖွယ်ကောင်းလှပါသည်။

တို့ကြောင့် ဤစာအုပ်၌ စွမ်းအားရှိသမျှ သရဏဂုံအကြောင်း နားလည်စေရန် ရေးသားဖော်ပြပါသည်။ သို့ပါလျက် မရှင်းလင်းသော အချက်အလက်များ ကျန်ရှိနေသေးပါလျှင် ဗုဒ္ဓစာပေကျွမ်းကျင်သည့်

ဆရာသမား ပညာရှိများထံ ဆည်းကပ် လေ့လာကြစေလိုပါသည်။ အဆင်သင့်၍ ကြုံကြိုက်ပါလျှင် ဤစာရေးသူထံသို့လည်း ပြန်လည်မေးမြန်းပါက စွမ်းအားရှိသမျှ ဗုဒ္ဓစာပေများမှ ရှာဖွေ၍ဖြစ်စေ၊ ပညာရှင်များထံ မေးမြန်း၍ ဖြစ်စေ ဖြေဆိုမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

(ခ) ငါးပါးပဉ္စသီတည်မြဲခြင်း။ ။ငါးပါးသီလ ဟူသည်မှာ စောင့်ရှောက် ထိန်းသိမ်းရမည့် သီလငါးမျိုးဖြစ်သည်။

ရှေ့ပိုင်း ကိုယ်ကျန်းမာရေးအခန်း၌ ကျန်းမာရေးအတွက် လိုအပ်သော အာဇီဝဋ္ဌမက-ရှစ်ပါး သီလအကြောင်း ရေးသားခဲ့သည်။ (ဤကျမ်း နှာ-၇၀-မှစ၍ ပြန်ရှုပါ။)

ဤ ဥပါသကာဗုဒ္ဓဘာသာဝင်များ စောင့်ရှောက်ရမည့် သာမန် ငါးပါးသီလကား သာကိစ္စ နာကိစ္စများ၌ အစဉ်အလာ ခံယူကြသည့် ငါးပါးသီလပင်ဖြစ်ပေရာ အထူးဖော်ထုတ် ရေးသားရန်လိုမည်မထင်ပါ။ ဖော်ပြခဲ့သည့်-

(က) ပါဏာတိပါတ - သူတပါးအသက်ကို သေအောင်သတ်ခြင်း၊
(ခ) အဒိန္နာဒါန - သူတပါးပစ္စည်းကို မပေးပဲယူခြင်း၊
(ဂ) ကာမေသုမိစ္ဆာစာရ - ကာမမှု၌ မှားယွင်းစွာကျင့်ခြင်း၊ (မိမိမပိုင်သောသူနှင့် မေထုန်မှုပြုခြင်း။)
(ဃ) မုသာဝါဒ - မဟုတ်မမှန် ပြောဆိုခြင်း၊
(င) သုရာမေရယ — အရက် စိမ်ရည်—စသည့် မူးယစ်စာကို သုံးစွဲခြင်း—

ဟူသော အကုသိုလ်မှု - ဒုစရိုက် ငါးပါးမှ ရှောင်ကြဉ်ခြင်းဖြစ်သည်။

ယင်း ငါးပါးသီလ၏ အဓိပ္ပာယ် သိမှတ်ဖွယ်များလည်း ရှေးက ဖော်ပြခဲ့သည့် အာဇီဝဋ္ဌမကသီလ အကြောင်းများထဲ၌ ပါဝင်ပြီးဖြစ်ပေသည်။

## ငါးပါးသီလဆောက်တည်ပုံ

ငါးပါးသီလကို အစဉ်အလာအတိုင်း "အဟံ ဘန္တေ...." စသည်ဖြင့် ရွတ်ဆိုပြီး သီလတောင်း၍ ဆောက်တည်လျှင်လည်း ရနိုင်သည်။

သိက္ခာပုဒ် ငါးပါးကို တစ်ပါးစီခွဲ ရွတ်ဆို၍လည်း ဆောက်တည်နိုင်သည်။ ယင်းသို့ ဆောက်တည်ရာ၌ တစ်ပါးကျိုးပျက်သော်လည်း ကျန်သည့်လေးပါး တည်ရှိသေး သည်။ (ဆောက်တည်ပုံကို နောက်ဆက်တွဲမှာကြည့်ပါ။)

အရေးကြီးကိစ္စရှိလျှင် "ပဉ္စသီလံ သမာဒိယာမိ" ဟု ပါဠိဘာသာဖြင့်ဖြစ်စေ၊ "ငါးပါးသီလ ဆောက်တည်ပါ၏" ဟူ၍ မြန်မာဘာသာဖြင့်ဖြစ်စေ ဆောက်တည်နိုင်သည်။ ယင်းသို့ ဆောက်တည်ရာ၌ တစ်ပါးပျက်လျှင် ကျန်လေးပါးပါ ပျက်သည်။ (ရှစ်ပါးသီလသည့် ဆောက်တည်ပြီးကျိုးပျက်ရာတွင်လည်း ဤနည်းအတူပင်ဖြစ်သည်။)

ရဟန်းသံဃာထံမှာ ဖြစ်စေ၊ လူဝတ်ကြောင် သီလရှိသူထံမှာဖြစ်စေ၊ ဘုရား၊ ရုပ်ပွားတော်၊ စေတီတော်—ရှေ့မှောက်မှာဖြစ်စေ၊ မိမိတကိုယ်တည်း ဘုရားအာရုံပြု၍ ဖြစ်စေ၊ သရဏဂုံသီလများကို အသီးသီးခွဲ၍ ဖြစ်စေ၊ တပေါင်းတည်းပြု၍ ဖြစ်စေ မည်သည့်ဘာသာဖြင့်မဆို ဆောက်တည်နိုင်သည်။ သရဏဂုံနှင့် သီလစောင့်သုံးရမည့် သဘောကို သိရန်သာ အရေးကြီးသည်။

ငါးပါးသီလ ကျိုးပျက်လျှင် အပြစ်ရှိသည်။ စောင့်ထိန်းလျှင် အကျိုးရှိပေသည်။ ဥပါသကာများ ကျိုးစားစောင့်ထိန်းရသည်။

## လူသားတို့တရားချိန်ခွင်

ငါးပါး သီလသည် "လူသားတို့၏ တရားချိန်ခွင်ကြီး" ဖြစ်သည်။ ငါးပါးသီလ စောင့်ထိန်းလျှင် သူတော်သူမြတ် ဖြစ်သည်။ ကောင်းရာသုဂတိသို့ ရောက်နိုင်သည်။ ငါးပါးသီလ မစောင့်ထိန်းလျှင် လူဆိုး လူယုတ်မာဖြစ်သည်။ အပါယ် ငရဲ မကောင်းသောဘဝများသို့ ရောက်

ရမည်ဖြစ်သည်။ ထို့ကြောင့် သူတော် သူမြတ်ဖြစ်ရန် လူဆိုး လူယုတ်မာ ဖြစ်ရန်မှာ ငါးပါးသီလစောင့်ထိန်းမှုရှိ-မရှိ အပေါ်မှာတည်နေကြောင်း သိနိုင်သည်။

မိမိ၏လားရာဂတိ (သေပြီးနောက် ဘယ်ဘဝရောက်မည်)ကို မိမိ ငါးပါးသီလ စောင့်ထိန်းသည်-မစောင့်ထိန်းသည်၌ တည်နေသည်။ စောင့်ထိန်းမှုရှိလျှင် လူ့ပြည်၊ နတ်ပြည် ကောင်းမြတ်သည့် ဘုံဘဝသို့ ရောက်ရသည်။ မစောင့်ထိန်းလျှင် တိရစ္ဆာန်ဘုံဘဝ၊ ငရဲသားဘုံဘဝ၊ ပြိတ္တာဘုံဘဝ၊ အသူရကာယ် ဘုံဘဝများသို့ ရောက်ရသည်။ အနိုက် အလှည့်သင့်၍ ယင်းအပါယ်လေးပါးဘဝများမှ ကျွတ်လွတ်၍ လူ့ဘုံ ဘဝရောက်ရပါလျှင်လည်း ဆင်းရဲမွဲတေသူများ ဘေးရောဂါရ ချူ နာ ပါတ-ဒုက္ခသည်များ ဖြစ်ကြရသည်။

ငါးပါးသီလ မလုံခြုံလျှင် အပါယ်လေးပါး ရောက်ကြောင်းကို အင်္ဂုတ္တိုရ်ပါဠိတော် (ဒုတိယတွဲ နှာ-၁၈၁၊ တတိယတွဲ နှာ-၇၈)၌—

> သူ့အသက်သတ်သူ၊ သူမပေးသောပစ္စည်းကိုယူသူ၊သူတပါး မယား သူတပါးလင်ကို ပြစ်မှားကျူးလွန်သူ၊ မဟုတ် မမှန် ပြောဆို လိမ်ညာသူ၊ မူးယစ်စာကို သုံးစွဲသူများသည် ထမ်းပိုး လာသည့် ဝန်ထုပ်ကို ပစ်ချလိုက်သကဲ့သို့ အပါယ်လေးပါးသို့ ကျရောက်ရသည်—

ဟူ၍ ဟောကြားတော်မူသည်။

> သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊သူမပေးသည့်ပစ္စည်း ကို ယူခြင်းမှ ရှောင်ခြင်း၊ သူတပါးမယား၊ သူတပါးလင်ကို မပြစ်မှား မကျူးလွန်ခြင်း၊ မဟုတ်မမှန် လိမ်ညာ မပြောပဲ ရှောင်ကြဉ်ခြင်း၊ မူးယစ်စာကို မသုံးစွဲပဲ ရှောင်ကြဉ်ခြင်းတို့သည် သတ္တဝါတို့အား ဘေးကင်း စေသည့် အလှူ-အဘယဒါန ဖြစ် ကြောင်း၊ နတ်ပြည် ရောက်နိုင်ကြောင်းကိုလည်း အင်္ဂုတ္တိုရ်ပါဠိ တော်ဒုတိယတွဲ(နှာ-၁၅၁။နှာ-၁၈၁)တို့၌ဟောတော်မူသည်။

ငါးပါး သီလထေရ်။

ထို့ပြင်လည်း အနောမဒဿီဘုရား ရှင်လက်ထက်တော်အခါက ဆင်းရဲသား အလုပ်သမားတစ်ယောက်သည် ဆင်းရဲသောကြောင့် အလှူကြီး မလှူနိုင်သော်လည်း ရဟန္တာပုဂ္ဂိုလ်တစ်ပါးထံ၌ ငါးပါးသီလကို ခံယူပြီး စောင့်ထိန်းသောကြောင့် သေလွန်သောအခါ တာဝတိံသာနတ်ပြည်၌ ဖြစ်ရသည်။ ထိုသူသည် အပါယ်လေးပါးဘဝ မရောက်ရပဲ လူ့ဘဝ နတ်ဘဝများမှာသာဖြစ်၍ စည်းစိမ်ချမ်းသာကို အကြိမ်များစွာ ရရှိခံစားရသည်။

နောက်ဆုံး ယခုဗုဒ္ဓသာသနာတွင်းဖြစ်သည့် ကျွန်ုပ်တို့၏ဂေါတမဘုရားရှင်လက်ထက်တော်၌ ငါးနှစ်သားအရွယ်မှာပင် မိဘများ ငါးပါးသီလဆောက်တည်သည်ကို သိရှိမှုဖြင့် ရှေး အနောမဒဿီ ဘုရားရှင်လက်ထက်တော်အခါက မိမိကျင့်သုံးခဲ့သည့် ငါးပါးသီလကို ပြန်လည်သတိရလျက် ရဟန်းပြုပြီး ကိလေသာကုန်ခန်းကာ ရဟန္တာဖြစ်ရလေသည်။ (အပ- ၁၊ နှာ-၈၄။)

ဤပါဠိတော် ကျမ်းများ၌လာသော ဝတ္ထုသက်သေများအရ ငါးပါးသီလ စောင့်ထိန်း လုံခြုံခြင်းသည် အပါယ်လေးပါး ဆင်းရဲဒုက္ခများစွာမှ လွတ်ကင်းပြီးလျှင် လူ နတ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာ-များကို ရရှိစေနိုင်ရန် ကြီးမားသော အထောက်အကူတရားကြီးဖြစ်သောကြောင့် အရိယာသစ္စာခေါ် အမှန်တရားကို သိမြင်ရန်လိုလားသူ ဥပါသကာ ဗုဒ္ဓဘာသာဝင်များသည် ကြိုးစား ကျင့်သုံးဆောက်တည်ကြရသည်။

(၈) မှားယွင်းသောကုန်သွယ်မှုရှောင်ကြဉ်ခြင်း။ ။ဥပါသကာခေါ် ဗုဒ္ဓဘာသာဝင်များသည်မှားယွင်းသော မိစ္ဆာကုန်သွယ် ရောင်းဝယ်မှုကို မပြုလုပ်ရချေ။ ပြုလုပ်လျှင်ဥပါသကာ အင်္ဂါပျက်ယွင်းသည်။ ပြန်၍ "နောင်မကျူးလွန်ပါ" ဟု ဆောက်တည်ရမည်။မိစ္ဆာဇီဝခေါ် မှားယွင်းသောအသက်

မေးမှုကို ဖော်ပြသည့် ကိုယ်ကျန်းမာရေးအခန်း စာမျက်နှာ ၁၀၃—၌ ပြဆိုပြီးဖြစ်သော်လည်း ဤနေရာ၌ ထပ်မံ၍ အကျဉ်းမျှပြပါဦးမည်။

ယင်း မိစ္ဆာကုန်သွယ်မှုငါးမျိုးမှာ—

(က) သတ္တဝဏိဇ္ဇာ-လူကုန်ကူးခြင်း၊
(ခ) သတ္ထဝဏိဇ္ဇာ- လက်နက်ကုန်ကူးခြင်း၊
(ဂ) မံသဝဏိဇ္ဇာ-အသားကုန်ကူးခြင်း၊
(ဃ) ဝိသဝဏိဇ္ဇာ အဆိပ်ကုန်ကူးခြင်း၊
(င) မဇ္ဇဝဏိဇ္ဇာ- ယစ်မျိုးကုန်ကူးခြင်း—

ဟူသောငါးမျိုးဖြစ်သည်။ ယင်းငါးမျိုးတို့တွင် သတ္တဝဏိဇ္ဇာ-လူကုန်ကူးခြင်းဟူသည်မှာ မတရားသောနည်းဖြင့် ခိုင်းစေရန် လူသတ္တဝါကို အကြင်နာကင်းမဲ့စွာ ရောင်းခြင်း ဝယ်ခြင်းကို တားမြစ်ချက်ဖြစ်သည်။ ကျန်ကုန်သွယ်မှုလေးမျိုးမှာ ကမ္ဘာလောကသားတို့၏ ကောင်းကျိုးကို မဖြစ်စေပဲ ဆိုးကျိုးကိုသာ ဖြစ်စေနိုင်သောကြောင့် မြတ်ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူခြင်းဖြစ်သည်။ တားမြစ်တော်မူခြင်းဖြစ်သည်။

ဤသဘောကို ဗုဒ္ဓဘာသာဝင်တိုင်း နားလည်ကျင့်သုံးမည် ဆိုလျှင် ဘိမ်းဖြူသုံးစွဲမှုစသော လူသားတို့၏ သေမင်းတမန်များ ပျောက်ကွယ်သွားနိုင်မည်ဖြစ်ပေသည်။ မူးယစ်ဆေးဝါးကြောင့် သေဆုံးရသူ လူစဉ်မမိသူ, မျက်ရည်ကျ ရင်မနေရသူများ ရှိနိုင်မည်မဟုတ်ပေ။ (အံ-၂၊ နှာ ၁၀၃။ ဒီ-၃ ၁၊ နှာ-၂၁၀။)

(ဃ) အတုအယောင်မင်္ဂလာကိုပယ်ခြင်း။ အတုအယောင် မင်္ဂလာ ဟူသည်မှာ မင်္ဂလာအစစ်မဟုတ်ပဲ မင်္ဂလာဖြစ်သည်ဟု လူအချို့ စွဲယူနေကြသည့် ဒိဋ္ဌမင်္ဂလာ၊ သုတမင်္ဂလာ၊ မုတမင်္ဂလာ—များဖြစ်သည်။

ဒိဋ္ဌမင်္ဂလာ ဟူသည်မှာ ကောင်းကောင်း လှလှကလေး အဆင်းကို မြင်ရလျှင် မင်္ဂလာရှိသည်ဟု ယူဆခြင်း၊ မကောင်းသည့် ဆိုးရွားသည့် အဆင်းကို မြင်ရလျှင် မင်္ဂလာမရှိဟု ယူဆခြင်း—အစရှိသော အမြင်ကို

မင်္ဂလာ၊ အမင်္ဂလာ-သတ်မှတ်ယူဆခြင်း ဖြစ်သည်။ ယခုခေတ်မှာပင် အိမ်ယုတ်ညံ့ရာ၌ ပျားအုံစွဲလျှင် မကောင်းအတိတ်နိမိတ်ဟု ယူဆနေကြသည်။

**သုတမင်္ဂလာ** ဟူသည်မှာ-ကောင်းသောအသံ, ကောင်းသောစကား ကြားရလျှင် မင်္ဂလာရှိသည်ဟု ယူဆခြင်း၊ မကောင်းသောအသံ, မကောင်းသောစကား ကြားရလျှင် မင်္ဂလာမရှိ အမင်္ဂလာ ဖြစ်သည်ဟု ယူဆခြင်း-စသည့် အသံကြားကို မင်္ဂလာ၊ အမင်္ဂလာ - သတ်မှတ်ယူဆခြင်းဖြစ်သည်။ ယခုခေတ်မှာပင် ငှက်ဆိုးသံကြားရလျှင် မကောင်းသောအတိတ်နိမိတ်ဟု ယူဆနေကြသေးသည်။

**မုတမင်္ဂလာ** ဟူသည်မှာ - အနံ့နံရခြင်း၊ အရသာစားရခြင်း၊ တစ်ခုခုထိတွေ့ရခြင်း - တို့၌ ကောင်း - မကောင်းကို ခွဲခြား၍ ကောင်းလျှင် မင်္ဂလာရှိသည်ဟု ယူဆခြင်း၊ မကောင်းလျှင် မင်္ဂလာမရှိဟုယူဆခြင်းစသည့် အတွေ့အသဘောများကို မင်္ဂလာ၊ အမင်္ဂလာ - သတ်မှတ်ယူဆခြင်းဖြစ်သည်။

ယင်း ဒိဋ္ဌမင်္ဂလာ၊ သုတမင်္ဂလာ၊ မုတမင်္ဂလာ - သုံးမျိုးသည် ဘုရားဟောမင်္ဂလာအစစ် မဟုတ်ချေ။ သူပြောလူပြော မင်္ဂလာဟု ခေါ်သင့်သည့် **ကောတုဟလမင်္ဂလာ** များသာဖြစ်သည်။ မင်္ဂလာအတုအယောင်များသာဖြစ်သည်။

ဥပါသကာခေါ် ဗုဒ္ဓဘာသာဝင်များသည် ယင်းမင်္ဂလာ အတုအယောင်များကို သက်ဝင်ယုံကြည်စွာ လိုက်နာကျင့်သုံးမှု မပြုရချေ။ ရှောင်ကြဉ် ပယ်ရှားရမည်ဖြစ်သည်။

ဗုဒ္ဓတရားတော်အရ ရှုမြင်သုံးသပ်မည်ဆိုလျှင် မကောင်းသောအဆင်းကိုမြင်ရခြင်းမှာ **အကုသလဝိပါက်** **စက္ခုဝိညာဉ်** ဖြစ်ခြင်းဖြစ်သည်။ ကောင်းသော အဆင်းကိုမြင်ရခြင်းမှာ **ကုသလဝိပါက် စက္ခုဝိညာဉ်**ခေါ် ကုသိုလ်ကံ၏အကျိုး မြင်သိစိတ်ဖြစ်ရခြင်းဖြစ်သည်။ မိမိပြုလုပ်ဆည်းပူးခဲ့သည့် မကောင်းမှုအကျိုး၊ ကောင်းမှုအကျိုး - များသာဖြစ်သည်။

မကောင်းသော အဆင်းမြင်မှု၊ ကောင်းသော အဆင်းမြင်မှုတို့ကြောင့် မည်သို့သောမကောင်းကျိုးများ၊ ကောင်းကျိုးများ - ဆက်လက်ဖြစ်နိုင်ခြင်းမရှိချေ။ အဘိဓမ္မာသဘောတရားအရဆိုလျှင် အကျိုးဝိပါက်မှ အကျိုးဝိပါက်ကို ဖြစ်နိုင်စေသည့် သဘော မရှိချေ၊

ထို့အတူပင် အသံကြားမှု ကောင်း၊မကောင်း၊ အနံ့နံမှု ကောင်း၊မကောင်း အရသာစားရမှု ကောင်း၊မကောင်း၊ အတွေ့ထိ ကောင်း၊မကောင်းတို့မှာသည်း ကုသိုလ်အကျိုး၊ အကုသိုလ်အကျိုးများသာ ဖြစ်ကြရသည်။ ယင်းအကျိုးမှ ထပ်မံ၍အကျိုးမဖြစ်နိုင်ကြချေ။

ဤသို့ပြဆိုခဲ့သည့် ဗုဒ္ဓအဘိဓမ္မာသဘောတရားအရ ကောတူဟလမင်္ဂလာခေါ် သူပြောလူပြောမင်္ဂလာများ မမှန်ကန်ကြောင်း သိနိုင်ပေသည်။ ထို့ကြောင့် ယင်းသူပြောလူပြောမင်္ဂလာများကို မင်္ဂလာအတုအယောင်ဟု ဆိုသင့်ပေသည်။ ဉပါသကာခေါ် ဗုဒ္ဓဘာသာဝင်များ ပစ်ပယ်ရှောင်ကြဉ်သင့်ပေသည်။ ယင်း မင်္ဂလာအတုအယောင်များသည် သူတော်ကောင်းတရား ပွားများအားထုတ်ရေး၊ အရိယသစ္စာသိမြင်ရေးနှင့် မည်သို့မျှသက်ဆိုင်ချေ။ အနှောင့်အယှက် ဖြစ်စေနိုင်ပေသည်။ လောကကြီးပွားတိုးတက်ရေးနှင့်လည်း မည်သို့မျှမသက်ဆိုင်ချေ။

ယင်းသို့ဖြစ်သောကြောင့် ဉပါသကာခေါ် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် မင်္ဂလာအတုအယောင်များကြောင့် မိမိတို့ အရိယသစ္စာခေါ် အမှန်တရားသိမြင်ရေးကို အနှောင့်အယှက်မဖြစ်စေပဲ မကောင်းသောအာရုံငါးပါး တွေ့ကြုံရလျှင်လည်း "ဤသည်မှာ အကုသိုလ်အကျိုးဝိပါက်များဖြစ်သည်၊ ပပျောက်စေရန် ကုသိုလ်တရားပွား များရမည်" ဟု သဘောထားလျက်၊ ကောင်းသော အာရုံငါးပါး တွေ့ကြုံရလျှင်လည်း "ဤသည်မှာ ကုသိုလ်အကျိုး ဝိပါက်များဖြစ်သည်၊ တိုးတက်ကောင်းမွန်စေရန် ကုသိုလ်တရား ပွားများရမည်" ဟု သဘောထားလျက် အကုသိုလ်တရားကို ရှောင်ရှားကြရမည်။ ကုသိုလ်တရားကို ပွားများကြရမည်။

(င) ကံတရားကိုယုံကြည်ခြင်း။ ။ကမ္မဿကတာဉာဏ်—ဟူသော ပါဠိဝေါဟာရကို ရှေး ဗုဒ္ဓစာပေပညာရှင်ကြီးများက လွယ်ကူစွာပင် ''ကမ္မဿကတာဉာဏ်''ဟု ပါဠိသက် မြန်မာဝေါဟာရအဖြစ် ပြန်ဆိုခေါ်တွင်ခဲ့ကြသည်။

ယင်း ကမ္မဿကတာဉာဏ်သည် ဥပါသကာခေါ် ဗုဒ္ဓဘာသာဝင် ဖြစ်ရန်အတွက် အလွန်အရေးကြီးသည်။ ယင်း ကမ္မဿကတာဉာဏ်မဖြစ်လျှင် သရဏဂုံတည်ရန်လည်း မလွယ်ကူချေ။ သရဏဂုံမတည်လျှင် ဗုဒ္ဓဘာသာဥပါသကာစစ်စစ် ဖြစ်ခွင့်မရှိနိုင်ချေ။ ထို့ကြောင့် ယင်းကမ္မဿကတာဉာဏ်ဖြစ်စေနိုင်ရန် ရှင်းလင်းရေးပြပါမည်။

**ကံသည်သာမိမိဟာ**

ကမ္မဿကတာဉာဏ် - ဟူသောပါဠိစကားလုံးကို ပုဒ်ခွဲမည်ဆိုလျှင်-- ကမ္မ+သကတာ+ဉာဏ - ဟူ၍ သုံးပုဒ်ခွဲရမည်။

ကမ္မ - ဟူသည်မှာ ပြုလုပ်အပ်သော ''အလုပ်'' ဟူ၍ မြန်မာအနက် အဓိပ္ပာယ် ပြန်ဆိုရမည်ဖြစ်သော်လည်း ''ကံ'' ဟူ၍သာ ရှေး ပါဠိမြန်မာပညာရှင်ကြီးများက ပြန်ဆိုခဲ့ကြသည်။ ''ကံ'' ဟုပြောဆိုလျှင် သတ္တဝါတိုင်းအား ကောင်းကျိုး ဆိုးကျိုးများကိုဖြစ်စေသည့် ''သဘောတရားတစ်မျိုး'' ဟု နားလည်ကြပေသည်။ ကံ - ဟူသည် ကမ္မ-ဟူသော ပါဠိစကားလုံးကို မြန်မာမှုပြုထားသည့် ပါဠိသက်မြန်မာစကားဖြစ်သည်ကိုသည်းကောင်း၊ ကမ္မ - ဟူသောပါဠိစကားလုံးသည် ပြုလုပ်အပ်သည့် အလုပ်ကို ခေါ်သည်ကိုလည်းကောင်း ဇာစ်ဇာစ် မြစ်မြစ် သိသူကား အလွန်နည်းပါးလှပေသည်။

ယင်းသို့ ကံ၏အဓိပ္ပာယ်ကို ဇာစ်ဇာစ် မြစ်မြစ် မသိကြရသည်မှာ ကမ္မ-ဟူသောပါဠိဝေါဟာရကို ပြုလုပ်အပ်သောအလုပ်၊ ပြုလုပ်ခြင်း-ဟူ၍ မြန်မာမပြန်ပဲ ကမ္မ-ကမ်-ကံ-ဟူ၍ ဝေါဟာရတ္ထအားဖြင့်သာ ပြန်ဆိုခဲ့ကာ အစဉ်အဆက် နှစ်ပေါင်းများစွာ ကြာရှည်စွာ သုံးစွဲခဲ့သောကြောင့်

ဖြစ်သည်။ သို့ဖြစ်ရာ အလုပ်ဟူသောအနက်ရှိသည့် "ကမ္မ" ပါဠိဘာသာမှ "ကံ" ဖြစ်လာသည်၊ ယင်းကံဟူသည် ပြုလုပ်အပ်သည့်အလုပ်ဟူသော အနက်အဓိပ္ပာယ်ရှိသည်ကို သိရန်လိုအပ်သည်။

ပါဠိဘာသာ "ကမ္မ" ကို သက္ကတဘာသာ၌ "ကြမ္မ" ဟုရှိရာ ရှေးမြန်မာတို့က "ကြမ္မာ" ဟူ၍ မြန်မာပြန်ကြသည်။ "ကံကြမ္မာ" ဟူ၍ မြန်မာတို့ကယှဉ်တွဲ သုံးစွဲလေ့ရှိပေသည်။

**သကတာ** - ဟူသည်မှာ (သက - မိမိပိုင်ပစ္စည်း၏+တာ - အဖြစ်) မိမိပိုင်သောပစ္စည်းအဖြစ်ဟူ၍ အနက်ပေးရသည်။ မိမိပိုင်ဥစ္စာဖြစ်ခြင်းဟူ၍ ဆိုလိုပေသည်။

ယင်း သကတာ - ပုဒ်နှင့် ကမ္မ - ပုဒ် နှစ်ခုတို့ကို (ကမ္မ - ကံသည်သာလျှင် + သကတာ - မိမိပိုင်ပစ္စည်းဖြစ်ခြင်းဟု ဝိဂ္ဂဟ်ဆို၍) ကမ္မဿကတာ-ဟု တစ်ပုဒ်တည်းတွဲလိုက်သောအခါ "ကံသည်သာလျှင် မိမိပိုင်ပစ္စည်းဖြစ်ခြင်း" ဟု အနက်အဓိပ္ပာယ်ပြန်ဆိုရပေသည်။ ကမ္မဿကတာ-ဟူသော ပါဠိဝေါဟာရမှာ ခေါ်လိုကောင်း၏၊ တို၏၊ ကျဉ်း၏၊ ရှင်း၏၊ ယင်းကို မိမိပိုင်ပစ္စည်းဖြစ်ခြင်း – ဟု မြန်မာပြန်ရသည်မှာ ဝါကျကြီးတစ်ခုဖြစ်နေသည်၊ ရှည်သည်၊ ထစ်ငေါ့သည်။ ထို့ကြောင့် မြန်မာဘာသာ တိုတိုရှင်းရှင်း ဝေါဟာရတစ်ခုဖြင့် ဖလှယ်ရန်ရှာဖွေကြည့်ရာ "ကံသာ ကိုယ့်ဟာဖြစ်ခြင်း" ဟူသော ဝေါဟာရကို တွေ့ရပေသည်။ ထို့ကြောင့် ဤနေရာ၌ **ကမ္မဿကတာ**- ဟူသော ပါဠိဝေါဟာရကို **"ကံသာကိုယ့်ဟာဖြစ်ခြင်း"** ဟု အစမ်းပြန်ဆိုကြည့်ကြပါစို့။

**ဉာဏ်** - ဟူသည်မှာ "သိခြင်း" ဟု ပြန်ရသည့် ဉာဏ - ဟူသော ပါဠိဝေါဟာရမှ ပြောင်းလွဲလာသည့် ပါဠိသက် မြန်မာဝေါဟာရဖြစ်သည်။

ယင်း ဉာဏ်ကို ကမ္မဿကတာ-ပုဒ်နှင့်တွဲလိုက်၍ ကမ္မဿကတာဉာဏ - ကမ္မဿကတာဉာဏ်ဟု တစ်ပုဒ်တည်းဖြစ်လာသောအခါ "ကံသာလျှင် ကိုယ့်ဟာဖြစ်ခြင်းကို သိမှု" ဟု အနက်အဓိပ္ပာယ် ရရှိပေသည်။

ဤသို့ ကမ္မဿကတာဉာဏ်ဟူသော ပါဠိသက်မြန်မာဝေါဟာရ၏ အနက် အဓိပ္ပာယ်ကိုရှည်ရှည်ကြီးရှင်းပြနေသည်မှာ ဗုဒ္ဓဘာသာဝင်ဉပါသကာတစ်ယောက်အတွက် အရေးကြီးလှသော ဉာဏ်ကြီးတစ်ခု ဖြစ်သောကြောင့် သိသင့်သလောက် ပိုင်နိုင်စွာ သိရှိနိုင်စေရန် ရည်ရွယ်၍ရေးခြင်း ဖြစ်ပါသည်။ **ကမ္မဿကတာဉာဏ်ဟူသည် ကံသာလျှင်ကိုယ့်ဥစ္စာ ဖြစ်ခြင်းကိုသိမှုဟုသိထားလျှင်** သင့်တော် လောက်ပါပြီ။ သုံးစွဲပြောဆိုရာ၌ မူရှေးမြန်မာပညာရှင်များ တည်ထွင်ခဲ့သည့်အတိုင်း ကမ္မဿကတာဉာဏ်ဟူသော ပါဠိသက်မြန်မာဝေါဟာရအတိုင်း သုံးစွဲသင့်ပါသည်။

**ကမ္မဿကတာသမ္မာဒိဋ္ဌိ။**

ယင်း ကမ္မဿကတာဉာဏ်ကို ဗုဒ္ဓစာပေနယ်ပယ်၌ ကမ္မဿကတာသမ္မာဒိဋ္ဌိ - ဟူ၍လည်း သုံးစွဲသည်ကို လေ့လာ တွေ့ရှိရပေသည်။ ကံသာလျှင် ကိုယ်ပိုင်ပစ္စည်းဖြစ်သည် ဟူ—ကံသာလျှင်ကိုယ့်ဥစ္စာဖြစ်ခြင်းကို မှန်ကန်စွာသိမြင်ခြင်းဟူ၍ အဓိပ္ပာယ်ရှိပေသည်။ ကမ္မဿကတာဉာဏ်အမြင်မှန်ဟု ဆိုလိုပေသည်။

## ကမ္မဿကတာဉာဏ်ဆင်ခြင်ပုံ

**သုတ္တန်နည်း ကမ္မဿကတာဉာဏ်**

ယင်း ကမ္မဿကတာဉာဏ်အရ ရှုမှတ်ဆင်ခြင်ပုံကို ဗုဒ္ဓစာပေ၌ လေ့လာရှာဖွေကြည့်သောအခါ သုတ္တန်ပိဋကတော်များ၌ တနည်းတွေ့ရ၍ အဘိဓမ္မာပိဋကတော်၌ တနည်းတွေ့ရသည်။ ယင်းနှစ်နည်းရှိသည်တွင် သုတ္တန်ပိဋကတော်၌ တွေ့ရသည့်နည်းမှာ....

"ငါသည်....ကံသာလျှင် မိမိဉစ္စာရှိ၏၊ ကံသာ အမွေခံဖြစ်၏၊ ကံသာလျှင် အကြောင်းရှိ၏၊ ကံသာလျှင် အဆွေအမျိုးရှိ၏၊ ကံသာလျှင် မှီခိုရာရှိ၏။ ကောင်းသောကံကို ပြုသည်ဖြစ်စေ၊ မကောင်းသောကံကို ပြုသည်ဖြစ်စေ ထိုကံ၏အမွေခံဖြစ်ရပေလိမ့်မည် ဟူ၍ အမြဲမပြတ် ဆင်ခြင်ဝဉ်းစားရမည်"-

ဟူ၍ အင်္ဂုတ္တိုရ်ပါဠိတော် ဌာနသုတ်၌ မိန့်ကြားတော်မူသည်။ (အံ ၁၊ နှာ-၆၃။ အံမြန် ၁၊ နှာ-၇၇။)

ဤနည်းအရဆိုလျှင် ကောင်းမှု - ကုသိုလ်ကံကို ပြုလုပ်သည်ဖြစ်စေ၊ မကောင်းမှု - အကုသိုလ်ကံကို ပြုလုပ်သည်ဖြစ်စေ ထို ကောင်း - မကောင်းသော ကံသည်သာလျှင် မိမိပိုင် ဥစ္စာပစ္စည်းဖြစ်သည်။ ထိုကံ၏ ကောင်းကျိုးကို ဖြစ်စေ၊ မကောင်းကျိုးကို ဖြစ်စေ မိမိသည်ပင်လျှင် ခံစားရရှိသည်ဟု ဆိုလိုပေသည်။ ဤနည်းကို ထင်ရှားစေရန် ရေတွင်းတူးသူနှင့် တိုက်တည်သူ နှစ်ဦးကို ပုံစံတင်ပြရမည်ဖြစ်သည်။

## ရေတွင်းတူးသူ (ဥပမာ)

ရေတွင်းတူးသူ ဟူသည်မှာ ရေတွင်းဖြစ်စေရန်အတွက် မြေကြီးကို ပေါက်တူးများ တူးရွင်းများဖြင့် တူးရသူဖြစ်သည်။ သူသည် မြေကြီးထဲသို့ နစ်သည်ထက် နစ်စေရန် မြေအောက် ရေထွက်သည်အထိ တူးရသည်။ ကြိုးကြိုးစားစား မပျက်မချော် တူးမည်ဆိုပါလျှင် တူးတိုင်းတူးတိုင်း မြေကြီးအောက်သို့ မြုပ်၍မြုပ်၍သွားသည်။ နစ်၍နစ်၍ ဝင်သွားသည်။

ဤသည်မှာ သူ၏ ရေတွင်းတူးသော အလုပ်သဘောအရ ဖြစ်ပေါ်ရရှိလာသည့် အကျိုးတရားသဘော ဖြစ်သည်။ မည်သည့်အာဏာရှင် တန်ခိုးရှင်ကမျှ အမိန့်ပေး၍ ဖန်ဆင်း၍ဖြစ်သည် မဟုတ်ပါလေ။

## တိုက်တည်သူ (ဥပမာ)

တိုက်တည်သူ ဟူသည်မှာ မြေကြီးထဲမှာ အုတ်မြစ်ချ၍ အုတ်တိုက်ဖြစ်စေရန် အုတ်ချပ်များကို တစ်ချပ်ပြီးတစ်ချပ်၊ တစ်ချပ်ပေါ်တစ်ချပ် ဆင့်ကာဆင့်ကာ ထပ်၍ထပ်၍ စီရသောအလုပ်ကို လုပ်ကိုင်ရသူဖြစ်သည်။ သူသည် ဤသို့ အုတ်စီရသောအလုပ်ကို သတ်မှတ်ထားသည့် အမြင့်သို့ရောက်အောင်စီရသည်။ ကြိုးကြိုးစားစား မပျက်မချော်စီလျှင် စီတိုင်းစီတိုင်း အထက်သို့ မြင့်၍မြင့်၍ တက်သွားသည်၊ တက်၍တက်၍ မြင့်သွားသည်။

ဤသို့မြင့်ရသည် တက်ရသည်မှာ သူ၏ တိုက်တည်သည့် အလုပ် သဘောအရ ဖြစ်သည်။ မည်သည့်အာဏာရှင်ကမျှ အမိန့်ပေး၍ မဟုတ်ချေ။ မည်သည့်တန်ခိုးရှင်ကမျှ ဖန်ဆင်း၍မဟုတ်ပါလေ။

ဤပုံစံ ဥပမာများအတိုင်းပင်လျှင် - သတ္တဝါများ အသက်တိုခြင်း, အဆင်းမလှခြင်း, မကျန်းမာခြင်း, ဆင်းရဲမွဲတေခြင်း, စည်းစိမ်ဥစ္စာ နည်းပါးခြင်း, ဘေးရန်အန္တရာယ် အနှောင့်အယှက် တွေ့ခြင်း - စသည်မှာ (ကောင်းမှု-ကုသိုလ်ကံ ကို မပြုလုပ်ပဲ) မကောင်းမှု-အကုသိုလ် ကံကို ပြုလုပ်ခြင်းကြောင့် ဖြစ်သည်။

သတ္တဝါများ အသက်ရှည်ခြင်း, အဆင်းလှခြင်း, ကျန်းမာခြင်း, ချမ်းသာပြည့်စုံခြင်း, စည်းစိမ်ဥစ္စာ ပေါများခြင်း, ဘေးရန်အန္တရာယ် အနှောင့်အယှက် ကင်းပခြင်း - စသည်မှာ (မကောင်းမှု - အကုသိုလ် ကံကို မပြုလုပ်ပဲ) ကောင်းမှု—ကုသိုလ်ကံကို ပြုလုပ်ခြင်းကြောင့် ဖြစ်ရ သည်။

ဤသို့ ဖြစ်ကြရသည်မှာ မည်သည့်အာဏာရှင်ကမျှ အမိန့်ပေး၍ ဖြစ်ကြရသည်မဟုတ်ချေ။ မည်သည့်တန်ခိုးရှင်ကမျှ စီမံဖန်ဆင်း၍ မဟုတ် ပါလေ။

ဤသို့ သဘောကျ လက်ခံကျင့်သုံးခြင်းသည် သုတ္တန်နည်းအရ "ကမ္မဿကတာ ဉာဏ်အမြင်" ဖြစ်သည်။ "ကမ္မဿကတာသမ္မာဒိဋ္ဌိ" ဖြစ်ပေသည်။

**အဘိဓမ္မာနည်းကမ္မဿကတာဉာဏ်**

ကမ္မဿကတာသမ္မာဒိဋ္ဌိခေါ် "ကံသာ ကိုယ့်ဟာ" ဟူသောအမြင်မှန် ရှိပုံကို အဘိဓမ္မာ ဝိဘင်းပါဠိတော်(နှာ-၃၄၁)၌ဆယ်မျိုးသောအခြင်း အရာဖြင့် ဝေဖန်ဟောကြားတော်မူသည်။ ယင်းဆယ်မျိုး ဟူသည်မှာ—

(က) ပေးလှူခြင်းအကျိုးရှိသည်(အတ္ထိ ဒိန္နံ)။

(ခ) ယာဇ်ကြီးပူဇော်ခြင်းအကျိုးရှိသည်(အတ္ထိ ယိဋ္ဌံ)။ စည်းစိမ်ဥစ္စာ ရှိ၍ ကြီးကြီး ကျယ်ကျယ် ပေးကမ်း စွန့်ကြဲ ပူဇော်ခြင်း ဖြစ်သည်။

(ဂ) ယာဇ်ငယ်ပူဇော်ခြင်းအကျိုးရှိသည် (အတ္ထိ ဟုတံ)။ အနည်းငယ်မျှ ဧည့်သည်ကို ဧည့်ဝတ်ပြုခြင်း လက်ဆောင်ပေးခြင်း စသည်ဖြစ်သည်။

(ဃ) ကောင်းမှု-မကောင်းမှုများ၏ အကျိုးဆက် အကျိုးရင်းရှိသည် (အတ္ထိ သုကတဒုက္ကတာနံ ကမ္မာနံ ဖလံ ဝိပါကော)။

(င) ဤဘဝ ရှိသည် (အတ္ထိ အယံ လောကော)။ အတိတ်ဘဝမှ ရောက်လာ၍ အနာဂတ်ဘဝသို့ သွားရမည့် ဤစေ့စပ်ပွန်ဘဝ ရှိသည်။

(စ) အခြားဘဝရှိသည် (အတ္ထိ ပရော လောကော)။ ဤဘဝသို့ လာခဲ့ရာ အတိတ်ဘဝနှင့်၊ ဤဘဝမှသွားရောက်ရမည့် အနာဂတ်ဘဝ ဟူသော အခြားဘဝရှိသည်။

(ဆ) အမိရှိသည်(အတ္ထိ မာတာ)။ အမိအားကောင်းစွာကျွေးမွေးမှုပြုလျှင် ကောင်းကျိုးရှိ၍ ကောင်းစွာကျွေးမွေးမှုမပြုလျှင် အပြစ်ရှိသည်။

(ဇ) အဖရှိသည် (အတ္ထိ ပိတာ)။အဖအား ကောင်းစွာကျွေးမွေးမှုပြုလျှင် အကျိုးရှိ၍ ကောင်းစွာကျွေးမွေးမှုမပြုလျှင် အပြစ်ရှိသည်။

(ဈ) သေပြီး ပြန်ဖြစ်သည့် သတ္တဝါရှိသည် (အတ္ထိ သတ္တာ ဩပပါတိကာ)။သေပြီးလျှင် ပြီးသည်မဟုတ်၊ကံအားလျော်စွာ ပြန်ဖြစ်ရဦးမည်။

(ည) ကောင်းစွာကျင့်သုံး၍လောကကိုအထူးသိမြင်ပြီး ဟောပြောနိုင်သူ ရဟန်းပုဏ္ဏား ရှိသည်(အတ္ထိ လောကေ သမဏဗြာဟ္မဏာ သမ္မဂ္ဂတာ သမ္မာပဋိပန္နာ၊ ယေ ဣမဉ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ)—

ဟူသောဆယ်မျိုးဖြစ်သည်။ ယင်း ဆယ်မျိုးလုံးသည် ကံကို ယုံကြည်သူ ကမ္မဿကတာဉာဏ်ရှိသူတို့ ယူဆ ပြောဆို ကျင့်သုံးကြပေသည်။

ဤ ကမ္မဿကတာ ညဏ်ဆယ်မျိုးတို့တွင် နောက်ဆုံးဖြစ်သည့် ကောင်းစွာကျင့်သုံး၍ လောကကို အထူးသိမြင်ပြီး ဟောပြောနိုင်သူ ရဟန်းပုဏ္ဏား - ဟူသည်မှာ သဗ္ဗညုတဉာဏ်တော်ရှင် မြတ်စွာဘုရားပင် ဖြစ်သည်။ ကျန်သည့်အချက် ကိုးပါးတို့မှာ မြတ်စွာဘုရားဟောတော်မူ သည့် တရားသဘော အချက်များဖြစ်သည်။

ယင်းအချက်ကိုးမျိုးကို အကျဉ်းချုပ်လိုက်လျှင် ကံနှင့်ကံ၏အကျိုး ပေးရာ ဌာနများသာဖြစ်သည်။ ထို့ကြောင့် ယင်း ကမ္မဿကတာဉာဏ် ဆယ်ပါးသည် အကျဉ်းချုပ်လိုက်လျှင်-

(က) ဘုရား၊

(ခ) ကံ၊

(ဂ) ကံ၏အကျိုး-

သာဖြစ်ကြောင်းသိနိုင်ပေရာ ဥပါသကာခေါ် ဗုဒ္ဓဘာသာဝင်တစ်ယောက် သည် မယုံကြည်နိုင်စရာအကြောင်းမရှိပေ။ ယုံကြည်စွာ လိုက်နာကျင့် သုံးထိုက်လှသည်။

အင်္ဂုတ္တိုရ်နိကာယ်နှင့် သမ္မောဟဝိနောဒနီ-အမည်ရှိ ဗုဒ္ဓအဘိဓမ္မာအဋ္ဌ— ကထာကျမ်းကြီးနှစ်စောင်၌-

အကုသိုလ်ကံသည် မိမိပိုင်ဥစ္စာမဟုတ်၊ ကုသိုလ်ကံသည်သာ မိမိပိုင်ဥစ္စာဖြစ်သည်။ အကြောင်းမှာ-အကုသိုလ်ကံသည် မိမိ သန္တာန်မှာ ဖြစ်သည်ဖြစ်စေ၊ သူတပါးသန္တာန်မှာ ဖြစ်သည် ဖြစ်စေ အားလုံးမိမိပိုင်ဥစ္စာမဖြစ်နိုင်၊ အကျိုးစီးပွားကို ဖျက်ဆီး တတ်သည်၊ အကျိုးမဲ့ကို ဖြစ်စေတတ်သည်။

ကုသိုလ်ကံသည် မိမိပိုင်ဥစ္စာဖြစ်သည်။ မိမိသန္တာန်မှာ ဖြစ် သည်ဖြစ်စေ၊ သူတပါးသန္တာန်မှာ ဖြစ်သည်ဖြစ်စေ အားလုံးပင် မိမိပိုင်ဥစ္စာဖြစ်သည်။ အကျိုးမဲ့ကို ပယ်ဖျက်တတ်သည်၊ အကျိုး စီးပွားကို ဖြစ်စေတတ်သည်။

ဤသို့သိမြင်သော အသိဉာဏ်သည် "ကမ္မဿကတာဉာဏ်" မည်၏–
ဟူ၍ ဖွင့်ဆိုထားပေသည်။ (အဘိ ဋ္ဌ-၁၊ နှာ-၄၃၃။ အဘိ ဋ္ဌ-၂၊ နှာ-၃၉၇။)

ကုသိုလ်ကံတရားသာ မိမိပိုင်ဥစ္စာဖြစ်နိုင်ကြောင်းကို ကမ္ဘာလှည့်ခရီးသည်ဝတ္ထုကို ဥပမာဆောင်၍ပြထားပေးသည်။ အကျဉ်းဖော်ပြပါအံ့။

## ကမ္ဘာလှည့်ခရီးသည်(ဥပမာ)

တခါန်တုန်းက ဉာဏ်ပညာထက်မြက်ကြီးကျယ်သူ လူသားတစ်ဦးရှိခဲ့ဖူးလေသည်။ သူသည် ဉာဏ်စွမ်းရှိသူ တစ်ယောက်ဖြစ်သောကြောင့် ပစ္စည်းဥစ္စာကိုများစွာရရှိအောင် ရှာဖွေဆည်းပူးသည်။ ရရှိပြီးသောအခါ သူငယ်ချင်း မိတ်ဆွေအပေါင်းအသင်းများနှင့်အတူ ဆွေမျိုးများ မိသားစုပါခေါ်၍ ကမ္ဘာပေါ်ရှိ ထူးဆန်းသော မြို့ရွာ အရပ်ဒေသများကို ရှုမြင်လေ့လာရန် ကမ္ဘာလှည့်ခရီး ရှည် ထွက်သည်။

ခရီးရှည်မထွက်မီကပင် စားသောက်သုံးစွဲရန် စားနပ်ရိက္ခာ ဆေးဝါး အသုံးအဆောင်ပစ္စည်း ရွှေငွေရတနာ အကာအကွယ် လက်နက်ပစ္စည်း - စသည် လိုလေသေးမရှိအောင် ပြင်ဆင်ယူဆောင်သွားသည်။

သွားလာရန် ခက်ခဲသည့် ရေမဲ့ အစာမဲ့ လူသူကင်းမဲ့သည့် တောတောင် သဲကန္တာရ - များသို့ ရောက်သည့်အခါ ပါလာသည့်အစားအသောက်များကို စားသောက်သုံးစွဲ၍သွားသည်။ ထူးဆန်းသည့် မြို့ကြီးများသို့ ရောက်သည့်အခါ အလိုရှိသမျှ စားဖွယ်သောက်ဖွယ်များကို ဝယ်ယူစားသောက်သည်။ အဝတ်အထည် ပစ္စည်းဝတ္ထုများ အလိုရှိလျှင်လည်း ဝယ်ယူဝတ်ဆင်သည်။ ယူဆောင်ခဲ့သည်။

အပျော်အပါး ပွဲလမ်းသဘင်များကို ကြည့်ရှုလိုသည့်အခါလည်း မိမိပရိသတ်နှင့် အတူ အခကြေးငွေပေး၍ ပျော်ပျော်ပါးပါး ဝင်ရောက်ကြည့်ရှုသည်။ ဤသို့ဖြင့် ကမ္ဘာအရပ်ရပ်ရှိ သွားရောက်လိုရာ အရပ်ရပ်သို့ သွားလာလှည့်လည်နိုင်သည်။ ဆင်းရဲပင်ပန်းခြင်းမရှိချေ။

ဉာဏ်ပညာရှိခြင်း, ပစ္စည်းဥစ္စာရှိခြင်း ဟူသောအကြောင်းကြောင့် လိုရာ လိုရာမြို့ရွာဒေသ အရပ်ဌာနများသို့ ချမ်းသာ လွယ်ကူစွာ မပင်မပန်း ခရီးဆန့်ခဲ့နိုင်လေသည်။

ဤ ကမ္ဘာလှည့် ခရီးသည်အတူပင်လျှင် ကမ္မဿကတာဉာဏ်အမြင်ရှိ၍ မိဒိပိုင် ကုသိုလ်ကံများစွာကို ပြုလုပ်ဆည်းပူးထားသည့် သူတော်ကောင်းသည်လည်း သံသရာခရီး သွားလာလှည့်လည်ရာ၌ အစစအရာရာ ပြည့်စုံစွာဖြင့် ချမ်းသာရွှင်လန်း မပင်ပန်းပဲ သွားလာကျင်လည်ရပေသည်။ အဆုံးဘဝ၌ ကမ္မဿကတာဉာဏ်မှ အရင်းခံ၍ စတုသစ္စဉာဏ်ခေါ် အမှန်တရားလေးပါးကို သိမြင်သည့်ဉာဏ်ကိုရရှိပြီး အမတဓာတ် နိဗ္ဗာန်ရပ်သို့ ဆိုက်ကပ်ကြရမည် ဖြစ်ပေသည်။

(စ) သာသနာပကိုမယုံကြည်ခြင်း။ ။သာသနာပ၌ဖြစ်သော ပုဂ္ဂိုလ်နှင့် တရားကို မယုံကြည်ခြင်းကိုပင် အကျဉ်းချုံး၍ သာသနာပကိုမယုံကြည်ခြင်းဟု ခေါင်းတတ်သည်။

သာသနာတော်၏အပြင်ပရှိ အယူဝါဒကို တည်ထောင်သူ "ဘုရား" အမည်ခံ ဆရာကြီးများကိုဖြစ်စေ၊ ထိုဆရာကြီးများ၏ တရားကိုဖြစ်စေ၊ ထိုဆရာကြီးများ၏ တပည့်များကိုဖြစ်စေ၊ သာသနာတော်ကို တည်ထောင်တော်မူသည့် မြတ်စွာဘုရား၊ တရားတော်၊ တပည့်သံဃာတော် ဟူသော ရတနာသုံးပါးတို့ထက် သာလွန် မြင့်မြတ်သည် ဟူ၍လည်းကောင်း၊ တန်းတူရည်တူ ဖြစ်သည်ဟူ၍ လည်းကောင်း သိမှတ် ယုံကြည်ခြင်း မပြုရချေ။ ပြုလျှင် ဥပါသကာခေါ် ဗုဒ္ဓဘာသာ မဖြစ်နိုင်ပေ။ (အံ ၂၊ နှာ-၁၇၁။ ဒီ ဌ-၁၊ နှာ-၂၁၀။)

ရတနာသုံးပါးထက် မမြတ် ရတနာသုံးပါးနှင့် တန်းတူရည်တူလည်း မဖြစ်ဟု ယူဆလျက် မလွဲကောင်းသာ၍ အခြား လောကရေး ဆိုင်ရာ အကြောင်းတစ်ခုခုကြောင့်ရှိသေမှု အလေးပြုမှုများကြောင့်ကားသရဏဂုံ လည်းမပျက်၊ ဥပါသကာခေါ် ဗုဒ္ဓဘာသာဝင် အဖြစ်လည်း မပျက် နိုင်ပါ။

(ဆ) **သာသနာပဥ္စမြတ်သောအလှူမပြုခြင်း။** ။ဗုဒ္ဓ သာသနာတော်မှ အပ ဖြစ်သော မိစ္ဆာဝါဒီ ဆရာကြီးများနှင့် နောက်လိုက် တပည့်များကို မြင့်မြတ်သော အကျိုးတရားကို ရနိုင်လိမ့်မည်ဟု ယူဆ၍ အလှူပြုခြင်း၊ ထောက်ပံ့ ပေးကမ်းခြင်း မပြုရချေ။ ပြုလျှင် ဥပါသကာခေါ် ဗုဒ္ဓ ဘာသာဝင် မဖြစ်နိုင်ချေ။ သရဏဂုံပျက်သည်။ (အံ ၂၊ နှာ-၁၈၁။ ဒီ ၃၊ ၁၊နှာ-၂၁၀။)

မကောင်းရာမကောင်းကြောင်း လောက အကြောင်းတစ်ခုခုကြောင့်မူကား ပေးကမ်းထောက်ပံ့နိုင်ပေသည်။ ဗုဒ္ဓဘာသာ ဥပါသကာလည်း ဖြစ်သည်။ သံရဏဂုံလည်းမပျက်နိုင်ပါ။

(ဇ) **သာသနာတော်ကိုအကျိုးပြုခြင်း။** ။ဥပါသကာခေါ် ဗုဒ္ဓ ဘာသာဝင်သည် ကောင်းမြတ်သည့် အမည်သုံးမျိုးကို ရရှိနိုင်သည်။ သုံးမျိုးဟူသည်မှာ—

(က) ဥပါသကာရတနာ၊
(ခ) ဥပါသကာ ပုဏ္ဍရိက်ကြာ၊
(ဂ) ဥပါသကာပဒုမာကြာ—

ဟူသော အမည်သုံးမျိုးဖြစ်သည်။ အကျဉ်းရှင်းပြပါအံ့။

ဗုဒ္ဓဘာသာဝင်ဥပါသကာတို့သည်—

(က) သာသနာတော်ကိုယုံကြည်ခြင်း၊
(ခ) သီလရှိခြင်း၊
(ဂ) မင်္ဂလာတော်ကို မယုံကြည်ပဲ ကံကိုသာယုံကြည်ခြင်း၊
(ဃ) သာသနာမှအပြင်ပဥ္စမြတ်သောအလှူခံပုဂ္ဂိုလ်မရှာခြင်း၊
(င) ဤသာသနာတော်၌သာ ကျေးဇူးပြုခြင်း—

ဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံသည့် ဗုဒ္ဓဘာသာဝင်ဥပါသကာကို ရတနာဥပါသကာ၊ ပုဏ္ဍရိက်ကြာဥပါသကာ၊ ပဒုမာကြာဥပါသကာ-ဖြစ်သည်ဟူ၍ ဟောကြားတော်မူသည်။ (အံ ၂၊ နှာ-၁၈၁။)

ဤ၌ အလိုရှိအပ် မြတ်နိုးအပ်သော ရွှေ, ငွေ, စိန်, မြ-စသော ရတနာများကဲ့သို့ နှစ်သက်မြတ်နိုးဖွယ်ရှိသော ဥပါသကာကို "ရတနာဥပါ-သကာ" ဟု ဆိုသည်။

အဆင်းလည်း လှပ၍ ယနံ့လည်းမွှေးကြိုင်သင်းပျံ့သည့် **ပုဏ္ဍရိက်** ကြာဖြူ၊ ပဒုမာကြာနီတို့နှင့်တူသောကြောင့် "ပုဏ္ဍရိက်ကြာ ဥပါသကာ၊ ပဒုမာကြာ ဥပါကာ" ဟု ဆိုခြင်းဖြစ်ပေသည်။

ယင်းသို့ ကောင်းမြတ်သည့် ဥပါသကာ၏ အင်္ဂါလက္ခဏာ ငါးမျိုး ရှိသည့်တွင် (က-ခ-ဂ-ဃ) တို့မှာ ရှေးက ပြဆိုခဲ့ပြီဖြစ်သောကြောင့် ကျန်ရှိသည့်အင်္ဂါရပ်ဖြစ်သော (င) သာသနာတော်၌ ကျေးဇူးပြုခြင်းဟူသော ငါးခုမြောက် ဥပါသကာရတနာ၏ အင်္ဂါကိုသာလျှင် "သာသနာကျိုးပြု" ဟူ၍ ဆရာကြီးဦးစာကျော်က ဥပါသကာအင်္ဂါပြလင်္ကာ၌ စီကုံးထားခြင်းဖြစ်ပေသည်။

ဤမျှပြဆိုလျှင် စာရှုသူများသည် အရိယသစ္စာခေါ် **အမှန်တရားကို** သိမြင်ရေးဟူသော ထွက်ရာလမ်းပေါက်ရေး အတွက် အလွန်လိုအပ်လှသော အချက်အလက် အင်္ဂါတစ်ရပ်ဖြစ်သည့် **ဥပါသကာဗုဒ္ဓဘာသာ** ဖြစ်ခြင်းဟူသော လေးနံ့ပါတ်-စတုတ္ထအင်္ဂါရပ်ကြီး**အကြောင်း** သိသာထင်ရှား လောက်ပြီဟု ယုံကြည်ပါသည်။

ရှေးသာသနာပြု ဗုဒ္ဓဘာသာဝင် ဥပါသကာကြီးများဖြစ်ကြသည့် ဗိမ္ဗိသာရမင်း, ကောသလမင်း, အနာထပိဏ်သဌေး, ဝိသာခါ, သိရိမမှာ သောကမင်းစသူများကဲ့သို့ **သာသနာတော်ကိုယုံကြည်စွာ** "မိမိကိုယ်တိုင် ဥပါသကာအဖြစ်ခံယူခြင်း, သူဘပါးကိုခံယူစေခြင်း၊ မိမိ**ကိုယ်တိုင်** ဒါန, သီလ, ဘာဝနာ-မှုပြုလုပ်ခြင်း, သူတပါးအားပြုလုပ်**စေရန်** တိုက်တွန်းခြင်းပြုရမည်ဟု ဆိုလိုပေသည်။

# ၉။ နဝမအပိုင်း

## ဤအပိုင်း၌

- ☆ ဝတ္တရားကျေပွန်လျှင် အကျိုးရှိပုံ၊
- ☆ ဝတ္တရားမကျေပွန်လျှင် အပြစ်ရှိပုံ၊
- ☆ သားသမီးနှင့် မိဘ
- ☆ တပည့်နှင့် ဆရာ
- ☆ လင်နှင့် မယား
- ☆ ဒါယကာနှင့် ဆရာဘုန်းကြီး
- ☆ မိတ်ဆွေအချင်းချင်း

ကျင့်သုံးရမည့် ဝတ္တရားများကို ထွက်ရာလမ်းရောက် သိဒ္ဓိပေါက်လိုသူများကျင့်သုံးနိုင်ရန် ရေးသားဖော်ပြထားပါသည်။

# (၈) ဝတ္တရားကိုခွဲခြားကျင့်သုံးခြင်း

## တာဝန်ဝတ္တရားကျေပွန်ခြင်းအကျိုး
## (လင်္ကာ)

လောကသာသနာ၊ အရေးရာ၌၊
လူမှာလူ့ဝန်၊ ရှင်မှန်ရှင့်တာ၊
ကျင့်ရာသီလ၊ မြတ်ဓမ္မကို၊
ကျင့်ကြလိုက်နာ၊ ကျေပွန်ပါမှ၊
ပြစ်ဆာမဟု၊ ထင်ပေါ်ခဲ့၍၊
ကဲ့ရဲ့မလွှမ်း၊ ချီးမွမ်းခံရ၊
ချမ်းသာကြလျက်၊ စိတ္တမပျံ့၊
တည်တံ့မြဲခိုင်၊ တရားပိုင်သည်၊
ရနိုင် မဂ်ဖိုလ်နိဗ္ဗာန်တည်း။

ထိုးစံအတိုင်းပင် ဆရာကြီးဦးစာကျော်က တာဝန်ဝတ္တရား ကျေပွန်ခြင်း၏ အကျိုးတရားကို ပြဆိုသည့်လင်္ကာကို ရွတ်ဆိုပြပါသည်။

ဤလင်္ကာကို ဆရာကြီးဦးစာကျော်သည် သာမန် မိမိ၏စိတ်ကူးဖြင့် ကြံဆ၍ ရေးသည်မဟုတ်ပါ။ ဝိနည်းငါးကျမ်းရှိသည်တွင် စတုတ္ထမြောက်ဖြစ်သည့် **စူဠဝဂ္ဂပါဠိတော် ဝတ္တက္ခန္ဓကနိဂုံးဂါထာ** ကိုကြည့်၍ ရေးသားခြင်း ဖြစ်ပါသည်။ မှန်ပါသည်-ယင်းဂါထာရပ်ကို စူဠဝါ ပါဠိတော် (ဝိ ၄၊ နှာ-၄၁၇)၌-

“ဝတ္တရားကို ကျေပွန်အောင် ဖြည့်ကျင့်လျှင် သီလပြည့်စုံ၏။ သီလစင်ကြယ်သည့် ပညာရှိသည် စိတ်တည်တံ့မှု **သမာဓိ**ကို ရနိုင်သည်။

စိတ်မပျံ့လွင့်ပဲ သမာဓိ ရ၍ တည်ကြည်သည်ရှိသော် သူတော်ကောင်းတရားကို မှန်ကန်စွာ သိမြင်နိုင်ပေသည်။ သူတော်

ကောင်းတရားကို မှန်ကန်စွာသိမြင်ရလျှင် ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်နိုင်ပေသည်။
ထို့ကြောင့် ဘုရားတပည့်သား ပညာရှိသည် မြတ်စွာဘုရား၏ ဩဝါဒဝတ္တရားကို ဖြည့်ကျင့်ရာ၏၊ ယင်းသို့ ဖြည့်ကျင့်ခြင်းကြောင့် နိဗ္ဗာန်သို့ဆိုက်ရောက်လတ္တံ့”

ဟူ၍ ဟောကြားတော်မူသည့် တရားဒေသနာနှင့် တထပ်တည်းဖြစ်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ ပိုမို၍ ထင်ရှားစေရန် ချဲ့ပြပါအံ့။

**သီလနှစ်မျိုး**

မြတ်စွာဘုရား၏ တရားတော်များဖြစ်သည့် နိကာယ်ငါးရပ်၊ ပိဋကတ်တော်များကို အကျဉ်းချုံးလျှင် သီလ, သမာဓိ, ပညာ-သိက္ခာ သုံးပါး၌သာ အကျုံးဝင်ပါသည်။ သီလရှိမှ သမာဓိရှိနိုင်ပါသည်။ သမာဓိရှိမှလည်း ပညာဖြစ်နိုင်ပါသည်။ ထို့ကြောင့် သီလသည် အလွန်အခြေခံကျလှပါသည်။

ယင်းသို့ အခြေခံကျသည့်သီလသည် စာရိတ္တသီလနှင့် ဝါရိတ္တသီလ-ဟူ၍ နှစ်မျိုးရှိပါသည်။

**စာရိတ္တသီလ**-ဟူသည်မှာ မြတ်စွာဘုရားရှင်က တပည့်သာဝကတို့အား “ဤသို့ လိုက်နာကျင့်သုံးကြ” ဟူ၍ တိုက်တွန်းညွှန်ကြားသည့် တပည့်သာဝကများ လိုက်နာကျင့်သုံးရမည့် တရားမျိုးဖြစ်ပါသည်။ ယင်းတရားမျိုးကို လိုက်နာကျင့်သုံးခြင်းဖြင့် စောင့်ထိန်းရမည့်သီလ ဖြစ်သောကြောင့် စာရိတ္တသီလ-ဟု ခေါ်ပါသည်။ ဆောင်သီလဟု ဆိုလိုပေသည်။

**ဝါရိတ္တသီလ**ဟူသည်မှာ မြတ်စွာဘုရားရှင်က တပည့်သာဝကများအား “သင်တို့ ဤသို့မကျင့်သုံးကြလင့်” ဟူ၍ တားမြစ်ပိတ်ပင်သည့် တပည့်သာဝကများ ရှောင်ကြဉ်ရမည့်တရားမျိုး ဖြစ်ပါသည်။ ယင်းတရားမျိုးကို မကျင့်သုံးရန် တားမြစ်သည့်အတိုင်း မကျင့်သုံးပဲ စောင့်ထိန်းရသောကြောင့် ဝါရိတ္တသီလ-ဟု ခေါ်ပါသည်။ ရှောင်သီလ-ဟု ဆိုလိုပေသည်။

ယင်းသီလနှစ်မျိုးတို့တွင် လူဝတ်ကြောင်များအတွက် သိင်္ဂါလသုတ်ဘော်လာ မိဘဝတ္တရား, သားသမီး ဝတ္တရား-စသည်တို့သည်စာရိတ္တသီလများ ဖြစ်ကြသည်။ ငါးပါးသီလ၊ ပွဲလမ်းသဘင်သွားခြင်း၊ လောင်းတန်းကစားခြင်း စသည်သည် ဝါရိတ္တသီလများ ဖြစ်ကြသည်။

ရဟန်းတော်များအတွက် ဥဘတောဝိဘင်းလာ ပါရာဇိက-ဓလေ့သီလများသည် ဝါရိတ္တသီလဖြစ်၍ မဟာခန္ဓက-လာ ဥပဇ္ဈာယဝတ် စသည်သည် စာရိတ္တသီလများ ဖြစ်ပေသည်။

**လူသားများနှင့်ဝတ္တရားများ**

လူသားများဖြစ်ကြသည့် လူဝတ်ကြောင်များမှာ မိဘများလည်း ရှိနိုင်သည်၊ သားသမီးများလည်း ရှိနိုင်သည်၊ ဆရာသမားများလည်း ရှိနိုင်သည်၊ တပည့်သားများလည်း ရှိနိုင်သည်၊ လင်နှင့်မယားများလည်း ရှိနိုင်သည်၊ မိတ်ဆွေ သူငယ်ချင်းများလည်းရှိ၍ ဆည်းကပ် ကိုးကွယ်သည့်ဆရာ ရဟန်းသံဃာများလည်း ရှိနိုင်သည်။

ယင်းသို့ဖြစ်ရာ လူဝတ်ကြောင် ထွက်ရာလမ်းပေါက်ရောက်လိုသူများသည် မိမိတို့ဆိုင်ရာ တာဝန်ဝတ္တရားများကို ကျေပွန်အောင် ပြုလုပ်သင့်ကြပေသည်။ ဝတ္တရားကျေပွန်မှသာ ဤအပိုင်း အစတွင် ဖော်ပြခဲ့သည့်လက်ာအတိုင်း ကဲ့ရဲ့မှု ကင်းလွတ်၍ ပညာရှိတို့ ချီးမွမ်းခြင်း ခံရပြီး လောက-သံသရာ ကောင်းကျိုး တရားများကို ရရှိနိုင်မည်ဖြစ်ပေသည်။ အရိယသစ္စာ အမှန်တရားကိုသိမြင်ကာ မဂ်တရား, ဖိုလ်တရားများကို ရရှိပြီး **အသခ်တဓာတ်—နိဗ္ဗာန်ရွှေပြည်မြတ်သို့** ချဉ်းကပ် နိုင်ကြမည် ဖြစ်ပေသည်။

**သိင်္ဂါလသုတ်လာဝတ္တရားများသည်ကား** ဖြည့်ကျင့်ဆည်းပူးလျှင်ပညာရှိများ နှစ်သက်အားရ ချီးမွမ်းခြင်းခံရနိုင်သည်၊ ကုသိုလ် အကျိုးတရားဖြစ်ပွားစေသည်။ မဖြည့်ကျင့် မဆည်းပူးလျှင် ပညာရှိများ၏ ကဲ့ရဲ့ခံရ၍ အကုသိုလ်အပြစ်များစွာဖြစ်နိုင်ရာသည်။ ယင်းသို့သောအကြောင်းများကြောင့်ပင် **မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် သိင်္ဂါလသဒ္ဓေးသားအား**

ကျင့်သုံးလိုက်သည့် ဝတ္တရားများကို ညွှန်ကြားပြသ ဩဝါဒ ပေးတော်မူခြင်း ဖြစ်ပေသည်။ ဘုရားရှင်တို့၏ သဘောသည် အကျိုးရှိစေရန်သာ ညွှန်ပြ၍ အကျိုးမဲ့ကို တားမြစ်တော်မူသည့် ထုံးစံ ဓမ္မတာဖြစ်ချေသည်။

ယင်းသိင်္ဂါလသုတ်တော်လာ ကျင့်ဝတ်များမှာ ရှေးမြန်မာ ဗုဒ္ဓဘာသာ ပညာရှင်ကြီးများ အစဉ်အလာ ဆုံးမရေးသားချက် များစွာရှိရာ ယင်းဆုံးမချက်များနှင့် မူရင်းဖြစ်သော ပါထိကဝဂ္ဂပါဠိတော် သိင်္ဂါလသုတ်၊ အဋ္ဌကထာ၊ ဋီကာတို့ကို ညှိနှိုင်း၍ အမှန်တရားသိမြင် ထွက်ရာလမ်းဝင်လိုသူများ ကျင့်သုံးလိုက်နာနိုင်ကြစေရန်-

(၁) သားသမီးဝတ္တရား ငါးပါး၊
(၂) မိဘဝတ္တရားငါးပါး၊
(၃) လင်ဝတ္တရားငါးပါး၊
(၄) မယားဝတ္တရား ငါးပါး၊
(၅) တပည့်ဝတ္တရားငါးပါး၊
(၆) ဆရာဝတ္တရားငါးပါး၊
(၇) ဒကာဝတ္တရားငါးပါး၊
(၈) ဆရာရဟန်းဝတ္တရား ခြောက်ပါး၊
(၉) မိတ်ဆွေဝတ္တရား (အသွား)ငါးပါး၊
(၁၀) မိတ်ဆွေဝတ္တရား (အပြန်) ငါးပါး—

ဟူ၍ဆယ်မျိုး အသီးအသီး ခွဲခြမ်းကာ ရေးသားဖော်ပြပါမည်။

ယင်းသို့ ဝတ္တရားအသီးသီးရှိရာတွင် သိသာလွယ်ကူ၍ အရေးမကြီးလှသော အချို့ ဝတ္တရားများကိုမူ ပါဠိတော်၌ရှိသည့်အတိုင်း သိသာရုံမျှသာ ဘာသာပြန်၍ ပါဠိတော်မူရင်းနှင့်တကွ ထည့်သွင်း ရေးသားပါမည်။

သို့ရာတွင် အရေးပါသောဝတ္တရားများကိုမူ အဋ္ဌကထာဖွင့် ဋီကာဖွင့်ရှိသည့်အတိုင်း ပေါ်လွင်ထင်ရှားအောင် ရေးသားဖော်ပြ ပါမည်။

ဝတ္တရားတစ်ခုစီ၏အပြီး၌ ဆောင်ရွက် ကျက်မှတ်ရန် ဆောင်ပုဒ်များ ရေးသားရာ၌ ဆရာတော် ဦးဗုဓ်၏ ဂိဟိဝိနယကျမ်းလာ လင်္ကာများ၊ သင်္ဂဇာဆရာတော်၏ သိင်္ဂါလောဝါဒ-လင်္ကာသံပေါက်များရှိနေပြီး ဖြစ်သောကြောင့် လင်္ကာဖြင့်မရေးပဲ ခေတ်နှင့်အညီ သိရန် လွယ်ကူသည့် ရှစ်လုံးဖွဲ့ကဗျာများကို ဆရာကြီးဦးစာကျော် ရေးသား ရွတ်ဆိုပြသည့် အတိုင်း ဤ၌သည့်သွင်းဖော်ပြပါသည်။

(၁) **သားသမီးဝတ္တရားငါးပါး**

(က) မိမိတို့အား ငယ်စဉ်အခါမှစ၍ ကျွေးမွေး ပြုစုခဲ့သော မိဘများအားပြန်လည်ပြုစုရခြင်း၊ (ဘတောနေသ ရိဿာမိ)။

(ခ) မိဘတို့၏ကိစ္စများကို ဆောင်ရွက်ပြုလုပ်ရခြင်း၊ (ကိစ္စံ နေသံ ကရိဿာမိ။)

(ဂ) အမျိုးအနွယ် တည်တံ့စေရန်စောင့်ထိန်းရခြင်း၊ (ကုလဝံသံ ဌပေဿာမိ။)

(ဃ) မိဘအမွေကို ခံယူထိုက်အောင် ကျင့်သုံးရခြင်း၊ (ဒါယဇ္ဇံ ပဋိပဇ္ဇာမိ။)

(င) ကွယ်လွန်ပြီးသော မိဘများအား ကုသိုလ်ကောင်းမှုအဖို့ကို အမျှပေးဝေရခြင်း၊ (ပေတာနံ ကာလင်္ကတာနံ ဒက္ခိဏံ အနုပ္ပဒဿာမိ။)—

ဟူ၍ငါးပါးဖြစ်သည်။ ယင်းငါးပါတို့တွင်—

(က) နှင့် (ခ) အရအဓိပ္ပာယ်မှာ သိသာပြီဖြစ်၏။

(ဂ) အရ- "အမျိုးအနွယ်တည်တံ့စေရန် စောင့်ထိန်းပုံ"မှာ- မိဘများ၏ ကောင်းမြတ်သည့် စီးပွားရေးအခြေအနေ၊ ပညာရေးအခြေအနေ၊ အလုပ်အကိုင်အခြေအနေ၊ ကုသိုလ်ရေးအခြေအနေ- စသော ကောင်းမြတ်သည့် အခြေအနေများထက် မိမိကသော်လည်းကောင်း၊ မိမိ၏သား, သမီး, မြေး, မြစ် များက သော်လည်းကောင်း မယုတ်နိမ့် မညှိုးဖျင်းစေရန်ထိမ်းသိမ်းရမည်၊ မြင့်တက်စေရန်သော်လည်းကောင်း၊ တန်းတူမျှလိုက်နိုင်စေရန်လည်းကောင်း ကြိုးစားဆောင်ရွက်ရမည်။

မိဘများလက်ထက်ကရှိခဲ့သည့် စီးပွားဥစ္စာအခြေအနေများ မိမိ၏ လက်ထက်မှ ပျက်စီးနိမ့်ကျမသွားစေရန် စောင့်ထိန်းရမည်။ ပိုမိုတိုး တက်စေရန် ကြိုးစားရမည်။

မိဘများတတ်သိ နားလည်ထားသည့် ပညာရပ်များ ဂုဏ်သိက္ခာ အရည်အချင်းများ မိမိလက်ထက်ကျမှ ပျောက်ပျက်မသွားစေရန် ထိန်း သိမ်းရမည်။ တိုးတက်ရရှိစေရန် ကြိုးစားရမည်။

မိဘများလုပ်ကိုင်ခဲ့သည့် မှန်ကန်မြင့်မြတ်၍ ဂုဏ်ရှိသောအလုပ်အကိုင် ရာထူးဂုဏ်သိန်များအောက် မိမိလက်ထက်ကျမှ မှားယွင်းနိမ့်ကျ ဂုဏ် သိန်မရှိသောအလုပ်အကိုင် ရာထူးများမဖြစ်စေရန် စောင့်ထိန်းရမည်။ ပိုမိုမြင့်မြတ်၍ ဂုဏ်သိန်ရှိစေရန် ကြိုးစားရမည်။

မိဘများတည်ဆောက်ခဲ့သည် ဘုရားကျောင်းကန် ကုသိုလ်ကောင်း မှုများ နိဗဒ္ဓဝတ်များ မိမိလက်ထက်ကျမှ ပျက်စီးမသွားစေရန် စောင့်ထိန်းရမည်။ တိုးတက်ဖြစ်ပေါ်စေရန် ကြိုးစားရမည်။

မိဘများက သမ္မာဒိဋ္ဌိ ဥပါသကာများဖြစ်ကြပါလျက် မိမိလက်ထက် ကျမှ မိစ္ဆာဒိဋ္ဌိများ ဥပါသကာမဟုတ်သူများ မဖြစ်စေရန် စောင့်ထိန်း ရမည်။

အထက်ပါ မိဘတို့၏ အသေးအဖွဲ့ အခြေအနေကောင်းများကို မိမိကသာလျှင် မပျက်စီးအောင် စောင့်ထိန်းခြင်း, တိုးတက်အောင် ကြိုးစားရုံမျှသာမကပဲ မိမိ၏ သားစဉ်မြေးဆက် အမျိုးအနွယ်အဆက် အဆက် ဆက်သက်စောင့်ထိန်းစေရန်၊ တိုးတက်အောင် ကြိုးစားစေရန် တွန်းအားရှိသမျှ စီမံဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

ယင်းသို့ ပြုလုပ်ကျင့်သုံးမှသာ အမျိုးအနွယ်တည်တံ့စေရန် ဆောင် ရွက်ခြင်းဖြစ်နိုင်ပေသည်။ (ဒီ ဋ္ဌ-၃၊ နှာ-၁၃၅။ ဒီ ဋီ-၃၊နှာ-၁၃၉။)

(သ) အရ- "မိဘအမွေခံယူထိုက်အောင် ကျင့်သုံးခြင်း" ဟူသည် မှာ—ရှေးအစဉ်အလာ ဓမ္မသတ်တရား ဥပဒေများအရ မိဘများက

မိမိတို့ ဝတ္တရားရှိသည့်အတိုင်း ကောင်းရာကိုညွှန်ပြခြင်း, မကောင်းရာကို တားမြစ်ခြင်းများ ပြုလုပ်သည့်အခါ သားသမီးများက လိုက်နာကျင့်သုံးရမည် ဖြစ်သည်။ မလိုက်နာ မကျင့်သုံးလျှင် သားသမီးဝတ္တရားပျက်သည်၊ သားသမီးများ ကျင့်သုံးရမည့် ဝတ္တရားများကို မကျင့်သုံးလျှင်လည်း သားသမီးဝတ္တရား ပျက်သည်။ ယင်းသို့ ဝတ္တရားပျက်သည့် သားသမီးများကို မိဘများက အမွေမပေးပဲ နေနိုင်သည်။ တရားရုံးဘော်မှာ တက်၍ ဆုံးဖြတ်ချက်ယူနိုင်သည်။ သားသမီးအဖြစ်မှ စွန့်လွှတ်နိုင်သည်။

ယင်းသို့ မိဘတို့က အမွေမပေးပဲ မထားစေရန်နှင့် သားသမီးအဖြစ်မှ မစွန့်လွှတ်စေရန် ကျင့်သုံးသည်ကိုပင် အမွေခံယူထိုက်အောင် ကျင့်သုံးခြင်းဟု ဆိုလိုခဲ့သည်။ (ဒီ ဌ- ၃၊ နှာ-၁၃၆။ ဒီဋ္ဌိ-၃၊ နှာ-၁၃၉။)

**သားသမီးဝတ်ငါးပါး ဆောင်ပုဒ်**

ကျွေးမွေးပြုစု၊　အမှုဆောင်လေ။
မျိုးနွယ်စောင့်ထ၊ ရထိုက်အမွေ။
ကောင်းမှုပေး၊　ကျင့်ရေးငါးထွေ။
သမီးသား၊ မမှားကျင့်ထိုက်ပေ။

(၂) မိဘဝတ္တရားငါးပါး

(က) မကောင်းမှုကိုမပြုရန် တားမြစ်ရခြင်း၊ (ပါပါ နိဝါရေန္တိ။)

(ခ) ကောင်းမှုကိုပြုရန် တိုက်တွန်းညွှန်ကြားရခြင်း၊ (ကလျာဏေ နိဝေသေန္တိ။)

(ဂ) အတတ်ပညာကို သင်ယူစေရခြင်း၊ (သိပ္ပံ သိက္ခာပေန္တိ။)

(ဃ) သင့်လျော်သည့်အိမ်ထောင်ဖက်နှင့် ထိမ်းမြားပေးရခြင်း၊ (ပဋိရူပေန ဒါရေန သံယောဇေန္တိ။)

(င) သင့်လျော်သည့်အခါ၌ အမွေဥစ္စာပေးရခြင်း၊ (သမယေ ဒါယဇ္ဇံ နိယျာဒေန္တိ။)—

ဟူ၍ မိဘ၏ ဝတ္တရား ငါးပါးရှိသည်။ ထိုငါးပါးတွင်—

(က) အရ "မကောင်းမှုကိုမပြုရန် တားမြစ်ခြင်း" ဟုဆိုရာ၌— သူ့အသက်သတ်မှု-စသော ငါးပါးသီလကို ကျိုးလွန်ရန်၊ မှားယွင်းသောကုန်သွယ်မှု-စသော မိစ္ဆာဝဏိဇ္ဇာကို မပြုရန်၊ အလောင်းအစား မပြုရန်၊ တကိုယ်ကောင်းမကျင့်ကြံရန်၊ အပျော်အပါး ပွဲလမ်းသဘင် မလွန်ကြူးရန်စသည့် စီးပွားပျက်စေ၍ ပညာရေး ကျန်းမာရေး အနှောင့်အယှက်ဖြစ်စေသည့် မကောင်းမှုများကို မပြုလုပ်ရန် တားမြစ်ရမည်ဖြစ်သည်။ အထူးသဖြင့် တာဝန်ဝတ္တရားများ နားမလည် မကျင့်သုံးမှုများကို တားမြစ်ရမည်။

(ခ) အရ "ကောင်းမှုကိုပြုရန် တိုက်တွန်းညွှန်ပြရမည်" ဟုဆိုရာ၌— သီလစောင့်ထိန်းခြင်း၊ ဝီရိယထား၍ ကြိုးစားခြင်း၊ ကုသိုလ်ရေးပြုလုပ်ခြင်း၊ သာသနာရေး၊ အမျိုးသားရေး၊ တိုင်းပြည်ရေး-စသည်တို့၌လျစ်လျူမရှုပဲ သတိပြု၍ကောင်းရာကောင်းကြောင်း ဆောင်ရွက်ရန်၊ မိမိဆိုင်ရာ တာဝန်ဝတ္တရားကျေပွန်ရန် ဟူသော ကောင်းမြတ်သော အမှုများကို ပြုလုပ်ကျင့်သုံးရန် တိုက်တွန်းညွှန်ပြရမည် ဖြစ်သည်။ အထူးသဖြင့် တာဝန်ဝတ္တရာများကို ကျင့်သုံးရန်ညွှန်ပြရမည်။

(ဂ) အရ "အတတ်ပညာသင်ယူစေခြင်း" ဟုဆိုရာ၌-ခေတ်ကာလအားလျော်စွာ နိုင်ငံတော်ကအသိအမှတ်ပြုသည့် ပညာရပ်များသာမက သာသနာရေးဆိုင်ရာပညာ၊ ကျန်းမာရေးဆိုင်ရာပညာ-စသော သိဖွယ်မှတ်ဖွယ် အဆောင်အယောင် ဗဟုသုတပညာများကိုလည်း လေ့လာဆည်းပူးစေရမည်။ လောက၌ မကျင့်ကောင်းသည့် အရာသာရှိသည်။ မသိကောင်း မတတ်ကောင်းသည့် အရာမရှိကြောင်းကိုလည်း သိမြင်သဘောပေါက်အောင် သင်ကြားညွှန်ပြပေးသင့်သည်။

(ဃ) အရ "သင့်လျော်သည့် အိမ်ထောင်ဖက်နှင့် ထိမ်းမြားပေးရခြင်း"ဟု ဆိုရာ၌ ယခုခေတ်တွင် မိဘကရှာပေးသည့် အိမ်ထောင်မှုမှာ နည်းပါးလှပေသည်။ လူငယ်များက သူတို့သဘောကျ ရှာကြသည်က များပေသည်။

သင့်လျော်သော-ဟူရာ၌ သင့်လျော်သောအရွယ်၊ သင့်လျော်သော အိမ်ထောင်ဖက်ဟူ၍ ခွဲခြားသင့်ပေသည်။ သင့်လျော်သောအရွယ် ဟူသည်ကို ရှေးမြန်မာကြီးများက "သားသမီးချစ် အနှစ်နှစ်ဆယ်"ဟူ၍ ဆိုရိုးပြုထားကာ လူငယ်များကို အသက်နှစ်ဆယ်ခန့်တွင် အိမ်ထောင်ချပေးရိုးရှိပေသည်။

ယခုအခါ အစစအရာရာ တိုးတက်နေသည့်ဘုရုတ်ပြည်တွင် ယောကျ်ားကလေးများအတွက် အသက်သုံးဆယ်၊ မိန်းကလေးများအတွက် အသက်နှစ်ဆယ့်ခုနစ်နှစ် ဥပဒေပြုသတ်မှတ်ထားကြောင်း သိရပေသည်။

ထို့ကြောင့် မြန်မာ့ရိုးရာသတ်မှတ်ချက်ကို အနည်းဆုံးသတ်မှတ်ချက် အဖြစ်ထား၍ တရုတ်ပြည်သတ်မှတ်ချက်ကို အများဆုံးအဖြစ်ထားကာ ကျားအသက် နှစ်ဆယ်ကျော်သုံးဆယ်၊ မ-နှစ်ဆယ်ကျော် နှစ်ဆယ့်ခုနစ်နှစ်ဟု သတ်မှတ်၍ အိမ်ထောင်ပြုရန် သင့်လျော်သည့်အရွယ်ဟု ဆိုသင့်ပေသည်။ ယင်းသတ်မှတ်ချက်ကို ကလေးငယ် သားသမီးများကို ကြိုတင်အသိပေးထားသင့်ပေသည်။

သင့်လျော်သော အိမ်ထောင်ဖက်-ဟုဆိုရာ၌ သင့်လျော်သည်ဟု ဆိုရမည့်အချက်ကို ဖော်ပြရန် ခက်လှသည်။ ဤအရာ၌ စဉ်းစားထွေး ခေါ်တတ်၍ စကားတတ်သော ပုဂ္ဂိုလ်များသည် အမျိုးမျိုးပြောဆိုတတ်ကြပေသည်။ တိတိကျကျ သတ်မှတ်ပြဆိုရန် ခက်လှပေသည်။

ကိုယ်တိုင် သတ်မှတ်ချက်ကြီးများထား၍ အိမ်ထောင်ပြုရန် ရည်ရွယ်သော်လည်း အဆင်မပြေသော အိမ်ထောင်ဖက်များ ဖြစ်တတ်ကြလေသည်။ မိဘကရှာပေးသည့် အိမ်ထောင်ဖက်များလည်း အဆင်မပြေမှုရှိတတ်ကြပေသည်။

လောက၌ သက်ရှိပစ္စည်းများကို အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ရသည်ဖြစ်ရာ လေးကောင်ဂျင် အနီထောင်ဝိုင်း၌ ခွက်မှောက်အုပ်ထားသည့် အံစာတုံးကို မှန်းထိုးရသည်နှင့် တူလှပေသည်။ မှန်ချင်မှန်၍ မှားချင်းမှားတတ်ပေသည်။ သို့သော် မိဘမျိုးရိုး အခြေအနေ၊ အိမ်ထောင်ဖက်လောင်း၏ အဘိတ်ကအခြေအနေ၊ ပစ္စုပ္ပန်အခြေအနေများကို ကြည့်ရှုလေ့လာ၍ ရွေးချယ်လျှင် အမှားနည်းပါး အမှန်များတတ်ပါပေသည်။

အိမ်ထောင်ဖက် ရွေးချယ်ရန်အတွက် မိဘများနှင့် သားသမီးများ သိရှိထား၍ သတ်မှတ်သင့်သည့်အချက်အလက် ကိုးပါးကို မြန်မာပညာရှိကြီးအများ ပြောပြသည့် ရှေးအစဉ်အလာ ပြောရိုးဆိုစဉ်ဖြစ်သော—

"ပါသုံးပါ၊ ချာသုံးချာ၊ ကွာသုံးကွာ၊ အိမ်ထောင်မှုမပြုရှောင်လေပါ"

ဟူသော နိယံကဗျာအရ မူထားရွေးချယ်သင့်လှပေသည်။ ယင်းနိယံကဗျာမှာ မြန်မာ့ရှေးရိုးစဉ်လာ ပြောရိုးဆိုစဉ်ဖြစ်ပြီး သဘာဝကျလှသော ကြောင့် သင့်လျော်သည့် အိမ်ထောင်ဖက်ရွေးချယ်ရန်အတွက် သိသာထင်ရှားစေရန် အဓိပ္ပာယ်ကို ရှင်းလင်းရေးပြပါမည်။

ပါသုံးပါ ဟူသည်မှာ—

(၁) ကြွေးတွေပါသူ၊
(၂) ရောဂါပါသူ၊
(၃) အပိုစားမည့်သူပါသူ—

များဖြစ်ပါသည်။ (၃) အရ အပိုစားမည့်သူ ဟူသည်မှာ အခြားသူများနှင့် မွေးသည့်သားသမီးများ၊ အလုပ်မလုပ်ပဲ ထိုင်စားမည့် သူများပါခြင်းဟု ဆိုလိုပါသည်။

ချာသုံးချာ ဟူသည်မှာ

(၁) ပညာအရည်အချင်းနုံချာသူ၊
(၂) အကျင့်စာရိတ္တနုံချာသူ၊
(၃) အလုပ်အကိုင် နုံချာသူ-

များဖြစ်ပါသည်။

ကွာသုံးကွာ ဟူသည်မှာ

(၁) တိုင်းနိုင်ငံနှင့်လူမျိုးမတူ ကွာခြားသူ၊

(၂) အယူဝါဒမတူ ကွာခြားသူ၊

(၃) စိတ်သဘောထားမတူ ကွာခြားသူ—

များဖြစ်ပါသည်။

ပညာရှိကြီးများ၏ ပြောကြားချက်ကို လက်လှမ်း မီသမျှ လေ့လာစူးစမ်း ကြည့်သောအခါ ဤသုံးပါးသုံးဖြာ ကျင့်သိက္ခာမှ မကင်းလွတ်သည့် အိမ်ထောင်များ စိတ်ဆင်းရဲတတ်၍ ကင်းလွတ်သည့် အိမ်ထောင်များ စိတ်ချမ်းသာသည်ကို တွေ့ရှိရပေသည်။ မိမိတို့သားချင်း မြေးဆက် ချမ်းသာသုခရနိုင်စေရန်အတွက် မပျက်မကွက် လိုက်နာကျင့်သုံးသင့် ပေသည်။

ဤအချက် သုံးပါးသုံးဖြာ ကျင့်သိက္ခာကို သိရှိကျင့်သုံးလျှင် (ဃ) အရ ''သင့်လျော်သည့် အိမ်ထောင်ဖက်နှင့်ထိမ်းမြားပေးခြင်း''ဟူသော မိဘဝတ္တရားအတွက် ကျေပွန်နိုင်ပြီး၊ သားသမီး ဝတ္တရား ငါးပါးမှ (ဂ) အရ ''အမျိုးအနွယ်ကို တည်တံ့စေရန် စောင့်ထိန်းရခြင်း'' ဟူသော အချက်လည်း ကျေပွန်နိုင်မည် ဖြစ်ပေသည်။ ထို့ကြောင့်ဤပညာရှိကြီးများ ညွှန်ပြသည့် ရှေးထုံးစဉ်လာ ဥပဒေသကို မှတ်သား ကျင့်သုံးရန် သင့်မြတ်လှပေသည်။

(င) အရ ''သင့်လျော်သောအခါ'' ဟူသည်မှာ—ပညာသင်သော အခါ၊ အချင်းအနီးလိုသောအခါ၊ အခက်အခဲကြုံတွေ့သောအခါစသည် ဖြစ်သည်။ ထိုအခါမျိုး၌ ရွှေငွေဥစ္စာများကို အမွေအဖြစ်ပေးကမ်းရမည် ဖြစ်သည်။ သင့်လျော်သည့်အခါ၌ ထုတ်ပေးသင့်သည်။ ရွှေ ငွေ ပစ္စည်း ဥစ္စာ များကိုပင် ဤ၌ အမွေဟုဆိုခြင်းဖြစ်သည်။

မိဘဝတ္တရားငါးပါး ဆောင်ပုဒ်

မကောင်းမြစ်တား၊ ညွှန်ကြားကောင်းရာ။
ပညာသင်ကြား၊ ထိမ်းမြားပေးပါ။
အမွေနှင်းအပ်၊ ငါးရပ်ဝန်တာ။
မိနှင့်ဘ၊ ကျင့်ရသေအချာ။

**သားသမီးနှင့်မိဘ သတိထားကြ**

ဤလောက၌ သားသမီးနှင့်မိဘသည် အမြဲမပျက် တွဲဖက်နေရသူများ ဖြစ်ကြသည်။ မိဘများက မွေးဖွားပြုစုခြင်းဖြင့် သားသမီးများ ဖြစ်လာကြသည်။ ယင်း သားသမီးများသည်လည်း တနေ့တွင် မိဘများ ဖြစ်လာကြပေလိမ့်မည်။ မိမိ၏သားသမီးများကို ကျွေးမွေးပြုစုကြရပေလိမ့်ဦးမည်။

ထို့ကြောင့် မိမိကမိဘဖြစ်ခိုက်၌ မိမိ၏သားသမီးများကို မိဘဝတ္တရားကျေပွန်အောင် ဆောင်ရွက် ကျင့်သုံးကြရမည် ဖြစ်သည်။ သို့မှ "လူလိမ္မာသားယဉ်ပါး" ဆိုသကဲ့သို့ မိမိ၏သားသမီးများကလည်း သားသမီးဝတ္တရား ကျေပွန်စွာ ပြန်လည်ထမ်းဆောင် ကျင့်သုံးကြပေလိမ့်မည်။

သားသမီးများကလည်း သားသမီးဖြစ်ခိုက်မှာ သားသမီးဝတ္တရားကျေပွန်အောင် ကျင့်သုံးထမ်းဆောင် ကြမည်ဆိုလျှင် မိမိတို့ကိုယ်တိုင်မိဘဖြစ်သောအခါ၌ မိမိတို့၏ သားသမီးများကလည်း မိမိတို့အပေါ်၌ သားသမီးဝတ္တရားကို ကျင့်သုံးလိုက်နာကြမည် ဖြစ်ပေသည်။ "ငှက်ပျောပင်စိုက် မိလိုက်ဖပါ" ဟူ၍ မြန်မာစကားပုံ ရှိပေသည်။

ယင်းသို့ မိဘက မိဘဝတ္တရား, သားသမီးများက သားသမီးဝတ္တရားများကို အစဉ်အဆက် လိုက်နာ ကျင့်သုံးကြမည်ဆိုလျှင် ဤလောက၌ သာသာချမ်းမြေ့သော မိသားစုကြီးများသာဖြစ်လျက် ပျော်မွေ့ဖွယ်ကောင်းသော လောကကြီးအဖြစ် တည်ရှိနေပေလိမ့်မည်။

မိဘကလည်း မိဘဝတ္တရားပျက်၍ သားသမီးများကလည်း သားသမီးဝတ္တရား ပျက်ကြမည်ဆိုလျှင် စိတ်ပျက်ငြီးငွေ့ဖွယ်ကောင်းသော လောကပျက်ကြီးသာ ဖြစ်နေပေတော့မည်။

**အဘာသတ်မင်းဆက်**

ရာဇဂြိုဟ်ပြည်တွင် တရားစောင့်သော သောတာပန် ဗိမ္ဗိသာရ မင်းကြီး၏သားတော် **အဇာတသတ်** မင်းသားသည် ယုတ်ညံ့သည့် ဆရာ

**သမား ဒေဝဒတ်၏** သွေးဆောင်မှုကြောင့် ဘခင်အရှင်း ဗိမ္ဗိသာရမင်းကြီးကို သတ်ဖြတ်၍ မင်းပြုခဲ့သည်။

ဘခင်ဗိမ္ဗိသာရ မင်းကြီးသည် မိမိ၏သားတော် အဇာတသတ်မင်းသားအား အချစ်လွန်ကဲသောကြောင့် ယုတ်ညံ့သည့်ဆရာ ဒေဝဒတ်နှင့် မပေါင်းမိစေပဲ အသေဝနာ စ ဗာလာနံ—ဟူသော လူမိုက်နှင့် မပေါင်းရ မင်္ဂလာတရားနှင့်အညီ ကျင့်သုံးရန် ပညာပေးမထားမိချေ။ မကောင်းမြစ်တာဟူသော မိတ္တဝတ္တရား ချွတ်ယွင်းခဲ့သည်။ ထို့ကြောင့် ယုတ်ညံ့သူ ဆရာဒေဝဒတ်နှင့် ပေါင်းမိသော အဇာတသတ်မင်းသားသည် ကျေးဇူးရှင်ဘခင်ကိုပင် သတ်ဖြတ်ပစ်သည်အထိ မိုက်မဲခဲ့ပေသည်။

ဘခင်ကိုသတ်ခဲ့သည့် အဇာတသတ်မင်းသား မင်းဖြစ်လာသောအခါ သူ၏သားအရှင်း **ဥဒယ** မင်းသားက သတ်ဖြတ်၍ မင်းလုပ်ပြန်သည်။

ဘခင်ကိုသတ်၍ မင်းပြုသူ **ဥဒယ** မင်းအားလည်း သူ၏သားအရင်း **မဟာမုဏ္ဍိက** မင်းသားက သတ်၍ မင်းလုပ်ပြန်သည်။

မဟာမုဏ္ဍိကမင်းကိုလည်း သူ၏သားအရှင်း **နာဂဒါသ** မင်းသားက သတ်၍ မင်းလုပ်ပြန်သည်။

နာဂဒါသမင်းကိုကား "အဘသတ်သည့်မင်းမျိုး မထားမှဖြစ်မည်" ဟု လူထုကသတ်၍ မင်းမျိုးပြုတ်လိုက်သည်။ ပြီးမှ အမတ်ကြီး**သုသုနာဂ** ကို မင်းမြှောက်လိုက်သည်။ မိဘနှင့်သားသမီးများ သတိထားကြရမည်။

(၃) **တပည့်ဝတ္တရားငါးပါး**

(က) ဆရာလာလျှင် ထ၍ကြိုကြို ကြိုဆိုရခြင်း၊ နေရာပေးရခြင်း၊ ဆရာယူလာသည့် ပစ္စည်းကို သယ်ယူရခြင်း-စသည်ဖြင့် ဆီးကြိုရခြင်း။ (ဥဋ္ဌာနေန။)

(ခ) တနေ့သုံးကြိမ် ဆည်းကပ်၍ နှိပ်နယ်ပေးခြင်း စသည်ဖြင့် ဆရာလိုအပ်သည်ကိုကြည့်ရှု၍ ပြုစုရခြင်း။ (ဥပဋ္ဌာနေန။)

(ဂ) ဆရာညွှန်ကြား ဆုံးမသည့်အတိုင်း ယုံကြည်လေးမြတ်စွာ လိုက်နာကျင့်သုံးရခြင်း။ (သုဿုသာယ။)

(ဃ) ဆရာအား ရေနွေး, ရေအေး လိုရာပေးခြင်း စသည်ဖြင့် လုပ်ကျွေးရခြင်း။ (ပါရိစရိယာယ။)

(င) ဆရာသင်ကြားပေးသမျှ အတတ်ပညာများကို ရိုသေလေးစားစွာ လေ့လာသင်ယူရခြင်း။ (သက္ကစ္စံ သိပ္ပပဋိဂ္ဂဟနေန။)—

ဟူ၍ တပည့်တို့က လိုက်နာကျင့်သုံးရမည့် ဝတ္တရား ငါးမျိုးရှိသည်။ ထိုတွင် (က-ခ-ဃ) တို့မှာ ဆရာကို ပြုစုလုပ်ကျွေးခြင်းများပင်ဖြစ်သည်။ သို့သော်—အချိန်အခါ အခြေအနေအရ သုံးမျိုးခွဲပြခြင်း ဖြစ်သည်။ ပါဠိအနေအထား အားဖြင့်လည်း ထူးခြားကြပေသည်။ မြန်မာပြန် လျှင်ကား တူသယောင် ထင်ရပေသည်။

(ဂ) နှင့် (င)မှာလည်း တူသလိုရှိသည်။ သို့သော် (ဂ)မှာ စားပုံ, ဝတ်ပုံ, နေပုံ, ထိုင်ပုံ-စသည့် လူမှုရေးရာ ဆုံးမသြဝါဒ ညွှန်ကြားချက်များကို လိုက်နာကျင့်သုံးခြင်း ဖြစ်သည်။ နားထောင်ခြင်းဟု ဆိုလိုပေသည်

(င)မှာ ဆရာသင်ကြားပေးသည့် အတတ်ပညာ, အသိပညာများကို တဘ်သိနားလည် ကျွမ်းကျင်အောင် မှတ်သားလေ့လာ သင်ယူခြင်းဖြစ်သည်။

ဤ (င) အမှတ်အရ "ရိုသေလေးစားစွာ သင်ယူပုံ"ကို ဆရာဇီဝက ကျောင်းသားဘဝ ဆေးပညာ သင်ယူစဉ်အခါက သင်ယူနည်းကို နည်းမှီးသင့်ကြသည်။ ဆရာဇီဝကသည် ဆေးပညာကို ဆရာက သင်ပေးသောအခါ-

၁။ ဗဟုံ စ ဂဏှာတိ=များများလည်းသင်ယူ၏။

၂။ လဟုံ စ ဂဏှာတိ=မြန်မြန်လည်း သင်ယူ၏။

၃။ သုဋ္ဌု စ ဓာရေတိ=မြဲမြဲစွဲစွဲလည်း မှတ်သား၏။

၄။ ဂဟိတံ န သမ္မုဿတိ—မေ့လည်းမမေ့နိုင်-

ဟူ၍ဖြစ်သည်။ မြန်မာဘာသာဖြင့် ကြည့်မူ "မ-လေးလုံးသင်ယူနည်း" ဟု ခေါ်သင့်သည်။ များများ၊ မြန်မြန်၊ မြဲမြဲ၊ မမေ့-ဟူ၍ဖြစ်သည်။ အက္ခရာအရမူ "မ-ရှစ်လုံး"ဟုလည်း ဆိုသင့်သည်။ (ဝိ ၃၊ နှာ-၃၃၃။)

## တပည့်ဝတ်ငါးပါး ဆောင်ပုဒ်

ထကြွကြိုမှု၊ ပြုစုနီးစွာ။
ဆုံးမနာရေး၊ လုပ်ကျွေးရမှာ။
ကောင်းစွာသင်ရ၊ ငါးဝဝန်တာ။
တပည့်ကောင်း၊ မစောင်းကျင့်ရမှာ။

(၄) ဆရာဝတ္တရားငါးပါး

(က) ဝတ်ဆင်, စားသောက်, နေထိုင်တတ်ရန် ညွှန်ကြားဆုံးမ သြဝါဒပေးခြင်း။ (သုဝိနီတံ ဝိနေန္တိ။)

(ခ) အတတ်ပညာ, အသိပညာကို ကောင်းစွာ သင်ပေးခြင်း။ (သုဂ္ဂဟိတံ ဂါဟာပေန္တိ။)

(ဂ) ပညာကို အကြွင်းအကျန်မထားပဲ သင်ပေးခြင်း။ (သဗ္ဗသိပ္ပ-သုတံ သမက္ခာယိနော ဘဝန္တိ။)

(ဃ) သင့်လျော်သည့်မိတ်ဆွေ သူငယ်ချင်းများထံ အပ်နှံပေးခြင်း။ (မိတ္တာမစ္စေသု ပဋိယာဒေန္တိ။)

(င) နေရာတိုင်းမှာ ဘေးရန်ရှိလျှင် အကာအကွယ် ပေးခြင်း။ (ဒိသာသု ပရိတ္တာဏံ ကရောန္တိ။)—

ဟူ၍ ဆရာသမားများကျင့်သုံးရမည့် ဝတ္တရာ ငါးပါးရှိသည်။ ထိုတွင်-

(က) အရမှာ-အဝတ်အစား ဝတ်ဆင်ပုံ၊ အစားအစာစားသောက်ပုံ၊ ပွဲလယ်ပြင်ပ နေထိုင်ပုံ-စသည်ဖြင့် လူမှုရေးရာများကို သင်ပြခြင်းဖြစ်သည်။ နီတိခေါ် လမ်းညွှန်နည်းပြခြင်းဟု ဆိုသင့်သည်။

(ခ) အရမှာ-ဆင်စီး မြင်းစီးအတတ်၊ ဓားနတ် လှံထိုးအတတ်၊ ဗေဒင်အတတ်၊ ဆေးအတတ်-စသည့် အတတ်ပညာ, အသိပညာများကို သင်ကြားပေးခြင်းဖြစ်သည်။

(ဂ) အရမှာ-ပညာကို အာစရိယမုဋ္ဌိ-ခေါ် ဆရာလက်ဆုပ်မထားပဲ အကြွင်းအကျန်မရှိ အကုန်အစင် သင်ပေးခြင်းဖြစ်သည်။ ကျွားတပည့်ကို ကြောင်ဆရာက သားကောင် ဖမ်းယူနည်းကို သင်ပေးသော အခါ

ချောင်းနည်း, ခုန်နည်း, အုပ်နည်း-များကို သင်ပေးသော်လည်း အမြီးထားပုံကို သင်မပေးပဲ ချန်ထားခဲ့သည်။ ထိုကြောင့် ကျားများသည် သားကောင် ချောင်းသည့်အခါ အမြီးဖြင့်မြေကြီးကို တဘုန်းဘုန်းရိုက်သောကြောင့် သားကောင်များသိရှိ ထွက်ပြေး၍ မရတတ်ကြောင်း ရှေးလူကြီးများ ပြောရိုးရှိပေသည်။ ယင်းသို့အကြွင်းအကျန် မထားပဲ သင်ပေးရမည်ဟု ဆိုလိုသည်။

(ဃ) အရ "သင့်လျော်သည့် မိတ်ဆွေ သူငယ်ချင်းများ၌ အပ်နှံခြင်း" ဟူသည်မှာ-မိမိတပည့်အား "တော်ပါသည်၊ တတ်ပါသည်၊ ကျွန်တော်နှင့် အတူတူပါပဲ" စသည်ဖြင့် ချီးမြှောက် ပြောကြားကာ ပွဲထုတ်ပေးခြင်း၊ ကြော်ငြာပေးခြင်းပင်ဖြစ်သည်။ သို့မှ တပည့်ကို ချစ်သည့် ဆရာကောင်း ပြီသပေသည်။

(င)အရ-အကာအကွယ်ပေးပုံမှာ လူဆိုးများ မပြင်နိုင်သည့် မန္တန်ကိုပေးခြင်း၊ မြွေဆိုး ကျားဆိုးစသည် မကိုက်ခဲ မညှင်းဆဲနိုင်သည့်မန္တန်ကိုပေးခြင်း၊ပရိတ်ဘော်များသင်ပေးခြင်း-စသည်ဖြစ်သည်။ အများပြည်သူက သို့မဟုတ် အချို့သူများက မယုံသကာဖြစ်လျှင်လည်း "ဤသူသည် ငါ၏တပည့်ဖြစ်သည်၊ ဤသူ ကောင်းစွာတတ်သည်၊ အစစ စိတ်ချယုံကြည်ရသည်"စသည်ဖြင့် တာဝန်ယူကာ မိမိတပည့်အား ဂုဏ်တင်ပြောဆို၍ အကာအကွယ်ပေးရမည် ဖြစ်သည်။

**ဆရာ့ဝတ်ငါးပါး ဆောင်ပုဒ်**

ညွှန်ကြားဆုံးမ၊ သင်ပြပညာ။
မချန်မလှပ်၊ နှံ့အပ်သင့်ရာ။
ဘေးရန်ကာပေး၊ ကျင့်ရေးငါးဖြာ။
ဆရာများ၊ မမှားကျင့်အပ်စွာ၊

ဆရာနှင့်တပည့်သတိရှိကြ

ဤသည်မှာ ဆရာက တပည့်အားပြုစုရမည့် ဝတ္တရားငါးပါး ဖြစ်သည်။ ဤလောက၌ ဆရာနှင့်တပည့် အစဉ်အဆက် ဝတ္တရားကျေပွန်

ကြားသည်ဆိုလျှင် သာယာပျော်မွေ့ဖွယ်ကောင်းသည့် လောကကြီးဖြစ်နိုင်ပေသည်။ ဆရာကလည်း တပည့်အား ချစ်ခင်သနား မေတ္တာထား၍ ဝတ္တရားကျေပွန်ရန် လိုအပ်သည်။ တပည့်ကလည်း ဆရာအား ရိုသေလေးစား မေတ္တာထား၍ ဝတ္တရားကျေပွန်ရန် လိုအပ်ပေသည်။

ဆရာနှင့်တပည့် တစ်စုံသည်လည်း လူ့လောက၌ အစဉ်အဆက် ဆင်းသက်သည့် ရေစီးကြောင်းကြီးတစ်ခု ဖြစ်သည်။ တိုင်းပြည်တစ်ခု လူမျိုးတစ်ခု၌ ဤဆရာတပည့် အစဉ်အဆက် ကောင်းမွန်စွာ ဝတ္တရား ကျေကျေပွန်ပွန်ဖြင့် ဆင်းသက်ရန် အလွန်လိုအပ်လှပေသည်။

(၅) လင်ယောကျ်ားဝတ္တရားငါးပါး

(က) ချစ်ခင်မြတ်နိုးစွာ ပေါင်းသင်းဆက်ဆံရခြင်း။ (သမ္မာ မာနနာယ။)
(ခ) မထီလေးစားမပြု နှိမ့်ချမှုမရှိဘဲ ပေါင်းသင်းဆက်ဆံရခြင်း။ (နာဝမာနနာယ။)
(ဂ) မိမိဇနီးမှတစ်ပါး အခြားအမျိုးသမီးကို လွန်ကျူး၍ မဆက်ဆံရခြင်း။ (အနတိစရိယာယ။)
(ဃ) စည်းစိမ်အပ်နှင်း အစိုးရမှုပေးရခြင်း။ (ဣဿရိယဝေါသဂ္ဂေန။)
(င) အဝတ်အစား အဆင်တန်ဆာပေးရခြင်း။ (အလင်္ကာရာနုပ္ပဒါနေန။)-

ဟူသော ဝတ္တရားငါးပါးတို့ကို လင်ယောကျ်ားများ ကျင့်သုံးရသည်။ ထိုတွင်-

(က) အရ-"ချစ်ခင်မြတ်နိုးစွာ ပေါင်းသင်းဆက်ဆံရခြင်း" ဟူသည်မှာ ကြားလိုက်ရလျှင် စိတ်ချမ်းသာ၍ နှစ်သက်ဖွယ်ရာခေါ်ခြင်း ပြောခြင်း၊ မြင်လိုက်သိလိုက်လျှင် စိတ်ချမ်းသာ၍ နှစ်သက်ဖွယ်ရာ ပြုမူခြင်းများဖြစ်သည်။

(ခ) အရ- "မသိလေးစားမပြု နှိမ့်ချမှုမရှိပဲ" ဟူသည်မှာ မသင့်လျော်သည့် ဝေါဟာရ အသုံးအနှုန်းဖြင့် ခေါ်ခြင်း ပြောခြင်း၊ မသင့်မလျော် မလေးမစား နှိမ့်ချ၍ ပြုမူခြင်းများ မဖြစ်စေရန် သတိထားဆက်ဆံပေါင်းသင်းခြင်းဖြစ်သည်။

(ဂ) အရ- "အခြားအမျိုးသမီးများကို မိမိ၏ဇနီးထက် လွန်ကဲစွာ အရေးယူပြောဆိုခြင်း၊ ပြုမူခြင်းများ မဖြစ်စေအောင်လည်း သတိထားရှောင်ကြဉ်ရမည်။ မိမိဇနီးထက်ပို၍ ချစ်ခင်သည့်စိတ် ထားမိလျှင်လည်း "ဤအရာသည် မတော်ပါလား၊ ငါ့ဇနီးအပေါ် သစ္စာဖောက်သည့် စိတ်ထားမှုဖြစ်သည်" စသည်ဖြင့် ဆင်ခြင်၍ ရှောင်ကြဉ်ရမည်ဖြစ်သည်။ မယား အဖြစ် ယူခြင်း ကိုကား ယူ၍ ပေါင်းသင်းဆက်ဆံရန် မဆိုထားဘိ စကားဖြင့်ပြောရန်၊ စိတ်ကူးရုံမျှပင် မသင့်လျော်ပါချေ။ အကျိုးစီးပွားပျက်၍ စိတ်ဆင်းရဲတတ်လှပေသည်။ မိမိလည်း စိတ်ဆင်းရဲခြင်းဖြစ်ရသည့်နည်းတူ မိမိ၏ဇနီးသည်မှာလည်း စိတ်ဆင်းရဲခြင်းဖြစ်ရတတ်သည်။ အခြား နီးစပ်သက်ဆိုင်ရာပုဂ္ဂိုလ်များလည်း စိတ်ဆင်းရဲခြင်းဖြစ်ရတတ်သည်။ ထိုသို့ အိမ်ထောင်အတွက်လည်း စီးပွားမတိုးတက်ပဲ ပျက်စီးတတ်ပေသည်။

(ဃ) အရမှာ "စည်းစိမ်အပ်နှင်း အစိုးရမှုပေးခြင်း" ဟု ဆိုရာ၌- အမျိုးသမီးများနိုင်နင်းသည်ဟု ဂုဏ်ယူရာဖြစ်သည့် အိမ်တွင်းနှင့် မီးဖိုချောင်စီမံမှုကို အိမ်ရှင်မ၏ သဘောကျ အုပ်ချုပ်စီမံမှုပေးခြင်းကိုပင် အဓိကထား ပြုလုပ်ရမည်ဖြစ်သည်။

ဤသို့ သဘောကျစီမံခွင့်ရခြင်းကို အိမ်ရှင်မများသည် ဝိသာခါ ကျောင်းအမကြီးနှင့် မလ္လိကာဒေဝီ တို့သာ ဝတ်ဆင်ခွင့် ရနိုင်ခဲ့သည့် **မဟာလတာ**အဆင်တန်ဆာကို ရရှိသည်ထက် သဘောကျဂုဏ်ယူတတ်ကြချေသည်။

(င) အရ- "အဝတ်အစား အဆင်တန်ဆာပေးခြင်း" ဆိုရာ၌- မိမိအခြေအနေ စီးပွားရေးအင်အားအလျောက် အနည်းဆုံး ပန်းလှလှ

ကလေးဘဝနှင့်ပင်ဖြစ်စေ မိမိချစ်ဇနီးအား ချီးမြှောက်သည့် အနေဖြင့် လက်ဆောင်ပေးသင့်ကြပေသည်။

ဤသို့လျှင် လင်ယောကျ်ားဖြစ်သူသည် မိမိ၏ဇနီးသည်အား ပြုစုစောင့်ရှောက်ရမည့် ကျင့်ဝတ်ငါးမျိုးရှိပေသည်။ အကယ်၍ မိမိ၏ဇနီးက မိမိအားပြုလုပ်ရမည်-ဟု ဖော်ပြလတ္တံ့သော ဝတ္တရားများဖြင့် ပြုလုပ်စောင့်ရှောက်ခြင်းကို လိုလားနှစ်သက်ပါမူ မိမိကလည်း မိမိပြုလုပ်ရမည့် ဝတ္တရားများကို အမှန်ပင် ပြုလုပ်ကျင့်သုံးသင့်ပေသည်။

မိမိက လင်ယောကျ်ားဝတ္တရားများကို ပြုလုပ်ကျင့်သုံးမှ မိမိ၏ ဇနီးကလည်း မိမိအပေါ်၌ ဇနီးမယား၏ ဝတ္တရားများကို ကျင့်သုံးပေလိမ့်မည်။ ကိုယ်ကကျင့်၍ ဝတ္တရားကျေလျှင် သူကလည်းကျင့်သုံးဝတ္တရားကျေကြပြီး နေထိုင်ကြရပါမူ သာယာသောအိမ်ထောင်ကြီး ဖြစ်လာပေလိမ့်မည်။

### လင့်ဝတ်ငါးပါး ဆောင်ပုဒ်

မြတ်နိုးယုယ၊ နှိမ့်ချကင်းစေ။
မိစ္ဆာမယှဉ်း၊ အပ်နှင်းရှေ့ငွေ။
ဝတ်စားဆင်ပြု၊ ကျင့်မှုငါးထွေ။
လင်ယောကျ်ား၊ မမှားကျင့်အပ်ပေ။

## (ဖ) မယားဝတ္တရားငါးပါး

(က) အိမ်မှုကိစ္စများကို ကောင်းစွာစီမံပြုလုပ်ရခြင်း။ (သုသံဝိဟိတကမ္မန္တာ။)

(ခ) အတွင်းလူ အပြင်လူများအား ကျေနပ်နှစ်သက်ဖွယ် မျှမျှတတ ပြုလုပ်ဆောင်ရွက်ပေးရခြင်း။ (သင်္ဂဟိတပရိဇနာ။)

(ဂ) မိမိ၏လင်မှ အခြားတစ်ယောက် လွန်ကျူး၍ မထားရခြင်း။ (အနတိစရိယာယ။)

(ဃ) လင်ယောကျ်ားက ပေးအပ်သမျှ ပစ္စည်းဥစ္စာကို ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ရခြင်း။ (သမ္ဘတံ စ အနုရက္ခတိ။)

(င) အိမ်မှုကိစ္စများကို ကျွမ်းကျင်လိမ္မာစွာ မပျင်းမရိ ပြုလုပ်ဆောင်ရွက်ရခြင်း။ (ဒက္ခာ စ ဟောတိ သဗ္ဗကိစ္စေသု။)-

ဟူ၍ အိမ်သူဇနီးများ ကျင့်သုံးရမည့် ဝတ္တရားငါးမျိုးရှိသည်။ ထိုတွင်—

(ခ) အရ-အိမ်တွင်းအတူနေ သားသမီး ဆွေမျိုး အခိုင်းအစေများကို အတွင်းလူဟု ယူရမည်။ အိမ်အပြင်နေသူ လင်ဘက် မိမိဘက် နှစ်ဘက်ဆွေမျိုးများ မိတ်ဆွေများကို အပြင်လူဟုယူရမည်။ ယင်း အတွင်းလူ အပြင်လူများကို ကျေနပ်နှစ်သက်စေရန် အခြေအနေ အခါ ကာလ အားလျော်စွာ ပေးကမ်းချီးမြှင့်ရခြင်း ဖြစ်သည်။

(ဂ) အရ-''အခြား တယောက် လွန်ကျူး၍ မထားရခြင်း''ဟူသည်မှာ အနတိစာရိနီ-ဟူသောပါဠိအတိုင်း မြန်မာပြန်ဆိုခြင်း ဖြစ်သည်။ လိုရင်းအဓိပ္ပာယ်မှာ မိမိကာမပိုင် လင်ယောကျ်ားထက် ပိုမို၍ အခြားယောကျ်ားများကို စိတ်ဖြင့် လည်းကောင်း၊ နှုတ်ဖြင့် လည်းကောင်း၊ ကိုယ်ဖြင့်လည်းကောင်း လွန်လွန် ကျူးကျူး ချစ်ခင်သည့် အမူအရာမပြုလုပ်ရန်ဖြစ်သည်။ လင်မြှောင်မထားရခြင်းဖြစ်သည်။ဤအချက်သည် မိမိအတွက်ဖြစ်စေ၊မိမိလင်ယောကျ်ားအတွက်ဖြစ်စေ၊ လင်မြှောင်အတွက်ဖြစ်စေ ဘေးအန္တရာယ် ကြီးမားလှသောကြောင့် အထူး သတိထားရှောင်ကြဉ်သင့်ပေသည်။ အပြစ်လည်းကြီး၍ ပျက်စီးခြင်းအမျိုးမျိုးကို တွေ့ခံစေနိုင်ပေသည်။ မယားဝတ်ကျေမှ လင်ဝတ်ကျေမည်ကို သတိထားရမည်။

## မယားဝတ်ငါးပါး ဆောင်ပုဒ်

အိမ်မှုလုပ်ပြီး၊ မြှောက်ချီးပေးဝေ။
မိစ္ဆာမတိမ်း၊ စောင့်ထိန်းရွှေငွေ။
ကျွမ်းကျင်မပျင်း၊ အိမ်တွင်းမှုတွေ။
ဇနီးများ၊ ငါးပါးကျင့်ပါလေ။

**လင်နှင့်မယားသတိထား**

လင်နှင့်မယားတို့သည် ဤဘဝတသက်တာတွင်လည်း တစ်ဦးနှင့် တစ်ဦး တွဲဖက်ဖေးမလျက် မခွဲမခွာ ဘဝခရီး သွားကြရပေမည်။

နောင်ဘဝအဆက်ဆက်လည်း နိဗ္ဗာန်ရောက်သည်အထိ တစ်ဦးနှင့် တစ်ဦး တွဲဖက်ဖေးမ အားပြုကာ သံသရာခရီး သွားကြရပေမည်။

သို့ဖြစ်သောကြောင့် တစ်ဦးနှင့်တစ်ဦး စိတ်ချယုံကြည်စွာ အသက် ကိုအပ်နှင်း၍ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာဖြင့် ဝတ္တရားကျေပွန်အောင် ကျင့်သုံးနေထိုင်ရန် လိုအပ်လှပေသည်။

ဒီပင်္ကရာဘုရားရှင်လက်ထက်မှစ၍ သုမေဓာနှင့်သုမိတ္တာတို့ လက်တွဲ ကာ ပါရမီဆယ်ပါး အမြတ်တရားတို့ကို ဖြည့်ကျင့်ဆည်းပူးခဲ့ကြသည်။ အချိန်အားဖြင့် ကမ္ဘာပေါင်း လေးအသင်္ချေနှင့် တသိန်းကြာသည်။ တစ်နှစ်မဟုတ်၊ တစ်ဘဝမဟုတ်၊ ဘဝပေါင်း မရေမတွက်နိုင်အောင် လက်တွဲခဲ့ကြသည်။ တစ်ဦးနှင့်တစ်ဦး တွန်းဖယ်၍မသွားခဲ့ကြ၊ ခွဲခွာ စွန့်ပစ်၍မသွားခဲ့ကြ တစ်ဦးလဲကျလျှင် တစ်ဦးကဆွဲမသည်။ တစ်ဦးက လွဲချော်လျှင် တစ်ဦးကတွဲခေါ်သည်။ တစ်ဦး၏ လိုအင်ရှိသမျှကို တစ်ဦးက မငြိုမငြင် ဖြည့်ကြသည်။ စန္ဒကိန္နရာနှင့် စန္ဒကိန္နရီဘဝ၊ သောတ္တိသေနမင်းနှင့်သမ္ဘုလဒေဝီဘဝ၊ ဒုကူလနှင့်ပါရိကာဘဝ၊ မဟောသဓာနှင့်အမရာဒေဝီဘဝ၊ ဝေဿန္တရာမင်းနှင့် မဒ္ဒီဒေဝီဘဝ.... စိတ်တူ ကိုယ်မျှ အလိုကျ ပါရမီတရားကို ပွားများကျင့်သုံးခဲ့ကြရာ နောက်ဆုံး အပြီးသတ်ဘဝ ဂေါတမဘုရားရှင်နှင့် ယသောဓရာထေရီဘဝ ဖြင့် အမြတ်နိဗ္ဗာန်သို့ အတူတူမခွဲမကြဉ်ပဲ တွဲယှဉ်၍ နွဲဝင်နိုင်ခဲ့ကြပေသည်။

ဤနည်းကိုမှီးယူလျက် စာရှုသူတို့သည်လည်း လင်နှင့်မယား ကျင့်သုံး ရမည့် တာဝန်ဝတ္တရားများကို ကျေပွန်စွာကျင့်သုံးကြလျက် ကောင်း မြတ်သည့် ဘဝခရီးသွားဖော်၊ သံသရာခရီးသွားဖက်များအဖြစ် အမြတ် နိဗ္ဗာန်သို့ ဝင်စံသည်အထိ လက်တွဲမဖျက်ပဲ တဆက်ထဲ သွားနိုင်အောင် **ကြိုးစားသင့်ကြပေသည်။**

(၃) ဒါယကာ၀တ္တရားငါးပါး

(က) မေတ္တာကာယကံရှိရခြင်း၊ (မေတ္တေန ကာယကမ္မေန။)
(ခ) မေတ္တာ၀စီကံ ရှိရခြင်း၊ (မေတ္တေန ၀စီကမ္မေန။)
(ဂ) မေတ္တာမနောကံရှိရခြင်း၊ (မေတ္တေန မနောကမ္မေန။)
(ဃ) အလိုရှိရာကို အလိုရှိသောအခါ အလှူခံရန် ဖိတ်မံရခြင်း။ (အနာ၀ဋဒွါရတာ။)
(င) ဆွမ်းဘောဇဉ် လှူဒါန်းရခြင်း၊ (အာမိသပ္ပဒါနေန။)-
ဟူ၍ ဒကာက ဆရာဘုန်းကြီးအား ပြုရမည့် ၀တ္တရား ငါးမျိုးရှိသည်။ ထိုတွင်—

(က) အရ-"မေတ္တာ ကာယကံ"ဟူသည်မှာ- ရိုသေစွာဦးချခြင်း၊ ဆရာဘုန်းကြီး၀ယ် ပြုလုပ်ဖွယ်အမှုကိစ္စများကို လေးလေး စားစားပြုလုပ်ပေးရခြင်း-စသည်ဖြစ်၏။

(ခ) အရ-"မေတ္တာ၀စီကံ"ဟူသည်မှာ-ရိုသေသည့် စကား အသုံးအနှုန်းများဖြင့် ရိုသေသောအမူအရာသုံး၍ လျှောက်ထားပြောဆိုရခြင်း၊ ဆရာဘုန်းကြီးအတွက် နှုတ်ဖြင့် ပြုလုပ်ဖွယ် အမှုကိစ္စများကို နှုတ်ဖြင့် ပြောဆို ဆောင်ရွက်ရခြင်း-စသည်ဖြစ်၏။

(ဂ) အရ-"မေတ္တာမနောကံ" ဟူသည်မှာ-ဆရာဘုန်းကြီး အတွက် ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး-ပစ္စည်းလေးပါး ပြည့်စုံစေရန် ကြံစည်ခြင်း၊ ဆရာဘုန်းကြီး ကျန်းမာချမ်းသာ လိုရာရဟန်းတရား ပွားနိုင်ပါစေဟု ဆုတောင်းခြင်း စသည်ဖြစ်၏။

(ဃ) အရ-"အလိုရှိရာ အလိုရှိသောအခါအလှူခံပါဟု ဖိတ်မံခြင်း" ဟူသည်ကို ပါဠိဘာသာဖြင့်"အနာ၀ဋဒွါရတာ"ဟု ခေါ်သည်။ မြန်မာလို "အိမ်တံခါးပိတ်မထားခြင်း"ဟု အနက်ပြန်ရသည်။ ယင်းသို့ ဖိတ်ကြားထားမှလည်း ရဟန်းတော်များက တောင်းကောင်းပေသည်။

(င) အရ-"ဆွမ်းဘောဇဉ်ကို လှူဒါန်းရမည်"ဆိုသဖြင့် နံနက်အချိန်မှာ ဆန်ပြုတ်ခေါ် ယာဂုကပ်ခြင်း၊ ဆွမ်း,ဆွမ်းဟင်းကပ်ခြင်း၊ လောင်း

လှူခြင်း၊ အခြားမုန့်ဆွမ်း, သစ်သီးဆွမ်း စသည်ကပ်လှူခြင်း၊ ဆွမ်းခံကြွလာစဉ် လောင်းလှူခြင်း -စသည်ဖြစ်၏။

ဒါယကာဝတ်ငါးပါး ဆောင်ပုဒ်

မေတ္တာကိုယ်မှု၊ နှုတ်မှုမေတ္တာ။
မေတ္တာစိတ်ထား၊ ဖိတ်ကြားလိုရာ။
ဘောဇဉ်လှူပေး၊ ကျင့်ရေးငါးဖြာ။
ဒကာဝတ်၊ မချွတ်ကျင့်ရမှာ။

(ဂ) ဆရာဘုန်းကြီးဝတ္တရားခြောက်ပါး

(က) မကောင်းမှုကို တားမြစ်ရခြင်း၊ (ပါပါ နိဝါရေန္တိ။)
(ခ) ကောင်းမှုကို ညွှန်ကြားရခြင်း၊ (ကလျာဏေ နိဝေသေန္တိ။)
(ဂ) ကောင်းသောစိတ်ဖြင့် စောင့်ရှောက်ရခြင်း၊ (ကလျာဏေန မနသာ အနုကမ္ပန္တိ။)
(ဃ) တရားတော်အသစ်အသစ် ဟောကြားရခြင်း၊ (အသုတံ သာဝေန္တိ။)
(င) သိပြီးသောတရားကို စင်ကြယ်စွာသိမြင်အောင် ထပ်မံ၍ ဟောရခြင်း၊ (သုတံ ပရိယောဒါပေန္တိ။)
(စ) နောင်ဘဝ နတ်ပြည် ကောင်းရာဘဝရောက်ရန် ကျင့်သုံးစေခြင်း၊ (သဂ္ဂဿ မဂ္ဂံ အာစိက္ခန္တိ။)-

ဟူ၍ ဆရာဘုန်းကြီး ရဟန်းတော်များက ကျင့်သုံးရမည့်ဝတ္တရား ခြောက်မျိုးရှိပေသည်။ ထိုခြောက်မျိုးတို့တွင်—

(က)အရ-မကောင်းမှု ဟူသည်မှာ သူ့အသက်သတ်ခြင်း စသော မကောင်းမှု၊ မှားယွင်းသောရောင်းဝယ်မှုခေါ် မိစ္ဆာဝဏိဇ္ဇာအလုပ်များ၊ အလောင်းအစားလုပ်မှု၊ ပွဲလမ်းသဘင် အပျော်အပါးများမှု၊ ဘေး အန္တရာယ်ရောဂါဖြစ်အောင် နေထိုင်စားသောက်မှု၊ အမှုခေါ် မမှန်ကန် သောဘရားများကို ယူဆမှု၊ ပြောဟောကျင့်သုံးမှု-စသည့် မကောင်းမှု များကို ဒကာဒကာမများပြုလုပ်လျှင် မပြုလုပ်စေရန် တားမြစ်ပြောဟော

ရမည်ဖြစ်သည်။ ဤသိဂ်လသုတ်လာ ဝတ္တရားများ နားမလည်ခြင်း မကျင့်သုံးခြင်းများကို တားမြစ်ရမည်၊ ဟောပြောရမည်။

(ခ)အရ-"ကောင်းမှုကိုညွှန်ကြားရခြင်း"ဟူသည်မှာ သီလစောင့်ရန်၊ ဒါနပြုရန်၊ ရပ်ရေးရွာရေး သာသနာရေး တိုင်းပြည်ရေး၊ လူမျိုးရေး သည်တို့၌ ကောင်းရာကောင်းကြောင်း ဆောင်ရွက်ရန်၊ မကွဲမပြား ညီညွတ်ရန်၊ သမထဝိပဿနာ ကမ္မဋ္ဌာန်းဘာဝနာတရား ပွားများရန် စသည့် ကောင်းသောအမှုများကို ပြုလုပ်ကြရန် တိုက်တွန်းဟောပြော ခြင်းဖြစ်သည်။ ဤသိဂါလသုတ်လာ ဝတ္တရားများကို နားလည်စေရန်၊ ကျင့်သုံးစေရန် တိုက်တွန်းဟောပြောရမည်။

(ဂ)အရ-"ကောင်းသောစိတ်ဖြင့် စောင့်ရှောက်ခြင်း"-ဟူသည်မှာ မိမိ၏ဒါယကာများအား မေတ္တာပို့ခြင်း၊ ပရိတ်တရားရွတ်ဖတ်ခြင်းတို့ ဖြင့် ဘေးရန်ကင်းဝေးအောင် စောင့်ရှောက်ခြင်းဖြစ်သည်။

(ဃ)အရ- "တရားအသစ်" ဟူသည်မှာ ဒါယကာများ မကြား နာဖူးသေးသော တရားများကိုဆိုလိုသည်။

(င)အရ-"နာဖူး သိဖူးသောတရားကိုထပ်မံဟောရခြင်း"ဟူသည်မှာ- မရှင်းလင်းသည့်အချက်များ ရှင်းလင်းသွားစေရန် သတိရပြီး ကျင့်သုံး နိုင်စေရန် ဖြစ်သည်။

(စ)အရ-"နတ်ရွာသုဂတိရောက်စေရန် ကျင့်သုံးစေခြင်း"ဟူသည် မှာ-သဒ္ဓါ, သီလ, စာဂ, ပညာ-ဟူသော တရားလေးပါးကို လက်တွေ့ ကျင့်သုံးစေခြင်းဖြစ်သည်။

ဤဝတ္တရားခြောက်ပါးသည် ဆရာဘုန်းကြီးများက ကျင့်သုံးရန်ဖြစ် သော်လည်း လူဝတ်ကြောင် ဒါယကာများက ဒါယကာဝတ္တရားကို ကျင့်သုံးပြည့်စုံလျှင် မိမိတို့ ကိုးကွယ်ထားသော ဆရာဘုန်းတော်ကြီး များက ဤတရားခြောက်မျိုးဖြင့် ပြန်လည် စောင့်ရှောက်လိမ့်မည်ဟု သိရှိသွားကြစေရန် ထည့်သွင်းရေးသားခြင်းဖြစ်သည်။ အကြောင်း မှာလည်း-

ပင်စင်အငြိမ်းစားများနှင့် ပင်ငင်အငြိမ်းစားအရွယ် ဒါယကာများသည် လူဝတ်ကြောင်ဘဝကို ငြီးငွေ့သွား၍ ရဟန်းဘဝ ခံယူလျှင် ကျင့်သုံးနိုင်ရန်အတွက် ကြိုတင်သိရှိလေ့လာထားရန်ဖြစ်သည်။

**ဆရာဘုန်းကြီးဝတ် ခြောက်ပါး ဆောင်ပုဒ်**

မကောင်းမြစ်ထ၊ ညွှန်ပြကောင်းရန်၊
မေတ္တာသားလစ်၊ အသစ်းဟာပြန်၊
သိပြီးစင်ရေး၊ တင်ပေးနတ်ဌာန်၊
ရဟန်းမှူ၊ ခြောက်ခုမသွေမှန်။

**ဒကာဆရာသတ်ပြုပါ**

ကျွန်တော်တို့ ဤမြန်မာပြည်၌ ဒါယကာနှင့် ဆရာဘုန်းတော်ကြီးများ အစဉ်အဆက် တစ်စုံတွဲ၍ တည်ရှိနေသည်။ အပြန်အလှန် အညမည သဘောအရ ကျေးဇူးပြုနေကြရသည်။ ဒကာက ဒကာဆိုင်ရာဝတ္တရားကို ကျေပွန်ပါမှ ဆရာကလည်း ဆရာ့ဝန် ကျေပွန်ပါမှ သာယာတင့်တယ်သော လူ့ဘောင်လောကကြီး ဖြစ်နိုင်ပေသည်။

**ကေန်းနှင့်ဆွံ့ဥပမာ**

ထင်ရှားသည့် ဥပမာဖြင့် ဖော်ပြရမည်ဆိုလျှင် မျက်စိမမြင်ပဲ ခြေလက်ကိုယ်အင်္ဂါ ပြည့်စုံသူ ကေန်းတစ်ယောက်နှင့် မျက်စိမြင်သော်လည်း ခြေလက်ကိုယ်အင်္ဂါ မသန်စွမ်းသူ ဆွံ့တစ်ယောက်တို့ ပေါင်းစပ်၍ နေထိုင်သွားလာသကဲ့သို့ ဖြစ်သည်။

ကေန်းက သွားနိုင်သည်။ ကိုင်တွယ်နိုင်သည်။ သွားလာလုပ်ကိုင်မှု တာဝန်ယူရသည်။ ဆွံ့က မျက်စိမြင်သည်၊ လမ်းမှန်မမှန်နှင့် စားဖွယ်သောက်ဖွယ်—စသည်ကို မြင်သည်၊ ညွှန်ကြားနိုင်သည်။ နှစ်ဦး စိတ်တူသဘောတူ ကိုယ့်တာဝန် ကိုယ်ထမ်းဆောင်ပါမှ သူတို့နှစ်ဦးဘဝ သာယာချောမွေ့နိုင်ပေသည်။ တစ်ဦးဦးက ချွတ်ယွင်းလျှင် ဘာတစ်ခုမျှ မလုပ်နိုင်ပဲ ဘဝယိုင်လဲသွားတော့မည် ဖြစ်ချေသည်။

ဤဥပမာအတိုင်းပင် လူဒါယကာများနှင့် ဆရာဘုန်းတော်ကြီးများ အညမည ကျေးဇူးပြုကြခြင်းဖြင့်သာ လောက, သာသနာ-အရေးရာ သာယာသော လူ့ဘောင်တစ်ခု ဖြစ်နိုင်ပါပေသည်။

(၉) မိတ်ဆွေဝတ္တရားငါးပါး (အသွား)

(က) ပေးကမ်းချီးမြှောက်ရခြင်း၊ (ဒါနေန။)
(ခ) ချစ်ခင်နှစ်သက်ဖွယ် ပြောဆိုရခြင်း၊ (ပေယျဝဇ္ဇေန။)
(ဂ) အကျိုးတရားဖြစ်စေရန် ပြုလုပ်ပေးခြင်း၊ (အတ္ထစရိယာယ။)
(ဃ) ကိုယ်နှင့်ရည်တူဘန်းတူထားခြင်း၊ (သမာနတ္တတာယ။)
(င) မမှားမယွင်း ပြောဆိုပြုမူခြင်း၊ (အဝိသံဝါဒနတာယ။)—
ဟူသော ကျင့်ဝတ်ငါးပါးကို မိတ်ဆွေသူငယ်ချင်းများ အချင်းချင်း အပေါ်၌ ကျင့်သုံးပြုလုပ်ရသည်။ ဤတွင်—

(က) အရ-"ပေးကမ်းချီးမြှင့်ရခြင်း" ဟူသည်-သာမန် အခါ၌ မိမိ စားသုံးနေကျထဲမှ တဘက်အားသာ ခွဲဝေ၍ ပေးကမ်းခြင်း ကိုလည်း ပြုလုပ်ရသည်။ အထူးသဖြင့် မိမိမိတ်ဆွေ အကြောင်းကိစ္စ ရှိသောအခါ တို့၌ မိမိစွမ်းအားရှိသမျှ ရွှေ, ငွေ ရတနာ ပစ္စည်းဥစ္စာထဲမှ ထိထိရောက်ရောက် အထောက်အကူရလောက်အောင် ပေးကမ်းရခြင်း မျိုးကိုလည်း ပြုလုပ်ရမည်ဖြစ်သည်။

(ခ) အရ-"ချစ်ခင်နှစ်သက်ဖွယ်ပြောဆိုခြင်း" ဟူသည်မှာ-မိမိ မိတ်ဆွေ အကျိုးစီးပွား စိတ်ဓာတ်များကို ထိခိုက်နစ်နာစေမည့် စကားများကိုလည်း မပြောမဆိုမိစေရန် ထိန်းသိမ်းရမည်ဖြစ်သည်။

ထို့ပြင် သာမန်အားဖြင့် မိမိမိတ်ဆွေအား ပျော်လို ပျက်လိုသည့် သဘောဖြင့်လည်း ထိခိုက်နစ်နာမှု မရှိစေကာမူ ပြောင်လှောင်ခနဲ့သည့် စကားမျိုးကိုလည်း မပြောမဆိုပဲ ရှောင်ရှားရမည် ဖြစ်သည်။ ဤသို့ အပျော်၊ အပျက် ပြောဆိုရာမှ တကယ် ထိခိုက်နစ်နာမှု ဖြစ်သွားစေတတ်ပေသည်၊ မိတ်ဆွေပျက်တတ်ပေသည်။

ထိုကြောင့် မိမိမိတ်ဆွေသူငယ်ချင်းကို ချစ်ပါသည်၊ ခင်ပါသည်-ဆိုလျှင် ချစ်ခင်နှစ်သက်ဖွယ် ဖြစ်၍ ထိခိုက်နစ်နာမှုမဖြစ်စေသည့် စကားမျိုးကိုသာ ပြောဆိုသင့်ပေသည်။

(ဂ) အရ- "အကျိုးတရားဖြစ်စေရန် ပြုလုပ်ခြင်း" ဟူသည်မှာ- အကျိုးစီးပွားဖြစ်စေရန် အကျိုးစီးပွား မပျက်စေရန် ပြောဆိုခြင်း ပြုလုပ်ခြင်း ကြံစီခြင်းများအားလုံးကို ဆိုလိုပေသည်။

အကျိုးစီးပွားဟူသည်မှာ လောက၌ ပစ္စည်းဥစ္စာ ရရာရကြောင်း၊ အရှိန်အဝါ အခကျော်အခစာ ရရာရကြောင်း၊ ကျန်းမာရေး ရရာရကြောင်းစသည်ဖြင့် လောကအကျိုးစီးပွား ရရန်၊ ဖြစ်ပွားစေရန် ပြုလုပ် ဆောင်ရွက်ပေးခြင်းမျိုး ဖြစ်သည်။

ဘေးအန္တရာယ်ကင်းလွတ်ရေး ရောဂါဝေဒနာ ပျောက်ကင်းရေး စသည်လည်း ပါဝင်ပေသည်။

လောကုတ္တရာအကျိုးစီးပွား ရနိုင်သည့်အကြောင်းများလည်း ပါဝင်ပေသည်။ **ကဋ္ဌဝါဟန**-မင်းကြီးထံသို့ **ဗိမ္ဗိသာရ**မင်းကြီးက ရတနာသုံးပါး ထင်ရှားဖြစ်ပေါ်နေကြောင်း သတင်းကောင်းပို့လိုက်သကဲ့သို့ ဖြစ်သည်။ ယခုခေတ်၌လည်း လောကုတ္တရာ သမထဝိပဿနာ ဆရာကောင်း သမားကောင်း ပေါ်ပေါက်နေကြောင်း မိမိခင်မင်သော မိတ်ဆွေများထံ အကြောင်းကြားခြင်း၊ စာအုပ်စာတမ်းကောင်းများ ပို့ပေးခြင်း၊ ဖတ်ရန် ညွှန်ကြားခြင်းများသည်လည်း အကျိုးစီးပွား ပြုလုပ်ပေးခြင်းပင် ဖြစ်ပေသည်။

(င)အရ-"မမှားမယွင်း ပြောဆိုပြုမူခြင်း" ဟူသည်မှာ-မှန်ကန်မှု သစ္စာတရားကို စောင့်သုံးခြင်းပင် ဖြစ်သည်။ သူတော်ကောင်းတို့၏ သဘောမှာ မိမိမိတ်ဆွေများအား စိတ်အနှောင့်အယှက် မဖြစ်စေရန် မှန်ကန်စွာ ပြောဆိုခြင်း၊ မှန်ကန်စွာ ပြုလုပ်ခြင်း-ဟူသော သစ္စာတရားကို ကျင့်သုံးရမြဲဖြစ်ပေသည်။ ယင်းသို့ မိမိ မိတ်ဆွေများမှစ၍ သစ္စာတရားကျင့်သုံးကာ တလောကလုံး၌ ကျင့်သုံးနိုင်အောင် လေ့ကျင့်

ပါရလျှင် ပါရမီဆယ်ပါးတွင် သစ္စာပါရမီတရားကြီး ပြည့်ဝကာ အရိယသစ္စာ-အမှန်တရား သိမြင်ရေး အတွက် အထောက်အကူကြီး တစ်ခုကို ရရှိစေနိုင်ပေသည်။

## မိတ်ဆွေဝတ်ငါးပါး(အသွား)
## ဆောင်ပုဒ်

ပေးကမ်းဝေငှ၊ ဆိုချချစ်ဖွယ်။
အကျိုးကိုကျင့်၊ ထားသင့်ကိုယ်နှယ်။
သစ္စာတည်ငြား၊ တရားငါးသွယ်။
စွဲမှတ်သုံး၊ ကျင့်ထုံးမိတ်ဆွေဝယ်။

## (၁၀) မိတ်ဆွေဝတ္တရား ငါးပါး (အပြန်)

ဖော်ပြခဲ့သည့် နံပါတ် (၉) အရ မိမိ၏မိတ်ဆွေတစ်ဦးဦးက မိတ်ဆွေကောင်းပီသစွာ မိတ်ဆွေဝတ္တရားငါးပါး (အသွား) နှင့် အညီ မိမိအား ကျင့်သုံး ပြုစုလာပါလျှင် မိမိကလည်း ယခုဖော်ပြမည့် နံပါတ် (၁၀) မိတ်ဆွေဝတ္တရား (အပြန်)ကို လိုက်နာကျင့်သုံးရမည် ဖြစ်သည်။

ဆို့ပြင် ဖော်ပြခဲ့သည့် နံပါတ် (၉) အရ မိတ်ဆွေဝတ္တရားငါးပါး (အသွား) ကို လိုက်နာကျင့်သုံးလျှင် မိမိ၏ မိတ်ဆွေကလည်း တဖန် ပြန်လှန်၍ ယခုဖော်ပြမည့် နံပါတ်(၉)အရ မိတ်ဆွေဝတ္တရား (အပြန်) ငါးပါးကို သူ့ခတော်ကောင်းသဘောတရားအတိုင်း ကျင့်သုံးလိမ့်မည်ဟူ၍ ယုံကြည်မျှော်လင့်ထိုက်ပေသည်။ မိတ်ဆွေဝတ္တရားငါးပါး(အပြန်)မှာ—

(က) မေ့လျော့နေသူ မိတ်ဆွေကို စောင့်ရှောက်ခြင်း။ (ပမတ္တံ-ရက္ခန္တိ။)

(ခ) မေ့လျော့နေသည့် မိတ်ဆွေ၏ ပစ္စည်းဥစ္စာကို စောင့်ရှောက်ခြင်း။ (ပမတ္တဿ သာပတေယျံ ရက္ခန္တိ။)

(ဂ) ကြောက်ဖွယ်ရာ ဘေးရန်ကြုံတွေ့လျှင် ကိုးကွယ်ရာ အားထားရာ ဖြစ်ခြင်း။(ဘီတဿ သရဏံ ဟောတိ။)

(ဃ) ရောဂါဘေးရန် ဖြစ်သောအခါ၌ စွန့်ခွာ၍ မသွားခြင်း။ (အာပဒါသု န ဝိဇဟတိ။)

( င ) သားမြေးစဉ်ဆက် လေးစားချစ်ခင်ပူဇော်ခြင်း။ (အပရ-ပဇာ စဿ ပဋိပူဇေတိ။)-

ဟူ၍ ဖြစ်သည်။ ဤမိတ်ဆွေဝတ္တရားငါးပါး (အပြန်) ကို မိမိအား မိဘ်ဆွေဝတ္တရားငါးပါး (အသွား) နှင့် အညီ ကျင့်ကြံပြုလုပ်သည့် မိတ်ဆွေအပေါ်၌ ပြန်လှန်၍ အမှန်ပင်ကျင့်သုံးထိုက်ပေသည်။

သို့မဟုတ် ဤမိတ်ဆွေဝတ္တရားငါးပါး(အပြန်) ကို ဒုလို ရှိပါလျှင် မိမိကကြိုတင်၍ မိတ်ဆွေဝတ္တရားငါးပါး (အသွား)ကို ကျင့်သုံးသင့်ပေသည်။ ယင်းသို့ကျင့်သုံးလျှင် သူတော်ကောင်းတို့၏ သဘောတရား အရ မိမိ၏မိတ်ဆွေကလည်း မိတ်ဆွေဝတ္တရား ငါးပါး (အပြန်) ကိုမုချ မိမိ အပေါ်၌ကျင့်သုံးလိမ့်မည်ဖြစ်သည်။

ယင်းသို့ မိတ်ဆွေအချင်းချင်းအသွားအပြန် မှန်မှန် ကျင့်သုံး ပါလျှင် ဤကမ္ဘာလောကကြီး အလွန်တရာ သာသာယာယာ ရှိပေလိမ့်မည်။

မိတ်ဆွေဝတ္တရား(အပြန်)ငါးပါးတွင်—

(က)အရ- "မေ့လျော့နေသူ မိဘ်ဆွေ" ဟူသည်မှာ - ရသင့်သည့် လောကီအကျိုးစီးပွား လောကုတ္တရာ အကျိုးစီးပွားများကို ပြုလုပ် ဆောင်ရွက်ရန် မေ့လျော့နေ ါမူ ပြုလုပ်ရန်သတိပေး နှိုးဆော်ခြင်းဖြင့် စောင့်ရှောက်ရမည်ဖြစ်သည်။ စွမ်းနိုင်သမျှ ကူညီစောင့်ရှောက်ရမည်။

ထို့ပြင် ကျရောက်မည့်အပြစ်၊ ကျရောက်မည့် ဘေးဒဏ်များ ရှိသျှင်လည်း စောစောက ကြိုတင် ရှောင်တိမ်း ကာကွယ်နိုင်ရန် မေ့နေသူမိတ်ဆွေအား သတိပေးနှိုးဆော်ရမည် ဖြစ်သည်။ စွမ်းနိုင်သမျှ ကူညီရမည်။

ယင်းသို့ သတိပေးခြင်း ကူညီခြင်းများသည်ပင် မေ့လျော့နေသူ မိတ်ဆွေအား စောင့်ရှောက်ခြင်းဖြစ်သည်။

(ခ)အရ-"မေ့လျော့နေသူမိတ်ဆွေ၏ ပစ္စည်းဥစ္စာကို စောင့်ရှောက်ခြင်း"ဟူသည်မှာ-မိတ်ဆွေက မေ့လျော့နေ၍ စီးပွားဥစ္စာ ဆုတ်ယုတ်ပျက်စီးမည် ရှိလျှင်သော်လည်းကောင်း, စီးပွားဥစ္စာတိုးတက်မှုကို မပြုမိလျှင်သော်လည်းကောင်း မိမိက မပျက်စီးစေရန်၊ တိုးတက်စေရန် သတိပေးခြင်း၊ ကာကွယ်ပေးခြင်း၊ ပြုလုပ်ဆောင်ရွက်ပေးခြင်းတို့ဖြင့် စောင့်ရှောက်ရမည်။

(ဂ)အရ-ကြောက်ဖွယ်ဘေးရန် ဖြစ်ပေါ်လျှင် မိမိ မိတ်ဆွေအား မကြောက်ရွံ့စေရန်လည်း အားပေးရမည်။ ယင်းဘေးရန်မှ လွတ်ကင်းစေရန်လည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးရမည်။ ဤသို့ ပြုလျှင် မိမိ မိတ်ဆွေ ဘေးရန်ရှိသောအခါ၌ ကိုးကွယ်ရာ ဖြစ်နိုင်ပေသည်။

(ဃ)အရမှာ-မိမိ မိတ်ဆွေ ဘေးရန်အန္တရာယ် တွေ့ကြုံသောအခါ မိမိက ငါလွတ်ပြီးရော့ဟု သဘောထားကာ ပြုစုစောင့်ရှောက်ခြင်း မပြုဘဲ စွန့်ပစ်မသွားရ၊ သေတူရှင်ဖက်၊ ကောင်းဘူဆိုးတူ စိတ်စွဲယူ၍ အတူနေထိုင် စောင့်ရှောက်ရမည်-ဟု ဆိုလိုပေသည်။ ဓတရဋ္ဌရွှေဟသာမင်း ကျော့ကွင်းမိသောအခါ သုမုခဟသာ စစ်သူကြီးက စွန့်ခွာမသွားပဲ အမိခံသကဲ့သို့ပင်လျှင် ကျင့်သုံးရမည်ဖြစ်သည်။ (ဇာ-ဋ္ဌ ၄၊ နှာ-၄၂၄-၄၃၁။)

(င)အရမှာ-မိတ်ဆွေကောင်း အင်္ဂါ(အသွား)ငါးပါးနှင့် ပြည့်စုံသည့် မိတ်ဆွေကို မိမိ၏သားသမီး မြေးမြစ်အစဉ်အဆက် ဆည်းကပ်ပူဇော်၍ ပေါင်းသင်း ဆက်ဆံကြကုန်ဟူ၍ ဆုံးမ, မှာကြားရမည်ဟု ဆိုလိုပေသည်။

### မိတ်ဆွေဝတ်ငါးပါး(အပြန်)မှတ်ဆောင်ပုဒ်

မေ့လျော့လေဘိ၊ သတိပေးရာ။
ပစ္စည်းမေ့က၊ စောင့်ရသချာ။
ဘေးတွေ့ကာဆီး၊ ဘေးနီးမခွာ။
ချစ်မျိုးဆက်၊ ငါးချက်မိတ်ဆွေတာ။

## ဝတ္တရားများနိဂုံး

ဤသို့လျှင် ကျွန်တော်သည်—အသီးသီးသော လူသားများတို့ မုချ ကေန် အမှန်မသွေ ပြုလုပ်ကျင့်သုံးရမည့် ဝတ္တရားများကို မြတ်ဗုဒ္ဓ ရှင်တော်ဘုရား ဟောတော်မူရင်း သံဂါလသုတ် ပါဠိတော်အရှိအတိုင်း ကို ပိုမိုထင်ရှားသိသာစေရန် အဋ္ဌကထာဖွင့်ပြချက် ဋီကာဖွင့်ပြချက်၊ ဆရာဘော်ဦးဘုဝ် သင်္ဂြိုဟ်ဆရာတော် ဆရာတော်အရှင်ဇနကာဘိဝံသ-စသော မြန်မာရဟန်းပညာရှိ လူပညာရှိကြီးများ၏ အဆိုအမိန့်များနှင့် ညှိနှိုင်း၍ ရေးသားဖော်ပြခဲ့ပါသည်။

ယင်းဝတ္တရားများသည်ကား မင်းတိုင်းကျေကျင့်သုံးရမည် မဟုတ် ပါ။ ဤဘွင် မင်းတိုင်းကျေ ဟူသည်မှာ ရှေးအခါ သက်ဦးဆံပိုင် မြန်မာရှင်ဘုရင်များ ၎င်းစဉ်က သူတို့အလိုရှိသော ပစ္စည်းဆယ့်နှစ်မျိုးကို ပေးဆက်ကြရမည်ဟူ၍ အမိန့်ချ ဆင့်ဆိုသည်။ ယင်းဆင့်ဆိုချက်အရ သတ်မှတ်ထားသည့် သူများမှတပါး တိုင်းသူပြည်သား ဆင်းရဲသား အားလုံး ပေးဆက်ကြရသည်။ ယင်းသို့ ပေးဆက်ရသည်မှာ စေတနာ သဒ္ဓါရှိ၍ ပေးကြရသည် မဟုတ်ချေ။ ရာဇဝတ်ပြစ်ဒဏ် ခံရမည်ကို ကြောက်သောကြောင့်သာ ပေးဆက်ရသောကြောင့် ''မင်းတိုင်း ကျေ ပေးသည်'' ဟူသောစကား ပေါ်ပေါက်လာခဲ့ပေသည်။ အစဉ်အဆက် လည်း စေတနာမပါပဲ မလွှဲသာ၍ပေးရသည့် ပေးခြင်းဟူသမျှ လုပ် ခြင်းဟူသမျှကို ''မင်းတိုင်းကျေပေးသည်၊ မင်းတိုင်းကျေလုပ်သည်'' ဟူ၍ ပြောဆိုသုံးစွဲခဲ့ကြလေ့ ရှိပေသည်။

ယခုဖော်ပြရေးသားခဲ့သည့် လူသားတို့၏ တာဝန်ဝတ္တရားများကို လည်း မင်းတိုင်းကျေကျင့်သုံးကြရမည် မဟုတ်ပါ။ ဤဝတ္တရားများကို သဗ္ဗညုတဉာဏ်တော်ရှင် မြတ်စွာဘုရားသခင်သည် လူသားတို့အကျိုး တရား ကြီးမားစွာ ရရှိ ခံစားနိုင်ကြစေရန် အတွက် ရည်သန်၍ ဟော ကြားတော်မူသည့် ဝတ္တရားများဖြစ်သောကြောင့် စေတနာသဒ္ဓါ ထက် သန်စွာဖြင့် လေးလေးစားစား လိုက်နာကျင့်သုံးကြရမည် ဖြစ်ပါသည်။

လိုက်နာကျင့်သုံးလျှင် ဤဝတ္တရားကို မဖော်ပြမိက ရေးသားခဲ့သည့်အတိုင်း စာရိတ္တသီလပြည့်စုံ၍ ကောင်းကျိုးတရား အဆက်ဆက်ကို နိဗ္ဗာန်ရသည်အထိ ခံစားရရှိနိုင်ကြမည် ဖြစ်ပေသည်။

လိုက်နာကျင့်သုံးမှုမပြုလျှင် ရရှိမည့်အပြစ်များကို-

ဝတ္တရားမဖြည့် မကျင့်သူသည် သီလမပြည့်စုံနိုင်၊ သီလမပြည့်စုံ မစင်ကြယ်သည့် ပညာမဲ့လူမိုက်မှာ စိတ်တည်တံ့ခြင်းမရှိပဲ ပျံ့လွင့်နေလိမ့်မည်။

စိတ်ပျံ့လွင့်၍ သမာဓိမရလျှင် သူတော်ကောင်းတရားကို မသိမမြင်နိုင်။

သူတော်ကောင်းတရား မသိမမြင်လျှင် ဆင်းရဲဒုက္ခအားလုံးမှ မလွတ်မြောက်နိုင်ချေ-

ဟူ၍ စူဠဝဂ္ဂပါဠိတော် (နှာ-၄၁၆)၌ ဟောကြားထားပေသည်။

ယင်းပါဠိတော် ဟောပြတော်မူချက်ကို မြန်မာအမျိုးသားများ ရှင်းရှင်းလင်းလင်း နားလည်နိုင်စေရန်—

"ကျမ်းသိဂ်ါလ၊ သုတ်ဝယ်ပြ၊ သုံးဝမြွတ်ဆရာ။
ကျင့်ဝတ်မပြေ၊ ပယ်လေးထွေ၊ လားလေရှည်မြင့်ကြာ။
ဤသည့်ဝတ်ကုန်၊ ဆွေမျိုးစုံ၊ မြောက်ဘုံထက်နတ်ရွာ"-

ဟူ၍ သင်္ဂဇာဆရာတော်ဘုရားက ရေးသားဆုံးမတော် မူခဲ့ပေသည်။

ဤသို့ဝတ္တရား ကျေပွန်လျှင် အကျိုးရှိ၍ မကျေပွန်လျှင် အပြစ်ရှိသောကြောင့် ပင်စင်အငြိမ်းစားကြီးများ, ပင်စင်အငြိမ်းစားဖြစ်မည့်သူများ, ပင်စင်အငြိမ်းစား ဖြစ်လိုသူများ, ပင်စင်အငြိမ်းစားအရွယ် ရောက်နေသူများနှင့် ထွက်ရာလမ်းကို မျှော်မှန်းကြသူများသည် မိမိတို့ကိုယ်တိုင် ဝတ္တရားကို ကျေပွန်အောင် ကျင့်သုံးလျက် မိမိတို့၏သား, သမီး, မြေး, မြစ်များနှင့် နီးစပ်ရာမိတ်ဆွေအပေါင်းအသင်းများအားလည်း ကျင့်သုံးကြစေရန် တိုက်တွန်းညွှန်ပြသင့်ကြပေသည်။

---

# ၁၀။ ဒသမအပိုင်း

## ဤအပိုင်း၌

- ☆ ဝတ်ရွတ်မှုအစီအစဉ်နှင့်အကျိုးတရားများ၊
- ☆ သရဏဂုံသီလဆောက်တည်နည်း၊
- ☆ ရတနာသုံးပါးရှိခိုးနည်း၊ ပူဇော်နည်း၊
- ☆ ဆုတောင်းပြည့်စေနိုင်သည့်နည်း၊
- ☆ ရွတ်ဆိုသင့်သောသုတ္တန်များ၊
- ☆ မေတ္တာပို့နည်း၊ မေတ္တာခံယူနည်း၊
- ☆ အမျှဝေနည်း၊ အမျှယူနည်း–

စသည့် ဝတ်ရွတ်စဉ်များကို ဆယ်ပိုင်းခွဲ၍ သိသာ ထင်ရှားအောင် ဖော်ပြထားပါသည်။

# (၈) ဝတ်ရွတ်မှုကို မှန်မှန်ပြုလုပ်ရခြင်း

## ဝတ်ရွတ်စဉ်ဆယ်ပါး

### (လင်္ကာ)

ဝတ်ထား၍ပြု၊ ဝတ်ရွတ်မှုတွင်၊
စီအစဉ်ကား၊ ကြည်လင်သဒ္ဒါ၊
စေတနာထက်မြက်၊ ငြိမ်သက်ဣန္ဒြေ၊
တည်စေ သရဏ၊ သီလယူကာ၊
ရတနာဂုဏ်ဖော်၊ ပူဇော်ရှိခိုး၊
မြတ်နိုးဆုခံ၊ သုတ္တန်ရွတ်လစ် ၊
မေတ္တာယူပို့၊ အဖို့မျှဝေ၊
မျှယူလေ၊ ဆယ်ထွေ ဝတ်ရွတ်စဉ်။

ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်သူဟု အဓိပ္ပာယ် ရှိသည့် ဥပါသကာခေါ် ဗုဒ္ဓဘာသာဝင် တစ်ယောက် ဖြစ်လာလျှင် နေ့စဉ် နေ့တိုင်း ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ရှိခိုးဝတ်ပြုခြင်းစသည့် ဝတ်ရွတ်စဉ်တစ်ခုကို အမြဲပြုသင့်ပေသည်။ ဗုဒ္ဓဘာသာ အမည်ခံယူပြီး နှစ်ဆယ့် လေးနာရီ ရှိသည့် တစ်နေ့တာမျှတွင် အနည်းဆုံး တစ်နာရီခန့်တော့ဖြင့် အချိန်ရအောင်ယူ၍ ဝတ်ပြုသင့်ပေသည်။

ယင်းသို့ တစ်နာရီခန့် အချိန်သတ်မှတ်၍ ဝတ်ပြုလျှင် ပါရမီဆယ်ပါးတွင် **အဓိဋ္ဌာန်ပါရမီ** တရားကို ဖြည့်ကျင့်ဆည်းပူးခြင်းလည်း ဖြစ်နိုင်ပေသည်။ နေ့စဉ်အမြဲမပြတ် ပြုလုပ်ဆည်းပူးသည့် ကံတရားကို **အာစိဏ္ဏကံ** ခေါ်သည်။ ယင်းအာစိဏ္ဏကံသည် အလွန်ပင် ထက်ထက်မြက်မြက် အကျိုးပေးနိုင်ကြောင်းကို ဗုဒ္ဓ စာပေကျမ်းဂန်တို့၌ များစွာရေးသား ဖော်ပြကြပေသည်။ ထိုသို့အင်အားကောင်းသည့် **အာစိဏ္ဏကံ** ကုသိုလ်တရားကိုလည်း ပိုင်ပိုင် နိုင်နိုင် ရရှိမည်ဖြစ်သည်။

စူဠသောတာပန်

ယင်းသို့ ထက်မြက်သော အကျိုးတရားကို ပေးစွမ်းနိုင်သည်မှာ အမြဲပြုလုပ်သည့် **အာစိဏ္ဏကံများသည်** ပဋ္ဌာန်းပစ္စည်း နှစ်ဆယ့်လေးမျိုးတွင် အင်အားကြီးမားလှသည့် **အာသေဝန-ပစ္စည်းကြီးကို** ရရှိသောကြောင့်ဖြစ်ပါသည်။

မှန်လှပါ၏။ အာသေဝန-ပစ္စည်းဟူသည် အမြဲမပြတ်လေ့ကျင့်ထားသည့် သဘောတရားဖြစ်သည်။ **စာရသည်ချင်းတူလျှင်** အမြဲမပြတ် ရွတ်ဆိုလေ့ကျင့်ထား၍ စာကိုရရှိသူက ပို၍ကြေညက်သည်။ **အားကစားတတ်ချင်းတူလျှင်** အမြဲလေ့ကျင့်၍ အမြဲထရိန်နင်ဆင်းထားသူက အမော စေ့၍ ပိုမိုကျွမ်းကျင်စွာ ကစားနိုင်သည်။ **သိုင်းဆရာချင်းတူလျှင်** အမြဲမပြတ်လေ့လာ၍ လေ့ကျင့်ခန်းယူထားသည့် သိုင်းဆရာက ပိုမို၍အစွမ်းထက်သည်။ ဤသည်တို့မှာ အာသေဝန-ပစ္စည်း၏ သဘောဖြစ်သည်။

ထို့ကြောင့် အာသေဝနပစ္စည်းရသည့် အာစိဏ္ဏကံက အကျိုးပေးထက်မြက်ခြင်းဖြစ်သည်။

အာသေဝန-ပစ္စည်းကိုရရှိသည့် အာစိဏ္ဏကံဖြစ်အောင် ပြုလုပ်ထားသည့် ကုသိုလ်တရားမျိုးကို ဗုဒ္ဓစာပေနယ်ပယ်၌ **နိဗဒ္ဓဝတ်ကုသိုလ်ဟူ၍** အမည်ပေးသည်။ ယင်း နိဗဒ္ဓဝတ်ကုသိုလ်ရှိသူမျိုးကို အရိယာပုဂ္ဂိုလ်ရှစ်ယောက်တို့တွင် ပါဝင်သည့် မဟာသောတာပန် ကြီးကဲ့သို့ ကောင်းမြတ်သည့်အကျိုးတရားကို ခံစားရရှိနိုင်သောကြောင့် **စူဠသောတာပန်**ဟူ၍ သတ်မှတ်ချက်ရှိပေသည်။

မဟာသောတာပန်ပုဂ္ဂိုလ်သည် သေပြီးနောက် အပါယ်ငရဲမကျပဲ နတ်ရွာသုဂတိ လားရောက်ရမည့်**နိယတဂတိ-ဂတိမြဲသူ** ဖြစ်သည်။ ထို့အတူပင်စူဠသောတာပန်ဖြစ်လျှင် နတ်ရွာသုဂတိသို့ရောက်ရမည့်**ဂတိမြဲသူ** ဖြစ်သည်ဟု ဆိုလိုပေသည်။ (အံ ဋ္ဌ-၃၊ နှာ-၂၆၅။)

ထို့ကြောင့် **အရိယသစ္စာခေါ်** အမှန်တရားကို သိမြင်လိုသောပုဂ္ဂိုလ်များသည် သေပြီးနောက် နတ်ရွာသုဂတိရောက်ရန် မြဲသည့်

ဂုဏ်ရှိသော စုဋ္ဌသောတာပန်ဖြစ်၍ မဟာသောတာပန်ကြီး ဖြစ်စေရန် အတွက် ဝတ်ရွတ်မှု-အာစိဏ္ဏကံကို ပြုလုပ်ဆည်းပူးသင့်ပေသည်။

ယင်းသို့ အာစိဏ္ဏကံကုသိုလ် ဖြစ်သော ဝတ်ရွတ်မှုကို ပြုလုပ် ဆည်းပူးနိုင်ကြစေရန်အတွက် ဆရာကြီးဦးစာကျော်က ဖော်ပြခဲ့သည့် "ဝတ်ထား၍ပူ၊ ဝတ်ရွတ်မှုဘွင်"-အစရှိသော လင်္ကာကို ရွတ်ဆို ပြပေသည်။

ယင်းလင်္ကာ၌ တူရာကိုအကျဉ်းချုံး၍ ဝတ်ရွတ်စဉ်တွင် ပါဝင်သင့်သောအချက်ဆယ်မျိုးကို ဖော်ပြထားပါသည်။ ယင်းဆယ်မျိုးမှာ ဆရာကြီး ဦးစာကျော်က သူဝတ်ပြုနေကျ အစီအစဉ်အတိုင်းသာ ရေးသားဖော်ပြခြင်းဖြစ်ပါသည်။ အခြားအခြားသော ဝတ်ရွတ်စဉ် များလည်း အများအပြားပင် ရှိကြပါသည်။ ကြိုက်သလိုဝတ်ရွတ်မှုကို ပြုလုပ်နိုင်ကြပါသည်။ နိဗ္ဗာန်ဝတ်ကုသိုလ် ဖြစ်စေရန်သာ လိုအပ်ပါသည်။ ဤကျမ်း၌မူ ဆရာကြီးဦးစာကျော်၏ ဝတ်ရွတ်စဉ် ကိုသာ မူထား၍ ဝတ်ရွတ်စဉ် ဆယ်ချက်မျှကိုသာဖော်ပြပါအံ့။ အချက်ဆယ်မျိုးမှာ-

(၁) ရတနာသုံးပါး၌ ယုံကြည်မှု- သဒ္ဓါတရားဖြစ်ခြင်း၊
(၂) ရတနာသုံးပါးဝတ်ပြုမှု၌ စေတနာထက်မြက်စွာထားခြင်း၊
(၃) ဣန္ဒြေခြောက်ပါး ငြိမ်သက်စေရခြင်း၊
(၄) သရဏဂုံဆောက်တည်ရခြင်း၊
(၅) သီလဆောက်တည်ရခြင်း၊
(၆) ရတနာသုံးပါးဂုဏ်ကို ထုတ်ဖော် ရွတ်ဆို၍ ရှိခိုးပူဇော်ရခြင်း၊
(၇) နှစ်သက်မြတ်နိုးသောဆု တောင်းရခြင်း၊
(၈) နှစ်သက်သောသုတ္တန်များကို ရွတ်ဆိုရခြင်း၊
(၉) မေတ္တာခံယူ၊ မေတ္တာပို့ဝေရခြင်း၊
(၁၀) ကုသိုလ်အဖို့အမျှဝေ၍ အမျှယူရခြင်း-

ဟူ၍ ဆယ်ချက်တို့ဖြစ်ပါသည်။ ယင်းဆယ်မျိုးအရ ပြုလုပ် ကျင့်သုံးပုံကို **အကျဉ်းမျှ နည်းမှီးရုံ ဖော်ပြပါအံ့-**

(၁) ရတနာသုံးပါး၌ ယုံကြည်မှု သဒ္ဓါတရားဖြစ်ခြင်း။ ။ဘုရား, တရား, သံဃာ-ဟူသော ရတနာမြတ်သုံးပါးအပေါ်၌ စိတ်ချယုံကြည်မှု-သဒ္ဓါ တရားဖြစ်ရမည်ဟု ဆိုလိုသည်။

လောက၌ မြတ်စွာဘုရားအဖြစ်ကို ရရှိတော်မူသည့် သဗ္ဗညုတ ဉာဏ်ရှင်ပုဂ္ဂိုလ်ကြီးသည်ကား ယခုငါတို့ကိုးကွယ်ရာဂေါတမအမည်တော် ရ မြတ်ဗုဒ္ဓဘုရားရှင်ဖြစ်သည်ဟု ယုံကြည်ကြရမည်။ ဟုတ်မှဟုတ်ပါလေရဲ့ လားဟူ၍ ဘုရားဖြစ်ရန် ကျင့်စဉ်များ၌ဖြစ်စေ၊ ဘုရားဂုဏ်တော်များ၌ ဖြစ်စေ၊ ဘုရားရှင်အပေါ်၌ဖြစ်စေ ယုံမှားသံသယမရှိစေရပေ။ ဤသို့ ဘုရား၌ ယုံကြည်ခြင်း သဒ္ဓါတရားဖြစ်စေရမည်။

(က) ထိုမြတ်စွာဘုရားရှင် ဟောကြားတော်မူအပ်သော ပိဋက သုံးသွယ် နိကာယ်ငါးရပ် တရားတော်များသည် ကျင့်သုံးပွားများသူ တို့အား လူ, နတ်, နိဗ္ဗာန်-သုံးတန်သော ချမ်းသာတရားကို ပေးစွမ်း နိုင်သည်ဟု ပရိယတ္တိတရားအပေါ်၌ ယုံကြည်ခြင်း။

(ခ) မဂ်လေးပါး ဖိုလ်လေးပါးတရားတို့သည် မကောင်းမှုအကုသိုလ် ကိလေသာတရားတို့ကို အသီးသီးဖျက်ဆီးနိုင်သည်။ သံသရာဝဋ်ဆင်းရဲ ဘဝဒုက္ခမှ လွတ်မြောက်နိုင်သည်ဟု ယုံကြည်ခြင်း။

(ဂ) နိဗ္ဗာန်တရားတော်မြတ်သည် ပူပြင်မှု, ဖြစ်ပျက်မှု, ပဋိသန္ဓေ နေမှု, အိုမှု, နာမှု, သေမှု-မရှိပဲ ငြိမ်သက်အေးငြိမ်းမှု သန္တိသုခအစစ်ဖြစ် သည်ဟူ၍ ယုံခြင်း။

တရားတော်အပေါ်၌ ဤကဲ့သို့ ဖြစ်စေ၊သွာက္ခာတ-စသော တရားဂုဏ် ကိုဖြစ်စေ စိတ်ချယုံကြည်မှုရှိရမည်။ ဟုတ်မှဟုတ်ပါလေရဲ့လားဟူ၍ မယုံ သင်္ကာမဖြစ်ရပေ၊ ဤသို့တရားတော်၌ယုံကြည်မှု-သဒ္ဓါတရား ဖြစ်ရမည်။

ယင်း မြတ်စွာဘုရားဟောကြားသည့် တရားတော်အတိုင်း လိုက်နာ ကျင့်သုံး၍ ပေါက်မြောက်အောင်မြင်ကာ မဂ်ဘုရား, ဖိုလ်တရားကို သိမြင်ရှုနေသည့် ပရမတ္ထသံဃာသည်ရှိ၏။

မဂ်တရား ဖိုလ်တရားရရှိစေရန် တရားတော်ကိုကျင့်သုံးနေဆဲ သမ္မုတိသံဃာတော်ဟူသည်ရှိ၏။

ယင်းသံဃာတော်များသည် သာသနာတော်ကို တည်တံ့စေသည်။ လှူဒါန်းခြင်း, ပူဇော်ခြင်း, ရှိခိုးခြင်း-ပြုလုပ်သူတို့အား ကောင်းမှုတရားဖြစ်ပွားစေနိုင်သည်ဟူ၍ သံဃာအပေါ်၌ဖြစ်စေ၊ သံဃာ့ဂုဏ်၌ဖြစ်စေ စိတ်ချယုံကြည်ရမည်။ ဟုတ်မှဟုတ်ပါလေရဲ့လားဟု ယုံမှားမှု-သံသယ မဖြစ်စေရ။ ဤသို့ သံဃာတော်၌ ယုံကြည်မှု—သဒ္ဓါတရားဖြစ်ရမည်။ (ဘုရား တရား၊ သံဃာ ရတနာသုံးပါး ယုံကြည်အားကိုးထိုက်ပုံကို နှာ-၂၀၅-၈-ပြန်ကြည့်ပါ။)

ဤသို့စသည်ဖြင့် ဘုရား, တရား, သံဃာ—ဟူသော ရတနာသုံးပါး၌ စိတ်ချယုံကြည်မှု-သဒ္ဓါတရားကို ဖြစ်စေရမည်။ (ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်များကို နောက်ဆက်တွဲမှာဖော်ပြပါမည်။)

(၂) ဝတ်ပြုရန် စေတနာထက်မြက်ခြင်း။ ။ဝတ်ရွတ်မှုကို ပြုလုပ်ခြင်း၌ ကောင်းကျိုးတရားကို တွေးမြော်၍ဖြစ်စေ၊ မိမိလုပ်သင့်လုပ်ထိုက်သော အလုပ်ဟူ၍ တွေးဆ၍ဖြစ်စေ ဝတ်ရွတ်မှုပြုလုပ်ရန်အတွက် စေတနာတရားကို ထက်မြက်စေရမည်။ မလုပ်ချင်လုပ်ချင် ပျင်းရိလေးဖင့်၍ မနေရဟု ဆိုလိုသည်။

ဤဝတ်ရွတ်မှုဖြင့် ဘုရား, တရား, သံဃာ-ရတနာ သုံးပါး၏ဂုဏ်များကို ရွတ်ဆိုရခြင်း၊ အာရုံပြုရခြင်း၊ ရှိခိုးရခြင်း၊ ပန်းတော်, ဆွမ်းတော်, ရေချမ်းတော်, ဆီမီးတော်-များ ကပ်လှူပူဇော်ရခြင်းကြောင့် မကောင်းကျိုးများ ကင်းပျောက်လိမ့်မည်၊ ကောင်းကျိုးများ ရလိမ့်မည်၊ နိဗ္ဗာန်ကုသိုလ်ဖြစ်မည်၊ အဝိဇ္ဇာန်ပါရမီဖြစ်မည်-စသော အကျိုးတရားများကို တွေးဆ၍ ဝတ်ရွတ်မှု၌ စေတနာထက်သန်စေရမည်။

"ငါသည် ဗုဒ္ဓဘာသာဝင် ဥပါသကာ တစ်ယောက်ဖြစ်သည်။ ရတနာသုံးပါးသည် ငါ၏အပေါ်၌ ကျေးဇူးတရားများစွာ ရှိသည်။

နောင်အခါ၌ နိဗ္ဗာန်ရသည့်အထိ ကျေးဇူးတရားများကိုပေးပေ လိမ့်ဦးမည်။ သို့စင်မျှလောက် ကျေးဇူးတရား ကြီးမားများပြားလှသော ရတနာသုံးပါးကို အခွင့်ကောင်း အခါကောင်း ကြုံကြိုက်သည့် ယခုအခါ၌ ရှိခိုးရ ပူဇော်ရ ဝတ်ပြုရမည်မှာ ငါ၏တာဝန် ဝတ္တရားဖြစ်သည်" ဟူ၍ မိမိပြုလုပ်ရမည့် တာဝန်ဝတ္တရားကို တွေးကြံဆင်ခြင်၍လည်း စေတနာကို ထက်မြက်စေရမည်။

ဤသို့စသည်ဖြင့် ဝတ်ရွတ်မှုကိုပြုလုပ်ရန် စိတ်အားသန်ခြင်း၊ လိုလိုလားလား စိတ်ပါလက်ပါ တက်တက်ကြွကြွ ဖြစ်ခြင်းသည်ပင်လျှင် ဝတ်ရွတ်မှု၌ စေတနာထက်မြက်ခြင်း၊ စေတနာထက်သန်ခြင်းဖြစ်သည်။

ယင်းသို့ စေတနာကို ထက်ထက်မြက်မြက် ဖြစ်စေရန် အားအရှိန်ယူပြီးမှ ဝတ်ရွတ်မှုကို ပြုလုပ်ပါလျှင် ထက်မြက် ကြီးမားသော ကုသိုလ်တရားကို ရရှိနိုင်ပေသည်။ ထက်မြက်ကြီးမားသော အကျိုးတရားကို ရရှိစေနိုင်ပေသည်။

**(၃) ဣန္ဒြေခြောက်ပါး ငြိမ်သက်စေရခြင်း။** ။လူ တစ်ယောက်မှာ အပြည့်အစုံ ဆိုလျှင် ဣန္ဒြေခြောက်ပါးရှိသည်။ ဣန္ဒြေဟူသည်မှာ ပါဠိဘာသာ ဣန္ဒြိယ-မှ ဆင်းသက်လာသည့် မြန်မာဝေါဟာရ ဖြစ်သည်။ ယင်းဣန္ဒြေကို မြန်မာ အဓိပ္ပာယ်ရအောင် ပြန်ဆိုရမည်ဆိုလျှင် "စိုးပိုင်မှု" ဟု ပြန်ရမည် ဖြစ်ပါသည်။ ယင်း"စိုးပိုင်မှု"ဟု အဓိပ္ပာယ်ရှိသည့် ဣန္ဒြေတရားများမှာ—

- က။ မျက်စိဣန္ဒြေ၊ (စက္ခုန္ဒြေ။)
- ခ။ နားဣန္ဒြေ၊ (သောတိန္ဒြေ။)
- ဂ။ နှာခေါင်းဣန္ဒြေ၊ (ဃာနိန္ဒြေ။)
- ဃ။ လျှာဣန္ဒြေ၊ (ဇိဝှိန္ဒြေ)
- င။ ကိုယ်ဣန္ဒြေ၊ (ကာယိန္ဒြေ။)
- စ။ စိတ်ဣန္ဒြေ၊ (မနိန္ဒြေ)—

ဟူ၍ ခြောက်မျိုးရှိပါသည်။

(က) မျက်စိသည် အဖြူ, အနီ-စသည့် အဆင်းရူပါရုံများကို မြင်နိုင်သိနိုင်ရန်အတွက် ပဓာနကျ အစိုးရမှုရှိသည့်တရားဖြစ်သည်။ ထို့ကြောင့် မျက်စိဣန္ဒြေဖြစ်သည်။

ဤနည်းအတိုင်းပင်လျှင်—

(ခ) နားသည် အသံကိုကြားနိုင်ရန် စိုးပိုင်မှုရှိသောကြောင့် နားဣန္ဒြေဖြစ်သည်။

(ဂ) နှာခေါင်းသည် မွှေးမှု နံမှုသိရန်အတွက် စိုးပိုင်မှုရှိသောကြောင့် နားဣန္ဒြေဖြစ်သည်။

(ဃ) လျှာသည် အချိုအငန် စသည့်အရသာကို သိရန်အတွက် စိုးပိုင်မှုရှိသောကြောင့် လျှာဣန္ဒြေဖြစ်သည်။

(င) ကိုယ်သည် ကြမ်းခြင်း နူးခြင်း-စသော အထိအတွေ့အာရုံကို သိရန်အတွက် စိုးပိုင်မှုရှိသောကြောင့် ကိုယ်ဣန္ဒြေဖြစ်သည်။

(စ) စိတ်သည် အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ဖော်ပြခဲ့သည့် အာရုံငါးပါးနှင့် သဘောတရား- ဓမ္မအာရုံကို သိရန်အတွက် စိုးပိုင်မှုရှိသောကြောင့် စိတ်ဣန္ဒြေဖြစ်သည်။

ယင်းသို့ ခြောက်ပါးရှိသော ဣန္ဒြေများကို ဟိုဟိုဒီဒီ အာရုံများသို့ မရောက်စေရန် မဖြစ်စေရန်....(က-ခ-ဂ-ဃ-င) တို့ကို လုံးဝပိတ်ဆို့ထားရမည်။ မရောက်စေရန် မဖြစ်စေရန် ထိန်းသိမ်းထားရမည်။ ထားပြီးလျှင် (စ) စိတ်ဣန္ဒြေကိုမူ မိမိပြုလုပ်တော့မည့် ဝတ်ရွတ်မှု အလုပ်တစ်ခုထဲမှာသာ တည်စေရန် ထိန်းထားရမည်။ ဖော်ပြခဲ့သည့် (က-ခ-ဂ ဃ-င) ဣန္ဒြေများက ယူထားဖူးသည့် အတိတ် အာရုံများသို့လည်း မရောက်စေရချေ။

ယင်းသို့ (စ) စိတ်ဣန္ဒြေတစ်ခုထဲက ဝတ်ရွတ်မှုအာရုံတစ်ခုထဲရောက်နေစေခြင်းကိုပင်လျှင် ဣန္ဒြေခြောက်ပါးငြိမ်စေခြင်းဟု ဆိုရပေသည်။

ယင်းငြိမ်သက်သော ဣန္ဒြေရှိပြီးမှ ဝတ်ရွတ်မှုပြုလျှင် အလွန် ထက်မြက်သော အကျိုးကိုဖြစ်စေနိုင်သည်။ အဆင်သင့်လျှင် ဈာန်တရား, မဂ်တရား, ဖိုလ်တရားများကိုပင် ရစေနိုင်ပေသည်။

(၄) **သရဏဂုံဆောက်တည်ရခြင်း။** ။သရဏဂုံ တည်ခြင်းနှင့် သရဏဂုံ ဆောက်တည်ပုံများကို ဥပါသကာဖြစ်နိုင်သည့်အကြောင်းများကို ဖော်ပြစဉ်က(ဤကျမ်းနှာ ၂၃၁-၂-၌)ရေးသားပြီး ဖြစ်သည်။ ယင်းတွင် ဖော်ပြခဲ့သည့် အတိုင်း ရွတ်ဆိုဆောက်တည်ရန်သာ ဖြစ်ပေသည်။ သရဏဂုံ တည်သူသည်လည်း စူဠသောတာပန်ဖြစ်သည်။ သုဂတိဘဝရရန် သေချာသည်။ (အံ ဋ္ဌ ၃၊ နှာ-၂၆၅။)

(၅) **သီလဆောက်တည်ရခြင်း။** ။သီလမှာ ငါးပါးသီလ၊ ရှစ်ပါး သီလ၊ ကိုးပါးသီလ၊ ဆယ်ပါး သီလ-ကြိုက်နှစ်သက်ရာသီလကို ဆောက်တည်ရမည်ဖြစ်သည်။ ယင်း သီလဆောက်တည်ရာ၌ မိမိကျင့်သုံးလိုသည့်သီလကို သရဏဂုံသီလတောင်း ပြီးမှ သရဏဂုံဆောက်တည်၊ သီလဆောက်တည်ရမည်ဖြစ်သည်။ အခြေ အနေ အကြောင်းအားလျော်စွာ—

(က) အကျယ်သီလဆောက်တည်နည်း၊
(ခ) အကျဉ်းသီလဆောက်တည်နည်း၊
(ဂ) အတိုချုပ်သီလဆောက်တည်နည်း-

များကို လိုအပ်သလို ဆောက်တည်နိုင်ရန် နောက်ဆက်တွဲမှာ ဖော်ပြပါမည်။

သီလဆောက်တည်သောအခါ (က)နည်းအရ ဆောက်တည်သူမှာ သီလတစ်ပါးပျက်သော်လည်း ကျန်သီလများ မပျက်စီးပေ။ (ကျန်နေပေသေးသည်။) ပျက်သောသီလကိုသာ ပြန်လည် ဆောက်တည်၍ ပြည့်စုံနိုင်သည်။

(ခ) (ဂ) နည်းအရ ဆောက်တည်သူမှာမူ တစ်ပါးပျက်လျှင် အားလုံးပျက်ပေသည်။ ဆောက်တည်လိုလျှင် အားလုံးကိုပင် ပြန် ဆောက်တည်ရသည်။

သီလပျက်ရာ၌ ရိုးရိုးငါးပါးသီလမှာ ပျက်လျှင် အပြစ်ရှိသည်။ အပါယ်ငရဲကျစေနိုင်သည်။ ရိုးရိုးငါးပါးသီလမှာ ဖော်ပြခဲ့သည့်အတိုင်း ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်နှင့် ငါးပါးဖြစ်သည်။ ယင်းငါးပါးသီလ တည်မြဲလျှင် အပါယ်လေးပါးသို့ မကျရောက်နိုင်။ သုဂတိဘဝသို့သာ ရောက်ရသည်၊ ဂတိမြဲသည်၊ စူဠသောတာပန် ဖြစ်သည်။ (အံ ၄-၃၊ နှာ- ၂၆၅။) အထူးငါးပါးသီလမှာ ကာမေသုမိစ္ဆာစာရနေရာ၌ အဗြဟ္မစရိယထည့်ရသည်။ အထူးငါးပါးသီလအကြောင်း ရေးခဲ့ပြီးဖြစ်သည်။ ပြန်လည် လေ့လာသင့်ပါသည်။

ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလတို့မှာ ပါဏာတိပါတာ-မှစ၍ သုရာမေရယ-အထိ သိက္ခာပုဒ်ငါးပါးပျက်လျှင် အပြစ်ရှိသည်။ ဝိကာလဘောဇန-မှစ၍ နောက်သိက္ခာပုဒ်များပျက်လျှင် အပြစ်မရှိ၊ အပါယ်ငရဲမကျနိုင်ချေ။ သို့သော်ဆောက်တည်ထားသည့် သီလကုသိုလ်မှုကား ပျက်သည့်အတွက် ကုသိုလ်မရနိုင်။ မပျက်သောသီလများ အတွက်မှာမူ ရနိုင်ပေသည်။

သီလနှင့်စပ်ဆိုင်၍ ရေးဖွယ်သိဖွယ်များစွာရှိပေသေးသည်။ အားလုံး ပြည့်စုံအောင်ရေးလျှင် သီလအဖွင့်ကျမ်းကြီးဖြစ်သွားပြီး ကျန်ရှိနေသည့် အကြောင်းအရာများကို မရေးသားနိုင်ပဲ ဖြစ်မည်စိုးသောကြောင့် ဤမျှသာရေးပါသည်။ ဆရာကောင်းများထံ ဆည်းကပ်လေ့လာကြပါလေ။

**(၆) ရတနာသုံးပါးကို ရှိခိုးပူဇော်ခြင်း။** ။ရတနာသုံးပါးဂုဏ်တော်ကို ထုတ်ဖော် ရွတ်ဆိုပြီး ရှိခိုးရမည်၊ ပူဇော်ရမည်-ဟု ရေးလိုရင်းဖြစ်သည်။ ဘုရားရှိခိုးသည်ဖြစ်စေ၊ ဆွမ်းတော်, ငန်းတော်-စသည် ကပ်လှူပူဇော်သည်ဖြစ်စေ၊ ဘုရားဂုဏ်တော်, တရားဂုဏ်တော်, သံဃာ့ဂုဏ်တော်များကို ထုတ်ဖော်ရွတ်ဆို၍ ရှိခိုးခြင်းပူဇော်ခြင်းများက ပို၍ကုသိုလ်ရနိုင်ပေသည်။

ထုတ်ဖော်ရွတ်ဆိုမှုမပြုပဲ ဂုဏ်တော်များကို စိတ်ကသာတွေး၍ ရှိခိုးပူဇော်လျှင် ဖြစ်နိုင်သော်လည်း ပါးစပ်မှထုတ်ဖော်ရွတ်ဆိုပြီး ရှိခိုးပူဇော်ခြင်းက "ဝတ်ရွတ်မှုပြုသည်" ဟူသော အမည်နှင့် လိုက်လျောပေသည်။ ကုသိုလ်တရားလည်း ပိုမိုရနိုင်ဖွယ် ရှိပေသည်။ အဘိဓမ္မာနည်းအရ ကုသိုလ်ဇောစိတ်များ များစွာဖြစ်ရမည် ဖြစ်ပေသည်။

ဗုဒ္ဓသာသနာတော် အစဉ်အလာထွန်းကားခဲ့သော မြန်မာပြည်ကြီး၌ ဘုရားရှိခိုးနည်းများ ပူဇော်နည်းများ အများအပြားရှိပါသည်။ ထိုသူ ဘုရားရှိခိုး ပူဇော်နည်းများဖြင့် ရှိခိုးနိုင်ပါသည်။ ပူဇော်နိုင်ပါသည်။ ဤကျမ်း၌မူ ဆရာကြီးဦးစာကျော်ရှိခိုးနေကျ၊ ပူဇော်နေကျ၊ ဘုရားရှိခိုးနှင့် ပူဇော်ကပ်လှူနည်းများကိုသာ ရေးသား ဖော်ပြမည် ဖြစ်ပါသည်။

ယင်း ရှိခိုးနည်း၊ ပူဇော်နည်းများကို ဆရာကြီးဦးစာကျော် အားကိုးလက်သုံးဖြစ်၍ ခင်မင်ရင်းနှီးသူမိတ်ဆွေများကိုလည်း အားကိုးအားထားရှိခိုးပူဇော်ရန် ပေးကမ်းဝေငှခဲ့ပါသည်။ ယင်းတို့မှာ-

၁။ နမော ဘုရား ကန်တော့ ရှိခိုး၊
၂။ သမ္ဗုဒ္ဓ ဘုရားရှိခိုး၊ ပူဇော်နည်း၊
၃။ သရဏဂုံဘုရားရှိခိုး၊ ပူဇော်နည်း၊
၄။ သမ္ဗုဒ္ဓေဘုရားရှိခိုး၊ ပူဇော်နည်း၊
၅။ သိဒ္ဓိရှင်ဘုရားရှိခိုး၊ ပူဇော်နည်း-

ဟူသော ဘုရားရှိခိုးပူဇော်နည်း ငါးမျိုးဖြစ်ပါသည်။ စာရှုသူများ အလိုရှိသောအခါ ကျက်မှတ် လေ့လာနိုင်ရန် ယင်းဘုရားရှိခိုးများ အကြောင်းအရာအပြည့်အစုံနှင့်တကွ ဤကျမ်းနောက်ဆက်တွဲမှာ ဖော်ပြထားပါသည်။

ယင်းဘုရားရှိခိုးများကို ဘုရားဝတ်ပြုတိုင်း အချိန်ရသမျှ အကြိမ်များများ ရှိခိုးခြင်း၊ ပူဇော်ခြင်း-များပြုလုပ်သင့်ပါသည်။ အကြိမ်များလေ ကုသိုလ်ဇောများလေ၊ အင်အားကောင်းလေ ဖြစ်ပါသည်။

ဤ ညွှန်ကြား အကြံပေးချက်သည် ဗုဒ္ဓအဘိဓမ္မာသဘောနှင့်ကိုက်ညီပြီး လက်တွေ့အားဖြင့်လည်း ယုတ္တိရှိလှသောကြောင့် လိုက်နာကျင့်သုံးသင့်လှပါသည်။ အာသေဝန ပစ္စည်း အထောက်အပံ့ကိုရလျက် အာစိဏ္ဏကံဖြစ်မှ အကျိုးကြီးမြတ်ပါသည်။

## (၇) နှစ်သက်မြတ်နိုးသော ဆုကိုတောင်းရခြင်း

ဆုတောင်းပြည့်အင်္ဂါခြောက်ပါး

သဒ္ဓါကြည်လင်၊ ဖြူစင်သီလ၊
သုတပြည့်လျှမ်း၊ လှူဒါန်းစာဂ၊
ပညာဉာဏ်ကောင်း၊ ဆုတောင်းပတ္ထနာ၊
ဤခြောက်ဖြာကြောင့်၊
လိုရာပြည့်ဝ၊ ရနိုင်ကြသည်၊
ဗုဒ္ဓဒေသနာထင်လင်းတည်း။

"ကုသိုလ်ကောင်းမှု ပြုပြီးလျှင် ဆုတောင်းရန်မလိုပါ၊အလိုလို ပြည့်ဝရရှိနိုင်ပါသည်" ဟူ၍ ယူဆပြောဟောသည့် ပညာရှိများ ရှိကြသည်။ ထိုပညာရှိများက ကောင်းမှုကုသိုလ် ပြုလုပ်ခြင်းသည် အလုပ်လုပ်ခြင်းပင်ဖြစ်သည်။ အလုပ်လုပ်လျှင် လုပ်ခကိုရရှိရမည်မှာ အမှန်ဖြစ်သည်။ ထို့ကြောင့် ကုသိုလ်ကောင်းမှုကို ပြုလုပ်ပြီး ဆုတောင်းနေဖွယ်မလိုဟူ၍ ယူဆကြသည်။ တပည့်များကိုလည်း ဟောပြောကြသည်။ **ဩကာသ၏** ဘုရားရှိခိုးရွတ်ဆိုရာ၌ပင်- "ရှိခိုးပါ၏ အရှင်ဘုရား" ရွတ်ဆိုရှိခိုးပြီးလျှင် "အပါယ်လေးပါး ကပ်သုံးပါး—ဤသည်တို့မှ ကင်းလွတ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရား ရရပါလို၏ဘုရား" ဟူသော ဆုတောင်းမှုကိုမပြုရပဲ "ရှိခိုးပါ၏အရှင်ဘုရား" ဟုဆိုပြီး ရှိခိုးပြီးရပ်ကြရန် ဆုံးမညွှန်ကြားသည်။ ဆုကိုမူ ရှိခိုးခံ ပုဂ္ဂိုလ်က ပေးမည်ဟု အဆိုရှိသေးသည်။

ဤဝါဒကို သဘောမကျသူ ပညာရှိများလည်း ရှိသေးသည်။ ကုသိုလ်ကောင်းမှုပြုပြီး နှစ်သက်မြတ်နိုးသောဆုကို တောင်းရမည်။ ရှေးဘုရား

အလောင်းတော်သုမေဓာရသေ့-စသော သူတော်သူမြတ်တို့သည် ကုသိုလ်ကောင်းမှုပြုပြီးလျှင် မိမိတို့အလိုရှိရာ ကြိုက်နှစ်သက်ရာဆုကို တောင်းယူခဲ့ကြသည်။ ပြည့်လည်းပြည့်ဝခဲ့ကြသည်။ ထို့ကြောင့် ကုသိုလ်ကောင်းမှုပြုလုပ်ပြီး ဆုတောင်းသင့်သည်ဟု ဆုံးဖြတ် ယူဆတော်မူကြသည်။ တပည့်များအားလည်း ဟောပြောကြသည်။ ဩကာသ၌ ဘုရားရှိခိုး၌ "ရှိခိုးပါ၏အရှင်ဘုရား"ဟု ဆိုပြီး ဆုမတောင်းပဲ နေနေသူတို့အား ဆက်လက်၍ ဆုတောင်းရန် တိုက်တွန်းညွှန်ကြားတော်မူကြသည်။

ဤသည်မှာ ရှေးယခင်က မြန်မာပြည်၌ ဖြစ်ပေါ်ခဲ့သည့် ကွဲပြားခြားနားသည့် အယူဝါဒကြီး နှစ်ရပ်ဖြစ်သည်။ ဒုဋ္ဌစာပေအရာ၌ ထိတ်ထိတ်ကြဲ တတ်သိတော်မူကြသည့် ပုဂ္ဂိုလ်ကြီးများ၏ ကွဲပြားချက်ဖြစ်သည်။

ဆရာကြီး ဦးစောကျော်ကမူ ဘုရားဟော သခ်ါရုပတ္တိသုတ်နှင့်အညီ အထောက်ဖော်ပြခဲ့သည့် ဆုတောင်းလျှင် ပြည့်စုံနိုင်သည့် တရားခြောက်မျိုးကို လက်ာရေး၍ ရွတ်ဆိုပြထားပေသည်။ ဆုတောင်းရမည်၊ ဆုမတောင်းရ-ကိုမည်သို့မျှ ဆုံးဖြတ်ပြောဆိုခြင်း မဟုတ်ပေ။ ဆုတောင်းလျှင် ပြည့်စုံစေနိုင်သည့် အင်္ဂါခြောက်မျိုးဖြစ်သည်။ ဆုတောင်းသူတို့၌ရှိသင့်သည့် ဆုတောင်းပြည့်စေနိုင်သော တရားခြောက်မျိုးဟု ဆိုလိုပေသည်။ ယင်းတရားခြောက်မျိုးကို လက်ာမှထုတ်၍ စကားပြေဖြင့် ရေတွက်လျှင်—

(က) ကြည်လင်ယုံကြည်မှု-သဒ္ဓါတရား၊
(ခ) ဖြူစင်သော-သီလတရား၊
(ဂ) ကြားနာမှတ်သားမှု—သုတတရား၊
(ဃ) ပေးကမ်းစွန့်ကြဲလှူဒါန်းမှု-စာဂတရား၊
(င) စူးရှထက်မြက်သည့် ကောင်းမြတ်သော-ပညာတရား၊
(စ) နှစ်သက်လိုလားစွာဆုတောင်းမှု-ပတ္ထနာ—

ဟူ၍ ခြောက်မျိုးရှိပေသည်။

လက်ာ၏အဆုံး၌ "ဗုဒ္ဓဒေသနာ ထင်လင်းတည်း" ဟူ၍ ပါရှိသော ကြောင့် "ဗုဒ္ဓ၏ အဘယ်ဒေသနာဖြစ်ပါသလဲ" လို့ ဆရာကြီးဦးစာကျော် အား မေးမြန်းသောအခါ မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသပါဠိတော် သဠါ ယတနဝဂ်္ဂ ရှိ ဆဠာယတနဝိဘင်္ဂ... သလာယတနဝိဘင်္ဂ... ရှုပပတ္တိသုတ်ဒေသနာ ဖြစ်ကြောင်းသိရှိရပေသည်။ (မ ၃၊ နှာ-၁၄၀။)

ဤတွင် သခ်ါရှုပပတ္တိ-ဟူသည်မှာ သခ်ါရ+ဥပပတ္တိ-ဟူ၍ နှစ်ပုဒ် ပေါင်းစပ်ထားသည့် ပုဒ်ဖြစ်သည်။

သခ်ါ ု-ဟူသည်မှာ ကုသိုလ်ပြုပြင် စီမံမှု-ကုသိုလ်ကံတရားများ ဖြစ် သည်။

ဥပပတ္တိ-ဟူသည်မှာ သင့်လျော်စွာ အကျိုးဖြစ်ပေါ်ပြည့်စုံလာမှုဖြစ် သည်။

နှစ်ပုဒ်ပေါင်းစပ်၍ "သခ်ါရှုပပတ္တိ" ဟု တစ်ပုဒ်တည်း ဖြစ်လာသော အခါ ကုသိုလ်ပြုပြင် စီရင်မှု-သခ်ါရ ကံတရားတို့၏ အကျိုးပြည့်စုံမှုဟူ ၍ အနက်အဓိပ္ပာယ် ပြန်ဆိုရမည် ဖြစ်ပေသည်။ ကောင်းမှုကုသိုလ်ကံ၏ အကျိုးတရားရရှိခြင်းဟူ၍ ဆိုလိုပေသည်။ ဆုတောင်းပြည့်ခြင်းပင်ဖြစ် သည်။

ထို့ကြောင့် သခ်ါရှုပပတ္တိသုတ် ဟူသည်မှာ ကုသိုလ်ကံ၏အကျိုး တရားများ ရရှိပြည့်စုံနိုင်ပုံကို ဖော်ပြသောသုတ်, တရားတော်ဟူ၍ မှတ် ယူသင့်ပေသည်။ ့န်ပေသည်—ယင်း သခ်ါရှုပပတ္တိသုတ်၌ ဖော်ပြခဲ့သည့် ကုသိုလ်တရား ခြောက်မျိုးနှင့် ပြည့်စုံမှုကြောင့် စာတုမဟာရာဇ်,တာဝတိံ သာ စသော နတ်ပြည်ခြောက်ထပ် ရောက်နိုင်ပုံ၊ ရူပဗြဟ္မာ့ဘုံရောက် နိုင်ပုံ၊ အရူပဗြဟ္မာ့ဘုံရောက်နိုင်ပုံ၊ နိဗ္ဗာန်ရောက်နိုင်ပုံများကို အကျယ် ဝေဖန်ဟောကြားထားသည်ကို ဖတ်ရှုလေ့လာသိရှိနိုင်ပေသည်။

ယင်း သခ်ါရှုပ ပတ္တိသုတ်တော်လာ ဆုတောင်းပြည့်နိုင်သည့်တရား ခြောက်မျိုးတွင်-

(က) ကြည်လင်ယုံကြည်မှုသဒ္ဓါတရား ဟူသည်မှ -ရတနာသုံးပါးနှင့် ကံ ကံ၏အကျိုးတရား, ဘဝများကို ယုံကြည်မှုဖြစ်သည်။ မ်မိပေးလှူ

ပူဇော်မည့် ရတနာသုံးပါးကို လည်းကောင်း၊ ကံနှင့်ကံတရား၏ အကျိုးကို လည်းကောင်း၊ အတိတ်ဘဝရှိခဲ့ပုံ၊ ယခုဘဝရှိပုံ၊ နောင်အနာဂတ်ဘဝ ရှိနိုင်ပုံများကို လည်းကောင်း ယုံကြည်ရမည် ဖြစ်ပေသည်။ မိစ္ဆာဒိဋ္ဌိမဖြစ်စေရ-ဟု ဆိုလိုပေသည်။

(ခ) ဖြူစင်သော-သီလ ဟူသည်မှာ—ငါးပါး၊ ရှစ်ပါး-စသည့် သီလများကို ထိန်းသိမ်းစောင့်ရှောက်၍ မကျိုးမပေါက် မပြောက်မကျားသည့်သီလနှင့် ပြည့်စုံသူဖြစ်ရပေမည်။

ဣဓ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဇ္ဈတ္တာ—ဟူသော မြတ်စွာဘုရား ဟောကြားတော်မူချက်အရ သီလနှင့်ပြည့်စုံသူ၏ စိတ်အလိုသည် စင်ကြယ်သောကြောင့် တောင့်တတိုင်းပြည့်စုံနိုင်ပေသည်။ (အံ ၃၊ နှာ-၇၀။)

(ဂ) ကြားနာမှတ်သားမှု-သုတ တရားဟူသည်မှာ—မိမိရှိခိုးပူဇော်ရာ ရတနာသုံးပါးဂုဏ် မိမိရှိခိုးပူဇော်မှု ပြုလုပ်ပုံနည်းများနှင့် ဆုတောင်းမှုသဘော အကြောင်းအရာများကို ကြားဖူးမှတ်ဖူးသည့် ဗဟုသုတနှင့် ပြည့်စုံရမည်ဟု ဆိုလိုသည်။ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ-တရားများအထိ သိမြင်ပါမူ ပို၍ကောင်းလှပေသည်။

(ဃ) ပေးကမ်းစွန့်ကြဲလှူဒါန်းမှုစာဂတရား ဟူသည်မှာ—အနည်းဆုံး ပန်းတစ်ပွင့်၊ သစ်သီးတစ်လုံး-မျှကိုသော်လည်း လှူဒါန်းပူဇော်ရမည် ဖြစ်သည်။

ကြည်ညိုမှုသဒ္ဓါတရား အရင်းခံ၍ ရတနာသုံးပါးအား ရှိခိုးခြင်း၊ ဂုဏ်ကိုရွတ်ဆိုခြင်း၊ မျက်စိဖြင့်ကြည့်ရှု ဖူးမြင်ခြင်းများသည်လည်း ပူဇော်မှုပင်ဖြစ်သည်။

နိယာတပျာဒိတ်ရ၍ ဆုတောင်းပြည့်သည့် အလောင်းတော်များသည် ဤဖော်ပြခဲ့သည့် ပူဇော်မှုပြုလုပ်ခြင်း-စာဂတရားများ ရှိကြသည်ကို တွေ့နိုင်ပေသည်။

(င) စူးရှထက်မြက်သည့်ပညာတရား ဟူသည်မှာ မိမိတောင်းယူမည့် ဆု၏ အတိုင်းအဘာအရ ရှိရမည်။ ငင်္ဂသနွေပညာ အတိုင်းအတာ ကြီး မားရမည်ဖြစ်သည်။ ဘုရားအလောင်းတော်များ ဘုရားဆုကိုတောင်း ရာ၌ ယင်းဘဝမှာပင် ဈာန်အဘိညာဉ်ရခြင်း၊ မဂ်ဖိုလ်ကိုရနိုင်လောက် သည်အထိ ပညာကြီးမားရပေသည်။

ဆဒ္ဒန်ဆင်မင်း၏ ဆင်မိဖုရားဆုတောင်းရာ၌ ရှင်ပစ္စေကဗုဒ္ဓါကို ကြာ ပန်းလှူရုံမျှသာ သိဘဘ်သည့်ပညာ ဖြစ်ပေသည်။ တိရစ္ဆာန်ပညာမျှသာ ဖြစ်သော်လည်း ဆုတောင်းပြည့်စုံခဲ့သည်ကို တွေ့ရပေသည်။

(စ) နှစ်သက်လိုလားစွာဆုတောင်းမှုပတ္ထနာ ဟူသည်-ဖော်ပြခဲ့သည့် တရားငါးပါးနှင့် ပြည့်စုံပြီးလျှင် မိမိနှစ်သက်လိုချင်သည့်ဆုကို တောင်း ခြင်းဖြစ်သည်။ ဖော်ပြခဲ့သည့် တရားငါးမျိုးနှင့်ပြည့်စုံပါမူ နှုတ်မှ အသံ ထွက်၍ ဆုတောင်းသော်လည်း လိုလားသည့်ဆုကို စိတ်ထဲမှ ကြံရုံမျှနှင့် ပင် ပြည့်စုံနိုင်ပေသည်။ စိတ်ထဲမှလည်း လိုလားမှုရှိလျက် နှုတ်မှလည်း အသံထွက်ဆုတောင်းပါမူ ပိုမို၍ပင် ပြည့်စုံနိုင်ပေသည်။

ယင်းသို့စိတ်မှလည်းလိုလား နှုတ်မှလည်း အသံထွက် ဆုတောင်းပြီး ဆိုင်ရာဂုဏ်သူးရှိသည့်အလှူခံပုဂ္ဂိုလ်ကလည်း ပြည့်စုံစေရန်ဆုပေးလျှင်ကား ပို၍ပင် တောင်းသည့်ဆုပြည့်စုံစေနိုင်သည်။

ဘုရားအလောင်းတော်များ၊ အဂ္ဂသာဝက, မဟာ သာဝကကြီး များ ဆုတောင်းကြရာ၌ တောင်းသည့်ဆု ပြည့်စုံကြပုံကို လေ့လာကြည့် ရှု သင့်ကြပေသည်။ ယင်း ပုဂ္ဂိုလ်မြတ်ကြီးများသည် ဖော်ပြခဲ့သည့် သခ်ါရှုပဘ္တိသုတ်လာ ဆုတောင်းပြည့်ဝစေနိုင်သည့် တရားခြောက်မျိုး နှင့် ပြည့်စုံကြသည်ကို တွေ့နိုင်ပေသည်။

အဘူ သဖြင့် ဆုတောင်း ပြည့်ကြသည့် သူတော် သူမြတ်ကြီးများ ဆုကိုဘောင်းယူသည့် ပုဂ္ဂိုလ်ကြီးများမှာ ဘုရားရှင် ပစ္စေကဗုဒ္ဓါ အရိ ယာ ပုဂ္ဂိုလ်မြတ်ကြီးများဖြစ်ကြသည်။ ယခုခေတ်အခါမှာလည်း အမြတ် ဆုံး ဖြစ်သည့် ဘုရား, တရား, သံဃာ-ရတနာသုံးပါးထံ၌ လိုအပ်သော

ဆုကိုတောင်း လျှင် ဆုတောင်းပြည့် အင်္ဂါ ခြောက်ပါးနှင့်ပြည့်စုံပါက မုချပြည့်ဝရရှိနိုင်ကြပေလိမ့်မည်။

ဤ ပတ္ထနာခေါ် ဆုတောင်းမှုပြုရာ၌ အချို့ ဇာတ်တော်များလာ မကောင်းသည့် အရာများကို ဆုတောင်း၍ ပြည့်စုံနေကြသည်ကိုလည်း တွေ့သိနိုင်ကြပေသည်။ ယင်းသည် အကျဉ်းချုံးသည့် သဘောဖြင့် ရေးသောကြောင့်သာ ဆုတောင်းပြည့်အင်္ဂါခြောက်ပါး ပြည့်စုံပုံ၊ ဆုတောင်းအပ်သည့် ပုဂ္ဂိုလ်ထူးကြီးများ-စသည်ကို မဖော်ပြနိုင်ခြင်း ဖြစ်ပေမည်ဟု တွေးရပေသည်။ ထို့ပြင် ဆန်းကြယ် လှစွာသော ကံတရား၏ ဝင်ရောက် အကျိုးပေးလာပုံများကိုလည်း တစ်ချက်တွေးရန်ရှိပေသည်။

မည်သို့ဖြစ်စေ စာရှုသူများ သည်ကား ရတနာသုံးပါးထံ၌ မိမိက ဆုတောင်းပြည့် အင်္ဂါခြောက်ပါးပြည့်စုံစွာဖြင့် ကောင်းမြတ်သည့်ဆုကို တောင်းလျှင်မူကား မမှားမုချ ရရှိပြည့်စုံနိုင်ကြမည်ဖြစ်ပေသည်။

(၈) နှစ်သက်သောသုတ္တန်ကိုရွတ်ဆိုရခြင်း။ ။ဝတ်ပြုသောအခါ၌ သင့်လျော်သည့် ကောင်းမြတ်သော သုတ္တန်တရားများကို စွမ်းအားရှိသမျှ ရွတ်ဆိုရပေသည်။အများအားဖြင့် ရွတ်လေ့ရွတ်ထရှိကြသည်မှာ—

ပရိတ်ကြီးဆယ့်တစ်သုတ်၊
ဓမ္မစက္ကပဝတ္တနသုတ်၊
အနတ္တလက္ခဏာသုတ်၊
မဟာသတိပဋ္ဌာနသုတ်၊
မဟာသမယသုတ်၊
ပဋ္ဌာန်းပစ္စယုဒ္ဒေသနှင့် နိဒ္ဒေသ၊
အဘိဏှသုတ်၊
ဓာရဏပရိတ်
ဘဒ္ဒေကရတ္တသုတ်—

စသည်ဖြင့် ဘုရားဟော တန်ခိုးကြီးသော သုတ်တော်များကို ရွတ်ဖတ်ကြရိုးရှိပေသည်။ ဤတွင် ပဋ္ဌာန်းတရားတော်ကိုလည်း သုတ်ဟု (တဗ္ဗ-

ဟုလနည်း) အရ သုတ္တန်အဖြစ် ဖော်ပြထားပါသည်။ ဤကျမ်း၌မူကား အထက်ပါသုတ်အားလုံးကို မဖော်ပြဲ ရွတ်သင့်ကြောင်းကိုသာ ညွှန်ပြပါသည်။ အားလုံးကို ရေးသား ဖော်ပြနေလျှင် ဝတ်ရွတ်စဉ် ကျမ်းကြီးဖြစ်သွားမည်ကို စိုးရိမ်ပါသည်။ တရားနိဒါန်းဟူသော အမည်နှင့် သင့်လျော်စွာ နည်းပြရုံမျှသာ ညွှန်ပါသည်။

(င) မေတ္တာခံယူ၊ မေတ္တာပို့ဝေရခြင်း။ ။မေတ္တာ-ဟူသည်ကို ချစ်ခင်ခြင်းဟူ၍ ရှေးအစဉ်အလာ မြန်မာပြန်ဆိုခဲ့ကြသည်။ ယင်းချစ်ခင်ခြင်းသည် ဖိုနှင့်မ-ဘွယ်တာ မက်မောမှုကိုလည်း ချစ်ခင်ခြင်းဟုပင် သုံးစွဲတတ်ကြသောကြောင့် မေတ္တာချစ်ဟုလည်းကောင်း၊ တဏှာချစ်ဟုလည်းကောင်း ခွဲခြားပြောဆိုရသည်။

မေတ္တာချစ်နှင့် တဏှာချစ်သည် များစွာ ကွဲပြားခြားနားသည်။ မေတ္တာချစ်မှာ မေတ္တာထားသူထံမှ ဘာတစ်ခုကိုမျှ လိုချင်မက်မောမှုမရှိချေ။ တစ်ခုခုကို လိုချင်မက်မောမှုရှိလျှင်လည်း မေတ္တာမဟုတ်ပေ။

တဏှာချစ်မှာ တွယ်တာမက်မောသူထံမှ တစ်ခုခုကိုလိုချင်သောကြောင့် ချစ်ခြင်းဖြစ်သည်။ လှမှု-အဆင်း၊ သာယာမှု-အသံ၊ မွှေးကြိုင်မှု-အနံ့၊ ချိုမြိန်မှု-အရသာ၊ နူးညံ့အိစက်မှု-အတွေ့အထိ တစ်ခုခုကိုလိုချင်၍ မက်မောတွယ်တာမှုကို ချစ်ခင်သည်ဟု သုံးစွဲခြင်းဖြစ်သည်။ အမှန်မှာ ချစ်ခင်မှုမဟုတ်ချေ၊ တပ်မက်မှုသာဖြစ်သည်။

မေတ္တာချစ်ဖြင့် ချစ်ခင်ရာ၌ မေတ္တာထားသူထံမှ ဘာတစ်ခုမျှမယိုချင်ပဲ ထိုသူ ကောင်းကျိုးဖြစ်မှုကိုသာ ဖြစ်စေလိုမှုကို "ဟိတူပကာရ" ဟု ပါဠိဘာသာဖြင့်ခေါ်သည်။ ယင်းဟိတူပကာရခေါ် ကောင်းကျိုးကိုသာဖြစ်စေလိုမှု မေတ္တာထားသူတို့မှာ မိမိမေတ္တာထားသည့်ပုဂ္ဂိုလ်၌ အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိ-ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ မေတ္တာမပျက်ပေ။ ချစ်ခင်မြဲ ချစ်ခင်နေမည်သာဖြစ်သည်။

တဏှာချစ်ဖြင့် ချစ်ခင်ရာ၌မူ တဏှာဖြင့် တွယ်တာတပ်မက်နေသူထံမှ လိုချင်တပ်မက်သည့် အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိ တစ်ခုခုကို မရလျှင်သော်လည်းကောင်း၊ ယင်းတစ်ခုခုမရှိလျှင်သော်လည်း ကောင်း၊ ယင်းတစ်ခုခု မကောင်းဆိုးရွားနေလျှင်သော်လည်းကောင်း ချစ်ခင်မှု ပျက်သွားတတ်ပေသည်။ ချစ်ခင်မှုပျက်သွားသည် ဆိုခြင်းမှာ လည်း အမှန်စင်စစ် တပ်မက်မှု ပြယ်သွားခြင်းပင်ဖြစ်သည်။

ထို့ကြောင့် မေတ္တာချစ်မှာ-ခိုင်မြဲ၍ တဏှာချစ်မှာ-မခိုင်မြဲကြောင်း သိသာပေသည်။ ထို့ကြောင့်ပင် ကိလေသာခတ် ကင်းဝေးစင်ကြယ် သည့် မေတ္တာချစ်ကိုသာလျှင် ဤဝတ်ပြု၍ ပွားများရာ၌ စွဲစွဲမြဲမြဲ လေ့လာ ပြုလုပ်သင့်လှပေသည်။ ဘုရားအစရှိသော အရိယာသူတော်ကောင်းကြီး များသည်လည်း မေတ္တာချစ်ကိုသာလျှင် ပွားများတော်မူလေ့ရှိကြ ပေသည်။

ဗြဟ္မဝိဟာရတရားလေးပါးတွင် မေတ္တာမှာ အလွန်အရေးပါသော တရားဖြစ်သည်။ မိမိကိုယ်ကို လုံခြုံစေရန်အတွက်ဖြစ်စေ၊ သူတပါးကို စောင့်ရှောက်ရန်အတွက်ဖြစ်စေ မေတ္တာတရားရှိမှသာ ပြည့်စုံနိုင်ပေသည်။

ဤကမ္ဘာလောကကြီး၌ မေတ္တာတရားသာလျှင် လွှမ်းမိုးပျံ့နှံ့ပါမူ ရန်ပြုမှု, စစ်တိုက်မှု, သတ်ဖြတ် လုယက် ခိုးတိုက်မှု-များ လုံးဝ ကင်း စင်၍ လွန်စွာပင် သာသာယာယာ ရှိမည်ဖြစ်သည်။ ယင်းသို့ဖြစ်သော ကြောင့် အမှန်တရား-အရိယသစ္စာကို သိမြင်လိုသော ပုဂ္ဂိုလ်များသည်-

၁။ မိမိအတွက် မေတ္တာခံယူခြင်း၊
၂။ သူတပါးအတွက် မေတ္တာပို့ဝေခြင်း-

အလုပ်ကြီးနှစ်ခုကို ဝတ်ထား၍ ပွားများပြုလုပ်သင့်ပေသည်။

ယင်းသို့ ပြုလုပ်နိုင်ရန်အတွက်—

၁။ မေတ္တာခံယူနည်း၊
၂။ မေတ္တာပို့ဝေနည်း-

များကို ရေးသားဖော်ပြပါအံ့။

## ၁။ မေတ္တာခံယူနည်း

ဤလောကဌ်-မရှိ၍ တောင်းသူများသည် ရှိသည့်သူထံမှ တောင်းခြင်းဖြင့်သာလျှင် လိုသောပစ္စည်းကို ရနိုင်သည်။ ထို့အတူပင်လျှင် မေတ္တာကို အလိုရှိ၍ ခံယူရပါလျှင် မေတ္တာဓာတ်ပြည့်ဝသည့် မေတ္တာရှင်ကြီးများထံမှသာ ခံယူရရှိနိုင်ပေသည်ဟု ယူဆပါသည်။ "မေတ္တာဆို ချိုနဲ့လား"ဟု မေးရလောက်အောင် မေတ္တာနှင့် ကင်းဝေးနေသူများထံမှ မေတ္တာကို မျှော်လင့်တောင့်တရန် မသင့်ပါချေ။

ဤအဆိုအရ မေတ္တာပေးဝေနိုင်မည်ဟု ဆုံးဖြတ်ယူဆရသည့် မေတ္တာအရင်းခံဌာနကြီးများကို—

> ဗုဒ်, ဓံ, သံ, မာ၊ အာ, သန်, သိဒ်, ဒေ၊ ဗြ, ကိုးထွေ၊
> ခံလေမေတ္တာဓာတ်-

ဟူ၍ ဆောင်ပုဒ်လင်္ကာဖြင့် ကိုးဌာနရှိကြောင်း ဆရာကြီးဦးစာကျော်က ယူဆကျင့်သုံးပါသည်။ အခြားသူများကိုလည်း ပြောဟောပါသည်။ ရှင်းပြပါအံ့။

- က။ ဗုဒ်—ဗုဒ္ဓ=ဘုရားရှင်၊
- ခ။ ဓံ-ဓမ္မ=တရားတော်၊
- ဂ။ သံ-သံဃ=သံဃာတော်၊
- ဃ။ မာ-မာတာပိတု=မိဘနှစ်ပါး၊
- င။ အာ-အာစရိယ=ဆရာသမားများ၊
- စ။ သန်-သန္တ, သပ္ပုရိသ=သူတော်သူမြတ်များ၊
- ဆ။ သိဒ်-သိဒ္ဓိမန္တ,ဣဒ္ဓိမန္တ,ဝိဇ္ဇာဓရ=သိဒ္ဓိရှင်,တန်ခိုးရှင်, ပညာရှင်၊
- ဇ။ ဒေ-ဒေဝတာ=နတ်များ၊
- ဈ။ ဗြ-ဗြဟ္မာ=ဗြဟ္မာများ-

ဟူ၍ မေတ္တာရယူနိုင်သည့် ပုဂ္ဂိုလ်ကြီးကိုးယောက်၊ ကိုးဌာနရှိပေသည်။ **ယင်းကိုးဌာနမှ ကိုးယောက်တို့တွင်-**

က။ ဘုရားရှင်မှာ-အနန္တ မေတ္တာတော်အရှင် ဖြစ်တော်မူသည်။ သတ္တဝါအပေါင်းတို့အား မိမိ၏သားအရင်းကဲ့သို့ ကောင်းကျိုးတရား ဖြစ်ပွားစေရန် လိုလားတော်မူသည်။ လေးအသင်္ချေနှင့် တစ်သိန်းမျှသော ကမ္ဘာပေါင်းကြာရှည်စွာ ဖြည့်ဆည်းလေ့လာထား၍ အထွတ်အထိပ် ရောက်အောင် ပေါက်မြောက်နေသည့် ဘုရားရှင်၏ မေတ္တာတော်သည် ကြီးမားသော အစွမ်းအာနိသင် တန်ခိုးအရှိန်အဝါ ရှိပေသည်။ ဘုရား သည် ပရိနိဗ္ဗာန်ဝင်စံသွားသော်လည်း ယင်းဘုရားရှင်၏ မေတ္တာစေတ အရှိန်အဝါများကား စကြဝဠာအနန္တသို့ ပျံ့နှံ့၍ မပျက်မစီး အမြဲ တစေ သာသနာတော် တည်ရှိနေသမျှ နေရောင်လရောင်တမျှ ထွန်းပ တည်ရှိနေပေသည်။

ဤနေရာ၌ အမြဲမပျက်မစီး သာသနာတော် တည်ရှိနေသမျှ တည်ရှိ နေသည်ဟုဆိုခြင်းကြောင့် သဿတဒိဋ္ဌိဖြစ်သယောင် ထင်မှားဖွယ်ရှိနေ ပေသည်။ သဿတဒိဋ္ဌိမဖြစ်နိုင်ကြောင်း ရှင်းပြပါအံ့-

အမြဲ မပျက်မစီး တည်ရှိနေသည်ဟု ဆိုသည်မှာ-မြတ်စွာဘုရား၏ ရုပ်နာမ်ခန္ဓာတော်ကြီး တည်ရှိနေသည်ဟု ဆိုသည်မဟုတ်ပါ။ မြတ်စွာ ဘုရား၏ ရုပ်နာမ်ခန္ဓာတော်သည်ကား သင်္ခတတရားများ၏ သဘော အတိုင်း ချုပ်ပျောက် ငြိမ်းအေးသွားပြီသာဖြစ်ပါသည်။ ချုပ်ပျောက် ငြိမ်းအေးသွားပြီဟုလည်း ယုံကြည်ပါသည်။

သို့သော်-ကမ္ဘာပေါင်း လေးအသင်္ချေနှင့်တသိန်းကြာအောင် လေ့ လာကျင့်သုံးခဲ့၍ အထွတ်အထိပ်ရောက် ပေါက်မြောက်နေပြီဖြစ်သည့် မေတ္တာစေတနာမ်တရား၏ အရှိန်အဟုန် တန်ခိုးတော်သည်ကား မူရင်း မေတ္တာစေတ ချုပ်ငြိမ်းသွားပြီဖြစ်သော်လည်း မချုပ်ငြိမ်းပဲ သာသနာ တော်တည်ရှိနေသမျှ တည်ရှိနေနိုင်သည်ဟု ထင်မြင် သဘောပေါက် ယူဆပါသည်။

ဥပမာဆုတ်ပြရလျှင်-

ဟောကြားတော်မူသည့် တရားတော်များ-ဟူသော သာ သနာတော် တည်ရှိနေသမျှ စေတီတော်မွေတော်များ တည်ရှိ နေနိုင်ခြင်း။

ယင်းခေတ်တော်မေ့တော်များက အခါအားလျော်စွာ ရောင်ခြည်တော်များ၊ တန်ခိုးပြာဋိဟာများ ပြခြင်း။

သာသနာကွယ်ခါနီး ဓာတုပရိနိဗ္ဗာန်စံပွဲ ဖြစ်သောအခါ စကြဝဠာတစ်ခုလုံး ပျံ့နှံ့နေသည့် ဓာတ်တော်မေ့တော်များ အားလုံး မဟာဗောဓိရှိရာအရပ်သို့ ပေါင်းစုခြင်း၊ သက်တော်ထင်ရှားရှိသည့် ဘုရားရှင်အတိုင်း နိမ္မိတ-ရုပ်ပွားတော်အဖြစ် ပြောင်း၍ တရားဟောခြင်း-
ဟူသော ထူးကဲ၍ ကြံဆမရနိုင်သော ဗုဒ္ဓ၏တန်ခိုးအရှိန်အဟုန်များ ရှိနေပေသည်။

ယင်းတို့ကိုထောက်ဆ၍ ဗုဒ္ဓရှင်တော်ဘုရား၏ မေတ္တာခေတ် အရှိန်အဟုန် တန်ခိုးဘော်သည် သာသနာတော်တည်ရှိနေသမျှ တည်ရှိနေနိုင်သည်ဟု ယူဆခြင်းဖြစ်ပေသည်။

ကြံစည်တွေးဆ၍မရနိုင်သည့် အစိန္တေယျ လေးမျိုးတို့တွင် ဗုဒ္ဓဝိသယော အစိန္တေယျော-ဘုရားရှင်နှင့် ပေဆိုင်သည့်အရာ၌ အကြောင်းရှာရန် ကြံစည်နိုင်ရန် မဖြစ်နိုင်ခြင်းသည်လည်း တစ်ပါးအပါအဝင် ဖြစ်ချေသည်။ (အံ ၁-၃၉၂။) ထို့ကြောင့် သာသနာတော်တွင်းသာ ဖြစ်သည့် ယခုအချိန်အခါ၌ ဗုဒ္ဓရှင်တော်ဘုရား၏ မေတ္တာခေတ် အရှိန်အဟုန် တန်ခိုးတော်တည်ရှိနေပေသည်။ ယင်းမေတ္တာခေတ်အရှိန်အဟုန် တန်ခိုးဘော်ကို ခံယူသင့်လှပေသည်။ ခံယူလျှင် မုချအကျိုးတရား ရရှိခံစားရပေလိမ့်မည်။

(မေတ္တာခံယူပုံ ပါဠိမြန်မာကို နောက်ဆက်တွဲမှာ ရှုပါ။)

ခ။ ဓမ္မ-တရားတော် ဟုဆိုရာ၌ မေတ္တာခေတ်ကိန်းအောင်းနိုင်သည့် တရားတော်ဟူသည် ရှုပါဝစရ ကုသိုလ်နှင့် ကြိယာတရားများသာ ဖြစ်သည်။ ဗုဒ္ဓအဘိဓမ္မာ ဝိဘင်းပါဠိတော်တွင် အပ္ပမညာဝိဘင်း၌ ရူပကုသိုလ်, ကြိယာတရားများကိုသာ မေတ္တာစျာန်အဖြစ် ဟောကြားထား

ပေးသည်။ ယင်းရူပကုသိုလ်, ကြိယာစျာန်တို့၏ရှေ့ပြေး ဥပစာနှင့် ဟိတူပကာရလက္ခဏာရှိသော ကာမာဝစရ ကုသိုလ်, ကြိယာ တရားများသည်လည်း မေတ္တာတရား ဖြစ်နိုင်ကြပေသည်။ အားထားကိုးကွယ်သူတို့အား စီးပွားချမ်းသာဖြစ်စေနိုင်သည့် သတ္တိရှိသော မဂ်ဖိုလ်နိဗ္ဗာန်နှင့် ပရိယတ္တိတရားတော်များ၏ အစွမ်းသတ္တိကိုလည်း မေတ္တာနှင့် အလားတူ မေတ္တာဓာတ်ထူးဟူ၍ ယူဆအားကိုး သင့်ပေသည်။

ထို့ကြောင့် မေတ္တာတရားကို ရူပကုသိုလ်နှင့် ကြိယာစျာနဓမ္မ၊ ဥပစာနှင့် ဟိတူပကာရလက္ခဏာရှိသော ကာမကုသိုလ်နှင့်ကြိယာ တရားယူသော ဓမ္မ၊ မဂ် ဖိုလ် နိဗ္ဗာန် ပရိယတ်ဓမ္မတို့မှ ခံယူရရှိနိုင်ပေသည်။

ဂ။ **သံဃ—သံဃာတော်** ဟုဆိုရာ၌—အရိယာသံဃာ, သမုတိသံဃာနှစ်ပါးစုံထံမှ မေတ္တာဓာတ်ကို ခံယူရရှိနိုင်ပေသည်။ ယင်းသံဃာတော်နှစ်မျိုးထံမှ စျာန်မေတ္တာနှင့် ဥပစာစျာန် မေတ္တာနှစ်မျိုး ဖြန့်ဝေနိုင်ပေသည်။

ဃ။ **မာတာပိတု**-မိဘနှစ်ပါး ဟူသည်မှာ—မိမိ၏ အနန္တကျေးဇူးရှင် မိဘနှစ်ပါးပင် ဖြစ်သည်။ မိမိဘဝတသက်တာတွင် မိဘနှစ်ပါးသည် မကုန်ခန်းနိုင်သည့် မေတ္တာဓာတ်များ ပေးဝေနိုင်သည့် မေတ္တာကုမ္ပဏီကြီးများ ဖြစ်ကြပေသည်။ မိဘ၏မေတ္တာကို ခံယူသင့်လှပေသည်။

င။ **အာစရိယ-ဆရာသမားများ** ဟူသည်မှာ—မိမိအတွက် အားထားမှီခိုရာ သွန်သင်ပြသ ဆုံးမသည့်ဆရာများ ဖြစ်ပေသည်။ ကြားဆရာ, မြင်ဆရာ, သင်ဆရာ-သုံးမျိုးလုံး၏မေတ္တာကို ခံယူသင့်ပေသည်။

အထူးသဖြင့် မိမိ၏ကောင်းကျိုးတရားကို အမြဲကြည့်ရှု၍ အတတ်ပညာသင်ပေးခြင်း ဆုံးမဩဝါဒ ပေးခြင်းများဖြင့် စောင့်ရှောက်နေသည့် ဆရာသမားသည်ကား မိမိအတွက် တသက်တာတွင် တသွင်သွင်စီးဆင်းနေသည့် မေတ္တာရေလျှံကြီး၏ တည်ရာဌာနကြီးတစ်ခု ဖြစ်ပေသည်။ ထို့ကြောင့် ဆရာသမားများ၏မေတ္တာကို ခံယူသင့်ပေသည်။

**စ။ သန္တ, သပ္ပုရိသ-သူတော်သူမြတ်များ** ဟူသည်မှာ—ကမ္ဘာလောက ရှိရှိသမျှ သံဃာဝါဝေနေယျတို့၏ အားထားမှီခိုရာ မေတ္တာရှင်ကြီးများ ဖြစ်ကြပေသည်။

မကောင်းမှုကို မကြံစည်တတ်၊ မပြောဆိုတတ်၊ မပြုလုပ်တတ်ပဲ ကောင်းမှုကိုသာ ကြံစည်တတ်၊ ပြောဆိုတတ်၊ ပြုလုပ်တတ်သော သူတော်သူမြတ်များ၏ မေတ္တာကိုလည်း အလွတ်မပေးပဲ ခံယူသင့်လှပေသည်။

**ဆ။ သိဒ္ဓိမန္တ, ဣဒ္ဓိမန္တ, ဝိဇ္ဇာဓရ** ဟူသည်မှာ—သိဒ္ဓိရှင်, တန်ခိုးရှင်, ပညာရှင်တို့ကို ဆိုလိုသည်။ ဤလောက၌ ထူးမြတ်သော ဘုန်းကံ၊ ထူးမြတ်သော လုံ့လဝီရိယ၊ ထူးမြတ်သော အသိပညာ, အတတ်ပညာရှိသောကြောင့် ထူးမြတ်သော အောင်မြင်မှု တန်ခိုးဣဒ္ဓိပါဒ်ကို ရရှိနေသည့် သိဒ္ဓိရှင်, တန်ခိုးရှင် ပညာရှင်များ ရှိကြပေသည်။

ဗုဒ္ဓစာပေကျမ်းဂန်တို့မှာလာသည့် နတ်ချစ်သူတို့တွင် တေဒဂ်ဘွဲ့ရ အရှင်ပိလိန္ဒဝစ္ဆအလောင်း ဝိဇ္ဇာဓိုရ်(ထေရ ဋ္ဌ-၁၊ ၆၃)၊ဇဋိလသဌေး၏ ဖခင် ကောင်းကင်ပျံဝိဇ္ဇာဓိုရ် (ဓမ္မ ဋ္ဌ-၂၊ ၄၄၀) အစရှိသည့် သိဒ္ဓိရှင်, တန်ခိုးရှင်များ ရှိကြပေသည်။ ယင်းပုဂ္ဂိုလ်ကြီးများ၏ မေတ္တာကိုလည်း ခံယူသင့်ပေသည်။ မေတ္တာခံယူရ၍ ချမ်းသာသူများ ရှိကြပေသည်။

**ဇ။ ဒေဝတာ—နတ်များ** ဟူရာ၌-သမ္မာဒေဝခေါ် နတ်ကောင်းနတ်မြတ်များသည် ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့် သူတော်ကောင်းများအား မေတ္တာထား၍ စောင့်ရှောက်တတ်ကြပေသည်။

**သူတော်ကောင်းနတ်ကောင်းစောင်မ**-ဟူ၍ ရှေး မြန်မာစကားပုံ ရှိပေသည်။ "ဒေဝတာနုကမ္ပိတော ပေါသော၊ သဒါ ဘဒြာနိ ပဿတိ-နတ်များချစ်ခင်စောင့်ရှောက်မှုကို ခံရသူသည် အမြဲ ကောင်းကျိုးတရားများကို တွေ့မြင်ကြရသည်" ဟု ဉဒါန ပါဠိတော် (ခု ၁-၁၀၀) ၌ ဟောကြားတော်မူချက် ရှိပေသည်။

ရဟန်းရှင်လူများ အမြဲရွတ်ဖတ်နေသည့် ပရိတ်ကြီးတွင်လည်း "သာသနာတော်နှင့် လူအပေါင်းကို နတ်များကစောင့်ကြပါ"-ဟူ၍ နတ်များ

၏ မေတ္တာကို ခံယူထားပေသည်။ ထို့ကြောင့် နတ်များ၏မေတ္တာကိုလည်း ခံယူသင့်သည်။

ဈ။ ဗြဟ္မာ ဟူသည်မှာ-ရူပဗြဟ္မာ တစ်ဆယ့်ခြောက်ဘုံမှ ရှင်ဗြဟ္မာကြီးများဖြစ်သည်။ မေတ္တာတရားသည် ယင်းဗြဟ္မာကြီးတို့၏ လက်ကိုင်ထား၍ ပွားများသည့်တရားဖြစ်သည်။ ထို့ကြောင့် မေတ္တာကို ဗြဟ္မဝိဟာရတရားဟူ၍ပင် ကျမ်းဂန်တို့၌ခေါ်ဆိုပေသည်။ ယင်းအကြောင်းကြောင်းကြောင့်ပင်လျှင် ဗြဟ္မာကြီးများကို မေတ္တာစေတ်၏ ပင်ရင်းဌာနကြီးများဟု မှတ်ယူပြီး ဗြဟ္မာကြီးများ၏ မေတ္တာကို ခံယူသင့်လှပေသည်။

ဤသို့လျှင် (က) ဘုရားရှင်မှစ၍ (ဈ) ဗြဟ္မာအထိ မေတ္တာခံယူသင့်သည့် ဌာနချုပ်ကြီးများကို ရှင်းလင်းဖော်ပြခဲ့ရာ စာရှုသူတို့သည် မေတ္တာစေတ်ကို အလိုရှိပါလျှင် ယင်းကိုးဌာနရှိ ပုဂ္ဂိုလ်မြတ်ကြီးများ၏မေတ္တာကို လေးလေးစားစားဖြင့် အာရုံပြု၍ ခံယူသင့်ကြပေသည်။

မေတ္တာခံယူပုံ ပါဠိ-မြန်မာ ရွတ်ဆိုပုံများကို နောက်ဆက်တွဲ၌ ရှင်းလင်းဖော်ပြထားပါသည်။

ယင်းသို့ မိမိအတွက် မေတ္တာခံယူပြီးလျှင် မိမိကလည်း အခြားပုဂ္ဂိုလ်သတ္တဝါများကို မေတ္တာပြန်ပို့သင့်ပေသည်။ ပို့သင့်ပုံကို ဆက်လက်၍ ရှင်းလင်းဖော်ပြပါအံ့။

၂။ မေတ္တာပို့ဝေနည်း။ ။မေတ္တာပို့ခြင်း မေတ္တာဝေငှခြင်းသည် ဗြဟ္မာကြီးများအမြဲပြုလုပ်နေသည့် အလုပ်ဖြစ်သည်။ ထို့ကြောင့် ဗြဟ္မဝိဟာရ ဟု ပါဠိဘာသာဖြင့် ခေါ်ဆိုသည်။ မြင့်မြတ်သော ဗြဟ္မာကြီးများ၏ ကျင့်သုံး နေထိုင်မှုဟူ၍ အဓိပ္ပာယ်ရပေသည်။

တနည်းအားဖြင့်လည်း မြင့်မြတ်၍ အထက်တန်းကျသူတို့၏ ကျင့်စဉ်ဖြစ်သည်။ ထိုကြောင့် မေတ္တာပို့ခြင်းကို ဗြဟ္မစရိယဟူ၍ ပါဠိဘာသာ

ဖြင့် ခေါ်သည်။ ယင်းပါဠိ-ဗြဟ္မစရိယကို မြန်မာမှုဖြင့် "ဗြဟ္မစိုရ်"ဟု ပါဠိသက်မြန်မာပြန်ရသည်။

"ဝိပတ္တိစက်၊ ညှိုးပျက်သာသနာ၊ သူ့ဟာငါရ၊ ဗြဟ္မစိုရ် ကင်းပလျက်"

ဟူ၍ ဘိုးသူတော်ဦးမင်းက ကာလသဘောကို စာဆိုပြခဲ့သည်။

ယင်း ဗြဟ္မဝိဟာရ, ဗြဟ္မစရိယ-တရားဖြစ်သော မေတ္တာပွားခြင်း အလုပ်ကို လူသားတိုင်းပင် အမြဲမပြတ် ပြုလုပ်အပ်ပေသည်။

ဗုဒ္ဓါနုဿတိပွားခြင်း၊
မေတ္တာတရားပွားခြင်း၊
အသုဘခေါ် ခန္ဓာကိုယ်ကို မတင့်တယ်ဟုရှုမှတ်ခြင်း၊
မရဏဿတိခေါ် သေဘေးကိုဆင်ခြင်ခြင်း—

ဟူသော ကမ္မဋ္ဌာန်းတရား လေးပါးကို သမထ, ဝိပဿနာ-ပွားများ အားထုတ်သူတိုင်း၊ လူသားတိုင်း ပွားများအားထုတ်အပ်သောကြောင့် **သဗ္ဗတ္ထကမ္မဋ္ဌာန်း** ဟူ၍ ကျမ်းဂန်တို့၌ဆိုပေသည်။ စတုရာရက္ခခေါ် **ကိုယ်စောင့်တရား** လေးပါးဟူ၍လည်း ပြဆိုပေသည်။ (ခုဒ္ဒသိက္ခာ၊ ဂါထာနံပါတ်-၄၆၁။)

ထိုကြောင့် အရိယသစ္စာခေါ် အမှန်တရားကို သိမြင်လိုသော သူတို့သည် မေတ္တာတရားကို အမြဲမပြတ် ပွားများ ကျင့်သုံးသင့် ပေသည်။ မေတ္တာတရားကို ပွားများကျင့်သုံးရာ၌—

စိတ်ထဲမှာ သတ္တဝါများ ကောင်းကျိုးတရား ဖြစ်ပွားစေလိုခြင်းဟူသော-**မနောကံမေတ္တာ**၊
ပါးစပ်မှ သတ္တဝါများ ကောင်းကျိုးတရား ဖြစ်ပွားပါစေဟု ဆုတောင်းခြင်း၊ ကောင်းကျိုးတရားဖြစ်ပွားစေရန် ရည်ညွှန်းပြောဆိုခြင်း–**ဝစီကံမေတ္တာ**၊
ကိုယ်ဖြင့် သတ္တဝါများ ကောင်းကျိုးတရား ဖြစ်ပွားစေရန် ပြုလုပ်ခြင်း-**ကာယကံမေတ္တာ**-

ဟူ၍ မေတ္တာတရား ပွားများကျင့်သုံးပုံ သုံးမျိုးရှိပေသည်။ ယင်း မေတ္တာသုံးမျိုးကိုသာ လူတိုင်းပွားများကျင့်သုံးမည်ဆိုလျှင် ဤကမ္ဘာလောကကြီး ဘေးရန်ကင်းကွာ၍ ချမ်းသာအတိသာလျှင် ဖြစ်နေဖွယ်ရှိပေသည်။

အရိယသစ္စာခေါ် အမှန်တရား ကိုသိမြင်လိုသော စာရှုသူသည် မေတ္တာတရားသုံးပါးကို အမြဲမပြတ် ပွားများ ကျင့်သုံးပါလေ။ ဘုရားဝတ်ပြုတိုင်းလည်း ဝစီကံမေတ္တာအဖြစ် သတ္တဝါများ ကောင်းကျိုးတရား ဖြစ်ပွားစေရန် ဆုတောင်းမေတ္တာပို့ပါလေ။

ဝစီကံမေတ္တာအဖြစ် ဆုတောင်းမေတ္တာပို့နည်းကို ဤကျမ်း နောက်ဆက်တွဲမှာ ရေးသားဖော်ပြထားပါသည်။ (ဤကျမ်းနှာ ၁၇၂-မှ၊ ၁၇၆ အထိ ဗြဟ္မစိုရ်တရား ပွားပုံကိုလည်း ပြန်ကြည့်ပါလေ။ ဆက်လက်၍ အပိုင်း (၁၂) (၉) မေတ္တာပါရမီအခန်း၌လည်းရှုပါရန်။)

(၁၀) အမျှဝေခြင်း၊ အမျှယူခြင်း။ ။ဝတ်ရွတ်မှုပြုလုပ်ရာတွင် အစီအစဉ် (၁၀) ချက်ချမှတ်ခဲ့ရာ အမှတ်စဉ် (၉) တိုင်အောင် သိသင့်သမျှ ကျယ်ကျယ်ပြန့်ပြန့် ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ယင်းဖော်ပြခဲ့သည့် အမှတ်စဉ် (၉) အထိ ပြုလုပ်ခဲ့ခြင်းဖြင့် ကုသိုလ်ကောင်းမှုများစွာကို ရရှိခဲ့ပြီး ဖြစ်ပါသည်။

ယင်းရရှိခဲ့သည့် ကုသိုလ်တရားများကို မိမိတစ်ဦးတည်း သာလျှင် တိတ်တိတ် ကြိတ်၍ယူမထားပဲ အခြားပုဂ္ဂိုလ် သတ္တဝါများ အားလည်း ရကြစေချင်လျက် မိမိနှင့်ထပ်တူညီမျှ ရကြစေရန် ပေးဝေရန် လိုအပ်ပါသည်။ ယင်းသို့ပေးဝေသည်ကို ရှေးမြန်မာပညာရှင်ကြီးများက "အမျှဝေခြင်း"ဟု ဝေါဟာရပြုလုပ်ခဲ့ကြပါသည်။ ပါဠိစာပေအရမူ "ပတ္တိဒါန" ဟု ဆိုရပါသည်။ ပတ္တိ-မိမိရသည့် ကုသိုလ်ကို၊ ဒါန-ပေးကမ်းခြင်းလို့ အဓိပ္ပာယ်ပြန်ရပါသည်။

ယင်းပတ္တိဒါနခေါ် အမျှပေးဝေခြင်းသည် ဗုဒ္ဓမြတ်စွာ ဒေသနာတော်အရ ကောင်းမှုကုသိုလ်ထူးကြီးတစ်ပါး ဖြစ်ပါသည်။ ထို့ကြောင့် ဝတ်ရွတ်စဉ်ကိုပြုလုပ်ပြီးသောအခါ၌ဖြစ်စေ ကောင်းမှုတစ်ခုခုကို ပြုလုပ်

ပြီးသောအခါ၌ဖြစ်စေ မိမိပြုလုပ်ရရှိထားသည့် ကုသိုလ်၏အဖို့အစုကို အခြားသတ္တဝါများအားလည်း အမျှပေးဝေသင့်ပေသည်။

ယင်းသို့အမျှပေးဝေခြင်းဖြင့် မိမိပြုလုပ်၍ ရရှိပြီးကုသိုလ်ကို အစွဲပြု၍ နောက်ထပ် ပတ္တိဒါနခေါ် အမျှပေးခြင်းကုသိုလ်တစ်ခုတိုး၍ ရရှိနိုင်ပေသည်။ကြားသိရ၍ အမျှယူကြသည့်ပုဂ္ဂိုလ်များလည်း **ပတ္တာနုမောဒန** ခေါ်သော **အမျှယူမှု** ကုသိုလ် ရနိုင်ကြပေသည်။

ပတ္တာနုမောဒန-ဟူသော ပါဠိစကားလုံးကို ပတ္တ+အနုမောဒန-ဟု နှစ်ပုဒ်ခွဲရမည်။ ပတ္တ-ရောက်လာတွေ့သိရသည့် ကုသိုလ်ကောင်းမှုကို+ အနုမောဒန-ဝမ်းမြောက်မှု, သာဓုခေါ်မှုဟူ၍ အဓိပ္ပာယ်ပြန်ရသည်။ ယင်း ပတ္တာနုမောဒန-ဟူသည်မှာ သူတပါးတို့ပြုလုပ်ကြသည့် ကောင်းမှုကုသိုလ်ကို တွေ့ရ မြင်ရ သိရလျှင် ကောင်းပါသည်(သာဓု)ဟု ပြောဆို ဝမ်းမြောက်မှုဖြစ်သည်။

ယင်းသို့ ဝမ်းမြောက်မှု အနုမောဒနာပြု-သာဓု ခေါ်လိုက်ခြင်းဖြင့် ယင်းကုသိုလ်ကောင်းမှုကို ကိုယ်တိုင်မပြုလုပ်သော်လည်း ကိုယ်တိုင်ပြုလုပ်သကဲ့သို့ အမျှရနိုင်ပေသည်။ မူရင်းကောင်းမှုကုသိုလ်ပြုလုပ်သူက အမျှပေးဝေ၍သော် လည်းကောင်း၊ မပေးဝေပဲသော် လည်းကောင်း ဝမ်းမြောက်ဝမ်းသာ အနုမောဒနာပြု-သာဓု ခေါ်လိုက်လျှင် ပတ္တာနုမောဒန-ကုသိုလ် ဖြစ်နိုင်သည်။

ဗုဒ္ဓစာပေ တရားတော်များ၌ ကောင်းမှု-ကုသိုလ်အရာ၌ ဖြစ်စေ၊ မကောင်းမှု-အကုသိုလ်အရာ၌ဖြစ်စေ-

၁။ ကိုယ်တိုင်ပြုလုပ်ခြင်း၊
၂။ ချီးမွမ်းမှုပြုခြင်း၊
၃။ တိုက်တွန်းမှုပြုခြင်း၊
၄။ သဘောကျနှစ်သက်ခြင်း-

ဟူသော လေးမျိုးသောအခြင်းအရာကို ပြုလုပ်ခြင်းဖြင့် ပြုလုပ်ဆည်းပူးခြင်းဖြစ်နိုင်ကြောင်း အင်္ဂုတ္တိုရ်ပါဠိတော်၌ ဟောကြားတော်မူသည်။ (အံ ၃၊ နှာ-၅၁၀။) ဤအကြောင်းကို လယ်တီဆရာတော်ကြီးက-

ကိုယ်တိုင်, တိုက်တွန်း၊ ချီးမွမ်း, စိတ်တူ၊ ပွားပြန်မူ၊
မှတ်ယူလေးဆယ်ကံ။—

ဟူ၍ လင်္ကာရေးသားဖော်ပြတော်မူသည်။ ကုသိုလ်ကံတရားဆယ်ပါးမှ လေးဆယ်ဖြစ်သည်။ အကုသိုလ်ကံတရားဆယ်ပါးမှ လေးဆယ်ဖြစ်သည် ဟု ဆိုလိုပေသည်။

ယင်းသို့ဖြစ်သောကြောင့် အခြားသူများပြုလုပ်သည့် ကောင်းမှု-ကုသိုလ်ကိုဝမ်းမြောက်ဝမ်းသာ အနုမောဒနာပြု-သာဓုခေါ်လျှင် တွေ့သာနုမောဒန-ကုသိုလ်သူးကို ရရှိနိုင်ကြောင်း သိသာလှပေသည်။ ထို့ကြောင့် မိမိပြုလုပ်သည့် ကောင်းမှုကုသိုလ်အဖို့ကို အမျှပေးဝေပြီးလျှင် အခြားသူတော်ကောင်းများ ပြုလုပ်သည့် ကောင်းမှုအဖို့ကို အမျှယူသင့်ကြပေသည်။

အမျှဝေနည်း အမျှယူနည်းများကို နောက်ဆက်တွဲမှာဖော်ပြပါမည်။

# ၁၁။ ဧကာဒသမအပိုင်း

ဤအပိုင်း၌

- ★ သမ္မပ္ပဓာန်ခေါ် မှန်ကန်သော ကြိုးစားမှု လေးမျိုးအကြောင်း၊
- ★ ဝီရိယခေါ် ကြိုးစားအားထုတ်မှု၌ ရှိသင့်သော အင်္ဂါလေးပါးအကြောင်း၊
- ★ ဝီရိယထား၍ ကြိုးစား၊ အားထုတ်ရာ၌ အောင်မြင်မှုရရှိနိုင်သည့် သမ္ပတ္တိလေးပါး အကြောင်းများကို မှတ်သားဖွယ် ထုတ်ဖော်ပြဆိုထားပါသည်။

## (ဆ) သမ္မပ္ပဓာန်တရားခွဲမြို့ပွားများရခြင်း။

### သမ္မပ္ပဓာန်လေးပါးလင်္ကာ

သမ္မပ္ပဓာန်၊ မှန်ကန်ကြိုးစား၊
မြတ်တရားကား၊ ဖြစ်ပွားပြီးထ၊
ပါပညစ်ဆိုး၊ ဖြတ်ချိုးပယ်ရေး၊
မဖြစ်သေးက၊ ကင်းဝေးစေရန်၊
တဖန်အသစ်၊ ကောင်းမှုဖြစ်စေ၊
ဖြစ်လေပြီးလည်း၊ အားကြီးဖွံ့ဖြိုး၊
ပွားတိုးစေမှု၊ ကြိုးစားပြုသည်၊
လေးခုမှတ်စေ၊ ကျင့်ထုံးတည်း။

သမ္မပ္ပဓာန် ဟူသည်မှာ သမ္မပ္ပဓာန-ဟူသော ပါဠိစကားလုံးကို မြန်မာမှုဖြင့် သမ္မပ္ပဓာန်-ဟု ပါဠိသက် ပြန်ဆိုမွေးစားလိုက်ခြင်း ဖြစ်ပါသည်။ သမ္မာ-ပုဒ်နှင့် ပဓာန-ပုဒ် ပေါင်းစပ်ပါဝင်နေပါသည်။ သမ္မာ-မှန်ကန်စွာ၊ ပဓာန-ကြိုးစားမှုဟူ၍ အနက်အဓိပ္ပာယ် ရှိပါသည်။ ထို့ကြောင့် ဆရာကြီး ဦးစာကျော်က "သမ္မပ္ပဓာန်၊ မှန်ကန်ကြိုးစား" ဟု အနက်အဓိပ္ပာယ်ပေါ်အောင် လင်္ကာရေးသား ရွတ်ဆိုခြင်း ဖြစ်ပါသည်။

ဆရာကြီး ဦးစာကျော်၏လင်္ကာအရ သမ္မပ္ပဓာန်တရားလေးပါးကို စကားပြေဖြင့် ထုတ်ပြရပါမူ—

၁။ ဖြစ်ပြီးမကောင်းမှုအကုသိုလ်-ကို ပယ်ရန်ကြိုးစားခြင်း၊
၂။ မဖြစ်သေးသည့် မကောင်းမှုအကုသိုလ်-ကို မဖြစ်စေရန် ကြိုးစားခြင်း၊
၃။ မဖြစ်သေးသည့် ကောင်းမှုကုသိုလ်-ကို ဖြစ်စေရန် ကြိုးစားခြင်း၊
၄။ ဖြစ်ပြီး ကောင်းမှုကုသိုလ်-ကို ကြီးပွားတိုးတက်စေရန် ကြိုးစားခြင်း—

ဟူ၍ လေးမျိုးရှိသည်ကို သိနိုင်ပါသည်။

ယင်း သမ္မပ္ပဓာန်တရားလေးပါးသည် ဣန္ဒြိယသစ္စာ-ဣန္ဒြိယရားကို သိမြင်လိုသူ ဗုဒ္ဓဘာသာဝင်သူတော်စင်များ လက်ကိုင်ထား၍ ပွားများရမည့်တရားဖြစ်ပါသည်။ သမ္မပ္ပဓာန်မရှိလျှင် မဖြစ်နိုင်ပါ။ ထို့ကြောင့် ယင်းလေးပါးကို ပိုင်ပိုင်နိုင်နိုင် သိမြင်စေရန် ဝီရိယအင်္ဂါလေးပါး၊ ဝီရိယအကျိုးဖြစ်စေသည့် သမ္ဗောဇ္ဈင်္ဂလေးပါးနှင့်တကွ ဖော်ပြရေးသားပါအံ့။

## ဝီရိယအင်္ဂါလေးပါး

မှန်ကန်သောကြိုးစားအားထုတ်မှု-ဟူသည်မှာ တွန့်တိုဆုတ်နစ်သည့်သဘော မရှိစေရပေ။ တွန့်တိုဆုတ်နစ်မှုသဘော ရှိလျှင်လည်း မှန်ကန်သောကြိုးစားအားထုတ်မှု-ဟု မဆိုသင့်ချေ။ ဖော်ပြခဲ့သည့် ဝီရိယလေးပါးကို ဝီရိယအင်္ဂါခေါ် ဝီရိယရှိသူတို့၌ ပြည့်စုံရမည့် အချက်အလက်လေးမျိုးနှင့် ပြည့်စုံရမည်ဖြစ်သည်။ ယင်းလေးမျိုးမှာ—

၁။ အရေခံမျှသာကျန်ပါစေ ဖြစ်အောင်ကြိုးစားမည်၊
၂။ အကြောမျှသာကျန်ပါစေ ဖြစ်အောင်ကြိုးစားမည်၊
၃။ အရိုးမျှသာကျန်ပါစေ ဖြစ်အောင်ကြိုးစားမည်၊
၄။ အသားအသွေးကုန်ခန်းသွားပါစေ ဖြစ်အောင်ကြိုးစားမည်—

ဟူ၍ ဆောက်တည်ပြီး ကြိုးစားခြင်းဖြစ်ကြောင်း (အံ ၁၊ နှာ-၅၂) ဥပညာသ-သုတ်၌လာသည်။

အလုပ်တစ်ခုခုကို လုပ်ကိုင်ရာ၌ ယင်းသို့ အချက်လေးပါးနှင့်အညီ ကြိုးစားပြုလုပ်ပါမှ အောင်မြင်မှုရနိုင်ပေသည်။ ကျွန်ုပ်တို့၏ အဘထား ကိုးကွယ်ရာဖြစ်တော်မူသော ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် အလောင်းတော်ဘဝ ပါရမီဖြည့်စဉ်ကလည်း ယင်းအင်္ဂါလေးမျိုးရှိသည့် ကြိုးစားမှုဖြင့် ကြိုးစားအားထုတ်ခဲ့သည်။ အောင်မြင်ခဲ့သည်။ တကယ်ပင်အရေခံမျှသာ ကျန်သည်မဟုတ်၊ အကြောမျှသာကျန်သည်မဟုတ်၊ အရိုးမျှသာကျန်သည်မဟုတ်၊ အသားအသွေးတွေ ကုန်ခန်းသွားသည်မဟုတ်၊ အောင်ပွဲကိုသာရခဲ့သည်။

နောက်ဆုံးဘဝ ဘုရားဖြစ်ရန် ဒုက္ကရအကျင့်ကို ကျင့်သုံးစဉ်ကလည်း ဤအချက်လေးမျိုးရှိသည့် ကြိုးစားမှုဖြင့်ပင် ကျင့်သုံးခဲ့သည်။ မဇ္ဈိမ ပဋိပဒါကိုရွေးပလ္လင်ပေါ်မှာ ကျင့်သုံးရာ၌လည်း ဤအင်္ဂါလေးမျိုးရှိသည့် ဝီရိယဓာတ်ဖြင့်သာ ကြိုးစားအားထုတ်ခဲ့သည်။ အရေမျှ၊ အကြောမျှ၊ အရိုးမျှ–ကျန်ပါစေ၊ အသားအသွေးတွေ ကုန်ခန်းသွားပါစေ–ဟု မောင်းတင်ကာ အားထုတ်ကြိုးစားသော်လည်း အရေ၊ အကြော၊ အရိုး မျှကျန်သည်အထိ မရောက်ပါ၊ အသားအသွေးတွေ ကုန်ခန်းမသွားပါ။ ရည်မှန်းသည့်အတိုင်း အောင်ပန်းရခဲ့ပါသည်။ နောက်ဆုံးတွင် မာရ်ငါး ပါးကို နှိမ်နင်း၍ သဗ္ဗညုတဉာဏ်တော်ရှင် ဘုရားသခင်အဖြစ်သို့ ရောက် တော်မူခဲ့သည်။

ထို့ကြောင့် ဖော်ပြခဲ့သည့် ဝီရိယအင်္ဂါလေးပါးနှင့် ပြည့်စုံသည့် ဖြစ်ပြီးအကုသိုလ်ကို ပယ်ရှားရန် ကြိုးစားခြင်း–စသည့် လေးပါးကို သမ္မပ္ပဓာန-မှန်ကန်သောကြိုးစားမှုဟူ၍ မြတ်ဗုဒ္ဓရှင်တော်ဘုရား ဟော ကြားတော်မူပါသည်။ (ဝိဘင်းပါဠိတော်၊ နှာ-၂၁၆။)

### သမ္မတ္တိလေးပါးနှင့်ဝီရိယ

ဖော်ပြခဲ့သည့်အတိုင်း အင်္ဂါလေးပါးနှင့် ပြည့်စုံသည့် ထက်သန်လှ စွာသော ဝီရိယဓာတ်ရှိလျှင်မူကား အောင်မြင်မှုကိုရနိုင်သည်မှာ အမှန် ပင်ဖြစ်ပါသည်။ သို့သော်-ကြိုးစားသူ၏ ပြည့်စုံမှု (သမ္မတ္တိ) အင်အား အလိုက် လျောက်ပတ်စွာသာ အောင်မြင်မှုကို ရရှိနိုင်သည်။ အမြန် အနှေးရှိနိုင်သည်ကိုလည်း သိထားရန် လိုအပ်ပေသည်။

"ဝီရိယဓာတ်အငုံအင်း၌ ငါကြံလိုက်လျှင် အမှန်ပင် အောင်မြင်ရမည်" ဟူ၍ကား တသစ်ကျစွဲမှတ်၍ ဒိုးတိုက်မကြိုးစားအပ်ချေ။ မိမိ၌ရရှိနိုင် သည့် ပြည့်စုံမှု (သမ္မတ္တိ) အခြေအနေအပေါ် မူတည်၍ ဉာဏ်ပညာကို အရင်းခံ၍သာ ကြံစည်ကြိုးစားသင့်ပေသည်။ အကယ်၍ကြိုးစားပါ လျက် မိမိ၏ပြည့်စုံနိုင်သည့် အခြေအနေအရ မအောင်မြင်ပဲလည်း ရှိနေ

တတ်ပေသည်။ မိမိ၏ပြည့်စုံနိုင်မှု အခြေအနေအရ မအောင်မြင်ခြင်းကြောင့် စိတ်ပျက်အားလျော့မှုမဖြစ်ပဲ ဆက်လက်ကြိုးစားသင့်ပေသည်။

ရှင်းလင်းအောင် ဆက်လက်ရေးပြပါမည်။

**သမ္ပတ္တိလေးပါး**

မိမိ၌ရရှိနိုင်သည့် ပြည့်စုံမှု-ဟူသည်ကို ပါဠိဘာသာဖြင့် "သမ္ပတ္တိ" ဟု စာပေကျမ်းဂန်တို့၌ သုံးစွဲလေ့ရှိပါသည်။

ယင်းသမ္ပတ္တိ-ခေါ် ပြည့်စုံမှုဟူသည်မှာ-

(က) ဂတိသမ္ပတ္တိ-ဖြစ်ပေါ်ဆဲ ဘဝပြည့်စုံမှု၊
(ခ) ဥပဓိသမ္ပတ္တိ-ရုပ်အဆင်းပြည့်စုံမှု၊
(ဂ) ကာလသမ္ပတ္တိ-အချိန်အခါ ပြည့်စုံမှု၊
(ဃ) ပယောဂသမ္ပတ္တိ-ပြုလုပ်ပုံပြည့်စုံမှု-

ဟူ၍ လေးမျိုး လေ့လာတွေ့ရှိရပေသည်။ (ဝိဘင်းပါဠိတော် နှာ-၃၅၁။)

ယင်းလေးပါးနှင့် ပြည့်စုံမှု ဝီရိယအကျိုးကို အမြန်ခံစားရသည်။ မပြည့်စုံလျှင် ဖြေးဖြေးမှသာ ခံစားရသည်။ အားမလျှော့ပဲ ကြိုးစားရန်လိုပေသည်။ ယင်းလေးပါးကို သိသာထင်ရှားစေရန် ဥပမာပုံစံနှင့် တကွ ရှင်းပြပါအံ့-

(က) ဂတိသမ္ပတ္တိ။ ။ဂတိသမ္ပတ္တိဟူသည်မှာ- မိမိရရှိထားသည့်ဘဝ၏ ပြည့်စုံမှုဖြစ်သည်။ လူတစ်ယောက်သည် မည်မျှပင် ဝီရိယဓာတ်ကောင်း၍ ကြိုးစားအားထုတ်သော်လည်း လိုအပ်သော အကျိုးတရား ရည်မှန်းချက်ပန်းတိုင်ကို ဘဝအခြေအနေအရသာ ရရှိဖြစ်ပေါ်နိုင်မည်ဟု ဆိုလိုပေသည်။ ဤအဆို ထင်ရှားစေရန် မဟောသဓာပညာရှိကို ပုံစံထုတ် ပြဆိုပါအံ့။

**မဟောသဓာပညာရှိဝတ္ထု(အကျဉ်း)**

မဟောသဓာသည် သူဌေးသားဖြစ်သည်။ ငယ်စဉ်အခါမှစ၍ ပညာ အရာမှာ အတုမရှိ ထက်မြက်ကြောင်း ထင်ပေါ်ကျော်ကြားသည်။ မိမိထက်မြက်သောပညာနှင့် ကိုက်ညီသည့် ပညာရှိ မင်းတိုင်ပင်

အမတ်ကြီး ဖြစ်လာရန်အတွက်မှာ သဌေးသားမျှသာဖြစ်သောကြောင့် အချို့မျိုး အနှောင့်အယှက်များနှင့် ကြုံတွေ့ရသည်။ သို့သော် မဟော သဓာသည် အားမလျှော့၊ ဆက်ကြိုးစားသည်။

မူလရှိပြီး မင်းတိုင်ပင်အမတ်ကြီးများဖြစ်သော သိန်းအမတ်၊ ဒေဝိန်း အမတ်၊ ကာမိန်းအမတ်၊ ပကုသ်အမတ်ကြီးတို့၏ အစစ်အဆေး, အတွန်း အတိုက်-များကို ခံရပြီး ကြိုးစားအားထုတ် တွန်းလှန်ပြီးမှ မင်းတိုင် ပင်အမတ်ကြီး ဖြစ်လာရသည်။　(ဇာ-ဋ္ဌ ၆၊ နှာ-၁၆၃-၃၆၂။)

အကယ်၍သာ မဟောသဓာသည် မူလရှိရင်း မင်းတိုင်ပင်အမတ်ကြီး လေးဦးတွင် တစ်ဦးဦး၏သားဖြစ်ခဲ့ပါလျှင် အနှောင့်အယှက်ကင်းကွာ လွယ်ကူစွာပင် ပညာရှိမင်းတိုင်ပင်အမတ်ကြီး ဖြစ်လာနိုင်ပေမည်။ ဤ သည်မှာ ဂတိသမ္ပတ္တိမပြည့်စုံမှုကြောင့် ဝီရိယအကျိုးကို ဖြုန်းကနဲမခံစား ရပဲ ဖြည်းဖြည်းမှခံစားရပုံနှင့် ဝီရိယကြောင့် လိုအပ်သောရည်မှန်းချက် ပန်းတိုင်သို့ မလွဲတန်း ရောက်နိုင်ပုံ ဖြစ်သည်။

(ခ) ဥပဓိသမ္ပတ္တိ။　။ဥပဓိသမ္ပတ္တိ- ဟူသည်မှာ ရုပ်ပုံသဏ္ဌာန် ကြန်အင် လက္ခဏာ ပြည့်စုံမှုဖြစ်သည်။ လူတစ်ယောက် သည် မည်မျှပင် ဝီရိယဓာတ်ကောင်း၍ ကြိုးစားအားထုတ်မှု ရှိသော် လည်း မိမိလိုအပ်သော ရည်မှန်းချက်ပန်းတိုင်သို့ရောက်ရန်မှာ သူ၏ ရုပ်ပုံသဏ္ဌာန် ကြန်အင်လက္ခဏာ ပြည့်စုံမှုအပေါ်မှာ မူတည်၍ အမြန် အနှေးဖြစ်နိုင်သည်ဟု ဆိုလိုပေသည်၊ ဤအဆိုအင်ရှားစေရန် ဘိမသေန- ဇာတ်ကို ပုံစံထုတ် ပြဘိုလိုပါသည်။

ဘိမသေနဇာတ်(အကျဉ်း)

ရှေးအခါက စူဠဓနုဂ္ဂဟ-ခေါ် မြားပစ်ပိဋ္ဌာတစ်ဦး ရှိခဲ့ဖူးသည်။ သူသည် မြားပစ်အတတ်မှာ အတုမရှိ တတ်မြောက် ကျွမ်းကျင်သူ ဖြစ်သည်။

သို့သော်-သူ၏ရုပ်လက္ခဏာမှာ အနည်းငယ်ပုံ၍ ခါးကုန်းသည်။ ဥပမိသမ္ပတ္တိ မဖြစ်ပေ။ ထို့ကြောင့် သူသည် ထင်ပေါ်ကျော်ကြားသည့် ဘုရင့်အသုံးတော်ခံ မြားသည်တော်ကြီးဖြစ်ရန် မလွယ်ကူချေ။ စူဠဓနုဂ္ဂဟ-သည် မိမိ၏အကြောင်းကို သိနားလည် သောကြောင့် မိမိကိုယ်တိုင် ဘုရင့်ထံသွား၍ အမှုမထမ်းပဲ ရုပ်လက္ခဏာ ခန့်ညား ကောင်းမွန်သူ ယက်ကန်းရက်သမား ဘီမသေန ကို "သင်က ရုပ်ပုံတင့်တယ်ခန့်ညားသည်၊ မြားသည်တော်အဖြစ် အမှုထမ်းပေါ၊ လုပ်စရာရှိလျှင် သင့်အတွက် ငါ လုပ်ပေးမည်၊ရသည့်လခကို နှစ်ယောက်မျှယူကြမည်"ဟု တိုင်ပင်သဘောတူကြပြီး ဘီမသေနက မြားသည်တော်အဖြစ် အမှုထမ်းသည်။ စူဠဓနုဂ္ဂဟက ဘီမသေန၏ နောက်လိုက်အဖြစ် အမှုထမ်းသည်။ ရသည့်လခကို နှစ်ယောက်ဝေမျှယူကြသည်။

လုပ်ဆောင်ချက်များအောင်မြင်၍ ချမ်းသာ လာသောအခါ ဘီမသေနသည် မာန်ဝင့်လာသည်၊ အောက်ခြေလွတ်လာသည်၊ မူလအခြေအနေကို မေ့သွားသည်။ တကယ်မြားအတတ်ပညာရှင် စူဠဓနုဂ္ဂဟ-ကို မချေမငံပြောလာသည်။ 'ထီ'မထင် မလေးစားမှု ပြုလာသည်။ ထို့ကြောင့်စူဠဓနုဂ္ဂဟ သူရဲကောင်းက တိုက်ပွဲ တစ်ခုကြုံလာသောအခါ ဘီမသေနချည်းသက်သက် လွှတ်ပေးလိုက်သည်။ မိမိကိုယ်တိုင်က မူကား မသိမ်းမကမ်း နောက်ပိုင်းတစ်နေရာမှ စောင့်ကြည့်နေသည်။

ဘီမသေနသည် စူဠဓနုဂ္ဂဟ-မပါပဲ မိမိချည်း တိုက်ပွဲဝင်ရမည်ကိုသိရကတည်းကပင် ရင်ပိုနေသည်၊ စစ်မြေရောက်သောအခါ ကျောချမ်းနေသည်။ တိုက်စည်သံ, မောင်းသံ, ခရာတုတ်သံ, တံပိုးမှုတ်သံ-များ ကြားရသောအခါ ဝမ်းသွားချင်သလိုလို ဆီးသွားချင်သလိုလိုဖြစ်လာသည်။ ဓားရှောင် လှံရှောင် တပြောင်ပြောင်ဖြင့် တဘက်ရန်သူများကိုမြင်ရသောအခါ မစင်များဒလဟောထွက်၍ ဆင်ပေါ်၌ ခင်းထားသော ကတ္တီပါ ဆင်ကုန်းနှီးကို ပေကျံနေစေလေတော့သည်။

ယင်းအခြင်းအရာကို တွေ့မြင်ရသော စူဠဓနုဂ္ဂဟ-သူရဲကောင်းသည် "ဟော့မကြောက်ကြနဲ့ ငါရှိတယ်၊ နောက်မဆုတ်နဲ့ ရှေ့တိုးတိုက်ကြ"

ဟူ၍ အားပေးကြွေးကြော်၍ ဝင်ရောက်တိုက်ခိုက်ရာ အနိုင်ရရှိသည်။ ဤအကြောင်းစုံကိုသိရသော ရှင်ဘုရင်သည် စူဠဓနုဂ္ဂဟ-အား မြားသည်တော် ဗိုလ်ချုပ်ကြီး ခန့်အပ်လိုက်လေသည်။ (ဇာ ၄-၁၊ နှာ-၃၇၆-၃၈၁။)

ဤဇာတ်လမ်း၌ စူဠဓနုဂ္ဂဟ-သည် ဥပဓိသမ္ပတ္တိခေါ် ကြန်အင်လက္ခဏာ မပြည့်စုံခြင်းကြောင့် မြားပစ်အတတ်မှာ အတုမရှိ တတ်ကျွမ်း ပါသော်လည်း မြားသည်တော်ကြီးအဖြစ်နောက်ကျသည်ကို တွေ့သိရပေလိမ့်မည်၊ မိမိရည်မှန်းချက် ပန်းတိုင်ရောက်စေရန် ပညာဉာဏ်ကို အသုံးချလျက် ကြိုးစားအားထုတ်သည်ကိုလည်း သိရှိမှတ်သားရမည်ဖြစ်သည်။

(ဂ) **ကာလသမ္ပတ္တိ**။ ။ကာလသမ္ပတ္တိ - ဟူသည်မှာ အချိန်အခါပွင့်လင်းသာ၍ ပြည့်စုံလာခြင်း ဖြစ်သည်။ အခွင့်အခါရောက်လာခြင်း-ဟု ဆိုလိုပေသည်။ ကြွင်းသော သမ္ပတ္တိသုံးပါးနှင့် ပြည့်စုံပါသော်လည်း အချိန်အခါမရောက်သေး၍ ကာလသမ္ပတ္တိနှင့် မပြည့်စုံပါလျှင် ကြိုးစားအားထုတ်ပါသော်လည်း လိုအပ်သောအရာ ပန်းတိုင်သို့မဆိုက်ရောက်ပဲ ရှိတတ်ချေသည်။ သို့သော် အားမလျှော့ပဲ ကြိုးစားမြဲကြိုးစားလျှင် လိုရာပန်းတိုင်သို့ အမှန်ပင်ဆိုက်ရောက်ရမည် ဖြစ်သည်။ ဤအကြောင်းကို ပိုမို၍ထင်ရှားစေရန် ဒီဃာဝု-မင်းသား အကြောင်းကို တင်ပြဆွေးနွေးလိုပါသည်။ (ဝိ ၃၊ နှာ-၄၀၇-၄၉၅။)

### ဒီဃာဝုဇာတ် (အကျဉ်း)

ရှေးအခါက ဗြဟ္မဒတ်အမည်ရှိ ဗာရာဏသီမင်းနှင့် ဒီဃီတိ-အမည်ရှိ ကောသလမင်းတို့ စစ်တိုက်ရာ ဒီဃီတိ-မင်း ရှုံး၍ ထွက်ပြေးတိမ်းရှောင်နေရသည်။ တိမ်းရှောင်နေယင်း သားကလေးဒီဃာဝု ဖွားမြင်သည်။ ကလေးအရွယ်ရောက်၍ ကျောင်းနေပြီး အတတ်ပညာ စုံသောအခါ ဒီဃီတိမင်းမှာ အမှုပေါ်ကာ ဖမ်းဆီးမိပြီး အသတ်ခံရမည့်ဆဲဆဲမှာ လွတ်နေသည့် ဒီဃာဝုမင်းသားငယ်က လာ၍ကန်တော့သည်။ ဒီဃီတိ-မင်းသည် သားငယ်လာ၍ မိမိအားကန်တော့သည်ကို သိ၍-"ရန်မလိုမှ ရန်

ပြုမည်၊ ရန်လိုလျှင် ရန်ပိုတတ်သည်'' ဟူ၍ ဆိုးမသည်။ မကြာမီ ကွပ်မျက်ခြင်းခံရသည်။

ဒီဃာဝုမင်းသားငယ်သည် ခမည်းတော် နတ်ရွာစံပြီးနောက် မထင်မရှားသောအသွင်ဖြင့် ဗြဟ္မဒတ်မင်းထံ ခစားသည်။ ရှေးက ဘုန်းကံရှိ၍ မြင့်မြတ်သောဘဝကိုရပြီး ဂတိသမ္ပတ္တိနှင့်ပြည့်စုံခြင်း၊ ရုပ်အဆင်းလက္ခဏာကောင်း၍ ဥပဓိသမ္ပတ္တိနှင့်ပြည့်စုံခြင်း၊ အရည်အချင်းပြည့်ဝပြီး လုပ်ကိုင်ဆောင်ရွက်ပုံမှန်၍ ပယောဂသမ္ပတ္တိနှင့် ပြည့်စုံခြင်းတို့ကြောင့် အတွင်းတော်သား အပါးတော်မြဲရာထူးအထိ တိုးတက်ရရှိခဲ့သည်။ ကာလသမ္ပတ္တိ-ခေါ် အခွင့်အခါမရောက်သေးသောကြောင့် ခမည်းတော်ရိုက်ရာကောသလမင်းအဖြစ်ကိုကား မရခဲ့သေးချေ။

တနေ့သော် - ဗြဟ္မဒတ်မင်းက တောကစားသွားရန်ခေါ်၍ တောကစားသွားကြသော အခါ မင်းနှင့် ကိုယ်ရံတော်ဗိုလ်မှူး နှစ်ဦးတည်း အခြားမှူးမတ် အခြံအရံများနှင့်ကွဲ၍ တောနက်ထဲ ရောက်သွားသည်။ ဗြဟ္မဒတ်မင်းက မောပန်း၍ ကိုယ်ရံတော်ဒီဃာဝု၏ပေါင်ပေါ် ခေါင်းအုံး၍အိပ်သည်။

အိပ်ပျော်နေစဉ် ဒီဃာဝုသည် မိမိခမည်းတော်၏ ရိုက်ရာကို လုယူ၍ မိမိ၏ ခမည်းတော်မယ်တော်တို့အား သတ်ဖြတ်သူ ဗြဟ္မဒတ်မင်းအား လက်စားချေ၍သတ်ရန် ဓားအိမ်မှဓားကို ဆွဲ၍ထုတ်သည်။ မိမိ၏ ခမည်းတော်မသေမီကလေး မှာကြားသည့် ''ရန်မလိုမှ ရန်ပြုမည်၊ ရန်လိုလျှင် ရန်ပိုတတ်သည်'' ဟူသောဆုံးမချက်ကို သတိရပြီး ဓားကိုပြန်၍ ဓားအိမ်ထဲ သွင်းထားသည်။ ဤသို့ သုံးကြိမ်တိုင်တိုင် ဓားကိုထုတ်လိုက်သွင်းလိုက်လုပ်နေစဉ် ဗြဟ္မဒတ်မင်းသည် အိပ်ရာမှနိုးကာ လျင်မြန်စွာ အိပ်ရာမှထလိုက်သည်။

ဒီဃာဝုမင်းသားက မေးသောအခါ ''ဒီဃီတိမင်း၏သား ဒီဃာဝုမင်းသားက ဓားဖြင့်ခုတ်ရန်ရွယ်သည်'' အိပ်မက်သောကြောင့် ကြောက်လန့်ထခြင်းဖြစ်ကြောင်း ပြောပြသည်။

ဒီဃာဝုမင်းသားကလည်း "မင်းကြီး....ဒီဃိတိမင်း၏သား ဒီဃာဝု မင်းသားသည် ငါပင်ဖြစ်၏။ သင်သည် ငါ၏မိဘကိုလည်း သတ်၏၊ ပစ္စည်းဥစ္စာများကိုလည်း ယူ၏၊ ယခုသင်ခံရမည့်အလှည့် ရောက်ပေပြီ" ဟူ၍ ကြုံးဝါးပြောဆိုကာ ဓားဖြင့်မိုးထားလေသော် ဗြဟ္မဒတ်မင်းသည် အလွန်ကြောက်ရွံ့စွာ ဒီဃာဝုမင်းသား၏ ခြေကိုဖက်၍ တောင်းပန်လေ သည်။

ထိုအခါ ဒီဃာဝုမင်းသားက "အရှင်မင်းကြီးမကြောက်ပါနှင့်၊ သင့် ကို အကျွန်ုပ်ရန်မပြုပါ၊ အကျွန်ုပ်အားလည်း ခွင့်လွှတ်ပါ" ဟု တောင်း ပန်ကာ ဓားကိုပေးအပ်ရာ နှစ်ဦးသားကျေအေး၍ ရန်မပြုစတမ်းသစ္စာ ပြုကြသည်။ ဗြဟ္မဒတ်မင်းက ဒီဃာဝုမင်းသားအား အိမ်ရှေ့မင်းရာထူး ပေး၍ သမီးတော်နှင့် ထိမ်းမြားပေးလေသည်။

ဤအကြောင်းအရာ ဇာတ်လမ်း၌ ဒီဃာဝုမင်းသားသည် အချိန် အခါမရောက်သေးပဲ ကာလသမ္ပတ္တိမရှိသေးမီ အခြားသမ္ပတ္တိသုံးပါး ရှိ၍ ဝီရိယဘား ကြိုးစားပါသော်လည်း မိမိလိုရာပန်းတိုင်သို့ မရောက် သေးပဲ စိတ်ဓာတ်မပျက် ဆက်လက်ကြိုးစားမှ ကာလသမ္ပတ္တိနှင့် ပြည့်စုံ ကာ လိုရာပန်းတိုင် ဖြစ်သော ကောသလနှင့် ဗာရာဏသီနှင့်ပြည်လုံး မင်းအဖြစ်ကို ရရှိခဲ့ကြောင်း သိရှိနိုင်ကြပေသည်။

(ဃ) ပယောဂသမ္ပတ္တိ။ ။ပယောဂသမ္ပတ္တိ - ဟူသည်မှာ ဝီရိယထား ကြိုးစားရာ၌ လုပ်ပုံလုပ်နည်း မှန်ကန်ပြည့်စုံ မှု ဖြစ်သည်။ စနစ်တကျ မှန်ကန်စွာပြုလုပ်ခြင်း-ဟု ဆိုလိုပေသည်။

လောက၌ ရည်မှန်းချက် ပန်းတိုင်ထား၍ သွားလာလုပ်ကိုင်ရာတွင် သွားလာပုံ၊ လုပ်ကိုင်ဆောင်ရွက်ပုံ မှန်ကန်ပြည့်စုံမှသာ လိုရာပန်းတိုင် ရောက်၍ ပြီးမြောက်နိုင်ကြပေသည်။ ဤအကြောင်းကို ထင်ရှားစေရန် တတိယ သင်္ဂါယနာတင် ဘုရင်သီရိဓမ္မာသောက-မင်းကြီး၏ ဘိုးတော် စန္ဒဂုတ် မင်းကြီးအကြောင်းကို တင်ပြဆွေးနွေးလိုပါသည်။ (မဟာဝင် ဝတ္ထု၊ နှာ-၈၁)

**စန္ဒဂုတ်မင်းဝတ္ထု (အကျဉ်း)**

**စန္ဒဂုတ်မင်းသားသည်** သာကီဝင်မင်းဆက်များ ပျက်စီး၍ ထွက်ပြေးလာရသည့် မင်းသားငယ်ဖြစ်သည်။ မျိုးရိုး ရုပ်ရည်လက္ခဏာနှင့် ဉာဏ်ပညာကောင်းသောကြောင့် ဓနနန္ဒာမင်းဆက်ကို ဖြိုဖျက်လိုသော ပညာရှိ **စာဏက္ကပုဏ္ဏားက** မင်းလောင်းအဖြစ် အတတ်ပညာ အသိပညာများကို သင်ပေး၍ မွေးမြူထားသည်။ ပညာနှင့်ပစ္စည်းဥစ္စာ လူသူ လက်နက်ပြည့်စုံသောအခါ ဓနနန္ဒာမင်းကို ပြည်မအတွင်းဝင်၍ တိုက်ခိုက်သည်။ ပြည်အတွင်း မြို့အလယ်ခေါင် ဖြစ်သောကြောင့် ဓနနန္ဒာမင်း၏ စစ်တပ်များက ဝိုင်းရံညှပ်ပိတ်၍ ချေမှုန်းဖြိုဖျက်သဖြင့် လက်လွတ်ထွက်ပြေးရသည်။

ဤသို့ အကြိမ်ကြိမ် တိုက်ခိုက်ရှုံးနိမ့်သောအခါ စန္ဒဂုတ်မင်းလောင်းသည် မိမိနောက်လိုက်များကို မသင်မရှား မြို့တွင်းသွား၍ နေည်းနာစေသည်။

မုန့်သည်မိန်းမတစ်ယောက်သည် သားငယ်အား ကြော်ပြီးခါစ မုန့်တစ်ယှက်ပေးသည်။ သားငယ်က ချက်ချင်းအလယ်ခေါင်မှ နှိုက်၍စားရာ ပူလောင်၍မစားနိုင်ရှိသည်။ ထိုအခါ မုန့်သည်အမေက—

"နင်မုန့်စားဒါက စန္ဒဂုတ် တိုက်ပွဲဆင်သလို စားဒါကိုး"ဟု ပြောသောအခါ သားငယ်ကပြန်၍မေးသည်။

"ဘယ်လို စန္ဒဂုတ် တိုက်ပွဲဆင်သလို ဖြစ်ပါသလဲ မေမေ"

"စန္ဒဂုတ်တိုက်ပွဲဆင်တော့ မြို့စွန်ပြည်နားက စ, တင်မတိုက်ပဲ မြို့ကြီးကိုဝင်တိုက်လို့ ဘေးကဝိုင်းညှပ်တိုက်တော့ ရှုံးဒါပေါ့။ နင်ကလဲမုန့်ကို အနားသားအေးရာက စ,မစားပဲ အလယ်ခေါင်က စနှိုက်တော့ ပူဒါပေါ့ဟဲ့၊ ဘယ်စားလို့ရမှာလဲ"

ဟူ၍ မုန့်သည် မိခင်ကပြန်ပြောပုံကို စန္ဒဂုတ်မင်းသားနှင့် ဆရာစာဏက္ကပုဏ္ဏားကြားသိသောအခါ ဤနည်းကိုယူ၍ မြို့စွန်ပြည်နားမှစ၍တဖြည်းဖြည်း သိမ်းသွင်းတိုက်ခိုက်သောကြောင့် အနိုင်ရ၍ မင်းဖြစ်သွားလေ

တော့သည်။ (မဟာဝဂ်ဝတ္ထု၊ တတိယ သင်္ဂါယနာအခန်း၊ စာမျက်နှာ-
၇၁ မှ။)

ဤအကြောင်းအရာ၌ စန္ဒဂုတ်မင်းသားသည် ပယောဂသမ္မတ္တိ ခေါ်
လုပ်ပုံလုပ်နည်း မမှန်ကန် မပြည့်စုံသောကြောင့် ကြွင်းသမ္မတ္တိ သုံးပါး
ရှိ၍ ကြိုးစားအားထုတ်ပါသော်လည်း ရည်မှန်းချက်ပန်းတိုင် မရောက်
ပဲ လိုရာကိစ္စမပေါက်မြောက်ခြင်းဖြစ်သည်။ ပယောဂသမ္မတ္တိရှိ၍ လုပ်ကိုင်
ဆောင်ရွက်ပုံ မှန်ကန်ပြည့်စုံမှသာ အောင်ပွဲရရှိသည်ကို လေ့လာ မှတ်
သား နိုင်ပေသည်။

ဤသို့လျှင် ကြိုးစားအားထုတ်မှု-ဝီရိယဟူသည် ဝီရိယအင်္ဂါ လေး
ချက်နှင့်အညီ ကြိုးစားပါသော်လည်း သမ္မတ္တိလေးပါးနှင့် မပြည့်စုံသေး
က အောင်ပွဲမရနိုင်ချေ။ ထို့ကြောင့် သမ္မတ္တိလေးပါးကို ကြည့်ရှုဆင်ခြင်
လျက် ဝီရိယတရားကို အင်္ဂါလေးပါးနှင့် ပြည့်စုံစွာ မောင်းတင်ထားပြီး
ဖော်ပြလတ္တံ့သော ပါရမီဆယ်ပါး ဗောဓိပက္ခိယတရားများကို အရိယသစ္စာ-
အမှန်တရားကိုသိမြင်၍ ထွက်ရာလမ်း ဝင်နိုင်သည်အထိ ပွားများသင့်
ကြပေသည်။

ဤနေရာတွင် သမ္မတ္တိလေးပါး တစ်ပါးမျှမရှိပဲ ဝီရိယထား၍ ကြိုး
စားသောကြောင့် အလကားဖြစ်ရသည့် ရှေးကရှိခဲ့ဖူးသော ခင်ကြီးပေါက်
ဖုံပြင်ကလေးကို အကျဉ်းမျှဖော်ပြလိုပါသည်။

ခင်ကြီးပေါက်ပုံပြင်

ရှေးအခါက ရွာကြီးတစ်ရွာရှိ ဘုန်းကြီး ကျောင်း ကြီး မှာ
ကျောင်းထိုင်နေသော ခင်ကြီးပေါက်အမည်ရှိ ဘုန်းကြီးအိုကြီးတစ်ပါး
ရှိသည်။ ခင်ကြီးပေါက်သည် စာပေပရိယတ် အားနည်းသော်လည်း
တစ် ရွာ တစ် ကျောင်း ဘုန်းကြီးရှားပါးရာ ဒေသဖြစ်သောကြောင့်
အလှူ အတန်းများကာ ဘုန်းကြီးလှုပေသည်။

"ကြိုးစားက ဘုရားဖြစ်နိုင်သည်" ဟူသော မြန်မာစကားပုံကို
ဘုရားဟောပါဠိတော် စာပေအသွင်ထင်မြင်ကာ "တစ်လအတွင်း-ဘုရား

ဖြစ်အောင်ကျင့်မည်''ဟု ကြေငြာ၍ ဘယ်သူ့ကိုမျှအတွေ့မခံ၊ စကား မပြော၊ ဘာကိုမျှမစားမသောက်ပဲ တင်ပျဉ်ခွေထိုင်ကာ မျက်စိမှိတ်ပြီး မလှုပ်မရှားနေလေသည်။ ကျင်ကြီးကျင်ငယ်ကိုလည်း ဝေးဝေးသွား မစွန့်ပဲ အနီးအပါးမှာသာစွန့်၍ ညစ်ပေ နံစော်နေသည်။

လေရက်ငါးရက်ခန့်ကြာသောအခါ လူပုံလည်းပိန်ကြုံ၍ တည်ငြိမ်မှု မရှိပဲ ယိမ်းယိုင်လာသည်။ ဆာလောင်မွတ်သိပ်ခြင်းလည်း နှိပ်စက်၊ အိပ်ပျက်မှုလည်းဖြစ်ကာ ဇွဲလျှော့ချင်စိတ်ပေါက်လာစဉ်မှာ ဝေးဝေးမှ အရက်မူးသူ လူနှစ်ယောက် အိုးစည်သံချပ် ထိုးသံကြားလိုက်ရသည်။ သံချပ်မှာ-

"ရင့်မာတစ်ကျိပ် နငါးရာ၊ နောင်လာ ရှစ်သောင်း
ဘုရားပေါင်းဗျ၊ ဘုရားပေါင်းနောက် တို့နှစ်ယောက်ဗျ၊
တို့နှစ်ယောက်နောက် ခင်ကြီးပေါက်ဗျ"-

ဟူ၍ဖြစ်သည်။ ထိုအခါ ခင်ကြီးပေါက်သည်"ငါ့အလျင်ပွင့်မည့် ရင့်မာ တစ်ကျိပ်-အနငါးရာနောက်ရှိ အရက်သမားနှစ်ယောက်ပင် ပျော်ကြ တုန်း ရှိပါသေးတယ်လေ၊ ငါကျင့်လို့တော့ ဘုရားဖြစ်မှာမဟုတ်ပါဘူး" ဟု လျှော့လိုက်လေသည်။

ဤပုံပြင်၌ ခင်ကြီးပေါက်သည်-

(က) ပါရမီတရား ဘုရားဖြစ်ကြောင်းများကို လေးအသင်္ချေ နှင့် ကမ္ဘာတစ်သိန်း ကျင့်သုံးခဲ့သည့် ပစ္စိမဘဝိကသား ဘုရားအလောင်းမဟုတ်။ ဂတိသမ္ပတ္တိနှင့်မပြည့်စုံ။

(ခ) ဘုရားရှင်လက္ခဏာတော်ကြီး, လက္ခဏာတော်ငယ်များ လုံးဝမရှိ။ ဥပဓိသမ္ပတ္တိနှင့် မပြည့်စုံ။

(ဂ) ဂေါတမဘုရားရှင် သာသနာတော်တွင်းဖြစ်၍ နောက် ထပ် ဘုရားတစ်ဆူပွင့်ရန် ကာလမဟုတ်။ကာလသမ္ပတ္တိ နှင့် မပြည့်စုံ။

(ဿ) ဒုက္ကရအကျင့်မမှန်၊ ဈာန်သမာပတ်များမရ၊ ပဟာ ဝဇိရဝိဿနာ မရှုနိုင်သောကြောင့် ပယောဂသမ္ပတ္တိနှင့် မပြည့်စုံ။-

ယင်းသို့ သမ္ပတ္တိလေးပါးတွင် တစ်ပါးမျှ အရိပ်အရောင်မတွေ့သော ကြောင့် ဘုရားမဖြစ်ပဲ အလကားသာ ဖြစ်ရလေတော့သည်။

## သမ္မပ္ပဓာန်လေးပါးကိုပွားများရန်

ဖော်ပြခဲ့သည့်အတိုင်း ကြိုးစားအားထုတ်မှုဝီရိယ-ဟူသည် "အကြော, အရေခွံ, အရိုးများသာ ကျန်ပါစေ၊ အသားနှင့်အသွေးတွေ ကုန်ခန်း သွားပါစေ" ဟု အဓိဋ္ဌာန်၍ ကြိုးစားသင့်သည်။

ကြိုးစားသောအခါ သမ္ပတ္တိလေးပါးနှင့် ပြည့်စုံမှသာ အောင်မြင် မှုရ၍ အကျိုးခံစားရသည်။ သမ္ပတ္တိလေးပါးဟူသည် မည်သည့်အခါ မည်မျှကြာမှ ဖြစ်မည်ကို မသိနိုင်။ ထို့ကြောင့် အောင်မြင်မှုရ အကျိုးခံစားရသည်အထိ ကြိုးစားအားထုတ်မည် – ဟူ၍လည်း စိတ်ကို သတိပေးနှိုးဆော်ကာ သမ္မတ္တိတရား-လေးပါး ရှိ-မရှိကို ဆင်ခြင်၍ ပွားများသင့်ပေသည်။

သမ္မပ္ပဓာန်-ဟူသည် မှန်ကန်သော ကြိုးစားမှုဟူ၍ အနက်အဓိပ္ပာယ် ရှိပေရာ ယင်းသမ္မပ္ပဓာန် လေးပါးနှင့်အညီ ကြိုးစားပွားများပါလျှင် စာရှုသူတို့အလိုရှိ၍ ရည်းမှန်းချက်ဖြစ်သော အရိယသစ္စာခေါ် အမှန် တရားကို လျင်မြန်စွာ သိမြင်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ယင်း သမ္မပ္ပဓာန် တရားလေးပါးကို တစ်ခုစီ ရှင်းလင်းဖော်ပြပါအံ့။

၁။ **ဖြစ်ပြီးအကုသိုလ်ကိုပယ်ရန်။** ။ဖြစ်ပြီးအကုသိုလ်ဟူသည်မှာ ယခု မျက်မှောက်ဘဝ မှတ်မိသိရှိသမျှ ကာလအတွင်းမှာ ပြုလုပ်ဖူး-ဖြစ်ဖူးသည့် အကုသိုလ်ကိုသာ ယူရမည် ဖြစ်သည်။ အစရှာမတွေ့နိုင်အောင် ရှည်လျားသည့် ဘဝသံသရာအတွင်း မှာမူ မဖြစ်ဖူးသည့်အကုသိုလ်ဟူ၍ မရှိနိုင်ချေ။ ထို့ကြောင့် ဖြစ်ပြီး အကုသိုလ်အရ ဤပစ္စက္ခ-မျက်မှောက်ဘဝအတွင်းဖြင့်သာ ပိုင်းခြား၍ သတ်မှတ်ရသည်။

ဤဘဝ ဖြစ်ဖူးသည့်အကုသိုလ်နှင့် ယင်းအကုသိုလ်နှင့် အလားတူ အကုသိုလ်ကို ဖြစ်ပြီးအကုသိုလ်-ဥပ္ပန္နအကုသလ ဟု ယူဆရမည်။

ယင်းဖြစ်ပြီးအကုသိုလ်ကို မည်သို့ပယ်ရမည်နည်းဆိုလျှင်–

(က) ပြန်တွေး၍ မသာယာခြင်း၊

(ခ) ပြန်တွေး၍ မပူပန်ခြင်း၊

(ဂ) ပြန်တွေးမိလျှင် "ဤအကုသိုလ်မျိုးမဖြစ်စေအံ့" ဟု အဓိဋ္ဌာန်ခြင်း၊

(ဃ) အလားတူတွေ့ရလျှင် ရှောင်ကြဉ်ခြင်း–

တို့ဖြင့် ဖြစ်ပြီးအကုသိုလ်ကို ပယ်ရှားရမည်ဖြစ်သည်။ ရှင်းပြပါအံ့–

(က) အရ-ပြုလုပ်မိပြီးဖြစ်သည့် အကုသိုလ်ကို ပြန်လည်တွေးတော၍ သာယာနှစ်သက်နေပါလျှင် တဏှာ-လောဘ ထပ်ဖြစ်၍ အကုသိုလ် အသစ်တစ်ခု ထပ်ဖြစ်ပေလိမ့်မည်။ ပဋ္ဌာန်းပါဠိတော်၌–အကုသိုလ်တစ်ခု က အကုသိုလ်တစ်ခုဖြစ်ပွားစေရန် ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြု ကြောင်း ဟောကြားတော်မူပေသည်။ ထို့ကြောင့် အကုသိုလ်ပြုမိပြီး လျှင် ပြန်လည်တွေးတော၍ မသာယာပဲ သဘောကျမနေပဲ ပယ်ရှား ရမည်။

(ခ) အရ-ပြုလုပ်မိပြီးဖြစ်သည့် အကုသိုလ်ကို ပြန်တွေး၍ "ဒီလို မကောင်းမှုကို ငါလုပ်မိလေခြင်း" ဟု ပြန်တွေး ပူပန်နေလျှင်လည်း ကုက္ကုစ္စခေါ် အကုသိုလ်တစ်ခု ထပ်မံဖြစ်ရပြန်လေသည်။ (ဤကျမ်း နှာ-၂၃၀၊ ကုက္ကုစ္စ ပြန်ကြည့်ပါ။) ထို့ကြောင့် လုပ်မိပြီးဖြစ်သည့် အကုသိုလ်ကို ပြန်တွေးပူပင်မနေပဲ ဖြေဖျောက်ပစ်ခြင်းအားဖြင့် ပယ်ရှား ရမည် ဖြစ်သည်။

(ဂ) အရ–အကာယ်၍ ပုထုဇဉ်သဘာဝ တခါတရံတွေးမိပြန်က လည်း "ဒီလိုမကောင်းမှုမျိုးကို ငါမပြုလုပ်တော့" ဟူ၍ အဓိဋ္ဌာန်ပြု ခြင်းဖြင့် ပယ်ရှားရမည်ဖြစ်သည်။

(ဃ) အရ-ယင်းပြုလုပ်မိသည့် အကုသိုလ်နှင့် အလားတူ အကုသိုလ် တစ်ခုခုတွေ့လျှင်လည်း "ဒီအကုသိုလ်မျိုး ငါမလုပ်သင့်"ဟု ဆုံးဖြတ် ကာ ရှောင်ကြဉ်ခြင်းဖြင့် ဖြစ်ပြီးအကုသိုလ်ကို ပယ်ရှားရမည်ဖြစ်သည်။

ဥပမာ-ပါဏာတိပါတ—ခေါ် သတ်ဖြတ်ညှဉ်းဆဲမှု ပြုမိပြီးဖြစ်လျှင် နောက်တဖန် ပါဏာတိပါတ - ပြုရန်ကြုံတွေ့လာလျှင် ရှောင်ကြဉ်ခြင်း ဖြင့် ဖြစ်ပြီးအကုသိုလ်ကို ပယ်ရှားရပေမည်။ ပယ်ရှားနိုင်အောင် ကြိုး စားရပေမည်။ ဤသည်ပင်လျှင် ဖြစ်ပြီးအကုသိုလ်ကိုပယ်ရန် ကြိုးစား မှု- သမ္မပ္ပဓာန် ဖြစ်ပေတော့သည်။

၂။ မဖြစ်သေးသည့်အကုသိုလ်မဖြစ်စေရန်။ ။သတ္တဝါ တစ်ဦး တစ် ယောက်အတွက် အစ မထင်နိုင်သည့် သံသရာမှာ ကျင်လည်ခဲ့ရသည်ဖြစ်ပေရာ သံသရာနှင့် ချီ၍ ကြည့်မည်ဆိုလျှင် မဖြစ်ဖူးသေးသည့်အကုသိုလ်တရားဟူ၍ မရှိနိုင်ပါချေ။

ဤဘဝတသက်တာကလေးမျှကိုသာကြည့်လျှင် မဖြစ်ဖူး သေးသည့် အကုသိုလ်ဟူ၍ ရှိနိုင်ပါသည်။ ထို့ကြောင့် မှန်ကန်သော ကြိုးစားမှု- သမ္မပ္ပဓာန် ဖြစ်နိုင်ပါသည်။ မိမိမှတ်မိသိရှိသမျှ စဉ်းစား တွေးတော ကြည့်လျှင် တစ်ကြိမ်တစ်ခါမျှ မဖြစ်ဖူးသည့် အကုသိုလ်ကို ကျူးလွန် မည့် အခွင့်အရေး တွေ့ကြုံလာလျှင် "ဤမကောင်းမှုသည် ငါ၏ သန္တာန်၌ တစ်ကြိမ်တစ်ခါမျှ မဖြစ်ဖူးသေးချေ။ အကယ်၍ဖြင်ပေါ်နင့်ပြု၍ ကျူး လွန်လိုက်မည် ဆိုပါလျှင် အစရှိ အနောင်နောင် ဟူသော မြန်မာ စကားကဲ့သို့ နောင်အမျှင် မပြတ် ဆက်လက်ဖြင်ပေါ်လာလိမ့်မည်။ ဖြစ် ပေါ်လာ-ပြန်ပါလျှင်လည်း ငါ့အား မကောင်းကျိုးများသည် ခေါင်း ဖော်မရအောင် ဖိစီးလာပေလိမ့်မည်။" ထို့ကြောင့် "ဤအကုသိုလ်မျိုး ငါ၏ သန္တာန်၌ လုံဝ မဖြစ်စေရ"ဟု ဆုံးဖြတ်တားမြစ် ပယ်ရှားရမည်။

ယင်းသို့ မဖြစ်ဖူးသေးသည့် မကောင်းမှု အကုသိုလ် တရားများကို လည်း ဖြစ်ခွင့်မပေးပဲ၊ ဖြစ်ပြီးအကုသိုလ်ကိုလည်း ပယ်ရှားနိုင်မည်ဆိုလျှင် စာရှုသူသည် အရိယသစ္စာ-အ ၂ န်တရားကို သိမြင်ရန် အခွင့်အလမ်း သာ

လာပြီ ဖြစ်ပေသည်၊ ထို့ကြောင့် ယင်းဖြစ်ပြီးအကုသိုလ်ကိုပယ်ရှားခြင်း မဖြစ်သေးသော အကုသိုလ်ကို ဖြစ်ခွင့် မပေးခြင်းသည် မှန်ကန်သော ကြိုးစားမှု-သမ္မပ္ပဓာန်တရားဖြစ်သည်ဟု ဗုဒ္ဓရှင်တော်မြတ်ဘုရားမိန့်ကြား တော်မူခြင်းဖြစ်ပေသည်။

ယင်းအကုသိုလ်နှင့်ဆိုင်ရာ ပယ်ရှားမှု တားဆီးမှုများအတွက် မှန်ကန်စွာ ကြိုးစားမှု-သမ္မပ္ပဓာန်နှင့် ပြည့်စုံလျှင် ကုသိုလ်နှင့်ဆိုင်ရာ ပြုလုပ်မှု တိုးပွားမှုများအတွက် မှန်ကန်စွာ ကြိုးစားမှု-သမ္မပ္ပဓာန်နှင့် ပြည့်စုံရန် လိုအပ်ပေသေးသည်။ ယင်း လိုအပ်သည့်သမ္မပ္ပဓာန်ကို ဖြည့်ကျင့်နိုင်ရန်အတွက် ဆက်လက်ရေးပြပါမည်။

၃။ မဖြစ်သေးသည့်ကုသိုလ်ဖြစ်ရန်။ ။မဖြစ်သေးသည့် ကုသိုလ်ဟူသည်မှာ မိမိချက်မှောက်ဘဝ၌ မဖြစ်ဖူးသေးသည့် ဒါနမှု, သီလမှု, သမထ-ဝိပဿနာဘာဝနာမှု-များဖြစ်သည်။ သံသရာနှင့်ကြည့်လျှင် သောတာပတ္တိမဂ်, သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်-ဟူသော လောကုတ္တရာကုသိုလ်များဖြစ်သည်။

ယင်းမဖြစ်ဖူးသေးသည့်ကုသိုလ်တရားများ ဖြစ်ပေါ်စေရန် လုံ့လထား၍ ကြိုးစားရမည်ဖြစ်သည်။ ယင်းသို့ မဖြစ်သေးသည့် ကုသိုလ်တရားများကို ဖြစ်ပေါ်စေရန် အားစိုက်၍ပြုလုပ်ပါလျှင် ကုသိုလ်တရားများစွာဖြစ်ခွင့်ရ၍ ကုသိုလ်သဌေးကြီးတစ်ဦး ဖြစ် လာ ပေ လိမ့် မည်။ ထို့ပြင် ၁။ ဖြစ်ပြီးအကုသိုလ်ပယ်မှု သမ္မပ္ပဓာန်နှင့် ၂။ မဖြစ်သေးသည့် အကုသိုလ်တားဆီးမှု သမ္မပ္ပဓာန်တို့အတွက်လည်း အကူအညီရ ကိစ္စပြီးပြီးဖြစ်သွားစေနိုင်ပေသည်။

မဖြစ်ဖူးသေးသည့် ပေးလှူခြင်းဒါန-ကုသိုလ်အရာ၌ ဝတ္ထုအားဖြင့် ဆွမ်းလှူမှု, သင်္ကန်းလှူမှု, ကျောင်းလှူမှု, ဆေးလှူမှု-စသည်ဖြင့် ပြုဖွယ်များစွာရှိပေသည်။

ဆွမ်းလှူမှုဆိုင်ရာမှာလည်း နံနက်အာရုဏ်ဆွမ်းလှူမှု၊ နေမွန်းလွဲဆွမ်းလှူမှု, နေ့ဆွမ်းလှူမှု-စသည်ဖြင့် များစွာပြုလုပ် ဆည်းပူးဖွယ်ရှိပေသည်။

နံနက်အရုဏ်ဆွမ်းလှူမှုဆိုင်ရာမှာသည်း ပရိယတ္တိဝန်ဆောင်ပုဂ္ဂိုလ်များအား လှူမှု၊ ပဋိပတ္တိဝန်ဆောင်ပုဂ္ဂိုလ်များအား လှူမှု၊ သံဃာများအား လှူမှု-စသည်ဖြင့် အသစ်အသစ် တိုးချဲ့လှူဒါန်းနိုင်အောင် ကြိုးစားရမည်။

ထို့အတူ သီလအရာမှာလည်း မိမိဉာဏ်ရှိသမျှ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ-စသည်ဖြင့်လည်းကောင်း၊ တစ်နေ့တာစောင့်ခြင်း၊ ရှစ်ရက်နေ့စောင့်ခြင်း၊ လပြည့်နေ့စောင့်ခြင်း၊ လကွယ်နေ့စောင့်ခြင်း၊ အကြိုဥပုသ်နေ့များ၌ စောင့်ခြင်း၊ အထွက်ဥပုသ်နေ့များ၌ စောင့်ခြင်း၊ အမြဲနိစ္စစောင့်ခြင်း-စသည်ဖြင့် များစွာစောင့်သုံးဖွယ်ရှိပေသည်။ ဓုတင်တစ်ဆယ့်သုံးပါးလည်း ရှိပေသည်။

ထို့အတူ သမထတရားများ ဝိပဿနာတရားများကိုလည်း မိမိမပွားဖူးသည့် သမထလေးဆယ်၊ ဝိပဿနာဉာဏ် (တောလေးဆယ်) စသည်ဖြင့် မဖြစ်သေးသည့်ကုသိုလ်တရားများ ဖြစ်ပွားစေရန် ကြိုးစားသင့်ပေသည်။

၄။ ဖြစ်ပြီးသည့်ကုသိုလ်တိုးပွားစေရန်။ ။ဖြစ်ပြီးကုသိုလ်ဟူသည် မှာဖော်ပြခဲ့သည့် ဒါန၊ သီလ၊ သမထ၊ ဝိပဿနာဟူသော လောကီကုသိုလ် တရားများကို တစ်ကြိမ်ပြုလုပ်ပြီးလျှင် ထပ်ကာထပ်ကာ ပြုလုပ်ဆည်းပူးနိုင်အောင်ကြိုးစားခြင်းဖြစ်သည်။ ဤသည်မှာ ဖြစ်ပြီးကုသိုလ်တရား တိုးပွားအောင် ကြိုးစားမှု ဖြစ်သည်။

ဒါန-အရာမှာဆိုလျှင် ဆွမ်းတစ်ခါလှူပြီးလျှင် နောင်လည်း ထပ်ကာထပ်ကာ လှူနိုင်အောင်ကြိုးစားရမည်ဖြစ်သည်။ နံနက်ဆွမ်း လှူဖူးလျှင် ယင်းနံနက်ဆွမ်းမျိုး ထပ်ကာထပ်ကာ လှူဒါန်းနိုင်အောင် ကြိုးစားရမည်ဖြစ်သည်။ ဤနည်းအတိုင်းပင် အခြားဆွမ်းအလှူများ၊ သင်္ကန်းအလှူများ ကျောင်းအလှူများ၊ ဆေးအလှူများ-စသည့် ဒါနအရာမှာ တစ်ကြိမ်ပြုလုပ်ပြီးက ထပ်မံ၍ အကြိမ်ကြိမ် ပြုလုပ်နိုင်အောင် ကြိုးစား ရမည်ဖြစ်သည်။

ထိုအတူပင် သီလကုသိုလ်အရာ၌လည်း တစ်ကြိမ် ပြုလုပ် ပြီးလျှင် ထပ်မံ၍ အကြိမ်ကြိမ်ပြုလုပ်ဆည်းပူးနိုင်စေရန် ကြိုးစားရမည်။

ထို့ပြင် ပြုလုပ်ဆည်းပူးပြီးဖြစ်သည့် ဒါနမှု, သီလမှု-များကိုလည်း နောက်ဆက် အပရစေတနာ ဖြစ်ပွားစေလျက် ဆက်လက်၍ ဆင်ခြင် စဉ်းစား တွေးတောသင့်ပေသည်။ ယင်းသို့ ပြုလုပ်ဖူးသည့်ကုသိုလ် တရား ကို အထပ်ထပ်ပြုလုပ်ခြင်း၊ ပြန်လည်တွေးတောဆင်ခြင်၍ ပီတိသောမ- နဿ နှစ်သက်ဝမ်းသာမှု ဖြစ်ခြင်းများကြောင့် ကုသိုလ် အာသေဝန ပစ္စည်းကြီးကို ပွားစီးများပြားစေရန် ကြိုးစားမှု-သမ္မပ္ပဓာန် ဖြစ်ရေ ပေမည်။

သမထအရာမှာ ပွားများပြုလုပ်ဖူးသည့် ကသိုဏ်း ဘာဝနာကိုပင် ထပ်ကာထပ်ကာ ပွားများရမည်။ တစ်ကြိမ် ပြုလုပ်ပြီးလျှင် အကြိမ်ကြိမ် ထပ်မံပြုလုပ်ရမည်။ အလေ့အကျင့်ရသွား၍ ပရိကမ္မနိမိတ် ခေါ် ပွား များသည့် သမထကမ္မဋ္ဌာန်းအာရုံကို လွယ်ကူစွာသင်မြင်အောင် ရှုမှတ်နိုင် မှု နိမိတ်ကို ဖြစ်စေရမည်။ ဥဂ္ဂဟနိမိတ် ခေါ် ထင်မြင်လာပြီး ပရိကမ္မနိမိတ် ကိုပင် ပယ်ခွာ တဆင့်တက်၍ စိတ်အာရုံ၌ လွယ်ကူစွာ ထင်မြင် နေစေ ခြင်း နိမိတ်ကို ဖြစ်စေရမည်။ ပဋိဘာဂနိမိတ် ခေါ် ဥဂ္ဂဟနိမိတ်ထက် အဆ ပေါင်းများစွာ သာလွန်သည့် ကမ္မဋ္ဌာန်း နိမိတ်ကို ဖြစ်ပေါ် စေရမည် ဖြစ်သည်။

ယင်းသို့ သမထကမ္မဋ္ဌာန်းနိမိတ် သုံးပါးမှတဆင့် ပဌမဈာန်, ဒုတိယ ဈာန်, တတိယဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန်-ဟသော ဈာန် ကုသိုလ် အဆင့်ဆင့်ရသည်အထိ သမထကုသိုလ်ကို တိုးပွားစေရန် ကြိုးစားခြင်း သည် ဖြစ်ပေါ်ပြီးကုသိုလ်ကို တိုး၍ဖြစ်ပွားစေရန်ကြိုးစားမှု-သမ္မပ္ပဓာန် ဖြစ်သည်။

ဤ သမထ ကုသိုလ်အတူပင်လျှင် ဝိပဿနာကုသိုလ် အရာ၌လည်း အနိစ္စတရားကို ရှုမှတ် ပွားများဖူးလျှင် ထပ်ကာထပ်ကာ အကြိမ်ကြိမ် ရှုမှတ်ပွားများရမည် ဖြစ်သည်။ မည်မျှ ထပ်ကာထပ်ကာ ရှုမှတ်ရမည် နည်းဆိုလျှင်—

## ဝိမုတ္တိသဘာဝဉာဏ်အဆင့်ဆင့်

၁။ **သင်္ခါရတရား** ရုပ်နာမ်များကို မတည်မြဲမှု-အနိစ္စ၊ **ဆင်းရဲမှု**-ဒုက္ခ၊ မစိုးပိုင်မှု-အနတ္တဟူ၍ ယုံကြည်စွာဖြင့် "အဖန်ဖန်အထပ်ထပ် ဆင်ခြင်မှု သုံးသပ်မှု-**သမ္မသနဉာဏ်**" ဖြစ်စေရန် ပွားများရမည်။ (ဝိပ-ဿနာသဘောကို ဤကျမ်း(နှာ-၁၇၆-၁၈၆)၌ ပြန်ကြည့်ပါ။

၂။ သင်္ခါရတရား ရုပ်နာမ်တရားများကို အနိစ္စ, ဒုက္ခ, အနတ္တ-သုံးသပ်ဖန် များလာသောအခါ စိတ်နှင့်အသိဉာဏ် ရင့်ကျက်လာပြီး ယင်း အသုံးသပ်ခံရသည့် ရုပ်တရား နာမ်တရားများ၏ "ဖြစ်မှု-ဥဒယနှင့် ပျက်မှု-ဝယ ထင်ရှားပေါ်ပေါက်၍ သိမြင်လာမှု-**ဥဒယဗ္ဗယဉာဏ်**" ဖြစ်လာစေသည်အထိ ရှုမှတ်ပွားများရမည်။

၃။ ဖြစ်မှု,ပျက်မှုကို ထင်ရှားသိမြင်မှု-ဥဒယဗ္ဗယဉာဏ် ဖြစ်ရာမှလည်း သင်္ခါရတရားများကို အထပ်ထပ်ရှုမှတ် ပွားများလျှင် အဖြစ်ဟူ၍မထင် ပဲ "အပျက်ချည်း သက်သက်ကိုသာ သိမြင်မှု-**ဘင်္ဂဉာဏ်**" ဖြစ်သည်အထိ ဆက်လက်ရှုမှတ်ရမည်။

၄။ **ဘင်္ဂဉာဏ်** ထင်မြင်ပြန်လျှင်လည်း ဆက်လက်၍ ပျက်မှုသာ ဖြစ်သော သင်္ခါရတရား ရုပ်နာမ်များကို "ကြောက်ဖွယ်ဘေးကြီး ရော ဂါကြီးများအဖြစ် ထင်မြင်မှု-**ဘယဉာဏ်**" ဖြစ်ပေါ်လာစေရန် ရှုမှတ် ရမည်ဖြစ်သည်။

၅။ ဘယဉာဏ် ဖြစ်ပေါ်ပြီးပြန်လျှင်လည်း ဆက်လက်၍ သင်္ခါရ တရား ရုပ်နာမ်များကို ကောင်းသည့်အကျိုးတရားဟူ၍ မထင်ပဲ "အပြစ် အနာများချည်းသာ ဖြစ်သည်ဟု ထင်မြင်မှု-**အာဒီနဝဉာဏ်**" ဖြစ်ပေါ် လာသည်အထိ ဆက်လက်ရှုမှတ်ရမည်ဖြစ်သည်။

၆။ အာဒီနဝဉာဏ် ဖြစ်ပြီးပြန်လျှင် ဆက်လက်၍ သင်္ခါရတရား ရုပ်နာမ်များကို "ငြီးငွေ့ဖွယ်အဖြစ် ထင်မြင်လာမှု-**နိဗ္ဗိဒါဉာဏ်**" ဖြစ် ပေါ်လာသည်အထိ ဆက်လက်ရှုမှတ်ရမည် ဖြစ်သည်။

၇။ ငြိမ်းဋ္ဌေမှု-နိဗ္ဗိဒါဉာဏ် ဖြစ်ပေါ်လာပြီးလျှင် ငြိမ်းဋ္ဌေဖွယ် သင်္ခါရတရား ရုပ်နာမ်များမှ "လွတ်မြောက်လိုမှု ကင်းရှင်းလိုမှု-မုဉ္စိတုကမျတာဉာဏ်" ဖြစ်လာသည်အထိ ဆက်လက်ရှုရမည် ဖြစ်သည်။

၈။ လွတ်မြောက်လိုမှု-မုဉ္စိတုကမျတာဉာဏ် ဖြစ်ပေါ်ပြီးလျှင် လွတ်မြောက်ရေးအတွက် အသိဉာဏ် ခိုင်မြဲတောင့်တင်းစေရန် "အဖန်ဖန်ထပ်၍ သင်္ခါရတရား ရုပ်နာမ်များကို သေချာအောင် မတည်မြဲမှု-အနိစ္စ၊ ဆင်းရဲမှု-ဒုက္ခ၊ မစိုးပိုင်မှု-အနတ္တဟူ၍ ဆင်ခြင် ရှုမှတ်မှု-ပဋိသင်္ခါဉာဏ်" ဖြစ်စေရမည် ဖြစ်သည်။

၉။ အဖန်ဖန်ထပ်၍ ရှုမှတ်မှု—ပဋိသင်္ခါဉာဏ် ဖြစ်ပြီးလျှင် သင်္ခါရတရား ရုပ်နာမ်များသည် မမြဲမှု—အနိစ္စ၊ ဆင်းရဲမှု-ဒုက္ခ, မစိုးပိုင်မှု-အနတ္တများသာ ဖြစ်သည်ကို သိမြင်၍ နှစ်သက်မှုလည်းမထား၊ ရွံကြောက်မှုလည်းမပွား၊ စိုးရိမ်သောကလည်း မများတော့ပဲ "အသင့်အတင့် သဘောထားကာ လျစ်လျူရှုမှု သင်္ခါရုပေက္ခာဉာဏ်"ဖြစ်ပေါ်သည်အထိ ရှုမှတ်ပွားများရမည်ဖြစ်သည်။

၁၀။ သင်္ခါရုပေက္ခာခေါ် သင်္ခါရတရားတို့၌ လျစ်လျူရှုမှုဖြစ်ပြီးလျှင် "ရှေး သောကဝိပဿနာဉာဏ်များနှင့် ဖြစ်ပေါ်တော့မည့် လောကုတ္တရာမဂ် ဝိပဿနာဉာဏ်တို့ လိုက်လျောညီညွတ်စေမည့်-အနုလောမဉာဏ်"ဖြစ်စေရန် ရှုမှတ်ရမည်ဖြစ်သည်။

၁၁။ အနုလောမဉာဏ်ဟူသည်မှာ မဂ်ဇော၏ရှေ့ပြေး ပုဗ္ဗဘာဂဇောလေးချက်တွင်ပါဝင်သည့် ပရိကံ, ဥပစာ, အနုလုံ-ဟူသော ဇောသုံးမျိုးဖြစ်သည်။

ယင်း ဇောသုံးမျိုးမှာ သင်္ခါရ-ရုပ်နာမ်တရားတို့၏ အနိစ္စ, ဒုက္ခ, အနတ္တ သဘောများကို အာရုံပြုသော်လည်း ယင်း ဇောသုံးချက်၏ နောက်မှ ဆက်တိုက်ဖြစ်ပေါ်လာသည့် ဂေါတြဘုဇောမှာ နိဗ္ဗာန်ကို အာရုံပြုပေသည်။ ပုထုဇဉ်ဘဝ၏ နောက်ဆုံးစိတ်ဇောဖြစ်သောကြောင့် ဂေါတြဘု-ဟု အမည်ရသည်။ ပုထုဇဉ်အနွယ်ကိုဖြတ်၍ အရိယာအနွယ်

ကို ဖြစ်စေသည့်ဇော-ဟု ဆိုလိုပေသည်။ပုထုဇဥ်ဘဝမှာဖြစ်ပြီးကုသိုလ်ကို တိုးပွားကျယ်ပြန့် ကြီးမားအောင်ကြိုးစားမှု-သမ္မပ္ပဓာန်ကို ပွားများ ရမည်ဆိုရာ၌ ဤဂေါတြဘုအထိ ပိုင်နိုင်စွာရရှိစေရန် ပွားများရမည်၊ ကြိုးစားရမည်ဖြစ်ပေသည်။

**လောကုတ္တရာကုသိုလ်အဆင့်ဆင့်**

ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု-ဟူသော ဇောလေးချက် စောပြီးလျှင် ကေန်မုချ လောကုတ္တရာကုသိုလ်-မဂ်တရား ဖြစ်ပေါ်လာ တော့မည် ဖြစ်သည်။ ယင်း ပထမဆုံး မဂ်ဇောသည် **သောတာပတ္တိမဂ် ဇော** ဖြစ်သည်။ မဂ်ဇော တစ်ကြိမ်စောပြီးလျှင် **သောတာပတ္တိဖိုလ်ဇော** စောသည်၊သောတာပတ္တိမဂ် စိတ္တက္ခဏတစ်ကြိမ် အခိုက်အတန့်ကလေးမှာ ပင် သောတာပတ္တိမဂ်ပုဂ္ဂိုလ်ဖြစ်နေပြီး သောတာပတ္တိဖိုလ်ဇော စောသည့် အခါမှစ၍ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်(သောတာပန်) အဖြစ်သို့ ပြောင်း သွားလေတော့သည်။

သောတာပတ္တိ မဂ်-ဖိုလ်ကိုရရှိပြီးသောအခါ **သကဒါဂါမိမဂ်-ဖိုလ်** ကို ရရှိစေရန် သမ္မပ္ပဓာန်ပွားရန် လိုလာပြန်သည်။ သမ္မပ္ပဓာန်ပွားရာ၌ ဖြစ်ပြီးဝိပဿနာ လောကီကုသိုလ်ကိုပင် ထပ်မံပွားများ ရပေသည်။ ဝိပဿနာဉာဏ် ဆယ်ပါး ဖြစ်ပွားအောင် ကြိုးစား ပွားများပြီးမှ သကဒါဂါမိမဂ်နှင့်ဖိုလ်ကို ရရှိလေသည်။ ယင်းသို့ရရှိစေနိုင်ရန် သော တာပတ္တိမဂ်နှင့်ဖိုလ်ကို ပွားရမည်မဟုတ်ချေ။ သောတာပတ္တိမဂ်ကုသိုလ် မှာ တစ်ကြိမ်သာ ဖြစ်သောကြောင့်လည်းကောင်း၊ ဖိုလ်မှာ ကုသိုလ် မဟုတ်သောကြောင့်လည်းကောင်း သမ္မပ္ပဓာန်အဖြစ် ပွားနိုင်ခွင့်မရှိ ပါချေ။ဝိပဿနာမဟာကုသိုလ်ကိုသာ ပွားရပါမည်။

ထို့အတူ **အနာဂါမိမဂ်နှင့်ဖိုလ်ကို** ရရှိစေရန် လောကီဝိပဿနာ ကုသိုလ် ဖြစ်ပြီးကိုပင် သမ္မပ္ပဓာန်အဖြစ် ပွားများရသည်။ **အရဟတ္တမဂ်** နှင့်ဖိုလ်ကို ရနိုင်ရန်လည်း လောကီဝိပဿနာကိုပင် ထပ်မံပွားများရသည်။

အရဟတ္တမဂ်နှင့် အရဟတ္တဖိုလ်ကိုရပြီး ရဟန္တာဖြစ်သောအခါကျမှ ဖြစ်ပြီးကုသိုလ်ကို တိုးတက်ကြီးမားစေရန် ပွားများသည့်-သမ္မပ္ပဓာန် ကိစ္စ ပြီးဆုံးသွားပြီဖြစ်ပေသည်။ အထွတ်အထိပ်သို့ ရောက်သွားပြီဖြစ် ပေသည်။

## သမ္မပ္ပဓာန်အမြင့်ဆုံးကိစ္စသုဉ်း

သမ္မပ္ပဓာန်လေးပါးကို ပွားများရာ၌ အရဟတ္တမဂ်, အရဟတ္တဖိုလ်သို့ ရောက်ရှိသောအခါ ကိစ္စပြီးသွားပြီဖြစ်သည်။ နောက်ထပ်ကုသိုလ်ပွားရန် မလိုတော့ပြီဖြစ်သည်။ သာသနာတော်ကို စောင့်ထိန်းသည့်အနေဖြင့်သာ ပွားများတော့သည်။

ဖြစ်ပြီးအကုသိုလ်ကိုပယ်ရန်၊
ဖြစ်မည့်အကုသိုလ်ကို တားဆီးရန်၊
မဖြစ်သေးသည့်ကုသိုလ်ကိုပြုလုပ်ရန်၊
ဖြစ်ပြီးကုသိုလ်ကိုတိုးပွားစေရန်-

မလိုအပ်တော့ပြီ ဖြစ်သည်။ ရဟန္တာပုဂ္ဂိုလ် သန္တာန်၌ဖြစ်လျှင် ကြိယာ အဗျာကတဘာရားများသာ ဖြစ်ပေတော့မည်။ထို့ကြောင့် ကုသိုလ်တရား စစ်စစ်ဖြစ်သည့် သမ္မပ္ပဓာန်တရားများ မဖြစ်နိုင်တော့ပါပြီ။ ဖြစ်နိုင်ခွင့် မရှိတော့ပေ။ မိမိမျက်မှောက်ဘဝ ချမ်းသာစွာနေနိုင်ရေး ဒိဋ္ဌဓမ္မသုခ ဝိဟာရအတွက် ဘုရားရှင်၏တရားတော်ကို စောင့်ထိန်းရန်အတွက်-သဒ္ဓမ္မ ပါလ၊ ပဝေဏိသံရက္ခိတ၊ ဓမ္မဘဏ္ဍာဂါရိက-အဖြစ်ဖြင့်ကား စောင့် ထိန်းရေးကိုမူ ပြုလုပ်ကြိုးစားရမည့် တာဝန်ရှိနေပေသေးသည်။

## အထူးသတိပြုရန်

အရိယသစ္စာလေး အမှန်တရားကို သိမြင်လိုသူများအတွက် အခြေခံ ကျင့်စဉ်များကို ဖော်ပြခဲ့ပြီးပါပြီ။ အဓိကကျင့်စဉ်များကို ပြဆိုတော့ မည်ဖြစ်ပါသည်။ သမ္မပ္ပဓာန်တရားဖြင့်ကြိုးစားရမည့် ယင်းအဓိက ကျင့် စဉ်များမှာ-

(၈) ပါရမီဆယ်ပါးဖြည့်ကျင့်ရခြင်း၊
(၉) ဗောဇ္ဈင်တရားပွားများရခြင်း–
တို့ဖြစ်ပါသည်။ အဓိကကျင့်စဉ်များဖြစ်သည့် ယင်းကျင့်စဉ် နှစ်မျိုးကို ဖြည့်ကျင့်ဆည်းပူးရာ၌ (ဆ) သမ္မပ္ပဓာန်လေးပါးဖြင့် စွဲစွဲ မြဲမြဲ ကြိုးစား ပွားများ ဖြည့်ကျင့်နိုင်ကြစေရန် သမ္မပ္ပဓာန်လေးပါးနှင့် ငပ်ဆိုင်သည့် အကြောင်းအရာများကို သမ္မပ္ပဓာန်နယ်ပယ်ကုန်ဆုံး ကိစ္စသုဉ်းသည်အထိ ဖော်ပြ ရေးသားခဲ့ပါသည်။ အရိယသစ္စာ-အမှန်တရား သိမြင်ရေးနှင့် ထွက်ရာလမ်းပေါက်ရေးအတွက် လက်ကိုင်ထား၍ ပွားများကြပါလေ။

**တိုက်တွန်းနှိုးဆော်ခြင်း**

ဆက်လက်၍ ဖော်ပြရေးသားတော့မည် ဖြစ်သည့် အဓိကကျင့်စဉ် ကြီး နှစ်ပါးကိုမူကား ဖော်ပြရေးသားခဲ့သည့် သမ္မပ္ပဓာန်တရား လေး ပါးကို လက်ကိုင်ထား၍ မနေမနား ကြိုးစားဖြည့်ကျင့် ဆည်းပူးရမည် ဖြစ်ပါသည်။ အရိယသစ္စာ—အမှန်တရား သိမြင်ရန်ကိစ္စမှာဖြစ်စေ၊ အခြား အောင်မြင်ပြီးစီးရေးသိဒ္ဓိ အလုပ်တစ်ခုခုကိုဖြစ်စေ သမ္မပ္ပဓာန်တရား လေး ပါးဖြင့်သာ လက်ကိုင်ထား၍ ကြိုးစားပြုလုပ်ရမည် ဖြစ်ပါသည်။ မိမိမှာ သမ္ပတ္တိလေးပါးရှိ-မရှိကို ဆင်ခြင်ကြည့်ရှုလျက် ငါ၏တကိုယ် လုံးတွင်-

၁။ အရေခွံမျှသာ ကျန်ပါစေ၊ အောင်မြင်အောင် ကြိုးစား မည်။
၂။ အကြောမျှသာ ကျန်ပါစေ၊ အောင်မြင်အောင် ကြိုးစား မည်။
၃။ အရိုးမျှသာ ကျန်ပါစေ၊ အောင်မြင်အောင် ကြိုးစားမည်။
၄။ အသားအသွေးတွေကုန်ခန်းသွားပါစေ၊ အောင်မြင်အောင် ကြိုးစားမည်—

ဟူ၍ ဝီရိယအင်္ဂါလေးပါးဖြင့် စိတ်ကိုတင်းထားပြီး ကြိုးစားရမည် ဖြစ် ပါသည်။

အရိယာသစ္စာ-အမှန်တရားကို သိမြင်ရေးဟူသည်မှာ စားကာ အိပ်ကာ-လွယ်ကူသက်သာစွာဖြင့် ဖြစ်ပေါ်နိုင်သည့် ထုံးစံမလေ့ရှိပါ။

"ဒုက္ခအားလုံးတို့၏ ကုန်ဆုံးလွတ်မြောက်ရာဖြစ်သော နိဗ္ဗာန်တရားကို သိမြင်ရရှိနိုင်သည့် ဤတရားကို ပေါ့ပေါ့ဆဆ အားထုတ်ကာမျှဖြင့်လည်း မသိမြင် မရရှိနိုင်ပေ၊ အငွမ်းအစ နည်းနည်းပါးပါးကလေး ရှိရုံမျှဖြင့်လည်း မသိမြင် မရရှိနိုင်ချေ" ဟူ၍ (သံယုတ်ပါဠိတော် ပထမတွဲ စာမျက်နှာ-၄၆၆-၌) မြတ်စွာဘုရား ဟောကြားတော်မူပါသည်။

ထို့ကြောင့် အရိယာသစ္စာ-အမှန်တရား သိမြင်ရန်၊ ထွက်ရာလမ်း ပေါက်ရန် ကျင့်သုံးလိုသည့် ပင်စင်အငြိမ်းစားများ၊ ပင်စင်အငြိမ်းစား အရွယ်လူသားများ၊ ပင်စင်အငြိမ်းစားများကဲ့သို့ပင် ထွက်ရာလမ်းသို့ ပေါက်ရောက်လိုသူ လူသားများသည် မိမိသန္တာန်မှာ သမ္ပတ္တိလေးပါး ရှိ—မရှိ နှိုင်းညှိ၍ အင်္ဂါလေးပါးရှိသော ဝီရိယခေတ်တရား လက်ကိုင်ထားလျက် သမ္မပ္ပဓာန်လေးပါး မြတ်တရားနှင့်အညီ ဖော်ပြတော့မည်ဖြစ်သည့် အဓိကကျင့်စဉ်ကြီးများကို ကြိုးစားကျင့်ကြပါရန် ကြိုတင်၍ တိုက်တွန်းနှိုးဆော် အပ်ပါသတည်း။ (ဝီရိယနှင့်စပ်ဆိုင်သည့် အပိုင်း ၁၂-ဒွါဒသမ အပိုင်းမှ (၅) ဝီရိယပါရမီ အခန်းနှင့် (၁၃) တေရသမ အပိုင်းမှ (၃) ဝီရိယသမ္ဗောဇ္ဈင် အခန်းကိုလည်း ရှုပါရန်။)

# ၁၂။ ပါရမီသဘောအပိုင်း

## ဤအပိုင်း၌

★ အရိယသစ္စာ - အမှန်တရားကို သိမြင်ခြင်း ဗောဓိတရား ငါးမျိုးကို ခွဲခြား ဝေဖန်ပြသည်။

★ ဗောဓိဉာဏ်ကို ရစေနိုင်သည့် ပါရမီတရား ဆယ်မျိုး၏သဘောအဓိပ္ပာယ်ကို တစ်ပါးစီ အသီးသီး ရှင်းလင်းဖော်ပြသည်။

★ ပါရမီဆယ်ပါး ဖြည့်ကျင့်ပုံနှင့် ဖြည့်ကျင့်ရခြင်း၏ အကျိုးများကိုလည်း ရေးသားဖော်ပြထားသည်။

# (၉) ပါရမီဆယ်ပါးကိုဖြည့်ကျင့်ခြင်း

## ပါရမီဆယ်ပါးလင်္ကာ

ဒါန သီလာ၊ နေက္ခမ္မာနှင့်၊
ပညာ ဝီရိ၊ ခန္တီသစ္စံ၊
ဓိဋ္ဌာန် မေတ္တာ၊ ဥပေက္ခာ၊
ဆယ်ဖြာပါရမီ။

ပါရမီဟူသော ပါဠိဝေါဟာရသည် ပရမ-ပုဒ်နှင့် (ဓ) ဤ-ပစ္စည်း တွဲထားသောပုဒ် ဖြစ်သည်။ ပရမ-လွန်ကဲမြင့်မြတ်သောသူတို့၏ (ဓ)= ဤ-ပစ္စည်းဥစ္စာ-ဟု ပုဒ်ခွဲ၍ အနက်ဖော်ရသည်။

ယင်း ဆယ်ပါးသောတရားတို့ကို လွန်ကဲမြင့်မြတ်သည့် ပုဂ္ဂိုလ်ကြီး များသည်သာလျှင် ကျင့်သုံးသွားများကြသည်။ယုတ်ညံ့သူများ ကျင့်သုံး လေ့မရှိချေ။ ထိုကြောင့် ဒါန-စသော တရား ဆယ်မျိုးကို "လွန်ကဲ မြင့်မြတ်သူတို့၏ ပစ္စည်းဥစ္စာ"ဟု ဆိုရသည်။

ပါရမီဟူသော ပါဠိဝေါဟာရကို လွန်ကဲမြင့်မြတ်သူတို့၏ ပစ္စည်း ဥစ္စာ-ဟု အနက်ဖော်၍ မြန်မာပြန်ရလျှင် ရှည်လွန်းသည်။ အခေါ်ရ ခက်သည်။ ထိုကြောင့် ချောချောလွယ်လွယ်ဖြင့် **"သူမြတ်ကျင့်စဉ်"** ဟု ပြန်ရန်သင့်ပေသည်။ သို့သော်-ပါရမီဟူသော စကားကို လူတိုင်းနားလည် နေပေပြီ။

ယင်း သူမြတ်ကျင့်စဉ် ပါရမီ ဆယ်ပါးကို ကျက်မှတ် လွယ်ကူစေရန် ဆရာကြီး **ဦး**စာကျော်က အထက်ပါအတိုင်း အကျဉ်းချုပ် လင်္ကာ သံပေါက်ရေး၍ ဆိုပြပါသည်။ လင်္ကာအရ ပါရမီဆယ်ပါးကို အဓိပ္ပာယ် နှင့်တကွ စကားပြေဖြင့် ရေးပြရလျှင်—

၁။ ဒါနပါရမီ - ပေးကမ်းလှူဒါန်းစွန့်ကြဲခြင်းပါရမီ။

၂။ သီလပါရမီ - မကောင်းသော ကိုယ်နှုတ်အကျင့်မှ စောင့် ထိန်းခြင်းပါရမီ၊

၃။ နေက္ခမ္မပါရမီ - ကိလေသာအာရုံကာမဂုဏ်တို့မှထွက်မြောက်ခြင်း ပါရမီ၊
၄။ ပညာပါရမီ - အသိပညာ အတတ်ပညာများကို လေ့လာဆည်းပူးခြင်း ပါရမီ၊
၅။ ဝီရိယပါရမီ - ကောင်းမြတ်သောတရားသဘောတို့၌ စွဲမြဲစွာ ကြိုးစားအားထုတ်ခြင်းပါရမီ၊
၆။ ခန္တိပါရမီ - ကိုယ်, နှုတ်, စိတ်ကို ချုပ်တည်း အောင့်အည်း၍ ခွင့်လွှတ်သည်းခံခြင်းပါရမီ၊
၇။ သစ္စာပါရမီ - ကိုယ်မှု, နှုတ်မှုများကို တည့်မတ်မှန်ကန်စွာ ပြုလုပ်ကျင့်သုံးခြင်းပါရမီ၊
၈။ အဓိဋ္ဌာန်ပါရမီ - မိမိဆုံးဖြတ် သတ်မှတ်ထားသည့် အတိုင်း ကိုယ်မှု, နှုတ်မှု, စိတ်မှုများကို ပြုလုပ်တည်နေစေရန် ထားနိုင်ခြင်းပါရမီ၊
၉။ မေတ္တာပါရမီ - ကိုယ်မှု, နှုတ်မှု, စိတ်မှုများကို သတ္တဝါတို့အကျိုးတရား စီးပွားချမ်းသာရေးအတွက်သာ ပြုလုပ်ဆောင်ရွက်ခြင်းပါရမီ၊
၁၀။ ဥပေက္ခာပါရမီ - သတ္တဝါ သင်္ခါရတို့၌ သာယာနှစ်သက်တပ်မက်ချစ်ခင်မှုကို လည်းကောင်း၊ မလိုတမာ ရွံရှာမုန်းတီးမှုကို လည်းကောင်း အလျဉ်းမပြု လျစ်လျူရှုခြင်းပါရမီ—

ဟူ၍ ဆယ်မျိုးရှိပေသည်။

## ပါရမီအပြားသုံးဆယ်ဖြစ်ပုံ

ဖော်ပြခဲ့သည့် ပါရမီဆယ်ပါးကို—

(က) သာမန်မျှ ဖြည့်ကျင့်လျှင် ပါရမီဖြစ်သည်။

(ခ) သား, သမီး, မယား၊ ခြေ, လက်, ကိုယ်အင်္ဂါကို စွန့်လွှတ်၍ ဖြည့်ကျင့်လျှင် ဥပပါရမီဖြစ်သည်။

(၈) ကိုယ့်အသက်ကို စွန့်လွှတ်၍ ဖြည့်ကျင့်လျှင် ပရမတ္ထပါရမီ ဖြစ်သည်။

ဤသို့လျှင် ပါရမီဆယ်ပါးတွင် တစ်ပါးတစ်ပါးလျှင် ဖြည့်ကျင့်ပုံ သုံးမျိုးသုံးမျိုးစီ ပွားသောကြောင့် ပါရမီတရား အကျယ်အားဖြင့် အပြားသုံးဆယ်ဖြစ်ပေသည်။ ထို့ကြောင့် ရှေးမြန်မာပညာရှင်ကြီးများက "ပါရမီဆယ်ပါး အပြားသုံးဆယ်" ဟု ဆိုရိုးပြုခဲ့ကြပေသည်။

ယင်းပါရမီခေါ် သူမြတ်ကျင့်စဉ်ဆယ်ပါးသည် အရိယသစ္စာခေါ် အမှန်တရားသိမြင်မှု ဗောဓိကို ဖြစ်စေနိုင်ပေသည်။ အရိယသစ္စာကို သိမြင်မှု ဗောဓိသည်လည်း ငါးမျိုးရှိပေသည်။ ယင်းဗောဓိငါးမျိုးကို အကျဉ်းမျှဖော်ပြပါအံ့။

**ဗောဓိငါးမျိုး**

၁။ သမ္မာသမ္ဗောဓိ - သဗ္ဗညုတ ဘုရားအဖြစ် သိမှု၊ (သဗ္ဗညုတဘုရားရှင်ဖြစ်သည်အထိ သစ္စာလေးပါးကို သိမြင်မှုဟု ဆိုလိုပေသည်။ ကြွင်းဗောဓိများမှာလည်း ဤနည်းအတူပင် မိမိတို့ဆိုင်ရာဗောဓိကို သိကြပေသည်။)

၂။ ပစ္စေကဗောဓိ - သီးခြား ဘုရားငယ်အဖြစ် သိမှု။

၃။ အဂ္ဂသာဝကဗောဓိ - ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန်တို့ကဲ့သို့ အမြတ်ဆုံး တပည့်သာဝက အဖြစ် သိမှု။

၄။ မဟာသာဝကဗောဓိ - အရှင်မဟာကဿပ-စသော ထေ-ဒင်္ဂဘွဲ့ရ မဟာသာဝကကြီးများ အဖြစ် သိမှု။

၅။ ပကတိသာဝကဗောဓိ - သာမန် တပည့် အဖြစ် အရှင်လောသကတိဿ စသည်တို့ကဲ့သို့ အရိယသစ္စာသိမှု—

ဟူ၍ ဗောဓိငါးမျိုး ရှိပေသည်။ ယင်းဗောဓိငါးမျိုးတို့မှာ တစ်မျိုးနှင့် တစ်မျိုး အဆင့်အတန်း သဘောတရားမတူညီပါ၊ ထို့ကြောင့် ဗောဓိကို ရရှိရေးအတွက် ပါရမီဖြည့်ကျင့်ရသည့် ကာလအတိုင်းအတာချင်းလည်း မတူညီပါ၊ ကွဲလွဲကြပါသည်။ ဖော်ပြပါအံ့။

## ဗောဓိနှင့်လျော်စွာ ပါရမီဖြည့်ရပုံ

၁။ **သမ္မာသမ္ဗောဓိ**-ခေါ် သဗ္ဗညုတဘုရားရှင် ဖြစ်နိုင်အောင် သစ္စာလေးပါး တရားသိမှု ဗောဓိဉာဏ်ရရှိရန်အတွက် မဟာကရုဏာဉာဏ်နှင့် ပါရမီဉာဏ် နှစ်ပါးအရင်းခံ၍ ပါရမီဆယ်ပါး တရားတို့ကို ကမ္ဘာပေါင်း လေးအသင်္ချေနှင့် တစ်သိန်းဖြည့်ရသည်။ ဤဖြည့်ကျင့်နည်းမှာ အနည်းဆုံးအတိုင်းအတာ ဖြစ်သည်။ ဤနည်းဖြင့် **ပညာဓိက**ခေါ် ပညာလွန်ကဲသည့် ဘုရားအလောင်းတော်များ ဖြည့်ကျင့်ရသည်။

**သဒ္ဓါဓိက**–ခေါ် သဒ္ဓါတရားလွန်ကဲသော ဘုရားအလောင်းတော်များမှာ ကမ္ဘာပေါင်း ရှစ်အသင်္ချေနှင့် တစ်သိန်းဖြည့်ကျင့်ရသည်။

**ဝီရိယာဓိက**ခေါ် လုံ့လဝီရိယလွန်ကဲသော ဘုရားအလောင်းတော်တို့မှာမူ ကမ္ဘာပေါင်း တစ်ဆယ့်ခြောက် အသင်္ချေနှင့် တစ်သိန်းကြာအောင် ပါရမီဆယ်ပါးကို ဖြည့်ကျင့်ရပေသည်။

ဤသည်မှာ သမ္မာသမ္ဗောဓိ-ခေါ် သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်များ ဖြစ်ရန်အတွက် **ဘုရားအလောင်းတော်သုံးမျိုးတို့ ပါရမီဖြည့်ရပုံ** ဖြစ်သည်။

၂။ **ပစ္စေကဗောဓိ**-ခေါ် တစ်ပါးတည်း တပည့်သာဝကမရှိပဲ သီးခြားပွင့်တော်မူကြသော ဘုရားအလောင်းတော် တို့မှာမူ ကမ္ဘာပေါင်း နှစ်အသင်္ချေနှင့်တစ်သိန်း ပါရမီဖြည့်ကျင့်ရပေသည်။

၃။ **အဂ္ဂသာဝက**ခေါ် တပည့်သာဝကတို့တွင် အမြတ်ဆုံးဖြစ်သည့် လက်ယာတော်ရံ အရှင်သာရိပုတ္တရာ, လက်ဝဲတော်ရံ အရှင်မောဂ္ဂလာန်

တို့ကဲ့သို့သော သာဝကကြီးများ ဖြစ်ရန် အတွက်မှာမူ ကမ္ဘာပေါင်း တစ်အသင်္ချေနှင့်တစ်သိန်း ပါရမီဖြည့်ကျင့်ရပေသည်။

၄။ **မဟာသာဝက**-ခေါ် အရှင်မဟာကဿပ, အရှင်အနုရုဒ္ဓါ-အစရှိသော သာဝကကြီးများကဲ့သို့ ဖြစ်ရန်မှာမူ ကမ္ဘာပေါင်းတစ်သိန်းကြာအောင် ပါရမီဆယ်ပါးကို ဖြည့်ကျင့်ရပေသည်။

၅။ **ပကတိသာဝက**-ခေါ် အဂ္ဂသာဝက, မဟာသာဝကစာရင်းတွင် မပါဝင်သော သာမန်တပည့် သာဝကအဖြစ် သစ္စာလေးပါးသိမှု-ဗောဓိကိုရရန်အာဘွက်မှာမူ ကမ္ဘာအရေအတွက် ဘဝအရေအတွက် သတ်မှတ်ချက်မရှိချေ။ မိမိ၏ပါရမီကို ကျင့်သုံးမှု၊ ကလျာဏမိတ္တခေါ် ဆရာကောင်း, မိတ်ကောင်းနှင့် တွေ့ကြုံမှု၊ မိမိ၏ သဒ္ဓါ, သီလ, သုတ, ပညာ-ရှိမှု၊ မိမိကတောင့်တ ပတ္ထနာပြုမှု-ဟူသော အခြေအနေများ အပေါ်မှာမူတည်၍ ဗောဓိဆုကို ပြည့်ဝရရှိနိုင်မည် ဖြစ်ပေသည်။

ယခုစာရှုသူသည်လည်း အရိယသစ္စာ-အမှန်တရားကို သိမြင်ခြင်း "ဗောဓိ"ဆုကို ယူလိုသည်ဖြစ်ပါမူ ပါရမီဆယ်ပါးကို ဖြည့်ကျင့်ဆည်းပူးရမည် ဖြစ်ပါသည်။ ပါရမီဆယ်ပါးမှတပါး "ဗောဓိ" ဆုကိုရနိုင်သည့်လမ်းစဉ် မရှိပါ။ ထို့ကြောင့် လေ့လာကျင့်သုံးနိုင်ရန်အတွက် ပါရမီဆယ်ပါးကို တစ်ပါးစီရေးသား ဖော်ပြပါအံ့။

၁။ ဒါနပါရမီ

ဒါနပါရမီဟူသည်မှာ ပရိစ္စာဂလက္ခဏာခေါ် စွန့်လွှတ်ခြင်းသဘော ရှိသည်။ မိမိပိုင် ထင်ရှားရှိသည့် ဝတ္ထုပစ္စည်းကို အလှူခံပုဂ္ဂိုလ်အား လှူခြင်း-ပေးခြင်း-စွန့်လွှတ်ခြင်းဖြစ်သည်။

လောက၌ သတ္တဝါတစ်ဦးဦး၊ သို့မဟုတ် သတ္တဝါတစ်စုကို ကြီးမှူးလွှမ်းမိုး အုပ်စိုးလိုလျှင် ထိုသူတို့စိတ်ထဲမှာ ကျေနပ်နှစ်သက်မှု ရှိစေရန် ပေးကမ်းလှူဒါန်းခြင်းကို ပြုလုပ်ရမည်ဖြစ်သည်။ တိုင်းပြည်ကို အုပ်ချုပ်နေသူတို့သည် အမှုထမ်းများ၊ လက်နက်ကိုင်စစ်တပ်များကို လစာရိက္ခာ

ပေးကြရသည်။ တိုင်းသူပြည်သားများကို လမ်းများဖောက်လုပ် ပြုပြင်ပေးခြင်း ဆေးရုံများထား၍ ကျန်းမာရေးပေးခြင်း ရဲစခန်းများထား၍ လုံခြုံမှုပေးခြင်း စစ်တပ်များထား၍ ရန်သူများကို ကာကွယ်ပေးခြင်း- စသည့် ပေးကမ်းမှု အမျိုးမျိုးကို ပြုလုပ်ဆောင်ရွက်ကြရပေသည်။

ဆင်ကြီးကို ကင်းမြီးကောက်ထောင်ရန် တုံးပေါ်တက် လှိမ့်သွားရန် ခိုင်းစေနိုင်သော ဆပ်ကပ်ဆရာသည် ဆင်ကြီးကို မိမိဩဇာအာဏာ ခိုင်းစေတိုင်းလုပ်ဆောင်စေရန် အစာရေစာကျွေးမွေးထားသည်။ ဆင်ကြီး စွဲလန်း ကြိုက်နှစ်သက်သည့် ဆေးလုံးငယ်ကိုကျွေးသည်။ သို့မှ ဆင်ကြီးက သူခိုင်းသည်ကို ကောင်းစွာ ပြုလုပ်ပေးသည်။ ဤနည်းအတူ ပင်လျှင် ပေးကမ်း - လှူဒါန်း၊စွန့်ကြဲသူများသို့သာ လူအများဆည်းကပ် ညွတ်ခကြသည်။ အခလေးဂရုပြုကြသည်။ ဆုံးမ ဩဝါဒ ပေးခြင်းကို နားထောင်လိုက်နာကြသည်။

ယင်းသို့ ပေးကမ်းလှူဒါန်း-စွန့်ကြဲနိုင်ရန်မှာလည်း မိမိမှာ ပြည့်ပြည့် စုံစုံလည်းရှိမှ၊ ပေးကမ်းလှူဒါန်း စွန့်ကြဲလိုစိတ်လည်း ရှိမှသာလျှင် ဖြစ်နိုင်ပေသည်။ မိမိမှာပြည့်ပြည့်စုံစုံရှိရန်မှာ ပေးကမ်းလှူဒါန်း၍ ဒါန ပါရမီ ပြည့်ဝသူများမှာသာလျှင် ရှိနိုင်ပေသည်။ ပေးကမ်း လှူဒါန်း-စွန့်ကြဲမှု မရှိ နှမြောတွန့်တိုတတ်သူများမှာ ပြည့်ပြည့်စုံစုံရှိနိုင်ရန် မဖြစ်နိုင်ပေ။ ထို့ကြောင့် ရှေးမြန်မာ ပညာရှင်ကြီးများက "မွဲလို့ မလှူ-မလှူလို့မွဲ" ဟူ၍ ဆိုရိုးစကားထားခဲ့ကြပေသည်။

မိမိမှာ ရှေးကံကောင်း၍ ပစ္စည်းဥစ္စာ ပြည့်စုံပါသော်လည်း ပေးကမ်းစွန့်ကြဲမှု အလုပ်ကို လုပ်စရိုးသူများသာလျှင် ပေးကမ်း စွန့်ကြဲ-လှူဒါန်းရန် စိတ်စေတနာပေါ်ပေါက်တတ်ကြသည်။ ရှေးဘဝက လည်းကောင်း၊ ယခုမျက်မှောက်ဘဝမှာ လည်းကောင်း ပေးကမ်း-စွန့်ကြဲမှု အထုံဝါသနာမရှိပဲ ဒါနပါရမီမပြည့်ခဲ့သူများမှာ လှူဒါန်း ပေးကမ်းရန် စိတ်မညွတ်တတ်ကြချေ၊ စေတနာမပေါက်တတ်ကြချေ၊ လှူဒါန်း-ပေးကမ်း-စွန့်ကြဲရန်တွန့်တိုဘတ်ကြပေသည်။ ထိုသို့တွန့်တို၍ မလှူနိုင်သူများ

သည်လည်း ယခုဘဝ ချမ်းသာမှုကို ရှေးကံကြောင့် ရပါသော်လည်း နောင်အခါ၌ ဆင်းရဲမွဲတေ မပြည့်မစုံဘဝ ရောက်တတ်ကြပေသည်။

ဒါနပါရမီနည်းပါးသူများမှာ မပြည့်မစုံရှိနေလျှင် မျှ-တ-သင့်လျော်သည့် အစာအာဟာရ ဆေးဝါးများကို မမှီဝဲ မစားသုံး နိုင်သောကြောင့် ကျန်းမာရေးမရ ချို့နဲ့ပါတ ဆင်းရဲကြရတတ်သည်။ မကျန်းမာသူများမှာ သူတော်ကောင်းတရား ပွားများရန် အခွင့် မရနိုင်ကြကုန်။ အရိယသစ္စာခေါ် အမှန်တရားသိမြင်ရေးနှင့် ဝေးကွာကြရလေသည်။

လူ့လောကမှာ ဘယ်လိုပုဂ္ဂိုလ်ထူးကြီး ပေါ်ထွန်းနေသည်၊ ဘယ်လိုဆရာကြီး ရှိသည်ဆိုလျှင် ပစ္စည်းဥစ္စာကြွယ်ဝ ချမ်းသာသူများသာလျှင် ထိုပုဂ္ဂိုလ်ထူး ဆရာကြီးများထံ ဆည်းကပ်ကိုးကွယ်ခွင့် ရကြပေသည်။ ထိုပုဂ္ဂိုလ်ကြီးများ နှစ်ခြိုက်သဘောကျအောင် လှူဒါန်းပေးကမ်း၍ ဆည်းကပ်နိုင်ခွင့် ရကြပေသည်။ ထိုပုဂ္ဂိုလ်ထူး ဆရာကြီးများကလည်း လှူနိုင် ပေးကမ်းနိုင်သူများကိုသာလျှင် အရေးပေးကြသည်။ ဟောပြောပြသ နည်းပေးစောင့်ရှောက် တတ်ကြပေသည်။ ထို့ကြောင့် ပစ္စည်းဥစ္စာကြွယ်ဝ ပြည့်စုံခြင်း အကြောင်းရင်းဖြစ်သော ဒါနပါရမီကို ဖြည့်ကျင့်ဆည်းပူးသင့်ကြပေသည်။

အလှူပိတ်-ဒါနဝိနိဗန္ဓတရား

ဒါနပါရမီကို ဖြည့်ကျင့်ဆည်းပူးလို၍ လှူဒါန်းပေးကမ်းမှု ပြုလုပ်မည်ဆိုလျှင် မလုပ်နိုင်အောင် ဆီးတားပိတ်ပင်တတ်သည့်တရား လေးမျိုး ရှိပေသည်။ ဒါနဝိနိဗန္ဓတရားဟု ပါဠိဘာသာဖြင့်ခေါ်သည်။ (ဒါန-အလှူကို+ဝိနိဗန္ဓ-တားဆီး ပိတ်ပင်တတ်သည့်) အလှူကို တားဆီးပိတ်ပင်တတ်သည့်တရား-ဟူ၍ အနက်အဓိပ္ပာယ် ရှိပေသည်။ "အလှူပိတ်တရား"ဟု ခေါ်သင့်ပေသည်။

ယင်းဒါနဝိနိဗန္ဓခေါ် အလှူပိတ်တရားသည်-

၁။ လှူရန်အလေ့အကျင့် မရှိသေးခြင်း၊

၂။ ပစ္စည်းနည်းပါးခြင်း၊

၃။ အလွန်မြတ်နိုးသည့် ပစ္စည်းဖြစ်ခြင်း၊

၄။ ပစ္စည်းကုန်မည် စိုးရိမ်ခြင်း-

ဟူသော အကြောင်းလေးမျိုး ရှိပေသည်။ ယင်းလေးမျိုးတို့တွင်-

၁။ လှူရန်အလေ့အကျင့်မရှိခြင်း- ဟူသည်မှာ လှူဒါန်းရန် အလေ့အကျင့်မရှိခြင်းဖြစ်သည်။ မိဘမျိုးရိုးစဉ်လာအားဖြင့် ဖြစ်စေ၊ မိမိသဘောအားဖြင့်ဖြစ်စေ လှူဖူးလှူစ၊ လှူလေ့လှူထ မရှိသောပုဂ္ဂိုလ်မျိုးမှာ လှူရန်-ပေးရန်-သတိမရချေ။ လှူမှု-ပေးမှု၌လည်း အလေးမထားပေ။ လှူရ-ပေးရမည်ဆိုလျှင် ရှက်သလိုလို ရွံ့သလိုလို ဖြစ်နေတတ်သည်။ ယင်းသို့ဖြစ်နေသောအခါ-

"ငါသည် လည်းကောင်း၊ ငါ၏မိဘမျိုးရိုးသည် လည်းကောင်း လှူခြင်းဟူသော မြင့်မြတ်သည့် ဒါနပါရမီကြီးကို မဆည်းပူးခဲ့ကြ၊ မလေ့လာခဲ့ကြ၊ အလွန်နစ်နာ ဆုံးရှုံးခဲ့ကြသည်။ ဤမျှ အကျိုးတရားကြီးမားသည့် ဒါနပါရမီတရားကြီးကို ငါသည် ယခုကပင် စတင်၍ ပြုလုပ်တော့မည်။ အစရှိအနှောင်နှောင်-ဟူသောရှေးမြန်မာစကားအတိုင်းယခုက စ-လိုက်ပါလျှင် နှောင်လည်း ဆက်လက်၍ မြင့်မြတ်သောဒါနကုသိုလ်များ ဖြစ်ပွားနိုင်ပေတော့မည်"

ဟူ၍ အလှူပေးခြင်း-ဒါနကုသိုလ်ကို အလေ့အကျင့်ရအောင် စုဆောင်းပြုလုပ်သင့်ပေသည်။ ထိုအခါ (၁) နံပါတ် လှူရန်အလေ့အကျင့် မရှိခြင်းဟူသော ပထမ ဒါနဝိနိဗန္ဓ-အလှူပိတ်တရား ပျောက်ကွယ်သွားမည်ဖြစ်ပေသည်။

(၂) ပစ္စည်းနည်းပါးခြင်းဟူသည်မှာ မိမိမှာ ပစ္စည်းဥစ္စာဆင်းရဲသောကြောင့် လှူဒါန်း ပေးကမ်းရန် ခက်ခဲနေတတ်သည်။ ယင်းသို့ ဖြစ်နေလျှင် **ဆွမ်းတော်ထားလို့ ဝမ်းတော်မှအနိုင်နိုင်ဟု သဘောထားကာ မလှူဒါန်းမပေးကမ်းပဲနေတတ်ကြပြန်သည်။**

ထိုအခါမျိုး၌-

''ငါသည် ရှေးဘဝများက မလှူဒါန်း-မပေးကမ်းခဲ့သော ကြောင့် ယခုဘဝမှာ ပစ္စည်းဥစ္စာ နည်းပါးခြင်းဖြစ်သည်။ အကယ်၍ ယခုဘဝ ပစ္စည်းဥစ္စာနည်းပါးသောကြောင့် မလှူဒါန်း မပေးကမ်းပဲနေပါလျှင် နောင်ဘဝအဆက်ဆက်မှာ ပစ္စည်းဥစ္စာ နည်းပါး ဆင်းရဲသားဘဝသို့သာ ရောက်ရပေလိမ့်ဦးမည်။ ထိုထို နောက်ဘဝများမှာလည်း ပစ္စည်းဥစ္စာနည်းပါး၍ လှူနိုင်တော့ မည်မဟုတ်ပေ။ ဤသို့ဖြင့် လှူဒါန်း ပေးကမ်းမှုများနှင့် ဝေးကွာ ၍ သံသရာမှာ ပစ္စည်းဥစ္စာ နည်းပါး ဆင်းရဲသားအဖြစ်ဖြင့်ပဲ ဝဲလည်၍ နေရပေတော့မည်။ ယခုလို သတိရ၍ အနှင့်သစနိုက်မှာ စွမ်းနိုင်သမျှလှူဒါန်းလိုက်ပါတော့မည်''-

ဟု မိမိကိုယ်ကို သတိပေးနှိုးဆော်၍ ပစ္စည်းဥစ္စာနည်းပါးသည့် အထဲမှ ပင် ခွဲဝေလှူဒါန်းသင့်ပေသည်။

ယင်းသို့ လှူဒါန်း-ပေးကမ်းလျှင် (၂) နံပါတ်ဖြစ်သော ဒုတိယ ဒါနဝိနိဗန္ဓခေါ် အလှူပိတ်တရား ပျောက်ကွယ်သွားမည် ဖြစ်ပေသည်။

(၃) အလွန်မြတ်နိုးသောပစ္စည်း-ဟူ သည်မှာ လူတို့သည် များသော အားဖြင့် မိမိတန်ဖိုးမထား မလိုလား မမြတ်နိုးသော ပစ္စည်းဥစ္စာ များကို လှူဒါန်း-ပေးကမ်းနိုင်သော်လည်း မိမိက တန်ဖိုးထား၍ နှစ် သက်မြတ်နိုးသည့် ပစ္စည်းဥစ္စာများကိုမူ လှူဒါန်း ပေးကမ် ရန် ခက်ခဲနေ တတ်ပြန်သည်။

ယင်းသို့ဖြစ်နေ၍ မလှူဒါန်း-မပေးကမ်းနိုင်ဖြစ်နေလျှင်လည်း-

''ငါသည် တန်ဖိုးထား၍ နှစ်သက် မြတ်နိုးဖွယ် ဝတ္ထုပစ္စည်း များကို ရှေးရှေးဘဝများက လှူဒါန်းပေးကမ်းခဲ့သောကြောင့် ယခုဘဝမှာ တန်ဖိုးရှိ၍ နှစ်သက်မြတ်နိုးဖွယ် ပစ္စည်းဥစ္စာများ ကို ရခဲ့ခြင်းဖြစ်သည်။ ငါတန်ဖိုးထား၍ နှစ်သက် မြတ်နိုးနေ သည့် ဤပစ္စည်းဥစ္စာကို လှူဒါန်း-ပေးကမ်းနိုင်မှ သာလျှင် ငါ

ကိုယ်တိုင် တန်ဖိုးထား၍ လိုလားနှစ်သက်နေသည့် အရိယ သစ္စာ အမှန်တရားကို သိမြင်ခြင်းဟူသော ဗောဓိဉာဏ်ကို ရနိုင်မည် ဖြစ်သည်။ ထို့ကြောင့် ယခုလိုသတိရခိုက်အခါမှာ ငါတန်ဖိုးထား၍ လိုလားနှစ်သက် မြတ်နိုးသည့် ဤပစ္စည်းဥစ္စာကို လှူဒါန်း-ပေးကမ်းပါတော့မည်"

ဟူ၍ မိမိကိုယ်ကို နှိုးဆော် တိုက်တွန်းပြီး လှူဒါန်း ပေးကမ်းကြရာသည်။

ယင်းသို့ လှူဒါန်းပေးကမ်းလျှင် (၃) နံပါတ်ဖြစ်သော တတိယ ဒါန-ဝိနိဗန္ဓခေါ် အလှူပိတ်တရား ကင်းပျောက်သွားနိုင်ပေသည်။

(၄) ပစ္စည်းဥစ္စာကုန်ခန်းမည်ကိုစိုးရိမ်ခြင်း - ဟူသည်မှာ လှူဒါန်း-ပေးကမ်းလိုက်လျှင် မိမိမှာရှိနေသည့် ပစ္စည်းဥစ္စာများ ကုန်ခန်းလျော့ပါးသွားမည်ကို စိုးရိမ်ကြောင့်ကြသော ကြောင့်လည်း လှူဒါန်းပေးကမ်းမှုကို မပြုပဲနေတတ်ပေသည်။ ဤသည်လည်း အလှူပိတ်တရားပင် ဖြစ်ပေသည်။

ယင်းသို့ ဒါနမှု၏ အဆီးအတားဖြစ်လာလျှင်-

"ငါသည် ယခု ပစ္စည်းဥစ္စာ ကုန်ခန်းသွားမည်စိုး၍ မလှူဒါန်းနိုင်ခြင်း ဖြစ်သည်။ ယင်းသို့ပင် ရှေးရှေးဘဝများက ရက်ရက်ရောရော မလှူခဲ့ခြင်းကြောင့်သာ ယခု ငါ၏ပစ္စည်းများ လှူဒါန်း-ပေးကမ်း၍ ကုန်ခန်းခြင်း ဖြစ်ချေသည်။ အကယ်၍သာ ငါသည် ရှေးရှေးဘဝများက ပစ္စည်းဥစ္စာ၌ ကုန်ခန်းမည်ကို မစိုးရိမ်ပဲ လှူဒါန်းခဲ့-ပေးကမ်းခဲ့ပါမူ ငါ၏ပစ္စည်းဥစ္စာများသည် လှူဒါန်း၍ ကုန်ခန်းခြင်းမဖြစ်နိုင်ပေရာ။

ထို့ကြောင့် ငါသည် ငါ၏ပစ္စည်းဥစ္စာများကို နောင်ဘဝ အဆက်ဆက်၌ လှူဒါန်းပေးကမ်း၍ မကုန်ခန်းနိုင်စေရန်အတွက် ကုန်ခန်းမည်ကို စိုးရိမ်ခြင်း, နှမြောတွန့်တိုခြင်း မဖြစ်စေပဲ ရက်ရက်ရောရော လှူဒါန်းပေးကမ်းပေတော့အံ့"

ဟူ၍ မိမိကိုယ်ကို သတိပေးနှိုးဆော်လျက် မိမိပိုင်ပစ္စည်းဥစ္စာများကို လှူဒါန်းပေးကမ်းကြရာ၏။ ဤသို့ လှူဒါန်း-ပေးကမ်းပါလျှင် (၄)နံပါတ်ဖြစ်သော စတုတ္ထ ဒါနဝိနိဗန္ဓတရားခေါ် အလှူပိတ်တရားကို ကျော်လွှားအောင်မြင်နိုင်ပေလိမ့်မည်။

ဖော်ပြခဲ့သည့်အတိုင်း အလှူဒါန မပြု လုပ် - မ ဆည်း ပူး နိုင်စေရန် တားဆီးပိတ်ပင်တတ်သည့် အလှူပိတ်တရား လေးပါးကို ဖယ်ရှားရှင်းလင်းပေးလျက် မိမိအတွက် အလွန်တရာ အရေးကြီးလှစွာသော အရိယာသစ္စာ - အမှန်တရားကို သိမြင်နိုင်သော ဗောဓိဉာဏ်ကို ရရှိစေနိုင်သည့် ဒါနပါရမီကို သမ္မပ္ပဓာန်တရား လက်ကိုင်ထား၍ ကြိုးစားအားထုတ်ပြုလုပ်ရမည်ဖြစ်ပေသည်။

ဒါနမှုကို ပြုလုပ်ဆည်းပူးတိုင်းလည်း **"အရိယသစ္စာ—အမှန်တရားကို သိမြင်မှု၊ ဗောဓိဉာဏ်ကိုရရှိစေနိုင်သည့် အကြောင်းတရားဖြစ်ပါစေ"** ဟု ဆုတောင်းသင့်ပေသည်။

## (၂) သီလပါရမီ

သီလတရားသည် သမာဓာန လက္ခဏာခေါ် ကောင်းစွာထားခြင်း သဘောတရားရှိပေသည်။ ကိုယ်မှု၊ နှုတ်မှုတို့၌ မကောင်းသော အကျင့်ဆိုး—ဒုစရိုက် မဖြစ်စေပဲ ကောင်းသော အကျင့်—သုစရိုက် ဖြစ်စေရန် စောင့်ထိန်းခြင်းဖြစ်သည်။ ယင်းသီလသည် ကျင့်သုံးရမည့်-စာရိတ္တသီလ နှင့် ရှောင်ကြဉ်ရန် တာ မြစ်သည့်-ဝါရိတ္တသီလဟူ၍ နှစ်မျိုးရှိပေသည်။ (ဤကျမ်း၊ နှာ—၃၂၀၊ ပြန်ကြည့်ပါ။)

ဝါရိတ္တသီလတွင် ငါးပါးသီလနှင့် အာဇီဝဋ္ဌမကသီလဟူ၍ နှစ်မျိုးရှိသည်။ ယင်းနှစ်မျိုးအကြောင်း ဤကျမ်း၊ နှာ-၇၀-ကို ပြန်ကြည့်ပါ။ နောက်ဆက်တွဲမှာ ဆောက်တည်ပုံ ရေးပြထားပါသည်။

ရှစ်ပါးသီလ, ကိုးပါးသီလ, ဆယ်ပါးသီလ, ပါတိမောက္ခသီလ, ဣန္ဒြိယသံဝရသီလ, အာဇီဝပါရိသုဒ္ဓိသီလ, ပစ္စယသန္နိဿိတသီလ-ဟူ၍

သီလအမျိုးမျိုး ဗုဒ္ဓဒေသနာ၌ များစွာရှိသည်။ ဤ၌မူ လူဝတ်ကြောင် များ ကျင့်သုံးနိုင်မည့် ရှစ်ပါး, ကိုးပါးသီလမျှကိုသာ သိရှိရေးပြပါ မည်။

ရှစ်ပါးသီလမှာ ရိုးရိုးငါးပါးသီလ၌ ကာမေသုမိစ္ဆာစာရ-အရာမှာ အဗြဟ္မစရိယခေါ် မေထုန်မှုကိုရှောင်ကြဉ်ခြင်း သိက္ခာပုဒ်ထည့်သည်။ ထို့နောက်-

၁။ ဝိကာလဘောဇန-မွန်းလွဲပြီးမှ ထမင်းအစာစားခြင်း တို့မှ ရှောင်မှု၊

၂။ နစ္စ, ဂီတ, ဝါဒိတ—က-ခြင်း, သီဆိုခြင်း, တီးမှုတ်ခြင်း တို့နှင့် မာလာဂန္ဓ ဝိလေပန—ပန်းပန်, သနပ်ခါးလိမ်း ပေါင်ဒါလိမ်းခြင်းတို့မှ ရှောင်ကြဉ်မှု၊

၃။ မြင့်သောနေရာ မြတ်သောနေရာ၌ နေခြင်းတို့မှ ရှောင် ကြဉ်မှု-

ဟူသော သိက္ခာပုဒ် သုံးမျိုးပေါင်းထည့်၍ ရှစ်မျိုးဖြစ်သည်။ ရှေ့ ပါဏာတိပါတ-စသော ငါးပါးသည် ဝါရိတ္တသီလ-ဖြစ်သည်။ ကျူး လွန်လျှင် အပြစ်ရှိသည်။ စောင့်ထိန်းလျှင် ကုသိုလ်ရသည်။ ဝိကာလ ဘောဇန-စသော နောက်သုံးပါးသည် စာရိတ္တသီလ—ဖြစ်သည်။ ကျူး လွန်သော်လည်း အပြစ်မရှိပေ။ သီလပျက်၍ ကုသိုလ်မရရှိသာ ဖြစ် သည်။ သူတော်ကောင်းတရား ကျင့်သုံးရန်အတွက် အနှောင့်အယှက် ဖြစ်စေသောကြောင့် ပညတ်သည့် သိက္ခာပုဒ်များ ဖြစ်ကြပေရာ စောင့်ထိန်းလျှင်မူ များစွာကုသိုလ် ရနိုင်ပေသည်။ (ဆောက်တည်ပုံ ပါဠိများ နောက်ဆက်တွဲမှာကြည့်ပါ။)

ကိုးပါးသီလမှာ-ဖော်ပြခဲ့သည့် ရှစ်ပါးသီလတွင် မေတ္တာစိတ်ပွား သည့်သိက္ခာပုဒ် ပေါင်းထည့်၍ ကိုးပါးသီလဖြစ်သည်။ မေတ္တာသည် သီလဟုတ်၊ ဘာဝနာဖြစ်သောကြောင့် မဆောက်တည်သင့်။ ထို့ ကြောင့် ကိုးပါးသီလမရှိနိုင်ဟု ဟောပြော - ရေးသားချက်များလည်း ရှိပေသည်။ ဤ၌မူ-ယင်းဝါဒနှစ်မျိုးကို အကျယ်ရှင်းမပြနိုင်ပါ။ ဆောက်

တည်လိုလျှင် နောက်ဆက်တွဲမှာ ဆောက်တည်ပုံပါဠိများ ရေးပြထား ပါသည်။

ဆယ်ပါးသီလနှင့် ကျန်သီလလေးမျိုးမှာ လူဝတ်ကြောင်များ စောင့် ထိန်းရန် မလွယ်သောကြောင့် အကျယ်မရေးပဲ ချန်ထားပါသည်။ အလိုရှိလျှင် ပညာရှင်များထံ လေ့လာဆည်းပူးသင့်ပါသည်။

သီလမစောင့်သူ, ဒုစရိုက်ကျူးလွန်သူများသည် ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်-အပါယ်လေးဘုံမှာသာ ဖြစ်ကြရသည်။ သီလ စောင့်သူ, သုစရိုက်ကျင့်သုံးသူများသည် လူ့ဘုံနတ်ရပ် ကောင်းမြတ်သော ဘဝများသို့ ရောက်ရ ဖြစ်ရသည်။ လူ့ဘဝ,နတ်ဘဝရောက်၍ ကျန်းမာ ရေးပြည့်စုံရန်မှာ သီလရှိသူများသာ ဖြစ်နိုင်သည်။ သီလကင်းမဲ့၍ ဒုစရိုက်ကျူးလွန်သူများမှာ ကျန်းမာရေးမပြည့်စုံပဲ ကိုယ်အင်္ဂါချို့တဲ့၍ ချိချိနဲ့နဲ့ မသန်မစွမ်းသူ, စကားမပီသူ, ဆွံ့အ-နေသူများ ဖြစ်တတ်သည်။ ယင်းသို့ ဖြစ်နေလျှင် အခြားပါရမီတရားများကို ဖြည့်ကျင့်နိုင်ရန် မလွယ် ကူပေ။ အလွန်ခက်လှချေမည်။

ထို့ကြောင့် အရိယသစ္စာကို သိမြင်မှု-ဗောဓိဉာဏ်ကို ရလိုသူတို့သည် ပါရမီဆယ်ပါးတွင် သီလပါရမီကို အထူးအလေးပြု၍ ဆည်းပူးသင့်ကြ ပေသည်။

## (၃) နေက္ခမ္မပါရမီ

နေက္ခမ္မပါရမီသည် **ကာမဘဝနိက္ခမန** လက္ခဏာခေါ် ကာမဂုဏ် တရားနှင့် ဘဝတို့မှ ကင်းဝေးထွက်မြောက်ခြင်း သဘောလက္ခဏာရှိပေ သည်။ အထက်ဘန်းကျကျ ဈာန်တရား, မဂ်တရား, ဖိုလ်တရားများကို ရရှိနိုင်ရန်မှာ ကာမဂုဏ်တရားများထဲမှာ နစ်မွန်းပျော်မွေ့နေ၍ မဖြစ် နိုင်ချေ။ အကယ်၍ ရှောင်ခွာမထွက်နိုင်လျှင်လည်း အဆင်း, အသံ, အနံ့, အရသာ, အတွေ့-များကို သာယာတပ်မက် နှစ်သက်ခြင်းမရှိပဲ ယင်းတို့၌ ငြီးငွေ့ကာ ဝေးဝေးသို့ ပြေးနိုင်ရန် ကြံစည်ဆင်ခြင်နေရ မည် ဖြစ်သည်။ သို့မှသာ နေက္ခမ္မကုသိုလ် အမြဲဖြစ်ပေါ်နိုင်ပေမည်။

တကယ်ပင် တောတောင်စုံမြိုင် ဂနိုင်တွင်းမှာ လွတ်ကင်းစွာ ဈာန်, မဂ်, ဖိုလ်-တရား ရရှိရေးအတွက် များများအားထုတ်နိုင်မည်ဖြစ်သည်။

ကာမဂုဏ်တရားများနှင့် ကာမဂုဏ်ကိုတပ်မက် နိုးကပ်နေသည့် ကာမတရားများကား အရိယသစ္စာကို သိမြင်မှု-ဗောဓိဉာဏ်နှင့် အလွန်ပင်ဆန့်ကျင်လှပေသည်။ ယင်းတို့ကို ရှောင်နိုင် ပယ်နိုင်မှသာ ဗောဓိဉာဏ်ကို ရရှိနိုင်မည်ဖြစ်သည်။ (ကာမဂုဏ်တရား ငါးပါး-ဤကျမ်းစာမျက်နှာ ၁၃၂၊ ပြန်ကြည့်ပါ။)

ထို့ကြောင့် အရိယသစ္စာခေါ် အမှန်တရားကို သိမြင်ခြင်း-ဗောဓိဉာဏ်ကို ရလိုပါလျှင် နေက္ခမ္မပါရမီကို ဆည်းပူးရမည်ဖြစ်သည်။

## (၄) ပညာပါရမီ

ပညာသည် **ယထာသဘာဝပဋိဝေဓလက္ခဏာ**ခေါ် တရားတိုင်းကို အမှန်အတိုင်း ထိုးထွင်းသိမြင်ခြင်း သဘောလက္ခဏာရှိသည်။ ယင်းသို့ သိမြင်နိုင်ရန်မှာ အစဉ်အရာရာ အသိပညာ,အတတ်ပညာများကို လေ့လာဆည်းပူးရန် လိုအပ်သည်။

လောက၌ မည်မျှပင် ပစ္စည်းဥစ္စာပေါများစေကာမူ တန်ခိုးအာဏာကြီးမားစေကာမူ အရေးအကြောင်းရှိလာလျှင် ပညာရှိသူများကိုသာ ဆည်းကပ်၍ ကိစ္စပြီးအောင် တိုင်ပင်ဆောင်ရွက်ကြရပေသည်။ ပညာမရှိသူသည် မျက်စိမမြင်သူပမာ မည်သည့်နေရာကိုမျှ ရောက်အောင်သွားနိုင်မည်မဟုတ်ပေ။ မည်သည့်အရာကိုမျှ ဖြစ်ပေါ်အောင် လုပ်ကိုင်နိုင်မည်မဟုတ်ချေ။ အခြားပါရမီကိုးပါးကို ဖြည့်ကျင့် ဆည်းပူးနိုင်ရန်ပင်လျှင် ပညာရှိရန်လိုအပ်ကြောင်း သိသာလှပါသည်။ ဤ၌လိုအပ်သည့် ဗောဓိဉာဏ်သည်ပင် ပညာဖြစ်သည်။ ပါရမီဆယ်ပါးဖြည့်ရန် မဟာကရုဏာဉာဏ်နှင့်ပါရမီဉာဏ်ကို အရင်းခံရပေသည်။

ဒီပင်္ကရာဘုရား လက်ထက်တော်အခါက ဂေါတမဗုဒ္ဓအလောင်းတော်မြတ်သည်ကား ဗောဓိဉာဏ်တော်ကိုရရှိရန်အတွက် စတင်၍ ပါရမီများကို ဆည်းပူးရန် လေ့လာနေရသည့် အချိန်အခါဖြစ်သည်။ ထို့ကြောင့်

အရိယသစ္စာကို သိမြင်ခြင်း-ဗောဓိဉာဏ်ကို ရရှိရန်အတွက် အသိပညာ, အတတ်ပညာအားလုံးကို "ဆွမ်းခံရဟန်းသည် ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသောဆွမ်းများ ဟင်းများကို လောင်းလှူသမျှ ခံယူရသကဲ့သို့" လေ့လာဆည်းပူး၍ ပညာပါရမီ ဖြည့်ကျင့်ရန် ဆုံးဖြတ်သတ်မှတ်တော်မူသည်။ တကယ်ပင်လည်း ဆည်းပူးရပေသည်။ ယင်းသို့ ဆည်းပူးပြီးနောက်ဆုံးဂေါတမဗုဒ္ဓအဖြစ်သို့ရောက်မှ တကယ့်လိုအပ်သည့် ပညာရပ်ကြီးဖြစ်သည့် ဝိပဿနာပညာ, မဂ်ပညာ, ဖိုလ်ပညာကို အထွတ်အထိပ်အရောက် သိမြင်တော်မူခဲ့လေသည်။

**ထမင်းပွဲရှေ့ရောက်ပမာ**

ယခုအခါ စာရှုသူတို့သည်ကား ပစ္စည်းဥစ္စာ များစွာရှာဖွေစုဆောင်းပြီး အကုန်အကျခံ အပင်ပမ်းခံကာ ဝယ်ခြမ်း ချက်ပြုတ် ကြော်လှော်၍ ထမင်းစားပွဲပေါ် အဆင်သင့် ပြင်ဆင်ထားသည့် ထမင်းပွဲဟင်းပွဲကြီးကို ရှေ့မှောက်မှာပင် ရရှိတွေ့မြင်နေသည့်သူကဲ့သို့ ဖြစ်နေပေသည်။ လက်ဆေးရေမှာ လက်ဆေးပြီး စားရုံမျှသာလိုပေတော့သည်။

ကျေးဇူးတော်အရှင်ဖြစ်တော်မူသော ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားထားတော်မူသည့် တကယ့်တရားအစစ် တရားအနှစ်များကို တွေ့မြင်ရရှိနေသည့် အခြေသို့ ရောက်နေပြီဖြစ်သည်။ အလွယ်တကူပင် လေ့လာဆည်းပူး၍ ကျင့်သုံးပွားများရန်သာ လိုပေတော့သည်။ ပကတိသာဝက ဗောဓိဆုကိုကား အလွယ်ဖြင့်ပင် ရရှိနိုင်ခွင့် ရှိနေပေသည်။ အခြား ဗောဓိဆုငါးပါးကို လိုချင်သေးလျှင်လည်း ဖြည့်ကျင့်နိုင်ရန် ပါရမီဆယ်ပါး လမ်းစဉ်ကြီး ထင်ထင်ရှားရှား တွေ့မြင်၍ သိရှိနေပြီ ဖြစ်ပါသည်။

ဤတွင် စာရေးသူသည် စာရှုသူတို့အား မည်သည့်ဗောဓိဆုကိုယူပါ၊ မည်သည့်ဗောဓိအတွက် မည်သို့ပါရမီဆယ်ပါးကို ဖြည့်ကျင့်ဆည်းပူးပါ-ဟု ဆရာလုပ်၍ ညွှန်ကြားခြင်းမပြုလိုပါ။ သို့သော် စာရှုသူတို့၏ ရည်မှန်းချက် အရိယသစ္စာ-အမှန်တရားကို သိမြင်ခြင်း-ဗောဓိဉာဏ်ကို

ရရှိရေးအတွက် ပါရမီဆယ်ပါးလုံးကို ဖြည့်ကျင့်ဆည်းပူးပါလေ။ ထိုဆယ်ပါးတွင် ပညာပါရမီကို ဆည်းပူးဖြည့်ကျင့်သောအခါ ကျွန်ုပ်တို့၏ အားထားးကိုးကွယ်ရာဖြစ်တော်မူသော ဂေါတမဗုဒ္ဓရှင်တော်ဘုရားသည် ကမ္ဘာပေါင်း လေးအသင်္ချေနှင့် တစ်သိန်းကြာအောင် ရှာဖွေလေ့လာ ပါရမီအဆင့်ဆင့်ဖြည့်ကျင့်ပြီးမှ သိမြင်ကာ ဟောကြားတော်မူသော တရားတော်အနှစ် တရားတော်အစစ်များကိုမူ ယခုကဲ့သို့သော အခွင့်ကောင်းအခါကောင်းနှင့် တွေ့ဆုံကြုံကြိုက်တုန်း အခိုက်မှာ ထိထိမိမိ တတ်သိနားလည်စေရန် လေ့လာ ဆည်းပူးလိုက်စမ်းပါဟူ၍ တိုက်တွန်းစကား ရေးသားလိုပါသည်။

## (၅) ဝီရိယပါရမီ

ဝီရိယသည် **ဉဿာဟလက္ခဏာ** ခေါ် အားထုတ်မှုသဘောရှိသည်။ **အားထုတ်မှု** ဟူသည်မှာ မိမိ၌ရှိသည့် စွမ်းအားကို ရှိသမျှ အစွမ်းကုန်အောင် ဖော်ထုတ်အသုံးပြုခြင်းကို ဆိုလိုသည်။ တစုံတခုကို ပြုလုပ်လျှင် မပြီးသေးမီ ရပ်နား လက်လျှော့လိုက်ခြင်းမျိုး မဟုတ်ချေ။ မပြီးလျှင် ပြီးအောင်လုပ်မည်ဟု မိမိမှာရှိသည့်စိတ်အား ကိုယ်အားကို ထုတ်ဖော်ကာ စွဲစွဲမြဲမြဲ လုပ်ကိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် ဝီရိယ-ဟူသော ပါဠိဘာသာကို အားထုတ်မှုဟူ၍လည်းကောင်း၊ ဇွဲဟူ၍လည်းကောင်း ရှေးမြန်မာပညာရှင်ကြီးများက မြန်မာပြန်ဆိုခဲ့ကြသည်။

ဝီရိယ၏ သဘောတရားကို သုံးသပ် လေ့လာသောအခါ မပြီးစီး မဖြစ်မြောက်လျှင် နောက်မဆုတ်သည့် အခြင်းအရာကို သိရှိရသည်။ ယင်း နောက်မဆုတ်သည့်အခြင်းအရာဟု ထင်မြင်မှုကို ပါဠိဘာသာဖြင့် "အသံသီဒန ပစ္စုပဋ္ဌာန်" ဟု ခေါ်ပေသည်။ ယင်းသို့ နောက်မဆုတ်တတ် လက်မလျှော့တတ်သည့် သဘောသည်ပင် စွဲမြဲခြင်းဖြစ်ပေရာ "ဇွဲ" ဟု မြန်မာပြန်သည်မှာ အလွန်ပင် မှန်ကန်လှပေသည်။ ဤသည်ကိုပင် ရည်ရွယ်၍ "ငုတ်မိသဲတိုင်၊တက်နိုင်ဖျားရောက်" ဟူ၍ မြန်မာစကားထား ခဲ့ပေသည်။

ဒါနပါရမီ-စသော ပါရမီတော်ကိုးပါးတို့သည် အလွန်မြင့်မြတ်ကောင်းမွန်၍ အကျိုးတရားကြီးမားပါသည် ဟု "ပညာပါရမီ" ဖြင့် သိမြင်ပါသော်လည်း ဤဝီရိယ ပါရမီဖြင့် စွဲစွဲမြဲမြဲ ကြိုးစားအားထုတ်၍ ဆည်းပူးဖြည့်ကျင့်မှသာ ပြည့်စုံအောင်မြင်နိုင်မည်ဖြစ်ပေသည်။ ထို့ကြောင့် အရိယသစ္စာခေါ် အမှန်တရား သိမြင်ခြင်း-ဗောဓိဉာဏ်ကို ရနိုင်ရန်မှာ ဝီရိယပါရမီကိုလည်း ဖြည့်ကျင့် ဆည်းပူးရန် လိုအပ်လှပေသည်။ (ဝီရိယခေါ် လုံ့လဇွဲအကြောင်းကို ဤကျမ်းစာမျက်နှာ ၃၇၃-မှစ၍ သမ္မပ္ပဓာန်အခန်း ပြန်ရှုပါ။ ဝီရိယသမ္ဗောဇ္ဈင်အခန်းကိုလည်း ဆက်ရှုပါ။)

လောက မျက်မြင် အထက်ဘန်း ရောက်နေသူ ပုဂ္ဂိုလ် ကြီးများ အကြောင်းအရာအတ္ထုပ္ပတ္တိကို လေ့လာဆည်းပူး ကြည့်သောအခါ ပညာဉာဏ်ဖြင့် နှိုင်းချင့်ဝေဖန်၍ ဝီရိယဖြင့်ကြိုးစားအားထုတ်လာခဲ့ကြရသည်ကို ထင်ထင်ရှားရှား တွေ့မြင်ကြရပေသည်။ အပျင်းဓာတ်ပို ရေသာခို၍ နေယင်းထိုင်ယင်း အိပ်ယင်း စားယင်းဖြင့် အထက်တန်းသို့တက်လှမ်းလာကြသည်မဟုတ်ကြပါလေ။ ထို့ကြောင့် အရိယသစ္စာ-အမှန်တရားကိုသိမြင်၍ ထွက်ရာလမ်းဝင်လိုသူများသည် ဝီရိယပါရမီကို ဖြည့်ကျင့်ဆည်းပူးသင့်ကြောင်း တိုက်တွန်းလိုပါသည်။

## (၆) ခန္တီပါရမီ

ပါဠိဝေါဟာရ အသံမှန်မှာ "ခန္တိ" ဖြစ်သော်လည်း မြန်မာတို့က မြန်မာ့ လျှာ အာအတိုင်း "ခန္တီ" ဟု ခေါ်ကြပေသည်။ ယင်း ခန္တိကို ဗုဒ္ဓစာပေတို့၌ ခမနလက္ခဏာ သည်း ခံခြင်းသဘောရှိသည်-ဟု ပြဆိုတော်မူကြသည်။ (သည်းခံခြင်း အဓိပ္ပာယ် ဤကျမ်း စာမျက်နှာ ၁၁၄-မှစ၍ ပြန်ကြည့်ပါ။)

သည်းခံခြင်းသဘောကို ပေါ်လွင်စေရန် "ရသ" ခေါ် အလုပ်ကိစ္စဖြင့် ထပ်မံ၍ "ဣဋ္ဌာနိဋ္ဌသဟနရသာ" ဟု ဖွင့်ပြတော်မူကြသည်။ ဣဋ္ဌာနိဋ္ဌသဟန-ပုဒ်ကို ဣဋ္ဌ၊ အနိဋ္ဌ၊ သဟန-ဟု သုံးပုဒ်ခွဲရသည်။ ဣဋ္ဌ-အလိုရှိဖွယ်၊ အနိဋ္ဌ-အလိုမရှိဖွယ်၊ သဟန-သည်းခံခြင်းဟူ၍ အသီးသီးအနက်

ပြန်ရပေရာ အလိုရှိဖွယ်အာရုံတရား၊ အလိုမရှိဖွယ်အာရုံတရားတို့မှ သည်းခံနိုင်ခြင်းဟု အဓိပ္ပာယ်ရှိပေသည်။

ဤလောကကြီးကို သုံးသပ်ကြည့်လျှင် ညီညာပျံ့ပျူး သာယာသည့်နေရာအနေပ်များ ရှိသကဲ့သို့ပင် မညီညာ မပျံ့ပျူး မသာယာသည့် နေရာအရပ်များလည်း ရှိနေပေသည်။ ဤအတူပင်လျှင် ဤလောက၌ မိမိစိတ်နှင့် တွေ့၍ သဘောခွေ့လောက်သည့်အာရုံများ, သဘောတရား များကို တွေ့ကြုံရသကဲ့သို့ပင် မိမိစိတ်နှင့်မတွေ့ သဘောမခွေ့ဖွယ် အာရုံ များ, သဘောတရားများကိုလည်း တွေ့ကြုံကြရမည်ဖြစ်သည်။စိတ်နှင့်တွေ့ သဘောခွေ့သောအာရုံကို ဣဋ္ဌာရုံခေါ်၍ မတွေ့-မခွေ့သည့် အာရုံကို အနိဋ္ဌာရုံ ခေါ်ပေသည်။

ရည်မှန်းချက်ကြီးကြီးထား၍ တရားထူးတရားမြတ် ရှာဖွေနေသော ပုဂ္ဂိုလ်များမှာ ဣဋ္ဌာရုံတွေ့ကြုံသောကြောင့် သဘောကျ ကျေနပ်နှစ်သိမ့် နေ၍လည်း မိမိရည်မှန်းချက်ပြည့်စုံနိုင်မည်မဟုတ်ချေ။ တရားထူး တရား မြတ်ကို ရနိုင်မည်မဟုတ်ချေ။ အနိဋ္ဌာရုံ တွေ့ကြုံသောကြောင့် သဘော မကျ ဒေါသပွနေ၍လည်း မိမိရည်မှန်းချက် ပြည့်စုံမည်မဟုတ်ချေ၊ တရား ထူး တရားမြတ်ကို ရနိုင်မည်မဟုတ်ချေ။ ထိုကြောင့် အရိယသစ္စာ ခေါ် အမှန်တရားကိုသိမြင်ခြင်း-ဗောဓိတရားကို ရယူလိုပါလျှင် ဣဋ္ဌာရုံ၊ အနိ-ဋ္ဌာရုံဘို့နှင့် တွေ့ကြုံရပါသော်လည်း တုန်လှုပ်ခြင်းမပြု သည်းခံမှုရှိရန်လို အပ်ပေသည်။

ဤလောက၌ ပြိုင်ဆိုင်ကျင်းပပွဲ ပြုလုပ်နေကြသည့် ဘောလုံးပွဲများ မှာ ရှေ့ကပြေးနေသူကိုလည်း နောက်မှနေ၍ ခြေထောက်ဖြင့်လှမ်းချိတ် တတ်ကြသည်။ ရင်ဆိုင်ပြေးလာသူကိုလည်း ဒူးဖြင့်ထောင်၍တိုက်တတ် ကြသည်။ ဘေးမှဝင်လာသူကိုလည်း တတောင်ဖြင့် တွက်ထုတ် တတ်ကြ သည်။ နောက်မှပြေးလိုက်လာသူကိုလည်း ဖနောင့်ဖြင့် နောက် ပေါက် ပေါက်တတ်ကြသည်။

ဤသဘောအတိုင်းပင်လျှင် ဤလောက၌ သတ္တဝါသခ်ါရတရားများ ၏ မတော်မလျော်ပြုမူပုံများကို တွေ့ရလျှင် သည်းခံခြင်းကိုအဓိကထား

၍ ခန္တီ ပါရမီ ဖြည့်ကျင့်ရန် စာပေ ကျမ်းဂန်တို့၌ များစွာ ဖော်ပြထားသည်ကို တွေ့ရဖတ်ရပေသည်။ အမှန်စင်စစ် ယင်းမတော်မလျော်များကို ဒေါ်ထတုံ့ပြန်ခြင်းမပြုပဲ သည်းခံခွင့်လွှတ်သကဲ့သို့ပင်လျှင် သင့်လျော်သည့် အပြုအမူ အပြောအဆိုများကိုလည်း ယစ်မူးသာယာခြင်းမပြုပဲ သည်းခံရမည်ဖြစ်ပေသည်။ (သည်းမခံခြင်းအပြစ်၊ ဤကျမ်းစာမျက်နှာ ၁၁၆-မှာပြန်ရှုပါ။)

ထို့ပြင် သဘ္ဘဝါပုဂ္ဂိုလ်များ၏ မနှစ်သက်ဖွယ် အပြုအမူ အပြောအဆိုနှင့် နှစ်သက်ဖွယ်အပြုအမူ အပြောအဆိုများကို မုန်းတီးဒေါ်ပွခြင်း, ယစ်မူးသာယာခြင်းမပြုပဲ သည်းခံသည့်အတိုင်း သဘာဝမွေသခါရတရားတို့၏ မနှစ်သက်ဖွယ်အဖြစ်အပျက် အနိဋ္ဌာရုံများကို ရွံရှာမုန်းတီးခြင်း မပြု၊ နှစ်သက်ဖွယ်အဖြစ်အပျက် ဣဋ္ဌာရုံများကို ယစ်မူးသာယာမှုမပြုမိစေရန် မိမိစိတ်ကို အောင့်အည်းသည်းခံနိုင်ရန် ခွင့်လွှတ်ရန် လိုအပ်ပေသည်။ ဥပမာ-အပူနှင့်အအေးဟု သဘာဝနှစ်မျိုးရှိရာ အပူကို မကြိုက် မုန်းလှချေရဲ့၊ အအေးကို သဘောကျ နှစ်သက်လှချေရဲ့ဟု ထိန်းမနိုင်သိမ်းမရမဖြစ်စေပဲ အလိုက်အထိုက် အောင့်အည်းသည်းခံ၍ မိမိအလုပ်ကိုသာလုပ်ရန် လိုအပ်ပေသည်။

ထို့ကြောင့် ဗောဓိဉာဏ်ရရန်အတွက် ပါရမီတရားများကို ကြိုးစားဖြည့်ကျင့်မည်ဆိုလျှင် အောင့်အည်းသည်းခံနိုင်ခြင်း-ခန္တီပါရမီကိုလည်း ကြိုးစားဖြည့်ကျင့်ထိုက်လှပေသည်။

## (၇) သစ္စပါရမီ

သစ္စပါရမီ-ဟူ၍ ပါဠိဝေါဟာရ-အမှန် ဖြစ်သော်လည်း "သစ္စာပါရမီ"ဟူ၍ မြန်မာတို့ကအပြောများ အရေးများနေပြီ ဖြစ်သည်။ ပါဠိကို မြန်မာပြန်ဝေါဟာရ-ဟူ၍ မှတ်ယူသင့်သည်။ ယင်းသစ္စပါရမီသည် **အဝိသံဝါဒနလက္ခဏာခေါ်** မချွတ်မယွင်း မှန်ကန်စွာပြုလုပ်ပြောဆိုခြင်း သဘောရှိပေသည်။

သစ္စပါရမီကို ကျမ်းဂန်တို့၌ များပြားကျယ်ဝန်းစွာ ပြဆိုရေးသား ထားသည်ဖြစ်ပေရာ အားလုံးကိုခြုံမိ၍ သိလွယ်စေရန် ချုပ်၍ ဖော်ပြ ရလျှင်–

၁။ ဉာတပ္ပဋိရက္ခသစ္စာ-လို-တ-ရ-သစ္စာ၊

၂။ သဒ္ဒဟာပနသစ္စာ-ယုံစေကြောင်းသစ္စာ၊

၃။ မုသာဝိရမဏသစ္စာ - မုသားရှောင် သစ္စာ = မမှန် ပြောမှုမှ ရှောင်ခြင်းသစ္စာ၊

၄။ ပဋိညာနုရက္ခဏသစ္စာ-ပြန်စောင့်မှုသစ္စာ–

ဟူ၍ လေးမျိုးရှိသည်ကို တွေ့ရပေသည်။ ယင်းလေးမျိုးကို အလောင်း တော်မြတ်များ သစ္စပါရမီအဖြစ် စောင့်ထိန်းကျင့်သုံးတော် မူကြပေ သည်။ စာရှုသူများကျင့်သုံးနိုင်စေရန် အကျယ်ဖွင့်ဆိုပြပါအံ့။

၁။ **ဉာတပ္ပဋိရက္ခသစ္စာ**- လို-တ-ရ-သစ္စာ ဟူသည်မှာ မိမိမှန်ကန် ကြောင်း ပြောဆို၍ မိမိလိုရာကိုပြည့်စုံစေသည့် သစ္စာဖြစ်သည်။ ဝဋ္ဋက- ဇာတ်၌ ဘုရားအလောင်းတော် ငုံးငှက်ငယ်သည် တောမီးများ ဝိုင်း လောင်လာသောအခါ "ငါ့မှာ အတောင်ပံများရှိလျက် မပျံနိုင်ပါ၊ ခြေများရှိလျက် မသွားနိုင်ပါ၊ မိဘတွေကလည်း ထွက်သွားကြပါပြီ၊ တောမီးရှောင်သွားပါ"ဟူ၍ သစ္စာပြုသည်။ ထိုအခါ တောမီးသည် အလောင်းတော် ဝေးရာမှာပင် ငြိမ်းသွားလေသည်။ ဤသည်မှာ ဉာတပ္ပဋိရက္ခသစ္စာခေါ် လို-တ-ရ-သစ္စာ ဖြစ်သည်။ (ဇာ-ဋ္ဌ ၁၊ နှာ ၂၂၈-၂၃၁။)

၂။ **သဒ္ဒဟာပနသစ္စာ-ယုံစေကြောင်းသစ္စာ** ဟူသည်မှာ မိမိအပေါ်၌ အခြားသူယုံစေကြောင်း သစ္စာဖြစ်သည်။ ဘိသဇာတ်၌ အလောင်းတော် မဟာကဥ္စနမင်းသား အမှူးရှိသော ညီနောင် ခြောက်ယောက်၊ ညီမ တစ်ယောက်၊ ကျွန်ယောကျ်ား တစ်ယောက်၊ ကျွန်မ တစ်ယောက်၊ မိတ်ဆွေတစ်ယောက်အားဖြင့် ရသေ့ဆယ်ပါးရှိရာ မဟာကဥ္စန-ရသေ့ကြီး အတွက်ထားသည့် စားဖွယ်ကြာစွယ်များ သုံးရက်တိုင်တိုင် ပျောက် သောကြောင့် စည်းဝေးပြောဆိုရာ ကျွန်ရသေ့ကိုးပါးတို့က–

"ကြာစွယ်ကို ခိုးမိပါလျှင် (ရသေ့အကျင့်ပျက်) သားမယား, ရွှေ, ငွေတွေ ရပါစေ"

ဟူသော အဓိပ္ပာယ်ဖြင့် သစ္စာပြုကြသည်။ အားလုံးကပင် မခိုးကြောင်း ယုံကြည်ကြသည်။ ထိုအခါမှ သိကြားမင်းက ဒကျင့်ကို စူးစမ်းလို၍ ပြုလုပ်ပါကြောင်း ဝန်ခံကန်တော့လေသည်။ ဤသည်မှာ သဒ္ဒဟာပနသစ္စာခေါ် ယုံစေကြောင်းသစ္စာ ဖြစ်သည်။ အကျယ်ကို ဇာတ်အဋ္ဌကထာ-စတုတ္ထတွဲ၊ နှာ-၃၀၄-၃၁၄-တွင် ကြည့်ပါ။

၃။ **မုသာဝိရမဏသစ္စာ** မုသားရှောင်သစ္စာ ဟူသည်မှာ မိမိမှာ ဘယ်လိုပင် မကောင်းကျိုး ဆင်းရဲတရား ဖြစ်စေကာမူ အမှားကိုလွှဲချော်မပြောပဲ အမှန်ကိုးပြောဆိုခြင်းမျိုး ဖြစ်သည်။ ဝိဓုရ-ဇာတ်တော်၌ ပုဏ္ဏက-ဘီလူးက ကောရဗျမင်းကြီးကို ကြွေပစ်၍ အနိုင်ရသောကြောင့် ဝိဓုရ ကို ပေးရမည်ဟု တောင်းသောအခါ ကောရဗျမင်းကြီးက သူသည်ဝိဓုရ အမတ်ကြီးကို မဆိုင်မပိုင်ပါဟု ငြင်းဆိုသည်။ ထိုအခါ ပုဏ္ဏက-က အမတ်ကိုဘုရင်က ပိုင်သည်၊ ပေးရမည်ဟု တောင်းသည်။ ယင်းသို့ ငြင်းခုံနေကြရာ ဝိဓုရအမတ်ကိုပင် ခုံတင်ဆုံးဖြတ်စေရန် သဘောတူကြသည်။ ဝိဓုရအမတ်က ပုဏ္ဏက-သည် ဘီလူးဖြစ်သည်ဟု သိလျက်ပင် မိမိအား ကောရဗျမင်းကြီးက မဆိုင်မပိုင်ပါဟု မဟုတ်မမှန် လိမ်ညာမပြောဆိုပဲ "အမတ်ဖြစ်သော မိမိကို အရှင်သခင်ဖြစ်သော ကောရဗျမင်းကြီးက ဆိုင်ပါပိုင်ပါသည်"ဟူ၍ အမှားကိုမပြောပဲ အမှန်ကိုပြောပေသည်။ ဤသည်မှာ အသက်အတွက်မျှ မဟုတ်ပဲ သက်မုသားကိုရှောင်၍ အမှန် ပြောဆိုခြင်း မုသာဝိရမဏသစ္စာ ဖြစ်ပေသည်။ (ဝိဓုရဇာတ်အကျယ်ကို ဇာတ်အဋ္ဌကထာ သတ္တမတွဲ၊ နှာ-၁၅၁-မှ ၂၄၈-အထိ၌ကြည့်ပါ။)

၄။ **ပဋိညာနုရက္ခဏသစ္စာ**—ပြန်စောင့်မှုသစ္စာ ဟူသည်မှာ ပြောဆိုပြီးလျှင် ပြောခဲ့သည့်အတိုင်း ပြန်လည်ကျင့်သုံးရခြင်း ဖြစ်သည်။ ဤအကြောင်းကို သုတသောမ-ဇာတ်ဖြင့် သိသာသည်။ အလောင်းတော်

မဟာသုတသောမ-သည် ပေါရိသာဒ-လူသားစားသူက ဖမ်းဆီးမိသောအခါ "ပုဏ္ဏားတစ်ယောက်ထံ တစ်ရာတန်ဂါထာ လေးပုဒ်ကို နာယူပါမည်ဟု ဝန်ခံမိသောကြောင့် နာကြားရန် နန်းတော်သို့ ပြန်ပါရစေ" ဟု ခွင့်တောင်းသည်။ ပေါရိသာဒ-က ယုံကြည်စွာပြန်လွှတ်သည်။ အလောင်းတော် သုတသောမ-မင်းကလည်း ဂါထာနာယူ၍ ငွေလေးရာမက လေးထောင်ပေးပြီး မိမိအားသတ်စားမည့် ပေါရိသာဒထံသို့ မိဖုရား, သားသမီး, ဆွေမျိုး, မိတ်ဆွေများ တားသည်ကိုပင် နားမထောင်ပဲပြန်လာခဲ့သည်။ (မဟာသုတသောမ-ဇာတ်အကျယ်ကို ဇာတ်အဋ္ဌကထာ စာမျက်နှာ-၄၉၅-မှ ၅၅၃-အထိ၌ ဖတ်ရှုပါ။) ဤသည်မှာ ပြောပြီးလျှင် ပြောသည့်အတိုင်း ပြန်လည်စောင့်ထိန်း ပြုလုပ်ရသည့် ပဋိညာ-နုရက္ခဏာသစ္စာဖြစ်သည်။

ဤသို့လျှင် သစ္စပါရမီသည် မချွတ်မယွင်း မှန်ကန်ခြင်း သဘောတစ်ခုတည်းသာ ဖြစ်သော်လည်း အလောင်းတော်ကြီးများ ကျင့်သုံးပုံကိုလိုက်၍ လေးမျိုးရှိပေသည်။

ဤသစ္စပါရမီတစ်ပါး မပြည့်စုံ ချွတ်ယွင်းပါလျှင်လည်း အခြားပါရမီကိုးပါး မည်သို့မျှဖြည့်ကျင့်နိုင်မည် မဟုတ်ပေ၊ ဤသစ္စပါရမီသည်လည်း အရိယသစ္စာသိမြင် ထွက်ရာလမ်းဝင်နိုင်ရန် အလွန်လိုအပ်လှပေသည်။

(ဂ) အဓိဋ္ဌာနပါရမီ

အဓိဋ္ဌာန-ပါရမီသည် ဗောဓိသမ္ဘာရဖြစ်သော အဓိဋ္ဌာနလက္ခဏာ-ခေါ် ဗောဓိကိုဖြစ်စေနိုင်သည့် ပါရမီတရားတို့၌ စွဲမြဲစွာ ဆောက်တည်ခြင်း သဘော ရှိပေသည်။

အဓိဋ္ဌာန-ဟူသော ပါဠိစကားလုံးကို အဓိဋ္ဌာန်-ဟူ၍ပင် မြန်မာတို့က ပါဠိသက် ဝေါဟာရပြု၍လည်း ဘာသာပြန်ဆိုလေ့ ရှိသည်။ ဆောက်တည်ခြင်းဟူ၍လည်း မြန်မာဝေါဟာရထူးဖြင့် ဘာသာပြန်လေ့ ရှိကြပေသည်။

အဓိဋ္ဌာန-ပုဒ်၌ အဓိနှင့် ဌာန-နှစ်ပုဒ် ပေါင်းစပ်ထားရာ အဓိ မှာ လွန်ကဲစွာဟု အဓိပ္ပာယ်ရှိသည်။ ဌာန-မှာ တည်ခြင်းဟု အဓိပ္ပာယ်ရှိသည်။ နှစ်ပုဒ်ပေါင်း၍ အဓိဋ္ဌာန-ဟု တစ်ပုဒ်တည်း ဖြစ်လာသောအခါ "လွန်ကဲစွာ တည်ခြင်း"ဟူ၍ သဒ္ဒတ္ထ-အားဖြင့် မြန်မာပြန်ဆိုရမည် ဖြစ်ပေသည်။ ထို့ကြောင့် အဓိဋ္ဌာန-ပုဒ်ကို မြန်မာပြန်ဆိုလိုလျှင်—

၁။ အဓိဋ္ဌာန-လွန်ကဲစွာတည်ခြင်း။ (သဒ္ဒတ္ထ။)

၂။ အဓိဋ္ဌာန-အဓိဋ္ဌာန်ခြင်း။ (ပါဠိသက်ဝေါဟာရတ္ထ။)

၃။ အဓိဋ္ဌာန-ဆောက်တည်ခြင်း။ (မြန်မာဝေါဟာရတ္ထ။)

ဟူ၍ သုံးနည်းပြန်ဆိုသင့်ပေသည်။

၃။ တတိယနည်း မြန်မာဝေါဟာရတ္ထအားဖြင့် ဆောက်တည်ခြင်းဟု ပြန်ဆိုရာ၌ ဆောက်-တစ်လုံး၊ တည်-တစ်လုံး၊ ခြင်း-တစ်လုံးအားဖြင့် စကားသုံးလုံးရှိသည်။ ယင်းသုံးလုံးတွင် "ဆောက်"ဟူသော စကားလုံးမှာ "အိမ်ဆောက်ခြင်း၊ ကျောင်းဆောက်ခြင်း"စသည်၌ပါသော ဆောက်ကဲ့သို့ မဖြစ်သေးသည်ကို ဖြစ်ပေါ်လာအောင် ပြုလုပ်ခြင်းအနက် ရှိသည်။ "တည်" ဟူသောစကားလုံးသည် "တိုက်တည်ခြင်း၊ ဘုရားတည်ခြင်း" စသည်၌ပါသောတည်ကဲ့သို့ဖြစ်ပေါ်ပြီး တည်တံ့နေစေခြင်း(ထားခြင်း) အနက်ရှိသည်၊ "ခြင်း"ဟူသော စကားလုံးမှာ "သွားခြင်း၊ လာခြင်း" စသည်၌ ပါသည့် ခြင်း-ကဲ့သို့ ကြိယာ အနက်သဘောကို ပြဆိုသည်။ ဆောက်တည်ခြင်းဟု ပေါင်းလိုက်သောအခါ ဖြစ်ပေါ်လာစေရန်ပြုလုပ်ပြီး ဆက်လက်တည်တံ့စေခြင်း-ဟူ၍ အဓိပ္ပာယ်ရှိပေသည်။

ရုပ်ခတ်လောက၌ အိမ်ဆောက်ရာ တိုက်တည်ရာ၌ သုံးစွဲသည့် ဝေါဟာရများကိုယူငင်၍ နာမ်ခတ်လောက၌ တရားသဘောများ ဖြစ်ပေါ်စေရန် ပြုလုပ်ပြီး ဆက်လက်တည်တံ့စေခြင်းမျိုး၌လည်း ထင်ရှားစေရန် ဆောက်တည်ခြင်း-ဟု အဓိဋ္ဌာန-ပုဒ်၏အနက်ကို ပြန်ဆိုတော်မူခဲ့ကြပေသည်။ ပိုင်းခြားထုတ်ပြရလျှင် ယင်း အဓိဋ္ဌာန်ခြင်းသည် အမျိုးမျိုးရှိပေသည် အကျဉ်းချုပ်အားဖြင့်မူ-

(က) လိုရာကျင့်ရန် အဓိဋ္ဌာန်ခြင်း၊
(ခ) လိုရာမှတ်ရန် အဓိဋ္ဌာန်ခြင်း၊
(ဂ) လိုရာဖြစ်ရန် အဓိဋ္ဌာန်ခြင်း—

ဟူ၍ သုံးမျိုးဖြစ်ပေသည်။ ဤတွင်—

(က) **လိုရာကျင့်ရန်အဓိဋ္ဌာန်ခြင်း**—ဟူသည်မှာ မိမိလိုအပ်သလိုကျင့်သုံးရန် အဓိဋ္ဌာန် ဆောက်တည်ခြင်း ဖြစ်သည်။ အလောင်းတော် **တေမိယမင်းသား** ကျင့်သုံးမှုဖြင့် ထင်ရှားသည်။ အလောင်းတော် တေမိယ မင်းသားသည် အတိတ် စတုတ္ထဘဝက မင်းဖြစ်ခဲ့သည်။ အုပ်ချုပ်သူတို့သဘာဝ မလွှဲမရှောင်သာ၍ ထောင်ဒဏ်, ကြိမ်ဒဏ်, သေဒဏ်-များ ပေးခဲ့ရသော အကုသိုလ်ကြောင့် တတိယဘဝမှာ ငရဲကျရသည်။ ငရဲမှလွတ်သောအခါ အပရာပရိယ ကုသိုလ်ကံကြောင့် ဒုတိယဘဝမှာ နတ်ပြည်ရောက်သည်။ ယင်းနတ်ပြည်မှ ယခုဘဝ **တေမိယမင်းသား** ဖြစ်ကြောင်း သိရသောကြောင့် မင်းဖြစ်ရမည်ကို ကြောက်သည်။ ထို့ကြောင့် မင်းမဖြစ်စေရန်—

မသန်စွမ်းသူ၊
နားမကြားသူ၊
စကားမပြောတတ်သူ—

များကဲ့သို့ ဟန်ဆောင်နေရန် အဓိဋ္ဌာန်သည်။ စိတ်ကိုဆောက်တည်သည်။ ဆောက်တည်သည့် အတိုင်း တည်တံ့စွာကျင့်သုံးသည်။ တစ်လသားအရွယ်မှ တစ်ဆယ့်ခြောက်နှစ်သား အရွယ်ထိ အဓိဋ္ဌာန်ပါရမီကို ဖြည့်ကျင့်လေသည်။ (ဇာ ဋ္ဌ - ၆၊ နှာ- ၁-မှ ၁၇-ထိ။)ဤသည်မှာ လိုရာကျင့်ရန် အဓိဋ္ဌာန်ခြင်း သဘောဖြစ်သည်။

(ခ) **လိုရာမှတ်ရန် အဓိဋ္ဌာန်ခြင်း** – ဟူသည်မှာ ဝိနည်းအရာမှာ "ဤသင်္ကန်းကို အဓိဋ္ဌာန်ပါ၏" "ဤသပိတ်ကို အဓိဋ္ဌာန်ပါ၏" ဟူ၍ အဓိဋ္ဌာန်ပြုခြင်း-စသည်ဖြစ်၏။ ဤတွင် "ဤသင်္ကန်းကို အဓိဋ္ဌာန်ပါ၏" ဟုဆိုရာ၌ ဤသင်္ကန်းကို သင်္ကန်းအဖြစ်စွဲမှတ်ပါ၏ ဟု

စွဲမှတ်ရန် စိတ်ကိုဆောက်တည်ခြင်း ဖြစ်သည်။ "ဤသပိတ်ကို အဓိဋ္ဌာန် ပါ၏" ဟုဆိုရာ၌လည်း "ဤသပိတ်ကို သပိတ်အဖြစ် စွဲမှတ်ပါ၏" ဟု စိတ်ကို ဆောက်တည်ခြင်း ဖြစ်ပေသည်။

ဤသည်မှာ လိုရာမှတ်ရန် အဓိဋ္ဌာန်ခြင်း ဖြစ်သည်။

(ဂ) လိုရာဖြစ်ရန်အဓိဋ္ဌာန်ခြင်း – ဟူသည်မှာ အလောင်းတော် သိဒ္ဓတ္ထမင်းသား၏ ဆံတော်အဓိဋ္ဌာန်ခြင်းမျိုး ဖြစ်သည်။ မှန်၏၊ အလောင်းတော် သိဒ္ဓတ္ထမင်းသား တောထွက်သောအခါ အနောမာမြစ် ကမ်း၌ မိမိဦးခေါင်းမှ ဆံတော်ကိုပယ်၍ "ငါဘုရားဖြစ်မည် မှန်လျှင် ဤဆံပင်တို့သည် ကောင်းကင်မှာ တည်နေစေသတည်း" ဟု အဓိဋ္ဌာန် ခြင်းပြု၏။ တည်နေစေလိုသောစိတ်ကို ဖြစ်ပေါ်စေ၏။ ဆောက်တည် ၏။ ဆံတော်တို့သည် ကောင်းကင်မှာ ပန်းဆိုင်းဆွဲသကဲ့သို့ တည်နေ လေသည်။

ဤသည်မှာ လိုရာဖြစ်ရန် အဓိဋ္ဌာန်ခြင်း သဘောဖြစ်သည်။

စျာန်ဝင်စားသူ စျာနလာဘီပုဂ္ဂိုလ်များ၏ အဓိဋ္ဌာနဝသီတော် အရာ၌ "ငါသည် ဤစျာန်ကို ဤမျှအချိန်အထိ ဝင်စားအံ့" ဟု အဓိဋ္ဌာန်ပြုရာတွင် တတိယ (ဂ) နည်းဖြစ်သော လိုရန်ဖြစ်ရန် အဓိဋ္ဌာန် မှုမျိုးပင် ဖြစ်ပေသည်။

နိရောဓသမာပတ် ဝင်စားအံ့သောအခါ၌ ရှေးဦးစွာ သမာပတ် မဝင်စားမီ အဓိဋ္ဌာန်ရသော—

၁။ ငါ၏အသုံးအဆောင်များ မပျက်စီးစေသတည်း၊

၂။ ငါ့အား မြတ်စွာဘုရားခေါ်တော်မူလျှင် သမာပတ်မှထစေ သတည်း၊

၃။ သံဃာအလိုရှိလျှင် သမာပတ်မှထစေသတည်း၊

၄။ ခုနစ်ရက်ပြည့်လျှင် သမာပတ်မှ ထစေသတည်း—

ဟူသော အဓိဋ္ဌာန်လေးချက် အဓိဋ္ဌာန်ခြင်းသည်လည်း လိုရာဖြစ်ရန် အဓိဋ္ဌာန်ခြင်းပင် ဖြစ်သည်။

ထွက်ရပ် ၂၀

ဤသို့လျှင် အဓိဋ္ဌာန-သဒ္ဒါဖြင့်ပြဆိုသည့် အဓိဋ္ဌာန်ခြင်း - ဆောက်တည်ခြင်း ဟူသမျှသည် ဤအဓိဋ္ဌာန်ခြင်းသုံးမျိုး၌ ထိုက်သည်အားလျော်စွာ သက်ဝင်ကြပေသည်။ အဓိဋ္ဌာန်ခြင်း ဟူသည်မှာလည်း ကျင့်လိုရာ-မှတ်လိုရာ-ဖြစ်လိုရာကို အာရုံပြု၍ စိတ်ဖြင့် ဆောက်တည်ခြင်းပင် ဖြစ်ကြောင်း သိနိုင်ပေသည်။

## သမာဒါန–ဆောက်တည်ခြင်း

ရှေးမြန်မာပညာရှိကြီးများသည် အဓိဋ္ဌာန-ဟူသော ပါဠိဝေါဟာရကိုသာ ဆောက်တည်ခြင်းဟု မြန်မာဝေါဟာရတ္ထဖြင့် ပြန်ဆိုသည်မဟုတ်ချေ။ သမာဒါန–ဟူသော ပါဠိဝေါဟာရကိုလည်း ဆောက်တည်ခြင်းဟု မြန်မာဝေါဟာရတ္ထဖြင့်ပင် ပြန်ဆိုလေ့ရှိကြပေသည်။

သမာဒါန-ဟူသော ပါဠိဝေါဟာရမှာ သံနှင့်အာ-ဟူသော ဥပသာရှေ့ပုဒ် ရှေ့မှာရှိသော ဒါ-ဓာတ်+အန-(=ယု) ပစ္စည်းဖြင့် ပုဒ်တစ်ခုဖြစ်ရာ ကောင်းစွာခံယူခြင်းဟု သဒ္ဒါနည်းအရ မြန်မာပြန်ရမည်ဖြစ်သည်။ သို့သော် ကောင်းစွာခံယူခြင်းဟု သဒ္ဒတ္ထအနက် မြန်မာပြန်ဆိုလေ့မရှိပဲ ဆောက်တည်ခြင်းဟု မြန်မာဝေါဟာရတ္ထ ပြန်ဆိုတော်မူခဲ့ကြသည်။

ဤနည်း ဖြင့်ပင် သမာဒိယာမိ - ကောင်းစွာခံယူပါ၏ ဟူရာ၌လည်း သဒ္ဒတ္ထကိုထား၍ ဆောက်တည်ပါ၏ဟု မြန်မာဝေါဟာရတ္ထ ပြန်ဆိုတော်မူလေ့ရှိကြပေသည်။

ဤသမာဒါန-သမာဒိယာမိ-တို့၌လည်း ကျင့်သုံးခြင်း သီလကုသိုလ်စိတ်ကို ဖြစ်ပေါ်စေရန် ဆောက်၍ တည်တံ့စေခြင်း, ထားခြင်းပင်ဖြစ်သောကြောင့် ဆောက်တည်ခြင်းဟု လည်းကောင်း၊ ဆောက်တည်ပါ၏ဟု လည်းကောင်း မြန်မာဝေါဟာရတ္ထ ပြန်ဆိုတော်မူခဲ့ကြခြင်း ဖြစ်ကြောင်း လေ့လာသိရပေသည်။

ဤ သမာဒါန-ဆောက်တည်ခြင်းမျိုးမှာ ဓုတင်သီလ-ငါးပါးသီလ-စသော စာရိတ္တသီလ, ဝါရိတ္တသီလ–အရာတို့၌သာ သုံးစွဲသည်ကို လေ့လာတွေ့ရှိရပေသည်။

ဖော်ပြခဲ့သည့် အဓိဋ္ဌာန-ဆောက်တည်ခြင်း, သမာဒါန-ဆောက်တည်ခြင်း နှစ်မျိုးရှိရာတွင် အဓိဋ္ဌာန-ဆောက်တည်ခြင်းမှာ အဓိဋ္ဌာန်ပါရမီအရာမှာ သုံးစွဲ၍ သမာဒါန-ဆောက်တည်ခြင်းမှာ သီလပါရမီအရာမှာ သုံးစွဲရိုး ရှိပေသည်။

အဓိဋ္ဌာန-ပါရမီသည် အခြားပါရမီတရားများကို ကျင့်သုံး၍ ပြီးမြောက်အောင်မြင်စေရန်အတွက် အဓိကလိုအပ်သော ပါရမီတရားကြီး ဖြစ်ပေသည်။ အဓိဋ္ဌာန်ပါရမီမရှိပဲ မည်သည့်ပါရမီမှ ပြည့်ဝ အောင်မြင်မည် မဟုတ်ချေ။ ထို့ကြောင့် စရိယာပိဋကအဋ္ဌကထာ၌ ဤ အဓိဋ္ဌာန ပါရမီ၏ သဘောလက္ခဏာကို—

ဗောဓိသမ္ဘာရေသု အဓိဋ္ဌာန လက္ခဏာ - သစ္စာလေးပါး တရား သိမြင်ကြောင်း ဗောဓိအဆောက်အအုံများကို ဆောက်တည်ခြင်း သဘောရှိသည်—(စရိယာ-ဋ္ဌ၊ နှာ-၂၇၃။)

ဟု ရေးသားဖွင့်ဆိုတော်မူပေသည်။

လောကီဘက်ဆိုင်ရာ ပညာရေး, စီးပွားရေး, နိုင်ငံရေး, စစ်မက်တိုက်ခိုက်ရေး-စသော ပြုလုပ်ဆောင်ရွက်ဖွယ် အရေးကိစ္စ ဟူသမျှမှာလည်း ခိုင်မြဲစွာ ကျင့်သုံးဆောက်တည်မှု အဓိဋ္ဌာန-ပါရမီတရားမရှိပဲ အောင်မြင်မှုကို ရနိုင်မည်မဟုတ်ချေ၊ မတုန်မလှုပ် စွဲစွဲမြဲမြဲ တည်တံ့ခိုင်မာစွာ မပြောင်းလွဲပဲ အဓိဋ္ဌာန်ဖြင့် ဆောက်တည်ဆောင်ရွက်ပါမှ ပြီးစီးအောင်မြင်မှုကို ရရှိနိုင်ကြမည် ဖြစ်ပေသည်။

ထို့ကြောင့် အရိယသစ္စာ အမှန်တရားကို သိမြင်မှု ဗောဓိဉာဏ်ကို ရယူ၍ ထွက်ရာလမ်း ပေါက်လိုသော စာရှုသူသည် အဓိဋ္ဌာနပါရမီကို ဖြည့်ကျင့်ပါဟု တိုက်တွန်းလိုပါသည်။

## (၉) မေတ္တာပါရမီ။

မေတ္တာ-ဟူသော ပါဠိဝေါဟာရကို ချစ်ခြင်း-ဟူ၍ မြန်မာပြန်ဆိုလေ့ရှိခဲ့သည်။ ထို့အတူပင် ပေမ-ပိယ-သိနေဟ-တို့ကိုလည်း ချစ်ခြင်းဟူ၍ပင် ပြန်ဆိုလေ့ရှိခဲ့ပေသည်။ သို့သော် ချစ်ခြင်းချင်း မတူကြပေ။

မြန်မာဝေါဟာရ ချစ်ခြင်းသည် အမျိုးမျိုးရှိသည်။ နေရာဌာန သို့လိုက်၍ အဓိပ္ပာယ်ကောက်ယူရသည်။ ထို့အတူပင် ချစ်ခြင်းအနက်ကို ဟောပြနိုင်သည့် မေတ္တာ - ပေမ - ပိယ-သိနေဟ—တို့သည်လည်း အမျိုးမျိုးကွဲပြား ခြားနားကြသည်။ အရာဌာနသို့လိုက်၍သာ အဓိပ္ပာယ် ကောက်ယူရပေသည်။

အမှန်စင်စစ် မူရင်းပါဠိဘာသာ မေတ္တာမှာ တရားကိုယ်အားဖြင့် မကြမ်းတမ်း မပြစ်မှားမှု အဒေါသ-တရားသာ ဖြစ်သည်။ သို့သော် မြန်မာဝေါဟာရ နယ်ပယ်သို့ရောက်၍ ဆင့်ပွားအနက်များ ဖြစ်ပေါ်လာသောအခါ သူတော်သူမြတ်များက သတ္တဝါအများအား ပွားများဖြန့်ဝေသည့် မူရင်းဖြစ်သော အဒေါသ-အရကောက်ရသည့် ချစ်ခြင်းမေတ္တာမှတပါး မိဘနှင့်သားသမီး, ညီအစ်ကိုမောင်နှမ - မိသားစု အချင်းချင်းထားရှိသည့် ချစ်ခြင်းမေတ္တာ၊ အဖို့အမ-သတ္တဝါတို့ အချင်းချင်း တပ်မက်ချစ်ခြင်းမေတ္တာဟူ၍ မေတ္တာများစွာ ပွားများလာသည်။

သူတော်သူမြတ်များ၏ သတ္တဝါများအပေါ် ထားရှိသည့် ချစ်ခြင်းမေတ္တာအရကို အပ္ပမညာမေတ္တာအဖြစ်သို့ ရောက်သော အဒေါသ-စေတသိက်တရား အရကောက်ရသည်။ အရကောက်ဆိုသည်မှာ ပင်ကိုသဘောတရားအစစ်ကို ရွေးထုတ် ကောက်ယူပြခြင်းကို ဆိုလိုသည်။ အပ္ပမညာ-မေတ္တာ ဆိုသည်မှာသည်း အတိုင်းမသိ ပိုင်းခြားချက်မရှိသော သတ္တဝါများကို အာရုံပြု ပွားများသော ချစ်ခြင်းမေတ္တာ-ဟု ဆိုလိုပေသည်။

မိဘနှင့်သားသမီး မိသားစုအချင်းချင်း ထားရှိသည့်မေတ္တာ-ဟူသည်မှာ အပ္ပမညာအဖြစ်သို့ မရောက်တတ်သေးသည့် သာမန်မေတ္တာတရားမျှသာဖြစ်သည်။ တရားကိုယ်မှာ အဒေါသ-စေတသိက်လည်း ဖြစ်သည်။ ဂေဟသိတ-ပေမခေါ် လောဘတရားလည်း ဖြစ်နိုင်ပေသည်။

ဖိုမ-သတ္တဝါတို့ အချင်းချင်းထားရှိသည့် ချစ်ခြင်းမေတ္တာ ဟူသည်မှာ အပ္ပမညာ - မေတ္တာလည်းမဟုတ်၊ သာမန် အဒေါသ-မေတ္တာလည်း

မဟုတ်ချေ။ တပ်မက်မှု-တဏှာ လောဘကို အရကောက်ရသည့် ချစ်ခြင်းမေတ္တာဖြစ်သည်။

အဒေါသ-အရကောက်ရသည့် ရှေ့မေတ္တာနှစ်မျိုး၏ ချစ်ခြင်းမှာ တပ်မက်တွယ်တာ ကပ်ငြိခြင်း သဘောမရှိချေ။ တဏှာလောဘ-အရကောက်ရသည့် မေတ္တာမှာ တပ်မက်တွယ်တာ ကပ်ငြိမှုသဘော ရှိပေသည်။

ဤသို့ မူရင်းမေတ္တာနှင့် ဆင့်ပွားမေတ္တာများအကြောင်း ခွဲခြားသိထားရန် လိုပေသည်။ သိပြီးလျှင် အရာကျယ်သော မေတ္တာကုသိုလ်တရားကြီးဖြစ်သည့် သူတော်သူမြတ်များက သတ္တဝါများအား ပွားများသည့် အပ္ပမညာ မေတ္တာဖြစ်နိုင်စေရန် မေတ္တာပါရမီဖြည့်ကျင့်ရာ၌ ဦးတည်ပွားများ ကျင့်သုံးရမည်။ သာမန် အဒေါသတရား—အရကောက်ရသည့် မိသားစုမေတ္တာကိုမူ အထိုက်အလျောက် အရာဌာနအားလျော်စွာ ဖြည့်ကျင့်ရပေမည်။ တဏှာ ရာဂ-အရကောက်ရသည့် ဖို့မ-ချစ်မေတ္တာမျိုးကို မဖြစ်စေရန် ရှောင်ရှားရမည်။ ပုထုဇဉ် သဘာဝ တဏှာမေတ္တာမျိုး ဖြစ်မိထားခဲ့ပါမူ တရားသဘောကို ဆင်ခြင်လျက် မိသားစုမေတ္တာဖြစ်စေရန်, အပ္ပမညာ မေတ္တာဖြစ်စေရန် ပြောင်းလွှဲရမည် ဖြစ်သည်။ သို့မှသာ တဆင့်တဆင့် မေတ္တာရင့်၍ မြင့်လာပေမည်။

မေတ္တာအစစ်မှာ မေတ္တာထားသူထံမှ ဘာတစ်ခုကိုမှ လိုချင်မှုမရှိပေ။ ထိုသူ စီးပွားချမ်းသာ စေလိုခြင်းသာ ဖြစ်သည်။ ယင်းသို့ စီးပွားချမ်းသာ ရှိစေလိုခြင်းသည်ပင် မေတ္တာ၏ သဘောလက္ခဏာ ဖြစ်ပေသည်။ ပါဠိဘာသာဖြင့်ဆိုလျှင် ဟိတာသုခပဝတ္တိလက္ခဏာ-ဟု ပြောရမည်ဖြစ်သည်။

သတ္တဝါအများအား စီးပွားချမ်းသာ ရှိစေလိုခြင်း—မေတ္တာ ရှိသည်မှန်လျှင် စိတ်အမူ-စိတ်ထဲမှာလည်း သတ္တဝါများ စီးပွားချမ်းသာ ဖြစ်စေရန်ကိုသာ ကြံစည်တွေးတောရမည်။ ဤသည်ကို မနောကံ မေတ္တာ-ဟု ခေါ်သည်။

နှုတ်အမှု ပါးစပ်မှပြောလျှင်လည်း သတ္တဝါများ စီးပွားချမ်းသာ ဖြစ်စေမည့်စကားကိုသာ ပြောရမည်။ ဤသည်မှာ ဝစီကံမေတ္တာ ဖြစ်သည်။

**ကိုယ်အမှု** ခြေလက်အင်္ဂါ လှုပ်ရှားခြင်း ဟူသမျှသည် သတ္တဝါများ စီးပွားချမ်းသာ ဖြစ်စေရန်သာ ပြုလုပ်ရမည်။ ဤသည်မှာ ကာယကံ မေတ္တာ ဖြစ်သည်။

ဟိတသုခပဝတ္တိလက္ခဏာခေါ်သော အပိုင်းအခြားမရှိသော သတ္တဝါတို့အပေါ်၌ စီးပွားချမ်းသာ ဖြစ်စေခြင်းသဘောရှိသည့် အပ္ပမညာ မေတ္တာတရားမှာ ဖော်ပြခဲ့သည့်အတိုင်း ကာမဝစရ မေတ္တာသုံးမျိုးမှ အရင်းခံ၍ မိမိအပါအဝင် သတ္တဝါအားလုံးအပေါ်၌-

| | |
|---|---|
| အဝေရာ ဟောန္တု | =ရန်မရှိကြပါစေကုန်၊ |
| အဗျာပဇ္ဈာ ဟောန္တု | =စိတ်ဆင်းရဲမှု မရှိကြပါစေကုန်၊ |
| အနီဃာ ဟောန္တု | =ကိုယ်ဆင်းရဲမှု မရှိကြပါစေကုန်၊ |
| သုခီ အတ္တာနံ ပရိဟရန္တု | =မိမိကိုယ်ကို ချမ်းသာအောင် ဆောင်ရွက်နိုင်ကြပါစေကုန်— |

ဟူ၍ အညီအမျှ ပွားများကာ ရူပကုသိုလ်ဖြစ်သော ဈာန်တရားများကို ရသည်အထိ ပွားများဖြည့်ကျင့်ရမည် ဖြစ်ပေသည်။ ကာမာဝစရ မေတ္တာ, ရူပါဝစရမေတ္တာ နှစ်မျိုးလုံးကိုပင် မေတ္တာပါရမီအဖြစ် မိမိ စွမ်းနိုင်သမျှ ဖြည့်ဆည်းပူရမည် ဖြစ်ပေသည်။ (ဤမေတ္တာပါရမီအတွက် မေတ္တာပွားနည်းမှာ ကျယ်ဝန်းလှပေသည်။)

မေတ္တာကို လိုရင်းတရားအစစ်အဖြစ် ကောက်ပြခဲ့သည့် အဒေါသ ခေါ် မပြစ်မှား မကြမ်းတမ်းမှု သဘောဖြစ်သည်။ ဖော်ပြခဲ့သည့် စိတ်ရန်သူ တစ်ဆယ့်လေးမျိုးထဲမှပါသည့် ဒေါသ၏ဆန့်ကျင်ဘက်တရား ဖြစ်သည်။

အထက်တန်းတရားကို ထိုးတွင်းသိမြင်လို၍ အထက်တန်းစားပုဂ္ဂိုလ် တစ်ဦးတစ်ယောက်သည် အခြားသတ္တဝါ ပုဂ္ဂိုလ်များအား ကြမ်းတမ်း

ပြစ်မှား ဒေါသထားနေသူတစ်ယောက် မဖြစ်သင့်ပေ။ တွေ့သမျှ မြင်သမျှ သတ္တဝါတွေအပေါ်၌ စီးပွားချမ်းသာ ဖြစ်စေလိုခြင်း-မေတ္တာထားကာ နူးညံ့သိမ်မွေ့ ပြေပြစ်ချောမွတ်စွာ ဆက်ဆံတတ်သူဖြစ်ရန် လိုအပ်ပေသည်။ ပြောဆိုခြင်း, လုပ်ကိုင်ခြင်း-ဟူသမျှ ခက်မာ ကြမ်းတမ်းမှုမရှိစေရန် လိုအပ်သည်။ ယင်းသို့ဖြစ်ရန်မှာ စိတ်ဓာတ်ကိုကပင် မကြမ်းတမ်း မပြစ်မှားမှု-အဒေါသဓာတ် မေတ္တာတရား လွှမ်းခြုံထားမှသာ ဖြစ်နိုင်ပေသည်။

ဤမေတ္တာပါရမီ ရင့်သန်သူသာလျှင် အခြားပုဂ္ဂိုလ်များအား ပေးကမ်းလှူဒါန်းခြင်း-ဒါနပါရမီကို ဖြည့်ကျင့်နိုင်မည်ဖြစ်သည်။ အခြားသတ္တဝါကို သတ်ဖြတ်ညှဥ်းဆဲမှု-ပါဏာတိပါတ—စသည်မှ ရှောင်ကြဉ်မှု-သီလပါရမီကို ဖြည့်ကျင့်နိုင်မည်ဖြစ်သည်။ ဤသို့စသည်ဖြင့် အခြားပါရမီတရားများကို ဖြည့်ကျင့်ရန်အတွက်လည်း မေတ္တာပါရမီ ရင့်သန်မှု လိုအပ်ပေသည်။

လောကီရေးမှာလည်း မေတ္တာတရားကို လူသားအားလုံး ပွားများကျင့်သုံးကြမည်ဆိုလျှင် တစ်ဦးနှင့်တစ်ဦး လုယက် တိုက်ခိုက်မှု, မတရားအမြတ်ကြီးစားမှု, ခေါင်းပုံဖြတ်မှု, အနိုင်ကျင့်မှု-စသည့် မတရားပြုကျင့်မှုများ၊ စစ်ဘေးစစ်ဒဏ်များ ပ-ပျောက်သွားမည်ဖြစ်သည်။ လူလောကကြီး အေးချမ်းသာယာ ပျော်ရွှင်ဖွယ်ရာ ဖြစ်ပေလိမ့်မည်။

အရိယသစ္စာ-အမှန်တရားကို သိခြင်း၏ အကြောင်းရင်း ဖြစ်သောမဂ္ဂင်ရှစ်ပါးတွင် **သမ္မာသင်္ကပ္ပ** ခေါ် ဒုတိယ-မြောက် မဂ္ဂင်တရားရှိသည်။ ယင်းသမ္မာသင်္ကပ္ပမဂ္ဂင်တွင် အဓိကဖြစ်သည့် အဝိဟိံသာသင်္ကပ္ပနှင့်အဗျာပါဒသင်္ကပ္ပနှစ်ပါး၏ တရားကိုယ် ဝိတက်တရားသည် ဤမေတ္တာတရား၏ တွဲဖက်မိတ်ဆွေကြီးဖြစ်သည်။

ဤသို့ဖော်ပြခဲ့သည့် အကြောင်းအမျိုးမျိုးတို့ကြောင့် အရိယသစ္စာအမှန်တရားကို သိမြင်ရန် ရည်သန်ကြိုးစားလိုပါသည်ဆိုလျှင် ဤမေတ္တာ

ပါရမီကိုလည်း မခြွင်းမချန် အပြည့်အဝ ဆည်းပူးရမည် ဖြစ်သည်။ (၁၀-ဒသမပိုင်း၊ နှာ ၃၇၆-၌ ပါရှိသော မေတ္တာပို့နည်းကိုလည်း ပြန်ကြည့်ပါ။)

## (၁၀) ဥပေက္ခာပါရမီ

ဆယ်ဆင့်မြောက် ဥပေက္ခာပါရမီသည် သဘောအဓိပ္ပာယ်ကို သိရန်လည်း ခက်သည်၊ ကျင့်သုံးရန်လည်း ခက်သည်။ ဥပေက္ခာပါရမီကို ခက်သောကြောင့် ချန်ထားပြီး အခြားလွယ်ကူသည့် ပါရမီတရားများ ဖြည့်ကျင့်ရုံမျှဖြင့်လည်း လိုအပ်သောဗောဓိဆုကို ရရှိရန်မလွယ်ကူချေ။ ပါရမီတဆယ်ပါး အပြည့်အစုံဆည်းပူးနိုင်ရမည်ဖြစ်သည်။

သဘောအားဖြင့် လေ့လာကြည့်ပြန်လျှင်လည်း ဥပေက္ခာပါရမီသည် **မဇ္ဈတ္တာကရလက္ခဏာ** ခေါ် အသယ်ကြားထဲမှာ နေခြင်းသဘောရှိပေသည်။ မုန်းခြင်း ချစ်ခြင်း ဟူသော သဘောတရားနှစ်ခု၏ အလယ်ကြားထဲမှာ တည်နေသည်ဟု ဆိုလိုပေသည်။ မုန်းခြင်းသည်-ဒေါသဖြစ်သည်၊ ချစ်ခြင်းသည်လောဘ ဖြစ်သည်။ (မေတ္တာလည်းဖြစ်သည်။) လောဘ, ဒေါသ နှစ်မျိုးလုံးသည်ပင် အစွန်းရောက်တရားများဖြစ်သည်။ အကုသိုလ်တရားများဖြစ်သည်။ မေတ္တာသည်လည်း တဏှာလောဘနှင့် နီးစပ်လှသည်။ဘေးမကင်းသည့်တရားဖြစ်သည်။ အမုန်း, အချစ်-ဒေါသ, လောဘတို့ဖြင့် ဝိုင်းရံလုံးထွေးနေသော စိတ်အစဉ်သည် အဓိက အကုသိုလ်ကြီးဖြစ်သော မောဟခေါ် အဝိဇ္ဇာတရား၏ ဖိစီးလွှမ်းမိုးခြင်းကို ခံနေသည်။ အရိယသစ္စာ-အမှန်တရား မသိနိုင်ချေ။

ဥပေက္ခာပုဒ်၌ ဥပ+ဣက္ခ-ဟု ပုဒ်နှစ်ခုခွဲရသည်။ ဥပ-သင့်တင့်စွာ၊ ဣက္ခ-ရှုမြင်မှု-ဟူ၍ အနက်ပြန်ရသည်။သင့်တင့်အောင် ရှုမြင်သုံးသပ်ခြင်းဟု အဓိပ္ပာယ်ရှိသည်။ မုန်းတီးမှုဒေါသဖြစ်ခြင်းသည်လည်း မသင့်မတင့်ခြင်းဖြစ်သည်။ ချစ်မှု-လောဘဖြစ်ခြင်းသည်လည်း မသင့်မတင့်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ယင်းမသင့်မတင့်သော သဘောတရားနှစ်မျိုးဘက်သို့ မကျရောက်စေပဲ အလယ်ကြားမှာ နေခြင်းကိုသာ သင့်တင့်

သော သဘောဟု ဆိုထိုက်ပေသည်။ ယင်းသို့ မုန်း+ချစ် မပြု အလယ် ကောင်နေမှုဟူသော သင့်တင့်သော ရှုမြင်သုံးသပ်မှုတရားကို ဥပေက္ခာ-ဟု ဗုဒ္ဓစာပေကျမ်းဂန်တို့၌ ရေးသားဖော်ပြပေသည်။

ဥပေက္ခာဆိုသည်မှာ ဘယ်လိုတရားဖြစ်ပါလေမည်နည်းဟု ပညာရှင် များ စိစစ်သုံးသပ်ကြည့်လျှင် ဉာဏ်မျက်စိထဲမှာ မုန်းခြင်း, ချစ်ခြင်းတို့မှ ကင်းငြိမ်းခြင်းသဘောပေတကားဟူ၍ ထင်လာတတ်ပေသည်။ ဤသည် ကို ပါဠိကျမ်းဂန်များ၌ ပဋိဃာနုနယဝူပသမပစ္စုပဋ္ဌာန-ဟုဆိုပေသည်။ (ပဋိဃ-မုန်းခြင်း၊ အနုနယ-ချစ်ခြင်း၊ ဝူပသမ-ကင်းငြိမ်းခြင်း ဟူ၍၊ ပစ္စုပဋ္ဌာန-ဉာဏ်၌ထင်သည်ဟု ဆိုလိုပေသည်။)

ကျမ်းဂန်တို့၌ ဥပေက္ခာ၏ သဘောကို ဖွင့်ဆိုရာ၌ ဥပေက္ခာသည် မုန်းတီးဖွယ် ချစ်ခင်ဖွယ် တို့၌ မုန်းခြင်း ချစ်ခြင်းမပြုပဲ အညီအမျှ စိတ် ထားနိုင်ခြင်း ရှုမြင်သုံးသပ်ခြင်းအလုပ်ကို လုပ်သည့်တရား (**သမဘာဝ ဒဿနရသာ**) ဟုဖော်ပြပေသည်၊

ယင်းဥပေက္ခာ တရားသည်လည်း မေတ္တာ ကဲ့သို့ပင် အပိုင်း အခြားမရှိသည့် မိမိအပါအဝင်သတ္တဝါအများ၌ ပွားရမည့် အပ္ပမညာ တရားဖြစ်သည်။ "သတ္တဝါအားလုံးသည် ကံတရားသာ အကြောင်းရှိ ရှိသည်" ဟူ၍ အညီအမျှရှုမှတ် ပွားများရပေသည်။

အထူးသဖြင့် အခြားပုဂ္ဂိုလ်သတ္တဝါ သခါ်ရတို့ကြောင့် မိမိကောင်း ခြင်းဖြစ်စေ, ဆိုးခြင်းဖြစ်စေ ဝမ်းသာမှု, ဝမ်းနည်းမှု, ချစ်ခင်မှု, စိတ်ဆိုးမှုမဖြစ်စေပဲ အတူအမျှ သဘောထားရမည်ဖြစ်ပေသည်။

ဤသည်မှာ ကာမာဝစရ ဥပေက္ခာဖြစ်သည်။ ယင်း ကာမာဝစရ ဥပေက္ခာကို အခြေခံထား၍ ရူပါဝစရဈာန်ဥပေက္ခာလည်း ရှိပေသေး သည်။ နှစ်မျိုးလုံးကိုပင်ဥပေက္ခာပါရမီအဖြစ် ဖြည့်ကျင့်ရမည်ဖြစ်သည်။ မိမိစွမ်းနိုင်သမျှ ဖြည့်ကျင့်နိုင်ပေသည်။ ရူပါဝစရဈာန် ဥပေက္ခာဖြစ် အောင် ပွားနည်းကို ရေးရလျှင် ကျမ်းစာအုပ်ကြီးတစ်ခု ဖြစ်သွားမည် စိုးသောကြောင့် ဤမျှဖြင့်ရပ်လိုက်ရပါသည်။

သူတော်သူမြတ်များ မလိုက်စားပဲ ရှောင်ရှားရမည့် အဂတိပ်ရား လေးပါးတွင် .. ဆန္ဒာဂတိ-ဟူသည်မှာ ချစ်ခင်မှု-လောဘအရင်းခံသည့် မကောင်းမှုတရားဖြစ်သည်။ ဒေါသာဂတိ-ဟူသည်မှာ မုန်းတီးမှု-ဒေါသ အရင်းခံသည့် မကောင်းမှုတရားဖြစ်သည်။ သူတော်သူမြတ်ဖြစ်ပါလျက် မိမိကိုယ်မှစ၍ အခြားဘယ်တရားသဘောကိုမှ ချစ်ခင်ယုယနေရန် မသင့် လျော်ချေ။မည်သည့်တရားသဘောကိုမှ မုန်းတီးရှုရှာနေရန် မသင့်လျော် ချေ။ ချစ်ခြင်း,မုန်းခြင်း အလျဉ်းမပြုပဲ လျစ်လျူရှု၍သာ နေရန်သင့် ပေသည်။

မိမိခန္ဓာကိုယ်ကို အရေးယူအလေးမူ၍ အကြောင့်ကြပြု ယုယပိုက် ထွေး ဦးစားပေး၍ နေထိမခံ ဗေထိဂျမ်ဖြစ်နေရန်လည်း မသင့်ပေ။ ချစ်သူခင်သူ ကြင်နာသူတွေအတွက် ချစ်ရေးထန်ပြင်း နောက်ဆံတင်းနေ ရန်လည်း မသင့်ချေ။ ဟိုလူကိုမကြည့်ချင်၊ ဒီလူကိုမျက်နှာချင်းမဆိုင်ချင် အောင် ရှုရှာမုန်းတီး ဒေါသကြီးနေရန်လည်း မတော်ပါချေ။ ရှိခိုးဦး တင် ဖူးမြင်ပူဇော်နေသော်လည်း ဝမ်းသာရွှင်မြူး ကြည်နူးစေရန် မသင့် ပေ။ ဆဲရေးတိုင်းထွာ အမနာပ ကဲ့ရဲ့ရှုတ်ချခြင်းခံရသော်လည်း မကြည် မလင် မရွှင်မှိုင်ငေး စိတ်လေးဒေါပွ နေရန်လည်း မလျော်ပါပေ။ ကောင်းဆိုးများစွာ သတ္တဝါသင်္ခါရ တရားဟူသမျှကို အညီအမျှထား ၍ ရှုမှတ်ပွားများသည့် ဥပေက္ခာပါရမီတရားကို လက်ကိုင်ထားနိုင်ရန် သာ သင့်လှပေသည်။

ယင်းသို့ ဥပေက္ခာပြု လျစ်လျူရှုခြင်းကို လေ့လာဖြည့်ကျင့်နိုင်မှသာ လျှင် အရိယသစ္စာလေး အမှန်တရားကို သိမြင်ခြင်း ဗောဓိဉာဏ်ကို ရနိုင်ပေမည်။

---

## ပါရမီဆယ်ပါးနိဂုံး

ဤသို့လျှင် တရားအမှန်ကိုသိမြင်ခြင်း အကြောင်းတရားဆယ်ပါးကို ဤကျမ်းအစမှပင် အစဉ်အတိုင်း ရေးသားဖော်ပြခဲ့ရာ "ပါရမီမြဲယှဉ်" ဟူသောလင်္ကာအရ ပါရမီဆယ်ပါးကို ဖြည့်ကျင့်ခြင်းအကြောင်းများ

ကို ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ဤမျှ ရေးသားဖော်ပြခြင်းဖြင့် အရိယသစ္စာ-အမှန်တရား သိမြင်လိုသူများ ဖြည့်ကျင့်ရမည့် ပါရမီတရား ဆယ်ပါး အကြောင်းအရာကို အထိုက်အလျောက် စာရှုသူတို့ သိမြင်နိုင်လောက်ပြီဟု ယုံကြည်ပါသည်။

ပါရမီဆယ်ပါး တရားမြတ်များသည် အသီးသီး သူ့အခန်းနှင့်သူ ဆိုင်ရာ၌ ဖော်ပြခဲ့သည့်အတိုင်း တစ်ပါးနှင့်တစ်ပါးဆက်နွယ်၍ ကျေးဇူးပြုနေကြသည့် တရားများ ဖြစ်ကြသည်။ သစ္စာလေးပါးတရားသိမြင်မှု-ဗောဓိဉာဏ်ရရှိရန်အတွက် မရှိမဖြစ်သော ဗောဓိသမ္ဘာရခေါ် ဗောဓိဉာဏ်၏ အကြောင်းရင်း အခြံအရံများဖြစ်ကြသည်။

ထို့ကြောင့် ပါရမီဆယ်ပါး အမြတ်တရားတို့သည် ဗောဓိဉာဏ်ရရှိရေးအတွက်မရှိမဖြစ်၊မကျင့်မဖြစ်သည့်တရားများ ဖြစ်ကြသည်။ တစ်ပါးပါးကို အဓိကထား ဖြည့်ကျင့်လျှင် အခြားပါရမီတရားများလည်း တန္တယ်ငင် တစည်ပါသဘောဖြင့် ဖြည့်ကျင့်ပြီးသား ဖြစ်သွားကြပေသည်။ ဤစကားထင်ရှားစေရန် **မဟာကပိ** ဇာတ်ကို ပုံစံအဖြစ်ဖော်ပြပါအံ့။

**မဟာကပိဇာတ်ကျဉ်း**

ဗုဒ္ဓရှင်တော်မြတ်အလောင်း မျောက်မင်းဖြစ်နေစဉ်အခါ ပုဏ္ဏားတစ်ယောက်သည် တောအတွင်းသွားလာယင်း နက်လှစွာသော ချောက်ထဲကျ၍ ပြန်မတက်နိုင်ပဲ ဒုက္ခရောက်နေသည်။ ထိုအခါ အလောင်းတော်မျောက်မင်းတွေ့ရှိ၍ ကယ်ဆယ်ရန်စီစဉ်သည်။

မျောက်မင်းသည် ပုဏ္ဏားကိုကျောပိုး၍ ချောက်နှုတ်ခမ်းပေါ်သို့ ခုန်တက်ရန် စိတ်ကူးသည်။ ခုန်တက်၍မနိုင်လျှင် မတော်တဆချော်ကျပြီး ဒုက္ခရောက်မည်ကို စိုးရိမ်သောကြောင့် ပုဏ္ဏားကိုယ်နှင့် အလေးချိန်ညီမျှသည့် ကျောက်တုံးတစ်လုံးကို သယ်ဆောင်၍ ခုန်တက်ကြည့်သည်။ အောင်မြင်သောအခါမှ ပုဏ္ဏားကိုကျောပိုး၍ ခုန်တက်သည်။ ချောက်ပေါ်မြေညီသို့ရောက်သောအခါ မျောက်မင်းမောဟိုက်နေလေပြီ။

ပုဏ္ဏားပြန်တက်၍ မရလောက်အောင် နက်စောင့်သည့် ချောက်တွင်းကြီးဖြစ်သည်။ ဤချောက်ကို ပထမ ကျောက်တုံးကြီးကိုသယ်ဆောင်၍ အားစိုက်ခုန်တက်ရသည်။ တော်တော်အားကုန်သွားပြီ။ ထို့နောက် ဒုတိယတစ်ကြိမ် ပထမအကြိမ်ထက် အားစိုက်၍ ပုဏ္ဏားကိုသယ်ဆောင်ကာ ခုန်ရပြန်သည်။ မျောက်မင်းလွန်စွာ မောဟိုက်လာသည်။ ထို့ကြောင့် အမောပြေ ပုဏ္ဏား၏ပေါင်ကို ခေါင်းအုံး၍ မျောက်မင်းအပန်းဖြေသည်။ မောလွန်းလှရာမှ သက်သာရကာ အိပ်ပျော်သွားသည်။

ထိုအခါ ပုဏ္ဏားအကြံပေါ်လာသည်။ ချောက်ထဲမှလွတ်၍ အသက်ချမ်းသာခဲ့ပြီ၊ အိမ်ပြန်ရောက်ရုံသာ လိုတော့သည်။ အိမ်ရောက်လျှင် မယားနှင့်သားသမီးများအတွက် ဘာမျှပေးဖွယ်လက်ဆောင် မရှိသေး။ ငါ၏ပေါင်ပေါ်မှာ စိတ်ချလက်ချ အိပ်မောကျနေသည့် ဤမျောက်ကြီးကို သတ်ယူသွားရလျှင် ကောင်းပေမည်ဟု ဆုံးဖြတ်ကာ အနီးရှိ ကျောက်တုံးကို မနိုင့်တနိုင်မ၍ မျောက်မင်း၏ ဦးခေါင်းကို ထုချလိုက်သည်။

ကျောက်တုံးက လေးသည်၊ ကျောက်တုံးကိုမ-ရာ၌ ချောက်ထဲကျ၍ အစာမစားရသည့်ပုဏ္ဏား အားရှိပါးရှိမ မ-နိုင်။ မျောက်မင်းကလည်း သန်မာ၍ အင်အားကြီးလှသည်။ ထိုအကြောင်းများကြောင့် ကျောက်တုံးထိ၍ မျောက်မင်းမှာ ဒဏ်ရာမပြင်း၊ ချက်ချင်းအိပ်ရာမှနိုး၍ ထထိုင်နိုင်သည်။ ခေါင်းမှကျောက်တုံးဒဏ်ရာကြောင့် သွေးများဖြာထွက်လာသည်။

ပထမသော် မျောက်မင်းထိတ်လန့်သွားသည်။ ထို့နောက်မှ အံ့ဩ၍သွားသည်။ ငါသည် ဤသူအား အသက်မသေစေရန် ကယ်ဆယ်ခဲ့သည်။ ဤသူကပင် အသက်ကိုကယ်ဆယ်သူ ငါ့အား အသက်သေးပြုကျောက်ခဲဖြင့် ခေါင်းကိုထုလိုက်လေပြီ.... "ဩော်... လောကမှာ ဤလိုလူမျိုး ရှိပေသေးသည်တကား" ဟူ၍ ထိတ်လန့် အံ့ဩစွာ ပုဏ္ဏားကို ကြည့်လိုက်သည်။

ပုဏ္ဏားသည် မိမိကဦးခေါင်းကို ကျော်ခဲ့ဖြင့် အပိုင်ထုလိုက်ပါလျက် မသေပဲထထိုင်ပြီး မိမိအား ကြည့်နေသည့် မျောက်မင်းကို သွေးရဲရဲဖြင့် တကိုယ်လုံး ရွှဲနေလျက် ကြောက်မက်ဖွယ် တွေ့မြင်ရလေရာ မိမိအား တုန့်ပြန်ရန်ပြုတော့မည်ဟု တွေးထင်ကာ ခွင့်လွှတ်ပါရန် ရှိခိုးတောင်းပန်လေသည်။ မျောက်မင်းကမူကား မိမိ၏အသက်ကယ်ဆယ်ခဲ့သည့် ပုဏ္ဏားအား သတ်ဖြတ်နှိပ်စက်ခြင်းမပြုပဲ မိမိကိုယ်ကိုသာ ထိန်းသိမ်းလျက်-

"ပုဏ္ဏား-ငကြောက်နဲ့၊ သင်အား ငါသည် ဤတောထဲမှထွက်နိုင်အောင် ကယ်တင်အံ့၊ သို့သော် ငါသည် သင်နှင့်အတူမသွားပဲ သစ်ပင်ထိပ်ဖျားများမှ ကူးသန်းသွားကာ သင့်ကိုလမ်းပြမည်၊ သင်သည် သင်၏လက်ချက်ဖြင့် ငါ၏ဦးခေါင်းမှ ထွက်ကျသော သွေးစက်များကိုကြည့်၍ မြေပြင်မှလိုက်ခဲ့လော့၊ ဤသို့ဖြင့် သင်သည် သင်၏နေရာ လူတို့ရွာသို့ ချမ်းသာစွာ ရောက်လိမ့်မည်"

ဟု ပြောဆိုပြီး သစ်ပင်များ ထိပ်ဖျားမှ သွေးစက်များချ လမ်းပြကာ ပုဏ္ဏား၏ ချမ်းသာခြင်းကို ဆောင်ရွက်ခဲ့လေသည်။

ပုဏ္ဏားသည်လည်း မိမိအား ချောက်ထဲမှ ကယ်တင်ခဲ့သည့် မျောက်မင်းအား မိမိကသေစေလို၍ ကျော်ခဲ့ဖြင့် ထုလိုက်သောကြောင့် မျောက်မင်း၏ ဦးခေါင်းကွဲသွားကာ ထွက်ကျလာသည့် သွေးစက်များကျရာ လမ်းစဉ်ကိုကြည့်ပြီး လိုက်ခဲ့လေရာ မကြာမီ မိမိနေထိုင်ရာရွာသို့ ပြန်ခဲ့လေသည်။ မျောက်မင်းသည် "အချင်း... ဤလမ်းအတိုင်းသွားလော့၊ လူများနေရာ မြို့ရွာသို့ ရောက်လိမ့်မည်"ဟု လမ်းညွှန်ပြကာ မျက်ရည်များကိုသုတ်လျက် ယိမ်းယိုင်နွဲ့ကွေးစွာ တောင်ပေါ်သို့ ပြန်တက်၍ တောနက်သို့ ဝင်သွားလေသည်။ ပုဏ္ဏားသည်လည်း ရေဆာ၍ရေသောက်ရန် ရေအိုင်တစ်ခုသို့ ချဉ်းကပ်သွားသောအခါ ရေအိုင်သည် သွေးပြည်အတိ ကျိုက်ကျိုက်ဆူ ပူလောင်နေ၍ မသောက်ရပဲ ပူလောင်သည့်ကိုယ်မှ အဖုအပိမ့်များထွက်ကာ ပေါက်ကွဲ၍ တကိုယ်လုံး

ခရုသင်းစွဲကာ နူရှိသွားပြီး ခုနစ်နှစ်တိုင်တိုင် ဒုက္ခဝေဒနာ ခံစားနေရပြီးနောက် မြေမျိုခံရကာ အဝီစိငရဲကျရှာလေသည်။ (ဇာ ၁၊ နှာ-၃၇၀။ ဇာ ၄-၅၊ နှာ-၆၉-၇၇) ဤမဟာကပိ ဇာတ်တော်၌ မှတ်ချက်နှင့် ဝေဖန်ချက်နှစ်မျိုး ရေးပြလိုပါသည်။

မှတ်ချက်မှာ–

"ဤလောက၌ လူယုတ်မာတို့၏ သဘောသည် မည်မျှလောက်ကျေးဇူးကြီးမား များပြားသူပင် ဖြစ်စေကာမူ အနည်းငယ်မျှလောက်သော မိမိအကျိုးအတွက် ရက်စက်မညှာ အသက်ခန္ဓာကြွေ၍ သေသည်အထိ ပြစ်မှားကျူးလွန်တတ်သည်" ဟူ၍ ဖြစ်ပေသည်။ ထို့ကြောင့် စာရှုသူများသည် "ကျေးဇူးရှိလျှင် ကျေးစွပ်တတ်သည်"ဟူသော ရှေးမြန်မာ ပညာရှင်ကြီးများ၏ စကားကို ဤမဟာကပိ ဇာတ်တော်အရ မှန်ကန်ကြောင်း ဆုံးဖြတ်သိရှိကြပြီး မိမိအတွက် အကျိုးများစေမည့် အမှန်တရား သိမြင်နိုင်ရန် ကျင့်သုံးရန်နှင့် ကျေးဇူးရှင်ကို မပြစ်မှားကြရန်အတွက် မှတ်သားကြစေလိုခြင်းပင်ဖြစ်သည်။

ဝေဖန်ချက်

ဤမဟာကပိဇာတ်တော်ကို ခြုံ၍ကြည့်ပါလျှင်–

၁။ မျောက်မင်းသည် ပုဏ္ဏားက ကျောက်ခဲဖြင့် မိမိ၏ ဦးခေါင်းကို ထုလိုက်သောအခါ တုန့်ပြန်သတ်ပုတ် ညှဉ်းဆဲခွင့်ရှိပါလျက် မည်သို့မျှ သတ်ပုတ် ညှဉ်းဆဲခြင်းမပြုပဲ အောင့်အည်း သည်းခံခြင်း, ပုဏ္ဏား၏ ကောင်းကျိုးကိုသာ ဆက်လက်ဆောင်ရွက်ခြင်းသည် သည်းခံမှု-ခန္တီပါရမီ ဖြည့်ကျင့် ဆည်းပူးကြောင်း သိနိုင်သည်။ ဤသည်မှာ အဓိက ပါရမီ ဖြစ်သည်။

၂။ ချောက်ထဲကျနေသည့် ပုဏ္ဏား၏အသက်ကို မသေစေရန် ကယ်တင်ခြင်းသည် ဇီဝိတဒါန-အသက်အလှူ ဖြစ်သည်။ မိမိ၏အင်အားကို ပုဏ္ဏား၏အသက်ရှင်ရေးအတွက် အသုံးပြုပေးလှူခြင်းသည် ဗလဒါန ဖြစ်သည်၊ ဒါနပါရမီ ဖြစ်သည်။

၃။ ပုဏ္ဏားအား သတ်ဖြတ်ညှဉ်းဆဲမှု မပြုခြင်း, ယုတ်ညံ့သော စကားများဖြင့် ဆဲရေးတိုင်းထွာမှုမပြုခြင်း, လူ့ရွာ လူ့ပြည်သွားရာလမ်းကို အမှန်အတိုင်း ညွှန်ပြခြင်း-စသည် တို့သည် ပါဏာတိပါတ-ဖရုသဝါစာ-မုသာဝါဒ-မကောင်းမှုဒုစရိုက်များမှ ရှောင်ကြဉ်မှု သီလပါရမီများဖြစ်သည်။

၄။ မိမိဘဝ အလျောက် မျောက်မကလေးများဖြင့် ပျော်ရွှင်စွာ သွားလာနေထိုင်ခွင့် ရှိပါလျက်, သစ်သီးသစ်ရွက် အစားအစာ များကို ပျော်ပါးစွာ မျောက်အသင်း အုပ်စုများနှင့်အတူ ရှာဖွေစားသုံးကာ ပျော်ရွှင်စွာ နေထိုင်နိုင်ခွင့်ရှိပါလျက် မနေမူ၍ တစ်ကောင်တည်းခွဲထွက်နေခြင်း, ဗောဓိဉာဏ်အတွက် ပုဏ္ဏားအသက်ကယ်ခြင်းတို့သည် နေက္ခမ္မပါရမီ ဖြစ်သည်။

၅။ ပုဏ္ဏားကို ချောက်ထဲမှ ကယ်တင်ရန် ကျောက်တုံးကို ရှေးဦးစွာ ချိန်ဆ၍ သယ်ဆောင်စုံစမ်းခြင်း, ပုဏ္ဏားကို မခသာစေရန် ကယ်တင်နိုင်ခြင်း, ပုဏ္ဏားကိုတုန့်ပြန် သတ်ဖြတ် ညှဉ်းဆဲခြင်းမပြုပဲ အသိဉာဏ်နှင့်ရှိဖြင့် ထိန်းချုပ်ထားနိုင်ခြင်း, တောထဲမှလူတို့နေရာရွာဆီသို့ရောက်အောင် လမ်းပြနိုင်ခြင်းတို့သည် ပညာပါရမီ ဖြစ်သည်။

၆။ ပုဏ္ဏားကို ချောက်ထဲမှ ကယ်ရာ၌လည်းကောင်း၊ လမ်းပြရာ၌ လည်းကောင်း မဖြစ်ဖြစ်အောင် ကြိုးဆောင်အားထုတ်ခြင်း, မလျှော့ခြင်းတို့သည် ဝီရိယပါရမီ ဖြစ်သည်။

၇။ ပုဏ္ဏားအား "သင့်ကို ဤချောက်ထဲမှ လွတ်မြောက်စေရန်ငါ ကယ်တင်မည်" "သင့်ကို လူတို့နေရာ ရွာသို့ရောက်စေရန် ငါ့ခေါင်းမှ ကျသော သွေးစက်ချလမ်းပြ၍ ပို့မည်"ဟူ၍ ကတိခံသည့် အတိုင်း ချောက်ပေါ်ရောက်အောင် ကယ်ပို့ခြင်း, လူ့ရွာရောက်အောင် လမ်းပြ ပို့ဆောင်ခြင်းတို့သည် သစ္စာပါရမီ ဖြစ်သည်။

၈။ "ဤပုဏ္ဏားကို ငါ ချောက်ကမ်းပေါ်ရောက်အောင် ပို့မည်" ဟု အဓိဋ္ဌာန်ဆောက်တည်ထားခြင်း, ဆောက်တည်ထားသည့် အတိုင်း

ပို့ဆောင်ခြင်း, "ဤ ပုဏ္ဏားကို ငါ ရန်တုန့်ပြန်မှုမပြု"ဟု ဆောက်တည် အဓိဋ္ဌာန် ထားခြင်း, အဓိဋ္ဌာန်ဆောက်တည်ထားသည့်အတိုင်း တုန့်ပြန် သတ်ပုတ်ညှဉ်းဆဲမှုမပြုပဲနေခြင်း, "ဤပုဏ္ဏားသည် တောထဲမှ လူတို့ရွာသို့ ရောက်အောင် မသွားနိုင်၊ မသွားတတ်၊ ငါသည်ချောက်ထဲမှ ကယ်တင်ခဲ့ သည့်နည်းတူပင် တောထဲမှလည်း ထွက်နိုင်အောင်ကယ်ဘင်ပေအံ့" ဟု အဓိဋ္ဌာန် ဆောက်ဘည်ထားသည့်အတိုင်း ပုဏ္ဏားက ကျောက်ခဲဖြင့်ထု၍ ကွဲနေသည့် မိမိဦးခေါင်းမှ ထွက်ကျသည့် သွေးစက်များခု၍ လမ်းပြကာယ် တင်ခြင်းသည် အဓိဋ္ဌာနပါရမီ ဖြစ်သည်။

၉။ ချောက်ထဲကျနေသူ ပုဏ္ဏား၏ ကောင်းကျိုးချမ်းသာဖြစ်ရေးကို ရှေးရှုလျက် ချောက်ထဲမှကျောပိုးနှင့်တက်ပြီး ကောင်းကျိုးချမ်းသာကို ဆောင်ရွက်ခြင်း, တောထဲမှာမျက်စိလည်၍ မသွားတတ်သူပုဏ္ဏားအား လူ့ဘုံနေရာရွာသို့ ရောက်စေကာ ကောင်းကျိုးချမ်းသာကို ဆောင်ရွက် ခြင်းတို့သည် မေတ္တာပါရမီ ဖြစ်သည်။

၁၀။ မိမိအားကျောက်ခဲဖြင့်ထု၍ မကောင်းကျိုးကိုလုပ်သည်ကို လည်းကောင်း၊ မိမိအားရှိခိုး၍ "ကျောက်ခဲဖြင့်ထုမိသည်မှာ မှားပါ ပြီ" ဟု တောင်းပန်သည်ကိုလည်းကောင်း ဝမ်းနည်းမှု-ဒေါသမဖြစ်၊ ဝမ်းသာမှု-လောဘ-သောမနဿ-မဖြစ်ပဲ မိမိကိုယ်ကို စောင့်ထိန်း၍ စိတ်ကို သင့်လျော်မှန်ကန်စွာ ထားနိုင် ရှုမြင်သုံးသပ် နိုင်ခြင်းသည် ဥပေက္ခာပါရမီ ဖြစ်ပေသည်။

ဤသို့လျှင် မဟာကပိဇာတ်တော်၌ ခန္တီပါရမီဖြည့်ကျင့်ခြင်းကို အဓိက ထား၍ အခြားပါရမီ ကိုးပါးနှင့်တကွ ပါရမီဆယ်ပါး အပြည့်အစုံ ဖြည့်ကျင့်ဆည်းပူးသည်ကို လေ့လာတွေ့ရှိနိုင်ပေသည်။

### ပါရမီဆယ်ပါးဖြည့်ကျင့်နည်းလေးမျိုး

ဖော်ပြခဲ့သည့် ပါရမီဆယ်ပါးကို ဗောဓိဉာဏ်အတွက် ဖြည့်ကျင့် ဆည်းပူးရာ၌ ဖြည့်ကျင့်ရမည့်အစီအစဉ် နည်းလေးမျိုးရှိသည်။

ယင်း နည်းလေးမျိုးမှာ–

၁။ အကြွင်းမဲ့ ဖြည့်ကျင့်ခြင်း၊ (နိရဝသေသဘာဝနာ၊)

၂။ အမြဲမပြတ်ဖြည့်ကျင့်ခြင်း၊ (နိရန္တရဘာဝနာ၊)

၃။ ကြာမြင့်စွာဖြည့်ကျင့်ခြင်း၊ (စိရကာလဘာဝနာ၊)

၄။ ရိုသေလေးစားစွာဖြည့်ကျင့်ခြင်း၊ (သက္ကစ္စဘာဝနာ)–

ဟူ၍ လေးမျိုးသော အခြင်းအရာဖြင့် ဖြည့်ကျင့်ဆည်းပူးရပေသည်။

၁။ အကြွင်းမဲ့ဖြည့်ကျင့်ခြင်း – ဟူသည် ပါရမီဆယ်ပါးရှိသည်တွင် အခွင့်အရေးရသည်အားလျော်စွာ ဆယ်ပါးလုံးကိုပင် အပြည့်အစုံဆည်းပူးရမည်ဟု ဆိုလိုသည်။ ဘယ်ပါရမီကိုတော့ ဘာဖြစ်လို့ မဖြည့်ကျင့်လို၊ ဘယ်ပါရမီမျှဖြည့်လျှင် တော်ပါပြီဟု အကြွင်းအကျန်မထားပဲ အားလုံးကိုပင် အခွင့်ရလျှင်ရသလို ဖြည့်ကျင့်ရမည်။

၂။ အမြဲမပြတ်ဖြည့်ကျင့်ခြင်း–ဟူသည် ပါရမီတွေ ဖြည့်ကျင့်ရသည်မှာ များလှပါပြီ၊ တခါတရံ နားနေလိုက်ပါဦးမည်–ဟု သဘောထားကာ ပါရမီဖြည့်ကျင့်ရန် ကြုံကြိုက်နေပါလျက် မဖြည့်ကျင့်ပဲ အနားယူ၍ မနေရ။ အမြဲမပြတ် တချစပ် ဆည်းပူးဖြည့်ကျင့်နေရမည်-ဟု ဆိုလိုသည်။

အလောင်းတော်ကြီးများ စျာန်ရသည့်ဘဝ များစွာရှိ၏၊ ဗြဟ္မာ့ပြည်သို့ရောက်၏။ ကာမာစရ ကုသိုလ်ပြု၏၊ လူ၏၊ သီလစောင့်၏၊ နတ်ပြည်ရောက်၏။ ဗြဟ္မာပြည် နတ်ပြည်များသည် ပြည့်စုံ၏၊ ဒါနပြုရန်မလွယ်၊ အခြားပါရမီဘုရားများ ဖြည့်ကျင့်ရန်မလွယ်။ ထို့ကြောင့် ပါရမီဖြည့်ကျင့်ဆည်းပူးနိုင်ရန် ဤလူ့ပြည်သို့ရောက်ရန် တောင့်တမှု - ပတ္ထနာပြု၍ အဓိမုတ္တိမရဏခေါ် အဓိဋ္ဌာန်ပြုသေခြင်းဖြင့် သေကြ၍ လူ့ပြည်သို့လာကာ ပါရမီဖြည့်ကျင့်ကြလေသည်။

ဤသည်မှာ အမြဲမပြတ် ပါရမီဖြည့်ကျင့်ခြင်း သဘောဖြစ်ပေသည်။

၃။ ကြာမြင့်စွာဖြည့်ကျင့်ခြင်း–ဟူသည်မှာ မိမိတို့ သတ်မှတ်ထားသည့် ဗောဓိအားလျော်စွာ ဖြည့်ကျင့်ရမည့်အချိန်ကာလ အပိုင်းအခြားပြည့်အောင် ကြာမြင့်စွာဖြည့်ကျင့်ရမည်-ဟု ဆိုလိုသည်။ ဥပမာ တစ်

နာရီ မီးဖိုပေါ်တင်၍ချက်မှ ကျက်မည့်ထမင်းအိုးသည် ထိုမီးဖြင့် မိနစ်နှစ်ဆယ်၊ သုံးဆယ်ဖြင့် မကျက်နိုင်ပေ။ မိနစ်သုံးဆယ်ထား၍ ရပ်ပြီး မိနစ်နှစ်ဆယ်ကြာ၍ အေးသွားကာမှ လိုသည့်မိနစ်သုံးဆယ် ထပ်တင်ခြင်းဖြင့် မိနစ်(၃၀+၂၀+၃၀=၈၀)ရှစ်ဆယ်ကြာသော်လည်း ထမင်းဖြစ်မည်မဟုတ်ချေ။ တရှိန်တည်း မိနစ် ၆၀-(တစ်နာရီ) တည်မှသာ ထမင်းဖြစ်မည့် သဘောမျိုးပင်ဖြစ်သည်။

၄။ **ရိုသေလေးစားစွာ** ဖြည့်ကျင့်ခြင်း–ဟူသည်မှာ ပါရမီဖြည့်ကျင့်ရာ၌ ဝတ်ကျေဝတ်ကုန် ဖြည့်ကျင့်သည်ဆိုလျှင် ပြီးစတမ်း မဖြည့်ကျင့်ရချေ။ "ငါသည် ဤပါရမီ ကုသိုလ်ထူးကို ဖြည့်ကျင့်ဆည်းပူးခြင်းကြောင့် အလိုရှိသော ဗောဓိဉာဏ်ကို အမှန်ရပေလိမ့်မည်"ဟု ကြံစည်စဉ်းစားပြီး ပါရမီကုသိုလ်ကို ဖြည့်ကျင့်ရမည်ဟု ဆိုလိုပေသည်။

သီချင်းဆို၍ ပရိသတ်ထံမှ ပိုက်ဆံတောင်းသူသည် ပရိသတ်သဘောကျ နှစ်သက်စေရန် သီချင်းကောင်းကောင်းကို ရွေးချယ်၍ အသံကို မိမိဘက်နိုင်သမျှ ကောင်းအောင်ညှိ၍၊ မိမိတတ်နိုင်သမျှ စည်းချက်ကျစေ၍၊ မိမိတတ်နိုင်သမျှ အမူအရာလှုပ်ရှားမှုပြု၍ ဆိုရသည်။ ပရိသတ်သဘောကျစေရန် အထူးဂရုစိုက်၍ သီချင်းဆိုမှု၌ လေးစားရိုသေစွာ သီဆိုမှုပြုသည့်ကဲ့ပင်လျှင် ပါရမီရှင်သည် ဗောဓိဉာဏ်ကို ရရှိရေးအတွက် ပါရမီတရားများကို ရိုသေလေးစားစွာ ဖြည့်ကျင့်ရမည် ဖြစ်ချေသည်။

ဤသို့လျှင် ပါရမီဆယ်ပါးကို လေးမျိုးသော အခြင်းအရာ အင်္ဂါလက္ခဏာဖြင့် ဆည်းပူးကျင့်သုံးရမည်ဟု ကျမ်းဂန်တို့၌ ပြဆိုပေသည်။ (စရိယာ-ဋ္ဌ၊ နှာ-၂၇၃၊ စသည်။)

## ပါရမီကုသိုလ်အကျိုးတရား

ပါရမီတရားတွေကို ဖြည့်ကျင့်လျှင် ဘယ်လိုအကျိုးရမည်နည်း-ဟူသော မေးခွန်းကို မေးသင့်လှပေသည်။ အကျိုးကိုမသိရပဲ ပါရမီတွေကို မည်သူမျှ ကျင့်သုံးလိုကြမည် မဟုတ်ပါပေ။

ပါရမီဆယ်ပါးကို တစ်ခုစီကြည့်ပါ။ မကောင်းသည့်တရား တစ်ခုမျှ တွေ့ရမည် မဟုတ်ပါ။ ထိတ်ထိတ်ကြဲ ကောင်းမြတ်သည့် တရားတွေသာ ဖြစ်သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ယင်း တရားထူးတရားမြတ်တွေကို သစ္စာလေးပါး သိမြင်မှု-ဗောဓိဉာဏ်အတွက် ဆည်းပူးကျင့်သုံးသည် ဆိုပြန်တော့-ကာမာဝစရကုသိုလ်တရားတို့တွင် အမြတ်ဆုံးဖြစ်သည့် တိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ် တရားများသာ ဖြစ်ရပေမည်။ အကောင်းအမြတ်ထွတ်ဖူး တရားထူးများသာ ဖြစ်ရပေတော့သည်။

ယင်းအကောင်းဆုံး အကြောင်းတရား ကုသိုလ်များက အကောင်းဆုံး အကျိုးကိုသာ ပေးမည်မှာ အလွန်သေချာလှသည်။

ပထမဆုံး လိုလားတောင့်တ ရည်ရွယ်သည့် ဗောဓိဆုကိုရခြင်း ဟူသောအကျိုး ပေးမည်ဖြစ်သည်။

ပါရမီဆယ်ပါး ကျင့်သုံးမှု ကုသိုလ်သည် ကာမာဝစရ ကုသိုလ်များထဲတွင် အလွန်ကောင်းမွန် ထူးမြတ်သည့် ကုသိုလ်တရားများ ဖြစ်သောကြောင့် အလွန် ကောင်းမွန်ထူးမြတ်သည့် အကျိုးတရားများကို ဖြစ်စေသည်။ ကာမတစ်ဆယ့်တစ်ဘုံတွင် အကောင်းဆုံးလူ့ဘုံ, နတ်ဘုံ တို့မှာသာ ဖြစ်ရသည်။ ဖြစ်ပြန်သောအခါ၌လည်း အထက်တန်းကျသော—

၁။ အသက်ရှည်သူ၊ (အာယုသမ္ပဒါ၊)
၂။ အမျိုးမြတ်သူ၊ (ကုလသမ္ပဒါ၊)
၃။ လူအများကိုလွှမ်းမိုးနိုင်သူ၊ (ဣဿရိယသမ္ပဒါ၊)
၄။ ဩဇာအာဏာကြီးသူ၊ (အာဒေယျဝစနတာ၊)
၅။ ရုပ်ရည်ကောင်းသူ၊ (ရူပသမ္ပဒါ၊)
၆။ တန်ခိုးကြီးသူ၊ (မဟာနုဘာဝတာ၊)—

များသာဖြစ်ရသည်။ (စရိယာ-ဋ္ဌ၊ နှာ-၃၂၃။) ထိုငါးပါးတို့တွင်—

၁။ အသက်ရှည်သူ-ဟု ဆိုခြင်းဖြင့် အနာရောဂါကင်း၍ ကျန်းမာရေးနှင့်ပြည့်စုံကာ တောင့်တင်းသန်မာ အာမာအပန်းကင်းကွာသူ ဖြစ်ရပေမည်။ ဤသူမျိုးကိုမှ "အာယုသမ္ပဒါ—အသက်နှင့်ပြည့်စုံခြင်းရှိသူ" ဟု ဆိုနိုင်ပေသည်။

၂။ အမျိုးမြတ်သူ-ဟုဆိုခြင်းဖြင့် ဘိုး, ဘွား, မိဘ-မျိုးရိုးစဉ်ဆက် အထက်တန်းကျ စည်းစိမ်ဥစ္စာပြည့်ဝသူမျိုးသာ ဖြစ်ရမည်။ ဆင်းရဲနွမ်းပါး လက်လုပ် လက်စား မထင်မရှား သာမန်လူအညံ့စားများ မဖြစ်ရပေ။ သို့မှ "ကုလသမ္ပဒါ-မျိုးရိုးနှင့်ပြည့်စုံသူ" ဟု ဆိုထိုက်ပေသည်။

၃။ လူအများကိုလွှမ်းမိုးနိုင်သူ-ဟုဆိုခြင်းဖြင့် လူအများ၏ ဦးစီးခေါင်းဆောင်ဖြစ်၍ ကောင်းရာကောင်းကြောင်း ညွှန်ကြားပြသ ဆုံးမနိုင်သူ၊ထင်ရှားကျော်စောသူ၊ လူအများက လေးစားရိုသေခြင်းခံရသူမျိုးဖြစ်ရမည်-ဟု ဆိုလိုပေသည်။ စီးပွားရေး, ပညာရေး အားလုံးပြည့်စုံသူ ဖြစ်ရပေမည်။ သို့မှသာ" ဣဿရိယသမ္ပဒါ-လူအများကိုလွှမ်းမိုးနိုင်သူ" ဖြစ်ပေသည်။

၄-ဩဇာအာဏာကြီးသူ-ဟုဆိုခြင်းဖြင့် ထော်လော်ကန့်လန့် ဆန့်ကျင်ဘက်ပြုလုပ်သည့် ပုံကန်လွန်ဆန်သူမရှိပဲ လူများ အပေါင်းထက် ထူးကဲမြင့်မြတ်သူသာ ဖြစ်ရမည်-ဟု ဆိုရပေမည်။ ဤသူမျိုးကိုမှ "အာဒေယျဝစနတာ-ဩဇာအာဏာစက် ထက်မြက်စူးရှ အများက စကားကိုလိုက်နာရသူ"ဟုဆိုထိုက်ပေသည်။

၅။ ရုပ်ရည်ကောင်းသူ-ဟု ဆိုသည်မှာ ရုပ်တရားဆိုင်ရာ အားလုံးကောင်းသူဟု ဆိုလိုသည်။ မျက်စိ, နား, နှာခေါင်း, သွား, အသား, အရေ,ခြေလက် အင်္ဂါ, ကိုယ်နေကိုယ်ဟန်, အသံဩဇာ- ရုပ်ပိုင်းဆိုင်ရာ အားလုံးကောင်းရမည်။ သို့မှ "ရူပသမ္ပဒါ- ရုပ်ရည်ကောင်းသူ"ဟု ဆိုထိုက်ပေသည်။

၆။ တန်ခိုးကြီးသူ-ဟုဆိုခြင်းဖြင့် အစစအရာရာ ကိုယ်က သာလွန်မြင့်မြတ်သည်၊ကိုယ့်ထက်သာ၍ ကိုယ့်ကိုစိုးပိုင် ကျော်နိုင်သူ မရှိပဲ အခြားသူများက ခ-ယ-ဆည်းကပ် တုပ်ပျပ်ရိုသေခြင်းခံသူမျိုးကိုသာ "မဟာနုဘာဝ-ဘုန်းတန်ခိုးကြီးသူ"ဟု ဆိုထိုက်သည့်ပုဂ္ဂိုလ်မျိုးဖြစ်ပေသည်။

ဤသည်တို့ကား ပါရမီတရားဆယ်ပါးကို ဖြည့်ကျင့်ဆည်းပူးသူပုဂ္ဂိုလ်များ ရရှိနိုင်သည့် အကျိုးတရားများ ဖြစ်ပေသည်။စာရှုသူသည်

လည်း မြင့်မြတ်လှစွာသော အရိယသစ္စာ - အမှန်တရားကို သိမြင်ရန် အတွက် ပါရမီဆယ်ပါး သူမြတ်တို့၏ကျင့်စဉ်များကို ပွားများကျင့်သုံး ဆည်းပူးမည်ဆိုပါလျှင် ဖော်ပြခဲ့သည့်အတိုင်း ပါရမီကုသိုလ်ထူး၏ အကျိုးတရားထူးများကို မုချကေန် အမှန်ပင် ခံစားရရှိမည်ဖြစ်ပါသည်။ အရိယသစ္စာ-အမှန်တရားကိုသိမှု ဗောဓိဆုလည်း ပြည့်ဝ-ရရှိမည်ဖြစ်ပါ သည်။

ဤမျှ ရေးသားဖော်ပြခြင်းဖြင့် ပါရမီဆယ်ပါးနှင့် ဆိုင်ရာသိသင့် သမျှကို တော်တော်စုံစုံလင်လင် သိမြင်နိုင်ကြပြီဟု ယုံကြည်ပါသည်။ ဤ ထက်ကျယ်ဝန်းစွာ ပြဆိုရပါလျှင် ပါရမီအဖွင့်ကျမ်းကြီးတစ်ဆူ ဖြစ် သွားပါလိမ့်မည်။ စာရှုသူများ အားမရသေး၍ လေ့လာကြည့်ရှုလိုသည် ဆိုပါလျှင်—

**လယ်တီဆရာတော်၏—**

ပါရမီဒီပနီ,

ဥတ္တမပုရိသဒီပနီ၊

**တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု အရှင်ဝိစိတ္တ သာရာဘိဝံသ-၏—**

ဗုဒ္ဓသာသနမဟာဗုဒ္ဓဝင်၊ ပထမတွဲ၊ ပထမပိုင်းမှ အနုဒီပနီ။

**မူရင်းဒေသနာတော်ဖြစ်သည့်—**

ဗုဒ္ဓဝင်ပါဠိတော်နှင့်အဋ္ဌကထာ၊

စရိယာပိဋကပါဠိတော်နှင့် အဋ္ဌကထာ-ပါဠိကျမ်းကြီးများ၊

**အဂ္ဂမဟာပဏ္ဍိတ တောင်လေးလုံးဆရာတော်၏—**

ပါရမီအလင်းပြကျမ်း—စသည်တို့ကို ကြည့်ရှုလေ့လာရန် တိုက်တွန်း လိုပါသည်။ ဤကျမ်း၌မူ တရားနိဒါန်း ဟူသောအမည်နှင့်အညီ ဤမျှ သာ ဖော်ပြရေးသားလျှင် စာရှုသူများ ကျေနပ်လောက်ပြီဟု ထင်မြင် ပါသည်။

# ၁၃။ ဗေဒသုသမ္မာအပိုင်း

## ဤအပိုင်း၌

- ★ ဗေဒင်ကျမ်း နိဒါန်းပဏ္ဏာသရုပ်၊
- ★ ဗေဒင်တရားများ၏ အကျိုးတရား၊
- ★ ဗေဒင်တရားများ၏ သဘောတရား၊ ဗေဒင်တရားဖြစ်ကြောင်းတရား၊
- ★ ဗေဒင်တရားပွားများနည်း- များကို ပြည့်ပြည့်စုံစုံ လေ့လာ နိုင်ရန် ရေးသား ဖော်ပြထားသည်။

# ၁၀။ ဗောဇ္ဈင်တရားကို ပွားများ ဖြည့်ကျင့်ရခြင်း

ဗောဇ္ဈင် ခုနစ်ပါးလင်္ကာ

သတိ, ပညာ၊ ဝီရိယာ, ပီတိ၊
ပဿဒ္ဓိနှင့်၊ သမာဓိ, ဥပေက္ခာ၊ ခုနစ်ဖြာကား၊
နိဗ္ဗာနဓာတ်၊ တရားမြတ်ကို၊
ဆတ်ဆတ်မြင်သိ၊ ဗောဓိမည်မှန်၊ မဂ်လေးတန်၏၊
ဖြစ်ရန်အင်္ဂါ၊ ဗောဇ္ဈင်္ဂါဟု၊
မြတ်စွာဘုရား၊ ဟောညွှန်ကြားသည်၊
လေးပါးမဂ်ဉာဏ် ဖြစ်ကြောင်းတည်း။

### ဗောဇ္ဈင်အဓိပ္ပာယ်

ဗောဇ္ဈင်-ဟူသော မြန်မာစကားသည် ဗောဇ္ဈင်္ဂ-ဟူသော ပါဠိစကားလုံးမှ သက်ဆင်းလာသည့် ပါဠိသက် မြန်မာဝေါဟာရဖြစ်သည်။

ဗောဇ္ဈင်္ဂ-ဟူသော ပါဠိစကားလုံး၌ ဗောဓိနှင့်အင်္ဂဟူသော ပုဒ်နှစ်ခုပါဝင်နေသည်။ ဗောဓိ-ဟူသော ပါဠိဝေါဟာရသည် နိဗ္ဗာန်တရားကို ထိုးထွင်းသိတတ်သော မဂ်လေးပါး၏ အမည်ဖြစ်သည်။ အင်္ဂ-ဟူသော ပါဠိဝေါဟာရသည် အကြောင်းဟူ၍ မြန်မာပြန်ဆိုရသောပုဒ် ဖြစ်သည်။ ယင်းဗောဓိနှင့် အင်္ဂ-ပုဒ် နှစ်ခု တွဲလိုက်သောကြောင့် ဗောဇ္ဈင်္ဂ-ဟု ဝေါဟာရတစ်ခု ဖြစ်လာသောအခါ "နိဗ္ဗာန်ကို ထိုးထွင်း သိမြင်တတ်သောကြောင့် ဗောဓိအမည်ရှိသော မဂ်ဉာဏ်လေးပါးဖြစ်ခြင်း အကြောင်းတရား"ဟု အဓိပ္ပာယ်ရှိပေသည်။

မှန်ပေသည်၊ ယင်း သတိ, ပညာ, ဝီရိယ-စသော တရားခုနစ်ပါးတို့၏ မျှတညီညွတ်ခြင်း ထက်မြက်သည့်စွမ်းအားကြောင့်သာ ဗောဓိအမည်ရှိ မဂ်တရားလေးပါး ဖြစ်ပေါ်ရပေသည်။ ထို့ကြောင့် သတိ-စသော တရားခုနစ်ပါးကို ဗောဇ္ဈင်္ဂ-ဗောဇ္ဈင်ဟူ၍ ခေါ်ဆိုရပေသည်။

**သမ္ဗောဇ္ဈင်အဓိပ္ပာယ်**

မဂ်တရားလေးပါးဟူသော ဗောဓိသည်ပင်လျှင် အလွန်ကောင်းမြတ်သော တရားများဖြစ်သောကြောင့် "သံ" ဟူသော စကားလုံးဖြင့် အထူးပြု၍ သံဗောဓိ=သမ္ဗောဓိ-ဟု အမည်တစ်မျိုးရပြန်သည်။ ယင်းသမ္ဗောဓိ-ဖြစ်ကြောင်းအင်္ဂါ တရားဖြစ်သော သတိ-စသည့်ခုနစ်ပါးကို သမ္ဗောဇ္ဈင်္ဂ-သမ္ဗောဇ္ဈင်ဟု ခေါ်ရပြန်ပေသည်။ သစ္စာအနက် တစ်ဆယ့်ခြောက်ပါးအပြည့်အစုံဖြင့် သိမြင်ခြင်းဟု ဆိုလိုသည်။ ထို့ကြောင့် ဗောဇ္ဈင်နှင့် သမ္ဗောဇ္ဈင်ဟူသော စကားနှစ်မျိုးသည် သဘောအဓိပ္ပာယ်တရားအရကောက် အတူတူပင်ဖြစ်သည်။

ယင်းဗောဇ္ဈင်တရား ခုနစ်ပါးရှိသောကြောင့် ဆရာကြီးဦးစာကျော်က ဗောဇ္ဈင်ခုနစ်ပါးကို အနက်အဓိပ္ပာယ်နှင့်တကွ လင်္ကာရေးသား၍ ရွတ်ဆိုပြပါသည်။ ယင်းဗောဇ္ဈင်တရား ပွားများရခြင်းသည် ဤကျမ်းစာအုပ်၏ အဓိက–ပဓာနအကျဆုံး လိုရင်းအပိုင်းဖြစ်သောကြောင့် တစ်ပါးစီ၏သဘော အဓိပ္ပာယ်နှင့် ပွားများနည်းကို ရေးသားဖော်ပြပါအံ့။ စာရှုသူတို့သည် သတိထား၍ လေးစားစွာဖတ်ရှုတော် မူကြစေချင်ပါသည်။

**ဗောဇ္ဈင်ခုနစ်ပါး**

(၁) သတိသမ္ဗောဇ္ဈင်၊
(၂) ဓမ္မဝိစယ (ပညာ) သမ္ဗောဇ္ဈင်၊
(၃) ဝီရိယသမ္ဗောဇ္ဈင်၊
(၄) ပီတိသမ္ဗောဇ္ဈင်၊
(၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်၊
(၆) သမာဓိသမ္ဗောဇ္ဈင်၊
(၇) ဥပေက္ခာသမ္ဗောဇ္ဈင်—

ဟူ၍ ဗောဇ္ဈင်တရားသည် ခုနစ်ပါးရှိပါသည်။

**ဗောဇ္ဈင်တရားအကျိုးများ။**

ဗောဇ္ဈင်တရားခုနစ်ပါးကို ပွားများပါလျှင် ရနိုင်သည့် အကျိုးတရားများမှာ–

(က) ရောဂါဝေဒနာပျောက်ကင်းခြင်း၊
(ခ) မာရ်မင်း၏ စစ်သည်များကို နှိပ်နင်းနိုင်ခြင်း၊
(ဂ) သံသရာဒုက္ခများ ငြိမ်းအေးစေနိုင်ခြင်း၊
(ဃ) မဂ်ဖိုလ်တရားကို ရနိုင်ခြင်း၊
(င) နိဗ္ဗာန်သို့ရောက်စေနိုင်ခြင်း–

ဟူသော မြင့်မြတ်လှစွာသော အကျိုးတရားများကို ရရှိစေနိုင်ပေသည်။

ယင်းသို့ အကျိုးတရားများကို ရရှိစေနိုင်ပုံ ထင်ရှားစေရန် ဘုရားဟောစာပေကျမ်းဂန်တို့မှာ လာသည့်အတိုင်း ဖော်ပြပါအံ့။

**(က) ရောဂါပျောက်ခြင်း။**

မြတ်စွာဘုရားရှင်၏ မဟာသာဝကခေါ် တပည့်ကြီးဖြစ်တော်မူသော အရှင်မဟာကဿပ မကျန်းမမာ ဖြစ်နေသောအခါ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ကြွသွားတော်မူ၍ ရောဂါအခြေအနေကို မေးမြန်းတော်မူသည်။ မသက်သာကြောင်း ပြန်ကြားလျှောက်ထားသောအခါ ဘုရားရှင်က ဗောဇ္ဈင်တရားကို ဟောတော်မူသောကြောင့် ရောဂါပျောက်သွားလေသည်။

ထို့အတူပင် လက်ဝဲတော်ရံ အဂ္ဂသာဝကခေါ် အမြတ်ဆုံးတပည့်ကြီး အရှင်မောဂ္ဂလာန် မကျန်းမမာ ဖြစ်နေသောအခါ၌လည်း ဗုဒ္ဓရှင်တော်မြတ်က ဤဗောဇ္ဈင်တရားကို ဟောသောကြောင့် ရောဂါပျောက်ခဲ့လေသည်။

ဗုဒ္ဓရှင်တော်မြတ်ဘုရားကိုယ်တော်တိုင် မကျန်းမမာ ဖြစ်သောအခါ၌ အရှင်စုန္ဒကို ဗောဇ္ဈင်တရားကို အရွတ်ခိုင်းကာ နာကြားတော်မူခြင်းဖြင့် ရောဂါပျောက်ငြိမ်းတော်မူလေသည်။

ဤသည်မှာ မဟာဝဂ္ဂသံယုတ် ဂိလာနသုတ်(သံ ၃-နှာ ၇၁-၇၂-၇၃)၌ မှတ်တမ်းတင်ထားသည့် ဗောဇ္ဈင်တရား ရောဂါပျောက်ခြင်း အကြောင်း ဖြစ်သည်။ ယခုခေတ်သုံး ဆယ်စောင်တွဲစာအုပ် ပရိတ်ကြီးတစ်ဆယ့်တစ် သုတ်ထဲမှာ ဗောဇ္ဈင်္ဂသုတ်အမည်ဖြင့် နံပါတ်တစ်ဆယ်မှာ တည်ရှိသည်။ ယင်း ဗောဇ္ဈင်္ဂသုတ်မှာ ဖော်ပြခဲ့သည့် သံယုတ်ပါဠိတော်ရှိ ဂိလာန သုတ်သုံးခုလာ အဓိပ္ပာယ်များကို ဂါထာဖွဲ့သီ၍ ရှေးဆရာကြီးများ ရေးသားထားခြင်းဖြစ်သည်။ “သစ္စဗောဇ္ဈင်သုတ်”ဟု ခေါ်ကြသည်။

ဤနှောင်းခေတ်အခါမှာလည်း ယင်းသစ္စဗောဇ္ဈင်သုတ်ကို ရွတ်ဖတ် ခြင်း, နာယူခြင်းဖြင့် ရောဂါဝေဒနာပျောက်ကင်းသူပေါင်းများစွာပင် ရှိပေသည်။ ဤသည်မှာ ဗောဇ္ဈင်တရားတော်က ရောဂါဝေဒနာပျောက် စေခြင်းဖြစ်သည်။

## (ခ) မာရ်စစ်သည်ကိုနှိမ်နင်းခြင်း

မာရ်-ဟူသောမြန်မာစကားသည် ပါဠိဘာသာ “မာရ”မှ လာသည့် ပါဠိသက် ဝေါဟာရ ဖြစ်သည်။ မာရ ဟူသော ပါဠိဝေါဟာရသည် သတ်ဖြတ်ညှဉ်းဆဲ နှောင့်ယှက်တတ်သူ-ဟု အနက်အဓိပ္ပာယ်ရှိသည်။

သူတော်ကောင်းတရား ပွားများအားထုတ်သူတို့အား မာရ-အမည်ရှိ မာရ်နတ်သည် လာရောက် နှောင့်ယှက်လေ့ ရှိသည်။ ဗုဒ္ဓရှင်တော်မြတ် ဘုရား ဘောသွက်စဉ်ကလည်း တောမထွက်ရန် မာရ်နတ် လာ၍ တားဆီး နှောင့်ယှက်ခဲ့သည်။ဗောဓိပင်နှင့်ရွှေပလ္လင်ကို“လုသည်။ဘုရားဖြစ်ပြီးနောက် ၌လည်း မာရ်နတ်လာ၍ မကြာမကြာ ပရိနိဗ္ဗာန်စံရန် လျှောက်ထားလေ့ ရှိသည်။ ဘုရားတပည့် ရဟန်း,ရဟန်း မိန်းမများ တရားပွားများရာ၌ လည်း လာ၍အနှောင့်အယှက် ပေးတတ်သည်။

ဤအကြောင်းများကြောင့် သူတော်ကောင်းတရား ပွားများအား ထုတ်ခြင်း မပြုနိုင်စေရန် နှောင့်ယှက်တတ်သည့် မကောင်းမှု အကုသိုလ် တရားများကိုလည်း **မာရ်နတ်မင်း၏စစ်သည်** ဟု တင်စား ဟောကြား ထားခြင်းဖြစ်သည်။

ဗောဇ္ဈင်တရား ခုနစ်ပါးသည် ယင်းမာရ်မင်း၏ စစ်သည်များကို မချဉ်းကပ်နိုင်စေရန်၊ ပြိုကွဲပျက်စီးသွားစေရန် နှိမ်နင်းဖျက်ဆီးတတ်သည်။ ထို့ကြောင့် အရိယသစ္စာခေါ် အမှန်တရား သိမြင်ရန် ကျင့်သုံးလိုသူများသည် ဗောဇ္ဈင်တရားများကို ပွားများအားထုတ်သင့်ပေသည်။ ဗောဇ္ဈင်တရားများက နှိမ်နင်းဖျက်ဆီးနိုင်သည့် မာရ်မင်း၏စစ်သည် ကိလေသာတရားများကို, သိရှိသွားကြစေရန် အကျဉ်းချုပ်မျှ ဖော်ပြပါအံ့။

မာရ်မင်းစစ်သည်ဆယ်မျိုး

၁။ ပဌမစစ်သည်တော် - လိုချင်တပ်မက်ခြင်း၊ (ကာမ၊)
၂။ ဒုတိယစစ်သည်တော် - သူတော်ကောင်းတရား ကျင့်သုံးရန် မပျော်ပိုက်ခြင်း၊ (အရတိ၊)
၃။ တတိယစစ်သည်တော် -မွတ်သိပ်ဆာလောင်ခြင်း၊ (ခုပ္ပိပါသာ၊)
၄။ စတုတ္ထစစ်သည်တော် - ငြိကပ် တပ်မက် တွယ်တာခြင်း။ (တဏှာ၊)
၅။ ပဉ္စမစစ်သည်တော် - လေးလံထိုင်းမှိုင်းခြင်း၊ (ထိနမိဒ္ဓ၊)
၆။ ဆဋ္ဌစစ်သည်တော် - ကြောက်ရွံ့ခြင်း၊ (ဘီရု၊)
၇။ သတ္တမစစ်သည်တော် - သူတော်ကောင်းတရား စသည်၌ ယုံမှားခြင်း၊ (ဝိစိကိစ္ဆာ၊)
၈။ အဋ္ဌမစစ်သည်တော် - သူများဂုဏ်ကိုဖျက်ခြင်း၊ မိမိဂုဏ်ကို ထောင်ခြင်း၊ (မက္ခ၊ ထမ္ဘ၊)
၉။ နဝမစစ်သည်တော် - လာဘ်ချခြင်း၊ကျော်စောခြင်း၊ပူဇော်ခံခြင်း၊ မမှန်မကန် အခြွေအရံများခြင်း၊ (လာဘ၊ သိလောက၊ သက္ကာရ၊ မိစ္ဆာယသ၊)
၁၀။ ဒသမစစ်သည်တော် - မိမိကိုယ်ကိုချီးမြှောက်ခြင်း။ သူတပါးကိုနှိမ့်ချခြင်း၊ (အတ္တုက္ကံသန၊ ပရဝမ္ဘန၊)—

ဟူ၍မာရ်မင်းမှာ စစ်သည်တော်ဆယ်မျိုးရှိပေသည်။ (ခု ၁၊နှာ-၃၄၂။)

ဤ မာရ်မင်း၏စစ်သည်ဘော်သည် ဆယ်မျိုးသာဖြစ်သည်၊ ဆယ်ယောက်မဟုတ်ပေ။ တစ်မျိုးတစ်မျိုး၌ ရာပေါင်း ထောင်ပေါင်းများစွာရှိပေသည်။ ဤကမ္ဘာလောက ရှိရှိသမျှ တရားပွားများအားထုတ်သူများကို ဝင်ရောက်ပူးကပ် နှောင့်ယှက်နေတတ်ကြလေသည်။

ယင်းစစ်သည်ဓတာ်ဆယ်မျိုးတွင် နဝမစစ်သည်တော်သည် အလွန်ဆိုးဝါးလှချေသည်။ သူတော်ကောင်းတရားပွားများ၏ အောင်မြင်ခါနီးလေလေ ချဉ်းကပ်၍ တိုက်ကွက်ဆင်လေလေဖြစ်သည်။ အချို့ စာတတ်ပေတတ် ပရိယတ်အကျော်အမော် ပုဂ္ဂိုလ်ကြီးများမှာ ဤနဝမစစ်သည်တော်လက်နက် ထိမှန်ခံရပြီး ကျဆုံးသွားကြရလေသည်။ တရားထူးတရားမြတ်ကို ပိုင်နိုင်ရရှိစေရန် မစွမ်းနိုင်ကြချေ။ အလွန်ကြောက်ဖွယ်ကောင်းလှသည်။ ယင်း နဝမ-မာရ်မင်း၏ စစ်သည်တော်နှင့် တကွအခြားမာရ်စစ်သည်ဟူသမျှကို ဗောဇ္ဈင်တရားပွားများလျှင် နှိမ်နင်းအောင်မြင်နိုင်သည်။ မာရ်စစ်သည်ကို နှိမ်နင်းနိုင်ကြောင်းကို—

> ချစ်သားရဟန်းတို့....မာရ်စစ်သည်ကို နှိမ်နင်းနိုင်သည့် ကျင့်စဉ်လမ်းကို သင်တို့အား ငါဘုရားဟောကြားပေအံ့၊ မာရ်စစ်သည်ကို နှိမ်နင်းနိုင်သည့် ကျင့်စဉ်လမ်းကား-ဗောဇ္ဈင်တရားခုနစ်ပါးအကျင့်လမ်းစဉ်ပင်ဖြစ်ပေသည်-

ဟူ၍ မာရသေနပ္ပမဒ္ဒန-သုတ်(သံ ၃၊ နှာ-၈၈)၌ ဟောကြားတော်မူပေသည်။

ဤအကြောင်းကို ထောက်ထား၍ 'ဗောဇ္ဈင်တရားကျင့်သုံးလျှင် မာရ်စစ်သည်ကို နှိမ်နင်းနိုင်ကြောင်း မှတ်သားသင့်လှပေသည်။

## (၈) သံသရာဒုက္ခများချုပ်ငြိမ်းအေးစေနိုင်ခြင်း

သံသရာဘေးဒုက္ခ ဟူသည်မှာ သံသရာမှာကျင်လည်ကျက်စားနေရသမျှ ကျင်လည်ကျက်စားနေရသူတိုင်း မတိမ်းသာမရှောင်သာ တွေ့ကြုံခံစားရသည့် ဆင်းရဲဒုက္ခဖြစ်သည်။ ယင်းတို့မှာ—

၁။ ပဋိသန္ဓေနေရခြင်း၊
၂။ အိုရခြင်း၊
၃။ နာရခြင်း၊
၄။ သေရခြင်း၊
၅။ ချစ်ခင်သူနှင့်ကွဲရခြင်း၊
၆။ မုန်းသူနှင့်တွဲရခြင်း၊
၇။ လိုရာမရခြင်း၊
၈။ မလိုရာရခြင်း–

ဟူသော ဘေးဒုက္ခများဖြစ်သည်။ ယင်းဒုက္ခများကား အလွန်ပင်လျှင် သတ္တဝါတို့အား ညှဉ်းဆဲနှိပ်စက်တတ်လှချေသည်။ တစ်ဘဝ တစ်ကြိမ် တစ်ခါမျှမကပေ။ ဘဝပေါင်းများစွာ အကြိမ်ကြိမ်အခါခါ သံသရာ ရှည်သမျှ ညှဉ်းဆဲနှိပ်စက်တတ်ကြသည့် ဒုက္ခများဖြစ်ပေသည်။

ဗောဇ္ဈင်တရားတော်သည်ကား ပွားများအားထုတ်လျှင် ကေန်မုချ ပင် အရိယသစ္စာခါ အမှန်တရားကိုသိမြင်မှု-ဗောဓိဉာဏ်ကို ရစေနိုင် သောကြောင့် ယင်းသံသရာဒုက္ခများမှ ကင်းပစေနိုင်ပေသည်။ မှန်ပါ သည်၊ ဗောဇ္ဈင်တရားပွားများ၍ အရိယသစ္စာကိုသိမြင်လျှင် အနည်း ဆုံးအကျိုးတရားမှာ သောတာပန် ဖြစ်နိုင်သည်။ သောတာပန်သည် ခုနစ်ဘဝသာ သံသရာဒုက္ခကို ခံစားရတော့မည်။ ခုနစ်ဘဝဆိုလျှင် သံသရာဝဋ်မှလွတ်ပေပြီ။

ထို့ထက်လွန်၍ သကဒါဂါမိဖြစ်လျှင် တစ်ကြိမ်သာ ကာမဘုံမှာ ဖြစ်၍ သံသရာဝဋ်က လွတ်ချန်သေချာပေပြီ။ ထို့ထက်ကျော်လွန်၍–

အနာဂါမ်ဖြစ်လျှင် ကာမဘုံ၌ လုံးဝဖြစ်ခွင့်မရှိတော့ပြီ။ ရဟန္တာ ဖြစ်ပြီး ဝဋ်ဇာတ်ရတ်သိမ်း ဒုက္ခငြိမ်း၍ နိဗ္ဗာန်ရောက်ပေတော့မည်။

ရဟန္တာပုဂ္ဂိုလ်ဖြစ်လျှင်မူကား ပြောဖွယ်ပင်မလိုတော့ပြီ။ ဤစက္ခု မျက်မှောက်ဘဝမှာပင် စိတ်ဆင်းရဲခြင်း လုံးဝကင်းလေပြီ။ ဤဘဝမှ

လွတ်မြောက်လျှင်လည်း သံသရာဝဋ်ဒုက္ခပြတ်ရာ နိဗ္ဗာန်သို့ရောက်ရပေတော့မည် ဖြစ်သည်။

ယင်း အသခ်တဓာတ်ခေါ် ပူပြင်ခြင်းကင်းပြတ်သည့် နိဗ္ဗာန်တရားမြတ်သည်ကား ဖော်ပြခဲ့သည့် ပဋိသန္ဓေနေခြင်း,အိုခြင်း-စသော သံသရာဒုက္ခအားလုံး ကုန်ဆုံးကင်းပြတ်သည့် တရားတော်မြတ်ဖြစ်ပေသည်။

**(ဃ) မဂ်တရားဖိုလ်တရားကို ရနိုင်ခြင်း**

လောက၌ ရှေးအစဉ်အလာ ပြောဆိုရိုးရှိသည်မှာ "**ကိုယ့်အမည်ကိုယ်ခေါ် သူတော်ခုနစ်ပါး**"ဟူ၍ စကားထာဝှက်လေ့ရှိသော စကားပင်ဖြစ်ပေသည်။ ယင်းစကားထာ၏ အဓိပ္ပာယ်အဖြေမှာ—

၁။ တောက်တဲ့၊
၂။ ခွေးခေါ်ရစ်ငှက်၊
၃။ တစ်တီးတူးငှက်၊
၄။ ဒီးဒုတ်ငှက်၊
၅။ ဇီးကွက်ငှက်၊
၆။ ရွှေပြည်စိုးငှက်၊
၇။ ဥဩငှက်-

တို့ဖြစ်ပေသည်။ ဤသည်မှာ ရှေးလူကြီးများက နောင်လာနောက်သားတို့ မိမိပတ်ဝန်းကျင်ရှိ တိရစ္ဆာန်များ၏ မြည်အော်သံနှင့် ယင်းတိရစ္ဆာန်များကို လေ့လာမှတ်သားမှု ရှိ-မရှိ သိသာရန် ဉာဏ်စမ်းထားခြင်း ဖြစ်ပေသည်။

ယခုခေတ် ကျယ်ကျယ်ပြန့်ပြန့် လေ့လာကြသောအခါ **မြင်းဝင်ငှက်ကတ္တဝါငှက်**များသည်လည်း မိမိတို့အမည်ကိုပင် ဟစ်အော် မြည်တွန်တတ်ကြပေသည်။

ဤတိရစ္ဆာန်များတွင် "တောက်တဲ့" မည်သံကြားပါလျှင် "ဘာကောင်လဲ" ဟုမေးလျှင် အများကရယ်သွမ်းသွေးမှုကို ခံရတတ်ပေသည်။ ဤအတူပင်လျှင် ဗောဇ္ဈင်-ဟူသောအမည်မှာ ဗောဓိ-ပုဒ်နှင့် အင်္ဂ-ပုဒ်

နှစ်ပုဒ်ပေါင်းစပ်ထားသည်။ ဗောဓိ-မှာ သစ္စာလေးပါး တရားကို ထိုးထွင်းသိဘတ်သော မဂ်တရားနှင့် မဂ်ပုဂ္ဂိုလ်-ဟူသော အနက် အဓိပ္ပာယ် ရှိပေသည်။ အင်္ဂ-မှာ အကြောင်းအင်္ဂါတရား-ဟု အနက် အဓိပ္ပာယ်ရှိသည်။ ဗောဓိနှင့်အင်္ဂ နှစ်ပုဒ်ပေါင်းလိုက်သောအခါ(ဗောဓိ+ အင်္ဂ=)ဗောဇ္ဈင်္ဂ-ဟု တစ်ပုဒ်ဖြစ်လာသည်။ သစ္စာလေးပါး, နိဗ္ဗာန်တရား ကို ထိုးထွင်းသိဘတ်သော မဂ်တရား, မဂ်တရားနှင့်ပြည့်စုံသောပုဂ္ဂိုလ်ဖြစ် စေနိုင်သည့် အကြောင်းတရား-ဟု အဓိပ္ပာယ်အနက် ရှိပေသည်။ ဗောဇ္ဈင်္ဂ ပါဠိဝေါဟာရကို ဗောဇ္ဈင်-ဟု မြန်မာပြန်ခြင်းဖြစ်သည်။

ယင်းသို့ ဗောဇ္ဈင်ဟူသော အသည်းကပင် မဂ်တရားကို ဖြစ်စေနိုင် သော အကြောင်းတရားဖြစ်ကြောင်း ဖော်ပြနေသည် ဖြစ်ပေရာ မဂ် တရားဖြစ်စေပုံကို အထူးရှင်းပြဖွယ်မလို-ဟု ထင်ပါသည်။ မဂ်တရားကို ဖြစ်စေနိုင်လျှင် မဂ်တရားတို့မည်သည် စိတ္တက္ခဏ တစ်ချက်တည်းသာ ဖြစ်လျက် မိမိ၏အခြားမဲ့မှာပင် ဖိုလ်တရားဖြစ်စေမြဲ ဓမ္မတာသဘော ရှိသောကြောင့် ဖိုလ်တရားကို ဖြစ်စေနိုင်ကြောင်းကို အထူးရှင်းပြဖွယ် လိုမည်မထင်ပါ။ ထို့ကြောင့်ပင် ဗောဇ္ဈင်ပွားလျှင် မျက်မှောက်ဘဝ မှာ အနာဂါမ်, ရဟန္တာဖြစ်နိုင်ကြောင်းကို အညတရဖလသုတ် (သံ ၃၊ နှာ-၁၀၃)၌ ဟောတော်မူထားပေသည်။

## (င) နိဗ္ဗာန်တရားကိုရရှိစေနိုင်ခြင်း

ဗောဇ္ဈင်တရားပွားများလျှင် ရဟန္တာဖြစ်စေနိုင်ကြောင်း အနာဂါမ် ဖြစ်စေနိုင်ကြောင်း သံယုတ်ပါဠိတော်လာ အညတရဖလ-သုတ်၌ ဟော ကြားတော်မူခဲ့သည်။ ရဟန္တာ-ပုဂ္ဂိုလ် ဟူသည်မှာ အရဟတ္တမဂ် တရား ရပြီး အခြားမဲ့မှာဖြစ်ပေါ်သည့် အရဟတ္တဖိုလ် စိတ်နှင့်ပြည့်စုံသောပုဂ္ဂိုလ် ဖြစ်သည်။ ရဟန္တာ ပုဂ္ဂိုလ် မဖြစ်သေးမီက အနာဂါမ်ပုဂ္ဂိုလ် ဖြစ်ရ သေးသည်။

အနာဂါမ်ပုဂ္ဂိုလ်-ဟူသည်မှာလည်း အနာဂါမိမဂ် ဖြစ်ပြီးအခြားမဲ့ မှာဖြစ်ပေါ်လာသည့် အနာဂါမိဖိုလ် စိတ်နှင့် ပြည့်စုံသည့်အနာဂါမိဖိုလ် ပုဂ္ဂိုလ်ဖြစ်သည်။

တွက်ရာ ၃၀

ယင်းအနာဂါမိဖိုလ်ပုဂ္ဂိုလ် မဖြစ်သေးမီက **သကဒါဂါမိ** ဖိုလ်ပုဂ္ဂိုလ် အဆင့် ဖြစ်ရသေးသည်။ ယင်း သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်မဖြစ်ပဲ ကျော်၍ အနာဂါမ်ပုဂ္ဂိုလ်ဖြစ်ခွင့်မရှိချေ။ သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်-ဟူသည်မှာလည်း **သကဒါဂါမိမဂ်** စိတ်နှင့် ပြည့်စုံသည့် သကဒါဂါမိမဂ်ပုဂ္ဂိုလ် ဖြစ်ပြီးမှ စိတ္တက္ခဏ-တစ်ချက်လွန်၍ သကဒါဂါမိဖိုလ်စိတ်ဖြစ်ကာ ယင်း စိတ်နှင့်ပြည့်စုံသည့် ဖိုလ်ပုဂ္ဂိုလ် ဖြစ်နိုင်သည်။

သကဒါဂါမ် ပုဂ္ဂိုလ်ဖြစ်ရန်မှာလည်း **သောတာပတ္တိမဂ်ပုဂ္ဂိုလ်, သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်**တို့မှ အစဉ်အတိုင်း အဆင့်ဆင့်ပြောင်းလဲ လာရပေသည်။ အဆင့်ကျော်၍ အစဉ်ကျော်၍ မဖြစ်နိုင်ချေ။ ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ် ဖြစ်နိုင်ကြောင်း ပြဆိုခြင်းဖြင့် အခြားသော အောက်အောက် မဂ်တရား, ဖိုလ်တရားများ ရခဲ့ပြီးဖြစ်ကြောင်း သိသာပေသည်။ ယင်းသို့ **မဂ်လေးပါး, ဖိုလ်လေးပါး** ရပြီးလျှင်လည်း နိဗ္ဗာန် သို့ ဆိုက်ရောက်ရမည်မှာ သေချာပေသည်။ ထို့ကြောင့်ဘုရားရှင်က—

ဂင်္ဂါမြစ်ရေသည် အစဉ်အတိုင်းစီးဆင်း၍ မဟာသမုဒ္ဒရာသို့သာ ဆိုက်ရောက် စီးဝင်သကဲ့သို့ ဗောဇ္ဈင်တရား ပွားများလျှင် နိဗ္ဗာန်သို့သာ ဆိုက်ရောက်မည်-

ဟု (သံ ၃၊ နှာ-၁၁ဂ) ဂင်္ဂါပေယျာလသုတ်၌ ဟောတော်မူသည်။

ဤမျှဖော်ပြခြင်းဖြင့် ဗောဇ္ဈင်ခုနစ်ပါးအကျိုးတရားငါးပါး ပြည့်စုံပေပြီဖြစ်ရာ ကျွန်ုပ်၏ဆရာ ဦးစာကျော်က အောက်ပါဗောဇ္ဈင်တရား အကျိုးငါးပါးလင်္ကာကို စပ်ဆိုရွတ်ပြပါသည်၊

### ဗောဇ္ဈင်အကျိုးတရား ၅—ပါးလင်္ကာ

ဗောဇ္ဈင်တရား၊ အကျိုးများမှာ၊
နာဖျားပျောက်ငြင်၊ မာရ်စစ်နိုင်၍၊
သင်သရာဘေး၊ မဂ်ဖိုလ်ရလျက်၊
နိဗ္ဗာနဝင်၊ ဤငါးအင်သည်၊
ဗောဇ္ဈင်ခုနစ်ပါး အကျိုးတည်း။

## ဗောဇ္ဈင်ခုနစ်ပါးသဘောတရား

ဖော်ပြခဲ့သည့်အတိုင်း အကျိုးတရားကြီးမားလှစွာသော ဗောဇ္ဈင်တရားခုနစ်ပါးတို့သည် အသီးအသီး မိမိတို့ဆိုင်ရာ သဘောလက္ခဏာရှိကြပေသည်။ မိမိတို့ဆိုင်ရာ ဖြစ်ပေါ်စေနိုင်သော အကြောင်းတရားများလည်း ရှိကြပေသည်။

အရိယာသစ္စာခေါ် အမှန်တရားကို သိမြင်ရန် ဗောဇ္ဈင်တရားကို ကျင့်ကြံပွားများလိုသော ဗုဒ္ဓဘာသာဝင် ပင်စင်အငြိမ်းစားများ၊ ပင်စင်အငြိမ်းစားအရွယ်များနှင့် ထွက်ရာလမ်းစဉ်ကို လိုက်လိုသူများသည် ဗောဇ္ဈင်တရားတို့၏ အသီးအသီးသောသဘောလက္ခဏာနှင့် ဖြစ်ကြောင်းတရားများကို ရှေးဦးစွာ ပိုင်ပိုင်နိုင်နိုင် သိမြင်ထားသင့်ကြပေသည်။

လောက၌ ရောဂါဝေဒနာစွဲကပ်၍ ရောဂါဝေဒနာကိုပျောက်ကင်းစေနိုင်သည့် ဆေးနည်းကို အလွန်တရာ တတ်သိလိမ္မာလှစွာသော သမားတော်ဆေးဆရာကြီးက ညွှန်ကြားပေးလိုက်လျှင် ယင်းဆေးနည်း၌ပါသော ဆေးဖက်ပစ္စည်းများ၏ လက္ခဏာ, ဂုဏ်, ရသ, ဝိပါက-များကိုလည်း သိမြင်ရန်လိုအပ်ပေသည်။ ဖော်စပ်ပုံပြင်နည်းနှင့် စားသုံးမှီဝဲရမည့် အစီအစဉ်ကိုလည်း စနစ်တကျ တတ်သိနားလည်ပြီး ဖော်စပ်မှီဝဲမှသာလျှင် ရောဂါပျောက်ကင်း ချမ်းသာခြင်းကို ရရှိနိုင်ကြမည် ဖြစ်ပေသည်။

ထို့ကြောင့် ဗောဇ္ဈင်ခုနစ်ပါးတရားတို့၏ သဘောလက္ခဏာနှင့် ဖြစ်ပေါ်စေနိုင်သော အကြောင်းတရားများကို ရေးသားဖော်ပြပါအံ့။

### (၁) သတိသမ္ဗောဇ္ဈင်

သတိသမ္ဗောဇ္ဈင်ဟူသည်မှာ အောက်မေ့မှုသတိသည်ပင်လျှင် နိဗ္ဗာန်ကို ကောင်းစွာ ထိုးထွင်းသိမြင်တတ်သည့် သမ္ဗောဓိအမည်ရှိ မဂ်ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ-ဟူ၍ ဆိုလိုပေသည်။

ယင်း သတိသမ္ဗောဇ္ဈင်၏ မူရင်းတရားကိုယ်မှာ သတိ-ဟူသော စေတသိက်ပရမတ္ထတရားဖြစ်သည်။ စေတသိက်ငါးဆယ့်နှစ်ပါးတို့တွင် ကုသိုလ်စိတ်မှာသာယှဉ်သည့် သောဘဏစေတသိက် တစ်ဆယ့်ကိုးပါးမှာ ပါဝင်သော စေတသိက်ဖြစ်သည်။ ယင်းသို့ပင် ကုသိုလ်စိတ်တိုင်းမှာ သတိ-စေတသိက်ရှိသော်လည်း ပေးကမ်းလှူဒါန်းမှု-ဒါနကုသိုလ်၊ ကျင့်သုံး စောင့်ထိန်းမှု - သီလ ကုသိုလ်တို့၌ ရှိသော သတိစေတသိက်သည် သတိသာခန်သာ ဖြစ်သည်။ နိဗ္ဗာန်ကို ထိုးထွင်း သိနိုင်သောကြောင့် ဗောဓိအမည်ရသည့် မဂ်ပုဂ္ဂိုလ်နှင့် မဂ်တရား၏အကြောင်းသမ္ဗောဇ္ဈင်ကား မဖြစ်နိုင်ချေ။

သတိပဋ္ဌာန် တရားကို ပွားများသော ယောဂါဝစရပုဂ္ဂိုလ်၏ ဥဒယဗ္ဗယဉာဏ်မှစ၍ အသက်ဝိပဿနာဉာဏ်တို့နှင့် ယှဉ်သော သတိ စေတသိက်သည်သာလျှင် ဗောဇ္ဈင်ဖြစ်သည်။ သမ္ဗောဇ္ဈင်ဖြစ်သည်။ ဥဒယဗ္ဗယဉာဏ်၏ ရှေ့ဖြစ်သော သမ္မသနဉာဏ်နှင့် ယှဉ်သော သတိ စေတသိက်မှာမူ ဥပစာအားဖြင့် ဗောဇ္ဈင်ဖြစ်သေးသည်။ သမ္ဗောဇ္ဈင် ဖြစ်သေးပေသည်။ (ဒီ ၁-၂၊ နှာ-၃၇၅။ ဒီ ဋီ-၂၊ နှာ-၃၂၄။)

သတိသမ္ဗောဇ္ဈင်သည် ဥပဋ္ဌာနလက္ခဏာခေါ် ကျေးဇူးပြုတတ်သော သဘောရှိပေသည်။ အမြဲတန်းအကျိုးစီးပွားကို ဖြစ်စေတတ်ပေသည်။ (ဒီ၂ ၁-၂၊ နှာ-၁၂၀။) မိမိ၏အာရုံဖြစ်သော ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတို့၌ ကောင်းစွာပွားများလျက် အလုံးစုံသော မေ့လျော့ပေါ့ဆမှု ပမာဒ-တရားနှင့် ယင်းမာဒ၏ အသင်းအဖွဲ့ဝင် တရားများကို ပယ်လှန့် ပစ်၍ မမေ့မလျော့ မပေါ့ဆမှု အပ္ပမာဒ-တရားနှင့် ယင်းအပ္ပမာဒ-အသင်းအဖွဲ့ဝင်တရားများကို တိုးတက်အားရှိ ပြည့်ဝစေလျက် မဂ်လေးပါး သမ္ဗောဓိတရားကို ဖြစ်စေသည်။ (ပဋ္ဌမတ္ထဒီပနီ၊ နှာ-၃၅၇။)

သတိသမ္ဗောဇ္ဈင် ဖြစ်ပွားစေလိုလျှင် သတိ၏အာရုံဖြစ်သော ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ - လေးပါးသော တရားတို့၌ မှန်ကန်သင့်လျော် ကောင်းမွန်စွာ စိတ်ထား၍ ပွားများဆင်ခြင်ရမည်-ဟု အာဟာရသုတ် (သံ-၃၊ နှာ- ၉၀)၌ ဟောကြားတော်မူသည်။

ယင်း ဟောကြားတော်မူချက်ကို အဋ္ဌကထာ၌-

**သတိဖြစ်ကြောင်းတရားလေးပါး**

(၁) သတိသမ္ပဇဉ် အမြဲယှဉ်ခြင်း၊ (သတိသမ္ပဇည၊)
(၂) သတိမေ့လျော့တတ်သူကိုကြဉ်ခြင်း၊ (မုဋ္ဌဿတိပုဂ္ဂလပရိဝဇ္ဇနာ၊)
(၃) သတိရှိသူကို ယှဉ်ခြင်း၊ (ဥပဋ္ဌိတဿတိသေဝနာ၊)
(၄) သတိနှင့်ပြည့်စုံရန် လိုလားကိုင်းရှိုင်းခြင်း၊ (တဒဓိမုတ္တတာ)-ဟူသော သတိဖြစ်ကြောင်းတရား လေးပါးရှိသည်-ဟု ဖွင့်ဆိုတော်မူသည်။ (သံ ဋ္ဌ-၃၊ နှာ-၁၉၃။ ဒီ ဋ္ဌ-၂၊ နှာ-၃၇၆။)

**(၁) သတိသမ္ပဇဉ်အမြဲယှဉ်ခြင်း-**

ဟူသည်မှာ တရားမပွားများမီဖြစ်စေ၊ တရားပွားများအားထုတ်ဆဲမှာဖြစ်စေ သတိ-အသိတရားကို မလစ်လပ် မပြတ်စေပဲ အမြဲယှဉ်ကပ်နေရမည်-ဟု ဆိုလိုပေသည်။ သတိ-တစ်မျိုးတည်းမှာ အားမရှိသောကြောင့် သတိအားရှိစေရန် သမ္ပဇည-ခေါ်သော အသိတရားနှင့်တွဲ၍ သတိသမ္ပဇဉ် အမြဲယှဉ်ရမည်-ဟု ဆိုပေသည်။

**(၂) သတိမေ့လျော့တတ်သူကို ကြဉ်ခြင်း-**

မုဋ္ဌဿတိ-ခေါ်သော သတိလွတ်ကင်း မေ့လျော့ခြင်းများသူများသည် သတိ၏အရေးပါပုံကိုမသိတတ်ကြ။ မိမိကိုယ်တိုင်က သတိလွတ်သူဖြစ်သောကြောင့် သတိရှိခြင်း၏ ကောင်းကျိုးကို မသိမြင်သည့်ပြင် မိမိနှင့်နီးစပ်သူများကိုလည်း သိမြင်အောင်မပြောဆိုတတ်ကြချေ။ ထိုသူနှင့်စပ်၍ သတိကောင်းရန်မလွယ်ပေ။ ထို့ကြောင့် သတိလွတ်တတ်သူ-မုဋ္ဌဿတိကို ရှောင်ကြဉ်ရမည်-ဟု ပြဆိုခြင်းဖြစ်သည်။ "မုဆိုးနားနီး-မုဆိုး၊ တံငါနားနီး-တံငါ" ဟု မြန်မာဆိုရိုးရှိပေသည်။

**(၃) သတိရှိသူကိုယှဉ်ခြင်း**

ဥပဋ္ဌာနဿတိ-ခေါ် ထင်ရှားသော သတိရှိသူသည် မိမိက သတိကောင်းသူဖြစ်သောကြောင့် သတိရှိခြင်း၏အကျိုးကျေးဇူးကို သိတတ်သည်။ မိမိနှင့်နီးစပ်သူများကိုလည်း သတိရှိခြင်း၏ကျေးဇူးကြီးကြောင်းကို ပြောဆိုနိုင်သည်။ သတိရှိရန်နည်းကိုလည်း ထိုသူထံမှ ရရှိနိုင်သည်။

ထို့ကြောင့် သဘိကောင်းသူနှင့် ပေါင်းရမည်-ဟု အဋ္ဌကထာဆရာက နည်းပေးခြင်းဖြစ်သည်။ လောက၌ စံပယ်ပန်း, နှင်းဆီပန်းထုပ်သော လက်ကိုင်ပဝါသည် စံပယ်နံ့ နှင်းဆီနံ့ သင်းပျံ့နေမြဲဖြစ်ပေသည်။

## (၄) သတိရှိရန် လိုလားကိုင်းရှိုင်းခြင်း

သဘိနှင့်ပြည့်စုံရန် လိုလားကိုင်းရှိုင်းခြင်း-တဒဓိမုတ္တတာ-ဟူသည်မှာ အမြဲမပြတ် သွားရာ၊ စားရာ၊ ထိုင်ရာ၊ လျှောင်းရာတို့၌ သတိရှိရန် လိုလားနေခြင်း၊ သတိရှိရန်ဘက်သို့ ညွတ်ကိုင်းသောစိတ်ရှိနေခြင်းကိုပင် ဆိုလိုပေသည်။

တဒဓိမုတ္တတာ-ကို တံ+အဓိမုတ္တတာ-ဟု ပုဒ်ခွဲရသည်။ တံ-ထိုသတိ ရှိခြင်းကို၊ အဓိမုတ္တတာ-နှလုံးသွင်းနေမှု-ဟု အဓိပ္ပာယ်ပြန်ဆိုရပေသည်။ သတိရှိခြင်းကို စိတ်ကူး တွေးဆကြံစည်နေခြင်းပင်ဖြစ်သည်။

ဤဖော်ပြခဲ့သည့် သဘိသမ္ဗောဇ္ဈင်ဖြစ်ကြောင်းလေးမျိုးမှာ ပါဠိတော်လာနှင့်အညီ အဋ္ဌကထာပြဆိုချက်ဖြစ်သည်။ ယင်းသတိနှင့်ပြည့်စုံကြောင်း အင်္ဂါအချက်လေးမျိုးကို အရကျက်၍ ဉာဏ်၌ထိန်းထားရန် လင်္ကာကို ဆရာကြီး ဦးစာကျော်က ရွတ်ဆိုပြပါသည်။

### သတိဖြစ်ကြောင်း၄-ပါးလင်္ကာ

သတိသမ္ပဇဉ်၊ အမြဲယှဉ်၍၊
ကျဉ်လေမုဋ္ဌ၊ မှီရသတိမာ၊
ဓိမုတ္တာ-ဟု၊ လေးဖြာသတိဖြစ်ကြောင်းတည်း။

ဤလင်္ကာလို အသံနေအသံထားဖြင့် ဆွဲဆွဲငင်ငင် လေးလေးပင်ပင် ရွတ်ဆိုပြီးသောအခါ ဆရာကြီး ဦးစာကျော်က "ဒီလင်္ကာကို ကျွန်တော် ရေးသည်မဟုတ်ပါ၊ မဟာသတိပဋ္ဌာန်နိဿယမှာ ဆရာတော် ဦးဗုဓ် ရေးသားတော်မူခြင်း ဖြစ်ပါသည်ခင်ဗျား"ဟူ၍ ရှင်းလင်းမိန့်ကြားပါသည်။

## (၂) ဓမ္မဝိစယသမ္ဗောဇ္ဈင်

ဓမ္မဝိစယ-ဟူသောပါဠိ၌ ဓမ္မ-တရားတို့ကို+ဝိစယ-စိစစ်ခြင်း-ဟူ၍ ပုဒ်ခွဲပြီး အနက်ပြန်ရပါသည်။ ဓမ္မ-အရမှာ သတိသမ္ဗောဇ္ဈင်က အောက်မေ့ပွားများထားသည့် ကာယ, ဝေဒနာ, စိတ္တ, ဓမ္မ-အာရုံ တရားတို့၏ မတင့်တယ်မှု"အသုဘ"၊ မမြဲမှု"အနိစ္စ"၊ ဆင်းရဲမှု"ဒုက္ခ"၊ မစိုးပိုင်မှု"အနတ္တ" ဟူသော သဘောတရားများကို ယူရပါသည်။ ဝိစယ-အရ စိစစ်မှု၊ လေ့လာမှု၊ ဆင်ခြင်မှုကို ယူရပါသည်။

ယင်းတရားသဘောတို့ကို လေ့လာမှု, စိစစ်မှု-ဓမ္မဝိစယသည်ပင်လျှင် နိဗ္ဗာန်ကို ကောင်းစွာထိုးထွင်း သိမြင်တတ်သည့် သမ္ဗောဓိ-အမည်ရှိ မဂ်ပုဂ္ဂိုလ်နှင့် မဂ်တရား ဖြစ်ကြောင်း အင်္ဂါဖြစ်သောကြောင့်(သမ္ဗောဓိ+အင်္ဂ=)သမ္ဗောဇ္ဈင်္ဂ-သမ္ဗောဇ္ဈင်ဟု ခေါ်ရပေသည်။

ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို မူရင်းတရားကိုယ်ကောက်ရလျှင် စေတသိက် ပရမတ္ထတရား ငါးဆယ့်နှစ်ပါးတို့တွင် သောဘဏစေတသိက် နှစ်ဆယ့် ငါးပါး၌ ပါဝင်သည့် ပညိန္ဒြေစေတသိက်ဖြစ်ပေသည်။ ပညိန္ဒြေ-ဟူသည်မှာ သိမြင်မှုအရာ၌ အစိုးတရရှိသောတရား-ဟု အဓိပ္ပာယ်ရှိ ပေသည်။

ပညိန္ဒြေခေါ်သော ပညာစေတသိက်တရားသည် အသိတရားနှင့် ယှဉ်၍ ပြုလုပ်သမျှသော ကုသိုလ်အလုပ်ဟူသမျှမှာ ပါဝင်သည်။ သို့သော် အလှူပေးမှု-ဒါနကုသိုလ်၊ ဒုစရိုက်မှရှောင်ကြဉ်ထိန်းသိမ်းမှု-သီလကုသိုလ်တို့၌ ပါဝင်သည့်ပညာသည် ဓမ္မဝိစယသမ္ဗောဇ္ဈင် မမည် နိုင်ပေ။ သတိပဋ္ဌာန်လေးပါး ပွားများသောအခါ၌ ဖြစ်ပေါ်သော ဥဒယဗ္ဗယဉာဏ်ခေါ်သော ဒုတိယဝိပဿနာဉာဏ်မှစ၍ အထက်ဝိပဿနာ ဉာဏ်(ပညာ)များသည်သာလျှင် ဓမ္မဝိစယသမ္ဗောဇ္ဈင် အမည်ရနိုင်ပေ သည်။(ဒီဋ္ဌ-၂၊နှာ-၃၇၅။)

ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် **ပဝိစယလက္ခဏာ**ခေါ် အပြားအားဖြင့် စိစစ် လေ့လာမှု သဘောရှိပေသည်။ ကာယ, ဝေဒနာ, စိတ္တ, ဓမ္မ ဟူသော တရားသဘောများ၏ အသုဘ-မတင့်တယ်ခြင်း၊ အနိစ္စ-မမြဲခြင်း၊ ဒုက္ခ-

ဆင်းရဲခြင်း၊ အနတ္တ-မစိုးပိုင်ခြင်း သဘောတရားအမှန်တို့ကို ထင်ရှား သိသာစေရန် ခွဲခွဲခြားခြား ကွဲကွဲပြားပြားဖြစ်စေရန် အပြားအားဖြင့် စိစစ်မှု, လေ့လာမှု, ဆင်ခြင်မှု-သဘောရှိသည်ဟု ဆိုလိုပေသည်။ (ဒီ ဋ္ဌ-၂၊ နှာ-၁၂၁။ ဒီ ဋီ-၂၊ ၁၂၉။)

ယင်းသို့ **ပဝိစယလက္ခဏာ** – တရားတို့ကို စိစစ်မှုသဘောရှိသော ကြောင့်ပင်လျှင် ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် မိမိလေ့လာကျက်စားရာ တရားသဘောတို့၌ ကောင်းစွာ စိစစ် လေ့လာ ဆင်ခြင် ပွားများ၍ အလုံးစုံသော အမှန်မသိမြင်ပဲ တွေဝေမိန်းမောမှု–မောဟတရားနှင့် ယင်းမောဟ၏အသင်းအပင်း အကုသိုလ်တရားတွေကို ပယ်လှန့်ပစ်ပြီး လျှင် မတွေဝေ မမိန်းမောပဲ အမှန်အကန်သိမြင်မှု အသင်းအပင်း ဂိုဏ်းဝင်တရားများကို တိုးပွား အားရှိ ပြည့်ဝစေလျက် မိမိကိုယ်တိုင်က သမ္ဗောဓိအမည်ကိုခံယူသည့် မဂ်တရားအဖြစ်ဖြင့် ပါဝင်ကာ ဓမ္မဝိစယ သမ္ဗောဇ္ဈင် ဖြစ်ခဲ့လေသည်။ (ပရမတ္ထဒီပနီ၊ နှာ–၃၅၇။)

ဓမ္မဝိစယသမ္ဗောဇ္ဈင်-ဖြစ်ရန်မှာ မိမိသုံးသပ်ဆင်ခြင်ရာ တရားတို့ကို-

(က) အကုသိုလ်တရား၊ ကုသိုလ်တရား။

(ခ) အပြစ်ရှိသည့်-သာဝဇ္ဇတရား၊ အပြစ်မဲ့–အနဝဇ္ဇတရား။

(ဂ) ယုတ်သော-ဟီနတရား၊ မြတ်သော-ပဏီတတရား။

(ဃ) မည်းညစ်သော-ကဏှဓမ္မ၊ ဖြူစင်သော-သုက္ကဓမ္မ–

စသည်ဖြင့် ခွဲခြားဝေဖန်သိမြင်ရေး၌ သင့်လျော်မှန်ကန်စွာ စိတ်ထား လေ့လာမှု-ယောနိသောမနသိကာရ များရမည်ဟု မြတ်စွာဘုရားရှင်က အာဟာရသုတ်(သံ ၃၊ နှာ-၉၀ ) ၌ ဟောကြားတော်မူသည်။

မြတ်စွာဘုရား ဟောကြားတော်မူသည်နှင့် ညီညွတ်စွာပင် သံယုတ် အဋ္ဌကထာ နှာ-၁၉၃၊ သုတ်မဟာဝါအဋ္ဌကထာ နှာ-၃၇၆-တို့၌ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ပွားစေနိုင်သည့် အကြောင်းတရားခုနစ်မျိုးကို ရေးသားမိန့်ဆိုထားပေသည်။ ယင်းသည်လည်း ဗောဇ္ဈင်တရားပွားများ နေသူများ လိုက်နာကျင့်သုံးသင့်သောကြောင့် ရေးသားဖော်ပြပါအံ့။

## ပညာဖြစ်ကြောင်းတရား ၇-ပါး

(၁) အဖန်ဖန်မေ မြန်း လေ့လာခြင်း:--"ပရိပုစ္ဆာ"၊
(၂) ကိုယ်တွင်းကိုယ်ပ သန့်ရှင်းစင်ကြယ်ခြင် -"ဝတ္ထုဝိသဒ"၊
(၃) ဣန္ဒြေ (၄)ပါး ညီညွတ်မျှစေခြင်း- "ဣန္ဒြိယသမတ္တပဋိပါဒနာ"၊
(၄) ပညာမဲ့ကိုကြဉ်ခြင်း—"ဒုပ္ပညပရိဝဇ္ဇနာ"၊
(၅) ပညာရှိကို ယှဉ်မှီခြင်း-"ပညဝန္တသေဝနာ"၊
(၆) နက်နဲသောပညာရပ်ကို လေ့လာခြင်း— "ဂမ္ဘီရဉာဏစရိယပစ္စဝေက္ခဏာ"၊
(၇) ပညာရရန် အမြဲစိတ်ထားခြင်း "တဒဓိမုတ္တတာ"—

ဟူ၍ ပညာဖြစ်ခြင်းအကြောင်းတရား ၇-မျိုး ရှိပေသည်။ (ဒီ ဋ္ဌ-၂၊ နှာ-၃၇၆) ယင်းခုနစ်မျိုးကို သိသာရုံရှင်းပြပါအံ့-

### (၁) အဖန်ဖန်မေးမြန်းလေ့လာခြင်း

ပညာကိုအလိုရှိသူသည် ပညာကိုရရှိနိုင်စေရန်အတွက် ပညာရှိသူများကို မှီဝဲဆည်းကပ်၍ အဖန်ဖန်အထပ်ထပ် မေးမြန်းရမည်၊ လေ့လာရမည်။ ဤနည်းသည် ပညာရှိရေးအတွက် ပညာအမျိုးမျိုးကို ရရှိရန်နည်းဖြစ်သည်။ အရိယသစ္စာ - အမှန်တရားကို သိလိုသူများမှာမူ မိမိအလိုရှိသော အရိယသစ္စာသိနိုင်သည့် ခန္ဓာ, အာယတန—စသော ပညာများကိုသာ လေ့လာရန်သင့်ပေသည်။

သမ္မာသမ္ဗောဓိဆုပန်၍ သဗ္ဗညုတဉာဏ် ရ ရှိ လို သူ များအတွက်မှာ ပညာရပ်တိုင်းကို ပညာရနိုင်သည့် ပုဂ္ဂိုလ်တိုင်းထံမှ လေ့လာဆည်းပူးရမည် ဖြစ်သော်လည်း သာဝကဗောဓိဆုမျှကိုသာ မှန်းထားသူများမှာမူကား အရိယသစ္စာ-အမှန်တရား သိနိုင်သည့် ပညာရပ်များကိုသာ ဆည်းပူးရမည်။ သိစရာကောင်းတိုင်း လိုက်၍ဆည်းပူးမည်ဆိုလျှင် ဆုံးခန်းရောက်မည်မဟုတ်ချေ။

## (၂) ကိုယ်ဟောင်းကိုယ်ပသန့်ရှင်းစင်ကြယ်ရခြင်း

မိမိ ခန္ဓာကိုယ်မှာဖြစ်သည့် ဆံပင်များ ကြေးညှော်ကပ်ငြိ ညစ်ပတ်ခြင်း၊ လက်သည်းခြေသည်းများ ရှည်လျားး၍ ကြေးညှော်များကပ်ငြိစွဲဝင်နေခြင်း၊ ခန္ဓာကိုယ်မှာလည်း ကြေးညှော်များ စွဲကပ်ခြင်း၊ မျက်ချေး, နှပ်ချေး, နားဖာချေး-စသည်တို့ဖြင့် ထူထပ်ငြိကပ်ခြင်း-စသည်ဖြင့် မဘင့်တယ်ခြင်း၊ ပါးစပ်မှာလည်း သွားချေး, လျှာချေးများ ထူထပ်နေခြင်း၊ ပုပ်စပ်နံစော်ခြင်းများသည် ဉာဏ်ပညာမကြည်လင်ခြင်း အကြောင်းများဖြစ်သည်။ အားလုံးသန့်ရှင်းစင်ကြယ် နေရမည်။

ဝမ်းဗိုက်ထဲမှာသည်း ဝမ်းချုပ်ခံ၍ ကျင်ကြီးများ အရက်ရက်အလလ ခိုအောင်နေခြင်း၊ သွေးပုပ်, လေပုပ်, သလိပ်ပုပ်များရှိခြင်း-သည်လည်း ဉာဏ်ပညာထက်မြက်ခြင်းကို တားဆီးတတ်ပေသည်။ သင့်လျော်စွာ မျှ-တ စင်ကြယ်စေရမည်။

ကိုယ်ပမှာလည်း ဝတ်ဆင်သည့်အဝတ်များ သန့်ရှင်းဖြူစင်စေရမည်။ တန်ဖိုးထိုက်–မထိုက်၊ အချိုးကောင်း–မကောင်းမှာ အရေးမပါလှ။ ကြေးညှော်မတင် သန့်ရှင်းစင်ကြယ်ရန်၊ အနံ့အသက် မညှီရန်-မနံရန်သာ လိုအပ်ပေသည်။

နေထိုင်ရာပတ်ဝန်းကျင်လည်း စင်ကြယ်သန့်ရှင်း၍ အနံ့အသက်မဆိုးစေရန် လိုအပ်သည်။ အညစ်အကြေး အမှိုက်သရိုက်များ မရှိရန်သာမဟုတ်ပဲ သုံးစွဲသည့်အသုံးအဆောင် ပစ္စည်းများ နေထားတကျ မရှုပ်မထွေး ရှင်းလင်းရန် လိုအပ်ပေသည်။

"သန့်ရှင်း" ဟူသော မြန်မာစကား၌ သန့်-နှင့်ရှင်း စကားနှစ်လုံးတွဲနေသည်။ "သန့်"ဟူသည်မှာ ညစ်ထေးကျေခြင်းမရှိ-ဟု အဓိပ္ပာယ်ရှိသည်။ အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိ အားလုံးမနှစ်လိုဖွယ်-စိတ်မကြည်ဖွယ်မဖြစ် သန့်ပြန့်ခြင်းဟု ဆိုလိုပေသည်။ "ရှင်း" ဟူသည်မှာ ရှုမြင်ဖွယ် အဆင်း, ကြားနာဖွယ်အသံ, နမ်းရှုဖွယ်အနံ့, လျက်ဖွယ်အရသာ, တွေ့ထိဖွယ်အတွေ့ အားလုံးရောရောနှောနှော ထွေး

ထွေးပွေပွေ ရှုပ်မနေစေပဲ ရှင်းလင်းခြင်းကို ဆိုလိုပေသည်။ သန့်နှင့် ရှင်း နှစ်ခုပေါင်း၍ ကိုယ်တွင်းကိုယ်ပ နှစ်ဌာနလုံး၌ သန့်ရမည်–ရှင်း ရမည်၊ သန့်ရှင်းရမည်။ သို့မှသာ ကြည်လင်ထက်မြက်သည့်ဉာဏ်ပညာ များ ဖြစ်ပွားနိုင်ပေသည်။

ဤအကြောင်းကို ထောက်ထား၍ ပညာရှာရာ ဌာနများဖြစ်သော စာသင်တိုက်များ၊ စာသင်ကျောင်းများ၊ ကမ္မဋ္ဌာန်းရိပ်သာများ၌ သန့် ရှင်းရန်လိုအပ်သည်။ စာသင်သားများ၊ ကျောင်းသားများ၊ တရား ရှာဖွေလေ့လာသူများ၏ ခန္ဓာကိုယ်နှင့်အဝတ်အစား အသုံးအဆောင် များ သန့်ရှင်းရန်လိုအပ်ပေသည်။ သို့မှသာ စူးရှထက်မြက်သောဉာဏ် ပညာများ ဖြစ်နိုင်ပေသည်။

## (၃) ဣန္ဒြေမျှတခြင်း

ဣန္ဒြေ-ဟူသည်မှာ ဣန္ဒြိယ-ဟူသော ပါဠိဝေါဟာရကိုယူ၍ ဣန္ဒြေ- ဟု ပြုပြင်ကာ မြန်မာဝေါဟာရအဖြစ် မွေးစားလိုက်သည့် ပါဠိသက် မြန်မာဝေါဟာရဖြစ်သည်။မူရင်း ဣန္ဒြိယ-ဟူသော ပါဠိစကားလုံးသည် ''အစိုးရခြင်း'' ဟူ၍ အနက်အဓိပ္ပာယ် ရှိပေသည်။ မိမိနှင့်အတူတကွ ဖြစ်ပေါ်လာသည့် နာမ်တရားများကို မိမိ၏သဘောသို့ လိုက်ပါစေရန် အစိုးရခြင်း၊ ပိုင်နိုင်ခြင်း၊ စိုးပိုင်ခြင်းဖြစ်သည်။

ယင်းသို့ အစိုးရခြင်း သဘောရှိသည့် ဣန္ဒြေတရားတို့သည် တရား သိမြင်မှု–ဗောဓိပက္ခိယ အရာ၌ ငါးမျိုးရှိသည်။ ယင်းငါးမျိုးမှာ–

### ဣန္ဒြေငါးပါး

(က) သဒ္ဓိန္ဒြေ-ယုံကြည်မှု၌အစိုးရခြင်း၊
(ခ) ဝီရိယိန္ဒြေ-အားထုတ်မှု၌အစိုးရခြင်း၊
(ဂ) သတိန္ဒြေ-အောက်မေ့မှု၌အစိုးရခြင်း၊
(ဃ) သမာဓိန္ဒြေ-တည်ကြည်မှု၌ အစိုးရခြင်း၊
(င) ပညိန္ဒြေ-အပြားအားဖြင့်သိမှု၌ အစိုးရခြင်း–

ဟူ၍ ဣန္ဒြေငါးပါး ရှိပေသည်။ ယင်းဣန္ဒြေငါးပါး ညီမျှမှသာလျှင် မဇ္ဈိမပဋိပဒါမဂ္ဂင်ခေါ် ပညာတရား ဖြစ်ပွားနိုင်ပေသည်။ တစ်ခုခုက လွန်ကဲနေလျှင်သော် လည်းကောင်း၊ လျော့ပါးနေလျှင်သော် လည်းကောင်း မဇ္ဈိမပဋိပဒါမဂ္ဂင် မဖြစ်နိုင်ချေ။

ဣန္ဒြေတရားငါးပါးတို့တွင် ပညိန္ဒြေ-ဟူသည်မှာ ပညာတရားပင်ဖြစ်သည်။ မဇ္ဈိမပဋိပဒါမဂ္ဂင်-ဟူသည်မှာလည်း ပညာတရားပင်ဖြစ်သည်။ သို့ဖြစ်ပါက ပညိန္ဒြေလွန်ကဲလျှင်လည်း ပညာဖြစ်ခြင်းပင်ဖြစ်သောကြောင့် မလွန်ကဲဘဲ အခြားဣန္ဒြေတရားများနှင့်ညီချအောင် မပြုသင့်ပါလား-ဟု မေးရန်ရှိပေသည်။

မှန်ပေသည်၊ ပညာလွန်ကဲခြင်းသည် ပညာဖြစ်ခြင်းပင်ဖြစ်သည်။ သို့သော် ပညာတဘက်စောင်းနင်းဖြစ်အောင် လွန်ကဲသွားလျှင် ပညာကိစ္စကို မပြီးစေနိုင်ပဲ ဟုန်ပြီး တမျိုးတမည် ဖြစ်သွားနိုင်သည်။ ထင်ရှားစေရန် ဥပမာဆောင်ရလျှင်-သေးသေးမွှားမွှား အဆင်းရုပ်ရုံတစ်ခုကို ကြည့်မြင်နိုင်ရန် အလင်းရောင်ကို လိုအပ်သည်။ မီးထွန်း၍ဖြစ်စေ၊ နေ၏အလင်းရောင်ဖြင့်ဖြစ်စေ အကူအညီယူ၍ ကြည့်ရှုမှ မြင်ကြရသည်။ သို့သော်-မီးရောင်, နေရောင်များပြင်းထန်၍ အလင်းအားကြီး လွန်ကဲနေပြန်လျှင်လည်း ယင်းသေးသေးမွှားမွှား အဆင်းရုပ်ရုံကို ကြည့်၍ မမြင်နိုင်တော့ချေ။ မျက်စိအင်အားနှင့်ညီမျှရုံ အလင်းပေးမှသာ မြင်ရပေသည်။

ဤအတူပင် ပညာသည်လည်း အခြားဣန္ဒြေများနှင့် ညီမျှရုံရှိမှသာလျှင် ပညာကိစ္စကို ပြီးစေနိုင်ပေသည်။ လွန်ကဲလျှင် မပြီးစေနိုင်ပေ။

ပို၍ထင်ရှားစေရန် ဥပမာပုံစံတစ်ခု ထပ်မံ ပေးလိုပါသေးသည်။ ယခုခေတ် အဖျော်ရည်၊ မုန့်များ၌ အချိုရရန်တည့်ရသည့် ဆေးသကြားခေါ် အချိုဓာတ်တစ်မျိုးရှိသည်။ ယင်း ဆေးသကြားကို ရေများ အခြားပစ္စည်းများနှင့် အချိုးကျကျ ညီမျှအောင်ထည့်မှသာလျှင် ချိုသောအရသာကိုဖြစ်စေနိုင်ပေသည်။ ယင်းဆေးသကြားချည်းသက်သက်

ဖြစ်စေ၊ လွန်ကဲ များပြားလျှင်ဖြစ်စေ သုံးစွဲကြည့်ပါက ခါးသက်သော အရသာဖြစ်ပေါ်၍ အချိုခတ်မရနိုင်ပဲ ဖြစ်တတ်ချေသည်။

ဤအတူပင်လျှင် ပညာသည် အခြားဣန္ဒြေများနှင့် ညီမျှစွာဖြစ်စေမှသာ ပညာကိစ္စကို ပြီးစေနိုင်သောကြောင့် ဣန္ဒြေငါးပါး မျှစေရမည်ဟု ဟောတော်မူခြင်းဖြစ်သည်။

အထူးသဖြင့် ဤ ဣန္ဒြေငါးပါးတို့တွင်–

(က) ပညာနှင့်သဒ္ဓါ၊
(ခ) ဝီရိယနှင့်သမာဓိ–

ဣန္ဒြေများ မျှ-တ-ရန် လိုအပ်ပေသည် အကြောင်းမှာ ယင်းဣန္ဒြေအတွဲများသည် တစ်ပါးလွန်လျှင် တစ်ပါးလျော့တတ်သောကြောင့် ဖြစ်ပေသည်။ ရှင်းပြပါအံ့–

## (က)ပညာနှင့်သဒ္ဓါညီမျှပါ

အသိဉာဏ်ပညာ အားကြီးလွန်းသူသည် ယုံကြည်မှု သဒ္ဓါတရား အားနည်းတတ်ပေသည်။ လွယ်လွယ်နှင့်မယုံကြည်တတ်ပေ။ သူ၏ဉာဏ်ဖြင့် အထပ်ထပ်အဖန်ဖန် စစ်ဆေးစူးစမ်းနေခြင်းဖြင့် အချိန်ကြာမြင့်ကုန်လွန်သွားတတ်ပေသည်။ ယုံကြည်မှုသဒ္ဓါတရား လုံးဝမဖြစ်ပေါ်ပဲလည်း ဖြစ်သွားတတ်သည်။ အချိန်ကြာမြင့် နှောင်းလွန်းမှလည်း လက်ခံယုံကြည်မှု-သဒ္ဓါတရား ဖြစ်ပေါ်တတ်ပေသည်။

ယင်းသို့ ပညာလွန်ကဲ စိစစ်မှုတွေများ ဉာဏ်နီဉာဏ်နက်များအဖြစ်ပြောင်းလွဲသွားကာ "ကေရာဋိကပက္ခ"ခေါ် ကောက်ကျစ်စဉ်းလဲသည့်အဖြစ်သို့ ရောက်သွားတတ်သည်၊ ဥပမာ-ဒါနဟူသည်မှာ ဝတ္ထုဒါနခေါ် ပစ္စည်းဝတ္ထုပေးလှူခြင်းနှင့် စေတနာဒါနခေါ် ပေးလှူကြောင်းစေတနာတရားဟူ၍ နှစ်မျိုးရှိသည်။ ထိုနှစ်မျိုးတို့တွင် ဖြူစင်ထက်သန်သော စေတနာ၏ အတိုင်းအတာအရ အကျိုးရသည်။ အလှူပစ္စည်းဝတ္ထုမှာ ပဓာနမဟုတ်ချေ။

ထို့ကြောင့် "မစာနာ-မဟုတ်သည့် အလုပ်စည်းမှာ အကုန်အကျနည်းစေရန် နည်းနည်းကလေးလုပ်မည်၊ မလုပ်လည်း နေချင်နေမည်။ စေတနာသာ ထက်ထက်ကြီးကြီး ထားဖို့လိုသည်" ဟု ကြံဆတွေးတောတတ်သည်၊ ပြောဟောတတ်သည်၊ ကျင့်သုံးတတ်ပေသည်။ ဤပညာဉာဏ် ကောင်းလွန်း သိမြင်မှုလွန်ကဲသောကြောင့် မဖြောင့်မတ်သည့် ကောက်ကျစ်စဉ်းလဲသောဘက်သို့ ရောက်သွားတတ်ပေသည်။

ယုံကြည်မှုသဒ္ဒါတရား ထက်သန်အားကြီး ပြန်ပါလျှင်လည်း **တရားစာအုပ်** ဖြစ်သည်ဟုပြော၍ ရောင်းလာသည့် စာအုပ်လှလှကလေးကို စူးစမ်းဖတ်ရှုမကြည့်ပဲ ပြောသံကြားမျှဖြင့် လှလှကလေး မြင်ကာမျှဖြင့် တရားစာအုပ်ဟု ယုံကြည်ကာ ဝယ်ယူလိုက်သည်။ အခြားတတ်သိနားလည်သူများက ဖတ်ရှုပြီးလျှင် "ဒါက မိစ္ဆာဒိဋ္ဌိတွေက ဝါဒဖြန့်ရောင်းသည့်စာအုပ်၊ သမ္မာဒိဋ္ဌိစာအုပ်မဟုတ်ဘူး" ဟု ပြောဆိုတားမြစ်မှ မှားမှန်းသိရသကဲ့သို့ မိမိတို့အတွက် အကျိုးရှိမည့် အရာဌာနမဟုတ်ရာတို့၌ ကြည်ညိုမှုဖြစ်၍ လမ်းလွဲသွားတတ် ပြန်ပေသည်။ ယင်းသို့ ပညာမတွဲဖက်ပဲ အရမ်းမဲ့ သဒ္ဒါတရားထက်သန် ယုံကြည်မှုမျိုးကို "မုဓာပသန္န" ဟု ခေါ်ပေသည်။ "အချိုးနှိုးသော ကြည်ညိုမှု" ဟု အနက်မြန်မာပြန်ရပေသည်။ အချို့ ပွင့်လင်းစွာ ပြောဆိုတတ်သူ ပညာရှင်တို့ကမူ "အလကား ကြည်ညိုမှု" ဟု ပြန်ဆိုတတ်ကြပေသည်။ စကားအသုံးအနည်းငယ် ကြမ်းပေးသည်။ အဓိပ္ပာယ်မှာမူ တူညီပေသည်။

ပညာနှင့်သဒ္ဒါတို့ မညီမျှပဲ တစ်ပါးကဲလျှင် တစ်ပါး နည်းတတ်သောကြောင့် ပညာရှင်ကြီးများသည် ရက်ရက်ရောရော ပေးကမ်းလှူဒါန်းခဲ့သည်ကို များစွာတွေ့မြင်ရသည်။ ငွေစည်းဥစ္စာကြွယ်ဝသူ ဓနရှင်များသည် စိစစ်လေ့လာမှု အသိပညာရှိခဲ့သည်ကို များစွာတွေ့ရတတ်ပေသည်။

ဤအကြောင်းကြောင့်ပင်လျှင် ပညာရှင်ကြီးများသည် ငွေစည်းဥစ္စာကြွယ်ဝချမ်းသာသူ နည်းပါးလှပေသည်။ ဆင်းရဲနွမ်းပါးသူက များတတ်ပေသည်။ ဓနရှင်ကြီးများမှာ အသိဉာဏ်နည်းပါးကာ "ပြောတိုင်းယုံ-ကြုံတိုင်းလုပ်" သူက များတတ်ပေသည်။

ဤသည့်အချက်များကို သတိထား၍ ပညာနှင့်သဒ္ဓါတရား မျှ-တ-အောင် သတိထား ကျင့်သုံးသင့်ကြပေသည်။

## (ခ) ဝီရိယနှင့်သမာဓိညီပါ

ဝီရိယ၏ သဘောတရားမှာ တက်ကြွလှုပ်ရှားမှုဖြစ်၍ သမာဓိ၏ သဘောတရားမှာ ငြိမ်သက်တည်ကြည်မှု ဖြစ်သည်။ ထို့ကြောင့် ယင်း သဘောတရားနှစ်မျိုး ညီမျှခဲလှပေသည်။ ညီညီမျှမျှ အချိုးကျဖြစ်မှသာ ပညာတရားဖြစ်ပေါ်ခွင့် ရှိပေသည်။

ဝီရိယလွန်ကဲ၍ တက်ကြွလှုပ်ရှားမှုများလျှင် ငြိမ်မသက် ပျံ့လွင့်မှု-ဥဒ္ဓစ္စဘက် ရောက်သွားတတ်သည်။ သမာဓိလွန်၍ ငြိမ်သက်တည်ကြည်မှုများနေလျှင် ပျင်းရိမှု-ကောသဇ္ဇဘက် ရောက်သွားတတ်ပြန်ပေသည်။

**တရားရွှေတိုက်စိုး အရှင်အာနန္ဒာသည်** ပထမသင်္ဂါယနာပွဲအမီ တရားထူးရရန် ကမ္မဋ္ဌာန်းတရားကို မနားမနေ ပွားများသောအခါ ဝီရိယလွန်ကဲ၍ ပျံ့လွင့်မှုဘက် ရောက်နေသောကြောင့် တရားထူးမရနိုင်ပဲ ဖြစ်နေသည်။ စိတ်ကိုလျော့ကာ လျောင်းပါဦးမည်ဟု လှဲလိုက်သောအခါမှ ဝီရိယဓာတ် အနည်းငယ်လျော့ပါး၍ ဣန္ဒြေညီမျှသွားပြီး ဦးခေါင်းကလည်း ခေါင်းအုံးပေါ် မကျသေးမီ၊ ခြေထောက်များကလည်း အောက်ခြေမှလွတ်သွားစဉ် တရားထူးကို သိမြင်ခွင့်ရတော်မူသည်။ ဤ သာသနာတော်မှာ ဣရိယာပုထ်လေးပါး မှအလွတ် ရဟန္တာဖြစ်သူကို ပြပါဆိုလျှင် အရှင်အာနန္ဒာ ဖြစ်သည်-ဟု ပြဆိုရပေမည်ဖြစ်သည်။

ဤအကြောင်းများကြောင့် ဝီရိယနှင့်သမာဓိ တရားနှစ်ပါးကို သတိထား၍ ညီမျှစွာကျင့်သုံးသင့်ပေသည်။

ဖော်ပြခဲ့သည့် ဣန္ဒြေငါးပါးတို့ကို လေ့လာကြည့်လျှင် သတိတရားမှာ အလယ်တည့်တည့်တွင် တည်ရှိ၍ အထက်တရားနှစ်ပါးဖြစ်သော သဒ္ဓါ နှင့်ဝီရိယနှစ်ပါး၊ အောက်မှာရှိသည့် သမာဓိနှင့် ပညာနှစ်ပါးတို့ အလျော့ အစားရှိတတ်သည်ကို သိရသည်။ သတိတရားမှာမူကား အလယ်မှာ ရှိသည်အားလျော်စွာ အလျော့အတင်း မရှိသည်ကို တွေ့ရပေသည်။

အထက်တရားနှစ်ပါးနှင့်လည်း လျော်၍ အောက်တရားနှစ်ပါးနှင့်လည်း လျော်ပေသည်။ ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်ဘုရားက "သတိ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ=ရဟန်းတို့....သတိကိုမူကား ငါဘုရားသည် အရာရာ၌ အလိုရှိအပ် ပေသည်" ဟု ဟောကြားတော်မူပေသည်။ (သံ ၃၊ နှ၁—၉၀။)

ယင်းသို့ ဣန္ဒြေတရားငါးပါးကို လွန်ကဲမှုမဖြစ်စေရန်အတွက် ဆရာတော်ဦးဗုဓ်က သတိပဋ္ဌာန် နိဿယတွင်—

သဒ္ဓါလွန်လျှင် ကွန့်သည်၊
ပညာလွန်လျှင် ဆွံ့သည်၊
ဝီရိယလွန်လျှင် ပြန့်သည်၊
သမာဓိလွန်လျှင် တွန့်သည်၊
သတိမူကား လွန်သည်မရှိ—

ဟု ရေးသားမှာကြား ထားသည်ကို ဖတ်ရှုရပေသည်။ ဤသို့သော အကြောင်းများကြောင့် ပညာတရားဖြစ်ပွားစေရန် ဣန္ဒြေကို မျှ-တ-စေရမည်ဟု မိန့်ဆိုပေသည်။

(၄) ပညာမဲ့ကိုကြဉ်ခြင်း။

ပညာမရှိသည့်ပညာမဲ့ကို ရှောင်ကြဉ်ခြင်းမှာ လိုအပ်သော အရိယသစ္စာကို သိမြင်ကြောင်းပညာမရှိသူကို အဓိကထား၍ ပညာမဲ့ဟူသမျှကို ရှောင်ကြဉ်ရမည်ဖြစ်သည်။ ပညာမဲ့သူများသည် မိမိနှင့်နီးစပ်သူများကို များစွာမကောင်းကျိုးပေးတတ်ပေသည်။ တခါတရံ ကြက်ကန်းဆန်အိုးတိုး ဆိုသကဲ့သို့ ကောင်းကျိုးပေးမှု ရှိတတ်သော်လည်း ငကြာမိုက်မိမိကြောင့် မတော်ဘဲ ရရှိသည့်ကောင်းကျိုး ပျက်ပြုန်းသွားစေ၍မျှမက ကြီးမားများပြားသော မကောင်းကျိုးများကို ဖြစ်စေနိုင်ပေသည်။

ပညာမဲ့ကို မှီဝဲခြင်းဖြင့် ပညာမဖြစ်ပဲ အကျိုးမဲ့ကိုပါ ထပ်ဆင့်ပေးတတ်သောကြောင့် ပညာလိုသူများသည် ပညာမဲ့ကိုရှောင်ကြဉ်ရမည်။ "အသေဝနာ စ ဗာလာနံ-လူမိုက်ကို မမှီဝဲ မပေါင်းသင်းရ" ဟု မင်္ဂလသုတ်မှာ ညွှန်ကြားချက်ရှိပေသည်။

## (၃) ပညာရှိကိုယှဉ်ခြင်း။

ပညာရှိဟုဆိုရာ၌ အရိယသစ္စာကို သိမြင်သူပညာရှိကို အဓိကထား၍ ပညာရှိများကို မှီဝဲ ယှဉ်တွဲ ပေါင်းသင်း သင့်ပေသည်။ ပညာရှိသူကို ပေါင်းသင်းယှဉ်တွဲခြင်းဖြင့် ခန္ဓာ, အာယတန-စသော အရိယသစ္စာ သိမြင်ကြောင်းတရားများကို ရရှိနိုင်သည်။ အခြားသော ကောင်းကျိုး တရားများကိုလည်း ရရှိစေနိုင်သည်။ ပဏ္ဍိတာနဉ္စ သေဝနာ-ပညာရှိကို မှီဝဲရမည်-ဟု မင်္ဂလသုတ်၌ ညွှန်ကြားချက်ရှိပေသည်။

မိုက်မဲသောသမီးက အမိ၏နဖူးမှာ ကိုက်နေသည့်ခြင်ကို မောင်း ထောင်းကျောက်ဖြင့် ထုလိုက်၍ အမိသေရသည့်ဝတ္ထု ရှိဖူးသည်။

ပညာရှိရန်သူဖြစ်သော မဟောသဓာကြောင့် တဘက်ရန်သူ နူဋ္ဌနီ ပြဟ္မဒတ်မင်းမှာ များစွာကျေးဇူး ဖြစ်ခဲ့ဖူးပေသည်။

ထို့ကြောင့် ပညာတရားဖြစ်ပွားစေလိုလျှင် ပညာမဲ့လူမိုက်ကိုရှောင် ကြဉ်း၍ ပညာရှိလူလိမ္မာကို ပေါင်းသင်းရန် သင့်ပေသည်။

## (၄) နက်နဲသောပညာရပ်ကိုလေ့လာခြင်း

**ပညာသည် မီးနှင့်တူပေသည်။** မီးသည် သေးသေးဖွဲဖွဲလောင်စာကို လောင်ရလျှင် မီးတောက်သေး၍ အပူရှိန်သေး၊ အလင်းရောင်သေး သည်၊ ကြီးကြီးမားမား လောင်စာကို လောင်ရလျှင် မီးတောက်ကြီး သည်။ အပူရှိန်ကြီးသည်၊ အလင်းရောင်ကြီးသည်။ ထို့အတူပင် ပညာ သည်လည်း သေးသေးသိမ်သိမ် ပညာရပ်များကို ကျက်စား လေ့လာရ လျှင် သေးသိမ်နေ၍ နက်နဲကြီးကျယ်သော ပညာရပ်များကို ဗျူးကနဲ လေ့လာသိမြင်ရန် မလွယ်ကူချေ။ နက်နဲခက်ခဲကြီးကျယ်သော ပညာ ရပ်များကို လေ့လာကျက်စားခွင့်ရ၍ ကျွမ်းကျင်လိမ္မာသောအခါ နက် နဲခက်ခဲ ကြီးကျယ်သော ပညာရပ်များကို အလွယ်တကူ ပင်ပန်းခက်ခဲ မှုမရှိပဲ တတ်သိလိမ္မာနိုင်ပေသည်။

လောကမျက်မြင်အားဖြင့် ပြေးလွှားလေ့ကျင့်ထား၍ အသားကျ အမောလုံနေကာ နှစ်ဆယ့်ခြောက်မိုင် မာရသွန်ပြေးပွဲ၌ ပထမစွဲထား

သူသည် တစ်မိုင်နှစ်မိုင် ခရီးအဝေးကို အသာကလေး ပြေးနိုင်သည်။ အလားတူ နှစ်ဆယ့်ခြောက်မိုင်ကိုလည်း အလွယ်ပင်ပြေးနိုင် သကဲ့သို့ ဖြစ်ပေသည်။ လုံးဝ သွားလာမှုမရှိသော သူများမှာမူ တဖြည်းဖြည်း အကြောများဆိုင်းတွ၍ ပြေးနိုင်ဖို့မဆိုထားဘိ မှန်မှန်ခရီးသွားရန်ပင် မလွယ်ကူတော့ပဲ ချိန့်ကာ တစ်ပိုင်းသေဘဝသို့ ရောက်သွားနိုင်ပေသည်။

ထို့ကြောင့် ပညာဖြစ်ပွားစေလိုလျှင် လေးနက်ခက်ခဲ ကြီးကျယ်သော ပညာရပ်များကို အလေ့အလာ ပြုသင့်ပေသည်။

(၄) ပညာကိုလိုလားခြင်း

ပညာရရှိရန်အတွက် အမြဲတမ်းလိုလားခြင်းကို ပညာသို့ကိုင်းရှိုင်းခြင်း-ဟု ဆိုပေသည်။ စားရာ, သွားရာ, ထိုင်ရာ, အိပ်(လျောင်း)ရာ-တို့၌ အမြဲမပြတ် ပညာကိုလိုလားနေခြင်းသည် ပညာသို့ညွတ်ကိုင်းသော စိတ်ပင်ဖြစ်၏။ ပါဠိဘာသာဖြင့် "**တဒဓိမုတ္တတာ**"ဟု ခေါ်သည်။ ထို ပညာ၌ညွတ်ကိုင်းလိုလားခြင်း-ဟု အဓိပ္ပာယ်ရှိပေသည်။ ယင်းသို့ ပညာ၌ညွတ်ကိုင်း လိုလားခြင်းသည်လည်း ပညာရခြင်းအကြောင်း ဖြစ်ပေသည်။

ယင်းသို့ ပညာဖြစ်ခြင်း အကြောင်းခုနစ်ပါးကို ဆရာတော်ဦးဗုဓ်က အကျဉ်းချုပ်မှတ်မိအောင် ရွတ်ဆိုနိုင်စေရန် လင်္ကာရေးသားထားတော်မူသည်။

**ပညာဖြစ်ကြောင်း ၇-ပါး လင်္ကာ**

ဖန်ဖန်မေးမှု၊ ဝတ္ထုစင်စေ၊
ဣန္ဒြေညီမျှ၊ဗာလကိုကြဉ်၊
ညာဏ်ရှိယှဉ်မှု၊ ဆင်ခြင်နက်လှ၊
ဓိမုတ္တ၊ ညာဏပွားကြောင်းခုနစ်တည်း။

(၃) ဝီရိယသမ္ဗောဇ္ဈင်

ဝီရိယသမ္ဗောဇ္ဈင်-ဟူသည်မှာ ကြိုးစား အားထုတ်မှု-ဝီရိယ တရားသည်ပင်လျှင် နိဗ္ဗာန်ကိုထိုးထွင်းသိမြင်တတ်သော သမ္ဗောဓိအမည်ရှိ မဂ်

ပဂ္ဂိုလ်, မဂ်တရားဖြစ်ကြောင်း အင်္ဂါဖြစ်သောကြောင့် ဝီရိယသမ္ဗောဇ္ဈင်- ဝီရိယသမ္ဗောဇ္ဈင် ဟု အမည်ရရှိပေသည်။

ယင်း ဝီရိယသမ္ဗောဇ္ဈင်၏ မူရင်းတရားကိုယ်မှာ **ဝီရိယစေတသိက်** ဖြစ်သော်လည်း ဝီရိယတရားအားလုံး ဝီရိယသမ္ဗောဇ္ဈင်မဖြစ်နိုင်ချေ။ သတိပဋ္ဌာန် တရား ပွားများသောအခါ ဖြစ်ပေါ်လာသည့် ဥဒယဗ္ဗယဉာဏ်မှ စ၍ အထက်ဝိပဿနာဉာဏ် အဆင့်ဆင့်နှင့်ယှဉ်သော ဝီရိယ စေတသိက် သည်သာလျှင် ဝီရိယသမ္ဗောဇ္ဈင် မုချဖြစ်သည်။ ရှေ့ သမ္မသနဉာဏ်နှင့်ယှဉ် ဖက် ဝီရိယမှာမူကား ဥပစာခေါ် တင်စားသည့် နည်းအားဖြင့် ဝီရိယ သမ္ဗောဇ္ဈင် ဖြစ်နိုင်ပေသေးသည်။ (ဒီ ဋ္ဌ-၂၊ နှာ-၃၇၅၊ ဒီ ဋီ-၂၊နှာ-၃၂၄။)

ဝီရိယသမ္ဗောဇ္ဈင်သည် **ပဂ္ဂဟလက္ခဏာ** ခေါ် သမ္ပယုတ်တရား တို့ကို ချီမြှောက်ထောက်ပင့်ခြင်း သဘောတရားရှိပေသည်။ ပစ္စည်းတစ်ခုကို အောက်သို့မကျစေရန် ချီ-မ-ထားခြင်း၊မြှောက်တင်ထားခြင်း၊ထောက်ခံ ထားခြင်း၊ ပင့်ကူထားခြင်း - ဟူ၍ ဆိုလိုပေသည်။ ဝီရိယ၏ ယင်းသို့ ချီမြှောက်ထောက်ပင့်မှု အစွမ်းကြောင့် သမ္ပယုတ်တရားများသည် လည်း ကောင်း၊ ယင်းတရားတို့၏ဘည်ရာ ခန္ဓာအစဉ်သည်လည်းကောင်း အမြဲ တမ်း အသက်တန်းမှာဘည်နေခြင်း တိုးတက်ခြင်း အကျိုးတရားများကို ရရှိနကြ ပေသည်။

ယင်းသို့ ဝီရိယသမ္ဗောဇ္ဈင်သည် မိမိလေ့လာပွားများရာ သတိပဋ္ဌာန် ၏ အာရုံတရားတို့၌ ကောင်းစွာတိုးပွားစေခြင်းဖြင့် အစဉ်အတိုင်းကုသိုလ် တရား အားလုံးကို နောက်တွန့်ခြင်း ဆုတ်နစ်ခြင်းနှင့် ယင်း၏ဘက်သား အကုသိုလ်တရားများကို ပယ်ရှားမှုတ်လွှင့်လျက် ဦးဆောင်မှု ချီးမြှောက် မှုနှင့် ယင်း၏ဘက်တော်သား ကုသိုလ်တရားများကို ပြည့်ဝစေလျက် သမ္ဗောဓိအမည်ရှိ မဂ်တရားကိုဖြစ်ပေါ်စေနိုင်ပေသည်။ (ပရမတ္ထဒီပနီ၊ နှာ-၄၅၇။)

ဝီရိယသမ္ဗောဇ္ဈင်ကို ဖြစ်ပွားလိုပါလျှင် သတိပဋ္ဌာန်တရားကိုပွားများ ရန် ရှေးဦးစွာ ကြိုးစား အားထုတ်မှု-**အာရမ္ဘဓာတ်**၊ ယင်းဓာတ်ထက်

အင်အားကြီးသော ပျင်းရိမှု"ကောသဇ္ဇ"မှ ထွက်မြောက်နိုင်သော ကြိုးစား အားထုတ်မှု-နိက္ကမဓာတ်၊ ယင်း ဓာတ်များထက်လည်း အင်အားကြီးမားသော အဆင့်ဆင့်လွန်ကဲနိုင်နင်းနိုင်သော ကြိုးစားအားထုတ်မှု ပရက္ကမဓာတ် ဟူသော ဝီရိယဓာတ်ကြီးသုံးပါး၌ သင့်လျော်စွာနှလုံးသွင်းခြင်း ယောနိသောမနသိကာရ များစွာပြုလုပ်ရမည်-ဟု မြတ်စွာဘုရား ဟောတော်မူသည်။ (သံ ၃၊နှာ-၉၀။) ယင်းဟောကြားတော် မူခြင်းနှင့်လျော်ညီစွာပင် အဋ္ဌကထာ(သံ ၃-၃၊နှာ-၁၉၃။ ဒီ ၃-၂၊နှာ-၃၇၈) ၌ -ဝီရိယဖြစ်ကြောင်း ၁၁ - မျိုးကို ပြဆိုထားပေသည်။

ဝီရိယဖြစ်ကြောင်းတရား ၁၁-ပါး

(၁) အပါယ်ဘေးကို ဆင်ခြင်ခြင်း၊ (အပါယဘယပစ္စဝေက္ခဏာ)၊
(၂) ဝီရိယအကျိုးကို ဆင်ခြင်ခြင်း၊ (အာနိသံသဒဿာဝီ)၊
(၃) သူတော်လမ်းစဉ်ဆင်ခြင်ခြင်း၊ (ဂမနဝီထိပစ္စဝေက္ခဏာ)၊
(၄) တရားပွဲ၌ ဆွမ်းအားပူဇော်ခြင်း၊ (ပိဏ္ဍပစာယနတာ)၊
(၅) အမွေခံမြတ်ပုံကိုဆင်ခြင်ခြင်း၊ (ဒါယဇ္ဇမဟတ္တပစ္စဝေက္ခဏာ)၊
(၆) ဆရာဘုရားမြင့်မြတ်ပုံကို ဆင်ခြင်ခြင်း၊ (သတ္ထုမဟတ္တပစ္စဝေက္ခဏာ)၊
(၇) အမျိုးမြတ်ပုံကို ဆင်ခြင်ခြင်း၊ (ဇာတိမဟတ္တပစ္စဝေက္ခဏာ)၊
(၈) သီတင်းသုံးဖော်မြတ်ပုံကို ဆင်ခြင်ခြင်း၊ (သဗြဟ္မစာရီမဟတ္တပစ္စဝေက္ခဏာ)၊
(၉) ပျင်းရိသူကို ကြဉ်ခြင်း၊ "ကုသီတပုဂ္ဂလပရိဝဇ္ဇနတာ"၊
(၁၀) ကြိုးစားသူကို ယှဉ်ခြင်း၊ "ဝီရိယဝန္တသေဝနတာ"၊
(၁၁) ဝီရိယရှိရန်လိုလားခြင်း၊ (တဒဓိမုတ္တတာ)-

ဟူ၍ ဝီရိဖြစ်ကြောင်းတရားများကို အဋ္ဌကထာ၌ ၁၁-မျိုး ပြဆိုပေသည်။ ယင်းပြဆိုချက်ကို သိသာစေရန် အနည်းငယ်မျှ ရှင်းပြပါအံ့။

(၁) အပါယ်ဘေးကိုဆင်ခြင်ခြင်း

ဤကဲ့သို့သော အချိန်ကောင်းအခါကောင်းမှာ အမှန်မုချ တရားမှန်ကို သိမြင်နိုင်သော ဗောဇ္ဈင်တရားကို မပွားများလိုက်ရ၍ အပါယ်ကျရမည်ဆိုလျှင် နောင်ဘဝအဆက်ဆက် အပါယ်မှတက်ရနိုင်ဖွယ်မရှိပြီ၊ ဤလို အခွင့်ကောင်း အခါကောင်းကို ကြုံတွေ့ရန် မလွယ်တော့ပြီ- စသည်ဖြင့် အပါယ်ဘေးကို ဆင်ခြင်လျှင်လည်း ဝီရိယခေါ် ကြိုးစားအားထုတ်ခြင်း ဖြစ်နိုင်ပေသည်။

(၂) ဝီရိယအကျိုးကိုဆင်ခြင်ခြင်း

ပျင်းရိနေခြင်းဖြင့် ငါအလိုရှိသော အရိယသစ္စာခေါ် တရားအမှန်သိမြင်မှုကို မရနိုင်၊ လုံ့လထား၍ ကြိုးစားမှသာ ရနိုင်မည်။ လောက၌ ကြိုးစားအားထုတ်မှုဖြင့်သာ လိုရာတရားကို ရရှိကြသည်ချည်း ဖြစ်ပေသည်။ ထို့ကြောင့်ပင် ရှေးပညာရှင်ကြီးများက "ကြိုးစားမှ တိုးပွားမည်"၊ "ကြိုးစားက ဘုရားဖြစ်နိုင်သည်"၊ "ကြိုးစားသူမှ အောင်ပွဲရ" ဟူ၍ ဆိုရိုးစကားပုံ ပြုထားခဲ့ကြသည်-စသည်ဖြင့် ကြိုးစားမှုဝီရိယ၏ အကျိုးအာနိသင်အစွမ်းသတ္တိကို ဆင်ခြင်တွေးတောလျှင်လည်း ဝီရိယ ဖြစ်ပွားနိုင်ပေသည်။

(၃) သူတော်လမ်းစဉ်ဆင်ခြင်ခြင်း

ဘုရားအစရှိသော သူတော်ကောင်းတို့ ကျင့်ထုံးလမ်းစဉ်ကို ဆင်ခြင်ပါလျှင်လည်း ဝီရိယတရားဖြစ်ပွားနိုင်ပေသည်။ ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် မဟာဇနကမင်းဖြစ်စဉ် အလောင်းတော်ဘဝမှာလည်း ဝီရိယပါရမီကို အသက်စွန့်ရလောက်အောင်ပင် အတုမရှိ ဖြည့်ကျင့်ခဲ့သည်။ နောက်ဆုံး ပစ္ဆိမဘဝ သိဒ္ဓတ္ထမင်းသား ဖြစ်စဉ်မှာပင် လူသားမန်တို့ စိတ်ထဲမှပင် မတွေးရဲမကြံစံ့ ကြောက်ရွံ့ဖွယ်ရာ ဒုက္ကရစရိယာကို ကျင့်သုံးခဲ့သည်။

သဗ္ဗညုတဉာဏ်ရှင် ဘုရားစင်စစ်ဖြစ်ပြီး နောက်မှာလည်း နေ့ရောညဥ့်ပါ အခါမလပ် တရစပ် တရားဟောပြ၍ သတ္တဝါတို့ကို ချွတ်တော်မူရသည်။ တစ်ညတာ၌ ပဌမယံ, မဇ္ဈိမယံ, ပစ္ဆိမယံ-ဟု သုံးယံ

ရှိသည်။ နောက်ဆုံး ပစ္ဆိမယံကို သုံးစွဲ၍ အလယ်ပိုင်းကာလ တစ်နာရီနှင့်မိနစ်နှစ်ဆယ်(၁း၂၀-နာရီ)အချိန်ခန့်မျှသာ တရားမွှေလျော် ကျိန်းစက်တော်မူရသည်။

ဤမျှလောက်ကြိုးစား၍ ဝီရိယကြီးမားတော်မူသည့် ဘုရားအစရှိသော သူတော်စင်တို့၏ ကျင့်ထုံးလမ်းစဉ် (ဂမနဝီထိ)ကို ဆင်ခြင်ပါလျှင်လည်း ဝီရိယဓာတ် ဖြစ်ပွားနိုင်ပေသည်။

## (၄) တရားပွား၍ဆွမ်းအားပူဇော်ခြင်း

ဒကာ ဒကာမတို့လှူဒါန်းသောဆွမ်းကို သုံးဆောင်ပြီးလျှင် ဤဆွမ်း၏အကျိုးကြီးမားစေရန်ရည်ရွယ်၍ မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားကို ရရှိစေရန် ပွားများပေအံ့-ဟု အဓိဋ္ဌာန်ပြုကာ တရားကိုပွားများပါလျှင်လည်း ဝီရိယတရားဖြစ်ပွားနိုင်ပေသည်။ ထို့အတူပင် ပစ္စည်းလေးပါးကို ပူဇော်သောအားဖြင့် တရားကိုပွားများလျှင်လည်း ဝီရိယတရားဖြစ်ပွားခွင့်ရှိပေသည်။ ယင်းကို **ပိဏ္ဍပစယန**-ဆွမ်းကိုပူဇော်ခြင်းဟု ဆိုပေသည်။

ဤနည်းကိုမှီး၍ လူဝတ်ကြောင်းများသည်လည်း မိဘပေးသည့် အစား-အဝတ်,သားသမီးကပေးသည့် အစား-အဝတ်,နိုင်ငံတော်ကပေးသည့်အစား-အဝတ်များ စသည်ကို သုံးဆောင်ရာ၌ သင့်လျော်စွာ ဆင်ခြင်တွေးတော၍ ကြိုးစားအားထုတ်ကာ အကျိုးရှိအောင် ပြုလုပ်ဆောင်ရွက်ရာ၌လည်း ဝီရိယတရား ဖြစ်ပွားနိုင်ပေသည်။ **ဘတ္တပစယန**-ထမင်းကို ပူဇော်ခြင်းဟု ဆိုသင့်ပေသည်။

ဤသို့ ပိဏ္ဍပစယန-ဆွမ်းပူဇော်မှု, **ဘတ္တပစယန**-ထမင်းပူဇော်မှုဟု ထင်ရှားသည့် ဆွမ်းနှင့်ထမင်းကိုဆိုသဖြင့် အခြားအသုံးအဆောင်ပစ္စည်းမှန်သမျှကိုလည်း **ဥပလက္ခဏနည်း**ခေါ် ထင်ရှားသည်ကို ဆိုခြင်းနည်းအရ မှတ်ယူနိုင်ပေသည်။

## (၅) အမွေခံမြင့်မြတ်ပုံကို ဆင်ခြင်ခြင်း

''မြတ်စွာဘုရား၏ သားတော်ဖြစ်သော တပည့်သာဝကတို့သည် မြင့်မြတ်လှစွာသော သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပ-

တည်းဟူသော အမွေအနှစ်တို့ကို ပျင်းရိနေ၍ မရနိုင်၊ လုံ့လထား၍ ကြိုးစားမှသာ ရနိုင်သည်''ဟု မြင့်မြတ်သော အမွေခံထိုက်မှုကို ဆင်ခြင်ခြင်းဖြင့်လည်း ဝီရိယတရား ဖြစ်ပွားနိုင်ပေသည်။ ယင်းကို ပါဠိဘာသာဖြင့် ဒါယဇ္ဇမဟတ္တတာပစ္စဝေက္ခဏာ-ဟု ဆိုပေသည်။

## (၆) ဆရာဘုရားမြင့်မြတ်ပုံကိုဆင်ခြင်ခြင်း

''မြတ်ဗုဒ္ဓဘုရားရှင်သည် ဖွားမြင်တော်မူသောအခါ၊တောထွက်တော်မူသောအခါ၊ ဘုရားဖြစ်တော်မူသောအခါ၊ ဓမ္မစကြာဟောတော်မူသောအခါ၊ တာဝတိံသာနတ်ပြည်သို့ ကြွသောအခါ၊ တာဝတိံသာမှပြန်ကြွလာသောအခါ၊ အာယုသင်္ခါရ လွှတ်တော်မူသောအခါ၊ ပရိနိဗ္ဗာန်စံတော်မူသောအခါတို့၌ စကြဝဠာတိုက်တစ်သောင်းကို တုန်လှုပ်စေသည့် မြင့်မြတ်လှစွာသော ပုဂ္ဂိုလ်ထူးကြီးတစ်ဆူ ဖြစ်တော်မူပေသည်။ ငါသည် သို့စင်မျှလောက် ထူးခြားမြင့်မြတ်သော ပုဂ္ဂိုလ်ကြီး၏ တပည့်သားဖြစ်ပါလျက် ပျင်းရိနေခြင်းသည် အလွန်ရှက်ဖွယ်ကောင်းလှပေသည်။ စကြာမင်း၏ သားကြီး ရတနာဖြစ်ပါလျက် လက်ဖြန့်ခံ၍ တောင်းရမ်း စားသောက်နေရသူနှင့် တူလှပေသည်။ ဆရာဘုရား၏ တပည့်သားဖြစ်သည်အားလျော်စွာ ကြိုးစားမှုရှိမှသာ သင့်လျော်ပေမည်''ဟူ၍ ဆင်ခြင် လျှင်လည်း ဝီရိယဖြစ်ပေါ်နိုင်ပေသည်။ ယင်းကို သတ္ထုမဟတ္တပစ္စဝေက္ခဏာ-ဟု အဋ္ဌကထာ၌ ဆိုပေသည်။

## (၇) အမျိုးမြတ်ပုံကိုဆင်ခြင်ခြင်း

''ဗုဒ္ဓရှင်တော် မြတ်ဘုရားသည် နေမင်းနွယ်လာ မဟာသမ္မတမင်းဆက်မှ ဆင်းသက်လာခဲ့သည်။ ငါသည်လည်း ထိုသာကီနွယ်ဝင် ဘုရားရှင်၏ တပည့်သားဖြစ်သည်။ ပျင်းရိနေရန်မသင့်။ ဘ-မျိုး-ဘိုးတူ ဖြစ်နိုင်အောင်ကြိုးစားမှ သင့်လျော်ပေမည်'' ဟု ဇာတိမျိုးရိုးကို ဆင်ခြင်လျှင်လည်း ဝီရိယတရား ဖြစ်ပွားနိုင်ပေသည်။ ယင်းကို ဇာတိမဟတ္တတာပစ္စဝေက္ခဏာ-ဟု ဆိုပေသည်။

(၈) သီတင်းသုံးဖော်မြင့်မြတ်ပုံကိုဆင်ခြင်ခြင်း

"ငါနှင့်အတူ သာသနာ၌ ကျင့်သုံးနေထိုင်တော် မူကြသော အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလာန်, အရှင်မဟာကဿပ-မဟာထေရ်မြတ်ကြီးတို့သည် ဝီရိယကြီးမား ကြိုးစားသူများဖြစ်ပါလျက် ငါက ပျင်းရိနေရန်မသင့်၊ ကြိုးစားအားထုတ်မှသာ သင့်လျော်ပေမည်"ဟု သီတင်းသုံးဖော်အဆက်ဆက် ထက်မြက်မြင့်မြတ်ပုံကို ဆင်ခြင်လျှင်လည်း ဝီရိယဖြစ်ပွားနိုင်ပေသည်။

(၉) ပျင်းရိသူကိုကြဉ်ခြင်း

တစ်ကြိမ်တစ်ခါ ဝ-အောင်စားပြီးလျှင် ဘယ်ကိုမှမသွား လှုပ်ရှားခြင်း မရှိပဲ တစ်ပတ်ခန့်, တစ်လခန့်-အိပ်စက်နေတတ်သော စပါးကြီးမြွေကဲ့သို့ တလူးလူး တလွန့်လွန့် အမြဲအိပ်စက်နေတတ်သူ လူပျင်းများကို ရှောင်ကြဉ်မှ ထိုသူတို့ထံမှ ခတ်မကူးပဲ ဝီရိယတရားဖြစ်ပွားနိုင်ပေသည်။ ထို့ကြောင့် ဝီရိယဖြစ်ရန် လူပျင်းကို ရှောင်ကြဉ်သင့်ပေသည်။

(၁၀) ကြိုးစားသူကိုယှဉ်ခြင်း

လုံ့လဝီရိယရှိသူဖြစ်၍ အမြဲတန်း အလုပ်ကို ကြိုးစားအားထုတ်လုပ်ကိုင်နေကာ နီးစပ်သူများ လုံ့လဝီရိယရှိစေရန် တိုက်တွန်းစကားပြောကြားတတ်သူကို ယှဉ်တွဲမှီဝဲနေလျှင် လုံ့လဝီရိယတရား ဖြစ်ပွားနိုင်ပေသည်။

(၁၁) အမြဲကြိုးစားလိုစိတ်ရှိခြင်း

သွား, ရပ်, ထိုင်, လျောင်း- ဣရိယာပုထ်လေးပါးလုံးမှာပင် လုံ့လဝီရိယရှိချင်နေခြင်းကို လုံ့လဝီရိယ၌ ညွတ်ကိုင်းသည့် စိတ်ရှိသူ-ဟုဆိုရပေသည်။ ယင်းသို့ လုံ့လရှိလိုသူမှသာ လုံ့လဝီရိယ ဖြစ်ပွားနိုင်ပေသည်။ တဒဓိမုတ္တတာ-ဟု ပါဠိဘာသာဖြင့်ဆိုသည်။

ဤသို့လျှင် ဝီရိယဖြစ်ကြောင်းတရား တစ်ဆယ့်တစ်ပါးရှိပေသည်။ ယင်းကို ကျက်မှတ်ဆောင်ထားရန်အတွက် ဆရာတော်ဦးဗုဒ္ဓက လင်္ကာ

ရေးထားပေသည်။ (ဤကျမ်း စာမျက်နှာ ၃၇၃*-မှ၊ ၄၀၆-အထိ (၁၁) ဧကာဒသမအပိုင်း သမ္မပ္ပဓာန်အခန်းနှင့် (၁၂) ဒွါဒသမအပိုင်း စာမျက်နှာ-၄၂၄၊ (၅) ဝီရိယပါရမီအခန်းတို့ကိုလည်းပြန်ရှုပါ။)

### ဝီရိယဖြစ်ကြောင်းတရား ၁၁-ပါးလင်္ကာ

ပါယ်ဘေးဆင်ခြင်၊ မြင်သည်အကျိုး၊
လမ်းရိုးလိုက်ရာ၊ ပိဏ္ဍာပဧယျ၊
ဒါယဇ္ဇ-ဟု၊ သတ္ထုမြတ်ဘိ၊
ဇာတိမဟတ္တ၊ သဗြဟ္မစာရီ၊
မမှီလူပျင်း၊ မှီတင်းအားရှေ့၊
ဓိမုတ္တ-ဟု၊ လုံ့လပွားကြောင်း ဆယ့်တစ်တည်း။

---

## (၄) ပီတိသမ္ဗောဇ္ဈင်

ပီတိသမ္ဗောဇ္ဈင်-ဟူသည်မှာ နှစ်သက်မှု-ပီတိသည်ပင်လျှင် နိဗ္ဗာန်ကို ကောင်းစွာထိုးထွင်း သိမြင်တတ်သည့်- သမ္ဗောဓိ အမည်ရှိ မဂ်ပုဂ္ဂိုလ်နှင့် မဂ်ဘရား၏ဖြစ်ကြောင်း အင်္ဂါဖြစ်သောကြောင့် ပီတိသမ္ဗောဇ္ဈင်-ပီတိသမ္ဗောဇ္ဈင်မည်ပေသည်။ သမ္ဗောဓိ-အရကို မဂ်ပုဂ္ဂိုလ်ကိုလည်းယူနိုင်သည်၊ မဂ်တရားကိုလည်းယူနိုင်သည်။ ယင်းသမ္ဗောဓိဖြစ်ကြောင်း ပီတိကိုမူ ပီတိသမ္ဗောဇ္ဈင်ဟုဆိုရပေသည်။

ယင်းပီတိသမ္ဗောဇ္ဈင်၏ မူရင်းတရားကိုယ်မှာ ပီတိစေတသိက် ပရမတ်တရားဖြစ်သည်။ သို့သော်-ပီတိစေတသိက် တရားတိုင်း သမ္ဗောဇ္ဈင်မဖြစ်နိုင်ပေ။ သတိပဋ္ဌာန်တရား လေးပါးကို ပွားများသူ၏ နာမ်တရားသန္တာန်မှာဖြစ်ပေါ်သည့် ဥဒယဗ္ဗယ ဝိပဿနာဉာဏ်မှစ၍ အထက်ဖြစ်သော ဝိပဿနာဉာဏ်တရားများမှာရှိသည့် ပီတိသာလျှင် ပီတိသမ္ဗောဇ္ဈင်ဖြစ်နိုင်ပေသည်။ ဥဒယဗ္ဗယဉာဏ်၏ ရှေ့မှာဖြစ်သည့် သမ္မသနဉာဏ်မှာရှိသော ပီတိစေတသိက်မှာမူကား ဥပစာအားဖြင့် ပီတိသမ္ဗောဇ္ဈင်အမည်ကို ရထိုက်ပေသေးသည်။ (ဒီ ဋ္ဌ-၂၊ နှာ-၃၇၅၊ ဒီ ဋီ-၂၊ နှာ ၃၂၄။)

ပီတိသမ္ဗောဇ္ဈင်သည် ဖရဏလက္ခဏာခေါ် မိမိနှင့်ယှဉ်ဖက်တရားများအား နှစ်သက်မှုဟူသော မိမိ၏သတ္တိကလေးကို ပျံ့နှံ့စေခြင်း သဘောရှိပေသည်။

ပီတိသမ္ဗောဇ္ဈင်သည် ကုသိုလ်တရားတို့၌ မနှစ်သက် မပျော်မွေ့ပဲ ငြီးငွေ့ တတ်သော "လီန, ဥက္ကဏ္ဍိတပက္ခ" အကုသိုလ်တရား သဘောနှင့် ယင်း၏ ဘက်တော်သား အကုသိုလ်တရားများကို ပယ်လှင့်ပျောက်ကွယ်စေလျက် ကုသိုလ်ကမ္မဋ္ဌာန်း ဘာဝနာတရားပွားများရသည်ကို အားရနှစ်သက်ကျေနပ်နေကာ ကုသိုလ်တရားကို ထပ်ကာထပ်ကာ ပွားများပြည့်ဖြိုးစေလျက် သမ္မောဓိ အမည်ရှိ မဂ်တရားကို ဖြစ်ပွားစေနိုင် ပေသည်။ (ပရမတ္ထဒီပနီ-၃၅၇။)

ကြည်ညိုဖွယ်ဖြစ်သော ဗုဒ္ဓရှင်တော်မြတ်၏ ဂုဏ်တော်၊ တရားတော်၏ ဂုဏ်တော်၊ သံဃာတော်၏ ဂုဏ်တော်စသော တရားဓမ္မတို့သည် ပီတိဖြစ်စေနိုင်သောကြောင့် ပီတိဋ္ဌာနိယဓမ္မ ခေါ်ပေသည်။ ပီတိဖြစ်ကြောင်း အာရုံ-ဟု အဓိပ္ပာယ်ရှိပေသည်။ ယင်း ပီတိဖြစ်ကြောင်း တရားများ၌ သင့်လျော်မှန်ကန်စွာ စိတ်ထားမှု "ယောနိသောမနသိကာရ" ကို အထပ်ထပ် အကြိမ်ကြိမ် ပြုလုပ်အားထုတ်လျှင် ပီတိတရား ဖြစ်ပွားစေနိုင်ကြောင်းကို အာဟာရသုတ်(သံ ၃၊ နှာ-၉၀)၌ဟောကြားတော်မူသည်။

ယင်း ဟောကြားတော်မူချက်နှင့်ညီညွတ်စွာပင် အဋ္ဌကထာ(သံဋ္ဌ-၃၊ နှာ-၁၉၃။ ဒီ ဋ္ဌ-၂၊ နှာ-၃၀၂) ၌ပီတိဖြစ်ကြောင်းတရား ၁၁-ပါးကို ဖွင့်ဆိုတော်မူသည်။

## (၄) ပီတိဖြစ်ကြောင်းတရား ၁၁-ပါး

(၁) ဘုရားဂုဏ်ကို အောက်မေ့ခြင်း၊ (ဗုဒ္ဓါနုဿတိ)၊
(၂) တရားတော်ဂုဏ်ကို အောက်မေ့ခြင်း၊ (ဓမ္မာနုဿတိ)၊
(၃) သံဃာတော်ဂုဏ်ကို အောက်မေ့ခြင်း၊ (သံဃာနုဿတိ)၊
(၄) သီလကို အောက်မေ့ခြင်း၊ (သီလာနုဿတိ)၊

(၅) ပေး ကမ်း လှူ ဒါန်း ခြင်း ကို အောက်မေ့ခြင်း၊ (စာဂါနုဿတိ)၊
(၆) နတ်တို့၏ဂုဏ်ကိုအောက်မေ့ခြင်း၊ (ဒေဝတာနုဿတိ)၊
(၇) နိဗ္ဗာန်၏ အေးချမ်းပုံကို အောက်မေ့ခြင်း၊ (ဥပသမာနုဿတိ)၊
(၈) သဒ္ဓါနည်းပါးသူကို ရှောင်ကြဉ်ခြင်း၊ (လူခပုဂ္ဂလပရိဝဇ္ဇနာ)၊
(၉) သဒ္ဓါတရားရှိသူကိုယှဉ်တွဲမှီဝဲခြင်း၊ (သိနိဒ္ဓပုဂ္ဂလသေဝနာ)၊
(၁၀) ကြည်ညိုဖွယ် သုတ္တန်များကို ရှုတ်ဆိုဆင်ခြင်ခြင်း၊ (ပသာဒနီယသုတ္တပစ္စဝေက္ခဏာ)၊
(၁၁) ပီတိဖြစ်ရန်လိုလားခြင်း၊ (တဒဓိမုတ္တတာ)—

ဟူ၍ ပီတိဖြစ်ကြောင်းတရား တစ်ဆယ့်တစ်ပါး ရှိပေသည်။ သိသာရှင်းပြပါအံ့။

## (၁) ဘုရားဂုဏ်ကိုအောက်မေ့ခြင်း

အရဟံ-အစရှိသော မြတ်စွာဘုရား၏ ဂုဏ်တော်များသည် အလွန်ကြည်ညိုဖွယ်ရှိပေသည်။ ယင်းသို့ ကြည်ညိုဖွယ်ရာ မြတ်စွာဘုရား၏ အရဟံ-အစရှိသော ဂုဏ်တော်တို့ကို တွေးတောခြင်း, ဆင်ခြင်စဉ်းစားခြင်း, လေ့လာပွားများခြင်းများကို ပြုလုပ်လျှင်လည်း ကြည်ညိုမှု-သဒ္ဓါတရားဖြစ်သည်။ "ယခု ငါသည် ဤသို့သော ဂုဏ်ကျေးဇူးရှိသော မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ ညွှန်ကြားဆုံးမချက် သာသနာမှာ လူဖြစ်လာရပေသည်။ အဆုံးအမကို လိုက်နာကျင့်သုံးနေရပေသည်" စသည်ဖြင့် အသိများ, အတွေးများ-ပေါ်ပေါက်လာပြီး နှစ်သက်အားရမှု-ပီတိဖြစ်ပွားနိုင်ပေသည်။

## (၂) တရားဂုဏ်ကိုအောက်မေ့ခြင်း

သွာက္ခာတ အစရှိသော တရားတော်ဂုဏ်များကို အောက်မေ့ခြင်း, တွေးခြင်း, ဆင်ခြင်ခြင်း ဖြစ်သည်။ သွာက္ခာတ-ဟူသည်မှာ "ကောင်း

စွာဟောကြားခြင်း” ဟု အဓိပ္ပာယ်ရှိသည်။ ကောင်းစွာ - ဟူသည်မှာ လည်း အပြစ်မရှိသောကြောင့် လည်းကောင်း၊ ကောင်းကျိုးပေးသော ကြောင့်လည်းကောင်း နာကြားရာမှာဖြစ်စေ၊ ကျင့်သုံးရာမှာဖြစ်စေ၊ အကျိုးခံစားရာမှာဖြစ်စေ “ကောင်းခြင်း” ဟု ဆိုလိုပေသည်။ “ငါ သည် ယခု–ဤကောင်းသောတရားနှင့် တွေ့ကြုံရပြီ၊ ကျင့်သုံးရပြီ၊ ငါ့ မှာ ကောင်းကျိုးများ ရတော့မည်” စသည်ဖြင့် တရားတော်ဂုဏ်ကို ဆင်ခြင်ခြင်းဖြင့် ဝမ်းသာနှစ်သက်မှု–ပီတိဖြစ်ပွားနိုင်ပေသည်။

## (၃) သံဃာတော်ဂုဏ်ကိုအောက်မေ့ခြင်း

သုပ္ပဋိပန္န-အစရှိသော သံဃာတော်၏ဂုဏ်ကို အောက်မေ့ခြင်း, ဆင် ခြင်ခြင်း, တွေးခြင်း, ပွားများခြင်း—စသည်ကို သံဃာတော်၏ဂုဏ်ကို အောက်မေ့ခြင်း-ဟု ဆိုပေသည်။ သုပ္ပဋိပန္န-ဟူသည်မှာ မြတ်စွာဘုရား ဟောကြားဆုံးမတော်မူသည့် တရားတော်အတိုင်း “မလွဲမချော် ထိန်း သိမ်းခြင်း” ကို ဆိုပေသည်။ “ဤ အရှင်သံဃာတော်များသည် မြတ်စွာ ဘုရား ဆုံးမတော်မူသည့် တရားတော်ကို ကျင့်သုံးခြင်းဖြင့် ကောင်းမြတ် သည့် အကျိုးတရား-မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရားများကို ရရှိ ခံစားတော်မူနေကြရပေသည်။ ငါသည်လည်း ဤသံဃာတော်အရှင်များ ကဲ့သို့ ကောင်းစွာကျင့်လျှင် ဤအရှင်များကဲ့သို့ပင် ကောင်းမြတ်သော မဂ်, ဖိုလ်, နိဗ္ဗာန်-တရားများကို ရရှိခံစားရပေလိမ့်မည်” စသည်ဖြင့် သဘောပေါက် သိမြင် ဝမ်းသာကာ နှစ်သက်မှု ပီတိတရား ဖြစ်ပွားနိုင် ပေသည်။

## (၄) သီလကိုအောက်မေ့ခြင်း

သီလ-ဟူသည်မှာ ဒုစရိုက်မှုများကို မပြုလုပ် မကျူးလွန်မိစေရန် စောင့်ထိန်းမှုဖြစ်သည်။ ယင်းသို့ စောင့်ထိန်းခြင်းကြောင့် မကောင်း ကျိုးများ မဖြစ်ပဲ ကောင်းကျိုးတရားများကိုသာ ရရှိနိုင်ပေသည်။ ယင်းသီလတရား၏ ဂုဏ်ကျေးဇူးများကိုလည်းကောင်း၊ ယင်း သီလ တရားများ မိမိမှာရှိသည်ကိုလည်းကောင်း၊ သီလနှင့်ပြည့်စုံခြင်းကြောင့်

သီလ၏ အကျိုးတရားများကို ခံစားရမည်ကိုလည်းကောင်း-တွေးတော သဘောပေါက်သိမြင်ခြင်းကြောင့် နှစ်သက်ဝမ်းမြောက် ရွှင်လန်းမှု-ပီတိ ဖြစ်ပေါ်နိုင်ပေသည်။

(၅) ပေးကမ်းလှူဒါန်းခြင်းကိုအောက်မေ့ခြင်း

ပေးကမ်းခြင်း, လှူဒါန်းခြင်း-တို့ကို စွန့်ကြဲမှု စာဂ-ဟုခေါ်သည်။ ယင်းစွန့်ကြဲမှု စာဂသည် ကောင်းကျိုးကိုသာပေးသည်။ ဘုရား အစ ရှိသော သူတော်ကောင်းကြီးများသည် မိမိတို့ကိုယ်တိုင်ကလည်း "စာဂ" တရားကို ကျင့်သုံးခဲ့၍ အခြားသောပုဂ္ဂိုလ်များကိုလည်း ပေးကမ်း စွန့်ကြဲမှု "စာဂ" တရားကို ကျင့်သုံးစေရန် ညွှန်ကြားဆုံးမတော်မူလေ့ရှိ ကြပေသည်။ စာဂ-တရား မိမိမှာရှိသည်ကိုဖြစ်စေ၊ စာဂ-အကျိုးကို ခံစားရမည်ကိုဖြစ်စေ တွေးမိလျှင် ဝမ်းမြောက် နှစ်သက်မှု-ပီတိတရား ဖြစ်နိုင်ပေသည်။

(၆) နတ်တို့ကိုဆင်ခြင်ခြင်း

လောက၌ ဗုဒ္ဓစာပေကျမ်းဂန်များအဆိုအရ နတ်များ ဗြဟ္မာများ သည် ရှိကြ၏။ "နတ်ဗြဟ္မာများသည် မပူမပင် အေးချမ်းသာယာစွာ ရှေးဘဝများက မိမိတို့ပြုလုပ်ခဲ့သည့် ကောင်းမှုအကျိုးကို ခံစားနေကြရ သူများ ဖြစ်ကြ၏။ ယင်းသို့ ကောင်းမှုပြုနိုင်ကြခြင်းမှာ သဒ္ဓါ, သတိ- စသော သူတော်ကောင်းတရားများ ရှိသောကြောင့်သာ ဖြစ်သည်။ ယင်း သဒ္ဓါ, သတိ-စသော သူတော်ကောင်းတရားများ ငါ့မှာလည်း ရှိပေသည်—ဟု လည်း ကောင်း၊ ယင်းသဒ္ဓါ,သတိ-စသော သူတော် ကောင်းတရားတို့ကြောင့် ကောင်းမှုပြုသောငါသည်လည်း နတ်ဗြဟ္မာ များကဲ့သို့ပင် အေးချမ်းသာယာစွာ နေထိုင်ရပေလိမ့်မည်" စသည်ဖြင့် တွေးတောအောက်မေ့လျှင်လည်း ဝမ်းမြောက်နှစ်သက်မှု-ပီတိ ဖြစ်ပေါ် နိုင်ပေသည်။

(၇) နိဗ္ဗာန်၏အေးချမ်းပုံကိုဆင်ခြင်ခြင်း

နိဗ္ဗာန်-ဟူသည် အငြိမ်းဓာတ်တရားပင်ဖြစ်သည်။ ရုပ်တရား, နာမ် တရားအားလုံး အကြွင်းအကျန်မရှိ ချုပ်ငြိမ်းရာဌာနဖြစ်သည်။ ဆင်းရဲ

ဒုက္ခ, စိုးရိမ်သောက, လိုချင်တောင့်တ-မှု ဟူသမျှသည် ရုပ်တရား, နာမ်တရားရှိမှသာလျှင် ဖြစ်ပေါ်လာရသည့် တရားမျိုးဖြစ်သည်။ ရုပ်, နာမ်တရား ချုပ်ပျောက်ကင်းပြတ်ရာဖြစ်သော နိဗ္ဗာန်တရား၌ ဆင်းရဲဒုက္ခ, စိုးရိမ်သောက, လိုချင်တောင့်တ-မှုများလည်း မရှိနိုင်တော့ပဲ အငြိမ်းဓာတ်တရားသာလျှင် ရှိပေသည်။ "ယခု ငါသည်လည်း ဤအငြိမ်းဓာတ်နိဗ္ဗာန်ကို သိမြင်ရရှိနိုင်ရန်အတွက် တရားကိုပွားများနေသူဖြစ်သောကြောင့် မကြာမြင့်မီ နိဗ္ဗာန်အငြိမ်းဓာတ်ကြီးကို ရရှိပေတော့မည်"စသည်ဖြင့် တွေးတောဆင်ခြင်လျှင်လည်း နှစ်သက်ဝမ်းမြောက်မှု-ပီတိတရား ဖြစ်ပွားနိုင်ပေသည်။

## (၈) သဒ္ဓါတရားနည်းပါးသူကိုကြဉ်ခြင်း

သဒ္ဓါတရားသည် လှူမှု, စောင့်ထိန်းမှု, ပွားများမှု-ဟူသော ဒါန, သီလ, ဘာဝနာ—များ ပြုနိုင်ရန် ပင်မတရားပင်ဖြစ်သည်။ ဒါန, သီလ, ဘာဝနာ-မှုများ ပြုလုပ်မှသာလျှင် စိုစိုပြည်ပြည်ဖြစ်ကာ ကောင်းမြတ်သော အကျိုးတရား ရရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် သဒ္ဓါတရားရှိသူကို "စိုပြည်သူ"ဟု ခေါ်သင့်၍ မရှိသူကို မှီဝဲခြင်းဖြင့် "ခြောက်သွေ့သူ-လူခပုဂ္ဂိုလ်"ဟု ဆိုသင့်ပေသည်။ ယင်းခြောက်သွေ့သူကို မှီဝဲခြင်းဖြင့် ခြောက်သွေ့သူသာ ဖြစ်နိုင်ဖွယ်ရာရှိပေသည်။ စိုပြည်သူဖြစ်ရန် မလွယ်ကူချေ။ ထိုသို့ သဒ္ဓါတရားမရှိ ခြောက်သွေ့သူများသည် ဝမ်းမြောက် နှစ်သက်မှု-ပီတိဖြစ်ရန် မလွယ်သူများဖြစ်သောကြောင့် ယင်းပုဂ္ဂိုလ်များကို ရှောင်ကြဉ်မှသာ ပီတိဖြစ်ခွင့် ရှိနိုင်ပေသည်။

## (၉) သဒ္ဓါတရားရှိသူကိုယှဉ်တွဲခြင်း

သဒ္ဓါတရားရှိ၍ ဒါန, သီလ, ဘာဝနာ—မှုများ ပြုစု၍ အကျိုးခံစားရကာ စိုစိုပြည်ပြည်ရှိသူ"သိနိဒ္ဓပုဂ္ဂိုလ်"များကို ပေါင်းသင်းမှီဝဲယှဉ်တွဲခြင်းဖြင့် မိမိမှာလည်းဓာတ်ကူးကာ သဒ္ဓါတရားရှိပြီး ဒါန, သီလ, ဘာဝနာ—တရားပြုကာ ကောင်းကျိုးရရှိလျက် စိုပြည်နိုင်ခွင့်ရ၍ ဝမ်းမြောက်နှစ်သက်မှု—ပီတိတရားဖြစ်ပွားခွင့်ရှိပေသည်။

## (၁၀) ကြည်ညိုဖွယ်သုတ္တန်ကိုဆင်ခြင်ခြင်း

ဓမ္မစက္ကပဝတ္တနသုတ်၊ သမ္ပသာဒနိယသုတ်စသော သုတ္တန်များသည် ကြည်ညိုဖွယ်သဒ္ဓါတရားကို ဖြစ်ပွားစေနိုင်သည့် ပသာဒနိယ-သုတ်များ ဖြစ်ကြပေသည်။ ကြည်ညိုခြင်း သဒ္ဓါတရား ဖြစ်ပွားသော အခါ ဝမ်းမြောက် နှစ်သက်မှု ပီတိတရားဖြစ်လာပေသည်။

## (၁၁) ပီတိဖြစ်ရန်လိုလားခြင်း

ပီတိဖြစ်ရန်အတွက် စွဲမြဲစိတ်ထား လိုလားကိုင်းရှိုင်းနေသူများမှသာ ပီတိဖြစ်ပွားနိုင်ပေသည်။ ထို့ကြောင့် ပီတိဖြစ်လိုလျှင် ပီတိဖြစ်လိုစိတ်ကို အမြဲတမ်းဖြစ်ပွားနေရမည်ဖြစ်သည်။ တဒဓိမုတ္တတာ-ဟု ဆိုပေသည်။ ထိုကိုအလိုရှိခြင်း-ဟု ဆိုလိုပေသည်။

ဤသို့ပီတိဖြစ်ကြောင်းတရား ၁၁-ပါးကို အဋ္ဌကထာ၌ ယင်းသို့မိန့်ဆိုထားပေသည်။ ယင်းမိန့်ဆိုချက်ကို ဆောင်ရွက်နိုင်ရန် လင်္ကာရေး၍ ဆရာတော် ဦးဇနကာ မှတ်တမ်းတင်ထားခဲ့ပေသည်။

**ပီတိဖြစ်ကြောင်း ၁၁-ပါးလင်္ကာ**

သတ္တာနုဿတိ၊ ကြဉ်ဘိလူခ၊
သိနိဒ္ဓရှာ၊ ပသာဒသုတ်၊
အဓိမုတ်-ဟု၊ မယုတ်ပီတိ ဆယ့်တစ်တည်း။

---

## (၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်

ပဿဒ္ဓိသမ္ဗောဇ္ဈင်-ဟူသည်မှာ နိဗ္ဗာန်ကိုထိုးထွင်း သိမြင်တတ်သည့် သမ္ဗောဓိ အမည်ရှိ မဂ်ပုဂ္ဂိုလ်နှင့် မဂ်တရား ဖြစ်ကြောင်း အင်္ဂါဖြစ်သောကြောင့် သမ္ဗောဇ္ဈင် အမည်ခံယူထိုက်သော ပဿဒ္ဓိစေတသိက်ပင် ဖြစ်ပေသည်။

ပဿဒ္ဓိသမ္ဗောဇ္ဈင်၏ မူရင်းတရားကိုယ်မှာ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ ခေါ် သောဘဏသာဓာရဏ ကုသိုလ်တိုင်းမှာပါရှိသည့် ပဿဒ္ဓိစေတသိက်

ဖြစ်သည်။စေတသိက်တရားတို့၏ငြိမ်းအေးမှုမှာ"ကာယပဿဒ္ဓိ"စေတသိက် ဖြစ်၍ စိတ်တရား၏ ငြိမ်းအေးမှုမှာ "စိတ္တပဿဒ္ဓိ"စေတသိက်ဖြစ်သည်။

ဒါနကုသိုလ်, သီလကုသိုလ်မျိုးမှာပါရှိသော ပဿဒ္ဓိစေတသိက် သာမန်မျှသည် ပဿဒ္ဓိသမ္ဗောဇ္ဈင်မဖြစ်နိုင်ပဲ ဝိပဿနာဘာဝနာကုသိုလ်အရာတွင် ဥဒယဗ္ဗယဉာဏ်မှစ၍ အထက် ဝိပဿနာဉာဏ်များမှာ ယှဉ်သည့် ပဿဒ္ဓိစေတသိက်သည်သာလျှင် မုချ ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်နိုင်သည်။သမ္မသန-ဉာဏ်နှင့်ယှဉ်သောပဿဒ္ဓိကိုမူ ဥပစာအားဖြင့်သာတင်စား၍ ပဿဒ္ဓိသမ္ဗောဇ္ဈင်ဟု ဆိုရပေသေးသည်။ (ဒီ ၄-၂၊ နှာ-၃၇၅။)

ပဿဒ္ဓိသမ္ဗောဇ္ဈင်သည် **ဥပသမလက္ခဏာ** ခေါ်မိမိကိုယ်တိုင်ကလည်း ငြိမ်းအေး၍ သမ္ပယုတ်တရားများကိုလည်း ငြိမ်းအေးစေမှုသဘောရှိပေသည်။ ထို့ကြောင့်ပင်လျှင် ပဿဒ္ဓိသမ္ဗောဇ္ဈင်သည် သာရဒ္ဒ,ဒရထ-ခေါ် ပူပင်လောင်မြိုက်တတ်သော အကုသိုလ်အသင်းအပင်းများကို ပယ်ရှားပစ်လှင့်၍ ငြိမ်းအေးမှုသဘောတရား အသင်းအပင်း ကုသိုလ်တရားများကို ဖြစ်ပေါ်ပြည့်ဖြိုးစေလျက် သမ္မာဓိအမည်ရှိ မဂ်တရားကို ဖြစ်ပေါ်စေလေသည်။ (ပရမတ္ထဒီပနီ၊ နှာ-၃၅၇။)

ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်ပေါ်စေလိုပါလျှင် ပဿဒ္ဓိအရာ ဖြစ်သော ငြိမ်း အေး မှု သ ဘော ဖြစ်စေရန်အတွက် သင့်လျော် လျောက်ပတ်စွာ စိတ်ထားမှု- ယောနိသောမနသိကာရ- တရားကို အထပ်ထပ် အကြိမ်ကြိမ် ပြုလုပ်ရမည်၊ ပွါးများရမည် ဟု ဗုဒ္ဓရှင်တော်ဘုရားက **အာဟာရသုတ်**(သံ ၃၊ နှာ-၉၀) ၌ ဟောကြားတော်မူသည်။ ယင်းဟောကြားတော်မူချက်နှင့် ညီညွတ်စွာပင် ပဿဒ္ဓိဖြစ်ကြောင်းတရား ၇-မျိုးကို အဋ္ဌကထာ၌ပြဆိုပါသည်။(သံ ၄-၃၊နှာ-၁၉၉။ ဒီ ၄-၂၊ နှာ-၃၀၂။)

### ပဿဒ္ဓိဖြစ်ကြောင်း ၇-ပါး

(၁) မွန်မြတ်သော ဘောဇဉ်ကိုမှီဝဲခြင်း၊(ပဏီတဘောဇနသေဝနာ)၊
(၂) ချမ်းသာသောဥတုကို မှီဝဲခြင်း၊(ဥတုသုခသေဝနာ)၊

(၃) ချမ်းသာသော ဣရိယာပုထ်ကို မှီဝဲခြင်း၊ "ဣရိယာပထသုခ-သေဝနာ"
(၄) အလယ်အလတ် ကျင့်သုံးမှုကို မှီဝဲခြင်း၊ "မဇ္ဈတ္တပယောဂ-သေဝနာ"
(၅) ပူပန်တတ်သူကို ကြဉ်ခြင်း၊ "သာရဒ္ဓပုဂ္ဂလပရိဝဇ္ဇနာ"
(၆) ငြိမ်းချမ်းသူကိုယှဉ်ခြင်း၊ "အသာရဒ္ဓပုဂ္ဂလသေဝနာ"
(၇) ငြိမ်းချမ်းလိုသောစိတ် ရှိခြင်း၊ "တဒဓိမုတ္တတာ"-

ဟူ၍ ခုနှစ်ပါးရှိပေသည်။ ထင်ရှားစေရန် အကျဉ်းမျှ ဖော်ပြပါအံ့။

(၁) မွန်မြတ်သောဘောဇဉ်ကိုမှီဝဲ ခြင်း

မိမိနှင့် သင့်လျော်လျောက်ပတ် မွန်မြတ်သောဘောဇဉ်ကို စားသုံးရလျှင် အကြိုက်ရ၍ ချမ်းသာစွာ ငြိမ်းအေးမှု-ပဿဒ္ဓိဖြစ်ခွင့်ရနိုင်ပေသည်။

(၂) ချမ်းသာသောဥတုကိုမှီဝဲရခြင်း

မိမိနှင့်သင့်လျော်၍ စိတ်ကိုချမ်းသာစေနိုင်သော အပူအအေး မျှ-တသည့် ဥတုရာသီကိုမှီဝဲရလျှင်လည်း စိတ်ချမ်းသာ ကိုယ်ကျန်းမာ ဖြစ်၍ ငြိမ်းအေးမှု-ပဿဒ္ဓိတရား ဖြစ်ပွားနိုင်ပေသည်။ ဥပမာပြရလျှင် ဂေါက်ရောဂါခေါ် အဆစ်ရောင်ရောဂါရှိသူမှာ ဆောင်းဥတု အေးချမ်းမှုကို ရရှိသောအခါ တကိုယ်လုံး ထိုင်းမှိုင်းကာ အဆစ်အမြစ်ကိုက်ခဲပြီး ချမ်းသာမှုမရပဲ နွေဥတု ပူနွေးမှုကိုရသောအခါကျမှ တကိုယ်လုံး ပွင့်လင်းသွက်လက်၍ ချမ်းသာမှုရသကဲ့သို့ ဖြစ်ပေသည်။

(၃) လျောက်ပတ်သောဣရိယာပုထ်ကိုမှီဝဲခြင်း

ဣရိယာပုထ်-ဟူသည်မှာ ဣရိယာပထ ဟူသော ပါဠိဝေါဟာရမှ ဆင်းသက်လာသည်။ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်း-လေးမျိုးကိုခြုံ၍ ပြောသော ပါဠိဝေါဟာရဖြစ်သည်။ ရှေးဆရာကြီးများက လွယ်ကူစွာပင် ဣရိယာပုထ်ဟူ၍ ပါဠိသက် ပြန်ဆိုတော်မူခဲ့ကြသည်။ မြန်မာဘာသာ စစ်စစ်ဖြင့် "နေခြင်း" ဟူ၍ပြန်လျှင်လည်း အဓိပ္ပာယ်ရလိမ့်မည် ထင်မိပေသည်။

ထို့ကြောင့် ဤ "လျောက်ပတ်သော ဣရိယာပုထ်ကိုမှီဝဲခြင်း" ဟူသည်ကို "လျောက်ပတ်သောနေခြင်းကို မှီဝဲခြင်း" ဟု အဓိပ္ပါယ်ပြန်ဆိုကြည့်ကြပါစို့။ မိမိနှင့် လျောက်ပတ်သောနေခြင်းကို မှီဝဲမှသာလျှင် ငြိမ်းအေးမှု-ပဿဒ္ဓိဖြစ်နိုင်သည်။ ဒူလာရောဂါရှိသူသည် သွားမှုဟူသော နေခြင်းကိုမှီဝဲရမှ ရောဂါသက်သာ ငြိမ်းအေးမှု ရရှိနိုင်ပေသည်။ အခြား ရပ်မှု, ထိုင်မှု, လျောင်းမှု-နေခြင်းတို့ဖြင့် ငြိမ်းအေးမှုကို မရနိုင်ချေ။ ဤအတူပင်လျှင် မိမိနှင့်သင့်လျော်သော နေခြင်းကို မှီဝဲမှသာ ငြိမ်းအေးမှု-ပဿဒ္ဓိ ဖြစ်ပွားနိုင်ပေသည်။

## (၄) အလယ်အလတ်ကျင့်သုံးမှီဝဲခြင်း

အေးလွန်းလျှင်လည်း ခန္ဓာကိုယ်ကမခံနိုင်၊ ဒုက္ခရောက်၍ ငြိမ်းအေးခြင်းမဖြစ်။ ပူလွန်းလျှင်လည်း ခန္ဓာကိုယ်ကမခံနိုင်၊ ဒုက္ခရောက်၍ ငြိမ်းအေးခြင်းမဖြစ်နိုင်။ အပူအအေး အလယ်အလတ် မျှ-တ-မှ သာလျှင် ငြိမ်းအေးမှု-ပဿဒ္ဓိဖြစ်နိုင်သည်။ ထို့ကြောင့် အရာရာ၌ အလယ်အလတ်ကျင့်သုံးမှီဝဲမှုကို ပဿဒ္ဓိဖြစ်ကြောင်းတရားဟု ပြဆိုခြင်းဖြစ်သည်။

## (၅) ပူပန်တတ်သူကိုကြဉ်ခြင်း

မီးအနီးကပ်နေလျှင် ပူမည်မှာ သေချာသည်။ ထို့အတူ ငြိမ်းအေးမှု-ပဿဒ္ဓိကို ပူပန်တတ်သူ သာရဒ္ဓပုဂ္ဂိုလ်နှင့် ကြဉ်ခွါနေမှ ရနိုင်ပေမည်။

## (၆) ငြိမ်းအေးသူကိုယှဉ်ခြင်း

ရေခဲတုံးအနီးကပ်နေလျှင် အေးသည့်သဘောရှိသည်။ ထို့အတူပင် ငြိမ်းအေးမှု-ပဿဒ္ဓိကို ငြိမ်းအေးသူ-အသာရဒ္ဓပုဂ္ဂိုလ်နှင့် ယှဉ်တွဲနေလျှင် ရရှိနိုင်ပေသည်။

## (၇) ငြိမ်းအေးလိုသောစိတ်ရှိခြင်း

သွား, ရပ်, ထိုင်, လျောင်း-နေခြင်းဟူသမျှ၌ ငြိမ်းအေးမှု-ပဿဒ္ဓိကို ရရှိရန် လိုလားခြင်း ဖြစ်နေလျှင်လည်း ငြိမ်းအေးမှု-ပဿဒ္ဓိကို ဖြစ်စေနိုင်

ပေသည်။ ယင်းကို တဒင်္ဂဝိမုတ္တိတာ-ထို (ငြိမ်းအေးမှု) ကို ညွှတ်ကိုင်းခြင်း-ဟု ဆိုသည်။

ဤသို့လျှင် ပဿဒ္ဓိဖြစ်ကြောင်းတရား ၇-ပါးရှိပေသည်။ယင်း ပဿဒ္ဓိဖြစ်ကြောင်းတရား ခုနစ်ပါးကို ဆရာတော်ဦးဗုဓ်က ဆောင်ရန်လင်္ကာ ရေးသားထားပါသည်။

### ပဿဒ္ဓိဖြစ်ကြောင်းတရား ၇-ပါးလင်္ကာ

ဘောဇဉ်မွန်မြတ်၊ လျောက်ပတ်ဥတု၊
သုခဣရိယာ၊ မဇ္ဈာပယောဂ၊
သာရဒ္ဓကြဉ်၊ ယှဉ်အသာရဒ်၊
ဝိမုတ်မှတ်သည်၊ ပဿဒ်ပွားကြောင်းခုနစ်တည်း။

---

### (၆) သမာဓိသမ္ဗောဇ္ဈင်

သမာဓိ - ဟူသည်မှာ စိတ် ကို ငြိမ် သက် အောင် ကောင်းစွာ ထားတတ်သော တရားဖြစ်သည်။ ယင်းသမာဓိသည် နိဗ္ဗာန်တရားကို ထိုးထွင်းသိမြင်တတ်သော သမ္ဗောဓိအမည်ရှိ မဂ်ပုဂ္ဂိုလ်နှင့် မဂ်တရား ဖြစ်ကြောင်းအင်္ဂါ ဖြစ်သောကြောင့် သမာဓိသမ္ဗောဇ္ဈင်-ဟုအမည်ရရှိ ပေသည်။

သမာဓိသမ္ဗောဇ္ဈင်၏ မူရင်းတရားကိုယ်မှာ ဧကဂ္ဂတာ စေတသိက် ဖြစ်သည်။ ဧကဂ္ဂတာသည် ကုသိုလ် အကုသိုလ် စိတ်တို့နှင့် ယှဉ်တွဲနိုင်ခွင့် ရှိနေပေရာ အကုသိုလ်စိတ်နှင့်ယှဉ်တွဲနေသော ဧကဂ္ဂတာသည် သမာဓိ သမ္ဗောဇ္ဈင်မဖြစ်နိုင်ချေ။ထို့အတူပင် ဒါနကုသိုလ်,သီလကုသိုလ်တို့၌ယှဉ်တွဲ သော ဧကဂ္ဂတာစေတသိက်လည်း သမာဓိသမ္ဗောဇ္ဈင်မဖြစ်ပေ။ ဘာဝနာ ကုသိုလ်၌ပါရှိသော ဥဒယဗ္ဗယဉာဏ်မှစ၍ အထက်ဝိပဿနာဉာဏ်များနှင့် ယှဉ်သော ဧကဂ္ဂတာစေတသိက်သာလျှင် သမာဓိသမ္ဗောဇ္ဈင် ဖြစ်နိုင်ပေ သည်။ သမ္မသနဉာဏ်နှင့်ယှဉ်သော ဧကဂ္ဂတာစေတသိက်မှာမူ ဥပစာ အားဖြင့် သမာဓိသမ္ဗောဇ္ဈင် မည်နိုင်ပေသေးသည်။ (ဒီ ဋ္ဌ-၂၊၃၇၅။ ဒီ ဋီ-၂၊ ၃၂၄။)

သမာဓိသမ္ဗောဇ္ဈင်သည် အဝိက္ခေပလက္ခဏာ ခေါ် မပျံ့လွင့်မှု သဘောတရားရှိပေသည်။ မပျံ့လွင့်ပုံမှာ သစ်ရွက်ခြောက်များ ပြာမှုန် များသည် တုတ်ဖြင့်ခတ်၍ လေတိုက်သောအခါ အငြိမ်မနေ ပျံ့လွင့်သကဲ့သို့ ပျံ့လွင့်မနေပဲ ကျောက်ခဲ့သံခဲသည် လေတိုက်သော်လည်း မတုန်မလှုပ် မပျံ့လွင့်သကဲ့သို့ အာရုံတခုတည်းမှာ မပျံ့မလွင့် တည်နေခြင်းဖြစ်သည်။ (ဒီ ဋ္ဌ-၂၊ နှာ-၁၂၁။)

ယင်းသို့ မပျံ့မလွင့် တည်တံ့သောသဘော ရှိသောကြောင့်ပင် သမာဓိသမ္ဗောဇ္ဈင်သည် စိတ်၏မငြိမ်သက်မှု ပျံ့လွင့်မှုအကုသိုလ်တရားများနှင့် ယင်း၏ဘက်တော်သား ဂိုဏ်းဝင်အကုသိုလ်တရားများကို ပယ်ဖျောက် လွင့်ပျောက်စေလျက် ကုသိုတ်တရားများကို မိမိတို့၏ ကမ္မဋ္ဌာန်း အာရုံ၌ ငြိမ်သက်တည်တံ့မှု ဖြစ်စေကာ သမ္ဗောဓိဥာဏ်ရှိ မဂ်တရားကို ဖြစ်စေနိုင်ပေသည်။

သမာဓိသမ္ဗောဇ္ဈင်ကို ဖြစ်ပွားစေလိုလျှင် စိတ်ငြိမ်သက် တည်ကြည်မှု အကြောင်း, အထူးထူး အပြားပြား အာရုံများ၌ မကျမရောက်စေခြင်း အကြောင်းဖြစ်သော သမထနိမိတ် အဗျဂ္ဂနိမိတ်တို့၌ သင့်လျော်လျောက် ပတ်စွာ စိတ်ထားမှု-ယောနိသောမနသိကာရကို အကြိမ်ကြိမ်အထပ်ထပ် များစွာ ပြုလုပ်ခလေ့လာရသည်-ဟူ၍ အာဟာရသုတ် (သံ-၃၊ နှာ-၉၀) ၌ ဟောကြားတော်မူသည်။ ယင်း ဟောတော်မူချက်နှင့် ညီညွတ်စွာပင် အဋ္ဌကထာ၌ သမာဓိဖြစ်ကြောင်းတရား ၁၁-ပါးကို ရေးသား ပြဆိုတော်မူသည်။ (သံ ဋ္ဌ-၂၊နှာ-၃၇၃။)

### (၆) သမာဓိဖြစ်ကြောင်းတရား ၁၁-ပါး

(၁) ကိုယ်တွင်း, ကိုယ်ပ-ဝတ္ထု သန့်ရှင်းစင်ကြယ်ခြင်း၊ "ဝတ္ထု-ဝိသဒကိရိယာ"၊

(၂) ဣန္ဒြေ ၄-ပါး ညီညွတ် မျှ-တ-ခြင်း၊ "ဣန္ဒြိယသမတ္တပဋိ-ပါဒနာ"၊

(၃) ကသိုဏ်းနိမိတ်ယူမှု၌ လိမ္မာခြင်း၊ "နိမိတ္တကုသလတာ"၊

(၄) အခါအားလျော်စွာ စိတ်ကို ချီမြှောက်ခြင်း၊ "သမယေ စိတ္တံပဂ္ဂဟာ"၊
(၅) အခါအားလျော်စွာ စိတ်ကို နှိမ်ချခြင်း၊ "သမယေ စိတ္တနိဂ္ဂဟာ"၊
(၆) အခါအားလျော်စွာစိတ် ကိုရွှင်စေခြင်း၊ "သမယေစိတ္တသမ္ပဟံသနာ"၊
(၇) အခါအားလျော်စွာ စိတ်ကိုလျစ်လျူရှုခြင်း၊ "သမယေ စိတ္တအဇ္ဈုပေက္ခနာ"၊
(၈) ပျံ့လွင့်သူကိုကြဉ်ခြင်း၊ "အသမာဟိတပရိဝဇ္ဇနာ"၊
(၉) တည်ကြည်သူကိုယှဉ်ခြင်း၊ "သမာဟိတသေဝနာ"၊
(၁၀) ဈာန်ဝိမောက္ခကိုဆင်ခြင်ခြင်း၊ "ဈာနဝိမောက္ခပစ္စဝေက္ခဏာ"၊
(၁၁) သမာဓိဖြစ်ပွားလိုခြင်း၊ "တဒဓိမုတ္တတာ"–

ဟူ၍ သမာဓိဖြစ်ကြောင်းတရား တစ်ဆယ့်တစ်ပါး ရှိပေသည်။ သိသာစေရန် ရှင်းသင့်ရာကိုရှင်းပြပါအံ့။

## (၁) ကိုယ်တွင်းကိုယ်ပဝတ္ထုသန့်ရှင်းစင်ကြယ်ခြင်း။

ဤအကြောင်းအချက်သည် ပညာဖြစ်ကြောင်း ၁-နှင့် တူညီပေသည်။

## (၂) ဣန္ဒြေ ၄-ပါးညီမျှစေခြင်း။

ဤအကြောင်းအချက်သည်လည်း ပညာဖြစ်ကြောင်း ၂-နှင့် တူညီသည်။ (ဤကျမ်း နှာ-၄၇၃-၄၇၄၊ ပညာဖြစ်ကြောင်း ၁-၂၊ ကြည့်။)

## (၃) ကသိုဏ်းနိမိတ်၌လိမ္မာခြင်း။

ကသိုဏ်းဘာဝနာတရားကို ပွားများရာ၌ ထင်လာသောနိမိတ် သုံးမျိုးရှိသည်။ ယင်းတို့မှာ–

(က) ပရိကမ္မနိမိတ် -စတင်ပွားစဉ် ထင်သောနိမိတ်အာရုံ၊
(ခ) ဥဂ္ဂဟနိမိတ် -ပေါက်မြောက်ခါနီးထင်သောနိမိတ်အာရုံ၊
(ဂ) ပဋိဘာဂနိမိတ် -ပေါက်မြောက်သောနိမိတ်အာရုံ–

ဟူ၍ သုံးမျိုးရှိသည်။ ဗောဇ္ဈင်တရားပွားသောအခါ၌ ဤနိမိတ်များနှင့် အလားတူနိမိတ်များ ထင်လာတတ်ပေရာ ယင်းနိမိတ်များ၌ ကျွမ်းကျင်လိမ္မာရမည်။

**(၄) အခါအားလျော်စွာစိတ်ကိုချီမြှောက်ခြင်း**

တရံတခါ၌ ဗောဇ္ဈင်တရား ပွားများသူမှာ တရားပွားမှု၌ ပျင်းရိငြီးငွေ့ကာ တွန့်ဆုတ်ခြင်း ဖြစ်တတ်သည်။ထိုအခါမျိုး၌ ဓမ္မဝိစယသမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်, ပီတိသမ္ဗောဇ္ဈင်-တရားများကို ပွားများခြင်းဖြင့် လည်းကောင်း၊ ဘုရားဂုဏ်တော်စသည်ကို ပွားများခြင်းဖြင့် လည်းကောင်း စိတ်ကိုရွှင်လန်းတက်ကြွစေရမည်၊ ချီမြှောက်ပေးရမည်။ သို့မှ သမာဓိ ဖြစ်နိုင်မည်။

**(၅) အခါအားလျော်စွာစိတ်ကိုနှိမ်ချခြင်း**

တရံတခါ၌ စိတ်တက်ကြွပျံ့လွင့်၍ နေတတ်သည်။ ထိုအခါမျိုး၌ မနည့်မငြိမ်သက် ဖြစ်တတ်သည်။ ယင်းသို့ဖြစ်လျှင် ပဿဒ္ဓိသမ္ဗောဇ္ဈင်, သမာဓိသမ္ဗောဇ္ဈင်, ဥပေက္ခာသမ္ဗောဇ္ဈင်-တို့ကို ပွားခြင်းဖြင့် လည်းကောင်း၊ ထိတ်လန့်ဖွယ် သံဝေဂအာရုံများကို ဆင်ခြင်ခြင်းဖြင့် လည်းကောင်း စိတ်ကိုနှိမ်ပေးရမည်။

**(၆) အခါအားလျော်စွာစိတ်ကိုရွှင်စေရခြင်း**

တရံတခါ၌ စိတ်သည်ပညာယှဉ်မှုနံ့သောကြောင့် လည်းကောင်း၊ ငြိမ်းအေးမှု ချမ်းသာမှု နည်းပါးကင်းကွာသောကြောင့် လည်းကောင်း မသာမယာ ဖြစ်နေတတ်ပေသည်။ ထိုအခါမျိုး၌ ထိတ်လန့်ဖွယ်-သံဝေဂဝတ္ထုကို ဆင်ခြင်ခြင်းဖြင့် ထိတ်လန့်စေ၍ သမာဓိဖြစ်စေရမည်။ ဤ၌ သံဝေဂဝတ္ထုကို ဖော်ပြပါအံ့။

**သံဝေဂဝတ္ထု ၈-ပါး**

(က) ဇာတိဒုက္ခ-ပဋိသန္ဓေနေရခြင်း ဆင်းရဲ၊
(ခ) ဇရာဒုက္ခ-အိုရခြင်း ဆင်းရဲ၊
(ဂ) ဗျာဓိဒုက္ခ-နာရခြင်း ဆင်းရဲ၊

(ဃ) မရဏဒုက္ခ-သေရခြင်း ဆင်းရဲ၊
(င) အပါယဒုက္ခ-ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်,– အပါယ်လေးပါး ဆင်းရဲ၊
(စ) အတီတဘဝဒုက္ခ-လွန်ခဲ့သောဘဝများစွာမှ ဆင်းရဲ၊
(ဆ) အနာဂတဘဝဒုက္ခ-ဖြစ်ပေါ်မည့် ဘဝများစွာမှဆင်းရဲ၊
(ဇ) ပရိယေသနဒုက္ခ-ယခုဘဝ စား ဝတ် နေရေး ရှာဖွေရမှု ဆင်းရဲ–

ဟူ၍ တွေးလိုက်လျှင် ထိတ်လန့်ဖွယ်–သံဝေဂဝတ္ထု ၈-မျိုးကို ဆင်ခြင် လျှင်လည်း သမာဓိ ဖြစ်စေနိုင်သည်။

**(၇) အခါအားလျော်စွာ စိတ်ကိုလျစ်လျူရှုရခြင်း**

တရံတခါ၌ စိတ်သည် ဆုတ်နစ်ခြင်းလည်းမဖြစ်၊ တက်ကြွခြင်းလည်း မဖြစ်၊ မသာမယာလည်းမဖြစ်ပဲ စိတ်နှင့်သမ္ပယုတ်တရားများ ညီညွတ် မျှ-တ-နေတတ်ပေသည်။ ထိုအခါမျိုး၌ စိတ်ကို မည်သို့မျှပြုပြင်ပေး ခြင်း မလုပ်ပဲ လျစ်လျူရှုနေရမည်။ ထိုသို့နေခြင်းဖြင့် သမာဓိဖြစ်ပွား နိုင်ပေသည်။

**(၈) ပျံ့လွင့်သူကိုကြဉ်ခြင်း**

ပျံ့လွင့်သူနှင့် ပေါင်းသင်းလျှင် ပျံ့လွင့်ခြင်း ကူးစက်တတ်ပေသည်။ ထို့ကြောင့် သမာဓိဖြစ်စေရန် ပျံ့လွင့်သူကို ဝေးစွာရှောင်ကြဉ်ရမည်။

**(၉) တည်ကြည်သူကိုယှဉ်ခြင်း**

တည်ကြည်ငြိမ်သက်သူကို ယှဉ်တွဲပေါင်းသင်းလျှင် တည်ကြည်မှု-သမာဓိ ဓာတ် ကူးလာတတ်ပေသည်။ ထို့ကြောင့် တည်ကြည်မှု-သမာဓိ ဖြစ်လို လျှင် တည်ကြည်သူကို ပေါင်းသင်း ယှဉ်တွဲရမည်။

**(၁၀) ဈာန်ဝိမောက္ခကိုဆင်ခြင်ခြင်း။**

ဈာန် ဝိမောက္ခတရားများသည် သမာဓိနယ်ပယ်၌ အထွတ်အထိပ် တရားများ ဖြစ်ကြသည်။ ယင်း သမာဓိ အမြင့်မြတ်ဆုံး တရားများကို ဆင်ခြင်လျှင်လည်း သမာဓိတရား ဖြစ်ပွားနိုင်ပေသည်။

## (၁၁) သမာဓိဖြစ်ပွားလိုခြင်း။

သွား, ရပ်, ထိုင်, လျောင်း—ဣရိယာပုထ်လေးပါးလုံးမှာပင် သမာဓိ ဖြစ်လိုစိတ်ရှိနေပါလျှင်လည်း သမာဓိတရားကို ရရှိနိုင်ပေသည်။ ဆန္ဒာ ဓိပတိကြောင့် ရရှိခြင်းဖြစ်ပေသည်။ ယင်းကို တဒဓိမုတ္တတာ-ဟု ဆိုပေ သည်။ အခြားဗောဇ္ဈင်တရားများ ဖြစ်ကြောင်းတိုင်းမှာလည်း တဒဓိ မုတ္တဘာ—ပါကြသည်ချည်း ဖြစ်ပေသည်။ ယင်းသို့စိတ်က တောင့်တ ညွတ်ကိုင်းခြင်းသည် အဓိပတိတရား လေးပါးတို့တွင် စိတ္တာဓိပတိဖြစ် သည်။ လိုလားမှု-ဆန္ဒာဓိပတိလည်း ဖြစ်နိုင်ပါပေသည်။

### သမာဓိဖြစ်ကြောင်းတရား ၁၁-ပါးလင်္ကာ

ဝတ္ထုစင်စေ၊ ဣန္ဒြေမျှစွာ၊
လိမ္မာနိမိတ္တ၊ ပဂ္ဂဟ-နိဂ္ဂဟံ၊
သမ္ပဟံသ၊ ဥပေက္ခနှင့်၊
ပုံ့လွင့်သူကြဉ်၊ တည်ကြည်ယှဉ်မှု၊
ဈာနပဝိမောက်၊ ဓိမုတ်လျှောက်သည်၊
ပွင့်မြောက်ဓိတိ ဆယ့်တစ်တည်း။

ဤလင်္ကာကို ဆရာတော် ဦးဗုဓ်က မဟာသတိပဋ္ဌာန်နိဿယ၌ ထည့်သွင်းရေးသားထားပါသည်။ စာရှုသူတို့ လေ့လာ ကျက်မှတ်လျှင် ဉာဏ်ထိန်း ဆောင်ပုဒ်လင်္ကာ ဖြစ်နိုင်ပါသည်။ ကျွန်တော့်ဆရာကြီး ဦးစာ ကျော် ရေးသည်မဟုတ်ပါ။

---

## (၇) ဥပေက္ခာသမ္ဗောဇ္ဈင်

ဥပေက္ခာ-ဟူသည်မှာ ဥပ-သဒ္ဒါနှင့် ဣက္ခ-သဒ္ဒါ နှစ်ပုဒ်ပေါင်းစပ် ထားသည့် ပါဠိဝေါဟာရဖြစ်သည်။

ဥပ-သင့်လျော်စွာ၊
ဣက္ခ-ရှုမြင်တတ်သောတရား—

ဟူ၍ အသီးသီးအဓိပ္ပာယ်ရှိပေသည်။ ဥပ+ဣက္ခ=ဥပေက္ခာ-ဟု တစ်ပုဒ်တည်း ဖြစ်လာသောအခါ "သင့်လျော်စွာ ရှုမြင်သုံးသပ်တတ်သော တရား"ဟူသော အနက်အဓိပ္ပာယ်ကို ဆောင်နိုင်ပေသည်။

"ဥပ-သင့်လျော်စွာ"ဟူသည်မှာ မိမိနှင့်အတူဖြစ်ကြသည့် သတိ၊ ပညာ၊ ဝီရိယ-စသော ယှဉ်ဖက် (သမ္ပယုတ်) တရားများ တစ်ပါးနှင့်တစ်ပါး မပိုမလွန်၊ မယုတ်မလျော့ဖြစ်နေကြသောအခါ မည်သည့်တရားကိုမျှ အလေးပြု ဂရုစိုက်ခြင်းမရှိပဲ (တနည်း) ကြောင့်ကြမစိုက်ပဲ မျှ-တ-စွာ သာ ကြည့်ရှုသုံးသပ်ခြင်းကို ဆိုလိုပေသည်။

ဥပမာအားဖြင့်ပြဆိုရလျှင်-မြင်းနှစ်ကောင်တပ်ဆွဲသော မြင်းရထား၌ ဆွဲပြေးနေကြသော မြင်းနှစ်ကောင်တို့သည် တစ်ကောင်နှင့်တစ်ကောင် မပိုကဲပဲ၊ မယုတ်ညံ့ပဲ၊ ညီညီညာညာ မှန်မှန်ကန်ကန် ပြေးဆွဲနေသည်ကို တွေ့မြင်နေရသော မြင်းရထားမောင်းသူသည် မည်သည့်မြင်းကိုမျှ မြန်လွန်း၍ နှေးသွားအောင် ဇက်ကြိုးကို ဆွဲခြင်းမပြုပဲ၊ မည်သည့်မြင်းကိုမျှ မြန်မြန်သွားအောင် ကြိမ်ဖြင့်တို့၍ နှင်မပေးပဲ အေးဆေးစွာဖြင့် မြင်းများအပေါ်၌ ကြောင့်ကြစိုက်မှု၊ ဂရုစိုက်မှုမပြုပဲ ညင်သာစွာ ရှုကြည့်၍လိုက်သကဲ့သို့ ဖြစ်သည်-ဟု ဖော်ပြရမည်ဖြစ်သည်။

ထို့ကြောင့် ဥပေက္ခာသမ္ဗောဇ္ဈင်ကို ပဋိသင်္ခါနလက္ခဏာခေါ် "လျောက်ပတ်သင့်လျော်စွာ ဆင်ခြင်သုံးသပ်မှု သဘောတရားရှိသည်" ဟု ဖွင့်ပြတော်မူသည်။ (ဒီ ဋ္ဌ-၂၊ နှာ-၁၂၀။ ဒီ ဋီ-၂၊ နှာ-၁၂၉။)

ဥပေက္ခာသမ္ဗောဇ္ဈင်၏ မူရင်းတရားကိုယ်ကို ကောက်ယူရမည်ဆိုလျှင် စေတသိက်ပရမတ္ထတရား ငါးဆယ့်နှစ်ပါးတို့တွင် ကုသိုလ်တိုင်းမှာ ရှိသည့် သောဘဏသာဓာရဏစေတသိက်အပါအဝင် "တတြမဇ္ဈတ္တတာ စေတသိက်"ကို ကောက်ယူရပေသည်။ တတြမဇ္ဈတ္တတာ-ဟူသည်မှာ ထိုထိုယှဉ်ဖက် သမ္ပယုတ်တရားတို့၌ အလယ်အလတ်(သင့်တင့်စွာ) ဖြစ်တတ်မှုဟူ၍ အဓိပ္ပာယ်ရှိပေသည်။

တတြမဇ္ဈတ္တတာ-စေတသိက်တရားကိုယ်က ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်သည်ဆိုသော်လည်း "ဒါန" ပေးကမ်းလှူဒါန်းမှု-ကုသိုလ်စိတ်၊ "သီလ"

ဆောက်, ထိန်း, ကျင့်သုံးမှု-ကုသိုလ်စေတနာ စသည်တို့၌ရှိသော တတြမဇ္ဈတ္တတာ-စေတသိက်များသည် ဥပေက္ခာသမ္ဗောဇ္ဈင် မဖြစ်နိုင်ပေ။ သတိပဋ္ဌာန်တရားပွားများ၍ ဝိပဿနာဉာဏ်အဆင့်ဆင့် ဖြစ်ပေါ်သော အခါ ဥဒယဗ္ဗယဉာဏ်ခေါ် ဒုတိယဝိပဿနာဉာဏ်မှစ၍ အထက်ဝိပဿနာ ဉာဏ်များနှင့် ယှဉ်သော တတြမဇ္ဈတ္တတာ-စေတသိက် သည်သာလျှင် မုချ ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်နိုင်ပေသည်။ (ဒီ ဋ္ဌ-၂၊ နှာ-၃၇၅။ ဒီ ဋီ-၂၊ နှာ-၃၂၄။) ပထမဝိပဿနာဉာဏ်ဖြစ်သော သမ္မသနဉာဏ် နှင့်ယှဉ်သော တတြမဇ္ဈတ္တတာ-စေတသိက်မှာမူ ဥပစာအားဖြင့် ဖြစ်နိုင် သေးသည်။

ဥပေက္ခာသမ္ဗောဇ္ဈင်သည်လည်း ဆိုအပ်ခဲ့ပြီးသည့် သတိ-အစရှိသော ဗောဇ္ဈင်တရားတို့၏ အာရုံဖြစ်သော သတိပဋ္ဌာန်တရားတို့ကို ဘာဝနာ ၏အစွမ်းဖြင့် ကောင်းစွာပွားများသည်ရှိသော် အလုံးစုံသော စိတ်၏ တွန့်ဆုတ်မှု, ပျံ့လွင့်တက်ကြွမှုနှင့် ယင်း၏ဘက်တော်သား အကုသိုလ် တရားများကို ပယ်ရှား, မှတ်လွှင့်ပစ်လျက် ညီညွတ် မျှ-တ-မှု ကုသိုလ် တရား ဘက်တော်သားများကို ပြည့်စုံစေလျက် နိဗ္ဗာန်ကိုကောင်းစွာ ထိုးထွင်းသိမြင်တတ်သော သမ္ဗောဓိအမည်ရှိ မဂ်တရားကိုဖြစ်စေသည်။ (ပဋ္ဌမတ္ထဒီပနီ၊ နှာ-၃၅၇။)

ဥပေက္ခာသမ္ဗောဇ္ဈင်ကို ဖြစ်စေလိုပါလျှင် **ဥပေက္ခာဋ္ဌာနိယဓမ္မ** ခေါ် ဥပေက္ခာဖြစ်စေနိုင်သော သတ္တဝါနှင့် သင်္ခါရတရားတို့၌ လျစ်လျူရှု မှတ်ခြင်း၌ သင့်လျော်လျောက်ပတ်စွာ စိတ်ထားမှု-ယောနိသောမနသိ- ကာရ-ကို များစွာအကြိမ်ကြိမ်အထပ်ထပ် ပွားများရမည်-ဟု သံယုတ် ပါဠိတော် **အာဟာရသုတ်**၌ မြတ်စွာဘုရား ဟောကြားတော်မူသည်။ (သံ ၃၊ နှာ-၉၀။)

ဗုဒ္ဓရှင်တော်မြတ်ဘုရား ဟောကြားတော်မူသည့် ယင်းဥပေက္ခာ သမ္ဗောဇ္ဈင် ဖြစ်ကြောင်းတရားကို ထင်ရှားသိသာစေရန် အဋ္ဌကထာ ကျမ်းများတွင် ဥပေက္ခာဖြစ်ကြောင်းတရား ၅-ပါးကို ဖွင့်ဆိုတော်မူ ထားပေသည်။ (သံ ဋ္ဌ- ၃၊ နှာ-၁၉၃။ ဒီဋ္ဌ-၂၊ နှာ-၃၇၄။)

## ဥပေက္ခာဖြစ်ကြောင်းတရား ၅-ပါး

(၁) သတ္တဝါတို့၌ အလယ်အလတ် လျစ်လျူစိတ်ထားခြင်း- "သတ္တမဇ္ဈတ္တတာ"၊
(၂) သင်္ခါရတို့၌ အလယ်အလတ် လျစ်လျူစိတ်ထားခြင်း- "သင်္ခါရမဇ္ဈတ္တတာ"၊
(၃) သတ္တဝါသင်္ခါရတို့၌ ချစ်တတ်သူကို ကြဉ်ခြင်း-"သတ္တသင်္ခါရကေလာယနပရိဝဇ္ဇနာ"၊
(၄) သတ္တဝါသင်္ခါရတို့၌ လျစ်လျူရှုတတ်သူကို ယှဉ်ခြင်း- "သတ္တသင်္ခါရမဇ္ဈတ္တာကာရသေဝနာ"၊
(၅) ဥပေက္ခာဖြစ်ပွားလိုစိတ်ရှိခြင်း-"တဒဓိမုတ္တတာ"-

ဟူ၍ ဥပေက္ခာဖြစ်ကြောင်းတရား ၅-ပါးရှိသည်။ သိသာစေရန် ချဲ့ပြပါအံ့။

### (၁) သတ္တဝါတို့၌ အလယ်အလတ်လျစ်လျူစိတ်ထားခြင်း

မိမိ၏ သား, သမီး, မြေး, မြစ်-များကိုဖြစ်စေ၊ တပည့်ကျောင်းသားငယ်, ရှင်ငယ်, ပဉ္စင်းငယ်များကိုဖြစ်စေ မည်သည့်ပုဂ္ဂိုလ်အတွက်မှ ချစ်ခင်တွယ်တာ ငဲ့ညှာမှုမရှိပဲနေခြင်း, မုန်းတီးရွံရှာ စက်ဆုပ်မှုမရှိပဲနေခြင်းသည် လျစ်လျူရှုနေခြင်းဖြစ်သည်။ ယင်းသို့နေနိုင်ရန် "သတ္တဝါတွေဟာ ကိုယ့်ကံနှင့်ကိုယ် ဖြစ်ကြတာပဲ၊ ငါလည်းငါ့ကံနှင့်ငါပဲ၊ သူလည်းသူ့ကံနှင့်သူပဲ" စသည်ဖြင့် ကမ္မဿကတာဉာဏ်ထား၍ ရှုပွားရမည်။

တနည်းအားဖြင့် "သတ္တဝါတွေဟာ ရုပ်နာမ်အစုတွေပဲ၊ ဓာတ်သားပရမတ်တရားတွေပဲ၊ ငါလည်းမရှိဘူး၊ သူလည်းမရှိဘူး" စသည်ဖြင့် နိဿတ္တ-နိဇ္ဇီဝ အဖြစ် ရှုမှတ်ခြင်းပြုရမည်။

ယင်းသို့ ရှုမှတ်လျှင် သတ္တဝါတွေအပေါ်၌ ချစ်မှု-မုန်းမှုပျောက်၍ ဥပေက္ခာပြု-လျစ်လျူရှုခြင်း ဖြစ်နိုင်ပေသည်။

(၂) သနိ္ဒါရတို့၌အလယ်အလတ်လျစ်လျူရှုခြင်း

သနိ္ဒါရဟူသည်မှာ အသုံးအဆောင် ပစ္စည်းဥစ္စာများကို ဆိုလိုသည်။ ယင်း သနိ္ဒါရတရားများ၌ လျစ်လျူရှုနိုင်ရမည်ဖြစ်သည်။ အဝတ်ပုဆိုး, သင်္ကန်း, ထီး, ဖိနပ်-စသည်တို့၌ ခင်မင်တွယ်တာမှု မထားပဲ နေနိုင်ရမည်။ ယင်းသို့ နေနိုင်ရန်အတွက် "ဤပစ္စည်းဥစ္စာ အသုံးအဆောင်များသည် တဖြည်းဖြည်း ဟောင်းနွမ်းပျက်စီးသွားမည် အမှန်မုချဖြစ်သည်၊ ငါသည်လည်း တဖြည်းဖြည်း အိုမင်းပျက်စီး သေဆုံးရမည့်သူဖြစ်သည်၊ ဤသို့ဖြစ်လျှင် ဤပစ္စည်းဥစ္စာ အသုံးအဆောင်များကို ငါပိုင်သည်ဟု မပြောနိုင်ချေ" စသည်ဖြင့် အဿာမိက—ခေါ် ပိုင်ရှင်မဲ့အဖြစ် ရှုမှတ်ရမည်။

တနည်းအားဖြင့်...."ဤပစ္စည်းဥစ္စာ အသုံးအဆောင် များသည်လည်း မိုးဘေး, ရေဘေး, ခိုးသူဘေး—မရောက်သေးမီ အခိုက်အတန့်မှာသာ ရှိနေကြသည်။ ငါသည်လည်း မအိုမီ, မနာမီ, မသေမီ-အခိုက်အတန့်သာ ရှိနေသည်။ ခေတ္တခဏမျှသာ ဖြစ်ကြသည်" စသည်ဖြင့် တာဝကာလိကခေါ် ရှိနေစဉ်အခိုက်အတန့်အဖြစ် ရှုမှတ်ဆင်ခြင်ရမည်။

ယင်းသို့ ရှုမှတ်ခြင်းဖြင့် သနိ္ဒါရခေါ် ပစ္စည်းဥစ္စာ အသုံးအဆောင်များ၌ လျစ်လျူတရား ရှုပွားနိုင်ကြမည် ဖြစ်သည်။

(၃) သတ္တဝါသနိ္ဒါရတို့၌ ချစ်တတ်သူကိုကြဉ်ခြင်း

မိမိနှင့်ဆိုင်ရာ ပုဂ္ဂိုလ်သက်ရှိများ, ပစ္စည်းသက်မဲ့များကို မသုံးရက်, မငှားရက်-ဖူးဖူးမှုတ်ထားကာ တွယ်တာတတ်သူ၊ ချစ်ခင်စုံမက်တတ်သူများကို ပေါင်းသင်းနေလျှင် ထိုသူများ၏ အချစ်စိတ်ဓာတ်များ ကူးလာနိုင်သောကြောင့် ချစ်တတ်သူကို ရှောင်ကြဉ်ရမည်—ဟု ဆိုပေသည်။ သို့မှ ဥပေက္ခာ ဖြစ်နိုင်ပေမည်။

(၄) သတ္တဝါသနိ္ဒါရတို့၌လျစ်လျူရှုတတ်သူကိုယှဉ်ခြင်း

သက်ရှိသတ္တဝါနှင့် သက်မဲ့ပစ္စည်းဥစ္စာတို့၌ ချစ်ခင်တွယ်တာမှု, မုန်းတီး ရွံရှာ စက်ဆုပ်ခြင်းမရှိပဲ လျစ်လျူရှုတတ်သူများကို ပေါင်းသင်း

ခြင်းဖြင့် ထိုသူများထံမှ နည်းကောင်းရနိုင်သည်။ အတုယူဖွယ် တွေ့နိုင်မြင်နိုင် ကြားနိုင်သည်။ သို့မှသာ ဥပေက္ခာရှမှုတ်မှု ဖြစ်နိုင်သည်။ ထို့ကြောင့် "ဥပေက္ခာဖြစ်လိုလျှင် ဥပေက္ခာတရားရှိသူကို ပေါင်းသင်းရမည်။"

## (၅) ဥပေက္ခာဖြစ်လိုခြင်း

သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်း-စသော နေခြင်းဟူသမျှ၌ ဥပေက္ခာဖြစ်ရန် လိုလားနေခြင်းဖြင့်လည်း ဥပေက္ခာ ဖြစ်ပေါ်နိုင်ပေသည်။ ဆန္ဒနှင့်စိတ်ဟူသော အဓိပတိပစ္စည်းတရား နှစ်ပါးကြောင့် ဖြစ်ပေါ်ခြင်းဖြစ်ပေသည်။ ယင်းကို တဒဓိမုတ္တတာ-ထို (ဥပေက္ခာ) ၌ စိတ်ညွတ်နေခြင်း, ကိုင်းနေခြင်း, ရှိုင်းနေခြင်း-ဟု အဓိပ္ပာယ်ဖွင့်ရိုးရှိပေသည်။

ဤသို့လျှင် ဥပေက္ခာဖြစ်နိုင်ကြောင်းတရား ၅-ပါးကို(သံ ဋ္ဌ-၃၊နှာ-၂၁၀။ ဒီ ဋ္ဌ-၂၊ နှာ-၃၇၄-တို့၌) ဖွင့်ပြထားပေသည်။ ယင်းကိုဆရာတော်ဦးဗုဓ်က မဟာသတိပဋ္ဌာနသုတ်နိဿယ၌ လင်္ကာဆောင်ပုဒ် ရေးသားထားတော်မူသည်။

ဥပေက္ခာဖြစ်ကြောင်းတရား ၅-ပါးလင်္ကာ

ကမ္မဿကတ၊ နိဿတ္တဖြင့်၊
သတ္တမဇ္ဈတ္တ၊ အဿာမိက၊
အနန္တဖြင့်၊ သင်္ခါရမဇ္ဈာ၊
သင်္ခါရသတ်၊ ချစ်တတ်သူကြဉ်၊
လျစ်လျူယှဉ်မှ၊ ဓိမုတ္တ၊
မဇ္ဈပွားကြောင်း ငါးပါးတည်း။

## မေဘာဇျွင်ခုနစ်ပါး ပွားများနည်း

အရိယသစ္စာခေါ် အမှန်တရားကို သိမြင်ရန်အတွက် ကျင့်သုံးပြည့်စုံစေရမည့် အချက်ကြီး ၁၀-ချက်ကို ပိုင်းခြားရေးသား ဖော်ပြခဲ့သည်မှာ ဤနေရာအထိ (၁) နံပါတ်ဖြစ်သော ကိုယ်စိတ်နှစ်ဖြာ ကျန်းမာခြင်း အကြောင်းမှစ၍ (၉) နံပါတ်ဖြစ်သော ပါရမီဆယ်ပါး ဖြည့်ကျင့်ရခြင်း အထိ ပြည့်ပြည့်စုံစုံရေးသားခဲ့ပြီ။ (၁၀)နံပါတ်ဖြစ်သော ဗောဇ္ဈင်တရားကိုဖြည့်ကျင့်ရခြင်း အကြောင်းမှာပင် ဗောဇ္ဈင်တရားဆိုင်ရာ...

ဗောဇ္ဈင်ခုနစ်ပါးသရုပ်၊
ဗောဇ္ဈင်ခုနစ်ပါးအကျိုး၊
ဗောဇ္ဈင်ခုနစ်ပါးသဘောလက္ခဏာ၊
ဗောဇ္ဈင်ခုနစ်ပါးဖြစ်ကြောင်းတရား-

များကို ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါသည်။ သို့သော် ဗောဇ္ဈင်ခုနစ်ပါး ပွားများနည်း ကိုမူကား ရေးသားဖော်ပြရန် ကျန်နေပါသေးသည်။

ဗောဇ္ဈင်ခုနစ်ပါးပွားများနည်းသည်ကား ဤ "ပင်ငင်အငြိမ်းစား တရားနိဒါန်း-လူသားတို့၏တွက်ရာလမ်း" ကျမ်းစာ၌ပြဆိုရမည့် ပြဆိုသင့်သည့် လိုရင်းအချုပ်၊ အဓိက၊ ပဓာန-အချက်ကြီး ဖြစ်ပါသည်။ ယင်းပွားများနည်းကိုရေးသားပြီးလျှင် ဤကျမ်းကမ္ပတ်ဖုံး၍ နိဂုံးအုပ်တော့မည်ဖြစ်ပါသည်။ သို့ပါလျက်ဗောဇ္ဈင်ခုနစ်ပါးပွားများနည်းကို မဖော်ပြပဲချန်လှပ်ထားခဲ့မည်ဆိုပါလျှင်....

ကမ္ဘာမှာ အမြင့်ဆုံးဟဲမီးဝိတ်လက်ဝှေ့ဗိုလ်လုပွဲတွင် ၁၅ - ချီထိုး၍ အနိုင်ယူရမည်ကို ၁၄-ချီတိတိ လှလှပပ အမှတ်များများရအောင် ထိုးသတ်နိုင်ခဲ့ပါလျက် နောက်ဆုံးအကြိမ် ၁၅-ချီရောက်ခါမှ ဆက်မထိုး

တော့ပဲ လက်မြှောက်အရှုံးပေးလိုက်သည့် နာမည်ကျော်လက်ဝှေ့ချန်ပီယံသည် ဟဲဗီးဝိတ်ချန်ပီယံ လက်ဝှေ့သရေဖူကို မရသည့်အပြင် ငရိသတ်ကြီး၏ ပြစ်တင် မောင်းမဲ ဆိုဆဲခြင်းကိုခံရသကဲ့သို့–

"ပင်စင်အငြိမ်းစားတရားနိဒါန်း-လူသားတို့၏ထွက်ရာလမ်း"ကျမ်းကို ကြိုးကြိုးစားစား ရေးသားခဲ့သော ကျွန်တော်မှာလည်း အောင်ပွဲမရပဲ ခဲလေသမျှ-သဲရေကျ ဖြစ်ရပါတော့မည်။

ထို့ကြောင့် ကျွန်တော်သည် နောက်ဆုံးရေးရန်လိုနေသော ဗောဇ္ဈင်ခုနစ်ပါး ပွားများနည်းကို မြတ်စွာဘုရား ဟောကြားတော်မူသည့် ကုဏ္ဍလိယသုတ်ကိုမဏ္ဍိုင်ထား၍ အခြားပါဠိတော်, အဋ္ဌကထာ, ဋီကာများမှလာသည့် တရားတော်များနှင့်ညှိနှိုင်းကာရေးသားဖော်ပြပါမည်။

စာရှုသူများသည် သတိ, ဝီရိယ, သမာဓိ, ပညာ-တရားများ လက်ကိုင်ထား၍ မှတ်သားလေ့လာ ဖတ်ရှုတော် မူကြပါ-ဟု ကြိုတင်၍ တိုက်တွန်းစကား ရေးသားလိုပါသည်။

## ကုဏ္ဍလိယသုတ်မြန်မာပြန်အကျဉ်း

အခါတပါး၌ မြတ်စွာဘုရားသည် သာကေတမြို့ဝယ် သားကောင်တို့အားဘေးမဲ့ပေးရာဖြစ်သော အဥ္စနတော၌နေတော်မူ၏။ ထိုအခါ– ကုဏ္ဍလိယ-ပရိဗိုဇ်သည် မြတ်စွာဘုရားထံသို့ချဉ်းကပ်၍ မြတ်စွာဘုရားနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောဆိုပြီးလျှင် တစ်ခုသော နေရာ၌ထိုင်နေပြီးသော် မြတ်စွာဘုရားအား ဤစကားကိုလျှောက်၏။

"အရှင်ဂေါတမ – အကျွန်ုပ်သည် အရံကိုအမှီပြု၍ နေလေ့ရှိပါ၏၊ ပရိသတ်၌ကျက်စားပါ၏၊ အကျွန်ုပ်သည် အရံတစ်ခုမှ အခြားအရံတစ်ခုသို့, ဥယျာဉ်တစ်ခုမှ အခြားဥယျာဉ်တစ်ခုသို့ လှည့်ပတ်သွားလာသော အလေ့အကျင့်ရှိပါသည်။ အကျွန်ုပ်သည် ထိုထိုအရံ, ဥယျာဉ်များသို့ သွားသောအခါ ရဟန်း ပုဏ္ဏား အမည်ခံသူတို့သည် ဝါဒရေးရာ အငြင်းအခုံကိုပြောခြင်း၊ ဝါဒတို့၏ အပြစ်ရှာချုပ်ချယ်စကား ပြောခြင်းကို အကျိုးတရားအဖြစ် ပြုလုပ်ပြောဆိုနေကြပါသည်။ အရှင်

ဂေါတမကမူကား …အဘယ်ကို အကျိုးတရားအဖြစ် ပြုလုပ်ပြောဆိုပါသနည်း။"

(မြတ်စွာဘုရား)။ "ကုဏ္ဍလိယ-ငါဘုရားသည်ကား အသိဉာဏ်ဝိဇ္ဇာနှင့် လွတ်မြောက်မှု-ဝိမုတ္တိကိုသာ အကျိုးတရားအဖြစ် ပြောဆိုပေသည်"

(ကုဏ္ဍလိယ)။ "အရှင်ဂေါတမ-အဘယ်တရားကို ပွားလျှင် အသိဉာဏ်"ဝိဇ္ဇာ"နှင့် လွတ်မြောက်မှု"ဝိမုတ္တိ"ကိုပြည့်စုံစေပါသနည်း"

(ရား)။ "ဗောဇ္ဈင်ခုနစ်ပါးကို ပွားများလျှင် ပြည့်စုံစေနိုင်သည်"

(ယ)။ "ဗောဇ္ဈင်ခုနစ်ပါးကိုပြည့်စုံစေရန် အဘယ်တရားကိုပွားများရပါမည်နည်း"

(ရား)။ "သတိပဋ္ဌာန်တရားလေးပါးကို ပွားများရပါမည်"

(ယ)။ "သတိပဋ္ဌာန်တရားလေးပါးနှင့် ပြည့်စုံစေရန် ဘယ်တရားကို ပွားများရပါမည်နည်း"

(ရား)။ "သုစရိတတရားသုံးပါးကို ပွားများရမည်"

(ယ)။ "သုစရိတတရားသုံးပါးနှင့် ပြည့်စုံစေရန် အဘယ်တရားကို ပွားများရပါမည်နည်း"

(ရား)။ "ဣန္ဒြေခြောက်ပါးကို စောင့်ထိန်းမှု - ဣန္ဒြိယသံဝရသီလကို ပွားများရပါမည်"—

ဟူ၍ မိန့်တော်မူသောအခါ ကုဏ္ဍလိယပရိဗိုဇ်မှာ ဆက်၍မေးလျှောက်ရန် မစွမ်းနိုင်ပဲ စကားပြတ်နေသောကြောင့် ဗုဒ္ဓရှင်တော်ဘုရားက ဆက်၍ မိန့်ကြားတော်မူသည်။

ကုဏ္ဍလိယ-အဘယ်သို့ ဣန္ဒြေကိုစောင့်ထိန်းမှု-ဣန္ဒြိယသံဝရသီလကို ပွားရသနည်းဟူမူ-

"မျက်စိဖြင့် နှစ်သက်ဖွယ်အဆင်း 'ရူပါရုံ'ကို မြင်သည်ရှိသော် မမက်မော, မရွှင်ပျ, စွဲမက်မှု-ရာဂမဖြစ်၊ နာမကာယသည်လည်း

ကမ္မဋ္ဌာန်းအာရုံ(အဇ္ဈတ္တ)၌ တည်၏။ စိတ်သည်လည်း ကမ္မဋ္ဌာန်းအာရုံ၌ တည်၏၊ ကောင်းစွာတည်၏။ ကိလေသာမှ ကောင်းစွာလွတ်မြောက်၏။

မျက်စိဖြင့် မနှစ်သက်ဖွယ် အဆင်း"ရူပါရုံ"ကို မြင်သည်ရှိသော် မျက်နှာမသာယာမှုမဖြစ်၊ ကိလေသာ၏ အစွမ်းဖြင့် တည်သောစိတ်မရှိ၊ ဆင်းရဲသောစိတ်မရှိ၊ ဖျက်ဆီးတတ်သော ဒေါသစိတ်မရှိ။ နာမကာယသည်လည်း ကမ္မဋ္ဌာန်းအာရုံ၌တည်၏။ စိတ်သည်လည်း ကမ္မဋ္ဌာန်းအာရုံ၌တည်၏၊ ကောင်းစွာတည်၏၊ ကိလေသာမှ ကောင်းစွာ လွတ်မြောက်၏။

နားဖြင့် နှစ်သက်ဖွယ် အသံ "သဒ္ဒါရုံ"ကိုကြားသည်ရှိသော်....
နားဖြင့် မနှစ်သက်ဖွယ် အသံ"သဒ္ဒါရုံ"ကို ကြားသည်ရှိသော်....
နှာခေါင်းဖြင့် နှစ်သက်ဖွယ် အနံ့"ဂန္ဓာရုံ"ကို နံသည်ရှိသော်....
နှာခေါင်းဖြင့် မနှစ်သက်ဖွယ် အနံ့"ဂန္ဓာရုံ"ကို နံသည်ရှိသော်....
လျှာဖြင့်နှစ်သက်ဖွယ်အရသာ"ရသာရုံ"ကို လျက်သည်ရှိသော်....
လျှာဖြင့်မနှစ်သက်ဖွယ်အရသာ"ရသာရုံ"ကိုလျက်သည်ရှိသော်-
ကိုယ်ဖြင့်နှစ်သက်ဖွယ်အတွေ့"ဖောဋ္ဌဗ္ဗာရုံ"ကို ထိသည်ရှိသော်....
ကိုယ်ဖြင့်မနှစ်သက်ဖွယ်အတွေ့'ဖောဋ္ဌဗ္ဗာရုံ'ကို ထိသည်ရှိသော်...
စိတ်ဖြင့် နှစ်သက်ဖွယ်သဘော "ဓမ္မာရုံ"ကို သိသည်ရှိသော်-

မမက်မော၊မရွှင်ပျ၊စွဲမက်မှု-ရာဂမဖြစ်။နာမကာယသည်လည်း ကမ္မဋ္ဌာန်းအာရုံ၌တည်၏။ စိတ်သည်လည်း ကမ္မဋ္ဌာန်းအာရုံ၌တည်၏၊ ကောင်းစွာတည်၏။ ကိလေသာမှကောင်းစွာလွတ်မြောက်၏။

စိတ်ဖြင့် မနှစ်သက်ဖွယ်သဘော"ဓမ္မာရုံ"ကို သိသည်ရှိသော်-မျက်နှာ မသာယာမှု မဖြစ်၊ ကိလေသာ၏အစွမ်းဖြင့်တည်သောစိတ်မရှိ၊ဆင်းရဲသော စိတ်မရှိ၊ ဖျက်ဆီးတတ်သော"ဒေါသ"စိတ်မရှိ။ နာမကာယသည်လည်း ကမ္မဋ္ဌာန်းအာရုံ၌တည်၏၊ ကောင်းစွာ တည်၏။ ကိလေသာမှ ကောင်းစွာလွတ်မြောက်၏။

ကုဏ္ဍလိယ....ယင်းသို့ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ် ဟူသော ဣန္ဒြေခြောက်ပါးတို့ဖြင့် သိရသော ကောင်းသောအာရုံ,

မကောင်းသော အာရုံများကြောင့် လိုချင်မှု-လောဘ, ကြမ်းတမ်းပြစ်မှားမှု - ဒေါသမဖြစ်ပဲ နာမကာယ သည်လည်း ကမ္မဋ္ဌာန်းအာရုံ၌တည်၏။ စိတ်သည်လည်း ကမ္မဋ္ဌာန်းအာရုံ၌တည်၏၊ ကောင်းစွာတည်၏၊ ကိလေသာတို့မှ ကောင်းစွာလွတ်မြောက်၏။ ဤသို့ ပွားများသည် ရှိသော် ဣန္ဒြေကိုစောင့်စည်းမှု – ဣန္ဒြိယသံဝရ သီလသည် သုစရိုက်သုံးပါးတို့ကို ပြည့်စုံစေ၏။

ကိုယ်ဖြင့် ပြုအပ်သော မကောင်းသော အကျင့်-ကာယဒုစရိုက်ကို ပယ်၍ ကိုယ်ဖြင့်ပြုအပ်သော ကောင်းသောအကျင့်-ကာယသုစရိုက်ကို ကျင့်၏၊ပွား၏။ နှုတ်ဖြင့်ပြုအပ်သော မကောင်းသောအကျင့်-ဝစီသုစရိုက်ကို ပယ်၍ နှုတ်ဖြင့်ပြုအပ်သော ကောင်းသောအကျင့် - ဝစီဒုစရိုက်ကို ကျင့်၏၊ ပွား၏။ စိတ်ဖြင့်ကြံအပ်သော မကောင်းသောအကျင့် မနောဒုစရိုက်ကိုပယ်၍ စိတ်ဖြင့်ကြံအပ်သော ကောင်းသော အကျင့်-မနောသုစရိုက်ကိုကျင့်၏၊ ပွား၏။ ဤသို့ကျင့်အပ် ပွားအပ်သည်ရှိသော် ကြိမ်ဖန်များစွာပြုအပ်သည်ရှိသော် ကောင်းသောအကျင့် - သုစရိုက် သုံးပါးတို့သည် သတိပဋ္ဌာန်လေးပါးကို ပြည့်စုံစေနိုင်ကုန်၏။

ယင်းသတိပဋ္ဌာန်တရား လေးပါးတို့ကို ပြင်းစွာ အားထုတ်လျက် ဆင်ခြင်ဉာဏ် "သမ္ပဇဉ်"၊ အောက်မေ့မှု "သတိ"နှင့် ပြည့်စုံလျက် လောက၌ မက်မောမှု "အဘိဇ္ဈာ"၊နှလုံးမသာယာမှု "ဒေါမနဿ" တို့ကို ပယ်ဖျောက်၍—

ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အဖန်ဖန်ရှုမှတ်၍ နေ၏။
ခံစားမှု "ဝေဒနာ"၌ခံစားမှု "ဝေဒနာ" တို့ကို အဖန်ဖန်ရှုမှတ်၍နေ၏။
သိမှု "စိတ်"၌ သိမှု "စိတ်" ကို အဖန်ဖန်ရှုမှတ်၍နေ၏။
တရားသဘော "ဓမ္မ"တို့၌ တရားသဘော "ဓမ္မ"တို့ကို အဖန်ဖန်ရှုမှတ်၍ နေ၏။

ဤသို့ပွားများအပ်သည်ရှိသော် အကြိမ်များစွာပြုအပ်သည်ရှိသော် သတိပဋ္ဌာန်တရားလေးပါးတို့သည် ဗောဇ္ဈင်တရားခုနစ်ပါးတို့ကို ပြည့်စုံစေကုန်၏။

ယင်းဗောဇ္ဈင်တရားခုနစ်ပါးတို့ကို ဆိတ်ငြိမ်ခြင်းကိုမှီသော၊ တပ်မက်မှုရာဂကင်းခြင်းကိုမှီသော၊ ချုပ်ငြိမ်းခြင်းကိုမှီသော၊ နိဗ္ဗာန်သို့ညွှတ်သော ပွားများခြင်းဖြင့် ပွားများသည်ရှိသော် အကြိမ်များစွာ ပြုသည်ရှိသော် အသိဉာဏ်''ဝိဇ္ဇာ''နှင့် လွတ်မြောက်မှု''ဝိမုတ္တိ''သည် ပြည့်စုံ၏-ဟူ၍ ဟောတော်မူသည်။

ထိုအခါ ကုဏ္ဍလိယ-ပရိဗိုဇ်သည် တရားကိုသိမြင်ကာ သရဏဂုံ သုံးပါးကို ဆောက်တည်၍ ဥပါသကာအဖြစ်ကို ခံယူလေသည်။ (သံ ၃၊ နှာ-၆၆။ သံမြန် ၃၊ နှာ-၆၉။)

**ကုဏ္ဍလိယသုတ်၏အနှစ်သာရလင်္ကာ**

ဣန္ဒြေခြောက်ပါး၊ စောင့်ထိန်းပွားသော်၊
သုံးပါးဒုစရိတ၊ ကွယ်ပျောက်ပ၍၊
သုစရိတသုံးတန်၊ ဖြစ်ပေါ်ပြန်ကာ၊
သတိပဋ္ဌာန်လေးထွေ၊ ဖြစ်ပေါ်စေလျက်၊
ဗောဇ္ဈဲခုနစ်ဖြာ၊ ဖြစ်ပေါ်လာသော်၊
ဝိဇ္ဇာဝိမုတ္တိ၊ ကျိုးကြီးဘိသည်၊
မုနိထွတ်ခေါင် ဟောမိန့်တည်း။

ရေးသားဖော်ပြခဲ့သည့် သံယုတ်ပါဠိတော် **ကုဏ္ဍလိယသုတ်** လာ ဗောဇ္ဈင်ခုနစ်ပါး ပွားနည်း၏အနှစ်သာရ တရားသဘော အကျဉ်းချုပ်ကို ကျွန်တော်၏ဆရာဦးစာကျော်က အထက်ပါအတိုင်း လင်္ကာရေးသား ရွတ်ဆိုပြပါသည်။

ယင်းလင်္ကာအရ ပွားများပုံအကျဉ်းချုပ်ကို စကားပြေဖြင့် ရေးပြရလျှင်—

(၁) ဣန္ဒြေခြောက်ပါး စောင့်ထိန်းပွားများခြင်း၊
(၂) ဒုစ္စရိတကွယ် ပ-၍ သုစရိတဖြစ်ခြင်း၊
(၃) သတိပဋ္ဌာန်တရား လေးပါးဖြစ်ခြင်း၊

(၄) ဗောဇ္ဈင်ခုနစ်ပါးဖြစ်ခြင်း၊
(၅) ဝိဇ္ဇာ—ဝိမုတ္တိဖြစ်ခြင်း—

ဟူ၍ ကွင်းဆက်အကျိုးတရား ၅-ပါး အဆင့်ဆင့် ဖြစ်ပေါ်လာကြောင်း ပြဆိုပါသည်။

ဤအကျိုးတရား ငါးပါး ဖြစ်ပေါ်မှုသည်ပင်လျှင် ဤကျမ်းစာအုပ်၏ အဓိက-ပဓာန ရေးသားဖော်ပြလိုရင်း ကျင့်စဉ်တရားဖြစ်ပေတော့သည်။ ထိုသို့ အဓိက—ပဓာန ဖော်ပြလိုရင်း ကျင့်စဉ်တရား ဖြစ်သောကြောင့် သေသေချာချာ အကျိုးတရား, အကြောင်းတရား ယုတ္တိယုတ္တာ ခိုင်လုံစွာဖြင့် တစ်ပါးစီ တစ်ပါးစီ အသီးသီး အကျယ်ဖွင့်ပြရေးသားပါအံ့။

## (၁) ဣန္ဒြေခြောက်ပါး စောင့်ထိန်းပွားများခြင်း

ဣန္ဒြေဟူသည်မှာ "အစိုးရခြင်းရှိသောတရား"—ဟု ဆိုလိုပေသည်။ လောက၌ တိုင်းပြည်အသီးအသီး မှာ အစိုးရများရှိသကဲ့သို့ သတ္တဝါတို့၏ သန္တာန်မှာလည်း နေရာအသီးအသီး၌ အစိုးရများရှိပေသည်။ ယင်း မိမိ နယ်ပယ်၌ ပိုင်နိုင် စိုးမိုးနိုင်သောတရားများကို "ဣန္ဒြေ" ဟု ခေါ်ပေသည်။ ဣန္ဒြိယ-ဟူသောပါဠိမှ ဆင်းသက်လာသည့် မြန်မာစကားဖြစ်သည်။ "အစိုးရ" ဟု အဓိပ္ပာယ်ရှိသည်။ သို့သော် ဣန္ဒြေ-ဟူသော ပါဠိသက်ဝေါဟာရက တွင်ကျယ်နေပြီဖြစ်သောကြောင့် အစိုးရတရား—ဟု အဓိပ္ပာယ်နက်ဝေါဟာရကို အသုံးနည်းလျက် ဣန္ဒြေ-ဟူသောပါဠိသက် ဝေါဟာရကိုသာ အသုံးများနေပေသည်။

ဣန္ဒြေသည် အဘိဓမ္မာကျမ်းများ၌ ၂၂-မျိုးထိ ရှိသော်လည်း ဤကမ္မဋ္ဌာန်းအရာမှာမူ ခြောက်မျိုးသာရှိသည်။ ယင်း ခြောက်မျိုးကို (၁၀) ဒသမ အပိုင်း (၃) ဣန္ဒြေခြောက်ပါး ငြိမ်သက်စေရခြင်းအခန်း၊ စာမျက်နှာ (၃၅၀) ကို ပြန်ကြည့်ပါ။

ယင်း ဣန္ဒြေခြောက်ပါးကို စောင့်ထိန်း ပွားများခြင်းကို "ဣန္ဒြိယသံဝရဘာဝနာ" ဟူ၍ ခေါ်ပေသည်။ ဣန္ဒြိယသံဝရဘာဝနာသည် ဤဗောဇ္ဈင်ပွားနည်းကို ပြဆိုရာ၌ ပဓာနကျသော အခန်းကဏ္ဍဖြစ်ပေသည်

လေ့လာလျှင် အခြားသမထဘာဝနာနည်း ဝိပဿနာဘာဝနာနည်းများ သည်လည်း ဣန္ဒြေခြောက်ပါးကို ထိန်းသိမ်းမှု-ဣန္ဒြိယသံဝရသည်သာ လျှင် အရင်းခံထားသည်ကို တွေ့ရမည်ဖြစ်ပေသည်။

သီလကြီးလေးပါး ရှိရာတွင် ဣန္ဒြေခြောက်ပါးကို စောင့်ထိန်းမှု-ဣန္ဒြိယသံဝရသီလသည် တစ်ပါးအပါအဝင် ဖြစ်ပေသည်။ ဤ ဣန္ဒြေ ခြောက်ပါးကို နိုင်နင်းအောင် ထိန်းသိမ်းနိုင်လျှင် အခြားသီလသုံးမျိုး ကိုလည်း လုံခြုံအောင် စောင့်ထိန်းနိုင်ပြီဖြစ်ချေသည်။ ထို့ကြောင့် ဤ ကုဏ္ဍလိယ-သုတ်လာ ဣန္ဒြိယဘာဝနာနည်း ကို ပါဠိတော်နည်း, အဋ္ဌ-ကထာနည်းများဖြင့် ထင်ရှားသိသာစေရန် ဖော်ပြပါမည်။

**မျက်စိနှင့်အဆင်း-ရူပါရုံ**

"စက္ခုန္ဒြေ"ခေါ် မျက်စိ၌ ကောင်းမွန်နှစ်သက်ဖွယ် ရူပါရုံတစ်ခုခု မြင်လာလျှင် တပ်မက်မှု "ရာဂ" မဖြစ်စေရန် စောင့်ထိန်းရမည်။

စောင့်ထိန်းပုံမှာ ဤကောင်းမွန်နှစ်သက်ဖွယ် ရူပါရုံသည် လည်း ကောင်း၊ ဤရူပါရုံကို မြင်ရသည့် မျက်စိသည်လည်းကောင်း၊ မျက်စိ နှင့်အတူ တည်ရှိနေသည့် မိမိ၏ရုပ်တရား, နာမ်တရားများသည် လည်း ကောင်း၊ အခြားသခ်ာရရုပ်နာမ်များသည် လည်းကောင်း ကုန်ခန်းတတ် သည့် "ခယ"၊ ပျက်တတ်သည့် "ဝယ"၊ ဖောက်ပြန်တတ်သည့် "ဝိပရိ ဏာမ"၊ မမြဲတတ်သည့် "အနိစ္စ" တရားများ ဖြစ်ပေသည်-ဟူ၍ လေး လေးနက်နက် တွေးဆဆင်ခြင်ရမည်။

ယင်းသို့ဆင်ခြင်လျှင် မြင်လာသည့် ကောင်းမွန်နှစ်သက်ဖွယ် ရူပါရုံ ၌ တပ်မက်မှု "ရာဂ" မဖြစ်တော့ချေ။ တွေဝေမှု "မောဟ" လည်း မဖြစ်တော့ချေ။ စက္ခုန္ဒြေကိုစောင့်ထိန်းမှု ဖြစ်ပေသည်။

စက္ခုန္ဒြေခေါ်မျက်စိ၌ မကောင်းမွန် မနှစ်သက်ဖွယ် ရူပါရုံတစ်ခုခုကို မြင်လာလျှင် စိတ်ဆိုးပြစ်မှားမှု "ဒေါသ" မဖြစ်စေရန် စောင့်ထိန်းရ မည်။

စောင့်ထိန်းပုံမှာ....ဤမကောင်းမှုန် မနှစ်သက်ဖွယ် ရူပါရုံသည် လည်းကောင်း၊ ဤရူပါရုံကိုမြင်ရသည့် မျက်စိသည်လည်းကောင်း၊ မျက်စိနှင့်အတူ တည်ရှိနေသည့် မိမိ၏ရုပ်တရား,နာမ်တရားများသည် လည်းကောင်း၊ အခြားသခ်ဲတရုပ်နာမ်များသည် လည်းကောင်း ကုန်ခန်းတတ်သည့် "ခယ"၊ပျက်စီးတတ်သည် "ဝယ"၊ ဖောက်ပြန်တတ်သည့် "ဝိပရိဏာမ"၊ မမြဲသည့် "အနိစ္စ" တရားများ ဖြစ်ပေသည်-ဟူ၍ လေးလေးနက်နက် တွေးဆဆင်ခြင်ရမည်။

ယင်းသို့ဆင်ခြင်လျှင် မြင်လာသည့်မကောင်းမှုန် မနှစ်သက်ဖွယ် ရူပါရုံ၌ စိတ်ဆိုးပြစ်မှားမှု—ဒေါသမဖြစ်တော့ချေ။ တွေဝေမှု "မောဟ" လည်းမဖြစ်တော့ချေ။ စက္ခုန္ဒြေကိုစောင့်ထိန်းမှု ဖြစ်လေသည်။

**နားနှင့်အသံ-သဒ္ဒါရုံ**

"သောတိန္ဒြေ"ခေါ်နား၌ ကောင်းမှုန်နှစ်သက်ဖွယ် အသံတစ်ခုခုကိုကြားရာ၌ တပ်မက်မှု "ရာဂ" မဖြစ်စေရန် စောင့်ထိန်းရမည်။ အသံ၊ နား၊ နားနှင့်အတူတည်ရှိသည့် မိမိ၏ရုပ်နာမ်တရားများသည် လည်းကောင်း၊ အခြားသခ်ဲတရုပ်နာမ်များသည် လည်းကောင်း ကုန်တတ်၊ ပျက်တတ်၊ ဖောက်ပြန်တတ်၊ မမြဲတတ်ပုံကို လေးလေးနက်နက် တွေးဆဆင်ခြင်ရမည်။ဤသို့ဆင်ခြင်လျှင် နှစ်သက်ဖွယ်အသံ၌ တပ်မက်မှု "ရာဂ" တွေဝေမှု"မောဟ" မဖြစ်တော့ချေ။ သောတိန္ဒြေကိုစောင့်ထိန်းမှု ဖြစ်သည်။ (ပြည့်ပြည့်စုံစုံဖြစ်စေရန် စက္ခုန္ဒြေစောင့်ထိန်းပုံအတိုင်းသိကြပါ။)

မကောင်းမှုန် မနှစ်သက်ဖွယ် အသံတစ်ခုခုကိုကြားလျှင် စိတ်ဆိုးပြစ်မှားမှု "ဒေါသ" မဖြစ်စေရန် စောင့်ထိန်းရမည်။ အသံ၊ နား၊ နားနှင့်အတူတည်ရှိသည့် မိမိ၏ရုပ်နာမ်တရားများသည် လည်းကောင်း၊ အခြားသခ်ဲတရုပ်နာမ်များသည် လည်းကောင်း ကုန်တတ်၊ ပျက်တတ်၊ ဖောက်ပြန်တတ်၊ မမြဲတတ်ပုံများကို လေးလေးနက်နက် တွေးဆဆင်ခြင်ရမည်။ ဤသို့ဆင်ခြင်လျှင် စိတ်ဆိုးပြစ်မှားမှု "ဒေါသ"၊တွေဝေမှု"မောဟ"မဖြစ်တော့ချေ။ သောတိန္ဒြေကို စောင့်ထိန်းမှုဖြစ်သည်။

နှာခေါင်းနှင့်အနံ့-ဃနွာရုံ

"ဃာနိန္ဒြေ"ခေါ် နှာခေါင်း၌ ကောင်းမွန်နှစ်သက်ဖွယ်အနံ့ တစ်ခုခုကိုနံရာ၌ တပ်မက်မှု "ရာဂ" မဖြစ်စေရန်–....။

မကောင်းမွန် မနှစ်သက်ဖွယ် အနံ့တစ်ခုခုကိုနံရာ၌ စိတ်ဆိုးပြစ်မှားမှု "ဒေါသ" မဖြစ်စေရန်-

တို့အတွက်လည်း ရှေးနည်းအတူ ကုန်တတ်၊ ပျက်တတ်၊ ဖောက်ပြန်တတ်၊ မမြဲတတ်ပုံများကို တွေးဆဆင်ခြင်ရမည်။ ထိုအခါ တပ်မက်မှု-ရာဂ၊ ပြစ်မှားမှု-ဒေါသ၊ တွေဝေမှု-မောဟများ မဖြစ်နိုင်တော့ချေ။ ဃာနိန္ဒြေကို စောင့်ထိန်းမှုဖြစ်လေတော့သည်။

လျှာနှင့်အရသာ-ရသာရုံ

"ဇိဝှိန္ဒြေ"ခေါ် လျှာ၌ ကောင်းမွန်သာယာဖွယ် အရသာ တစ်ခုခုဖြစ်လာလျှင်တပ်မက်မှု"ရာဂ" မဖြစ်စေရန်–

မကောင်းမွန်မသာယာဖွယ် အရသာ တစ်ခုခုဖြစ်လာလျှင် စိတ်ဆိုးပြစ်မှားမှု"ဒေါသ"မဖြစ်စေရန်–

တို့အတွက်လည်း ရှေးနည်းအတူ ကုန်တတ်၊ ပျက်တတ်၊ ဖောက်ပြန်တတ်၊ မမြဲတတ်ပုံများကို တွေးဆဆင်ခြင်ရမည်။ ထိုအခါ တပ်မက်မှု "ရာဂ"၊ ပြစ်မှားမှု "ဒေါသ"၊ တွေဝေမှု "မောဟ" များ မဖြစ်နိုင်တော့ချေ။ ဇိဝှိန္ဒြေကိုကိုစောင့်ထိန်းမှုဖြစ်တော့သည်။

ကိုယ်နှင့်အတွေ့-ဖောဋ္ဌဗ္ဗာရုံ

"ကာယိန္ဒြေ"ခေါ် ကိုယ်၌ ကောင်းမွန်သာယာဖွယ် အတွေ့တစ်ခုခုဖြစ်လာလျှင် တပ်မက်မှု"ရာဂ"မဖြစ်စေရန်–

မကောင်းမွန် မသာယာဖွယ် အတွေ့တစ်ခုခုဖြစ်လာလျှင် ပြစ်မှားမှု "ဒေါသ"မဖြစ်စေရန်–

တို့အတွက်လည်း ရှေးနည်းအတူ ကုန်တတ်၊ ပျက်တတ်၊ ဖောက်ပြန်တတ်၊ မမြဲတတ်ပုံများကို တွေးဆဆင်ခြင်ရမည်။ ထိုအခါ တပ်မက်မှု

“ရာဂ”၊ ပြစ်မှားမှု “ဒေါသ”၊ တွေဝေမှု “မောဟ”များ မဖြစ်နိုင်တော့ချေ။ ကာယိန္ဒြေကို စောင့်ထိန်းမှု ဖြစ်တော့သည်။

**စိတ်နှင့်သဘောတရား-ဓမ္မာရုံ**

“မနိန္ဒြေ”ခေါ် စိတ်၌ ကောင်းမွန်သာယာဖွယ် သဘောတရား တစ်ခုခု ဖြစ်လာ(တွေးမိလာ)လျှင် တပ်မက်မှု “ရာဂ” မဖြစ်စေရန်-

မကောင်းမွန်မသာယာဖွယ် သဘောတရားတစ်ခုခုဖြစ်လာ(တွေးမိလာ)လျှင် ပြစ်မှားမှု “ဒေါသ”မဖြစ်စေရန်-

တို့အတွက် ကုန်တတ်၊ ပျက်တတ်၊ ဖောက်ပြန်တတ်၊ မမြဲတတ်ပုံများကို ရှေးနည်းအတူ တွေးဆဆင်ခြင်ရမည်။ ထိုအခါ တပ်မက်မှု “ရာဂ” ပြစ်မှားမှု “ဒေါသ”၊ တွေဝေမှု “မောဟ” များ မဖြစ်နိုင်တော့ချေ။ မနိန္ဒြေကို စောင့်ထိန်းမှုဖြစ်တော့သည်။

ဤတွင်-တပ်မက်မှု “ရာဂ” ဟူသည်မှာ လိုချင်မှု “လောဘ” ပင်ဖြစ်သည်။

ကုန်တတ်၊ ပျက်တတ်၊ ဖောက်ပြန်တတ်၊ မမြဲတတ်ဟူ၍ အမှန်အတိုင်း ရှုမြင်နိုင်ခြင်းမှာ၊ မတွေဝေမှု“အမောဟ” ဖြစ်သည်။ အပြားအားဖြင့်သိမြင်မှု“ပညာ”ပင်ဖြစ်သည်။ ယင်း မတွေဝေမှု “အမောဟ” နှင့် အပြားအားဖြင့်သိမှု “ပညာ” တို့မှာ သဘောတရား အတူတူပင်ဖြစ်သည်။

အာရုံတရားနှင့် ဣန္ဒြေတရားများ၊ ဣန္ဒြေနှင့်အတူ တည်ရှိသည့် ရုပ်နာမ်တရားများနှင့် သင်္ခတရုပ်နာမ်များကို ကုန်တတ်၊ ပျက်တတ်၊ ဖောက်ပြန်တတ်၊ မမြဲတတ်သောတရားများဖြစ်သည်-ဟု မတွေဝေမှု “အမောဟ”ခေါ် အပြားအားဖြင့်သိမှု“ပညာ”ကြောင့် တပ်မက်မှု“ရာဂ”ခေါ် လိုချင်မှု “လောဘ”၊ပြစ်မှားမှု “ဒေါသ” တို့နှင့် တွေဝေမှု “မောဟ” တရားများ မဖြစ်စေခြင်းသည်ပင်လျှင် ဣန္ဒြေခြောက်ပါးကို စောင့်ထိန်းမှု-ဣန္ဒြိယသံဝရ၊ ဣန္ဒြေကို ပွားမှု-ဣန္ဒြိယဘာဝနာ ဖြစ်လေတော့သည်။

(ဤကုသလာလိယသုတ်လာ ဣန္ဒြိယဘာဝနာနည်းသည် ဥပရိပဏ္ဏာသ ပါဠိတော် (နှာ-၃၄၄) ဣန္ဒြိယဘာဝနာသုတ် လာနည်းနှင့် အတူပင် ဖြစ်သည်။)

ယင်းသို့ ဣန္ဒြိယသံဝရ၊ ဣန္ဒြိယဘာဝနာကိုပွားလျှင် အကြိမ်ကြိမ်ပြု လုပ်လျှင် မကောင်းသော အကျင့် "ဒုစရိုက်" တရား ကင်းပျောက်၍ ကောင်းသောအကျင့် "သုစရိုက်"တရား ဖြစ်ပေါ်လာလေတော့သည်။ ဖြစ်ပေါ်လာပုံကို ဆက်လက်ရှင်းပြပါဦးမည်။

**ဒုစရိုက်ပယ်ရှား၍သုစရိုက်ဖြစ်ပွားခြင်း**
**ဒုစရိုက် ၁၀-ပါး**

ကိုယ်၌ဖြစ်သော မကောင်းသောအကျင့် -ကာယဒုစရိုက်၊
နှုတ်၌ဖြစ်သော မကောင်းသောအကျင့် -ဝစီဒုစရိုက်၊
စိတ်၌ဖြစ်သော မကောင်းသောအကျင့် -မနော ဒုစရိုက်—

ဟူ၍ မကောင်းသောအကျင့်--ဒုစရိုက် သုံးမျိုးရှိသည်။ ယင်းသုံးမျိုး တွင်—

ကာယဒုစရိုက်မှာ သုံးပါးရှိသည်၊
ဝစီဒုစရိုက်မှာ လေးပါးရှိသည်၊
မနောဒုစရိုက်မှာ သုံးပါးရှိသည်။

ဤသို့ ဒုစရိုက်သုံးမျိုး၌ အသီးသီးကွဲပြားပြန်ရာ ဒုစရိုက် ၁၀-ပါး ဖြစ်သည်၊ အမျိုးအစားအလိုက် ကွဲပြားပုံကို တစ်မျိုးစီ ခွဲခြား ဖော်ပြ ရလျှင်-ကာယဒုစရိုက်သုံးပါး နှင့် ဝစီဒုစရိုက်လေးပါးကို ဤကျမ်း စာ မျက်နှာ (၇၉)ပြန်ကြည့်ပါ။

**မနောဒုစရိုက်သုံးပါးမှာ-**

အဘိဇ္ဈာ -သူတပါး၏ပစ္စည်းကို မတရားလိုချင်မှု၊
ဗျာပါဒ -သူတပါးအား ပျက်စီးစေလိုမှု၊
မိစ္ဆာဒိဋ္ဌိ -မမှန်မကန် မှားယွင်းစွာယူဆမှု—

ဟူ၍ စိတ်၌ဖြစ်သော မကောင်းသောအကျင့် သုံးပါးရှိသည်။

**သုစရိုက်ဆယ်ပါး**

ယင်းသို့ ဒုစရိုက်ဆယ်ပါးရှိရာ ယင်းဒုစရိုက်ဆယ်ပါးကို ရှောင်ကြဉ်လျှင် ကောင်း သော အ ကျင့်–သုစရိုက်ဆယ်ပါး ဖြစ် လေ သည်။ ထို့ကြောင့်–

ကိုယ်၌ဖြစ်သော ကောင်းသောအကျင့် -ကာယသုစရိုက်သုံးပါး၊
နှုတ်၌ဖြစ်သော ကောင်းသောအကျင့် -ဝစီသုစရိုက်လေးပါး၊
စိတ်၌ဖြစ်သော ကောင်းသောအကျင့် -မနောသုစရိုက်သုံးပါး-

ဟူ၍ **သုစရိုက်ဆယ်ပါး** ရှိပေသည်။

ဖော်ပြခဲ့သည့်အတိုင်း ဣန္ဒြေခြောက်ပါးကို လုံခြုံစေရန် ထိန်းသိမ်းစောင့်ရှောက်၍ ပွားများလျှင် ဤဒုစရိုက်တရားဆယ်ပါး ကင်းပျောက်၍ သုစရိုက်တရားဆယ်ပါး ဖြစ်ပွားလာလေတော့သည်။ အကျဉ်းမျှ ရှင်းပြပါအံ့....။

### သတိပဋ္ဌာန်တရားလေးပါးဖြစ်ပေါ်ခြင်း

အထက်တွင် ရေးသားဖော်ပြခဲ့ရာ၌ တရားအလုပ်ကို အားထုတ်ပွားများနေသူသည်။ ဣန္ဒြိယသံဝရသီလ၊ ဣန္ဒြိယဘာဝနာ–ခေါ် ဣန္ဒြေခြောက်ပါးကို ထိန်းသိမ်းစောင့်ရှောက် ပွားများမှုကြောင့် သတိတရားကြံ့ခိုင်ကြီးမားလျက် ရှိနေပေပြီ။ ဒုစရိုက်တရားများ ကင်းပျောက်သန့်စင်၍ သုစရိုက်တရားများဖြင့် ကိုယ်စိတ်နှစ်ပါးလုံး ကြည်လင်နေပြီဖြစ်သည်။ ယင်းသို့သော အချိန်အခါ၌–

(က) ကာယာနုပဿနာ သတိပဋ္ဌာန်ခေါ် ရုပ်ခန္ဓာ ကိုယ်ကောင်၌ သတိတရားဖြင့် ထိန်းသိမ်း၍ ပညာဖြင့် ရှုမှတ်ပွားများခြင်း။
(ခ) ဝေဒနာနုပဿနာ သတိပဋ္ဌာန်ခေါ် ခံစားမှုဝေဒနာ၌ သတိဖြင့် ထိန်းသိမ်း၍ ပညာဖြင့် ရှုမှတ်ပွားများခြင်း၊
(ဂ) စိတ္တာနုပဿနာ သတိပဋ္ဌာန်ခေါ် စိတ်တရားဖြစ်ပျက်နေပုံကို သတိဖြင့် ထိန်းသိမ်း၍ ပညာဖြင့် ရှုမှတ်ပွားများခြင်း၊

(ဃ) ဓမ္မာနုပဿနာ သတိပဋ္ဌာန်ခေါ် စိတ်နှင့်ယှဉ်ဖက်တရားသဘော များ၌ သတိဖြင့်ထိန်းသိမ်း၍ ပညာဖြင့် ရှုမှတ်ပွားများခြင်း–

ဟူသော သတိပဋ္ဌာန်လေးပါး၌ ကြိုက်နှစ်သက်ရာ တစ်ပါးပါးကို စူးစိုက်၍ ပွားများလိုက်ရုံမျှဖြင့်ပင်လျှင် ယင်း သတိပဋ္ဌာန်တရားလေးပါးမှ မည်သည့်သတိပဋ္ဌာန်မဆို လွယ်လွယ်ကူကူဖြင့် ထင်ရှားပေါ်လွင် သိမြင် ပြည့်စုံနိုင်ပေသည်။

ဤသည်မှာ ကုဏ္ဍလိယသုတ်၌ မြတ်စွာဘုရား ဟောကြားတော်မူသည့် အတိုင်း သဘာဝအားဖြင့် ဣန္ဒြိယသံဝရသီလဘာဝနာသုစရိတ - တရား တို့၏အစွမ်းကြောင့် သတိပဋ္ဌာန်လေးပါး လွယ်ကူစွာ ပြည့်စုံနိုင်ခြင်း ဖြစ်ပေသည်။

(က) **ကာယာနုပဿနာသတိပဋ္ဌာန်ပွားနည်းများ**

ကာယာနုပဿနာသတိပဋ္ဌာန်သည်–

(၁) အာနပါန-ပွားနည်းခေါ် ထွက်လေဝင်လေ ရှူပုံရှိုက်ပုံကို သတိစိုက်၍ ပညာဖြင့် ရှုမှတ်ပွားများနည်း၊

(၂) ဣရိယာပထ-ပွားနည်းခေါ် ရုပ်ကိုယ်ကောင်ကြီး သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်း-ဣရိယာပုထ် လေးပါး၌ သတိစိုက်၍ ပညာဖြင့် ပွားများနည်း၊

(၃) သမ္ပဇာနှ-ပွားနည်းခေါ် ရုပ်ကိုယ်ကောင်ကြီး ရှေ့သို့တိုးမှု, နောက်သို့ဆုတ်မှု စသည် ပြုလုပ်ပုံအခြင်းအရာများ၌ သမ္ပဇဉ် တရားလေးပါးဖြင့် သတိစိုက်၍ ပညာဖြင့်ဆင်ခြင်ရှုမှတ် ပွား များနည်း၊

(၄) ပဋိကူလမနသိကာရ - ပွားနည်းခေါ် ရုပ်ကိုယ်ကောင်ကြီး၌ ဆံပင်, မွေးညင်း, ခြေသည်း လက်သည်း-စသည်ဖြင့် ရွံရှာ စက်ဆုပ်ဖွယ်အဖြစ် နှလုံးသွင်း သတိစိုက်၍ ပညာဖြင့်ဆင်ခြင် ပွားများနည်း၊

(၅) ဓာတုမနသိကာရ-ပွားနည်းခေါ် ရုပ်ခန္ဓာ ကိုယ်ကောင်ကြီး၌ ပထဝီဓာတ်, တေဇောဓာတ်, ဝါယောဓာတ်, အာပေါဓာတ်

ဟူသော ခေတ်လေးပါး ခွဲခြား၍ သတိစိုက်ပြီး ပညာဖြင့် ဆင်ခြင်ပွားများနည်း၊

(၆) နဝသိဝထိက-ပွားနည်းခေါ် ဤရုပ်ကိုယ်ကောင် ခန္ဓာကြီး၏ သေပြီးနောက် ဖြစ်ရမည့် ဖူးဖူးရောင်လာပုံ၊ ညိုမဲလာပုံ-စသည့် ကိုးပါးသော အခြင်းအရာကို သတိစိုက်၍ ပညာဖြင့် ဆင်ခြင် ပွားများနည်း-

ဟူ၍ နည်းပေါင်းခြောက်မျိုး ရှိပေသည်။

(ခ) ဝေဒနာနုပဿနာသတိပဋ္ဌာန်ပွားနည်း

ဝေဒနာသည် ခံစားမှုမျိုးဖြစ်သည်။ ချမ်းသာမှု - သုခဝေဒနာ၊ ဆင်းရဲမှု-ဒုက္ခဝေဒနာ၊ အလယ်အလတ်-ဥပေက္ခာ ဟူ၍ ခံစားမှုများရှိရာ ယင်းတို့ကိုသတိစိုက်၍ ပညာဖြင့်ရှုမှတ်ဆင်ခြင် ပွားများရသည့်နည်းသည် ဝေဒနာနုပဿနာသတိပဋ္ဌာန်ပွားနည်း ဖြစ်သည်။

(ဂ) စိတ္တာနုပဿနာသတိပဋ္ဌာန်ပွားနည်း

စိတ်သည် လိုချင်မှု-လောဘနှင့်တကွဖြစ်သောစိတ်၊ လိုချင်မှု-လောဘကင်းသောစိတ်၊ ပြစ်မှားမှု-ဒေါသနှင့် တကွဖြစ်သောစိတ်-ပြစ်မှားမှု ဒေါသကင်းသောစိတ်- စသည်ဖြင့် အမျိုးမျိုးဖြစ်လေ့ရှိသည်။ ယင်းသို့ ဖြစ်သောစိတ်ကို သတိစိုက်၍ ပညာဖြင့်ရှုမှတ်ဆင်ခြင် ပွားများသည့် နည်းသည် စိတ္တာနုပဿနာသတိပဋ္ဌာန် ပွားနည်းဖြစ်သည်။

(ဃ) ဓမ္မာနုပဿနာသတိပဋ္ဌာန်ပွားနည်း

စိတ်နှင့်စေတသိက်-စသော သဘောတရားများနှင့် နိဗ္ဗာန်ကို "ဓမ္မ" ခေါ်သည်။ ယင်းဓမ္မတို့၏ စုပေါင်းဖွဲ့စည်းထားပုံကို သတိစိုက်၍ ပညာဖြင့် ဆင်ခြင်ရှုမှတ် ပွားများသည့်နည်းသည် ဓမ္မာနုပဿနာသတိပဋ္ဌာန် ပွားနည်းဖြစ်သည်။ ယင်းသည်-

(၁) ခန္ဓာငါးပါးအစုဖြင့် ရှုမှတ်ပွားများနည်း၊

(၂) အာယတနအစုဖြင့် ရှုမှတ်ပွားများနည်း၊

(၃) ဗောဇ္ဈင်တရားအရေဖြင့် ရှုမှတ်ပွားများနည်း၊
(၄) သစ္စာလေးပါးအစုဖြင့် ရှုမှတ်ပွားများနည်း-
ဟူ၍ လေးမျိုးရှိသည်။

ဤသို့လျှင် သတိပဋ္ဌာန်တရားသည် အကျဉ်းအားဖြင့် လေးပါးမျှသာ ဖြစ်သော်လည်း အကျယ်အားဖြင့်မူ များစွာရှိပေသည်။

ယင်း များစွာသောသတိပဋ္ဌာန်တရား ပွားများနည်းများထဲမှ မည်သည့်နည်းကိုမဆို ဣန္ဒြေခြောက်ပါး စောင့်ထိန်းမှု-ဣန္ဒြိယသံဝရသီလ၊ ဣန္ဒြိယဘာဝနာနှင့်ပြည့်စုံပြီး သုစရိုက်တရားလက်ကိုင်ထား၍ စင်ကြယ်သော ကိုယ်, နှုတ်, စိတ်-ရှိနေသူမှာ လွယ်ကူစွာပြည့်စုံနိုင်မည်သာ ဖြစ်ပါသည်။

ဤကျမ်း၌ကား ထင်ရှားပေါ်လွင်၍ ရှေးအစဉ်အလာ သူတော်ကောင်း ပညာရှိကြီးများ လေ့လာပွားများခဲ့၍ အောင်မြင်ကြဖူးသည့် **ကာယာနုပဿနာသတိပဋ္ဌာန်** အဝင်အပါ သမ္ပဇာနပွားနည်းနှင့်အလားတူဖြစ်သော ကုဏ္ဍလိယသုတ်လာ ဣန္ဒြိယဘာဝနာပွားနည်း နှစ်ပါးကို ပေါင်းစပ်ထားသော **သတိသမ္ပဇညဣန္ဒြိယဘာဝနာနည်းကို** ဖော်ပြလိုပါသည်။ ဤနည်းကို မြန်မာပညာရှိအမတ်ကြီးဘိုးရဇာ၏ သတိသမ္ပဇညလင်္ကာကို မဏ္ဍိုင်ပြု၍ ဣန္ဒြိယဘာဝနာနည်းနှင့် ပေါင်းစပ်ဖြည့်စွက်ထည့်သွင်း၍ ဆရာကြီး ဦးစာကျော်သည် မိမိကိုယ်တိုင် ပွားများရန်ရည်ရွယ်ပြီး ရေးသားထားပါသည်။ စာရှုသူများ နှုတ်အာဂုံအရကျက်မှတ်၍ ပွားများကြပါရန် တိုက်တွန်းလိုပါသည်။

## သတိသမ္ပဇညဣန္ဒြိယဘာဝနာ
## ဣန္ဒြေခြောက်ပါးစောင့်ရှုပွားနည်းလင်္ကာ

ဣန္ဒြိယဘာဝနာ၊ မည်သည်သာဖြင့်၊ မဟာခေါင်ထိ၊
တုမရှိသား၊ သတိသမ္ပဇဉ်၊ နှစ်ပါးယှဉ်သည့်၊
ဂုဏ်အင်ကြီးစွာ၊ ကျင့်စဉ်မှာကား၊ ခြောက်ဖြာဒွါရ၊
ခြောက်ဝအာရုံ၊ ထင်လာကုန်သော်၊မတုန်လှုပ်ရှား၊

သတိထားကာ၊ မှတ်သားကြည့်ရှု၊ ဉာဏ်ယှဉ်ပြု၍၊
အကုသိုလ်ပ၊ ကုသိုလ်ရအောင်၊ ဖြစ်ကြပျက်ဟန်၊
အတန်တန်ကို၊ ဖန်ဖန်ကြိုးကုတ်၊ ပွားအားထုတ်လျက်၊
တိုးဆုတ်ရှေ့ဘေး၊ ကြည့်ရေးထို့ပြင်၊ ဆန့်လျှင်ကွေးရ၊
ဝတ်ကြကိုင်တွယ်၊ စားဖွယ်သောက်မျိုး၊ သုံးရိုးမြော်မြင်၊
ကျင်ငယ်ကျင်ကြီး၊ စွန့်နည်းမကျန်၊ သွားပြန်ရပ်ထိုင်၊
ပိုင်ပိုင်အိပ်နိုး၊ ပြောမျိုးစိတ်မှု၊ အစုစုကို၊
ပြုကဆင်ခြင်၊သမ္ပဇဉ်ဖြင့်၊ ဉာဏ်မြင်တွေးဆ၊
သင့်ကြောင့်ကြစေ၊ သင့်ကထပ်မြော်၊ တော်မတော်တည့်၊
တော်သော်မုချ၊ ကျိုးမရနှင့်၊ အရကိုချိန်၊
ကြံမတိမ်နှင့်၊ မမှိန်ဉာဏ်သွား၊ စိစဉ်ထားလော့၊
စီးပွားလောကီ၊ ကြီးကြောင်းမှီ၏၊ မဂ်ဆိအရဟတ္တ၊
နိဗ္ဗာန်ကျတိုင်၊ ရ၏အကျိုး၊ မောက်ကာဖြိုး၍၊
စဉ်တိုးသတိ၊ သမာဓိဖြင့်၊ မိမိစိတ်တွင်၊
သမ္ပဇဉ်ကို၊ ဆင်ခြင်၍မြော်၊ ကြံတိုင်းပေါ်လိမ့်၊
အဟော်ဝတ၊ ကျိုးကြီးလှသည်၊ ဗုဒ္ဓမြတ်စွာဟောရင်းတည်း။

ဆရာကြီးဦးစာကျော်သည် ဤလင်္ကာရှည်ကြီးကို ရွတ်ပြပြီးသောအခါ မူရင်းဤလင်္ကာကို သူငယ်စဉ်က ပညာရှိအမတ်ကြီး ဘိုးရာဇာ အတ္တုပ္ပတ္တိစာအုပ်မှ ဖတ်ရှုကျက်မှတ်ထားသည်။ နောင်ကြီးလာ၍ ပါဠိတော်များကိုဖတ်ရှုပြီး တိုက်ဆိုင်ကြည့်သောအခါ ဒီဃနိကာယ်သီလက္ခန် ပါဠိတော်သာမညဖလသုတ် (နှာ-၆၇)၊သတိသမ္ပဇညကထာနှင့် လည်းကောင်း၊ သုတ်မဟာဝဂ္ဂ မဟာသတိပဋ္ဌာနသုတ်(နှာ-၂၃၃)၊ သမ္ပဇာနပဗ္ဗနှင့် လည်းကောင်း တညီတည်းဖြစ်သည်ကို တွေ့သိရသည်။

ယင်းမူရင်းလင်္ကာကိုပင် ကုဏ္ဍလိယသုတ်လာ ဤကျမ်း နှာ(၅၁၇)၌ ပြဆိုသည့် ဣန္ဒြိယဘာဝနာနည်း၊ ဥပရိပဏ္ဏာသ ပါဠိတော် (နှာ - ၃၄၇)လာ ဣန္ဒြိယဘာဝနာနည်းတို့နှင့်ပေါင်းစပ်ပြီး ဆရာကြီး ဦးစာကျော်သည် အထပ်ထပ်ညှိနှိုင်းကာ သတိသမ္ပဇည ဣန္ဒြိယဘာဝနာ

နည်းလက်ာကို မိမိကျင့်သုံးရန် ရည်ရွယ်ရေးသားထားသည်ဖြစ်ကြောင်း များကို ရှင်းလင်းပြောပြပါသည်။

ဤလက်ာအရ သတိသမ္ဗောဇ္ဈင်ပွားနည်းနှင့် ဣန္ဒြိယဘာဝနာပွားနည်း နှစ်ပါးတို့မှာ သတိနှင့်ပညာ အရင်းခံတရားချင်း တူညီပေရာ ရောစပ်၍ မပွားနိုင်ဖွယ်လည်းမရှိနိုင်ကြောင်း လေ့လာတွေ့သိရပေသည်။ ဤလက်ာ အရ ယင်းပွားနည်းနှစ်မျိုးတွင် ဣန္ဒြိယဘာဝနာပွားနည်းမှာ ဤကျမ်း စာမျက်နှာ(၅၁၇)၌ ပြဆိုပြီး ဖြစ်သောကြောင့် ထပ်မံမပြတော့ပဲ သတိ သမ္ဗောဇ္ဈင်ပွားနည်းကိုသာ ပြဆိုပါအံ့။

## သတိသမ္ဗောဇ္ဈင်တရားပွားနည်း

ရုပ်ခန္ဓာကိုယ်ကောင်ကြီး ရှေ့သို့တိုးသော်၊ နောက်သို့ဆုတ်သော်— ဆင်ခြင်၍ကြည့်ပါ။

ရှေ့တည့်တည့်ကြည့်သော်၊ ဘေးပတ်ဝန်းကျင် ကြည့်သော်(အောက် ကြည့်သော်၊ အထက်ကြည့်သော်)-ဆင်ခြင်၍ကြည့်ပါ။

လက်ကိုကွေးသော်(ခြေထောက်ကိုကွေးသော်)၊ လက်ကိုဆန့်သော်၊ (ခြေထောက်ကိုဆန့်သော်)-ဆင်ခြင်၍ဆန့်ပါ။

အဝတ်အထည်ကို ဝတ်ဆင်သော်၊ ပစ္စည်းများကို ကိုင်တွယ်သော်- ဆင်ခြင်၍ ဝတ်ပါ၊ ကိုင်ပါ။

စားသော်၊ သောက်သော်၊ လျက်သော်၊ ခဲသော်-ဆင်ခြင်၍စားပါ၊ သောက်ပါ၊ လျက်ပါ၊ ခဲပါ။

ကျင်ငယ်စွန့်သော် (ဆီးသွားသော်)၊ ကျင်ကြီးစွန့်သော် (ဝမ်းသွား သော်)–ဆင်ခြင်၍သွားပါ။

ယင်း ကျင်ငယ်ဟူသောအမည်၊ ကျင်ကြီးဟူသော အမည်တို့သည် **တနင်းလာနံများ** ဖြစ်ကြသည်၊ ကျင်ကြီးစွန့်သော် ကျင်ငယ်ပါစွန့်ရ သည်၊ ထွက်ကျပါသည်။ ကျင်ငယ်စွန့်သော် ကျင်ကြီးမထွက်ကျပဲနေ သည်။ ကျင်ကြီးနှင့် ကျင်ငယ်ကို ညီအစ်ကိုဟုတင်စား၍ ဆိုသည်။

သတိသမ္ဗောဇ္ဈင်နည်းအရ ဆင်ခြင်ပွားများလျှင် နိဗ္ဗာန်ရောက်နိုင်သည်။ ဤသည်ကိုရည်ရွယ်၍ ဤကျမ်းအစ (စာမျက်နှာ-၆၂) ၌ **ပဟေဠိအမေးပုစ္ဆာ** ထုတ်ခဲ့သည်။ ဤသည်ပင် အဖြေဖြစ်ကြောင်း သိကြပါကုန်။

သွားသော်၊ ရပ်သော်၊ ထိုင်သော်-ဆင်ခြင်၍သွားပါ၊ ရပ်ပါ၊ ထိုင်ပါ။ အိပ်သော်၊ နိုးသော်-ဆင်ခြင်၍အိပ်ပါ၊ နိုးပါ။

စကားပြောသော်၊ မပြောပဲ ဆိတ်ဆိတ်နေသော်-ဆင်ခြင်၍ပြောပါ၊ ဆိတ်ဆိတ်နေပါ။

အဘယ်သို့ဆင်ခြင်ရမည်နည်း....

(က) သင့်သည်၊ မသင့်သည်-ဆင်ခြင်ပါ၊ သင့်မှ ပြုလုပ်ပါ။ (သပ္ပါယသမ္ပဇဉ်။)

(ခ) အကျိုးရှိ၊ အကျိုးမရှိ-ဆင်ခြင်ပါ၊ အကျိုးရှိမှပြုလုပ်ပါ။ (သာတ္ထကသမ္ပဇဉ်။)

(ဂ) မိမိပွားများရမည့်တရား-ဟုတ်မဟုတ် ဆင်ခြင်ပါ၊ မိမိပွားများရမည့် တရားမျိုးဖြစ်မှပြုလုပ်ပါ။ (ဂေါစရသမ္ပဇဉ်။)

(ဃ) ဉာဏ်ဖြင့် မှန်ကန်စွာသိပြီးမှ ပြုလုပ်ပါ။ (အသမ္မောဟသမ္ပဇဉ်။)

ဤအောက်မေ့မှု-သတိ၊ အပြားအားဖြင့် ကွဲကွဲပြားပြားသိမှု-သမ္ပဇည တရားနှစ်ပါးဖြင့် ဆင်ခြင်ပြီးမှ ပြုလုပ်ပါ။

ယင်းသို့ ပြုလုပ်ပါလျှင်၊ ကျင့်သုံးပါလျှင် ဤလောက၌လည်း လောကီဆိုင်ရာ အကျိုးစီးပွား ဖြစ်စေနိုင်ပါသည်။ လောကုတ္တရာ ရေးမှာလည်း အရဟတ္တမဂ်, အရဟတ္တဖိုလ်-နိဗ္ဗာန်ရသည်အထိ အကျိုးရှိစေပါသည်။ အကျိုးတရားများရရှိ၍ သတိ, သမာဓိ-များ ကြီးမားခိုင်ခံ့လျက် မိမိအလိုရှိ၍ တွေးလိုက်-ကြံစည်လိုက်တိုင်း ဖြစ်ပေါ်နိုင်ကြောင်း မြတ်စွာဘုရား ဟောကြားတော်မူသည်-ဟူ၍ ဆိုလိုပါသည်။

ဤသို့ ပညာရှိအမတ်ကြီး ဘိုးရာဇာလက်ာက ပြဆိုပါသည်။

ဤသည်မှာ "ကာယာနုပဿနာသတိပဋ္ဌာန်တရား"ဖြစ်သည်။ သမ္ပ-ဇညပဗ္ဗခေါ် ခန္ဓာကိုယ်ကြီးဖြစ်ပျက်ပုံကိုသမ္ပဇဉ်ဖြင့်ရှုမှတ်သည့် ကာယာ-နုပဿနာဖြစ်သည်။ တရားဘဏ္ဍာတိုက်စိုးဖြစ်တော်မူသော အရှင်အာနန္ဒာ ရဟန္တာဖြစ်ရန်အတွက် ရှုမှတ်ပွားများသော သတိပဋ္ဌာန်တရားဖြစ်သည်။ (ဝိ-၄၊ နှာ-၄၀၂။) စာရှုသူသည် ဤနည်းကို သဘောကျလျှင် ဤနည်းကို ရှုမှတ်ပွားများနိုင်ပေသည်။

ဤနည်းကို သဘောမကျလျှင် ဖော်ပြခဲ့သည့် အခြားသတိပဋ္ဌာန် နည်းများထဲမှကြိုက်ရာသတိပဋ္ဌာန်တရားကိုပွားများနိုင်ပါသည်။မည်သည့် သတိပဋ္ဌာန်တရားကို ရှုမှတ်ပွားများသည်ဖြစ်စေ ဣန္ဒြေခြောက်ပါးကို နိုင်နင်းစွာ ရှုမှတ်ပွားများခဲ့၍ သုစရိုက်တရားကို ပိုင်နိုင်စွာရရှိထားသူမှာ သတိပဋ္ဌာန်တရားကို ဆက်လက် ရှုမှတ်ပွားများလျှင် မကြာမီ ထိထိ ရောက်ရောက် ပေါက်မြောက်အောင်မြင်နိုင်ပါသည်။

သတိပဋ္ဌာန်တရားကိုပွားများလျှင် အကြိမ်ကြိမ်ပြုလုပ်လျှင် ဗောဇ္ဈင် ခုနစ်ပါးတရား ဖြစ်ပွားလာမည်ဖြစ်ပါသည်။ အမှန်မုချ သဘာဝ အတိုင်းပင် ဖြစ်ပေါ်လာရမည် ဖြစ်ပါသည်။

ထင်ရှားစေရန် ဆက်လက်ရေးသားဖော်ပြပါမည်။

## ဗောဇ္ဈင်ခုနစ်ပါးဖြစ်ပေါ်လာရခြင်း

### သတိသမ္ဗောဇ္ဈင်

ဣန္ဒြေကို စောင့်ထိန်းမှုအင်အား သုစရိုက်ပွားများမှုအင်အားတို့ဖြင့် အရှိန်အဟုန်မြင့်မားစွာ သတိပဋ္ဌာန်တရားကို အကြိမ်ကြိမ်အထပ်ထပ် ပွားများသော ဓမ္မယောဂီမှာ အောက်မေ့မှုသတိတရားသည် အင်အား တောင့်တင်းကြီးမားလာသည်။ ကြာမြင့်စွာသော အချိန်ကာလများမှ တွေ့ဖူး၊ ကြုံဖူး၊ လေ့လာဖူးသော အဖြစ်အပျက်များ၊ သဘောတရား များကိုပင် ပြန်လည်အောက်မေ့နိုင်စွမ်းသည်။ ယခုပစ္စုပ္ပန်တရားနှင့် နီးကပ်လှစွာသောကာလမှ တရားများကို ပြောရန်ပင် မလိုတော့ချေ။ လက်ဝါးပေါ်တွင် ပတ္တမြားလုံးကိုတင်၍ ကြည့်ရသကဲ့သို့ ထင်ထင် ရှားရှား သိမြင်အောက်မေ့နိုင်မှု သတိသမ္ဗောဇ္ဈင်ဖြစ်ပေသည်။

ထွက်ရာ ၃၄

**ဓမ္မဝိစယသမ္ဗောဇ္ဈင်**

သတိတရားအင်အားကောင်း၍ ရှုမှတ်သည့်တရားများဖြစ်သော ကာယ,ဝေဒနာ,စိတ္တ, ဓမ္မ-ဟူသော တရားများ ထင်ရှားလာသောအခါ အနိစ္စ, ဒုက္ခ, အနတ္တ သဘောတရားကိုစိစစ်မှု - ပဝိစယလက္ခဏာရှိသော ဓမ္မဝိစယ-အမည်ရသည့် ပညာတရားသည် အထပ်ထပ်အခါခါ အဖန်ဖန် လေ့လာမည်၊ စိစစ်မည်၊ စူးစမ်းမည်- အမှန်ပင်ဖြစ်ပါသည်။

ဤသည်ပင်လျှင် သတိသမ္ဗောဇ္ဈင်တရားကြောင့် ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ပွားလာခြင်းသဘော ဖြစ်ပါသည်။ ဤသို့ သတိသမ္ဗောဇ္ဈင် ဖြစ်ပွားလာလျှင် ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်သည်မှာ မုချအမှန် ဖြစ်တတ်သည့် ဓမ္မတာသဘောအရ ဖြစ်ခြင်းပင်တည်း။

**ဝီရိယသမ္ဗောဇ္ဈင်**

သတိသမ္ဗောဇ္ဈင်၏ အစွမ်းဖြင့် ထင်ရှားနေသည့် ကာယ, ဝေဒနာ, စိတ္တ, ဓမ္မ-ဟူသော တရားများကို ဓမ္မဝိစယသမ္ဗောဇ္ဈင် အမည်ရ ပညာတရားက လေ့လာ, စိစစ်, စူးစမ်းမှုကို ပြုလုပ်သောအခါ ယှဉ်ဖက်ဝီရိယ တရားကလည်း မဆုတ်နစ်စေရန် အားမလျော့စေရန် ကြိုးစားအားထုတ် စေရန် ချီမြှောက်ပေးမှုကို သဘာဝအတိုင်း ပြုလုပ်ပေးသောကြောင့် ဝီရိယသမ္ဗောဇ္ဈင် အမှန်မုချ ဖြစ်ရလေတော့သည်။

ဤသို့ ဝီရိယသမ္ဗောဇ္ဈင် ဖြစ်လာခြင်းမှာ တရားဓမ္မတို့၏ ဓမ္မတာ သဘောပင် ဖြစ်ပေတော့သည်။

**ပီတိသမ္ဗောဇ္ဈင်**

သတိသမ္ဗောဇ္ဈင်၏ အစွမ်းဖြင့် ထင်ရှားနေသည့် ကာယ, ဝေဒနာ, စိတ္တ, ဓမ္မ-တို့ကို ဓမ္မဝိစယသမ္ဗောဇ္ဈင်အမည်ရှိ ပညာတရားက လေ့လာ, စိစစ်, စူးစမ်းသောအခါ ဝီရိယသမ္ဗောဇ္ဈင်၏ မဆုတ်နစ် အားမလျော့ စေပဲ ကြိုးစားမှုဖြစ်စေလေလျှင် စိတ်, စေတသိက်–သမ္ပယုတ်တရား များအားလုံး တဏှာကင်းသည့် နှစ်သက်အားရမှု ဖြစ်တတ်လေသည်။ ယင်းနှစ်သက်အားရမှု ဟူသည်မှာ ပီတိသမ္ဗောဇ္ဈင်ပင် ဖြစ်ပေသည်။

ဤသို့ နှစ်သက်အားရမှု-ပီတိသမ္ဗောဇ္ဈင် ဖြစ်ရသည်မှာလည်း တရားဓမ္မတို့၏ ထုံးစံသဘာဝ ဓမ္မတာသဘောအရ ဖြစ်လာခြင်းပင်တည်း။

**ပဿဒ္ဓိသမ္ဗောဇ္ဈင်**

ပီတိသမ္ဗောဇ္ဈင်၏ အစွမ်းကြောင့် တကျောကင်းသည့် နှစ်သက်အားရမှုဖြစ်၍ ချမ်းသာခွင့်ရလာသော် အတူဖြစ်ကြသည့် နာမ်တရားအားလုံးမှာ ပူပင်ချောက်ချားမှုမဖြစ်ပဲ ငြိမ်းအေးမှု ဖြစ်လာတတ်ပေသည်။ ယင်းငြိမ်းအေးမှု—ဟူသည်မှာ ပဿဒ္ဓိသမ္ဗောဇ္ဈင်ပင် ဖြစ်သည်။ စိတ်နှင့်ယှဉ်ဖက် စေတသိက်တရားတို့၏ ငြိမ်းအေးမှု-ကာယပဿဒ္ဓိနှင့် စိတ်၏ငြိမ်းအေးမှု-စိတ္တပဿဒ္ဓိ-ဟူသော ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်သည်။

ဤသို့ နှစ်သက်အားရမှု—ပီတိသမ္ဗောဇ္ဈင်ကြောင့် ငြိမ်းအေးမှု-ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်ရသည်မှာလည်း ဓမ္မတာသဘောအရပင် ဖြစ်ပေသည်။

**သမာဓိသမ္ဗောဇ္ဈင်**

သမာဓိသမ္ဗောဇ္ဈင် ဟူသည်မှာ ငြိမ်သက်တည်ကြည်မှုပင် ဖြစ်သည်။ မလှုပ်ရှားမှု, ယောက်ယက်မခတ်မှုပင် ဖြစ်သည်။ ငြိမ်းအေးမှု-ပဿဒ္ဓိသမ္ဗောဇ္ဈင်ဟူသော မပူလောင်မှုဖြစ်လျှင် ချမ်းသာမှု "သုခ" တရားပေါ်ဖြစ်ပေါ်လာပြီး မလှုပ်မရှား ငြိမ်သက်တည်ကြည်မှု-သမာဓိသမ္ဗောဇ္ဈင်ဖြစ်ရိုးဓမ္မတာ ထုံးစံပင်ဖြစ်ပေတော့သည်။ သမာဓိသည် ချမ်းသာမှုသုခလျှင် နီးစွာသော အကြောင်းရင်းရှိပေသည်။

**ဥပေက္ခာသမ္ဗောဇ္ဈင်**

ဖော်ပြခဲ့သည့်အတိုင်း သတိသမ္ဗောဇ္ဈင်၏ အင်အားကောင်းမှုကြောင့် ဓမ္မဝိစယသမ္ဗောဇ္ဈင်, ဝီရိယသမ္ဗောဇ္ဈင်, ပီတိသမ္ဗောဇ္ဈင်, ပဿဒ္ဓိသမ္ဗောဇ္ဈင်, သမာဓိသမ္ဗောဇ္ဈင်—ဟူသော ဗောဇ္ဈင်တရားများ မိမိကိစ္စကိုမိမိ အညီအမျှ ရှက်ဆောင် ဖြစ်ပေါ်နေကြပါလျှင် မည်သည့်တရားကိုမျှ အားပေးရန် အားပျော့ရန် ညှိပေးဖွယ်မရှိပဲ အလယ်အလတ် သုံးသပ်ကျင့်သုံးမှု-ဥပေက္ခာသမ္ဗောဇ္ဈင်တရား အမှန်မုချပင် ဓမ္မတာသဘော ထုံးစံ

**အတိုင်း** ဖြစ်လာရပေတော့သည်။ **စာမျက်နှာ** (၁၇၇) ၌ ဖော်ပြခဲ့သည့် **ဝိပဿနာရှုနည်းလာအတိုင်း ရုပ်တရား** နာမ်တရားတို့ ဆိမီးလျှံကဲ့သို့ ဖြစ်ပျက်နေပုံကို သမာဓိအားကောင်းလှသည့် ဉာဏ်အမြင်၌ ထင်ရှားစွာ ပေါ်လာမည် ဖြစ်ပါသည်။ ဤကျမ်း(နှာ-၄၀၁)၌ ဖော်ပြခဲ့သော ဝိပဿနာ ဆယ်ပါးလည်း အဆင့်ဆင့်ဖြစ်လာပါမည်။

ဖော်ပြခဲ့သည့်အတိုင်း ဗောဇ္ဈင်ခုနစ်ပါး ဖြစ်ပေါ်ကြသည်ကို မဟာဝဂ္ဂသံယုတ်ပါဠိတော် သီလ-သုတ်၌ ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူသည်။ ယင်းသို့ဖြစ်ပုံကို (သံ ၃၊ နှာ-၆၀) သီလသုတ်၌ လေ့လာဖတ်ရှုနိုင်ပေသည်။ ယင်းသို့ ဗောဇ္ဈင်ခုနစ်ပါး တပြိုင်တည်းဖြစ်ကြသည်မှာ မဂ်တရားဖြစ်ခိုက်အခါမှသာဖြစ်နိုင်ကြသည်-ဟုအဋ္ဌကထာ၌ဖွင့်ပြသည်။

ဤသို့ အဋ္ဌကထာ ပြဆိုသည်မှာ မုချအားဖြင့် ဖြစ်သည်ကိုသာ ပြဆိုခြင်း ဖြစ်ဖွယ်ရှိပါသည်။ ဓမ္မသဘာဝ ထုံးတမ်းစဉ်လာအရ ထောက်ဆ-ရ-ပါမူ မဂ်ခဏပင် မဟုတ်သော်လည်း မဂ်ခဏလောက်နီးပါး အင်းအားကောင်းသည့် အခါ၌လည်း ဖြစ်နိုင်လိမ့်မည်-ဟု ယူဆရပေသည်။ မဂ္ဂင်ရှစ်ပါးဖြစ်ပုံကဲ့သို့တည်း။

ဤသို့လျှင် သတိပဋ္ဌာန်တရား ပွားများခြင်းကြောင့်၊ အထပ်ထပ် အကြိမ်ကြိမ် ပြုလုပ်ခြင်းကြောင့် ဗောဇ္ဈင်ခုနစ်ပါး ဖြစ်ပေါ်လာနိုင်ပေသည်။

## ဝိဇ္ဇာ-ဝိမုတ္တိဖြစ်ခြင်း

သစ္စာလေးပါးတရားကို သိမှု- ဝိဇ္ဇာနှင့် ညစ်နွမ်းစေတတ် နှိပ်စက်တတ်သော ကိလေသာတရားတို့မှ လွတ်မြောက်မှု-ဝိမုတ္တိတရား များသည်ကား ဗုဒ္ဓရှင်တော်ဘုရား၊ သာသနာတော်၌ အတုမရှိ မြင့်မြတ်သော တရားများ ဖြစ်ကြပေသည်။ ယင်းနှစ်ပါးထက် မြင့်မြတ်သောတရား မရှိလေပြီ။ ယင်းဝိဇ္ဇာ-ဝိမုတ္တိ (မဂ်,ဖိုလ်) တရားများသည် ဖော်ပြခဲ့သည့် ဗောဇ္ဈင်တရားခုနစ်ပါးကို-

ဝိဝေကနိဿိတ -ခေါ် ကိလေသာကင်းဆိတ်မှုကိုမှီခြင်း၊
ဝိရာဂနိဿိတ -ခေါ် တပ်မက်မှု-ရာဂ၏ကင်းမှုကိုမှီခြင်း၊
နိရောဓနိဿိတ -ခေါ် ကိလေသာချုပ်ငြိမ်းမှုကိုမှီခြင်း၊
ဝေါဿဂ္ဂပရိဏာမိ -ခေါ် နိဗ္ဗာန်သို့ညွတ်ကိုင်းခြင်း—

ဟူသော လေးပါးသော အခြင်းအရာဖြင့် ပွားသည်ရှိသော် အထပ်ထပ် အကြိမ်ကြိမ် ပြုလုပ်သည်ရှိသော် ဤကျမ်းနှာ (၄၀၁)၌ ဖော်ပြခဲ့သည့် ဝိပဿနာဉာဏ် ဆယ်ပါးသည်လည်း အဆင့်ဆင့်အဆက်ဆက် မပျက်မကွက် မှန်ကန်စွာဖြစ်ပေါ်လာကာ ဝိဇ္ဇာ, ဝိမုတ္တိတရားသည် အမှန်မုချ မလွဲမသွေ ဖြစ်ပေါ်နိုင်ပေသည်။

ဤသို့လျှင် ဗောဇ္ဈင်ခုနစ်ပါးကို လေးပါးသော အခြင်းအရာဖြင့် ပွားခြင်းကြောင့် သစ္စာလေးပါးကို သိမြင်မှု-ဝိဇ္ဇာနှင့် ကိလေသာမှ လွတ်မြောက်မှု- ဝိမုတ္တိတရား ဖြစ်ပွားနိုင်ပေသည်။

ဤသစ္စာလေးပါးတရားကို ထိုးထွင်းသိမြင်မှု—ဝိဇ္ဇာ တရားနှင့် ဤကိလေသာတို့မှ လွတ်မြောက်မှု-ဝိမုတ္တိ တရားနှစ်ပါးသည်ကား ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ အဆုံးအမဖြစ်သည့် ဗုဒ္ဓသာသနာတော်၌ အတုမရှိ အမြင့်ဆုံး အမြတ်ဆုံး မဂ်တရား - ဖိုလ်တရားများ ဖြစ်ကြပေရာ ယင်းသစ္စာလေးပါး ထိုးထွင်းသိမြင်မှု-ဝိဇ္ဇာ တရားနှင့် ကိလေသာတို့မှ လွတ်မြောက်မှု-ဝိမုတ္တိ တရားနှစ်ပါးကို ကောင်းစွာပိုင်ပိုင် ရရှိနိုင်ပါမူကား အတွက်အထိပ်ရောက်၍ သိဒ္ဓိပေါက်အောင်မြင်ပြီး အသခ်ံတဓာတ် နိဗ္ဗာန်မြတ်သို့ ဆိုက်ကပ်ရောက်နိုင်မည် ဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသတည်း။

## ၁၄။ စုဒ္ဒသမအပိုင်း

### ဤအပိုင်း၌

- ☆ မြေရှင်းချက်ကလေးတစ်လွှာ၊
- ☆ မှာကြားစာကလေးတစ်စောင်၊
- ☆ လက်ဆောင်မွန်ကလေးတစ်တန်၊
- ☆ တောင်းပန်လွှာ ကဗျာတစ်ပုဒ်၊
- ☆ နိဂုံးချုပ် အာသီသပဋ္ဌနာ လက်ာကလေး တစ်ခုတို့ကို ရေးပြ၍ ကျမ်းပြီးနိဂုံး ကမ္ပတ်ဖုံးထားသည်။

## ကမ္ဘတ်ဖုံအုပ်နိဂုံးချုပ်ခြင်း
## အခက်အခဲအကျပ်အတည်းများမှထွက်ရာလမ်း

ဤသို့လျှင်....အပိုင်းကြီး ၁၃-ပိုင်း၊ စာမျက်နှာပေါင်း (၅၃၃) တို့ဖြင့် ကျင့်စဉ်ကြီး ၁၀-ချက်ကိုဖော်ပြ၍ "ပင်စင်အငြိမ်းစား တရားနိဒါန်း-လူသားတို့၏ ထွက်ရာလမ်း"ကို ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ ရေးသားဖော်ပြချက်များဖြင့် ကျင့်စဉ်ကြီး ၁၀-ပါးကို ထိုက်သင့်သည့်အတိုင်းအတာအားလျော်စွာ ပွားများကျင့်သုံးပါလျှင်—

(က) ပညာရေးဆိုင်ရာအခက်အခဲ ဆင်းရဲမှုများ၊

(ခ) ကျန်းမာရေးဆိုင်ရာအခက်အခဲ ဆင်းရဲမှုများ၊

(ဂ) စားဝတ်နေမှုစီးပွားရေးဆိုင်ရာအခက်အခဲ ဆင်းရဲမှုများ၊

(ဃ) ပေါင်းသင်းဆက်ဆံရေးဆိုင်ရာအခက်အခဲ ဆင်းရဲမှုများ၊

(င) နောင်တမလွန်ဘဝဆိုင်ရာအခက်အခဲ ဆင်းရဲမှုများ၊

(စ) ဝဋ္ဋဒုက္ခဘဝသံသရာဆိုင်ရာအခက်အခဲ ဆင်းရဲမှုများ—

စသည့် အခက်အခဲအကျပ်အတည်းများမှ လွတ်မြောက်နိုင်ကြလျက် ထွက်ရာလမ်းရောက် သိဒ္ဓိပေါက်နိုင်ကြလိမ့်မည်-ဟူ၍ ယုံကြည်ပါသည်။ လူသားတို့၏ထွက်ရာလမ်း-ကျမ်းစာ အောင်မြင်ပြီးစီးပြီ ဖြစ်ပါသောကြောင့် ကမ္ဘတ်ဖုံး၍နိဂုံးချုပ်ရန်သာလိုပါတော့သည်။ သို့သော်- နိဂုံးမချုပ်သေးမီကလေးအတွင်း၌-

(က) ဖြေရှင်းချက်ကလေးတစ်လှာ၊

(ခ) မှာကြားချက်ကလေးတစ်စောင်၊

(ဂ) လက်ဆောင်မှန်ကလေးတစ်တန်၊

(ဃ) တောင်းပန်လွှာကဗျာကလေးတစ်ပုဒ်၊

(င) နိဂုံးချုပ်အာသီသပတ္ထနာလင်္ကာကလေးတစ်ခု-

တို့ကို ရေးပြုသီကုံးပြီး ကမ္ဘတ်ဖုံးအုပ်၍ နိဂုံးချုပ်လိုပါသည်။ ယင်းအကြောင်းအရာများကို သိသာရန် သည်းခံ၍ ဖတ်ရှုစေလိုပါသည်။

## (က) ပြေရှင်းချက်ကလေးတစ်လွှာ

ဤကျမ်းတွင်စာရှုသူတို့မှာ လိပ်ခဲတည်းလည်း သံသယမကင်းဖြစ်၍ စာရေးသူအပေါ်၌ အပြစ်တင်ချင်ဖွယ်ရာတစ်ခု ရှိနိုင်ပါသည်။ယင်းမှာ-

“ဤမျှ ကျင့်စဉ်ဆယ်ပါးကို လွယ်လွယ်ကလေး ရေးသားပြရုံမျှဖြင့် ဝိပဿနာဉာဏ်စဉ်ဆယ်ပါး ဖြစ်ပေါ်ပုံ,မဂ်ဇော-ဖိုလ်ဇော-ပစ္စဝေက္ခဏာဇော ဖြစ်ပုံတွေကို မရေးသားပဲဖြင့် သစ္စာလေးတန်အမှန်တရားကို သိမြင်၍ ဝိဇ္ဇာ,ဝိမုတ္တိဖြစ်နိုင်ပါမည်လား” ဟူ၍ သံသယဝင် အပြစ်တင်၍ စောဒက တက်ချင်ဖွယ်ရှိပါသည်။

ပြေရှင်းပြပါအံ့-

ဗုဒ္ဓရှင်တော်မြတ်ဘုရားက ဗောဓိမင်းသားအား....

၁။ မြတ်စွာဘုရား၌ယုံကြည်မှု (သဒ္ဓါ)၊
၂။ ရောဂါကင်းကွာကျန်းမာမှု(အပ္ပါဗာဓ)၊
၃။ လှည့်ပတ်လိမ်ညာခြင်းမရှိမှု(အမာယာသာဌေယျ)၊
၄။ စွဲမြဲစွာကြိုးစားအားထုတ်မှု(အာရဒ္ဓဝီရိယ)၊
၅။ ခန္ဓာနာမ်ရုပ်ဖြစ်ပျက်ခြင်းကို သိခြင်းပညာရှိမှု (ပညဝါ)—

ဟူသော **ပဓာနိယင်္ဂ** ခေါ် တရားပွားများသူတို့၌ရှိရမည့် အင်္ဂါငါးချက်နှင့်ပြည့်စုံလျှင် **ဆရာကောင်းနည်းကောင်းရှိပါမူ** အနည်းဆုံးတစ်ရက်တာ မျှဖြင့်ပင် တရားသိမြင် ကျွတ်တမ်းဝင်နိုင်ကြောင်း မဇ္ဈိမပဏ္ဏာသပါဠိတော် စာမျက်နှာ-(၂၉၈)ဗောဓိကုမာရသုတ်၌ ဟောကြားတော်မူပါသည်။

ဤကျမ်း၌ဖော်ပြခဲ့သည့် ကျင့်စဉ်ဆယ်ပါးကို သေချာစွာစိစစ် လေ့လာပါလျှင် ပဓာနိယင်္ဂတရားငါးပါးနှင့်ညီညွတ်နေသည်ကို ကောင်းစွာ တွေ့နိုင်ပါသည်။

၁၃-တေရသမပိုင်း ဗောဇ္ဈင်တရား ပွားများဖြည့်ကျင့်နည်း၌ ပြဆိုသည့် သတိသမ္ဗောဇ္ဈင်ဖြစ်ပေါ်စေရန် ကုဏ္ဍလိလသုတ်တော်လာ ပွားများနည်းအတိုင်း ကျင့်သုံးပွားများမည် ဆိုပါလျှင်လည်း မြတ်စွာ

ဘုရားရှင် ကိုယ်တော်တိုင် ကုဏ္ဍလိယပရိဗိုဇ်ကို ဟောသည့်နည်း ဖြစ်သော ကြောင့် အမှန်မုချ ဝိဇ္ဇာ, ဝိမုတ္တိခေါ် အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို ဆိုက်ရောက်နိုင်မည် ဖြစ်ပါသည်။

အကြောင်းမှာ ကုဏ္ဍလိယသုတ်၌-ဣန္ဒြေခြောက်ပါး စောင့်ထိန်းပွား များလျှင် ဒုစရိုက်သုံးပါးကွာ၍ သုစရိုက်သုံးပါးဖြစ်လာမည်။ သုစရိုက် ဖြစ်လာလျှင် သတိပဋ္ဌာန်လေးပါး ဖြစ်လာမည်။ သတိပဋ္ဌာန်လေးပါး ဖြစ်လျှင် ဗောဇ္ဈင်ခုနစ်ပါးဖြစ်၍ ဝိဇ္ဇာ, ဝိမုတ္တိခေါ် မဂ်တရားနှင့် ဖိုလ် တရားဖြစ်မည်-ဟူ၍ ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော် မူပါသည်။

ဆက်လက်၍ရှင်းပြပါအံ့-

ဣန္ဒြေခြောက်ပါးကို ထိန်းသိမ်းပွားများရသော ဣန္ဒြိယဘာဝနာနည်း နှင့် မြန်မာပညာရှိအမတ်ကြီး ဘိုးရာဇာ၏ ကာယာနုပဿနာ သတိပဋ္ဌာန် သတိသမ္ပဇညပွားနည်းလင်္ကာကို ရောစပ်၍ "သတိသမ္ပဇည ဣန္ဒြိယ ဘာဝနာ-ဣန္ဒြေခြောက်ပါး စောင့်ရှုပွားနည်းလင်္ကာ" ဟု အမည်ပေးကာ လင်္ကာသစ်ရေးထားပါသည်။ ယင်းနည်းကို ဤကျမ်းစာမျက်နှာ(၅၂၅) မှစ၍ မဟာသတိပဋ္ဌာနသုတ်၊ သာမညဖလသုတ်တို့နှင့် ညှိနှိုင်းတိုက်ဆိုင်၍ ဖော်ပြထားပါသည်။ ယင်းဖော်ပြသည့်အတိုင်း ပွားများအားထုတ်၍ သတိတရား, သမာဓိတရား အင်အားကောင်းပါလျှင် အမှန်မုချပင် လွယ်ကူစွာ ဝိဇ္ဇာခေါ်မဂ်တရားနှင့် ဝိမုတ္တိခေါ် ဖိုလ်တရားကို ရရှိမည် ဖြစ်ကြောင်း ရေးသားဖော်ပြလိုပါသည်။ သက်သေပြရမည် ဆိုပါလျှင် အရှင်မဟာသံဃရက္ခိတထေရ်ကို ပြလိုပါသည်။

## အရှင်မဟာသံဃရက္ခိတထေရ်ဝတ္ထု

အရှင်မဟာသံဃရက္ခိတ အရှင်မြတ်သည် ဝါတော်ခြောက်ဆယ်ရှိ၍ သက်တော်ရှစ်ဆယ်ကျော်ပြီဖြစ်သည်။ ပျံလွန်တော်မူခါနီး အိပ်ရာထက် မှာ ပက်လက်ဖြစ်နေကာ ထိုင်နိုင်ထနိုင်တော်မမူချေ။

ကျောင်းအနီးအပါး ၁၂-ယူဇနာ ပတ်ဝန်းကျင်မှ လူများသည် ရဟန္တာပရိနိဗ္ဗာန်စံသည်ကို ဖူးမြော်ရန် စည်းဝေရောက်လာကြသည်။

ထိုအခါ ရဟန်းသံဃာက "အရှင်ဘုရား-လောကုတ္တရာ တရားထူး ရပြီလား(=ရဟန္တာဖြစ်ပြီလား)"ဟု မေးလျှောက်သည်။

"ငါသည်မေတ္တယျဘုရားဖူးလို၍ ဝိပဿနာမရှုသောကြောင့် အရိယာ မဖြစ်သေး၊ ပုထုဇဉ်သာဖြစ်သည်"ဟု ဖြေတော်မူသည်။

ထိုအခါ ပြုံစုနေသည့်ရဟန်းက—

"ယင်းသို့ဖြစ်လျှင် ရဟန္တာပရိနိဗ္ဗာန်စံသည်ကို ဖူးမြော်ရန်လာကြသည့် ဒကာ ဒကာမတွေ စိတ်မကောင်းဖြစ်တော့မှာပဲဘုရား"ဟု ပြန်လျှောက် သောအခါ—

"ဟုတ်ရဲ့လား၊ ဒါဖြင့် ငါ့ကိုထူပေး၊ လူတွေကိုခဏဆိုင်းထား၊ သင် အပြင်ခဏထွက်"ဟု မိန့်တော်မူသည်။ ဆရာတော်အားထူပေးပြီး သူနာ ပြုရဟန်း အခန်းပြင်ထွက်၍ တံခါးပေါက်ကို ကျော်ရုံရှိသေး "လာ- ပြန်ခဲ့တော့"ဟု ဆရာတော်က အချက်ပြလိုက်သည်။ သူနာပြုရဟန်းက ပြန်ဝင်လာပြီး—

"ရဟန်းကိစ္စပြီးပါပြီလားဘုရား"

"အေးပြီးသွားပြီ"

"အရှင်ဘုရား-မြန်လွန်းလှပါသလား၊ အံ့သြစရာပါပဲ"

"ဒါကမခက်ပါဘူး၊ အံ့သြစရာမဟုတ်ပါဘူး။ တကယ်ကတော့ ရဟန်းဖြစ်သည်မှစ၍ (ယနေ့အထိ) သတိကင်းကွာ ပညာဖြင့်မဆင်ခြင်ပဲ ပြုလုပ်သည့်အမှုဟူ၍ မရှိဖူးပါ။ ဤသည်ကပို၍ ခက်ပါသည်"ဟူ၍ မိန့် တော်မူလေသည်။

ဤသည်မှာ ဣန္ဒြိယဘာဝနာခေါ် ဣန္ဒြေခြောက်ပါးကို စောင့်ထိန်း ပွားများထားခြင်းကြောင့် သတိနှင့်သမာဓိ အားကောင်းနေသူအား ဝိဇ္ဇာ, ဝိမုတ္တိခေါ် ပညာတရား လွယ်ကူစွာဖြစ်ပေါ်နိုင်သည့် ဝိသုဒ္ဓိမဂ် ပထမတွဲ၊ စာမျက်နှာ (၄၅)လာ သာဓကဝတ္ထု ဖြစ်ပေသည်။

ဤ စာလာ-ပေလာ အကြောင်းယုတ္တိကိုထောက်ရှု၍ ဤကျမ်းလာ ကျင့်စဉ်ဆယ်ပါးနှင့်အညီ ပွားများပါလျှင် ပစ္စနိယဂ်တရား ငါးပါး

နှင့်ညီကြောင်းနှင့် ကုဏ္ဍလိယသုတ်လာအတိုင်း ဣန္ဒြေခြောက်ပါး စောင့်ထိန်းပွားများမှုဟူသော ကာယာနုပဿနာသတိပဋ္ဌာန် သတိသမ္ပဇဉ်တရားကို ကျင့်သုံးပါလျှင် ဝိဇ္ဇာ,ဝိမုတ္တိခေါ် အရဟတ္တမဂ်, အရဟတ္တဖိုလ်ပေါက် အတုမရှိသိဒ္ဓိပြီးမြောက်၍ နိဗ္ဗာန်ရောက်နိုင်ပါကြောင်း သံသယမဝင် အပြစ်မတင်ကြစေရန် ဖြေရှင်းချက်ရေးသားအပ်ပါသည်။

ကုဏ္ဍလိယသုတ်လာ ဣန္ဒြေခြောက်ပါး စောင့်ထိန်းပွားများနည်းကို ကျမ်း စာမျက်နှာ (၅၁၁) ကုဏ္ဍလိယသုတ် မြန်မာပြန်အကျဉ်းမှစ၍ ပြန်ရှုပါ။

---

## (ခ) မှာကြားချက်ကလေးတစ်စောင်

လူသားတို့ကြုံတွေ့နေကြသည့် အခက်အခဲအကျပ်အတည်းတို့မှ လွတ်မြောက်ရန် ထွက်ရာလမ်းစဉ်ပြ ကျမ်းတစ်စောင်ကို ရေးသားခဲ့ပါသည်။ ယင်းသို့ရေးသားရာ၌ ကျွန်တော်စွမ်းနိုင်သမျှ ဗုဒ္ဓစာပေ အထွေထွေမှ ရှာဖွေစုဆောင်းပြီး ရေးသားခြင်း ဖြစ်သောကြောင့် လိုက်နာကျင့်သုံးပါလျှင် အမှန်ပင် ထွက်ရာလမ်းရောက် သိဒ္ဓိပေါက်နိုင်ကြလိမ့်မည်-ဟု ယုံကြည်ပါသည်။ အနည်းငယ် အကျဉ်းချုပ်မျှရှင်းပြပါအံ့။

ကျွန်တော်သည် ငယ်ရွယ်စဉ်အခါမှစ၍ ဗုဒ္ဓဒေသနာ-ဗုဒ္ဓစာပေများကိုဝါသနာပါ၍ ဆရာကောင်းများထံ နည်းခံလေ့လာခွင့်ရခဲ့ပေရာ—

“ပရိယတ္တိသာသနဟိတဓမ္မာစရိယဝဋ္ဋံသကာ”
“သာသနဓဇသိရိပဝရဓမ္မာစရိယ သိရောမဏိ”
“စေတိယင်္ဂဏ ပရိယတ္တိဓမ္မာစရိယဂဏဝါစက”
“ဝိနယာဒိကဝိနယပါရဂူ”

ဘွဲ့များကိုရရှိခဲ့၍ ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ ဗုဒ္ဓစာပေပိဋကများကို သုတ်သင်ပြင်ဆင်ရသော, သောဓေယျပတ္တပါဠက တာဝန်စသော တာဝန်ကြီးများကို ထမ်းဆောင်နိုင်ခဲ့ပါသည်။

လူဝတ်ကြောင်ဘဝသို့ ရောက်သောအခါတွင်လည်း သာသနာရေးဦးစီးဌာန-စာပုံနှိပ်တိုက်၌ ဗုဒ္ဓစာပေများကိုပြင်ဆင်ရသည့်—

လက်ထောက်စာပြင်ဆရာအဖြစ် (၇) နှစ်၊
တာဝန်ခံစာပြင်ဆရာအဖြစ် (၂) နှစ်၊
လက်ထောက်စာပြင်မှူးချုပ်အဖြစ် (၂) နှစ်၊
စာပြင်မှူးချုပ်အဖြစ် (၉) နှစ်၊
လက်ထောက်ညွှန်ကြားရေးမှူးအဖြစ်(၆) နှစ်-

အားဖြင့် နှစ်ပေါင်း နှစ်ဆယ့်ခြောက်နှစ်လုံးလုံး ဗုဒ္ဓစာပေနယ်ထဲ၌ စွဲမြဲစွာ လုပ်ကိုင်ဆောင်ရွက်ခဲ့လျက် ဗုဒ္ဓစာပေအထွေထွေကို တည်းဖြတ် ပြင်ဆင်ခြင်း, စိစစ်ဝေဖန်ချက်ရေးခြင်း, နိဒါန်းရေးခြင်း, သာသနာ့ရောင်ခြည် စာစောင် အယ်ဒီတာချုပ်တာဝန်ထမ်းဆောင်ခြင်းများကိုပြုလုပ် ဆောင်ရွက်ခဲ့ပါသည်။

ကျမ်းစာတစ်အုပ်၏ နိဒါန်းတစ်ဆူရေးမည်ဆိုပါလျှင် ယင်းကျမ်းစာနှင့်တကွ အခြားဆက်နွယ်သော ကျမ်းစာများ, အကြောင်းအရာများကိုပါ ရှာဖွေ လေ့လာ၍ သိသင့်သိထိုက်သမျှ ပြည့်ပြည့်စုံစုံ ပါဝင်အောင် နိဒါန်းမှာထည့်သွင်းဖော်ပြ ရေးသားရပါသည်။

ယင်းသို့ ဘက်စုံရေးသားတင်ပြထားသည့် နိဒါန်းပေါင်းမှာ မှတ်သားမိသမျှဆိုလျှင် (၃၃) သုံးဆယ့်သုံးစောင်ရှိပြီဖြစ်ပါသည်။ ဤနေရာမှာ မှတ်သားထားမိသမျှ စာရင်းချုပ်၌ တင်ပြလိုပါသည်။

နိဒါန်းသုံးဆယ့်သုံးစောင်စာရင်း

၁။ ပရမတ္ထသရူပဘေဒနီ (ပထမတွဲ) နိဒါန်း — ၁၉၆၈ခုနှစ်၊
၂။ ပရမတ္ထသရူပဘေဒနီ (ဒုတိယတွဲ) နိဒါန်း — ၁၉၆၉ ။
၃။ နိရုတ္တိဒီပနီနိဒါန်း — ၁၉၇၀ ။
၄။ အဘိဓမ္မာဝတာရအဋ္ဌကထာ နိဿယနိဒါန်း — ၁၉၇၁ ။
၅။ ဘာဝနာဒီပနီနိဒါန်း — ၁၉၇၂ ။
၆။ ကဝိမဏ္ဍနမေဒနီနိဒါန်း — ၁၉၇၂ ။
၇။ ပရိတ္တဋီကာပါဠိ နိဿယနိဒါန်း — ၁၉၇၃ ။
၈။ သမ္မုဒ္ဒါဒနိရောဒဂကျမ်း(ဒုတိယတွဲ)နိဒါန်း — ၁၉၇၄ ။
၉။ ဗာလာဝတာရ နိဿယသစ်နိဒါန်း — ၁၉၇၄ ။

၁၀။ ဝိဇ္ဇာမဂ္ဂဒီပနီနိဒါန်း － ၁၉၇၅ခုနှစ်၊
၁၁။ ဒီပနီပေါင်းချုပ် (ဒုတိယတွဲ)နိဒါန်း － ၁၉၇၇ ။
၁၂။ ပဋ္ဌာန်းသိပ္ပံ(တတိယတွဲ) နိဒါန်း － ၁၉၇၈ ။
၁၃။ သာသနာ့ရေးဦးစီးဌာန စာအုပ်စာရင်းနိဒါန်း－ ၁၉၇၈ ။
၁၄။ အဘိဓမ္မတ္ထသရူပဒီပနီ နိဒါန်း － ၁၉၇၉ ။
၁၅။ လင်္ကာသာသန ဝိသုဒ္ဓိကထာနိဒါန်း － ၁၉၇၉ ။
၁၆။ အခြေပြုပဋ္ဌာန်းနိဒါန်း － ၁၉၈၀ ။
၁၇။ ဓမ္မစကြာပါဠိနိဿယနိဒါန်း － ၁၉၈၀ ။
၁၈။ ကတာဝတ္ထုအဋ္ဌကထာ ဘာသာဋီကာနိဒါန်း － ၁၉၈၀ ။
၁၉။ သရုပ်ပြသင်္ဂြိုဟ်နိဒါန်း － ၁၉၈၀ ။
၂၀။ ဝိနိစ္ဆယလမ်းညွှန်နိဒါန်း － ၁၉၈၁ ။
၂၁။ သံဝါသဒီပနီနိဒါန်း － ၁၉၈၁ ။
၂၂။ စိတ္တာနုပဿနာနိဒါန်း － ၁၉၈၁ ။
၂၃။ တန်ခိုးထက်မြက်သည့်ဓမ္မစက်
ဂါထာများနိဒါန်း － ၁၉၈၁ ။
၂၄။ မနောရထပူရဏီနိဒါန်း － ၁၉၈၁ ။
၂၅။ ဇိနတ္ထပကာသနီနိဒါန်း － ၁၉၈၂ ။
၂၆။ ဘောင်သမန်ကျောက်တော်ကြီးဘုရားသမိုင်းနိဒါန်း၁၉၈၂ ။
၂၇။ မိသားစုဝတ်ရွတ်စဉ်နိဒါန်း － ၁၉၈၂ ။
၂၈။ ဗုဒ္ဓအလိုတော်ကျကျင့်သုံးနေထိုင်နည်းနိဒါန်း－ ၁၉၈၂ ။
၂၉။ အင်္ဂုတ္တိုရ်ပါဠိတော်နိဿယ(မိုးထိမူ)နိဒါန်း － ၁၉၈၃ ။
၃၀။ သရုပ်ပြဓမ္မပဒနိဒါန်း － ၁၉၈၃ ။
၃၁။ မယ်ဘောင်မိနတ်ကျေးဇူးဆပ်နိဒါန်း － ၁၉၈၃ ။
၃၂။ ဓမ္မနှင့်ဂုဏ်အဖွဲ့စုံနိဒါန်း － ၁၉၈၄ ။
၃၃။ ပဋ္ဌိသမ္ဘိဒါမဂ္ဂဋ္ဌကထာဂဏ္ဌိနိဒါန်း － ၁၉၈၄ ။

ဟူ၍ နိဒါန်းပေါင်း သုံးဆယ့်သုံးစောင်ရှိပါသည်။ မပါဝင်ပဲ ကြွင်းကျန်သည့်နိဒါန်း ရှိနိုင်ပါသေးသည်။

ယင်းသို့ နိဒါန်းများကိုရေးရာတွင် နိဒါန်းသွယ်တန်းသည့်မူရင်းကျမ်းကို လေ့လာရသည့်ပြင် ဆက်နွယ်ရာကျမ်းများကိုလည်း ရှာဖွေလေ့လာကြည့်ရှု၍ အဆီညှစ်ကာ အနှစ်ထုတ်ပြီးမှ မူရင်းကျမ်းနှင့်လျော်ညီစွာ ရေးသားရပေသည်။

ဤသို့ နှစ်ပေါင်းများစွာ အတွင်း၌ ဗုဒ္ဓစာပေ အထွေထွေကျမ်းစာအုပ်ပေါင်းများစွာကို တည်းဖြတ်သုတ်သင် ပြင်ဆင်ခဲ့ခြင်း၊ ဝိစစ်တင်ပြခြင်း၊နိဒါန်းပေါင်းများစွာ လေ့လာရေးသားခြင်းတို့ကိုပြုလုပ်ကာ မှတ်သားစုဆောင်းဆည်းပူးထားသည့် ဗဟုသုတများဖြင့် ကြိုးစားစိစဉ်ရေးသားထားသည်ဖြစ်ပေရာ ဤ"ပင်စင်အငြိမ်းစားတရားနိဒါန်းခေါ် လူသားတို့၏ထွက်ရာလမ်း"ကျမ်းစာအပေါ်၌ ကျွန်တော် များစွာ အားထားယုံကြည်ခြင်းဖြစ်ခဲ့ရပါသည်။ နာမည်နှင့်လိုက်လျောညီစွာ ထွက်ရာလမ်းကို ပြနိုင်ပါလိမ့်မည်။

ဤတွင် လေးစားလှစွာသော စာရှုသူတို့အား စကြာယာဉ်ကြီးတစ်ခုကို ဥပမာဆောင်၍မှာကြားချက်ကလေးတစ်ခုမျှ တင်ပြလိုပါသည်။

## စကြာယာဉ်ဥပမာ

ဘုန်းကံပါရမီရှိသော ပုဂ္ဂိုလ်တစ်ဦးထံသို့ မြို့ပြ, ပြည်ရွာ လိုရာအရပ်သို့ ကြည်း, ရေ, လေ-လမ်းစဉ်ဖြင့် သွားနိုင်, ရောက်နိုင်သည့် စကြာယာဉ်ကြီးတစ်စီး ဆိုက်ရောက်လာသည်ဆိုပါလျှင် ယင်းဘုန်းကံရှင်သည် ဆိုက်ရောက်လာသည့်စကြာကို စီးနင်း၍ ကောင်းမွန်မြင့်မြတ်သည့် မိမိသွားလိုရာပန်းတိုင်အရပ်သို့ ရောက်နိုင်ရန်မှာ—

နှေးနှေးဖြည်းဖြည်းမောင်းနှင်လျှင် နှေးနှေးဖြည်းဖြည်းမှဆိုက်ရောက်နိုင်မည်ဖြစ်ပါသည်။ မြန်မြန်လျှင်လျှင်မောင်းနှင်ပါလျှင် မြန်မြန်လျှင်လျှင်ရောက်မည် ဖြစ်ပါသည်။

စကြာယာဉ်ကို ဦးတည်ပဲ့ကိုင် (စီယာတိုင်လှည့်)ပေးလျှင် ဦးတည်ပဲ့ကိုင်(စီယာတိုင်လှည့်) ပေးရာအရပ်သို့ ရောက်မည်ဖြစ်ပါသည်။

စကြာယာဉ်လှည့်လည်သွားသောအခါ ကောင်းမွန် မြင့်မြတ်သည့် လိုရာပန်းတိုင်အရပ်သို့ မရောက်မီ ဆင်းသက်နေမည် ဆိုပါလျှင်လည်း ထိုဆင်းသက်နေခဲ့ရာ အရပ်တွင်မှာသာ ရောက်ရှိမည်ဖြစ်ပါသည်။ လိုရာ ပန်းတိုင်သို့ မရောက်နိုင်ပါ။

ကောင်းမွန်မြင့်မြတ်သည့် မိမိလိုရာပန်းတိုင်အရပ်သို့ မရောက်မချင်း စီးနင်းမောင်းနှင်မည်ဆိုပါလျှင်လည်း မိမိလိုရာကောင်းမွန်မြင့်မြတ် လိုရာ ပန်းတိုင်အရပ်သို့ ဆိုက်ကပ်ရောက်နိုင်မည်ဖြစ်ပါသည်။

စကြာယာဉ်ကြီးဆိုက်ရောက်နေပါလျက် မစီးနင်းချင်၍ မစီးနင်းပဲ ရောက်ချင်ရာရောက်စေတော့၊ ရောက်ချင်သည့်အချိန်မှ ရောက်စေတော့- ဟု သဘောထားကာ မစီးနင်းပဲ နေလိုကလည်း နေနိုင်ပါသည်။

ဤစကြာယာဉ်ဥပမာကို တင်ပြရာ၌....လေးစားအပ်သော စာရှုသူတို့ အား "စကြာယာဉ်ဆိုက်ရောက်လာရသည့် ဘုန်းကံရှင်"ဟု ဆိုချင်ပါ သည်။ ဤလူသားတို့၏ ထွက်ရာလမ်းကျမ်းကို "လိုရာပန်းတိုင်ဆိုက်ရောက် နိုင်သော စကြာယာဉ်ကြီး"ဟု ဆိုချင်ပါသည်။

"လေးစားအပ်သော စာရှုသူသည် ကောင်းမွန်မြင့်မြတ် နိဗ္ဗာန် အရပ်သို့ မြန်မြန်လျင်လျင် ရောက်ချင်လျှင် မြန်မြန်လျင်လျင် မောင်းနှင်ပါ။

မှန်ကန်တည့်မတ်စွာ ဦးတည်ပဲ့ကိုင်(စီယာတိုင်လှည့်)ပေးပါ၊ ဆင်းလိုသည့်နေရာသို့ ဆင်းနိုင်ပါသည်။

မစီးနင်းပဲ ခြေလျင်လျှောက်လိုက လျှောက်နိုင်ပါသည်"

ဟု မှာကြားလိုပါသည်။

# (၈) လက်ဆောင်မွန်ကလေးတစ်ကြောင်း

**မြေနိုင်ဂါထာ**

ကျွန်တော်၏ **ကျေးဇူးရှင်ဘခင်သည်** လယ်သမားကြီးတစ်ဦးဖြစ်ပါသည်။လယ်သမားသဘာဝ လယ်တောထဲမှာ တဲကြီးထိုး၍ ညဥ့်အိပ်နေ့နေ လယ်ယာလုပ်ကိုင်ပါသည်။ ကျွန်တော်တို့၏လယ်တောမှာ အိမ်နှင့် သုံးမိုင်ခန့်ဝေးပြီး သွားလမ်းမှာလည်း ဆိုးသောကြောင့် လယ်ထဲမှာပင် တဲဆောက်၍ ညဥ့်အိပ်လယ်လုပ်**နေခြင်း**ဖြစ်ပါသည်။ထိုစဉ်က ကျွန်တော်မှာ ၇-နှစ် ၈-နှစ်ခန့် ဘုန်းတော်ကြီးကျောင်းသားဖြစ်ပါသည်။

ကျွန်တော်၏ ဇာတိဌာနမှာ **စစ်ကိုင်းတိုင်း**မှ ရွှေဘိုမြို့နှင့်မနီးမဝေးရှိ လယ်သမားအများနေထိုင်ရာ **တန့်ဆည်**မြို့ကလေးဖြစ်၍ ကျွန်တော်တို့ နယ်ပယ်မှာ မြေဆိုးများအလွန်ပေါပါသည်။ မြေပွေးများအများဆုံး ဖြစ်ပါသည်။ တခါတရံ ကျွန်တော်တို့လယ်ထဲမှာ ငန်းပုပ်မြွေကြီးရှိကြောင်း ပြောဆိုသံကြားရဖူးပါသည်။ သို့သော် မြေပွေးလောက်တော့ များမည်မထင်ပါ။ မြွေကိုက်သည်ကို နယ်ပယ်ရပ်ရွာထုံးစံဓလေ့အရ ပိုးထိသည်ဟု ပြောကြပါသည်။ ပိုးထိ၍ သေဆုံးသူများလည်း မကြာမကြာရှိတတ်ပါသည်။

တနေ့သောအခါ ကျောင်းမှအိမ်သို့ပြန်ရန် **ဘုရားရှိခိုး**ပြီးသောအခါ ကျွန်တော်အား ကျေးဇူးရှင်ဆရာဘုန်းတော်ကြီးက ခေါ်၍ စာရွက်ခေါက်ကလေးတစ်ခုပေးပြီး "ဒီစာ မင့်အဖေပေးလိုက်"ဟု အမိန့်ရှိပါသည်။ ထိုခေတ်က ကျွန်တော်တို့ကျောင်း၌ ကျောင်းသားငါးဆယ်ခန့်မှာ ငယ်သောကြောင့် ညနေငါးနာရီခန့်တွင် ဘုရားရှိခိုးပြီး အိမ်သို့ပြန်ကြရပါသည်။ ကျောင်းသားကြီးနည်းနည်းသာ ကျောင်းမှာကျန်ပါသည်။

ကျွန်တော်သည် ထိုအရွယ်က မြန်မာစာကို ကောင်းစွာဖတ်တတ်ပြီဖြစ်၍ ပါဠိစာကို အသံထွက်မှန်ရုံမျှသာ ဖတ်တတ်ပါသေးသည်။ မြန်မာပြန်အနက်အဓိပ္ပာယ် မသိသေးပါ။ကလေးတို့သဘာဝ အဖေ့ကိုဘုန်းကြီး

ပေးလိုက်သောစာကို''ဘာစာပါလိမ့်''ဟု သိချင်စိတ် ပေါက်လာသော ကြောင့် ဖတ်ကြည့်သောအခါ–

ဒကာကြီး

အောက်ပါ စုတိစိတ်ကျဂါထာကိုကျက်ပါ၊ တတ်နိုင် သလောက် ရွတ်ပါ၊ ဘေးရန်ကင်းပါသည်၊ တစ္ဆေ သရဲကို နိုင်ပါသည်၊ မြွေများကို နိုင်သည်မှာ ဒကာကြီး မျက်စိတဆုံး မြင်နိုင်ရာအထိ ဝေးဝေးရှောင်သွားပါ လိမ့်မည်။

စုတိစိတ်ကျဂါထာ

နာညတြ ဗောဇ္ဈာ တပသာ၊
နာညတြိန္ဒြိယသံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊
သောတ္ထိံ ပဿာမိ ပါဏိနံ။

ဟူ၍ တွေ့ရပါသည်။ ဆရာဘုန်းတော်ကြီး လက်ရေးနှင့်စာကို ယခု နှစ်ပေါင်းငါးဆယ်ကျော်ခန့်ရှိသည်အထိ ကျွန်တော်ပြန်၍ မြင်ယောင် မိပါသေးသည်။

ဘေးရန်ကင်းသည်၊ တစ္ဆေသရဲကိုနိုင်သည်၊ မြွေကိုနိုင်သည်-ဟူသော အညွှန်းများကိုဖတ်မိသော ကျွန်တော်သည် ယင်းဂါထာကို အဖေ့ လက်သို့မပေးရသေးမီ အရကျက်ထားလိုက်ပါသည်။ သို့သော် အနက် အဓိပ္ပာယ်ကိုတော့ နားမလည်ပါ။ စုတိစိတ်ကျဂါထာ-ဟူသည်ကိုလည်း အဓိပ္ပာယ်မသိပါ။

ထိုစဉ်က ရခဲ့ပြီး အဖေမကြာမကြာရွတ်သည်ကို ကြားရသောကြောင့် လည်းကောင်း၊ အညွှန်းကောင်းသောကြောင့် ကျွန်တော်ကိုယ်တိုင်လည်း မပြတ်ရွတ်သောကြောင့်လည်းကောင်း ယင်းဂါထာကို ကျွန်တော် ယနေ့အထိ မမေ့တော့ပါ။

ကျွန်တော်၏ဘခင်မှာလည်း အသက်ရှစ်ဆယ့်တစ်နှစ်အထိ မြွေနှင့် တကွ မည်သည့်ဘေးအန္တရာယ်မျှ မကပ်ရောက်ပဲနေထိုင်ကာ လူကြီး ရောဂါဖြင့် သေဆုံးသွားပါသည်။ သို့သော် စုတိစိတ်ကျဂါထာ၏ အစွမ်းသတ္တိထက်မြက်ကောင်းမွန်ကြောင်း အဆက်ကား မကုန်သေး—

မြွေအဟန့်ကောင်းသည်

၁၉၆၀- ၉-ခုနှစ် အချိန်ခန့်အခါက ဖြစ်ပါသည်။

ယခုနိုင်ငံတော်ကောင်စီဝင် အငြိမ်းစားဖြစ်သည့် ကျွန်တော်၏ ကျေး ဇူးရှင် ဆရာကြီးဦးလှမောင် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် လုပ်နေစဉ်က ကျွန်တော်နှင့် ပရမတ္ထသရူပဘေဒနီ ကျမ်းကို ပြန် လည်ရိုက်နှိပ်ရန် တည်းဖြတ်ပြင်ဆင်ယင်း အမောဖြေရပ်နားစဉ်—

"ခင်ဗျားတော့ ကြားဖူးမည်လားမသိ၊ ကျွန်တော်တို့အရပ်မှာတော့ စပါးရိတ်သည့်ပေါက်သူကြီး (စပါးရိတ်သူ ကောက်စိုက်သူတို့ အဖွဲ့ ခေါင်းဆောင်) တွေဟာ မြွေမကိုက်နိုင်အောင် ဟန့်တားသည့် ဂါထာ ရှိကြတယ်၊ သူတို့ဟန့်တားလိုက်လျှင် မြွေများဟာမကိုက်နိုင်ရုံမျှမကဘူး၊ လှုပ်ရှားသွားလာမှုမျှကိုပဲ မလုပ်နိုင်ကြဘူး၊ တွေ့လျှင်အိုးထဲကောက်ထည့် ရုံပဲ၊ စပါးရိတ်ပြီး နေကုန်မှ အစာရှာရန်အဟန့်ဖြေလွှတ်ကြတယ်။ ကျွန် တော်အရပ်ရောက်လို့ လူကြီးတွေထံမေးကြည့်တော့ 'နာညတြ' ဂါ ထာလို့ ပြောကြသည်" ဟူ၍ အမိန့်ရှိရာ ကျွန်တော်ကလည်း အထက် ဖော်ပြပါ ကျွန်တော်သိထားသည့် စုတိစိတ်ကျဂါထာအကြောင်းကို ပြန်၍ပြောပါသည်။

ယင်းဂါထာ မြွေအဟန့်စွမ်းကြောင်းကိုလည်း ကျွန်တော်ထပ်မံ၍ မှတ်သားမိပြန်ပါသည်။ ဂါထာမန္တန်များ အစွမ်းထက်မြက်စေသည့် နည်းကျကျ ရွတ်မည်ဆိုပါလျှင် မြွေသာမက အခြားသိဒ္ဓိအမျိုးမျိုးကို လည်း ရစေနိုင်မည့် ဂါထာဖြစ်ကြောင်း ကျွန်တော်ထင်မြင်ပါသည်။ ဂါထာမန္တန်များမှာ—

(က) အချိန်ကြာမြင့်စွာ အမြဲမပြတ်ရွတ်ခြင်း၊
(ခ) အကြိမ်များစွာရွတ်ခြင်း၊

(ဂ) စိတ်တည်ငြိမ်စွာရှုတ်ခြင်း၊
(ဃ) ယုံကြည်စွာရှုတ်ခြင်း၊
(င) အနက်အဓိပ္ပာယ်သိရှိစွာ ရှုတ်ခြင်း—

ဟူသော အင်္ဂါငါးရပ်နှင့်ပြည့်စုံစွာရှုတ်လျှင် အမှန်မုချ အစွမ်းသတ္တိ ထက်မြက်စေနိုင်ပါသည်။ ယင်းသို့ရှုတ်ခြင်းဖြင့် ဆန္ဒ, ဝီရိယ, သမာဓိ, ပညာ, စိတ္တ—ဟူသော အစွမ်းသတ္တိကြီးမား၍ စူးရှထက်မြက်သည့် တရားကြီးများဖြစ်ပေါ်လာကာ ဟေတု, အာရမ္မဏ, အဓိပတိ, အနန္တရ-စသော ပဋ္ဌာန်းပစ္စည်းသတ္တိများစွာ၏အင်အားများ ပေါင်းစပ်ပါဝင်လာသောကြောင့် ဖြစ်ပါသည်။

**ဂါထာ၏မူရင်းကိုရှာဖွေတွေ့ရှိခြင်း**

တာဝတိံသာနတ်ပြည်၌ **သုဗြဟ္မ** အမည်ရှိနတ်သားတစ်ယောက်သည် နတ်သမီးတစ်ထောင်နှင့်အတူနန္ဒဝန်ဥယျာဉ်သို့သွား၍ပန်းခူးကစားသည်။

နတ်သမီးငါးရာက ပန်းပင်ပေါ်တက်၍ ပန်းများကိုခြွေချသည်။ ကျန်နတ်သမီးငါးရာက အောက်မှနေ၍ ပန်းများကိုကောက်ပြီး သီကုံးကြသည်။ သီချင်းများသီဆိုကြသည်။

ထိုအခိုက်တွင် ပန်းပင်ပေါ်တက်သည့် နတ်သမီးငါးရာမှာ ကပ်၍ ဖြတ်တတ်သည့် **ဥပစ္ဆေဒကအကုသိုလ်ကံ** ကြောင့် သေဆုံးကာ အဝီစိ ငရဲကျကြရလေသည်။ သုဗြဟ္မနတ်သားသည် ပန်းပင်ပေါ်မှ နတ်သမီး ငါးရာပျောက်သွားသောကြောင့် ကြည့်ရှုရာ သေပြီးအဝီစိငရဲသို့ရောက် နေသည်ကို တွေ့ရသောအခါ အလွန်ထိတ်လန့်သွားသည်။ ''မိမိတို့၏ အတွက် ဘယ်လိုဖြစ်မည်လဲ'' ဟု ကြည့်ပြန်သော် ခုနစ်ရက်အတွင်းမှာပင် သေ၍ အဝီစိမှာ ကျရောက်မည်ကို သိမြင်သောကြောင့် တိုးတက်၍ ထိတ်လန့်ခြင်းဖြစ်ရပြန်သည်။

ထိတ်လန့်ပူပန်လွန်းသောကြောင့် အားကိုးဖွယ်ရာရှာသောအခါ မြတ်စွာဘုရားကို သတိရသဖြင့် ကျန်နေသည့် နတ်သမီးငါးရာနှင့်အတူ မြတ်စွာဘုရားထံသို့ချဉ်းကပ်ကာ....

''တပည့်တော်မှာသေဘေးဖြင့် အမြဲထိတ်လန့်တုန်လှုပ်နေရပါသည်၊ မထိတ်လန့်မတုန်လှုပ်နိုင်သည့်နည်းကို မိန့်တော်မူပါ''ဟု-လျှောက်ထားတောင်းပန်သည်။

ထိုအခါ မြတ်ဗုဒ္ဓရှင်တော်ဘုရားက-

နာညတြ ဗောဇ္ဈာ တပသာ၊
နာညတြိန္ဒြိယသံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ၊
သောတ္ထိံ ပဿာမိ ပါဏိနံ-

ဟူသော စုတိစိတ်ကျဂါထာကိုပင် ဟောတော်မူပါသည်။ ယင်းဂါထာကို နာကြားရသောအခါ သုပြဟ္မနတ်သားသည် နတ်သမီးငါးရာနှင့်အတူ သောတာပန် တည်သွားလေသည်။ သေမည့်ဘေးမှလည်း လွတ်သွားလေသည်။ အဝီစိငရဲသို့လည်း မကျရောက်နိုင်တော့။ နတ်ဘဝမှာပင် ဆက်လက်တည်နေနိုင်လေသည်။ဤတွင် သဘောပေါက်လာတော့သည်။

နာညတြ-ဂါထာကို စုတိစိတ်ကျဂါထာ ဟု အမည်ပေးသည်မှာ သုပြဟ္မနတ်သားနှင့် နတ်သမီးငါးရာတို့ စုတိစိတ်ကျ သေးရမည့် ဘေးအန္တရာယ်မှ လွတ်မြောက်စေသောကြောင့်''စုတိစိတ်ကျမည်ကို (=သေရမည်ကို)တားနိုင်သောဂါထာ'' ဟု မူလက-ပေးထားသည့်အမည် ဖြစ်နိုင်ပေသည်။ သို့သော်-အကူးအဆက် လက်ပြောင်းများလာသောအခါ (မည်ကိုတားနိုင်သော) ဟူသောစကားလုံး ပျောက်သွားပြီးစုတိစိတ်ကျဂါထာ-ဟု အမည်တွင်နေခြင်း ဖြစ်နိုင်ပေသည်။

## စုတိစိတ်ကျဂါထာ အနက်ပြန်ပုံ

| | | |
|---|---|---|
| ဗောဇ္ဈာ | — | ဗောဇ္ဈင်ခုနစ်ပါး အကျင့်တရားမှ၊ |
| အညတြ | — | ကြဉ်ထား၍၊ |
| တပသာ | — | ဓုတင်ပဋိပတ်အကျင့်မြတ်မှ၊ |
| အညတြ | — | ကြဉ်ထား၍၊ |
| ဣန္ဒြိယသံဝရာ | — | ဣန္ဒြေစောင့်မှုသီလစုမှ၊ |

အညတြ — ကြဉ်ထား၍၊
သဗ္ဗနိဿဂ္ဂါ – သင်္ခါရတရားတို့ချုပ်ရာအမှန် မြတ်နိဗ္ဗာန်မှ၊
အညတြ – ကြဉ်ထား၍၊
ပါဏိနံ – သတ္တဝါတို့၏၊
သောတ္ထိံ – ချမ်းသာခြင်းကို၊
န ပဿာမိ – ငါဘုရားမြင်တော်မမူချေ။ –

ဟူ၍ စုတိစိတ်ကျဂါထာကို အနက်ပြန်ဆိုရပေသည်။

**စုတိစိတ်ကျဂါထာမြန်မာပြန်ဆိုပုံ**

ယင်းစုတိစိတ်ကျဂါထာကို သံယုတ်အဋ္ဌကထာ(ပထမတွဲ၊ နှာ-၁၀၄) ဖွင့်ဆိုသည့်အတိုင်း မြန်မာပြန်ဆိုရမည်ဆိုလျှင်–

ဣန္ဒြေစောင့်ထိန်းခြင်းဦးဆောင်သောသီလလေးပါး သုစရိုက်တရားမှတပါး၊ ဗောဇ္ဈင်တရားမှတပါး၊ ကောင်းမြတ်သောစတင်အကျင့်တရားမှတပါး၊အလုံးစုံသော သင်္ခါရတရားတို့ချုပ်ငြိမ်းရာ နိဗ္ဗာန်မှတပါး အခြားသော သတ္တဝါတို့ ချမ်းသာခြင်းကို ငါဘုရားမြင်တော်မမူ–

ဟူ၍ ပြန်ဆိုရမည်ဖြစ်ပါသည်။

**စုတိစိတ်ကျဂါထာကို အခြေခံထားခြင်း**

ယင်း နာညတြ-အစရှိသော စုတိစိတ်ကျဂါထာသည်ကား သစ္စာလေးပါးတရားကို သိမြင်၍ နိဗ္ဗာန်ရောက်ရန်အတွက် ကျင့်စဉ်ပါသော တရားဂါထာဖြစ်သည်။ ဤသာသနာတော်၌ ဤဂါထာလာကျင့်စဉ်မှတပါး ထွက်ရာလမ်းပေါက်စေနိုင်သည့် အခြားကျင့်စဉ် မရှိနိုင်တော့ချေ။ ဤဂါထာသည်–

(က) **ပထမ**-ဣန္ဒြေစောင့်ထိန်းမှုကို အရင်းတည်၍ သီလကြီးလေးပါး သုစရိုက်တရား, သတိပဋ္ဌာန်လေးပါး ပြည့်စေနိုင်သည့် ဣန္ဒြိယဘာဝနာ ကျင့်စဉ်ကို ညွှန်ကြားပြဆိုသည်။

(ခ) ဒုတိယ-ခြိုးခြံစွာကျင့်သုံးခြင်း ဓုတင်စသော ကောင်းမြတ်သော အကျင့်တရားများကို ကျင့်သုံးရန်ညွှန်ကြားပြဆိုသည်။

(ဂ) တတိယ-ဗောဇ္ဈင်တရားများကို ကျင့်သုံးရန် ညွှန်ကြားပြဆိုသည်။

(ဃ) စတုတ္ထ-အသင်္ခတဓာတ် သင်္ခါရတရားများ ချုပ်ငြိမ်းရာအမြတ်ဆုံးနိဗ္ဗာန်ကို ဦးတည်လျက် ကိလေသာတရားများ ချုပ်ငြိမ်းရာ မဂ်လေးပါး, ဖိုလ်လေးပါးတရားကို ညွှန်ကြားပြဆိုသည်။

(င) ပဉ္စမ အကုသိုလ်ကံ၏ မကောင်းကျိုး အန္တရာယ်အယှက် ဘေးရန် အန္တရာယ်များကို ထားဆီးနိုင်သည့် အစွမ်းသတ္တိရှိသည်။

(စ) ဆဋ္ဌမ ကျွန်တော်၏ ကျေးဇူးရှင် မိဘဆရာများနှင့် ဆက်နွယ်နေသောကြောင့် မမေ့နိုင်သောမှတ်တိုင်ဂါထာဖြစ်သည်-

ဟူသော အဓိကအကြောင်းတရားကြီးများရှိသောကြောင့် ဤစုတိစိတ်ကျဂါထာကို ဤ ပင်စင်အငြိမ်းစားတရားနိဒါန်း လူသားတို့၏ထွက်ရာလမ်းကျမ်းအတွက် အခြေခံ အဓိကမဏ္ဍိုင်အဖြစ် ထားလိုက်ခြင်းဖြစ်သည်။

ထိုနောက်မှ စုတိစိတ်ကျဂါထာ၏ အကျယ် အဓိပ္ပာယ် ဖွင့်ပြသကဲ့သို့ ဟောကြားထားသည့် ကုလ္လာလိယသုတ်တော်ကို ဦးတည်လျက် ကျွန်တော်လေ့လာသိရှိထားသည့် ပါဠိတော်,အဋ္ဌကထာ,ဋီကာ-ဗုဒ္ဓစာပေအထွေထွေ ဗဟုသုတများဖြင့် မှမ်းမံချယ်မှုန်းပြီး ဤ''ပင်စင်အငြိမ်းစား တရားနိဒါန်းခေါ်- လူသားတို့၏ ထွက်ရာလမ်းကျမ်း''ကို စီစဉ်ရေးသားခြင်းဖြစ်သောကြောင့် စာရှုသူတို့အား ဤကျမ်း၏ အဓိကမဏ္ဍိုင် အခြေခံထားရာ တန်ခိုးကြီးလှစွာသော စုတိစိတ်ကျဂါထာကို ဖော်ထုတ် ရေးသားကာ လက်ဆောင်မွန်အဖြစ် ဤနိဂုံးပိုင်းမှာ တင်ပြလိုက်ပါသည်။

## (ဃ) တောင်းပန်လွှာကဗျာလေးတစ်ပုဒ်

စုတိစိတ်ကျ ဂါထာကို ဖော်ထုတ်ရေးသား၍ နိဂုံးအုပ်တော့မည့်ဆဲဆဲမှာ ဆရာကြီးဦးစာကျော်က........

"ဟော့ဟော့ နိဂုံးချုပ်မရေးပါနဲ့အုံး ခဏဆိုင်းထားပါ၊မေးစရာ ရှိသေးတယ်"

"ခင်ဗျားမှာ သဗ္ဗညုတဉာဏ်ရှိလို့လား"

"မရှိပါဘူးဆရာကြီး"

"ခင်ဗျား လောဘ, ဒေါသ, မောဟ-ကင်းတဲ့ ရဟန္တာလား"

"မဟုတ်ပါဘူးခင်ဗျာ"

"တိပိဋကဓရ နိကာယကောဝိဒ-ဖြစ်ပြီလား"

"မဖြစ်သေးပါဘူးဆရာ"

"ဒီလိုဆိုလျှင် ခင်ဗျားရဲ့ ကျမ်းစာမှာ အမှား, အပို, အလိုတွေ ရှိနိုင်တယ်၊ ရှေးပညာရှိ သူတော်ကောင်းကြီးများနည်းကို မှီးပြီး တောင်းပန်လွှာကဗျာ တစ်ပုဒ်ရေးပါ ကျွန်တော်ဆိုပြမယ်"

ဟူ၍ သတိပေးသောကြောင့် ကျွန်တော်သည် လေးနက်စွာ စဉ်းစား ဆင်ခြင်လျက် ဆရာကြီးဦးစာကျော်ဆိုပြသည့်အတိုင်း အောက်ဖော်ပြပါ ကဗျာဖြင့် စာရှုသူတို့အား လေးစားရိုသေစွာ တောင်းပန်လိုက်ပါသည်။

**တောင်းပန်လွှာကဗျာ**

ကြီးမားမေတ္တာ၊　ကရုဏာနှင့်၊
ပညာများထူ၊　စာရှုသူသို့၊
ကြည်ဖြူစိတ်ထား၊　ခွင့်ပန်ကြား၏၊
အမှားအယွင်း၊　ပိုခြင်းလိုမှု၊
ဤသုံးခုကို၊　ကြည့်ရှုလေ့လာ၊
ဤကျမ်းစာ၌၊　မှန်စွာထင်ထင်၊
တွေ့သိမြင်မူ၊　ခင်မင်သနား၊
ချစ်စိတ်ပွား၍၊　ထောက်ထားစာနာ၊
ခွင့်လွှတ်ပါရန်၊　ကျွန်တောင်းပန်သည်၊
ဖန်ဖန် ကြိမ်ကြိမ် ထပ်ထပ် တည်း။

ဤမျှဖြင့် ဤနိဂုံးပိုင်းအစ၌ ဖော်ပြခဲ့သည့်အတိုင်း ကျွန်တော်သည်-

(က) ဖြေရှင်းချက်ကလေးတစ်လွှာ၊

(ခ) မှာကြားချက်ကလေးတစ်စောင်၊

(ဂ) လက်ဆောင်မွန်ကလေးတစ်ကြောင်း၊
(ဃ) တောင်းပန်လွှာကလေးတစ်ပုဒ်–
တို့ကို ရေးသားပြီးပြီဖြစ်ပါသည်။ ကျွန်တော်၏ ဆရာကြီး ဦးစာကျော် ရွတ်ဆိုရေးသားပေးသည့်အတိုင်း အာသီသပတ္ထနာ-နိဂုံးလင်္ကာဖြင့် ဤကျမ်းကို ကမ္ပတ်ဖုံး၍ နိဂုံးချုပ်လိုက်ပါတော့အံ့။

### အာသီသပတ္ထနာနိဂုံးလင်္ကာ

အောင်သိဒ္ဓိဆင်၊ မော်ကွန်းတင်ပိမ့်၊
မင်္ဂလာကိတ္တိ၊ နိမိတ်ရှိသည့်၊
သဒ္ဓိပေါင်းယှဉ်၊ ဤချိန်တွင်မှ၊
ပင်စင်အငြိမ်းစား၊ တရားနိဒါန်း၊
ကျင့်ခန်းရေးသား၊ ဖော်ညွှန်ကြားသည့်၊
လူသားတို့၏ထွက်ရာလမ်း၊ ရွှေစာကျမ်းသည်၊
ဆုံးခန်းတိုင်ရောက်၊ သဒ္ဓိပေါက်၍၊
ပြီးမြောက်အောင်မြင်၊ ပုံအသွင်သို့၊
လူရှင်များစွာ၊ ဝေနေယျာတို့၊
လိုရာဆန္ဒ၊ စုံပြည့်ဝ၍၊
အရိယသစ္စံ၊ တရားမှန်ကို၊
လျင်မြန်မြင်သိ၊ တုမရှိသား၊
သဒ္ဓိအောင်ခန်း၊ နိဗ္ဗာန်နန်းသို့။
တက်လှမ်းဝင်စံနိုင်ကြပါစေသော။ ။

## ပင်စင်အငြိမ်းစားတရား နိဒါန်းခေါ်

# လူသားတို့၏ထွက်ရာလမ်း
# ပြီးပါပြီ။

# ၁၅။ ပန္နရသမအာပိုင်း

ဤအပိုဒ်၌-

★ ကျမ်းရင်းစာသားတွင်ရေးပြရန် အခွင့်မသာသောကြောင့် ချန်လှပ်ထားခဲ့ကာ "နောက်ဆက်တွဲမှာ ဖော်ပြမည်" ဟု ညွှန်းခဲ့သည့် အကြောင်းအရာများနှင့်-

★ ဤကျမ်းလာအရေးကြီး၍ သိသင့်သိထိုက်သည့် အချက်အလက်အတိုချုပ် မှတ်သားဖွယ်အကွရာစဉ်အညွှန်းများကို ရေးသားဖော်ပြထားပါသည်။

## နောက်ဆက်တွဲသိမှတ်ဖွယ်များ

### စာမျက်နှာ ၁၀၉–မှညွှန်းသည့်
### ခွေးရူးကိုက်ရောဂါပျောက်ဆေး

ခွေးရူးကိုက်ခံရသူတွေလျှင် ခွေးတောက်ရွက်ခုနစ်ရွက်ကို ပက်လက် အရင်းအဖျား အပြန်အလှန်ထပ်၍ အရင်းအဖျားပယ်ပစ်ပါ။ တရွက် စီ၌ လက်မလွတ်၊ အထပ်မပျက် ဗယ်လက်ဖြင့်ကိုင်၍ ညာလက်က သံချွန်၊ တုတ်ချွန်၊ ခဲတံ-ရရာဖြင့်–

ဝရော

ဝရညူ

ဝရဒေါ

ဝရဟာရော

အနုတ္တရော

ဓမ္မဝရံ

အဒေသယိ

ဟု ရေးပါ။ ပြီးလျှင်အလျားလိုက်ကြိတ်ပါ။ နောက်မှအားလုံး ရောကြိတ် ပါ။ညက်လျှင်သုံးလုံးလုံးပြီး"ဣတိပိ သော ဘဂဝါ ဗုဒ္ဓေ ရတနံ ပဏီတံ ဧတေန သစ္စေန သုဝတ္ထိ ဟောတု"ဖြင့် ခုနစ်အုပ်မန်းပါ။ ဘုရားဂုဏ်တော်၊ သရဏဂုံ၊ သမ္ဗုဒ္ဓေတို့ဖြင့်လည်း မန်းပါ။ ပြီးလျှင် လူနာကို တစ်လုံးပြီး တစ်လုံး ဆက်၍တိုက်ပါ။ငွေဒင်္ဂါးကျုပ်ပြားစိမ်သည့်ရေဖြင့်တိုက်ပါ။ဆေးသောက် ပြီးလျှင် ခွေးရူးပြန်နေသူဖြစ်က အိပ်သွားပါလိမ့်မည်၊ မပြန်သေးသူဖြစ်က မပြန်တော့ပါ။

ထို့နောက် သုံးရက်ရှိလျှင် ငခွေးဖြူမသက်ဖွား-ဆေးကို ဖော်၍ တစ်နေ့ခုနစ်လုံး ခုနစ်ရက်ဆက်တိုက်ပါ။ ဆေးဖော်ပုံမှာ–

င-ငရုတ်ကောင်း၊

ခွေး-ခွေးတောက်မြစ်၊

ဖြူ-အောင်မဲဖြူမြစ်၊

မ-မရိုးဖြစ်၊

သက်-သက်ရင်းကြီးမြစ်၊
ဖွား-ဖွားဖက်မြစ်-

များကို အမျှစီထောင်း၍ ရွေးငယ်စန့်လုံးထားပါ။ ခွေးရူးကိုက်သူ သုံးရက်ရှိပြီးလျှင် တစ်နေ့ခုနစ်လုံး ခုနစ်ရက်ဆက်တိုက်ပါ။ **ဆေးစား** နေစဉ် မသာအိမ်မသွားရပါ။ ခွေးရူးပြန်၍ သံကြိုးဖြင့်ထုတ်ထားရသူပင် ပျောက်ပါသည်။ ဤဆေးနည်းကို ထိုသူကပင် ဆေး၏ကျေးဇူးဆပ်သော အားဖြင့် ဆရာထံမှတောင်းယူ၍ တဆင့်ပေးလှူသောကြောင့် ရရှိခြင်း ဖြစ်ပါသည်။

---

စာမျက်နှာ ၃၅၇-မှ ညွှန်းခဲ့သည့် ရတနာသုံးပါးဂုဏ်တော်များ

**ဘုရားဂုဏ်တော် ကိုးပါး**

| | | |
|---|---|---|
| ၁။ | အရဟံ | - ရန်အောင်မြင် မြတ်စွာဘုရား။ |
| ၂။ | သမ္မာသမ္ဗုဒ္ဓေါ | - သဗ္ဗညုတဉာဏ်, သယမ္ဘူဉာဏ်ရှင် မြတ်စွာဘုရား။ |
| ၃။ | ဝိဇ္ဇာစရဏသမ္ပန္နော | - အသိဉာဏ်-ဝိဇ္ဇာနှင့် အကျင့်တရား-စရဏ နှစ်ပါးစုံရှိတော်မူသော မြတ်စွာဘုရား။ |
| ၄။ | သုဂတော | - ကောင်းမြတ်သော စကား-တရားတော်ကို ဟောကြားတော် မူတတ်သော မြတ်စွာဘုရား။ |
| ၅။ | လောကဝိဒူ | - လောကသုံးပါးကို သိတော်မူသော မြတ်စွာဘုရား။ |
| ၆။ | အနုတ္တရောပုရိသဒမ္မသာရထိ | - အတုမရှိ သတ္တဝါတို့ကို ဆုံးမတော်မူတတ်သော မြတ်စွာဘုရား။ |
| ၇။ | သတ္ထာ ဒေဝမနုဿာနံ | - လူနတ်ဗြဟ္မာတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား။ |

၈။ ဗုဒ္ဓေါ - သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထိုးထွင်း သိမြင်တော်မူသော မြတ်စွာဘုရား။
၉။ ဘဂဝါ - ဘုန်းတော် ကြီးမြတ်တော်မူသော မြတ်စွာဘုရား။

ဤသို့ မြတ်စွာဘုရားဂုဏ်တော် ကိုးပါးရှိပေသည်။

---

## တရားဂုဏ်တော်ခြောက်ပါး

၁။ သွာက္ခာတော - ကောင်းစွာ ဟောကြားတော် မူအပ်သော တရားတော်။
၂။ သန္ဒိဋ္ဌိကော - ကိုယ်တိုင် သိမြင်အပ်သော တရားတော်။
၃။ အကာလိကော - အချိန်မဆိုင်း အကျိုးပေးနိုင်သော တရားတော်။
၄။ ဧဟိပဿိကော - "လာခဲ့-ရှုလှည့်"ဟု ရဲရင့်စွာအဖိတ်ခေါ်နိုင်သည့် တရားတော်။
၅။ ဩပနေယျိကော - ရအောင် ယူဆောင်ထားသင့်သည့် တရားတော်။
၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ - မဂ်ဖိုလ် ပညာ ရှင် များ ကိုယ် တိုင် အသီးအခြား ခံစားနိုင်သည့် တရားတော်။

ဤသို့ တရားဂုဏ်တော် ခြောက်ပါးရှိပေသည်။

---

## သံဃာ့ဂုဏ်တော်ကိုးပါး

၁။ သုပ္ပဋိပန္နော-ကောင်းမြတ်စွာ ကျင့်သုံးတော်မူသည့် သံဃာတော်။
၂။ ဥဇုပ္ပဋိပန္နော-ဖြောင့်မတ်စွာ ကျင့်သုံးတော်မူသည့် သံဃာတော်။

၃။ ဉာယပ္ပဋိပန္နော-နိဗ္ဗာန်အလို့ငှာ သင့်လျော်စွာ ကျင့်သုံးတော်မူသော သံဃာတော်။

၄။ သာမိစိပ္ပဋိပန္နော-ရိုသေလေးစားစွာ ကျင့်သုံးတော် မူသော သံဃာတော်။

၅။ အာဟုနေယျော-ဝေးရာအရပ်မှ အလှူပစ္စည်းကို ဆောင်ယူ၍ ပေးလှူထိုက်သောသံဃာတော်၊

၆။ ပါဟုနေယျော-မွန်မွန်မြတ်မြတ် ပေးလှူအပ်သောသံဃာတော်၊

၇။ ဒက္ခိဏေယျော-"အမြင့်မြတ်ဆုံး"ဟု စိတ်နှလုံးစွဲယူ၍ ပေးလှူအပ်သောသံဃာတော်၊

၈။ အဉ္ဇလိကရဏီယော-လက်အုပ်ချီမိုး ရှိခိုးပူဇော် ထိုက်သောသံဃာတော်၊

၉။ အနုတ္တရံပုညက္ခေတ္တံ-ကောင်းမှုစိုက်ပျိုး မျိုးကြဲရန် အကောင်းဆုံး လယ်ယာမြေ ဖြစ်သော သံဃာတော်၊

ဤသို့ သံဃာဂုဏ်တော် ကိုးပါးရှိပေသည်။

---

စာမျက်နှာ ၃၆၀-မှညွှန်းခဲ့သည့်

သီလဆောက်တည်နည်းအကျဉ်း

၁။ ငါးပါးသီလ

(က) အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ။

အနက်ပြန်ပုံ

(က)ဘန္တေ-အရှင်ဘုရား၊ အဟံ-တပည့်တော်သည်၊ တိသရဏေန-သရဏဂုံသုံးပါးနှင့်၊ သဟ-တကွ၊ ပဉ္စသီလံ-ငါးပါးသီလကို၊ သမာဒိယာမိ-ဆောက်တည်ပါ၏။

၂။ ရှစ်ပါးသီလ စသည်

(ခ) ရှစ်ပါးသီလဖြစ်မူ "အဋ္ဌင်္ဂသီလံ-အင်္ဂါရှစ်ပါးရှိသောသီလကို" ပဋိသီလံနေရာ၌ထည့်ဆိုပါ။

(ဂ) အာဇီဝဋ္ဌမကသီလဖြစ်မူ "အာဇီဝဋ္ဌမကသီလံ-အာဇီဝဋ္ဌမက သီလ"ကိုဟု ဆိုပါ။

(ဃ) ကိုးပါးသီလဖြစ်မူ "နဝင်္ဂသီလံ-အင်္ဂါကိုးပါးရှိသောသီလ ကို"ဟု ဆိုပါ။

အတိုချုပ်သီလဆောက်တည်ပုံ

၁။ ငါးပါးသီလ

(က) "ငါးပါးသီလ ဆောက်တည်ပါ၏"ဟုဆောက်တည်ရသည်။

၂။ ရှစ်ပါးသီလ-စသည်

(ခ) "ရှစ်ပါးသီလ ဆောက်တည်ပါ၏"

(ဂ) "အာဇီဝဋ္ဌမကသီလ ဆောက်တည်ပါ၏"

(ဃ) "ကိုးပါးသီလဆောက်တည်ပါ၏"

ဟူ၍ လိုရာသီလကိုဆို၍ ဆောက်တည်ရသည်။

အကျယ်သီလဆောက်တည်နည်း

ဤနည်းသည် ယခုလိုသာသနာတော်ထွန်းကားသည့် အခါ၌ ရဟန်း တော်များ ရှေ့မှုပို့ချပေးသည့်အတိုင်း လိုက်ဆို၍ လိုရာသီလကို စောင့် ထိန်းနိုင်ပေသည်။

အရကျက်မှတ်ဆောင်ရွက်လိုလျှင်လည်း ဝတ်ရွတ်စဉ်များ ဘုရားရှိခိုး စာအုပ်များ စသည်၌ ဖတ်ရှုကျက်မှတ်နိုင်ပါသည်။ ဤ၌ အကျယ်မရေး ပြတော့ပါ။

---

## ဤကျမ်းနှာ-၃၆၂ မှ ညွှန်းခဲ့သည့်
## နမောတဿ ကွန်ချာပါဠိ

၁။ နမော တဿ ဘဂဝတော။
၂။ နမော တဿ အရဟတော။
၃။ နမော တဿ ဘဂဝတော အရဟတော။
၄။ နမော တဿ သမ္မာသမ္ဗုဒ္ဓဿ။
၅။ နမော တဿ ဘဂဝတော သမ္မာသမ္ဗုဒ္ဓဿ။
၆။ နမော တဿ အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၇။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## နမောတဿ ကွန်ချာနိဿယ

၁။ ဘဂဝတော–ဘုန်းတော်ကြီးသော၊ တဿ-ထိုမြတ်စွာဘုရားရှင်အား၊ နမော-ရှိခိုးပါ၏။

၂။ အရဟတော–ရန်အောင်မြင်သော၊ တဿ-ထိုမြတ်စွာဘုရားရှင်အား၊ နမော-ရှိခိုးပါ၏။

၃။ ဘဂဝတော–ဘုန်းတော်ကြီးသော၊ အရဟတော- ရန်အောင်မြင်သော၊ တဿ-ထိုမြတ်စွာဘုရားရှင်အား၊ နမော-ရှိခိုးပါ၏။

၄။ သမ္မာသမ္ဗုဒ္ဓဿ–သဗ္ဗညုတဉာဏ်, သယမ္ဘူဉာဏ်ရှင်ဖြစ်တော်မူသော၊ တဿ-ထိုမြတ်စွာဘုရားရှင်အား၊ နမော-ရှိခိုးပါ၏။

၅။ ဘဂဝတော–ဘုန်းတော်ကြီးသော၊ သမ္မာသမ္ဗုဒ္ဓဿ-သဗ္ဗညုတဉာဏ်, သယမ္ဘူဉာဏ်ရှင်ဖြစ်တော်မူသော၊ တဿ-ထိုမြတ်စွာဘုရားရှင်အား၊ နမော-ရှိခိုးပါ၏။

၆။ အရဟတော–ရန်အောင်မြင်သော၊ သမ္မာသမ္ဗုဒ္ဓဿ-သဗ္ဗညုတဉာဏ်, သယမ္ဘူဉာဏ်ရှင်ဖြစ်တော်မူသော၊ တဿ-ထိုမြတ်စွာဘုရားရှင်အား၊ နမော-ရှိခိုးပါ၏။

၇။ ဘဂဝတော–ဘုန်းတော်ကြီးသော၊ အရဟတော-ရန်အောင်မြင်သော၊ သမ္မာသမ္ဗုဒ္ဓဿ-သဗ္ဗညုတဉာဏ်, သယမ္ဘူဉာဏ်ရှင်

ဖြစ်တော်မူသော၊ တဿ-ထိုမြတ်စွာဘုရားရှင်အား၊ နမော-ရှိခိုးပါ၏။

---

## သဗ္ဗမင်္ဂလာဘုရားရှိခိုးဂါထာပါဠိ

(၁) ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိ-မာဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

## ဆုတောင်းဂါထာ

(၃) နမက္ကာရာနုဘာဝေန၊ မမ ဝေရာ ဝိရောဓိကာ။
သဗ္ဗေ ရောဂါ အန္တရာယာ၊ ဝိနဿန္တု အသေသတော။

## အနက်ပြန်ပုံ

(၁) အာဒိစ္စော-နေမင်းသည်၊ ဒိဝါ-နေ့အခါမှ၊ တပတိ-ထွန်းလင်းတောက်ပ၏၊ စန္ဒိမာ-လမင်းသည်၊ ရတ္တိံ-ညဥ့်အခါမှ၊ အာဘာတိ-ထွန်းလင်းတောက်ပ၏၊ ခတ္တိယော-ရှင်ဘုရင်သည်၊ သန္နဒ္ဓေါ-ချပ်ဝတ်တန်ဆာ ဆင်ယင်ပါမှသာလျှင်၊ တပတိ-ထွန်းလင်းတောက်ပ၏၊ ဗြာဟ္မဏော-ရဟန္တာသည်၊ ဈာယီ-ဈာန်ဝင်စားမှသာလျှင်၊ တပတိ-ထွန်းလင်းတောက်ပ၏။

(၂)အထ-ထိုနေ,လ,ဘုရင်,ရဟန္တာရှင်တို့ထက်၊ဗုဒ္ဓေါ-မြတ်စွာဘုရားသည်၊ သဗ္ဗမဟောရတ္တိံ-အလုံးစုံ နေ့ညဥ့်မစဲ အမြဲသာလျှင်၊ တေဇသာ-တန်ခိုးတော်ဖြင့်၊ တပတိ-ထွန်းလင်းတောက်ပတော် မူပါပေ၏၊ တာဒိသံ တေဇသမ္ပန္နံ ဗုဒ္ဓံ-ထိုမျှလောက် တန်ခိုးကြီးမားတော် မူလှစွာသော မြတ်စွာဘုရားကို၊ အဟံ-အကျွန်ုပ်သည်၊ အာဒရံ-ရိုသေစွာ၊ ဝန္ဒာမိ-ရှိခိုးပါ၏။

## ဆုတောင်းဂါထာအနက်ပြန်

(၃) နမက္ကာရာနုဘာဝေန-ရှိခိုးခြင်း၏ တန်ခိုးအာနုဘော်ကြောင့်၊မမ-အကျွန်ုပ်၏၊ သဗ္ဗေ-အလုံးစုံကုန်သော၊ ဝေရာ,ဝိရောဓိကာ-ရန်သူများ, ဆန့်ကျင်ဘက်များတို့သည် လည်းကောင်း၊ ရောဂါ,အန္တရာယာ—အနာရောဂါ, အန္တရာယ်အယုက်များစွာတို့သည် လည်းကောင်း၊ အသေသတော—အကြွင်းအကျန် မရှိပဲ၊ ဝိနဿန္တု-ပျောက်ပျက် ကင်းကွာပါစေကုန်သတည်း။

ဤသဗ္ဗမင်္ဂလာ ဂါထာတော်ကား အလွန်တန်ခိုးကြီး၏။ အစွမ်းထက်မြက်၏။ သမိုင်းကြောင်းမှာ အလွန်ကောင်းလှပေသည်။ ကြိုးစားရွတ်ဖတ် သရဇ္ဈာယ်ကြပါလေ။

### သဗ္ဗမင်္ဂလာကပ်လှူပူဇော်နည်း

(၁) ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိ-မာဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇသမ္ပန္နံ၊ ဗုဒ္ဓံ ပူဇေမိ အာဒရံ။

### ဆုတောင်းဂါထာပါဠိ

(၃) အနေန ပုညကမ္မေန၊ မယှံ ဉာဏံ ဝရံ ဓနံ။
သဒါ ဘဝတု မင်္ဂလံ၊ သိဒ္ဓိ သုခံ လဘာမဟံ။

(၁) ဤဂါထာ ရှိခိုးအဘိုင်းပင် အနက်ပြန်ရသည်။

(၂) ဤဂါထာ စတုတ္ထပိုဒ်သာ အနက်ပြန်ပုံထူးသည်၊ ကျန်ရှေးနည်း အတူဖြစ်သည်။

အာဒရံ—ရိုသေစွာ၊ ပူဇေမိ-ဤဆွမ်းတော်ဖြင့်[၁] ကပ်လှူပူဇော်ပါ၏။

---

၁။ ဆွမ်းတော်၊ ရေချမ်းတော်၊ ပန်းတော် လိုရာထည့်ဆိုပါ။

## ဆုတောင်းဂါထာအနက်

(၃) အနေန ပုညကမ္မေန–ဤကောင်းမှု တန်ခိုးကြောင့်၊ မယှံ–အကျွန်ုပ်အား၊ ဝရံ–မြတ်သော၊ ဉာဏံ–မြန်ထက်နက်ရှင် ဉာဏ်ပညာသည် လည်းကောင်း၊ ခန္ဒ–လောကီလောကုတ္တရာ မြတ်ဥစ္စာသည် လည်းကောင်း၊ မင်္ဂလံ–ကောင်းမြတ်လှစွာ မင်္ဂလာသည် လည်းကောင်း၊ သိဒ္ဓိံ–ပြီးစီးထမြောက် သိဒ္ဓိပေါက်ခြင်းသည် လည်းကောင်း၊ သုခံ–ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသည် လည်းကောင်း၊ ဗလံ–ကိုယ်အား ဉာဏ်အား စွမ်းပကားသည်လည်းကောင်း၊ ဇယံ–နှောင့်ယှက်ဘေးဒဏ် ရန်မျိုးကင်းစင် အောင်မြင်ခြင်းသည် လည်းကောင်း၊ သဒါ–အမြဲမကွာ အခါခပ်သိမ်း၊ ဘဝတု–မုချမသွေ ဖြစ်ပါစေသတည်း။

---

## သမ္ဗုဒ္ဓေဘုရားရှိခိုးဂါထာပါဠိ

(၁) သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာမဟံ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။

## ဆုတောင်းဂါထာ

(၂) နမက္ကာရာနုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေကအန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

## သမ္ဗုဒ္ဓေဘုရားရှိခိုးဂါထာအနက်ပြန်ပုံ

(၁) အဋ္ဌဝီသံ–နှစ်ဆယ့်ရှစ်ဆူကုန်သော၊ သမ္ဗုဒ္ဓေ စ–ဘုရားရှင်တို့ကို လည်းကောင်း၊ ဒွါဒသဉ္စ သဟဿကေ–တစ်သောင်းနှစ်ထောင်ကုန်သော၊ သမ္ဗုဒ္ဓေ စ–ဘုရားရှင်တို့ကို လည်းကောင်း၊ ပဉ္စသတသဟဿာနိ–ငါးသိန်းကုန်သော၊ သမ္ဗုဒ္ဓေ စ–ဘုရားရှင်တို့ကို လည်းကောင်း၊ အဟံ–အကျွန်ုပ်သည်၊ သိရသာ–ဦးခေါင်းဖြင့်၊ နမာမိ–ရှိခိုးပါ၏။ တေသံ–ထိုဘုရားရှင်တို့၏၊ ဓမ္မဉ္စ–တရားတော်ကို လည်းကောင်း၊ သံဃဉ္စ–

သံဃာတော်ကို လည်းကောင်း၊ အာဒရေန-ရိုသေစွာ၊ ဒး ဟံ-အကျွန်ုပ် သည်၊ နမာမိ-ရှိခိုးပါ၏။

## ဆုတောင်းဂါထာအနက်ပြန်ပုံ

(၂) နမက္ကာရာနုဘာဝေန-ရှိခိုးရသော အာနုဘော်ကြောင့်၊ သဗ္ဗေ ဥပဒ္ဒဝေ-ဥပဒ္ဒဝေါ အားလုံးကို၊ ဟိတွ -ပယ်ဖျောက်၍၊ အနေကအန္တရာ ယာပိ-အန္တရာယ်အယှက် များစွာတို့သည်၊ အသေသတော-အကြွင်းမရှိ၊ ဝိနဿန္တု-ပျောက်ပျက်ပါစေ နိုကုန်သတည်း။

## သမ္ဗုဒ္ဓေ ကပ်လူပူဇော်နည်း ဂါထာပါဠိ

(၁) သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတသဟဿာနိ၊ ပူဇာမိ ဣမိနာ အဟံ။
တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန ပူဇာမဟံ။

## ဆုတောင်းဂါထာ

(၂) အနေန ပုညကမ္မေန၊ မယှံ ဉာဏံ ဝရံ ဓနံ။
သဒါ ဘဝတု မင်္ဂလံ၊ သိဒ္ဓိ သုခံ ဗလံ ဇယံ။

## အနက်ပြန်ဆိုပုံ

(၁) အဋ္ဌဝီသံ-နှစ်ဆယ့်ရှစ်ဆူကုန်သော၊ သမ္ဗုဒ္ဓေ စ-ဘုရားရှင်တို့ကို လည်းကောင်း၊ ဒွါဒသဉ္စ သဟဿကေ-တစ်သောင်းနှစ်ထောင်ကုန်သော၊ သမ္ဗုဒ္ဓေ စ-ဘုရားရှင်တို့ကို လည်းကောင်း၊ ပဉ္စသတသဟဿာနိ-ငါးသိန်း ကုန်သော၊ သမ္ဗုဒ္ဓေ စ-ဘုရားရှင်တို့ကို လည်းကောင်း၊ ဣမိနာ-ဤ (ဆွမ်းတော်) ဖြင့်၊ အဟံ-အကျွန်ုပ်သည်၊ ပူဇာမိ-ဆက်သကပ်လှူ ပူဇော် ပါ၏။ တေသံ-ထိုဘုရားရှင်တို့၏၊ ဓမ္မဉ္စ-တရားတော်ကို လည်းကောင်း၊ သံဃဉ္စ-သံဃာတော်ကိုလည်းကောင်း၊ အဟံ-အကျွန်ုပ်သည်၊ အာဒရေန-ရိုသေစွာ၊ ပူဇာမိ-ဆက်သကပ်လှူ ပူဇော်ပါ၏။ (ဆွမ်းတော်နေရာ၌ လိုရာထည့်ဆိုပါ။)

## ဆုတောင်းဂါထာအနက်ပြန်ပုံ

(၂) အနေနှ ပညာကမ္မေန-ဤကောင်းမှုကြောင့်၊ မယှံ- အကျွန်ုပ်အား ....(ရှေးအတိုင်း ဆက်ပြီးအနက်ပြန်ဆိုပါ။)

ဤသမ္ဗုဒ္ဓေဘုရားရှိခိုးဂါထာကား မြန်မာအမျိုးသားဘုရားရှိခိုး စစ်စစ်ဖြစ်သတည်း။ လွန်ခဲ့သောနှစ်ပေါင်း ခုနစ်ရာကျော်အခါက ပုဂံမြို့ စာတတ်အကျော် အရှင်ဉာဏဂမ္ဘီဆရာတော်သည် ပါဠိဘာသာဖြင့် ရေးသားပြုစုအပ်သော တထာဂတုပ္ပတ္တိကျမ်း-ကျမ်းဦးပဏာမ၊ ကျမ်းဦးဘုရားရှိခိုး ဂါထာပေတည်း။ ယင်း တထာဂတုပ္ပတ္တိကျမ်း၏ မြန်မာပြန် တထာဂတုပ္ပတ္တိကျမ်း၏ ပဏာမကိုလည်း အင်းဝခေတ်ပညာရှိ အရှင်ဓမ္မနန္ဒက ဤအတိုင်းပင် ရေးသားထားပေသည်။

ယင်းကိုမှီး၍ ကပ်လှူပူဇော်နည်းနှင့် ဆုတောင်းဂါထာကို ဆရာကြီး ဦးစာကျော်က ရေးသားခြင်းဖြစ်ပါသည်။

## သီဟိုဠ်သမ္ဗုဒ္ဓေ ဘုရားရှိခိုးဂါထာပါဠိ

ဗုဒ္ဓါ အနူနာ မရိယာ သုသခ်ယေ၊
ဗုဒ္ဓါ အနူန္နာ သုဟာလာ ဓိသခ်ယေ။
ဗုဒ္ဓါ ရိယာ ဆေ စကု လက္ခကပ္ပကေ၊
ဝန္ဒာမိ တေ ဇေဋ္ဌနရုတ္တမေ သမေ။

## သီဟိုဠ်သမ္ဗုဒ္ဓေဘုရားရှိခိုးဂါထာနိဿယ

သုသခ်ယေ၊ ကမ္ဘာပေါင်းခုနှစ်သချေ်အတွင်း၌။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ အနူနာ-မရိယာ၊ တစ်သိန်းနှစ်သောင်းငါးထောင်ရှိကုန်၏။ ဓိသခ်ယေ၊ ကမ္ဘာပေါင်းကိုးအသချေ်အတွင်း၌။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ အနူန္နာ-သုဟာလာ၊ သုံးသိန်းရှစ်သောင်းခုနှစ်ထောင်ရှိကုန်၏။ ဆေ-သခ်ယေ၊ ကမ္ဘာပေါင်းလေးအသချေ်အတွင်း၌။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ ရိယာ၊ တစ်ဆယ့်နှစ်ဆူရှိကုန်၏။ လက္ခကပ္ပကေ၊ ကမ္ဘာတစ်သိန်းအတွင်း၌။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ စကု၊ တစ်ဆယ့်ခြောက်ဆူရှိကုန်၏။

သမေ၊ ပရိနိဗ္ဗာန်ဝင်စံငြိမ်းအေးတော်မူကုန်သော။ တေဇေဋ္ဌနရုတ္တမေ၊ ထိုငါးသိန်းတစ်သောင်းနှစ်ထောင်နှစ်ဆယ့်ရှစ်ဆူကုန်သော ဘုရားရှင်တို့ကို။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

ဤ "သီဟိုဠ်သမ္ဗုဒ္ဓေ" ဟူသည်မှာ မြန်မာသမ္ဗုဒ္ဓေနှင့် ဘုရားအဆူရေတူသောကြောင့် ရှေးမြန်မာပညာရှိကြီးများ မှည့်ခေါ်သည့်အမည်ဖြစ်သည်။

---

## မဟာသရဏဂုံဂါထာပါဠိအနက်

(၁) ဗုဒ္ဓေါ တိလောက သရဏော၊
ဗုဒ္ဓေါ သူရိယော တမောနုဒေါ။
ဂစ္ဆတော သရဏံ ခေမံ၊
ဗုဒ္ဓေါ မေ သရဏံ ဝရံ။

ဗုဒ္ဓေါ-မြတ်စွာဘုရားသည်၊ တိလောကသရဏော-လောကသုံးပါး၏ ကိုးကွယ်ရာဖြစ်တော်မူ၏၊ဗုဒ္ဓေါ သူရိယော-ဘုရားတည်းဟူသော နေမင်းသည်၊ တမောနုဒေါ-အမှောင်အဝိဇ္ဇာကို ပယ်ဖျောက်တော်မူတတ်၏၊ ဂစ္ဆတော-သွားနေဆဲဖြစ်သော အကျွန်ုပ်၏၊ ခေမံ-ဘေးရန်မသမ်း အေးချမ်းသော၊ သရဏံ-ကိုးကွယ်ရာဖြစ်တော်မူပါပေ၏၊ ဗုဒ္ဓေါ-မြတ်စွာဘုရားသည်၊ မေ-အကျွန်ုပ်၏၊ ဝရံ-မြတ်လှစွာသော၊ သရဏံ-ကိုးကွယ်ရာ ဖြစ်တော်မူပါပေ၏။

(၁) ဤသည်မှာ သွားလာမှုကိုပြုလုပ်သောအခါရွတ်ရန်ဖြစ်၏။

(၂) ရပ်နေသောအခါ၌-တတိယအပိုဒ်ကို-

"တိဋ္ဌတော သရဏံ ခေမံ-" ဟုပြင်ရွတ်ပါ။ "တိဋ္ဌတော-ရပ်နေသော အကျွန်ုပ်၏၊ ခေမံ-ဘေးရန်မသမ်း အေးချမ်းသော၊သရဏံ-ကိုးကွယ်ရာ ဖြစ်တော်မူပါပေ၏၊" ဟု အနက်ပေးပါ။

(၃) ထိုင်နေသောအခါ၌ "နိသီဒတော သရဏံ ခေမံ" ဟုပြင်ရွတ်ပါ။ "နိသီဒတော-ထိုင်နေသောအကျွန်ုပ်၏၊ ခေမံ-ဘေးရန်မသမ်း အေးချမ်းသော၊သရဏံ-ကိုးကွယ်ရာဖြစ်တော်မူပါပေ၏၊" ဟု အနက်ပေးပါ။

(၄) အိပ်နေလျှင်-“သယတော သရဏံ ခေမံ”ဟုပြင်ပါ။ “သယတော-အိပ်နေသော အကျွန်ုပ်၏”ဟုအနက်ပြန်ပါ။

(၅) စားနေသော အခါ၌“ဘုဉ္ဇတော သရဏံ ခေမံ”ဟုပြင်ပါ။ “ဘုဉ္ဇတော-စားနေသော အကျွန်ုပ်၏”ဟု အနက်ပြန်ပါ။

(၆) သောက်နေသောအခါ၌ “ပိဝတော သရဏံ ခေမံ”-ဟု ပြင်ပါ။ “ပိဝတော-သောက်နေသော အကျွန်ုပ်၏”ဟု အနက်ပြန်ပါ။

ဤသို့သောနည်းအတိုင်း-

(၇) အဝတ်ဝတ်နေသောအခါ=ဓာရတော-ဝတ်ဆင်သော။

(၈) ကျင်ကြီးကျင်ငယ်စွန့်ရာ၌=စဇတော-စွန့်သော။

(၉) စကားပြောနေသောအခါ၌-ဘာသတော-ပြောဆိုသော-

စသည်ဖြင့် ဉာဏ်ရှိတိုင်း ပြောင်းလဲရွတ်ဆိုရပါသည်။ အလွန်အကျိုးကြီးလှပါသည်။ ဒုဋ္ဌဂါမဏိမင်းကြီးအား ရဟန္တာအရှင်များ သင်ကြား ပေး၍ အမြဲမပြတ်ရွတ်ဆိုသောဂါထာဖြစ်ကြောင်းမှတ်သားထားရပါသည်။ သတိသမ္ပဇည ဣန္ဒြိယဘာဝနာခေါ် ဣန္ဒြေစောင့်ပွား တရားအားထုတ်သူများနှင့် အလွန်သင့်လျော်ပါသည်။

---

## သဒ္ဓိအောင်ဂါထာဘုရားရှိခိုးပါဌ်

ယော သိဇ္ဈတိ ဗဟူ အတ္ထေ၊
သိဇ္ဈာပေတိ စ တေန သော။
သိဒ္ဓတ္ထသညိတော ဗုဒ္ဓေါ၊
သိဒ္ဓတ္ထံ တံ နမာမဟံ။

## အနက်ပြန်ပုံ

ယော ဗုဒ္ဓေါ-အကြင်မြတ်စွာဘုရားသည်၊ဗဟူ အတ္ထေ-များစွာသော အကျိုးတရားတို့ကို၊ သိဇ္ဈတိ-ကိုယ်တော်အတွက်လည်း ပြီးစီးအောင်မြင်တော်မူပါပေ၏။ သိဇ္ဈာပေတိ စ-တပည့်သားတို့အတွက်လည်း ပြီးစီး

အောင်မြင်စေတော်မူပါပေ၏။ တေန-ထိုကြောင့်၊ သော ဗုဒ္ဓေါ-ထို ဘုရားရှင်သည်၊ သိဒ္ဓတ္ထသညိတော-သိဒ္ဓတ္ထ ဟူသောအမည်နာမံ ဘွဲ့ထူးခံ တော်မူပါပေ၏။ တံ သိဒ္ဓတ္ထံ-ထိုသိဒ္ဓတ္ထမည်တွင် ဘုရား့ရှင်ကို၊ အဟံ-အကျွန်ုပ်သည်၊ နမာမိ-ရှိခိုးပါ၏ဘုရား။

**သဒ္ဓိအောင်ပူဇော်ဆက်ကပ်ဂါထာပါဠိ**

ယော သိဇ္ဈတိ ဗဟူ အတ္ထေ၊
သိဇ္ဈာပေတိ စ တေန သော။
သိဒ္ဓတ္ထသညိတော ဗုဒ္ဓေါ၊
သိဒ္ဓတ္ထံ တံ ပူဇာမဟံ။

**အနက်ပြန်ပုံ**

အခြားပါဠိအနက်များကိုရေးနည်းအတိုင်းရွတ်ဆိုပါ။ စတုတ္ထပိုဒ်ကို-
"တံ သိဒ္ဓတ္ထံ-ထိုသိဒ္ဓတ္ထမည်တွင် ဘုရားရှင်ကို၊ အဟံ-အကျွန်ုပ် သည်၊ ပူဇာမိ-ဤဆွမ်းတော်ဖြင့် ပူဇော်ပါ၏၊" ဟု အနက်ပေးပါ။ "ဆွမ်းတော်"ကို ရေချမ်း၊ ဆီမီး-စသည် အလိုရှိရာပြောင်းဆိုပါ။

ဆုတောင်းပုံဂါထာများကိုလည်း လိုရာရွတ်ဆိုဆုတောင်းရပါသည်။ ဥပမာ-

ဣမိနာ ပုညတေဇသာ-ဆုတောင်းဂါထာနှင့် နမက္ကာရနုဘာဝေန-ဂါထာစသည်ဖြစ်ပါသည်။ စာမျက်နှာ(၅၆၃)မှာပြန်ရှုပါ။

---

**မေတ္တာခံယူပုံပါဠိ**

စာမျက်နှာ (၃၇၃) ၌ဖော်ပြခဲ့သည့် ချစ်ခြင်းမေတ္တာပို့၍ ဝေငှ ပေးစွမ်းနိုင်သော ပုဂ္ဂိုလ်နှင့်ဌာန (၉) မျိုးကို ဖော်ပြခဲ့ပြီးဖြစ်သည်။ ယင်းပုဂ္ဂိုလ်ကြီး (၉) ပါး၏ မေတ္တာကို ခံယူပုံမှာ-

၁။ ဗုဒ္ဓဿ သိဝံ မေတ္တံ အဟံ ဂဏှာမိ။
၂။ ဓမ္မဿ သိဝံ မေတ္တံ အဟံ ဂဏှာမိ။
၃။ သံဃဿ သိဝံ မေတ္တံ အဟံ ဂဏှာမိ။

၄။ မာတာပိတူနံ သိဝံ မေတ္တံ အဟံ ဂဏှာမိ။
၅။ အာစရိယာနံ သိဝံ မေတ္တံ အဟံ ဂဏှာမိ။
၆။ သန္တာနံ သပ္ပုရိသာနံ သိဝံ မေတ္တံ အဟံ ဂဏှာမိ။
၇။ သိဒ္ဓိမန္တာနံ ဣဒ္ဓိမန္တာနံ ဝိဇ္ဇာဓရာနံ သိဝံ မေတ္တံ အဟံ ဂဏှာမိ။
၈။ ဒေဝတာနံ သိဝံ မေတ္တံ အဟံ ဂဏှာမိ။
၉။ ဗြဟ္မာနံ သိဝံ မေတ္တံ အဟံ ဂဏှာမိ။

## မေတ္တာခံယူပုံပါဠိ၏ အနက်မြန်မာပြန်

၁။ ဗုဒ္ဓသ—မြတ်စွာဘုရား၏။ သိဝံ—သန့်ရှင်း ကြည်လင် ဖြူစင် အေးမြလှစွာသော၊ မေတ္တံ-မေတ္တာတော်ဇော် တန်ခိုးအာနုဘော်ကို၊ အဟံ—အကျွန်ုပ်သည်၊ ဂဏှာမိ-ရောဂါပျောက်အေး၊ ရန်ဘေးကင်းကွာ၊ လိုရာပြည့်ဝ၊ ချမ်းသာရရန်၊ ရည်သန်ကိုးစား၊ အားထားကြည်ဖြူ၊ ခံယူပါ၏။

၂။ ဓမ္မဿ—ချမ်းသာစီးပွား ပေးနိုင်ငြားသည့် တရားတော်မြတ် ဓမ္မဓာတ်၏၊ သိဝံ—သန့်ရှင်း ကြည်လင် ဖြူစင်အေးမြလှစွာသော၊ မေတ္တံ-မေတ္တာတော်ဇော် တန်ခိုးအာနုဘော်ကို၊ အဟံ-အကျွန်ုပ်သည်၊ ဂဏှာမိ-ရောဂါပျောက်အေး၊ ရန်ဘေးကင်းကွာ၊ လိုရာပြည့်ဝ၊ ချမ်းသာရရန်၊ ရည်သန်ကိုးစား၊ အားထားကြည်ဖြူ၊ ခံယူပါ၏။

၃။ သံဃဿ-သမ္မုတိ ပရမတ်၊ နှစ်ရပ်သော သံဃာတော်မြတ်၏၊ သိဝံ-သန့်ရှင်းကြည်လင်၊ ဖြူစင်အေးမြလှစွာသော၊ မေတ္တံ-မေတ္တာတော်ဇော်၊ တန်ခိုးအာနုဘော်ကို၊ အဟံ-အကျွန်ုပ်သည်၊ ဂဏှာမိ-ရောဂါပျောက်အေး၊ ရန်ဘေးကင်းကွာ၊ လိုရာပြည့်ဝ၊ ချမ်းသာရရန်၊ ရည်သန်ကိုးစား၊ အားထားကြည်ဖြူ၊ ခံယူပါ၏။

၄။ မာတာပိတူနံ-ကျေးဇူးကြီးမား မိဘများ၏။ သိဝံ-သန့်ရှင်း ကြည်လင်၊ ဖြူစင်အေးမြလှစွာသော၊ မေတ္တံ-မေတ္တာတော်ဇော်၊ တန်ခိုးအာနုဘော်ကို၊ အဟံ-အကျွန်ုပ်သည်၊ ဂဏှာမိ-ရောဂါပျောက်အေး၊

ရန်ဘေးကင်းကွာ၊ လိုရာပြည့်ဝ၊ ချမ်းသာရရန်၊ ရည်သန်ကိုးစား၊ အားထားကြည်ဖြူ၊ ခံယူပါ၏။

၅။ အာစရိယာနံ-ဆရာသခင် ကျေးဇူးရှင်တို့၏၊ သိဝံ-သန့်ရှင်းကြည်လင်၊ ဖြူစင်အေးမြလှစွာသော၊ မေတ္တံ-မေတ္တာတော်ဇော်၊ တန်ခိုးအာနုဘော်ကို၊ အဟံ-အကျွန်ုပ်သည်၊ ဂဏှာမိ-ရောဂါပျောက်အေး၊ ရန်ဘေးကင်းကွာ၊ လိုရာပြည့်ဝ၊ ချမ်းသာရရန်၊ ရည်သန်ကိုးစား၊ အားထားကြည်ဖြူ၊ ခံယူပါ၏။

၆။ သန္တာနံသပ္ပုရိသာနံ-သူတော်ကောင်း၊ သူမြတ်အပေါင်းတို့၏၊ သိဝံ-သန့်ရှင်းကြည်လင်၊ ဖြူစင်အေးမြလှစွာသော၊ မေတ္တံ-မေတ္တာတော်ဇော်၊ တန်ခိုးအာနုဘော်ကို၊ အဟံ-အကျွန်ုပ်သည်၊ ဂဏှာမိ-ရောဂါပျောက်အေး၊ ရန်ဘေးကင်းကွာ၊ လိုရာပြည့်ဝ၊ ချမ်းသာရရန်၊ ရည်သန်ကိုးစား၊ အားထားကြည်ဖြူ၊ ခံယူပါ၏။

၇။ သိဒ္ဓိမန္တာနံ ဣဒ္ဓိမန္တာနံ ဝိဇ္ဇာဓရာနံ-သိဒ္ဓိရှင် တန်ခိုးရှင် ပညာရှင်တို့၏၊ သိဝံ-သန့်ရှင်းကြည်လင်၊ ဖြူစင်အေးမြ လှစွာသော၊ မေတ္တံ-မေတ္တာတော်ဇော်၊ တန်ခိုးအာနုဘော်ကို၊ အဟံ-အကျွန်ုပ်သည်၊ ဂဏှာမိ-ရောဂါပျောက်အေး၊ ရန်ဘေးကင်းကွာ၊ လိုရာပြည့်ဝ၊ ချမ်းသာရရန်၊ ရည်သန်ကိုးစား၊ အားထားကြည်ဖြူ၊ ခံယူပါ၏။

၈။ ဒေဝတာနံ-သမ္မာဒေဝ နတ်မြတ်နတ်ကောင်း၊ နတ်အပေါင်းတို့၏၊ သိဝံ-သန့်ရှင်းကြည်လင်၊ ဖြူစင်အေးမြလှစွာသော၊ မေတ္တံ-မေတ္တာတော်ဇော်၊ တန်ခိုးအာနုဘော်ကို၊ အဟံ-အကျွန်ုပ်သည်၊ ဂဏှာမိ-ရောဂါပျောက်အေး၊ ရန်ဘေးကင်းကွာ၊ လိုရာပြည့်ဝ၊ ချမ်းသာရရန်၊ ရည်သန်ကိုးစား၊ အားထားကြည်ဖြူ၊ ခံယူပါ၏။

၉။ ဗြဟ္မာနံ-ရူပဗြဟ္မာ၊ အရူပဗြဟ္မာကြီးတို့၏၊ သိဝံ-သန့်ရှင်းကြည်လင်၊ဖြူစင်အေးမြလှစွာသော၊မေတ္တံ-မေတ္တာတော်ဇော်၊တန်ခိုးအာနုဘော်ကို၊ဂဏှာမိ-ရောဂါပျောက်အေး၊ ရန်ဘေးကင်းကွာ၊ လိုရာပြည့်ဝ၊ချမ်းသာရရန်၊ ရည်သန်ကိုးစား၊ အားထားကြည်ဖြူ၊ ခံယူပါ၏။

## မေတ္တာရှင်များအားရှိခိုးခြင်း

ဤသို့မေတ္တာကိုခံယူပြီးလျှင် အလွန်ကျေးဇူးတင်ထိုက်သော မေတ္တာရှင်များအား ရှိခိုးသင့်ပါသည်။ ရှိခိုးရန်မှာ-“ဧတေသံ မေတ္တာဂုဏဝန္တာနံ အဟံ ဝန္ဒာမိ အာဒရံ။ ဧတေသံ မေတ္တာဂုဏဝန္တာနံ-မေတ္တာတည်ရာ မေတ္တာဂုဏ်တော်ရှင်တို့အား၊ အဟံ-အကျွန်ုပ်သည်၊ အာဒရံ-ရိုသေစွာ၊ ဝန္ဒာမိ-ရှိခိုးပါ၏”-ဟူ၍ရှိခိုးသင့်ပါသည်။ သို့မှသာ ကျေးဇူးရှင်ကိုရိုသေလေးမြတ် ဆည်းကပ်မှုဝဲခြင်းဖြစ်နိုင်၍ မေတ္တာအကျိုးကို ကောင်းစွာခံစားရရှိနိုင်ပါသည်။

### စာမျက်နှာ ၃၇၈-မှညွှန်းခဲ့သည့် မေတ္တာပို့နည်း
### (နှုတ်လေးချက်)

၁။ သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု။

၂။ သဗ္ဗေ သတ္တာ အဗျာပဇ္ဇာ ဟောန္တု။

၃။ သဗ္ဗေ သတ္တာ အနီဃာ ဟောန္တု။

၄။ သဗ္ဗေ သတ္တာ သုခီ အတ္တာနံ ပရိဟရန္တု။

### မေတ္တာပို့အနက်ပြန်ပုံ

၁။ သဗ္ဗေ သတ္တာ-သတ္တဝါအားလုံးသည်၊
အဝေရာ ဟောန္တု-ဘေးရန်မရှိကြပါစေကုန်သတည်း။

၂။ သဗ္ဗေ သတ္တာ- သတ္တဝါအားလုံးသည်၊
အဗျာပဇ္ဇာ ဟောန္တု-စိတ်ဆင်းရဲခြင်း ကင်းကြ ပါစေ ကုန်သတည်း။

၃။ သဗ္ဗေ သတ္တာ-သတ္တဝါအားလုံးသည်၊
အနီဃာ ဟောန္တု-ကိုယ်ဆင်းရဲခြင်း ကင်းကြပါစေ ကုန်သတည်း။

၄။ သဗ္ဗေ သတ္တာ-သတ္တဝါအားလုံးသည်၊
သုခီ အတ္တာနံ ပရိဟရန္တု-မိမိကိုယ်ကိုချမ်းသာအောင် ရွက်ဆောင်နိုင်ကြပါစေကုန်သတည်း။

ဟု ကာယကံခေါ် ကိုယ်အမူဖြင့်လည်း လုပ်ကိုင်ဆောင်ရွက်ရမည်။ ဝစီကံဖြင့်ရွတ်ဆို၍လည်း မေတ္တာပို့ရမည်။ မနောကံဖြင့်လည်း ကြံစည်ရမည်။ အခြားသူများကိုလည်း ဤနည်းအတိုင်းကျင့်သုံးရန် တိုက်တွန်းပြောကြားရမည်။

### ပုဂ္ဂိုလ်တစ်ဆယ့်နှစ်ယောက်
### အနောဓိသငါးယောက်

၁။ ဤ သဗ္ဗေ သတ္တာ သတ္တဝါအားလုံးအတူပင်–
(နှုတ်လေးချက်ဆက်ပါ)။

၂။ သဗ္ဗေ ပါဏာ–သက်ရှိအားလုံး၊

၃။ သဗ္ဗေ ဘူတာ–ခန္ဓာကိုယ်ထင်ရှားရှိသူအားလုံး၊

၄။ သဗ္ဗေ ပုဂ္ဂလာ–ပုဂ္ဂိုလ်အားလုံး၊

၅။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ - အတ္တဘောရှိသူအားလုံး၊

### သြဓိသခုနစ်ယောက်

၆။ သဗ္ဗာ ဣတ္ထိယော–မိန်းမအားလုံး၊

၇။ သဗ္ဗေ ပုရိသာ–ယောကျ်ားအားလုံး၊

၈။ သဗ္ဗေ အရိယာ—အရိယာဖြစ်သူအားလုံး၊

၉။ သဗ္ဗေ အနရိယာ—အရိယာမဖြစ်သေးသူအားလုံး၊

၁၀။ သဗ္ဗေ ဒေဝါ–နတ်ဗြဟ္မာအားလုံး။

၁၁။ သဗ္ဗေ မနုဿာ—လူသားအားလုံး၊

၁၂။ သဗ္ဗေ ဝိနိပါတိကာ—အပါယ်ဘုံသားအားလုံး၊–

တို့ကို မေတ္တာပို့ရသည်။ ဤတွင် ၁-မှ၊ ၅-အထိမှာ အနောဓိသ-မပိုင်းခြားသူများဖြစ်သည်။ ၆-မှ၊ ၁၂-အထိမှာ သြဓိသ=ရည်မှတ်ပိုင်းခြားသူများဖြစ်သည်။

## အရပ်ဆယ်မျက်နှာ

၁။ ပုရတ္ထိမာယ ဒိသာယ–အရှေ့မျက်နှာအရပ်၊
၂။ ပုရတ္ထိမာယ အနုဒိသာယ–အရှေ့တောင်ထောင့်အရပ်၊
၃။ ဒက္ခိဏာယ ဒိသာယ–တောင်မျက်နှာအရပ်၊
၄။ ဒက္ခိဏာယ အနုဒိသာယ–တောင်အနောက်ထောင့် (အနောက်တောင်ထောင့်)အရပ်၊
၅။ ပစ္ဆိမာယ ဒိသာယ–အနောက်မျက်နှာအရပ်၊
၆။ ပစ္ဆိမာယ အနုဒိသာယ–အနောက်မြောက်ထောင့်အရပ်၊
၇။ ဥတ္တရာယ ဒိသာယ–မြောက်မျက်နှာအရပ်၊
၈။ ဥတ္တရာယ အနုဒိသာယ–မြောက်အရှေ့ထောင့် (အရှေ့မြောက်ထောင့်)အရပ်၊
၉။ ဥပရိမာယ ဒိသာယ–အထက်မျက်နှာအရပ်၊
၁၀။ ဟေဋ္ဌိမာယ ဒိသာယ–အောက်မျက်နှာအရပ်–

ဟူ၍ အရပ်မျက်နှာ,အထောင့် ဟူ၍ ဆယ်မျိုးရှိသည်။

(က) အရပ်မညွှန်းပဲ ပုဂ္ဂိုလ် (၁၂×နည်း ၄=) ၄၈၊
(ခ) အရပ်ညွှန်း၍ အရပ် (၁၀×မညွှန်း ၄၈=) ၄၈၀၊
ပေါင်းမေတ္တာ – – – –၅၂၈–ဖြစ်သည်။

---

## အမျှဝေအမျှခံယူခြင်း

အမျှဝေ ဟူသည်မှာ မိမိပြုလုပ်ဆည်းပူးခဲ့သည့် ကုသိုလ်ကောင်းမှုများကို အခြားပုဂ္ဂိုလ်များအား အမျှပေးဝေခြင်းဖြစ်သည်။ အမျှခံယူခြင်း ဟူသည်မှာ အခြားသူတော်ကောင်းများ ပြုလုပ်ပေးဝေသည့် ကုသိုလ်ကောင်းမှုကို အမျှခံယူခြင်းဖြစ်သည်။

ဤ အမျှဝေ အမျှခံယူပုံကို စာရှုသူများ စံနမူနာယူ၍ ပြုလုပ်နိုင်ကြစေရန် ကျွန်တော် ဤကျမ်းကို ပြုစုရသည့် ကုသိုလ်အဖို့ကို အမျှဝေပြီး သူတော်ကောင်းများ ပြုလုပ်ကြသည့် ကုသိုလ်အဖို့ကို အမျှခံယူပုံကို ရေးသားတင်ပြ၍ အပြီးသတ်ပါအံ့....

## ဤကျမ်းပြုရသည့်ကုသိုလ်ကိုအမျှဝေပုံ

ဤသို့လျှင် အကျွန်ုပ်သည် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကိုကျေးဇူးပြုနိုင်လျက်၊ တရားကိုပွားများကျင့်သုံးလိုသူ ပင်စင်အငြိမ်းစားများနှင့် ပင်စင်အငြိမ်းစားအရွယ်ပုဂ္ဂိုလ်ကြီးများ ယင်းပုဂ္ဂိုလ်ကြီးများနည်းတူပင် တရားပွားများကျင့်သုံးလိုသူ လူသားများအတွက် လောက, သံသရာအခက်အခဲ အကျပ်အတည်း ဆင်းရဲဒုက္ခအမျိုးမျိုးတို့မှ လွတ်မြောက်ကင်းဝေးစေနိုင်သည့် ထွက်ရာလမ်းစဉ်ကို ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ အလိုတော်ကျ ညွှန်ပြရေးသားအပ်သော **ပင်စင်အငြိမ်းစားတရားနိဒါန်းခေါ်** လူသားတို့၏ထွက်ရာလမ်းကျမ်းကို ရေးသားစီရင်ခြင်းဖြင့် များမြတ်လှစွာသော ကုသိုလ်တရားတို့ကို ဆည်းပူးခဲ့ပါပြီ။

ဤကောင်းမှုကုသိုလ်၏အဖို့ကို ကျေးဇူးရှင်အမိအဖ ဆရာသမားများကို အစထား၍ အစမထင်သံသရာမှစ၍ ယခုဘဝတိုင်အောင်သော ကာလအတွင်း၌ အကျွန်ုပ်၏ အမိ-အဖ, အဘိုး-အဘွား, သား-သမီး, ညီ-အစ်ကို, မောင်နှမ, ဆွေမျိုးဉာတိ, မိတ်ဆွေသင်္ဂဟ ဖြစ်ခဲ့ကြဖူးသူတို့နှင့်တကွ အစမထင် သံသရာမှ ယခုနေ့တိုင်အောင်သော ကာလအတွင်း၌ အကျွန်ုပ်အား စောင့်ရှောက်ပြုစုခဲ့ဖူးသည့် ကျေးဇူးရှင်၊ ကျွေးမွေးပေးကမ်းခဲ့ဖူးသည့် ကျေးဇူးရှင်၊ သင်ကြားပြသဆုံးမခဲ့ဖူးသည့် ကျေးဇူးရှင်ပုဂ္ဂိုလ်ကြီးများအား အမျှပေးဝေပါ၏။ ဤ သာသနာတော်ကြီးကို သန့်ရှင်းတည်တံ့ ပြန့်ပွားအောင် ထိန်းသိမ်းစောင့်ရှောက် ကျင့်သုံးပွားများနေထိုင်ကြကုန်သော သာသနာပြု ပုဂ္ဂိုလ်များကို အကြီးအမှူးထား၍ ဤ စကြဝဠာနှင့်တကွသော စကြဝဠာအနန္တ၌ တည်ရှိကြကုန်သော သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါ၏၊ အကျွန်ုပ်နှင့် ထပ်တူထပ်မျှ ကုသိုလ်အဖို့ကို အမျှရကြသည် ဖြစ်ကြပါစေကုန်သတည်း။

"သူတော်ကောင်း သူမြတ်လောင်းတို့ ပြုလုပ်ဆည်းပူးကြသည့် ကုသိုလ်ကောင်းမှု အဖို့ကိုလည်း အကျွန်ုပ်ကအမျှယူပါ၏။"

"သာဓု....သာဓု....သာဓု။"

အားလုံးပြည့်စုံပါပြီ။

## ပင်စင်အငြိမ်းစားတရားနိဒါန်းခေါ်
## လူသားတို့၏ထွက်ရာလမ်းကျမ်း

# မှတ်သားဖွယ်ရာအက္ခရာစဉ်


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [အ] | |
| **အကမ္မညတာ လက္ခဏာ** | ၂၂၂ |
| အကုသိုလ် ကိုယ့်ဟာမဟုတ် | ၃၁၁ |
| အကုသိုလ် ဇာတ်လိုက်များ | ၂၃၅ |
| အကုသိုလ်တိုင်းပါသည့်- တရားများ | ၂၃၆ |
| အကန်းပုထုဇဉ် | ၅၉ |
| အကျင့်ချသူ | ၃၂၀ |
| အကျင့်သိက္ခာထိန်းသိမ်းရာ | ၃၂၄ |
| အကျယ်သီလယူပုံ | ၅၆၁ |
| အကျိုးကိုရစေပုံ၊ ဖြစ်စေပုံ | ၂၀၃ |
| အကျိုးနဲသည့်အလုပ်များ | ၁၂၁ |
| အကျိုးမရှိသည့်အလုပ်များ | ၁၂၀ |
| အကျိုးမဲ့ကိုနစ်စေပုံ | ၂၀၄ |
| အကျိုးမဲ့စကားများ | ၁၀၀ |
| အကျိုးမဲ့စကားနားထောင်ခြင်း | ၂၆၄ |
| အကျိုးမဲ့စကားပြောခြင်း | ၂၆၄ |
| အကျိုးမဲ့ဟူသမျှ၏ပင်မ | ၁၉၄ |
| အကျိုးရလျှင်မမျှမတ- ယူကြသည် | ၂၄၆ |
| အကျိုးဝိပါက်မှ- အကျိုးမဖြစ် | ၃၀၄ |
| အကြားမင်္ဂလာ | ၃၀၂-၃ |
| အကြပ်ကိုင်ယူခြင်း | ၈၄ |
| အကြိုက်ပြောခြင်း | ၁၇၄-၅ |
| အကြွင်းမဲ့ဖြည့်ကျင့်ခြင်း | ၄၄၉ |
| အချိန်၏စွမ်းရည်- ခြောက်မျိုး | ၂၅၅-၆ |
| အချိန်ကိုလိမ်ညာခြင်း- | ၂၄၁-၂၅၅ |
| အချိန်ကိုလိမ်ညာခြင်း- လင်္ကာ | ၂၅၀ |
| အချိန်ကိုလိမ်ပုံလေးမျိုး | ၂၅၀ |
| အချိန်ဆင်ခြေ | ၂၆၀ |
| အချိန်သင့်လျှော်မှု | ၇၆ |
| အခြေအနေကြည့်ပါ | ၃၂၀ |
| အခြားဘဝရှိသည် | ၃၁၀ |
| အခြားသူက လိမ်ခြင်း | ၂၄၂ |
| အခွင့်အရေးကိုအရယူပါ | ၃၁ |
| အခြွေအရံများခြင်း | ၂၉၀ |
| အဂ္ဂသာဝကဗောဓိ | ၄၁၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| အဂ္ဂသာဝကများကိုစွပ်စွဲသူ | ၂၃၄ |
| အငိုလွယ်လျက် အရှိက်ခက် | ၁၆၃ |
| အငြိမ်းစားအရွယ် | ၂၆၆ |
| အငြိမ်းစားတရားဆာပုံ | ၂၆၆ |
| အစာပြေ ထောင်တတ်သည် | ၂၇၅ |
| အစားသင့်လျော်မှု | ၇၆ |
| အစိုးရမှုပေးခြင်း | ၃၃၆ |
| အစွဲဥပါဒါန် | ၂၆၇ |
| အစွဲသည်ဒိဋ္ဌိ | ၂၆၇ |
| အစွမ်းကိုသိရန်နည်း | ၂၇၇ |
| အဆင်မပြေသော- အိမ်ထောင် | ၃၂၇ |
| အဆင်းလှခြင်း | ၂၉၀ |
| အဆင့်ဆင့် အဆက်ဆက်- ဖြစ်ပျက် | ၁၈၁ |
| အဆိပ်ကုန် | ၃၀၂ |
| အဆိပ်ရောင်းဝယ်မှု | ၁၀၂ |
| အဆိုလွယ်လျက် အရှိက်ခက် | ၁၆၃ |
| အဇာတသတ်မင်းဝတ္ထု | ၂၇၀ |
| အဇာတသတ်မင်းသား | ၃၃၀ |
| အညာဏ | ၂၀၈ |
| အညာဏ လက္ခဏာ | ၂၀၆ |
| အဋ္ဌမအပိုင်း | ၂၇၉ |
| အတ္တသံနိယျာတနသရဏဂုံ | ၂၉၂ |
| အတိတ္တိသုတ် | ၉၂ |
| အတိပါတ (အနက်) | ၈၁ |
| အတုအယောင် မင်္ဂလာ | ၃၀၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| အတိချုပ်သိလယူပုံ | ၂၉၉-၅၆၁ |
| အတိုးကြီးစားယူခြင်း | ၈၄ |
| အတိုင်းအတာ သင့်လျော်မှု | ၇၆- |
| အတတ်ပညာ- (ထူးချွန်ရန်နည်း) | ၄၁ |
| အတတ်ပညာ ထိန်းသိမ်းရာ | ၃၂၄ |
| အတတ်ပညာ လိမ်ညာခြင်း | ၂၄၅ |
| အဘတ်သင်စေ အဓိပ္ပာယ် | ၃၂၆ |
| အတတ်သင်စေ ရှင်းချက် | ၃၃၃ |
| အတိတ် အခြေအနေကြည့် | ၃၂၈ |
| အတွေ့မင်္ဂလာ | ၃၀၃ |
| အတွင်းရန်ဓာတ်အဓိပ္ပာယ် | ၁၉၃ |
| အတွင်းရန် ၁၄-ပါးလင်္ကာ | ၁၉၃ |
| အတွင်းရန်ဓာတ် ၁၄-မျိုး | ၁၉၃ |
| အတွင်းရန်များအကြောင်း | ၁၉၁ |
| အတွင်းရန်ကင်းစေသည့်- နည်း | ၂၃၇ |
| အတ္ထ အဓိပ္ပာယ် | ၃၈ |
| အတ္ထိ ဒိန္န (အလှူအကျိုးရှိပုံ) | ၃၀၉ |
| အတ္ထိ ပိတာ ရှင်းချက် | ၃၁၀ |
| အတ္ထိမာတာ ရှင်းချက် | ၃၁၀ |
| အတ္ထိ ယိဋ္ဌံ ရှင်းချက် | ၃၀၉ |
| အတ္ထိ ဟုတံ ရှင်းချက် | ၃၁၀ |
| အထူးသတိပြုပါ | ၂၄၃ |
| အထူးသတိပြုရန် | ၄၀၄ |
| အဒိန္နာဒါန (အဓိပ္ပာယ်) | ၈၄ |
| အဒိန္နာဒါန အပြစ်များ | ၈၄-၈၅ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| အဒိန္နာဒါန စောင့်ထိန်းပုံ | ၈၆ |
| အဒိန္နာဒါနရှောင်ခြင်း- အကျိုးများ | ၈၅ |
| အဓိက မောဟ ဝတ္ထု | ၂၀၇ |
| အဓိဋ္ဌာန် သုံးမျိုး | ၄၃၁-၂ |
| အဓိဋ္ဌာနပါရမီ | ၄၃၀ |
| အန္ဓ(အကန်း) ပုထုဇဉ် | ၅၅ |
| အနတ္တသဘော | ၁၈၅ |
| အနာအဆာ (အထူး) | ၇၂ |
| အနာဂါမိမဂ်ဖိုလ် | ၄၀၃ |
| အနိစ္စသဘော | ၁၇၇ |
| အနိထောင် ဥပမာ | ၃၂၈ |
| အနုတ္တာသ (မလန့်ခြင်း)- လက္ခဏာ | ၂၃၅ |
| အနုလုံအနုလောမဉာဏ် | ၄၀၂ |
| အနုဿာဟနလက္ခဏာ | ၂၂၂ |
| အနေကဇာတိဥဒါန်း | ၂၂ |
| အနေချင်း နီးစပ်ရာ | ၁၅၇ |
| အနောတ္တပ္ပအဓိပ္ပာယ် | ၂၃၅ |
| အနောတ္တပ္ပအပြစ်များ | ၂၃၅ |
| အနောတ္တပ္ပလက္ခဏာ | ၂၃၅ |
| အနောဓိသမေတ္တာ | ၁၇၄ |
| အနောမဒဿီဘုရား | ၃၀၁ |
| အနှောင့်အယှက်များ | ၁၂၂ |
| အနိုင်ကျင့်ယူခြင်း | ၈၄ |
| အပဏ္ဏကဇာတ် | ၁၃၃ |
| အပရေဝါဒအဓိပ္ပာယ် | ၂၆-၂၇ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| အပူအအေးဥတုဒဏ် | ၇၃ |
| အပါယ်လေးပါး | ၈၃ |
| အပါယ်ကျမကျစိစစ်ကြ | ၃၀၀ |
| အပေါင်းအသင်းမက်ခြင်း | ၂၆၅ |
| အပိုစားလူပါသူ | ၃၂၈ |
| အပျင်းပြေအလုပ်များ | ၁၂၁ |
| အပျင်းရောဂါဆိုး | ၁၃၇-၈ |
| အပြင်ရန်ခေတ် | ၁၄၈ |
| အပြင်ရန်ခေတ်သိရန်နည်း- (လင်္ကာ) | ၁၄၉ |
| အပြင်ရန်များအကြောင်း | ၁၅၀ |
| အပြစ်ဆိုပင့် | ၁၅၁ |
| အပြစ်နှင့်သရဏဂုံပျက်ခြင်း | ၂၉၇ |
| အဖျင်းစကား(အဓိပ္ပာယ်) | ၉၉ |
| အဖြူမှာအရောင်စွဲပုံ | ၂၆၇ |
| အဘရှိသည့်အဓိပ္ပာယ် | ၃၁၀ |
| အဘသတ်မင်းဆက် | ၃၃၀ |
| အဘိဓမ္မာနည်းကမ္မဿကတာ | ၃၀၉ |
| အဘိဇ္ဈာ | ၂၀၀ |
| အဘိနိဝေသ | ၂၁၂ |
| အဘိနိဝေသလက္ခဏာ | ၂၀၈ |
| အမိရှိသည့်အဓိပ္ပာယ် | ၃၁၀ |
| အမဲသားတွင်းအဆိပ်သင့်ခြင်း | ၂၇၆ |
| အမျိုးစောင့်ပုံ | ၃၂၃ |
| အမျိုးနှင့်သရဏဂုံ | ၂၉၅ |
| အမြဲပြည့်ခြင်း | ၄၄၉ |
| အမြင်မှားမှု | ၁၂၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| အမြတ်ကြီးစားယူခြင်း | ၈၄ |
| အမြင်မင်္ဂလာ | ၃၀၂ |
| အမှားအမှန် မဝေဖန်နိုင် | ၂၆၈ |
| အမှားစွဲ မိစ္ဆာဒိဋ္ဌိ | ၂၆၇ |
| အမှားကိုစွဲ၍သေပွဲဝင်သူ | ၂၇၀ |
| အမှန်တရားစိစစ်ချက်လင်္ကာ | ၂၇၃ |
| အမှန်တရားနှစ်ပါး | ၃၅ |
| အမှန်တရားသိရန် ကြိုးစားပါ | ၃၀ |
| အမှန်နတ်ဖြစ်မည့်သူ | ၃၀၀ |
| အမှန်အပါယ်ကျမည့်သူ | ၃၀၀ |
| အမှန်တရားသိရေးသီလ | ၈၁ |
| အမှောင်ထု ဥပမာ | ၂၀၆ |
| အမှတ်မရ မေ့လျော့ခြင်း | ၁၂၈ |
| အမျှဝေခြင်းယူခြင်း | ၃၇၈ |
| အမျှဝေ အမျှယူ | ၅၇၅ |
| အယူဝါဒမတူ ကွဲပြားသူ | ၃၂၉ |
| အရဟတ္တမဂ်ဖိုလ် | ၄၀၃ |
| အရိဋ္ဌဇနက | ၂၀ |
| အရိယ (အဓိပ္ပာယ်) | ၄၂ |
| အရိယသစ္စာ | ၃၅ |
| အရိယသစ္စာ (အဓိပ္ပာယ်) | ၄၂ |
| အရိယသစ္စာ- သံပေါက်လင်္ကာ | ၆၀ |
| အရိယသစ္စာသိရန်ကျင့်စဉ် | ၆၁ |
| အရိယသစ္စာသိရန်- အရေးကြီးပုံ | ၅၅ |
| အရိယသစ္စာ သိပုံနှစ်မျိုး | ၅၂-၅၅ |
| အရိယာသိ | ၅၂-၅၃ |
| အရိယသစ္စာ- လေ့လာချက်(ငါးမျိုး) | ၄၅ |
| အရိယသစ္စာ သိရန်သီလ | ၈၁ |
| အရိယသစ္စာသိခြင်းအကျိုး | ၅၈ |
| အရူးမကို မကျူးလွန်ရ | ၈၇ |
| အရည်အသွေး- ထိန်းသိမ်းပေး | ၃၂၄ |
| အရောင်များ အပြုံမှာစွဲပုံ | ၂၆၇ |
| အရှက်နည်းသောရဟန်း | ၂၃၃ |
| အရှင်အာနန္ဒာ | ၄၇၉ |
| အရှင်အာနန္ဒာ- တေဒဂ်ငါးမျိုး | ၂၁၇ |
| အရှင်တိဿဝတ္ထု | ၁၁၁-၁၁၂ |
| အရှင်ပုဏ္ဏသည်းခံပုံ | ၁၇၀ |
| အရှင်မဟာသံဃရက္ခိတ | ၅၃၉ |
| အရှင်မဟိန္ဒ | ၆၄ |
| အရှင်မောဂ္ဂလာန်ကိုစွပ်စွဲသူ | ၂၃၄ |
| အရှင်သာရိပုတ္တရာကိုစွပ်စွဲသူ | ၂၃၄ |
| အရှင်ဝါယမဆရာတော် | ၁၃ |
| အရှင်သုဓမ္မ(စောင်းလုံး) | ၉၈ |
| အဝိဇ္ဇာ | ၂၀၈ |
| အဝိဇ္ဇာ အဓိပ္ပာယ် | ၁၃၆ |
| အဝေးမှအသံနှင့်ရုပ် | ၁၈၂ |
| အဝတ်ဆင်ယင်ပေးပါ | ၃၃၆ |
| အလင်းရောင်မရှိရာ | ၁၆ |
| အလုပ်=ကံ | ၃၀၅ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| အလုပ်ချင်းနီးစပ်ရာ | ၁၅၅ |
| အလုပ်နှင့်အကျိုး | ၃၀၉ |
| အလုပ်ပေးလျှင် သတိပြုရန် | ၁၁၅ |
| အလုပ်မပြီးက- စစ်ဆေးကြည့်ပါ | ၁၁၄ |
| အလုပ်မလုပ်နိုင်လျှင်- စစ်ဆေးကြည့်ပါ | ၁၁၄ |
| အလဇ္ဇီအဓိပ္ပာယ် | ၂၃၄ |
| အလသအဓိပ္ပာယ် | ၁၃၇ |
| အလွဲတွေးခြင်း- အလွဲသိခြင်း | ၁၂၃ |
| အလွန်တွေးခြင်း၊ သိမြင်ခြင်း | ၁၂၃ |
| အလုပ်ကိစ္စဆင်ခြေ | ၂၆၀ |
| အလုပ်ကိစ္စလိမ်ညာခြင်း | ၂၅၀ |
| အလုပ်ချာသူ | ၃၂၈ |
| အလုပ်ဆာနေသူ | ၂၅၀ |
| အလုပ်၌ မိမိကိုယ်ကိုလိမ်ပုံ | ၂၅၃ |
| အလုပ်လေးမျိုး | ၂၅၃ |
| အလုပ်လိမ်ခြင်း | ၂၄၁-၂၅၀ |
| အလှူဒါန ထိန်းသိမ်းကြ | ၃၂၄ |
| အလှူပိတ်တရား ၄-ပါး | ၄၁၅ |
| အသံဖမ်းစက် | ၁၀၂ |
| အသားကုန် | ၃၀၂ |
| အသားရောင်းဝယ်မှု | ၁၀၂ |
| အသက်ကြီးတနည်းသာပုံ | ၂၄၉ |
| အသက်မွေးမှုအဓိပ္ပာယ် | ၁၀၁ |
| အသက်သွင်းပညာ | ၂၄၈ |
| အသက်ရှည်ခြင်း | ၂၉၀ |
| အသင်းပြိုင်ခြင်း | ၁၇၁ |
| အသင်္ခတတရား | ၄၅-၄၇ |
| အသည်းကောင်းသူ (ဥပမာ) | ၁၁၄ |
| အသောက်သင့်လျော်မှု | ၇၆ |
| အဟိရိကအဓိပ္ပာယ် | ၂၃၂ |
| အဟိရိကလက္ခဏာ | ၂၃၂ |
| အဟိရိကသဘော | ၂၃၃ |
| [အာ] | |
| အာဃာတ | ၂၀၃ |
| အာဇီဝ (အဓိပ္ပာယ်) | ၁၀၁ |
| အာဇီဝဋ္ဌမကသီလ | ၇၈ |
| အာဒီနဝဉာဏ် | ၄၀၁ |
| အာယုဝဍ္ဎနနှင့်သရဏဂုံ | ၂၉၅ |
| အာယုဝဍ္ဎနဝတ္ထု | ၁၀၅ |
| အာဘယဒါနကြီး | ၃၀၀ |
| အာသီသပတ္ထနာလင်္ကာ | ၅၅၄ |
| အာဠဝကမေ့ပုံ | ၁၂၈ |
| အာဠဝက | ၁၆၇၊၁၈၉ |
| အာရမ္မဏဂ္ဂဟဏလက္ခဏာ | ၁၉၅ |
| အာရုံသင့်လျော်မှု | ၇၆ |
| အားနာခြင်း | ၂၀၄ |
| [ဣ-ဤ] | |
| ဣစ္ဆာပူရဏသတ္တာ | ၄၂၈ |
| ဣဿာအဓိပ္ပာယ် | ၂၂၄ |
| ဣဿာအပြစ်များ | ၂၂၆ |
| ဣဿာလက္ခဏာ | ၂၂၅ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ဣန္ဒြေခြောက်ပါး- | |
| စောင့်ရှုပွားလက်ာ | ၅၂၅ |
| ဣန္ဒြေငါးပါး | ၄၇၅ |
| ဣန္ဒြေခြောက်ပါး- | |
| စောင့်ထိန်းပွား | ၅၁၆ |
| ဣရိယာပုထ်လွတ်ရဟန္တာ | ၂၁၇ |
| ဣရိယာပုထ်သင့်လျော်မှု | ၇၆ |
| အိပ်ပျက်မှုဒဏ် | ၇၃ |
| အိပ်၍လိမ်ခြင်း | ၂၅၉-၂၆၁ |
| အိပ်မက်(ဥပမာ) | ၃၉ |
| အိမ်တော်ရာဘုရား | ၁၂ |
| အိမ်ထောင်ဆိုး | ၄၀ |
| အိမ်ဖြူတော် | ၁၂ |
| အိမ်ထောင်ဦးည- | |
| (လူသား) | ၁၄-၁၅ |
| အိမ်ထောင်ပျက်စီးဘတ်ပုံ | ၄၉ |
| အိမ်ထောင်ပြုဖွယ်- | |
| အသက်အရွယ် | ၃၂၇ |
| အိမ်ထောင်ပြုရန်တရုတ်စံ | ၃၂၇ |
| အိမ်ထောင်ဖက်ရွေးပုံ | ၃၂၇ |
| အိမ်ထောင်ပြုရန်အတွက်- | |
| အသက် | ၃၂၇ |
| ဤကျမ်း၏အခြေခံဂါထာ | ၅၅၁ |
| ဤကျမ်းပြုကုသိုလ် | ၅၇၆ |
| ဤခေတ်အခါလိမ်ကြမှာ | ၂၄၅ |
| ဤဘဝရှိသည် | ၃၁၀ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ဉ] | |
| ဥက္ကာဋ္ဌနည်း | ၁၀ |
| ဥတုရာသီဆင်ခြေ | ၂၆၀ |
| ဥတုသင့်လျော်မှု | ၇၆ |
| ဥဒ္ဒရ=ဥဒ္ဒစ္စ | ၂၁၀ |
| ဥဒ္ဒစ္စအဓိပ္ပာယ် | ၂၁၆ |
| ဥဒ္ဒစ္စအပြစ်များ | ၂၁၇ |
| ဥဒယမင်း | ၃၃၁ |
| ဥဒယဗ္ဗယဉာဏ် | ၄၀၁ |
| ဥဒါန်းစကား | ၂၁ |
| ဥပါဒါန်အစွဲ | ၂၆၇ |
| ဥပါဒါန်စွဲလမ်းခြင်း | ၁၂၂ |
| ဥန္နတိ=မာန | ၂၁၆ |
| ဥန္နတိလက္ခဏာ | ၂၁၂ |
| ဥပဇ္ဈာယဝတ်စသည် | ၃၂၁ |
| ဥမင်ဥပမာ | ၂၀၀ |
| ဥပစာ | ၄၀၂ |
| (ခ) ဥပဓိသမ္ပတ္တိ | ၃၇၇ |
| ဥပလက္ခဏာနည်း | ၂၂၅ |
| ဥပါသကာအင်္ဂါများ | ၂၀၂ |
| ဥပါသကာအင်္ဂါလင်္ကာ | ၂၀၁ |
| ဥပါသကာအဓိပ္ပာယ် | ၂၀၁ |
| ဥပါသကာအမျိုးမျိုး | ၃၁၄ |
| ဥပါသကာအဖြစ်ခံယူခြင်း | ၂၀၁ |
| ဥပါသကာဖြစ်ခြင်း | ၆၆-၆၇ |
| ဥပေက္ခာ | ၁၇၃ |
| (၁၀) ဥပေက္ခာပါရမီ | ၄၄၀ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ဥပေက္ခာပါရမီလက္ခဏာ | ၄၄၀ |
| ဥပေက္ခာဖြစ်ကြောင်း- ငါးပါး | ၅၀၅ |
| (၇) ဥပေက္ခာသမ္ဗောဇ္ဈင် | ၅၀၄ |
| ဥပေက္ခာသမ္ဗောဇ္ဈင်- လက္ခဏာ | ၅၀၅ |
| ဥပေက္ခာဖြစ်ကြောင်းလင်္ကာ | ၅၀၉ |
| ဥဘတောဗျည်း (နှစ်ဘက်ရ) | ၈၈ |
| [ဦ] | |
| ဦးကြောင်နီ | ၂၅၆-၇ |
| ဦးကြောင်နီဝိဇ္ဇာမ,လို့- ဓာတ်လုံးရသလို | ၂၅၇ |
| ဦးဆင်မဲ၀တ္ထု | ၂၆၉ |
| ဦးစံရှန်း (သဌေး) | ၁၃၉ |
| ဦးမောင်ကြီး (ဆာဂျေအေ) | ၁၃ |
| အုပ်ထိန်းသူများ | ၈၇ |
| [ဧ] | |
| (၁၁) ဧကောဒသမအပိုင်း | ၃၈၁ |
| ဧကောဝါဒ (အဓိပ္ပာယ်) | ၂၆-၂၇ |
| ဧကေစွဝါဒ- (အဓိပ္ပာယ်) | ၂၆-၂၇ |
| ဧကောဝါဒလင်္ကာ- | ၅ |
| ဧကောဝါဒလင်္ကာစိစစ်ချက် | ၁၀ |
| ဧကေစွဝါဒလင်္ကာ- | ၁၄ |
| ဧကေစွဝါဒလင်္ကာစိစစ်ချက် | ၂၅ |
| ဩဓိသမေတ္တာ | ၁၇၃ |
| ဩပပါတိကရှင်းချက် | ၃၁၀ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [က] | |
| ကတုတ်ဥပမာ | ၂၈၈ |
| ကလေးသိ (ဥပမာ) | ၅၄ |
| ကနောင်မင်းသား | ၁၂ |
| ကရုဏာ | ၁၇၂ |
| ကလေးငယ်နှင့်သရဏဂုံ | ၂၉၄ |
| ကလေးများ (ထိပေါက်ပုံ) | ၁၇ |
| ကလျာဏပုထုဇဉ် | ၅၅ |
| ကာတွန်းဖတ်မှု | ၂၆၄ |
| ကာမဂုဏ်ငါးပါး | ၁၃၁ |
| ကာမပိုင်လင် | ၈၇ |
| ကာမ၌မှားယွင်းသောအကျင့် | ၈၆ |
| ကာမေသုနှင့်သုရာ | ၉၁ |
| ကာမေသုမိစ္ဆာစာရ- (အဓိပ္ပာယ်) | ၈၆ |
| ကာမေသုမိစ္ဆာစာရ- အပြစ်များ | ၈၈ |
| ကာမေသုမိစ္ဆာစာရထိန်းပုံ | ၈၉ |
| ကာမေသုမိစ္ဆာစာရ- ရှောင်ကျိုးများ | ၈၈ |
| ကာယဒုစရိုက်ကာယသုစရိုက် | ၇၉ |
| ကာလာဗုမင်း | ၁၆၇ |
| ကာယာနုပဿနာ- ပွားနည်းများ | ၅၂၃ |
| (၁) ကာလသမ္ပတ္တိ | ၃၇၉ |
| ကလျာဏမိတ္တ(အဓိပ္ပာယ်) | ၁၀၅ |
| ကုက္ကုစ္စ (အဓိပ္ပာယ်) | ၂၃၀ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ကုက္ကုစ္စယူဆပုံနှစ်မျိုး | ၂၃၁ |
| ကုက္ကုစ္စလက္ခဏာ | ၂၃၀ |
| ကုဏ္ဍလိယသုတ်အကျဉ်း | ၅၁၁ |
| ကုဏ္ဍလိယသုတ်လင်္ကာ | ၅၁၅ |
| ကံ-အလုပ် ကမ္မ-အလုပ် | ၃၀၅ |
| ကံလေးဆယ် | ၃၇၉-၃၈၀ |
| ကံမယုံ သရဏဂုံမတည် | ၃၀၅ |
| ကံသည်သာ မိမိဟာ | ၃၀၅ |
| ကံကိုယုံကြည်ခြင်း | ၃၀၅ |
| ကံသာကိုယ့်ဟာ | ၃၀၆ |
| ကမ္ပတ်ဖုံး၍ နိဂုံးအုပ်ခြင်း | ၅၃၇ |
| ကမ္ဘာမှာလူမိုက်ကများသည် | ၂၁၁ |
| ကမ္ဘာလှည့်သူ ဥပမာ | ၃၁၂ |
| ကမ္မဋ္ဌာန်းဆရာချင်းငြင်းပွဲ | ၂၆၈ |
| ကမ္မဋ္ဌာန်းအရာ- (ထူးချွန်ရန်နည်း) | ၄၁ |
| ကမ္မဿကတာဉာဏ် | ၃၀၅ |
| ကမ္မဿကတာ သမ္မာဒိဋ္ဌိ | ၃၀၇ |
| ကမ္မဿကတာသုတ္တန်နည်း | ၃၀၇-၉ |
| ကမ္မဝါဒ ဆယ်ပါး | ၁၀၉ |
| ကေစိဝါဒ(အဓိပ္ပာယ်) | ၂၆-၂၇ |
| ကင်းချည်အိမ်ဥပမာ | ၁၉၅ |
| ကင်းကွာရန်ခေတ် | ၆၆-၆၇ |
| ကင်းကွာရန်ခေတ်- (အဓိပ္ပာယ်) | ၁၄၈ |
| ကင်္ခါယုံမှားမှု | ၂၂၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ကုသိုလ်ကံများချမ်းသာပွား | ၃၁၂ |
| ကုသိုလ်ကံသာကိုယ့်ဥစ္စာ | ၃၁၁ |
| ကုန်ရှုံးတော့တခေါက် | ၂၇၀ |
| ကုန်းစကား | ၉၆ |
| ကုန်းတိုက်ခြင်း | ၉၆ |
| ကုသီတအဓိပ္ပာယ် | ၃၁၇ |
| ကိုကင်း(မူးယစ်ဆေး) | ၉၀ |
| ကိုး(အဓိပ္ပာယ်) | ၂၈၈ |
| ကိုးကွယ်ရာရတနာသုံးပါး | ၂၈၉ |
| ကိုးကွယ်ရာသရဏ | ၂၈၃-၅ |
| ကိုးကွယ်ရာသရဏ- (အဓိပ္ပာယ်) | ၂၈၈ |
| ကိုယ်ကျန်းမာခြင်း | ၇၁-၂ |
| ကိုယ်ကျန်းမာခြင်းနှင့်- စိတ်ကျန်းမာခြင်း | ၁၁၂ |
| ကိုယ်ကျန်းမာမှုပြလင်္ကာ | ၇၄ |
| ကိုယ်ကျန်းမာရေးနည်းပြ- လင်္ကာ | ၇၅ |
| ကိုယ်ကျန်းမာမှုငါးမျိုး | ၇၄ |
| ကိုယ်ရင်သရဏဂုံ | ၂၉၁ |
| ကိုယ့်အတတ်နှင့်ကိုယ်စူး | ၂၄၈ |
| ကိုယ့်အမည်ဖော်သူ | ၄၆၄ |
| ကိုယ့်ဥစ္စာသည်ကုသိုလ်ကံ | ၃၁၁ |
| ကိုယ့်ကျိုးကြည့်ခြင်း | ၁၈၇ |
| ကိုယ့်ကိုယ်ကိုလိမ်ခြင်း | ၂၄၂ |
| ကိုယ်ကျိုးရှာတရားပြဆရာ | ၂၆၇ |
| ကိုယ်စိတ်ကျန်းမာ | ၆၆-၆၇ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ကိုယ်တူထားခြင်း | ၃၄၄ |
| ကိုယ့်မျက်စိပြန်ကြည့်တရား | ၂၇၀ |
| ကောကာလိကဝတ္ထု | ၂၃၃ |
| ကောတုဟလမင်္ဂလာ | ၃၀၂ |
| ကောဓ | ၂၀၃ |
| ကောသမ္ဗီရဟန်းများရန်ပွဲ | ၁၆၈ |
| ကောင်းမှုကံက- | |
| ကောင်းကျိုးမရပုံ | ၂၁၀ |
| ကောင်းကျိုးမကောင်းကျိုး | ၃၁၀ |
| ကောင်းကျိုးမရသောအလုပ် | ၂၅၃ |
| ကောင်းကြောင်းတွေးခြင်း | ၁၆၉ |
| ကောင်းစားမေ့နေ | ၁၅၃ |
| ကောင်းမှုပြိုင်ပြုရာမှရန်စ | ၁၇၁ |
| ကောင်းမြတ်သည့်- သဘောဂုဏ် | ၂၂၅ |
| ကောင်းရာညွှန်လတ် | ၃၄၁ |
| ကောင်းရာညွှန်ပုံရှင်းချက် | ၃၂၆ |
| ကောင်းသောအဆင်းရခြင်း | ၂၉၀ |
| ကောင်းသောအနံ့ရခြင်း | ၂၉၀ |
| ကောင်းသောအရသာရခြင်း | ၂၉၀ |
| ကောင်းသောအသံရခြင်း | ၂၉၀ |
| ကျီစားရာမှရန်စ | ၁၇၁ |
| ကျေးဇူးအထူးကိုတွေ့ခြင်း | ၁၆၉ |
| ကျေးဇူးပြုပုံ | ၉၁ |
| ကျားဆရာကြောင်ပုံပြင် | ၃၃၄ |
| ကျားထိုးမှု | ၂၆၄ |
| ကျင့်သုံးသူများချမ်းသာပွား | ၂၀၄ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ကျန်းအဓိပ္ပာယ် | ၇၁ |
| ကျန်းမာခြင်းအဓိပ္ပာယ် | ၇၁-၂ |
| ကျန်းမာသည့်စိတ် | ၁၁၂ |
| ကျန်းမာရေးအတွက်သီလ | ၈၁ |
| ကျန်းမာရေးဆင်ခြေ | ၂၆၀ |
| ကျယ်ပြန့်သောသီလ | ၈၁ |
| ကျိန်ဆဲခြင်း | ၉၇ |
| ကျွဲမြီး နွားမြီး ဥပမာ | ၂၁၅ |
| ကျောင်းဒကာ- ဦးကြောင်နီဝတ္ထု | ၂၅၆ |
| ကြာမြင့်စွာပြည့်ခြင်း | ၄၄၉ |
| ကြာလျှင်အနက်ပျောက်- တတ်သည် | ၃၀၅ |
| ကြာလျှင်မသိ | ၁၅၀ |
| ကြီးပွားရေးအတွက်သီလ | ၈၁ |
| ကြေလွယ်စားသောက်- (ရှင်းချက်) | ၇၇ |
| ကြေးမတက်စေနည်း | ၁၆၃ |
| ကြံကာကြောက်မှုအဓိပ္ပာယ် | ၁၁၇ |
| ကြံကြောက်ခြင်းအပြစ် | ၁၁၉ |
| ကြံတွေးကြောက်ခြင်း- (တရားကိုယ်) | ၁၁၉ |
| ကြံကြောက်- ကော်ဖီမသောက်နှင့် | ၁၁၇ |
| ကြံကြောက်- လှည်းအောက်မဝင်နှင့် | ၁၁၇ |
| ကြည်ဖြူစွာမပေးပဲယူခြင်း | ၈၄ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ကြည့်တတ်ဘာဝနာ | ၂၆၄ |
| ကြည့်တတ်လျှင်ဘာဝနာ | ၂၀၀ |
| ကြမ်းတမ်းဒေါသ | ၁၂၀ |
| ကြမ်းတမ်းသောစကား | ၉၇ |
| ကြောက်ခြင်း | ၂၀၄ |
| ကြောက်ခြင်းနှင့်သရဏဂုံ | ၂၉၅ |
| ကြောက်သေသည့်- တောကြက် | ၁၁၁ |
| ကြောက်သေသည့်ဒမြ | ၁၁၈ |
| ကြောင်နှင့်ကျားပုံပြင် | ၃၃၄ |
| ကြောင်းခြောထင်ရှား- (ရှင်းချက်) | ၁၄၀ |
| ကွာသုံးကွာရှင်းချက် | ၃၂၉ |
| ကွက်စိပ်ဆရာ | ၁၀၀ |
| ကွမ်းစားခြင်း | ၁၂၁ |
| ကွယ် အဓိပ္ပာယ် | ၂၀၈ |
| ကြွေးပါသူ | ၃၂၈ |
| ကြွက်ကိုကြောင်ချောင်းပုံ | ၂၄၇ |
| ကြွက်ဖြူလူပျင်း | ၁၃၉ |
| ကြွက်ဖြူသောက်နည်း | ၁၃၉ |
| ကြိုးစားပါ | ၂၂ |
| ကြိုးစားပေ (ရှင်းချက်) | ၁၄၃ |
| ကြွယ်ဝခြင်းအကြောင်းရင်း | ၈၅ |
| [ခ] | |
| ခံတပ်ဥပမာ | ၂၀၈ |
| ခန္တိနှင့်ခန္တီ | ၁၁၅ |
| (၆) ခန္တီပါရမီ | ၄၂၅ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ခန္တီဝါဒီရသေ့ | ၁၆၇ |
| ခန္ဓာကိုယ်ထဲမှရောဂါ | ၂၄၂ |
| ခင်မင်ဖွယ်ပြောခြင်း | ၂၇၄-၅ |
| ခက်ခဲစွာယူကြသည် | ၂၄၃ |
| ခင်ကြီးပေါက်ပုံပြင် | ၃၉၃ |
| ခင်စိန်ရီမင်းသမီး | ၁၆ |
| ခင်မင်တွယ်တာမှုတဏှာ | ၄၉ |
| ခေတ်မီရောဂါ | ၁၁၈ |
| ခိုးခြင်းအမျိုးမျိုး | ၈၄ |
| ခိုးမရမှုလိမ်ညာယူ | ၂၄၅ |
| ခိုးမှု | ၂၆၅ |
| ခုံတော်မောင်ကျဘမ်း | ၆၂ |
| ခေါင်းဆောင်တင်ရာဌ- သတိပြု | ၁၁၅ |
| ခေါင်းပုံဖြတ်စက်ကြီး | ၂၄၇ |
| ချာသုံးချာရှင်းချက် | ၃၂၈ |
| ချီးမွမ်းခြင်းမြစ်(အဓိပ္ပာယ်) | ၁၅၁ |
| ချမ်းသာကြီးခြင်း | ၂၉၀ |
| ချမ်းသာရေးအတွက်သီလ | ၈၁ |
| ချမ်းသာသောနန်းကျဘုရင် | ၁၂ |
| ချမ်းသာသော- ဘုန်းကြီးလူထွက် | ၁၂ |
| ချမ်းသာသည့်ပင်စင်စား | ၁၃ |
| ချစ်ကြင်ပုံများ | ၃၃၅ |
| ချစ်ဖွယ်ပြောခြင်း | ၃၄၄-၅ |
| ချိတ်မပြီးလွှတ်ရန်ခက်သည် | ၂၆၇ |
| ချိတ်လုံးစကား | ၉၇ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ချောက်တွင်းကြီးဥပမာ | ၅၅-၅၇ |
| ခြိမ်းခြောက်ခြင်း | ၂၇၄ |
| ခြိမ်းခြောက်ယူခြင်း | ၈၄ |
| ခွေးခါးကျိုးညဏ်စမ်း | ၆၃ |
| ခွေးရူးဆေး | ၁၈၉-၅၅၇ |
| ခွေးမြီးဥပမာ | ၂၁၅ |
| ခွေးသတ်သမားညဏ် | ၂၇၆ |
| **[ဂ]** | |
| (က) ဂတိသမ္ပတ္တိ | ၃၈၆ |
| ဂမန်-ပုဒ် ရှင်းချက် | ၂၈၉ |
| ဂရုစိုက်မှုသိသည် | ၂၇၃ |
| ဂါထာရွတ်နည်း | ၅၄၈ |
| ဂိဟိဝိနယကျမ်း | ၃၂၃ |
| ဂူဥပမာ | ၂၈၈ |
| ဂုံ-ပုဒ် ရှင်းချက် | ၂၈၉ |
| ဂုဏ်သိန်သိက္ခာထိန်းသိမ်းရာ | ၃၂၄ |
| ဂုန်းတိုက်ခြင်း | ၉၆ |
| ဂုန်းစကား | ၉၆ |
| **[င]** | |
| ငန်းနှင့်ငဆွံ့ | ၃၄၃ |
| ငါ့ဆရာတရားစွဲပုံများ | ၂၆၈ |
| ငါးပါးသီလဆောက်တည်ပုံ | ၂၉၉ |
| ငါးပါးသီလတည်မြဲခြင်း | ၂၉၈ |
| ငါးပါးသီလထေရ် | ၃၀၁ |
| ငါးပါးသီလနိဗ္ဗာန်ရ | ၃၀၁ |
| ငါးပါးသီလသရုပ် | ၂၉၈ |
| ငါးများချိတ်မိပြီးငါး | ၂၆၇ |
| ငါးရာ့နှစ်ဆယ်-ရှစ်သွယ်မေတ္တာ | ၅၇၅ |
| ငွေကြေးမိမိကိုယ်ကိုလိမ်ပုံ | ၂၄၄ |
| ငွေကြေးမှုဆိုးကြီးများ | ၂၄၄ |
| ငွေကြေးလိမ်ခြင်း | ၂၄၁-၃ |
| ငွေကြေးကိုအကျိုးရှိစွာ-သုံးစွဲပါ | ၂၄၅ |
| ငွေရှင်ကြီးများလိမ်ပုံ | ၂၄၆ |
| ငေါ့လုံး | ၉၇ |
| **[စ]** | |
| စကြာယာဉ်ဥပမာ | ၅၄၄ |
| စကြာယာဉ်တော် | ၈ |
| စပါးနှင့်ပဲလိမ်ယူပုံ | ၂၄၇ |
| စစ်မှန်စွာအကျိုးရသော-အလုပ် | ၂၅၃-၄ |
| စဏ္ဍိက္ကလက္ခဏာ-(ကြမ်းတမ်းသဘော) | ၂၀၀ |
| စန္ဒဂုတ္တမင်းဝတ္ထုကျဉ်း | ၃၉၂ |
| စာဏကျနီတိအဆို | ၁၁၉ |
| စာကျက်ရရန်နည်း | ၄၁ |
| စာရိတ္တသီလ | ၃၂၀ |
| စာဟောဆရာ | ၁၀၀ |
| ၁၄။ စုဒ္ဒသမအပိုင်း | ၅၃၅ |
| စူဠကောကာလိက | ၂၃၃ |
| စူဠသုဘဒ္ဒါ | ၁၂၅-၆ |
| စူဠသောတာပန် | ၅၉၊၃၅၄၊၃၆၀ |
| စေတသိကသဘောတရား | ၄၆ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| စေတောခိလယ်ယုံမှားမှု | ၂၂၁ |
| စိဋ္ဌမာန | ၁၀၉ |
| စိရကာလဘာဝနာ | ၄၄၉ |
| စီးပွားချမ်းသာထိန်းသိမ်းရာ | ၃၂၄ |
| စက်တော်ခေါ်ခြင်း | ၈ |
| စက္ခုံဥဒပါဒိတရားထူး | ၂၇၀ |
| စင်ကြယ်မှုသိရန်နည်း | ၂၇၃ |
| စမ်းသပ်နည်းများ | ၂၇၃ |
| စိတ်ကူးရှုလိမ်ခြင်း | ၂၅၉ |
| စိတ်ကူးယဉ်ကိုယ်တော်-ဝတ္ထု | ၂၆၂ |
| စိတ္တာနုပဿနာပွားနည်း | ၅၂၄ |
| စိတ်ကိုစောင့်ထိန်းရမည် | ၂၆၃ |
| စိတ်ကျန်းမာခြင်း | ၇၁ |
| စိတ်ကျန်းမာရေးလင်္ကာ | ၁၁၁ |
| စိတ်ချင်းမတူကွာခြားသူ | ၃၂၉ |
| စိတ္တသူကြွယ် | ၉၇-၉၈ |
| စိတ်တည်မှုပညာရှိ | ၃၁၉-၃၂၀ |
| စိတ်ရောဂါရှစ်မျိုး | ၁၁၂-၄ |
| စိတ်ရောဂါရှိမရှိ-စစ်ဆေးကြည့် | ၁၁၄ |
| စိတ်သဘောတရား | ၄၆ |
| စိတ်သည်မကောင်းမှုမှာ-ပျော်သည် | ၂၆၅ |
| စိမ်ရည်များ | ၈၉ |
| **စုတိစိတ်ကျဂါထာ** | **၅၄၇** |
| စောင့်ရှောက်သီလ | ၇၇ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| စောင်းမြောင်းခြင်း | ၉၇ |
| စွဲပြုကျိုးနဲ့အဓိပ္ပာယ် | ၁၂၀ |
| စွဲလန်းခြင်းဥပါဒါန် | ၁၂၂ |
| [ဆ] | |
| ဆရာကိုအကဲခတ်ပါ | ၂၇၁ |
| ဆရာကြီးဦးလှမောင်၏-ဂါထာ | ၅၄၈ |
| ဆရာညာများ | ၂၆၆ |
| ဆရာဒကာသတိပြုပါ | ၃၄၃ |
| ဆရာမှုဆိုး | ၂၆၆ |
| ဆရာတော်ဦးဗုမ် | ၃၂၃ |
| ဆရာနှင့်တပည့်သတိရှိ | ၃၃၄ |
| ဆရာလိမ် | ၂၆၆ |
| ဆရာလိမ်ပြေးဆရာလေး | ၂၇၂ |
| ဆာဂျေအေမောင်ကြီး | ၁၃ |
| ဆရာဘုန်းကြီးဝတ်-ခြောက်ပါး | ၃၄၁ |
| ဆရာဘုန်းကြီးဝတ်လင်္ကာ | ၃၄၃ |
| ဆရာ့မေတ္တာ | ၃၇၄ |
| ဆရာ့လက်ဆုပ်ရှင်းချက် | ၃၃၃ |
| ဆရာ့ဝတ်ငါးပါး | ၃၃၃ |
| ဆရာ့ဝတ်ဆောင်ပုဒ် | ၃၃၄ |
| ဆာလောင်မှုဒဏ် | ၇၇ |
| ဆီ | ၁၀၀ |
| ဆီမီးဥပမာ | ၁၇၉ |
| ဆီမီးခွက် | ၁၀၀ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| ဆီမီးခွက်ပုံ | ၁၇၉ |
| ဆီသည်ရဟန်းလူထွက် | ၇ |
| ဆုငွေရလျှင်ဆင်ခြင်ရန် | ၂၄၄ |
| ဆင်္ဃအပိုင်း | ၁၉၁ |
| ဆဒ္ဒန္တဇာတ်(အကျဉ်း) | ၁၂၅-၆ |
| ဆန္ဒနှင့်လောဘအထူး | ၁၉၇ |
| ဆန်းကြယ်သောလောက | ၂၇၇ |
| ဆန့်ကျင်ပြုမှု | ၁၅၁ |
| ဆေးခြောက် | ၉၀ |
| ဆေးညွှန်ဥပမာ | ၃၉ |
| ဆေးလိပ်သောက်ခြင်း | ၁၂၁ |
| ဆေးဝါးမှီဝဲ(ရှင်းချက်) | ၁၄၂ |
| ဆေးဝါးသင့်လျော်မှု | ၇၆ |
| ဆင်ခြေပေး၍- အံချိန်ကိုလိမ်ခြင်း | ၂၅၉ |
| ဆင်မိဖုရားကလေး | ၁၂၅ |
| ဆင်ဝန်ကတော်- ကြောင့်ကြပုံ | ၁၂၃ |
| ဆင်ဝန်ကြီး | ၁၂၃ |
| ဆင်းရဲကြရပုံ | ၁၈၅ |
| ဆင်းရဲခြင်းအကြောင်း | ၈၄ |
| ဆင်းရဲဒုက္ခသင်္ခတ | ၄၈ |
| ဆင်းရဲမှုဒုက္ခ | ၁၈၄ |
| ဆင့်ပွားမေတ္တာ | ၄၃၇ |
| ဆပ်ပြာဗူးဗောင်း(ဥပမာ) | ၃၉ |
| ဆုတ်နစ်ဒေါသ | ၁၂၀ |
| ဆုံမညြဝါဒပေးပုံ | ၃၃၂ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| ဆွေးနွေးကြည့်မှသိသည် | ၂၇၃ |
| ဆွမ်းလှူကြွက်စား | ၂၇၀ |
| [ဇ-ည] | |
| ဇနီးရွေးချယ်နည်း | ၃၂၇ |
| ဇဝေဇဝါအမှန်းလောက် | ၂၇၅ |
| ဇာတိဿရဉာဏ် | ၂၉ |
| ဇီဝကပညာသင်ယူနည်း | ၃၃၂ |
| ဇွဲလုံ့လထားပါ | ၂၂ |
| ဉာဏာဘိဝံသဓမ္မသေနာပတိ- ရာဇာဓိရာဇဂုရု | ၁၁ |
| ဉာဏ်စမ်းများ | ၆၂၊၆၃၊၆၄ |
| ဉာဏ်စမ်းသံပေါက် | ၆၂ |
| ဉာဏ်သိခြင်း | ၃၀၆ |
| ညာသည့်လက်နက်များ | ၂၇၄ |
| ညီအစ်ကိုအမည်ဘာလဲ | ၆၂ |
| ညစ်နွမ်းသည့်သရဏဂုံ | ၂၉၆ |
| ညှဉ်းဆဲခြင်း | ၈၂ |
| ညွတ်ကွင်းကို- ဖုံးထားတတ်သည် | ၂၇၅ |
| ညွတ်ကွင်းမိပြီးငှက် | ၂၆၇ |
| ညွှန်ကြားသ်လ | ၃၂၀ |
| [တ] | |
| တဦးခေါင်းတပည | ၂၄၅ |
| တရားချိန်ခွင် | ၂၉၉ |
| တရားပွဲစား | ၂၆၆ |
| တရားပွားသူတို့- ရှိရမည့်အင်္ဂါ | ၅၃၈ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| တရားသိမှုနိဗ္ဗာန်ရ | ၃၁၉-၃၂၀ |
| တခုပျက်တခုဖြစ်(သဘော) | ၁၇၉ |
| တရားမသိရသော- ဘုရားတပည့် | ၂၂၁ |
| တရားရတနာအကြောင်း | ၂၈၆ |
| တရားတော်သရဏဖြစ်ပုံ | ၂၈၆ |
| တဒင်္ဂပဟာန် | ၂၈၄ |
| တရားဂုဏ်ခြောက်ပါး | ၅၅၉ |
| တစ္ဆေသရဲနိုင်ဂါထာ | ၅၄၇ |
| တဏှာ | ၁၉၉ |
| တပါးစီသီလယူပုံ | ၂၉၉ |
| တပည့်ဆရာသတိရှိပါ | ၃၃၄ |
| တပည့်ဝတ်ဆောင်ပုဒ် | ၃၃၃ |
| တပည့်ဝတ္တရားငါးပါး | ၃၃၁ |
| တပည့်သားကောင် | ၂၆၆ |
| တပေါင်းတည်းသီလယူပုံ | ၂၉၉ |
| တရားအစွဲချွတ်ရန်ခက်ပုံ | ၂၆၇ |
| တရားအရောင်ဆိုးပုံ | ၂၆၇ |
| တရားဥပါဒါန် | ၂၆၈ |
| တရားအောင်သွယ် | ၂၆၆ |
| တရားကိုစိစစ်ကြည့်ပါ | ၂၇၁ |
| တရားကိုလိမ်ညာခြင်း | ၂၆၈ |
| တရားစစ်ရှာပါ | ၂၆၉ |
| တရားဆာသူများ | ၂၆၆ |
| တရားတိုက်ပွဲဝင်ကြပုံ | ၂၆၈ |
| တရားဒလံ | ၂၆၆ |
| တရားပြစားသူ | ၂၇၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| တရားပြဆရာကိုယ်ကျိုးရှာ | ၂၆၇ |
| တရားမှားစွဲဘဝစဲ | ၂၇၀ |
| တရားရှာသူများ | ၂၆၆ |
| တရားလှူညာများ | ၂၆၆ |
| တရားလိမ်ခြင်း | ၂၄၁ |
| တရားအသစ်ဟောပါ | ၃၄၁-၂ |
| တရုတ်ပြေးမင်း | ၁၁၆ |
| တရုတ်ပြည်ထိုးစိ- အိမ်ထောင်ရန် | ၃၂၇ |
| တပည့်အမှား ဆရာမတားပုံ | ၂၆၈ |
| တမာပင်များကခါးရပုံ | ၂၁၀ |
| တဏှာကြောင့်ဒုက္ခဖြစ်ပုံ | ၄၉ |
| တနင်းလာသားညီအစ်ကို- (ဉာဏ်စမ်း) | ၆၂ |
| တတိယအပိုင်း | ၆၉ |
| တာဝန်ကျေခြင်း- အကျိုးလင်္ကာ | ၃၁၉ |
| တိရစ္ဆာန်ကိုညှဉ်းဆဲခြင်း | ၈၂ |
| တိရစ္ဆာန်သတ်ခြင်း | ၈၂ |
| တိကောင်တွင်းမှာ- သံချိတ်သွင်း | ၂၇၆ |
| တုရှုပြဟ္မာ | ၂၃၄ |
| န္တုလေးချက် (မေတ္တာ) | ၁၄၇ |
| တေရသမအပိုင်း | ၄၅၅ |
| တံငါသည် | ၂၇၆ |
| တံခွန်ဥပမာ | ၂၁၃ |
| တံလျှပ်ရေထင်သည့်ရွှေသမင် | ၂၀၉ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| တားမြစ်သီလ | ၃၂၀ |
| တည်အိုးဘဝမှ-<br>လိုက်အိုးမဖြစ်ရလို | ၂၁၁ |
| တန်ခိုးကြီးခြင်း | ၂၉၀ |
| တန်ခိုးရှင်မေတ္တာ | ၃၇၅ |
| တပ်မက်မှု | ၁၂၂ |
| တိုက်ပွဲဖြစ်တတ်ပုံ | ၁၇၁ |
| တိုက်တွန်းနှိုးဆော်ခြင်း | ၄၀၅ |
| တိုင်းရေးပြည်ရေးဆင်ခြင် | ၂၆၁ |
| တောင်းဥပမာ | ၂၀၈ |
| တောင်းပန်းလွှာ | ၅၅၂ |
| တောင်းပန်ကဗျာ | ၅၅၃ |
| တောင်သူကြီးများ-<br>အလိမ်ခံရပုံ | ၂၄၆ |
| တွေးရှုမရမေ့လျော့ခြင်း | ၁၂၇ |
| တွေးကြောက်ခြင်းအပြစ် | ၁၁၉ |
| တွေဝေမှုအပြစ် | ၁၃၆ |
| [ထ] | |
| ထခင်းပွဲရွှေ့ရောက်ဥပမာ | ၄၂၃ |
| ထိနအဓိပ္ပာယ် | ၂၂၁ |
| ထိနမိဒ္ဓအပြစ်များ | ၂၂၃ |
| ထိနလက္ခဏာ | ၂၂၂ |
| ထီပေါက်စလူသား | ၁၄-၁၆ |
| ထေ့လုံးစကား | ၉၇ |
| ထိန်းသိမ်းစောင့်ရှောက်ပါ | ၃၃၈ |
| ထိမ်းမြားပေ (ရှင်းချက်) | ၃၂၇ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ထိုင်းမှုထိန | ၂၂၁ |
| ထိုင်းမှုအဓိပ္ပာယ် | ၂၂၂ |
| ထောက်ထားဖွယ်-<br>ပြောခြင်း | ၂၇၄-၅ |
| ထောင်ထမင်းဟင်း | ၁၈ |
| ထောင်မှလွတ်ကင်းစ | ၁၇ |
| ထွက်ရာလမ်း | ၂၈ |
| ထွက်ရာလမ်းစဉ်လင်္ကာ | ၃၂-၆၆ |
| [ဒ] | |
| ဒက္ခိဏေယျသရဏဂုံ | ၂၉၆ |
| ဒကာဆရာသတိပြုပါ | ၃၄၃ |
| ၁-ဒါနပါရမီ | ၄၁၃ |
| ဒါနပြုရန်ဟောပုံ | ၂၀၃ |
| ဒါနဝိနိဗန္ဓတရား ၄-ပါး | ၄၁၅ |
| ဒါယကာဝတ္တရားငါးပါး | ၃၄၀ |
| ဒါယကာဝတ်ဆောင်ပုဒ် | ၃၄၂ |
| ဒိဋ္ဌမင်္ဂလာ | ၃၀၂ |
| ဒိဋ္ဌိအစွဲ | ၂၆၇ |
| ဒိဋ္ဌိအဓိပ္ပာယ် | ၂၀၈ |
| ဒိဋ္ဌိအမြင်မှားပုံ | ၂၀၉ |
| ဒိဋ္ဌိ၏အပြစ်များ | ၂၀၉ |
| ဒိဋ္ဌိလက္ခဏာ | ၂၀၈ |
| ဒိဋ္ဌိနှင့်မာန | ၂၁၄ |
| ဒိဋ္ဌုပါဒါန် | ၂၆၇ |
| ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ | ၁၈၂ |
| ဒီဃာဝုဇာတ်ကျဉ်း | ၃၇၉ |
| ဒီပဇာလဆီမီး(ဥပမာ) | ၁၇၉ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ဒီမိုကရေစီပြိုင်ပွဲ | ၁၇၂ |
| ဒုက္ခချုပ်ကြောင်းတရား | ၄၈ |
| ဒုက္ခဆင်းရဲကင်းပြတ်ခြင်း | ၂၉၀ |
| ဒုက္ခနိရောဓအဓိပ္ပာယ် | ၄၃ |
| ဒုက္ခနိရောဓဂါမိနီပဋိပဒါ- (အဓိပ္ပာယ်) | ၄၃ |
| ဒုက္ခဖြစ်ကြောင်းတရား | ၄၈ |
| ဒုက္ခသမုဒယ | ၄၃ |
| ဒုက္ခသစ္စာ(အဓိပ္ပာယ်) | ၄၃ |
| ဒုစရိုက်အဓိပ္ပာယ် | ၁၃၁ |
| ဒုစရိုက်အားလုံးသူရာဖုံး | ၉၁ |
| ဒုစရိုက်များ | ၈၃-၁၀၄ |
| ဒုမ္မန | ၂၀၄ |
| ဒုဿီလအဓိပ္ပာယ် | ၂၃၄ |
| ဒေဝဒတ် | ၁၆၇-၁၈၉ |
| ဒေဝဒတ်ဆရာ | ၃၃၁ |
| ဒေဝဒတ်နှင့်ဘုရားရှင် | ၁၅၈ |
| ဒေဝဒတ်ရဟန်း | ၂၇၁ |
| ဒေဝဒတ်ဝတ္ထု | ၂၀၁ |
| ဒေါမနဿ | ၂၀၄ |
| ဒေါသအဓိပ္ပာယ် | ၂၀၀ |
| ဒေါသအပြစ်များ | ၂၀၁ |
| ဒေါသ၏အမည်များ | ၂၀၃ |
| ဒေါသ၏လက္ခဏာ | ၂၀၀ |
| ဒေါသမထားခြင်း | ၁၆၅ |
| ဒွိင်းမြားဥပမာ | ၂၈၈ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ၁၂-ဒွါဒသမအပိုင်း | ၄၀၇ |
| ဒွေဠ္ဌကယုံမှားမှု | ၂၂၁ |
| [ဓ] | |
| ဓနုရှင်သဘောထား | ၂၄၆ |
| ဓမ္မအဓမ္မငြင်းခုံပွဲ | ၂၆၀ |
| ဓမ္မတရားတော်မေတ္တာ | ၃၇၃ |
| ဓမ္မဓဇဇာတ် | ၉၂ |
| ၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင် | ၄၇၁ |
| ဓမ္မဝိစယလက္ခဏာ | ၄၇၁ |
| ဓမ္မာနုပဿနာပွားနည်း | ၄၂၄ |
| [န] | |
| နဂါးကျစ်တွင်း(ဥပမာ) | ၉၃ |
| နဂါးပွက်အိုင် | ၉၃ |
| နဒီသောတ-မြစ်ရေလျှင် | ၁၇၉ |
| နန္ဒိ | ၂၀၀ |
| နမောတဿကွန့်ခြာ | ၅၆၂ |
| နရသီဟပတေ့မင်း | ၁၁၆ |
| နာဂဒါသမင်း | ၃၃၁ |
| နာဠာဂိရိ | ၁၀၉ |
| နာဠာဂိရိဆင် | ၁၆၇ |
| နိဂုံးလင်္ကာ | ၅၅၄ |
| နိဒါန်းသုံးဆယ့်သုံးစောင် | ၅၄၂ |
| နိဗ္ဗာန်နှင့်လောဘ | ၁၉၇ |
| (င)နိဗ္ဗာန်ရနိုင်ခြင်း | ၄၆၅ |
| နိဗ္ဗာန်ရသည့်သီလ | ၃၀၁ |
| နိဗ္ဗာန်သရဏဖြစ်ပုံ | ၂၀၆ |
| နိဗ္ဗိဒါဉာဏ် | ၄၀၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| နိရဝသေသဘာဝနာ | ၄၄၉ |
| နိရုတ္တရဘာဝနာ | ၄၄၉ |
| နိရောဓသစ္စာ(အဓိပ္ပာယ်) | ၄၃ |
| နိရောဓသမာပတ်အဓိဋ္ဌာန် | ၄၃၃ |
| နိရောဓသစ္စာတရားကိုယ် | ၅၂ |
| နိဝရဏအဓိပ္ပာယ် | ၂၂၀ |
| နူနာအခြောက်၊အစို | ၁၂၀ |
| နေ(ဥပမာ) | ၄၀ |
| နေထိုင်ရေးခက်ခဲသူ | ၅ |
| နေမင်း၏အလင်း | ၄ |
| (၃)နေက္ခမ္မပါရမီ | ၄၂၁ |
| နေရာသင့်လျော်မှု | ၇၆ |
| နေ့ညမခြားထွန်းလင်းသည့် ဘုရားတန်ခိုး | ၄ |
| နက်လှစွာသောချောက် | ၅၅-၅၇ |
| နက်ရှိုင်းလှသောသီလ | ၅၁ |
| နှစ်မျောမေ့လျော့ခြင်း | ၁၂၇ |
| နတ်ထံတင်ရာ | ၃၄၁-၃၄၂ |
| နတ်များမေတ္တာ | ၃၇၅ |
| နတ်သက်လူသက် | ၃၀ |
| နန်းကျဘုရင် | ၈ |
| နန်းကျဘုရင်ဘဝ | ၅ |
| နန်းတက်ဘုရင် | ၂၀ |
| နှစ်ဘက်ရ(ဥဘတောဗျည်း) | ၈၈ |
| နှမ်းပျစ်မုန့် | ၉၈ |
| နောက်တိုးလူရှင်တော် | ၁၆ |
| နောင်တရမှုအဓိပ္ပာယ် | ၂၃၀ |
| နောင်တရမှုဝတ္ထု | ၂၃၂ |
| နှိုင်းစာသည့်ထုံးစံ | ၁၅၉ |
| [ပ] | |
| ပကတိသာဝကဗောဓိ | ၄၁၁ |
| ပစ္စုပ္ပန်အခြေကြည့် | ၃၂၈ |
| ပစ္စေကဗောဓိ | ၄၁၁ |
| ပစ္စည်းအပ်ပါ | ၃၃၆ |
| ပစ္စည်းရရန်နည်း | ၁၂၈ |
| ပစ္ဆာနုရက္ခဏာသစ္စာ | ၄၂၉ |
| ပဇင်းလူထွက် | ၁၄၊၁၉ |
| ပညာကိုမှန်စွာသုံး | ၂၄၉ |
| ပညာချာသူ | ၃၂၈ |
| ပညာနှင့်မီးတူပုံ | ၄၈၁ |
| ပညာဉ်လိမ်ညာ | ၂၄၇ |
| ပညာပါရမီ | ၄၂၃ |
| ပညာဖြစ်ကြောင်းလင်္ကာ | ၄၈၂ |
| ပညာမချိ | ၁၅၂ |
| ပညာရတနာအိုး | ၂၄၅ |
| ပညာရတနာလိမ်တင်စွာ | ၂၄၅ |
| ပညာရွှေအိုးလူမခိုး | ၂၄၅ |
| ပညာရရန်နည်း | ၁၂၈ |
| ပညာရှိခေါင်းဆောင် | ၁၃၃ |
| ပညာရှိမှတရားသိ | ၃၁၉၊၃၂၀ |
| ပညာရှိများအဖြစ်များ | ၂၄၈ |
| ပညာရှိကိုလိမ်မရ | ၁၃၃-၅ |
| ပညာရှိသတိဖြစ်ခဲ | ၂၄၈ |
| ပညာရှိသားသမီး | ၃၂၃ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ပညာရှင်တို့ကျင့်စဉ် | ၂၄၇ |
| ပညာရှင်အမှား | ၂၄၈ |
| ပညာသိရန်နည်း | ၂၇၃ |
| ပဋိဃ(ဒေါသ) | ၂၀၃ |
| ပဋိပဿဒ္ဓိပဟာန် | ၂၉၅ |
| ပဋိသင်္ခါဉာဏ် | ၄၀၂ |
| ပထမသင်္ဂါယနာဒကာ | ၂၇၀ |
| ပဒုမငရဲကျသူ | ၂၃၅ |
| ပဒုမာကြာဥပါသကာ | ၃၁၅ |
| ပဓာနိယင်္ဂတရားငါးပါး | ၅၃၅ |
| ပမာဒ | ၂၀၉ |
| ပမာဒတရား | ၁၃၀ |
| ပမာဒဖြစ်လာပုံ | ၈၀ |
| ပမာဒလင်္ကာ | ၁၃၁ |
| ပရမ(အဓိပ္ပာယ်) | ၃၇၊၃၉ |
| ပရမတ္ထသံသာ | ၂၉၇ |
| ပရမတ္ထသစ္စာ | ၃၅၊၃၇ |
| ပရမတ္ထသစ္စာ၏- အကြောင်းရင်း | ၄၀၊၄၁ |
| ပရမတ္ထဘရားလေးပါး | ၄၀ |
| ပယောဂသမ္ပတ္တိ | ၃၈၁ |
| ပရာမာသ | ၂၁၂ |
| ပရိကံ | ၄၀၂ |
| ပဝိစသသဘော | ၄၇၂ |
| ပဿဒ္ဓိဖြစ်ကြောင်း | ၄[illegible]၆ |
| ပဿဒ္ဓိလက္ခဏာ | ၄၈၆ |
| ပဿဒ္ဓိသမ္မောဇ္ဈင် | ၄၈၅ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ပါဏာတိပါတ | ၉၁ |
| ပါဏာတိပါတ၏အပြစ် | ၉၃ |
| ပါဏာတိပါတရှောင်ကျိုး | ၉၃ |
| ပါရမီဆယ်ပါး | ၄၁၀ |
| ပါရမီဖြည့်ရခြင်း | ၄၀၈ |
| ပါရမီမြဲယှဉ် | ၆၆-၆၇ |
| ပါရမီအကျိုးတရား | ၄၅၀ |
| ပါရမီနိဂုံး | ၄၄၂ |
| ပါရမီဖြည့်နည်းလေးမျိုး | ၄၄၉ |
| ပါသုံးပါရှင်းချက် | ၃၂၉ |
| ပိသုဏာဝါစာအပြစ် | ၈၆ |
| ပိသုဏာဝါစာစောင့်ပုံ | ၈၇ |
| ပိသုဏာဝါစာရှောင်ကျိုး | ၈၆ |
| ပုဂံမင်း | ၁၂ |
| ပုထုဇဉ်ညံ့တို့သဘော | ၁၅၅–၁၆၀ |
| ပုထုဇဉ်နှစ်မျိုး | ၅၅ |
| ပုဂ္ဂိုလ်ထူးကြီး | ၂၉၆ |
| ပုထုဇဉ်သိ | ၅၂-၅၃ |
| ပုသုဇဉ်သိအကျိုး | ၅၈ |
| ပုဏ္ဍရိက်ကြာ | ၃၁၅ |
| ပဲတခွဲဖြင့် လယ်တပွဲသိမ်း | ၂၄၇ |
| ပေမ-ချစ်ခြင်း | ၂၀၀ |
| ပီတိဖြစ်ကြောင်း | ၄၈၀ |
| ပီတိဖြစ်ကြောင်းလင်္ကာ | ၄၈၅ |
| ပီတိလက္ခဏာ | ၄၈၀ |
| ပီတိသမ္မောဇ္ဈင် | ၄၉၈ |
| ပေးကမ်းချီးမြှင့် | ၃၄၄ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ပေါ့ဆစွာတွေးခြင်း- | |
| အပြစ် | ၁၃၃-၅ |
| ပေါ့ဆတတ်သူ | ၁၃၅ |
| ပေါ့ဆထင်တွေး | ၁၃၂ |
| ပေါ့ဆမေ့လျော့ခြင်း | ၁၃၀ |
| ပေါ့ဆမှုလင်္ကာ | ၁၃၁ |
| ပေါ့ဆသည့်ခေါင်းဆောင် | ၁၃၃ |
| ပင်စင်အငြိမ်းစားပညာ | ၂၄၉ |
| ပင်စင်အငြိမ်းစားပျော်ပုံ | ၂၃ |
| ပင်စင်အငြိမ်းစားဘဝ | ၁-၉ |
| ပင်စင်စားဘဝစိစစ်ခြင်း | ၅ |
| ပင်စင်စားအရွယ် | ၂၆၆ |
| ပင်စင်စားတရားဆာပုံ | ၂၆၆ |
| ပင်စင့်စားဘဝ | ၃၁ |
| ပင်ပန်းမှုဒဏ် | ၇၃ |
| ပတ်ဝန်းကျင်မှရောဂါ | ၂၄၂ |
| ပန်းလှူကြွက်သိုက် | ၂၇၀ |
| ပိတ်ဖြူဆရာ | ၂၇၁ |
| ပိုကာကစားခြင်း | ၁၂၁ |
| ပိုးဖလံမျိုးမီးကိုတိုး | ၂၃၅ |
| ပိုက်ထဲဝင်ပြီးသားကောင် | ၂၆၇ |
| ပေါင်းကြည့်မှသိ | ၂၇၃ |
| ပွဲအမျိုးမျိုးကြည့်ခြင်း | ၁၂၁ |
| ပွဲတော်တည်ခြင်း | ၈ |
| ပျော့ကွက်ကိုနှိုက်ပုံ | ၂၄၇ |
| ပျော်ပုံတော်ဖွဲ့လေးဆစ် | ၂၀ |
| ပျော်ပွဲရှင်ပွဲကြည့်မှု | ၂၆၄ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ပျော်ရှင်သူခြောက်ဦး | ၁၄ |
| ပျက်စီးနှစ်ခိုက် | ၁၅၂ |
| ပျက်သောသရဏဂုံ | ၂၉၇ |
| ပျင်းရိအခိပ္ပာယ် | ၂၂၂-၃ |
| ပျင်းရိချေအခိပ္ပာယ် | ၁၃၇ |
| ပျင်းသူဆင်ခြေများ | ၁၃၈ |
| ပြန်စောင့်မှုသစ္စာ | ၄၂၈ |
| ပြာပုံတုတ်ရိုက် | ၂၁၆ |
| ပြန်ဖြစ်သည့်သတ္တဝါ | ၃၁၀ |
| ပြောင်းလဲမှုအစဉ် | ၁၇၈ |
| ပြိုင်ဆိုင်ရာမှုရန်စ | ၁၇၁ |
| [ဖ] | |
| ဖရုသဝါစာ | ၉၇ |
| ဖရုသဝါစာထိန်းပုံ | ၉၈ |
| ဖဲရိုက်မှု | ၂၆၄ |
| ဖော်ကောင် | ၅၁ |
| ဖားကိုမြွေခဲပုံ | ၂၆၇ |
| ဖိုမချစ် | ၄၃၆ |
| ဖိုလ်လေးပါး | ၂၈၆ |
| ဖြေရှင်းချက်တလွှာ | ၅၃၈ |
| ဖြစ်ပျက်သဘော | ၁၇၈ |
| ဖြစ်ပြီးအကုသိုလ်ပယ်ရန် | ၃၉၅ |
| ဖြစ်ပြီးကုသိုလ်ပွားစေရန် | ၃၉၉ |
| [ဗ] | |
| ဗိမ္ဗိသာရမင်း | ၂၇၁-၃၃၀ |
| ဗုဒ္ဓအဘိဓမ္မာနှင့်မင်္ဂလာ | ၃၀၄ |
| ဗုဒ္ဓဘာသာဝင် | ၂၈၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ဗုဒ္ဓဘာသာဝင် အင်္ဂါများ | ၂၀၂ |
| ဗုဒ္ဓဘာသာအမျိုးမျိုး | ၃၁၄-၅ |
| ဗောဓိငါးမျိုး | ၄၁၁ |
| ဗောဓိနှင့်ပါရမီ | ၄၁၂ |
| ဗောဇ္ဈင်အကျိုး | ၄၅၉ |
| ဗောဇ္ဈင်အကျိုးလင်္ကာ | ၄၆၆ |
| ဗောဇ္ဈင်ခုနစ်ပါး | ၄၅၀ |
| ဗောဇ္ဈင်ခုနစ်ပါးလင်္ကာ | ၄၅၇ |
| ဗောဇ္ဈင်ပွားများနည်း | ၆၆-၅၀၀ |
| ဗောဓိမင်းသားနှင့်သရဏဂုံ | ၂၉၄ |
| ဗောဇ္ဈင်တရားပွားရခြင်း | ၄၅၇ |
| ဗောဇ္ဈင်ဖြစ်ပေါ်လာခြင်း | ၅၂၉ |
| ဗောဇ္ဈင်သဘောတရား | ၄၆၇ |
| ဗျာပါဒ | ၂၀၃ |
| ဗြဟ္မစရိယအဓိပ္ပာယ် | ၁၇၂ |
| ဗြဟ္မစိုရ်ပွား | ၁၇၂ |
| ဗြဟ္မာတရားမရသူ | ၂၃၄ |
| ဗြဟ္မာ့မေတ္တာ | ၃၇၆ |
| [ဘ] | |
| ဘခင်ကိုသတ်မိသူ | ၂၇၁ |
| ဘယ | ၂၀၃ |
| ဘယဉာဏ်, ဘင်္ဂဉာဏ် | ၄၀၁ |
| ဘီမသေနဇာတ်ကျဉ်း | ၃၇၇ |
| ဘီလူးလက္ခဏာ | ၁၃၄ |
| ဘီလူးများလိမ်ပုံ | ၁၃၄ |
| ဘုရားအနီးနေလျက်- တရားမရသူ | ၂၂၁ |
| ဘုရားအမည်ခံများ | ၃၁၃ |
| ဘုရားကိုစွန့်ပြေးသူ | ၂၂၀ |
| ဘုရား၏တန်ခိုး | ၄ |
| ဘုရားနှင့်ဒေဝဒတ် | ၂၀၂ |
| ဘုရားဂုဏ်ကိုးပါး | ၅၅၀ |
| ဘုရားစစ်ရှာစေတီကာ | ၂၆၉ |
| ဘုရားရတနာအကြောင်း | ၂၀၅ |
| ဘုရားရှိပုံရှင်းပြချက် | ၃၁၀ |
| ဘုရားရှင့်အနန္တမေတ္တာ | ၃၇၂ |
| ဘုရားရှင်တို့သဘော | ၃၂၂ |
| ဘုရားသရဏဖြစ်ပုံ | ၂၀၆ |
| ဘုရားချွတ်မရပုံ | ၂၁၀ |
| ဘုန်းကြီးပြိုင်ကိုးကွယ်ခြင်း | ၁၇၁ |
| ဘုန်းကြီးလူထွက် | ၆ |
| ဘုန်းကြီးဝတ္တရား | ၃၄၀ |
| ဘုန်းကြီးဝတ်ဆောင်ပုဒ် | ၃၄၃ |
| ဘေးရန်ကာဆီး | ၃၃၄ |
| ဘေးရန်ကင်းဂါထာ | ၅၄၇ |
| ဘေးဖြစ်လျှင်အားပေး | ၃၄၆-၈ |
| ဘေးဖြစ်မဖြစ် | ၃၄၇-၈ |
| ဘိန်း-မဇ္ဇ-မာဒဋ္ဌာန | ၉၀ |
| ဘိန်းဖြူ | ၉၀ |
| [မ] | |
| မကာင်းနိုင်၍လှူခြင်း | ၃၁၄ |
| မကောင်းကျိုး- ဖြစ်စေသောအလုပ် | ၂၅၃ |
| မကောင်းမှုမှာပျော်သည် | ၂၆၅ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| မကောင်းမြစ်တား | ၃၄၁-၂ |
| မကောင်းမြစ်တား | ၃၂၆ |
| မကြည့်တတ်တကျာ | ၁၀၀—၂၆၄ |
| မကြိုက်တိုးပွား | ၁၅၃ |
| မဂ်လေးပါးသရဏာ | ၂၈၆ |
| မဂ္ဂအဓိပ္ပာယ် | ၄၄-၅၀ |
| မဂ္ဂသစ္စာတရား | ၅၁ |
| မဂ္ဂင်ရှစ်ပါးတရား | ၄၉ |
| မဂ္ဂင်အဓိပ္ပာယ်၊ တရားကိုယ် | ၅၀ |
| မဂ္ဂင်ရှစ်ပါး | ၄၄ |
| မင်္ဂလာအတု | ၃၀၂-၃ |
| မင်္ဂလာစိစစ်ချက် | ၃၀၁-၄ |
| မဂ်တရားကိုရခြင်း | ၄၆၄ |
| မဂ်ဖိုလ်ဝိပဿနာမရှုရပုံ | ၁၇၇ |
| မစိုးပိုင်မှုအနတ္တ | ၁၈၅ |
| မစောင့်ချေမှု | ၁၅၃ |
| မဆိုင်ရာလုပ်ခြင်း | ၂၅၉-၂၆၄ |
| မငြီးငွေ့ရ | ၂၂ |
| မဇ္ဈပမာဒဋ္ဌာန | ၉၀ |
| မညနာ=မာန | ၂၁၆ |
| မစ္ဆရိယ | ၂၂၈ |
| မစ္ဆရိယအပြစ် | ၂၃၀ |
| မစ္ဆရိယငါးမျိုး | ၂၃၀ |
| မစ္ဆရိယလက္ခဏာ | ၂၂၉ |
| မပေးပဲယူခြင်း | ၈၄ |
| မဖြစ်သေးအကုသိုလ်တားရန် | ၃၉၇ |
| မဖြစ်သေးကုသိုလ်ဖြစ်ရန် | ၃၉၈ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| မမှန်ရှောင်သစ္စာ | ၄၂၈ |
| မတရားယူခြင်း | ၈၄ |
| မမြဲမှုအနိစ္စ | ၁၇၇ |
| မတန်မရာမသုံးရာ | ၂၄၄ |
| မထိလေးစားမပြုရ | ၃၃၆ |
| မနာလိုမှု | ၂၂၄-၅ |
| မနာလိုမှုအပြစ် | ၂၂၆ |
| မနာလိုသည့်ဘုန်းကြီး | ၂၂၆-၈ |
| မပျင်းရိရ | ၂၂ |
| မသေချာလမ်းလျှောက် | ၂၅၇ |
| မ ရှစ်လုံးသင်ယူနည်း | ၃၃၂ |
| မလျော်ရာလုပ်ခြင်း | ၂၆၅ |
| မဝနိုင်သည့်တရား | ၉၂ |
| မယားဆိုးလင် | ၄၈ |
| မယားဝတ္တရားငါးပါး | ၃၃၇ |
| မယားဝတ်ဆောင်ပုဒ် | ၃၃၈ |
| မယာဝတ်ကျေမှ- လင့်ဝတ်ကျေမည် | ၃၃၇ |
| မလိမ္မာတခါမိုက်စမြဲ | ၂၅၂ |
| မရောင်းဝယ်ရသည့်ကုန် | ၁၀၂ |
| မယှဉ်ပြိုင်ခြင်း | ၁၇၁ |
| မသိသူနှင့်သရဏဂုံ | ၂၉၅ |
| မရောင်းသင့်သည့်ပစ္စည်း | ၃၀၂ |
| မဟာကပိဇာတ်ကျဉ်း | ၄၄၃ |
| မဟာကပိဇာတ်နှင့်ပါရမီ | ၄၄၃ |
| မဟာကောကာလိက | ၂၃၃ |
| မဟာဆွေ့ဇာတ်လိုက် | ၆၆ |

| အကြွရာစဉ် | စာမျက်နှာ |
|---|---|
| မဟာဇနက္ကမင်းသား | ၂၀ |
| မဟာထေရ်ကြီး | ၃၂ |
| မဟာဓမ္မသင်္ကြံ | ၁၁ |
| မဟာမုဏ္ဍိကမင်း | ၃၃၁ |
| မဟာဝဇိရဝိပဿနာ | ၂၈၅ |
| မဟာသရဏဂုံဂါထာ | ၅၆၈ |
| မဟာသာဝကဗောဓိ | ၄၁၁ |
| မဟာသောတာပန် | ၆၀ |
| မဟောသဓာဝတ္ထုအကျဉ်း | ၃၇၆ |
| မဟုတ်ပဲစွပ်စွဲသူအပြစ် | ၂၃၅ |
| မဟုတ်မမှန်ပြောမှု | ၂၆၅ |
| မာနအဓိပ္ပာယ် | ၇၁-၂၁၂ |
| မာနအပြစ်များ | ၂၁၃ |
| မာနခွေးမြီးကျိုးမကြီး | ၂၁၅ |
| မာနထောင်လွှားပုံ | ၂၁၃ |
| မာနလက္ခဏာ | ၂၁၂ |
| မာနပယ်ခြင်းအကျိုး | ၂၁၃ |
| မာဖီးယား | ၈၀ |
| မာရ်နတ် | ၁၆၇-၁၈၉ |
| မာရ်စစ်သည်ဆယ်မျိုး | ၄၆၁ |
| မာရ်စစ်သည်ကိုနိုင်ခြင်း | ၄၆၀ |
| မာရ်မင်းအနှောင်အဖွဲ့ | ၂၆၃ |
| မိပြီးလွှတ်ရန်ခက်သည် | ၂၆၇ |
| မိမိကိုယ်ကိုသတ်ခြင်း | ၈၂ |
| မိမိပိုင်ဥစ္စာ | ၃၁၁ |
| မိမိသားကိုသတ်စားသူ | ၉၂ |
| မိရိုးဖလာဗုဒ္ဓဘာသာ | ၂၈၂ |
| မိသားစုချစ် | ၄၃၆ |
| မိစ္ဆာအဓိပ္ပာယ် | ၁၀၁ |
| မိစ္ဆာအာဇီဝ | ၈၀ |
| မိစ္ဆာကုန်ရောင်းဝယ်မှု | ၁၀၂ |
| မိစ္ဆာစာရ | ၈၆ |
| မိစ္ဆာစာရစိစစ်ချက် | ၈၇ |
| မိစ္ဆာဇီဝ | ၁၀၁ |
| မိစ္ဆာဇီဝအပြစ် | ၁၀၃ |
| မိစ္ဆာဇီဝရှောင်ကျိုး | ၁၀၃ |
| မိစ္ဆာဒိဋ္ဌိအမှားစွဲ | ၂၆၇ |
| မိစ္ဆာဒိဋ္ဌိရှောင်ပါဘိ | ၃၂၄ |
| မိစ္ဆာဝါဒစားသာကြ | ၂၁၁ |
| မိဒ္ဓအဓိပ္ပာယ် | ၂၂၂ |
| မိဒ္ဓလက္ခဏာ | ၂၂၂ |
| မိဘအမွေခံထိုက်စေ | ၃၂၄ |
| မိဘဝတ်ဆောင်ပုဒ် | ၃၂၉ |
| မိဘများသတိထား | ၃၃၀ |
| မိဘမေတ္တာ | ၃၇၄ |
| မိဘရှာပေးသည့်-အိမ်ထောင်ဖက် | ၃၂၇ |
| မိဘဝတ္တရားငါးပါး | ၃၂၅ |
| မိဘ၏ကောင်းမြတ်သည့်-အစဉ်အလာ | ၃၂၃ |
| မိဿကတောင် | ၆၄ |
| မိတ်ကောင်းရှိစေ | ၁၄၂ |
| မိတ်ဆွေကောင်းအင်္ဂါ | ၁၀၆ |
| မိတ်ဆွေကောင်းအကျိုး | ၁၀၅ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| မိတ်ဆွေပယ်ကွင်း | ၁၅၁ |
| မိတ်ဆွေလက္ခဏာ ၁၆ မျိုး | ၁၅၃ |
| မီးစာမီးတောက် | ၁၈၀ |
| မီးရောင်၊မီးရှိန် | ၁၈၀-၃ |
| မီးလောင်ခံရသူ | ၅၅၊၅၆ |
| မီးတောက်နှင့်လောင်စာ | ၂၄၄ |
| မီးလှူကြွက်လမ်းပြ | ၂၇၀ |
| မုဆိုးဉာဏ် | ၂၇၅ |
| မုတမင်္ဂလာ | ၃၀၃ |
| မုဒိတာ | ၁၇၃ |
| မုသာဝါဒအပြစ် | ၉၅ |
| မုသာဝါဒဆောက်တည်ပုံ | ၉၅ |
| မုသာဝိရမဏာသစ္စာ | ၄၂၉ |
| မုသာဝါဒ(အဓိပ္ပာယ်) | ၉၄ |
| မုဉ္စိတုကမျတာဉာဏ် | ၄၀၂ |
| မူရင်းမေတ္တာ | ၄၃၇ |
| မူလဋီကာဆုံးဖြတ်ချက် | ၉၁-၉၂ |
| မုဆိုးတံငါအစာ | ၂၆၇ |
| မူးယစ်စာသုံးမှု | ၂၆၅ |
| မေတ္တာ | ၁၇၂ |
| မေတ္တာအဓိပ္ပာယ် | ၄၃၆ |
| မေတ္တာ၏လက္ခဏာ | ၄၃၇ |
| မေတ္တာခံယူပုံ | ၃၇၀၊၅၇၀ |
| မေတ္တာအရင်းခံဌာန(၉) | ၃၇၁-၆ |
| မေတ္တာခံ-ပို့(အဓိပ္ပာယ်) | ၃၆၉ |
| မေတ္တာချစ်တဏှာချစ် | ၃၆၉ |
| မေတ္တာထားပါ | ၃၄၀ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| မေတ္တာပို့ပုံ | ၅၇၃ |
| မေတ္တာပို့ဝေနည်း | ၃၇၆ |
| (၉)မေတ္တာပါရမီ | ၄၃၅ |
| မေတ္တာပွားပုံ | ၁၇၃ |
| မေတ္တာသဘော | ၁၇၃ |
| မေတ္တာရပ်ခံချက် | ၂၇၇ |
| မေတ္တာသုံးမျိုး | ၄၃၈ |
| မေထုန်မှု(အဓိပ္ပာယ်) | ၈၆ |
| မေရယအဓိပ္ပာယ် | ၉၀ |
| မေရယအမျိုးမျိုး | ၈၉ |
| မေ့ခြင်းလေးမျိုးစိစစ်ချက် | ၁၃၂ |
| မေ့နေသူကို-စောင့်ရှောက်ခြင်း | ၃၄၆ |
| မေ့လျော့ပုံ(လေးမျိုး) | ၁၂၇ |
| မေ့လျော့ပေါ့ဆစိစစ်ချက် | ၁၃၀ |
| မေ့လျော့လင်္ကာ | ၁၃၁ |
| မေ့လျော့သည့်ဥစ္စာကို-စောင့်ရှောက်ခြင်း | ၃၄၆ |
| မင်းတုန်းမင်းသား | ၁၂ |
| မောဟအဓိပ္ပာယ် | ၂၀၅ |
| မောဟအပြစ်များ | ၂၀၆ |
| မောဟ၏အမည်တမျိုး | ၁၃၆ |
| မောဟလက္ခဏာ၊ ရသ | ၂၀၆ |
| မက်လုံးကိုပြောခြင်း | ၂၇၄-၅ |
| မောင်ကျော်တင် | ၁၈ |
| မောင်သက်ရှည် | ၁၀၅ |
| မောင်းထောင်သာသနာပိုင် | ၁၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| မိတ်ဆွေဝတ်ငါးပါး | ၃၄၄-၆ |
| မိန်းမလိုက်မှု | ၂၆၅ |
| မိန်းမမေ့ကျန်ခြင်း | ၁၂၉ |
| မိုးရွာခြင်းလက္ခဏာ | ၁၃၄ |
| မျက်ကန်းပုထုဇဉ် | ၅၅ |
| မျက်စိအကျင့်ဝမ်းအချင့် | ၂၆၁ |
| မျက်စိလွှဲကြည့် | ၁၅၀ |
| မျက်လှည့်ဥပမာ | ၃၉ |
| မျက်လှည့်ဆရာ | ၂၀၉ |
| မျောက်နှဲစေး | ၁၉၅ |
| မှာကြားချက်တစောင် | ၅၄၁ |
| မှားနေကြသည့်-<br>တရားဆရာများ | ၂၆၈ |
| မှားသောကုန်သွယ်မှု | ၈၀၊၃၀၁ |
| မှားယွင်းမကျင့်ရ | ၃၃၆ |
| မှားသည့်ကုန် | ၃၀၂ |
| မှန်ကန်စွာပညာသုံး | ၂၄၉ |
| မှန်ကန်သည့်အသုံး | ၂၄၉-၂၅၀ |
| မှန်ကန်သောအလင်းတရား | ၄၉ |
| မှန်ကန်သောရှင်ပြုပွဲ | ၂၉၁-၂ |
| မှန်စွာဆက်ဆံခြင်း | ၃၄၄-၅ |
| မှိုင်မှုအဓိပ္ပာယ် | ၂၂၂ |
| မှိုင်ငေးမှုအပြစ် | ၁၃၆ |
| မှိုင်ငေးတွေဝေ | ၁၃၆ |
| မျှမျှတတဝေငှပါ | ၃၃၇ |
| မျှမျှတတသုံးစွဲပါ | ၂၄၄ |
| မျှရမည့်ဣန္ဒြေ | ၄၇၇ |
| မြဝတီဆရာတော် | ၅၆၀ |
| မြန်မာ့ရိုးရာနည်းကိုးဖြာ | ၃၂၈ |
| မြတ်စွာဘုရား၏အလင်း | ၄ |
| မြန်မာလူမျိုးဘုရင်ခံ | ၁၃ |
| မွဲခြင်းအကြောင်းရင်း | ၈၄ |
| မြွေအဟန့်ဂါထာ | ၅၄၈ |
| မြွေခဲသည့်ဖား | ၂၆၇ |
| မြွေငန်းမြွေဟောက် | ၂၀၀ |
| [ယ] | |
| ယောဘုယျနည်း | ၁၀-၁၁ |
| ယစ်မျိုးအပြစ် | ၉၃-၉၄ |
| ယစ်မျိုးကုန် | ၃၀၂ |
| ယစ်မျိုးများ | ၉၀ |
| ယစ်မျိုးရောင်းမှု | ၁၀၂ |
| ယစ်မျိုးရှောင်ကျိုး | ၉၄ |
| ယဇ်ငယ်ကျိုးရှိသည် | ၃၁၀ |
| ယောကျ်ားကြိုးစား | ၆၅ |
| ယောကျ်ားမှန်က-<br>ကြိုးစားရ | ၂၂-၂၃ |
| ယောကျ်ားလူထူးများ | ၅-၁၄ |
| ယောကျ်ားတရားငါးပါး | ၂၃၅ |
| ယုံစေကြောင်းသစ္စာ | ၄၂၈ |
| ယုံမှားဖွယ်ရှစ်ဌာန | ၂၁၉ |
| ယုံမှားမှုအဓိပ္ပာယ် | ၂၁၈ |
| ယှဉ်ပြိုင်ရာမှုရန်စ | ၁၇၁ |
| [ရ] | |
| ရတနာဥပါသကာ | ၃၁၄ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ရတနာသုံးပါးအကျိုး | ၂၈၃ |
| ရတနာသိုက်အညွှန်း | ၃၉ |
| ရလေလိုလေ | ၂၄၄ |
| ရဟန်းပျင်းကလေးဝတ္ထု | ၂၂၃ |
| ရဟန်းများအဓိကရဏ်း | ၁၆၈ |
| ရဟန်းလူထွက်ဘဝ | ၅-၁၄ |
| ရဟန္တာ၏အလင်း | ၄ |
| ရဟန်းလူထွက်ဆိသည် | ၇ |
| ရဟန်းဝါရိတ္တသီလ | ၃၂၁ |
| ရာဂ | ၁၉၉ |
| ရိပုံအဓိပ္ပာယ် | ၂၂၃ |
| ရူးသွပ်ခြင်းတမျိုး | ၁၁၅ |
| ရေတွင်းတူးသူဥပမာ | ၃၀၈ |
| ရေနွေးပူလောင်ပုံ | ၅၄ |
| ရောဂါ | ၇၂ |
| ရောဂါပါသူ | ၃၂၈ |
| ရောဂါပျောက်ချင် | ၁၄၁ |
| ရောဂါပျောက်ခြင်း | ၄၅၉ |
| ရောဂါပျောက်သူ | ၄၀ |
| ရောဂါပျောက်နည်းလင်္ကာ | ၁၄၁ |
| ရည်မှန်းချက်ထားပါ | ၂၂ |
| ရန်အောင်နည်းအစစ် | ၁၆၂ |
| ရန်ငြိုးကဗျာ | ၁၆၁ |
| ရန်ငြိမ်းစေနည်း | ၁၆၃ |
| ရန်ဓာတ်ကိုပယ်ခွာခြင်း | ၁၄၇ |
| ရန်ဓာတ်နှစ်မျိုးခွဲပြခြင်း | ၁၄၇ |
| ရန်ဓာတ်ပယ်နည်း | ၁၆၄ |
| ရန်ဓာတ်ပယ်ရှင်းနည်း | ၁၆၂ |
| ရန်ဓာတ်ဖြစ်ရာဌာန | ၁၅၄ |
| ရန်ပွဲဖြစ်တတ်ပုံ | ၁၇၁ |
| ရန်မလိုမှရန်ပြုသည် | ၁၆၂ |
| ရန်မျိုးငါးပါး | ၈၅ |
| ရန်လိုလျှင်ရန်ပိုသည် | ၁၆၂ |
| ရန်သူအောင်းရာနယ် | ၁၅၄ |
| ရန်သူနှင့်ခွေးရူး | ၁၈၈-၉ |
| ရန်သူပေါင်းနေ | ၁၅၁ |
| ရန်သူဖြစ်ခြင်းအကြောင်း | ၁၆၀ |
| ရန်သူမဖျက်နိုင်ခြင်း | ၈၅ |
| ရန်သူဟုသိခြင်းအကျိုး | ၁၅၉ |
| ရုပ်ဖမ်းစက် | ၁၈၂ |
| ရုပ်ရှင်ကြည့်မှု | ၂၆၄ |
| ရုပ်သဘောတရား | ၄၇ |
| ရုန်းထွက်ရန်ခက်ပုံ | ၂၆၇ |
| ရိုသေစွာဖြည့်ခြင်း | ၄၄၉ |
| ရိုသေစွာသင်ယူပုံ | ၃၃၂ |
| ရိုးရာဗုဒ္ဓဘာသာ | ၂၈၂ |
| ရှေးကရှင်ပြုပုံ | ၂၉၂ |
| ရှေးကသာသနာ့ဒကာများ | ၃၁၅ |
| ရှေးပညာရှိများမေတ္တာပွားပုံ | ၁၇၄ |
| ရှင်ဘုရင်အသုံးဝေါဟာရ | ၈ |
| ရှင်ဘုရင်အစစ် | ၁၂ |
| ရှောင်လွှဲမတော် | ၁၄၂ |
| ရွှံတတ်သူဆရာတော် | ၁၂၄ |
| ရွှဲကုန်သည်ဝတ္ထု | ၁၉၈ |

| အက္ခရာစဥ် | စာမျက်နှာ |
|---|---|
| ရှုံးသူတို့သဘော | ၁၇၁ |
| ရွှေဥဒေါင်း၏ကျန်းမာရေး | ၇၄ |
| ရွှေစစ်နှင့်ရွှေတု | ၁၆၀ |
| ရွှေဘိုသားလက္ခဏာ | ၆၆-၆၇ |
| ရွှေဗျိုင်း | ၁၆ |
| [လ] | |
| လမင်း၏အလင်း | ၄ |
| လူကိုညှဥ်းဆဲခြင်း | ၈၂ |
| လူကြီးသိ | ၅၄ |
| လူညာ၏လက်နက် | ၂၇၄-၅ |
| လူတဦးပညာတခု | ၂၄၅ |
| လူထွက်ရဟန်း | ၅ |
| လူပါးများအကျိုးရှိ | ၂၄၅ |
| လူပျင်း | ၁၃၉ |
| လူပျင်းဆင်ခြေ | ၂၆၀-၁ |
| လူပျင်းဆင်ခြေလင်္ကာ | ၂၆၂ |
| လူဘဝတိုပုံ | ၂၈-၂၉ |
| လူမင်း၏အလင်း | ၄ |
| လူမိုက်အလိမ်ခံရ | ၁၃၃-၅ |
| လူမိုက်ခေါင်းဆောင် | ၁၃၃ |
| လူမိုက်များသည့်လောက | ၂၁၁ |
| လူများစုဝိုင်းပယ်ခံရ | ၂၇၀ |
| လူမျိုးမတူကွာခြားသူ | ၃၂၉ |
| လူရုပ်အကဲခတ်ယုံကြည်အပ် | ၂၇၂ |
| လူဝတ်ကြောင်တို့သီလ | ၃၂၁ |
| လူကိုသတ်ခြင်း | ၈၂ |
| လူကုန် | ၃၀၂ |

| အက္ခရာစဥ် | စာမျက်နှာ |
|---|---|
| လူရောင်းဝယ်မှု | ၁၀၂ |
| လူသူမရောက်ရာ | ၁၆ |
| လူသားတို့တရားချိန်ခွင် | ၂၉၉ |
| လူသားတို့စာရိတ္တသီလ | ၃၂၁ |
| လူသားတို့ဝါရိတ္တသီလ | ၃၂၁ |
| လူသားတို့၏ဘဝ | ၁ |
| လူသားတို့၏ထွက်ရာလမ်း | ၃၁ |
| လူသားဘဝနှင့်ပင်စင်စားဘဝ | ၃၁ |
| လူသက်နှတ်သက်နိုင်းယှဥ်ချက် | ၃၀ |
| လူ့လောက ကကြီးမှစရသူ | ၇ |
| လောဘတီမြရင် | ၂၂၉ |
| လေးကောင်ဂျင်ဥပမာ | ၃၂၈ |
| လေးနက်စွာတွေးခြင်း | ၁၃၃-၅ |
| လောကီတန်ခိုးပြသူ | ၂၇၁ |
| လောကီရေးရာမေတ္တာ | ၄၃၉ |
| လောဘ၏အပြစ် | ၁၉၇ |
| လောဘအဓိပ္ပာယ် | ၁၉၅ |
| လောဘ၏အမည် | ၁၉၉ |
| လောဘနှင့်ဆန္ဒ | ၁၉၇ |
| လောဘနှင့်နိဗ္ဗာန် | ၁၉၇ |
| လောဘလက္ခဏာ | ၁၉၅ |
| လောသကာတိဿ | ၂၂၆ |
| လောကုတ္တရာကုသိုလ်-အဆင့်ဆင့် | ၄၀၃ |
| လက်ဆောင်မွန် | ၅၄၆ |
| လက်တိုသူ | ၂၁၆ |
| လက်နက်ကုန် | ၃၀၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| လက်နက်ရောင်းဝယ်မှု | ၁၀၂ |
| လင်ငယ်ထားခြင်း | ၃၃၇ |
| လင်ရွေးချယ်နည်း | ၃၂၇ |
| လင်ဆိုးမယား | ၄၈ |
| လင်ချစ်နတ်သမီး | ၂၉ |
| လင့်ဝတ္တရားငါးပါး | ၃၃၅ |
| လင့်ဝတ်ကျေမှု- မယားဝတ်ကျေ | ၃၃၇ |
| လမ်းခွဆုံရောက်နေသူ | ၂၁၈ |
| လယ်ထွန်သွားနွားမေ့ | ၁၂၈ |
| လယ်သမားကြီးမျှား- အလိမ်ခံရပုံ | ၂၄၆ |
| လိုရာကျင့်ရန်အဓိဋ္ဌာန် | ၄၃၂ |
| လိုရာဖြစ်ရန်အဓိဋ္ဌာန် | ၄၃၃ |
| လိုရာမှတ်ရန်အဓိဋ္ဌာန် | ၄၃၂ |
| လိုတရသစ္စာ | ၄၂၈ |
| လိုချင်မှုလောဘ | ၄၉ |
| လိုက်နာသူမျှား- ကောင်းမှုပွား | ၂၀၄ |
| လိုက်နာသူမျှား- ချမ်းသာပွား | ၂၀၄ |
| လိမ်ညာမှုငါးမျိုး | ၂၄၁ |
| လိမ်ညာယူခြင်း | ၈၄ |
| လိမ်သူ့လက်နက် ၆-မျိုး | ၂၃၄ |
| လိမ္မာကြမှအမွေရ | ၃၂၅ |
| လိမ္မာသူနည်းပါးမိုက်သူမျှား | ၂၁၁ |
| လုပ်တိုင်းအောင်ခြင်း | ၈၅ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| လုပ်ခဲ့သည့်အလုပ် | ၂၅၄ |
| လုပ်လွယ်သည့်အလုပ် | ၂၅၄ |
| လုပ်သက်ဆု | ၂၄ |
| လုပ်သော်နိမ်ကာ ရှင်းချက် | ၁၅၂ |
| လုံ့လဇွဲရှင် | ၂၁ |
| လိုဏ်ဥပမာ | ၂၈၈ |
| လျှော်စွာပြုကျင့် | ၇၅ |
| လျှော်သင့်သိစေ | ၇၆ |
| လှန်လှဲတွေးသိအဓိပ္ပာယ် | ၁၂၃ |
| လွယ်လွယ်ရလိုကြသည် | ၂၄၃ |
| လှည့်ပတ်သူ၏- လက်နက်လက်ကာ | ၂၇၄ |
| လူဒါန်းရာမှာကြွေးတွေပါ | ၂၄၆ |
| လူရကျိုးရှိသည် | ၃၀၉ |
| လှည့်ပတ်မှုမရှိခြင်း | ၂၄၁ |
| လှည်းဥပမာ | ၅၀ |
| လှည့်ပတ်ကင်းထ | ၆၆-၆၇ |
| လုံထိုးခံရသူဥပမာ | ၅၅-၆၆ |
| လျှပ်စစ်ဥပမာ | ၂၀၅ |
| [ဝ] | |
| ဝစီဒုစရိုက်၊ ဝစီသုစရိုက် | ၇၉-၈၀ |
| ဝါဒငါးမျိုး (နိယံ) | ၂၇ |
| ဝါဒငါးမျိုးရှင်းချက် | ၂၆-၂၇ |
| ဝါရိတ္တသီလ | ၃၂၀ |
| ဝဋ်ဆင်းရဲဖြစ်ကြောင်း | ၁၉၄ |
| ဝိက္ခမ္ဘနပဟာန် | ၂၀၅ |
| ဝိစိကိစ္ဆာအစစ် | ၂၁၉ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ဝိစိကိစ္ဆာအဓိပ္ပာယ် | ၂၁၀ |
| ဝိစိကိစ္ဆာအပြစ် | ၂၂၀ |
| ဝိစိကိစ္ဆာလက္ခဏာ | ၂၁၀ |
| ဝိဓာ=မာန | ၂၁၆ |
| ဝိပဿနာ | ၁၇၇ |
| ဝိပဿနာဉာဏ်-အဆင့်ဆင့် | ၄၀၀-၁ |
| ဝိပဿနာတင်ဆင်၍ဖြေ | ၁၇၄ |
| ဝိပဿနာရှုရန်တရား | ၁၇၇ |
| ဝိပဿနာရှုရန်ဟောပုံ | ၂၀၄ |
| ဝိမတိယုံမှားမှု | ၂၂၁ |
| ဝိဇ္ဇာညိုဝတ္ထု | ၂၅၁ |
| ဝိဇ္ဇာမလို့ဓာတ်လုံးရ | ၂၅၇ |
| ဝိဇ္ဇာယောင် | ၂၇၁ |
| ဝိဇ္ဇာလိမ် | ၂၅၇ |
| ဝိဇ္ဇာဝိမုတ္တိဖြစ်ခြင်း | ၅၃၂ |
| ဝီရိယအင်္ဂါလေးပါး | ၃၀၄ |
| ဝီရိယဖြစ်ကြောင်း | ၄၀၉ |
| ဝီရိယလက္ခဏာ | ၄၀၃ |
| ဝီရိယပါရမီ | ၄၂၄ |
| ဝီရိယသမ္ဗောဇ္ဈင် | ၄၀၂ |
| ဝေဒနာနုပဿနာပွားနည်း | ၅၂၄ |
| ဝေါတော် | ၈ |
| ဝက်ဥပမာ | ၂၃၃ |
| ဝတ်ကျေမှုစိတ်တည် | ၃၁၉-၃၂၀ |
| ဝတ္တက္ခန္ဓကနိဂုံး | ၃၁၉ |
| ဝတ္တရားစွဲမြဲခြင်း | ၃၁၉ |
| ဝတ္တရားစွဲပြု | ၆၆-၆၇ |
| ဝတ္တရားဆယ်မျိုး | ၃၂၂ |
| ဝတ္တရားကျေခြင်းအကျိုး | ၃၁၉ |
| ဝတ္ထုဖြတ်မှု | ၂၆၄ |
| ဝတ်ရွတ်မှုမှန် | ၆၆-၆၇ |
| ဝန်တိုမှုအဓိပ္ပာယ် | ၂၂၈-၉ |
| ဝှက်ယူခြင်း | ၈၄ |
| ဝှက်သင့်မဆို | ၁၅၂ |
| ဝှက်သိုထုတ်ဖော် | ၁၅၂ |
| [သ] | |
| သက္ကစ္စဘာဝနာ | ၄၄၉ |
| သကတာအနက် | ၃၀၆ |
| သကဒါဂါမိမဂ်ဖိုလ် | ၄၀၃ |
| သတိ၏ပဒဋ္ဌာန် | ၁၂၉ |
| သတိကောင်းရန်နည်း | ၁၂၉-၁၃၀ |
| သတိထားသင့်သည့်လိမ်ညာမှု | ၂၄၉ |
| သတိပဋ္ဌာန်လေးပါးဖြစ်ခြင်း | ၅၂၂ |
| သတိဖြစ်ကြောင်း | ၄၆၉ |
| သတိဖြစ်ကြောင်းလင်္ကာ | ၄၇၀ |
| သတိဖြစ်ရန်အကြောင်းရင်း | ၁၂၉ |
| သတိမေ့ခြင်း | ၁၂၉-၁၃၀ |
| သတိမေ့လျော့ | ၁၂၇ |
| သတိလက္ခဏာ | ၄၆၉ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| သတိသမ္မောဇ္ဈင် | ၄၆၇ |
| သတိသမ္ဗဇညပွားနည်း | ၅၂၇ |
| သတိသမ္ဗဇည-ဣန္ဒြိယဘာဝနာ | ၅၂၅ |
| သနားဖွယ်ပြောခြင်း | ၂၇၄-၅ |
| သဘာဝသစ္စာ | ၃၅ |
| သဘာဝသစ္စာအဓိပ္ပာယ် | ၄၁-၄၂ |
| သဘောကျပြောပြလိမ် | ၂၅၁ |
| သဘောတူပေါင်းစု | ၉၁ |
| သမထတရားပွားရန် | ၂၀၄ |
| သမာနဝါဒလင်္ကာ | ၂၆-၃၂ |
| သဘာဝသစ္စာနှင့်အရိယသစ္စာ | ၄၁ |
| သမာဓိဖြစ်ကြောင်း | ၅၀၀ |
| သမာဓိဖြစ်ကြောင်းလင်္ကာ | ၅၀၄ |
| သမာဓိလက္ခဏာ | ၅၀၀ |
| သမာဓိသမ္မောဇ္ဈင် | ၄၉၉ |
| သမုတိသံဃာ | ၂၀၇ |
| သမုတိသစ္စာ | ၃၅-၃၆ |
| သမုတိသစ္စာ၏-အကြောင်းရင်း | ၄၀ |
| သမုဒယသစ္စာအဓိပ္ပာယ် | ၄၃ |
| သမင်အထင်မှားပုံ | ၂၀၉ |
| သရဏဂိုးကွယ်ရာ | ၂၀၃ |
| သရဏဂုံဆင်ခြင်ပုံ | ၁၉၃ |
| သရဏဂုံအကျိုး | ၂၉၀ |
| သရဏဂုံအတွက်-တိုက်တွန်းချက် | ၂၉၇ |
| သရဏဂုံအဓိပ္ပာယ် | ၂၀၃ |
| သရဏအမည်ရရှိပုံ | ၂၀၅ |
| သရဏဂုံဆောက်တည်ပုံ | ၂၉၂ |
| သရဏဂုံတည်ခြင်း | ၂၀၂-၃ |
| သရဏဂုံနှမ်းပုံ | ၂၉၆ |
| သရဏဂုံကိုသတိပြု | ၂၉၄ |
| သရဏဂုံနှင့်ကလေး | ၂၉၄ |
| သရဏဂုံပျက်ခြင်း | ၂၉၇ |
| သရဏဂုံဖြစ်, မဖြစ် | ၂၉၅ |
| သရဏဂုံမပျက်ပုံ | ၂၉၆ |
| သရဏဂုံရွတ်နည်း | ၂၉၁ |
| သရဏဂုံလေးမျိုး | ၂၉၂ |
| သရက်ပင်ပုစ္ဆာ | ၆၄-၆၅ |
| သဝင်ကြောင်,သစန်တို့မှု | ၂၂၉ |
| သာမဏေဖြစ်ပုံ | ၂၉၁ |
| သာမန်အကျိုးရသော-အလုပ် | ၂၅၃ |
| သာသနာအကျိုးပြုခြင်း | ၃၁၄ |
| သာသနာပကိုမယုံခြင်း | ၃၁၃ |
| သာသနာပ တရားမယုံ | ၃၁၄ |
| သာသနာပ၌ အလှူမြတ်မပြု | ၃၁၄ |
| သိခြင်းဉာဏ် | ၃၀၆ |
| သိမြင်ထိုက်သည့်အမှန်တရား | ၃၅ |
| သိမြင်ရောဂါ | ၁၄၂ |
| သိမသိနှင့်သရဏဂုံ | ၂၉၅ |
| သိရိမဗ္ဗာသောကမင်း | ၆၄ |
| သီလအရေးကြီးပုံ | ၃၂၀ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| သီလအားလုံးနှင့်-ဆက်ဆံသောသီလ | ၈၁ |
| သီလကိုသိရန်နည်း | ၂၇၃ |
| သီလစောင့်ခြင်း | ၇၇ |
| သီလဆောက်တည်ပုံ | ၈၄ မှ ၁၀၃ |
| သီလဆောက်တည်ရန်-ဟောပုံ | ၂၈၄ |
| သီလဆောက်တည်နည်း | ၅၆၀ |
| သီလနှစ်မျိုး | ၃၂၀ |
| သီလပျက်ခြင်းနှင့်အပြစ် | ၂၉၉ |
| သီလပါရမီ | ၄၁၉ |
| သီလဖြင့်နိဗ္ဗာန်ရပုံ | ၃၀၁ |
| သီလမဂ္ဂင် | ၈၁ |
| သီလယူပုံများ | ၂၉၉ |
| သီဟိုဠ်သမ္ဗုဒ္ဓေ | ၅၆၇ |
| သုကတဒုက္ကတရှင်းချက် | ၃၁၀ |
| သုဂတိဘဝ ရ-မရစိစစ်ကြ | ၃၀၀ |
| သုစရိုက်ဖြစ်ပွားခြင်း | ၅၂၁ |
| သုတမင်္ဂလာ | ၃၀၂-၃ |
| သုတ္တန်နည်းကမ္မဿကထာ | ၃၀၇ |
| သုတေသန(ထူးချွန်နည်း) | ၄၁ |
| သုဓမ္မအရှင် | ၉၈ |
| သုနက္ခတ်ဝတ္ထု | ၂၂၀ |
| သုရာမေရယ | ၈၉ |
| သုရာမေရယစောင့်ထိန်းပုံ | ၉၄ |
| သူတပါးအတွက်-ဝေက်ဒဏ်ခံ | ၂၅၂ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| သူတော်ကောင်း-နတ်ကောင်းမ | ၃၇၅ |
| သူတော်မြတ်များမေတ္တာ | ၃၇၅ |
| သူပြောလူ့ပြောမင်္ဂလာ | ၃၀၃ |
| သူသာကိုယ်နိုင်အပြိုင် | ၁၇၁ |
| သူ့ဝတ်ကျေစေလို-ကိုယ်ကဝတ်ကျေ | ၃၃၇ |
| သေပြီးနောက်-ဘယ်ရောက်မှာလဲ | ၃၀၀ |
| သေဘေးဖြင့်ညှိခြင်း | ၁၆၈ |
| သေရက်သေရည် | ၈၉၊၉၀ |
| သောက | ၂၀၄ |
| သောတာပန်အကျိုး | ၅၈-၅၉ |
| သောတာပန်အငယ်အစား- | ၅၉၊၃၅၄၊၃၆၀-၁ |
| သောတာပတ္တိမဂ်ဖိုလ် | ၄၀၃ |
| သံဃာဂိုဏ်းခွဲသူ | ၂၃၃ |
| သံဃာစစ်ရှာဘုန်းကြီးကာ | ၂၆၉ |
| သံဃာတော်မေတ္တာ | ၃၇၄ |
| သံဃာရတနာအကျိုး | ၂၈၇ |
| သံဃာရတနာအကြောင်း | ၂၈၇ |
| သံဃာသပိတ်မှောက်-မကြောက်သူ | ၂၇၀ |
| သံဃာသရဏဖြစ်ပုံ | ၂၈၇ |
| သံဃာ့ဂုဏ်ကိုးပါး | ၅၅၉ |
| သံခေတ်ကြေးခေတ်ဥပမာ | ၁၆၃ |
| သံသယလက္ခဏာ | ၂၁၈ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| သံသယယုံမှားမှု | ၂၂၁ |
| သံသရာမှလွတ်ခြင်း | ၄၆၂ |
| သားကိုသတ်စားသူ | ၉၂ |
| သားကောင်းတပည့် | ၂၆၆ |
| သားမြေးစဉ်ဆက်-ပေါင်းဖက် | ၃၄၇-၈ |
| သားသမီးကိုဆုံးမရန် | ၃၂၆ |
| သားသမီးချစ်-အနှစ်နှစ်ဆယ် | ၃၂၇ |
| သားသမီးမိဘ-သတိထားကြ | ၃၃၀ |
| သားသမီးဝတ်ဆောင်ပုဒ် | ၃၂၇ |
| သားသမီးဝတ္တရား-ငါးပါး | ၃၂၃ |
| သားသမီးဝတ်လင်္ကာ | ၃၂၅ |
| သင်္ကာယုံမှားမှု | ၂၂၁ |
| သင်္ခါတရား | ၄၅-၄၆ |
| သင်္ခါရုပေက္ခာဉာဏ် | ၄၀၂ |
| သင်္ဂဇာဆရာတော် | ၃၂၃ |
| သညာအကြောင်းရင်း | ၁၂၉ |
| သဒ္ဓိဝပညာရှင် | ၂၄၈ |
| သတ္တဝါကိုညှဉ်းဆဲခြင်း | ၈၂ |
| သင်နတ်ဘဝ-ရနိုင်သလား | ၃၀၀ |
| သင်အပါယ်ကျမည်လား | ၃၀၀ |
| သင့်လျော်မှုရှစ်မျိုး | ၇၆ |
| သင့်လျော်မှုပေါင်း | ၁၄၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| သင့်လျော်သည့်အိမ်ထောင် | ၃၂၇ |
| သစ္စ(အဓိပ္ပာယ်) | ၃၈ |
| သစ္စပါရမီ | ၄၂၇ |
| သစ္စာကိုသိအကျိုးရှိ | ၅၈ |
| သစ္စာနှစ်ပါးအထူး | ၃၉ |
| သစ္စာလေးပါး(အကျဉ်း) | ၅၂ |
| သစ္စာလေးမျိုး | ၄၂၀ |
| သစ္စာသိပုံနှစ်မျိုး | ၅၂-၅၅ |
| သစ္စာသိရန်အရေးကြီးပုံ | ၅၅ |
| သည်းခံကင်းကွာ | ၁၁၄ |
| သည်းခံခြင်း (တရားကိုယ်) | ၁၁၇ |
| သည်းခံခြင်းသဘော | ၁၆၇ |
| သည်းခံခြင်းအကျိုး | ၁၁၆ |
| သည်းခံခြင်း၏မူရင်းတရား | ၁၁၅ |
| သည်းခံတရား ထားခြင်း | ၁၆၆ |
| သည်းမခံခြင်း | ၁၁၄ |
| သည်းမခံခြင်းအပြစ် | ၁၁၅-၆ |
| သည်းမခံခြင်း(တရားကိုယ်) | ၁၁၇ |
| သတ္တဝါကိုသတ်ခြင်း | ၈၂ |
| သတ်မှု | ၂၆၅ |
| သဒ္ဒဟာပနသစ္စာ | ၄၂၀ |
| သမာနဝါဒ | ၂၅ |
| သမ္ပတ္တိလေးပါး | ၃၈၆ |
| သမ္ဖပ္ပလာပ | ၉၉ |
| သမ္ဖပ္ပလာပအပြစ်များ | ၁၀၀-၁ |
| သမ္ဖပ္ပလာပစောင့်ပုံ | ၁၀၁ |
| သမ္ဖပ္ပလာပရှောင်ရကျိုး | ၁၀၀ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| သဗ္ဗမင်္ဂလာကပ်လှူပုံ | ၅၆၄ |
| သဗ္ဗမင်္ဂလာပဏ္ဏာမဂါထာ | ၃ |
| သဗ္ဗမင်္ဂလာပဏ္ဏာမလင်္ကာ | ၄ |
| သဗ္ဗမင်္ဂလာဘုရားရှိခိုး | ၅၆၃ |
| သဗ္ဗညုတဉာဏ် | ၂၈၆ |
| သဗ္ဗတ္ထကမ္မဋ္ဌာန်း | ၃၇၇ |
| သမ္ဗုဒ္ဓေကပ်လှူပုံ | ၅၆၆ |
| သမ္ဗုဒ္ဓေဘုရားရှိခိုး | ၅၆၅ |
| သမ္ဗောဇ္ဈင်အဓိပ္ပာယ် | ၄၅၈ |
| သမ္မန်သမားမေ့ပုံ | ၁၂၉ |
| သမ္မပ္ပဓာန်အမြင့်ဆုံး | ၄၀၄ |
| သမ္မပ္ပဓာန်စွဲမှီ | ၆၆-၆၇ |
| သမ္မပ္ပဓာန်တရားပွားရခြင်း | ၃၀၃ |
| သမ္မပ္ပဓာန်ပွားရန် | ၃၉၅ |
| သမ္မသနဉာဏ် | ၄၀၁ |
| သမ္မာအာဇီဝ | ၄၄-၈၈ |
| သမ္မာကမ္မန္တ၊ သမ္မာဒိဋ္ဌိ | ၄၄ |
| သမ္မာဒိဋ္ဌိထိန်းပါဘိ | ၃၂၄ |
| သမ္မာဒိဋ္ဌိမှန်ကန်သောအမြင် | ၅၀ |
| သမ္မာဝါစာ၊ သမ္မာဝါယာမ | ၄၄ |
| သမ္မာသတိ၊ သမ္မာသင်္ကပ္ပ | ၄၄ |
| သမ္မာသမ္ဗောဓိ | ၄၁[illegible] |
| သမ္မာဒိဋ္ဌိစသည့်တရားကိုယ် | ၅[illegible] |
| သမ္မာသမာဓိ | ၄၄ |
| သမားတော်ကြီး (ဥပမာ) | ၄၀ |
| သမုစ္ဆေဒပဟာန် | ၂၈[illegible] |
| သိင်္ဂါလသုတ် | ၃၂[illegible] |
| သိဥ္စည်းဆရာကြီး | ၂၁[illegible] |
| သိဥ္စည်းနှင့်အိုးကြီး | ၂၁[illegible] |
| သိဒ္ဓိအောင်ပူဇော်ပုံ | ၅၇[illegible] |
| သိဒ္ဓိအောင်ဘုရားရှိခိုး | ၅၆[illegible] |
| သိဒ္ဓိရှင်မေတ္တာ | ၃၇[illegible] |
| သိပ္ပမချွန်ရှင်းချက် | ၃၃[illegible] |
| သုံးပါးသုံးဖြာ- ကျင့်သိက္ခာ | ၃၂၀-[illegible] |
| သုံးဘဝသာ ဝဝစားရသူ | ၂၂[illegible] |
| သိုက်စာ(ဥပမာ) | ၃[illegible] |
| သွားရပ် ထိုင်လျောင်း- အလွတ်တရားသိသူ | ၂၁[illegible] |
| သွေးတိုးရောဂါဖြစ်ပုံ | ၁၁[illegible] |
| သွေးသားနီးစပ်ရာ | ၁၅[illegible] |


မှတ်သားဖွယ်အက္ခရာစဉ်အညွှန်း
ပြီးပါပြီ